www.burmeseclassic.com

JONATHAN BLACK

# MEGACORP

# မဟာဘီလူး

ဘလောက်တော်လှအောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မဟာဘီလူး

အထောက်တော်လှအောင်

# MEGACORP

JONATHAN BLACK

ရတနာပုံစာအုပ် - ၃၃
[ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၇၈/၂၀၀၂ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၅၇/၂၀၀၂ (၆)

**စီစဉ်သူ**

မင်းထွဋ်ဝင်း

**ပုံနှိပ်မှတ်တမ်း**

( ပထမအကြိမ်) ၁၉၈၃ ခု၊ ဒီဇင်ဘာလ၊ ဘဝတက္ကသိုလ်စာပေ၊

( ဒုတိယအကြိမ်) ၂၀၀၃ ခု၊ ဖေဖော်ဝါရီလ၊ ရတနာပုံစာအုပ်တိုက်၊

**အုပ်ရေ**

၁၀၀၀

**ထုတ်ဝေသူ**

ဦးသန်းဆွေ (စစ်သည်တော်စာပေ) ၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်) ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်၊

**မျက်နှာဖုံးပန်းချီ**

ကိုဆန်း

**စာအုပ်ချုပ်**

ကိုမြင့်

တန်ဖိုး ... ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့် ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတစ္စေ့တစောင်း
၆။ ဟိန်းလတ်၏ တဂိုးအတွေးတဂိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အရှက်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဝီ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရှုမငြီး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၅။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့် လူသား
၂၆။ လူထုစိန်ဝင်း၏ အတွေးအမြင်ဆောင်းပါးများ
၂၇။ နတ်နွယ်၏ ဒက်ဇယ်လာ
၂၈။ ချစ်ဦးညို၏ ရာဇကုမာရ
၂၉။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း
၃၀။ နတ်နွယ်၏ ဘဝဟူသည်
၃၁။ မင်းယုဝေ၏ အိုမာခယမ်
၃၂။ ချစ်ဦးညို၏ ချစ်သောပါဒကေရီ
● အထောက်တော်လှအောင်၏ မဟာဘီလူး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၃၄။ တင့်ဆန်း၏ ငမိုးရိပ်မှငမိုးရိပ်သို့

၃၅။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုများ

၃၆။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ အညိုတို့ ပတ္တမြားမြေ

၃၇။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ ပါပီလွန်နှင့် ဗင်ဂို

၃၈။ တက်တိုး၏ အညာတရရှုခင်း

၃၉။ တက်တိုး၏ ဝတ္ထုတိုပေါင်းချုပ်

၄၁။ အထောက်တော်လှအောင်၏ ကျွန်တော်နဲ့ သတင်းဂျာနယ်

၄၂။ ချစ်ဦးညို၏ ချစ်သူမင်းနန္ဒာ

၄၃။ မောင်ပေါ်ထွန်း၏ နိုင်းမြစ်ဝှမ်းတော်လှန်ရေး

၄၄။ ကြည်ဦး၏ ရှေးထုံးစဉ်လာ မြန်မာမှုများ (မြန်မာ၊ အင်္ဂလိပ်)

၄၅။ ဒဂုန်တာရာ၏ လရောင်ရွှန်းမြသောညတည

၄၆။ ဆူးငှက်၏ ခရမ်းရင့်ဆင်ဖိုနီ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

### နယူးယောက်မြို့၊ သောကြာ၊ မေ ၇၊ နံနက် ၆း၃၀နာရီ။

နေ့စဉ်နံနက် ၆နာရီခွဲတိုင်း အိပ်ရာမှ ကြည်ကြည်လင်လင်နိုးလာပြီး နိုးနိုး ကြားကြား ရှိနေတတ်သော အလေ့အကျင့်သည် ပေါလ်ဗားဟတ်အဖို့ ထူးခြားချက် တစ်ရပ်ပင် ဖြစ်လေသည်။

BURMESE CLASSIC .com

ယနေ့လည်း နံနက်ခြောက်နာရီခွဲသည်နှင့် တစ်ပြိုင်တည်း ပေါလ်ဗားဟတ် အိပ်ရာမှ ကြည်ကြည်လင်လင် နိုးလာသည်။ ယနေ့ ရင်ဆိုင်ရမည့် အချိန်နာရီတိုင်းသည် သူ့အတွက် အရေးကြီးကြောင်းနှင့် တစ်ချက်ကလေးအမှား မခံနိုင်ကြောင်း သူကောင်းစွာ သတိပြုမိပြီး ဖြစ်သည်။

ပေါလ်ဗားဟတ်သည် ညာဘက်လက်ကို ဆန့်တန်းလိုက်ကာ ခုတင် ဘေးမှခလုတ်ကို နှိပ်လိုက်သည်။ အိပ်ရာမှ သူနိုးပြီဖြစ်ကြောင်း သူ၏ မိုးပျံစံအိမ် အတွင်းမှာရှိနေကြသော တပည့်လက်ပါးစေများနှင့်သက်တော်စောင့်များကို အချက် ပေးလိုက်သည့်သဘော ဖြစ်သည်။

တစ်ဆက်တည်းဆိုသလိုပင် အခြားခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။ ကျယ်လွင့်သော ပြတင်းပေါက်ကြီးများမှ ခန်းဆီးများသည်အသံလုံးဝမမြည်ဘဲ ဘေးဘက်သို့ ရွေ့သွားကြသည်။ တက်သစ်စ နေရောင်သည် ပြတင်းပေါက်များမှတစ်ဆင့် အခန်းတွင်းသို့ ဖြာကျလာသည်။

ခုတင်ပေါ်မှ ဆင်းပြီး မတ်တတ်ရပ်လိုက်သည်။ သူ့အသက်ငါးဆယ် ကျော်ပြီဖြစ်သော်လည်း ရုပ်ရည်က လေးဆယ်ကျော်ပြီဟုပင် မထင်နိုင်။ ကိုယ်လုံး ကိုယ်ထည် ကျစ်လျစ် တောင့်တင်းသည်။ ဝဝဖိုင့်ဖိုင့်ကြီး မဟုတ်သောကြောင့် သူ့ အရပ် ငါးပေဆယ်လက်မသာရှိသော်လည်း ထိုထက်ပိုပြီး အရပ်မြင့်သည်ဟု ထင်မှတ်ရသည်။ နှာတံပေါ်သည်။ နှုတ်ခမ်းပါးသည်။ အသားအရေစိုပြည်သည်။ ပင့်ကူအိမ် လို ယှက်လိမ်သောအရေးအကြောင်းများ နဖူးပေါ်မှာရှိသည်။

တကယ်ဆိုတော့ နဖူးပေါ်မှ အရေးအကြောင်းများသ၁၁် သူ၏ ရင့်ကျက်မှုကို ဖော်ပြနေခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ သူ့အခြေအနေ၊ သူ့အဆင့်အတန်းများကို ပိုမိုပေါ်လွင်စေသည့် လက္ခဏာများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်ဗားဟတ်သည် 'စက်မှုနှင့်ကုန်သွယ်မှုကုမ္ပဏီကြီး'ကို စတင်တည်ထောင်ခဲ့သူ ဖြစ်သည်။ ထိုကုမ္ပဏီကြီး၏အကြီးအကဲချယ်ယာမင်လည်း ဖြစ်သည်။ သူပိုင်သော 'စက်မှုနှင့် ကုန်သွယ်မှုကုမ္ပဏီကြီး'ကို အတိုကောက် အားဖြင့် 'အင်ကမ်း' ဟုတစ်ကမ္ဘာလုံးက နားလည် လက်ခံထားကြသည်။ သူပိုင်သောကုမ္ပဏီများမှာ အမေ ရိကန်ပြည်ထောင်စု အတွင်းမှာသာမက တစ်ကမ္ဘာလုံးမှာ ပွစကျဲနေသည်။ ကုမ္ပဏီအ မျိုးမျိုး ၉၁ခုရှိသည်။ ထိုကုမ္ပဏီ အားလုံး၏ အရပ်ရပ်တန်ဖိုးမှာ နောက်ဆုံးစာရင်း များအရ ဒေါ်လာငွေ သန်းပေါင်း ၅၄၀၀ ရှိသည်ဟုလည်း ဆိုသည်။

ဗားဟတ်သည် ခုတင်အနီးရှိ ကုလားထိုင်တစ်လုံးပေါ်မှာ သပ်ရပ်စွာ ခေါက်တင် ထားသော အပြာရောင်ကိုယ်ရုံအင်္ကျီကို လှမ်းဆွဲယူလိုက်သည်။ ကြီးမားသော ခုတင်ကြီးပေါ်မှာ ကွေးကွေးကလေးအိပ်နေသည့် အမျိုးသမီးက အိပ်ရာမှ နိုးသွားသည်။ ရုတ်တရက် အိပ်ရာမှ နိုးလာသောကြောင့် သူ့မျက်လုံးများသည် ဝိုးတဝါး ဖြစ်နေကြသည်မှာမှန်ပါ၏။ သို့သော်လည်း ပေါလ်ဗားဟတ်ကို အာရုံ စူးစိုက်ကြည့်ရင်း သူ၏ရင်ထဲမှ အံ့ဩစိတ်များသည် တဖြည်းဖြည်း အရှိန်မြင့်တက်လာသည်။

ဗားဟတ်သည် အလွန်တရာ ခွန်အားဗလ ကြီးထွားသူဖြစ်ကြောင်း ဧည့်ခံပွဲပေါင်းစုံမှာ ပြောဆိုနေကြသံများကို အမျိုးသမီး ကြားဖူးပါသည်။ ယခုတော့ ကိုယ်တွေ့မို့ သူလက်ခံလိုက် ရပါပြီ။ အမျိုးသမီးသည် ခုတင်ပေါ်မှ ထလိုက်သည်။ သူ့ကိုယ်ပေါ်မှ အဝတ်က အောက်သို့ လျှောကျသွားသည်။ လောလောလတ်လတ် ဖြစ်ပေါ်ခဲ့သည့် ကုတ်ရာခြစ်ရာများကိုလည်း သူ့ ကိုယ်ပေါ်မှာ အတိုင်းသားမြင်နေရသည်။

"ပေါလ်. . . ဒီကိုခဏလာပါဦး"

အမျိုးသမီးက တောင်းပန်တိုးလျှိုးသံဖြင့် လှမ်းခေါ်သည်။ ပေါလ်ကမူ ငုံ့စောင်း၍မျှ မကြည့်ဘဲ ဝတ်ရုံကိုကိုယ်ပေါ်မှာပတ်ကာ တစ်ဘက်သို့ လှည့်ထွက်သွားသည်။ သို့ကလို မထီမဲ့မြင် ပြုမှုကြောင့် အမျိုးသမီး၏ စိတ်ထဲမှာပို၍ ယားကျိကျိဖြစ်လာသည်။

"ပေါလ်. . . လာပါဦးရှင်"

ပေါလ်က သမင်လည်ပြန်လှည့်ကြည့်သည်။ သို့သော်လည်း သူ၏ အညိုရောင် မျက်လုံးများထဲတွင် မည်သို့သော ခံစားချက်မှ ရှိပုံမပေါ်ပေ။

"မလာနိုင်ဘူး"

သူ့နှုတ်ဖျားမှ ထွက်လာသည့် စကားသံကလည်း ချိုချိုသာသာမဟုတ်။ သူ့ စိတ်အာရုံ သည် အခြားသို့ ရောက်နေသည်။ ယနေ့ ရင်ဆိုင်ရမည့် လုပ်ငန်းများ အကြောင်းထဲမှာ နစ်မြုပ်နေ သည်။ ယနေ့ ကျင်းပမည့် အစည်းအဝေး၏ အစီအစဉ်များကသာ သူ့အာရုံကို ဖမ်းစားထား သည်။ ယနေ့ အစည်းအဝေးတွင် သူ့ဘက်က ပြတ်ပြတ်သားသား တွယ်ရတော့မည်။ သူက မတွယ်လျှင် သူ့ကို အပြတ်အသတ် တွယ်သွားကြပေလိမ့်မည်။

ပေါ်လာသည့်အတွေးများကို သူဖျောက်ပစ်လိုက်သည်။ ပြီးတော့ အမျိုးသမီးဘက်သို့ လှည့်ပြီး စိတ်မကောင်းသည့်အပြုံးကလေးမျိုး တစ်ချက် ပြုံးပြ လိုက်သည်။

"ဆောရီးပဲ မာရီယမ် . . . ငါ့မှာ အချိန်မရှိတော့လို့ပါ"

ပေါလ်သည် ပြောပြောဆိုဆိုဖြင့် တစ်ဘက်ခန်းတံခါးပေါက်ရှိရာသို့ ခပ်သုတ်သုတ် လှမ်းသွားသည်။ အမျိုးသမီးက လှမ်းမေးပြန်သည်။

"နောက် ရှင် ပြန်လာမှာလားဟင်"

"မလာဘူး၊ မင်းအိမ်ခန်းကို ငါ ဖုန်းလှမ်းဆက်လိုက်ပါ့မယ်"

ထိုစကားကို ပြောလိုက်သော်လည်း သူ့စိတ်ထဲကတော့ ထိုသို့ မဟုတ်။ မာရီယမ်လို အမျိုးသမီးမျိုးသည် တစ်ခါသုံးသာဖြစ်ကြောင်းလည်း သူ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ဆက်မှာလဲဟင်. . ."

အမျိုးသမီးက ပြန်မေးသော်လည်း ပေါလ်ကတော့ တစ်ဘက်ခန်းထဲသို့ ဝင်သွားနှင့်ချေပြီ။

ရေချိုးခန်းထဲသို့ရောက်သောအခါ ပြင်ဆင်မွမ်းမံထားသော ပစ္စည်းများသည် လိုလေသေးမရှိကြောင်း သူ သတိထားမိသည်။ သူ၏ 'မိုးပျံစံအိမ်' သည် နယူးယောက်မြို့တွင် ရှိရှိသမျှသော နေအိမ်များအနက် အကျယ်ဆုံးနှင့် တန်ဖိုး အကြီးဆုံးဖြစ်ကြောင်း နာမည်ကြီးလှသည်။

မြေပြင်မှ လေးဆယ့်ခြောက်ထပ်မြင့်သော အဆောက်အအုံကြီး၏ ခေါင်မိုးပေါ်တွင် သူ့အတွက် သီးသန့် သုံးထပ်စံအိမ်ကို ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အိပ်ခန်းများ၊ ဧည့်ခန်းများ၊ အစည်းအဝေးခန်းများ၊ သူ့အတွက် သီးသန့်ရုံးခန်းများဖြင့် ခမ်းနားစွာ ဆောက်လုပ်ပြင်ဆင်ထားသည်။

ဧည့်ခန်း၊ ထမင်းစားခန်းနှင့် စာကြည့်ခန်းများမှာ အလယ်ထပ်တွင် ရှိသည်။ ထိုအခန်းများ၏ နံရံများကို သူ စုဆောင်းထားသော ပန်းချီကားများဖြင့် မွမ်းမံပြင်ဆင်ထားသည်။ ထိုပန်းချီကား အားလုံး၏ တန်ဖိုးမှာ ဒေါ်လာ သန်းပေါင်း ခုနစ်ဆယ်ရှိကြောင်းဖြင့်လည်း ကျော်ကြားလှသည်။ ပန်းချီကားများ၏ အနေအထားများကိုလည်း မကြာခဏဆိုသလို ပြုပြင်ပြောင်းလဲပေးရလေ့ရှိသည်။ နောက်ထပ် ဝယ်ယူစုဆောင်းသည့် ပန်းချီကားများ ရောက်လာသောကြောင့် အဆင်ပြေသလို နေရာပေးရန် ဖြစ်သည်။ သို့သော်လည်း အနေအထားကို ဘယ်လိုပဲ ပြုပြင်စေကာမူ အခန်းများ၏ ကြီးကျယ်ခမ်းနားမှု အဆင့်အတန်းကား လျော့နည်းသွားခြင်း မရှိချေ။

အောက်ဆုံးထပ်သည် သူ၏အပေါ်ထပ်နှစ်ထပ်သို့ အဝင်ပေါက် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် သူ၏သက်တော်စောင့်များ တာဝန်ထမ်းဆောင်ရာ အထပ်ဖြစ်သည်။ ပြင်ပမှ ဧည့်သည် တစ်စုံတစ်ယောက်သည် သူ့ထံသို့ လာရောက်လိုပါက ယင်းအောက်ထပ်မှာ ရှိနေသော သက်တော်စောင့်များက လိုအပ်သလို စစ်ဆေးကြည့်ရှုမှုများ ပြုသေးသည်။ ကျေနပ်သောအခါကျမှ သူရှိရာအပေါ် ထပ်များသို့ တက်ခွင့်ရလေသည်။

ပေါလ်တားဟတ်၏ မိုးပျံစံအိမ်မှာ ရှိနေကြသော တပည့်လက်ပါးစေ အားလုံးတို့မှာ အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ လစာကို ဆို့ဆို့ပို့ပို့ ရရှိကြသည်။ အခြားမည်သည့် အလုပ်မျိုးတွင်မှ မရနိုင်သော လစာမျိုးကို ရရှိကြသည်။

တစ်ခုတော့ရှိပါသည်။ သူတို့အားလုံး ပေါလ်တားဟတ်၏ ဆိုးမျိုးပေါင်းစုံကိုတော့ သည်းခံနိုင်ကြဖို့ လိုသည်။ တင်းကျပ်သောသူ၏ စည်းကမ်းများကို တသဝေမတိမ်း လိုက်နာနိုင်ကြဖို့လိုသည်။

နံနက် ၆နာရီ ၂၉မိနစ်တိတိရှိသည်နှင့်တစ်ပြိုင်တည်း သူ၏လူယုံတော် တပည့်ရင်း သုံးယောက်တို့သည် နံနက်စာ အသင့်ပြင်ပြီး ဖြစ်နေကြရစမြဲပင်။

သူ အယုံကြည်ဆုံးသောတပည့် ခရီဂါသည် အင်္ဂလိပ်လူမျိုးဘဏ္ဍာစိုးတို့ ဆင်မြန်းလေ့ရှိသော ဝတ်စုံကို အမြဲတမ်းဝတ်ဆင်ထားလေ့ရှိသည်။ သူ့ မျက်နှာက အမြဲတမ်း နီးမြန်းနေသည်။

ဒန်ဝေလ်ကောက်ခ်စ်က ဒရိုင်ဘာဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် သန်မာထွားကျိုင်းလှသည်။

ဂျွန်ဖစ်ခ်ျကမူ သူ၏သက်တော်စောင့်ဖြစ်သည်။ အညိုရောင်ဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ ညသန်းခေါင်မှ နံနက်ရှစ်နာရီအထိ အောက်ဆုံးထပ် လုံခြုံရေး ခန်းမထဲတွင် တာဝန်ထမ်းဆောင်ရသည်။

www.burmeseclassic.com



ဂျွန်ဖစ်ချ်သည် လက်ပတ်နာရီကိုတစ်လှည့်၊ မီးဖိုခန်းအဝင်တံခါးပေါက်ပေါ် ရှိ ပယင်းရောင်ကမ္ဗာလုံးကြီးကို တစ်လှည့်ကြည့်နေသည်။ ပယင်းရောင် ကမ္ဘာလုံးကြီးပေါ်မှာ တောက်ပသောအလင်းရောင်တစ်ခု ရုတ်တရက် ပေါ်လာသည်။

"ခြောက်နာရီခွဲ. . . စက္ကန့်ကလေးနည်းနည်းပဲ လိုတော့တယ်၊ မလွယ်ပါလားကွာ၊ ဘယ်တော့မှ သူ့အအချိန်နောက်မကျဘူးလား" သက်တော်စောင့် ဂျွန်၏ ပါးစပ်မှ ရုတ်တရက် ထွက်သွားသည်။

ခရီဂါနှင့် ဒန်ဝေလ်ကောက်ခ်စ်တို့က တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြသည်။ ပေါလ်ဗားဟတ်ထံမှာ သူတို့နှစ်ယောက် အမှုထမ်း ခဲ့ကြသည်မှာ နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့ချေပြီ။ ပေါလ်ဗားဟတ် နောက်ကျဖူး သည်များကို သူတို့မှတ်မိပါ၏။ သို့သော်လည်း လူသစ် ဂျွန်ဖစ်ချ် ၏ရှေ့မှာ ထိုအကြောင်းကိုမပြောဘဲနေခြင်းသည် အကောင်းဆုံးသာ ဖြစ်ပါချေမည်။

"ကဲ. . . ကိုယ်သွားတော့မှာပဲ"

ပေါလ်၏နံပါတ်တစ်လူယုံတော် ခရီဂါက ပြောပြောဆိုဆို မီးဖိုခန်းထဲသို့ ဝင်သွားသည်။ မီးဖိုခန်းထဲမှာ ထမင်းချက်နှင့် စားပွဲထိုးက နှစ်ယောက်စာအတွက် နံနက်စာကို အသင့် ပြင်ဆင်ကာ ဗန်းထဲသို့ ထည့်နေကြသည်။

ဂျွန်ဖစ်ချ်က ဒန်ဝေလ်ကောက်ခ်စ်ဘက်သို့ လှည့်လိုက်သည်။

"အမျိုးသမီးကို ပြန်ပို့ဖို့ ကျွန်တော့်ကို မှာထားတယ်ဒန်. . ."

ဒန်ဝေလ်ကောက်ခ်စ်က ခေါင်းညိတ်ပြသည်။

"မစ္စမာရီယမ်ဖို့ဆိုတဲ့ ကောင်မပေါ့၊ ၈၁ လမ်း မက်ဒီဆန် ပန်းခြံနားမှာ နေတယ်၊ အသွားအပြန် ဆယ်မိနစ်ဆယ့်ငါးမိနစ်ပေါ့"

ပေါလ်ဗားဟတ်နှင့်အတူ တစ်ညတာ အချိန်ဖြုန်းခဲ့ကြသည့် အမျိုးသမီးများကို မည်သို့မည်ပုံပြန်ပို့ပေးရမည်ဖြစ်ကြောင်း စည်းကမ်းချက်များကို မူသေ သတ်မှတ်ပေးထားပြီး ဖြစ်သည်။

မစ္စမာရီယမ်ဖို့သည်လည်း ထိုစည်းကမ်းချက်များအတိုင်း လိုက်နာရမည်သာ ဖြစ်လေသည်။ ၆ နာရီ ၄၅ မိနစ်တွင် နံနက်စာကို အိပ်ခန်းထဲမှာပင် စားပွဲထိုးက သွားကျွေးမည်။ သူ့အတွက် နံနက်စာစားချိန်၊ ရေချိုးချိန်၊ အဝတ် အစားလဲချိန် တစ်နာရီတိတိရမည်ဖြစ်ကြောင်း စားပွဲထိုးကပြောခဲ့မည်။ အချိန် စေ့သည်နှင့်တစ်ပြိုင်တည်း လုံခြုံရေးတာဝန်ခံက သူ့ကို အောက်ထပ်သို့ စောင့်ရှောက်ခေါ်ယူသွားရမည်။ ၇ နာရီ ၄၅ မိနစ်တိတိတွင် အနက်ရောင် မာစီဒီးကားကြီးက အဆောက်အအုံ၏ မြေညီထပ်အဝင်ဝမှာ အသင့်ရောက်နေမည်။ လုံခြုံရေး တာဝန်ခံ ဂျွန်ဖစ်ချ်က ထိုမော်တော်ကားနက်ကြီးဖြင့် အမျိုးသမီးကို အိမ်တိုင်ရာရောက် ပို့ပေးမည်။

ဂျွန်ဖစ်ချ်သည် အက်ဖ်ဘီအိုင် စုံထောက်ဟောင်းဖြစ်သည်။ ဝါးတားဂိတ် အရေးအခင်း ဖြစ်ပွားပြီးနောက် အပြောင်းအရွှေ့များပြုလုပ်ရာတွင် အလုပ်ပြုတ်လာသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူရောက်နေသည့် ပတ်ဝန်းကျင်နှင့် သူဆောင်ရွက်နေရသည့် တာဝန်ဝတ္တရားများအပေါ် စူးစမ်းလေ့လာလိုစိတ်က သူ့မှာအပြည့်ရှိနေသည်။

"ဘယ်လိုလက်ဆောင်ပစ္စည်းမျိုးများ ဒီငတိမရမယ်ဆိုတာ မှန်းကြည့်စမ်းပါဦး"ဟု သူက အသံကျယ်ကျယ်ဖြင့် ရွတ်နောက်နောက်ပြောလိုက်သည်။

မိုးပျံစံအိမ်တွင် ပေါလ်ဗားဟတ်နှင့်ပထမဦးဆုံးအကြိမ်အဖြစ် တစ်ညတာ အချိန်ဖြုန်း ကြသည့် အမျိုးသမီးတိုင်း နောက်တစ်နေ့မနက်တွင် လက်ဆောင်ပစ္စည်း တစ်ခုမဟုတ် တစ်ခု တော့ရစမြဲဖြစ်ကြသည်။ ထိုလက်ဆောင်ပစ္စည်း အမျိုးအစားကိုလိုက်၍ ယင်းအမျိုးသမီး၏ အဆင့်အတန်းကိုခွဲခြားသတ်မှတ်ပြီးဖြစ်ကြောင်း လည်းလက်ပါးစေအားလုံး သိရှိသဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



ထားကြပြီး ဖြစ်သည်။

တန်ဖိုးအနည်းဆုံးရသောလက်ဆောင်ပစ္စည်းမှာကမ္ဘာပေါ်တွင် အကောင်း ဆုံးရေမွှေး 'ဂွိုင်း'တစ်အောင်စဖြစ်သည်။ ယင်းလက်ဆောင်ပစ္စည်းရသော အမျိုးသမီးသည် 'ငြိမ်းငွေ့ဖွယ် ကောင်းသည်၊ ပေါလ်ဗားဟတ်နှင့် နောက်ထပ်ပြန်လည်ဆုံဆည်းခွင့် ရတော့မည်မဟုတ်'ဟူသော အဓိပ္ပာယ် ဖြစ်သည်။

ဇစ်တန်လက်ကိုင်အိတ်ကို ရမည်ဆိုပါက 'နောင်အလျဉ်းသင့်လျှင် ထပ်မံတွေ့ဆုံခွင့် ရှိသည်' ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ငွေဗူးဖြင့်ထည့်ထားသော တန်ဖိုးအလွန်တရာကြီးမားသည့် 'ကာတီယာ' အမျိုးအစား လက်ပတ်နာရီအပေးခံရသောအမျိုးသမီးဖြစ်ပါက 'ထပ်မံ တွေ့ဖို့အာမခံသည်။ ညစာစားပွဲများသို့ သော်လည်းကောင်း၊ ဧည့်ခံပွဲများသို့ သော်လည်းကောင်း၊ မိုးပျံစံအိမ်မှာ ရှိနေသည့် အိပ်ခန်းတွင်း သို့သော်လည်းကောင်း ဆက်လက်ဖိတ်ကြားခြင်း မုချခံရမည်'ဟူသည့် အမှတ်သညာပင် ဖြစ်လေ သည်။

ထိုလက်ဆောင်ပစ္စည်းသုံးမျိုးကို သပ်သပ်ရပ်ရပ် ထုပ်ပိုးကာအသင့် ဆောင်ထား ရသည်။ အပေါ်ဆုံးထပ်တွင် ရှိနေသော ပေါလ်ဗားဟတ်ထံသို့ နံနက်စာကို ခရီဂါသွားပို့သော အခါ မစ္စမာရီယမ်ဖို့ကို မိုးပျံစံအိမ်မှမပြန်မီ မည်သို့သော လက်ဆောင်ပစ္စည်းပေးရမည်ဖြစ်ကြောင်း ဗားဟတ်က အမိန့်ရှိမည်ဖြစ်သည်။

ဂျွန်ဖစ်ချ်၏စကားကိုကြားရသောအခါ ဒန်ဝေလ်ကောက်ခ်စ်သည် ရုတ်တရက် တွေ သွားသည်။ ပြီးတော့မှ သူ့မျက်နှာရှုံ့မဲ့လာသည်။

"မနေ့တုန်းက အဘိုးကြီးအကြီးအကျယ်ဒေါသပေါက်ကွဲခဲ့တာကို ပြေပျောက်အောင် မလုပ်နိုင်လို့များတော့ ဒီကောင်မရေမွှေးပုလင်းပဲ"ဟု ဒန် ကပြောသည်။

"တော်တော်ဆိုးခဲ့လို့လား"ဟု ဂျွန်က ပြန်မေးသည်။

"အင်မတန်ဆိုးတာပေါ့မောင်ရာ၊ တောမီးလောင်တဲ့အခါ ဗရုန်းသုန်းကား ဖြစ်နေတဲ့ ဇီးရှိတဲ့မြေခွေးမအတိုင်းပဲ"

"အနောက်ဘက်ကမ်းခြေမှာပဲ သူ့ဟာသူ ပြေလည်သွားမှာပါဗျာ"

ဒန်ဝေလ်ကောက်ခ်စ်က ခေါင်းကိုယမ်းခါလိုက်သည်။

"မလွယ်ဘူးထင်တယ်၊အဘိုးကြီး တော်တော်ဦးနှောက်ခြောက်သွားတယ်၊ သူ့စိတ် ဒါလောက်လှုပ်ရှားလောက်အောင် သူတို့တစ်ခါမှ မလုပ်ဖူးဘူး"

ဂျွန်ဖစ်ချ်၏လက်ထဲမှာနယူးယောက်တိုင်းသတင်းစာတစ်စောင် ကိုင်ထားသည်။ ဂျွန်က ထိုသတင်းစာကို လှန်ပြီး စာမျက်နှာ ၄မှာပါရှိသည့် သတင်းတစ်ပုဒ်ကို လက်ညှိုးထိုးပြလိုက်သည်။

"သတင်းစာတွေကလဲ မီးလောင်ရာလေပင့် လုပ်နေကြတယ် မဟုတ်လား၊ ဟောဒီမှာ နောက်ဆုံးသတင်းကို ကြည့်ပါဦး"

ဒန်ဝေလ်ကောက်ခ်စ်က သတင်းခေါင်းစဉ်ကို လှမ်းကြည့်လိုက်သည်။

ငွေတစ်သန်းကျော် ဖူးချ်ဘတ် အလွဲသုံးစားပြုကြောင်း

စင်တီနယ်ဘုတ်အဖွဲ့ဝင်များက ထုတ်ဖော်ဝန်ခံခြင်း

ဒရိုင်ဘာ ဒန်ဝေလ်ကောက်ခ်စ်သည် သူ့ဆရာအပေါ်မှာ အလွန်တရာ သစ္စာရှိသူ ဖြစ်လေသည်။

"အလကားပါ ကိုယ့်လူရာ၊ ငွေတစ်သန်းဆိုတာ ကျုပ်တို့အဘိုးကြီးအဖို့ မုန့်ဖိုးလောက် ရှိတာပါ"

"ဒီမှာကြည့်ဦးလေ" သက်တော်စောင့်ဖစ်ချ်က သတင်းကို ဆက်ဖတ်ပြသည်။ "အမေရိကန်ပြည်ထောင်စု၏ထိပ်တန်းတယ်လီဗီးရှင်းကုမ္ပဏီကြီး ဖြစ်သော စင်တီနယ်ကုမ္ပဏီ၏



www.burmeseclassic.com

www.burmeseclassic.com


ပြဿနာ အရှုပ်အထွေးများကြောင့်သူ၏ မိခင် ကုမ္ပဏီဖြစ်သော အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများကို ထိခိုက်နစ်နာစေခဲ့သည်။ အစု ရှယ်ယာဈေးမှာ တနင်္လာနေ့မှစပြီး ၁၆ဒေါ်လာခိုင်နှုန်း ကျဆင်းသွားခဲ့သည်" ဖစ်ချိက သတင်းစာကို စားပွဲပေါ် သို့တင်လိုက်သည်။ "ခင်ဗျား သေသေချာချာ စဉ်းစားကြည့် ဒန်၊ အင်ကမ်းကုမ္ပဏီကြီးရဲ့ အစုရှယ်ယာပေါင်း နှစ်သန်းခွဲကို ဗားဟတ် ပိုင်တယ်၊ အခုလိုဈေးနှုန်း၁၆ဒေါ်လာခိုင်နှုန်း ကျသွားတယ်ဆိုတာ ဒီအပတ်ထဲမှာပဲ ငွေလေး ဆယ့်လေးသန်းကို ဗားဟတ်ဆုံးရှုံးလိုက်ရတယ်ဆိုတဲ့ သဘောပဲ၊ ဒါလောက်ငွေဟာ မပြော ပလောက်တဲ့ ငွေမဟုတ်ဘူး၊ သူ့အတွက် အင်မတန်များပြားတဲ့ငွေ ဖြစ်နေပြီ"

"ဒီငွေပြန်ရအောင်သူလုပ်မှာပါ၊ ပြီးတော့. . . ချက်ချင်းလက်ငင်း ပြန်ရအောင်လဲ သူလုပ်နိုင်ပါတယ်" ဒန်ဝေလ်ကောက်ခ်စ်က ခေါင်းမာမာဖြင့်ပင် ပြန်ပြောသည်။ စီးကရက် ကိုလည်း ခပ်ပြင်းပြင်း ရှိုက်ဖွာလိုက်သည်။ "ဒီမှာ ကိုယ့်လူ. . ဖော်ကွန်းမဂ္ဂဇင်းက ရေးထားတာလဲ ရှိသေးတယ်မဟုတ်လား၊ သူဟာ ဒီတိုင်းပြည်ရဲ့ အချမ်းသာဆုံးလူတွေထဲမှာ တစ်ယောက် အပါ အဝင်ပဲတဲ့၊ ဒေါ်လာပေါင်း သန်းတစ်ထောင်ကျော် ချမ်းသာဖို့သေချာတယ်၊ သန်းပေါင်း နှစ်ထောင်ကျော်လဲ ဖြစ်နိုင်တယ်"

"ဒါကိုကျုပ်မငြင်းပါဘူး၊ ဒါပေမယ့် အဘိုးကြီးဒါလောက်စိတ်တိုခဲ့တယ် ဆိုတာကတော့ စင်တီနယ်နဲ့ ဖူးချ်ဘတ်ပြဿနာကြောင့် ဖြစ်မှာပဲ" အက်ဖ်ဘီအိုင် စုံထောက်ဟောင်းက ပခုံး နှစ်ဘက်ကို တွန့်ပြလိုက်ပြီး ထပ်ပြောသည်။

"အဲဒါထက် ပိုဆိုးတာတွေ ရှိနေပါတယ်။ ကိုယ့် လူရာ၊ ကျုပ် အာမခံ ပြောနိုင်ပါတယ်" ဒန်ဝေလ်ကောက်ခ်စ်ကလည်း ခေါင်းမာမြဲမာနေသည်။

\+ + +

ထိုထက်ပိုဆိုးသောအကြောင်းရှိနေသည်မှာ မှန်ပါသည်။ အလွန်တရာ ကြီးမားသည့် ပြဿနာကြီးတစ်ရပ်ကို ပေါလ်ဗားဟတ်ဖြေရှင်းဖို့ ရှိနေသည်မှာ အမှန်ပဲ ဖြစ်ပါသည်။

စက်မှုနှင့် ကုန်သွယ်မှုကုမ္ပဏီကြီး (အင်ကမ်း)ကို ၁၉၆၀ခုနှစ်က ပေါလ်ဗားဟတ် စတင်တည်ထောင်ခဲ့သည်။ ထိုကုမ္ပဏီကို စတင်တည်ထောင်ပြီးဟော့ ဆိုကတည်းက တစ်ရှိန်ထိုး တိုးတက်ကြီးပွားခဲ့သည်။ အလွန်တရာကြီးမားပါသည်ဆိုသော အခြားကုမ္ပဏီကြီးပေါင်း များစွာ ကိုပါ အင်ကမ်း၏အောင်မြင်မှုများက ကျော်လွှား တက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုအတွင်းမှာ အင်ကမ်းပိုင်သည့် ကုမ္ပဏီကြီးပေါင်း မြောက်မြားစွာ ရှိသည်။ ပြည်တွင်းမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း သူပိုင်ကုမ္ပဏီကြီးပေါင်း မြောက်မြားစွာ တိုးချဲ့နိုင်ခဲ့သည်။ သူနှင့် လုပ်ငန်းတူ စီးပွားဖက် မဟာမိတ်ပေါင်း များစွာကိုလည်း သူရှာဖွေစုဆောင်းနိုင်ခဲ့သည်။ ၎င်းတို့အနက် အချို့မှာ အားမကိုးရသူများ၊ စိတ်မချရသူများ ဖြစ်သည်။ မဟာမိတ်ဘဝမှ ရန်သူအဖြစ်သို့ကူးပြောင်းသွားကြသူများလည်း ရှိသည်။

သူ၏လုပ်ပုံကိုင်ပုံများကြောင့်သူ့အပေါ် နာကျည်းနေသူများလည်း ရှိသည်။ ဗားဟတ် ကို ရက်စက်ကြမ်းကြုတ်သော 'အတီလာလိုလူစားမျိုး'ဟုလည်း စီးပွားရေး နယ်ပယ်မှပုဂ္ဂိုလ်များ က ကင်ပွန်းတပ်ထားကြသည်။

စီးပွားရေးနယ်ချဲ့ရာတွင်ပေါလ်ဗားဟတ်သည်အလွန်တရာရက်စက် ကြမ်းကြုတ်သူ ဖြစ်သည်။ သူ့ကို အာခံလာသူမှန်သမျှအား ကျုပင်ခုတ် ကျူငုတ်မကျန်အောင် အပြတ်ရှင်း တတ်သူဖြစ်သည်။ တစ်ဘက်လူကို မည်သည့် အခွင့်အရေးကလေးမှမပေး။ကြောက်ရလန့်ရ ကောင်းမှန်းသိသူလည်းမဟုတ်။ အမြဲတမ်းရန်လိုနေသူလည်း ဖြစ်သည်။ အထူးသဖြင့် သူ့ထက် အင်အားကြီးသော ကုမ္ပဏီကြီးများကိုဖြိုခွဲပြီး အပိုင်စီးလိုစိတ်က အမြဲတမ်းကြီးစိုးနေတတ်သည်။

စင်တီနယ် ဗီဒီယိုကော်ပိုရေးရှင်းကို သူအပိုင်စီးခဲ့ပုံမှာ သူ၏စရိုက်ကို ကောင်းစွာ ပေါ်လွင်စေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ဇာတ်လမ်းများ လွှင့်ထုတ်နိုင်ရန် ပုဂ္ဂလိကတယ်လီဗီးရှင်း ကုမ္ပဏီကြီး ထူထောင်ခွင့်ကိုအစိုးရက ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက်တည်း စင်တီနယ် ဗီဒီယိုကော်ပိုရေးရှင်းကို မာတင်အာဝင်က ဦးဆောင်ပြီး တည် ထောင်သည်။ အချိန် အနည်းငယ်အတွင်းမှာပင် စင်တီနယ်သည် အခြား ပြိုင်ဘက်များကိုကျော်ပြီး အောင် မြင်လာသည်။ အမြတ်အစွန်းကြီးစွာ ရရှိလာသည်။

ဗားဟတ်၏ နည်းပရိယာယ်သည် ရက်စက်ကြမ်းကြုတ်သည်။ စင်တီနယ် ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရအောင် အင်ကမ်းကုမ္ပဏီက ကြိုးစားသည်။ ပူးပေါင်းခွင့်ရသည်နှင့် တစ်ပြိုင်တည်း ဗားဟတ်သည် မူလက ရှိနေပြီးဖြစ်သော စင်တီနယ်ကုမ္ပဏီမှ အုပ်ချုပ်သူများကို တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် အလုပ်ထုတ်ပစ်လိုက်သည်။ ထိုနေရာများကို သူ့လူများဖြင့် အစားထိုးကာ ကုမ္ပဏီကို အပိုင်သိမ်းလိုက်လေတော့သည်။

ထိုအဖြစ်ကို မြင်တွေ့လိုက်ရသောအခါ စင်တီနယ်ကုမ္ပဏီကို စတင်တည် ထောင်ခဲ့သူ မာတင်အာဝင်မှာ စိတ်ထိခိုက်လွန်းသောကြောင့် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားရှာလေတော့သည်။

"တယ်လီဗီးရှင်းလုပ်ငန်း၏ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီး၊ ဆန်းသစ် တီထွင်နိုင်စွမ်းကြီးမားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဆုံးရှုံးလိုက်ရပါသည်" ဟူသော ကြေငြာချက်ကလေး တစ်စောင်ကို ထုတ်ရုံမျှဖြင့် ဗားဟတ်ဘက်က တာဝန်ကျေပွန်ရုံတုံ့ပြန်လိုက်လေသည်။

မာတင်အာဝင် ကွယ်လွန်ပြီးသည်နှင့် တစ်ပြိုင်တည်း ယခင်လက်ကျန်များ အားလုံးကို လက်စတုံးရှင်းပစ်ကာ သူစိတ်တိုင်းကျသည့် သူ့လူများနှင့်ချည်း ဖွဲ့စည်း အုပ်ချုပ်လေတော့သည်။ စည်းကမ်းဘောင်ကျော်လွန်မှုများ၊ ဥပဒေချိုးဖောက်မှုများရှိသည်ဟု အဆိုရှိသော်လည်း စင်တီနယ်ကုမ္ပဏီကား ပိုမိုကြီးမားသည့် အမြတ်အစွန်းများကို ဆက်လက်ရရှိနေလေတော့သည်။

မည်သို့ဆိုစေစင်တီနယ် ကုမ္ပဏီကိုကြောင်တောင်ဝင်နှိုက်ပြီး အပိုင်မသိမ်းခင်တုန်းက သူတို့ ဆောင်ရွက်ထားခဲ့သည့် စီးပွားရေးလုပ်ငန်းတစ်ခုမှာ အကျပ်အတည်းနှင့် ရင်ဆိုင်လာရသည်ကို ကြုံတွေ့နေရတော့သည်။

၁၉၆၉ ခုနှစ်တုန်းကအမေရိကတိုက်အလယ်ပိုင်းရှိ ပြူအာတိုကွေဗိုသမ္မတ နိုင်ငံမှ ရာသက်ပန်သမ္မတ ရာမွန်မူညော့ဇ်နှင့် ပေါလ်ဗားဟတ်တို့ စေ့စပ်ညှိနှိုင်းပြီး သဘောတူညီမှုတစ်ခုရရှိခဲ့ဖူးသည်။

အင်ကမ်းကုမ္ပဏီကြီး ကြိုက်နှစ်သက်ရာ မြေဧက ငါးသိန်းကို တစ်ဧကလျှင် တစ်ဒေါ်လာနှုန်းဖြင့် ပြူအာတိုကွေဗိုနိုင်ငံတွင်း၌ ဝယ်ယူခွင့်ရခဲ့သည်။ အင်ကမ်းကုမ္ပဏီကြီး အနေဖြင့် ပြူအာတိုကွေဗိုနိုင်ငံတွင်း၌ စီးပွားရေး လုပ်ငန်းများကို အထူးအခွင့်အရေးများဖြင့် လုပ်ကိုင်ခွင့်ရခဲ့သည်။ သို့သော် သမ္မတရာမွန်မူညော့ဇ်ကို အင်ကမ်းက တစ်နှစ်လျှင် ငွေသားဒေါ်လာနှစ်သိန်းခွဲပေးရန် စည်းကမ်းချက်ကိုကား တိုးတိုးကျိတ်ကျိတ် သဘောတူညီခဲ့ရလေသည်။

ပြူအာတိုကွေဗိုနိုင်ငံသည် အင်ကမ်းကုမ္ပဏီကြီး၏ လက်ကိုင်တုတ်ဖြစ်လာသည့် ကိစ္စနှင့် ပတ်သက်ပြီး သမ္မတနစ်ဆင်၏ အမေရိကန်အစိုးရက ကန့်ကွက်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ချေ။

အင်ကမ်းကုမ္ပဏီက စီအိုင်အေအဖွဲ့ကြီးနှင့်လည်း နားလည်မှုယူခဲ့သည်။ ပြူအာတိုကွေဗို နိုင်ငံရေးများကို စီအိုင်အေက နှစ်ပေါင်းများစွာ ကတည်းက ကြိုးဆွဲလာခဲ့သည်။ ထို့ကြောင့် စီအိုင်အေနှင့် နားလည်မှုကို ပထမဦးဆုံး ရယူလိုက်ခြင်း ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် နစ်ဆင်အစိုးရအဖွဲ့အတွင်း မောင်းနှင်အားများကို ပေါလ်ဗားဟတ်က လောင်စာဖြည့်တင်းပေးခဲ့သည်။ ပေါလ်ဗားဟတ်၏ အပေးအကမ်းရက်ရောမှု၊ အလှူအတန်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွာမှုများကလည်း အတောမသတ်ဖြစ်သည်။ သူ၏ ရက်ရောမှုများနှင့် နှိုင်းစာမည်ဆိုလျှင် ဟောင်းဝပ်ရှုချက်စ်လို ဘီလျံနာ သူဌေးကြီးမျိုး၊ ရောဘတ်ဗက်စကိုလို ဘီလျံနာသူဌေးကြီးမျိုး ပင်လျှင် ကပ်စေးနှဲ ကော်တရာ ဖြစ်ကုန်ကြတော့သည်။

ထို့နောက်ပိုင်းမှစပြီး ပေါလ်ဗားဟတ်၏အင်ကမ်းကုမ္ပဏီကြီးသည် အောင်ပွဲများကို ဆက်တိုက်ခံယူလေတော့သည်။ အတိုင်းအဆမရှိ ပိုမိုကြီးထွား သည်ထက် ကြီးထွားလာကာ မည်သည့်နည်းနှင့်မျှ ဖြိုဖျက်၍ မရနိုင်သော စီးပွားရေး အဆောက်အအုံကြီးတစ်ခုအဖြစ် ခန့်ခန့် ထည်ထည် ရပ်တည်လာ နိုင်တော့သည်။

ထိုအချိန်မှာပင် ပေါလ်ဗားဟတ်အဖို့ ရာဇာပလ္လင်လှုပ်သည့် အရေးအခင်းများ ဖြစ်ပေါ် လာသည်။

အင်ကမ်းကုမ္ပဏီကြီး၏လက်အောက်ခံများထဲတွင် ပြူအာတိုကွေဒို နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အနောက်ဘက်ကမ်းခြေမှာရှိသော စင်တီနယ်ကုမ္ပဏီ၏ လုပ်ငန်းများ သည် အအောင်မြင်ဆုံးဟု ဗားဟတ်က သတ်မှတ်ထားခဲ့သည်။

ပြူအာတိုကွေဒို နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အမေရိကန် ပြည်ထောင်စု အနောက်ဘက်ကမ်းခြေရှိ စင်တီနယ်ကုမ္ပဏီ၏ လုပ်ငန်းများသည် ဆက်စပ်မှုရှိသည်ကား မဟုတ်ပါ။ သို့သော်လည်း အင်ကမ်းကုမ္ပဏီကြီး၏ လက်အောက်ခံများဖြစ်သောကြောင့် ထို လက်အောက်ခံကုမ္ပဏီများက အောင်မြင်မှု၊ မအောင်မြင်မှု၊ ကောင်းကျိုးဆိုးကျိုးတို့ကို မိခင်ကုမ္ပဏီကြီးသာ ခံစားရမည် ဖြစ်လေသည်။ အင်ကမ်းတည်းဟူသော မိခင်ကုမ္ပဏီကြီး၏ ရင်ခွင်အောက်မှာ လည်ပတ်လှုပ်ရှားကြရသော ကုမ္ပဏီများသာဖြစ်သည်။

တစ်ဘက်တွင်လည်း အနှောင့်အယှက် အဖျက်အဆီးများနှင့် ရင်ဆိုင်လာ ရသည်။

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အများလက်ခံထားကြသည့် သဘောထားမှာ ပင်လယ်မားပြ စိတ်ဓာတ်မျိုး ဖြစ်သည်။ စီးပွားရေးလုပ်ငန်း နယ်ပယ်ဟူသည်မှာ တောကြီး မျက်မည်း ဖြစ်သည်။ စီးပွားရေးသမားများဟူသည်မှာ အသားစား တိရစ္ဆာန်များနှင့်အတူတူ ဖြစ်သည်။ ငွေဟူသည်မှာ သူရဲဘောကြောင်သည့် ပစ္စည်းတစ်မျိုး ဖြစ်သည်။

ယခုတော့ ပေါလ်ဗားဟတ်၏ ရန်သူများသည် သူတို့ချင်း ညီညွတ်ရေးကို အရ ယူနေကြပြီ။ သူ၏မဟာမိတ်များကလည်းသူ့ကိုကျော်နိုင်းဖို့ ခြေလှမ်း ပြင်နေကြပြီ။ အင်ကမ်း ကုမ္ပဏီကို ငွေချေးထားကြသည့် ဘဏ်တိုက်များကလည်း သူတို့ချေးငွေများကို ပြန်တောင်း နေကြပြီ။ အင်ကမ်း ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူထားကြသူများကလည်းရသည့် ဈေးဖြင့် ပြန်ရောင်းထုတ်နေကြပြီ။

ရက်အနည်းငယ်အတွင်းမှာပင်'ပေါလ်ဗားဟတ်၏ အခြေအနေများက အလွန်တရာ ဆိုးရွားလာလေတော့သည်။

ထိုသို့ဖြစ်လာသောအခါ သူသည် မည်သူနှင့်မှအတွေ့မခံတော့။ သူ၏ လက်ထောက် အမှုဆောင်အရာရှိများနှင့် အတွေ့မခံပဲ အခန်းအောင်း နေလိုက်သည်။ သူတို့ပေးသည့် မည်သို့သော အကြံဉာဏ်ကိုမှလည်း လက်မခံတော့။

နောက်ဆုံးတာဝန်ရှိသူမှာ သူသာလျှင် ဖြစ်ကြောင်းလည်း သဘောပေါက်ထားပြီး ဖြစ်သည်။ အင်ကမ်းကုမ္ပဏီကြီး၏ ကောင်းကျိုးဆိုးကျိုးများကို အဓိက ခံစားရမည့်သူမှာ သူသာလျှင်ဖြစ်သည်။ ပျက်စီးပြီဆိုသော အခါတွင် အများဆုံး ဆုံးရှုံးရမည့်သူမှာ သူပင်လျှင် ဖြစ်သည်။

ထိုသို့သော အန္တရာယ်အတွင်းမှ လွတ်မြောက်နိုင်ရန် သူ့ခေါင်းထဲမှာ ရှိနေသည့် အကြံဉာဏ်များအားလုံးကိုသုံးပြီးနောက်ဆုံးဖြေရှင်းမှုကို ပြုလုပ်ရပေတော့မည်။

ယခုနောက်ဆုံးအချိန်သို့ ရောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မစ္စ မာရီယမ်ဖို့နှင့် တစ်ညတာအချိန်ဖြုန်းလိုက်ရသည့်အတွက် သူ့အသိဉာဏ်အတွင်းမှာ ခွန်အားများ ပြန်လည်ပြည့်ဖြိုးလာသည်။ လိုအပ်သည့်လှုပ်ရှားမှုများနှင့် တန်ပြန်လှုပ်ရှားမှုများကို ပြုလုပ်ရန် အသင့်အနေအထားသို့ သူပြန်လည် ရောက်ရှိလာသည်။ ထိုအသိဝင်လာသည်နှင့် တစ်ပြိုင်တည်း သူ ကျေနပ်နှစ်သိမ့် သွားမိလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

## နယူးယောက်မြို့၊ သောကြာ၊ မေ ၇၊ နံနက် ၇း၁၅ နာရီ။

ပေါလ်ဗားဟတ်သည် နံနက်စာ စားသောက်ပြီးစီးသွားပြီ။ အဝတ်အစားလည်း လဲလှယ်ပြီးစီးသွားပြီ။ သူ့စိတ်ထဲမှာလည်း လှုပ်ရှားနေသည်။ ထိုး စစ်ကြီးတစ်ခုကို စတင်ဆင်နွှဲဖို့လည်း သူအသင့် ပြင်ဆင်ပြီးဖြစ်သည်။

ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည့် သူ့ရုံးခန်းအတွင်းသို့ ဝင်လာခဲ့သည်။ အမေရိကန် ပြည်ထောင်စုအတွင်းရှိ အင်ကမ်းကုမ္ပဏီပေါင်း များစွာတို့တွင် ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသည့် သူပိုင်ရုံးခန်းကြီးများရှိသည်။ နိုင်ငံခြားတိုင်းပြည်များရှိ ကုမ္ပဏီခွဲများတွင်လည်း သူ့အတွက် သီးသန့်ရုံးခန်းများကို ပြင်ဆင်ထားပေးရသည်။

သူ့ရုံးခန်းမှာ အသံလုံဖြစ်သည်။ လေဆာရောင်ခြည်နှင့် အခြားခေတ်မီ သိပ္ပံပညာများကို အသုံးပြုပြီး တစ်စုံတစ်ယောက်က အသံဖမ်းစက်များကို တိတ်တဆိတ် တပ်ဆင်ထားခြင်း ရှိမရှိကိုလည်း လုံခြုံရေးတာဝန်ခံများက သူ့ရုံးခန်းများကို နေ့စဉ် စစ်ဆေးပေးရသည်။

သူ့ စားပွဲပေါ်မှာလည်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သော ခေတ်မီပစ္စည်း ကိရိယာမျိုးစုံကို တပ်ဆင်ထားသည်။ ဌာနတွင်းပြော အင်တာကွမ်းစကား ပြောခွက်များ၊ တယ်လီဖုန်းများ၊ ရုပ်မြင်သံကြားစက်များကို တပ်ဆင်ထားသည်။ တစ်ကမ္ဘာလုံးတွင်ရှိနေသော အင်ကမ်းကုမ္ပဏီ ဥက္ကဋ္ဌများ၊ အမှုဆောင် အရာရှိများနှင့် ချက်ချင်းတိုက်ရိုက် စကားပြောနိုင်သည့် အထူး တယ်လီဖုန်းများကိုပါ တပ်ဆင်ထားသည်။

၎င်းတို့အနက် အထူးခြားဆုံး ပစ္စည်းကလေးတစ်ခုရှိပါသည်။ ထိုပစ္စည်းကလေးကို ပေါလ်ဗားဟတ် အမြတ်နိုးဆုံးပင် ဖြစ်သည်။ အခြား တန်ဖိုးကြီးမားသော ပစ္စည်းများ အားလုံးထက် ပို၍လည်း ထိုပစ္စည်းကလေးနှင့် သူရင်းနှီးကျွမ်းဝင် ပါသည်။

ရုတ်တရက်ကြည့်လိုက်လျှင် စာအုပ်ဖွင့်သည့် သတ္တုချောင်းကလေးနှင့်တူသည်။ သေသေချာချာကြည့်တော့မှ ငွေအိမ်နှင့်စွပ်ထားသောဓားမြှောင်ဖြစ်ကြောင်း သိရှိရတော့သည်။ လက်ကိုင်ရိုးပေါ်တွင် အမှတ်အသားတံဆိပ် ကလေးရှိခဲ့ဖူးသော်လည်း ကိုင်ဖန်များ၊ ပွတ်တိုက်ဖန်များသောကြောင့် အမှတ်အသားတံဆိပ်ကလေးမှာ ပွန်းပဲ့ပျောက်ကွယ်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗားဟတ်သည် စားပွဲနောက်ဘက်ရှိ ကုလားထိုင်ကြီးပေါ်မှာ အခန့်သား ဝင်ထိုင်နေသည်။ သူ့ ကိုယ်ကတောင့်တောင့်တင်းတင်းဖြစ်နေသည်။ စားပွဲပေါ်မှာ အသင့်ရှိနေသော ဓားမြှောင်ကလေးကို လှမ်းဆွဲယူသည်။ ခဏကြာအောင်လက်ထဲ မှာ ဆော့ကစားနေသေးသည်။ သူ၏အညိုရောင်မျက်လုံးများသည်ပို၍ ညိုမှောင်လာသည်။

ဓားမြှောင်ကို ဓားအိမ်ထဲမှဆွဲထုတ်လိုက်ပြီး တစ်ချက်ပြုံးသည်။ ဓားသွားက အလွန်ကောင်းသောသံမဏိနှင့် ပြုလုပ်ထားခြင်းဖြစ်သည်။ အသွားက သင်ခုန်းဓားလိုထက်လှသည်။ အမြဲတမ်း သည်အတိုင်းထက်နေခြင်း ဖြစ်သည်။

သည်ဓားမြှောင်ကလေးမှာ လျှို့ဝှက်ချက် တစ်စုံတစ်ရာရှိနေဘိအလား ဓားဖျာလေးကို ကိုင်ကြည့်နေရင်း သူ့စိတ်ထဲမှာ ကျေနပ်နှစ်သိမ့်မှုများ ပေါ်ပေါက်လာသည်။ ယုံကြည်စိတ်ချမှုများကို ခံစားလာရသည်။ စိတ်ဓာတ်အင်အားများပြည့် ဖြိုးလာသည်။ ဓားကိုဓားအိမ်ထဲသို့ ပြန်သွင်းလိုက် ပြီး စားပွဲပေါ်သို့ ပြန်တင်ထား လိုက်သည်။

စားပွဲပေါ်မှ အပြာရောင်တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ တယ်လီဖုန်းတွင် ခလုတ်နှစ်ခုရှိသည်။ ခလုတ်တစ်ခုက မိုင်ပေါင်း ၂၀၀၀ ဝေးသည့် ပြူအာတို ကွေဗိုနိုင်ငံ၏ မြို့တော်စန်တာကလာရာမြို့ပြင်ရှိ အင်ကမ်းကုမ္ပဏီပိုင် အဆောက်အအုံသို့ တိုက်ရိုက်ဆက်သွယ်သည့် ခလုတ်ဖြစ်သည်။ဒုတိယခလုတ်က အင်ကမ်း ကုမ္ပဏီ၏ နိုင်ငံရပ်ခြားဌာန ဒုတိယဥက္ကဋ္ဌ ဂျက်ဖရေစပင်ဇာနှင့် ပေါလ်ဗားဟတ်တို့ နှစ်ဦးတည်းသာ အသုံးပြုနိုင်သော အရေးကြီး တယ်လီဖုန်းလိုင်း ခလုတ်ဖြစ်သည်။

ဂျက်ဖရေစပင်ဇာသည် အင်္ဂလိပ်လူမျိုးဖြစ်သည်။ အင်ကမ်း ကုမ္ပဏီကြီး စတင်ကောင်းစားလာသည့် အချိန်မှစ၍ ဗားဟတ်နှင့်အတူ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လာခဲ့သူဖြစ်သည်။ တော်သည်၊ ထက်မြက်သည်၊ စိတ်တည်ငြိမ်သည်။ အင်ကမ်းကုမ္ပဏီတစ်ခုလုံးတွင် ရှိသည့် ဥက္ကဋ္ဌများအနက် ဗားဟတ်၏ ယုံကြည် အားကိုးမှုကို အခံရဆုံးသောသူလည်း ဖြစ်သည်။ ထို့ကြောင့် ပြူအာတိုကွေဗို နိုင်ငံတွင်းရှိ အင်ကမ်းကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခွင့် ရထားခြင်းဖြစ်သည်။

"ဂွတ်မောနင်းပေါလ်"

ဂျက်ဖရေစပင်ဇာ၏အသံ ပေါ်လာသည်။ ထိုတယ်လီဖုန်းကို ပေါလ်မှ တစ်ပါးမည်သူမှ သုံးခွင့်မရသောကြောင့် မည်သူမည်ဝါဆက်သည်ကို မေးမြန်းနေရန် မလို။

"အသံလှိုင်းဖျက်ခလုတ်ကို ဖွင့်လိုက်တော့ဂျက်ဖ်"

ရှုပ်ထွေးသော အသံများ တယ်လီဖုန်းထဲမှာ ပေါ်လာသည်။

"ခင်ဗျား ဖုန်းဆက်ပြီး နောက်ဆုံးအခြေအနေတွေအကြောင်းပြောတော့မယ်ဆိုတာ ကျွန်တော်မှန်းထားပြီးသားပဲပေါလ်. . "

"ဒီမှာအခြေအနေမဆိုးပါဘူး၊ အဲဒီမှာ ဘယ်လို အခြေအနေတွေရှိ နေသလဲ ပြောပါဦး" ဟု ပေါလ်ဗားဟတ်က ပြန်ပြောသည်။

"စိတ်ပျက်စရာပဲ၊ အရင်သုံးရက်က ကျွန်တော်တို့ပြောခဲ့ကြတဲ့ အခြေအနေထက်ပိုပြီး စိတ်ပျက်စရာ ကောင်းနေတယ်၊ မုန်တိုင်းက တစ်စထက်တစ်စပိုဆိုးလာတယ် ပေါလ်၊ စန်တာကလာရာမြို့ထဲမှာဆန္ဒပြပွဲတွေပိုများလာတယ်။ မြို့တော်ရဲ့အဖွဲ့ကလဲ လက်ရှောင်နေတယ်၊ ဘာမှဝင်မလုပ်ဘူး၊ စစ်တပ်ကလဲ ကြားမဝင်ဘူး၊ သူတို့တပ် ဝင်းထဲမှာပဲ နေနေကြတယ်၊ မူညော့ဇ် တော့ လက်တိုင်းရိုးမြက် ဖြစ်နေပြီ၊ အံ့အားသင့်နေတာလဲ ဖြစ်နိုင်တယ်၊ ကြောက်နေတာလဲ ဖြစ်နိုင်တယ်၊ နှစ်ခုစလုံးဖြစ်ဖို့ ပိုများတယ်၊ ဘာမှလဲ မလုပ်ဘူး၊ ဘာအမိန့်မှလဲ မထုတ်ဘူး၊ ကျွန်တော်နဲ့တောင် အတွေ့မခံဘူး၊ အလကားလူကြီး၊ သူ့ကြောင့် အားလုံး ဒုက္ခရောက်ကုန်ကြတော့မှာ ကျွန်တော် စိုးရိမ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်တစ်နှစ်လုံးလုံး အာဏာရှင်အဖြစ် အုပ်ချုပ်ခဲ့သော ရာသက်ပန် သမ္မတ ရာမွန်မူညော့ဇ်သည် ရွေးကောက်ပွဲများကျင်းပပြုလုပ်ရန် မကြာသေးမီ ကလေးကပင် ဆုံးဖြတ်လိုက်သည်။ နိုင်ငံရေး မီးရှူးမီးပန်း လွှတ်ပြလိုက်သည့် သဘောဖြစ်သည်။ ထိုသို့ ရွေးကောက်ပွဲကြီး ကျင်းပလိုက်ခြင်းအားဖြင့် တစ်တိုင်း တစ်ပြည်လုံးက သူ့ကို ထောက်ခံမဲ ပေးကြလိမ့်မည်ဟု သူယုံစားထားသည်။ ထိုသို့သော အခြေအနေဖြစ်လာအောင်လည်း ပြူအာတိုကွေဒို စစ်တပ်နှင့် လျှို့ဝှက် ရဲအဖွဲ့က ဖန်တီးပေးလိမ့်မည်ဟုလည်း သူထင်ထားသည်။

သို့သော်လည်း ပြူအာတိုကွေဒို စစ်တပ်ကို လိုအပ်သည့် ကူညီထောက်ပံ့မှုများ အားလုံးပေးနေသည့် စီအိုင်အေအကြံပေးပုဂ္ဂိုလ်များကို အမေရိကန်အစိုးရက မမျှော်လင့်ပဲ ပြန်ခေါ်လိုက်သည့်အတွက်အခြေအနေများ အားလုံးကပြောင်းကပြန် ဖြစ်ကုန်သည်။ ရာသက်ပန် သမ္မတရာမွန်မူညော့ဇ်မှာ သူထင်ထားသလို ဖြစ်မလာတော့ပဲ ရေစုန်မျောဖို့သာ အကြောင်းပေါ် လာသည်။

ထိုအချိန်မှာပင် အင်အားကောင်းပြီး စနစ်တကျဖွဲ့စည်းထားသော အတိုက်အခံ ပေါ်ပြူလာပါတီ ဘွားကနဲပေါ်လာသည်။ ပေါ်ပြူလာပါတီဝင်များမှာ လူထုလူတန်းစားအလွှာ အသီးသီးမှ ဖြစ်သည်။ ပါတီဝင်အင်အားမှာလည်းနေ့စဉ်နှင့် အမျှ တိုးပွားနေသည်။

ပြူအာတိုကွေဒို စစ်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သူ ကာနယ်အယ်မီ လီယိုလီ နာရီကလည်း စီအိုင်အေ၏ ကျောထောက်နောက်ခံမရလျှင် တစ်တိုင်းပြည်လုံး ပြန့်ပွားလာမည့် ဆူပူမှုများကို သူ့စစ်တပ်အနေဖြင့် ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်ကြောင်း တွေးမိကာ စိုးရိမ်နေသည်။

ထို့ကြောင့် ယခု အရေးအခင်းတွင် စစ်တပ်အနေဖြင့် ကြားနေရန် နှင့် ဆန္ဒပြမှုများကို စစ်တပ်က နှိမ်နင်းခြင်း၊ အတိုက်အခံ ပေါ်ပြူလာပါတီ ခေါင်းဆောင်များကို ဆန့်ကျင်ခြင်းများ မပြုလုပ်ပဲနေရန် ဆုံးဖြတ်ထားသည်။

ယခု အရေးအခင်းတွင် စစ်တပ်ကကြားနေလိုက်ခြင်းအားဖြင့် အတိုက်အခံ ပေါ်ပြူလာပါတီ၏အင်အားမှာနေ့ချင်းညချင်းကြီးထွားလာသည်။ လာမည့်ရွေး ကောက်ပွဲတွင် အနိုင်ရဖို့အခြေအနေတွေ များလာသည်။

ထိုသို့ဖြစ်ပေါ်နေသော အခြေအနေများသည် ပေါလ်ဗားဟတ်နှင့် ဂျက်ဖရေစပင်ဇာ တို့အတွက် ကောင်းသည့်လက္ခဏာများ မဟုတ်ပေ။ ပြူအာတိုကွေဒို အစိုးရနှင့် အင်ကမ်း ကုမ္ပဏီတို့ သဘောတူချုပ်ဆိုထားသည့် စာချုပ်များအားလုံးကို ၎င်းတို့အာဏာရလာပါက ဖျက်သိမ်းပစ်မည်ဖြစ်သည်။ ပြူအာတိုကွေဒို နိုင်ငံတွင်းမှာ ရှိနေသော အင်ကမ်းကုမ္ပဏီပိုင် စီးပွားရေးလုပ်ငန်းများအားလုံးကို ပြည်သူပိုင်သိမ်းဖို့ကလည်း သေချာနေသည်။ ယင်းသို့ ဖြစ်လာ မည်ဆိုလျှင် အင်ကမ်းကုမ္ပဏီကြီးအဖို့ ကမ္ဘာပျက်ခြင်းနှင့်အတူတူပင် ဖြစ်လေသည်။

"ဒီစကားကို ကျွန်တော်အလေးအနက်ပြောနေတာ ပေါလ်၊ မူညော့ဇ်ဟာ ကျွန်တော် တို့အတွက် ဘာမှအသုံးမဝင်တော့ဘူး၊ အန္တရာယ်တွေပိုများဖို့ သေချာသလောက် ဖြစ်နေပြီ"ဟု စပင်ဇာက ထပ်ပြောသည်။

"ဒီလိုဆိုရင် လီနာရီကို တို့ကိုင်ကြတာပေါ့"ဗားဟတ်ပြန်ပြောသော လေသံမှာ အံ့သြဖွယ် ကောင်းလောက်အောင် သွက်လက်ပေ့ါပါးနေသည်။ "ကာနယ် လီနာရီက သမ္မတ ဖြစ်ချင်နေတယ်လို့ မောင်ရင်ပြောဖူးတယ်လေ၊ကောင်းတယ်၊ စစ်တပ်က အာဏာသိမ်းပြီး သူ့ကို သမ္မတအဖြစ်တင်ပေးရင် ဖြစ်နိုင်တာပဲ၊ ဒီအကြောင်း မောင်ရင်နဲ့ ကိုယ်စောစောက ဆွေးနွေး ဖူးသားပဲ၊ ဒီလိုသာ အာဏာ သိမ်းလိုက်မယ်ဆိုရင် စစ်တပ်ကို ဝိုင်းပြီးလက်ခုပ်တီးကြမှာ သေချာ တယ်၊ မူညော့ဇ်လို အာဏာရှင်ကို ရာဇပလ္လင်ပေါ်က ကန်ချလိုက် နိုင်တာတစ်ကြောင်း၊ ကွန်မြူနစ် လက်ထဲကျတော့မယ့်ဆဲဆဲ ပြူအာတိုကွေဒို နိုင်ငံကို ကယ်တင်လိုက်နိုင်တာ တစ်ကြောင်း၊ ဒါကြောင့်အားလုံးက ဝိုင်းချီးကျူးပြီး ထောက်ခံကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဂျက်ဖရေစပင်ဇာက တစ်ချက်ရယ်လိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ သီချင်းဖွင့်မယ့် ဓာတ်စက်ကြီးကတော့ အဆင်သင့် ရှိနေပြီ၊ ဒါပေမယ့် ဓာတ်စက်လည်အောင် ဘယ်သူကပိုက်ဆံထည့်ပေးမလဲဆို တဲ့ ပြဿနာက ရှိသေးတယ်"

"ပိုက်ဆံကို တို့ ထည့်မှာပေါ့ဂျက်ဖ်၊ ဒေါ်လာဆယ်သန်းကွာ. . . ဒါဆုံ ယင် ကာနယ် လီနာရီနဲ့ သူ့စစ်တပ်ကိုအပြတ်ဝယ်လိုက်လို့ရပြီပေါ့၊ ဂရိဂျကျောင် လုပ်နေတဲ့အကောင်တွေကို အပြတ်ရှင်းပစ်ဖို့ ကျည်ဆန်ဖိုးလဲတို့ ပေးမယ်ကွာ၊ ဒီနောက်ပိုင်းမှာ ကာနယ်လီနာရီက အစိုးရသစ်ဖွဲ့မယ်၊ တိုင်းသူပြည်သားတွေရဲ့ လွတ်လပ်ခွင့်ကို ချစ်မြတ်နိုးတဲ့ အစိုးရမျိုး . . . ဘာညာဆိုတာမျိုးပေါ့ကွာ၊ မောင်ရင် သဘောတူတယ်မဟုတ်လား"

"အပြည့်အဝ သဘောတူပါတယ်ဗျာ၊ ကျွန်တော်ဒီနေ့ပဲ လီနာရီကိုသွား တွေ့လိုက်မယ်၊ တွေ့ပြီးရင် ဘယ်ကိုပြန်ဆက်ရမလဲ"

"ဒီနေ့ညနေ ငါးနာရီလောက်မှာ မောင်ရင့်ဆီကို ကိုယ်ဆက်တာ ပိုကောင်း လိမ့်မယ်၊ နေ့ခင်းတစ်နာရီခွဲမှာအစည်းအဝေးရှိနေတာ မောင်ရင်သတိရတယ် မဟုတ်လား၊ ခွေးသားတွေက ကိုယ့်ကို အပြတ်ရှင်းကြလိမ့်မယ်လေ" ဟားဟတ်က တစ်ချက်ရယ်လိုက်သည်။ သူ့ရယ်သံသည် အရေးမစိုက်သည့် ပမာမခန့် ရယ်သံမျိုး ဖြစ်သည်။ "ဒီနေ့မနက် သတင်းစာတွေမှာပါတဲ့ စင်တီနယ် အကြောင်း နောက်ဆုံး သတင်းကိုဖတ်ပြီးရင် ဒီကောင်တွေ ပိုပြီးကိုယ့်ကို နှုပ်နှုပ်စဉ်းချင်ကြဦးမယ်"

"ဒီစကားကြားရတာ စိတ်ချမ်းသာလိုက်တာဗျာ၊ အစည်းအဝေးနဲ့ ပတ်သက်ပြီး ခင်ဗျားနည်းနည်းကလေးမှ စိတ်မပူတဲ့ပုံစံမျိုးပဲ" ထိုစကားကိုပြောရင်း ဂျက်ဖရေစပင်ဇာက ယနေ့ကျင်းပမည့် အစည်းအဝေးအကြောင်းကို တွေးကြည့်လိုက်မိသည်။ အခြားလူများကို ဟားဟတ် မည်သို့ အပြတ်တွယ်မည့် အကြောင်းကို စိတ်ကူးကြည့်မိသည်။ ထိုအစည်းအဝေးတွင် ကိုယ်တိုင်ထိုင်ပြီး ဟားဟတ်ပြောပုံဆိုပုံတွေ၊ လုပ်ပုံကိုင်ပုံတွေကို ကြည့်လိုက်ချင်စိတ်ပင် ပေါက်လာသည်။ "တစ်ခု သတိပေးရဦးမယ်၊ အမေရိကန်ပြည်ထောင်စုက ထင်ရှားတဲ့ ဧည့်သည်တစ်ယောက် ဒီနေ့ရောက်လာဖို့ ရှိနေတယ်" ဧည့်သည်ဇနီးမောင်နှံ ရောက်လာမည်ဖြစ်သော်လည်း သူ့ဇနီး ပါလာမည့်အကြောင်းကို ဖွင့်မပြောခြင်းက အကောင်းဆုံးဖြစ်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

"ကာနယ်လီနာရီ အာဏာသိမ်းဖို့ ဘာဖြစ်လို့ ကိုယ်မီးစိမ်းပြတယ်လို့ မောင်ရင် ထင်သလဲ၊ မောင်ရင့်ဆီကို ဒီနေ့ရောက်လာမယ့်ဧည့်သည်ကြောင့်ပေါ့ကွာ၊ ပြုအာတိုကွေဒိုမှာ ကိုယ်တို့လုပ်နေတာတွေနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရက ဝင်မစွက်ဖို့ အာမခံချက်ဟာ အဲဒီငတိပဲ"

"ဟုတ်လား. . . ကောင်းပါပြီလေ၊ သူ့ကို ကျွန်တော်ဘယ်လောက် ပေးခွင့်ရှိသလဲ ပေါလ်"

"ဒီငတိဒေါ်လာသုံးသန်း သေရေးရှင်ရေးလိုနေတယ်၊ အခုတစ်ဝက် ပေးလိုက်ပါ၊ ကျန်တဲ့ တစ်ဝက်ကိုတော့ လီနာရီ အာဏာသိမ်းပြီး သူ့အစိုးရကို အမေရိကန်က အသိအမှတ်ပြုပြီးတဲ့ နောက်မှပေး"

"အား . . . ကျွန်တော်တို့ ဘဟားမားဘဏ်တိုက်က သူ့ကို ကြွေးတွေ တင်နေသေး တာပဲ" ဘဟားမားဘဏ်တိုက်ကို စပင်ဇာနှင့် ဟားဟတ်တို့ နှစ်ယောက် ပူးတွဲပိုင်ဆိုင်ကြသည်။ "တစ်သန်းနဲ့ သုံးသိန်းတောင် သူ့ဆီက ရစရာ ရှိနေတယ်၊ ဒီကြွေးကိုမပေးပဲ သူတစ်ပတ်ရိုက်သွားမှာကို ကျွန်တော့် လူတွေက လန့်နေကြတယ်"

"စိတ်အေးအေးထားစမ်းပါ ကိုယ့်လူရာ. . အခုလောလောဆယ် သူ ငွေမရရင်မဖြစ်ဘူး၊ သူ့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကလဲ ကိုယ်တို့ပဲ ရှိတော့တယ်၊ ဟိုကြွေးကို ခဏထားလိုက်၊ သူ့ကိုချည်ထားတဲ့ ကြိုးတစ်ချောင်းလို သဘောထား၊ ကိုယ်တို့အနေနဲ့ ဘာမှဆုံးရှုံးစရာအကြောင်း မရှိဘူး၊ ဒီငတိကြီး သူ့ ချေးတွင်းထဲ သူပြန်နစ်သွားမှာပဲ၊ ကိုယ်ပြောတာကိုယုံပါ၊ သူ့အတွက်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးစီစဉ်ထားတယ် ဆိုတာကိုလဲ ပြောပြလိုက်ပါ"

"ဒီလိုဆိုရင်လဲ ကောင်းပါပြီလေ. . . တခြားဘာပြောစရာရှိ သေးသလဲ ပေါလ်"

"အဲဒီခွေးသားကြီး သူတစ်ကောင်တည်း လာမှာတဲ့လား" ဗားဟတ်က သူ့အသံကို ပုံမှန်အတိုင်း ဖြစ်အောင် ကြိုးစားထိန်းပြီး ပြောသည်။

"မဟုတ်ဘူးဗျ. . . သူ့မိန်းမကိုပါ ခေါ်လာခဲ့မယ်လို့ ကျွန်တော့်ကို ပြောတယ်"

ခဏကြာအောင် တိတ်သွားသည်။ ပြီးတော့မှ "သူ့ မိန်းမကို ကိုယ်က နှုတ်ဆက်ကြောင်း ပြောလိုက်ပါ ဂျက်ဖ်. . ."ဟု ဗားဟတ်က ဆက်ပြောသည်။ ခဏကြာအောင် စကားပြတ်သွားပြန်သည်။ "နောက်မှ မောင်ရင်နဲ့ ဖုန်းဆက်ပြောဦး မယ်လေ. . . အောင်မြင်ပါစေကွာ. . ."

"ခင်ဗျားလဲ အောင်မြင်ပါစေဗျာ"

အသံလှိုင်းဖျက်ခလုတ်ကို ဗားဟတ်က ဖြုတ်လိုက်သည်။ သို့သော်လည်း တယ်လီဖုန်း စကားပြောခွက်ကိုမူ ပြန်မတင်သေးဘဲ စားပွဲပေါ်ရှိ ဓားမြှောင်ကို ငေးကြည့်ရင်း အီဗလင် အကြောင်းကို စဉ်းစားနေမိသည်။ ဟက်ချ်လို ဘာမှ အသုံးမကျသည့်လူနှင့် လက်ထပ်လိုက်ခြင်း အားဖြင့် အီဗလင်၏ ဘဝမှာ ရေစုန်မျော သွားခဲ့ရသည်။ သည်အကြောင်းတွေ မေ့ဖျောက်ပစ်မှ ဖြစ်မည်။ မိမိမှာလုပ်စရာ အလုပ်တွေ ရှိနေသေးသည်ဟု သတိဖြင့် ပြန်ထိန်းရင်း လက်မှနာရီကို မြှောက်ကြည့်လိုက်သည်။ ၈ နာရီ နှင့် သုံးမိနစ်ရှိနေပြီ။ နောက်ထပ်ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[၃]

လော့စ်အိန်ဂျလိစ်၊ ကာလီဖိုးနီးယားပြည်နယ်၊ သောကြာ။
မေ ၇၊ နံနက် ၅း၀၅ နာရီ။

ပက်ထရစ်ရှာဂါးဗေးသည် အိပ်နေစဉ်တွင် အလွန်တရာချောမောလှပသည့် အမျိုးသမီး ဖြစ်သည်။ အိပ်ရာမှနိုးလာတော့လည်း လှသည်။ တစ်နေကုန် အလုပ်တွေ ကုန်းလုပ်နေသော် လည်း သူ့အလှက လျော့ပါးမသွား။

သူသည် အမေရိကန်ပြည်ထောင်စုတွင် လခအများဆုံးရရှိသည့် အမျိုးသမီးတစ်ဦး လည်း ဖြစ်သည်။ အင်ကမ်းကုမ္ပဏီကြီးပိုင်ဖျော်ဖြေရေးလုပ်ငန်း များ (အနောက်ပိုင်း ဌာနခွဲ)"၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ အသက် ၃၆ နှစ်ရှိပြီ။ အိမ်ထောင်မရှိသေး။ သို့သော်လည်း အချစ်ရေး ကိစ္စများကတော့ အများသူငါလိုပင် ရှိပါသည်။

သူ့အိပ်ပျော်နေခိုက် အိပ်ရာဘေးရှိ အရေးကြီး တယ်လီဖုန်းခေါင်းလောင်းက မြည်လာ သည်။ ထို့ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် တယ်လီဖုန်းကိုလှမ်းဆွဲသည်။

"သေခြင်းဆိုး တယ်လီဖုန်းသရဲ. . ." ပါးစပ်က ပြောသော်လည်း သူ့မျက်လုံးများကမူ မဖွင့်သေး။ "ကျွန်မအိပ်မယ်လုပ်တော့မှ ရှင်ကဘာစိတ်ရူး ပေါက်လာတာလဲ"ညာဘက်လက်ဖြင့် စီးကရက်နှင့်မီးခြစ်ကို လှမ်းဆွဲသည်။"ရှင့်လက်တစ်ဘက် ကျိုးသွားလို့လား. . . အင်း. . ဒါတော့ မဖြစ်နိုင်ဘူး၊ ရှင့်မှာ အလုပ်တွေလုပ်ဖို့ ဦးနှောက်ရှိဖို့လိုတယ်. . ."

ပက်ထရစ်ရှာဂါးဗေး၏ ထူးခြားချက်များထဲတွင် ထိုအချက်တစ်ချက်လည်း ပါသည်။ အင်ကမ်းကုမ္ပဏီကြီး၏ ဘုရင်ပေါလ်ဗားဟတ်ကို သူပြောချင်ရာ ပြောနိုင်ခွင့်ရှိသည်။ သူ့အတွက် မည်သို့မှ အန္တရာယ်မရှိနိုင်။ အမှန်တော့ အင်ကမ်းကုမ္ပဏီကြီးတွင် ပက်ထရစ်ရှာဂါးဗေး၏ ဩဇာ အာဏာကလည်း ကြီးလားလှချေသည်။ ဟောလီးဝုဒ် ရုပ်ရှင်နယ်မှာလည်း သူ့အာဏာကြီးသည် အနောက်ဘက် ကမ်းခြေဒေသတွင် အင်ကမ်းကုမ္ပဏီကြီးက အခြေစိုက်ထားသည့် စီးပွားရေး လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေသူမှာသူပင် ဖြစ်သည်။ တယ်လီဗီရှင်းလုပ်ငန်းများ၊ ဗီဒီယို လုပ်ငန်းများ၊ ဓာတ်ပြားလုပ်ငန်းများကို အုပ်ချုပ်နေရသူ ဖြစ်သည်။

တကယ်ဆိုတော့ သူသည် အနောက်ဘက်ကမ်းခြေတွင် အင်ကမ်း ကုမ္ပဏီကြီး၏ ကိုယ်စားလှယ်၊ အခြားကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်းသူ ပြီးတော့ အခြားစီးပွားရေးလုပ်ငန်းရှင်များ မည်သို့ ခြေပုန်းခုတ်နေကြကြောင်းများကို တိတ်တဆိတ်ထောက်လှမ်း နေရသူပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအကြောင်းများ နှင့်ပတ်သက်၍လည်း ပေါလ်ဖားဟတ်ကို တိုက်ရိုက် တင်ပြအစီရင်ခံရသည်။ ဖားဟတ်နှင့်လည်း အကျွမ်းတဝင်ရှိလှသည်။

"ပေါလ်. . . တစ်နေ့ကျမှ ရှင့်အသည်းကို ကျွန်မခွဲပြရဦးမယ်၊ ကြည့်နေ. . . အိုး. . သေနာကောင်ကြီး. . . ရှင့်မှာ အသည်းမှမရှိပဲ" ပက်ထရစ်ရှာဂါပေး၏ အညိုရောင်မျက်လုံးများ ပွင့်လာသည်။ "အိုကေ. . . ရှင်ဖုတ်ချင်တဲ့အာလူးတွေ ဖုတ်တော့" ထိုစကားကို ပြောရင်း ကျွန်မမျက်လုံး တစ်ဖက်လည်း ပွင့်လာပြန်သည်။ "ဒါပေမယ့် ဂွဒ်မောနင်းလို့တော့ မပြောလိုက်နဲ့နော်. . ရှင့်ကို ကျွန်မ တကယ်သတ်မိ လိမ့်မယ်"

ဖားဟတ်ကတဟားဟားရယ်နေသည်။ ပက်ထရစ်ရှာဂါပေး ပက်ပက်စက်စက် ပြောသည့် စကားများကို ကြားရလေတိုင်းသူသဘောကျကာ အားပါးတရ ရယ်စမြဲဖြစ်သည်။ ပြီးတော့မှ သူ့လေသံက အရေးကြီးသည့် အသံမျိုးသို့ ပြောင်းသွားသည်။

"နားထောင်. . ပက်. . ဂျက်ဖ်ဆီက နောက်ဆုံးသတင်းတွေ အခုပဲ ကိုယ်ရတယ်၊ မင်းဘက်က သတင်းတွေကိုလဲ အခုသိချင်တယ်၊ ဒါမှ ဘာလုပ်ရမယ် ဆိုတာကို အစည်းအဝေးကြီး မစခင် ကိုယ်စဉ်းစားနိုင်မယ်၊ အသံလှိုင်း ဖျက်ခလုတ် မဖွင့်ခင်တော့ ဘာမှမပြောနဲ့ဦး"

"ကိုင်ထားဦးနော်" နယူးယောက်မြို့မှလူနှင့် လော့စ်အိန်ဂျလိစ်မှ လူနှစ်ယောက်တို့ ပြောဆိုကြသည့်စကားများကို ကြားဖြတ် ခိုးယူနားထောင်ဖို့ အကြောင်းပေါင်း မြောက်မြားစွာ ရှိပါသည်။ "ပြီးပြီ ကျွန်မအသံ ကြည်ရဲ့လား ပေါလ်"

"ကြည်ပါတယ်၊ ကဲ. . မနေ့တုန်းက အဖြစ်အပျက်တွေ ပြောစမ်းပါဦး"

ပက်ထရစ်ရှာ၏အသံမှာ တည်တည်ငြိမ်ငြိမ်ကြီး ဖြစ်သွားတော့သည်။ လုပ်ငန်းနှင့် ပတ်သက်သည့်လေသံမျိုးလည်း ပေါ်လာသည်။

"လော့ခ်ဝုဒ်သတင်းစာရှင်းလင်းပွဲလုပ်ပြီးတာနဲ့ တစ်ပြိုင်တည်း သူနဲ့ ကျွန်မ သွားတွေ့လိုက်တယ်။ သူလဲ သဘောပေါက်သွားပါတယ်။ စင်တီနယ် ဘုတ်အဖွဲ့ အနေနဲ့ နောက်ထပ် ဒေါ်လာတစ်သန်းလောက်တော့ စာရင်းထပ်ပြရဦးမှာပဲ၊ ဖူးခ်ျဘတ်ဟာ ကျွန်မတို့ ကြေငြာထားသလိုငွေ သုံးသိန်းလောက် ဗုန်းသွားတာ မဟုတ်ပဲ ဒီထက်ပိုများတယ်ဆိုတာ စဉ်းစားတတ်တဲ့ ဘယ်လိုလူစားမျိုးမဆို ခန့်မှန်းကြည့်နိုင်ပါတယ်။ အားလုံးပေါင်း သူဗုန်းသွားတာက ဒေါ်လာ လေးသန်းကျော် လောက်ရှိတာ မဟုတ်လား။ ဒါပေမယ့် ကျွန်မတို့ခွဲ့နိုင်ဆိုင်မယ်ဆိုရင် အဲဒီကွာနေတဲ့ ငွေတွေကို ဖုံးဖုံးဖိဖိ လုပ်ပေးနိုင်တယ်လို့ လော့ခ်ဝုဒ်က ပြောတယ်"

ဒါလောက် စာရင်းကွာနေသည့် ငွေများကိုတော့ ဖုံးရဖိရမည်သာ ဖြစ်သည်။ စာရင်းများကို လိုအပ်သလို လိမ်ပြရမည်သာဖြစ်သည်။ လီယိုဖူးခ်ျဘတ်သည် စင်တီနယ်ဗီဒီယို ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌဖြစ်သည်။ ဒေါ်လာ လေးသန်းကျော် လောက်ကိုစာရင်းဖျောက်ပြီး သူခိုးယူနေသည်ကို ကုမ္ပဏီအကြီးအကဲများကမသိ ပါဟု ငြင်းဆို၍ ဖြစ်နိုင်မည်မဟုတ်ပါ။ မည်သူကမှလည်း ယုံကြည်မည်မဟုတ်ပါ။ သည်လောက်များပြားသည့် ငွေများကိုအလွဲသုံးစား လုပ်နေတာမသိဟုဆိုလျှင် အင်ကမ်း ကုမ္ပဏီအုပ်ချုပ်သူ အားလုံးနှင့် ပေါလ်ဖားဟတ်၏ သိက္ခာ အကြီးအကျယ် ကျဆင်းရပေတော့မည်။

"ဖူးခ်ျဘတ် ကိုယ်တိုင်ကရော အခြေအနေဘယ်လိုနေသလဲ"ဟု ဖားဟတ် က ပြန်မေးသည်။

"ခုနှစ်နာရီလောက်တုန်းက လီယိုနဲ့ ကျွန်မသွားတွေ့လိုက်တယ်" ပက်ထရစ်ရှာ ကစီးကရက်ကိုမီးညှိလိုက်သည်။ ကိုယ်အနေအထားကိုလည်း သက်တောင့် သက်သာဖြစ်သွား အောင်ပြင်ထိုင်သည်။ သူတို့အချိန်ကြာကြာစကားပြောရ တော့မည်ဖြစ်ကြောင်း သူနားလည်ပြီး ဖြစ်သည်။ "သူကတော့ မာနကြီးတခွဲသားနဲ့ပဲ၊ အင်မတန်စိတ်ကြီးဝင်တဲ့လူ၊ ချွေးကလေးတစ်စက် တောင် စို့ပုံမပေါ်ဘူး၊ သူ့ကိစ္စကို ကြည့်ရှင်းပေးလိမ့်မယ်လို့ သူကပြောတယ်၊ သူ ပြောတာ


www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်လို့ ကျွန်မထင်တယ်"

ပက်ထရစ်ရှာက စီးကရက်ကို ဖွာရှိုက်လိုက်သည်။ ပြီးတော့မှ စကား ဆက်ပြန်သည်။

"ဒီတိုင်းပြည်ထဲက သူထွက်သွားဖို့ ရှင်က ကျွန်မကိုပြောခိုင်းတယ် မဟုတ်လား၊ သူ့ကို ကျွန်မပြောပြပါတယ်၊ သူကဘာပြန်ပြောသလဲဆိုတော့ 'ကျုပ် စတိုင်နဲ့သွားမယ်၊ ဇိမ်နဲ့နေမယ်၊ အဲဒီလို သွားနိုင် နေနိုင်အောင် ပေါလ်က တာဝန် ယူရမယ်'တဲ့။ ရှင့်ကို ကျွန်မပြောပြပေးမယ်လို့ အဖြေပေးခဲ့တယ်။ ကဲ. . ရှင့်ကို ကျွန်မ အခုပြောပြီ၊ ကျွန်မဆီမှာ မနက်ငါးနာရီပဲ ရှိသေးတယ် နော်၊ ဒါကြောင့် ပြောစရာရှိတာ မြန်မြန်ပြော၊ လီယိုကိုနောက်ထပ် ကျွန်မ ဘာပြောရဦးမလဲ"

"ကောင်းပြီလို့ပြောလိုက်၊ သူတောင်းတာတွေ အားလုံး သဘောတူလိုက်၊ ဒီနေ့ပဲ သူ့အထုပ်အပိုး ပြင်ပစေတော့၊ ထုံးစံအတိုင်း သူ့ကို အရေးယူတဲ့ကိစ္စတွေ တနင်္လာနေ့မှာ စမယ်၊ ဒါပေမယ့် အဲဒီခွေးသားကို မနက်ဖြန်ပဲ ထွက်သွားအောင် လုပ်မှဖြစ်မယ်။ ဒါမှ ငွေတွေအလွဲ သုံးစားလုပ်ပြီး သူထွက်ပြေးသွားတယ်ဆိုတဲ့ အပေါက်မျိုးလုပ်နိုင်မှာ၊သူ့အတွက် နိုင်ငံကူးလက်မှတ် အတုကိုတစ်ယောက်ယောက်က လုပ်ပေးလိမ့်မယ်၊ တခြားဘာတွေဖြစ်နေသေးသလဲ ဗက်. ."

"ဖရင့်စစ်နစ်ထရာရဲ့ ညှိနှိုင်းပွဲကို ကျွန်မရောက်ခဲ့တယ်၊ ညှိနှိုင်းပွဲ ထုံးစံအတိုင်း ဘာတွေ ဖြစ်မယ်ဆိုတာ ကျွန်မသိပါဘယ်။ ဒါကြောင့် နှစ်နာရီမှာ ကျွန်မ ပြန်သွားခဲ့တယ်၊ ညှိနှိုင်းပွဲကို ဘယ်သူတွေလာတယ်ဆိုတာ ကျွန်မ ပြောပြဖို့လိုသေးသလား၊ ပါရာမောင့်ရုပ်ရှင်က ဘယ်ရီ ဒေလာကိုလဲ တွေ့ခဲ့တယ်။ ဒန်းနဝေးက အင်မတန်ကြီးကျယ်တဲ့ ဇာတ်လမ်းကြီးနှစ်ခုကို ပြောပြတယ်၊ ရောဘတ်ရက်ဖို့နဲ့ ဝေါလ်တာမက်. . ."

"ကောင်နာမ သေတော့မှာပဲ၊ ငါ သူတို့အတွင်းရေး ရေးနေတဲ့ သတင်းထောက် မဟုတ်ဘူး၊ ဟိုမှာ အခြေအနေတွေ ဘယ်လိုရှိနေသလဲဆိုတာကို မေးတာ၊ ငါသိချင်တာ အဲဒါပဲ"

ဟောလီးဝုဒ်တွင်ညှိနှိုင်းပွဲများကျင်းပရာ၌ ရည်ရွယ်ချက်ပေါင်း မြောက်မြား စွာရှိသည်။ အခြားကုမ္ပဏီများ ဘာတွေလုပ်နေသည်ကိုသိဖို့၊ ကိုယ် ကြော်ငြာချင်သည့်အကြောင်းများ လူတကာသိသွားဖို့၊ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ် သည့် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ဖို့၊ ရုပ်ရှင်လောကတွင်း တိုးတိုးတိတ်တိတ် ဖြစ် ပေါ်နေသည့်အကြောင်းများကို အတင်းပြောဖို့ စသည် အကြောင်းများကြောင့် ညှိနှိုင်းပွဲကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဖရင့်စစ်နစ်ထရာ ၏ ညှိနှိုင်းပွဲတွင် လူအများအဓိကထားပြီး ပြောဆိုကြမည့် အကြောင်းသည် စင်တီနယ်ကုမ္ပဏီနှင့် လီယိုဖူးဘတ်ချ်တို့ အကြောင်းသာလျှင် ဖြစ်ရမည်ဆိုသည်ကို ပေါလ်က အတပ်တွေး ထားပြီးသား ဖြစ်လေသည်။

"ညှိနှိုင်းပွဲမှာ ပြောကြဆိုကြတဲ့အကြောင်းတွေကတော့ ထုံးစံအတိုင်းပေါ့" ပက်ထရစ်ရှာ က စကားပြန်ရင်း စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးချေ ထည့်လိုက်သည်။

"ရှင် သိထားပြီးတဲ့အကြောင်းမျိုးတွေပါပဲ၊ ကျွန်မ ပြောပြပါ့မယ်၊ စိတ် တည်တည် ငြိမ်ငြိမ်ထားပြီး နားထောင်နော်. . .၊ ဟောလီးဝုဒ်မှာ ရှိနေကြတဲ့ လူဆယ်ယောက်မှာ ကိုးယောက်ကတော့ ရှင်နဲ့အင်ကမ်းကုမ္ပဏီကြီး စုန်းစုန်း မြုပ်သွားစေချင်ကြတဲ့ လူတွေချည်းပဲ မဟုတ်လား၊ ဒါပေမယ့် အခု ကိစ္စမျိုးကြီးနဲ့တော့ ဒုက္ခရောက်သွားတာကို မလိုလားကြဘူး၊ စင်တီနယ်ကုမ္ပဏီ ဒုက္ခရောက်ရင် ဒီ ဂယက်ကြီးက သူတို့ကို ရိုက်ခတ်လာမှာကိုလဲ ကြောက်နေ ကြတယ်၊ ဒါကြောင့် စင်တီနယ်နဲ့ ဖူးချ်ဘတ်ကိစ္စကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းစစ်ဆေးမှုမျိုး လုပ်မှာကို သူတို့ စိုးရိမ်နေကြတယ်၊ ဒီအကြောင်းကို စုံစမ်းရင်း သူတို့အကြောင်းတွေပါ ပေါ်ကုန်မှာ လန့်နေကြတယ်၊ ကိုလံဘီယာ ကုမ္ပဏီကြီးက ဘက်ဂယ်လ်မင်း ပြဿနာကို ကြည့်လေ. ."

ပက်ထရစ်ရှာဂါဗေး ပြောသည်မှာ မှန်ပါသည်။ ကိုလံဘီယာ ကုမ္ပဏီ၏ အကြီးအကဲ ဘက်ဂယ်လ်မင်းပြဿနာ ပေါ်လာသဖြင့် စုံစမ်းစစ်ဆေးမှုများကို ပြည်ထောင်စုအစိုးရက



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သောအခါ မီးခိုးကြွက်လျှောက် အခြားကုမ္ပဏီများပါ ဒုက္ခရောက်ကုန်ကြရဖူးသည်။ သည်လောကတွင် လုပ်ငန်းကလည်းတူသောကြောင့် လုပ်ငန်းသဘောအရ ဆက်သွယ်မှုများက အမြဲရှိနေတတ်သည်။

"ဒါပေမယ့် ဒါလောက်ပူစရာတော့မရှိပါဘူး" ဟု ပက်ထရစ် ရှာဂါ်ပေးက ဆက်ပြောသည်။ ဗားဟတ် ဘာတွေစိတ်ကူးနေသည်ကို သူ ခန့်မှန်းလိုက်မိပုံပေါ်သည်။ "ရှင့်သတ္တိကို လူတွေကရှုံ့ကြပေမယ့် အခုကိစ္စမှာတော့ ရှင့်ဘက်က ဝိုင်းရပ်တည်ပေးကြလိမ့်မယ်၊ စင်တီနယ် ကုမ္ပဏီ ဒုက္ခရောက်သွားရင် ဒီပြဿနာကြီးက အားလုံးကို ဆက်ကုန်မယ်ဆိုတာ ကြိုသိပြီး လန့်နေကြတာမဟုတ်လား၊ ဒါကြောင့် ဒါကြီးမြန်မြန်ရှင်းပြီး မြန်မြန် ပြေလည်သွားစေချင်ကြပါတယ်"

"အခြေအနေတွေ အားလုံး အေးအေးချမ်းချမ်း ဖြစ်သွားအောင် လုပ်မယ်ဆိုရင် ငွေဘယ်လောက်ကုန်မလဲ" လျော့ကန်သည့် ခန့်မှန်းမှုမျိုး ပက်ထရစ်ရှာတွင် ရှိထားပြီးဖြစ်ကြောင်း ကိုလည်း ဗားဟတ်က အပိုင်တွက်ထားပြီး ဖြစ်သည်။

"သိပ်များမယ်" ပက်ထရစ်ရှာက စိတ်ပျက်သည့်လေသံဖြင့် ပြန်ပြောရင်း သက်ပြင်း တစ်ချက်ရှိုက်လိုက်သည်။ "လီယိုအလွဲသုံးစား လုပ်သွားတဲ့ ငွေတွေထဲက တစ်သန်းလောက်ကို တော့ စာရင်းလိမ်လို့ရမယ်၊ အဲဒီတော့ သုံးသန်းကွာနေမယ် မဟုတ်လား၊ အစိုးရပိုင်းက အရေးယူ လို့ မရအောင် ဖုံးဖုံးဖိဖိလုပ်ပေးဖို့အတွက် လော့ခ်ဝုဒ်နဲ့တခြားဘုတ်အဖွဲ့ဝင်တွေကို မြိုးမြိုးမြက်မြက် ပေးရမယ်၊ အဲဒီအတွက် နှစ်သန်းလိုမယ်၊ ဒါကြောင့် ငါးသန်း ဖြစ်မသွားဘူးလား"

ပက်ထရစ်ရှာက စကားဖြတ်လိုက်သည်။ ကော်ဖီယူလာပေးရန်ပြောဖို့ အိမ်ဖော် အမျိုးသမီးကိုခေါ်ရန် လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ် သည်။ ကြားမှ ကြားပါ့မလားဟုလည်း စိတ်ထဲမှာ မရေမရာ ဖြစ်နေသည်။

"စာရင်းကိုင်တွေ၊ စာရင်းစစ်တွေရဲ့ ပါးစပ်ပေါက်တွေကိုလဲ ပိတ်ရဦးမယ်၊ အဲဒီ ပါးစပ်ပေါက်တွေကို ပိတ်ဖို့က နည်းနည်းကျဉ်းကျဉ်းနဲ့ ရမှာ မဟုတ်ဘူး၊ ဒီကိစ္စ ကြီးပေါ်သွားရင် ကျွန်မတို့ ဘယ်လောက်ဒုက္ခရောက်သွား နိုင်တယ်ဆိုတာကို သူတို့ က သိနေကြတာ မဟုတ်လား၊ ဒါကြောင့် ပေါ်လာနိုင် စရာရှိတဲ့ အစွန်းအစတွေ အားလုံးကို လုံအောင် ဖုံးထားဖို့ငွေကို သွန်သုံးရ တော့မှာပဲ၊ ပေါလ်. . . ရှင် တွန့် သွားပြီလား. . ."

"မတွန့်ပါဘူးကွာ၊ သွေးထွက်ရုံကလေးပါ။ ကဲ. . . ဆက်ပြော. . ."

"လီယိုဖူးချ်ဘတ်က အခုလိုလုပ်သွားတဲ့အတွက် စင်တီနယ်မှာ ဘာမှ မထိခိုက်ပါဘူး ဆိုတာ လူတွေယုံအောင်လဲ မျက်စိလှည့်ရဦးမယ်၊ သတင်းစာတွေက ယုံကြည်အောင် ထုံးတမ်း စဉ်လာအတိုင်း ကြေငြာချက်တွေ ဘာတွေထုတ်ပြီး တစ်ပတ် ရိုက်ရဦးမယ်၊ ကျွန်မတို့ကုမ္ပဏီမှာ ငွေအလုံးအရင်းနဲ့ အလုံအလောက် ရှိနေကြောင်း ယုံကြည်မှုရအောင်အကြောင်ရိုက်ရမယ်၊ ဒါမှ ရှေ့ဆက်ပြီး ကျွန်မတို့ ကုမ္ပဏီ အပေါ်မှာ ယုံကြည်မှုရှိသွားမှာ မဟုတ်လား"

ပက်ထရစ်ရှာသည် စကားကိုဖြတ်ပြီး လူခေါ်ခေါင်းလောင်းကို နှိပ်ပြန်သည်။ တစ်ဆက်တည်းလည်း သမ်းမိသည်။

"ဒီလို အကြောင်ရိုက်နိုင်ဖို့အတွက် ရောင်းအကောင်းဆုံး စာရေးဆရာ တစ်ယောက်ယောက် ရဲ့ ဝတ္ထုတစ်ပုဒ်ကို အမြင့်ဆုံးဈေးပေးပြီး ကျွန်မတို့ ဝယ်သင့်တယ်၊ အဲဒီဇာတ်လမ်းကို ဝယ်တဲ့ အချိန်မှာပဲငွေအများအပြားသုံးစွဲခွင့်ပြုကြောင်း ကိုလဲကြေငြာရမယ်၊ တကယ်ကတော့ အမှန် မဟုတ်ဘူး ဒါတွေကတကယ်လုပ်ဖို့ မဟုတ် ပါဘူး၊စောစောပိုင်းက စီစဉ်ထားခဲ့တဲ့ လုပ်ငန်းအစီ အစဉ်တွေအားလုံးကိုလဲ ဖျက်သိမ်း ပစ်လိုက်ရမယ်"

"ဒါလောက် ကလေးဆိုရင် လုံလောက်သွားပြီလား" ဗားဟတ်၏ လေသံက သရော်သည့် လေသံမျိုးဖြစ်သည်။"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်ကလေးဆိုရင် လုံလောက်ပါပြီ၊ ကျွန်မတို့ကုမ္ပဏီအပေါ် လူတွေရဲ့ ယုံကြည်စိတ်ချမှုကို ဆက်ရနေမှာပါပဲ၊ အဲဒါတွေအားလုံးအတွက် ဒေါ်လာ သန်းပေါင်း နှစ်ဆယ် လောက်လိုမယ်၊ တစ်ဝက်ကပတ်ဝန်းကျင်ကို ကြေပစ်ရမယ့် နှုတ်ပိတ်ခငွေဖြစ်မယ်၊ သိန်းနဲ့ချည်း ချီပေးရမှာတွေက အများကြီးပဲ၊ဒါတွေကို ကျွန်မတို့ မြန်မြန်ဆန်ဆန် လုပ်နိုင်ပါ့မလား ပေါလ်"

"မတတ်နိုင်ဘူး"

ဗားဟတ်က ထိုမျှသာ တိုတိုတုတ်တုတ်ပြန်ပြောသည်။ မနေ့တုန်းက အင်ကမ်းကုမ္ပဏီ၏ လက်ကျန်ငွေမှာ ဒေါ်လာ ၁၃၆-သန်းသာရှိသည်။ ၁၁-သန်းခွဲသုံးဖို့ ဂျက်ဖရေစပင်ဇာကို ခွင့်ပြုလိုက်ပြီးဖြစ်သည်။ ယခု သန်း ၂၀ နှင့်ဆိုလျှင်သုံးဆယ့် တစ်သန်းခွဲ ဖြစ်မည်။

ဒူးရစ်မြို့ရှိ ဘော်ဝါခရက်ဒစ် ဘဏ်တိုက်ကို အင်ကမ်းကုမ္ပဏီကြီးက ကြွေးဆပ်ရန် ဒေါ်လာသန်း ၅၀ရှိသည်။ တနင်္လာနေ့တွင် ပြန်ဆပ်ရန် ဘဏ်တိုက်က ပြန်တောင်းနေပြီ။ မဆိုင်းနိုင်တော့ကြောင့်လည်း အကြောင်းကြားထားပြီး ဖြစ်သည်။ ထို့ကြောင့် လောလောဆယ် လိုငွေမှာ ၈၁ ဒသမ ၅သန်း ဖြစ်သည်။ ထိုငွေများ အားလုံးကို ပေးဆပ်လိုက်မည်ဆိုလျှင် အင်ကမ်းကုမ္ပဏီကြီး၏ လက်ကျန်ငွေ အခြေအနေမှာ အလွန်တရာ ဆိုးရွားသွားနိုင်သည်။ လက်ကျန်ငွေ အခြေအနေ မကောင်းတော့သည့် သတင်းပြန့်ထွက်သွားလျှင် အင်ကမ်း ကုမ္ပဏီကြီး၏ အစုရှယ်ယာလက်မှတ်များကို အလုအယက် ထုတ်ရောင်းပစ်ကြချေတော့မည်။

ဗားဟတ် ပြန်ပြောသည့်စကားကို ကြားလိုက်ရသောအခါ ပက်ထရစ် ရှာဂါပေးမှာ ရုတ်တရက် ကြက်သေသေသွားသည်။ ပြီးတော့ တုန်လှုပ်ချောက်ချားသွားသည်။ သူ့မျက်နှာပေါ်မှ အလှကလေးများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။ ချစ်စရာ ကောင်းသော မျက်နှာကလေးသည် ပုံပန်းပျက်သွားတော့မည်ကဲ့သို့ ရှိချေသည်။ ပါးနှစ်ဘက် ပေါ်တွင်လည်း သွေးရောင်လျော့ သွားသည်။

ငါ့ဘဝပျက်စီးတော့မှာပါကလား။ လိုနေတဲ့ ငွေသန်းပေါင်းနှစ်ဆယ်ကို မြန်မြန်ရပါမှ။ ခုချက်ချင်းကို ရပါမှ။ ဒီငွေ သန်းနှစ်ဆယ်ကိုမရရင် စင်တီနယ် ကုမ္ပဏီလဲရေစုန်မျောပြီ။ ငါလဲအလုပ်ပြုတ်ပြီ။ ငါ့ဘဝလဲ နိဂုံးချုပ်သွားပြီ. . စသည်ဖြင့် တသီတတန်းကြီး တွေးလိုက်မိသည်။ ထိုအသိစိတ်နှင့်အတူ သူ့ရင်ထဲမှာ တင်းကျပ်လာသည်။ သူရနေသော လစာသည် တစ်နှစ်လျှင် ဒေါ်လာ ၄၃၅၀၀၀ ဖြစ်သည်။ အမြတ်အစွန်းထဲကလည်း အချိုးကျခွဲဝေရရှိသည်။ လုပ်အားဆုငွေ ရရှိသည်။ သူသည် အမေရိကန် ပြည်ထောင်စုတွင် ရှိနေကြသည့် အမျိုးသမီးများ အနက် လစာငွေ အများဆုံးရရှိသော အမျိုးသမီးလည်း ဖြစ်သည်။

ပက်ထရစ်ရှာဂါပေးသည်သာသနာပြုကျောင်းထွက်ဖြစ်သည်။ အောက်ခြေမှနေ၍ တက်လာရသူဖြစ်သည်။ ယခု စင်တီနယ်ကုမ္ပဏီ ပိတ်လိုက်ရပြီဆိုလျှင် သူ့ဘဝသည်လည်း မူလဒုံရင်းသို့ ပြန်ရောက်သွားရတော့မည်။ အမြင့်ဆုံးနေရာမှ အနိမ့်ဆုံးနေရာသို့ ကျသွားဖို့ သေချာသည်။ ယခုလို အမြင့်ဆုံးနေရာသို့လည်း ဘယ်သောအခါတွင်မှ ပြန်လည်ရောက်နိုင်တော့ မည် မဟုတ်ကြောင်းကိုပါ သဘောပေါက်လိုက်မိသည်။

"ပေါလ်. . ဒီအတိုင်းဆိုရင် ကျွန်မဒုက္ခရောက်တော့မယ်"ဟု ကြောက်အားလန့်အားဖြင့်လည်း ပြန်ပြောမိသည်။

"မင်း ဘာစကားတွေ ပြောနေတာလဲ"

"ငွေ. . ငွေ. . . သန်း နှစ်ဆယ်ဆိုတာလေ. . . ရှင်က မတတ်နိုင် ဘူးလို့. ."

"ကိုယ်ပြောတာက ကုမ္ပဏီရဲ့ လောလောဆယ်အခြေအနေအရ မတတ်နိုင်ဘူးလို့ ပြောတာပါ၊ ဒါဟာ မင်းလိုတဲ့ငွေ မရနိုင်ဘူးဆိုတဲ့သဘော မဟုတ်ဘူးလေ. . ."

"ဒီမှာ ပေါလ်. . ကျွန်မ အိပ်ချင်မူးတူးဖြစ်နေတယ်ရှင့်. . . ၊ ကျွန်မ အာရုံတွေကလဲ ကြည်ကြည်လင်လင် သိပ်ရှိတာ မဟုတ်ပါဘူး၊ ရှင်. . ရှင်. . ဘာကို ဆိုလိုတာလဲဟင်. ."



www.burmeseclassic.com

www.burmeseclassic.com


"မင်း လိုတဲ့ငွေရအောင် ကိုယ်လုပ်မယ်၊ ဒီနေ့ပဲ လုပ်မယ်၊ ဒါဟာ ကိုယ့် လုပ်ငန်းပဲ"

ဗားဟတ်၏အကြောင်းကို ပက်ထရစ်ရှာ ကောင်းကောင်းသိပါသည်။ ယခုလိုသည့် ငွေကို ဘယ်လိုနည်းမျိုးဖြင့် ရှာမည်ဆိုသည်ကိုလည်းသိသည်။ ထိုငွေကိုရအောင် အကြမ်းတမ်းဆုံးနည်းများဖြင့် သူ ညစ်ပေတော့မည်။ ယခင်တုန်းက ကြုံတွေ့ခဲ့ဖူးသည့် အကျပ်အတည်းများထဲမှ လွတ်မြောက် နိုင်ရန်လည်း ပေါလ်သည် နည်းမျိုးစုံဖြင့် ညစ်ခဲ့ဖူးသည်။ ထို အကြောင်းများကို စဉ်းစားလိုက်မိသောအခါ ပက်ထရစ်ရှာ၏ စိုးရိမ်ထိတ်လန့်မှုများမှာ ပြေပျောက်သွားရလေတော့သည်။

"မင်း လုပ်စရာရှိတာတွေကို ဆက်လုပ်ပါ" ဗားဟတ် ဆက်ပြောနေသည့် အသံများကို ကြားနေရသည်။ "ပေးစရာရှိတဲ့ ကတိတွေကိုပေးပါ။ လိုတဲ့ ငွေကို ကိုယ်ပို့ပေးလိုက်မယ်" ထိုစကားကိုပြောရင်း ဗားဟတ်က တစ်ချက်ရယ်သည်။ "အဲဒီအလုပ်တွေကို လုပ်နေရင်းနဲ့ ဆမ်မေယာကို ဘယ်လိုဆော်ရမယ်ဆိုတဲ့ နည်းလမ်းကိုလဲ ရှာထားပါ၊ အဲဒီ ဂျူးစုတ်ကို ရေနွေးဖြောပစ်ချင်နေတာ၊ အခု တို့ကြုံနေရတဲ့ဒုက္ခတွေ ဆမ်မေယာရဲ့ပခုံးပေါ်ကို ပြောင်းတင်ပေးလို့ ရနိုင်တဲ့ နည်းလမ်းကိုလဲရှာပါဦး၊ တို့ဒုက္ခတွေ သူ့ဘက်ပြောင်းသွားရင် ဘယ်လောက် ကောင်းလိုက်မလဲ"

ဩဂတ်စတပ် ဆမ်မြူယယ်မေယာကို ပေါလ်ဗားဟတ်မည်မျှလောက် မုန်းတီးကြောင်း ပက်ထရစ်ရှာ သတိထားမိပါသည်။ သို့သော်လည်း သူကိုယ်တိုင်ကတော့ ဆမ်မေယာအပေါ်မှာ ပေါလ်နှင့်အတူ ပူးတွဲပြီး မုန်းတီးစိတ်ကို မထားမိပါ။

"သေး ပြဿနာတွေကို ဘာဖြစ်လို့ ဆွဲထည့်လာရတာလဲပေါလ်၊ ဒီလို ဆွဲထည့်လာလို့ ဘာအကျိုးကျေးဇူး. ."

"ကိုယ့်အတွက် အကျိုးကျေးဇူးရှိပါတယ်လေ. . ." ထိုစကားကို ပြောရင်း ဗားဟတ်မှာ ပို၍ပင်စိတ်အားထက်သန်လာတော့သည်။ "ဒီတော့ မေယာကို တို့ဒုက္ခတွေပခုံးပြောင်းတင်ပေးလို့ ရတဲ့နည်းလမ်းကို ရှာပေတော့"

လက်ထဲမှာတယ်လီဖုန်းသံတိတ်သွားသည်။ တယ်လီဖုန်းချတော့မည် ဖြစ်ကြောင်း ပြောဆိုခြင်းလည်း မရှိ။

ပက်ထရစ်ရှာဂါဗေးသည် နှုတ်ခမ်းကို တင်းတင်းကိုက်ထားမိသည်။ သူ ဆက်ဆံပေါင်းသင်းခဲ့သည့် ယောက်ျားများထဲတွင် ဗားဟတ်လို လူစားမျိုး လုံးဝမရှိ။ ဗားဟတ်သည် သူ့အဖို့ ကိုးကွယ်ရာဖြစ်သည်။ စံပြဖြစ်သည်။ သို့သော်လည်း ဗားဟတ်၏ စိတ်ဓာတ်များကို သူ့ခွဲဝေခံစားလို့မရ။ ဗားဟတ် ယုံကြည်သည်များကို မျှဝေယုံကြည်လို့မရ။ သည်လိုပြောမည်ဆိုလျှင်လည်း အခြားသူများက ယုံကြည်နိုင်ကြလိမ့်မည် မဟုတ်။ ပက်ထရစ်ရှာကိုယ်တိုင်ပင်လျှင် ဗားဟတ်အပေါ်၌ ထိုသို့သော သဘောထားမျိုး ထားမိနေကြောင်း သူ့ ကိုယ်သူ မယုံချင်။

သူတို့နှစ်ယောက်၏ ပေါင်းသင်းဆက်ဆံရေးမှာ အချစ်နှင့်အမုန်းကို ဒွန်တွဲထားသည့် ပေါင်းသင်းဆက်ဆံရေးမျိုး ဖြစ်နေသည်။ ချစ်လည်းချစ်သည်။ မုန်းလည်းမုန်းသည်။ ဟောင်းသွားသောအဝတ်ကို လျှော်လိုက်၊ ပြန်ဝတ် လိုက်လုပ်နေရသည့် သဘောမျိုးနှင့်ပင် တူသေးတော့သည်။ ဗားဟတ်ကို သူ့သဘောကျမိသည်ဟု ထင်သည့်အခါလည်းရှိသည်။ တကယ် ဆိုတော့ ထိပ်တန်းရောက်လိုသော စိတ်၊ချမ်းသာကြွယ်ဝလိုသောစိတ်များကသူ့ရင်ထဲမှာ အပြည့်ရှိနေသည်။ ပေါလ်ဗားဟတ်၏ခြေထောက်အောက်မှာ လူပေါင်းများစွာတို့ ဝပ်စင်းနေကြသကဲ့သို့ သူ့ခြေထောက်အောက်မှာလည်း လူပေါင်းများစွာတို့ ဝပ်စင်းကာ တိုးလျှိုးတောင်း ပန်နေစေချင်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[၄]

စန်တာကလာရာ၊ ပြူအာတိုကွေဒို၊ သောကြာ၊ မေ ၇၊ နံနက် ၁၀ နာရီ။

ပြူအာတိုကွေဒိုနိုင်ငံ၏ အာဏာမှာ စစ်တပ်ပေါ်မှာ လုံးလုံးလျားလျား အခြေခံပါသည်။ ပြူအာတိုကွေဒို စစ်တပ်မှာ အင်အား ၁၅၀၀ စီပါသော တပ်ရင်း နှစ်ရင်းရှိသည်။ စုံထောက် ၅၀၀ ရှိသည်။

တပ်ရင်းတစ်ရင်းနှင့်စုံထောက် ၂၅၀တို့ကို နယ်အနှံ့သို့ဖြန့်ပြီး တာဝန် ချထားပေးသည်။ အကောင်းဆုံးတပ်ရင်းနှင့် အတော်ဆုံးစုံထောက်များကို မြို့တော်ဖြစ်သော စန်တာကလာရာမြို့မှာပင် တာဝန်ထမ်းဆောင်စေသည်။

စစ်ဦးစီးချုပ်မှာ ကာနယ်အယ်မီလီယိုလီနာရီဖြစ်သည်။ အောက်ခြေမှစပြီး တစ်ဆင့်တစ်ဆင့် ရာထူးတက်လာသူဖြစ်သည်။ သူ့အုပ်ချုပ်ပုံက ရက်စက် ကြမ်းကြုတ်သည်။ တပ်တွင်း၌ စည်းကမ်းဖောက်ဖျက်မှု ပေါ်ပေါက်လာပြီဆိုလျှင် သေဒဏ်မှတစ်ပါး အခြားမရှိ။ ထိုသို့ ရက်စက်ကြမ်းကြုတ်သော်လည်း လက်အောက်ငယ်သားများက သူ့အပေါ်မှာ သစ္စာစောင့်သိ ရှိသေကြသည်။ သူပေးသည့် အမိန့်သည် အကျိုးတရား၊ အကြောင်းတရား ညီညွတ်သည်၊ မညီညွတ်သည်ကို စောကြောမနေကြတော့ပဲ တသဝေမတိမ်း လိုက်နာဆောင်ရွက်တတ်ကြသည်။

ဦးစီးချုပ်ရုံးကို အုတ်တံတိုင်းအမြင့်ကြီး ကာရံထားသည်။ ရုံးဝင်းအတွင်းမှာ ပန်းခြံများမြက်ခင်းများဖြင့် လှလှပပပြင်ဆင်မွမ်းမံထားသည်။ အဆောက်အအုံ အားလုံးတို့ကလည်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းများ ဖြစ်သည်။ အဝင်အထွက်ဂိတ်ပေါက်ဝတိုင်းတွင် စက်သေနတ်များကို အသင့်ဆင်ထားသည်။ အမေရိကန်လုပ် အပေါ့စားတင့်ကားများနှင့် သံချပ်ကာ ကားများကို စနစ်တကျ စီတန်းရပ်ထားသည်။

ဂျက်ဖရေ စပင်ဇာရောက်သွားသောအခါ ဂိတ်ဝမှာစောင့်နေသည့် အစောင့်စစ်သားများသည် လက်ထဲမှာ အသင့်ကိုင်ထားသည့်အမ် ၁- ရိုင်ဖယ် သေနတ်များကိုမြှောက်ပြီး အလေးပြုလိုက်ကြသည်။ ဂျက်ဖရေစပင်ဇာကို သက်သေခံအထောက်အထားများ တောင်းယူစစ်ဆေးနေရန်မလို။ စစ်ဦးစီးချုပ် ကာနယ်လီနာရီနှင့် တွေ့ဆုံရန် နံနက်ဆယ်နာရီတွင် မည်သို့သော ပုံသဏ္ဌာန်ရှိသူ ရောက်လာလိမ့်မည်ဟု အစောင့်များကို ကြိုတင်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားထားလိုက်ရုံနှင့် လုံလောက်သည်။ အင်ကမ်းကုမ္ပဏီကြီး၏ ပင်လယ် ရပ်ခြားလုပ်ငန်းများ ဆိုင်ရာဌာနဆိုင်ရာ ဥက္ကဋ္ဌကို ဘယ်လိုနည်းနှင့်မှ လူမှား နိုင်စရာအကြောင်း မရှိပါ။

စပင်ဇာသည် ထုံးစံအတိုင်း သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်လာသည်။ သူကိုယ်တိုင် ကလည်း ဆွေကြီးမျိုးကြီးထဲမှ ဆင်းသက်ပေါက်ဖွားခဲ့သူ ဖြစ်သည်။ သို့သော် ကာနယ်လီနာရီ သည် ဒါတွေကို အရေးစိုက်နေသူမဟုတ်။ အချက်အလက်နှင့် ကိန်းဂဏန်းများကိုသာ အရေး စိုက်သူဖြစ်သည်။ ကိန်း ဂဏန်းများကို ပိုပြီးစိတ်ဝင်စားသည်။

"ဂွဒ်မောနင်း မစ္စတာစပင်ဇာ"

ရုံးအဝင်ဝတွင် စားပွဲတစ်လုံးနှင့်ထိုင်နေသော စစ်ဗိုလ်ငယ်တစ်ယောက်က ထိုင်ရာမှ ထပြီး အလေးပြုကာ ဆီးကြိုနှုတ်ဆက်သည်။ စီအိုင်အေက လေ့ကျင့်ပေးထားခဲ့သည့် စစ်ဗိုလ်များ အနက် တစ်ယောက်ဖြစ်သည်။ ထို စစ်ဗိုလ်ငယ်ကပင် ကာနယ်လီနာရီ၏ အခန်းထဲသို့ စပင်ဇာကို လိုက်ပို့ပေးသည်။

လီနာရီ၏ အခန်းထဲသို့ ရောက်သွားသောအခါ နံရံနှင့်အပြည့် သေနတ်မျိုးစုံ ချိတ်ထား သည်ကို တွေ့ရသည်။ ခေတ်ဟောင်းက သေနတ်တွေလည်းပါသည်။ နောက်ဆုံးပေါ် ခေတ်မီ သေနတ်များလည်း ရှိသည်။ ကာနယ်လီနာရီသည် သေနတ်မျိုးစုံကို စုဆောင်းသိမ်းဆည်းသည့် ဝါသနာထုံသူ ဖြစ်သည်။

သူ့စားပွဲပေါ်မှာလည်း ဒသမ ၃၈ မောင်းပြန်သေနတ် တစ်လက်ကို တင်ထားသည်။ ထိုသေနတ်ကတော့အထိမ်းအမှတ်အဖြစ်မြတ်မြတ်နိုးနိုး စုဆောင်းထားသည့် သေနတ်မဖြစ်နိုင်ပါ။ သေနတ်ကို ကျည်အသင့်ထိုးထားသည်။ အရေးကြုံ၍ အလိုရှိပါက အလွယ်တကူ ကောက်ယူ နိုင်ရန် သူနှင့် လက်လှမ်းမီရာမှာ အသင့်ချထားသည်။

လီနာရီက ကုလားထိုင်မှထပြီး စားပွဲကိုပတ်လျှောက်လာသည်။ ပတ်လည်မှာ ချိတ်ထားသောသေနတ်မျိုးစုံများ၊ စားပွဲပေါ်မှာရှိနေသည့် ကျည်အသင့်ထိုးပြီး မောင်းပြန် သေနတ်၊သူ့ကိုယ်ပေါ်မှာဝတ်ဆင်ထားသည့် စစ်ယူနီဖောင်း၊ ရက်စက်ကြမ်းကြုတ်မှုများကို လက်မတွန့်တမ်း ပြုလုပ်ခဲ့သည့် သူ၏စရိုက်များ ပင့်ရှိလင့်စကား သူ့ကိုကြည့်ရသည်မှာ စစ်ဗိုလ်နှင့်မတူပဲ ကျောင်းဆရာ တစ်ယောက်နှင့် ပိုပြီးတူနေလေသည်။

သူ့မျက်လုံးများက ပညာတတ်တို့၏ မျက်လုံးမျိုးဖြစ်သည်။ ကိုယ်လုံး ကိုယ်ထည် ကလည်း ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ အသားမည်းသည်။ သူ့အသက် ၄၃နှစ်သာ ရှိသေးသည်။ စပင်ဇာထက် နှစ်နှစ်ငယ်သည်။ အရပ်ခြောက်ပေမြင့်သော စပင်ဇာထက် လေးလက်မ အရပ်နိမ့် သည်။

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ ထုံးတမ်းစဉ်လာအတိုင်း ပဋိသန္ဓာရ စကားများ ပြောကြသည်။ စားပွဲနှင့်ကပ်လျက် ကုလားထိုင် များမှာ နေရာယူကြသည်။ ထို့နောက် ကာနယ်လီနာရီစုဆောင်းထားသည့် အမှတ်တရ သေနတ်များအကြောင်းကို မပြောဖြစ်ကြပဲ ယမ်းထိုးပြီး စားပွဲပေါ် အသင့်တင်ထား သော သေနတ်အကြောင်းကို စကားစပ်မိကာ စပင်ဇာက ရယ်စရာစကားများပြောသည်။

"ဆေးပြင်းလိပ် သုံးဆောင်ပါဦး၊ ဪ. . ခင်ဗျားက စီးကရက်ပဲ သောက်တာပဲ"

ကာနယ်လီနာရီက ထိုသို့ပြောပြီး သူ့ဆေးပြင်းလိပ်ကို သူမီးညှိနေသည်။ သူ့အမူအရာ က အေးတိအေးစက်ဖြစ်နေသည်။

စပင်ဇာကလည်း သူ့ကိုကြည့်ပြီး စဉ်းစားနေသည်။ ယခုဆိုလျှင် သေနတ်အကြောင်း များကို စပ်မိစပ်ရာ ပြောပြီးပြီ။ မိမိဘာကိစ္စနှင့်လာသည် ဆိုခြင်းကိုလည်း သူသိပြီးပြီ။ သည်လို ဆိုတော့ အိမ်ရှင်ဘက်ကသာ စကားစ, ပေတော့ဟု သဘောထားကာ ငြိမ်နေလိုက်သည်။

ထိုအချိန်မှာပင် လီနာရီက စကားစ,လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာစပင်ဇာ ပြူအာတိုကွေဒိုနိုင်ငံရဲ့လက်ရှိအခြေအနေတွေကြောင့် ခင်ဗျား စိတ်သိပ်ပူနေတယ်လို့ ကျွန်တော်ပြောရင် မှန်နိုင်ပါ့မလား"

"မှန်ပါတယ် ကာနယ်၊ ကျွန်တော်တို့အင်ကမ်းကုမ္ပဏီရဲ့စီးပွားရေး လုပ်ငန်းတွေဟာ ဒီနိုင်ငံထဲမှာ အများကြီးရှိနေပါတယ်။ ကျွန်တော်တို့ပိုင်တဲ့ ဟိုတယ်တွေနဲ့ လောင်းကစားဝိုင်းကြီး တွေဟာဆိုရင် ပြူအာတိုကွေဒိုနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်တွေလာရောက် လည်ပတ်ကြဖို့ အကောင်းဆုံး မျက်စပစ်ပြနေနိုင်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ စက်ရုံကြီးတွေ ကျွန်တော်တို့ တည်ခဲ့တယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်အောင် ကျွန်တော်တို့လုပ်ခဲ့ကြတယ်၊ အလုပ် လက်မဲ့ပြဿနာ နည်းပါးသွားအောင်လဲ အလုပ်အကိုင်တွေ ကျွန်တော်တို့ ရှာဖွေဖန်တီး ပေးနိုင်ခဲ့တယ်"

"တချို့က တစ်မျိုးမြင်နေတာလဲ ရှိပါသေးတယ်" လီနာရီက ဝင်ဖြတ်ပြောသည်။ သူ့အမူအရာနှင့် သူ့လေသံကလည်း သရော်သလိုလိုဖြစ်နေသည်။ "ကျွန်တော်တို့တိုင်းပြည်နဲ့ ကျွန်တော်တို့ပြည်သူတွေကို ခင်ဗျားတို့က ဈေးပေါပေါနဲ့ အချောင်ဝယ်လိုက်တယ်လို့ တချို့က မြင်နေကြပါတယ်။ အင်ကမ်းကုမ္ပဏီဟာ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ အမြတ်တော်ကြေးနဲ့ အခွန်တော်အရပ်ရပ် စည်းကြပ် ခြင်းက လွတ်ကင်းခွင့်ရနေတာရယ်၊ အလုပ်သမားတွေကိုလဲ တစ်နေ့မှ လုပ်ခ နှစ်ဒေါ်လာပေးပြီး ဈေးပေါပေါနဲ့လုပ်အားတွေကို ဝယ်ယူနေတာရယ်ကို ကန့်ကွက်နေကြတဲ့ လူတွေလဲရှိပါတယ်။ သူတို့အဖို့ တခြားမကျေနပ်စရာတွေလဲ. . ."လီနာရီက ဆေးပြင်းလိပ်ကို ပျင်းရိငြီးငွေ့စွာဖြင့် ဖွာရှိုက်လိုက်သည်။

သည်စကားတွေကိုပင် ပြောတော့မည်ဖြစ်ကြောင်း စပင်ဇာကလည်း ကြိုတင် တွေးမျှော်ခဲ့ပြီးဖြစ်သည်။ မိမိတို့အကျပ်အတည်းများကို တင်ပြခြင်းအားဖြင့် သူကြိုက်ရာ ဈေးကိုခေါ်တော့မည်ဖြစ်ကြောင်း သိထားပြီးဖြစ်သည်။ သို့သော်လည်း သူ့ကိုအပြစ်မဆိုသာပါ။ သူ့နေရာမှာ မိမိရှိနေမည်ဆိုလျှင် လည်းသည်အတိုင်းပင် ပြုမူပြောဆိုရမည်ဖြစ်ကြောင်း စပင်ဇာက သဘောပေါက်ထားပြီး ဖြစ်ပါသည်။

လီနာရီက သက်ပြင်းချလိုက်သည်။

"အမေရိကန်စီအိုင်အေရဲ့ အကူအညီကို ဆက်ရအောင်ကျွန်တော်တို့ သမ္မတကြီးက ဆက်ထိန်းထားနိုင်မယ်ဆိုရင်၊ နောက်ပြီးတော့ တိုင်းပြည်မှာ တကယ်ဖြစ်ပျက်နေတဲ့ အခြေအနေ မှန်တွေနဲ့ သူကင်းကွာမနေဘူးဆိုရင် ဒီလိုအခြေ အနေမျိုးတွေ ပေါ်လာစရာအကြောင်းမရှိပါဘူး" လီနာရီက ဝမ်းနည်းသည့် အမူအရာမျိုးဖြင့် ခေါင်းကိုခါယမ်းနေသည်။ "ရွေးကောက်ပွဲ ကျင်းပပေးမယ်. . ဆိုတဲ့ စွန့်စားမှုမျိုးမလုပ်ဖို့ မူညော့ဇ်ကို ကျွန်တော်သတိပေးခဲ့ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့် စကားကို သူနားမထောင်ပဲ ဇွတ်လုပ်ခဲ့ တယ်" နောက်ထပ် သက်ပြင်းချ ပြန်သည်။ "သူ့ကို ဆန့်ကျင်နေတဲ့ အတိုက်အခံပါတီဟာ သိပ်ကိုအင်အား ကောင်းနေတယ်၊ နေ့စဉ်နဲ့အမျှလဲ အင်အားပိုပြီးကောင်းလာနေတယ်"

ကာနယ်လီနာရီက စိတ်ပျက်သည့် အမူအရာဖြင့် လက်နှစ်ဘက်ကို ဖြန့်ကား ပြလိုက်သည်။

"ရွေးကောက်ပွဲမှာ သူဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူး၊ ပေါ်ပြူလာပါတီ အာဏာရလာမှာ သေချာတယ်၊ ခင်ဗျားတို့ကုမ္ပဏီပိုင်တာတွေ အားလုံးကိုလဲ ပြည်သူပိုင်သိမ်းကြမှာပဲ" ထိုစကားကို ပြောရင်း ကောက်ကျစ်စဉ်းလဲသည့် အပြုံးက လေးတစ်ခုပါ သူ့မျက်နှာပေါ်မှာပေါ်လာသည်။ "ဟုတ်တယ် အခြေအနေဆိုးတွေ ဖြစ်ပေါ်လာမယ့် လမ်းစမျိုးကို တာဝန်ရှိတဲ့လူတစ်ယောက်က ဘယ်တော့မှ ဖော်မပေးသင့်ဘူး"

ထိုစကားကို ကြားသောအခါ စပင်ဇာက စိတ်ထဲမှာ ကျိတ်ပြုံးလိုက် မိ သည်။ မိမိတို့က ဖောဖောသီသီ ပေးနိုင်မည်ဆိုလျှင် ရာမွန်မူညော့ဇ်ကိုရော၊ အတိုက်အခံ ပါတီကိုပါ လမ်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်နိုင်သူမှာ ကာနယ်လီနာရီဖြစ်ပြီးနောက်ထပ် တက်လာမည့် သမ္မတမှာလည်း သူကိုယ်တိုင် ပင်ဖြစ်မည့် အကြောင်းကိုပါ စပင်ဇာက တွေးကြည့်လိုက်မိသည်။

"သမ္မတမူညော့ဇ်ဟာ အင်း. . . သူ့ခေတ်ကုန်သွားပြီ၊ နောက်ပြီးတော့ အတိုက်အခံ ပါတီကလဲ"

"မူညော့ဇ်ကအကိုင်အတွယ်မှားနေတာပဲ၊ ခေတ်နဲ့အံမဝင်တဲ့ စနစ်တွေကို တိုက်ရိုက် သွင်းနေချင်တယ်၊ အတိုက်အခံပါတီဆိုတာကလဲ ကွန်မြူနစ်တွေပဲမဟုတ်လား၊ အမေရိကန် ပြည်ထောင်စုအတွင်းမှာ စီအိုင်အေ ကဖွင့်တဲ့သင်တန်းတွေ ကျွန်တော် တက်ခဲ့ဖူးပါတယ်။ လက်တင် အမေရိကန် နိုင်ငံတွေမှာ ဒီသဘောမျိုးအတိုင်းပဲ ဖြစ်နေမယ်လို့ ကျွန်တော်တို့ သင်ခဲ့ကြရတယ်" လီနာရီက တစ်ချက်ရယ်သည်။

"ခင်ဗျားနဲ့ ကျွန်တော်ဟာ နလပိန်းတုံးတွေ မဟုတ်ကြပါဘူး မစ္စတာ စပင်ဇာ၊ ခင်ဗျား ဘာအကြံဉာဏ်ပေးဖို့လာတယ်ဆိုတာ ကျွန်တော်သိပါတယ်။ တစ်ခုတည်းသော ပြဿနာ ကတော့ ငွေရေးကြေးရေးပဲ၊ အာဏာရှင် သမ္မတကို ဖြုတ်ချပြီး ကွန်မြူနစ်ခြိမ်းခြောက်မှု အန္တရာယ်ကို တားဆီးဖို့ဆိုတာ အင်မတန် အကုန်အကျများမယ်"

ဂျက်ဖရေစပင်ဇာက လီနာရီကို အချိန်အကြာကြီး စိုက်ကြည့်နေလိုက်သည်။

"လိုအပ်တာတွေသုံးဖို့ ငွေဆယ်သန်း တနင်္လာနေ့ကျရင် ခင်ဗျား လက်ထဲကို ရောက် လာမယ်၊ အဲဒါအပြင် မူညော့ဇ်တုန်းက တစ်နှစ်ကို ဒေါ်လာ နှစ်သိန်းခွဲ ကျွန်တော်တို့ဆီက. . ."

"အဲဒီ သဘောတူညီမှုကို လုပ်ခဲ့ကြတာက ၁၉၆၉ခုနှစ်တုန်းက ဖြစ်ပါတယ် မစ္စတာ စပင်ဇာ၊ အဲဒီအချိန်ကစပြီး ငွေကြေးဖောင်းပွမှုဟာ စိုက်လိုက် မတ်တတ် ဖြစ်လာတာဆိုတော့ . . ."

သည်ကိစ္စနှင့်ပတ်သက်ပြီး ဂျက်ဖရေစပင်ဇာမှာ အာဏာကုန်ရှိပြီး ဖြစ်သည်။ သူ့ဘာကိုပဲဆုံးဖြတ် ဆုံးဖြတ် ဗားဟတ်နှင့်ကုမ္ပဏီအုပ်ချုပ်သူများ အားလုံး က လက်ခံကြမည်သာ ဖြစ်သည်။

"နှစ်ဆဗျာ. . . တစ်နှစ်ကို ဒေါ်လာငါးသိန်းပေးမယ်"

"ကောင်းပါပြီ၊ ဒါပေမယ့် ခင်ဗျားတို့ ကုမ္ပဏီရဲ့ အမြတ်ငွေထဲကလဲ ကျွန်တော့်ကို ခွဲပေးရမယ်၊ ခင်ဗျားတို့ ကုမ္ပဏီက တရားဝင်ထုတ်ပြန် ကြေငြာနေတဲ့ အမြတ်ငွေမဟုတ်ဘူး၊ တကယ်မြတ်တဲ့အမြတ်ငွေပေါ်က ပေးရမယ်၊ ဆယ်ရာခိုင်နှုန်း၊ ကျွန်တော်လောဘ မကြီးပါဘူး၊ ဆယ်ရာခိုင်နှုန်း ဆိုတာကလဲ ဘာမှ ဖြစ်လောက်တာ မဟုတ်ပါဘူး"

လုံးဝ လက်လွှတ်ဆုံးရှုံးလိုက်ရမည်ဆိုလျှင် သည့်ထက် ပိုမိုအထိ နာနိုင်ကြောင်း ဂျက်ဖရေက တွေးကြည့်နေမိသည်။ မိမိတို့ပိုင်သမျှ ပစ္စည်းများ အားလုံး ပြည်သူပိုင်အသိမ်းခံရမည့် ဘေးအန္တရာယ်မှ ကင်းဝေးရုံမက တစ်ပြား တစ်ချပ်မှ မရနိုင်တော့မည့်အဖြစ်မှ ရာခိုင်နှုန်း ကိုးဆယ်ရနေမည် ဆိုခြင်းမှာ နည်းသည့် အခွင့်အရေး မဟုတ်ချေ။ ရာခိုင်နှုန်းကိုးဆယ်ဆိုသည်မှာ ဒေါ်လာ သန်းပေါင်း များစွာ ဖြစ်သည်။

"သဘောတူတယ်ဗျာ"

စပင်ဇာက ခပ်ကျယ်ကျယ်ပြန်ပြောလိုက်သည်။ လီနာရီသည် သူ့ ရင်ဘတ်မှာ ရှိနေသော အမှတ်အသားတံဆိပ်များကို လက်နှင့် ပွတ်နေသည်။

"ဒီ လုပ်ငန်းမျိုးကို အကောင်အထည်ဖော်ဖို့ဆိုတာ သက်တောင့် သက်သာနဲ့ မပြီးနိုင်ဘူး ဆိုတာတော့ ခင်ဗျားလဲ သဘောပေါက် ထားပြီးသား ဖြစ်မှာပါ မစ္စတာစပင်ဇာ၊ အသေ အပျောက်တွေ များမယ်၊ သိပ်ကိုများမယ်"

လီနာရီသည် သူ့ရင်ဘတ်မှ တံဆိပ်များကို လက်နှင့်ပွတ်နေပြန်သည်။

"အမေရိကန်သမ္မတတွေကလဲ အခုတစ်မျိုး တော်ကြာတစ်မျိုးတွေ၊ အခု လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သမ္မတက အရင်လူတွေထက်တောင် ပိုပြီးအခန့်မှန်းရခက်သေးတယ်၊ တကယ်လို့ ပြုအာတို ကွေဒိုအစိုးရသစ်ကို အသိအမှတ်မပြုပဲ အမေရိကန် စစ်တပ်ကို ဝင်စွက်ဖို့ အမိန့်ပေးလိုက်မယ် ဆိုရင် ဘယ်လိုလုပ်မလဲ"

စပင်ဇာကပြုံးသည်။ သူ့နှုတ်ခမ်းမွှေးများကိုလည်း ပွတ်သပ်လိုက်သည်။

"အမေရိကန်အစိုးရနဲ့ ပတ်သက်ပြီး ဘာအခက်အခဲမှမရှိနိုင်ပါဘူး" စပင်ဇာသည် လက်မှနာရီကို မြှောက်ကြည့်သည်။ "အခု တစ်နာရီ အတွင်း စန်တာကလာရာ လေဆိပ်ကို အေဒမ်ဟက်ချ် ရောက်လာတော့မယ်"

ဒါလောက်ဆိုလျှင် ကာနယ်လီနာရီ အလိုရှိသည့် အချက်အလက်များ ပြည့်စုံသွားလောက်ပေပြီ။ သူ့အမူအရာကလည်း ကျေနပ်နှစ်သိမ့်သွားသည့် အမူအရာမျိုးဖြစ်သည်။ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်လိုက်သည်။

"ကောင်းပါလေ့ဗျာ၊ ကျွန်တော့်ဦးစီးအရာရှိတွေနဲ့အတူတူ အစီအစဉ်တွေ ကျွန်တော် ဆွဲလိုက်မယ်"

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

## ဒယ်လ်တာလေကြောင်းကုမ္ပဏီပိုင်လေယာဉ်၊ ခရီးစဉ်အမှတ် ၃၀၉ သောကြာ၊ မေ ၇၊ နံနက် ၁၀း၄၅ နာရီ။

အေဒမ်ဟက်ချ်တက်လာပုံနှင့် ကျဆင်းသွားပုံမှာ သတင်းစာ အားလုံးတို့အတွက် သည်းခြေကြိုက် ဇာတ်လမ်းသတင်းကြီး ဖြစ်ခဲ့သည်။

လွန်ခဲ့သည့် ဆယ့်သုံးနှစ်တုန်းက တက်ဆပ်ပြည်နယ်တွင် ဘဏ်တိုက်များကို သူ စတင်ဝယ်ယူခဲ့သည်။ ထို့နောက် တက်ဆပ်ပြည်နယ်တွင် ပြဋ္ဌာန်းထားသော ဥပဒေ၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ စည်းကမ်းပေါင်းစုံကို ချိုးဖောက်ခဲ့လေသည်။

တက်ဆက်ပြည်နယ်တွင် ဘဏ်တိုက်တစ်ခုကို ဝယ်ယူလိုသည်ဆိုပါ က မိမိလက်တွင် ငွေကြေးတစ်ပြားတစ်ချပ်မှ ရှိရန်မလိုပေ။ လိုသည့်ငွေကို ချေးယူနိုင်သည်။ ထိုငွေဖြင့် ဘဏ်တိုက်ကို ဝယ်ယူသည်။ ဘဏ်တိုက်ပိုင်ရှင်သစ်သည် ထိုဘဏ်မှာရှိနေသောငွေများကို လိုသလောက် ချေးယူခွင့်ရပြန်သည်။ ထိုငွေများဖြင့် နောက်ထပ် ဘဏ်တိုက်တစ်ခုကို ဝယ်သည်။ နောက် ဘဏ်တိုက်မှငွေများကို ဆက်လက်ချေးယူပြန်သည်။ ထိုငွေများဖြင့်ပင် နောက်ထပ် ဘဏ်တိုက်တစ်ခုကို ဆက်လက်ဝယ်ယူပြန်သည်။

ထိုနည်းအားဖြင့် ခုနစ်နှစ်ကာလအတွင်း တက်ဆပ်ပြည်နယ်ရှိ ဘဏ်တိုက်ပေါင်း နှစ်ဒါဇင်ကျော်ကို အေဒမ်ဟက်ချ်ပိုင်ဆိုင်လာတော့သည်။ တကယ်ဆိုတော့ သူပိုင်ငွေ တစ်ပြားတစ်ချပ်မှမပါ။ ဘဏ်တိုက်ပေါင်းများစွာကိုပိုင်ဆိုင်ပြီး သူဌေးကြီးဖြစ်နေပါပြီဆိုသော်လည်း အမှန်စင်စစ်ကတော့ ကြွေးများဖြင့် ချမ်းသာနေ ခြင်းသာ ဖြစ်သည်။

ထိုသို့ ဘဏ်တိုက်ပေါင်းစုံကိုပိုင်ပြီး ဒေါ်လာသန်းပေါင်းရာနှင့်ချီ၍ ချမ်းသာလာသော အခါ အေဒမ်၏ ရည်ရွယ်များတစ်ဆင့်တက် ပိုမိုကြီးထွားလာ ပြန်သည်။ ငွေကြေးချမ်းသာရုံနှင့် မတင်းတိမ်နိုင်တော့။ နိုင်ငံရေးလောကမှာပါ သြဇာအာဏာ ကြီးချင်လာသည်။ ထို့ကြောင့် ပြည်နယ်နိုင်ငံရေးလောကမှာ ဝင်ရောက်ခြယ် လှယ်လာသည်။ သူဖြစ်စေချင်သူများ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်အောင်၊ ဆီးနိတ်လွှတ်တော်နှင့် ကွန်ဂရက်လွှတ်တော်အမတ်များဖြစ်အောင် ငွေအင်အားဖြင့် ဖန်တီးပေးနိုင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြင့်ပင် အေဒမ်ဟက်ချ်သည် 'ပြည်နယ်ခေါင်းဆောင်များ ဖြစ်အောင် လုပ်ပေးနိုင်သူ'အဖြစ် နာမည်ကြီးလာသည်။

ထိုမျှနှင့်လည်း သူ တင်းတိမ်ရောင့်ရဲနိုင်ခြင်း မရှိသေးပါ။ တိုင်းပြည်နှင့်ချီပြီး သူ စိတ်ကြိုက်ဖန်တီးနိုင်ရန်နယ်ချဲ့လာသည်။ 'ပြည်နယ်ခေါင်းဆောင် ဖြစ်အောင် လုပ်ပေးနိုင်သူ 'ဘဝမှ' နိုင်ငံတော်သမ္မတကြီးဖြစ်အောင် လုပ်ပေးနိုင်သူ' အဖြစ်မျိုးကို ထပ်ဆင့်မျှော်မှန်းလာပြန်သည်။

လွန်ခဲ့သည့်အပတ် သမ္မတရွေးကောက်ပွဲ ကာလတုန်းက သူ့မျှော်မှန်းချက်များ အကောင်အထည်ပေါ်နိုင်မည့် လမ်းစတစ်ခုပေါ်လာသည်။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ရွေးချယ်ရန်ကိစ္စနှင့် ပတ်သက်ပြီး အချင်းချင်း သဘောထားကွဲလွဲနေကြသည်။ ၎င်းတို့ထဲမှ ဘီလီဘင်းနက်သည် အေဒမ်နှင့်ရင်းနှီးသူဖြစ်သည်။ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် တက်ဆပ်ပြည်နယ်မှ တစ်ကြိမ်ရွေးချယ် တင်မြှောက်ခြင်းခံရဖူးသည်။ မွေးမြူရေးခြံကြီးတစ်ခုကို ပိုင်ဆိုင်သူဖြစ်သည်။

အေဒမ်၏ အားပေးအားမြှောက်ပြုမှုဖြင့် ဘီလီဘင်းနက်သည် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ အေဒမ်က ရန်ပုံငွေ အမြောက်အမြား လှူသည်။ ထိုငွေများအနက်အများစုမှာတရားမဝင် တိတ်တဆိတ်လှူခြင်းဖြစ်သည်။ ထိုသို့ ငွေပေါင်းများစွာ လှူနိုင်သည့်အတွက် အေဒမ်သည် ဘင်းနက်၏ ရွေးကောက်ပွဲ မဲဆွယ် လုပ်ငန်းများတွင် ဘဏ္ဍာရေး ကော်မီတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

သူကိုယ်တိုင်က လုပ်ရည်ကိုင်ရည်ရှိသည်က တစ်ကြောင်း၊ တရားမဝင် ရန်ပုံငွေများရအောင် ရှာဖွေပေးနိုင်သည်ကတစ်ကြောင်း၊ ထို့ကြောင့် အေဒမ်တို့ဘက်က ရွေးကောက်ပွဲ အရပ်ရပ်တွင် ငွေကို ရေလိုသုံးနိုင်ခဲ့သည်။

နောက်ဆုံးတွင် သူ့အစွမ်းအစဖြင့် ဘီလီဘင်းနက်သည် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ်ရွေးချယ်ခံရရုံမကသမ္မတရွေးကောက်ပွဲမှာပါရီပတ် ဘလီကင် ပါတီသမ္မတလောင်း အပေါ် အနိုင်ရပြီး အမေရိကန် ပြည်ထောင်စု၏ သမ္မတကြီး ဖြစ်လာလေသည်။

ဘီလီဘင်းနက် သမ္မတဖြစ်သည်နှင့် တစ်ပြိုင်တည်း အေဒမ်ဟက်ချ်ကို ဘဏ္ဍာရေး ဝန်ကြီးအဖြစ် ခန့်အပ်လိုက်လေတော့သည်။

အေဒမ်ကို ဘဏ္ဍာရေးဝန်ကြီး ခန့်အပ်လိုက်သည်ဆိုတော့ စီးပွားရေး လောကက သောင်းသောင်းဖြဖြထောမနာ ပြုကြသည်။ အောင်မြင်သော ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးကို ဘဏ္ဍာရေးဝန်ကြီး ခန့်ထားခြင်းသည် အသင့်မြတ်ဆုံးသော လုပ်ငန်းဖြစ်ကြောင်းဖြင့်လည်း ယုံကြည်သည်။

သို့သော် ရာဇပလ္လင်နှင့် သူမမြဲပါ။ ဘဏ်လုပ်ငန်းရှင်ကြီးဘဝတုန်းက ပြည်နယ်ဥပဒေများကို ချိုးဖောက်ခဲ့မှုများ၊ ဘဏ်လုပ်ငန်းရှင်တို့ စောင့်ထိန်းရမည့် စည်းကမ်းချက်များကို မစောင့်ထိန်းပဲ ကိုယ်ကျိုးအတွက် ထင်တိုင်း စီးပွားရေး သောင်းကျန်းခဲ့ပုံများ အစပေါ်လာသည်။ ပထမပိုင်းတုန်းကတော့ ကောလာဟလ သတင်းလောက်သာ ဖြစ်သည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းပွလာသည်။ သတင်းစာများက ဝိုင်းရေးကြသည်။ ဘဏ်လုပ်ငန်းရှင်များက စုံစမ်းမှုများပြုလုပ်လာကြသည်။

ထိုသို့ စုံစမ်းမှုများပြုလုပ်သောအခါ အေဒမ်သည် ကိုယ်ပိုင်ငွေ တစ်ပြား တစ်ချပ်မှ မရှိပဲ ဘဏ်တိုက်ပေါင်းစုံမှ ငွေများချေးယူကာ အခြားဘဏ် တိုက်များကို ဝယ်ယူထားခြင်း၊ ထိုဘဏ်တိုက်များတွင်လည်း သူ့ဆွေမျိုးများနှင့် သူ့မိတ်ဆွေ အပေါင်းအသင်းများကို သွင်းကာ လစာကြီးများကို ရယူနေကြခြင်း၊ သူကိုယ်တိုင်လည်း ကြွေးပတ်လည်ဝိုင်းနေခြင်းများကို တွေ့ရှိကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတဘင်းနက်က သူ့မိတ်ဆွေကြီးဘက်မှ မားမားရပ်ကာ အကာအကွယ်ပေးခဲ့ပါ၏။ ထိုသို့ အကာအကွယ်ပေးရသည်မှာလည်း အကြောင်းရှိပါသည်။ သမ္မတလောင်းရွေးပွဲနှင့် သမ္မတရွေးကောက်ပွဲတုန်းက ရန်ပုံငွေများကို မတရား ရှာခဲ့ကြသည်။ တရားမဝင်ရရှိလာသည့် ရန်ပုံငွေများကိုလည်း စည်းကမ်းမဲ့သုံးခဲ့ကြသည်။ ထိုအကြောင်းများပေါ် သွားလျှင် သမ္မတရာထူးမှ ပြုတ်ဖို့ မြေကြီးလက်ခတ်မလွဲ သေချာနေသည်။

မိမိရာထူးအပြုတ်မခံနိုင်သောကြောင့် သမ္မတကိုယ်တိုင်ကလည်း အေဒမ်ဟာက်ချ်ကို အသေအလဲကပ်ထားရသည်။ သူတို့မတရားလုပ်ထားသည့် အကြောင်းများကို ဖွင့်ချနိုင်သူမှာ အေဒမ်ဟာက်ချ်ပင် ဖြစ်သည်မဟုတ်ပါလား။

သို့သော် သူတို့အာဏာရပြီးနောက် လေးလအကြာတွင် အေဒမ်၏ အရှုပ်တော်ပုံကြီးက အုပ်မနိုင်၊ ဖုံးမရ ဖြစ်လာလေတော့သည်။ အေဒမ်ဘဏ္ဍာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်ပေးရန် အမေရိကန် ဘဏ်လုပ်ငန်းရှင်ကြီးများ အသင်းက ပြင်းထန်စွာ ရာဇသံပေးတောင်းဆိုလိုက်လေတော့သည်။

မတတ်နိုင်သည့်အဆုံးတွင် အေဒမ်ကလည်း နုတ်ထွက်စာတင်လိုက် ရသည်။သမ္မတကလည်း သူ့နုတ်ထွက်စာကို မလွှဲမရှောင်သာ လက်ခံလိုက်ရတော့သည်။

ထိုသို့ ရာထူးက ထွက်ပေးလိုက်သော်လည်း အေဒမ်ကြုံတွေ့နေရသည့် အကျပ်အတည်းများကား ပြေပျောက်သွားခြင်းမရှိပါ။ သူ ငွေချေးယူထားသည့် ဘဏ်တိုက်ကြီးပေါင်းများစွာတို့ကကြွေးများပြန်တောင်းနေကြသည်။ ကြွေးများ ပြန်မဆပ်နိုင်ပါက ပြည်ထောင်စုတရားရုံးတွင် ရာဇဝတ်မှုနှင့် တရားစွဲဖို့လည်း ပြင်ဆင်နေကြသည်။

ထိုအခါတွင် အေဒမ်ဟာက်ချ်သည် သမ္မတဘင်းနက်ထံသို့ပင် ပြန်ကပ် ရပြန်သည်။ သမ္မတ၏အရှိန်အဝါကိုယူပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများလိုသည့် အခွင့်အရေးများကို ရအောင် ဆောင်ရွက်ပေးသည်။ ဘဏ်တိုက်ကြီးများ၊ ကုမ္ပဏီကြီးများရယူလိုသည့် အခွင့်အရေးများ ရအောင် အစိုးရထံမှ တောင်းပေးသည်။ ထိုသို့ အခွင့်အရေးရအောင် ဆောင်ရွက်ပေးရသည့်အတွက် ဘဏ်တိုက်ကြီးများနှင့် ကုမ္ပဏီကြီးများက အေဒမ်ကိုလာဘ်ထိုးကြရသည်။

ထိုနည်းအားဖြင့် သူ့အခြေအနေအနည်းငယ် ပြေလည်သယောင်ရှိနေသည်။

သို့သော် ထိုအခြေအနေကိုလည်း ကြာရှည်ဆက်လက် ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့ပါ။ ရှီကာဂိုမြို့ရှိ အေပက်ခ်စ်ဘဏ်တိုက်က သူ့တို့ ငွေဒေါ်လာ သုံးသန်းကို ရက်ပေါင်းသုံးဆယ်အတွင်း ပြန်ဆပ်ရန် တောင်းဆိုလိုက်လေတော့သည်။

ထိုငွေသုံးသန်းရနိုင်အောင် နည်းမျိုးစုံဖြင့် သူကြိုးစားပါသည်။ သို့သော်လည်း မအောင်မြင်ပါ။ မည်သည့် ဘဏ်တိုက်ကမှ သူ့ကို အကပ်မခံတော့ပါ။

မတတ်နိုင်တော့သည့်အဆုံးတွင် ပေါလ်ဗားဟတ်ထံသို့ ချည်းကပ်ရလေတော့သည်။ ဗားဟတ်ပိုင်သည့် ဘဟားမားဘဏ်တိုက်မှ ဒေါ်လာတစ်သန်း သုံးသိန်းကိုလည်း သူချေးငှားထားခဲ့ဖူးသည်။ ထိုငွေကိုလည်း ပြန်မဆပ်နိုင်သေး။

ယခု သူလိုနေသည့် ဒေါ်လာသုံးသန်းဗားဟတ်ထံမှ ရမည်ဆိုပါက ပြူအာတိုကွေဒိုနိုင်ငံရှိ ဗားဟတ်တို့ပိုင်သော သကြားများကို အမေရိကန် ပြည်ထောင်စုက ပိုမိုဝယ်ယူရန် သမ္မတကို ပြောပေးပါမည်ဟု သူ့ဘက်က ကတိပေးရသည်။

ဗားဟတ်၏ တုံ့ပြန်ချက်ကား ထုံးစံအတိုင်းပင် ဖြစ်သည်။ ထိုကိစ္စကို ပြူအာတိုကွေဒိုနိုင်ငံမှာ ရှိနေသော ဂျက်ဖရေစပင်ဇာဘက်သို့ ပခုံးလွှဲလိုက်သည်။ စပင်ဇာနှင့်သွားရောက်ညှိနှိုင်းဆွေးနွေးပါဟု ပြောလွှတ်လိုက်သည်။ သဘောကတော့ နောင်တစ်ကြိမ်အရှုပ်အထွေးပြဿနာပေါ်လာပါက ထိုအထဲတွင် ဗားဟတ်မပါစေရန် ခေါင်းရှောင်နေလိုက်ခြင်းပင် ဖြစ်သည်။

သည်လိုဖြင့်ပင် ပြူအာတိုကွေဒိုနိုင်ငံသို့သူထွက်ခွာလာရလေတော့သည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လ်တာ လေကြောင်းကုမ္ပဏီမှ ဘိုးအင်း ၇၄၇ ဂျက်လေယာဉ် ခရီးစဉ်အမှတ် ၃၀၉-သည် ဟူစတန်၊ နယူးအော်လင်း၊ စန်တာကလာရာ၊ ကာရာကတ်စ်မြို့များသို့ နေ့စဉ်ပျံသန်းပေးနေသည်။

ယခု ထိုလေယာဉ် ပထမတန်းအခန်းထဲမှာ ခရီးသည်ဆိုလို့ အေဒမ်ဟက်ချ်နှင့် သူ့ဇနီးအီဗလင်တို့ နှစ်ယောက်သာပါသည်။ အေဒမ်သည် သူ့ဘေးက ပြတင်းပေါက်ကို မခတ် စိုက်ကြည့်နေသည်။ ပြတင်းပေါက်ကိုကျော်ပြီး အပြင်သို့ကြည့်နေခြင်းကားမဟုတ်ပါ။ သူ့ဘေးမှာထိုင်နေသည့် အီဗလင်ကမူ နယူးအော်လင်းမှ ထွက်လာကတည်းက ဗော့ဒ်ကာအရက်ကို တစ်ခွက်ပြီး တစ်ခွက်ဆက်တိုက် သောက်လာသည်။

ဟိုတုန်းကဆိုရင် တစ်နေ့မှ ငါအရက်နှစ်ခွက်ပဲ သောက်နိုင်တယ်။ အခုတော့ ခွက်ပေါင်းမရေမတွက်နိုင်အောင် ငါသောက်နိုင်နေပါပေါ့ကလားဟု အီဗလင်က တွေးနေမိသည်။ ပြီးတော့ နောက်ထပ် အရက်ထပ်ပေးရန် လေယာဉ် မယ်ကို လက်ဖြင့်အချက်လှမ်းပြလိုက်သည်။ ထိုအပြုအမူကို မြင်လိုက်ရသော အေဒမ်ဟက်ချ်က အီဗလင်ကို သုန်သုန်မှုန်မှုန် မျက်နှာထားနှင့် လှည့်ကြည့်သည်။

"တစ်ခါတလေ အပြောင်းအလဲကလေး ဖြစ်သွားအောင် အရက်မမူးဘဲ မနေနိုင်ဘူးလားကွာ"ဟု ပြောသည်။ သူပြောပုံက တက်ဆပ်ပြည်နယ်သားများအတိုင်း လေးလေးတွဲ့တွဲ့ကြီး ဖြစ်နေသည်။

"ကျွန်မ ဘယ်တော့မှ အရက်မမူးဘူး၊ အလွန်အကျွံသောက်မှမူးတာ ရှင်သိတယ် မဟုတ်လား၊ အခုလဲ ဘယ်လောက်သောက်ရသေးလို့လဲ၊ အခုမှ ခြောက်ခွက်လား. . . ခုနှစ်ခွက်လားပဲရှိသေးတယ်"ဟု ပြန်ပြောသည်။ သူကတော့ လေသံလေးလေးမဟုတ်။ သို့သော်လည်း အရက်မူးသံ အနည်းငယ်ပါနေပြီ။

"ဒုက္ခပါပဲကွာ. . . ငါ့မှာအရေးကြီးတဲ့အစည်းအဝေး. ."

"ဟုတ်တယ်လေ. . ရှင်အရေးတကြီး တွေ့စရာရှိနေတာ ကျွန်မ သိသားပဲ၊ ရှင်တို့ စကားပြောနေတဲ့အချိန်မှာ ကျွန်မက အပြင်ခန်းကလေးထဲမှာ ထိုင်ပြီးစောင့်နေရမှာ မဟုတ်လား၊ ဒီလိုဆိုရင် ဘာဖြစ်လို့ ကျွန်မကို ရှင်ခေါ် လာသလဲ"

"ဘာကြောင့်ခေါ်လာတယ်ဆိုတာ မင်းသိပါတယ်ကွာ"

လေယာဉ်မယ်က အီဗလင်ကို အရက်ခွက်လာပေးသည်။ ပြီးတော့ ချက်ချင်းပြန်ထွက်သွားသည်။

"ရှင် ကျွန်မကို ပြောဖူးတယ်မဟုတ်လား" အီဗလင်က လက်ထဲမှ အရက်ခွက်ကို မြှောက်လိုက်သည်။ "တို့နှစ်ယောက် အိမ်ထောင်ရေးအဆင်ပြေနေ ကြောင်းအများက ယုံကြည်အောင်ဟန်ဆောင်နေရမယ်၊ တို့နှစ်ယောက် အဆင်မပြေတာ ပေါက်ကြားသွားရင် သတင်းစာတွေကငါ့ကိုဝိုင်းတွယ်ကြလိမ့်ဦးမယ်၊ ငါ့ ဘဏ်တိုက်တွေ မပိတ်ရအောင် ကြိုးစားနေရတဲ့ ဒီလိုအချိန်မျိုးမှာ နောက်ထပ်အရှုပ် တော်ပုံကြီးတစ်ခု ထပ်ပေါ်လာတာအဖြစ်မခံနိုင်ဘူးလို့ ရှင်ပြောခဲ့တယ်လေ၊ သဘောကျ စရာကောင်းလိုက်တာ. . .၊ ငါ့ဘဏ်တိုက်တွေလို့ ရှင်အမြဲတမ်းပြောလေ့ရှိတယ် မဟုတ်လား အေဒမ်"

"ခွေးဝဲစားမ. . . အဲဒါတွေအတွက် ငါ့ကိုနင်ယူတာ မဟုတ်လား. . . ငွေအတွက် ငါ့ကိုနင်ယူတာမဟုတ်လား"

"ကျွန်မ အဲဒါကိုငြင်းနေလို့လား" အီဗလင်က ဗော့ဒ်ကာအရက်ကို တစ်ကျိုက်သောက်လိုက်သည်။ "ဒါပေမယ့် ကျွန်မဆိုလိုတာက ရှင့်မှာ ဘာမှ မရှိဘူးလေ၊ ရှင်ပိုင်တာ ဘာမှမရှိဘူး၊ အဲဒီနှောင်ကြိုးတွေထဲမှာ ရှင်အတုပ်ခံ နေရတာ မဟုတ်လား" အေဒမ်ဟက်ချ် ဒေါသဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှောင်ကြိုးတွေထဲက ငါမလွတ်ရင် နင်လဲ တစ်ပြားမှ ရမှာမဟုတ်လား"

"နှောင်ကြိုးတွေထဲက လွတ်တော့ရော ဘာဖြစ်မှာလဲ၊ ဘယ်လို ဘဝမျိုးကို ရောက်မှာလဲ၊ အေဒမ်ဟက်ချ်. . . ဘဏ်သူဌေးကြီး. . . ဘဏ္ဍာရေးဝန်ကြီး. . . ဟား. . . ဟား. . ဟား. . . ဒါတွေက ဟိုတုန်းကလေ၊ အမေရိကန် သမ္မတကြီး ဘီလီဘင်းနက်ရဲ့ ညာလက်ရုံးကြီး" အီဗလင်က အရက်ခွက်ကို မော့လိုက်ပြန်သည်။ "အဲဒီ ညာလက်ရုံးကြီးက ပေါလ်ဗားဟတ် ဆီမှာ ညာလက်ဝါးကို သွားဖြန့်ပြီး ကျွန်တော့်ကို သနားပါခင်ဗျာလို့ သူ တောင်းစားလို တောင်းနေရပြီမဟုတ်လား"

ပါးကိုဖြတ်ရိုက်ပစ်လိုက်ချင်စိတ် ပေါ်လာသည်။ သို့သော်လည်း သူ မရိုက်ရဲ။ မလှမ်း မကမ်းမှာ လေယာဉ်မယ်သုံးယောက် ထိုင်နေကြသည်။

"ဒါက ဘာသဘောလဲ. . . မင်းနဲ့ပေါလ်နဲ့ဘယ်အချိန်ကစပြီး အတူတူ အိပ်ခဲ့ကြတယ် ဆိုတာ သတိထပ်ပေးတဲ့သဘောလား"ဟု အေဒမ်က ပြန်မေးသည်။

"ရှင့်ကို ဘာမှသတိပေးနေစရာမလိုပါဘူးလေ၊ ပေါလ်နဲ့ကျွန်မ အကြောင်းကို ရှင် အကုန်သိပြီးသားပဲ၊ ကျွန်မ ဘယ်လိုအစားထဲက ဆိုတာလဲ ရှင်သိတာပဲမဟုတ်လား"

အီဗလင်၏ စကားကိုကြားရသောအခါ အေဒမ်ဟက်ချ်၏ အမူအရာမှာ ပိုပြီး ပျက်သည်ထက် ပျက်လာသည်။

"နင့်ကို မြင်ရတဲ့ယောကျ်ားတိုင်းက မနေနိုင်၊ မထိုင်နိုင်အငမ်းမရ ဖြစ်ကုန်ကြတယ်လို့ ဆိုလိုချင်တာလား"

"အား. . . ဂုဏ်ပြုတဲ့အနေနဲ့ အရက်ကလေး သောက်လိုက်ကြရအောင်"

အီဗလင်က နောက်တီးနောက်တောက်အမူအရာနှင့် လက်ထဲမှ အရက်ခွက်ကို မြှောက်ပြလိုက်သည်။ ပြီးတော့ ငြိမ်သွားပြီး တွေးနေမိသည်။ အေဒမ်ဟက်ချ်၏ ဘဝအမှန်ကို သူသေသေချာချာ မသိခဲ့။ အပြင်ဖန်း မြင်တွေ့ရပြီး အထင်ကြီးကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။ တကယ်ယူပြီးသော အခါကျမှ အဆံမရှိပဲ အခွံချည်းသက်သက် ဖြစ်နေကြောင်း တွေ့ရတော့ သည်။ ပြီးတော့လည်း သူ့မှာ ဒုက္ခတွေနှင့် လွတ်ကင်းသည် ဟူ၍မရှိ၊ အမြဲ တမ်းဒုက္ခတစ်ခုမဟုတ် တစ်ခုနှင့်တော့ ရင်ဆိုင်တိုးနေရသည်ချည်းဖြစ်သည်။ အရှုပ်တော်ပုံတွေကို ဖြေရှင်းနေရသည် ချည်းဖြစ်သည်။

ထိုအကြောင်းများကို စဉ်းစားမိပြန်တော့လည်း သူ့ယောကျ်ားကို သနားမိသလိုလို ဖြစ်မိသည်။ အေဒမ်သည် ပြတင်းပေါက်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်ကို တွေ့ရပြန်သည်။ အီဗလင်က ပခုံးတစ်ချက် တွန့်လိုက်ရင်း လေယာဉ်မယ်ဘက်သို့လှည့်ကာ အရက်ထပ်ထည့်ပေးရန်ခွက်မြှောက်ပြလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

## စန်တာကလာရာ၊ ပြူအာတိုကွေဗို၊ သောကြာ၊ မေ ၇၊ နံနက် ၁၁း၂၅နာရီ။

၁၉၆၀ ခုနှစ်အထိ စန်တာကလာရာ လေဆိပ်သည် ပြေးလမ်းတစ်ခု တည်းသာရှိသော လေဆိပ်ကလေးဖြစ်ခဲ့သည်။ လေယာဉ်အဆောက်အအုံကလည်း သွပ်မိုး အဆောက်အအုံကလေး တစ်ခုတည်းရှိသည်။ လေကြောင်းကို ညွှန်ပြသော လေအိတ်တစ်ခုသာကွင်းထဲမှာ ထီးတည်းကြီး လွင့်ပါးနေတတ်သည်။

ထို့နောက်ပိုင်းတွင် "သောင်းကျန်းမှု နှိမ်နှင်းရေး သင်တန်းစခန်း" တစ်ခု ပြုလုပ်ရန် စီအိုင်အေက စီစဉ်ခဲ့သည်။ မူလတုန်းကထိုစခန်းကို ဂွာတီမာလာ နိုင်ငံထဲတွင် ဖွင့်လှစ်ရန် ရည်စူးခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် အစီအစဉ် ပျက်ခဲ့သည်။ နောက်ဆုံး ပြူအာတို ကွေဗို သမ္မတ ရာမွန်မူညော့ဇ်နှင့် အပေးအယူ တည့်သွားကာ ပြူအာတိုကွေဗိုနိုင်ငံထဲမှာ ဖွင့်လှစ်ဖြစ်ခဲ့သည်။

ယင်းသင်တန်းကို သည်နိုင်ငံထဲမှာ ဖွင့်ပြီဆိုတော့ လေဆိပ်ကို ပြင်ဆင် မွမ်းမံရန်လည်း လိုအပ်ခဲ့သည်။ သို့ဖြင့် စန်တာကလာရာ လေဆိပ်သည် အမေရိကန် လေတပ်အတွက် အလယ်အလတ်တန်းစား အဆင့်အတန်းရှိသည့် လေဆိပ်တစ်ခု အဖြစ် တိုးတက်လာခဲ့သည်။

နောက် နှစ်အနည်းငယ် ကြာသောအခါ "သောင်းကျန်းမှု နှိမ်နှင်း ရေးသင်တန်းစခန်း" ကို အခြားနိုင်ငံတစ်ခုသို့ပြောင်းရွှေ့ဖွင့်လှစ်သည်။ ထိုသို့ ဖွင့်လှစ်သော်လည်း စီအိုင်အေ အဖွဲ့ဝင်ပေါင်း မြောက်မြားစွာတို့မှာ ပြူအာတို ကွေဗို နိုင်ငံအတွင်းမှာပင် ကျန်ရစ်နေခဲ့သေးသည်။ သင်တန်းမရှိတော့သည့် အတွက် လေဆိပ်တွင်မူ လေယာဉ်အဆင်းအတက် နည်းပါးသွားသည်။

ထိုအချိန်မှာပင် အင်ကမ်းကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ ပြူအာတိုကွေဗို နိုင်ငံအတွင်းမှာ လာရောက်အခြေစိုက် လုပ်ကိုင်နိုင်ရန် သမ္မတ မူညော့ဇ်နှင့် ပေါလ်တားဟတ်တို့ တိုင်ပင်ဆွေးနွေးကာ သဘောတူညီချက်ရကြသည်။ သဘော တူညီချက်ရသည်နှင့် တစ်ပြိုင်တည်း လေဆိပ်တွင်လိုအပ်သည့် ပြင်ဆင်မှုများကို အင်ကမ်းကုမ္ပဏီက တာဝန်ယူပြုလုပ်ပေးသည်။ ပင်လယ်ကမ်းခြေတွင်လည်း အပန်း ဖြေစခန်းများ၊ဟိုတယ်ကြီးများ၊လောင်းကစား ဒိုင်ကြီးများ ဖွင့်လှစ်ကာ ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကမ်းကုမ္ပဏီ၏ ဟိုတယ်များနှင့် လောင်းကစားဒိုင်များအတွက် ကြော်ငြာများကို ဆန်းပြားစွာ တီထွင်ကာ စန်တာကလာရာ လေဆိပ်မှာ ဆင်ယင်ထားသည်။ ဧရာမလူရုပ်ကြီးများကိုလည်း အဝတ်အစား မလုံ့တလုံဝတ် ဆင်မေးကာ ချိတ်ဆွဲထားသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန် လေဘာသာ ဖြင့်လည်း ကြော်ငြာစာသားများကို ရေးထားသည်။

ကမ္ဘာလှည့်ခရီးသည်များက ထိုကြော်ငြာများကို အလွန်တရာ သဘောကျကြပါသည်။ သို့သော် ဂျက်ဖရေ စပင်ဇာကတော့ နည်းနည်းကလေးမှ ကြည့်လို့မရ။ ယခု လေဆိပ်အဆောက်အအုံတွင်းသို့ သူဝင်လာသောအခါ ထိုကြော်ငြာရုပ်ကြီးများကို တွေ့ရသဖြင့် စိတ်မချမ်းမသာ ဖြစ်မိပြန်သည်။

အချိန်က ယခုမှ ၁၁ နာရီ ၂၅ မိနစ်သာ ရှိသေးသည်။ ထုံးစံအတိုင်း ဒယ်လ်တာလေကြောင်း ကုမ္ပဏီ၏ ခရီးစဉ်အမှတ် ၃၀၉ လေယာဉ်သည် အချိန်နောက်ကျပြီးမှ ရောက်ပေဦးမည်။ လေယာဉ် မဆိုက်မချင်း လေဆိပ်ထဲမှာထိုင်ပြီး မမြင်ချင်သော ကြော်ငြာရုပ်ကြီးများကို ကြည့်နေရဦးမည်။

သို့သော် ကံကောင်းချင်တော့ ထိုနေ့က လေယာဉ်ပျံသည် အချိန်မှန် ဆိုက်ရောက်လာလေသည်။ ထို့ကြောင့် စိတ်မသက်မသာဖြင့် ထိုင်စောင့် ရမည့် ဒုက္ခမှ ကင်းဝေးသွားတော့သည်။

စပင်ဇာသည် အဆောက်အအုံထဲမှထွက်ကာ ကွင်းထဲသို့လျှောက်လာခဲ့သည်။ မည်သည့် အစောင့်ကမှ သူ့ကို တားဆီးခြင်းမပြုကြပါ။ ကန့် သတ်ထားသည့် နေရာမှန်သမျှကို ဝင်နိုင်ခွင့်ရှိသူပင်ဖြစ်လေသည်။

လေယာဉ်မှာ လှေကားတပ်လိုက်သည်။ လေယာဉ်တံခါးပွင့်လာသည်။ လေယာဉ်ပေါ်မှ ပထမဦးဆုံး ဆင်းလာသောခရီးသည်များမှာ ပထမတန်းခရီးသည်များဖြစ်ကြသော အေဒမ်ဟက်ချ်နှင့် အီဗလင်တို့ နှစ်ယောက် ဖြစ်ကြသည်။ ဂျက်ဖရေစပင်ဇာက သူတို့နှစ်ယောက်ကို လက်လှမ်းပြရင်း "ဘုနှင့်ဘောက်" တော့ ဖြစ်ကြရဦးမည်ဟု တွေးနေလိုက်မိသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက အရပ်ခြောက်ပေနှစ်လက်မရှိသော အေဒမ်ဟက်ချ်၏ ကိုယ်လုံးကိုယ်ထည်သည် တောင့်တောင့်တင်းတင်းဖြစ်သည်။ အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်သည်။ ယခုသူ့အသက် ၅၄ နှစ်သာ ရှိသေးသည်။ သို့သော်လည်း သူ့ကိုယ်ပေါ်မှ အသားအရေများသည် ပျော့အိပျော့တွဲ ဖြစ်ကုန်ကြ လေပြီ။

အီဗလင်ဟက်ချ်ကတော့ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျဖြစ်သည်။ သူ့အသက်က သုံးဆယ်ကျော်ရုံသာ ရှိသေးသည်။ ထုံးစံအတိုင်းချောတုန်း လှတုန်း၊ စိုပြည်တုန်းဖြစ်သည်။ မျက်လုံးများကလည်း အရောင်တောက်နေကြဆဲရှိသည်။

"ခင်ဗျားကိုယ်တိုင် အခုလိုလာကြိုတာ အင်မတန် ဟန်ကျသွားတာပေါ့ ဂျက်ဖ်" အေဒမ်ဟက်ချ်က ဆီးကြိုပြောသည်။

တက်ဆပ်ပြည်နယ် လေသံဝဲလှသော အေဒမ်၏လေးလေးကြီး စကားပြောပုံမှာ စပင်ဇာ၏စိတ်ကို ယားကျိကျိဖြစ်စေသည်။ ထို့ကြောင့် အီဗလင်ဘက်သို့သာလှည့်ပြီး ခေါင်းညိတ်နှုတ်ဆက်လိုက်မိသည်။

"အခုလိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာ အီဗလင်. . . မင်းနဲ့မတွေ့ရတာ တစ်နှစ်လောက်တောင် ရှိသွားပြီထင်တယ်"

"ဆယ့်သုံးလရှိသွားပြီ ဂျက်ဖ်. . ." အီဗလင်က ပြုံးပြရင်း ဂျက်ဖရေစပင်ဇာ၏ လက်ကိုဆွဲယူနှုတ်ဆက်သည်။ "နယူးယောက်မှာကျော်နီကာဆန် အတွက် ဧည့်ခံပွဲတစ်ခု ပေါ်လ်က လုပ်တုန်းကနောက်ဆုံးတွေ့ခဲ့ကြတာလေ"

"ကျုပ်တို့ သွားကြမလား"

သူတို့စကားကို အေဒမ်ကဝင်ဖြတ်သည်။ စပင်ဇာကခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားတာပေါ့၊ခင်ဗျားတို့ သေတ္တာတွေ ဟိုတယ်ကိုတိုက်ရိုက်ယူသွားဖို့ ကျွန်တော် အစီအစဉ်လုပ်ထားပြီးပြီ"

"ကျုပ်တို့ ဒီမှာ ညမအိပ်ဘူး၊ ညနေ ငါးနာရီခေါက် လေယာဉ်ပျံနဲ့ နယူးအော်လင်းကို ပြန်လိုက်ဖို့ လက်မှတ်ကြိုဝယ်ထားပြီးသား၊ခင်ဗျားရုံးကို တိုက်ရိုက်သွားပြီး စကားပြောကြရင် ဖြစ်နိုင်မလား"အေဒမ်ဟက်ချ်က လေဆိပ် အဆောက်အအုံဘက်သို့ စတင်ခြေလှမ်းနေပြီ ဖြစ်သည်။

စပင်ဇာ၏ကြိုတင် မေတ္တာရပ်ခံထားချက်အရ လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် အကောက်ခွန်အရာရှိများအားလုံးက အေဒမ်တို့ကို စစ်ဆေးခြင်းမပြုပဲ ခွင့်ပြုလိုက်ကြသည်။ အမှန်တော့စပင်ဇာက ကြိုတင်မေတ္တာရပ်ခံထားခြင်း မရှိလျှင်လည်း အေဒမ်တို့ကို စစ်ဆေးကြမည် မဟုတ်ပါ။ အေဒမ်သည် ယခုထက်တိုင်အောင် သံတမန်နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားဆဲ ဖြစ်သည်။ ဟိုတုန်းကတော့ သူကိုယ်တိုင် ဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်ပြီး ဖြစ်သော်လည်း သံတမန်နိုင်ငံကူးလက်မှတ် ဆက်လက်ကိုင်ဆောင်ထားခွင့်ကို သမ္မတ ဘီလီဘင်းနက်က ခွင့်ပြုထားသည်။

အီဗလင်သည် သူ့ယောက်ျားနှင့်အတူတူမလျှောက်ပဲ စပင်ဇာနှင့် အတူယှဉ်တွဲပြီး လျှောက်လိုက်လာသည်။ ဒရိုင်ဘာနှင့် အင်ကမ်းကုမ္ပဏီ လုံခြုံရေးတာဝန်ခံတို့က ကက်ဒီလက် မော်တော်ကားကြီးနှင့်အတူ စောင့်နေကြသည်။ အေဒမ်နှင့် အီဗလင်ကို နောက်ခုံမှာ အလျှင် ဝင်ထိုင်စေသည်။ ပြီးတော့မှ စပင်ဇာက ရှေ့မှာသွားထိုင်သည်။

မော်တော်ကားတွင်းမှာ လေအေးစက် တပ်ထားသောကြောင့် တော်ပေသေးတော့သည်။ အပြင်မှာ အပူချိန်က ဒီဂရီ ၉၀ကျော်ရှိနေသည်။ လေထုသိပ်သည်းမှုကလည်း များပြားလွန်းလှသည်။ လေဆိပ်မှ စန်တာကလာရာမြို့သို့သွားသည့်လမ်းမှာ ယာဉ်ကြောလေးလမ်းရှိ လမ်းကျယ်ကြီးဖြစ်သည်။ ပတ်ဝန်းကျင် မြင်ကွင်းများကလည်း မျက်စိပသာဒရှိလှသည်။ ဟိုတုန်းကတော့ သည်လိုမဟုတ်။ လေဆိပ်နှင့်မြို့တော် ဆက်သွယ်ရေးလမ်းမ၏ တစ်ဘက်တစ်ချက်တွင် အိမ်စုတ်များ၊ တဲဖုတ်များနှင့် ရှုပ်ပွနေခဲ့သည်။ အင်ကမ်းကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် သဘောတူပြီးသည့် နောက်ပိုင်း၌ ပေါလ်ဗားဟတ်၏အစီအစဉ်ဖြင့် ထိုတဲဖုတ်များကို ဖျက်သိမ်းကာ မြေတူးစက်နှင့်ထိုးဖျက်ပစ်လိုက်သည်။

ထိုသူများကိုမူ မြို့နှင့်အလှမ်းဝေးရာ တစ်နေရာတွင် မြေနေရာ ချပေးလိုက်သည်။

မြို့တော်၏ အစပ်သို့ မော်တော်ကားရောက်သောအခါ မော်တော်ယာဉ် အသွားအလာများပိတ်ဆို့နေသည်ကို မြင်တွေ့ရသည်။ ရှေ့ဆက်မောင်း ရန်မဖြစ်နိုင်တော့။

"ကျုပ်တို့ကြားထားတဲ့ဆန္ဒပြပွဲတွေအကြီးအကျယ်ဖြစ်နေပြန်ပြီ နဲ့တူတယ်" ဟု အေဒမ်က ပြောသည်။ သူ့လေသံကလည်း အနည်းငယ်နာကျည်းသယောင် ပေါက်နေသည်။

ထိုအဖြစ်အပျက်များကို ဖုံးကွယ်နေ၍လည်းအကြောင်းထူးမည် မဟုတ်ကြောင်း စပင်ဇာကတွေးမိသည်။ မိမိတို့အခြေအနေကို အေဒမ်ကောင်း ကောင်းသိထားသည်။ မိမိတို့မှာ အကျပ်အတည်းရှိနေသည်ကိုသိလေ သူ့ဘက်က ဈေးပိုကိုင်လေ လုပ်လာမည်ကိုလည်း ကြိုတွက်ထားပြီးသားဖြစ်သည်။ သို့သော် သူ့မှာငွေကိုအသေရရအရှင်ရရ လိုနေသည်။ ထိုငွေကိုလည်း မိမိတို့ကဲ့တစ်ပါးအခြား မျှော်လင့်ချက်မရှိတော့။ ထို့ကြောင့် သူထင်သလို အကျပ်ကိုင်နိုင်မည် မဟုတ်ကြောင်းကို လည်းစပင်ဇာက သဘောပေါက်လိုက် ပြီးဖြစ်သည်။

"ဟား. . . ဟား. . . ဟား. . . ဆန္ဒပြပွဲဆိုရင် ခင်ဗျားစိတ်ထဲက အလိုလိုကို သိနေတော့ တာပေါ့နော် အေဒမ်. . ."

စပင်ဇာက အားပါးတရရယ်ရင်း ပြန်ပြောသည်။ သူ ဘဏ္ဍာရေးဝန်ကြီး ဘဝတုန်းက ရာထူးမှနုတ်ထွက်ပေးရန် ဝိုင်းဝန်းဆန္ဒပြခြင်းကိုခံခဲ့ရဖူးသည်။ ကြွေးကြော်သံများနှင့် ပိုစတာ



www.burmeseclassic.com

www.burmeseclassic.com



များကိုကိုင်ပြီး အိမ်ဖြူတော်ကို ဝိုင်းဝန်းဆန္ဒပြသူများအား အမေရိကန် ဘဏ်လုပ်ငန်းရှင်ကြီးများ အသင်းမှ တိတ်တဆိတ် စီစဉ်ပေးခြင်းကိုမူ မည်သူမှ မသိလိုက်ကြ။

အေဒမ်က စပင်ဇာကို စူးစူးဝါးဝါး ပြန်စိုက်ကြည့်သည်။ ပြီးတော့မှ သူ့စိတ်ကို သူထိန်းကာ နှုတ်ပိတ်ထားလိုက်သည်။

ထိုစကားကို ကြားရသောအခါ အီဗလင်ကိုယ်တိုင်လည်း စိတ်ထဲမှာ မချမ်းမသာ ဖြစ်သွားသည်။ သူ့ယောက်ျားကိုလည်း ကရုဏာပွားမိသည်။ အေဒမ်သည် စပင်ဇာတို့လို ဗားဟတ်တို့လို ပုဂ္ဂိုလ်မျိုးမဟုတ်ကြောင်းလည်း သဘောပေါက် လိုက်မိသည်။ မနေတတ် မထိုင်တတ် ဖြစ်သွားသောကြောင့် လက်ကိုင်အိတ်ကို မသိမသာဖွင့်ပြီး အထဲမှာ ဆေးပုလင်းရှာသည်။ ခဏကြာတော့ ဆေးပုလင်းကို စမ်းမိသည်။ ထိုအထဲမှ ဗေလီယမ် ၁၀-ဆေးတစ်လုံးကိုထုတ်ယူပြီး သည်အတိုင်း အခြောက်တိုက် မျိုချလိုက်သည်။ နာရီအနည်းငယ်တော့ သက်တောင့်သက်သာနေနိုင်ပါလိမ့်မည်။ သူ ထိုသို့ပြုလုပ်နေသည်ကို ယောက်ျားနှစ်ယောက်ကတော့ သတိမထားမိလိုက်ကြချေ။

ရှေ့သို့ ဆက်မောင်း၍ မရနိုင်တော့မှန်း သိသည့်အတွက် ဒရိုင်ဘာက နောက်ပြန်ကွေ့ပြီး အခြားလမ်းမှမောင်းလာခဲ့သည်။ လူအုပ်ကြီးကတော့ ကြွေးကြော်သံများ အော်ဟစ်ကာ သမ္မတအိမ်တော်ရှိရာသို့ ချီတက်သွားနေကြသည်။ နောက်ဆုံး ပြူအာတိုကွေ့ဒိုနိုင်ငံဆိုင်ရာ အင်ကမ်းကုမ္ပဏီရုံးခွဲသို့ ရောက်လာကြသည်။ သည်က အဆောက်အအုံမှာလည်း နယူးယောက်မှာ ရှိနေသည့် အင်ကမ်းရုံး အဆောက်အအုံနှင့် တစ်ပုံစံတည်းဖြစ်သည်။ သည်မှာက ကိုးထပ်တည်းရှိခြင်း သာကွာသည်။ သို့သော်လည်း အဆောက်အအုံနိမ့် နိမ့်များသာရှိသော စန်တာကလာရာ မြို့ထဲမှ အင်ကမ်းအဆောက်အအုံသည် ထင်ရှားနေသည်။

လုံခြုံရေးတာဝန်ခံက အလျင်ဆင်းပြီး တံခါးဖွင့်ပေးသည်။ အဆောက်အအုံထဲသို့ သူတို့ဝင်ခဲ့ကြသည်။ နေ့လယ်စာ စားဖို့ထွက်လာကြသော အမှုထမ်းများ၊ အပြင်မှဝင်လာကြသည့် အမှုထမ်းများက စပင်ဇာကို နှုတ်ဆက်ကြသည်။ တချို့က လမ်းဖယ်ပေးကြသည်။ လုံခြုံရေးတာဝန်ခံကို အောက်ထပ်မှာပင်ထားခဲ့ပြီး အပေါ်ဆုံးထပ် စပင်ဇာ၏ ရုံးခန်းရှိရာသို့ ဓာတ်လှေကားဖြင့် သူတို့တက်ခဲ့ကြသည်။ စပင်ဇာ၏ ရုံးခန်းဝသို့ရောက်သောအခါ ချောမောလှပသော အမေရိကန်အမျိုးသမီး အတွင်းရေးမှူးက ဆီးကြိုနှုတ်ဆက်သည်။ ဟက်ချ်နှင့် စပင်ဇာတို့ လုပ်ငန်းကိစ္စ စကားပြောနေကြခိုက် အီဗလင်ကို အတွင်းရေးမှူးနှင့် အတူထိုင်စောင့်နေမည်ဟု ပြောသည်။

"မစ္စဝိုက်စ် . . . မစ္စက်ဟက်ချ်ကို ဧည့်ခံလိုက်ပါ၊ သူလိုချင်တာ အားလုံး ဖြစ်အောင် လုပ်ပေးလိုက်ပါ" စပင်ဇာက အတွင်းရေးမှူးကို ထိုသို့ပြောပြီး အီဗလင်ဘက်သို့ လှည့်လာသည်။ "ကော်ဖီသောက်မလား၊ ဒါမှမဟုတ် အရက်သောက်မလား၊ နည်းနည်းပါးပါးသောက်ချင် သောက်ထားလေ၊ ပြီးရင် ကျုပ်တို့ နေ့လယ်စာ သွားစားကြမှာပဲ"

"လောလောဆယ် ဘာမှ မလိုသေးပါဘူး၊ကျေးဇူးတင်ပါတယ်၊ ဆရာဝန်ရဲ့ အခန်းရှေ့မှာ စောင့်ရင်း စာဖတ်နေသလို ကျွန်မ စာဖတ်နေပါ့မယ်" အီဗလင်က စားပွဲပေါ်မှာတင်ထားသော ရုံးဖိုင်တွဲကြီးများကို မေးငေါ့ပြရင်း ပြန်ပြောသည်။

\+ + +

အတွင်းခန်းမှာ အလွန်ကျယ်ဝန်းလှသည်။ အဆင့်အတန်းမြင့်မြင့်လည်း ပြင်ဆင်မွမ်းမံထားသည်။ လေအေးစက်တပ်ထားသောကြောင့်အပူချိန်က ၆၈ ဒီဂရီ သာရှိသည်။ အေဒမ်ဟက်ချ်က သားရေဖုံး ခုံရှည်တစ်လုံးပေါ် မှာဝင်ထိုင်လိုက်သည်။ စပင်ဇာကလည်း သူနှင့် မျက်နှာချင်းဆိုင်မှကုလားထိုင်မှာဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အေဒမ်၊ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ရှိတော့တယ်၊ လွတ်လွတ်လပ်လပ် စကားပြောနိုင်ပါတယ်၊လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားက ဆွေးနွေးချင်တယ်လို့ ကျွန်တော့်ကို ပေါလ်က ပြောထားပါတယ်"

ခွေးသား၊ ပေါလ်ကမင်းကိုအကုန်လုံး ပြောပြထားပြီးသားပါဟု အေဒမ်က စိတ်ထဲမှ ကျိတ်ပြီး ကျိန်ဆဲလိုက်မိသည်။ သူ့မျက်နှာပေါ်တွင်လည်း ရွံမုန်းသည့် အမူအရာပေါ်လာသည်။

"အမေရိကန်အစိုးရက ခင်ဗျားတို့အတွက် တစ်ခုခုလုပ်ပေးဖို့ အတွင်းလူတစ်ယောက်ယောက်က ဝင်ပြောပြပေးရင် ကောင်းမယ်လို့ ပေါလ်ကို ကျုပ် အကြံပေးခဲ့တယ်" အေဒမ်ဟက်ချ်က စကားကိုမဆက်သေးဘဲ လည်ချောင်း ရှင်းလိုက်သည်။ "ဆိုကြပါစို့ဗျာ-ပြုအာတိုကွေဒိုနိုင်ငံထဲက စီအိုင်အေ အမှုထမ်းတွေပြန်ခေါ်တဲ့ အမိန့်ကို ပြန်ရုပ်သိမ်းပြီး ထပ်ပို့ပေးဖို့ဆိုတာမျိုးဆိုပါတော့"

"ဒါက မဖြစ်လောက်ပါဘူးဗျာ၊ပြီးတော့ အချိန်လဲသိပ်နောက်ကျသွားပါ ပြီ"စပင်ဇာက ထိုသို့ ပြန်ပြောရင်း စိတ်ထဲမှလည်း သူတောင်းစားသူခိုးကြီး၊ ဒါလောက်နဲ့တော့ ဘယ်ရမလဲ ဟုလည်း ကျိန်ဆဲနေမိသည်။"

"ပြုအာတိုကွေဒိုနိုင်ငံကို အရေးတကြီး ကူညီထောက်ပံ့ပေးနိုင်မယ် ဆိုရင်"

"အေဒမ်" စပင်ဇာ၏ ကိုယ်လုံးက စောစောကထက် ပိုမိုတောင့်လာသည်။ "ငွေရေးကြေးရေးက ကျုပ်တို့အတွက် ပြဿနာမဟုတ်ပါဘူး၊ ခင်ဗျားအတွက်သာ ပြဿနာ ဖြစ်နေတာပါ၊ ဒါဟာ အခြေခံအချက်ဖြစ်ကြောင်း ခင်ဗျား လက်ခံမယ် ဆိုရင် ကျုပ်တို့ ရှေ့ဆက်ဆွေးနွေးမယ်"

သို့သော်လည်း အေဒမ်ဟက်ချ်ကတော့ ဒါလောက်နှင့် အလွယ်တကူ လက်မြှောက်အရှုံးပေးတတ်သည့် လူစားမျိုးမဟုတ်။

"ဒါလောက် လောမကြီးနဲ့ဦးလေ၊ဒီတိုင်းပြည်မှာ ပေါ်ပြူလာပါတီက အနိုင်ရသွားတယ် ဆိုရင် အင်ကမ်းကုမ္ပဏီ ဘဝပျက်သွားပြီ၊ ဘယ်လောက်တောင် ဆုံးရှုံးသွားမလဲ၊ ဒေါ်လာ သန်းပေါင်းနှစ်ထောင် အနည်းဆုံးပဲမဟုတ်လား၊ ဒါလောက် ကြီးမားတဲ့ ဆုံးရှုံးမှုကိုတော့ ပေါလ်ရင်ကော့ပြီးခံနိုင်မှာ မဟုတ်ပါဘူး"

"မှန်ပါတယ်၊သူ ခံနိုင်မှာမဟုတ်ပါဘူး" စပင်ဇာကလည်း ဝန်ခံလိုက်သည်။"နှလုံးသွေးရပ်ပြီး သေသွားနိုင်တယ်။ကျုပ်လဲသေမှာပဲ၊ဒါပေမယ့် ခင်ဗျားလို ထောင်ထဲမှာသွားပြီး အချိန်ဖြုန်းနေရတာမျိုးနဲ့စာရင် ကျုပ်တို့သေလိုက်ကြတာကမှ ကောင်းသေးတယ်၊ အရှက်တကွဲ အကျိုးနည်းလဲ မဖြစ်ရဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘာပြောချင်သလဲ"

အေဒမ်ဟက်ချ်၏ မျက်နှာမှာ ညှိုးပုပ်သွားသည်။ သို့သော်လည်း တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းကားမပြု။

"ကိုင်း. . . ရန်လိုတဲ့ စကားတွေပြောနေကြတာ ရပ်ကြစို့လား" ဂျက်ဖရေစပင်ဇာ၏ လေသံက ခပ်မြှုမြှုပြန်ဖြစ်လာသည်။ သို့သော်လည်း သူ့ အကြည့်ကမူ ရာဇသံပေးလိုက်သည့် သဘောမျိုးဖြစ်နေသည်။ "အပြန်အလှန်ပူးပေါင်း ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ခင်ဗျား မဆွေးနွေးလိုဘူးဆိုရင် ခင်ဗျားနဲ့အီဗလင်ကို ဝမ်းသာအားရနဲ့ ကျုပ်ထမင်းလိုက်ကျွေးပါ့မယ်၊ ပြီးတော့ ခင်ဗျားတို့ စီစဉ်ထားကြတဲ့အတိုင်း အမေရိကန်ကို ပြန်ကြတာပေါ့ဗျာ၊လေဆိပ်ကို လိုက်ပို့ပေးပါမယ်"

"ကောင်းပြီ၊ဆွေးနွေးစရာရှိတာ ဆက်ဆွေးနွေးပါ"

အခြေအနေ ပိုမိုဆိုးရွားလာတော့မည်ကို ခန့်မှန်းလိုက်မိသော အေဒမ်က ထိုစကားကို ကမန်းကတန်း ပြောလိုက်သည်။ 'ကျွေးဇူးပြုပြီး' ဆိုသောစကားလုံး မထည့်မိအောင်တော့ သူ ကောင်းစွာ သတိထားလိုက်ရပါသည်။

"ဝမ်းသာပါတယ်ဗျာ၊ကျုပ်တို့ အခြေအနေကောင်းသွားကြပြီပေါ့၊ ကဲ . . . ကျုပ် ပြောတာကို သေသေချာချာနားထောင် အေဒမ်၊ ပြုအာတိုကွေဒိုနိုင်ငံရဲ့ ပြဿနာကို ဖြေရှင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းကျုပ်တို့တွေ့ထားပြီးပြီ၊ အဲဒီလိုဖြေရှင်းရာမှာ ကုန်ကျမယ့် ငွေကြေး အားလုံးကိုလဲ ကျုပ်တို့ ကုမ္ပဏီကပဲ စိုက်ထုတ်ကျခံမယ်"

"ကျုပ်ခန့်မှန်းမိပါတယ်၊ ခင်ဗျားတို့ ဘာလုပ်ကြတော့မယ်ဆိုတာ ကျုပ်သဘောပေါက်လိုက်ပါပြီ"

"ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ဆေးလို့ပဲပြောကြပါစို့ဗျာ၊ ဆေးကတော့ ဆေးခါးကြီးပဲ၊ ဒါကြောင့် အဝင်မဆိုးအောင် တစ်ယောက်ယောက်က သကြားဖုံးပေးဖို့တော့ လိုတာပေါ့၊ ဒီဥပမာကိုပဲ ဆက်ပြီးသုံးရမယ်ဆိုရင် ပေါလ်နဲ့ ကျုပ်ကလိုအပ်တဲ့ ဆေးစာအညွှန်း ရေးနေတဲ့အခါမှာ အမေရိကန်အစိုးရက ဘာမှ ဝင်မစွက်ဖို့ ခင်ဗျားအနေနဲ့ ဆောင်ကြဉ်းပေးဖို့ပါပဲ"

"ဟ. . . ဒီကိစ္စက သေးသေးကွေးကွေး တာဝန်မှမဟုတ်တာ"

"အေးလေ. . . ခင်ဗျားရမယ့် ပိုက်ဆံ အရေအတွက်ကလဲ သေးသေးကွေးကွေးမှ မဟုတ်တာ၊ အေပက်ခ်စ် ဘဏ်တိုက်ကို ခင်ဗျား ငွေသုံးသန်း ပြန်ဆပ်ရမယ့်ရက်ဟာ ရှစ်ရက်တည်း လိုတော့တယ်ဆိုတာလဲ ခင်ဗျားသိသားပဲ၊ကျုပ် ပြောတဲ့အတိုင်းသာ ခင်ဗျားလုပ်၊ ဒီနေ့ခင်းမှာပဲ ခင်ဗျားကို ငွေတစ်သန်း ခွဲကျုပ်ပေး လိုက်မယ်"

"အေပက်ခ်စ်က သူ့ငွေတစ်ဝက်တည်းပြန်ဆပ်တာ လက်ခံမှာ မဟုတ်ဘူး"

"လက်ခံမယ်၊ အေပက်ခ်စ် ဘဏ်ဥက္ကဋ္ဌနဲ့ ပေါလ်နဲ့ စကားပြောပြီးပြီ"

"ကျန်ငွေကို သူတို့ကဘယ်လောက်ကြာအောင် ဆိုင်းထားမှာတဲ့လဲ"

"ကျုပ်တို့ ခိုင်းတဲ့အတိုင်း ခင်ဗျား လုပ်ပြီးတဲ့အချိန်. . . ခင်ဗျားကို ကျန်တဲ့ ငွေတစ်ဝက် ကျုပ်တို့ပေးပြီးတဲ့ အချိန်အထိစောင့်နေလိမ့်မယ်၊ ကျုပ်တို့ ခိုင်းတာကို ခင်ဗျားမလုပ်ဘူးဆိုရင် ကျုပ်တို့ကလဲ ခင်ဗျားကိုငွေမပေးဘူး၊ အေပက်ခ်စ် ဘဏ်တိုက်ကလဲ ရက်တိုးပေးတော့မှာ မဟုတ်ဘူး"

လေအေးစက်တပ်ထားသောကြောင့် အခန်းထဲမှာ အေးနေသော်လည်း အေဒမ်ဟက်ခ်ျမှာ ဇောချွေးများ ပြန်လာသည်။

"ခင်ဗျားနဲ့ပေါလ်ကို ကျုပ်ဆပ်စရာရှိတဲ့ တစ်သန်းနဲ့ သုံးသိန်းကိစ္စကရော ဘယ်လို လုပ်မှာလဲ"

"ဒီမှာ အေဒမ်. . . ခင်ဗျားလဲ နှစ်ပေါင်းများစွာကတည်းက ဘဏ်လုပ်ငန်းကို လုပ်လာ တာပဲ၊ ဘဏ်တိုက်က တင်နေတဲ့ အကြွေးဟာအကြွေးပဲပေါ့ဗျ၊ လျှော်ပစ်လို့ ဘယ်မှာဖြစ်မှာလဲ"

"အခု ခင်ဗျားတို့ ခိုင်းတဲ့အလုပ်ကသုံးသန်းမက တန်နေတာပဲ၊ ဟို အကြွေး တစ်သန်း သုံးသိန်းကိုပါ လျှော်ပစ်စေချင်တယ်"

"ကျုပ်ခိုင်းတာကို ခင်ဗျားအရင်လုပ်ပါလေ၊ လောလောဆယ်မှာတော့ အဲဒီ အကြွေး ဟာ အကြွေးအတိုင်း တည်ရှိနေမှာပဲ"

"ကျုပ် လွတ်လွတ်လပ်လပ်ရွေးချယ် နိုင်ခွင့် ကလေးကိုမှခင်ဗျားနဲ့ ဗားဟတ်က မပေးကြတော့ဘူးလား"

ထိုစကားကိုကြားရသောအခါ စပင်ဇာက အံ့အားသင့်သွားသည်။ သို့သော်လည်း အေဒမ် မရိပ်လိုက်မိစေရန် ဣန္ဒြေဆည်လိုက်သည်။

"ဒီမှာ အေဒမ်. . . ခင်ဗျားကို ကျုပ်တို့အခွင့်အရေးအများကြီးပေး ထားပြီးပြီပဲ၊ မလုပ်ဘူး. . . လုပ်မယ်ဆိုတာ တစ်ခုခုရွေးဖို့ပေးတဲ့ အခွင့်အရေးဟာ နည်းသလားဗျ၊ခင်ဗျား ကြိုက်သလိုဆုံးဖြတ်လေ၊ ဆုံးဖြတ်ရမယ့်လူက ခင်ဗျားပဲ"

အေဒမ်ဟက်ခ်ျသည် ဘာမှ ပြန်မပြောတော့ပဲ အသံတိတ်နေသည်။ သဘောတူ လက်ခံလိုက်ပြီဖြစ်ကြောင်း သူ့အမူအရာက ဖော်ပြနေသည်။

"ကျုပ်တို့အစည်းအဝေးပြီးသွားပါပြီ" စပင်ဇာက ပြုံးရင်းထိုင်ရာမှ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အီဗလင်ကို သွားခေါ်ပြီး အောင်ပွဲခံတဲ့အနေနဲ့ နေ့လယ်စာသွားစား ကြရအောင်လား၊ ကျုပ်တို့ ထမင်းစားပြီးတဲ့အခါမှာ ငွေတစ်သန်းခွဲဟာ ဟောဒီမှာ စောင့်နေလိမ့်မယ်၊ဘာအမှတ်အသားမှ လုပ်မထားတဲ့ ရာတန်တွေချည်းပဲ အထပ်လိုက်ထုပ်ပြီး အနက်ရောင်လက်ကိုင်အိတ်ထဲမှာ ထည့်ပြီးသား ဖြစ်နေလိမ့်မယ်"

အေဒမ်ဟက်ချ်သည် သံတမန်နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသူ ဖြစ်လေရာ ထိုအိတ်ကို မည်သူကမှလည်း ဖွင့်လှစ်စစ်ဆေးမည် မဟုတ်ပေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [၃]

## နယူးယောက်၊ သောကြာ၊ မေ ၇၊ မွန်းလွဲ ၁ း၃၀နာရီ။

ပေါလ်ဗားဟတ် ဂျာမနီနိုင်ငံတွင် နေ့စဉ်ကလေးဘဝတုန်းက ဂျူး အဘိုးအို တစ်ယောက်ကို ရှပ်ညိုတပ်သားများက ဝိုင်းဝန်းနှိပ်စက်ရန် ဝိုင်းလာကြသည့် မြင်ကွင်းကို မြင်တွေ့ခဲ့ဖူးပါသည်။

ရှပ်ညိုတပ်သားများက ဂျူးအဘိုးအိုကြီး၏ ဇီဝိန်ကိုခြွေရန် ရှေ့သို့ တိုးသွားကြသည်။ ဂျူးအဘိုးအိုကြီးက ကြောက်ရွံ့သည့် အမူအရာကို လုံးဝမပြပဲ အိတ်ထဲမှ ဘာဂျာကို ဆွဲထုတ်ကာ နာဇီတပ်သားများ အထွတ်အထိပ် ထားသော စစ်ချီသီချင်းတစ်ပုဒ်ကို မှုတ်လိုက်သည်။ ရှပ်ညို တပ်သားများ နောက်တွန့်သွား ကြသည်။ ဂျူးအဘိုးကြီးကို ရန်မရှာတော့ပဲ သွားခွင့်ပြုလိုက်သည်။

ထိုမြင်ကွင်းကလေးကိုဘယ်နည်းနှင့်မှ သူမမေ့နိုင်ပါ။ သူ့ဘဝအတွက် သင်ခန်းစာ အဖြစ်နှင့်လည်း သူမှတ်ယူထားခဲ့သည်။ မိမိကို တိုက်ခိုက်လာမည့် ရန်သူများ စိတ်ရှုပ်ထွေး သွားစေရန် ပြုလုပ်လိုက်သည့် သဘောပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် စိတ်ဓာတ် စစ်ဆင်ရေးပင် ဖြစ်လေသည်။

ဘရော့ဒ်ဝေး အောက်လမ်းပေါ်ရှိ ဆင်ကလဲယားနေရှင်နယ်အဆောက်အအုံကြီး၏ စည်းဝေးခန်းမထဲမှာ ထိုင်နေကြသူ သုံးယောက်သည် ရှပ်ညို တပ်သားများမဟုတ်ပါ။ ရှပ်ညို တပ်သားများလို ယူနီဖောင်းများလည်း ဝတ်ဆင်မထားကြပါ။ သပ်ရပ်သော ရိုးရိုးအရပ်ဝတ် အရပ်စားများကိုပင် ဝတ်ဆင်ထားကြပါသည်။

သို့သော်လည်း ခန်းမထဲကို ပေါလ်ဗားဟတ် ဝင်လာသည်နှင့် တစ်ပြိုင်တည်း သူတို့ သုံးယောက်စလုံး ကြောက်ရွံ့ထိတ်လန့်သွားသည့် အမူအရာများပေါ် မသွားအောင် ဟန်ဆောင် ထိန်းသိမ်းလိုက်ကြရလေသည်။ ပေါလ် ဗားဟတ်ကလည်း ရိုးရိုးအဝတ်အစားကိုပင် ဝတ်ဆင်လာခဲ့ သည်။ စောင့်နေသူ သုံးယောက်ကိုမြင်တော့ သူကပင် စတင်နှုတ်ဆက်သည်။

"ဟယ်လို. . . ဂေါ်ဒွန်. . . ခင်ဗျား အသားအရေတွေ တယ်လှနေပါလား" ဂေါ်ဒွန် ဆင်ကလဲယားသည် အမေရိကန်ပြည်ထောင်စုတွင် ပဉ္စမမြောက် အကြီးဆုံးဖြစ်သော ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်ကြီး၏ ဥက္ကဌဖြစ်သည်။ "ခင်ဗျား အိမ်သားတွေ

www.burmeseclassic.com



နေကောင်းကြရဲ့လား ကလေး" နဖူးပြောင်ပြောင်နှင့် ကလီးမင့်ကလေးအင်ဂျီသည် 'အင်ဂျီ-ဘောကာနှင့်မက္ကဒိုဝယ် အစုရှယ်ယာဒိုင်ကြီး' ၏ အစုရှယ်ယာအများဆုံးကို ပိုင်ဆိုင်သူ ဖြစ်သည်။ သူတို့ ကုမ္ပဏီသည်လည်း အမေရိကန်ပြည်တွင် ဒုတိယအကြီးဆုံး ကုမ္ပဏီဖြစ်သည်။ "အာတီ. . . ခင်ဗျားနဲ့ ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျာ" အာသာမိုရယ်ခေါ် အာတူလိုမိုရယ်လီသည် သူတို့အားလုံးထဲမှာ အသက်အကြီးဆုံးဖြစ်သည်။ ဆံပင်တွေ အားလုံး ဆွတ်ဆွတ်ဖြူနေကြပြီ။ စီးပွားရေးလုပ်ငန်းတွင် အလွန်တော်သော်လည်း သူ့နာမည်ကမူထိပ်တန်းသို့ ရောက်မလာပေ။

"ကြိုက်တဲ့ခုံမှာသာ ဝင်ထိုင်ပါပေါလ်. . . "ဂေါ်ဒွန်ဆင်ကလဲယားက လှမ်းပြောသည်။ သူ့အသံ ပုံမှန်ဖြစ်အောင်လည်း မနည်းကြိုးစားပြီး ပြောရပုံပေါ်သည်။ "ကျွန်တော့် ရုံးခန်းထဲမှာ လုပ်တာနဲ့စာရင် ဒီမှာလုပ်တာက ပိုပြီးများ အဆင်ပြေမလားလို့. . . "

"ကောင်းပါတယ်ဗျာ. . . အချိန်လဲမကုန်ဘူး၊ စိတ်ချမ်းသာလက်ချမ်းသာနဲ့လဲ တိုင်ပင်နိုင်ကြတာပေါ့"ဟု ပေါလ်က ပြင်သစ်လိုပြန်ပြောသည်။ ဆင်ကလဲယားနှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် သူဝင်ထိုင်သည်။ ပေါလ်ဗားဟတ်သည် ဘာသာစကားပေါင်းများစွာကို ရေရေလည်လည် ပြောဆိုတတ်သူ ဖြစ်သည်။

"ခင်ဗျား ပြောတာ မှန်ပါတယ်"

ဆင်ကလဲယားက သူ့မျက်မှန်ကို နေသားတကျ ဖြစ်သွားအောင် ပြင်ဆင်လိုက်ပြီး ရှေ့မှာအသင့်ချထားသည့် သားရေဖုံးဖိုင်တွဲကိုဖွင့်လိုက်သည်။

"အစည်းအဝေးအစီအစဉ်တွေ ဘေးချိတ်ထားလိုက်စမ်းပါ ဂေါ်ဒွန်၊ ကျုပ်ဟာကျုပ်ပဲ တိုင်တည်မှုကလေးတစ်ခု လုပ်လိုက်ပါရစေဦး" ဗားဟတ်၏ နှုတ်ခမ်း ပေါ်မှာ အပြုံးကလေးတစ်ခု တွန့်လိမ်သွားသည်။ ပြီးတော့ အင်္ကျီအပေါ်ပိုင်းက ကြယ်သီးများကို ဖြုတ်ပစ်လိုက်ကာ ဘုရားရှိခိုးသူကဲ့သို့ ခေါင်းကိုငိုက်ချလိုက်သည်။ "အရှင်ဘုရား. . . တပည့်တော်တို့ အခုလိုစုဝေးကြတာဟာ တပည့်တော်တို့နဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ အပြင်လောကက လူကြမ်း လူရမ်းကြီးလို့ အသိအမှတ်ပြုထားကြတဲ့ ပေါလ်ဗားဟတ်ကိစ္စကို အဆုံးအဖြတ်ယူကြဖို့ပဲ ဖြစ်ပါတယ်၊ အင်ကမ်း ကုမ္ပဏီကြီးရဲ့ ဥက္ကဋ္ဌရာထူးကနေ ထွက်ပေးဖို့ တပည့်တော်တို့က တောင်းဆိုကြရပါလိမ့်မယ်၊ ပြီးတော့မှ သူ့ဟာသူကြိုက်တဲ့ အမှောင်ထုထဲကို တိုးနိုင်ပါတယ်" ပေါလ်က ခေါင်းကို ပြန်ထောင်လိုက်ပြီး ပတ်ဝန်းကျင်ကို နောက်ပြောင်သည့် အမူအရာဖြင့် လှည့်ကြည့်လိုက်သည်။

"မိတ်ဆွေများ ခင်ဗျား. . . ဒါပဲမဟုတ်လား"

အာသာမိုရယ်၏ မျက်နှာပေါ်တွင် သဘောကျသည့် အမူအရာကလေးတစ်ခုပေါ်သွားသည်။ ပေါလ်ဗားဟတ်သည် အလွန်သတ္တိရှိသူဖြစ်သည်။ သတ္တိရှိသူများကို သူ လေးစားသည်။

"ဒီလို ပေါ့ပျက်ပျက် လုပ်ပစ်တာမျိုးကို ကျုပ်မကြိုက်ဘူး ပေါလ်"

ဂေါ်ဒွန်ဆင်ကလဲယားက အေးတိ အေးစက် လေသံဖြင့်ပြောသည်။

"ကျုပ်လဲ ဒါမျိုး မကြိုက်ဘူး၊ အင်ကမ်းကုမ္ပဏီရဲ့ အစုရှယ်ယာတွေ နောက်ဆုံးဈေးနှုန်း ဘာဖြစ်နေသလဲခင်ဗျား သတိထားမိရဲ့လား"

ကလီးမင့်ကလေး အင်ဂျီကလည်း ဝင်ပြောသည်။ သူ့အသံလည်း အေးတိ အေးစက် ဖြစ်နေသည်။

"စောစောက တစ်နာရီထိုးတဲ့အချိန်မှာနောက်ထပ် ၂ ဒသမ ၇စကျသွားတယ်၊ အရောင်းအဝယ် မပိတ်ခင်မှာ နောက်ထပ်ဆက်ကျသွားစရာရှိ သေးတယ်" ပေါလ်က ပခုံးကို တွန့်ပြလိုက်ရင်း ပြန်ဖြေသည်။

"ကျတယ်. . . ဟုတ်လား. . . စောက်ထိုး ဆင်းသွားတာဗျ၊ ရိုးရိုးကျတာမဟုတ်ဘူး" အင်ဂျီက လှမ်းပက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အလှည့်တော့ ရောက်လာပြီ။ သူတို့ချင်းကို ခွဲတိုက်မှ ဖြစ်တော့မယ်ဟု ပေါလ်က စိတ်ထဲမှ တွေးလိုက်သည်။

"အဲဒီလို စောက်ထိုးဆင်းသွားတော့ရော ဘာဖြစ်သလဲ ကလေး. . . အင်ကမ်းကုမ္ပဏီရဲ့ အစုရှယ်ယာတွေကို ခင်ဗျားထုတ်ရောင်းပစ်နေတယ်လို့ ကျုပ်ရဲ့ ထောက်လှမ်းရေးသမားတွေက ကျုပ်ကိုသတင်းပို့ကြတယ်လေ"

ထိုစကားကိုကြားသောအခါ ဆင်ကလဲယားနှင့် အာသာမိုရယ်တို့ နှစ်ယောက်က ကလီးမင့်ကလေးအင်ဂျီကို လှမ်းကြည့်ကြသည်။ အင်ဂျီ မျက်နှာပေါ်မှာ သွေးရောင်ပျောက်သွားသည်။ သို့သော်လည်း ချက်ချင်းသူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။

"ကျုပ်က ပွဲစားပဲ. . . ကျုပ်ဖောက်သည်တွေရဲ့ ညွှန်ကြားချက်ကို ကျုပ် နာခံရမှာပဲ"

"မလိမ်စမ်းပါနဲ့ဗျာ. . . ခင်ဗျား ကိုယ်ပိုင်အစုတွေကို ခင်ဗျား ချရောင်းပစ်နေတာပါ"

ဆက်ငြင်းနေ၍ အကြောင်းထူးတော့မည်မဟုတ်ကြောင်းကို အင်ဂျီ သဘောပေါက်လိုက်သည်။ ထို့ကြောင့် တန်ပြန်ထိုးနှက်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကျုပ်ကိုကျုပ် ကာကွယ်ပိုင်ခွင့်ရှိတယ်၊ ကျုပ်ဒုက္ခရောက်မသွားအောင် လုပ်ရမယ်၊ ကုမ္ပဏီရဲ့ အခြေအနေတွေက စောက်ထိုး ဆင်းနေပြီ မဟုတ်လား"

"ဘာစောက်ထိုး ဆင်းနေရမှာလဲ၊ ခင်ဗျားဟာ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ပြန်ဆော်နေတာ"

"နေပါဦး ဗားဟတ်. . . ကျုပ်တို့သာ ခင်ဗျား ဆော်တာကိုရေရေ လည်လည်ခံနေကြရတဲ့ အကောင်တွေပါဗျ" အင်ဂျီကလည်း ပြန်အော်သည်။

"ဆွေးနွေးရမယ့် ပြဿနာကနေ ဘေးချော်မထွက်ကြပါနဲ့လေ". . . ဟု ဆင်ကလဲယားက ဝင်ပြောသည်။ "အင်ကမ်းကုမ္ပဏီရဲ့ အုပ်ချုပ်မှု ပေါ်လစီတွေ အားနည်းနေတဲ့အတွက် ကျုပ်တို့အားလုံး မျက်နှာပျက်နေကြရတယ်၊ ဒါကြောင့် ကျုပ်တို့ ကုမ္ပဏီမှာ ဥက္ကဋ္ဌသစ်ကို ရွေးချယ်တင်မြှောက်ဖို့ လိုနေပြီ"

ပေါလ်ဗားဟတ်က တစ်ချက်ရယ်လိုက်သည်။

အုပ်ချုပ်မှု ပေါ်လစီတွေ အားနည်းနေတယ်ဆိုတဲ့ အကြောင်းကလေးတွေကို သဲကွဲအောင်များ ဖော်ပြနိုင်ပါသလား ခင်ဗျာ"

"သိပ် အထွေအထူး ပြောနေစရာမလိုပါဘူးလေ၊ ဖူးချ်ဘတ်ကို အထိန်းအကွပ်မလုပ်ပဲ ဒီအတိုင်း လွှတ်ထားတာ တစ်ခုတည်းနဲ့ပဲ လုံလောက်နေပါပြီ"

"ခင်ဗျားရဲ့ မှတ်ဉာဏ်က တော်တော်ချာတူးလန်တာပဲ၊ စင်တီနယ် ကုမ္ပဏီကို ဖူးချ်ဘတ် အုပ်ချုပ်တာ ကျုပ်သဘောမတူဘူးလေ၊ ဒါပေမယ့် ခင်ဗျားတို့ အများဆန္ဒနဲ့ ဆုံးဖြတ်ခဲ့ကြတာ မဟုတ်လား"

"သူ့ကို အာသာက ရွေးလိုက်တာပါ" ဟု အင်ဂျီက ဝင်ပြောသည်။ သူ အပြစ်မပါကြောင်း ခေါင်းရှောင်လိုက်သည့် သဘောဖြစ်သည်။

"ဟုတ်တယ်၊ဘာကြောင့် ကျုပ်ရွေးလိုက်တယ် ဆိုတာလဲ ခင်ဗျားတို့ အားလုံးအသိပဲ" အာသာမိုရယ်က တည်ငြိမ်သောလေသံဖြင့်ဝင်ပြောသည်။"လီယိုဖူးချ်ဘတ်က သူ့နည်းနဲ့ သူအုပ်ချုပ်သွားတဲ့အတွက် စင်တီနယ်အနေနဲ့ အမြတ်အစွန်းတွေ အများကြီးရခဲ့တယ် မဟုတ်လား၊ ဒီပေါ်က အကျိုးအမြတ်တွေ ကျုပ်တို့ အများကြီးရခဲ့ကြတယ် မဟုတ်လား၊ အခုလို ငွေတွေ သူ့အလွဲသုံးစားလုပ်သွားပေမယ့် ကျုပ်တို့အတွက် အမြတ်အစွန်းတွေ အများကြီး ချန်ထားပစ်ခဲ့တယ် မဟုတ်လား၊ စင်တီနယ်ကုမ္ပဏီမှာရှိနေတဲ့လူတွေ နှုတ်ပိတ်ထားအောင် လုပ်နိုင်ယင် ပေါလ်အနေနဲ့ ဘာမှဖြစ်စရာအကြောင်းမရှိဘူး၊အဲဒီ လူတွေကိုပဲ ခင်ဗျားတို့ ထိန်းထားဖို့လိုတယ်"

"ကျုပ် အတတ်နိုင်ဆုံး ထိန်းခဲ့တာပဲ၊ဒါပေမယ့် အခုကိစ္စက မတော်တဆ ပေါ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ဖူးချံဘတ်ကလဲ သတိလက်လွတ်ဖြစ်ပြီး မအုပ်နိုင်မထိန်းနိုင်ဖြစ်သွားတာ မဟုတ်လား"

"ပေါလ်ပြောတာလဲ မှန်ပါတယ်၊ ကဲ. . . ကျုပ်တို့ အရေးကြီးတဲ့ အကြောင်းကိုပဲ ပြောကြရအောင်ပါ။ပြူအာတိုကွေဒို နိုင်ငံထဲမှာ အင်ကမ်းကုမ္ပဏီက အဆော်ခံနေရတာကို ဘယ်လိုလုပ်ကြမလဲ"အာသာမိုရယ်ကပင် စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်သည်။

"ဘာအဆော်ခံရမှာလဲ. . . ပြူအာတိုကွေဒိုသမ္မတ မူညော့ဇ်နဲ့ ကျုပ် သဘောတူညီမှု ရပြီး လုပ်ခဲ့တုန်းက ငွေတွေ သန်းပေါင်းရာနဲ့ချီပြီး မြတ်ခဲ့တယ်၊ မဟုတ်လား၊ ဒီတုန်းကတော့ ခင်ဗျားတို့ အားလုံး ငြိမ်နေခဲ့ကြတယ်"

ဂေါ်ဒွန်ဆင်ကလဲယားက မျက်မှောင်ကုပ်လိုက်သည်။

"ဒါတွေက ပြီးခဲ့တဲ့ အတိတ်ဇာတ်ကြောင်းတွေပါလေ၊ အခု လောလောဆယ် ဘာတွေဖြစ်နေသလဲ၊ ပြူအာတိုကွေဒိုနိုင်ငံမှာ အင်ကမ်းကုမ္ပဏီ အသက်ထွက်တော့မယ်၊ ကျုပ်တို့ တစ်ခုခုမှ မလုပ်ရင်. . ."

"တစ်ခုခုလုပ်ဖို့ဆိုတာ ဘာလဲ. . . ဥက္ကဋ္ဌအဖြစ်ကနေပြီး ကျုပ်ထွက်ပေးဖို့မဟုတ်လား။ ဝေးပါသေးတယ်ဗျာ၊ ခင်ဗျားတို့ကို ကျုပ်ပြောစရာ သတင်းတွေရှိနေတယ်၊ ခင်ဗျားတို့ကို ကယ်တင်နိုင်တဲ့လူဟာ ကျုပ်တစ်ယောက်တည်း ရှိပါတယ်ဗျ" ဗားဟတ်က ထိုစကားကိုပြောရင်း တစ်ချက်ပြုံးလိုက်သည်။ သူ့ ကိုယ်သူလည်း အလွန်ယုံကြည်စိတ်ချသွားသည်။ "ဂေါ်ဒွန်. . . ခင်ဗျားဖိုင်တွဲကြီးကို ပိတ်လိုက်စမ်းပါ၊ဒီအစည်းအဝေးကို ကျုပ်ရဲ့အစည်းအဝေးလို့ သတ်မှတ်လိုက်တယ်၊ ဒါကို ခင်ဗျားတို့ လက်ခံပါ၊ လက်မခံနိုင်ရင် အားလုံးဒီအထဲက ထွက်သွားနိုင်တယ်၊ စင်တီနယ်ကုမ္ပဏီအကြောင်းကိုခင်ဗျားတို့စပြောတယ်၊ခင်ဗျား တို့ သုံးယောက် အဲဒီကိစ္စအတွက် လက်သိပ်ထိုး စီစဉ်နေကြတဲ့အချိန်မှာ ဒီပြဿနာကြီးဘယ်လို ဖြေရှင်းရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ပက်ထရစ်ရှာဂါဗေးနဲ့ ကျုပ်နဲ့ အစီအစဉ် လုပ်ပြီးပြီ"

"ခင်ဗျား ဒီလိုအပေါ်စီးယူပြီး မပြောပါနဲ့" ကလီးမင့် ကလေးအင်ဂျီက ဖြတ်ပြောသည်။

"ကျုပ်ကတော့ ပေါလ်ပြောပြတာကို နားထောင်ချင်သေးတယ်" အာသာမိုရယ်က အင်ဂျီ၏ စကားကိုပုတ်ထုတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် အာတီ. . ."ဗားဟတ်က သူ့ဘက်က ကြိုးစကို ပိုပြီး တင်းတင်း ဆွဲနိုင်အောင် ပြင်ဆင်လိုက်သည်။ "ဖူးချံဘတ်ဟာ နိုင်ငံကူးလက်မှတ်အလိမ်နဲ့ ဒီတိုင်းပြည်ထဲ ကနေ ထွက်သွားလိမ့်မယ်၊ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ သူ့ကို ကျုပ်တို့ဝှက်ထားမယ်၊ ဒီပြဿနာ တွေအားလုံး သူ့အပေါ် ပုံချလိုက်မယ်"

"မကြာခင်မှာပဲ တစ်ယောက်ယောက်က သူ့ကိုမှတ်မိသွားမှာပေ့ါ"ဟု ဆင်ကလဲယားက ဝင်ပြောသည်။

"မဖြစ်နိုင်ပါဘူးဗျာ. . . ဟား. . . ဟား. . . လီယိုရဲ့ မျက်နှာက တစ်မျိုးဗျ၊ လူ မှတ်မိလွယ်တဲ့ မျက်နှာမျိုးမဟုတ်ဘူး၊ သူ့ဆံပင်ကို အရောင်ပြောင်းဆိုး ပေးလိုက်ရင်ပြီးတာပဲ"

"ဒါလဲမှန်တယ်၊ သူ့မျက်နှာကို သေသေချာချာစိုက်ကြည့်ပြီးတဲ့ လူတွေတောင် နောက်ခဏကြာရင် သူ့ကိုဘယ်သူမှန်း မသိကြတော့ဘူး၊တစ်ခုပဲ ရှိတယ်၊ သူ့ကို ခင်ဗျားဟိုမှာ ကြာကြာ ထားလို့ရမှာမဟုတ်ဘူး ပေါလ်၊သူ့ ခြေထောက်က ဗွေပေါက်နေတာ၊ တစ်နေရာတည်းမှာ ကြာကြာနေနိုင်တဲ့ လူစားမျိုး မဟုတ်ဘူး" အာသာမိုရယ်ကလည်း ဝင်ထောက်သည်။

"ခင်ဗျားလူတွေက တာဝန်ယူနိုင်မလား အာတီ"

"အသေးစိတ်တွေကို ပြောမနေပါနဲ့ဗျာ" ဆင်ကလဲယားက ဝင်ကန့်ကွက်သည်။

"စိတ်ချပါ၊ ကျုပ်မပြောပါဘူး၊ ပေါလ်. . . ဆက်ပြောပါဦး"

ဗားဟတ်က ပက်ထရစ်ရှာဂါဗေးနှင့် သူစီစဉ်ထားသည်များကို ပြန်ရှင်းပြသည်။ ထို့နောက်မှ ပြူအာတိုကွေဒိုနိုင်ငံနှင့် ပတ်သက်သည်များကို ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြူအာတိုကွေဒိုနိုင်ငံရဲ့ အခြေအနေတွေအားလုံး မကြာခင် ကျုပ် တို့လက်ထဲကို ရောက်လာတော့မယ်၊ ကျုပ်တို့ကြိုက်သလို ခြယ်လှယ်နိုင်တော့မယ်၊ အမေရိကန်စစ်တပ်က ဝင်မစွက်ဖို့ပဲလိုတယ်၊ ဒီအတွက်လဲ အေဒမ်ဟက်ချ်နဲ့ ကျုပ်စီစဉ်ထားပြီးပြီ" အေဒမ်ဟက်ချ်နှင့် ဂျက်ဖရေစပင်ဇာတို့ ဆွေးနွေးပွဲက ဘာဆုံးဖြတ်သည်ကို ဗားဟတ်မသိရသေးပေ။ သို့သော်လည်း သူကတော့ ယုံယုံကြည်ကြည်ကြီးပင်ပြောချလိုက်သည်။ "မူညော့စ်ကိုဖြုတ်ချမယ်၊ ကာနယ် လီနာရီကို သမ္မတ တင်ပေးမယ်၊ အင်ကမ်း ကုမ္ပဏီရဲ့ လုပ်ပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို အာမခံချက်ပေးမယ်၊ ကျုပ်ပြောပြစရာသတင်းကတော့ ဒါပဲ"

အခန်းထဲမှာ အချိန်အတော်ကြာအောင် တိတ်သွားသည်။ အားလုံး အတွေးကိုယ်စီဖြင့် နစ်မြုပ်နေကြသည်။ ခဏကြာတော့မှ ဆင်ကလဲယားက လည်ချောင်းရှင်းလိုက်ပြီး စကား စပြောသည်။

"ခင်ဗျားဘာတွေ လုပ်နေတယ်ဆိုတာကိုတော့ ကျုပ်တို့ကို အမြဲတမ်း အသိပေးဖို့ ကောင်းတယ် ပေါလ်"

"ဘာဖြစ်လို့လဲ၊ ကျုပ်ကိုခင်ဗျားတို့ စိတ်ချယုံကြည်တယ်လို့ ကျုပ်က ထင်နေတာ၊ ကျုပ်အဆုံးအဖြတ်တွေကိုလဲ ခင်ဗျားတို့ စိတ်ချတယ်လို့ ကျုပ် တွက်ထားတာ" ဗားဟတ်၏ လေသံထဲမှာ ရွံမုန်းသည့် လေသံများ ပါလာသည်။ အပေါ်စီးယူသည့် လေသံလည်းပါလာသည်။ "နောက်ကွယ်ကနေပြီး ကျုပ်ကိုဓားနဲ့ထိုးဖို့ ခင်ဗျားတို့ စည်းဝါးရိုက်နေကြလိမ့်မယ်လို့ ကျုပ် ထင်မထားဘူး"

"ကျုပ်တို့ စိတ်ပူတာလွန်သွားတယ်"ဟု အာသာမိုရယ်က ဝင်ပြောသည်။ တောင်းပန် သည့် သဘောမျိုးလည်းဖြစ်သည်။ "ကဲ. . . နိဂုံးချုပ်လိုက်ပါတော့"

"ကျုပ်တို့ ဆုံးဖြတ်ချက်လား၊အလျင်စလို မနိုင်လွန်းဘူးလားဗျာ" ဟု ဆင်ကလဲယားက ဝင်ပြောပြန်သည်။

"ဒီလိုဆိုရင် ကျုပ်တို့ ဆုံးဖြတ်ချက်ကို ပြောင်းလိုက်ကြတာပေါ့" မိုရယ်ကပြောရင်း အင်ဂျီကိုလှမ်းကြည့်သည်။ အင်ဂျီက ခေါင်းညိတ်ပြလိုက်သည်။ ဆင်ကလဲယားကလည်း ခေါင်းညိတ်ပြလိုက်သည်။ "ပေါလ်. . . ခင်ဗျားကို ကျုပ်တို့ တညီတညွတ်တည်း ထောက်ခံပါ တယ်"

"ဟော. . . ခင်ဗျားတို့ အလျင်စလိုနိုင်ကြပြန်ပြီ"ဟုပေါလ်က ပြန်ပြောသည်။ "ခင်ဗျား တို့ကို သတင်းကောင်းတွေ ကျုပ်ပြောပြီးပြီ၊ ကျုပ်ကို သူရဲကောင်းကြီးအဖြစ် ခင်ဗျားတို့ မသတ်မှတ်ခင် မကောင်းတဲ့သတင်းတွေကိုလဲ နားထောင်ကြည့်ကြပါဦးလေ၊ ကျွန်တော်ရဲ့ စီမံကိန်းတွေဟာ ငွေကုန်ကြေးကျ များမယ်ဒီလိုအကုန်အကျခံဖို့ ကျုပ်တို့ ကုမ္ပဏီမှာလဲ ငွေ အလုံအလောက်မရှိ ဘူး" တစ်ဆက်တည်းပင် ကုန်ကျမည့် ငွေကြေးပမာဏများကို ရှင်းပြသည်။ ဘောဝါးခ ရက်ဒစ်ဘဏ်က ကြွေးပြန်တောင်းနေသည့်ကိစ္စကိုလည်း ပြောပြလိုက်သည်။ အားလုံး ပေါင်း ဒေါ်လာ ၈၂သန်း ကုန်မည်ဖြစ်ကြောင်း ရှင်းပြပြီး "ဒါကြောင့် ခင်ဗျားတို့ သုံးယောက်က ဒေါ်လာ ၁၂၅သန်းရအောင်ရှာပေးဖို့လိုမယ်"ဟု ဆက်ပြောလိုက်လေသည်။

"ဘာ. . . "ဆင်ကလဲယား၏မျက်နှာ မဲ့သွားသည်။ "ဖြစ်မှဖြစ်ရလေတယ်၊ကုမ္ပဏီရဲ့ အစုရှယ်ယာ ဈေးနှုန်းတွေကလဲ တစ်ရှိန်ထိုးကျနေတယ်၊ ဒီအချိန်မှာ ကျုပ်တို့က ဘယ်လိုလုပ်ပြီး ငွေသွားရှာလို့ ရနိုင်မှာလဲ၊ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ" ဗားဟတ်က ပြုံးသည်။ "ခင်ဗျား ဘဏ်တိုက်က ဒေါ်လာသန်းပေါင်း ရှစ်ဆယ်ကိုးဆယ်လောက်ထုတ်ပေးရင် ဖြစ်တာပဲ၊ ခင်ဗျားတို့ ဘုတ်အဖွဲ့ကလဲ ခင်ဗျားပြီးရင်ပြီးတာပဲမဟုတ်လား" ဗားဟတ်က ကလီးမင့်ကလေးအင်ဂျီဘက်သို့ လှည့်လိုက် ပြန်သည်။ "ကဲ. . . ပွဲစားကြီးကရော ဘယ်လိုလဲ၊ခင်ဗျားတို့ အင်ဂျီဘောကာနဲ့ မက္ကဒိုဝယ်ဒိုင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သန်းနှစ်ဆယ်လောက် ရှာနိုင်တယ်မဟုတ်လား"

"ဇာတ်လာမရှုပ်နဲ့ ဘယ်နည်းနဲ့မှမရနိုင်ဘူး" အင်ဂျီက ပြန်အော်သည်။

"ကိုယ့်ဆရာ ဇာတ်ရှုပ်တာတွေ ဘာတွေလုပ်မနေနဲ့၊ ခင်ဗျားဘာတွေ လုပ်ထားတယ်ဆိုတာ ကျုပ်အကုန်သိတယ်၊ ခင်ဗျားရဲ့အစုရှယ်ယာဒိုင်ကို ကျုပ်တို့ အင်ကမ်းကုမ္ပဏီက ကျားကန်ပေးထားတာ၊ဒီကျားကန်ပေးထားတာ ကို ပြန်ရုပ်သိမ်း လိုက်တာနဲ့ တစ်ပြိုင်တည်း ခင်ဗျားဘာဝဘာဖြစ်သွားမလဲ၊ ဒါကြောင့်ခင်ဗျား ဒိုင်ထဲက ဒေါ်လာသန်းနှစ်ဆယ်ရအောင်ထုတ်ယူပါ၊ ထုတ်မယူနိုင်ဘူးဆိုရင်အဲဒီက ခင်ဗျား အလုပ်ပြုတ်ပြီသာ အောက်မေ့ပေတော့"

ဗားဟတ်က အာသာမိုရယ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"ခင်ဗျားဘက်ကရော ဘယ်လိုလဲ၊ကျန်တဲ့ငွေကို ခင်ဗျားရှာနိုင်မယ် မဟုတ်လား"

"ဖြည်းဖြည်းပြောပါ ပေါလ်. . . ဒီကိစ္စက အလျင်စလို ဆုံးဖြတ်လို့ မရနိုင်ဘူး၊ ခင်ဗျားစောစောကပြောတော့ ၈၂-သန်းလိုမယ်လို့ပြောတယ်၊ အခုတော့ ၁၂၅သန်းတောင်းနေတယ်၊ ဒီငွေတွေက ကွာလွန်းလှချည်လား"

ဗားဟတ်က ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။ သူ့မျက်နှာကလည်း အားတက်သရော အမူအရာသို့ပြောင်းသွားသည်။

"အပေါင်းအနုတ်၊အမြှောက်အစား ဂဏန်းသင်္ချာတတ်တဲ့ လူကို ကျုပ် စောင့်နေတာကြာပြီ၊ ဂဏန်းတွေဒါလောက်ကွာနေတာ ဘာကြောင့်လဲဆိုတာ အခုမှပဲ မေးဖော်ရတော့တယ်၊ အင်ကမ်းကုမ္ပဏီအနေနဲ့ တခြားကုမ္ပဏီ တွေကို ဆက်ပြီး ဝယ်ဖို့ ကိစ္စရှိနေတယ်၊ အဲဒီအတွက် ငွေလိုတယ်၊ ဒါကြောင့် အခုလို တောင်းရတာပဲ၊ အမေရိကန် မော်တော်ကုမ္ပဏီကို ကျုပ်တို့ဝယ်ဖို့ရှိတယ်၊ ရေနံကုမ္ပဏီကိုဝယ်ဖို့ ရှိတယ်၊ အဲဒီကုမ္ပဏီတွေကို ထပ်ဝယ်မယ်ဆိုရင် ငွေမရှိပဲဘာသွားလုပ်မှာလဲ၊ ကျုပ်တို့ဘာလုပ်မယ်ဆိုတာ နောက်အပတ်ထဲမှာ ဆုံးဖြတ်မယ်၊ ကျုပ်တို့ဟာစီးပွားရေးနယ်မြေထဲမှာ တခြားလူတွေနဲ့အပြိုင်အဆိုင်ကြဲနေကြတာနော် . . . ဒါကိုမမေ့ပါနဲ့၊ ရိုးရိုးပန်ကာတပ် လေယာဉ်ပျံနဲ့ လိုက်နေလို့ ဖြစ်နိုင်တဲ့ခေတ် မဟုတ်ဘူး၊ သူများရှေ့က ကျော်နိုင်အောင် ဒုံးပျံနဲ့ လိုက်ရမယ့်ခေတ်ဗျ"

ထိုစကားကို ကြားသောအခါ ဂေါ်ဒွန်ဆင်ကလဲယားက ခေါင်းညိတ်နေသည်။ ဗားဟတ် ပြောသည်မှာ မှန်ကြောင်း သူလည်းလက်ခံသည်။ လုပ်ငန်း တစ်ခုလုပ်ကိုင်ရာတွင် မည်မျှသတ္တိရှိကြောင်းကိုလည်း အကြိမ်ကြိမ်ကြုံတွေ့ ခဲ့ရဖူးပြီ။ ယခု အစီအစဉ်အတိုင်းဆိုလျှင် သန်းပေါင်းများစွာသော အမြတ်အစွန်းများကို ရရှိကြပေဦးတော့မည်။

ကလီးမင့်ကလေးအင်ဂျီ၏ ကိုယ်ကလည်း ရှေ့သို့ငိုက်လာသည်။ သူ့ရင်ထဲမှာ ဖြစ်ပေါ်လာသည့် လောဘစိတ်များသည် သူ၏စောစောက ဒေါသစိတ်ကို အနိုင်ယူသွားကြချေပြီ။ မည်သို့သော အကျိုးကျေးဇူးများ ရရှိတော့မည် ဖြစ်ကြောင်းကို သဘောပေါက် နားလည်သွားသည်။ ထို့ကြောင့်လည်း သူ့မျက်နှာ မှာပြုံးလုလုဖြစ်သွားသည်။

"ကျုပ်သဘောပေါက်သွားပြီ"ဟု အာသာမိုရယ်ကပြောသည်။ "ခင်ဗျားလိုချင်တဲ့ငွေရအောင်ကျုပ်လုပ်ပေးမယ်၊ငွေသားချည်းပဲ ဒီနေ့ရရစေမယ်" ဗားဟတ်သည် စီးပွားရေးလုပ်ငန်းဖက်ပြိုင်ရာတွင် ရက်စက်ကြမ်းကြုတ်ကြောင်း သူသိသည်။ သဲကြီးမဲကြီးနိုင်ကြောင်း သူသိသည်။ ငွေသန်းပေါင်းများစွာအမြတ်အစွန်းရ အောင် သူလုပ်နိုင်မည်ဆိုလျှင် ထိုအမြတ်အစွန်းများကို မိမိတို့လည်းအကျိုးတူ ခွဲဝေခံစားနိုင်ကြမည်ဖြစ်သည်။

ပေါလ်ဗားဟတ်က ထိုင်ရာမှထလိုက်သည်။

"ကျုပ်တို့အားလုံး မိတ်ဆွေတွေ ပြန်ဖြစ်သွားကြပြန်ပြီပေါ့ဗျာ၊ စီးပွားရေးအစုစပ်လုပ်ငန်းရှင်တွေ ဖြစ်သွားကြပြန်ပြီပေါ့၊ ကျုပ်အခုလို ဟောဟောဒိုင်းဒိုင်း ထွက်သွားရတာစိတ်တော့ မကောင်းပါဘူး၊ ဒါပေမယ့် ကျုပ်မှာ လုပ်စရာအလုပ်တွေ တစ်ပြုံကြီးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘယ်လိုမှမအောက်မေ့ကြပါနဲ့"

ဗားဟတ်သည် ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ထွက်သွားတော့သည်။ သူကြိုတင် ခန့်မှန်းထားခဲ့သည့်အတိုင်း ပြတ်ပြတ်သားသားအနိုင်ရသွားပြန်ပြီ ဖြစ် ကြောင်းကို သူ့စိတ်ထဲမှာ အလိုလိုသိနေသည်။ သူ့ကို ဆန့်ကျင်တိုက်ခိုက်လိုသူ မှန်သမျှ ကျဆုံးရမည်သာဖြစ်သည်။ မိမိကို သူတို့ ပြန်တိုက် ရချိန်မရလိုက်မီမှာပင် အားလုံး ချေမှုန်းပြီးသား ဖြစ်နေစေရမည်ဟုလည်း ကျိတ်ပြီး ကြုံးဝါးလိုက်မိလေသည်။

**နယူးယောက်မြို့မွန်းလွဲ ၂း ၃၀နာရီ။**

ရပ်ဆယ်သော့ပ်သည် အသက် ၃၄နှစ်သာရှိသေးသည်။ သို့သော်လည်း သူ၏ အာရုံခံစားမှုက ထူးကဲသည်။ ဘေးအန္တရာယ်တွေ့နိုင်သည်များကို ကြိုတင် သိမြင်တတ်သည်။ အောင်ပွဲခံနိုင်မည့် အခြေအနေများကိုလည်း အလိုလိုကြိုတင်ခန့်မှန်းမိပြီးသား ဖြစ်နေတတ်သည်။

ထိုသို့သော အကြောင်းများကြောင့်လည်း မေယာကိုကုမ္ပဏီကြီးတွင် ထိပ်တန်း ရာထူးကြီးတစ်ခုကို သူရရှိလာခြင်းဖြစ်သည်။ မေယာကိုကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု တွင် နံပါတ် ၁၈-မြောက်အကြီးဆုံးသော ကုမ္ပဏီကြီး ဖြစ်ချေ သည်။

အန္တရာယ်ကြုံနိုင်မကြုံနိုင်ကို ကြိုတင်မှန်းဆနိုင်သည့် အလေ့အကျင့်မှာ ဗီယက်နမ် စစ်ပွဲမှ သူရရှိခဲ့သည်ဟု ဆိုနိုင်သည်။ ဗီယက်နမ် စစ်ပွဲတုန်းက ကွန်မန်ဒို အထူးတပ်ခွဲတစ်ခုတွင် တပ်ခွဲမှူးဖြစ်ခဲ့သည်။ ဗီယက်နမ်မှ ပြန်လာပြီးနောက် သတင်းမဂ္ဂဇင်း တစ်စောင်တွင် သတင်းထောက်ဝင်လုပ်သည်။

ရပ်ဆယ်သော့ပ်သည် ဗီယက်နမ်စစ်ပွဲတုန်းက အနိမ့်ခံတပ်ခွဲမှူး တစ်ယောက် ဖြစ်ခဲ့သည်။ မကြိုက်လျှင် မကြိုက်ကြောင်း ပွင့်ပွင့်လင်းလင်းပြော တတ်သည့် သူ၏စရိုက်ကြောင့် အထက်လူကြီးများနှင့် သူအဆင်မပြေခဲ့။ ထို့ကြောင့်လည်း အန္တရာယ်အများဆုံး၊သေဘေးနှင့် ပုချအတိုးနိုင်ဆုံး နေရာများကိုသာ သူနှင့်သူ၏ တပ်ခွဲအား တာဝန်ပေးစေလွှတ်ခဲ့သည်။

ထိုသို့ အနိမ့်ခံဘဝရောက်နေရုံမက အထက်လူကြီးများသည် သူ့ကို ခုတုံး လုပ်ပြီး အခွင့်အရေးယူသွားကြသည်ချည်းဖြစ်သည်။ တကယ်ဆိုတော့ သူ့ဘဝသည် ဓားသွေးကျောက် နှင့်ဘာမျှမခြား။ သူ့ကိုသွေးသောဓားများက ထက်သွားကြသည်။ သူသာလျှင် ပွန်းပဲ့ပြီး ကျန်ခဲ့ သည်။

ထို့ကြောင့် ဗိုလ်ကြီးရပ်ဆယ်သော့ပ်သည် မိမိ၏အသက်ရှင်ရပ် တည်နိုင်ရေးနှင့် မိမိ ၏ တပ်ခွဲအထိအခိုက် နည်းရေးကို ဉာဏ်ကူရတော့သည်။ သူဉာဏ်အကူ ကောင်းသဖြင့်အောင်ပွဲ အလီလီကိုလည်းသူရခဲ့ပါသည်။ တိုက်ပွဲမှာမပြောပလောက်သော ဒဏ်ရာ နှစ်ကြိမ်ရခဲ့ဖူးသော် လည်း အခြားတပ်များနှင့် နှိုင်းစာလျှင် သူ၏တပ်ခွဲသည် အကျအဆုံး အနည်းဆုံး၊အထိအခိုက် အနည်းဆုံးနှင့် အောင်ပွဲအရဆုံး တပ်ခွဲဖြစ်ခဲ့သည်။

စစ်မှုထမ်းသက်ပြည့်သောအခါ အမေရိကန်ပြည်ထောင်စုသို့ သူ ပြန်လာခဲ့သည်။ အရပ်သားဘဝကို ပြန်လည်ခံယူသည်။ ဗီယက်နမ်စစ်ပွဲအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများအရ ဖောက်ပြန်သူများ၊ကောက်ကျစ်စဉ်းလဲသူများ၊လိမ်ညာသူများကို အရိုးစွဲအောင် သူရွံမုန်းခဲ့သည်။ ထို့ကြောင့် သတင်းမဂ္ဂဇင်း တစ်စောင်တွင် သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်သောအခါ ရိုးရိုး သတင်းထောက်အလုပ်ကိုမလုပ်ပဲ လျှို့ဝှက်ချက်များကို စုံစမ်းထောက်လှမ်းရသည့် ထောက်လှမ်းရေး သတင်းထောက် တာဝန်ကို သူယူခဲ့လေသည်။

ယင်းသို့သော ထောက်လှမ်းရေး သတင်းထောက်အဖြစ်နှင့်လည်း သူ အောင်မြင်ပါ သည်။ သို့သော် သူစုံစမ်းထောက်လှမ်းပြီးရေးနေသော ဇရာမ သတင်းကြီး တစ်ခုနှင့်ပတ်သက်ပြီး ပြဿနာပေါ်တော့သည်။ ထိုသတင်းနှင့်ပတ်သက်သူသည် သူ့သတင်း မဂ္ဂဇင်းထုတ်ဝေသူ၏



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဖြစ်နေသည်။ ထို့ကြောင့် ထိုသတင်းဆက်မရေးရန် ထုတ်ဝေသူက သူ့ကို တားမြစ်ပိတ်ပင်သည်။

ဗိုလ်ကြီးဟောင်း ရပ်ဆယ်သော့ပ်သည် ထုတ်ဝေသူကို ကန့်ကွက်သည့် အနေဖြင့် သတင်းထောက်အလုပ်မှ အပြီးအပိုင်နုတ်ထွက်ခဲ့လေတော့သည်။

ထိုအချိန်တွင် မေယာကို ကုမ္ပဏီကြီးကလည်း စီးပွားရေး သုတေသနနှင့် လေ့လာသုံးသပ်မှုဌာနတွင် ဒုတိယဥက္ကဋ္ဌရာထူး လစ်လပ်နေသည်။

အဆိုပါ စီးပွားရေးသုတေသနနှင့် လေ့လာသုံးသပ်မှုဌာန ဆိုသည်မှာ အမှန်ကတော့ လူကြားကောင်းအောင် နာမည်ပေးထားခြင်းသာဖြစ်သည်။ တကယ်တော့ မိမိတို့နှင့်ပြိုင်ဘက် အခြားစီးပွားရေးလုပ်ငန်းကြီးများ၏ သတင်းများကို ထောက်လှမ်းခြင်း၊ မိမိကုမ္ပဏီကို အခြားသူများက ထောက်လှမ်းလာသောအခါ သတင်းမှားများ ရရှိသွားအောင် ဖန်တီးပေးခြင်း၊ ကုမ္ပဏီတစ်ခုက တစ်ခုကို အသေသတ်ဖို့ ကြိုးစားရာတွင် လိုအပ်သည့်လျှို့ဝှက်ချက်များကို စုံစမ်းစုဆောင်းခြင်း များကို အဓိကထားပြီး လုပ်ကိုင်ရသည်။

စီးပွားရေးစစ်မြေပြင်တွင် ထောက်လှမ်းရေးလုပ်ငန်းကို လုပ်ကိုင်ရသော လုပ်ငန်းပင် ဖြစ်သည်။

ထိုရာထူးကို ရပ်ဆယ်သော့ပ်က လျှောက်ထားလိုက်သည်။

အဆင့်ဆင့် စစ်ဆေးခြင်းများကို ခံရသည်။ လူတွေ့ မေးမြန်းခြင်းများကို ခံရသည်။ အားလုံးကို လွယ်ကူချောမောစွာပင် ကျော်လွှား အောင်မြင်နိုင်ခဲ့သည်။

သို့သော် ကုမ္ပဏီ ဥက္ကဋ္ဌများနှင့် မန်နေဂျာများသည် နောက်ဆုံး အဆုံးအဖြတ်မဟုတ်သေး။ နောက်ဆုံး အတည်ပြုချက်ပေးရသူမှာ မေယာကို ကုမ္ပဏီကြီး၏ ဘုတ်အဖွဲ့ဝင် ချယ်ယာမင် ဩဂတ်စတပ်ဆမ်မြူယယ်မေယာပင် ဖြစ်လေသည်။

မေယာနှင့် ရပ်ဆယ်တို့နှစ်ယောက် တွေ့ရသည့်အချိန်မှာ အလွန်တရာ တိုတောင်းပါသည်။ သူတို့နှစ်ယောက်၏ အသက်ကလည်း ထက်ဝက်မျှမက ကွာသည်။ တစ်ယောက်နှင့်တစ်ယောက်စရိုက်ချင်းမတူ။ နောက်ခံသမိုင်းချင်း မတူ။ သို့သော် ဩဂတ်စတပ် ဆမ်မြူယယ် မေယာက တစ်ထိုင်တည်းမှာပင် သူ့ကို အလုပ်ခန့်လိုက်လေတော့သည်။

ထိုသို့ သူအလုပ်ရခဲ့သည်မှာ လွန်ခဲ့သော လေးနှစ်ခန့်က ဖြစ်သည်။ "စီးပွားရေး သုတေသနနှင့် လေ့လာသုံးသပ်မှုဌာန" ဒုတိယဥက္ကဋ္ဌဖြစ်လာသည်နှင့်တစ်ပြိုင်တည်း ရပ်ဆယ်သော့ပ်သည် မနားမနေကြိုးစားသည်။ သူ့ကြိုးစား ချက်များ သိသိသာသာ အရာထင်ခဲ့သည်။ သူ့အရည်အချင်းကို အားလုံးက အသိအမှတ်ပြုလေးစားကြရသည်။ သူ့တာဝန်များ အထမြောက်အောင်မြင်စေရန်ဆောင် ရွက်ရာတွင်လည်းအများလက်ခံထားကြသည့် ဥပဒေများ၊ စည်းကမ်းများ၊ ဘောင်များကို လိုက်နာနေခြင်း မရှိ။ သူ့ကုမ္ပဏီက သတ်မှတ်ထားသည့် စည်းကမ်းများကို တိတိကျကျလိုက်နာနေခြင်းလည်းမရှိ။ ချိုးဖောက် ဖို့လိုအပ်ပါက ချိုးဖောက်ခဲ့သည်ချည်း ဖြစ်သည်။

သည်လိုဖြင့်ပင် သူအလုပ်ဝင်သည်မှစပြီး သူ့လစာမှာ ထပ်မနား တိုးတက် ရရှိလာခဲ့သည်။

ယနေ့ သောကြာနေ့။ မွန်းလွဲ ၂နာရီခွဲရှိပြီ။ ရပ်ဆယ်သော့ပ်သည် မေယာကိုကုမ္ပဏီ အဆောက်အအုံ၏ ၂၇-ထပ်မြောက်မှာရှိသော သူ့ရုံးခန်းထဲမှာ ထိုင်နေသည်။ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ ရုပ်ချောဖြစ်သည်။ မျက်လုံးအစုံကို မှေးပြီး တစ်စုံတစ်ရာကို စဉ်းစားနေသည်။ ထိုအခိုက် အင်တာကွန်း ခေါင်းလောင်းသံ မြည်လာပြီး သူ့အတွင်းရေးမှူး၏ အသံကို ကြားလိုက်ရသည်။

"မစ္စတာဆိဇ်ရုံးက လှမ်းအကြောင်းကြားပါတယ်၊ ရှင့်ကို အခုသူတွေ့ ပါမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ရပ်ဆယ်သော့ပ်သည် မှတ်စုစာရွက်အချို့ကို ယူကာထိုင်ရာမှထသည်။ ဒင်နီယယ် အက်ဖ်ဆိုင်ဖ်သည် မေယာကို ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌတိုင်းသူနှင့်တိုက် ရိုက်ဆက်ဆံနိုင်ခွင့်မရှိ။ အရေးကြီးသော၊ ယုံကြည်စိတ်ချရသော ဒုတိယဥက္ကဋ္ဌ အချို့သာ တိုက်ရိုက်ဘင်ပြခွင့်ဆက်ဆံခွင့်ရှိသည်။ ထိုအထဲတွင် ရပ်ဆယ်သော့ပ်လည်း တစ်ယောက် အပါအဝင်ဖြစ်သည်။ တင်ပြရန် အရေးကြီးသော အချက်အလက်များရှိနေသဖြင့် ဒင်နီယယ်ဆိုင်ဖ် နေ့လယ်စာစားပြီး အပြန်ကို စောင့်နေခဲ့ခြင်းဖြစ်သည်။

နောက်မိနစ်အနည်းငယ်ကြာသောအခါ သုံးဆယ့်လေးထပ်မှာရှိသော ဆိုင်ဖ်၏ ရုံးခန်း အတွင်းသို့ ရပ်ဆယ်သော့ပ် ရောက်သွားသည်။ ဒင်နီယယ်ဆိုင်ဖ်သည် အသက်ခြောက်ဆယ်ကျော် ပြီ။ ဆံပင်က ကြိုးတိုးကျဲတဲပေါက်ပြီး တစ်ခေါင်းလုံး ပြောင်နေသည်။ ရပ်ဆယ်ကို ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်ခိုင်းသည်။

"ကျုပ်ကို မောင် အလောသုံးဆယ်. . . တွေ့ချင်နေတယ်လို့ ပြောတယ်၊ ပြဿနာရှိ သလား"

"ကျွန်တော့် စိတ်တွေအကြီးအကျယ် လေးနေပါတယ်၊တစ်ခုခုတော့ ဖြစ်တော့မယ်လို့ ထင်ပါတယ်"

ရပ်ဆယ်သော့ပ် စိတ်လေးနေပြီဆိုလျှင် ပြဿနာတစ်ခုခုပေါ်တတ်စမြဲ ဖြစ်ကြောင်း အတိတ်ကအတွေ့အကြုံများအရ ဒင်နီယယ်ဆိုင်ဖ်က ယုံကြည်ထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း အာရုံစိုက်လိုက်သည်။

"အင်ကမ်း ကုမ္ပဏီနဲ့ ဟားဟတ်ပြဿနာ" ရပ်ဆယ်သော့ပ်က စကား စလိုက်သည်။

"အိုး. . . ခွေးမသား ကိစ္စလား"

ဒင်နီယယ်ဆိုင်ဖ်၏ နှုတ်ဖျားမှ ရုတ်တရက်ထွက်သွားသည်။ သူသည် ငယ်စဉ်ကတည်း က ဘာသာရေး ကိုင်းရှိုင်းကြည်ညိုသည့် အသိုင်းအဝိုင်းတွင် ကြီးပြင်းလာခဲ့သူဖြစ်သည်။ သူကိုယ်တိုင်လည်း ဘာသာတရားကို အလွန်ကိုင်း ရှိုင်းသူဖြစ်သည်။ ထို့ကြောင့် သူ့ပါးစပ်မှ ရုန်းရင်းကြမ်းတမ်းသည့် စကားလုံးများ ထွက်လေ့ထွက်ထမရှိ။ ယခုလို ဆဲရေး တိုင်းထွာသည့် စကားလုံးထွက်ပေါ်လာခြင်းမှာ မေယာကို ကုမ္ပဏီနှင့်အင်ကမ်းကုမ္ပဏီတို့ကြား ဖြစ်ပေါ်နေသည့် မုန်းတီးမှုမှာ မည်မျှကြီးမားကြောင်းကို ဖော်ပြလိုက်ခြင်းလည်း ဖြစ်လေသည်။

"ဒီကောင် ကျုပ်တို့ကို ပြဿနာထပ်ပေးနေပြန်ပြီလား" ဟု ခဏကြာတော့မှ ဆက်မေး သည်။

"ကျွန်တော့်စိတ်အကြီးအကျယ် လေးနေတယ်လို့သာ ပြောတာပါ ခင်ဗျာ၊ အခုအချိန် ထိ အချက်အလက် အတိအကျဘာတစ်ခုမှ ကျွန်တော်မရသေးပါဘူး၊ ဒါပေမယ့် တစ်ခုခုတော့ သူလုပ်တော့မယ်လို့ ကျွန်တော်ထင်ပါတယ်" ရပ်ဆယ် သော့ပ်က သူယူလာသည့်မှတ်စုများကို မျက်လုံးတစ်ချက်ဝင့် ကြည့်လိုက်သည်။ "အနောက်ဘက်ကမ်းခြေမှာရှိတဲ့ သူ့ရဲ့ စင်တီနယ်ကုမ္ပဏီ ဟာ ပြဿနာပေါ်နေပါတယ်၊ အင်ကမ်း ကုမ္ပဏီရဲ့ အစုရှယ်ယာ ဈေးနှုန်းတွေလဲ စောက်ထိုး မိုးမျှော် ထိုးကျနေပါတယ်၊ ပြူအာတိုကွေဗိုနိုင်ငံထဲမှာရှိတဲ့ သူ့ ကုမ္ပဏီတွေလဲ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ ဟားဟတ်ရဲ့ အကျင့်စရိုက်တွေ ကို ကျွန်တော်တို့ သိထားပြီးသားပဲ၊အခုလို အခြေအနေမျိုးတွေနဲ့ သူရင်ဆိုင် လာရတဲ့အခါမှာ ဒီအန္တရာယ်တွေက လွတ်မြောက်အောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ သူပြန်တိုက်မှာပဲ၊ဒါပေမယ့် သူ့စရိုက်က သူကြုံတွေနေရတဲ့ အကျပ်အတည်းထဲ က လွတ်မြောက်ဖို့ကိုသာ တိုက်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ဘေးလူတွေကိုပါ လျှောက်ရမ်း တတ်ပါတယ်၊ သူဒီလိုရမ်းမယ်ဆိုရင် ကျွန်တော်တို့ရဲ့ မေယာကိုကုမ္ပဏီဟာ အဓိက ပစ်မှတ် ဖြစ်မှာပါပဲ"

www.burmeseclassic.com



ဒင်နီယယ်ဆိဇ်က စိတ်ပျက်သည့် အမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။

"သူ ဒီလိုရန်ရှာတာ အကြိမ်ပေါင်းဘယ်လောက်ရှိပြီဆိုတာတောင် မမှတ်မိတော့ပါဘူး မောင်ရာ. . .၊ ဒါနဲ့ ပတ်သက်ပြီး မောင့်မှာ ဘယ်လိုအကြံပေးဖို့ ရှိနေသလဲ. . . ရပ်ဆယ်"

မေယာကိုကုမ္ပဏီနှင့် အင်ကမ်း ကုမ္ပဏီတို့မှာ စီးပွားရေးနယ်တွင် ပြိုင်ဘက်များ ဖြစ်သည်။ လုပ်ငန်းပေါင်းအတော်များများကလည်း တူညီနေသောကြောင့် မကြာခဏ ထိပ်တိုက် တွေ့ကြရသည်။ ထို့ထက်ပိုဆိုးသည်မှာ ပေါလ်ဗားဟတ်က ဩဂတ်စတပ် ဆမ်မြူယယ်မေယာ အပေါ် ပုဂ္ဂိုလ်ရေး အာဃာတကြီးမားစွာထား နေခြင်းပင်ဖြစ်ပါသည်။

"အခုလောလောဆယ်တော့ တခြားအလုပ်တွေကို ဘေးချထားပြီး ဗားဟတ်နဲ့ သူ့ကုမ္ပဏီကိုပဲ ကျွန်တော်အာရုံစိုက်လုပ်ချင်ပါတယ်၊ ဒီအတွက် ကျွန်တော်တို့ ဒေါ်လာ တစ်သိန်း လောက်ကုန်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒီငွေအများဆုံး သုံးရမှာကတော့ သူ့ကုမ္ပဏီထဲက လူတွေကို လာဘ်ထိုးပြီး ကျွန်တော်တို့လိုချင်တဲ့ သတင်းဝယ်ဖို့ပါပဲ"

"ကောင်းပြီ၊ ဒါဟာ လိုအပ်တဲ့ ရင်းနှီးမြုပ်နှံငွေပါပဲ"

"ဒီထက်ပိုအရေးကြီးတာလဲ ရှိပါသေးတယ်၊ ကျွန်တော်တို့ အသက် အန္တရာယ်ကို တောင်မှ စိုးရိမ်ရပါတယ်" ဟု ရပ်ဆယ်သော့ပ်က ဆက်ပြောသည်။

"ဒါလောက်ကြီးကျယ်ပြင်းထန်မလာပါစေနဲ့လို့ ဆုတောင်းပါတယ်ကွာ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## လော့စ်အိန်ဂျလိစ်၊သောကြာ၊မေ၇၊မွန်းလွဲ ၁၂း၃၅နာရီ။

ပက်ထရစ်ရှာဂါဗေးက လီယိုဖူးချ်ဘတ်ကို ဖုန်းလှမ်းဆက်ပြီး မာမေဆန် ဟိုတယ်တွင် နေ့လယ်စာ အတူစားရင်း စကားပြောကြရန် ချိန်းလိုက်သည်။

မာမေဆန်ဟိုတယ်သည် ရုပ်ရှင်သမားပေါင်းစုံ၊စာပေသမားပေါင်းစုံ၊ ရုပ်မြင်သံကြား သမားပေါင်းစုံတို့ ကျက်စားရာဟိုတယ်ဖြစ်သည်။ ထုတ်လုပ်သူတွေ၊ ကုမ္ပဏီပိုင်ရှင်တွေ၊မင်းသား၊ မင်းသမီးတွေ၊ဇာတ်ညွှန်းရေးဆရာတွေ၊ စာရေးဆရာတွေ၊ပွဲစားတွေနှင့် အမြဲတမ်းပြည့်ကျပ် နေတတ်သည်။ အတင်းအဖျင်း သတင်းစုံသော နေရာလည်းဖြစ်သည်။ အချင်းချင်း အကဲခတ် ကြည့်ကြသည့် နေရာလည်း ဖြစ်သည်။

လီယိုဖူးချ်ဘတ်သည် မကြာမီမှာပင် စင်တီနယ် ဗီဒီယို ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌ အဖြစ်မှ ထုတ်ပယ်ခြင်းခံရတော့မည်။ ယခုလို အချိန်မျိုးတွင် ထိုနေရာသို့ သွားခြင်းအားဖြင့် ထိုရာထူးမှာ သူမြဲနေသေးကြောင်း အများက ထင်ကြမည်။ လီယိုဖူးချ်ဘတ်ကလည်း ထိုသို့ အထင်ခံချင်ပေလိမ့်မည်။ ထို့ကြောင့် မာမေဆန်ဟိုတယ် ကို တမင်ရွေးပြီး ပက်ထရစ်ရှာဂါဗေးက ဖိတ်လိုက်ခြင်းဖြစ်သည်။

ရုပ်ရှင်လောကမှ ပြဿနာအကြီးအကျယ်ဖြစ်ပြီး ထွက်ကြရသူများမှာ တစ်နေ့သော အခါတွင် ပြဿနာတွေ ရှင်းပြီး ပြန်ရောက်လာတတ်သည်။ ထိုသို့ ပြန်ရောက်လာသောအခါတွင် သူတို့နှင့်အတူ ငွေတွင်းကြီးများ ပါလာတတ်သည်။ ထိုအကြောင်းများကိုလည်း ရုပ်ရှင်နယ်က သိထားသည်။ ထို့ကြောင့် ရုပ်ရှင်နယ်မှ ထွက်ပြေးရတော့မည့် သူတစ်ယောက်ကို ချိုးချိုးနှိမ်နှိမ် လုပ်လေ့လုပ်ထ မရှိ။

ယခုလည်း ပက်ထရစ်ရှာဂါဗေး ထင်ထားသကဲ့သို့ပင် မာမေဆန်ဟိုတယ်ထဲသို့ ဝင်သွားကြသောအခါ ရောက်နှင့်နေကြသူများက လီယိုဖူးချ်ဘတ်ကို အရေးတယူ ဆီးကြို နှုတ်ဆက်ကြသည်။

စားပွဲတစ်လုံးမှာ သူတို့နေရာယူကြသည်။ ဖူးချ်ဘတ်၏ လက်မှ စိန် လက်စွပ်ကြီးသာ တဝင်းဝင်းတပြောင်ပြောင်ဖြစ်နေသည်။ အယ်လီဇဘတ်တေလာကို လက်ဆောင်ပေးရန် ခုံချတ်



www.burmeseclassic.com

www.burmeseclassic.com



ဘာတန်က ထိုလက်စွပ်ကို ဝယ်ဖူးသည်။ ထို့ကြောင့် လီယိုဖူးချ်ဘတ်က ထိုလက်စွပ်နှင့် ပတ်သက်ပြီး အလွန်ဂုဏ်ယူ ဝင့်ကြွားစွာအမွှမ်း တင်ပြောဆိုလေ့ရှိသည်။ မှာထားသည့်အရက်များ ရောက်လာသောအခါ ခွက်များ မြှောက်ပြီးဆုတောင်းကြသည်။ တစ်ဆက်တည်းမှာပင် ပက်ထရစ်ရှာဂါဖေးက လုပ်ငန်းအကြောင်းကို တောက်လျှောက်စတင်ပြောတော့သည်။

"ရှင်ဟာ အလွန်အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ လီယို ဒီနေ့ မနက် ငါးနာရီတုန်းက ကျွန်မကို ပေါလ်ဖုန်းလှမ်းဆက်တယ်၊ရှင့်အကြောင်း ပြောဖို့ပါပဲ"

"ဒီတော့ ဘာဖြစ်သလဲ"

"ပေါလ်က ရှင့်ကိုသဘောကျပါတယ်၊ ရှင်ဘာလိုချင်သလဲ၊ ကြိုက်တာပြော၊ အားလုံး ရရစေမယ်"

"မကြောင်စမ်းပါနဲ့ကွာ၊ကိုယ့်ကို ဒီကောင် သဘောကျတယ်ဆိုတာ အဓိပ္ပါယ်မရှိပါဘူး၊ ဒီကောင်ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား၊ ခရိုင် ရာဇဝတ်တရားရုံးကြီးရုံးရှေ့မှာ ကိုယ်ရပ်ပြီး အားလုံးဖွင့်ချလိုက်ရင်. . ."

"ဒါတွေ လုပ်နေလို့ရော ဘာအကျိုးထူးမှာလဲ. . . လီယို၊ ကိုယ်လဲမကောင်း၊တခြားလူတွေလဲ မကောင်းဖြစ်ကုန်မှာပေါ့၊ အားလုံးဒုက္ခဖြစ်ကုန်ရင် ရှင့်အတွက်လဲ ဘာမှ စီစဉ်ပေးနိုင်ကြတော့မှာမဟုတ်ဘူး၊ အခုကအားလုံးအစီအစဉ်တွေ လုပ်ထားပြီးသားဖြစ်နေပြီ၊ ရှင်လဲ ဘယ်လောက်မှ ကြာအောင်နေရမှာ မဟုတ်ပါ ဘူး၊ ရှင်ပြန်လာတဲ့အခါကျတော့ သူ့ရဲကောင်းကြီးပြန်လာသလို အားလုံးအဆင်ပြေ သွားမယ်၊ဒါကြောင့်လောလောဆယ် အခြေအနေတွေအရ ခဏလောက်တော့ ကိုယ်ရောင်ဖျောက်နေလိုက်ပါဦး"

"ဒါနောက်ဆုံး စကားပဲလား"

"ဒီနေ့ နေ့ခင်းပိုင်း ရှင့်ဆီကို လူတစ်ယောက် လာလိမ့်မယ်၊ရှင့်ကို ရုပ်ဖျက်ပေးလိမ့်မယ်၊ ဆံပင်တွေကို ဆေးရောင်ပြောင်းဆိုးပေးလိမ့်မယ်၊ ဆံပင် အဖြူရောင်တွေ ဖြစ်အောင် ပြန်လုပ်ပေးလိမ့်မယ်"

လီယိုဖူးချ်ဘတ်သည် အသက်-၅၉-နှစ် ရှိပြီဖြစ်သည်။

"ဆံပင်တွေ ပြန်ဖြူပြီး အဘိုးကြီးပြန်ဖြစ်သွားရင် ဘယ်ကောင်မကမှ ကိုယ့်အကပ်ကို ခံကြတော့မှာ မဟုတ်ပါဘူးကွာ"

"အောင်မယ်လေး. . . မပူပါနဲ့ရှင်. . . ကောင်မတွေ ဝိုင်းဝိုင်းလည် နေရပါစေမယ်၊ ပြူအာတိုရီကို နိုင်ငံကို ရောက်သွားတာနဲ့ တစ်ပြိုင်တည်း အင်ကမ်း ကုမ္ပဏီက ရှင့်အတွက် အားလုံးစီစဉ်ပေးမှာပါ၊ ဟိုမှာ တည်းဖို့ခိုဖို့ အတွက်လဲ ပေါလ်က အားလုံးစီစဉ်ထားပြီးပြီ"

"ပြူအာတိုရီကိုနိုင်ငံကိုတော့ ကိုယ်မသွားဘူး၊ဟိုမှာ နိုင်ငံရေး အခြေအနေတွေ ရှုပ်ထွေးနေတယ်"

"ဟိုမှာ အန္တရာယ်တစ်ခုခုဖြစ်လာနိုင်တယ်ဆိုရင်ဘဟားမားကို ရှင် ရွှေ့သွားနိုင်ပါတယ်" ပက်ထရစ်ရှာဂါဖေးက မျက်နှာကို မဲ့ပြလိုက်သည်။ "နောက်ပြီးတော့ ပြူအာတိုနိုင်ငံနဲ့ အမေရိကန်နိုင်ငံကလဲ တရားခံ အလဲအလှယ်လုပ်ဖို့ စာချုပ်ချုပ် ထားတာမှ မရှိပဲ၊ရှင့်အတွက် အစစလုံခြုံနေပြီပေါ့"

ဖူးချ်ဘတ်၏စိတ်များ ဇဝေဇဝါဖြစ်နေပြီ။ မိမိသွေးဆောင်နေမှုများ အောင်မြင်နေပြီ ဖြစ်ကြောင်းကိုလည်း ပက်ထရစ်ရှာက သိလိုက်သည်။

"ဟိုတယ်ခန်းထဲမှာ တံခါးပိတ်ပြီး ဒီအတိုင်း အခန်းအောင်းနေရမယ့် သဘောမျိုးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး လီယို. . . ဟိုမှာ ကစားဝိုင်းတွေလဲ အများကြီးပဲ မဟုတ် လား"

"အလကား ဝိုင်းတွေပါကွာ၊ညစ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာလှည့် ခရီးသည်တွေကိုသာ ညစ်ဟာပါရှင်. . . ရှင့်လို လူမျိုးအတွက် သန့်သန့် ရှင်းရှင်း ကစားနိုင်တဲ့ ကစားဝိုင်းတွေရှိပါတယ်၊ဒါတွေအ တွက်လဲ ကျွန်မတို့ စီစဉ်ပေးနိုင်ပါတယ်"

"ဒါဆိုရင်တော့ မဆိုးပါဘူး၊ တခြားပြောစရာ ဘာကျန်သေးသလဲ"

လီယိုဖူး၍ဘတ် သဘောတူသွားပြီဖြစ်ကြောင်း ပက်ထရစ်ရှာသိလိုက်သည်။

"ရှင့် လက်စွပ်ကြီးကို အာမခံ သေတ္တာထဲမှာ ထည့်သိမ်းထားပါ၊ ဒါဆိုရင် ဘယ်သူကမှ မှတ်မိတော့မှာ မဟုတ်ပါဘူး" ပက်ထရစ်ရှာက အစားအသောက်စားရင်း စာရွက်ကို ကောက်ကိုင်လိုက်သည်။ "စားကြစို့. . . ကျွန်မ တအား ဆာ နေပြီ"

"ဟုတ်တယ်၊ ဒီလိုလက်စွပ်မျိုး တခြားမှာ မရှိဘူး၊ ရစ်ချက်ဘာတန်က ဒီလက်စွပ်ကို ဘယ်လောက်ပေးဝယ်တယ်ဆိုတာ မင်းကို ကိုယ်ပြောဖူးသလား" သူ့လေသံက ဂုဏ်ယူဝင့်ကြွားသည့် အနေဖြင့် ချက်ချင်းမြင့်တက်လာသည်။

"ရှင်ပြောထား အကြိမ်ပေါင်းကိုမရေနိုင်တော့ဘူး လီယို. . . ကဲ . . ဘာစားမယ်ဆိုတာ ရွေးပါတော့"

ကိစ္စပြီးသွားပြီ။ သည်အခြေအနေသို့ ရောက်လာမှတော့ စကားကြော မရှည်ချင်တော့။ မြန်မြန်ဖြတ်ပြီး နေ့လယ်စာကို မြန်မြန် စားလိုက် ခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပေမည်။

\+ + +

နယူးယောက်မြို့ညနေ ၅ : ၃၀နာရီ။

ပေါလ်ဗားဟတ်သည် သူ့ရုံးရှိရာ အင်ကမ်းကုမ္ပဏီ အဆောက်အအုံသို့ ပြန်လာသည်။ ရုံးသို့ သူပြန်ရောက်သောအခါ ညနေ ၃နာရီ ထိုးလုပြီ။ ထိပ်တန်း မန်နေဂျာများက သူ့အပြန်ကို အစည်းအဝေး ခန်းမထဲမှ စောင့်နေကြသည်။

ဗားဟတ်က အစည်းအဝေး ခန်းထဲသို့ တန်းဝင်သွားသည်။ စကားပြော စင်မြင့်ပေါ်သို့ တက်သည်။ ပြီးတော့ ဂေါ်ဒွန်ဆင်ကလဲယားတို့နှင့် သဘောတူညီချက်ရခဲ့သည်များကို အသေးစိတ် ပြန်ရှင်းပြသည်။ တစ်ဆက်တည်း ဘာဆက်လုပ်ကြရမည်ကို ဆွေးနွေးကြရန်နှင့် ဆွေးနွေးရရှိချက်များကို သူ့ ထံတင်ပြရန် ပြောသည်။

သူ့ လူအားလုံးကလည်း သူ့စရိုက်ကို ကောင်းစွာသိနေကြပြီ။ ဗားဟတ်သည် ကြိုတင် ပြင်ဆင်ခြင်းမရှိ။ သူပြောချင်သည်များကို တောက်လျှောက်ပြောသည်။ ခိုင်းစရာရှိသည်များကို တစ်ထိုင်တည်း ခိုင်းသည်။ သူ့ စိတ်ကြိုက်ကို မလိုက်နိုင်လျှင်ချက်ချင်း အလုပ်ပြုတ်ပြီသာ မှတ်ပေတော့။

ညနေ ငါးနာရီခွဲတော့ သူရှင်းချင်သည်များကို အားလုံး ရှင်းပြပြီး ဖြစ်သွားသည်။ စကားပြော စင်မြင့်ပေါ်မှ သူပြန်ဆင်းသည်။ သူ့ရုံးခန်းဆီသို့ သွားဖို့ ခြေလှမ်းပြင်သည်။ သို့သော် လည်း အခန်းပေါက်ဝရောက်တော့မှ တစ်ခါရပ်ပြီး နောက်လှည့်ပြောပြန်သည်။

"ခင်ဗျားတို့ကို နာရီဝက်အချိန်ပေးမယ်၊ကျုပ်ပြန်လာရင် အားလုံး အဆင်သင့် ဖြစ်ပါစေ၊ ခင်ဗျားတို့ ဘာတွေ ဆွေးနွေးဆုံးဖြတ်ထားတယ်ဆိုတာ ကျုပ်ကိုတင်ပြပါ၊နောက်ပြီးတော့ ဒီနေ့ည သန်းခေါင်အထိ အလုပ်ဆက်လုပ်ဖို့ ခင်ဗျားတို့အားလုံးအဆင်သင့် ဖြစ်နေကြပါစေ၊ သန်းခေါင် ထက် နောက်ကျချင်လဲ ကျမယ်"

ပေါလ်ဗားဟတ်သည် သူ့ရုံးခန်းရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

အခန်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်တည်း ပက်ထရစ်ရှာဂါဗေးကို တယ်လီဖုန်း တန်းဆက်သည်။

"ဖူး၍ဘတ်နဲ့တွေ့ပြီးပြီလား၊သူနဲ့ အစီအစဉ်တွေအားလုံး လုပ်ပြီးပြီလား"

တယ်လီဖုန်းနှစ်လုံးတွင် အသံလိုင်းဖျက်ခလုတ် နှိပ်ပြီးသည်နှင့် တစ်ပြိုင်တည်း ဗားဟတ်က တောက်လျှောက်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို ကြားရသောအခါ ပက်ထရစ်ဂါရှာဗေးက ရယ်သည်။

"ရှင်လေဟာပြင်ထဲရောက်သွားပြီလား၊ လေဟာပြင်ထဲကနေ စကားပြောနေသလိုပဲ၊ ကောင်းပြီ ကျွန်မလဲ လေဟာပြင်ထဲမှာ စကားပြောသလိုပဲ ပြောမယ်၊ လီယိုနဲ့ကျွန်မ နေ့လယ်စာ အတူတူစားပြီး အခုပဲ ပြန်ရောက်တယ်၊ သူ့ဘက်ကတော့ အားလုံး အိုကေပဲ၊ ကျန်တာတွေ ရှင်ဆက်ပြီး ထိန်းဖို့ပဲလိုတော့တယ်၊ သတင်းကတော့ ဒါပါပဲ၊ ကိုင်း. . . ကျွန်မဘက်က . . . မေးခွန်း. . . အစည်းအဝေးမှာ ဘယ်လိုဖြစ်သလဲ"

"သူတို့အားလုံး အရှုံးပေးလိုက်ကြတယ်၊ ကိုယ်လိုချင်တာတွေ အားလုံးရတယ်၊ သူတို့က အားလုံးပေးကြတယ်၊ ဒါကြောင့်မင်းစီစဉ်ထားတာတွေ အားလုံးဖြစ်ရမယ်၊ မင်းပေးထားတဲ့ ကတိတွေအားလုံးကို အကောင်အထည် ဖော်မယ်၊ နောက်ထပ်လဲ ကြိုက်တဲ့ကတိတွေပေးပါ၊ ကြိုက်ရာကတိတွေ ထပ်ပေးဖို့လဲ ထပ်စဉ်းစားထားပါ၊ ဒီမှာ. . . ကိုယ်ပြောတာ သေသေချာချာ နားထောင်စမ်း . . . . ကိုယ်လိုချင်တာထက် ဒေါ်လာသန်းပေါင်း လေးဆယ်ပိုရအောင် ကိုယ်လုပ်လိုက်တယ်၊ ကိုယ်စီစဉ်ထားတဲ့ အတိုင်းအားလုံး ချောချောမောမော ဖြစ်သွားတယ်၊သူတို့ အားလုံးက သဘောတူလိုက်တယ်"

ပေါလ်ဗားဟတ်သည် သူ့ထုံးစံအတိုင်း သူဖြစ်ချင်သည်များကိုဖြစ်အောင် မရမနေ လုပ်ခဲ့ပြီးပါပေါ့လားဟု ပက်ထရစ်ရှာကတွေးမိသည်။

"ဒီမှာပက် . . . ဆမ်မေယာနဲ့ပတ်သက်ပြီး မင်းဘာတွေ လုပ်ထားပြီးပြီလဲ"

"နည်းနည်းပါးပါးတော့ လုပ်ထားပါပြီ၊ ကျွန်မတို့ ဘာတွေလုပ်မယ်ဆိုတာ မမှန်သတင်း တွေလွှင့်လိုက်တယ်" ပက်ထရစ်ရှာပြန်ဖြေသည့် လေသံသည် တက်ကြွမှု မရှိသလို ဖြစ်နေသည်။

"ဒီထက်ပိုပြီး ထပ်ကြိုးစားပါဦး၊ ကိုယ့်မှာ ငွေပိုရှိနေပြီ၊ နောက်ထပ် ကုမ္ပဏီကြီး တစ်ခုလောက်ဝယ်ဖို့ ဒီငွေတွေကိုသုံးရမယ်၊ ဘယ်လို ကုမ္ပဏီမျိုးကို ဝယ်ရမယ် ဆိုတာလဲ ကိုယ်ဆုံးဖြတ်ပြီးပြီ၊ လူအများသုံးတဲ့ ပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားနေတဲ့ ကုမ္ပဏီမျိုးကို ဝယ်ရမယ်"

"မဖြစ်ဘူးပေါလ် . . . မဖြစ်နိုင်ဘူး . . . လူအများသုံးတဲ့ ပစ္စည်းတွေကို ကျွန်မတို့ လက်ရှောင်ထားရင် ကောင်းမယ်"

"နင့်အမေက လွှားမို့လို့ လက်ရှောင်ထားရမှာလားကွ"

"ပေါလ်. . . ပြည်ထောင်စု ဥပဒေတွေရှိတယ်၊ ဗဟိုအစိုးရ ဥပဒေတွေ ရှိတယ်၊ ပြည်နယ်ဥပဒေတွေရှိတယ်၊အားလုံးက စီးပွားရေးလုပ်ငန်းတွေကို မျက်စိထောက်ဒေါက်ပြီး ကြည့်နေကြတာ၊ကိုယ်နဲ့ပြိုင်ဘက်တွေအားလုံးကလဲ စောင့်ကြည့် နေကြတာ၊ ကျွန်မတို့ဘက်က တစ်ခုခုခြေချော် လက်ချော်ဖြစ်သွားရင် အားလုံး ဒုက္ခ ရောက်ကုန်မယ်၊ နိုင်ငံရေးသမားတွေကလဲ သူတို့အတွက်ကြော်ငြာရဖို့အကွက် ကောင်းကို ချောင်းနေကြတာ"

ခဏကြာအောင် တိတ်သွားကြပြန်သည်။ ယခု စိတ်ကူးသည် ပေါလ် တစ်ယောက်တည်း ၏ ကိုယ်ပိုင်စိတ်ကူးဖြစ်ကြောင်းလည်း ပက်ထရစ်ရှာက သိလိုက် သည်။

"မလုပ်လို့ မဖြစ်ဘူးကွ၊ ဒီကောင်တွေ ကျောင်းမှန်းကန်မှန်းသိသွားအောင် လူအများနဲ့ ပတ်သက်တဲ့ ကုမ္ပဏီကြီးတစ်ခုခုတော့ ထပ်ဝယ်မှဖြစ်မယ်၊ မင်းနဲ့ကိုယ်နဲ့ သဘောတူထားတာကို ဒီကအကောင်တွေက သဘောပေါက်ကြတာ မဟုတ်ဘူး"

"ဒီလိုဆိုရင် အဲဒီလူတွေအားလုံးကို ကန်ထုတ်ပစ်လိုက်ပါလား၊ ရှင် ကြိုက်တာ ရှင်လုပ် ပါ၊ ဒါပေမယ့် အဲဒီအထဲ ကျွန်မကို ဆွဲမထည့်နဲ့၊ နောက်ခဏကြာ ရင် ကျွန်မမှာ ချိန်းထားတာ ရှိသေးတယ်၊နောက်မှ ပြန်ဆက်ပါ၊ ဒါပေမယ့် မနက် ငါးနာရီ အချိန်ကြီးမှာတော့ လာမဆက်နဲ့"

ပက်ထရစ်ရှာက 'မနက်ငါးနာရီ အချိန်ကြီးမှာတော့ လာမဆက်နဲ့" ဟူသော စကားကို အကျယ်ကြီး အော်ပြောလိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို ပစ်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လီယိုဖူးချ်ဘတ်၏ ပြဿနာ ရှင်းသွားပြီ ဆိုသောကြောင့် ပေါလ်ဗားဟတ်မှာ အများကြီး စိတ်လက်ပေါ့ပါးသွားသည်။ ထို့ကြောင့် ပြူအာတိုကွေဒို နိုင်ငံ စန်တာကလာရာမြို့မှာ ရှိနေသော ဂျက်ဖရေစပင်ဇာထံသို့ လှမ်းဆက်ပြန်သည်။

စပင်ဇာက ကာနယ်လီနာရီနှင့် ဆွေးနွေးခဲ့သည့်အကြောင်းများ၊ အေဒမ်ဟက်ချ်နှင့် ပြောခဲ့သည့် အကြောင်းများကို အပြည့်အစုံရှင်းပြသည်။

"အခြေအနေတွေကတော့ အားလုံးကောင်းနေတယ်၊ မမျှော်လင့်ဘဲ တစ်ခုခု အံချော် သွားမှာကိုပဲ. . ."

စပင်ဇာက အခြေအနေအားလုံးရှင်းပြပြီး ဆက်ပြောသည်။ သို့သော်လည်း ဗားဟတ်က သူ့စကားကို အဆက်မခံပဲ ဖြတ်ဝင်ပြောသည်။

"ဘာတစ်ခုမှ အံချော်စရာအကြောင်းမရှိဘူး၊ တစ်ကမ္ဘာလုံးကိုယ်တို့ ခြေထောက် အောက်ကို ရောက်လာပါပြီကွ"

ထိုစကားကိုကြားရသောအခါ ဂျက်ဖရေစပင်ဇာက မသိမသာ သက်ပြင်းချလိုက် သည်။

"ပေါလ်. . . ယုံကြည်မှုလဲ သိပ်လွန်သွားဦးမယ်နော်"

"မကြောက်စမ်းပါနဲ့ကွာ၊ ကိုယ်ပြောတာကို ယုံစမ်းပါ"

ဆင်ကလဲယားတို့လူသိုက်နှင့် ဆွေးနွေးခဲ့သည့်အကြောင်းများ၊ အမျိုးအမည်မသိသေး သော ကုမ္ပဏီကြီးတစ်ခုခုကို ထပ်မံဝယ်ယူဖို့ ဆုံးဖြတ်ထားသည့် အကြောင်းများနှင့် အင်ကမ်း ကုမ္ပဏီ၏ ထိပ်တန်း မန်နေဂျာများ ညသန်းခေါင်တိုင်အောင် အစီအစဉ်များလုပ်နေကြသည့် အကြောင်းများကို ဗားဟတ်က ဆက်ရှင်း ပြသည်။

"တော်စမ်းပါဗျာ၊ ကျုပ်တို့လက်ထဲမှာရှိနေတဲ့ ကုမ္ပဏီတွေကကို မရေမတွက်နိုင် တော့ဘူး၊ ဒါတွေကိုပဲ နိုင်နိုင်နင်းနင်းဖြစ်အောင် ထိန်းသိမ်းစမ်းပါဦး၊ တော်တော်ကြာ ခြေမနိုင် လက်မနိုင်တွေ ဖြစ်ကုန်လိမ့်မယ်၊ စင်တီနယ် ကုမ္ပဏီ ဘာဖြစ်သွားသလဲ"

"အေး. . . မောင်ရင် ပြောတော့မှပဲ သတိရတော့တယ်၊ လီယိုဖူးချ်ဘတ်ကို မောင်ရင့် ဘက် ကိုယ်တို့ ပခုံးပြောင်းလိုက်ပြီ"

ဂျက်ဖရေစပင်ဇာက ကျယ်လောင်စွာ တစ်ချက်ညည်းလိုက်ပြန်သည်။

"ကျွန်တော်တို့ လီနာရီနဲ့ စီစဉ်ထားတာတွေ ဒီကောင်သိသွားတော့မှာပဲ"

"ဒီကောင် အဲဒီမှာ ကြာကြာနေမှာ မဟုတ်ပါဘူးကွ"

"ကျွန်တော်ပြောတာ ခင်ဗျား နားမလည်ဘူးထင်တယ်၊ ဒီကောင်ကို လူတွေ မမြင်အောင် ကျွန်တော်က တာဝန်ယူပြီး ဝှက်ပေး. . ."

"သူ့ ကိစ္စတွေ အာသာမိုရယ် တာဝန်ယူပါလိမ့်မယ်ကွာ"

\+ \+ \+

အစည်းအဝေးခန်းထဲသို့ ပေါလ်ဗားဟတ်ပြန်ဝင်သွားသည်။ အားလုံးက သူ့ကို စောင့်နေကြသည်။ စကားပြောစင်မြင့်ပေါ်သို့ သူတက်သွားသည်။

"စောစောက ကျုပ်ပြောထားခဲ့တာနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ အချိန် သုံးဆယ့် ရှစ်မိနစ်တိတိ အချိန်ရသွားပြီ၊ခင်ဗျားတို့တင်ပြမှာတွေကို ကျုပ် နားထောင်ချင်တယ်"

ဒုတိယဥက္ကဋ္ဌများ၊ထိပ်တန်းမန်နေဂျာများ ရှင်းပြသည်တို့ကို စိတ်ပါဝင်စားစွာဖြင့် သူ နားထောင်နေသည်။ ထိုမျှမကသေး၊စိတ်ချမ်းသာ လက်ချမ်းသာလည်း ဖြစ်နေလေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

[၉]

ဒယ်လ်တာလေကြောင်းကုမ္ပဏီပိုင် လေယာဉ်၊ ခရီးစဉ်အမှတ် ၃၁၀၊
သောကြာ၊မေ၇၊ ည ၇း၀၅-နာရီ။

အမေရိကန် ပြည်ထောင်စုသို့ ပြန်လာကြသောအခါ အေဒမ်ဟက်ချ်နှင့် အီဗလင်တို့ နှစ်ယောက်သည် ပြုအာတိုကွေဒိုနိုင်ငံသို့ အလာတုန်းကကဲ့သို့ပင် ပထမတန်း၌ သူတို့ နှစ်ယောက်တည်း ရှိနေကြပြန်သည်။

သို့သော်လည်း ယခုအပြန်ခရီးမှာ အလာတုန်းကနှင့်မတူပဲ ပြောင်းပြန် ဖြစ်သွားတော့သည်။ အလာတုန်းက အရက်မှာသောက်နေသူမှာ အီဗလင်ဖြစ်သည်။ ယခု အပြန်မှာတော့ အရက်ကိုတစ်ခွက်ပြီးတစ်ခွက်မှာသောက်နေသူမှာ အေဒမ်ဟက်ချ် ဖြစ်လေသည်။ လေယာဉ်မယ်များမှာ သူ့အတွက် အရက်ယူပေးရသည့် အလုပ်ဖြင့် လက်မလည်နိုင်အောင် ဖြစ်နေကြသည်။

စန်တာကလာရာ လေဆိပ်မှလေယာဉ်ပျံတက်လာသည်မှာ နှစ်နာရီမျှ ကြာမြင့်သွားပြီ။ အေဒမ်ဟက်ချ်မှာလည်း အတော်ကြီး မူးနေလေပြီ။ အနက်ရောင် သားရေအိတ်ကို သူ့ ထိုင်ခုံအောက်မှာချထားသည်။

"ခွေးမသား စပင်ဇာ၊ ဟို. . . ဟားဟတ်ဆိုတဲ့ အကောင်က မအေ" အေဒမ်ဟက်ချ်သည် အရက်မူးလာသောအခါ ထုံးစံအတိုင်း ရန်လိုလာသည်။ ရှုန့်ရင်းကြမ်းတမ်းသည့် စကားလုံးများလည်း သူ့ပါးစပ်မှ အဆက်မပြတ် ထွက်ပေါ်လာသည်။ "သူတို့ကိုယ် သူတို့တော့. . . သိပ်ကိုတော်နေကြပြီလို့ ထင်နေကြတာပေါ့လေ၊ သူတို့ဘာမှ သောက်သုံးမကျကြောင်း လုပ်ပြလိုက်ရသေးတာပေါ့ကွာ"

သူ့မေးဖျားပေါ်သို့ အရက်များစီးကျသွားသည်။ နောက်ထပ် အရက်တစ်ခွက်ယူလာပေးရန် လေယာဉ်မယ်ကို လက်လှမ်းပြလိုက်သည်။

"ဟောဒီမှာ တစ်ဝက်ရခဲ့ပြီ၊ ဟုတ်တယ်. . . တစ်ဝက်၊ငါလိုချင်တဲ့ တစ်ဝက် ရခဲ့ပြီ"

"အေဒမ်က သူ့ထိုင်ခုံအောက်ရှိ သားရေအိတ်ကို ခြေထောက်နှင့် တို့ပြရင်းပြောသည်။

"ကျန်တဲ့တစ်ဝက် မရရင် ဘယ်လိုနေမလဲ၊ ရှင်ဘယ်ဘဝရောက် သွားမလဲ၊ ရှင့်ဘဝအဆုံးသတ်သွားပြီမဟုတ်လား"

လေယာဉ်မယ်က အရက်ခွက်လာပေးပြီး ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်. . . အလကားကောင်မ၊ နင့်မှာခေါင်းမရှိဘူးဖင်ပဲရှိတယ်၊ ခေါင်းရှိတဲ့လူတွေ ခေါင်းမကောင်းရင်ကုသဖို့ ခေါင်းကုတဲ့ ဆရာဝန်ကိုရှာရတယ်၊ မင်း အတွက်တော့"

"ရှင့်မှာရော ဘာခေါင်းရှိလို့လဲ၊ ရှင့်မှာလဲ ဖင်ပဲ ရှိတာပဲ မဟုတ်လား"

အီဗလင်ကလည်း တစ်ခွန်းမခံပဲ ပြန်ပြောသည်။ သို့သော်. . . အေဒမ်သည် အလွန်အကျွံ မူး-နေပြီဖြစ်သောကြောင့် အီဗလင် ဘာပြောလိုက်သည်ကို နားမလည်လိုက်။

"ဘီလီနဲ့အစီအစဉ်တွေ လုပ်ပြီးတဲ့အချိန်အထိ စောင့်ပါ၊ အဲဒါလုပ်ပြီးရင် ကျန်တဲ့တစ်ဝက်ရမယ်၊ တစ်ပြားမှ မကျန်အောင် သူ့ဆီကထပ်ရမယ်"

"ဒါနဲ့ပဲ ပေါလ်က အလကားကောင် ဖြစ်သွားရောလား၊ သူအလကားကောင်ဖြစ်သွားအောင် ရှင်က လုပ်လိုက်နိုင်ပြီလား၊ ရှင်သောက်သုံးမကျတာကိုပဲ ပြနေတာပေါ့၊ပေါလ်က ရှင့်ကို ပိုက်ဆံပေးပြီး ဝယ်လိုက်တယ်လေ၊ ဈေးပေါပေါနဲ့ ဝယ်လိုက်တယ်လေ၊ ပြီးတော့ သူခိုင်းတဲ့အတိုင်း ရှင်က တစ်သဝေမတိမ်းလိုက်လုပ်ပေး ရဦးမယ် မဟုတ်လား၊ ပေါလ်ဖြစ်ချင်တာတွေကို ဘီလီဘင်းနက်က လက်မှတ်ထိုး အမိန့်ထုတ်ပေးအောင် ရှင်လုပ်ပေးရဦးမှာမဟုတ်လား"

"ဘီလီ လက်မှတ်ထိုးပြီးတာနဲ့ တစ်ပြိုင်နက်တည်း ကျန်တဲ့ငွေတစ်ဝက်ကို ငါရမယ်၊ အဲဒီငွေတစ်ဝက် ရပြီးတာနဲ့ တစ်ပြိုင်တည်း နောက်ထပ်ဘာတွေ ဖြစ်ကုန်မယ် ဆိုတာကို မင်းစောင့်ကြည့်"

အေဒမ်ဟက်ချ်၏ လက်ထဲမှ ဖန်ခွက်အောက်သို့ ကျသွားကာ သူလည်း သတိလစ်သွားလေတော့သည်။

\+ + +

လော့စ်အိန်ဂျလိစ် ည ၁၁း၄၅နာရီ။

စင်တီနယ် ဗီဒီယို ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌလည်းဖြစ်၊ အမှုဆောင် အရာရှိချုပ်လည်းဖြစ်သူ လီယိုဖူးချ်ဘတ်သည် အဝတ်အစားအသင့်လဲပြီး သူ့ အိမ်ထဲမှာရှိနေသည်။ သူ့အိမ်သည် အလွန်တရာ ခမ်းနားကြီးကျယ်သည်။ သို့သော်လည်း သူပိုင်ကားမဟုတ်ပါ။ ကုမ္ပဏီပိုင်ဖြစ်သည်။

အင်ကမ်းကုမ္ပဏီကြီးကပိုင်ဆိုင်သည့် လက်အောက်ခံ ကုမ္ပဏီပေါင်း ၉၁ ခုရှိသည်။ သို့သော်လည်း လီယိုဖူးချ်ဘတ်၏ ဆောင်ရွက်ချက်ကြောင့် စင်တီနယ် ကုမ္ပဏီ တစ်ရှိန်ထိုးကြီးပွားလာသလောက် အခြားကုမ္ပဏီများ၏အောင်မြင်မှု အရှိန်အဟုန်က မြန်ဆန်ခြင်းမရှိ။ တိုတောင်းသည့်အချိန်အနည်းငယ်အတွင်း အမြတ် အစွန်း ဒေါ်လာသန်းပေါင်းများစွာရအောင် သူစွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့သော်လည်း သူလုပ်ကိုင်သည့်ပုံစံမှာ တရားဥပဒေဘောင်မဝင်ပါ။ တည်ဆဲဥပဒေများကို လိုက်နာပြီး တရားဥပဒေဘောင်အတွင်းမှ လုပ်ကိုင်ရန်လည်း သူမကြိုးစားပါ။ အဓိကမှာ ကုမ္ပဏီအနေဖြင့်အမြတ်အစွန်းကြီးကြီးမားမားရဖို့ သာဖြစ်သည်။ ထို့ကြောင့်လည်း အမြတ်ရရေးတစ်ခုတည်းကို သာ အာရုံထားခဲ့သည်။

ထိုသို့ဥပဒေလွတ်၊ စည်းကမ်းလွတ်ဆောင်ရွက်မှုများကြောင့်လည်း တစ်နေ့သောအခါတွင်ပြဿနာပေါ်ပြီး အစိုးရက အရေးယူတရားစွဲခြင်းခံရမည်ကိုအားလုံးက စိုးရိမ်လာကြသည်။ လီယိုဖူးချ်ဘတ်ကို တိုင်းပြည်အပြင်သို့ ပထုတ်လိုက်သည့် အကြောင်းများအနက် ထိုအကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ခဏကြာတော့ သူ့ရှေ့နေ အက်ဒွပ်ဂျေ ကုတ္တနေ ရောက်လာသည်။

"ဘာကိစ္စရှိလို့ အချိန်မတော်ကြီး ကျုပ်ကိုခေါ်တာလဲ" ဟု အက်ဒွပ်ဂျေ ကုတ္တနေက မေးသည်။

"ကျွန်တော် မနက်ဖြန် ခရီးထွက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟောဗျာ. . . ကျုပ်တို့အစီအစဉ်တွေအားလုံး လုပ်ပြီးပြီပဲ၊ဟာကွက် မရှိအောင် အားလုံးလုပ်ထားပြီးပြီပဲ၊နောက်ဆုံးအချိန်ကျမှ ခင်ဗျားစိတ်ပြောင်း သွားပြန်တာလား၊ လုပ်ထားတာတွေကို ပြန်ပြင်ရဦးမှာလား"

"မပြင်ရပါဘူးဗျာ၊ဟောဟို ပစ္စည်းကလေး ခင်ဗျားကို ပေးထားခဲ့ချင်လို့ ခေါ်တာပါ၊ အဲဒါကလေးကို ခင်ဗျားသိမ်းထားပေးပါ" လီယိုဖူးချ်ဘတ်က စားပွဲပေါ်ရှိ သံသေတ္တာကလေးကို မေးငေါ့ပြလိုက်သည်။

"အထဲမှာ ဘာတွေပါသလဲ. . . ဟို. . . ကျွန်တော်မေးခွင့်ရှိမယ် ဆိုရင်ပေါ့လေ"

"ဗားဟတ်ရယ် . . . ဆင်ကလဲယားရယ် . . . မိုရယ်ရယ်ကို အပြတ်ဆော်လို့ရတဲ့ ပစ္စည်းတွေ အဲဒီအထဲမှာရှိတယ်၊ဒီပစ္စည်းတွေကို ကိုင်ထားရင် သူတို့ဆီက ကျုပ်လိုချင်တာ ဘာမဆိုရနိုင်တယ်"

"လီယို. . . ခင်ဗျားလောဘတွေကို မသတ်နိုင်တော့ဘူးလို့ ကျုပ် အကြိမ်ကြိမ်ပြောခဲ့တယ်၊ခင်ဗျားဟာ ကျုပ်ရဲ့အမှုသည် ဖြစ်တာက တစ်ကြောင်း၊ မိတ်ဟောင်းဆွေဟောင်းဖြစ်တာက တစ်ကြောင်းတို့ကြောင့် ခင်ဗျားကို ထပ်ပြီး သတိပေးပါရစေဦး၊သူတို့ကို အကျပ်ကိုင်ပြီး ပြန်တွယ်ဖို့ မကြိုးစားပါနဲ့၊ ဆင်ဆင်ခြင်ခြင်လုပ်ပါ" ဟု ရှေ့နေ ကုတ္တနေက ပြောသည်။

"ခင်ဗျား ပြောစကားကို ကျုပ်နားထောင်ခဲ့ပါတယ်ဗျာ၊ဇာတ်လမ်းကို ကျုပ်ပြန်ပြင်ရေးခဲ့တာပဲ" ဖူးချ်ဘတ်၏ မျက်နှာပေါ်မှာအပြုံးတစ်ခုပေါ်သွားသည်။ သို့သော်လည်း နာကျည်းသည့် အပြုံးမျိုးဖြစ်သည်။ "ပြူအာတိုကွေဒို နိုင်ငံကို ကျုပ်ရောက်သွားရင် သူ့ပ နားရွက်ကို ကျုပ်တံတွေးဆွတ်ရမယ်၊ဒီ အခါမှာ သူတို့က ကျုပ်ကို သရော်ကြလိမ့်မယ်၊အဲဒီတော့မှ ဒီသေတ္တာထဲမှာ ဘာရှိကြောင်း သူတို့ကို ထုတ်ဖော်ပြောပြရမယ်၊ခွေးသူခိုးတွေ အကုန်လုံး အဖမ်းခံကြရဖို့သာ ပြင်ပေတော့၊ ဇာတ်သိမ်းခန်း ကလေးက အလွန်လှပပါတယ်ဗျာ၊ ဒီကောင်တွေ ဘယ်ဘဝရောက်သွားမယ်ဆိုတာကိုသာ ခင်ဗျား စောင့်ကြည့်နေပါ။ လီယိုဖူးချ်ဘတ်ဆိုတဲ့ အကောင်ဟာ ဘယ်လောက်တော်ကြောင်း အဲဒီအခါကျတော့ ပေါ်လာပါလိမ့်မယ်၊ လီယိုဖူးချ်ဘတ်ရဲ့ ဘဝလမ်းကြောင်းကြီးဟာ ဘယ်လောက် လှပသာယာပြီး ဘယ်လောက် ဖြောင့်ဖြူးနေတယ်ဆိုတာ ခင်ဗျား မြင်ရပါလိမ့်မယ်၊ငွေတွေကို ဘယ်လို လမ်းခင်းပြီး လျှောက်နေတယ်ဆိုတာကိုလဲ မြင်ရပါစေ့မယ်၊ ဒီအကြောင်းတွေကိုသိတဲ့ ခင်ဗျားက ကျုပ် နောက်မှာ မားမားရပ်နေတယ်၊ ကျုပ်ရဲ့ အောင်ပွဲတွေကိုလဲ ခင်ဗျား ပါဝေစားမျှစား ဖြစ်ရပါစေ့မယ်၊ ဇာတ်လမ်းကတော့ဒါပါပဲ"

လီယိုဖူးချ်ဟတ်က ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာနေသည်။

"ဘယ်လို. . . ဒီဇာတ်လမ်းအသစ်ကို ခင်ဗျား သဘောကျရဲ့လား"

ကုတ္တနေက လီယိုဆေးပြင်းလိပ်သောက်နေသည်ကိုကြည့်ပြီး စဉ်းစား နေသည်။ ပြီးမှ ခပ်လေးလေးပြန်ဖြေသည်။

"ဖြစ်နိုင်စရာအကြောင်းတွေတော့ ရှိပါတယ်၊ ဒါပေမယ့် ကျုပ်နာမည်ကိုတော့ ပိတ်ကားပေါ်မှာ စာတန်းမထိုးလိုက်မိဖို့ သေချာအောင်တော့ လုပ်ပါဗျာ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

**နယူးယောက်မြို့၊ စနေနေ့၊ မေ ၈။**

ရပ်ဆယ်သော့ပ်တွင် ချစ်သူတွေ ရှိခဲ့သည်မှာ မှန်ပါသည်။ သို့သော်လည်း မရလျှင် မနေနိုင်လောက်အောင် အရူးအမူးစွဲမက်ခဲ့သူများကား မရှိပေ။ ထို့ကြောင့်လည်း ယခုထက်တိုင် အောင် လူပျိုကြီးဘဝဖြင့် သူနေနေခြင်းဖြစ်သည်။

လူပျိုလူလွတ် ဖြစ်သောကြောင့် ညဥ့်နက်သန်းခေါင်တိုင်အောင် အလုပ်လုပ်ဖို့ လိုအပ်လာလျှင် နောက်ဆံမတင်းပဲ လုပ်နိုင်သည်။ ညလုံးပေါက် လုပ်ဖို့လိုလျှင်လည်း မည်သူ့ထံ တွင်မှ ခွင့်တောင်းနေစရာအကြောင်းမရှိ။

ထိုနေ့ကစနေနေ့ဖြစ်သည်။ ရပ်ဆယ်သော့ပ်သည် သူကြီးကြပ်ရသည့် ဌာနဖြစ်သော "စီးပွားရေး သုတေသနနှင့် လေ့လာသုံးသပ်မှုဌာန"တွင် တစ်နေကုန် အလုပ်များနေသည်။

သူ့အမိက ထမ်းဆောင်နေသည့်တာဝန်မှာ ပေါလ်ဗားဟတ်နှင့် သူ့လူများ၏ အတွင်းရေးများ၊ ဗားဟတ်တို့ ပိုင်သည့် အင်ကမ်းကုမ္ပဏီ၏ အတွင်းရေးများ၊ ဗားဟတ်တို့ ပိုင်သည့် အင်ကမ်းကုမ္ပဏီ၏ အတွင်းရေးများကို ရှာဖွေစုဆောင်း နေခြင်းဖြစ်သည်။

သူ့လက်ထောက်ဖြစ်သူ တင်မ်အက်ကင်နှင့် အတူတူနေ့လယ်စာစားပြီး တကုန်းကုန်း လုပ်ကြပြန်သည်။ တင်မ်အက်ကင်သည် အိမ်ထောင်သည်ဖြစ်သည်။ သားသမီးများ ရှိသည်။ ထို့ကြောင့် ယခုလို ရုံးပိတ်ရက်တွင် အိမ်မပြန်ပဲ အလုပ်လုပ်မည်ဆိုတော့ အိမ်သားများကို အကြောင်းကြားရသေးသည်။

"တင်မ်. . . ဟောဒီမှာ ဗားဟတ်နဲ့ အတူတူ အလုပ်လုပ်နေကြတဲ့လူတွေရဲ့ စာရင်း . . . သူတို့အားလုံး တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့တော့ ကြွေးလည်ပင်း ခိုက်နေကြတဲ့ လူတွေချည်းပဲ၊ သူတို့နဲ့ အဆက်အသွယ်ရအောင်လုပ်ပါ၊သူတို့ဆီက ဘယ်လို သတင်းတွေများ ဝယ်နိုင်မလဲဆိုတာ လေ့လာပါ" ရပ်ဆယ်သော့ပ်က တင်မ်အက်ကင်ကို စာရင်းစာရွက် တစ်ရွက်လှမ်းပေးသည်။ တင်မ်အက်ကင်သည် ယခင်တုန်း က နယူးယောက်စုံထောက်အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ရပ်ဆယ်ဟာ လက်ထောက်ဖြစ်ရုံသာမက အလွန်တရာ ရင်းနှီးသည့် မိတ်ဆွေလည်း ဖြစ်သည်။

တင်မ်အက်ကင်က စာရင်းစာရွက်ကို ယူကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒီစာရင်းထဲက လူတွေအားလုံးနဲ့ အဆက်အသွယ်ရအောင် လုပ်ရမယ် ဆိုရင် ဒီနေ့စနေ့ရယ်၊မနက်ဖြန် တနင်္ဂနွေရယ်၊သန်ဘက်ခါ တနင်္လာရယ်တော့ အချိန်ကုန်သွားမှာ သေချာတယ်၊ အားလုံးပြီးသွားရင် မောင်ရင်နဲ့ ဘယ်လို အဆက်အသွယ်လုပ်ရမလဲ"

"ဒီ နေ့နဲ့ မနက်ဖြန် ကျွန်တော့် အခန်းမှာပဲ ရှိနေမယ်၊ ည ဆယ်နာရီ ဒါမှမဟုတ် ဆယ့်တစ်နာရီနောက်ပိုင်း ဆက်နိုင်တယ်၊ကျွန်တော်လဲ ကျန်တဲ့အချိန်တွေမှာ လှည့်ပတ်ပြေးလွှား နေရဦးမှာပဲ၊ တနင်္လာနေ့လောက်ဆိုရင် ကျွန်တော်တို့ လိုချင်တာတွေ အားလုံးရလောက်ပါပြီ၊ ဒါမှမဟုတ်ရင် ငွေပေးဝယ်လို့ ပြည့်စုံသလောက် ရှိသွားရောပေါ့၊ခရီးတိုလေးတစ်ခုထပြေးလိုက်ဖို့ အဆုံးအဖြတ် ပေးနိုင်လောက်ပါပြီ"

"ဘယ်ကို သွားမယ်ဆိုတာ ကိုယ်မေးခွင့်ရှိသလား ရပ်စ်"

"ပြူအာတိုကွေဒိုနိုင်ငံကို သွားမယ်၊တနင်္လာနေ့ မနက်လေယာဉ်ပျံနဲ့ လိုက်သွားမယ်၊ ဟိုမှာ အခြေအနေ သိပ်ဆိုးနေတယ်ဆိုရင် လိုချင်တဲ့ အချက်ကလေးတွေ စုဆောင်းပြီး အဲဒီနေ့ညပဲ နောက်ဆုံး လေယာဉ်ပျံ ခေါက်နဲ့ပြန်လာခဲ့မယ်"

လော့စ်အိန်ဂျလိစ်မြို့။

နောက်နေ့မနက်တွင် ပေါလ်ဗားဟတ်ထံမှ တယ်လီဖုန်းဆက်သံကို မကြားရပေ။ သို့သော်လည်း ပက်ထရစ်ရှာဂါဗေးသည် အိပ်ရာမှ အစောကြီးနိုးလာသည်။ ထို့ကြောင့် မိုးပျံ စံအိမ်မှာ ရှိနေသော ပေါလ်ဗားဟတ်ထံသို့ အရေးကြီးဖုန်း ဖြင့် သူကပင် လှမ်းဆက်လိုက်သည်။

ပေါလ်ဗားဟတ် စိတ်အားအလွန်တက်ကြွနေသည်ကို တွေ့ရသည်။ သူပင် စကား ပြောခွင့်မရတော့။ ပေါလ်ကချည်း မနားတမ်း တောက်လျှောက်ပြောနေသည်။

"ဒီနေ့မနက်နှစ်နာရီအထိ ကိုယ်တို့ အပြင်းအထန် အလုပ်လုပ်ကြတယ်၊ ခွေးသား နှစ်ကောင်ကိုလဲ အလုပ်ထုတ်ပစ်လိုက်တယ်၊ဒီတော့မှ ကျန်တဲ့အကောင်တွေ ကြောက်ဒူးတုန်ပြီး ကိုယ်ခိုင်းတဲ့အတိုင်း ကောင်းကောင်းမွန်မွန် လုပ်ကြတော့တယ်၊ ကိုယ်သတိရနေတာတစ်ခု အကြောင်း သူတို့ကို ပြောပြတယ်"

ပက်ထရစ်ရှာက သည်းခံပြီး စောင့်နေသည်။ မစောင့်လို့လည်း မဖြစ်ပါ။ ပေါလ်ကို စကားရပ်အောင် ပြုလုပ်နိုင်စွမ်းလည်း မရှိပါ။

"ဆီးဂတ် သံမဏိကော်ပိုရေးရှင်းက အစုရှယ်ယာတချို့ ကိုယ်တို့မှာရှိနေတာ သတိရ တယ်၊ဒါအဖြေပဲကွ၊ ဆီးဂတ်သံမဏိကော်ပိုရေးရှင်းထဲကို ကိုယ်တို့ တဖြည်းဖြည်းချင်း ဝင်ယူမယ်၊ ဝင်ပူးပေါင်းမယ်၊သူတို့အစုရှယ်ယာတွေ မေယာကို ကုမ္ပဏီကလဲ ဝယ်ထားတယ်လို့ သိရတယ်၊ မေယာကိုကလဲ ဝင်ပေါင်းမှာပဲ၊ တဖြည်းဖြည်းမျိုနိုင်အောင်သူလဲ ကြိုးစားမှာပဲ၊ ကိုယ်တို့ကလဲ ကိုယ့်နည်းနဲ့ကိုယ် ကြိုးစားပြီး နောက်ဆုံးကျတော့မှ မေယာကို ကုမ္ပဏီနဲ့ ဆမ်မေယာကို ကန်ထုတ်ပစ်လိုက်ရမယ်၊ ခဲတစ်လုံးတည်းနဲ့ငှက်နှစ်ကောင်ရအောင် ပစ်တဲ့နည်းပေါ့ကွာ၊ အိုး. . . မင်းကိုယ့်ကို ဖုန်းလှမ်းဆက်တာ အထွေအထူးအကြောင်းများရှိနေလို့လား"

"ကျွန်မဘက်က တိုးတက်မှု အခြေအနေတွေ ရှင့်ကိုတင်ပြဖို့ပါပဲ၊ နံပါတ်တစ်. . . စာရင်းစစ်တွေကို ကိုင်ထားပြီးပြီ၊စင်တီနယ်ဘုတ်အဖွဲ့ဝင် တွေကိုလဲ သိမ်းသွင်းပြီးပြီ ရှင်ကြိုက်တာ ကို သူတို့ လိုက်လုပ်ပေးကြလိမ့်မယ်၊ နံပါတ်နှစ်. . . လီယိုတော့ ဒီနေ့ပဲ ကိုယ်ရောင်ပျောက် သွားပြီ၊ နပါတ်သုံး. . . " အိုး ဒီအကြောင်းကြီး ပြောပြရမှာ မုန်းစရာ ကောင်းလိုက်တာ။ သို့သော်လည်း ငွေဘဝအတွက် ငါ စဉ်းစားရမည်။ ငွေဘဝအခြေခိုင်ရေးနဲ့ အာမခံချက်ရှိရေး အတွက် ငါလုပ်ရမည်ဟု ပက်ထရစ်ရှာက ကျိတ်ပြီး တွေးလိုက်မိသည်။ "နံပါတ်သုံး. . . ဆမ်မေယာရဲ့ သမီးနဲ့ ပတ်သက်တဲ့ အကြောင်းတစ်ခု ကျွန်မ မတော်တဆရလာတယ်၊ သေသေချာချာ နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်ရှာက ပြောပြသည်များကို ဆုံးအောင်နားထောင်ပြီးသောအခါ ဗားဟတ်သည် မိုးမမြင် လေမမြင် ဖြစ်သွားလေတော့သည်။

"ကောင်းလိုက်တာကွာ. . . အံ့ဩကုန်နိုင်ဖွယ် ဆိုတဲ့ ဇာတ်လမ်းကြီးပဲ၊ မေယာကို ကုမ္ပဏီကို စိစိညက်ညက်ကြေသွားအောင်လုပ်ပစ်လိုက်နိုင်တဲ့ အကြောင်းကြီးတစ်ခုပဲ" ဟုလည်း ဝမ်းသာအားရ အော်ပြောသည်။

"ဆမ်မေယာလဲ သေမသွားရင်တောင်တော်လှပြီပေါ့လေ" ပက်ထရစ်ရှာက ဝမ်းနည်းပက်လက် ပြန်ပြောမိသည်။

"ဒါလောက်အထိတော့လဲ မျှော်မှန်းမထားနိုင်သေးဘူး၊ ဒါပေမယ့် သူသာ တကယ်သေသွားယင်တော့ သူ့ အသုဘအခမ်းအနားကို တက်မယ့် လူထဲမှာ ကိုယ် ရှေ့ဆုံးက ဖြစ်မှာပဲ"

ပက်ထရာရှာ ဂါဗေးသည် နောက်ထပ် ဆက်ပြီး စကားပြောနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် . . .။

"ရှင့်ဆီကို အပြည့်အစုံ ပို့ပေးလိုက်ပါ့မယ်" ဟူသော စကားကိုသာ ခြောက်ကပ်စွာ ပြောပြီး တယ်လီဖုန်းကို လွှတ်ချလိုက်လေတော့သည်။

\+ + +

ကလျာ မေယာသည် တော်လှန် ပုန်ကန်တတ်သူဖြစ်သည်။ ရည်မှန်းချက် ကြီးသည်။ သူ့အသက် ၂၇နှစ်သာ ရှိသေးသည်။ သို့သော်လည်း သူ့ကိုယ်ပိုင်စီးပွား ရေးလုပ်ငန်းမှာ သူ့အောင်မြင်နေလေပြီ။

အသက် ၁၈နှစ်သမီးကတည်းက သူ့အဖေ ဘီလျံနာ သူဌေးကြီး ဩဂတ်စတပ် ဆမ်မြူယယ်မေယာနှင့်မိသားစုများကို ကျောခိုင်းထွက်ခွာလာခဲ့သည်။ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို ရအောင်ရှာသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို ကိုယ့်ဟာကိုယ် တည်ထောင်သည်။

အိမ်မှ ဆင်းလာလျှင် ဆင်းလာချင်း အခြားသူများပိုင်ဆိုင်သည့် ကုမ္ပဏီများမှာ အလုပ်ဝင်လုပ်သည်။ အဝတ်အစား ပုံဆန်းတီထွင်ချုပ်လုပ်မှုများကို လေ့လာသင်ယူသည်။ အပ်ချုပ်ဆိုင်ပေါင်းများစွာမှာ ဝင်လုပ်သည်။ နောက်ဆုံးတွင် ဒီဇိုင်း ပညာနှင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ထိုအခါကျမှာပင် သူပိုင် "ကလျာကုမ္ပဏီ" ကိုစတင် တည်ထောင်သည်။

ကုမ္ပဏီ တည်ထောင်စက သူ့မှာ ငွေအရင်းအနှီး ပြည့်ပြည့်စုံစုံမရှိပါ။ အခြားသူများ၏ ကုမ္ပဏီပေါင်းစုံမှာ အလုပ်ဝင်လုပ်ရင်း ရသမျှ ငွေကလေးများကို စစ်စစ်စီစီ စုဆောင်းထားခဲ့သည်။ ထိုငွေ ကလေးများကို မတည်ပြီး ကိုယ်ပိုင် ကုမ္ပဏီ ထောင်ခြင်းဖြစ်သည်။

သို့သော် ကလျာသည် ဝမ်းတွင်းပါအနုပညာ ဗီဇပါလာသူ ဖြစ်သည်။ ထို့ကြောင့် သူ့ကုမ္ပဏီ စတင်တည်ထောင်ပြီဟု ဆိုကတည်းက တစ်ရှိန်ထိုး အောင်မြင်လာခဲ့သည်။ ယခုဆိုလျှင် သူ၏ ဖက်ရှင်ပုံဆန်း ကုမ္ပဏီပိုင်ဆိုင်သည့် အရပ်ရပ် ပစ္စည်းစုစုပေါင်းသည် နောက်ဆုံးစာရင်းများအရ ဒေါ်လာတစ်သန်းကျော် တန်ဖိုးရှိနေလေပြီ။

သူ၏ အလှကလည်း ထူးခြားသည်။ မြင်ရသူ ယောက်ျားသားများ မစွဲမက်ပဲ မနေနိုင်။ နှာတံပေါ်မေးရိုးကားပြီး မျက်လုံးလှသည်။ ကိုယ်လုံးကိုယ်ထည် အချိုးအစားပြေပြစ်သည်။ နေတော့လည်း မြေပြင်ပေါ်မှာမနေ။ သူ၏ ကိုယ်ပိုင် ဇိမ်ခံသင်္ဘောကို ဆိပ်ကမ်းတွင် အခကြေးငွေ ပေးကာ အမြဲကျောက်ချကပ်ထားပြီး ထိုဇိမ်ခံ သင်္ဘောကိုပင် အိမ်လုပ်နေထိုင်သည်။

"ဂွဒ်မောနင်း. . ."

ကလျာက ခုတင်ပေါ်ရှိ သူ့ဘေးမှာအိပ်နေသော ယောကျာ်းချောချော တစ်ယောက်ကို လှမ်းပြောလိုက်သည်။ ကလျာသည် အိမ်ထောင်ရှိသူမဟုတ်ပါ။ အိမ်ထောင်ပြုဖို့ကိုလည်း ဘယ်တော့မှ စိတ်ကူးထဲထည့်သူမဟုတ်ပါ။ သို့သော် သူကြိုက်သည့် ယောကျာ်းများနှင့်တော့ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် တွဲလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွဲပြန်တော့လည်း ယောက်ျားတစ်ယောက်ကို ကြာရှည်တွဲလို့မရ။ သူ သဘော မကျနိုင်သည့် အကြောင်းအချက်များပေါ်လာစမြဲဖြစ်သည်။ ထိုအခါတွင် ထိုယောက်ျားကို ခွာထုတ်ပစ်လိုက်ပြီး နောက်ထပ် သူကြိုက်ရာကို ရှာပြန်သည်။

အထူးသဖြင့် သူ့ကိုလက်ထပ်ယူပါရစေဟု နားပူနားဆာလုပ်လာသော ယောက်ျားများ ကို ခွာထုတ်ပစ်လိုက်ခြင်း ဖြစ်သည်။

ယောက်ျားများက သူ့ကိုလက်ထပ်လိုသည်ဆိုခြင်းမှာ သူ့ကိုအချစ်စစ် အချစ်မှန်နှင့် ချစ်သောကြောင့် မဟုတ်ကြောင်း သူသိသည်။ သန်းနှင့်ချီပြီး ချမ်းသာသောသူ၏ ဘဝကို ပိုင်ဆိုင်လိုကြခြင်းဖြစ်သည်။ နောက်တစ်ကြောင်းကလည်း ကမ္ဘာမြေပြင်ပေါ်တွင် အချမ်းသာ အကြွယ်ဝဆုံးသော လူများအနက်တစ်ယောက် အပါအဝင်ဖြစ်သည့် ဘီလျံနာ သူဌေးကြီး၏ တစ်ဦးတည်းသော သမီးကို အပိုင်ဖမ်းလိုကြသည့် သဘောဖြစ်သည်။

သည်လိုအဖြစ်မျိုးကိုတော့ ကလျာအဖြစ်မခံနိုင်ပါ။

"ဒီမှာ. . . ရှင့်ကို ဂွတ်မောနင်းလို့ ကျွန်မပြောနေတယ်"

သူ့ဘေးမှာ အိပ်နေသော အမျိုးသားသည် အစုရှယ်ယာပွဲစားဖြစ်သည်။ အားကစား သမားဖြစ်သောကြောင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သည်။ ရုပ်ချောသည်။ ကလျာနှင့်တွဲနေသည် မှာ လပေါင်းအနည်းငယ်ပင် ကြာမြင့်သွားချေပြီ။ မနေ့ညတုန်းက ညှော်ခံပွဲတစ်ခုသို့ သူတို့ နှစ်ယောက်အတူ သွားခဲ့ကြသည်။ ညှော်ခံပွဲမှအပြန် ရေဝင်ကူးကြသေးသည်။

"ကဲ. . . ထတော့၊ ကျွန်မတို့ ရေခဏသွားကူးပြီး မနက်စာ စားကြရအောင်"

အမျိုးသားက အိပ်ရာပေါ်မှ မထချင်ထချင်ဖြင့် ထသည်။ ပြီးတော့ ကလျာကို နမ်း သည်။ အပြုံးကလေး တစ်ခုကိုလည်း ပြုံးပြလိုက်သည်။ ကလျာကမူ ထိုသို့မဟုတ်။ သည်ငတိကို မသက်ာ ဖြစ်နေသည်မှာ ရက်အနည်းငယ်ကြာသွားပြီ။ သူ ပထုတ်ပစ်ရဦးမည့် သူတစ်ယောက် ဖြစ်ကြောင်းကိုလည်း စိတ်ထဲမှာ အလိုလို သိသလိုရှိနေသည်။

"ကလျာ. . . မနေ့ညတုန်းက အရေးကြီးတဲ့စကား မင်းကိုပြောဖို့ ကိုယ် ကြိုးစားခဲ့တယ် ကွာ၊ ဒါပေမယ့် မင်းနားမထောင်ဘူး၊ အခု ကိုယ်ပြောရင် နားထောင်မှာလားဟင်. . . "

သူ့အပြုံးကလေးသည် ချစ်စရာကောင်းသည်မှာ မှန်ပါသည်။ သူ့ အမူအရာကလေး များသည် စွဲမက်စရာကောင်းသည်မှာ မှန်ပါသည်။ သို့သော်လည်း ကလျာ သဘောမတူနိုင်သည့် အကြောင်းများကို တောင်းဆိုတော့မည်ဟု ကလျာက ခန့်မှန်းမိနေသည်။

"ကိုယ်တို့ နှစ်ယောက်ဟာ ရှေ့သွားနောက်လိုက်ညီပါတယ် ကလျာရယ်၊ တကယ် ပြောတာပါ"

အိပ်ရာထဲမှာတော့ ဟုတ်မှာပေါ့၊ ဟိုတယ် တစ်ခုခုထဲက စားပွဲတစ်လုံးမှာ အတူတူ ထိုင်နေသည့် အချိန်မှာတော့ ဟုတ်မှာပေါ့. . . ဟု ကလျာက တွေးလိုက်မိသည်။

"ကိုယ်တို့ နှစ်ယောက် ချစ်လာကြတာလဲ လပေါင်းတော်တော်ကြာပါပြီ ကလျာ၊ ဒါကြောင့် ကိုယ်နဲ့. . . "

"ရှင် ကျွန်မနဲ့လက်ထပ်ချင်ပြီမဟုတ်လား" ကလျာက ထိုသို့ မေးရင်း မျက်မှောင် တစ်ချက်ကုပ်လိုက်သည်။ အမျိုးသား၏ မျက်နှာပေါ်တွင် အံ့သြရိပ်ပေါ် သွားသည်။ သို့သော် ကလျာက အရေးမစိုက်။ "ရှင်ပြောချင်တာ ဒါပဲမဟုတ်လား"

"ဟုတ်ပါတယ် . . . အို . . . ကိုယ်ပြောချင်တာက. . . "

"ဒါပေမယ့် ကျွန်မလက်မထပ်ချင်ဘူး၊ ဘယ်လိုလူနဲ့မှ လက်မထပ်ချင်ဘူး၊ ကျွန်မဟာ ကလျာအနေနဲ့ပဲ ရှိနေရမယ်၊ ကျွန်မဘဝနဲ့ ကျွန်မပဲ ရှိနေရမယ်၊ ဘယ်သူ့ရဲ့ မယားမှ အဖြစ်မခံ နိုင်ဘူး"

ကလျာသည် ထိုစကားကိုပြောပြီး တိတ်သွားသည်။ အတွေးထဲမှာ နစ်မြုပ်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟေး. . . ကလျာ. . . မင်း ဘာတွေတွေးနေတာလဲ၊ မိုင်ပေါင်း အဝေးကြီးကို ရောက်သွားပြီလား"

"သိပ်အဝေးကြီးကိုရောက်သွားတာမဟုတ်ပါဘူး၊ဒါပေမယ့် ကျွန်မ ခရီးသွားဖို့ စိတ်ကူးနေတယ်"

ထိုစကားကိုပြောပြီး ကလျာသည် အကြာကြီး တိတ်သွားပြန်သည်။

"မင်းဘာစိတ်ကူးနေတယ်"

"ခရီးသွားမလားလို့ စိတ်ကူးနေတယ်၊ ကျွန်မအဖေနဲ့ မိတ္တွေးဆီကိုသွားဖို့၊ တစ်ပတ်လောက်ကြာချင်ကြာမယ်၊ ဒီထက်လဲ ပိုကြာချင်ကြာမယ်၊ ဘယ်လောက်ကြာကြာနေဖြစ်မယ်ဆိုတာ ကျွန်မ မသိသေးဘူး"

အမျိုးသားက နားမလည်နိုင်သလိုဖြစ်နေသည်။ ကလျာ၏ စိတ်ထဲမှာတော့ နောက်ဆုံးနှုတ်ဆက်ပြီဟု ပိုင်းဖြတ်လိုက်ပြီး ဖြစ်သည်။

"ကလျာ အချစ်ရယ်၊ကိုယ်တို့ ကိစ္စက ဘယ်လို လုပ်မှာလဲကွယ်. . ."

"ရှင့်ကို ကျွန်မ ရှင်းရှင်းလင်းလင်း ပြောပြီးပြီလေ"

ကလျာ၏စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားသည်။ သူ့အဖေနှင့် မည်သို့ အချိန်သွားဖြုန်းနေမည်ဆိုသည်များကို တွေးနေလိုက်သည်။ တကယ်ဆိုတော့ သူတို့ သားအဖသည် သားအဖမည်ကာမတ္တမဟုတ်။ ကောင်းတိုင်ပင် ဆိုးတိုင်ပင် သူငယ်ချင်းပေါင်း ပေါင်းကြသည့် သားအဖသာဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]
## ဝက်ဘ်စ်တာ ကိုယ်ရေး အတ္ထုပ္ပတ္တိအဘိဓာန် (ဂျီအင်စီမာရီယမ် ကုမ္ပဏီမှထုတ်ဝေသည်) မှကောက်နုတ်ချက်။

မေယာ ဩဂတ်စတပ် ဆမ်မြူယယ် (၁၉၀၈)။ ။အမေရိကန် စီးပွားရေး လုပ်ငန်းရှင်နှင့် စက်မှု လုပ်ငန်းရှင်ကြီး။ဘရွတ်ကလင်မြို့တွင် မွေးဖွားသည်။ ၁၉၂၈-ခုနှစ်တွင် နယူးယောက်တက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ရသည်။ မေယာကို ကုမ္ပဏီကြီးကိုစတင်တည်ထောင်သူနှင့် ဥက္ကဋ္ဌ (၁၉၃၃-၅၄) ဘုတ်အဖွဲ့ ချယ်ယာမင် (၁၉၅၄)။ အမျိုးသားစက်မှုလုပ်ငန်း အကြံပေးကော်မတီအဖွဲ့ဝင်အဖြစ် သမ္မတအိုက်စင်ဟောင်ဝါက ခန့်ထားသည် (၁၉၅၅)။ အလုပ်သမားရေးရာ အုပ်ချုပ်မှု ကွန်ဖရင့်အဖွဲ့ဝင်အဖြစ် သမ္မတကနေဒီကခန့်ထားသည် (၁၉၆၁-၆၃)။ အထူး စီးပွားရေးစီမံကိန်းများဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် သမ္မတဂျွန်ဆင် ခန့်ထားသည် (၁၉၆၄)။ သို့သော်လည်း အမေရိကန်၏ ဗီယက်နမ်စစ်ရေးပေါ်လစီကို ကန့်ကွက်သည့်အနေ ဖြင့် ၁၉၆၆-ခုနှစ်တွင် ယင်းတာဝန်မှ နုတ်ထွက်ခဲ့သည်။ အလှူအတန်း အပေးအကမ်း ရက်ရောသူအဖြစ် နာမည်ကြီးသည်။ ပထမဇနီး (၁၉၄၀-ခုနှစ်တွင် လက်ထပ်သည်) မေရီဟပ်ဘတ်သည် ၁၉၅၉-ခုနှစ်တွင် ကွယ်လွန်သည်။ ဒုတိယ အိမ်ထောင် (၁၉၆၅) အဖြစ် မုဆိုးမ နာဒိုင်းပလန့်ဟတ်ဇ်ဘတ်နှင့် အတူနေသည်။

\+ \+ \+

ဩဂတ်စတပ်ဆမ်မြူယယ်မေယာနှင့် ကွယ်လွန်သူ ဘားနဒ်ဘရွတ်တို့ နှစ်ယောက်အကြောင်းကိုရေးဖို့ သတင်းစာများက အမြဲတမ်း ချင်ခြင်းတပ်နေကြသည်။ သူတို့ နှစ်ယောက်စလုံး ဂျူးလူမျိုးများဖြစ်ကြသည်။ အလွန်တရာ ချမ်းသာကြွယ်ဝကြသည်။ အမေရိကန်သမ္မတပေါင်းများစွာတို့၏ အကြံပေးပုဂ္ဂိုလ်များအဖြစ်နှင့် ဆောင်ရွက်ခဲ့ကြသည်။

ဘားနဒ်ဘရွတ်သည် အစုရှယ်ယာဒိုင်ကြီးဖွင့်ပြီး ကြီးပွားချမ်းသာသွားခဲ့သည်။ ဩဂတ်စတပ်ဆမ်မြူယယ်မေယာကတော့ ထိုသို့မဟုတ်။ သာမန်ဆေးဆိုင်ကလေး ဖွင့်လှစ်ရောင်းချရာမှ ထိပ်ဆုံးသို့ရောက်အောင် ကြီးပွားလာသူဖြစ်သည်။

ဘားနဒ်ဘရွတ်က ကပ်စေးနှဲသည်။ ပညာသင်ကြားစရိတ်ကို ဖခင်က မပေးသောကြောင့် သူသမီးတစ်ယောက်သည် အခြားသူတစ်ဦးထံမှ ချေးယူရဖူးသည်။ မေယာကား

www.burmeseclassic.com



ထိုသို့မဟုတ်။ စေတနာကောင်းသည်။ ဆွေမျိုးညာတကာများကို ကူညီထောက်ပံ့သည်။ အကူအညီလိုအပ်နေသည့် မည်သို့သောသူမျိုးကိုမဆို လက်မနှေးတမ်း ကူညီထောက်ပံ့တတ်သည်။ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ဖော်ဖော်သီသီ ပေးကမ်းတတ်သည်။

ဩဂတ်စတပ်ဆမ်မြူယယ်မေယာ၏ မိဘများဖြစ်ကြသော ဆာရာနှင့် ဒေးဗစ်မေယာတို့သည် ဩစထရီးယားနိုင်ငံမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ ၁၉၀၀ပြည့်နှစ်တွင် ပြောင်းရွှေ့လာကြသူများဖြစ်သည်။ နယူးယောက်မြို့အရှေ့ပိုင်းရှိ မုန့်မျိုးစုံရောင်းသော ဆိုင်ကလေးတစ်ဆိုင်တွင် အလုပ်ဝင်လုပ်သည်။

ထိုမှတစ်ဆင့် ဘရွတ်ကလင်မြို့သို့ ပြောင်းရွှေ့ပြီး ကုန်ခြောက်ဆိုင်ကလေး တစ်ဆိုင် ဝယ်ယူကာ အသက်မွေးကြသည်။ လင်ရောမယားပါ ဖော်ရွေသည်။ လူအများအပေါ် သနားကြင်နာတတ်ပြီး စိတ်ကောင်းစေတနာထားသည်။ ဘာသာရေးနှင့် ပတ်သက်၍အယူမသည်း။ သို့သော်လည်း တစ်ဦးတည်းသောသား ဩဂတ်စတပ် ဆမ်မြူယယ် မွေးဖွားလာသောအခါ သား၏ ပညာရေးကိုသာ အာရုံစိုက်လေတော့သည်။

သားငယ်ကလည်း ဉာဏ်ကောင်းသည်။ ဆေးဝါးဗေဒပညာရှင်ဖြစ်ဖို့ မျှော်မှန်းချက်ထားသည်။ ၁၉၂၈-ခုတွင် ဆေးဝါးဗေဒပညာဘွဲ့ကို နယူးယောက်တက္ကသိုလ်မှ ရရှိခဲ့သည်။

ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုတွင် အရောင်းစာရေးကလေး ဖြစ်လာသည်။ သူ၏ ကြိုးစားမှုကြောင့် အောင်မြင်လာသည်။ ဆက်ဆံရေးကောင်းသည့်အတွက် ဈေးဝယ်သူများက သူ့ကိုချစ်ခင်ကြသည်။ ထိုကုမ္ပဏီကြီး၏ ဖောက်သည်ကြီးများနှင့်လည်း အလွမ်းသင့်လာသည်။ ဆေးများများ စွံအောင်ရောင်းပေးနိုင်သောကြောင့် ကော်မရှင်များများ ရလာသည်။ ရသမျှငွေကလေးများကို ကျစ်ကျစ်ပါအောင်ထုပ်ပြီး စစ်စစ်စီစီ သုံးစွဲသည်။

၁၉၂၉ခုနှစ်တွင် စီးပွားရေးပျက်ကပ်ဆိုက်စပြုလာသည်။ အရောင်းအဝယ် လုပ်ငန်းများ ကျဆင်းလာသည်။ ဆမ်မြူယယ်မေယာ၏ဝင်ငွေလည်း ကျဆင်းလာသည်။ အမေရိကန်တိုင်းပြည်စီးပွားပျက်ကပ်ကြီးနှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်း သူ့စိတ်ထဲက အလိုလိုသိလာသည်။

၁၉၃၀ ခုနှစ် ကုန်ပိုင်းလောက်တွင် ကုန်ဈေးနှုန်းတွေ ကမောက်ကမ ဖြစ်ကုန်သည်။ စီးပွားရေးလုပ်ငန်းများကိုလည်း လျှော့ဈေးများဖြင့် ချရောင်းပစ်ကြသည်။ ဆမ်မြူယယ်မေယာသည် ဆေးဝါးလုပ်ငန်း ကုမ္ပဏီကြီးမှ အလုပ်ထွက်လိုက်သည်။ မင်ဟတ်တန် ရပ်ကွက်တွင် ဆေးဆိုင်ကလေးတစ်ခုကို ဈေးပေါပေါဖြင့် ဝယ်ယူလိုက်သည်။

ထိုလုပ်ငန်းကို စတင်လုပ်ကိုင်စက အဆင်ပြေလှသည်တော့မဟုတ်။ သို့သော်လည်း အပေါင်းအသင်းကောင်းသူ ဖြစ်သောကြောင့် သူ့ဆိုင်က အရောင်းသွက်နေသည်။ သူ့ဆိုင်မှ အရောင်းဈေးသည်ကိုလည်း စိတ်ဓာတ်တက်အောင် အားပေးထားသည်။ ထို့ကြောင့် အခြားသူများ အကျပ်အတည်း တွေ့နေကြသော်လည်း သူ့အဖို့ အတော်ကလေး အသက်ရှူသာနေသည်။

၁၉၃၃ ခုနှစ်ရောက်သည်တွင် နောက်ထပ် ဆေးဆိုင်သုံးဆိုင်ကို ထပ်မံ ဝယ်ယူနိုင်သည်အထိ တိုးတက်လာသည်။ သို့ဖြင့် 'မေယာကို ကုမ္ပဏီ' ဟူသော အမည်ဖြင့် တစ်ဦးတည်းပိုင် ကုမ္ပဏီကလေးတစ်ခုကို စတင်တည်ထောင်နိုင်တော့သည်။

ထိုမှတစ်ဆင့်တက်ပြီး အရင်းပြုတ်လုတည်းတည်း ခွဲစိတ်ကု ကိရိယာများ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကို ဝယ်ယူလိုက်သည်။ ဈေးပေါပေါနှင့် အချောင်ရလိုက်ခြင်းဖြစ်သည်။

မေယာကိုကုမ္ပဏီ၏ ကြီးပွားတိုးတက်မှုသည် တောက်လျှောက်အရှိန်ရလာသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်အထိ အရှိန်ကောင်းကောင်းနှင့် တိုးတက်လာခြင်းဖြစ်သည်။

စစ်ဖြစ်သောအခါ တပ်မတော်ဆေးတပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းသည်။ ငြိမ်းသစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနှင့်ဂျာမနီနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းရသည်။ ဆေးရုံကို ရန်သူ လေယာဉ်ပျံများက စက်သေနတ်နှင့် ပစ်ခတ်တိုက်ခိုက်ရာတွင် ဒဏ်ရာအနည်းငယ် ရခဲ့သည်။

ထိုသို့ စစ်မှုထမ်းနေခိုက် မေယာကိုကုမ္ပဏီကို ဝမ်းကွဲအစ်ကိုတစ်ယောက် လက်သို့ လွှဲအပ်ခဲ့သည်။ စစ်ပြီးသည့် နောက်ပိုင်းအမေရိကသို့ သူပြန်ရောက်သောအခါ သူ၏ မေယာကို ကုမ္ပဏီမှာ ပြုတ်လုတည်းတည်းသာ ကျန်တော့သည်ကိုတွေ့ရသည်။

ပြုတ်လုတည်းကုမ္ပဏီကို မဖြစ်မနေ ပြန်လည်ကိုင်တွယ်ရပြန်သည်။ သူ့ လက်ထဲမှာပင် လုပ်ငန်းများ ပြန်လည်ခေါင်းထောင်လာသည်။ အောင်မြင်မှုအရှိန် ကြီးမားလာသည်တွင် ၁၉၄၈ ခုနှစ်၌ မေယာကိုကုမ္ပဏီကို တစ်ဦးတည်းပိုင် ကုမ္ပဏီမှ အများပိုင်ကုမ္ပဏီအဖြစ်သို့ ကူးပြောင်းကာ အစုရှယ်ယာများကို ခေါ်ယူလိုက်သည်။ ထိုအချိန်မှစပြီး အမေရိကန် တစ်ပြည်ထောင်လုံးရှိ အကြီးမားဆုံးသော ကုမ္ပဏီကြီးများထဲတွင် မေယာကိုကုမ္ပဏီသည် တစ်ခုအပါအဝင်ဖြစ်လာလေတော့သည်။

အခြားကုမ္ပဏီပေါင်းများစွာကိုလည်း ဝယ်ယူသိမ်းသွင်းခဲ့သည်။ ထိုမျှမက ပင်သီယွန်တယ်လီဗီးရှင်းကုမ္ပဏီကို ထပ်မံဝယ်ယူကာ ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ နယ်ချဲ့လာခဲ့ပြန်သည်။

မည်သို့ပင် နယ်ချဲ့စေကာမူ မေယာကို ကုမ္ပဏီမှာ ငွေရေးကြေးရေးက အလွန်ခိုင်မာလှသည်။ ကြွေးမြီ ကင်းရှင်းသည်။ သူနှင့် ထိပ်တိုက်ပြိုင်ဘက်ဖြစ်သော အင်ကမ်းကုမ္ပဏီနှင့်အခြား ကုမ္ပဏီများသည် သူလို ငွေကြေးတောင့်တင်းခြင်းမရှိ။ နှစ်တို နှစ်ရှည်ချေးငွေများ လည်ပင်းခိုက်နေကြသည်။

သူ၏ လက်အောက်ငယ်သားများနှင့် ပေါင်းသင်းဆက်ဆံရေးတွင်လည်း ပြေလည်သည်။ တော်ရုံတန်ရုံ အမှားများကိုလည်း ခွင့်လွှတ်တတ်သည်။

မည်သို့ပင်ဆိုစေ သူ၏အောင်မြင်မှုများကို ကြည့်ပြီး မနာလိုသူများကတော့ တစ်စတစ်စပွားများလာသည်။ အကြံတူ ရန်သူဆိုသည့်အတိုင်း ရန်သူတွေ ပွားများလာသည်။ အတိုက်အခံတွေ ပေါများလာသည်။

သူကိုယ်တိုင်က ပေါင်းသင်းဆက်ဆံရေး ကောင်းသည်။ ယဉ်ကျေး သိမ်မွေ့သည်။ ဇိမ်ခံပစ္စည်းများကို တပ်မက်သည်။ သူ၏ ဒုတိယအိမ်ထောင်နှင့်လည်း အိမ်ထောင်ရေးသုခကို ခံစားနေရသည်။

သူ့မှာ ပြဿနာတစ်ခုပဲ ရှိသည်။ သူ့ချွေးနဲ့စာများဖြင့် ရင်းနှီးပြီး ထူထောင်ထားရသည့် စီးပွားရေး လက်ငုတ်လက်ရင်းများကို သားစဉ်မြေးဆက်က ဆက်လက်ထိန်းသိမ်းသွားစေချင်သည်။ သို့သော် သူ့မှာ ပထမအိမ်ထောင်နှင့် သမီးတစ်ယောက်သာ ထွန်းကားခဲ့သည်။

ထိုတစ်ဦးတည်းသော သမီးကလျာက ခေါင်းမာသည်။ ကိုယ်တိုင်က ဉာဏ်ကောင်းသည်။ လွတ်လပ်မှုကို မြတ်နိုးသည်။ သို့သော် အဆိုးဆုံးမှာ အိမ်ထောင်မပြုလိုသည့် ဆန္ဒဖြစ်သည်။ ယခုအသက် ၂၇နှစ်ရှိပြီ။ အပျိုကြီးဘဝနှင့် နေနေတုန်း ဖြစ်သည်။ ဒါကို ဩဂတ်စတပ်ဆမ်မြူယယ်အနေဖြင့် မကျေနပ်နိုင်ဆုံးဖြစ်နေသည်။

**အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယားပြည်နယ်၊ အင်္ဂါ၊ မေ ၁၁၊ မွန်းတည့်ချိန်။**

သူခရီးမသွားပဲ နေသည့်အခါများတွင် (များသောအားဖြင့် မနားမနေ ခရီးသွားနေတတ်သူဖြစ်သည်။) မေယာကိုကုမ္ပဏီကြီး၏ ဘုရင်ဩဂတ်စတပ်ဆမ်မြူ ယယ်မေယာသည် တစ်ကမ္ဘာလုံးအနှံ့ရှိနေသော သူ၏ စီးပွားရေးလုပ်ငန်းများကို အင်ဒီးယန်းဝဲလ်စ်နေအိမ်မှနေ၍ အုပ်ချုပ်လေ့ရှိသည်။

အင်ဒီးယန်းဝဲလ်စ်နေအိမ်မှာ ပမ်းစပရိန်းနှင့် မနီးမဝေးမှာရှိသည်။ သဲကန္တာရထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း သူ့ခြံကြီးထဲတွင် စိမ်းလန်းစိုပြေလျက်ရှိသည်။ နေအိမ်ကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည်။ တင်းနစ်ကစားကွင်းရှိသည်။ ရဟတ်ယာဉ်ကွင်းရှိသည်။ ဘဲဥပုံသဏ္ဌာန် ရေကူးကန်ရှိသည်။

ဩဂတ်စတပ်ဆမ်မြူယမ်မေယာသည် အသက်၇၀ကျော် ပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းသည်။ စိတ်မြန်သည်။ ထက်မြက်သည်။ နံနက်စောစောတိုင်း ရေကူးပြီး တင်းနစ်ကစားလေ့ရှိသည်။ သူနှင့်သူ့ဇနီးနာဒိုင်းတို့သည် ဧည့်သည်များကိုလည်း မကြာခဏ ဖိတ်ကြားကာ ဧည့်ခံကျွေးမွေးလေ့ရှိသည်။ သို့သော်ညနေပိုင်းနှင့် စနေ၊တနင်္ဂနွေရက်များမှာသာ ဧည့်ခံလေ့ရှိသည်။

ကျန်ရက်များတွင်ကား မေယာသည် မနားမနေအလုပ်လုပ်နေသူဖြစ်လေသည်။

သူ အလုပ်လုပ်ရာတွင်လည်း ရုံးခန်းထဲမှာ၊အိမ်ထဲမှာ အလုပ်လုပ်ခြင်း မဟုတ်။ ရေကူးကန်ဘေးတွင် သူထိုင်နေကျ ကုလားထိုင်ကိုချသည်။ ထိုအပေါ်မှာ ထီးမိုးသည်။ ထို ထီးအောက်ရှိ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး တစ်ကမ္ဘာလုံးမှာရှိနေသော သူ၏စီးပွားရေးလုပ်ငန်းများ ကို အုပ်ချုပ်ခြင်းဖြစ်သည်။

\+ + +

နေ့ခင်းပိုင်းဖြစ်သည်။ စန်ဂျာစင်တိုတောင်တန်းများဆီမှ တိုက်ခတ်လာသော လေက အေးစိမ့်နေသည်။ ဆမ်မြူယမ်မေယာသည်ထုံးစံအတိုင်း ရေကူးကန်ဘေးမှ ကုလားထိုင်ပေါ်မှာ ခပ်တောင့်တောင့်ထိုင်နေသည်။ သူ့အနားတွင် အတွင်းရေးမှူးတယောက်မှမရှိပါ။ တင်းနစ်ကစား သည့်အခါ ဝတ်သောဘောင်းဘီတိုကလေးကိုသာ ဝတ်ထားသည်။ သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင်နေသူပြောသည့် စကားများကို နားထောင်ရင်း သူ့မျက်လုံးထဲမှာ ဒေါသ ရောင်များပေါ်နေသည်။

ရပ်ဆယ်သော့ပ်သည် အသက် ၃၄နှစ်သာ ရှိသေးသဖြင့် မေယာ၏ အသက်တစ်ဝက် မျှပင်မရှိသေးချေ။ သူ့အလုပ်ရှင်ကို အလွန်လေးစားပါသည်။ သူ၏ စိမ်းပြာရောင် မျက်လုံးများနှင့် ဆမ်မြူယမ်မေယာကို တည့်တည့်စိုက်ကြည့်ရင်း သူပြောစရာရှိသည်များကို ရိုးရိုးရှင်းရှင်းနှင့် အလေးအနက်ပြောဆိုနေသည်။

"ဒီတိုင်းပြည်ထဲကနေပြီး လီယိုဖူးချ်ဘတ်ထွက်သွားတဲ့ပုံကတော့ တကယ့်ကို စိတ်ကူးယဉ် ဝတ္ထုတစ်ပုဒ်အတိုင်းပါပဲခင်ဗျာ၊အာဝင်စပီဂယ်ဆိုတဲ့ နာမည်နဲ့ နိုင်ငံ ကူးလက်မှတ်အလိမ်ကိုကိုင်ပြီး မက်ဆီကိုကနေတစ်ဆင့် စန်တာကလာရာမြို့ကို သူ ထွက်သွားပါတယ်၊အဲဒီအချိန်မှာ ပက်ထရစ် ရှာဂါဗေးဆိုတဲ့ အမျိုးသမီးကတော့ စင်တီနယ်ဗီဒီယိုကော်ပိုရေးရှင်းကို သတင်းစာသမားတွေ အာရုံမစိုက်မိအောင် ငွေတွေ ပုံအောပြီး အာရုံပြောင်းပေးနေပါတယ်၊ သူတို့ကြုံတွေ့နေရတဲ့ အရှုပ်အထွေးတွေကို တခြားရုပ်မြင်သံကြားကုမ္ပဏီတွေဘက် ပခုံးပြောင်းပေးဖို့ ကြိုးစားနေကြတာ ပါ၊ အဓိက သူတို့ရဲ့ ပစ်မှတ်ကတော့ ကျွန်တော်တို့ရဲ့ ပင်သီယွန်ကုမ္ပဏီ ဖြစ်ပါတယ်"

"အဲဒီအကြောင်းတွေ ခဏထားလိုက်ပါဦး၊ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ ကျုပ်ကို အတိုချုပ်ပြောပြစမ်းပါ ရပ်စ်"

"ကောင်းပါပြီ မစ္စတာ မေယာ၊အရေးကြီးတဲ့သတင်းတွေကို ကျွန်တော်တို့ စုံစမ်း ထောက်လှမ်းယူခဲ့ပါတယ်၊ ပထမအချက်က အင်ကမ်းကုမ္ပဏီဟာ ဂေါ်ဒွန် ဆင်ကလဲယားနဲ့ သူ့အစုရှင်တွေဆီက ဒေါ်လာ ၁၂၅ သန်းထပ်ရလိုက်ပါတယ်" ရပ်ဆယ်သော့ပ်က စကားကို ခဏဖြတ်က သူ့ဆံပင်များကို လက်နှင့်သပ်လိုက်သည်။ "ဒုတိယအချက်က ပြူအာတိုရီကွေဒိုနိုင်ငံထဲ မှာ ရှိနေတဲ့ ကျွန်တော်ရဲ့ မိတ်ဆွေတချို့နဲ့ အဆက်အသွယ်လုပ်ခဲ့ပါတယ်၊ ပြူအာတိုရီကွေဒိုနိုင်ငံထဲ မှာ သေွးချောင်းစီးပွဲကြီးတစ်ခု ဖြစ်ဖို့ ဗားဟတ်က ငွေတွေသွန်သုံးပြီး စီစဉ်နေပါတယ်၊ဗားဟတ်ရဲ့ နံပါတ်တစ် အားအကိုးရဆုံးဖြစ်တဲ့ ဂျက်ဖရေစပင်ဇာနဲ့ အေဒမ်ဟက်ချ်တို့ သောကြာနေ့တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ချိန်းပြီးတွေ့ခဲ့ကြပါတယ်၊ အေဒမ်ဟက်ချ်ကိုလဲ ဗားဟတ်တို့က ငွေပေးပြီး ခါးပိုက်ထဲ ထည့်လိုက်ပြီလို့ ယူဆရပါတယ်။ နောက်တစ်ချက်က အင်ကမ်း ကုမ္ပဏီရဲ့ ထိပ်တန်း အရာရှိကြီးတွေဟာ နောက်ထပ်ကုမ္ပဏီတစ်ခုကို ထပ်ဝယ်ဖို့ စကားပြောနေပါတယ်၊ ဆီးဂတ်သံမဏိ လုပ်ငန်းကော်ပိုရေးရှင်းကို ဝယ်ဖို့လဲ ဗားဟတ်က ဆုံးဖြတ်ထား. . ."

"အင်း. . . ဒါကို စောစောကတည်းက ကျုပ်ကြိုမြင်ခဲ့ဖို့ကောင်းတယ်" မေယာက စကားဝင်ဖြတ်ပြောသည်။ သူ့အသံက တည်တည်ကြီးဖြစ်နေသည်။ "ဆီးဂတ်ရဲ့ အစုရှယ်ယာတွေကို ကျုပ်တို့လဲ ဝယ်နေတယ်၊ အဲဒီ ကုမ္ပဏီကို ပြောင်းယူဖို့လဲ သူတို့ ဒါရိုက်တာ အဖွဲ့ဝင်တွေနဲ့ ကျုပ်တို့ ဆွေးနွေးနေကြတယ်၊ ဗားဟတ်က ဘာမှမဟုတ်ဘူး၊ကျုပ်တို့ စီစဉ်ထားတာတွေပျက်ပြီး ဒီလုပ်ငန်းထဲကနေ ကျုပ်တို့ကို ကန်ထုတ်ပစ်လိုက်ဖို့ ခြေလှမ်းပြင်လာတာပဲ"

မေယာ၏ မျက်နှာ အမူအရာမှာသုန်သုန်မှုန်မှုန်ဖြစ်သွားသည်။ ဆီးဂတ် သံမဏိ လုပ်ငန်းကော်ပိုရေးရှင်းသည် ခေတ်မီစက်ကိရိယာများဖြင့် လည်ပတ်နေသည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ထိုကော်ပိုရေးရှင်းကို မိမိ၏ ကုမ္ပဏီလက်အောက်သို့ ဆွဲသွင်းရန်အတော်ကြာကြာကတည်းက မေယာ ပြင်ဆင်ထားခဲ့သည်။ ငွေသန်း ထောင်ပေါင်းများစွာရင်းပြီး မေယာကို ကုမ္ပဏီကို ချဲ့ထွင်ဖို့ စီစဉ်ထားသည့်အထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ ပြင်ဆင်ထားခဲ့သည့်အတွက် ဒေါ်လာသန်းပေါင်း ၂၀၀ ခန့် ကုန်ကျခဲ့ပြီးလည်း ဖြစ်သည်။

"နောက်ထပ် ဘာပြောစရာ ကျန်သေးသလဲ ရပ်စ်. . ."

"ဒါပါပဲ ခင်ဗျာ၊မစ္စတာ မေယာကို တိုက်ရိုက်အစီရင်ခံဖို့ ဒင်နီယယ်ဆိဇ်က ဗီနေ့မနက်ပဲ ကျွန်တော့်ကို ညွှန်ကြားလိုက်ပါတယ်၊ ဒါကြောင့် ကျွန်တော်ဒီကို လာခဲ့တာပါ"

မေယာသည် ဘာမှမပြောပဲ စဉ်းစားနေသည်။ ရပ်ဆယ်သော့ပ်သည် တစ်ကြိမ်ထက်တစ်ကြိမ်အစွမ်းအစများကို ပိုပြလာနိုင်သူဖြစ်သည်။ သူ့ကိုယုံရတော့မည်။ အစစအရာရာ သူ့ကိုအားကိုးရတော့မည်။ အားကိုးလောက်အောင် အရည်အချင်းရှိသူ ဖြစ်ကြောင်းလည်း သူ၏ လုပ်ရပ်များက လက်တွေ့ပြနေပြီ။ ထို့ကြောင့် ယခုအချိန်ကစပြီး မိမိကိုလည်း 'ဆမ်'ဟု ခေါ်ခိုင်းတော့မည်ဟု တွေးလိုက်မိသည်။

သူ့ မိသားစု၊သူနှင့်အလွန် ရင်းနှီးသူများ၊မေယာကို ကုမ္ပဏီ၏ ထိပ်တန်း အရာရှိကြီးများကိုသာလျှင် သူ့အား 'ဆမ်'ဟု ခေါ်ခွင့်ပြုခဲ့သည်။

"ကျုပ်ကို မစ္စတာ မေယာလို့ မခေါ်နဲ့တော့ ရပ်စ်. . . အခုအချိန်ကစပြီး 'ဆမ်'လို့ပဲ ခေါ်တော့" ဟု မစ္စတာ မေယာက ပြောသည်။

ထိုစကားကို ကြားသောအခါ ရပ်ဆယ်သော့ပ် မျက်လုံးပြူးသွားသည်။ မစ္စတာ မေယာကို သူအလွန်လေးစားသည်။ အထင်လည်းကြီးသည်။ လုပ်ငန်းအားလုံး အောင်မြင်နေသော၊ ငွေကြေးအရာတွင်လည်း သန်းထောင်ပေါင်းများစွာ ချမ်းသာနေသော၊မိမိထက်လည်း အသက်နှစ်ဆမကကြီးသော မစ္စတာ မေယာကို 'ဆမ်' ဟု တရင်းတနှီးခေါ်ခွင့်ရဖို့ ဆိုသည်မှာ မလွယ်ကူသော ကိစ္စဖြစ်သည်။ ယခု ထိုအခွင့်အရေး ရရှိလိုက်သဖြင့် ရပ်ဆယ်၏ ရင်ထဲမှာ ဝမ်းသာလုံးဆို့သွားသည်။

နောက်တစ်ကြောင်းက ယခုလို 'ဆမ်' ဟု ခေါ်ခွင့်ပြုလိုက်ခြင်းသည်။ သူ့ကို လူယုံစာရင်းသွင်းလိုက်ခြင်းဖြစ်သည်။ လူယုံ စာရင်းသွင်းလိုက်ပြီ ဆိုလျှင်သူ့ လစာကိုလည်း အနည်းဆုံး တစ်နှစ်လျှင် ဒေါ်လာ ၅၀၀၀၀ လောက်တိုးပေးတော့မည် မှာ သေချာသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာမေ. . . ဆမ်. . . ဟို. . . ချက်ချင်းတော့ ကျွန်တော် ကျင့်သားရဦးမယ် မထင်ပါဘူး"

"သိပ်ပြီး အာရုံစိုက်မနေပါနဲ့၊စိတ်ကို လျှော့ထားလိုက်ပါ၊ကျုပ်ခွင့်ပြုတဲ့ အတိုင်း မခေါ်နိုင်ရင် မောင် အလုပ်က ထွက်စာ တင်ထားခဲ့တော့" မေယာက ရပ်ဆယ်သော့ပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ပြီး အကဲခတ်နေသည်။ "ပေါလ်ဗားဟတ်နဲ့ ကျုပ်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးကို မောင် ဘယ်လောက်သိထားသလဲ"

"အများ သိသလောက်ပဲ ကျွန်တော်သိပါတယ် ခင်ဗျာ၊သူဟာ အန်ကယ် နဲ့ မေယာကို ကုမ္ပဏီ ပျက်စီးအောင် အမြဲတမ်းတိုက်ခိုက်နေသူ ဖြစ်ပါတယ်၊အန်ကယ်နဲ့ မေယာကို ကုမ္ပဏီကလဲ သူ့ကို အပြင်းအထန် ပြန်တိုက်နေပါတယ်"

"ကျုပ်တို့ နှစ်ယောက်ရဲ့ ရန်ငြိုးက ဒီထက် အများကြီးပိုကြီးပါတယ်" မေယာ၏ လေသံမှာ အက်ကွဲလာသည်။ "ပုဂ္ဂိုလ်ရေး အာဃာတ သက်သက်ပါပဲ၊ ဗားဟတ်နဲ့ ကျုပ်တို့ နှစ်ယောက်အဆင်မပြေခဲ့ကြတာဟာ နှစ်ပေါင်းသုံးလေးဆယ်လောက်ရှိပြီ၊ ဇာတ်လမ်းက ရှည်တယ်၊ ရှုပ်ထွေးတယ်၊ ဒါကြောင့် နောက်မှပဲ မောင့်ကို ကျုပ်ပြောပြတော့မယ်"

ရပ်ဆယ်သော့ပ်ကို သူ့တာဝန် ပေးရဦးမည်။ အလွန်ညစ်ပတ်သည့် တာဝန်မျိုး ဖြစ်သည်။ ထိုတာဝန်ကို သူဘယ်သို့ တုန့်ပြန်မည်နည်းဟု စောင့်ကြည့်ရဦးမည်။ သူ့တုံ့ပြန်ပုံကို စိတ်တိုင်းကျမှသူနှင့် ဗားဟတ်၏ ဇာတ်လမ်းကိုလည်း ပြောပြရမည်ဟု စိတ်ထဲမှာ တေးထားလိုက်သည်။

"ဗားဟတ်ရဲ့ စရိုက်တွေကို ကျုပ်ကောင်းကောင်းသိတယ်၊ သူဟာ ဒေါသကြီးတယ်၊ ဒေါသကြီးတဲ့အတိုင်းစိတ်လိုက်မာန်ပါတွေကို လိုက်လုပ်တတ်တယ်၊ အခုလဲ သူမဟုတ်တာတွေ လုပ်ဦးတော့မယ် မဟုတ်လား၊ သူ့ကို ဘယ်တော့မှ လျှော့မတွက်နဲ့ ရပ်စ်၊ သူဟာ အင်မတန် ဦးနှောက်ကောင်းတယ်၊ ဉာဏ်သွားတယ်၊အခု သူစီစဉ်နေတာတွေဟာ မေယာကို ကုမ္ပဏီကို အပြတ်တွယ်ဖို့ ဆိုတာထင်ရှားနေပြီ၊ ကျုပ်တို့ကို သူဘာတွေများ လုပ်မယ်လို့ မောင်ခန့်မှန်းမိထားသလဲ၊ ဘာတွေများ လုပ်နိုင်သလဲ"

"ကျွန်တော့် အထင်ကတော့ ပင်သီယွန်ကုမ္ပဏီကို သူစတိုက်မယ်၊ အပြင်းထန်ဆုံး တိုက်မယ်၊ အဒေမ်ဟက်ချ်ကနေတစ်ဆင့် အစိုးရရဲ့ ဩဇာအာဏာတွေကို သူအရယူမယ်၊ တရားရေးဌာနနဲ့ အစုရှယ်ယာ စုံစမ်းရေးကော်မတီကပင်သီယွန် ကုမ္ပဏီကို ဝင်ရောက်စုံစမ်း စစ်ဆေးမှုတွေ ဖြစ်လာအောင် သူကြိုးစားမယ်၊ နောက်ပြီးတော့ . . . မေယာကို ကုမ္ပဏီကြီးအထိ ရန်ရှာလာမယ်"

"အင်မတန်ဖြစ်နိုင်တယ်၊ ဒီအတိုင်း သူလုပ်လာရင် ကျုပ်တို့ရဲ့ ပင်သီယွန် ကုမ္ပဏီ ပျက်စီးသွားနိုင်တယ်၊ ကျုပ်တို့ ပင်သီယွန်ကုမ္ပဏီက စီဘီစီတယ်လီဗေးရှင်း ကုမ္ပဏီကို ဇာတ်လမ်းတွေ အများကြီးရိုက်ပေးနေတာမဟုတ်လား၊ရာခိုင်နှုန်းရှစ်ဆယ်ဟာ ကျုပ်တို့ ကုမ္ပဏီက ပံ့ပိုးနေတာ၊စီဘီစီဟာ ဒီတိုင်းပြည်ရဲ့အကြီးမားဆုံး တယ်လီဗီးရှင်းပဲ၊ဂေါ် ဒွန်ဆင်ကလဲယားရဲ့ လက်ထဲမှာ စီဘီစီရဲ့ အစုရှယ်ယာကိုးရာခိုင်နှုန်း ရှိတယ်၊သိပ်များတာတော့မဟုတ်ဘူး၊ဒါပေမယ့် အရှိန်အဝါအများကြီးသုံးနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့ပင်သီယွန်နဲ့ စီဘီစီစာချုပ်ပျက်သွားရင် သူတို့ရဲ့ စင်တီနယ်ဗီဒီယိုကော်ပိုရေးရှင်းနဲ့ စီဘီစီစာချုပ်ပြီး ဆက်လုပ်သွားအောင် ဖန်တီးနိုင်တယ်၊ ဒီလို ဖြစ်သွားရင်ကျုပ်တို့ ကုမ္ပဏီအဖို့ တစ်နှစ်ကို ဒေါ်လာသန်းနှစ်ဆယ်လောက် ဆုံးရှုံးသွားမယ်။ နောက်ထပ် ဘယ်လိုအန္တရာယ် ရှိနိုင်သေးတယ်လို့ မြင်သလဲ"

"သူတို့ရဲ့ အင်ကမ်းကုမ္ပဏီက ဆီးဂတ်သံမဏိ လုပ်ငန်းကော်ပိုရေးရှင်းကို ကိုင်သွားမယ် ဆိုရင်"

"မေယာကို အဖို့အများကြီးအထိနာသွားမှာပေါ့၊ဆက်ပါဦး"

"ပြူအာတိုကွေဒိုနိုင်ငံမှာ ဗားဟတ်လုပ်မယ့် ကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ ကျွန်တော်တို့ကို ထိခိုက်လာနိုင်ပါတယ်၊ မေယာကိုရဲ့ စီးပွားရေးလုပ်ငန်းတွေ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ မရှိတော့တာမှန်ပါတယ်၊ ဒါပေမယ့် တခြားလက်တင် အမေရိက နိုင်ငံတွေထဲမှာရှိတဲ့ ကျွန်တော် တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ရောင်ပြန်ဟပ်လာနိုင် တယ်၊ ပြူအာတိုနိုင်ငံမှာ မတော်တဆတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရင် တခြား လက်တင်အမေရိက နိုင်ငံတွေကလဲ အမေရိကလုပ်ငန်းရှင်တွေရဲ့ စီးပွားရေး အခြေအမြစ်တွေကို ပြည်သူပိုင်သိမ်းပစ်ကြလိမ့်မယ်၊ ဒါမှမဟုတ် မတန်တဆ အမြတ်တော်ကြေး တွေနဲ့ အခွန်တွေကောက်လိမ့်မယ်၊ ဒီလိုအခြေအနေကျရင် အဲဒီနိုင်ငံတွေမှာရှိနေတဲ့ မေယာကို ကုမ္ပဏီရဲ့ စီးပွားရေး အခြေအမြစ်တွေ အားလုံး ဒုက္ခဖြစ်ကုန်မှာ သေချာတယ်"

"မောင်ပြောတာတွေဟာ ကျိုးကြောင်း ဆီလျော်ပါတယ် ရပ်စ်၊ ဒါတွေ နဲ့ပတ်သက်ပြီး ဘယ်လိုများ အကြံပေးချင်သလဲ"

"ရှင်းပါတယ်ဆမ်" ဟု ယခုတစ်ကြိမ်တွင်မူ ဆမ်ဟူသောအမည်ကို အလွယ်တကူပင် ခေါ်လို့ ရသွားသည်။ "ဥပမာပြောရရင် အနောက်ဘက် ကမ်းခြေမှာ အင်ကမ်း ကုမ္ပဏီ ဒုက္ခ ရောက်နေတာကို ဖြေရှင်းမရအောင် ဆက်လုပ်ပေးရမယ်၊ စင်တီနယ်ကုမ္ပဏီ ပျက်စီးသွားအောင် ဖန်တီးပေးရမယ်၊ သူတို့ကို ပြည်သူတွေ အမြင်မှားနေအောင် လုပ်ပေးရမယ်"

"ဒီနည်းလမ်း မကောင်းဘူး၊ သူတို့ ဒုက္ခဖြစ်သွားသလို အဲဒီအန္တရာယ်က တခြားကုမ္ပဏီ တွေကိုပါ ကူးစက်လာနိုင်တယ်၊မေယာကို ကုမ္ပဏီကိုလဲ ကူးစက်လာနိုင်တယ်"

"အင်ကမ်းကုမ္ပဏီဟာကြွေးလည်ပင်းခိုက်နေပါတယ်၊ နှစ်တို နှစ်ရှည် ချေး ငွေတွေနဲ့ ခေါင်းမဖော်နိုင်အောင် ဖြစ်နေပါတယ်၊ ဒါကြောင့်သူ့အစုရှယ်ယာတွေကို အနက်ကယ်က တိတ်တိတ် ဝယ်ပြီး သူ့ကို အပိုင်ထိုင်နိုင်လောက်တဲ့အချိန်မှာ အဲဒီအစု ရှယ်ယာတွေအပေါ်က ငွေပြန်တောင်း ရင်လဲ ရနိုင်ပါတယ်"

"ဒီနည်းက အချိန်သိပ်ကြာမယ်၊နောက်တစ်ခုက ဒီအကျပ်အတည်းထဲက အင်ကမ်း ကုမ္ပဏီကို ဆင်ကလဲယားက ဆွဲထုတ်ယူသွားနိုင်တယ်"

ရပ်ဆယ်သော့ပ်က ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"အစိုးရဘုတ်အဖွဲ့နဲ့ ကော်မရှင် တော်တော်များများမှာ အဖွဲ့ဝင်အဖြစ် အနက်ကယ် ဆောင်ရွက်ခဲ့ဖူးပါတယ်၊ ဒါကြောင့် အင်ကမ်းကုမ္ပဏီကို စုံစမ်းစစ်ဆေးမှု တွေလုပ်ဖို့ အစိုးရကို ချဉ်းကပ်ပြီး သွေးဆောင်နိုင်ပါတယ်၊အစိုးရက ဒီလို ဝင်စစ်လိုက်ရင် သူတို့ ဥပဒေတွေ ချိုးဖောက် ထားတာမမြင်ချင်အဆုံးဖြစ်နေတာကို တွေ့ ရပါလိမ့်မယ်၊ ဒီနည်းကိုမကြိုက်သေးရင် ပြူအာတို ကွေဒိုနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ၊ ဘယ်သူတွေက ဝင်ခြယ်လှယ်နေသလဲဆိုတာ အစိုးရက အာရုံစိုက်အောင် ချဉ်းကပ်ပြောမယ်ဆိုရင်လဲ ဖြစ်နိုင်တာပဲ"

"ဒါတွေတော့ ထားလိုက်စမ်းပါမောင်ရာ" ဘီလျံနာကြီး၏ မျက်နှာပေါ်တွင် စိတ်နာ သည့် အပြုံးလေးတစ်ခုပေါ်သွားသည်။ "ဆီးနိတ်နဲ့ ကွန်ဂရက်လွှတ်တော် အမတ်တော်တော် များများနဲ့ ကျုပ်နဲ့ရင်းနှီးပါတယ်၊ဒါလောက်ပဲရှိတယ်၊လက်ရှိအစိုးရ အဖွဲ့ဝင်တွေနဲ့ ကျုပ်နဲ့က နည်းနည်းလေးမှ အဆင်ပြေတာမဟုတ်ဘူး၊ အစိုးရအဖွဲ့ထဲမှာ ကျုပ်ကိုလိုလားတဲ့ လူလဲ တစ်ယောက်မှမရှိဘူး၊ ဂျွန်ဆင်အစိုးရ လက်ထက်ကတည်းက သူတို့လုပ်ပုံကိုင်ပုံတွေကို ကျုပ် ဆန့်ကျင်ခဲ့ရာကစပြီး အဆင်မပြေ ဖြစ်ခဲ့တာပဲ၊ အခု တက်နေတဲ့ သမ္မတ ဘီလီဘင်းနက် ရွေးကောက်ပွဲဝင်တုန်းကလဲ သူနဲ့ ပြိုင်ရွေးတဲ့ ရီပတ်ဘလီကင်သမ္မတလောင်းကို ကျုပ်က ထောက်ခံခဲ့တယ်လေ" မေယာက ခေါင်းကို တဖြည်းဖြည်းချင်းယမ်းခါလိုက်သည်။ "မဖြစ်နိုင်ဘူး ရပ်စ်၊ အစိုးရအဖွဲ့ကို ဝင်လုံး ဖို့လုပ်ငန်းမှာတော့ ဗားဟတ်ကို ကျုပ်တို့ မပြိုင်နိုင်ဘူး၊လက်ရှိ အစိုးရတစ်ဖွဲ့လုံးကို သူတို့က အပိုင်ကိုင်ထားတာ"

"ခင်ဗျားပြောပုံက လုံးဝမျှော်လင့်ချက် မရှိတော့တဲ့ ပုံမျိုးပါလားဆမ်"

"လက်ရှိအခြေအနေအတိုင်းကတော့ မျှော်လင့်ချက်မရှိဘူး ဆိုရမယ်၊ ဒါပေမယ့် ကျုပ်တို့ နည်းနဲ့ ကျုပ်တို့ တိုက်ရမယ်၊ဒီအတိုင်းငြိမ်ခံနေရင်တော့ မေယာ ကို ကုမ္ပဏီ လမ်းဆုံးပြီ၊ ကျုပ်ရဲ့ ကုမ္ပဏီ သက်ဆိုးရှည်နေအောင် ကျုပ်လုပ်ရမယ်၊ လုပ်ငန်းတွေ ဆက်လက်အောင်မြင်နေ အောင်လုပ်ရမယ်၊အခု လက်ရှိ အခြေအနေ ထက်ပိုပြီး ကြီးကျယ်လာအောင်လဲ လုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပြိုင်တည်းမှာ ပေါလ်ဗားဟတ်ကိုလဲ အမှုန့်ကြေသွားအောင် ခြေပစ်ရမယ် မဟုတ်လား" ဟု ရပ်ဆယ်သော့ပ်က ဝင်မေးသည်။

"ဟုတ်တယ်၊ဒါလဲ ပါတယ်" မေယာက မဆိုင်းမတွပြန်ဖြေသည်။ ပြီးတော့ ရပ်ဆယ်ကို စိတ်အားထက်သန်စွာ ကြည့်နေသည်။ "ဒီစစ်ဆင်ရေးဟာ အင်မတန် ကြီးကျယ်မယ် ရပ်စ်၊ဒီ စစ်ဆင်ရေးကို ကြီးကြပ်ကွပ်ကဲဖို့ စစ်ဆင်ရေးမှူးကောင်း တစ်ယောက် လိုတယ်၊ကျုပ်က အသက်ကြီးပြီ၊ စိတ်ပဲ ရှိတော့တယ်၊ စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး၊ဒင်နီယယ်ဆီဇ်ကလဲ အသက် ၆၁နှစ်ရှိပြီ၊ နောက်ပြီးတော့ . . . သူ့မှာအစာအိမ်ရောဂါနဲ့နှလုံးရောဂါ ရှိတယ်၊ နင်လား ငါလား သူမလုပ်နိုင်တော့ဘူး၊ ဒါကြောင့် ကျုပ်တို့ ဆင်နွှဲရမယ့် စီးပွားရေး စစ်ဆင်မှုကြီးကို ဦးဆောင်မယ့် စစ်ဆင်ရေးမှူးကောင်းတစ်ယောက် လိုနေပြီ"

မေယာ ဘာဆိုလိုသည်ကို ရပ်ဆယ်က စဉ်းစားနေသည်။ ထိုသို့ စဉ်းစား နေဆဲမှာပင် မေယာက ဆက်ပြောသည်။

"ဒီစစ်ဆင်ရေးကို မောင်တာဝန်ယူပြီး ဆင်နွှဲစေချင်တယ်၊ ဒါပေမယ့် မောင့်ကို ကျုပ်တစ်ခုတော့ ကြိုတင်ပြီး သတိပေးလိုက်မယ်၊ အခု ဆင်နွှဲရမယ့် စစ်ဆင်ရေးဟာ ကြေးစား စစ်ဆင်ရေးမျိုးပဲ၊ အောင်ပွဲခံရရင် ဆုကြေးတွေရမယ်၊ ရာထူးတွေရမယ်၊ ဒါပေမယ့် မအောင်မြင် ရင်တော့ သူ့ရဲကောင်းများကို သင်္ဂြိုဟ်သလို သင်္ဂြိုဟ်ခံရမှာတော့ မဟုတ်ဘူး၊ စစ်အခမ်းအနား မရှိဘူး၊ ဂုဏ်ပြုမှု မရှိဘူး"

အင်မတန်ရှင်းပါသည်။ အင်မတန် ပီသပြတ်သားပါသည်။ သည်နေရာက ထိပ်ဆုံးသို့ ရောက်အောင် ငါတက်နိုင်တော့မှာပါကလားဟု ရပ်ဆယ်သော့ပ်က ကျိတ်တွေးနေမိသည်။ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီး စီမံကိန်းမျိုးဖြစ်သည်။ ဥပဒေစည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာပြီးလုပ်ကိုင်ရမည့် အလုပ်မျိုးမဟုတ်ကြောင်းကိုလည်း ရပ်ဆယ်သော့ပ်က သဘောပေါက် လိုက်ပြီး ဖြစ်သည်။

"ကျွန်တော် တစ်ခုမေးပါရစေ ဆမ် . . . ကျွန်တော် ဘာတွေ လုပ်ရမယ်၊ ဘယ်လို လုပ်မယ်ဆိုတာကို ဘယ်သူက ညွှန်ကြားမှာလဲ၊ဒီစစ်ဆင်ရေးမှာကျွန်တော် ငွေဘယ်လောက် သုံးစွဲခွင့် ရှိပါသလဲ . . ."

"ကျုပ်နဲ့ တိုက်ရိုက်ဆက်ဆံရုံပဲ၊ ကျုပ်တစ်ယောက်တည်းနဲ့ တိုင်ပင်ပြီး အလုပ်လုပ်ရုံပဲ၊ အခြေခံမူဝါဒကို ကျုပ်သတ်မှတ်ပေးမယ်၊မောင် လွတ်လွတ်လပ်လပ် လုပ်နိုင်တယ်၊ဘယ်သူ့ရဲ့ အဟန့်အတားမှ မရှိစေရဘူး၊ ငွေကြေးကိစ္စကတော့ မောင် ကြိုက်သလောက် သုံးနိုင်တယ်၊ သုံးဖို့ လိုအပ်တယ်လို့ မောင်ထင်ရင် ဘယ်လောက် ကုန်ကုန် သုံးနိုင်တယ်၊အဲဒီလို သုံးတဲ့ငွေတွေကို စာရင်းဇယား မှတ်မထားဘူး၊ဘာ မှတ်တမ်းမှ မရှိစေရဘူး၊ဒီအထဲမှာ စာရွက်စာတမ်းလုပ်ငန်း၊ စာရင်းအင်း လုပ်ငန်း ဘာမှမပါဘူး"

ရပ်ဆယ်သော့ပ်က ဆုံးဖြတ်ချက်ကို မဆိုင်းမတွပင် ချမှတ်လိုက်လေတော့သည်။

"ကျွန်တော် စစ်မှုထမ်းဖြစ်အောင် အန်ကယ်လုပ်လိုက်ပြီလို့ ကျွန်တော် ထင်ပါတယ် အန်ကယ် ဆမ် . . ."

မေယာက ပြုံးပြီး ထိုင်ရာမှ ထသည်။

"ကောင်းတယ်၊ တစ်နာရီလဲထိုးပြီ၊မိန်းမနဲ့ သမီးက နေ့လယ်စာစားဖို့ ကျုပ်တို့ကို စောင့်နေကြပြီ၊ကျုပ်သမီးလဲ ဒီကိုအလည်ရောက်နေတယ်၊ နေ့ခင်းကျမှ ဆက်ဆွေးနွေးနေကြ သေးတာပေါ့ . . ."

မေယာနှင့် ရပ်ဆယ်သော့ပ်သည် ရေကူးကန်ကို ပတ်ပြီးအိမ်ဆီသို့ လျှောက်လာကြ သည်။ လမ်းခုလတ်တွင် ရပ်ဆယ်က ရပ်လိုက်သည်။ ထမင်းစားရင်း သူ့စိတ်ကို အလုပ်ပေးရတော့မည်။ "ကျွန်တော်တို့ လုပ်ငန်းဘယ်ကနေပြီး စကြရမှာလဲ ဆမ်" ဩဂတ်စတပ် ဆမ်မြူယယ်



www.burmeseclassic.com

www.burmeseclassic.com


မေယာသည် အနီးရှိ ပန်းပင်မှ ပန်းတစ်ပွင့်ကို ခူးယူလိုက်သည်။ ပြီးတော့ ထိုပန်းပွင့်ကို နမ်းကြည့်နေသည်။

"ပေါလ်ဗားဟတ်ရဲ့ ဘိုးစဉ်ဘောင်ဆက်ဟာ ဘယ်လ်ဂျီယန်လူမျိုး ဖလင်ဒါနယ်သားတွေ ဖြစ်တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာငါးဆယ်လောက်ကစပြီး ဂျာမနီပြည်ကြီးကို ရွှေ့ပြောင်းဝင်ခဲ့ကြတယ်၊ရိုင်းလင်းပြည်နယ် ရိုင်းမြစ်အနားမှာအခြေချ ကြတယ်၊ပေါလ်ဗားဟတ်ဟာ အဲဒီမှာ မွေးပြီး လူလားမမြောက်တမြောက်အရွယ် အထိ အဲဒီမှာနေခဲ့တယ်"

"အဲဒါလောက်ကိုတော့ ကျွန်တော်သတိထားမိပါတယ် ခင်ဗျာ၊ သူနဲ့ ပတ်သက်ပြီး ကျွန်တော်ရှာဖွေစုဆောင်းထားတဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိဖိုင်ထဲမှာ အဲဒီအချက်တွေ အပြည့်အစုံပါပါတယ်" ရပ်ဆယ်သော့ပ်က မေယာ၏ စကားကို အံ့အားသင့်သည့် အမူအရာမျိုးဖြင့် ပြန်ဖြေသည်။

"ဟုတ်လား. . ."

မေယာက ခေါင်းညိတ်လိုက်သည်။ ထို့နောက် မျက်မှောင်တစ်ချက်ကုပ်လိုက်ပြီးမှ ဆက်ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်လောက်က ကူးလ်ရစ်ခ်ျဆိုတဲ့ ကဗျာဆရာကြီး စပ်သွားတဲ့ ကဗျာလေး တစ်ပုဒ်ကို ကျုပ် ကိုးကားပြီး ပြန်ရွတ်ပြရဦးမယ်"

"အိုင်ပုပ် ရေသိုး၊ အနံ့ဆိုးတို့၊

ရိုးတွင်းခြင်ဆီ၊ စူးဝင်ပြီရှင့်၊

ရေကြည် ရေကောင်း၊ ထပ်လောင်း ဝင်ရန်၊

တော်လှန်ကြစို့ ရိုင်းမြစ်ကို. . . ဆိုတဲ့ ကဗျာလေးပေါ့ မောင်ရာ. . ."

ဘီလုံနာကြီးသည် အားပါးတရ ရယ်ချလိုက်သည်။ သို့သော်လည်း သူ့ ရယ်သံမှာ အချဉ်ပေါက်ပေါက်နှင့်ရယ်လိုက်သည့်ပုံစံမျိုး ဖြစ်နေပါသည်။ နာကျည်းမှု ကို အခြေခံသည့် ရယ်သံမျိုး ဖြစ်နေပါသည်။

"အဲဒီ ကဗျာကလေးဟာ ရိုင်းမြစ်ရဲ့အကြောင်းတွေ အများကြီးကို ပြောပြနေတယ်၊ ရိုင်းလင်းနယ်သားတွေရဲ့ အကြောင်းတွေကို ပြောပြနေတယ်၊ဒါလေးကို စိတ်ထဲမှာ စွဲထားပြီး ဗားဟတ်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ အဖြေရှာကြည့်ပါ၊ ကျုပ်တို့ နောက်ထပ်ဆက်ဆွေးနွေးမယ့် အကြောင်းအရာတွေအတွက် ဒါလေးဟာ ရှေ့ပြေးသဘောထားလို့ပဲ သဘောထားလိုက်တာပေါ့မောင်"

အိမ်ဆီသို့ သူတို့ ဆက်လျှောက်လာကြသည်။ ဘဏ္ဍာစိုးက ဆီးကြိုကာ တံခါးဖွင့်ပေးသည်။ အတွင်းသို့ ဆက်ဝင်လာကြသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

နောက်ကြောင်း – ၁

www.burmeseclassic.com

www.burmeseclassic.com

## ရိုင်းလင်းနယ်။

ဘယ်လ်ဂျီယန်ပြည်တွင်း၌ ထင်ရှားသော လူမျိုးစုကြီးနှစ်စုရှိသည်။ မြောက်ပိုင်းတွင် ဖလင်ဒါနယ်သားများနှင့်တောင်ပိုင်းတွင် ဝါလွန်းနယ်သားများ ဖြစ်ကြသည်။

ဖလင်ဒါနယ်သားများက ဂျာမန်စကားပြောပြီး ဝါလွန်းနယ်သားများက ပြင်သစ်စကား ပြောကြသည်။ ထိုလူမျိုးစု နှစ်စုသည် ခေတ်အဆက်ဆက်ကတည်းက စစ်မက်ဖက်ပြိုင် တိုက်ခိုက်နေခဲ့ကြသော လူမျိုးများဖြစ်လေသည်။

၁၈၃၀-ခုနှစ်တွင် ဘယ်လ်ဂျီယန်နိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ထိုသို့ လွတ်လပ်ရေး ရရှိလာသည်တွင် ဝါလွန်းလူမျိုးများက မိမိတို့အပေါ် အနိုင်အထက် ကျင့်တော့မည်ဟု ယူဆကာ ဖလင်ဒါနယ်သားများက စိုးရိမ် ကြောက်ရွံ့ခဲ့ကြသည်။ ထို့ကြောင့် ဖလင်ဒါနယ်သားအများစုက ဘယ်လ်ဂျီယန် နိုင်ငံကိုခွာပြီးရေကြည် ရာမြက်နုရာ အခြားတိုင်းပြည်များသို့ ရွှေ့ပြောင်းသွားကြသည်။

ထိုသို့ ပြောင်းရွှေ့သွားကြသူများထဲတွင်ကားလ်ဗင်ဗားဟတ်တို့ မိသားစု လည်းပါသည်။ သူတို့ မိသားစုသည် ဂျာမနီနိုင်ငံ ရိုင်းလင်းပြည်နယ်မြို့တော် ကိုဘလင့်စ်မြို့သို့ သွားရောက်အခြေချကြသည်။ ကားလ်ဗင်ဗားဟတ်သည် ကုန်သည် မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

ရိုင်းလင်းနယ်သည် ရိုင်းမြစ်ကမ်းပါး နှစ်ဘက်မှာ တည်ရှိလေရာ စိုက်ပျိုးရေး လုပ်ငန်း အတွက်လည်း မြေဩဇာကောင်းသည့် နယ်မြေဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်သောကြောင့် အခြားနယ်မြေများထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည်။

လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက တိုင်းတစ်ပါးမှ ဝင်ရောက် ကျူးကျော်စစ်ပြုခြင်းကိုလည်း အကြိမ်ကြိမ်ခံခဲ့ရသည်။ ထို့ကြောင့် မိမိတို့၏ အသက် အိုးအိမ် စည်းစိမ် တည်မြဲရေးအတွက် မည်သို့ ရုန်းကန်လှုပ်ရှားရမည်ကို ရိုင်းလင်းနယ် သားများမှာဘဝပေး အတွေ့ အကြုံအရကောင်းစွာသိနားလည်ထားကြသူများလည်း ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com


နယ်မြေအခြေအနေအရ ရှေးအစဉ်အဆက်ကတည်းကစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာကြသောကြောင့် စီးပွားရေးနှင့်ပတ်သက်ပြီး အားလုံးက လာဘ် မြင်နေကြသည်။ ကားလ်ဗင် ဗားဟတ်တို့ မိသားစုသည်လည်း ထိုနယ်မြေသို့ ရောက်ပြီး မကြာမြင့်မီမှာပင် စီးပွားရေးလုပ်ငန်းများ အောင်မြင်လာကာ ထိုနယ်မြေ၏ ကြေးရတတ်များအဖြစ် အသိအမှတ်ပြုခြင်း ခံကြရလေသည်။

ကားလ်ဗင် ဗားဟတ် ကွယ်လွန်သောအခါ ကျန်ရစ်ခဲ့သည့် စီးပွားရေး အခြေအမြစ်များအားလုံးကို သားဖြစ်သူက ဆက်လက်အမွေခံကာ ဦးစီးလုပ်ကိုင်သည်။ သားသေသောအခါ မြေးဖြစ်သူက ဆက်လက်ဦးစီး လုပ်ကိုင်ပြန်သည်။

မြေးဖြစ်သူ ဝါနာဗားဟတ် လက်ထက်တွင် သူတို့၏စီးပွားရေးလုပ်ငန်းများက အဆမတန် တိုးတက်လာသည်။ ကမ္ဘာပေါ်တွင် နေရာတကာ၌ စစ်ဖြစ်နေရာ ဂျာမနီကလည်း လက်နက်တပ်ဆင်မှုများကို အပြင်းအထန် လုပ်ကိုင်နေသည်။ ဝါနာ ဗားဟတ်သည် ထိုအကွက်ကောင်းကိုယူကာ စစ်တပ်နှင့်ပေါင်းပြီး စစ်တပ်သို့ ပစ္စည်းများ ပေးသွင်းသည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

တစ်ဘက်က စီးပွားရေးကို စောက်ချလုပ်ကိုင်နေသကဲ့သို့ပင် သားသမီးများ၏ ပညာရေးကိုလည်း အားပေးခဲ့သည်။ ခေတ်ပညာတတ်မှ လူရာဝင်မည်ဟု ယုံကြည်ခဲ့သည်။

ဝါနာဗားဟတ် ကွယ်လွန်သောအခါ ရှုပရက်ဗားဟတ်က ဆက်လက်အုပ်ချုပ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

ရှူးပရက်ဗားဟတ် လက်ထက်တွင် နိုင်ငံတကာနှင့် ဆက်ဆံရေးအထိ တစ်ဆင့်တက်လှမ်းလာသည်။ ပင်လယ်ကူးသင်္ဘော တစ်စင်းဝယ်ကာ နိုင်ငံခြား တိုင်းပြည်များနှင့် ကုန်ရောင်းကုန်ဝယ်ပြုလုပ်သည်။ ရေနံဆီမီးဖိုများကိုလည်း စမ်းသပ်တီထွင် ထုတ်လုပ်ကာ ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချသည်။

ဘိုးဘေးဘီဘင်များထက် သူက ပိုမိုထူးခြားသည်မှာ သားဖြစ်သူ ဝေဟမ်း ဗားဟတ်ကို အင်္ဂလန်နိုင်ငံသို့ စေလွှတ်ပြီး ပညာသင်ကြားပေးခြင်းဖြစ်သည်။

အင်္ဂလန်နိုင်ငံမှ ဝေဟမ်းဗားဟတ် ပြန်လာသောအခါ စောစောပိုင်းက သူ့အဖေ တီထွင်ထားသည့် ရေနံဆီမီးဖိုများကို ပိုမိုခေတ်မီအောင် ထပ်မံတီထွင် ထုတ်လုပ်သည်။ ရရှိလာသည့် အမြတ်အစွန်းများကိုလည်း အမေရိကန် နိုင်ငံသို့ ခွဲပို့ကာ စုဆောင်းထားရှိခဲ့သည်။

၁၉၁၈-ခုနှစ်နှင့် ၁၉၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး တုပ်ကွေးရောဂါကပ်ကြီး ကျရောက်ခြင်းကိုခံလိုက်ရသည်။ တစ်ကမ္ဘာလုံးလူသန်းပေါင်းသုံးဆယ်ကျော် သေဆုံးခဲ့ရသော ကပ်ရောဂါဆိုးကြီးတစ်ခုဖြစ်သည်။ ကိုဘလင့်စ်မြို့လည်း ထိုကပ်ကြီးမှ လွတ်အောင်မရှောင်တိမ်းနိုင်လေရာ ဝေဟမ်းဗားဟတ်၏ မိဘများ၊ ညီအစ်ကို မောင်နှမများ ကပ်ရောဂါနှင့် ပါသွားကြသည်။

ဘိုးစဉ်ဘောင်ဆက်လုပ်ငန်းများ ဝေဟမ်းဗားဟတ်၏ ပခုံးပေါ်သို့ ကျရောက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## [၂]

၁၉၁၈ ခုနှစ်၊နိုဝင်ဘာလ ၁၁ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီးပြီးဆုံးသည်။ ဂျာမနီနိုင်ငံက စစ်ရှုံးသွားသည်။ စစ်နိုင်မဟာမိတ်နိုင်ငံများဖြစ်ကြသော အင်္ဂလိပ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယန်နှင့် အမေရိကန် စစ်တပ်များက ဂျာမနီနိုင်ငံကို သီးခြားနယ် မြေလေးခုခွဲကာ အုပ်ချုပ်နေကြသည်။

၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အင်အား ၆၀၀၀၀-ကျော် ပါဝင်သော အမေရိကန် စစ်တပ်ကြီးသည် ရိုင်းလင်းနယ်တွင်းသို့ ချီတက်ဝင်ရောက်လာသည်။ အမေရိကန် ရှေ့တန်းစစ်ဦးစီးဌာနချုပ်ကို ကိုဘလင့်စ်မြို့မှာ ဖွင့်လှစ်ထား ရှိသည်။

အမေရိကန်စစ်သားများသည် ပေါ့ပေါ့နေ၊ပေါ့ပေါ့စား၊ပေါ့ပေါ့သွားများ ဖြစ်သည်။ ငွေလည်းပေါသည်။ ဖြုန်းနိုင် သုံးနိုင်သည်။

အမေရိကန်စစ်သားများထဲတွင် ဂျာမန်စကားပြောတတ်သူ အရေအတွက် အလွန်တရာ နည်းပါးနေသည်။ ထို့ကြောင့် အင်္ဂလိပ်စကားပြောတတ်သူများ မျက်နှာပွင့်နေသော အချိန်လည်းဖြစ်သည်။

ဝေဟာမ်းဗားဟတ်သည် အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားခဲ့သူဖြစ်လေရာ အင်္ဂလိပ်စကားကို ပတ်ပတ်နပ်နပ်ပြောတတ်သူ ဖြစ်သောကြောင့် အမေရိကန်များကြားမှာ ရေပန်းစားနေတော့သည်။

အမေရိကန်စစ်ဗိုလ်များကို အကောင်းစား ဝိုင်အရက်များ၊ ငွေများ၊ မိန်းမများ လက်ဆောင်ပေးခြင်း၊ လာဘ်ထိုးခြင်းဖြင့်လည်း ရင်းနှီးမှုကို အရယူနိုင်ခဲ့သည်။

ထိုသို့ ရင်းနှီးလာသည်နှင့် တစ်ပြိုင်တည်း စစ်တပ်သို့ ရိက္ခာပေးသွင်းရေး၊ လိုအပ်သည့် အခြား လူသုံးကုန်ပစ္စည်းများ ပေးသွင်းရေးလုပ်ငန်းကို ဝေဟာမ်းဗားဟတ် တစ်ဦးတည်းပင် ရရှိလေတော့သည်။

၁၉၁၉ ခုနှစ် နွေရာသီတွင် အမေရိကန်စစ်တပ်များပြန်လည်ရုပ်သိမ်းသွားသည်။ ထိုအချိန်တွင် ဝေဟာမ်းဗားဟတ်သည် ဒေါ်လာ ၇၀၀၀၀၀-ကျော် ချမ်းသာကြွယ်ဝနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီပြည်တွင်းမှာသာမက အမေရိကန်ပြည်ရှိ ဘဏ်တိုက်သို့ လွှဲပြောင်းပေးပို့ကာ အပ်နှံထားသည့်ငွေကလည်း ၂၈၀၀၀၀ ရှိနေလေပြီ။ အမေရိကန် စစ်တပ်များ ပြန်လည်ရုပ်သိမ်းသွားသော်လည်း သူ့အဖို့ ဘာမှပူပင်သောကရောက်စရာ အကြောင်းမရှိ။ သူ့ စီးပွားရေးလုပ်ငန်းများက ကောင်းစွာအရှိန်ရလျက်ရှိလေပြီ။

၁၉၂၁ ခုနှစ် မေလတွင် သူ အိမ်ထောင်ပြုသည်။

\+ + +

ဂျာမနီပြည်တွင်းမှာ ကျန်ရှိနေသေးသော အမေရိကန်လက်ကျန်စစ်တပ်များ အားလုံးကို ၁၉၂၃-ခုနှစ် ဇန်နဝါရီလတွင် အပြီးတိုင် ပြန်လည်ရုပ်သိမ်းသွားသည်။ အမေရိကန်စစ်တပ်များ အုပ်ချုပ်ခဲ့သည့် နေရာများကို ပြင်သစ်စစ်တပ်များက အစားထိုးနေရာဝင်ယူသည်။

သည်နေရာတွင် ဝေဟမ်းဗားဟတ်အဖို့ ပြဿနာတစ်ခု တက်လာသည်။

ပြင်သစ်များက ဂျာမန်လူမျိုးများကို မုန်းတီးကြသည်။ ဝေဟမ်းဗားဟတ်သည် ဂျာမန်လူမျိုးဖြစ်နေသည်။ အမေရိကန်ကိုလည်း သူတို့၏ ကြွေးရှင်ဖြစ်နေသောကြောင့် မုန်းတီးရွံရှာကြသည်။ ဝေဟမ်းဗားဟတ်သည် အမေရိကန်စစ်တပ်နှင့် အလွန်တရာ အလွမ်းသင့်ခဲ့သူဖြစ်သည်။

ထိုအကြောင်းများကြောင့် စစ်တပ်သို့ ရိက္ခာပေးသွင်းသည့်အလုပ်များ၊ လူသုံးကုန်ပေးသွင်းသည့် လုပ်ငန်းများကို ဝေဟမ်းဗားဟတ် လက်လွှတ်ဆုံးရှုံး လိုက်ရလေသည်။

သို့ သော်သူမပူပါ။ မှောင်ခိုလုပ်ငန်းများကို ပိုမို အာရုံစူးစိုက်လာသည်။ ပြင်သစ်များ ထုတ်ပေးသည့် ငွေတွေကလည်း စက္ကူစုတ်လောက်မျှပင် တန်ဖိုးမရှိပဲ ဖြစ်နေသည်။ ငွေကြေးဖောင်းပွမှုများကလည်း အဆမတန် မြင့်တက်နေသည်။ ထို့ကြောင့် ပြင်သစ်တို့ကို သူအားကိုးစရာလည်း အကြောင်းမရှိ။

တစ်လမ်းသွား ဖြစ်လာသောကြောင့် မှောင်ခိုလုပ်ငန်းကိုသာ သူဖိဖိစီးစီး ပြုလုပ်တော့သည်။ မှောင်ခိုလုပ်ငန်းလုပ်ခါမှ ပိုပြီး ချမ်းသာ ကြွယ်ဝလာလေသည်။

\+ + +

၁၉၂၄ ခုနှစ်တွင် ဟစ်တလာ၏ နာဇီပါတီ အင်အားကြီးထွားလာသည်။ ထိုနှစ်မှာပင် ဝေဟမ်းဗားဟတ်၏ ဇနီးကလည်း သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်သည်။ ထိုသားငယ်ကို ပေါလ်ဝါနာဗားဟတ်ဟု အမည်ပေးသည်။ သူ၏ စီးပွားရေး လုပ်ငန်းကြီးများအားလုံးကို ဆက်လက် ပခုံးပြောင်းယူသွားရန်လည်း မျှော်မှန်းချက်ထားခဲ့သည်။

နာဇီပါတီ အာဏာကြီးထွားနေချိန် ဖြစ်သောကြောင့် ရိုင်းလင်းနယ်ထဲမှာ ရှိနေသည့် ဂျူးလူမျိုးများကို မောင်းထုတ်ကြသည်။ ဝေဟမ်းဗားဟတ်ကလည်း နာဇီပါတီဝင်အဖြစ် လျှောက်ထားလိုက်သည်။ သူတို့ မိသားစုသည် ဘိုးစဉ်ဘောင် ဆက်ကတည်းက ထိုနယ်မြေသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်ပြီဖြစ်ခြင်း၊ ဂျာမနီ အဖ နိုင်ငံတော်ကြီးအပေါ် သစ္စာစောင့်သိရိုသေခြင်း၊ ကိုယ်တိုင် ဂျာမန်လူမျိုးဖြစ်ခြင်းတို့ကြောင့် သူ့ကို နာဇီပါတီဝင်အဖြစ် အလွယ်တကူ လက်ခံလိုက်လေသည်။

ဝေဟမ်းဗားဟတ်သည် သားဖြစ်သူ ပေါလ်ဝါနာဗားဟတ်အတွက် ကြီးမားသည့် ရည်မှန်းချက်ကြီးများကို ထားနေသည်။ သူတို့ မိသားစု၏ လုပ်ငန်းအမွေကို ဆက်ခံရမည့် သားဖြစ်သောကြောင့် ငယ်စဉ်ကတည်းက သူကြိုက်သည့် ပုံစံသွင်းပေးထားရန် စီမံကိန်းချတော့သည်။ သူ့ စီးပွားရေးလုပ်ငန်းများကိုလည်း နိုင်ငံတကာအထိ နယ်ချဲ့ရဦးမည်ဖြစ်လေရာ သားဖြစ်သူသည် နိုင်ငံခြားဘာသာစကားများတတ်ဖို့လိုသည်။ ထိုအချိန်က ဗြိတိသျှနိုင်ငံသည်အင်အားကြီးနိုင်ငံ ဖြစ်နေလေရာ သားဖြစ်သူအား အင်္ဂလိပ်ဘာသာ သင်ကြားပေးရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က အင်္ဂလိပ်မုဆိုးမ အများအပြား ဂျာမနီနိုင်ငံတွင် သောင်တင်နေသည်။ ယောကျ်ားများ စစ်ကြီးထဲတွင် ကျဆုံးသွားကြသောကြောင့် အများအပြားက အင်္ဂလန်သို့ မပြန်ကြတော့ပဲ ဂျာမနီနိုင်ငံမှာပင် ရရာအလုပ် လုပ်ကိုင်စားသောက်ကြရင်း အခြေချနေထိုင်ကြသည်။ ၎င်းတို့အထဲမှ အင်္ဂလိပ်မုဆိုးမ မစ္စက်ဂျူလီယာ ပီးယာ့စ်ကို ကလေးထိန်းအဖြစ် ငှားရမ်းလိုက်သည်။ မစ္စက်ဂျူလီယာပီးယာ့စ်သည် အသက် ၄၀ ကျော်မျှသာ ရှိသေးသော်လည်း လောကဓံတရားများ၏ အထု အထောင်းကို ခံထားရသူဖြစ်သောကြောင့် ပိုမိုအိုစာနေသည်ကို တွေ့ရသည်။

၁၉၃၃ ခုနှစ်တွင် ဟစ်တလာ၏နာဇီပါတီ အစိုးရ အာဏာရရှိကာ ဂျာမနီ နိုင်ငံကြီးကို သိမ်းပိုက် အုပ်စိုးလေတော့သည်။

နာဇီပါတီအစိုးရ အာဏာရသောအခါ ဂက်စတာပိုစုံထောက်အဖွဲ့ဝင်များ နေရာတကာမှာ တွင်ကျယ်လာသည်။ ရိုင်းလင်းပြည်နယ်မြို့တော် ကိုဘလင့်စ်မှာလည်း ဂက်စတာပို ဌာနလာဖွင့်သည်။ ထိုဌာန၏ အကြီးအကဲမှာ ဟော်ဇာဖြစ်သည်။ ဝေဟမ်းဗားဟတ်အဖို့တော့ ဘာမှပြဿနာ မဟုတ်ပါ။ အာဏာထက်နေသော ဂက်စတာပို အကြီးအကဲ ဟော်ဇာကို ကပ်ပေါင်းလိုက်သည်။ ခဏချင်းမှာပင် သူ့ခါး ပိုက်ထဲသို့ ဟော်ဇာရောက်လာတော့သည်။

ဟစ်တလာ အာဏာရသည့်အချိန်မှစပြီး ဂျာမန်စစ်တပ်ကြီးကိုလည်း အဆမတန်တိုးချဲ့ဖွဲ့စည်းနေသည်။ ခေတ်မီ လက်နက်ဆန်းများကို တပ်ဆင်နေသည်။ ထိုသို့ဖြစ်လေ ဝေဟမ်းဗားဟတ်တို့ ကြိုက်လေပင်။ စစ်တပ်အတွက် လိုအပ်သည့် ပစ္စည်းများ ပေးသွင်းခြင်း၊ ရိက္ခာပေးသွင်းခြင်းများကို သူ့အဆက်အသွယ်များ၏ အရှိန်အဝါဖြင့်လုပ်ကိုင်ခွင့်ရလာသည်။ ကိုယ်တိုင်ကလည်း နာဇီပါတီဝင်ဖြစ်ခြင်း၊ အပေးအကမ်းရက်ရောခြင်း၊ လာဘ်ထိုးရာတွင် ကျွမ်းကျင်ခြင်းတို့ကြောင့် သူ့ကို ဘယ်သူမှ မယှဉ်နိုင်အောင် ဖြစ်လာသည်။

ဗားဟတ်သည် ရှေ့ရေးကို အမြဲတမ်း ကြိုတင်တွေးဆထားသူ ဖြစ်သည် နှင့်အညီ သူချမ်းသာလာသည်နှင့်အမျှ ငွေကြေးများကိုလည်း အမေရိကန်နိုင်ငံရှိ ဘဏ်တိုက်သို့ မှန်မှန်ပေးပို့ကာ စုဆောင်းလျက်ရှိသည်။

ဂျာမနီနိုင်ငံသူ နိုင်ငံသားများသည် နိုင်ငံခြားသို့ ငွေပေးပို့ခွင့် မရှိကြပါ။ နိုင်ငံခြားတွင် ရှိနေသော ငွေများကိုလည်း ဂျာမနီဘဏ်တိုက်များသို့ ပြန်လည် လွှဲပြောင်းယူရန် အစိုးရက ဥပဒေ ထုတ်လိုက်သည်။ သို့သော်လည်း ဝေဟမ်းဗားဟတ်က နိုင်ငံခြားတွင် ငွေကြေး တစ်စုံတစ်ရာ စုဆောင်းမထား သကဲ့သို့ ခပ်တည်တည်ပင် နေထိုင်လျက်ရှိသည်။

သားငယ်ပေါလ်ဝါနားဗားဟတ် ကိုးနှစ်သားအရွယ်ရှိသောအခါ ဟစ်တလာ၏ လူငယ်အစည်းအရုံးထဲသို့ ဝင်ခိုင်းလိုက်သည်။

အစည်းအရုံးဝင်လူငယ်များသည် စစ်သင်တန်းတက်ရသည်။ သက်ဆိုင်ရာ နိုင်ငံရေးသင်တန်းများ တက်ရသည်။ ပေါလ်ဗားဟတ်သည်လည်း သတ်မှတ်ထားသော ယူနီဖောင်းများဝတ်ဆင်ကာ ထိုသင်တန်းများသို့ တက်ရောက်နေသည်ကို တွေ့ရသည်။

မစ္စက် ဂျူလီယာပီးယာ့စ်၏ ကျေးဇူးဖြင့် အင်္ဂလိပ်ဘာသာ စကားကို မိခင်ဘာသာစကားကဲ့သို့ ကောင်းစွာရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်လျက်ရှိချေပြီ။ အင်္ဂလိပ် လူမျိုးတို့၏ ယဉ်ကျေးမှု မလေ့၊ စရိုက်၊ အမူအကျင့်များ အားလုံးကိုလည်း အင်္ဂလိပ် လူမျိုးတစ်ယောက်နှင့်မခြားတတ်မြောက်ကျွမ်းကျင်လျက်ရှိလေပြီ။

ထိုသို့ လူငယ်အစည်းအရုံးဝင်အဖြစ် တက်တက်ကြွကြွပါဝင် ဆောင်ရွက်နေရာမှ တစ်နေ့တွင် အိမ်ပြန်လာပြီး ဖခင်ဖြစ်သူအား. . .

"မိမိလူလား မြောက်လာလျှင် အဖဂျာမနီနိုင်ငံ၏သံတမန်လောကသို့ ဝင်ကာ နိုင်ငံအကျိုးကို သယ်ပိုးတော့မည်ဖြစ်ကြောင်း" ကြေငြာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ ဖခင် ဝေဟမ်းဗားဟတ်မှာ တုန်လှုပ် ချောက်ချားသွားလေတော့သည်။

“ဘယ်တော့မှ ဝင်မလုပ်ရဘူး၊ မင်းဟာ မိသားစု လုပ်ငန်းကြီးကိုပဲ ာက်ဆင့်ကမ်း သယ်ယူသွားရမယ်၊ ငါဟာ မင်းအဖေဖြစ်တယ်၊ ဒါကြောင့် မင်းဘဝ ရှေ့ရေးတွေ့ ပတ်သက်ပြီး ငါ့စကားကိုသာ နားထောင်ရမယ်”

ဝေဟမ်းဗားဟတ်က ပြန်အော်ပစ်လိုက်သည်။

ပေါလ်ဗားဟတ်ကား ဘာမှပြန်မပြော။ သို့သော် သူ့စိတ်ကူးနှင့် သူတော့ အလွန်စိတ်ချမ်းသာလျက်ရှိချေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# [၃]

၁၉၃၆ ခုနှစ် နွေဦးရာသီတွင် ဝေဟမ်းဗားဟတ်၏ ဇနီးသည် သမီး တစ်ယောက်ကို မျက်နှာမြင်ပြန်သည်။ သို့သော်လည်း ဆရာဝန်များ ကြိုတင်တွက်ဆ ထားကြသည့်အတိုင်း မိခင်သေဆုံးသွားပြီး ကလေးသာလျှင် အဖတ်တင် ကျန်ရစ်ခဲ့လေသည်။

သမီးငယ်ကို ဆစ်ဂရစ်ဟု နာမည်ပေးလိုက်သည်။ ကလေးထိန်းငှားသည်။ ကလေး လူလားမြောက်လာအောင် ဆက်လက်ထိန်းကျောင်း ပေးဖို့ကိုမူ မစ္စက်ဂျူ လီယာပီးယာ့စ်ကိုပဲ တာဝန်ပေးအပ်ရလေသည်။ ကလေးတာဝန်ကိုသာမကတော့ပဲ အိမ်ရှင်မ မရှိတော့ပြီ ဖြစ်သောကြောင့် အိမ်ထောင်ထိန်းသိမ်းကွပ်ကဲမှုတာဝန်ကိုပါ မစ္စက်ပီးယာ့စ်က ဝိုင်းကူပေးရသည်။

ဝေဟမ်းဗားဟတ်သည် နောက်ထပ်အိမ်ထောင် မပြုတော့ပဲ စီးပွားရေး လုပ်ငန်းကိုသာ စောက်ချပြီး လုပ်ကိုင်တော့သည်။

၁၉၃၉ ခုနှစ်၊မေလ ရောက်သောအခါ အမေရိကန်ပြည် နယူးယောက်မြို့ရှိ ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်ကြီးတွင် သူအပ်နှံထားသည့် ငွေမှာ ဒေါ်လာ တစ်သန်းကျော်ရှိနေချေပြီ။

ထိုနှစ်သည် ဝေဟမ်းဗားဟတ်၏ ဘဝကြီးတစ်ခုလုံးပျက်စီးဖို့ အကြောင်းဖန်လာသည့် နှယ်ပင် ဖြစ်သည်။

ဗုဒ္ဓဟူးနေ့ တစ်နေ့ မနက်ပိုင်းတွင် ဝေဟမ်းဗားဟတ်သည် သူ့ ရုံးခန်းအတွင်း၌ အလုပ်ထိုင်လုပ်နေတုန်း ဧည့်သည်ရောက်လာကြောင်း သူ့စာရေးကလာရောက် အကြောင်းကြားသည်။

ရောက်လာသည့် ဧည့်သည်မှာ ဂက်စတာပိုရုံးမှ တာဝန်ခံအရာရှိ ဟော်ဇာ ဖြစ်လေသည်။

"ကျုပ်တို့ နှစ်ယောက်တည်း စကားပြောချင်တယ်" ဟု ဟော်ဇာက ပြောသည်။ ထိုစကားကိုကြားသောအခါ စာရေးလုပ်သူက အခန်းအပြင်ဘက်သို့ ထွက်သွားလေသည်။ ဟော်ဇာက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

"ခင်ဗျား အဲဒီခုံမှာထိုင်ပါ" ဟုလည်း ဗားဟတ်ကို အမိန့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အမိန့်ပေးသံကိုကြားရသောအခါ ဗားဟတ်၏ တစ်ကိုယ်လုံးရှိ သွေးကြောများ အေးစက်သွားသည်။ သူနှင့် ဟော်ဇာသည် မိတ်ဟောင်း ဆွေဟောင်းများ ဖြစ်ကြသည်။ ယခုလို ထန်ထန်မာမာဆက်ဆံနေဖို့ အကြောင်းမရှိ။ ဗားဟတ်သည် နီးရာခုံတစ်လုံးမှာ ဟန်မပျက် ဝင်ထိုင်သည်။

"ဟော်ဇာ. . ."

"ကျုပ်ကိုနာမည်မခေါ်ပါနဲ့ ရာထူးခေါ်ပါ၊ ကျုပ်တာဝန် ဝတ္တရားနဲ့လာတာ"

ဂက်စတာပိုအရာရှိက ခပ်ထန်ထန်ပြောလိုက်သည်။ ဗားဟတ်က နားမလည် နိုင်အောင် ဖြစ်သွားသည်။

"ခင်ဗျားတော်တော်လည်တဲ့လူပေ့ါလေ. . . သိပ်တော်တဲ့လူပေ့ါလေ . . . ဟင်. . . ပြောစမ်းပါဦး ဗားဟတ်၊ ခင်ဗျားဟာ အင်မတန်သစ္စာရှိတဲ့ နာဇီပါတီ ဝင်ကြီး တစ်ယောက်အနေနဲ့ ဟန်ဆောင်နေတယ်၊ ဒါပေမယ့် တစ်ဘက်က တိုင်းပြည်အပေါ် မှာ သစ္စာဖောက်နေတယ်၊ ဥပဒေက တားမြစ်ထားတာကို မလိုက်နာပဲ တိုင်းတစ်ပါးကို ပိုက်ဆံတွေ တိတ်တိတ်ခိုးပို့နေတယ်"

"ကျွန်တော်နဲ့ပတ်သက်ပြီး တစ်ယောက်ယောက်က မမှန်သတင်းပေးတာနဲ့ တူပါတယ် ခင်ဗျာ၊ ဒီလို မမှန်သတင်းပေးတဲ့ လူဟာ ဂျူးလူမျိုးပဲဖြစ်ရမယ်၊ ဘာမှ သံသယ ဖြစ်နေစရာ အကြောင်းမရှိပါဘူး၊ ကျွန်တော်ကျိန်ပြောရဲ. . ."

"သြော်. . . ခင်ဗျားက ကျိန်ရဲသလား. . . ကျမ်းကိုင်ပြီး ထွက်ရဲသလား၊ ခင်ဗျားဟာ အဖနိုင်ငံတော်ကြီးကို သစ္စာဖောက်ပြီးနိုင်ငံခြားကို ငွေတွေ တိတ်တဆိတ်လွှဲပြောင်းပို့နေတာ မမှန်ပါဘူးလို့ ကျမ်းကိုင်ထွက်ရဲသလား" ဟော်ဇာက ဝေဟမ်းဗားဟတ်၏ စကားကို အဆက်မခံပဲ ဖြတ်ဝင်ပြောသည်။

ဗားဟတ်၏ရင်ထဲမှာ တင်းကျပ်လာသည်။ လည်ချောင်းထဲမှာလည်း ပျို့တက်လာသည်။ အန်ထုတ်မိတော့မည်ဖြစ်သောကြောင့် ကမန်းကတန်း မျိုချလိုက်ရသည်။ သို့သော်လည်း သူ့တစ်ကိုယ်လုံးကမူ ရေခဲလို အေးစက်သွားတော့သည်။

သူ့ဘဝသည် မရှောင်သာ မတိမ်းသာ ချောင်ပိတ်မိနေပြီ ဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်သည်။ ထိုကိစ္စပေါ်သွားလျှင် ဂျာမနီနိုင်ငံတွင်းမှာ ရှိနေသော သူပိုင်သည့် ငွေကြေးပစ္စည်းအားလုံးကိုလည်း အသိမ်းခံရမည်။ ပြီးတော့ ထောင်သွင်းအကျဉ်းချထားခြင်း ခံရမည်။ ဘုရား. . . ဘုရား. . . ထောင်ချခံ၍မဖြစ်။ ထောင်ချခံရခြင်းသည် ပြန်လမ်းမရှိတော့ကြောင်း ဂျာမနီနိုင်ငံသူနိုင်ငံသားအားလုံး သိကြသည်။ သည်အတိုင်းဆိုလျှင်တော့ သူ့ဘဝ ဆုံးသွားလေပြီ။

ဟော်ဇာသည် သူ့ကိုကြည့်၍အကဲခတ်ရင်း သူ့စိတ်ထဲတွင် ဘာတွေဖြစ် နေသည်ကို ရိပ်မိသွားသည်။ ထို့ကြောင့် စီးကရက်တစ်လိပ်ကို ကောက်ညှိပြီး ဆက်ပြောသည်။

"ဒီကိစ္စကို ခင်ဗျားနဲ့ ကျွန်တော်တို့နှစ်ယောက်ကြားထဲမှာ တစ်ခုပြေလည် သွားအောင် ဖြေရှင်းမယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

"ဘယ်လိုဖြေရှင်းရမှာလဲ ခင်ဗျာ" ဟု ဗားဟတ်က ပြန်မေးသည်။ သူ့အသံမှာ လေသံမျှသာ ကျန်တော့သည်။

"လွယ်လွယ်ကလေးပါ၊ကျုပ်ကိုတစ်ဝက်ပေး၊ခင်ဗျားနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတွေ အားလုံးကို ဖျက်ဆီးပစ်လိုက်မယ်"

ဝေဟမ်းက စိတ်ထဲမှာ အပြေးအလွှား တွက်ကြည့်ရတော့သည်။ သူ့ကို တစ်ဝက်ပေးပါ ဆိုခြင်းမှာ လိမ်ညာပြောခြင်းသာဖြစ်သည်။ ထိုတစ်ဝက်ပေးပြီးသောအခါ ကျန်သည့် တစ်ဝက်ကိုလည်း ရအောင်တောင်းဦးမည်။ နောက်ထပ် အစီရင်ခံစာ တစ်စောင်ရောက်လာပြန်သည် ပြောဦးမည်။ သူ့ကိုတစ်ပြားတစ်ချပ်မှ ပေးစရာ မကျန်တော့သောအခါတွင် တိတ်တဆိတ် လုပ်ကြံပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မည်။ ထိုနည်းအားဖြင့် သူဘာတွေလုပ်သည်ကို ဘယ်နည်းနှင့်မှ ဖွင့်ပြောနိုင်တော့မည် မဟုတ်။

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် တစ်ဝက်ပေးပါ့မယ်"

ဝေဟမ်းကခေါင်းညိတ်ပြပြီး ပြန်ဖြေသည်။

"ကောင်းတယ်၊ကဲ . . . ကျုပ်တို့အလုပ်ကိစ္စပြီးသွားပြီ၊တာဝန်ဝတ္တရားကို ဆောင်ရွက်လို့ ပြီးသွားပြီ၊ခင်ဗျား ကျုပ်ကိုနာမည်ခေါ်နိုင်ပြီ၊ရာထူးမခေါ်နဲ့တော့" ဟု ဟော်ဇာက ပြောသည်။ သူ့လေသံမှာလည်း စောစောကနှင့်မတူတော့ပဲ ရွှင်ရွှင် ပျပျဖြစ်လာသည်။

"အဲဒီတစ်ဝက်ကို ဘယ်တော့ပေးမှာလဲ" ဟုလည်း ဆက်မေးပြန်သည်။

ကောက်ကျစ်စဉ်းလဲသော စိတ်ဓာတ်သည် ကြောက်စိတ်နှင့် အတူ ဝေဟမ်းဗားဟတ်၏ ရင်ထဲမှာ အလိုလိုပေါ်လာသည်။

"ငွေလွှဲပြောင်းရတယ်ဆိုတာ ဖုတ်ပူမီးတိုက် လုပ်လို့မရနိုင်ပါဘူးခင်ဗျာ၊ နောက်ပြီးတော့ မလိုလားအပ်တဲ့ သူတစ်ပါး အာရုံစိုက်မှုတွေလဲ ဖြစ်ပေါ်လာစေနိုင်ပါတယ်၊ ကျွန်တော်က တိုက်ရိုက်လုပ်နိုင်တာမဟုတ်ပဲ ကြားလူတွေနဲ့ တစ်ဆင့် လုပ်ရမှာလဲဖြစ်ပါတယ်၊ ဒါကြောင့် ရက်သတ္တ သုံးပတ်လောက်တော့ ကြာပါလိမ့်မယ်"

"သိပ်ကြာလွန်းတယ်၊ဆယ့်ငါးရက် ခေါင်းဆောင်သင်တန်းတက်ဖို့ မနက်ဖြန် ကျုပ် ဘာလင်မြို့ကို သွားရတော့မယ်၊ ဒါကြောင့် ဘာလင်က ကျုပ်ဒီကိုပြန် ရောက်လာတဲ့အခါ ဒီမှာ ငွေအဆင်သင့်ဖြစ်နေအောင် လုပ်ထားပါ"

ဟော်ဇာကထိုင်ရာမှထပြီး လက်တစ်ဘက်မြှောက်ကာ အလေးပြုသည်။ ဗားဟတ် ကလည်း ကတုန်ကယင်ဖြင့် ထိုင်ရာမှထကာ လက်မြှောက်ပြီး ပြန်အလေးပြုလိုက်ရသည်။ သို့သော်လည်း သူ့လက်သည် ခဲဆွဲထားသလို လေးလွန်းလှချေသည် တကား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[၄]

ဝေဟမ်းဗားဟတ်သည် ထိုနေ့တစ်နေ့လုံး သူ့ရုံးခန်းထဲမှာထိုင်ပြီး စဉ်းစားနေသည်။ ဂက်စတာပိုတို့၏ ပါးစပ်မှထွက်သောစကားသည် ဥပဒေပင်ဖြစ်ချေသည်။ ဟော်ဇာသည် ဤနယ်မြေတာဝန်ခံဖြစ်သည်။ သူ့မှာ အာဏာအပြည့်ရှိသည်။ သူ ကြိုက်ရာကိုလုပ်နိုင်သည်။

ဟော်ဇာက သူ့ကို ဆယ့်ငါးရက်အချိန်ပေးသွားသည်။ ထို့ထက်ပိုပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ကြောင်းကိုလည်း ဗားဟတ်က သူ့ဟာသူသိထားသည်။ သို့သော် မည်သို့ ဆောင်ရွက်ရမည်နည်း။

ညနေပိုင်း အိမ်ပြန်လာသောအခါ အလွန်တရာစကားနည်းနေသည်။ သားဖြစ်သူ ပေါလ်နှင့် ကလေးထိန်း မစ္စက်ဂျူလီယာပီးယာ့စ်တို့ကိုလည်း စကား ဟက်ဟက်ပက်ပက်မပြော။ သမီးငယ်ဆစ်ဂရစ်ကိုလည်း သွားမကြည့်။ ဗိုက်မကောင်း လို့ပါဟု အကြောင်းပြပြီး ညစာကိုပင် မစားတော့ပဲ အပေါ်ထပ်သို့ တောက်လျှောက် တက်လာခဲ့တော့သည်။

တစ်ညလုံးအိပ်မပျော်။ အိပ်ရာပေါ်မှ ဘယ်လူးညာလှိမ့်ဖြင့် အပြန်ပြန် အလှန်လှန် အကြံယူရင်း မိုးစင်စင်လင်းခဲ့သည်။

နောက်တစ်နေ့မနက် သူ့ရုံးသို့ ထွက်လာခဲ့သည်။ ဆယ့်တစ်နာရီထိုးသည်အထိ စိတ်ရှည်ရှည်ဖြင့် ထိုင်စောင့်နေသည်။ ဆယ့်တစ်နာရီထိုးသောအခါ ဂက်စတာပို ရုံးသို့ ဖုန်းလှမ်းဆက်သည်။ ဟော်ဇာဘာလင်မြို့သို့ ထွက်ခွာသွားမသွား သိလို သောကြောင့် ဖြစ်သည်။ သူ့အမည်ကို ပြောပြလိုက်သည်။

"ဗိုလ်မှူးဟော်ဇာဘာလင်မြို့ကို ခရီးထွက်သွားပါတယ်ရှင်" ဟူသော အဖြေကို ခဏကြာတော့ ပြန်ရသည်။

ဝေဟမ်းဗားဟတ် အသက်ရှူချောင်သွားတော့သည်။ ဆောင်ရွက်စရာ ရှိသည်များကို တက်သုတ်နှင့်ပြီးဆောင်ရွက်ရပေတော့မည်။

သူသည် နာဇီပါတီဝင်တစ်ယောက် ဖြစ်နေသောကြောင့် အိမ်နီးနားချင်း နိုင်ငံတစ်ခုခု သို့ အလုပ်ကိစ္စဖြင့် သုံးလေးရက် ခရီးသွားမည်ဆိုလျှင် အလွယ်တကူ ခွင့်ပြုချက် ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အဖွဲ့၏ ထောက်ခံချက်ကို ရယူနေစရာမလို။ နိုင်ငံကူးလက်မှတ် ထုတ်ပေးမည့် ဌာနတွင်လည်း သူ့မိတ်ဆွေတွေအများအပြားရှိနေ သည်။

နေ့ခင်းပိုင်းတွင် အိမ်သို့ ပြန်လာခဲ့သည်။ ပေါလ်က ကျောင်းသွားနေသည်။ မစ္စက်ပီးယာ့စ်သည် အိမ်ဖော်များကို တစေ့တစောင်းကြည့်ရင်း သမီးငယ် ဆစ်ဂရစ်ကို စာဖတ်ပြနေသည်။

"ပါရီမြို့ကိုလုပ်ငန်းကိစ္စတစ်ခုနဲ့ ကျုပ် သွားစရာအကြောင်းပေါ်လာတယ်" ဟု သူက မစ္စက်ပီးယာ့စ်ကို ပြောပြသည်။ "မော်တော်ကားနဲ့ သွားမယ်၊ခင်ဗျားနဲ့ ကလေးတွေကိုပါ ခေါ်သွားမယ်၊ ဒါကြောင့်ခင်ဗျား နိုင်ငံကူးလက်မှတ်ပေးပါ၊ လိုတဲ့ ထောက်ခံစာတွေကို လုပ်လိုက်ရအောင်"

နိုင်ငံခြားသွားခွင့်လက်မှတ် ထုတ်ပေးသောဌာနကို မြို့တော်ခန်းမတွင် ဖွင့်လှစ်ထားသည်။ ဝေဟမ်းဗားဟတ်သည် နာဇီပါတီဝင်ဖြစ်သည်ကတစ်ကြောင်း၊ ထင်ရှားသောလုပ်ငန်းရှင်ကြီး တစ်ယောက်ဖြစ်သည်က တစ်ကြောင်း၊ ထိပ်တန်းအရာရှိကြီးများနှင့် ခင်မင်ရင်းနှီးသူဖြစ်သည်က တစ်ကြောင်းတို့ကြောင့် လိုအပ်သည့် ထောက်ခံချက်များကို အချိန်တိုတိုနှင့် အလွယ်တကူပင် ရရှိခဲ့လေသည်။

ငါတို့ ဒီနေ့ခရီးထွက်သွားရင်တောင် ဖြစ်ပြီဟု မြို့တော်ခန်းမမှ ထွက်လာခိုက်တွင် တွေးလိုက်မိသည်။

ထိုနေ့ည အိမ်ပြန်ရောက်သောအခါ သူ့အမူအရာ ရွှင်ရွှင်လန်းလန်း ဖြစ်နေသည်။ ပေါလ်ကိုလည်း မစ္စက်ပီးယာ့စ်အား ပြောပြသည့်အတိုင်း ရှင်းပြသည်။ ထိုနေ့ညက ညစာကို အားပါးတရ စားသည်။

ညစာစားပြီးသောအခါ သူ့စာကြည့်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။ စာရွက်စာတမ်းပေါင်းများစွာကို မီးရှို့ဖျက်ဆီးပစ်သည်။ သူနှင့်အတူ ယူဆောင်သွားရမည့် ပစ္စည်းများကို ဂရုတစိုက် ရွေးချယ်သည်။

သူ့အဖေ၏အိတ်ဆောင် ရွှေနာရီ၊ သူ့မိဘများ၊ သူ့အစ်ကိုများ၊ သူ့ညီမနှင့် သူ့ဇနီး၏ ငွေသားနှင့်ဘောင်ကွပ်ထားသော ဓာတ်ပုံများကို သီးသန့်ထုပ်သည်။ သူ ယူသွားမည့် ပစ္စည်းများနှင့်အတူရောပြီးထားလိုက်သည်။ အားလုံးပြင်ဆင်ပြီးသောအခါကျမှ သူ့အခန်းတံခါးကို ပိတ်မထားမိကြောင်း သတိပြုမိသည်။ သို့သော်လည်း ကိစ္စမရှိပါ။ ဤအိမ်တွင် သူတို့ မိသားစုကလွဲပြီး မည်သူမှမရှိပါ။ ထို့ကြောင့်လည်း စိတ်ပေါ့ပေါ့ပါးပါးဖြင့် အပေါ်ထပ်သို့ တက်ခဲ့ပြီး စိတ်ချလက်ချ အိပ်လိုက်သည်။

\+ \+ \+

သောကြာနေ့တွင် ဗားဟတ်သည် ထုံးစံအတိုင်း သူ့ရုံး၌ တစ်နေကုန် အလုပ်ထိုင်လုပ်နေသည်။ ညနေဘက် အိမ်ပြန်ရောက်သောအခါ သူ့ပစ္စည်းများ သီးသန့်ထုပ်ပိုးထားရာ အခန်းတံခါးကိုသော့မခတ်မိခဲ့သည့်အတွက် စိတ်ပူသွားသည်။ သူ့ တစ်ကိုယ်လုံးလည်း အေးစက်သွားသည်။ ပစ္စည်းများကို သွားရောက်စစ်ဆေးကြည့် သောအခါ ခြေရာလက်ရာမပျက်သည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွား သည်။

ညစာ စားသောက်ပြီးကြသောအခါ ပေါလ်ကအဖေနှင့် နှစ်ယောက်တည်း စကားပြောလိုပါသည် ဆိုသောကြောင့် စာကြည့်ခန်းထဲသို့ သားအဖ နှစ်ယောက် ဝင်လာကြသည်။ တံခါးကိုသော့ပြန်ပိတ်ပြီး ကုလားထိုင်များမှာ သားအဖ နှစ်ယောက် ဝင်ထိုင်ကြသည်။

"ကဲ. . . ပြောစမ်းပေါလ်. . . ဘာကိစ္စလဲ"

ပေါလ်၏အမူအရာမှာ ပြုံးတုံးပြုံတဲ့ဖြစ်နေသည်။

"အဖေဟာ လူလိမ်ပဲ၊ဒါမှမဟုတ် တစ်ခုခု ဆိုးဆိုးရွားရွား ကြံနေရတာရင်လဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေဟမ်း၏ဦးနှောက်သွေးများ ဆူသွားသည်။

"ငါ ရှူးများသွားပြီလား၊ငါကြားလိုက်ရတာက"

ပေါလ်က သူ့အဖေကို စကားအဆက်မခံပဲ ဖြတ်ဝင်ပြောသည်။

"ကျွန်တော်တို့ ပါရီမြို့ကို ဆယ်ရက်ခရီးပဲ သွားမယ်ဆိုရင် မနေ့ညတုန်းက စာရွက်စာတမ်းတွေကို အဖေဘာဖြစ်လို့ မီးရှို့ပစ်နေတာလဲ၊ ဟို ပစ္စည်းတချို့ကို သပ်သပ်ထုတ်ယူပြီး ဘာဖြစ်လို့ ထုပ်ပိုးထားတာလဲ"

သူ့ရုံးခန်းသို့ ပော်ဇာရောက်လာပြီး ရာဇသံပေးစဉ်အချိန်တုန်းကကဲ့သို့ ဝေဟမ်းတုန်လှုပ်ချောက်ချားသွားလေသည်။ ပေါလ်သည် ဟစ်တလာ၏ လူငယ် အဖွဲ့အစည်းဝင်ဖြစ်သည်။ လူငယ်အဖွဲ့အစည်းဝင်များသည် နိုင်ငံတော်နှင့် ပတ်သက်သော အရေးကြီးသည့် သတင်းများကို သက်ဆိုင်ရာသို့ သတင်းပေးပို့ရန် တာဝန်ရှိသည်။ မိဘများနှင့် ပတ်သက်၍လည်း သတင်းပေးပို့ရန် တာဝန်ရှိသူများ ဖြစ်သည်။

"အဖေ ဒုက္ခတွေ့နေပြီ၊ကျွန်တော့် သူငယ်ချင်းရဲ့ အဖေ တစ်ယောက်လို ဒုက္ခတွေ့နေပြီ၊ ဂက်စတာပိုတွေက ကျွန်တော့်သူငယ်ချင်းရဲ့ အဖေကို ဒါချောထောင် ပို့ပစ်လိုက်ကြတယ်၊ ဒါကြောင့် အဖေဘာတွေလုပ်ခဲ့သလဲဆိုတာ ကျွန်တော်သိ ချင်တယ်"

ပေါလ်က သူ့အဖေကို တည့်တည့် စိုက်ကြည့်နေသည်။ ကျွန်တော့်ကို အဖြစ်မှန်ဖွင့်ပြောရန်မှတစ်ပါး အဖေ့မှာတခြားလမ်း ရွေးစရာမရှိတော့ဘူးဟုလည်း ပြောဆိုနေသယောင်ဖြစ်လေသည်။

သူ့ဘဝ၏ သေရေးရှင်ရေးပြဿနာသည် သူ့သားလက်ထဲမှာ ရှိနေကြောင်း ဝေဟမ်းသဘောပေါက်လိုက်သည်။ သူ့ဘဝနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်သည့် အာဏာရှိနေကြောင်းကိုလည်း နားလည်လိုက်သည်။ ထို့ကြောင့် သူ့သား နားလည်သဘောပေါက်အောင် စိတ်ရှည်ရှည်နှင့် တည်တည်ငြိမ်ငြိမ်ထားပြီး ရှင်းပြ ရသည်။ အမေရိကန်နိုင်ငံသို့ သူငွေတွေခိုးပို့နေသည့် အကြောင်းကို ဂျူးလူမျိုး တစ်ယောက်ယောက်က ဂက်စတာပိုအဖွဲ့ကို သတင်းပို့လိုက်သောကြောင့်သာ ဖြစ်ရမည်ဟုလည်း ကောက်ချက်ချပြလိုက်သည်။

"အမေရိကန်ပြည်ထောင်စုမှာ အဖေပိုင်တဲ့ ငွေတွေရှိနေကြောင်း အစိုးရကို အစီရင်ခံဖို့ ဖေဖေပျက်ကွက်ခဲ့တယ်၊ဘာကြောင့် ဒီလိုပျက်ကွက်ရသလဲဆိုရင် သားနဲ့သမီး ဆစ်ဂရစ်တဲ့ရဲ့ ဘဝနောင်ရေးအတွက် ဖေဖေပျက်ကွက်ခဲ့တာပဲ"ဟု ဝေဟမ်းက နိဂုံးချုပ်လိုက်သည်။

"ဂျာမနီနိုင်ငံထဲမှာရှိတဲ့ ငွေတွေလောက် အမေရိကန်မှာ အဖေ့ငွေရှိ သလား"

ပေါလ်ကထပ်မေးပြန်သည်။ သည်တကြိမ်တွင်မူ သူ၏ မျက်နှာအမူအရာ လောဘသက္ကာယကြီးသည့် အမူအရာတွေ ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။

"များတာပေါ့ သားရယ်၊ ဒီမှာရှိနေတဲ့ ငွေတွေထက်တောင် အများကြီးပိုများပါသေးတယ်"

ဝေဟမ်းက ထိုစကားများကို တစ်လုံးချင်းပြတ်ပြတ်သားသားပြောလိုက်သည်။ မိမိတို့သွားမည့်ခရီးသည် ပါရီမြို့မဟုတ်ကြောင်း၊ခရီးလမ်းဆုံးသည် အမေရိကန်ပြည် ဖြစ်ကြောင်း ပေါလ်ကရိပ်မိသွားသည်။

"အမေရိကန်ပြည်ရောက်ရင် အဖေ စီးပွားရေး လုပ်ငန်းလုပ်နိုင်ခွင့် ရှိမလား၊ ချမ်းသာအောင်ရော လုပ်နိုင်မလား"

"လုပ်နိုင်တာပေါ့ သားရယ်၊ ဒီမှာထက် အများကြီး ပိုချမ်းသာသွားအောင် လုပ်နိုင်မှာပေါ့၊ အမေရိကန်မှာ ဂျူးလူမျိုးတွေ သိပ်ကိုချမ်းသာနေကြတယ်၊သူတို့လို ပဲ အဖေတို့လဲ ချမ်းသာအောင် လုပ်နိုင်တယ်၊ပိုပြီးတော့တောင်ချမ်းသာနိုင်သေးတယ်"

ထိုစကားကိုပြောပြီး ဝေဟမ်းက အမေရိကန်ပြည်ထောင်စုတွင် ဘယ်လောက် ဇိမ်ကျကျ



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်မည့် အကြောင်းများ၊ သားနှင့် သမီးတို့လည်း ပျော်ရွှင်ကြမည့် အကြောင်းများကို ရွှန်းရွှန်းဝေအောင် ဆက်ရှင်းပြနေသည်။ ပြီးတော့မှ သူ့နည်းပရိယာယ်ကို တစ်မျိုးပြောင်းပစ် လိုက်သည်။

"ဂက်စတာပိုက အဖေ့ကိုဖမ်းသွားပြီးရင် အဲဒီပြစ်ချက်ကြီးရဲ့ အကျိုးဆက်တွေဟာ သားကိုလဲ တစ်သက်လုံးလိုက်နေတော့မှာပဲ"

"ကျွန်တော်တို့ ဘယ်တော့ သွားကြမလဲ" ဟု ပေါလ်ကပြန်မေးသည်။

"တနင်္လာနေ့ ထွက်ကြမယ်"

ဝေဟာမ်းက မဆိုင်းမတွ ပြန်ဖြေလိုက်သည်။ တနင်္လာဆိုသည်မှာ သူစီစဉ်ထားသည့် ရက်ထက်စောနေသေးသည်။ သို့သော် မထူးတော့။ အချိန်ဖြုန်းနေခြင်းအားဖြင့် ပိုမိုကြီးမားသည့် အန္တရာယ်များကို ဖိတ်ခေါ်နေခြင်းနှင့်သာ တူပေတော့မည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

တနင်္လာနေ့ ညနေ ၆ နာရီတွင် သူတို့ ခရီးထွက်ဖို့ အဆင်သင့်ဖြစ်နေကြပြီ။ ဝေဟမ်းဗားဟတ်က မာစီဒီးကားအနက်ကို ရွေးလိုက်သည်။ သူတို့ အားလုံးအတွက် ဆယ်ရက်စာ အဝတ်အစားများကို ကားပေါ်သို့ တင်ကြသည်။ နောက်ခန်းတွင်သမီးငယ် ဆစ်ဂရစ်နှင့် ကလေးထိန်း မစ္စက်ဂျူလီယာပီးယာ့စ်တို့ ထိုင်ကြသည်။ ဝေဟမ်းက ကားမောင်းသူ နေရာမှာ ဝင်ထိုင်သည်။ သားကြီးပေါလ်က သူ့ ဘေးမှာ ထိုင်သည်။

နောက်ဆယ်ရက်ကြာလျှင် သူတို့ ပြန်လာကြမည် ဖြစ်သောကြောင့် အိမ်ကို ကောင်းကောင်း ကြည့်ရှုထိန်းသိမ်းထားရန် အိမ်ဖော်များကို မှာခဲ့သည်။ ပြီးတော့ နှုတ်ဆက်ပြီး ကားမောင်း ထွက်ခွာလာခဲ့ကြသည်။

သူ့လက်ဝယ် ခရီးသွားလာခွင့် တရားဝင် ခွင့်ပြုချက်များရရှိ ထားပြီးဖြစ်သည်။ သို့သော်လည်း အစစအရာရာ သတိထားရန်လိုသည်။ ထို့ကြောင့် အများသူငါ သွားလာနေကြသည့် လမ်းရိုးအတိုင်း မလိုက်ဘဲ တောလမ်းကိုဖြတ်မောင်းလာခဲ့သည်။ ပြည်ဝင်ပြည်ထွက် ပင်မဂိတ်ပေါက်မှမထွက်ပဲ သာမန်နယ်ခြားစောင့် ကင်းစခန်းလေးတစ်ခုမှ ဖြတ်ထွက်သွားရန် ဖြစ်သည်။

လမ်းက အလွန်တရာဆိုးလှချေသည်။ အချို့နေရာများတွင် မော်တော်ကားကို ဘီးလိမ့်ရုံမျှသာ မောင်း၍ရသည်။ လမ်းမကောင်းရသည့်အထဲ တချို့နေရာများ၌ နွားတွေကလည်း လမ်းပေါ်တက်အိပ်နေသည်။ ထိုအခါများတွင် နွားကို ဆင်းမောင်းရသေးသည်။

"ကျွန်တော်တို့ နိုင်ငံတော်က ဒီလမ်းတွေကိုပြင်ပြီးရင် အားလုံးလမ်းကောင်းတွေချည်းဖြစ်သွားမှာ" ဟု ပေါလ်က လမ်းများကို ကြည့်ပြီး မှတ်ချက်ချသည်။

အဖ ဂျာမနီ နိုင်ငံတော်ကြီးမှ မိမိတို့အပြီးအပိုင် ထွက်လာကြပြီ ဖြစ်ကြောင်းကို ကားပေါ်ပါလာသူများ အနက်ဝေဟမ်းဗားဟတ်နှင့် ပေါလ်ဗားဟတ်တို့ နှစ်ယောက်သာ သိကြသည်။ ထိုသို့ အပြီးအပိုင် ထွက်ခွာလာခဲ့ပြီ ဖြစ်ကြောင်းသိရှိသော်လည်း ပေါလ်၏ စိတ်ထဲတွင် မည်သို့သော ခံစားချက်မှ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်သည် သူ့ဂျာကင် အင်္ကျီအိတ်ထဲသို့ စမ်းကြည့်လိုက်သည်။ တစ်စုံတစ်ရာကို လက်နှင့်သွားစမ်းမိသောကြောင့် အမှောင်ထဲမှာပင် သူပြုံးလိုက်မိသည်။

သူစမ်းမိသော အရာကား . . လူငယ် အစည်းအရုံးဝင်များ ကိုင်ဆောင်သည့် ဓားမြှောင် ဖြစ်လေသည်။ ထို ဓားမြှောင်ကို သူမပါပါအောင် တမင်ယူခဲ့ခြင်း ဖြစ်သည်။ သူပိုင်သည့် ပစ္စည်းများအနက် တန်ဖိုးအထားဆုံးသော ပစ္စည်းသာဖြစ်သည်။ အရိုးပေါ်တွင် 'စကြာ' တံဆိပ်ကို ထွင်းပြီး ပုံဖော်ထားသည်။ ဓားကို ဓားအိမ်မှ ထုတ်ယူပြီး အသွားကို စမ်းကြည့်သည်။ သင်ခုန်းဓားလို ထက်နေသည်။ ထိုသို့ ထက်နေအောင်လည်း နေ့စဉ်နေ့တိုင်း သူကောင်းစွာ သွေးခဲ့သည်။

သူတို့ လူငယ်အစည်းအရုံးဝင်များသည် လူငယ်များ အစည်းအဝေး ကျင်းပတိုင်း ထိုဓားမြှောင် ကလေးများကို ကိုယ်စီသယ်ဆောင်လာခဲ့ကြရသည်။ သင်တန်းတက်ရာတွင်လည်း ကိုယ်နှင့်မကွာ ထားခဲ့ကြရသည်။ အခမ်းအနား ကျင်းပသောအခါ နိုင်ငံတော်သီချင်းကို သံပြိုင် အော်ဟစ်သီဆိုကြရင်း ထိုဓားမြှောင်ကလေးများကို ဓားအိမ်မှထုတ်ကာ အပြိုင်အဆိုင် ခေါင်းပေါ်သို့ ဝင့်ကြွားစွာမြှောက်ခဲ့ကြသည်များကိုလည်း ပြန်သတိရနေမိသည်။

လမ်းကြမ်းများကို သည်းခံမောင်းယင်း နယ်ခြားစောင့်တပ်စခန်းရှိရာသို့ ရောက်လာကြသည်။ ဝေဟမ်းက မော်တော်ကားကို ရပ်ပေးလိုက်သည်။ အစောင့်စစ်သားများက မော်တော်ကားနားသို့ ကပ်လာပြီး ထောက်ခံချက်များကို စစ်ဆေးသည်။ ဝတ်ကျေတမ်းကျေ စစ်ဆေးကြခြင်း ဖြစ်သည်။

ပြီးတော့ သူတို့ကို ဆက်လက် မောင်းနှင်သွားခွင့်ပြုလိုက်သည်။

နယ်ခြားကို ကျော်လာသောအခါ မော်တော်ကားလမ်းက ပိုပြီးဆိုးလာသည်။ သည်နေရာများကို ဂျာမနီအစိုးရကလည်း ပြင်ဆင်ပေးခြင်းမရှိ၊ ပြင်သစ် အစိုးရကလည်း လှည့်မကြည့်။ ထို့ကြောင့် မော်တော်ကား ဘီးလိမ့်ရုံသာသာ မောင်းနိုင်တော့သည်။

ခပ်လှမ်းလှမ်းသို့ ရောက်သည့်တွင် တစ်စုံတစ်ယောက်က လမ်းလယ်မှ လက်နှိပ်ဓာတ်မီး အနီရောင်ကို ထိုးပြနေသည်ကို တွေ့ရသည်။ မော်တော်ကားကို ရပ်ခိုင်းနေခြင်းဖြစ်သည်။

"ခရီးသွားတစ်ယောက်ယောက် မော်တော်ကား ပျက်နေလို့နဲ့တူတယ်"ဟု မစ္စက်ပီးယာ့စ်က မှတ်ချက်ချသည်။

"အံ့ဩစရာတော့ မဟုတ်ပါဘူး၊ဒီလမ်းကလဲ ဆိုးလိုက်တာ လွန်ပါရော" ဟု ဝေဟမ်းက ပြန်ပြောသည်။

မော်တော်ကားကိုရပ်လိုက်သည်။ တံခါးဖွင့်ပြီး ကားပေါ်မှ ဆင်းရန်ဟန်ပြင်လိုက်သည်။ ဓာတ်မီးရှင်က အနားသို့ ရောက်လာသည်။ သူတံခါးမဖွင့်မီမှာပင် သူ့ မျက်နှာကို ဓာတ်မီးနှင့် တည့်တည့်ထိုးပြီးသား ဖြစ်နေသည်။ မျက်လုံးများ ပြာဝေသွားသောကြောင့် ဘာကိုမှ မမြင်ရတော့။

"အောက် ခဏဆင်းပါ ဝေဟမ်း"

ထိုအသံကို ကြားလိုက်ရသောအခါ ဝေဟမ်းတားဟတ်မှာ အသက်ရှူ ရပ်သွားတော့သည်။ အသံရှင်သည် ဂက်စတာပိုအကြီးအကဲ ဟော်ဇာ ဖြစ်နေသောကြောင့်ပင်။

"ကျွန်တော့်ကား ဟိုနားမှာ ပျက်နေလို့၊ ခင်ဗျားတို့ သားအဖ ခဏလိုက်ပြီး တွန်းပေးပါဦး"ဟု ဟော်ဇာက ပြောသည်။ တစ်ဆက်တည်း . . . "တားဟတ် ခဏနေရင် ပြန်လာပါလိမ့်မယ်" ဟုလည်း မစ္စက်ပီးယာ့စ်ကို လှမ်းပြောသည်။

ဝေဟမ်းသည် ဆောက်တည်ရာ မရလောက်အောင် ကြောက်ရွံ့နေချေပြီ။ ထို့ကြောင့် ကားပေါ်မှ အလိုလိုဆင်းမိလျက်သားဖြစ်သွားသည်။ ပေါလ်ကလည်း သူ့ဘက်ခြမ်းမှ တံခါးဖွင့်ပြီး ဆင်းသည်။

ဟော်ဇာသည် လက်တစ်ဘက်က လက်နှိပ်ဓာတ်မီး၊ ကျန်လက်တစ်ဘက်က ပစ္စတို



www.burmeseclassic.com

www.burmeseclassic.com


ပစ္စတိုကို ကိုင်ထားသည်။ သေနတ်ပြောင်းကိုလည်း ဝေဟမ်း၏နံကြားသို့ ထောက်လိုက်သည်။ မစ္စက်ပီးယာ့စ်ကမူ ထိုအဖြစ်အပျက်ကိုမမြင်လိုက်ရချေ။

"မြန်မြန်လာ၊ဟိုကောင်. . . မင်းအဖေဘေးကကပ်လျှောက်"

ဟော်ဇာသည် သေနတ်ပြောင်းနှင့် ဆောင့်တွန်းရင်း ပေါလ်ကိုလည်း တစ်ဆက်တည်း လှမ်းပြောလိုက်သည်။

ဝေဟမ်းသည် ရှေ့သို့ဟပ်ထိုး လဲကျတော့မလို ယိုင်သွားသည်။

"ဟာ. . . ဟော်ဇာ၊ ပါရီမြို့ကိုငွေပို့လိုက်ပြီလို့ ကျွန်တော်ဆီကို ကြေးနန်း ရောက်လာပါတယ်။ ဒီအကြောင်း ကျွန်တော်ခင်ဗျားကိုပြောပြချင်လို့ ဖုန်းလှမ်းဆက် သေးတယ်၊ဒါပေမယ့် ခင်ဗျားက ဘာလင်မြို့ကို ထွက်သွားနှင့်နေ. . ."

"တော်စမ်း. . . ကျုပ် ကိုဘာလင့်စ်မြို့ထဲကနေပြီး ဘယ်ကိုမှ မထွက်ဘူး၊ ခင်ဗျားကို တစ်လျှောက်လုံး ကျုပ် စောင့်ကြည့်နေတာ၊ ဒီနေ့တစ်နေ့လုံး ခင်ဗျား နောက်ကနေပြီး ကျုပ် နောက်ယောင်ခံလိုက်နေခဲ့တယ်၊ ခင်ဗျား ဒီတောလမ်းဘက်ကို ကွေ့လိုက်တော့ ဘယ်လမ်းကနေ ခင်ဗျားဖြတ်မယ်ဆိုတာ ကျုပ်အသေအချာ တွက်လိုက်ပြီးပြီ၊ ပင်မဂိတ်ကြီးကို ခင်ဗျားရှောင်ပြီး ဒီလမ်းက ထွက်တော့မယ်ဆိုတာသိလို့ ဒီနေရာက ကြိုစောင့်နေတာ"

ဟော်ဇာက သေနတ်ပြောင်းနှင့် ဖိထိုးလိုက်ပြန်သည်။ လမ်းကွေ့တစ်နေရာသို့ ရောက်လာကြသည်။ သစ်ပင်တွေကြားထဲမှာ မော်တော်ကားတစ်စင်း ရပ်ထားသည်ကို တွေ့ရသည်။ ဟော်ဇာက မော်တော်ကားဆီသို့ သေနတ်ပြောင်းနှင့် ထိုးပြသည်။

"ကျုပ်တို့ ရှည်ရှည်ဝေးဝေးပြောနေစရာမလိုဘူး ဗားဟတ်၊ ကျုပ်လဲ ပါရီမြို့ကို သွားမှာပဲ၊ ခင်ဗျားသားဟာ ဓားစာခံအဖြစ် ကျုပ်နဲ့အတူတူလိုက်ခဲ့ရမယ်၊အမေရိကမှာရှိနေတဲ့ ခင်ဗျား ပိုက်ဆံတွေအကုန်လုံးပေးမှ ခင်ဗျားသားကို ပြန်လွှတ်ပေးမယ်"

"ခင်ဗျားအစကပြောတုန်းက တစ်ဝက်ပေးရမယ်ဆိုပြီးတော့ ကိုဘာလင့်စ်မှာရှိတဲ့ ကျုပ် ပိုင်တဲ့ အိမ်၊ စီးပွားရေးလုပ်ငန်းတွေ၊ ဘဏ်တိုက်မှာရှိနေတဲ့ ငွေတွေအားလုံး ခင်ဗျားကို လွှဲပေးလိုက်မယ်"

ထိုစကားကို ကြားရသောအခါ ဟော်ဇာက ရယ်သည်။

"နာဇီအစိုးရက ပြည်သူပိုင်သိမ်းတော့မယ့် ဟာတွေကိုခင်ဗျားက ဘယ်လိုလုပ် လက်မှတ်ထိုးပြီးကျုပ်ကို လွှဲပြောင်းပေးနိုင်မှာလဲ. . . ဟား. . . ဟား. . . ဟား . . ." ဟော်ဇာသည် ထိုသို့ရယ်လိုက်ရင်း အတော်လည်းပျော်ရွှင်သွားပုံရသည်။ "ခင်ဗျားဟာ မကြာခင် နိုင်ငံမဲ့ လူတစ်ယောက်ဖြစ်တော့မယ်၊ ကုန်းကောက်စာရာမရှိအောင်လဲ ဖြစ်တော့မယ်၊ ဒီလို အဖြစ်မျိုးမခံချင်ရင် ခင်ဗျားကို အခုဖမ်းပြီး ကိုဘာလင့်စ် ပြန်ပို့ရုံပဲ ရှိတယ်"

ပေါလ်ဗားဟတ်၏ ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့်ချာချာလည်နေသည်။ ပေါ်လာ သည့် အတွေးကိုလည်း ချက်ချင်းအကောင်အထည်ဖော်နိုင်အောင် ကြိုးစားရပေတော့မည်။ ဟော်ဇာသည် သူ့ကိုကလေးတစ်ယောက်အဖြစ် သဘောထားကာ အာရုံသိပ်မစိုက်လှပေ။ ပေါလ်သည် ဂျာကင်အင်္ကျီအိတ်ထဲသို့ လက်လျှိုစမ်းလိုက်သည်။ ဓားမြှောင်ကို သွားစမ်းမိသည်။

"ရန်သူကိုတွေ့ရင် ထောက်ထားညှာတာမှု လုံးဝမထားပဲ အပြင်းထန်ဆုံး ထိုးဖို့လိုတယ်" ဟု သူတို့ လူငယ်သင်တန်းတွင် သင်တန်းဆရာများက သင်ကြားခဲ့သည်ကို ပြေးသတိရလိုက်မိ သည်။

". . . ဒါပေမယ့် ပြင်သစ်အစိုးရကလဲ ခင်ဗျားကို ဂျာမနီနိုင်ငံထဲပြန်ပို့ မှာပဲ၊ ခင်ဗျားကို ဒါချောထောင်က ဝမ်းပန်းတသာကြိုကြမှာပါ ဝေဟမ်း. . ." ဟု ဟော်ဇာက ဆက်ပြောနေ သည်။

"အဖေ. . . ကျွန်တော် ရှုရှုပေါက်ချင်တယ်၊မအောင့်နိုင်တော့ဘူး" ဟု ပေါလ်က


www.burmeseclassic.com

www.burmeseclassic.com



လေသံနှင့် ပြောလိုက်သည်။

ဟော်ဇာက ပေါလ်ကိုစူးစူးဝါးဝါးလှည့်ကြည့်သည်။ သည်ကောင်လေး ဘောင်းဘီထဲမှာ ရှုရှုပန်းချလိုက်လျှင် ပါရီမြို့သို့ ရောက်သည်အထိသူ့ကားထဲမှာ သေးစော်နံနေတော့မည်ကို တွေးပူလိုက်မိသည်။

"ဟောဟိုသစ်ပင်နားမှာ သွားပေါက်" ဟု အမိန့်ပေးလိုက်သည်။

ပေါလ်ဗားတ်၏ တစ်ကိုယ်လုံးရှိသွေးများပွက်ပွက်ဆူနေကြချေပြီ။ ဟော်ဇာ၏ နောက်ဘက်မှာရှိသော သစ်ပင်နားသို့ သွားပြီးရပ်သည်။ ခဏကြာအောင် အပေါ့သွားချင်ယောင်ဆောင်နေသည်။ သူ့ရင်မှာလည်း တဒိတ်ဒိတ် ခုန်နေသည်။

ပေါလ်သည် ဒိတ်ထဲမှ ဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။ ပြီးတော့ ဓားအိမ်ထဲမှ ဓားကိုချွတ်သည်။ သူ့ လက်များတဆတ်ဆတ်တုန်နေသည်။ သူ့ စိတ်ကို တည်ငြိမ်အောင် ထိန်းသည်။ သင်တန်းမှာ သင်ခဲ့ရဖူးသည့် သင်ခန်းစာများကို အပြေးအလွှား ပြန်စဉ်းစားသည်။

"ရန်သူကိုနောက်ကျောဘက်ကနေ ချဉ်းကပ်မယ်ဆိုရင် ဓားကို အောက်နှိမ့်ပြီး ကိုင်ပါ၊ ရန်သူ့ရဲ့ ဗယ်ဘက်နောက်ကျောကိုအောက်ကနေပင့်ပြီး အပေါ်ကို အားနဲ့စိုက်ထိုးပါ၊ဓားသွားဟာ နှလုံးသားတည့်တည့်ကို ရောက်သွားလိမ့်မယ်" ဟူသော သင်တန်းဆရာများ၏ သင်ကြားချက်များ နားထဲမှာ ပြန်လည်ကြားယောင်လာသည်။

ဟော်ဇာကို ထိထိမိမိနှင့် အမြန်ဆုံးရှင်းပစ်မှ ဖြစ်မည်ဟု ပေါလ် သဘောပေါက်လိုက်သည်။ သူ့အဖေကို သေနတ်နှင့် ပစ်ချိန်မရလောက်အောင် မြန်နိုင်မှ ဖြစ်မည်။ နှုတ်ခမ်းကို သူ တင်းတင်းကိုက်ထားသည်။ လျှာဖျားတွင် သွေးအရသာပင် ရလာသည်။

ဟော်ဇာဆီသို့ဦးတည်ပြီး ပြန်လျှောက်လာသည်။ တိုးတိုးတိတ်တိတ်ဖြစ်ဖို့ ကို သူ မကြိုးစား။ သူ့ဘက်က ခြေသံပြင်းပြင်းနင်းလေ၊ဟော်ဇာက သူ့ကိုယုံကြည်မှု ရှိလေဖြစ်ပေလိမ့်မည်။ ဟော်ဇာအဖို့ သူ့ကို ကလေးငယ်လေးအဖြစ်နှင့်သာ မြင်ပေလိမ့်မည်။

တစ်လှမ်း . . . နှစ်လှမ်း. . . သူ ခြေနင်းချလိုက်တိုင်း သစ်ရွက်ခြောက်များက ကျယ်လောင်စွာ အသံမြည်သွားသည်။ သုံးလေး. . . လေးလှမ်း. . . ။

ဟော်ဇာသည် သူ့အဖေကို ဆက်လက်ခြိမ်းခြောက်လျက်ပင် ရှိသည်။

". . . ခင်ဗျား သမီးနဲ့သားလဲ မိဘမဲ့ကလေးများ ဂေဟာကို ရောက်သွား ကြမှာပဲ"

ပေါလ်သည် ဟော်ဇာနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သွားပြီ။ ထို အချိန်မှာပင် ဟော်ဇာက သူ့ဘက်သို့လှည့်ဖို့ဟန်ပြင်လိုက်သည်။ ဟော်ဇာသည် စက္ကန့်အနည်းငယ်ကြာအောင် ကြောင်သွားသည်။ ထိုအချိန်မှာပင် သူ့အတွက် အခွင့်ကောင်းကြီးတစ်ရပ်ဖြစ်ကြောင်းကို ရုတ်တရက်သိလိုက်သည်။ ဟော်ဇာ၏ လက်ထဲမှ လူဂါပစ္စတို၏ ပြောင်းဝသည် သူ့အဖေနှင့် လွဲရာဘက်သို့ ရောက်သွားသည်။

သူ့ခန္ဓာကိုယ်ထဲမှာရှိသော ခွန်အားများအားလုံးကို ညှစ်ထုတ်သည်။ ပြီးတော့ ဟော်ဇာ ထံသို့ခုန်ဝင်လိုက်သည်။ အဖြစ်အပျက်က အလွန်မြန်ပါသည်။ ဟော်ဇာသည် ခပ်တိုးတိုးအသံ တစ်ချက်ကိုသာ အော်လိုက်နိုင်ပြီး လဲကျသွားတော့သည်။ သူ့လက်ထဲမှ လူဂါသေနတ်နှင့် လက်နှိပ်ဓာတ်မီးကလည်း အောက်သို့ လွတ်ကျသွား တော့သည်။ ပေါလ်က သေနတ်နှင့် လက်နှိပ်ဓာတ်မီးကို မြေပြင်ပေါ်မှ ကောက်ယူ လိုက်သည်။

ဝေဟာမ်းဗားဟတ်သည် ပါးစပ်ဟောင်းလောင်းဖြင့် ကြက်သေသေပြီး မလှုပ်မယှက် ရပ်ကြည့်နေသည်။

"မင်းသူ့ကို သတ်ပစ်လိုက်ပြီ၊တို့အဖမ်းခံရတော့မယ်၊ ကြိုးစင်အတင်ခံရ တော့. . ."

"တိတ်တိတ်နေပါအဖေ. . . ကျွန်တော်ပြောတဲ့အတိုင်း လုပ်ပါ. . ."

ပေါလ်က လူဂါသေနတ်ကို သူ့အိတ်ထဲသို့ ထိုးထည့်သည်။ လက်နှိပ် ဓာတ်မီးကို



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်သို့ ပြန်ချသည်။ ပြီးတော့ . . . မော်တော်ကားတံခါးကို သွားဖွင့်သည်။

"သူ့ကို. . . ကျွန်တော်တို့ မော်တော်ကားထဲ ထည့်ထားမယ်"

"ဒီလိုလုပ်တော့ကော ဘာအကျိုးထူးမှာလဲ ၊ ဘာပိုပြီး ကောင်းလာမှာ. ."

"မော်တော်ကားက သစ်ပင်တွေနောက်မှာကွယ်ပြီးရပ်ထားတယ်၊ ဒီနား တစ်ဝိုက်မှာလဲ လူနေအိမ်ခြေမရှိဘူးဒါကြောင့် သူ့ကိုတော်တော်နဲ့ လူတွေ တွေ့ကြမှာ မဟုတ်ဘူး"

ပေါလ်၏ လေသံမှာ သံမှန်ဖြစ်နေသည်။

"တို့ကိုသဲလွန်စရသွားမှာပေါ့၊တို့နောက်ကိုလိုက်. . ."

"ဘာသဲလွန်စမှ မရနိုင်ပါဘူး. . ."

ပေါလ်သည် ဟော်ဇာ၏ကိုယ်ထဲမှ ဓားကိုပြန်နုတ်ယူလိုက်သည်။ ဓားသွားကို သစ်ရွက်ခြောက်များနှင့် သုတ်လိုက်ပြီး လက်နှိပ်ဓာတ်မီးနားမှာ ချထားလိုက်သည်။

"အဖေ သူ့ပခုံးကနေမ,ပါ၊ ကျွန်တော် ခြေထောက်နှစ်ဘက်နေ မ,မယ်"

ဝေဟမ်းသည်သူ့သားပြောသည့်အတိုင်း လိုက်နာလုပ်ကိုင်ရတော့သည်။ ဟော်ဇာကို ကားထဲသို့သွင်းကြသည်။ ပေါလ်က လူဂါသေနတ်ကိုကားထဲသို့ ပစ်ထည့်လိုက်သည်။ ဓားမြှောင်နှင့် လက်နှိပ်ဓာတ်မီးကို သွားကောက်ယူသည်။

"ဒီနေရာကို မီးထိုးပြ အဖေ"

"သူ့ အဖေလက်သို့ လက်နှိပ်ဓာတ်မီးကို ကမ်းပေးလိုက်ပြီး မော်တော် ကားနောက်မြီးဆီသို့ လျှောက်သွားသည်။ မော်တော်ကား ကိုယ်ထည်ပေါ်မှ ခြောက်ထောင့်ကြယ်တစ်လုံးကို ဓားဦးဖြင့် ပုံဖော်ရေးခြစ်လိုက်သည်။

"ခြောက်ထောင့် ကြယ်တစ်လုံး ကျွန်တော်ရေးလိုက်တယ်၊ထွက်ပြေးတဲ့ ဂျူးတွေကို သူလိုက်ဖမ်းရင်း အသတ်ခံသွားရတယ်လို့ ပုလိပ်တွေက ထင်လိမ့်မယ်" ဟုလည်း သူ့အဖေကို လှမ်းပြောသည်။

ဝေဟမ်းဗားဟတ်၏ အောက်မေးမှာတွဲလောင်းကျသွားသည်။ ကလေး ပြောသည်မှာ မှန်ပါသည်။ ဟော်ဇာ၏အလောင်းကို ပုလိပ်ကတွေ့သည့်အချိန်တွင် မော်တော်ကားကိုယ်ထည်ပေါ်မှာလည်း ဂျူးလူမျိုးတို့၏ အထိမ်းအမှတ်ခြောက်ထောင့်ကြယ်ကို တွေ့ကြရလိမ့်မည်။ ထိုအခါတွင် ဂက်စတာပိုအဖွဲ့ဝင်များသည် ထူးထူးခြားခြား ဆက်လက်စုံစမ်းနေကြတော့မည်မဟုတ်။ ဂျူးလူမျိုး တစ်ရာနှစ်ရာလောက်ကို ဖမ်းပြီး လက်စားချေသည့်အနေဖြင့် အပြတ်ရှင်းပစ်လိုက်ကြပေလိမ့်မည်။

"ကျွန်တော်တို့သွားလို့ရပြီ အဖေ၊ ကျွန်တော် အားလုံး လုပ်လို့ ပြီးသွား ပြီ"

"မင်းဓားကြီး လွှင့်ပစ်ခဲ့လေ. . ."

"အို. . . မဟုတ်တာပဲ အဖေ. . . ဒီဓားကို ကျွန်တော် သိမ်းထားရမယ်၊ အမှတ်တရ ပစ္စည်းအဖြစ်နဲ့ သိမ်းထားရမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

ဝေဟာမ်းဗားဟတ်သည် ပါရီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးသို့ ကြိုတင် ပြင်ဆင်ထားသော ဇာတ်လမ်းကို စိတ်ထဲမှာတွေးပြီး သွားသည်။ အမေရိကန်ပြည်ထောင်စုသို့ သူပြောင်းရွှေ့နေထိုင်လိုခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ထို့ကြောင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အမေရိကန်ပြည်ထောင်စုသို့ ငွေများကို လွှဲပြောင်းပေးခဲ့ကြောင်းများပြောပြသည်။

"ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်မှာ ကျွန်တော့်ငွေ တစ်သန်းနဲ့ သုံးသိန်းရှိပါတယ်၊ အရင်နှစ်ပေါင်းများစွာကတည်းက ဂျာမနီနိုင်ငံက ကျွန်တော် ထွက်ခဲ့ဖို့ပါပဲ၊ ဒါပေမယ့် ကျွန်တော့် မိန်းမရဲ့ကျန်းမာရေး အခြေအနေကမကောင်းလို့ မထွက်ဖြစ်ခဲ့ပါဘူး၊ မိန်းမဆုံးသွားပြန်တော့လဲ ကျွန်တော့် သမီးကလေးက အသက်သိပ်ငယ်နေတဲ့အတွက်. . ."

သူသည် နာဇီပါတီဝင်တစ်ယောက်ဖြစ်ခဲ့သလား။

"မှန်ပါတယ်၊ကျွန်တော့် စီးပွားရေးလုပ်ငန်းတွေကို ဆက်လုပ်နေနိုင်ဖို့ အတွက် နာဇီပါတီကိုဝင်ခဲ့ရပါတယ်" ဝေဟာမ်းဗားဟတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ဆင်ကလဲယားနေရှင်နယ် ဘဏ်တိုက်တွင် ငွေအပ်ထားသည့်အကြောင်း အပြင် အခြား ခိုင်လုံသည့် အကြောင်းများ ပြနိုင်သေးသလား။

"ပြနိုင်ပါတယ်ခင်ဗျာ၊ခိုင်လုံတဲ့ အကြောင်းတွေ အများကြီး ရှိပါတယ်" ရိုင်းလင်းပြည်နယ် ကိုဘလင့်စ်မြို့တွင် သူလာဘ်ထိုး၊ လက်ဆောင်ပေး လုပ်ခဲ့သည့် အမေရိကန် စစ်ဗိုလ်ပေါင်းမြောက်မြားစွာတို့၏ နာမည်စာရင်းများ သူမှာပါလာသည်။ "ဒီအရာရှိတွေကို သက်သေအဖြစ် ကျွန်တော်ပြနိုင်ပါတယ် ခင်ဗျာ၊ဒါပေမယ့် သူတို့ ဘယ်အရပ်ရောက်နေကြတယ်ဆိုတာ ခြေရာခံစုံစမ်းဖို့ကတော့ ခက်ကောင်းခက်. ."

ထိုစကားကိုကြားသောအခါ ကောင်စစ်ဝန်ရုံးရှိ အရာရှိများကပြုံးကြသည်။

"ဒါအတွက်တော့ စိတ်မပူပါနဲ့ မစ္စတာဗားဟတ်၊ ဒီပုဂ္ဂိုလ်တွေထဲက အသက်ရှင်လျက် ဘယ်သူတွေ ကျန်နေသေးတယ်ဆိုတာကို အက်ဘီအိုင်အဖွဲ့က တစ်ပတ် နှစ်ပတ်အတွင်း စုံစမ်း

www.burmeseclassic.com



ပေးနိုင်ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူ ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ဝါရှင်တန်ကို ကြေးနန်းရိုက်ပြီး မေတ္တာရပ်ခံပေးပါ့မယ်၊ နောက်တစ်ခုက ခင်ဗျားဟာ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ကြီးကို ပြောနေနိုင်တာ တွေ့ရပါတယ်၊ဒါကြောင့် အမေရိကန်ပြည်ထောင်စုမှာ ခင်ဗျားအဖို့ ဘာသာစကား အခက်အခဲ ဘယ်နည်းနဲ့မှ မရှိနိုင်ပါဘူး၊ ခင်ဗျားပြောသလိုပဲ ခင်ဗျား သားဟာလဲ အင်္ဂလိပ်လို ကောင်းကောင်းတတ်မယ်ဆိုရင် သူ့အဖို့လဲ ပြဿနာ မရှိနိုင်ပါဘူး"

ဝေဟမ်းဗားဟတ်သည် သူတည်းခိုနေသည့် ဟိုတယ်သို့ ပြန်လာခဲ့သည်။ နောက်ဆုံး အဆင့်သို့ရောက်လာပြီ ဖြစ်သောကြောင့် ယခုအခါမှပင် မစ္စက်ဂျူလီယာ ပီးယာ့စ်ကို အဖြစ်မှန် ဖော်ပြောပြရတော့သည်။

"ကျုပ် ဂျာမနီနိုင်ငံကနေ အပြီးအပိုင် ထွက်လာတာဖြစ်တယ်၊ ကလေးတွေနဲ့ကျွန်တော် အမေရိကကိုသွားမယ်၊ပေါလ်နဲ့ ဆစ်ဂရစ်တို့က ခင်ဗျားကိုချစ်လဲ ချစ်တယ်၊ သံယောဇဉ်လဲ ဖြစ်နေကြတယ်၊ ဒါကြောင့် သူတို့နဲ့အတူတူ ခင်ဗျားကို ရှိနေစေချင်တယ်၊ကျွန်တော်တို့နဲ့အတူတူ လိုက်ခဲ့စေချင်တယ်၊ခင်ဗျားကိုလဲ အမေရိကန် ပြည်ဝင်ခွင့်ပေးပါ့မယ်လို့ ကောင်စစ်ဝန်က ကျွန်တော့်ကို ကတိပေးလိုက်တယ်"

မစ္စက်ဂျူလီယာပီးယာ့စ်၏ မျက်လုံးအစုံမှာ မျက်ရည်များ ပြည့်လာသည်။ ယခု ဆိုလျှင် သူလည်း အိမ်သားတစ်ယောက်လို ဖြစ်နေပြီ။ ကလေးများကို စောင့်ရှောက်ထိန်းသိမ်းရသူ အဆင့်က ကျော်ခဲ့ပြီ။ ကလေးတွေက သူ့ကိုချစ်သည်။ သူကလည်း ကိုယ်တိုင် ဝမ်းနှင့်လွယ် မွေးထားရသည့် ရင်သွေးများပမာ ကလေးများအပေါ် သံယောဇဉ်ဖြစ်နေမိချေပြီ။

"ကျွန်မ. . . ကျွန်မ. . . အမေရိကန်နိုင်ငံကို ရောက်ဖူးချင်နေတာ ကြာပါပြီရှင်" ဟု သူက ပြန်ပြောသည်။

"ဒီလိုဆိုဘာပြဿနာမှမရှိတော့ဘူးပေါ့" ဝေဟမ်းဗားဟတ်ကလည်း ပြုံးလိုက်သည်။

ဒေါ်လာ ၁၅၀၀၀ ပို့ပေးရန် ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်သို့ ဗားဟတ်က ဖုန်းလှမ်းဆက်သည်။ ၄၈ နာရီအတွင်း ငွေရောက်လာသည်။ သူတို့ အားလုံးအတွက် လိုအပ်သည့် အဝတ်အစားများ ဝယ်ကြသည်။ ပေါလ်ကိုခေါ်ပြီး ပါရီမြို့ကို လှည့်ပြသည်။

ဟော်ဇာနှင့် ပတ်သက်သည့်အကြောင်းကို ပေါလ်အားမေးကြည့်ချင်နေသည်မှာ ကြာပြီ။ သို့သော်လည်း သူ့နှုတ်ဖျားကမထွက်။ ယနေ့လည်း သည်မေးခွန်း ကို မေးတော့မည်ဟု ဆုံးဖြတ်လိုက်ပြန်သည်။

"ပေါလ်. . . အဖေ့ကိုပြောစမ်း. . . မင်း. . . "

"ဟိုလူကို သတ်ပစ်လိုက်တာနဲ့ ပတ်သက်ပြီး မေးမလို့မဟုတ်လား အဖေ" သူ့စိတ်ထဲမှာ ဘာရှိနေသည်ကို ပေါလ်က အလိုလိုသိနေပုံရသည်။ ထို့ကြောင့်လည်း သူက အပြည့်အစုံ မမေးရသေးမီမှာပင် ပေါလ်က ဖြတ်မေးသည်။ သူ့မှာလည်း အဖြေ က အသင့်ရှိနေပုံရပါသည်။

"ဟုတ်တယ်. . . သူ့ကို ကျွန်တော်သတ်ပစ်လိုက်တယ် အဖေ၊သူ့ကို ကျွန်တော် မသတ်ရင် ဒါချောထောင်ထဲကို အဖေရောက်သွားတော့ မှာပေါ့" ဟု လည်း ဆက်ပြောသည်။

ဝေဟမ်းဗားဟတ်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ထိုအချိန်မှ စပြီး ယင်းကိစ္စနှင့် ပတ်သက်၍ ဘယ်သောအခါတွင်မှ သူစကား မစတော့ချေ။

\+ + +

ရက်အနည်းငယ်အတွင်းမှာပင် သက်ဆိုင်ရာမှ ပြန်ကြားချက်များ ကောင်စစ်ဝန်ထံသို့ရောက်လာသည်။ ရိုင်းလင်းပြည်နယ်ထဲမှာ တာဝန်ထမ်းဆောင်ခဲ့ကြဖူးသည့် အမေရိကန် စစ်ဗိုလ်များအနက် ခုနှစ်ဦးနှင့် အက်ဘီအိုင်က အဆက်အသွယ် ရသည်။ နှစ်ယောက်မှာ စစ်မှုထမ်းဆဲ ဖြစ်သည်။ တစ်ယောက်က ဗိုလ်မှူးချုပ်ရာထူး အထိပင် တိုးမြှင့်ပေးခြင်းခံနေရလေပြီ။

www.burmeseclassic.com



သူတို့အားလုံးက ဝေဟမ်းဗားဟတ်ကို ကောင်းကောင်းမှတ်မိကြသည်။ထို့ကြောင့် ဗားဟတ်နှင့် ပတ်သက်ပြီးလှိုက်လှိုက်လှဲလှဲ ထောက်ခံကြသည်။

ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်ကလည်း ဝေဟမ်းဗားဟတ်သည် သူတို့၏ ဖောက်သည်ဟောင်းဖြစ်ကြောင်း၊ ဆက်ဆံလာသည်မှာကြာပြီဖြစ်သဖြင့် တန်ဖိုးရှိသော ဖောက်သည်လည်း ဖြစ်ကြောင်းဖြင့် အပြည့်အဝ ထောက်ခံသည်။

"လိုအပ်သည့် စုံစမ်းမှုများ ပြုလုပ်ပြီး ကျေနပ်ဖွယ်အချက်အလက်များကို တွေ့ရှိရသောကြောင့် ပြည်ဝင်ခွင့်ပေးလိုက်သည်" ဟူသော လက်ထောက် နိုင်ငံခြားရေးဝန်ကြီးထံမှ အမိန့်လည်း ရောက်လာသည်။

ပါရီမြို့သို့ ရောက်ပြီး နောက်သုံးပတ် ကြာသောအခါ ဗားဟတ်တို့ သားအဖ သုံးယောက်နှင့် မစ္စက်ဂျူလီယာပီးယာ့စ်သည် အက်စ်အက်စ်နော်မန်ဒီ ပင်လယ်ကူး သင်္ဘောကြီး ပေါ်မှာ ပါသွားကြသည်။

နောက်လေးရက်နှင့် ဆယ့်ကိုးနာရီ တိတိကြာသောအခါ နယူးယောက်မြို့ဆိပ်ကမ်းမှာ သူတို့ဆင်းသက်ကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကြောင်း – ၂

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယားပြည်နယ်၊ အင်္ဂါ၊
## မေ ၁၁၊ မွန်းလွဲ ၁း၀၅နာရီ။

အိမ်မကြီးအတွင်းသို့ သူတို့ဝင်လာကြသည်။ ပေါလ်ဗားဟတ်နှင့် အင်ကမ်း ကုမ္ပဏီတို့ အကြောင်းကို နောက်မှ ဆက်ဆွေးနွေးတော့မည်ဟု ဩဂတ်စတပ် ဆမ်မြူယယ်မေယာက စိတ်ထဲမှာ တေးထားလိုက်သည်။

"အမျိုးသမီးတွေ တောထဲမှာ ရှိနေကြပါတယ်ခင်ဗျာ" ဟု ဘဏ္ဍာစိုးက ဆီးကြိုပြော သည်။

"အိမ်ထဲက ရယ်စရာကလေးကို ခဏနေရင် မောင်တွေ့ရပါလိမ့်မယ်"

မေယာက ရပ်ဆယ်သော့ပ်ဘက်သို့ လှည့်ပြောပြီး ကြီးမားကျယ်ဝန်းသော အခန်းကြီး တစ်ခုအတွင်းသို့ ဦးဆောင်ခေါ်ယူသွားသည်။

အခန်းမျက်နှာကြက်က ပေသုံးဆယ်ခန့်မြင့်သည်။ အခန်းနံရံများကို မှန်များဖြင့် ကာရံထားခြင်းမရှိ။ အုတ်နံရံများပေါ်တွင် တောကား တောင်ကားများကို ပန်းချီရေးဆွဲ ထားသည်။ တောကြီးမျက်မည်းတစ်ခုအတွင်းသို့ ရောက်သွားသည်နှင့်ပင် တူလှသည်။ ရပ်ဆယ် သော့ပ်သည် တောင်ဗီယက်နမ်တွင် စစ်မှုထမ်းခဲ့သူ ဖြစ်သည်။ တောင်ဗီယက်နမ်တွင် မြင်တွေ့ခဲ့ ရသည့် တောတောင်များနှင့်လည်းမတူ။ ယခု တောတောင်များက မျက်စိပသာဒ ပိုရှိနေသည်။ ရေအိုင်တစ်ခုအတွင်းသို့ ရေတံခွန်တစ်ခုမှ ရေများ စီးကျနေသည့် ပုံလည်းပါသည်။

အခန်းထောင့်တစ်နေရာတွင် အမျိုးသမီးနှစ်ယောက် ထိုင်နေသည်။နောက်ခံ တောကား တောင်ကားများထဲမှာ ရုတ်တရက်တော့ သူတို့ နှစ်ယောက် ပျောက်နေသည်။ မေယာက ထုံးတမ်းစဉ်အလာအတိုင်း မိတ်ဆက်ပေးသည်။

"ဒါ ရပ်ဆယ်သော့ပ်ပဲ၊ သူ့ကို ရပ်စ်လို့ပဲ ခေါ်ကြပါ၊ငါ့ကိုလဲ သူက ဆမ် လို့ပဲ ခေါ်တယ်"

ရပ်ဆယ်သော့ပ်သည် မေယာကို ကုမ္ပဏီကြီး၏ ဒုတိယဥက္ကဋ္ဌ တစ်ဦး ဖြစ်ကြောင်း၊ ယုံကြည်စိတ်ချရသူဖြစ်ကြောင်း၊ ကုမ္ပဏီ၏ လူယုံစာရင်းဝင် တစ်ယောက် လည်းဖြစ်ကြောင်းများကို မေယာက ဆက်ပြောပြသည်။ ပြီးတော့မှ . . .

"ရပ်စ် . . . ဒါက ကျုပ်ဇနီးနာဒိုင်း . . . ၊ ဟိုဟာက သမီးကလျာ . . ." ဟု ဆက်ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



နာဒိုင်းမေယာသည် ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျနှင့် မွန်ရည်သူ ဖြစ်သည်။ သူ့ ယောကျ်ားထက် အရပ်နှစ်လက်မပိုမြင့်ပြီး နှစ်နှစ်ဆယ် အသက် ပိုငယ်သည်။ တစ်သက်လုံး ချမ်းသာကြွယ်ဝကာ စည်းစိမ်နှင့် နေခဲ့သူဖြစ်သောကြောင့် အရွယ်တင်လှသည်။ ဒေါ်လာ ၂၅-သန်းလောက်တန်သော အရက်ချက်စက်ရုံကြီးကို မိဘများထံမှ အမွေရခဲ့သည်။ ထို့နောက် ချည်စက်ပိုင်ရှင်ကြီး ဒေးဗစ်ဟတ်ဇ်ဘတ်နှင့် လက်ထပ်သည်။ နှစ်ယောက်ပေါင်းပြီး ပိုမို ချမ်းသာသွားပြန်သည်။ ယောကျ်ား ကွယ်လွန်သောအခါ ထိုစည်းစိမ်ချမ်းသာများကို သူ တစ်ယောက်တည်း ဆက်ခံခဲ့ရသည်။

၁၉၆၃ ခုနှစ်တွင် နောက်အိမ်ထောင်ပြုသည်။ယခုတစ်ကြိမ်တွင် သမီးကလေး တစ်ယောက်ရှိသော မုဆိုးဖို ဩဂတ်စတပ်ဆမ်မြူယယ်မေယာနှင့် လက်ထပ်ခြင်းဖြစ်သည်။ မေယာသည် မေယာကိုကုမ္ပဏီကြီး၏ ဘုတ်အဖွဲ့ချယ်ယာမင်ဖြစ်ပြီး ဒေါ်လာသန်းရာပေါင်း များစွာ ချမ်းသာသူဖြစ်သည်။

သူတို့အကြောင်းများကို ရပ်ဆယ်သော့ပ်က အပြေးအလွှား စဉ်းစားလိုက်သည်။ မေယာ၏ ပထမအိမ်ထောင်မှာ မေရီဟတ်ဘတ်ဖြစ်သည်။ ရုပ်ရည်ချော မောလှပသော ကျောင်း ဆရာမတစ်ယောက်ဖြစ်သည်။ ကလေးသူငယ်များနှင့်ဆိုင်သော စာအုပ်ပေါင်းများစွာ ရေးသား ထုတ်ဝေခဲ့သည်။ ပရိုကတ်စတင့် ဘာသာဝင် အင်္ဂလိပ်လူမျိုး ဖြစ်သည်။

ဖခင်ဖြစ်သော ဂျူးလူမျိုးမေယာနှင့် မိခင်ဖြစ်သူ အင်္ဂလိပ်လူမျိုး မေရီ ဟတ်ဘတ်တို့မှ ပေါက်ဖွားလာသော ကလျာသည် မြင်သူငေးလောက်အောင် ချောမော လှပသည်ဟု ဆိုလျှင်ပင် ပြည့်စုံလုံလောက်ပြီဟု မဆိုသာပေ၊ ဣန္ဒြေရှိသည်။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိပုံရသည်။ ပုံပန်းအလွန်ကျသော အဖိုး တန်အဝတ်အစားများကိုဝတ်ဆင်ထားသည်။

ရပ်ဆယ်သော့ပ်က ကလျာထံမှ မျက်လုံးကို ကမန်းကတန်းလွှဲဖယ်ပစ် လိုက်သည်။ ကလျာသည်သူ့ အလုပ်ရှင်၏သမီးဖြစ်နေသောအကြောင်းတစ်ခုတည်းကြောင့် မဟုတ်ပါ။ ကလျာ အကြောင်းကို သူအများကြီးသိထားသည်။ မည်သို့သော ယောကျ်ားမဆို သူ့စည်းကမ်းများကို လိုက်နာနိုင်ခြင်း မရှိပါက ကန်ထုတ်ခြင်းခံခဲ့ရ စမြဲပင်။

\+ \+ \+

နေ့လယ်စာ အတူစားကြသည်။ နာမည်ကြီးနေသူများ၏ နောက်ဆုံး အတွင်းရေး သတင်းများကို နာဒိုင်းက ပြောပြနေသည်။ မင်းသားလီးမာဗင် တရားအစွဲခံရပြန်ပြီ ဖြစ်ကြောင်း၊ ဂျူလီစတိန်းက ဇိမ်ခံသင်္ဘော အသစ်တစ်စင်း ထပ်မံဝယ် ယူလိုက်ပြန်သည့်အကြောင်း၊ မင်းသမီး ဘိုဒဲရက် နှုတ်ငုံတော်ရှိနေသည့် အကြောင်း များပါသည်။

ကလျာကမူ သူ၏ ဖက်ရှင်ပုံဆန်း ကုမ္ပဏီအကြောင်းနှင့် နာမည်ကြီး အမျိုးသမီးများ သူ့ကုမ္ပဏီနှင့် ဆက်သွယ်ကြသည့် အကြောင်းများကို ပြောပြသည်။

ကလျာက ရပ်ဆယ်သော့ပ်ကို မသိမသာကြည့်ပြီး အကဲခတ်နေသည်။ မေယာကို ကုမ္ပဏီမှ ထိပ်တန်းအရာရှိကြီးတစ်ဦး သူတို့နှင့် အတူတူ နေ့လယ်စာ လာစားမည့်အကြောင်း သူ့အဖေက မနက်တုန်းက ပြောခဲ့သည်။ ထိပ်တန်းအရာရှိကြီး ဖြစ်သည်ဆိုသဖြင့် အသက် ငါးဆယ်ကျော်၊ ခြောက်ဆယ်ခန့် ဆံပင်ဖြူဖြူနှင့် အဘိုးကြီးတစ်ယောက် ဖြစ်လေမည်လား ထိုထက်ပင် အသက်ပိုကြီး လေမည်လားဟု စဉ်းစားခဲ့မိသည်။

ယခု ရပ်ဆယ်သော့ပ်ကို မြင်လိုက်ရသောအခါ မယုံကြည်နိုင်လောက်အောင် အံ့အား သင့်သွားသည်။ အရပ်ရှည်ရှည်၊ အသက်သုံးဆယ်ကျော်၊ မွန်မွန်ရည်ရည်နှင့် လူချော တစ်ယောက်ဖြစ်နေသည်ကို တွေ့ရသည်။ အရာရာတွင် ရင့်ကျက်နေသည့် ပုံစံမျိုးလည်းဖြစ်သည်၊ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော၊ တွေ့ဖူးခဲ့သမျှ ယောကျ်ားများအနက် စိတ်ဝင်စားဖွယ် အကောင်းဆုံးသော ယောကျ်ားတစ်ယောက် ဖြစ်နေကြောင်းလည်း သဘောပေါက် နားလည် လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလျာစိုက်ကြည့်နေကြောင်း ရပ်ဆယ်သော့ပ်က သတိထားလိုက်မိသည်။ သူတို့နှစ်ယောက် မျက်လုံးချင်း ခဏကြာအောင် ဆိုင်ကြည့်နေမိသည်။ ရပ်ဆယ်က ပြုံးပြလိုက်သည်။ ကလျာ၏ မျက်နှာပေါ်တွင် သွေးရောင်လွှမ်းသွားကာ ချက်ချင်း မျက်နှာ ပြန်လွှဲသွားသည်။ ထိုအမူအရာကို မြင်တွေ့လိုက်ရသောအခါ ရပ်ဆယ်မှာ အကြီးအကျယ် အံ့ဩသွားမိလေတော့သည်။

"ကဲ . . . ကျုပ်တို့ သွားကြရအောင် ရပ်စ် . . . စာကြည့်ခန်းထဲမှာပဲ ကော်ဖီသောက်ရင်း စကားပြောကြတာပေါ့" ဟု မေယာက ပြောပြီး ထိုင်ရာမှ ထသည်။ ရပ်ဆယ်သော့ပ်ကလည်း သူ့နောက်မှ လိုက်သွားသည်။ နာဒိုင်းနှင့် ကလျာက တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြသည်။ မေယာသည်ရုံးလုပ်ငန်းမှန်သမျှကို ရေကူးကန် ဘေးတွင်သာ ဆောင်ရွက်စမြဲ ဖြစ်သည်။ အရေးကြီးသော ကိစ္စများ တိုင်ပင်ဆွေးနွေးစရာရှိပြီ ဆိုသောအခါတွင် စာကြည့်ခန်းထဲမှာ တိုင်ပင်ဆွေးနွေးလေ့ရှိသည်။ ယခုလည်း စာကြည့်ခန်းထဲကိုသွားကြပြီဆိုတော့ အလွန်တရာ အရေးကြီးသောကိစ္စများ ရှိနေပြီဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံးက အလိုလိုသိလိုက်ကြလေသည်။

ရပ်ဆယ်သော့ပ်၏ အကြောင်းကို တစ်ကြိမ်တစ်ခါမှ မေယာက ထုတ်ဖော်ပြောဆိုဖူးခြင်းမရှိ။ သူ့အကြောင်းကို ထားဘိဦး။ သူ့ အမည်လောက်ကိုပင် ထုတ်ဖော်ပြောဆိုခြင်းမရှိ။ ယခုတော့ ရုတ်တရက် ရပ်ဆယ်သော့ပ် ရောက်လာ သည်။ စာကြည့်ခန်းထဲသို့ အတူဝင်သွားကြသည်။ ထိုအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် ရပ်ဆယ်သော့ပ်သည် အလွန်အရေးကြီးသူ၊ အလွန်တရာလည်း ယုံကြည်စိတ်ချရသူဖြစ်ကြောင်း သိသာထင်ရှားနေပြန်သည်။ ထို့ကြောင့်လည်း သူတို့ နှစ်ယောက်ပိုပြီး အံ့ဩကြရပြန်သည်။

အခန်းအပြင်ဘက်သို့ ထွက်သွားသည့် ရပ်ဆယ်သော့ပ်ကို ကလျာက မျက်စိတဆုံးလိုက်ကြည့်နေကြောင်း နာဒိုင်းက သတိပြုလိုက်မိသည်။

"အင်း . . . အမူအရာကလေး တစ်ခုကိုတော့ လှစ်ကနဲ မြင်လိုက်ရသလိုပဲ၊ တစ်ခုခုပေါ့လေ . . . မဟုတ်ဘူးလား" ဟု နာဒိုင်းက ပြောသည်။

"နေကာမျက်မှန် တပ်ထားဖို့ကောင်းတယ်၊ သဲကန္တာရထဲက နေရောင်က စူးရှလွန်းတယ် မဟုတ်လား" ဟု ကလျာက ပြန်ပြောသည်။

"သမီးရေ . . . ဒါက အဖြေတော့ မဟုတ်နိုင်ပါဘူးနော်"

"ကျွန်မကလဲ အဖြေအဖြစ်နဲ့ ရည်ရွယ်ပြီး ပြောတာ မဟုတ်ပါဘူး နာဒိုင်း"

\+ \+ \+

နံရံဘေးတွင်ကပ်ပြီး မျက်နှာကြက်တိုင်အောင်မြင့်သည့် စာအုပ်ဗီရိုများထဲတွင် စာအုပ်ပေါင်းများစွာကို တွေ့ရသည်။ စာအုပ်ရေပေါင်း ၇၀၀၀-ကျော် လောက်တော့ရှိပေလိမ့်မည်ဟု ရပ်ဆယ်သော့ပ်က ခန့်မှန်းကြည့်နေမိသည်။ လူ့အထင်ကြီးအောင် ဝယ်ယူစုဆောင်းထားသော စာအုပ်များ ဖြစ်ပုံမရ။ ဖတ်ထားသည့် လက္ခဏာ များကိုလည်း တွေ့နေရသည်။

ကုလားထိုင် နှစ်လုံးမှာ မျက်နှာချင်းဆိုင် ဝင်ထိုင်ကြသည်။ ဘဏ္ဍာစိုးက ကော်ဖီနှင့် မုန့်များ ယူလာပေးသည်။ မေယာက ကော်ဖီများ ထည့်ပေးသည်။ စောစောကအတိုင်း အင်္ကျီ ရင်ဘတ်ဟပြနှင့် ဘောင်းဘီတိုတို ဝတ်ထားဆဲ ဖြစ်သည်။

"အရေးကြီးတဲ့ ပထမအကြောင်းကိုပဲ ပထမ ပြောကြစို့ရဲ့" ဟု မေယာက စကားစလိုက်သည်။

ရပ်ဆယ်သော့ပ်က မျက်မှောင်ကုပ်လိုက်မိသည်။ လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးပမာဏကို ဘယ်လောက်ပဲ ဖြစ်ဖြစ်ခွင့်ပြုမည်ဟု စောစောတုန်းက ရေကူးကန် ဘေးမှ ပြောခဲ့ဖူးသည်။ ယခု သူစိတ်ပြောင်းသွားပြီး စောစောက စကားများကို ပြင်ဆင်လိုပြီလားဟု



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်က တွေးကြည့်နေမိသည်။

ထိုသို့ သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည်ကို မေယာက အကဲခတ်လိုက်မိ ပုံပေါ်သည်။

"မောင့်ရဲ့ လစာနဲ့ပတ်သက်ပြီး ကျုပ်ပြောတာပါ ရပ်စ်. . . လက်ရှိ မောင့် လစာကို တစ်နှစ် ၇၅၀၀၀ တိုးပေးမယ်၊အသေးသုံးစရိတ်အဖြစ် အမြတ်တော်ကြေးလွတ် တစ်နှစ်ကို ၅၀၀၀၀-ပေးမယ်၊ မောင့်ရဲ့ ဆောင်ရွက်ချက်တွေ အောင်မြင်မယ်ဆိုရင် ဆုကြေးအဖြစ်နဲ့ ကုမ္ပဏီက အစုရှယ်ယာကိုလဲ ခွဲဝေပေးမယ်"

ရပ်ဆယ်သော့ပ် မျှော်မှန်းထားသည်ထက်ပင် ရလာသည့် ငွေတွေက မတန်တဆ ပိုမိုများပြား နေသည်။ ထို့ကြောင့် . . . .

"ကျေးဇူးတင်ပါတယ် ဆာမ်" ဟု ရိုးရိုးလေးပင် ပြန်ဖြေလိုက်မိသည်။

"နောက်ပြီးတော့ ပေါလ်ဗားဟတ်နဲ့ ကျုပ်ကမ္ဘာရန်ဖြစ်လာရတဲ့အကြောင်းကို အတိုချုပ် ပြောပြရဦးမယ်၊စစ်မဖြစ်ခင်တုန်းက စခဲ့ကြတာပဲ၊နယူးယောက်မြို့ ၄၆လမ်းမှာ ဆေးဆိုင်တစ်ဆိုင် ကို ကျုပ်ပိုင်ခဲ့တယ်၊ အဲဒီ အချိန်တုန်းက သူဟာ ကလေးပဲ ရှိသေးတယ်၊ဆေးဆိုင်ထဲကို သူဝင်လာ ပြီး ကာလသားရောဂါကာကွယ်တဲ့ ပစ္စည်းဝယ်တယ်၊ သူ့အသက်မပြည့်သေးတဲ့အတွက် မရောင်းနိုင်ဘူးလို့ ကျုပ်ကပြောလိုက်တယ်၊ သူ့အကြီးအကျယ်ဒေါသပေါက်ကွဲသွားတယ်၊ ကျုပ်ကိုလဲ ကောင်း ကောင်းတေးသွားတယ်၊ နောက်နှစ်ပေါင်း နှစ်ဆယ်လောက်ကြာတဲ့ အခါမှာ ပထမဆုံးအကြိမ် အဖြစ်နဲ့ ကျုပ်ကို သူစတင် တိုက်ခိုက်တော့တာပဲ"

ရပ်ဆယ်က စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ မေယာက သူ့ကို အကဲခတ် ကြည့်နေ သည်။ ပြီးတော့မှ ဆက်ပြောသည်။

"ကျုပ်ကို ဒီလိုတိုက်ခိုက်တဲ့လူဟာ ဘယ်သူဖြစ်တယ်ဆိုတာ လုံးလုံး မသိ ခဲ့ဘူး၊ကျုပ်ရဲ့ ကုမ္ပဏီ တစ်ခုထဲကနေပြီး ဒေါ်လာငါးသိန်း ကလိမ်ကျပြီး ထုတ်သွားခဲ့ တယ်၊ ကလိမ်ကျသွားသူ က ပေါလ်ဗားဟတ်တဲ့၊ လေးစားလောက်တဲ့ လုပ်ငန်းရှင် တစ်ယောက်ပဲလို့ ကျုပ်တို့ နားလည်ခဲ့ ကြတယ်၊ သူဘယ်သူလဲ ဆိုတာ ဒင်နီယယ်ဆီဗ် နဲ့ ကျုပ်တို့ စုံစမ်းကြတယ်၊ဒင်က ဗားဟတ်ရဲ့ ဓာတ်ပုံတွေ ယူလာပြတယ်၊ကျုပ် တော်တော်အံ့အားသင့်သွားတယ်၊သူ့အသက်ကြီးလာပေမယ့် သူ့ကို ချက်ချင်း ကျုပ် မှတ်မိလိုက်တယ်၊ဆေးဆိုင်မှာ ကျုပ်နဲ့ အဆင်မပြေဖြစ်ခဲ့တဲ့ ကလေးပဲဆိုတာ မလွဲနိုင်ဘူး၊ ဟိုတုန်းက အဖြစ်ကို ကလဲ့စားချေတဲ့အနေနဲ့ ကျုပ် ကုမ္ပဏီထဲကို ဝင်ပြီး ကလိမ်ကျ သွားတာပဲ"

"ဖြစ်မှ ဖြစ်ရလေတယ်နော်. . . "ရပ်ဆယ်က စီးကရက်ကိုဖွာရင်း အံ့သြတကြီးနှင့် ပြန်ပြောမိသည်။

"သူ့ကို တရားစွဲနိုင်ဖို့ လုံလောက်တဲ့ အထောက်အထားအချက်အလက်တွေကို ကျုပ် လူတွေက စုဆောင်းပေးခဲ့ကြတယ်" မေယာက ခေါင်းကို ယမ်းခါရင်း ပြောပြန်သည်။

"သတင်းစာတွေကနေပြီး ဖိအားမပေးခဲ့ဘူးလား"

"မလုပ်တော့ပါဘူးကွယ်၊တရားစွဲမယ်လို့ ခြိမ်းခြောက်လိုက်တာ တစ်ခုတည်းနဲ့ လုံလောက်သွားပါတယ်။ သူက ငွေ ငါးသိန်းကို ပြန်ပေးတယ်၊ကျုပ်လဲ ကျေနပ်သွားတယ်၊ ဒါပေမယ့်. . . နောက်ပိုင်း နှစ်တွေမှာ သူဟာ ပိုပြီး ရန်လိုလာတယ်၊ မေယာကို ကုမ္ပဏီနဲ့ ကျုပ်ကို အလစ်မပေးပဲ အကွက်ကောင်းကို အမြဲတမ်း ချောင်းနေတယ်"

"မှတ်တမ်းတွေထဲမှာ ကျွန်တော် ဖတ်ရပါတယ်၊ မေယာကို ကုမ္ပဏီနဲ့ အန်ကယ်ကလဲ အပြင်းအထန် ပြန်တိုက်တာပဲ မဟုတ်လား" ရပ်ဆယ်သော့ပ်က မေယာကို တည့်တည့်စိုက်ကြည့် ပြီး မေးသည်။

"ဟုတ်တယ်၊မုန်းတီးစိတ်ကို အခြေခံပြီး စည်းမဲ့ ကမ်းမဲ့ တိုက်ကြတာပေါ့၊ မုန်းတီးမှုဟာ တဖြည်းဖြည်းပိုကြီးလာတယ်၊ တိုက်ပွဲတွေကလဲ ပိုကြီးတယ်၊အခုဆိုရင် ပေါလ်ဗားဟတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်ကမ်းကုမ္ပဏီဟာ သူတို့ဟာသူတို့အမှားတွေလုပ်ပြီး အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပြီ၊အဲဒီ အကျပ်အတည်းတွေက လွတ်မြောက်နိုင်အောင် သူတို့ အပြင်းအထန် ကြိုးစားနေကြတယ်၊ ဘေးလူတွေကိုလဲ ဝါးလုံးရှည်နဲ့ သိမ်းရမ်းဖို့ ကြိုးစားနေကြတယ်၊ သူတို့ရဲ့ အဓိက ပစ်မှတ်ကတော့ မေယာကို ကုမ္ပဏီနဲ့ ကျုပ်ကိုပဲပေါ့"

ရပ်ဆယ်သော့ပ်က စီးကရက်ကို ဆက်တိုက်ဖွာရင်း ဆမ်မြူယယ်မေယာ ပြောသမျှကို အာရုံစိုက်နားထောင်နေသည်။ မေယာကိုကုမ္ပဏီ၏ တန်ပြန်ထိုးစစ်ကို မိမိဦးဆောင်ဆင်နွှဲရတော့မည်ဟုလည်း သဘောက်ပေါက်လာသည်။

"ဒီကိစ္စတွေနဲ့ပတ်သက်ပြီး တာဝန်ကတော့ ကျုပ်အပေါ်မှာပဲ လုံးလုံး လျားလျား တည်နေတယ်"

"ဘယ်အချိန်မှာ ဘယ်နေရာကနေပြီး ကျွန်တော့်ကိုဘယ်လို စ စေချင် ပါသလဲ. . . ဆမ်"

"မောင့်ကို ကျုပ်ရဲ့ ရဟတ်ယာဉ်နဲ့ လော့စ်အိန်ဂျလိစ်မြို့ကို ဒီနေ့နေ့ခင်းပိုင်းမှာ လိုက်ပို့ပေးလိမ့်မယ်၊ဖားဟတ်က ကျုပ်တို့ကိုတိုက်ဖို့ ဘာတွေစီစဉ်ထားတယ်ဆိုတာ ဟိုမှာ တစ်ရက် လောက်နေပြီး လေ့လာကြည့်ပါ၊ ကျုပ်ဆီကို တိုက်ရိုက်ဖုန်း ဆက်ပြီးသတင်းပို့ပါ၊ ပြီးတော့ နယူးယောက်မြို့ကို ဆက်သွားပါ၊ဟိုမှာလဲ အဲဒီကိစ္စတွေကိုပဲ စုံစမ်းလေ့လာပါ၊ ပြီးရင် ဒီကို ပြန်လာပါ၊ ကျုပ်တို့ ဘာတွေ ဆက်လုပ်ကြရ မယ်ဆိုတာ ဆုံးဖြတ်မယ်"

ရပ်ဆယ်သော့ပ်၏မျက်နှာအမူအရာက တည်တည်ကြီးဖြစ်သွားသည်။ခေါင်းကိုလည်း ယမ်းခါနေသည်။

"ဒါဆိုရင်အချိန်တွေ သိပ်ကြာနေလိမ့်မယ်၊ဖားဟတ်နဲ့အင်ကမ်းကုမ္ပဏီကို ကျွန်တော်တို့ ခြေမြန်လက်မြန် ပြန်တိုက်မှဖြစ်တော့မယ်၊သူတို့ မထင်မှတ်ဆုံးနေရာနဲ့ အားအနည်းဆုံး နေရာကနေ တိုက်ရမယ်၊ အဲဒီနေရာကတော့ ပြူအာတိုကွေဒို နိုင်ငံပဲ"

"ဘယ်လိုလဲ"

"ငွေကုန်ခံဖို့များ စိတ်ကူးထားပါသလား ခင်ဗျာ၊ ဆိုကြပါစို့. . . ဒေါ်လာ သန်း၃၀-လောက် ဆိုပါတော့"

"ဒီထက်တောင် ပိုပြီး အကုန်ခံနိုင်တယ်၊ကျုပ်ရဲ့ ပင်သီယွန်တီဗီလုပ်ငန်းကို လက်လွှတ် လိုက်ရမယ်ဆိုရင် ဒေါ်လာသန်းပေါင်း ၁၀၀ လောက်ဆုံးရှုံးသွားမယ်၊ ဆီးဂက်သံမဏိ လုပ်ငန်းကော်ပိုရေးရှင်းထဲမှာ ကျုပ်တို့ ဝင်ပူးဖို့ ကြိုးစားနေတာကို ပူးမရတော့အောင် ဖားဟတ်က ကိုင်လိုက်ရင် နောက်ထပ် ဒေါ်လာသန်းပေါင်း ၂၀၀ ကျော် ထပ်ဆုံးရှုံးသွားရဦးမယ်၊မောင် ပြောတဲ့ ဒေါ်လာသန်း ၃၀ က ဘာဝယ်ဖို့ စိတ်ကူးသလဲ၊ ဘာသုံးဖို့ စိတ်ကူးသလဲ"

သော့ပ်၏ မေးကြောများ ပိုမိုတင်းမာလာသည်။

"ပြူအာတိုကွေဒိုနိုင်ငံထဲက အခြေအမြစ်တွေကို ဖားဟတ်အဆုံးမခံနိုင်ဘူး၊ ဒါကြောင့်မို့ လို့ စစ်တပ်ကိုငွေပေးပြီး အာဏာသိမ်းခိုင်းနေပါတယ်၊ ကျွန်တော်တို့က တန်ပြန်တော်လှန်ရေး တစ်ခုပြန်လုပ်ပြီး ပေါ်ပြူလာပါတီကို အစိုးအရအာဏာလွှဲ ပြောင်းပေးနိုင်ပါတယ်၊ ပေါ်ပြူလာ ပါတီအာဏာရပြီးရင် အင်ကမ်းကုမ္ပဏီ လုပ်ငန်းတွေ အားလုံးကို ပြည်သူပိုင်သိမ်းပစ်လိုက် နိုင်ပါတယ်၊ ဒီလိုဖြစ်လာရင်အင်ကမ်းကုမ္ပဏီ လက်ထဲမှာ ငွေပြတ်ပြီး ကြွေးလည်ပင်းခိုက်သွားမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ အစိုးရ က သူတို့ကုမ္ပဏီအုပ်ချုပ်မှုတွေကို လွှဲပြောင်းယူပြီး ဆက်အရေး ယူသွားနိုင်ပါတယ်"

"ပြူအာတိုကွေဒိုရဲ့ အခြေအနေတွေကို ပိုက်ဆံနဲ့ ပြောင်းလဲပစ်လို့မရ နိုင်တော့ဘူး ရပ်စ်"

"လိုအပ်တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ကျွန်တော်ဝယ်ပြီး လိုအပ်တဲ့ ကြေးစား



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေ ငှားမယ်၊ဟိုကို အချိန်မီရောက်သွားရင် ဖြစ်နိုင်ပါတယ်"

မေယာ၏ မျက်လုံးများ ဝိုင်းစက်သွားသည်။

"မဖြစ်နိုင်ဘူး၊မေယာကိုကုမ္ပဏီဟာ စီအိုင်အေရဲ့ လက်ကိုင်တုတ်မဟုတ်ဘူး၊သမ္မတ အာယန်ဒေး ပြုတ်ကျပြီးတဲ့နောက် ချီလီနိုင်ငံမှာရှိနေတဲ့ အိုင်တီတီကုမ္ပဏီ ဘာဖြစ်သွားခဲ့သလဲ၊ ပြန်ကြည့်ပါ"

"ဘယ်လောက်များ အခြေအနေ ဆိုးသွားလို့လဲ ဆမ်"

ရပ်ဆယ်သော့ပ်က ဘာမှအရေးမကြီးသည့် ပုံစံမျိုးဖြင့် ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။ "အိုင်တီတီ ကုမ္ပဏီဟာ အထိုက်အလျောက်တော့ နာမည်ပျက်သွားတာ မှန်ပါတယ်၊ ဒါပေမယ့် အခုထက်ထိ သူ့လုပ်ငန်းတွေကို သူ ဆက်လုပ်နေနိုင်သေးတာပဲ၊ ဟိုတုန်းကထက်လဲ ပိုပြီးအောင်မြင်လာတာပဲ မဟုတ်လား၊ အခုကိစ္စမှာလဲ မေယာကို ကုမ္ပဏီဒီထဲမှာ မပတ်သက်အောင် လုပ်လို့ရပါတယ်၊ ကျွန်တော့်ကို အကြီး အကျယ်ကြေငြာပြီး အလုပ်က ထုတ်ပစ်လိုက်ပါ၊ ကျွန်တော်တို့ အဖြစ်မှန်တွေကို ဘယ်သူကမှ မသိနိုင်ပါဘူး၊ ကျွန်တော်တို့ကုမ္ပဏီပိုင်တဲ့ လျှို့ဝှက် ရန်ပုံငွေတစ်ခုခုကနေ ကျွန်တော်ငွေထုတ်ယူပြီး လက်နက်ဝယ်မယ်၊တန်ပြန်တော်လှန်ရေးကို လုပ်မယ်၊ တခြားကုမ္ပဏီတစ်ခုခုအတွက်. . . ဒါမှမဟုတ်၊တခြားနိုင်ငံတစ်ခုခုအတွက် တန်ပြန် တော်လှန်ရေးလုပ်နေတယ်လို့ပဲ လူအများက နားလည်ကြလိမ့်မယ်"

မေယာက သူ့စကားကိုဖြတ်ပြီး ဝင်ပြောဖို့ ကြိုးစားသည်။

သို့သော်လည်း ရပ်ဆယ်သော့ပ်က ကြားအဝင်မခံ။

"လက်နက်ရောင်းတဲ့ ကျွန်တော့် မိတ်ဆွေဟောင်းကြီးတစ်ယောက်ရှိပါတယ်၊တပ်သား စုဆောင်းဖို့လဲ လွယ်ပါတယ်၊ကျွန်တော်တို့နဲ့အတူတူ ဗီယက်နမ်မှာ လက်တွဲတိုက်ခဲ့ကြတဲ့ အထူး တပ်ဖွဲ့ဝင်ဟောင်း တစ်ရာလောက်ကို အလွယ်ကလေးစု ဆောင်းနိုင်ပါတယ်၊ သူတို့ကလဲ ငွေ လေးငါးထောင်လောက်သာရမယ်ဆိုရင် တိုက်ချင်လွန်းလို့ ရှူးရှူးထိုးနေကြတဲ့ လူတွေပါ။ နောက်ပြီး တော့. . . လူကောင်းတစ်ယောက်အတွက် တိုက်ပေးရမယ်ဆိုရင် သူတို့ မငြင်းကြပါဘူး၊ ကျွန်တော့်ကိုယုံပါ ဆမ်"

"မောင့်ကို ယုံပါတယ်၊ ဒါပေမယ့် ပြည်တွင်းစစ်တစ်ခုဖြစ်ဖို့အတွက်တော့ ကျုပ် ငွေထုတ်မပေးနိုင်ဘူး"

"လူတွေ အစုလိုက်အပြုံလိုက်သတ်ဖို့ ဗားဟတ်ကငွေတွေ ပုံအောနေတာကိုတော့ အန်ကယ်က လက်ခံသလား"

ရပ်စ်က ထိုင်ရာမှထသည်။အခန်းထဲမှာခေါက်တုံ့ခေါက်ပြန်စတင်လျှောက်တော့သည်။ ပြီးတော့. . . အားတက်သရောလည်း ဆက်ပြောပြန်သည်။

"တိုင်းသူပြည်သား ထောင်ပေါင်းများစွာကို ပြူအာတိုကွေဒိုစစ်တပ်ကသတ်တော့မယ်၊ အဲဒီအန္တရာယ်ဆိုးကြီးကို ဘယ်သူက တားမလဲ၊ အမေရိကန် အစိုးရကလဲ ကြားဝင်မှာ မဟုတ်ဘူး၊ ဒီလိုကြားမဝင်အောင် အေဒမ်ဟတ်ချ်ကနေတစ်ဆင့် ဗားဟတ်က လိုတာတွေစီစဉ်ပြီးပြီလို့ ကျွန်တော်ထင်တယ်၊ဒီကိစ္စကိုဗားဟတ်ကိုယ်တိုင် ကလုပ်မယ်ထင်သလား၊ဘယ်တော့မှ မလုပ်ဘူး ဆမ်၊ သူ့မှာလူတွေရှိတယ်၊သူ့လူတွေ ကိုလုပ်ခိုင်းလိမ့်မယ်၊ သူ့မှာ အာသာမိုရယ်ဆိုတဲ့လူရှိတယ်၊ နာမည်ရင်းက အာတူရိုမိုရယ်လီ၊အကြမ်းဖက်တဲ့ လုပ်ငန်းတွေကို သူအများကြီး လုပ်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဘယ်တုန်းကမှ မပေါ်ဘူး"

"ဒါလောက်ဆိုရင် တော်ပါပြီ မောင်၊ အဖြေကတော့. . . 'ဟင့်အင်း' ပဲ၊ကျုပ်တို့ တခြားနည်းနဲ့ လုပ်ကြမယ်"

"ဒါဖြင့်ရင်လဲ ကောင်းပါပြီ ခင်ဗျား"

ရပ်ဆယ်သော့ပ်က ထိုမျှသာ ပြန်ပြောလိုက်တော့သည်။ ဆမ်မြူယယ် မေယာ၏



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အပြီးသတ် ဆုံးဖြတ်ချက်ဖြစ်ကြောင်းလည်း သူနားလည်လိုက်သည်။ ထို့ကြောင့် အလုပ်ရှင်၏ အမိန့်ကိုသာ သူနာခံရပေမည်။

လော့စ်အိန်ဂျလိစ်ကို မောင်းသွားဖို့ အဆင်သင့်ဖြစ်နေပြီလား"

"ရဟတ်ယာဉ် ရောက်လာတာနဲ့ တစ်ပြိုင်တည်း ကျွန်တော်သွားပါ့မယ် ခင်ဗျာ၊ အမျိုးသမီးတွေဆီကို ခဏလေး သွားပြီး နှုတ်ဆက်လိုက်ပါရစေ"

"ကလျာကိုသွားပြီး နှုတ်ဆက်လိုက်ပါရစေ" ဟု ပြောမိတော့မလို ဖြစ်သွားပြီးမှ အချိန်မီ ထိန်းသိမ်းလိုက်နိုင်ကာ. . .'အမျိုးသမီးတွေ' ဟု ပြောင်းသွားခြင်း ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

## နယူးယောက်မြို့၊ အင်္ဂါ၊မေ၁၁၊ မွန်းလွဲ ၂း၃၀ နာရီ။

ဗားဟတ် တောင်းဆိုထားသည့်အတိုင်းဒေါ်လာသန်း ၂၀ရအောင် ကလီး မင့်ကလေး အင်ဂျီက ရှာဖွေပေးရမည် ဖြစ်သည်။

သောကြာနေ့ညနေ အစုရှယ်ယာဈေးကွက်ပိတ်သည့်အချိန်တုန်းက အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာများသည် တောက်လျှောက်ဈေးကျနေခဲ့သည်။

တနင်္လာနေ့တွင် အင်ကမ်းကုမ္ပဏီက သူ၏လုပ်ငန်းသစ်များနှင့် ပတ်သက်သော အစီအစဉ်ကို ထုတ်ပြန်ကြေငြာလိုက်သည်။ ထိုသို့ ကြေငြာလိုက်သည်နှင့် တစ်ပြိုင်တည်း အစုရှယ်ယာ ဈေးနှုန်းများ အနည်းငယ်ပြန်တက်လာခဲ့သည်။

အင်ဂျီဘေကာနှင့် မက္ကဒိုဝယ် ကုမ္ပဏီထံမှ သန်း ၂၀ ထုတ်ယူပြီးဗားဟတ်ကို ပေးရန် အင်ဂျီက ကြိုးစားသည်။ သူ့အစုရှယ်ယာဝင်များ ဖြစ်ကြသော လေလင်ဘေကာနှင့် ဒေါက်ကလပ်မက္ကဒိုဝယ်တို့က ကန့်ကွက်သေးသည်။

သို့သော် အင်ဂျီက အကျိုးအကြောင်း လုံလောက်အောင် ရှင်းပြကာ သန်း၂၀ကို ရအောင်ထုတ်ယူလိုက်လေသည်။

## စန်တာကလာရာ၊ ပြုအာတိုကွေဒိုနိုင်ငံ၊ ညနေ ၃ း ၀၀ နာရီ။

အင်ကမ်းကုမ္ပဏီ၏ ပင်လယ်ရပ်ခြား လုပ်ငန်းများ ဆိုင်ရာဌာနကြီး၏ ဒုတိယဥက္ကဋ္ဌ ဂျက်ဖရေစပင်ဇာသည် သူ၏အစီအစဉ်များ အောင်မြင်အောင် အပြင်းအထန် ကြိုးပမ်းနေသည်။ သူ့ရုံးသို့ ကာနယ်လီနာရီရောက်လာသည်။

"သဘောတူညီချက်တွေအတိုင်း အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ဘက်ကတော့ အားလုံးအဆင်သင့် ဖြစ်နေပြီ၊ ခင်ဗျားဘက်ကအခြေအနေတွေ ဘယ်လောက်တိုးတက်နေတယ်ဆိုတာများ ကျွန်တော်မေးခွင့်ရှိပါသလား"ဟု စပင်ဇာက လီနာရီကိုမေးသည်။

"အစီအစဉ်တွေ အားလုံး လုပ်ပြီးကုန်ပြီ ဆိုပါတော့၊ရွေးကောက်ပွဲမတိုင်ခင် သုံးရက်အလိုမှာ ကျွန်တော်တို့ လုပ်ငန်းကြီး အကောင်အထည်ပေါ်မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဂျက်ဖရေစပင်ဇာက မျက်မှောင်ကုပ်လိုက်သည်။

"အချိန်သိပ်ဆွဲတာကိုး၊ရက်သတ္တလေးပတ်လောက်တောင် လိုသေးတာပေါ့"

"ကျွန်တော်တို့ စီမံကိန်းက အခြေအနေတွေ အားလုံးညီညွတ်လာအောင် လုပ်ဖို့လိုအပ်ပါတယ် မစ္စတာ စပင်ဇာ၊အခုအချိန်အထိ ပေါ်ပြူလာပါတီဟာ မဲဆွယ်ပွဲတွေကို ငြိမ်းငြိမ်းချမ်းချမ်း လုပ်ကိုင်နေကြပါတယ်၊ သူတို့ချီတက်လှည့်လည်ပွဲတွေ ဆင်နွှဲပွဲတွေ လုပ်နေကြတာတော့ မှန်ပါတယ်၊ ဒါပေမယ့် အကြမ်းဖက်မှု တစ်ခုမှ မဖြစ်ခဲ့ပါဘူး၊ အားလုံး အေးအေးချမ်းချမ်းပဲ လုပ်နေကြပါတယ်"

ကာနယ်လီနာရီ ဘာဆိုလိုသည်ကို ဂျက်ဖရေစပင်ဇာက ရိပ်စားလိုက်မိပါသည်။ ထို့ကြောင့်လည်း ခေါင်းကိုသာ ညိတ်ပြနေလိုက်သည်။

"ပေါ်ပြူလာပါတီဝင်တွေဟာ အကြမ်းဖက်သမားတွေ ဖြစ်ကြောင်း ကမ္ဘာက သိအောင် ကျွန်တော်တို့လုပ်ပြကြရမယ်" ထိုစကားကိုဆက်ပြောရင်း လီနာရီက ပြုံးလိုက်သည်။ သွေးဆာသည့်အပြုံးမျိုး ဖြစ်ပါသည်။ "အဓိကရုဏ်းကြီးတွေဖြစ်ရမယ်၊ လုပ်ကြံသတ်ဖြတ်ပွဲတွေ ဖြစ်ရမယ်၊ပေါ်ပြူလာပါတီက အဲဒီလိုအဓိကရုဏ်းကြီးတွေ၊ လူသတ်ပွဲတွေ လုပ်နေပါပြီဆိုမှ ကျွန်တော်တို့ စစ်တပ်က ကြားဝင်လို့ကောင်းမယ်၊ ကျွန်တော်တို့ကြားဝင်တာကလဲ တရားမျှတမှု မှန်ကန်တယ်လို့ ကမ္ဘာက လက်ခံလိမ့်မယ်"

ကာနယ်လီနာရီ ပြန်သွားသည်။ စပင်ဇာထံသို့ နောက်ထပ်ရောက်လာသူမှာ လီယိုဖူးချ်ဘတ်ဖြစ်သည်။

လီယိုဖူးချ်ဘတ်သည် ဆံပင်ကို အရောင်ပြောင်းဆိုးထားသည်။ သူကိုင်ဆောင်ထားသည့် နိုင်ငံကူး လက်မှတ်သည်လည်း လီယိုဖူးချ်ဘတ်မဟုတ်ပဲ အာဝင်စ ပီဂယ်ဖြစ်နေသည်။

မကျေနပ်ချက်ပေါင်းများစွာကို ဂျက်ဖရေစပင်ဇာအားတင်ပြရင်း သူ အကြီးအကျယ် ပေါက်ကွဲနေသည်။ သူတည်းနေသည့်ဟိုတယ်မှ အလုပ်သမားများ ညံ့ကြောင်း၊ သူမျှော်မှန်းထားသည့် အဆင့်အတန်းမျိုးတွင် သူမနေရကြောင်း၊ ကစား ဝိုင်းတွေကလည်းသူ့ကို ဝိုင်းညာကြကြောင်း၊ ထို့ကြောင့်မနေ့ညတုန်းက သူဒေါ်လာ ၆၅၀၀၀-ရှုံးသွားကြောင်းများကိုပြောပြနေသည်။ သူ့အတွက် စပင်ဇာပို့ပေးနေသည့် ကောင်မများကလည်း အောက်တန်းစားများသာ ဖြစ်ကြောင်းလည်း ကန့်ကွက်ပြော ဆိုသည်။

"ကျုပ်ကို ဒီတိုင်းပြည်ပို့ပြီးဆော်တာ ကျုပ်ခံနေရတယ်၊ဒါ. . . ကျုပ်ကို သက်သက်နှိပ်စက်နေတာပဲ"

ထိုစကားကိုကြားသောအခါ စပင်ဇာက သွားပေါ်အောင်ပြုံးလိုက်သည်။

"လီယိုခင်ဗျားကို အမှုပေါင်း ၁၂မှုနဲ့ ရုံးတင် တရားစွဲဖို့လော့စ်အိန်ဂျလိစ် တရားရုံးမှာ မနေ့တုန်းက ပြင်ဆင်နေကြပြီလေဗျာ"

"ကျုပ်ကြားပါတယ်၊ကျုပ်ဟိုကိုပြန်သွားရင် ဘာတွေဖြစ်ကုန်မယ် ထင်သလဲ"

"ပြောစမ်းပါဦးဗျာ"

"စင်တီနယ် ဗီဒီယိုကော်ပိုရေးရှင်းနဲ့ အင်ကမ်းကုမ္ပဏီအကုသိုလ် အကြီးအကျယ် ဝင်ပြီသာ မှတ်ပေတော့"

"မဖြစ်နိုင်ပါဘူးဗျာ. . . တစ်ယောက်ယောက်ကသတင်းပေးမှ ဖြစ်နိုင်တာမျိုးပါ"

"အဲဒီတစ်ယောက်ယောက်ဆိုတာ. . . . ကျုပ်ဖြစ်နိုင်တာပေါ့ စပင်ဇာ၊ မောင်ရင့်ကိုရော ဘယ်လောက်ထိခိုက်သွားမလဲ"

"ကိုင်း. . . အဲဒါတွေ ထားလိုက်ပါတော့ဗျာ၊လိုရင်းကိုသာ ပြောပါ"

"ကောင်းပြီ၊ကျုပ်စိတ်ပြောင်းသွားပြီလို့ ပေါလ်ကိုပြောလိုက်ပါ၊ဘာပဲဖြစ်ဖြစ် အားလုံးကို ကျုပ်ရင်ဆိုင်မယ်၊ အင်ကမ်းကုမ္ပဏီဘုတ်အဖွဲ့ထဲမှာ ကျုပ်ကို တစ်နေရာပေးရမယ်၊ ဒီလိုမှ


www.burmeseclassic.com

www.burmeseclassic.com



ရာထူးမပေးနိုင်ရင် ကျွပ်မီရာ လေယာဉ်ပျံနဲ့ ပြန်လာပြီး ခရိုင် ရာဇဝတ်တရားရုံးမှာ အားလုံးဖွင့်ချပစ်မယ်လို့ပြောလိုက်”

လီယိုဖူးချ်ဘတ်သည် အခန်းထဲမှ ဒေါသတကြီး ထွက်သွားသည်။ သူ့မှာ ယုံကြည်မှု အပြည့်ရှိနေသည်။ သူ့ရှေ့နေ အက်ဒွပ်ဂျေကုတ္တနေ လက်တွင်အပ်ခဲ့သော သေတ္တာထဲမှာ ဗားဟတ်တို့နှင့်ပတ်သက်ပြီး လုံလောက်သော အထောက်အထားတွေ ရှိနေသည်။ ထို အထောက်အထားများကို ဖွင့်ချလိုက်မည်ဆိုလျှင် ပေါလ်ဗားဟတ်၊ ဆင်ကလဲယားမိုရယ်နှင့် အခြားလူတွေအားလုံး ဒုက္ခရောက်သွားနိုင်သည်။ ဗားဟတ် သည် သူတောင်းဆိုသည်များ အားလုံးကို သဘောတူ လိုက်လျောရုံမှတစ်ပါး အခြား ဘာမှ တတ်နိုင်တော့မည်မဟုတ်ချေ။

ဂျက်ဖရေစပင်ဇာက ပေါလ်ဗားဟတ်ကို ဖုန်းလှမ်းဆက်သည်။ ကာနယ်လီနာရီ နှင့်ဆွေးနွေးခဲ့သည်များကိုပြန်ပြောပြသည်။ ကာနယ်လီနာရီသည် အစီအစဉ်ကို အချိန်မဆွဲပဲ ခြေမြန်လက်မြန် အကောင်အထည်ဖော်ဖို့လိုကြောင်း ဗားဟတ်ကပြောသည်။ စပင်ဇာက စိတ်ရှည်လက်ရှည်ရှင်းပြသည်။ စစ်တပ်က ဝင်ရောက် စွက်ဖက်သင့်သည့် အခြေအနေမျိုးသို့ ရောက်လာသည် အထိစောင့်ဆိုင်းနေရန် လိုကြောင်း ပြောပြသည်။ ထို့နောက် လီယိုဖူးချ်ဘတ် လာကြောင်းနှင့် ပြောသွားသည့် အကြောင်းများကို ဆက်ပြောပြသည်။

ထိုအကြောင်းကို ကြားသောအခါ ပေါလ်ဗားဟတ်က ရုန့်ရင်းကြမ်းတမ်းစွာ ပြန်လည်ဆဲရေးတိုင်းထွာသည်။

“အဲဒီခွေးသူခိုးကြီး ကစားဝိုင်းတွေမှာ ကစားသလား”

“ကစားတယ် . . . သူရှုံးလဲ ရှုံးနေတယ်”

“ဒီနေ့ညပါ သူဆက်ပြီးကစားဖြစ်အောင်ဖန်တီးပေးလိုက်ပါ၊ဆက်ပြီးတော့ လဲ ရှုံး ပါစေ၊သေချာအောင် လုပ်ပါ၊အာတီက သူ့လူတွေလေယာဉ်ပျံနဲ့ ပို့လိုက်လိမ့် မယ်၊ကိုယ်ပြောတာ သဘောပေါက်တယ်မဟုတ်လား”

“ပေါက်ပါတယ်၊ တခြားဘာကိစ္စရှိသေးသလဲ ပေါလ် . . .”

“အများကြီးပဲ၊ ကိုယ်တို့ အစုရှယ်ယာဈေးနှုန်းတွေနည်းနည်းပြန်တက်လာတယ်၊ ဆီးဂတ်သံမဏိလုပ်ငန်းကော်ပိုရေးရှင်းက နောက်ထပ် ဒါရိုက်တာ တစ်ယောက်ကိုလဲ ကိုယ်ဖမ်းမိထားတယ်၊နောက်ပြီးတော့. . .”

ပေါလ်ဗားဟတ် ပြောနေသည်များကိုပြောနေသည်များကို နားထောင်ရင်း ဂျက်ဖရေ စပင်ဇာမှာ ပါးစပ်အဟောင်းသားဖြင့် ရင်လေးနေလေတော့သည်။

ဝါရှင်တန် ဒီစီ၊ ညနေ ၅ း ၁၅ နာရီ။

အေဒမ်ဟက်ချ်တို့ ဇနီးမောင်နှံသည် သောကြာနေ့ညတွင် ပြူအာတိုကွေဒို နိုင်ငံမှ ဝါရှင်တန်သို့ ပြန်ရောက်လာကြသည်။ အီဗလင်က ဒါးလတ်စ်မြို့သို့ ခရီး ထွက်သွားသည်။ ဟက်ချ်ကမူ ပေလ်တန်ဟိုတယ်သို့ရောက်ပြီး ခဏအကြာမှာပင် သူ့ အခန်းထဲမှာ အိပ်ပျော်သွားသည်။ စနေနေ့ နေ့လယ်ပိုင်းကျမှ အိပ်ရာမှ သူ နိုးသည်။ မနေ့က အလွန်အကျွံသောက်ခဲ့မိသောကြောင့် အရက်နာကျနေသည်။ သို့သော်လည်း သူဆောင်ရွက်စရာရှိသည်များကိုတော့ ဆောင်ရွက်နိုင်ပါသေးသည်။

အေဒမ်ဟက်ချ်သည် သမ္မတဘီလီဘာင်းနက်ကို အိမ်ဖြူတော်တွင် သွားရောက် တွေ့ဆုံ၍ မဖြစ်။ ဘဏ္ဍာရေးဝန်ကြီးအဖြစ်မှ သူနုတ်ထွက်ခဲ့ပြီဖြစ်သော်လည်း ပြဿနာများက အကင်းမသေသေးချေ။ သတင်းစာများနှင့် ပြည်သူများက အမှတ် ရလျှက်ပင်ရှိသေးသည်။ နောက်ထပ်မြဿနာတွေ ထပ်မပေါ်စေရန် သူတို့ချင်းတိတ် တိတ်ချိန်းတွေ့ရလေ့ရှိသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်ချိန်းတွေ့နိုင်ရန် ကြားလူများက စီစဉ်ပေးရသည်။ စီစဉ်ပေးသူများကိုလည်း အထိုက်အလျောက် လာဘ်ထိုးရသည် များရှိပါသည်။

အိမ်ဖြူတော်ရှိ သမ္မတဘင်းနက်၏ ထိပ်တန်းအရာရှိများထဲတွင် မူးယစ်ဆေးဝါးစွဲနေသူတွေ အများအပြားရှိသည်။ ထိုအထဲမှာ ထိပ်တန်း အကြံပေးအရာရှိ နှစ်ယောက်ဖြစ်သော တက်ကိုစင်စကီနှင့် ဗာန္ဒန်ကေ့စ်တို့ နှစ်ယောက်မှာ အဆိုးဆုံး ဖြစ်သည်။ သမ္မတ ဘင်းနက်နှင့် အရင်းနှီးဆုံးအရာရှိများလည်း ဖြစ်သည်။

သမ္မတနှင့် တိတ်တဆိတ်တွေ့ဖို့ အမြဲတမ်း တာဝန်ယူပြီးချိန်းဆိုပေးသူများမှာလည်း သူတို့နှစ်ယောက်ပင်ဖြစ်လေသည်။

စနေနေ့မွန်းလွဲပိုင်းတွင် အေဒမ်ဟက်ချ်က အထုပ်နှစ်ထုပ်နှင့်စာနှစ်စောင် ရေးပြီး တက်ကိုစင်စကီနှင့် ဗာန္ဒန်ကေ့စ်တို့ နှစ်ယောက်ထံသို့ ပို့ခိုင်းလိုက်သည်။ ထိုအထုပ်များ ထဲတွင် ပြူအာတိုနိုင်ငံမှ သူယူလာသော ဘိန်းဖြူများကိုထည့်ပေး လိုက်သည်။ ထိုတာဝန်များ ဆောင်ရွက်ပြီး အိပ်ရာပေါ်သို့ သူပြန်ရောက်လာပြန် သည်။ အရက်နာကျနေသည့်အတွက် အနားယူရဦးမည်။ မနက်ဖြန်နေ့ခင်းမတိုင်မီ အတွင်း သူတို့ထံမှ အကြောင်းပြန်ကြားချက်ရဦးမည်ဟုလည်း သူမထင်။

နောက်တစ်နေ့မနက်ပိုင်းတွင် တက်ကိုစင်စကီ ဖုန်းလှမ်းဆက်သည်။

"အင်မတန်ကောင်းတဲ့ ပစ္စည်းတွေပဲ အေဒမ် . . . ခင်ဗျားကိစ္စအတွက် ဗာန္ဒန်နဲ့ ကျွန်တော်တ် စီစဉ်လိုက်ပါ့မယ်"

တက်ကိုစင်စကီ ဖုန်းဆက်ပြီး နာရီအနည်းငယ်ကြာသောအခါ ဗာန္ဒန်ကေ့စ်က လှမ်းဆက်ပြန်သည်။

"ခင်ဗျားပို့လိုက်တဲ့ ပစ္စည်းကတော့ဗျာ. . . ကောင်းလိုက်တာ မပြောပါနဲ့တော့၊ တစ်ခုတော့ရှိတယ်ဗျို့. . . . အဘိုးကြီးအလုပ်တွေ အရမ်းများနေတယ်၊ ဒါကြောင့် အင်္ဂါနေ့ကျမှာပဲ တွေ့ပေတော့၊ ညနေ ၅ နာရီ ၁၅ မိနစ် ကျွန်တော့် အိမ်မှာပဲတွေ့ဖို့ စီစဉ်ထားလိုက်မယ်"

\+ + +

အေဒမ်ဟက်ချ်သည် အချိန်တိကျစွာ ရောက်သွားသည်။ ဗာန္ဒန်ကေ့စ်က အရက်ထည့်ပေးရင်း နာရီဝက်အတွင်း သမ္မတကြီးရောက်လာတော့မည်အကြောင်း ဆီးကြိုပြောသည်။

အိမ်ဖြူတော်မှ မထင်မရှား မော်တော်ကား တစ်စင်းဖြင့် ဘီလီဘင်းနက် ရောက်လာသည်။ သူ့သက်တော်စောင့်များက အပြင်မှာနေခဲ့ကြသည်။ ဗာန္ဒန်ကေ့စ် က အေဒမ်ဟက်ချ်စောင့်နေသည့် အခန်းတွင်းသို့ သမ္မတဘီလီလင်းနက်ကို သွင်းပေး ပြီးအပြင်ပြန်ထွက်သွားသည်။

"တိုတိုနဲ့လိုရင်းကိုပြောအေဒမ်. . . နောက်လေးဆယ့်ငါးမိနစ်ကြာရင် ကျုပ်မှာ အစည်းအဝေးတစ်ခုတက်ဖို့ရှိနေသေးတယ်" ဘင်းနက်က ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်ရင်း အေဒမ်ကို သတိပေးလိုက်သည်။

"ပေါလ်ဗားဟတ်ကိုမှတ်မိတယ်မဟုတ်လား ဘီလီ၊ကျုပ်တို့ ရွေးကောက်ပွဲ မဲဆွယ်ကြတုန်းက ရန်ပုံငွေငါးသိန်းထည့်တဲ့လူလေ ထိုသို့ပြောရင်း တရားမဝင်သော ငွေအမြောက်အမြားကိုပါ ဗားဟတ်ထပ်လှူသည့် အကြောင်းကို အစပြန်ဖော်ပေးသည်။ ပြီးတော့မှ ပြောစရာရှိသည်ကို ယုံယုံကြည်ကြည်ကြီး ပြောတော့သည်။ "ပြူအာတိုကွေဒို နိုင်ငံမှာ နိုင်ငံရေး အပြောင်းအလဲလုပ်ဖို့ ဗားဟတ်ကစီစဉ်ထားတယ်၊ နောက်ထပ် သမ္မတသစ်တစ်ယောက်ကို သူတင်ပေးလိမ့်မယ်၊ ဟိုမှာ အခြေအနေတွေ နည်းနည်းတော့တော့ ရှုပ်ထွေးသွားလိမ့်မယ်"

ဘီလီဘင်းနက်သည် စိတ်သိပ်ရှည်ပုံမရချေ။

"ဘာဖြစ်ချင်တာလဲပြော အေဒမ်"ဟု စကားထောက်ပေးသည်။

"ဒီကိစ္စမှာ ခင်ဗျားတို့ကို သူက လက်ရှောင်နေစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ နိုင်ငံအတွက် တကယ်လိုအပ်နေတဲ့ လူမျိုးဖြစ်ရမှာပါ။အာဏာ တကယ်ရှိတဲ့လူ ဖြစ်ရမယ်"

"နောက်ထပ် အာဏာရှင်တစ်ယောက်ကိုတော့ ကျုပ်တို့ ဆက်ပြီး မထောက်ပံ့နိုင်တော့ ဘူး အေဒမ်"

"မလိုပါဘူး။မူညော့ဇ်လို အကောင်စားမျိုးမဖြစ်စေရဘူး၊ အခု အာဏာရှိနေတဲ့ သမ္မတမူညော့ဇ်ကတော့ အာဏာရှင်မဟုတ်လား၊ မှတ်မိတယ် မဟုတ်လား၊ ဒါကြောင့်မို့လို့ အထောက်အပံ့တွေခင်ဗျားရပ်ဆိုင်းပစ်လိုက်ပြီး စီအိုင်အေ အမှုထမ်းတွေကိုပါ ခင်ဗျား ပြန်ခေါ်ခဲ့တယ်လေ"

"ဟုတ်တယ်၊ မှတ်မိပြီ၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ဟိုမှာက အာဏာသိမ်းပွဲ သော်လည်းကောင်း၊ တော်လှန်ရေးသော်လည်းကောင်းဖြစ်လာမယ်ဆိုရင်တော့. . ."

"ဘီလီ. . . နိုင်ငံတိုင်းဟာ ပြည်ပ ပယောဂမပါပဲ သူတို့ ပြည်တွင်းရေးကို သူတို့ ကြိုက်တာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်၊ဒါဟာ ခင်ဗျားချမှတ်ခဲ့တဲ့ လမ်းစဉ်ထဲမှာ အရေးကြီးတဲ့ အချက်တစ်ခုပဲ မဟုတ်လား၊ အဲဒီ ပေါ်လစီအတွက်ပဲ ဟိုလူတွေဆီက ခင်ဗျား နှစ်သန်းလောက် ရအောင် ကျုပ်လုပ်ပေးခဲ့ဖူးပြီးပြီ"

ဘီလီဘင်းနက်က သွားကိုတင်းတင်းစေ့ထားသည်။

"လူတွေသိပ်ပြီးအာရုံစိုက်မလာခင် အခြေအနေတွေမြန်မြန်ဆန်ဆန်ပြီး စီးသွားဖို့ပဲ မျှော်လင့်ရတော့မှာပဲ"

"အိုး. . . မြန်မြန်ဆန်ဆန် ပြီးသွားမှာပါ။ဒီကပွဲပြီးသွားရင် ခင်ဗျားဟာ တကယ့် သူရဲကောင်းကြီး ဖြစ်လာဦးမယ်ဆိုတာကို ကျုပ်ပြေးမြင်နေမိတယ်၊ တစ်လ နှစ်လလောက် ကြာသွားပြီးရင်. . ." အေဒမ်က စကားကို ဖြတ်ထားလိုက်သည်။ အမေရိကန်အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းမရှိသည့်အတွက် ပေါလ်ဗားဟတ်ထံမှ ကျန်သည့်ငွေ တစ်သန်းခွဲကို သူထပ်ရမည်။ "နောက်တက်လာတဲ့ သမ္မတသစ်ဟာ သွားလေသူ မူညော့ဇ်ထက်တောင် ပိုဆိုးနေကြောင်းကို ခင်ဗျားတို့ မြင်တွေ့ကာရမယ်၊ ဒါကြောင့်ခင်ဗျားတို့က အသိအမှတ်ပြုထားတာကို ပြန်ရုပ်သိမ်းရမယ်၊သူတို့ကို ကူညီ ထောက်ပံ့ဖို့ ပြင်ဆင်နေတာတွေကို ရပ်ဆိုင်းပစ်လိုက်ရမယ်" ထိုသို့ ဖြစ်ပြီဆိုလျှင် ဗားဟတ်နှင့်အင်ကမ်းကုမ္ပဏီ၏ ဇာတ်သိမ်းခန်း ဖြစ်သည်။ ပြူအာတို ကွေဒိုနိုင်ငံ ထဲမှာ သူတို့ ဇာတ်သိမ်းသွားကြတော့မည်။ "မျှမျှတတ စဉ်းစားတတ်တဲ့ လူတွေ၊ ကြားလူတွေနဲ့ နီဂရိုးတွေက ဒါမျိုးကို သိပ်သဘောကျကြတာ မဟုတ်လား၊ ဒါကြောင့် နောက် ရွေးကောက်ပွဲမှာ ခင်ဗျား ဝင်မယ်ဆိုရင် အဲ့ဒီက မဲပေါင်း ဆယ့်ငါးသန်းလောက် ရဖို့ သေချာသွားပြီ"

သမ္မတ ဘီလီဘင်းနက် သည်လည်း အခြား နိုင်ငံရေးသမားများကဲ့သို့ပင် အခွင့်ထူးကို မျှော်ကိုးသူပင်ဖြစ်ပါသည်။ ရာထူးပြန်ရရေးအတွက် ဖြစ်နိုင်သည်များကို လုပ်မည့် သူပင် ဖြစ်ပါသည်။ သို့သော် အများအမြင်မှာတော့ ယခုလို ဆောင်ရွက်လိုက်ခြင်းသည် နိုင်ငံရေးအရ မှန်ကန်ရာကိုဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟု သဘောထားကြပေလိမ့်မည်။

"ပထမတချက်ကို လိုက်လျောမယ်၊ကျုပ်တို့ ဘာမှဝင်မစွက်ဘူး၊ဒါပေမယ့် ကျန်တာ တွေကို ဘာ့ ကျုပ်ပြန်စဉ်းစားဦးမယ် အေဒမ်၊ ကျုပ် ဆုံးဖြတ်ချက်ကို မကြာခင် ပြောပြမယ်" ဟု ပြန်ပြောသည်။

ဟန္ဒန်ကေ့စ်က တံခါးလာခေါက်သည်။ အစည်းအဝေးတက်ရန်သွားဖို့ အချိန်တော်ပြီ ဟု သမ္မတကို သတိပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လော့စ်အိန်ဂျလိစ်၊ ညနေ ၆ း၃၀ နာရီ။

ဖျော်ဖြေရေးလုပ်ငန်းများ (အနောက်ဘက်ခြမ်းဌာန)၏ ဒုတိယ ဥက္ကဋ္ဌ ပက်ထရစ်ရှာဂါဗေးသည် ရောဘတ်နားလင်းနှင့်အတူ မျက်နှာချင်းဆိုင်ထိုင် နေသည်။

ရောဘတ်နားလင်းသည် မွေးကတည်းက မျက်နှာ ပုံပန်းပျက်ခဲ့သည်။ ထို့ပြင် ငယ်စဉ်က ပိုလီယိုအရိုးပျော့ရောဂါဖြစ်ခဲ့သောကြောင့် ညာဘက်ခြေထောက် က မသန်ပဲ ရှိသည်။ သူ့ကို ကြည့်ရသည်မှာ အလွန်တရာ အရုပ်ဆိုးနေသည်။

နားလင်းသည် အလွန်အောင်မြင်သော ဇာတ်ညွှန်းရေးဆရာ တစ်ယောက်လည်း ဖြစ်ပါ၏။ လီယိုဖူးချ်ဘတ် ကာလီဖိုးနီးယားပြည်နယ်မှ ပျောက်သွားခြင်းသည် ငွေအလွဲသုံးစား ပြုလုပ်ထားမှုကြောင့်တော့ မဖြစ်နိုင်၊ ထိုထက်ပိုအရေးကြီးသည့် ကုမ္ပဏီ၏ အတွင်းရေးများနှင့် သက်ဆိုင်နေလိမ့်မည်ဟု သူ့စိတ်ထဲမှာ သံသယ ဖြစ်နေသည်။ ထို့ကြောင့်လည်း ပက်ထရစ်ရှာဂါဗေး ထံ လာရောက် စုံစမ်းခြင်းဖြစ်သည်။

"ရောဘတ်. . . လီယိုက ရုတ်တရက် ပျောက်သွားတာပါ။ သူ ဘယ်မှာရှိနေမယ် ဆိုတာကိုလည်း ပြောမသွားဘူး။ သူ့ရှေ့နေတော့ သိကောင်းသိမှာပေါ့လေ၊ အက်ဒွပ်ဂျေ ကုတ္တနေဆိုတဲ့ ရှေ့နေလေ၊ သူ့ကို မေးကြည့်ပါဦးလား"ဟု ပက်ထရစ်ရှာက ပြောသည်။

"ကျုပ်က မင်းကို မေးနေတာ"

"ကျွန်မကို မေးလို့တော့ ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ သူ ဘယ်ထွက်သွား တယ်ဆိုတာ ကျွန်မ မသိဘူး၊ တကယ်ပြောတာပါ၊ ကျိန်ပြောဆို ပြောရဲပါတယ်"

"တော်စမ်းပါကွာ၊ မင်းဆီကို ကျုပ်လာတာ မင်းပတ်တာကို ခံဖို့လာတာ မဟုတ်ဘူး၊ သိရဲ့လား"

ရောဘတ်နားလင်းက နေရာပြင်ထိုင်သည်။ မသန်သည့် သူ့ခြေထောက် နာကျင်သွား သောကြောင့် မျက်နှာကို ရှုံ့မဲ့လိုက်သည်။

ပက်ထရစ်ရှာဂါဗေးက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်

"ကျွန်မ သိသလောက် ပြောပြပါ့မယ်လေ၊ စင်တီနယ်ကုမ္ပဏီက ဒေါ်လာ တစ်သန်း ကျော်လောက်ကို ဖူးချ်ဘတ်ဗုန်းသွားတယ်၊ ဒါကြောင့် အဖမ်းခံရမှာ ကြောက်ပြီး လစ်ပြေးသွားတာပဲ၊ သူ ဘယ်မှာ ရှိနေတယ်ဆိုတာ ကျွန်မတို့ ကုမ္ပဏီ ကလည်း သိချင်နေတယ်၊ ဒါမှ တရားရုံးကို ကျွန်မတို့ အကြောင်းကြားနိုင်မှာ ဖြစ်တယ်၊ ရှင့်ကို ပြောရဦးမယ်၊ သူ ဘယ်မှာ ရှိနေတယ် ဆိုတာကို သတင်းပေးနိုင်ရင် ကျွန်မတို့ အင်ကမ်းကုမ္ပဏီက ဆုငွေဒေါ်လာ နှစ်သိန်းပေးမယ်" ထိုသို့ပြောရင်း ပေါလ်ဗားဟတ်ကို အကျိုးအကြောင်း ပြောပြရမည်ဟုလည်း စိတ်ထဲက တေးထား လိုက်သည်။ "ဒါကြောင့် ဘယ်မှာ ရှိနေတယ်ဆိုတာ ရှင်သိရင်လည်း ကျွန်မတို့ကို သတင်းပေးပါ၊ နောက်ပြီးတော့ ကျွန်မ ပြောပြတဲ့ ဇာတ်လမ်းကိုလည်း ရှင် စဉ်းစား ကြည့်ပါဦး"

"ဘယ်လိုဟာမျိုးလဲ ပြောစမ်းပါဦး"

"ဇာတ်လိုက်မင်းသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အချစ် ဇာတ်လမ်းပဲ၊ ဇာတ်လိုက်က လူရှုပ်လူပွေ၊ အမျိုးသမီးက သူဌေးတစ်ကြီးတစ်ယောက်ရဲ့ သမီး၊ သူကိုယ်တိုင်လည်း ကိုယ်ပိုင်ကုမ္ပဏီကြီးတစ်ခုနဲ့ ကြီးပွားနေတယ်၊ တစ်နေ့ကျတော့ အမျိုးသမီး အိမ်မှာ ဧည့်ခံပွဲကြီး တစ်ခု လုပ်တယ်၊ ဇာတ်လိုက်မင်းသားကိုလည်း အမျိုးသမီးက သိပ်အကပ်မခံတော့တဲ့ အချိန် ဖြစ်တယ်၊ ဒါကြောင့် ဇာတ် လိုက်မင်းသားက ဘိန်းဖြူတွေ အလွန်အကျွံ ရှူပြီး နောက်ဆုံး အခန်းတစ်ခုထဲမှာ သူ့လက်က သွေးပြန်ကြောကို သူ့ဟာသူ ဖြတ်ပစ်လိုက်တယ်၊ သွေးလွန်ပြီး သေသွားတယ်၊ ဧည့်ခံပွဲ တက်နေကြတဲ့လူတွေ ဘယ်သူမှ မသိလိုက်ဘူး၊ နောက်တော့မှ အလောင်းကို သွားတွေ့တယ်၊ ဒါပေမယ့် ငွေကြေးတတ်နိုင်တဲ့လူတွေဆိုတော့ ငွေနဲ့ ဖုံးပစ်လိုက် တယ်၊ အဖြစ်မှန် ပျောက်သွားတယ်၊ ဆရာဝန်ကလည်း ရိုးရိုးသေတာပါလို့ ဆေးစာ ရေးပေး



www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ်၊ ကဲ . . . ဒါလောက်ဆိုရင် ဇာတ်လမ်းကောင်းတစ်ခု မဖြစ်နိုင်ဘူးလား"

"ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဒီလို ဇာတ်လမ်းမျိုး တကယ် မဖြစ်နိုင်ဘူး"

"တစ်ချိန်တုန်းက ဒီဇာတ်လမ်းကို လူတွေ ပြောခဲ့ကြသေးတာပဲ၊ ဒါကြောင့် ဒီဇာတ်လမ်းကို ရှင် ဇာတ်ညွှန်းရေးပေးဖို့ သဘောတူမလား"

"ကျုပ် သိချင်တဲ့ အချက်အလက်တွေပေါ်မှာ မူတည်ပါတယ်လေ၊ မင်း ဘက်က အချက်အလက် ပြည့်စုံအောင် ဘယ်လောက်များများ ပေးနိုင်မလဲ"

"နာမည်တွေပေးမယ်၊ နေရာဌာနတွေ ပြောမယ်၊ ရက်စွဲတွေ အတိအကျ ပြောမယ်၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ဓာတ်ပုံရိုက်ထားတဲ့ မိတ္တူမှန်တွေ ပေးမယ်၊ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ အတိအကျ အချက်အလက်တွေ ပေးမယ်"

"အဲဒီ မင်းသားက သေသွားပြီဆိုတော့ ဘာအသုံးဝင်တော့မှာလဲ"

"သူရေးထားခဲ့တဲ့ မှတ်တမ်းတွေက သက်သေခံအထောက်အထား ဖြစ်နေတာပဲ၊ အဲဒီ အထောက်အထားတွေဟာ အခုထက်တိုင်အောင် အသက်ရှင်နေသေးတဲ့ သဘောပေါ့"

"ဒါလဲ ဒါလောက်တန်ဖိုး မရှိပါဘူး၊ တခြား ဘယ်လိုဟာမျိုးတွေ ရှိသေးသလဲ"

ရောဘတ်နားလင်းက နေရာပြင်ထိုင်လိုက်ပြန်သည်။ သူ့မျက်နှာပေါ်တွင်လည်း နာကျင်သည့် ဝေဒနာကြောင့် ရှုံ့မဲ့သွားပြန်သည်။ ပက်ထရစ်ရှာဂါပေးက မျက်မှောင်ကုပ်လိုက်သည်။

"တခြား ဘာရှိဦးမှာလဲ၊ ရှင်လိုတဲ့ငွေ ပေးရုံပဲပေါ့"

"ကောင်းပြီ၊ ကျုပ်ကို စရန်ငွေပေး၊ သဘောတူပြီ"

"ဒီဇာတ်လမ်းကြီး ပွင့်ထွက်မသွားအောင် ဩဂတ်စတပ်ဆမ်မြူယ်မေယာ က ငွေတွေ သွန်သုံးခဲ့ဖူးတာတော့ ရှင့်ကို ပြောထားရဦးမယ်နော်"

"မေယာက ဘာကိစ္စ ငွေသွန်သုံးရတာလဲ"

"ကာယကံရှင်က သူ့သမီး ဖြစ်နေတယ်လေ . . . ကလျာ . . ."

"ကြိုက်သွားပြီ၊ ဒါဆိုရင်တော့ ဒီဇာတ်လမ်းက သိပ်ကို လူကြိုက်များဦးမယ့် ဇာတ်လမ်း ဖြစ်တော့မှာပဲ"

မေယာနှင့် မေယာကို ကုမ္ပဏီကို မိမိတို့ မည်သို့ အပြတ်တွယ်နိုင်တော့မည် ဖြစ်ကြောင်း ပေါလ်ဗားဟတ်ကို အကြောင်းကြားရဦးမည်ဟုလည်း ပက်ထရစ်ရှာက ကျိတ်တွေး နေလိုက်မိသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယား၊ အင်္ဂါ၊ မေ ၁၁၊ ည ၁၀း၃၀ နာရီ။

ပြူအာတိုကွေဗိုနိုင်ငံတွင် တန်ပြန်တော်လှန်ရေးလုပ်ဖို့ ရပ်ဆယ်သော့ပ် တင်ပြသွားသည့် အကြံဉာဏ်ကြောင့် ဩဂုတ်စတပ် ဆမ်မြူယယ်မေယာသည် တုန်လှုပ်ချောက်ချားနေမိသည်။ ရပ်ဆယ်သော့ပ်ကို သူရွေးချယ်လိုက်ခြင်းသည် လူမှန်တစ်ယောက်ကို ရွေးချယ်လိုက်မိခြင်းမှ ဟုတ်ပါလေစဟုလည်း ပြန်တွေးနေမိသည်။

ညစာ စားပြီးသောအခါ စာကြည့်ခန်းထဲသို့ ဝင်လာပြီး အပြန်ပြန်အလှန်လှန် စဉ်းစားရင်း ရပ်ဆယ်သော့ပ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖိုင်တွဲကို လှန်လှောဖတ် နေမိသည်။

မေယာကိုကုမ္ပဏီတွင် "စီးပွားရေး သုတေသနနှင့် လေ့လာသုံးသပ်မှုဌာန" ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်ဖို့ စစ်ဆေးစဉ်တုန်းက သူတို့ ရပ်ဆယ်အကြောင်းကို အပြန်ပြန်အလှန်လှန် လေ့လာခဲ့ကြသည်။

သူတို့ ကုမ္ပဏီ အကြီးအကဲများသည် တတ်နိုင်သလောက် မိန်းမကိစ္စတွင် ကင်းကင်းရှင်းရှင်း ရှိကြရန်လိုသည်။ မိန်းမမှုကို အကြောင်းပြုပြီး မလိုလားအပ်သည်များ ဖြစ်ပေါ်လာတတ်သောကြောင့် ဖြစ်သည်။

ရပ်ဆယ်သော့ပ်သည် လူပျိုဖြစ်သည်မှာ မှန်သည်။ မိန်းမမှုနှင့် ပတ်သက်၍လည်း ဇာတ်လမ်းရှုပ်ရှုပ်ထွေးထွေးများ ဖြစ်ပေါ်ဖူးသူ မဟုတ်ချေ။

မေယာသည် ရပ်ဆယ်သော့ပ်၏ ကိုယ်ရေးဖိုင်တွဲကို လှန်လိုက်သည်။

ရပ်ဆယ်သော့ပ်သည် နယူးဘက်ဖို့ဒ် ပင်လယ်ပိုင်းတွင် မွေးဖွားခဲ့သူဖြစ်သည်။ သူ့ဘေးလက်ထက်တုန်းက သင်္ဘောပေါင်းများစွာကို ပိုင်ဆိုင်ခဲ့သည်။ သူ့ အဖေ လက်ထက်ရောက်သောအခါ စီးပွားပျက်လေပြီ။ ထို့ကြောင့် သူ့အဖေက သင်္ဘောကျင်းမှာ ဖိုမင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ ထိုသို့ အလုပ်လုပ်နေစဉ် ဝန်ချီစက် လဲကျပြီး ပိကာ သေဆုံးသွားခဲ့သည်။

ထိုအချိန်က သော့ပ်၏ အသက်မှာ (၁၃)နှစ်သားသာ ရှိသေးသည်။ တစ်ဦးတည်းသောသား ဖြစ်သောကြောင့် အမေမုဆိုးမနှင့် သားအမိနှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသည်။ သို့သော်လည်း မာနကြီးသော သားအမိနှစ်ယောက် ဖြစ်သည်နှင့်အညီ အစိုးရ လူမှုလုံရေး

www.burmeseclassic.com



ဌာန၏ အထောက်အပံ့ကို မယူဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ကြိုးစား ရပ်ကြသည်။

အမေလုပ်သူက သူနာပြုဆရာမ ဝင်လုပ်သည်။ ရပ်ဆယ်က ကျောင်း ပိတ်ချိန်များတွင် ရရာအလုပ် ဝင်လုပ်သည်။ ထိုနည်းဖြင့် တက္ကသိုလ်ကျောင်း ဆက်တက်သည်။ ထို့နောက် စစ်တပ်ထဲသို့ ဝင်ကာ ပြန်တမ်းဝင်အရာရှိဖြစ်ပြီး ဗီယက်နမ် စစ်မြေပြင်သို့ ပါသွားသည်။

ရပ်ဆယ်သည် ဗီယက်နမ်စစ်ပွဲတွင် သတ္တိပြောင်မြောက်စွာ ပါဝင်တိုက်ခိုက်ခဲ့၏။ ထို့ကြောင့်လည်း သူ့ကို ရာထူးတိုးမပေးဘဲ မနေနိုင်ခဲ့။ သူရဲကောင်းတံဆိပ် မပေးဘဲ မနေနိုင်ခဲ့။ တိုက်ပွဲတွင် ဒဏ်ရာအနည်းငယ် နှစ်ကြိမ်ရဖူးသည်။

မဟုတ်လျှင် မဟုတ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သူ ဖြစ်သောကြောင့် အထက်လူကြီးများနှင့် အဆင်မပြေ။ ထို့ကြောင့် အန္တရာယ်အများဆုံး တာဝန်များကိုချည်း သူ့ကို ပေးအပ်ခဲ့သည်။ သို့သော် ရပ်ဆယ်က သေဘေးအမျိုးမျိုးမှ လွတ်မြောက်နိုင်ခဲ့သူ ဖြစ်သည်။ သူ ဗီယက်နမ် စစ်မြေပြင်၌ စစ်မှုထမ်းနေစဉ်မှာပင် သူ့အမေ ကွယ်လွန်ခဲ့သည်။

စစ်မြေပြင်မှ ပြန်လာသောအခါ တက္ကသိုလ်ကျောင်း ပြန်တက်ပြီး သတင်းစာ ပညာ ဘာသာ အဓိက ယူသည်။ ကျောင်းကထွက်တော့ နယူးယောက် မြို့မှာရှိသော သတင်းမဂ္ဂဇင်း တစ်စောင်တွင် သတင်းထောက် ဝင်လုပ်သည်။ ဗီယက် နမ်စစ်ပွဲ၏ အတွေ့အကြုံ အတွင်းရေးများ ကို ဖွင့်ချသည်။ စုံစမ်းထောက်လှမ်းမှု သတင်းများကို အဓိက အာရုံစိုက်ပြီးရေးသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး ရော့ကဲဖဲလား၏ အုပ်ချုပ်ရေးအဖွဲ့ထဲမှာ အကျင့်ပျက်မှုများ၊ လာဘ်ပေး လာဘ်ယူ မှုများကို ဖွင့်ရေးသည်။

နောက်ဆုံး မဂ္ဂဇင်းထုတ်ဝေသူနှင့် ရင်းနှီးသူတစ်ယောက်၏ အတွင်းရေးများကို ဖွင့်ချသည်တွင် မဂ္ဂဇင်းထုတ်ဝေသူက သတင်းကို ဆက်မရေးရန် တားသည်။ ရပ်ဆယ်သော့ပ်က ထုတ်ဝေသူကို ကန့်ကွက်သည့်အနေဖြင့် အလုပ်မှ နုတ်ထွက်ခဲ့ သည်။

ထိုအချက်များနှင့် ပတ်သက်ပြီး ဆမ်မြူယယ်မေယာက ရပ်ဆယ်သော့ပ်ကို အမှတ် တွေ အများကြီး ပေးလိုက်သည်။

ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်ထားရန် လူတွေ့ စစ်ဆေးစဉ်က ဒင်နီယယ်ဆိဇ် နှင့် ရပ်ဆယ် တို့ အပြန်အလှန် ပြောခဲ့ကြသည့် မှတ်တမ်းများကို ဂရုတစိုက်နှင့် ဖြည်းဖြည်းချင်း ပြန်ဖတ်ကြည့် သည်။

ဆိဇ် ။ ။ စာအုပ်နဲ့ မဂ္ဂဇင်းတွေထဲက ထုတ်ထားတဲ့ ဟောဒီကောက်နုတ်ချက်တွေကို သေသေချာချာ ဖတ်ကြည့်ပြီး မောင့် စိတ်ထဲမှာ ရုတ်တရက်ပေါ်လာတဲ့ ထင်မြင်ချက်ကို ပြောပြပါ။

၁။ ။ ကုန်သည်နှင့် ပင်လယ်ဓားပြများသည် ခေတ်ကာလပေါင်း ကြာညောင်း စွာကတည်းက အသွင်တူသူများ ဖြစ်ခဲ့ကြသည်။ ယနေ့တိုင်အောင်လည်း ကုန်သည်များ၏ စိတ်ထားသည်ပင် ပင်လယ်ဓားပြ စိတ်ထားပင်ဖြစ်သည်။ ဖက်ဒရစ်နစ်ရှေး။

သော့ပ် ။ ။ ဒါ မှန်ပါတယ်၊ သူတို့အားလုံး ပင်လယ်ဓားပြတွေပါပဲ၊ ပင်လယ်ဓားပြရဲ့ လုပ်ငန်းသဘောမျိုးသာ မဟုတ်ဘူးဆိုရင် ကုမ္ပဏီကြီးတွေမှာ လုံခြုံရေးနဲ့ ထောက်လှမ်းရေး ဌာနတွေ ဘာဖြစ်လို့ ထားနေတော့မှာလဲ၊ နစ်ရှေးဟာလည်း တကယ့်ကုန်သည်ကြီး ဖြစ်ပါတယ်၊ တကယ်မှန်ကန်ပြီး အံ့ဩစရာကောင်းတဲ့ အတွေးအခေါ်ကြီးတစ်ရပ်ကို ထုတ်နိုင်ခဲ့သူ ဖြစ်ပါ တယ်။

ထိုအဖြေကို ဖတ်ရသောအခါ မေယာက အမှတ် ထပ်ပေးလိုက်ပြန်သည်။ စီးပွားရေး လုပ်ငန်းရှင် ဆယ်ယောက်လျှင် တွေးခေါ်ပညာရှင် နစ်ရှေး အကြောင်းကို ကောင်းကောင်းသိသူ တစ်ယောက်ပင် မရှိချေ။ နစ်ရှေးကို သိသော်လည်း သူ၏ ဒဿနိက အတွေးအခေါ်များကို မသိကြချေ။



www.burmeseclassic.com

www.burmeseclassic.com



၂။ စီးပွားရေး လုပ်ငန်း၏ သဘောသဘာဝများသည် ငွေများကို လိမ်ညာယူ နေကြခြင်း ဖြစ်သည်။ ဩဂတ်စ်ဘေဘယ်။

သော့ပ် ။ ။ တချို့ စီးပွားရေး လုပ်ငန်းတွေအတွက် မှန်ပါတယ်၊ တချို့ စီးပွားရေး လုပ်ငန်းတွေအတွက် မမှန်ပါဘူး၊ အဲဒီ လုပ်ငန်းကို ဘယ်သူက ဦးဆောင်ဦးရွက် ပြုလုပ်နေသလဲ ဆိုတာပေါ်မှာ မူတည်ပါတယ်။

မေယာက နောက်ထပ် အမှတ် ပေးလိုက်ပြန်သည်။ ဘေဘယ်၏ အယူအဆသည် စီးပွားရေးလောကတွင် အငြင်းပွားစေသော အယူအဆပင် ဖြစ်လေသည်။ ရုပ်ဆယ်သော့ပ်မှာ ပွင့်လင်းသည်။ အမှန်တရားကို သိမြင်နိုင်စွမ်းရှိပြီး မြင်သည့်အတိုင်း ထုတ်ဖော် ပြောဆိုဖို့ သတ္တိရှိသူ လည်း ဖြစ်သည်။

၃။ ။ အမေရိကန်၏ စီးပွားရေးလုပ်ငန်းသည် စီးပွားရေး လုပ်ငန်းသက်သက်ပင် ဖြစ်သည်။ ကာလ်ဗင်ကူးလ်လစ်ချ်။

သော့ပ်။ ။ အဆိုးရော အကောင်းရော ရောနေပါတယ်၊ ကျွန်တော်တို့ရဲ့စနစ်ဟာ လွတ်လပ်တဲ့ စီးပွားကုန်သွယ်ရေးစနစ် ဖြစ်ပါတယ်၊ အရင်းရှင်ဝါဒကို အခြေခံပါတယ်၊ ဒါကြောင့် စနစ်ဆိုတဲ့ ဘီးကြီး လိမ့်နေတဲ့အတိုင်း စီးပွားရေး လုပ်ငန်းတွေကလည်း မျောပါနေရတာဖြစ်ပါတယ်။

ဆိဇ် ။ ။ ဒီလိုဆိုရင် ကျုပ်တို့ရဲ့ စနစ်ကြီးဟာ အကောင်းဆုံး ဖြစ်တယ်လို့ မောင် ထင်ပါ သလား။

သော့ပ် ။ ။ ဒီလိုတော့လည်း မထင်ပါဘူးခင်ဗျား၊ ဒါပေမယ့် ဒီထက်ကောင်းတဲ့ စနစ်ကို ကျွန်တော် မတွေ့သေးပါဘူး။

၄။ ။ အမေရိကန် ပြည်ထောင်စုတွင် အကျင့်ဖောက်ပြန်သော လူ့အဖွဲ့အစည်း ကြီး အမြဲ တစေ ရှိနေသည်။ ဂိုးဗိုက်ဒယ်။

သော့ပ် ။ ။ (ရယ်လျက်) ဆိုင်းဂုံတို့၊ ရောမတို့၊ ပါရီမြို့တို့ကို ဗိုက်ဒယ် သွားကြည့်စေချင် ပါတယ်၊ သူ့မျက်စိကို အစွမ်းကုန် ဖွင့်ထားဖို့တော့ လိုတာပေါ့လေ၊ သမိုင်းကြောင်းကို ပြန်ကြည့်မယ် ဆိုရင် နိုင်ငံတိုင်းမှာ ရှိနေကြတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ တစ်နည်းမဟုတ် တစ်နည်းတော့ အနည်းနဲ့အများ ပျက်စီးနေကြတာပါ။

၅။ ။ ချီလီနိုင်ငံတွင် အာယန်ဒေးသမ္မတ ပြန်အရွေးမခံရရေးအတွက် စီအိုင်အေနှင့် အိုင်တီတီ ကုမ္ပဏီတို့က အပြင်းအထန် ကြိုးစားခဲ့ကြသည်။ ထိုအဖြစ် အပျက်များမှာ ဗူးပေါ်သလို ပေါ်သွားခဲ့သည်။ တိုင်းမ် မဂ္ဂဇင်း။

သော့ပ် ။ ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော့် အမြင်ကို ပြောရမယ်ဆိုရင် နာရီပေါင်း အတော်ကြာကြာ အချိန်ယူရပါလိမ့်မယ် ခင်ဗျား။

ဆိဇ် ။ ။ ကောင်းပြီလေ၊ ဒါကို ထားလိုက်ပါတော့ မောင်၊ အခု လျှောက်တဲ့ ရာထူးမှာ ကျုပ်တို့က ခန့်လိုက်ပါပြီ ဆိုပါစို့၊ မေယာကို ကုမ္ပဏီရဲ့ စီးပွားရေး အခြေအမြစ်တွေ မြှုပ်နှံထားတဲ့ နိုင်ငံတစ်ခုမှာ နိုင်ငံရေးမတည်မငြိမ်မှုတွေ ဖြစ်နေပြီဆိုရင် မောင် ဘယ်လိုလုပ်မလဲ။

သော့ပ် ။ ။ ပထမဆုံး အဲဒီလို အခြေအနေမျိုးတွေ ပေါ်ပေါက်ခဲ့ဖူးတဲ့ နိုင်ငံတွေရဲ့ သမိုင်းကြောင်းတွေကို ပြန်လေ့လာမယ်၊ ပြီးတော့ အာဏာ လက်ရှိသူပဲ ဖြစ်ဖြစ်၊ မရှိသူပဲဖြစ်ဖြစ် လူတော်လူကောင်းတွေကို ရှာမယ်၊ လူတော် လူကောင်းတွေ တွေ့ပြီဆိုရင် သူတို့ကို ပံ့အောပြီး အကူအညီ ပေးမယ်။

ဆိဇ် ။ ။ ပံ့အောမယ် . . . ။

သော့ပ် ။ ။ မှန်ပါတယ်ခင်ဗျာ၊ ပံ့အောပြီး အကူအညီ ပေးမှာပါ၊ ပြီးတော့ ပြောင်ပြောင် တင်းတင်းလည်း အကူအညီ ပေးမှာပါ၊ ဘာကြောင့်လဲဆိုတော့ ဒီလို အမှုမျိုးဟာ ဖုံးကွယ်ထားလို့ မရပါဘူး၊ တစ်နေ့မဟုတ်တစ်နေ့မှာတော့ ဗူးပေါ်သလို ပေါ်တာချည်းပါပဲ၊ ဖုံးထားရုံကနေ



www.burmeseclassic.com

www.burmeseclassic.com


အဲဒီလို ပေါ်လာရင် အခြေအနေ ပိုဆိုးတတ် ပါတယ်၊ ဘယ်ဘက်ကပဲ နိုင်နိုင် ကိုယ်ကတော့ အရှုံးဘက်ကချည်းပါပဲ။

ဆိဇ် ။ ။ မောင် အကူအညီပေးတဲ့ လူတော်လူကောင်းတွေ ရှုံးနိမ့်သွားရင် မေယာကို ကုမ္ပဏီရဲ့ဘဝ ဘယ်လို ဖြစ်သွားမလဲ။

သော့ပ် ။ ။ အဲဒီနိုင်ငံမှာ ကျွန်တော်တို့ ရှုံးနိမ့်သွားပြီဆိုရင် အမေရိကန်ပြည်ထောင်စုက စည်းကြပ်မယ့် အခွန်အတုတ်ကို ကျွန်တော်တို့ ရှောင်နိုင်ခွင့် ရှိပါတယ်။ နောက်ပြီးတော့ မေယာကို ကုမ္ပဏီကို ယုံကြည်တဲ့လူတွေများလာပါမယ်၊ နာမည်ကောင်းလည်း ရလာပါမယ်၊ ဒါကြောင့် တခြား တိုင်းပြည်တွေမှာ အခြေချထားတဲ့ မေယာကိုကုမ္ပဏီရဲ့ စီးပွားရေး လုပ်ငန်းတွေဟာလည်း ပိုလို့ အောင်မြင်လာနိုင်စရာ အကြောင်းရှိပါတယ်၊ ကျွန်တော်တို့ အမြတ်အစွန်းတွေ ပိုပြီး ရလာစရာအကြောင်းတောင် ရှိပါသေးတယ်။

\+ \+ \+

ဩဂတ်စတပ် ဆမ်မြူယယ်မေယာသည် ဖတ်လက်စ ဖိုင်တွဲကို ပိတ်လိုက်သည်။ စောစောက သူ့စိတ်ထဲမှာ ပေါ်ခဲ့သည့် မသက်မသာစိတ်များ အများကြီး သက်သာလျော့ပါးသွားလေတော့သည်။ ရပ်ဆယ်သော့ပ်သည် ယုံကြည်စိတ်ချလောက်သော သူဖြစ်ကြောင်း၊ အတွေးအခေါ်လည်းရှိကြောင်း၊ သတ္တိအရာတွင်လည်း ပြောင်မြောက်ကြောင်းများကို သဘောပေါက်သွားလေတော့သည်။

စာကြည့်ခန်းတံခါး ပွင့်သွားသည်။ ကလျာမေယာ ဝင်လာသည်။ မေယာ ထိုင်နေသည့် ကုလားထိုင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး ပါးကိုနမ်းသည်။

"ဖေဖေ ဒီနေ့ည ဘာတွေများ ဖတ်နေတာလဲဟင် . . ."

ကလျာက ထိုသို့မေးရင်း "သော့ပ်၊ ရပ်ဆယ်၊ ဘီ"ဆိုသော စကားလုံးများကို ဖိုင်တွဲပေါ်တွင် လှမ်းမြင်လိုက်ရသည်။ "အို . . . တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖေဖေ၊ ဒီနေ့ခင်း သူထွက်သွားကတည်းက ကျွန်မကလည်း ဖေဖေ့ကို သူ့အကြောင်း မေးကြည့်ချင်နေတာ၊ ဖေဖေ့ကို ကြည့်ရတာလည်း စိတ်တွေက တစ်နေရာရာကို ရောက်နေသလိုပဲ"

ဆမ်မြူယယ်မေယာက မျက်ခုံးနှစ်ဖက်ကို ချီပင့်လိုက်သည်။

"ရပ်စ် အကြောင်း သမီးက ဘာတွေများ စိတ်ဝင်စားနေလို့လဲ"

ကလျာက ပြုံးသည်။ အပြုံးက တစ်စုံတစ်ရာကို လျှို့ဝှက်ထားသလို ဖြစ်နေသည်။

"သူနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်အလက်တွေပေါ့ ဖေဖေ၊ သူ့ အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာကပဲ စမေးပါရစေတော့"

ကလျာမေယာက သူ့အဖေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင် ထိုင်သည်။

"သုံးဆယ့်လေးနှစ်"

"ကျွန်မထင်တာနဲ့တော့ သိပ်မကွာလှပါဘူး၊ အိမ်ထောင်ရေး အခြေအနေကရော"

မေယာက မျက်လွှာချလိုက်သည်။ သူ့ မျက်လုံးပေါက်များလည်း ပိုကျဉ်းသွားသည်။ မေယာသည် သမီးဖြစ်သူ၏ အချစ်ရေး ကိစ္စများတွင် ဝင်ရောက် စွက်ဖက်လေ့မရှိ၊ သို့သော်လည်း ရပ်ဆယ်သော့ပ်နှင့်တော့ မည်သို့မှ မပတ်သက်စေ ချင်၊ ယခုလောလောဆယ် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ပိုပြီး ကင်းကင်းရှင်းရှင်း ရှိစေချင်သည်။

"သူ့မှာ အိမ်ထောင်မရှိဘူး၊ လူပျို၊ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ဖေဖေ ပေးမယ့် အကြံဉာဏ်ကို သမီး လက်ခံပါ၊ သူနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်အောင်နေပါ သမီးရယ်၊ ဒါတစ်ခုတော့ ဖေဖေ မေတ္တာရပ်ခံပါတယ်"

ကလျာက ရယ်သည်။

"စည်းကမ်း တင်းကျပ်တဲ့ အဖေကြီးဘဝကို ဘာဖြစ်လို့ ရောက်သွားရတာလဲ ဖေဖေ"


www.burmeseclassic.com

www.burmeseclassic.com


အဖြစ်မှန်များကို မေယာ ထုတ်ဖော်ပြောဆိုလိုသည့် စိတ်ဆန္ဒမရှိပါ။

"သမီးဟာ ဖေဖေရဲ့ သမီးဖြစ်တယ်၊ ရပ်ဆယ်သော့ပ်က ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေတဲ့လူ ဖြစ်တယ်၊ နောက်ပြီးတော့ . . ."

"အဓိပ္ပာယ်မရှိတာပဲ ဖေဖေရယ်၊ ဖေဖေ့သမီး ချောကလေးရဲ့ ကိုယ်လုံးကို လှေကားလုပ်ပြီး အပေါ်ရောက်အောင် ဖက်တက်မယ့် လူစားမျိုး ဟုတ်ပုံမရ ပါဘူး"

ကလျာက ရပ်ဆယ်သော့ပ် ကိုယ်ရေးအတ္ထုပ္ပတ္တိများ ရေးထားသည့် ဖိုင်တွဲကို မေယာ၏ လက်ထဲမှ လှမ်းဆွဲယူရန် လက်ကမ်းလိုက်သည်။

"ဒါဟာ ထိပ်တန်း လျှို့ဝှက် သမီး"

"ဒါဆိုရင်လ[illegible] ဘာမှ ထပ်မပြောတော့ပါဘူး ဖေဖေ"

ကလျာက အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်လို ပြုံးသည်။ ပြီးတော့ ထိုင်ရာမှထပြီး သူ့အဖေကို သွားနမ်းသည်။

"ဂွဒ်နိုက် ဖေဖေ . . . မနက်ကျမှ တွေ့တော့မယ်နော် . . ."

ဆမ်မြူယယ်မေယာသည် အခြားကိစ္စများကို တွေးရင်း နစ်မျောသွားတော့သည်။ ယင်းအဖြစ်အပျက်သည် သူ၏ ရည်ရွယ်ချက်များကို အရှုံးပေး စွန့်လွှတ်လိုက်ပြီဆိုသည့် သဘောလည်းဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

## လော့စ်အိန်ဂျလိစ်။

ဟာရှေဘာလောက်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ခြေလျင်တပ်ရင်းတွင် တပ်ကြပ်ကြီး၊ ၊ဝဖြင့် ပစိဖိတ်မှာ စစ်မှုထမ်းခဲ့ဖူးသည်။ ထိုအချိန်ကလေးမှလွဲပြီး သူ့ သက်တမ်းတစ်လျှောက်လုံး ရုပ်ရှင်လောကမှာသာ အချိန်ကုန်ခဲ့သည်။ ယခု ဆိုလျှင် သူ့လုပ်သက်က နှစ်ပေါင်း (၄၁)နှစ် ရှိသွားပြီ။ သူ့အသက် (၆၂)နှစ်ရှိပြီ။ သူ၏ ရုပ်ရှင်အတွေ့အကြုံ ရုပ်မြင်သံကြားအတွေ့အကြုံများကြောင့် အများက သူ့ကို လေးစားကြသည်။

အမ်ဂျီအမ် ရုပ်ရှင်ကုမ္ပဏီတွင် အောက်ခြေမှစပြီး အလုပ်ဝင်ခဲ့သည်။ တဖြည်းဖြည်းနှင့် လက်ထောက်ဒါရိုက်တာ ဖြစ်လာသည်။ ထို့နောက် ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီတွင် ဒါရိုက်တာ ဖြစ်သည်။ ထိုမှတစ်ဆင့် မည်သည့်ကုမ္ပဏီနှင့်မှ စာမချုပ်တော့ဘဲ အလွတ်ရုပ်ရှင် ထုတ်လုပ်သူအဖြစ် လုပ်ကိုင်လာခဲ့သည်။

သူ ထုတ်လုပ်သည့် ရုပ်ရှင်ကားများထဲတွင် အကယ်ဒမီ ဆုရရှိသည့် ကား တစ်ခုမှ မပါသေးပါ။ သို့သော်လည်း ငွေဝင်ကောင်းသည့် ကားများချည်း ဖြစ်သည်။

သူနှင့် ရင်းနှီးသော မိတ်ဆွေ ဩဂတ်စတပ်ဆမ်မြူယယ်က ပင်သီယွန် တယ်လီဗီးရှင်းကုမ္ပဏီကို ဝယ်ယူသည်။ ထိုအခါတွင် ဆမ်မြူယယ်မေယာ၏ ဖိတ်ကြားချက်အရ ပင်သီယွန်အတွက် ရုပ်မြင်သံကြားဇာတ်လမ်းများကို တာဝန်ယူ ရိုက်ထုတ်ပေးခဲ့ရသည်။ ထိုကစပြီး နောက်ဆုံးတွင် ပင်သီယွန် ရုပ်မြင်သံကြားကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရလေတော့သည်။

သူဥက္ကဋ္ဌဖြစ်သည့်အချိန်မှစပြီး ပင်သီယွန်ကုမ္ပဏီ၏ အမြတ်အစွန်းများမှာလည်း အဆမတန် တိုးပွားများပြားလာလေတော့သည်။

အင်္ဂါနေ့ ညနေပိုင်းတွင် ဆမ်မြူရယ်မေယာက သူ့ထံသို့ ဖုန်းလှမ်းဆက်သည်။

"ရုပ်ဆယ်သော့ပ် ကျူပ်ရဟတ်ယာဉ်နဲ့ ခင်ဗျားဆီကို လာနေပြီ ဟာရှေ၊ စတူဒီယိုက မော်တော်ကားနဲ့ သူ့ကို လေဆိပ်မှာ သွားကြိုပေးပါ၊ ပြီးတော့ ဘီဗာ လီဟေးလ်တန် ဟိုတယ်မှာ သူ့အတွက် အခန်းငှားပေးလိုက်ပါ၊ တခြားဟိုတယ်မှာဆိုရင် လူတွေက သူ့ကို သတိထား မိကုန်ကြလိမ့်မယ်၊ ပြီးတော့ သူနဲ့တွေ့ပါ ဟာရှေ၊ ဘယ်လို မေးခွန်းမျိုးကိုပဲ သူ မေးမေး



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းအားလုံးကို ဖြေလိုက်ပါ၊ နောက်ပြီးတော့ သူလိုချင်တာ ရှိရင်လည်း ဘာမဆို ဖြစ်အောင် လုပ်ပေးလိုက်ပါ"

ကံကောင်းသည်ဟုပင် ဆိုရပါမည်။ ဟာရှေဘာလောက်နှင့် ရပ်ဆယ်သော့ပ် တို့သည် မြင်လျှင်မြင်ချင်း တစ်ယောက်ကို တစ်ယောက် သဘောကျသွား ကြသည်။ ထိုအချက်သည် အရေးအကြီးဆုံးသော အချက်လည်း ဖြစ်ပါသည်။ ရပ်ဆယ်သော့ပ်သည် ဟောလီးဝုဒ် အကြောင်းကို များများစားစား သိသူမဟုတ်။ ရုပ်ရှင်အကြောင်း၊ ရုပ်မြင်သံကြားများအကြောင်းကို သူလိုငါလို အပေါ်ယံကျော သဘောလောက်သာ သိရှိနားလည်ထားသူဖြစ်သည်။

ဟာရှေဘာလောက်သည် ရုပ်ရှင်နယ်နှင့် ရုပ်မြင်သံကြားနယ်မှာ နှစ်ပေါင်းလေးဆယ် ကျော် ကျင်လည်လာခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း သူမသိသည့် အရာဟူ၍ မရှိသလောက် ဖြစ်သည်။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားနယ်မှ သိသင့်သိ ထိုက်သည်များကို ရှင်းပြသည်။ နောက်ဆုံး သတင်းများကို ပြောပြသည်။ ရပ်ဆယ်သော့ပ် သိချင်သည့် အချက်အလက်များကိုလည်း ပြန်ဖြေ သည်။

ည ဆယ့်တစ်နာရီအထိ သူတို့ စကားပြောကြသည်။ အရက်တစ်လုံးလည်းကုန်ပြီ။ ထိုအခါကျမှပင် ညစာကို အခန်းတွင်းမှာစားသည်။ တစ်ညလုံးလည်း သူတို့ ဆက်လက် စကား ပြောကြရပေဦးတော့မည်။

\+ \+ \+

ဟာရှေဘာလောက်သည် ကုတ်အင်္ကျီနှင့် လည်စည်းကို ချွတ်လိုက်ပြီး ရပ်အင်္ကျီအပေါ် ကြယ်သီးများကိုပါ ဖြုတ်လိုက်သည်။ ပြီးတော့မှ ရပ်ဆယ်သော့ပ် ဘက်သို့ ပြန်လှည့်လာသည်။

"ကဲ . . . နောက်ထပ် ဘာတွေ ပြောပြရဦးမလဲ ရပ်စ် . . ."

"ကျုပ်တို့ ပင်သီယွန်ကုမ္ပဏီအကြောင်း ပြောပြပါဦး၊ ကျုပ်တို့ဘက်မှာ အားနည်းချက် ဘာရှိသလဲ၊ ကျုပ်တို့ကို ဘယ်လို ဆော်နိုင်လဲ"

"အင်း . . . ရုပ်မြင်သံကြား ဇာတ်လမ်းတိုကလေးတွေကို စီဘီစီအတွက် ကျုပ်တို့က ရိုက်ပေးတယ်၊ အဲဒီပေါ်ကနေ အမြတ်အစွန်းတွေ အများကြီး ရနေတယ်၊ ကျုပ်တို့နဲ့ ကန်ထရိုက် စာချုပ်ကိုဖျက်ပြီး စင်တီနယ်ဗီဒီယို ကော်ပိုရေးရှင်း နဲ့ ပြောင်းချုပ်ဖို့ကို ဂေါ်ဒွန်ဆင်ကလဲယားက ကြိုးစားနေတယ်၊ သူ့ကြိုးပမ်းချက်တွေ အောင်မြင်သွားရင် ကျုပ်တို့ ဝင်ငွေတွေ အကြီးအကျယ် ကျသွားမယ်၊ အောင်မြင် စရာလည်း အကြောင်းရှိနေတယ်၊ ကျုပ်တို့ရဲ့ ပျော့ကွက်တစ်ခုကို သူတို့ နှိုက်စရာ ရှိနေတယ်"

"သူတို့ နှိုက်စရာ ဘယ်လို ပျော့ကွက်မျိုးများ ရှိနေလို့လဲ"

ဟာရှေဘာလောက်သည် လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ် သို့ ပြန်တင် ထားလိုက် သည်။

"မောင့်ကို အကုန်လုံး ဖွင့်ပြောရမယ်လို့ ဆမ်က မှာထားတယ်၊ ဒါကြောင့် အဆိုးရွား ဆုံး အကြောင်းကပဲ စပြောမယ်၊ ဆမ်ရဲ့သမီး ကလျာကို မောင် တွေ့ပြီး ပြီလား၊ အင်မတန်တော် ပြီး အင်မတန်လည်းချောတဲ့ ကလေးမကလေးလေ၊ ဒါပေမယ့် နေရာတကာမှာ ခေါင်းမာတယ်၊ အင်မတန် အပြောရအဆိုရ ခက်တယ်၊ တစ်ခုခုကို သူလုပ်ချင်ပြီဆိုရင် ဘယ်သူ့ပြောစကားကိုမှ နားမထောင်ဘူး၊ ထင်ရာ စွတ်လုပ်တာပဲ။ လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ရုပ်ရှင်မင်းသား တစ်ယောက်နဲ့ သူရှုပ်ခဲ့ဖူးတယ်၊ ဘရုစ်ဟာလေဆိုတဲ့ အကောင်ပဲ"

"လေးနှစ်တောင် ကြာသွားပြီလား၊ မေယာကိုကုမ္ပဏီကို ကျွန်တော် မရောက်ခင်က ပေါ့"

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ်လေ . . . ဘရုစ်ဟာလေဆိုတဲ့ အကောင်က အလကား အကောင်၊ ကျုပ် တွေ့ခဲ့ဖူးသမျှ လူသားတွေထဲမှာတော့ အသုံးမကျဆုံး၊ အောက်တန်းအား



www.burmeseclassic.com

www.burmeseclassic.com



အကျဆုံးနဲ့ အကျင့်စာရိတ္တ အပျက်ဆုံးအကောင်ပဲ၊ ဒီကောင် အသုံးမကျကြောင်း ကလျာကို ပြောပြမယ်ဆိုရင်လည်း ကောင်မလေးက နားထောင်မှာ မဟုတ်ဘူး၊ ဘယ်သူပြောပြော နားထောင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဘယ်သူကမှလည်း လေကုန်ခံပြီး သူ့ကို ပြောပြမနေကြတော့ဘူး၊ သတိပေးမနေတော့ဘူး"

ဟာရှေဘာလောက်က စကားကိုဖြတ်ပြီး အရက်တစ်ကျိုက် သောက်လိုက်သည်။

"နောက်တော့ ကောင်မလေး သူ့ဟာသူ အကြောင်းသိသွားတယ်၊ တော်တော် မြန်မြန်ဆန်ဆန်ပဲ သိသွားတာပါ၊ သူတို့ချင်းဖြစ်ကြတာ လေးငါးခြောက်ပတ်လောက်ပဲ ကြာမယ်၊ ဒီထက်တော့ မကြာဘူး၊ ဒါပေမယ့် ရုပ်ရှင်နယ်ဆိုတာ မောင်သိတဲ့အတိုင်းပဲ၊ မိန်းမ တစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ဘာဖြစ်ကြပြီဆိုတာ ချက်ချင်းသိတဲ့ နယ်မျိုး မဟုတ်လား၊ အခုလို လေးငါးခြောက်ပတ်ဆိုတာ တကယ် ပြောရရင် ကြာတောင်ကြာသေးတယ်လို့ ဆိုနိုင်တယ်၊ ဟာလေအကြောင်းကို ကလျာ သိသွားတော့ ခွာပစ်လိုက်တယ်၊ ကျုပ်ကလည်း စီဘီစီကို သွင်းဖို့ ရုပ်မြင်သံကြား ဇာတ်လမ်းတိုတစ်ခု ပင်သီယွန်အတွက် ရိုက်ပေးနေတယ်၊ အဲဒီမှာ ဇာတ်လိုက်မင်းသားက အဲဒီကောင် ဘရစ်ဟာလေ"

ရပ်ဆယ်သော့ပ်က အာရုံစိုက်ပြီး နားထောင်နေသည်။

"ကျုပ် ဇာတ်လမ်းရိုက်လို့ တစ်ဝက်လည်း ကျိုးရော၊ ပြဿနာလည်း ပေါ်ပါလေရော၊ တစ်နေ့မှာ ဒီကောင်တွေစုပြီး ပွဲတစ်ပွဲ လုပ်ကြတယ်၊ ကောင်မလေးတွေလည်းပါတယ်၊ လူငယ်တွေ ထုံးစံအတိုင်း မတော်တရော်ပွဲပေါ့၊ ပွဲလုပ်နေတုန်း ဟာလေက ဘိန်းဖြူတွေ အလွန်အကျွံ သောက်တယ်၊ နောက်ပြီးတော့ အခန်းတစ် ခန်းထဲမှာသွားပြီး သူ့လက်ကောက်ဝတ်က သွေးပြန်ကြောကို သူ့ဟာသူ ဖြတ်ပြီး သေကြောင်းကြံသွားတယ်၊ ကျုပ် ရိုက်နေဆဲ ဇာတ်လမ်းကြီးလည်း တစ်ဝက်တစ်ပျက်နဲ့ လွှင့်ပစ်လိုက်ရလေရော"

"ကျွန်တော်ဖြင့် လုံးလုံး မကြားမိဘူး၊ ဝိုင်းဖုံးထားလိုက်ကြတာလား" ရပ်ဆယ်သော့ပ်က အရက်ထပ်ဖြည့်ရင်း မေးသည်။

"တခြား ဘယ်နည်းများ ရှိသေးလို့လဲ မောင်ရယ်၊ ကလျာဟာ တစ်ချိန်တုန်းက ဒီကောင်နဲ့ ဇာတ်ရှုပ်ခဲ့ဖူးတယ်၊ အခု သူ့ အကြောင်းပေါ်သွားရင် ဟိုတုန်းက အဖြစ်တွေကို ပြန်ပြီး ဖော်ကြဦးမှာ မဟုတ်လား၊ ချေးခြောက်ရေနှုးတဲ့ အလုပ်မျိုး လုပ်ကြဦးမှာ မဟုတ်လား၊ ရုပ်ရှင်နယ်ဆိုတာကလည်း အလွန်ဆိုးတာ၊ တစ်ယောက်ယောက် အပုပ်နံ့ ပေါ်လာပြီဆိုရင် အဲဒီ အပုပ်နံ့ကို ပိုထွက်သထက် ထွက်အောင် လုပ်တတ်ကြတဲ့ လူစားတွေ၊ သူ့ကြောင့် ပင်သီယွန်ကုမ္ပဏီလည်း ဒုက္ခ ဖြစ်တော့မယ်၊ ဒါကြောင့် ဆမ်ဟာ ပင်သီယွန်ကုမ္ပဏီတစ်ခုတည်းအတွက် မဟုတ်တော့ဘူး၊ ကလျာရဲ့ ဂုဏ်သိက္ခာ အတွက်ပါ ဖုံးရဖိရတော့တာပဲ"

"သူက ဘယ်လို ဖုံးတာလဲ" ရပ်ဆယ်သော့ပ်က အရက်သောက်ရင်း လှမ်းမေးလိုက်သည်။

"ငွေတွေ သွန်ချရတော့တာပေါ့၊ ဘရစ်ဟာလေဟာ ရိုးရိုးသားသား သေသွားတာပါဆိုတဲ့ ဆရာဝန် ထောက်ခံချက် ရအောင်လုပ်ရတယ်၊ နောက်ပြီးတော့ ၂၄နာရီ အတွင်းမှာပဲ မီးသဂြိုဟ်ပစ်လိုက်ရတယ်၊ သူတို့ မဟုတ်တရုတ်ပွဲကို တက်ခဲ့တဲ့ လူတိုင်းကို လိုက်ပြီး နှုတ်ပိတ်ရတယ်၊ ကျမ်းကျိန်အစစ်ခံချက်တွေ လုပ်ထားရတယ်"

"အတော်ကလေးတော့ ပိပိရိရိ နိုင်ပုံပဲ"

"ထင်သလောက်တော့လည်း ပိပိရိရိ မရှိလှဘူး၊ အဲဒီအချိန်တုန်းကပင် သီယွန်ရဲ့ ဥက္ကဋ္ဌက ချာလီဝုဖ်၊ သူက ဒီဇာတ်လမ်း အဖြစ်အပျက် အပြည့်အစုံကို အစီရင်ခံစာ ရေးတယ်၊ သက်ဆိုင်သူတွေအားလုံးရဲ့ နာမည်စာရင်းလည်းပါတယ်၊ တရားဝင်အောင် သက်သေခံအထောက်အထားတွေ လုပ်ထားတယ်၊ ပြီးတော့ သူ့ မီးခံသေတ္တာထဲမှာ ထည့်ပြီး သိမ်းထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် သူ ဒီလိုလုပ်တယ်တိုတာ ဘုရားသခင်မှပဲ သိတော့မှာပဲ၊ နောက်နှစ်လလောက်ကြာတော့ ဝေါက်သီးကစားရင်း နှလုံးရောဂါနဲ့ သူ ရုတ်တရက် ဆုံးသွားတယ်၊ သူ့ရာထူးကို ဂရေဂရီမီနာရှင်က ဆက်ယူတယ်၊ အဲဒီလူကလည်း အလကားလူပဲ၊ ဒါနဲ့ ဆမ်က သူ့ကို ထုတ်ပစ်လိုက်တယ်၊ ဒါကြောင့် ကျုပ် ဒီကုမ္ပဏီရဲ့ ဥက္ကဌဖြစ်လာတာပဲ၊ မီးခံသေတ္တာတွေကို ကျုပ်ရှာကြည့်တော့ ချာလီဝုဖ်ရဲ့ အစီရင်ခံစာတွေကို တွေ့ရတယ်၊ အားလုံးကို ကျုပ် မီးရှို့ဖျက်ဆီးပစ်လိုက်တယ်"

"နေဦး . . . နေဦး . . . ဂရေဂရီမီနာရှင် ဥက္ကဌ ဖြစ်လာတဲ့အချိန်တုန်းက မီးခံသေတ္တာထဲမှာ အဲဒီအစီရင်ခံစာတွေ ရှိနေရတယ်၊ သူလည်း ဒါတွေကို တွေ့နိုင်တယ်၊ ပြီးတော့ ဒါတွေကို ပုံတူကူးထားနိုင်တယ်"

"ကျုပ်စိတ်ထဲမှာ မသက်သာနေတာလဲ ဒီအချက်ပဲ မောင်ရေ"ဟု ဟာရှေ ဘလောက်က ညည်းညည်းညူညူ ပြောသည်။

"မီနာရှင် အခု ဘာလုပ်နေသလဲ"

"လောလောဆယ်တော့ ဘယ်ကုမ္ပဏီမှာမှ မလုပ်ဘဲ သူ့ဟာသူပဲ အလွတ် လုပ်နေတယ်၊ အထိုက်အလျောက်လည်း အောင်မြင်နေတယ်၊ အဆိုးဆုံးသတင်း တစ်ခုကို ပြောဦးမယ်၊ ပက်ထရစ်ရှာ ဂါဗေးက မီနာရှင်ကို ကမ်းလှမ်းခဲ့တယ်၊ စင်တီနယ် ကုမ္ပဏီမှာ သူ ဝင်လုပ်ဖို့ သဘောတူညီချက် ရပြီးကြပြီ"

"ဟိုက် . . . အဲဒါမှ ဒုက္ခပဲ၊ သူ့လက်ထဲမှာသာ ဟိုအစီရင်ခံစာ မိတ္တူတွေ ရှိနေမယ်ဆိုရင် ဗားဟတ်နဲ့ ဆင်ကလဲယားတို့အဖို့ နိုင်ဖဲဖြစ်သွားပြီ၊ ပင်သီယွန် ကုမ္ပဏီကို သူတို့ အသာကလေး ဖျက်ဆီးပစ်နိုင်ကြတော့မယ်၊ ခင်ဗျားနဲ့ ဆမ်ကိုလည်း အလွယ်ကလေးနဲ့ ထောင်ထဲ သွင်းပစ်လိုက်လို့ရပြီ၊ ခင်ဗျားတို့ ငွေပေးပြီး နှုတ်ပိတ်ထားကြတဲ့ သက်သေတွေကလည်း အကျုပ်ကိုင်လာလိမ့်မယ်၊ နောက်ထပ် ငွေရပေါက်ကို သူတို့ ရှာကြလိမ့်မယ်၊ သက်သေခံပစ္စည်း ဖျောက်ဖျက်မှုနဲ့ အရေးယူလို့လည်း ရနေတယ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မောင်ရာ" ဟာရှေဘလောက်က ခေါင်းညိတ်ပြသည်။ "ပြီးတော့ လီယိုဖူးချ်ဘတ် ပျောက်နေတဲ့အတွက်လည်း ခရိုင်ရာဇဝတ် တရားသူကြီးရုံး က အကြီးအကျယ် ဒေါသူပုန် ထနေတာ၊ ဘရှစ်ဟာလေ အမှုကြီးကို ကျုပ်တို့ ဖုံးထားတာများ ပေါ်သွားရင်တော့ အားလုံး ဒုက္ခဖြစ်ကုန်မယ်၊ လီယိုဖူးချ်ဘတ်ကလည်း ဒီအခွင့်အရေးကိုယူပြီး ပုန်းနေရာက ပြန်ထွက်လာမှာ မဟုတ်လား"

"ကျွန်တော်တို့ အဓိက ဦးစားပေးပြီး လုပ်ရမယ့် အလုပ်ကတော့ ဒီအလုပ် ပဲဟာရှေ၊ မိတ္တူပွားထားတာ ရှိမရှိ သိအောင် လုပ်ရမယ်၊ ရှိနေတယ်ဆိုရင် ဘယ်သူ့ လက်ထဲ ရောက်နေသလဲ ဆိုတာ ရအောင် စုံစမ်းရမယ်"

ရပ်ဆယ်သော့ပ်က အံကို ကြိတ်ထားရင်း ပြန်ပြောလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

## စန်တာကလာရာ၊ ပြူအာတို ကွေဗိုနိုင်ငံ၊ ဗုဒ္ဓဟူး၊ မေ ၁။ ည ၆း၁၅ နာရီ။

အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ် အလုပ်သမား တစ်ယောက်က ဟိုတယ်၏ အနောက်ဘက် မြက်ခင်းပြင်တွင် ကျိုးကြေနေသော လူရိုးနှင့် လူသွေးများကို စတင်တွေ့ရသည်။ ထို့ကြောင့် တာဝန်ရှိသော လက်ထောက်မန်နေဂျာကို အကြောင်း ကြားသည်။ မန်နေဂျာက ပုလိပ်အဖွဲ့ကို လှမ်းအကြောင်းကြားသည်။

ယူနီဖောင်းဝတ် ပုလိပ်စုံထောက်နှစ်ယောက် ရောက်လာသည်။ သူတို့ အဖို့ စိတ်ပါဝင်စားခြင်းလည်း မရှိပါ။ တက်ကြွလှုပ်ရှားခြင်းလည်း မရှိပါ။ ယခု အမှုသည် ထူးဆန်းသောအမှု မဟုတ်ပါ။ သည်အရပ် သည်ဒေသတွင် သည်လို အမှုမျိုး ဖြစ်လေ့ ဖြစ်ထရှိသည်မှာ ဖန်တရာတေလျက် ရှိပါပြီ။

ကွယ်လွန်သူ အမေရိကန် တိုင်းရင်းသား အာဝင်စပီဂယ်သည် တနင်္ဂနွေ နေ့တုန်းက အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ်သို့ ရောက်လာသည်။ ၂၈ထပ်မှာရှိသည့် တစ်နေ့လျှင် အခန်းငှားခ ဒေါ်လာ ၁၀၀၀ ကျသော အခန်းစုံ အခန်းကြီးကို ငှား ရမ်းသည်။ ညပိုင်းများတွင် လောင်းကစားဝိုင်းများမှာသာ အချိန်ဖြုန်းလေ့ရှိသည်။ ငွေအမြောက်အမြားကိုလည်း ရှုံးနေသည်။

အင်္ဂါနေ့ညတွင် ဂေါ်လီလှည့်ဝိုင်းမှာ ဝင်ကစားသည်။ ဒေါ်လာတစ်သိန်းခွဲ ရှုံးသွားသည်။ ထို့ကြောင့် ဆူဆူညံညံ လုပ်သည်။ စက်ခုံအောက်တွင် ခလုတ် အသေတပ်ထားပြီး ညစ်သောကြောင့် သူရှုံးရခြင်းဖြစ်သည်ဟု ဆူပူကန့်ကွက်သည်။ ကစားဝိုင်း အစောင့်အရှောက်များက သူ့ကို လူချင်းညှပ်ပြီး အပြင်ကို ဆွဲထုတ်ခဲ့ရ သည်။ ထိုသို့ အပြင်သို့ ထုတ်ပေးလိုက်ရသည်မှာ ညသန်းခေါင်ကျော်စ အချိန်ကလေးလောက် ဖြစ်မည်ဟု ဆိုကြသည်။

ဟိုတယ် ညစာရေးနှင့် အလုပ်သမားတို့၏ အစစ်ခံချက်အရ အာဝင်စပီဂယ်သည် ဟိုတယ်သို့ ပြန်ရောက်လာချိန်၌ အကြီးအကျယ် ဒေါသ ပေါက်ကွဲနေသည်။ ဓာတ်လှေကားထဲသို့ ဝင်ပြီး သူ့ဟာသူ အပေါ်ထပ်သို့ မောင်းတက်သွားသည်။ ထို့နောက် အဝါရောင် ညဝတ်အင်္ကျီကို ဝတ်ပြီး ပြတင်းပေါက်မှ ခုန်ချသွားခြင်း ဖြစ်နိုင်သည်။ ထိုသို့ ခုန်ချသွားသည့် အကြောင်းရင်းမှာလည်း ထွေထွေထူးထူး ဖြစ်နိုင်ဖွယ်ရာ အကြောင်းမရှိပါဟု ဆိုကြသည်။

သူ တည်းနေသည့် အခန်းထဲမှာ ရှာကြည့်သောအခါ ခရီးသွား ချက်လက်မှတ် စာအုပ်လည်း မတွေ့၊ အခြားဘဏ်နှင့် ပတ်သက်သည့် အထောက်အ ထားများလည်း မတွေ့။ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com


(၅၀၀) နီးပါးလောက်ကိုသာ ငွေသားအဖြစ် တွေ့ ရသည်။ သူတည်းနေသည့် အခန်းအတွက် နေ့တစ်ဝက်ခပင် မပေးချေလောက်ပေ။

"သူ့ ကိုယ်သူ သတ်သေသွားတာပါ"

စုံထောက် အရာရှိက ပုခုံးနှစ်ဘက်ကိုတွန့်လိုက်ပြီးပြောသည်။ သို့သော် သူ၏ စုံစမ်းစစ်ဆေး တွေ့ရှိချက်မှတ်တမ်းကိုရေးသောအခါ ပြတင်းပေါက်မှ မတော်တဆကျပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု ရေးတည့်လိုက်လေသည်။

လောင်းကစားဝိုင်းများ တရားဝင်ကျင်းပနေသည့်နေရာ အနီးတစ်ဝိုက်၌ ယခုလို အမှုမျိုးဖြစ်ပွါးလာလျှင် သည်အတိုင်းသာ မှတ်ချက်ရေးကြစမြဲဖြစ်သည်။ လောင်းကစားဝိုင်းတွင် ငွေရှုံးသောကြောင့် သူ့ကိုယ်သူသတ်သေသွားသည်ဟု မှတ်ချက်ရေးလျှင် ပြဿနာတွေအများကြီးတက်လာနိုင်သည်။ ဥပဒေအရ လောင်းကစားဝိုင်းတွေ ပိတ်ပစ်ဖို့ တောင်းဆိုလာနိုင်သည်။ လောင်းကစားဝိုင်းများတွင်လည်း လူစည်ကားမှုလျော့ပါးသွားမည်။

စန်တာကလာရာမြို့မှာရှိနေသော အမေရိကန်ကောင်စစ်ဝန်ရုံးမှ အရာရှိများကလည်း အတော်စိတ်ပျက်သွားကြသည်။ ပြီးတော့ ဟိုတယ်ပေါ်မှကျသေသွားသည့် အာဝင်စပီဂယ်ကိုလည်း ကျိန်ဆဲကြသည်။ စပီဂယ်သည် အမေရိကန် တိုင်းရင်းသားဖြစ်နေသောကြောင့် သူတို့အတွက် သက်သက်အလုပ်ပို တစ်ခုဖြစ်လာသည်။

သို့သော် အင်ကမ်းကုမ္ပဏီကြီး၏ ပင်လယ်ရပ်ခြားဆိုင်ရာ စီးပွားရေး လုပ်ငန်းများဌာန၏ ဒုတိယဥက္ကဌ ဂျက်ဖရေစပင်ဇာက ဝင်ရောက်ဖြေရှင်းပေးလိုက်သဖြင့် အစစအဆင်ပြေသွားပါသည်။

"ဒီကိစ္စ အုတ်အော်သောင်းတင်းမဖြစ်အောင် လုပ်ရင်ကောင်းမယ်၊ လိုအပ်တဲ့စုံစမ်းမှုတွေ ကျွန်တော်တို့လဲလုပ်ပြီးပါပြီ၊ စပီဂယ်ဟာ အမေရိကန်နိုင်ငံသား ဖြစ်ပေမယ့် မက်ဆီကိုနိုင်ငံမှာနေတယ်လို့သိရတယ်၊ မက်ဆီကိုမြို့မှာရှိနေတဲ့ သူ့ဇနီးဆီကို ကျွန်တော့် လက်ထောက်တစ်ယောက်က ဖုန်းလှမ်းဆက်ပြီးပါပြီ၊ ကျန်တဲ့ ပစ္စည်းတွေ သူ့ဆီပို့ပေးဖို့ပြောပါတယ်၊ အဲဒီအတွက် ကုန်ကျမယ့် စရိတ်တွေကို ကျွန်တော်တို့အင်ကမ်းကုမ္ပဏီကပဲ စိုက်ထုတ် အကုန်ခံလိုက်ပါ့မယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ ဟိုတယ်မှာတည်းနေတဲ့ ဖောက်သည်မဟုတ်လား၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ဘာတာဝန်မှ ယူစရာမလိုပါဘူး"ဟု ဂျက်ဖရေစပင်ဇာက ပြောသည်။

ထိုစကားကိုကြားရသောအခါ ကောင်စစ်ဝန်ရုံးမှ အရာရှိများ အလွန် ပျော်သွားကြသည်။

"စပီဂယ်က ကျွန်တော်တို့ ကောင်စစ်ဝန်ရုံးကို အကြောင်းကြားပြီး မှတ်ပုံတင်မထားတဲ့အတွက် ဒီကိစ္စမှာ ကျွန်တော်တို့ကလဲ ဘာမှတ်ချက်မှ ဝင်မရေးချင်တော့ပါဘူး မစ္စတာစပင်ဇာ"

ဂျက်ဖရေ စပင်ဇာကလည်း သူ့အဖြစ်ကိုပင် သူပြန်ပြီး ဝမ်းသာရ သေးတော့သည်။ ပထမနေ့ ညဦးပိုင်းကရောက်လာခဲ့သော အာသာမိုရယ်၏လူများသည် ယနေ့မနက် (၆)နာရီတွင် ပထမဦးဆုံးထွက်သော လေယာဥ်ပျံဖြင့် ကာရကတ်စ် မြို့သို့ ပြန်လည်လိုက်ပါသွားခဲ့ကြလေပြီ။ ပြတင်းပေါက်ကိုကျော်ပြီး သူတို့ပစ်ချခဲ့ကြသည့် လူတစ်ယောက်၏အလောင်းကို အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ်အလုပ်သမားများမတွေ့မီ(၁၅)မိနစ်အလိုက ထွက်ခွာသွားနှင့်ကြခြင်းဖြစ်သည်။

လုပ်ငန်းကျွမ်းကျင်မှုနှင့် အချိန်တိကျမှုရှိပုံကို တွေးပြီးစပင်ဇာက စိတ်ထဲမှ ချီးကျူးလိုက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

## လော့အိန်ဂိလိစ်၊ ဗုဒ္ဓဟူး၊ မေ ၁၂၊ နံနက် ၉း၀၀ နာရီ။

ဟာရှေဘလောက်နှင့် ရပ်ဆယ်သော့ပ်တို့ နှစ်ယောက်သည် ဘီဗာလီ ဟေလ်တန်ဟိုတယ်တွင် မနက် ၄ နာရီထိုးသည်အထိ စကားပြောခဲ့ကြသည်။ ယခုမနက် ၉ နာရီထိုးတော့ ဟာရှေ၏ရုံးတွင် ပြန်ဆုံကြပြီး မပြီးပြတ်သေးသည်များ ကို ဆက်လက်ဆွေးနွေးကြပြန်သည်။

"နယူးယောက်က ကျွန်တော့်ရုံးမှာရှိနေတဲ့ ပက်ထရစ်ရှာဂါဗေးနဲ့ လီယိုဖူးချ်ဘတ်တို့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေက မပြည့်စုံဘူး၊ သဘောလောက်ရေးထားတာတွေ ဖြစ်နေတယ်၊ ဂရေဂရီမီနာရှင်နဲ့ပက်သက်လို့တော့ ကျွန်တော် ဘာမှမသိဘူး" ဟု ရပ်ဆယ်သော့ပ်က ဟာရှေကို ပြောပြသည်။

"ဒါအတွက်တော့ မပူပါနဲ့ မောင်ရာ" ဟု ဟာရှေဘလောက်က ပြန်ပြောသည်။ ပြုံးလည်းပြုံးပြသည်။ သို့သော်လည်း သူ့အပြုံးမှာ ပင်ပန်းနွမ်းနယ်နေသည့် အပြုံးဖြစ်နေသည်။ "ဒီလောကမှာ ရှိနေတဲ့ လူတော်တွေနဲ့ ပတ်သက်ပြီး ပြည့်စုံအောင် ကျုပ်တို့ စုဆောင်းထားကြရတယ်၊ အပြန်အလှန် စုဆောင်းနေကြတာပဲ၊ အလစ်မပေးတဲ့ သဘောပေါ့"

ဟာရှေက အင်တာကွန်းခလုတ်ကိုနှိပ်ပြီး လုံခြုံရေးဌာနသို့ လှမ်းခေါ်သည်။ ပြီးတော့ လိုအပ်သည့် ကိုယ်ရေးဖိုင်တွဲများလာပို့ရန်ပြောလိုက်သည်။

"စာရွက်စာတမ်းတွေကတော့ တောင်ပုံရာပုံပဲ မောင်ရေ"

"မေးခွန်းကလေးတွေ ကျွန်တော် ထပ်မေးပါရစေဦး. . .၊စီဘီစီနဲ့ ကန်ထရိုက်စာချုပ်တွေဟာ. . . . ."

ရပ်ဆယ်သော့ပ်၏စကား တစ်ပိုင်းတန်းလန်းနှင့် ရပ်သွားသည်။ ဟာရှေ ဘလောက်၏ အတွင်းရေးမှူးအသံက အင်တာကွန်းမှပေါ်လာသည်။

"တယ်လီဖုန်းလာပါတယ် မစ္စတာ ဘလောက်၊ အနှောင့်အယှက် မပေးပါနဲ့လို့ ကျွန်မကိုမှာထားတာမှတ်မိပါတယ်၊ဒါပေမယ့်ကျွန်မတို့ ကုမ္ပဏီဥပဒေရေးရာ ဌာနက မစ္စတာ ရှန်းကသိပ်ကိုအရေးကြီးတဲ့ ကိစ္စလို့ပြောပါတယ်ရှင်"

"ဒုက္ခပါပဲကွာ . . . လိုင်းပေါ်တင်လိုက် . . ." ဘလောက်က တယ်လီဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုင်လိုက်သည်။" ဘာပြဿနာ ပေါ်လာပြန်တာလဲရွှန်း" ထိုသို့ပြောပြီး မိနစ်အနည်းငယ်ကြာအောင် သူနားထောင်နေသည်။ သူ့အမူအရာကလည်း နားထောင်နေရင်း ဒေါသဖြစ်သည့် အမူအရာသို့ပြောင်းလာသည်။ "ကောင်းပြီ၊ ဘာလုပ်ရမယ်ဆိုတာ ဒီမနက်ပဲကျုပ်ပြန်ပြောမယ်" တယ်လီဖုန်းကိုပြန်ချလိုက်ပြီး ရပ်ဆယ်သော့ပ် ကိုစိုက်ကြည့်နေသည်။

"မီနာ ရှင်လက်ထဲမှာ မိတ္တူပွားတွေရှိမရှိ ကျုပ်တို့ခေါင်းရှုပ်ခံပြီး စဉ်းစားနေစရာမလိုတော့ဘူး၊ သူ့လက်ထဲမှာရှိတယ်၊ အခုရှောဘက်နားလင်းကို ပေးလိုက်ပြီ၊ ဒီနေ့မနက်ရှစ်နာရီတုန်းက အမျိုးသမီးတစ်ယောက်နဲ့ နားလင်းသွားတွေ့တယ်၊ ဘရုစ်ဟာလေ သူ့ကိုယ်သူ သတ်သေတုန်းက ရှိနေခဲ့တဲ့ အမျိုးသမီးပဲ၊ အဲဒီအမျိုးသမီးရဲ့ နာမည်နဲ့လိပ်စာ ချာလီဝုဖ်ရဲ့ မှတ်တမ်းထဲမှာပါတယ်၊ အမှန်အတိုင်းဖွင့်ပြောဖို့ ရှောဘက်နားလင်းက အမျိုးသမီးကိုပြောတယ်၊ လောလောဆယ်တော့ အမျိုးသမီးက ငြင်းလိုက်တယ်၊ ပြီးတော့ ကျုပ်တို့ဥပဒေရေးရာဌာနကို ဖုန်းလှမ်းဆက်ပြီး အကျိုး အကြောင်းပြောပြတယ်၊ ဇာတ်လမ်းကတော့ ရှင်းပါတယ်၊ ကျုပ်တို့ဆီက ငွေထပ်လိုချင်တဲ့သဘောပေါ့၊ ကျုပ်တို့က ငွေမပေးရင် ရှောဘက်နားလင်းနဲ့ သွားပေါင်းလိုက်မယ်ဆိုတဲ့ သဘောပေါ့"

တစ်ပြားမှမပေးနဲ့" ရပ်ဆယ်သော့ပ်ကစီးကရက်ကို အချိန်အကြာကြီး ဖွာရှိုက်နေသည်။ "နာမည်စာရင်းထဲမှာ လူဆယ့်တစ်ယောက်ပါတယ်လို့ ကျွန်တော့်ကို ခင်ဗျား ပြောဖူးတယ်ထင်တယ်"

"ဟုတ်တယ်၊ သူတို့ပွဲလုပ်တဲ့ အိမ်ရှင်အပါအဝင် ဆယ့်တစ်ယောက်"

"ဟာရှေ . . . နားလင်းဟာ သူတို့အားလုံးဆီကို လိုက်ပြီးချဉ်းကပ်မှာပဲ၊ ဒီလိုကပ်လိုက်ရင် သူတို့အားလုံးက ကျွန်တော်တို့ ပင်သီယွန်ကုမ္ပဏီကို ငွေထပ်ညှစ် ကြမှာပဲ၊ ဒါကြောင့်ခင်ဗျားဘယ်လောက်ပဲပေးပေး သက်သေထဲက သုံးလေးယောက် လောက်ရအောင်တော့ ဗားဟတ်က လုပ်နိုင်မှာပဲ၊ အဲဒီတော့ ကျွန်တော်တို့က ငွေပေးတာ အကြောင်းမထူးဘူး၊ ပက်ထရစ်ရှာဂါပေးက နေတစ်ဆင့် တရားရုံးကို ချဉ်းကပ်လိမ့်မယ်"

ရပ်ဆယ်သော့ပ်က စီးကရက်တိုကို ပြာခံခွက်ထဲသို့ ထိုးခြေထည့်လိုက်ပြီး သူ့စကားကို ဆက်ပြန်သည်။

"ဒီမှာဟာရှေ . . . . ဗားဟတ်နဲ့ သူ့လူတွေဟာ ဒီကိစ္စကိုတစ်ညတည်းနဲ့ အပြီးမလုပ်နိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် လေးငါးခြောက်ရက်တော့ သူတို့အချိန်ယူရမယ်၊ ဒါဟာ ကျွန်တော်တို့အဖို့ ရှောင်သာတိမ်းသာနိုင်လောက်တဲ့ အခွင့်အရေးမျိုးပဲ၊ ရှောဘက်နားလင်းလုပ်နေတာတွေ အချိန်ကြာနိုင်သမျှကြာအောင် ခင်ဗျားဆွဲထားပါ၊ သူတို့ထဲမှာ အနည်းနဲ့အများ အရှုပ်အထွေးတွေပေါ်ပြီး နားလည်မှုတွေပျက်ကုန်အောင် လုပ်ထားပါ၊ ဆမ်နဲ့ ကျွန်တော်တွေ့ရင် အချိန်ပိုပြီးဆွဲထားနိုင်အောင် ငွေထပ်သုံးဖို့ ကျွန်တော်ပြောမယ်"

"ဘယ်သူ့ဆီက ဘယ်လိုအခြေအနေကောင်းလာနိုင်မှာလဲ" ဟု ဟာရှေဘလောက်က ဇဝေဇဝါနှင့်မေးသည်။

"စောစောက တယ်လီဖုန်းမလာခင် ကျွန်တော်မေးခဲ့တဲ့မေးခွန်းကိုပဲ ပြန်မေးရဦးမယ်၊ စီဘီစီနဲ့ ကန်ထရိုက်စာချုပ်အကြောင်းလေ၊ အဲဒီ စာချုပ်ထဲမှာပါတဲ့ အချက်တချို့တစ်ဝက်ကိုများ မှတ်မိမလား"

"ဘယ်က တချို့တစ်ဝက်ရမှာလဲ၊ စာချုပ်ထဲမှာပါသမျှ အားလုံးကို တစ်လုံးမကျန် ကျုပ်အလွတ်ရတယ်"

"အဲဒီထဲမှာ ကျွန်တော်တို့ လွတ်မြောက်နိုင်တဲ့ ကယ်ပေါက်တော့ ရှိရမှာ ပေါ့ဗျာ၊ ကန်ထရိုက်စာချုပ်တွေမှာ ထုံးစံအတိုင်း တစ်ခုခုတော့ ထွက်ပေါက်ရှိစမြဲပဲမဟုတ်လား"

"ဒီစကားဟာသွေးထွက်အောင်မှန်တာပေါ့ မောင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



စီဘီစီနှင့် ပင်သီယွန် တယ်လီဗီးရှင်းကုမ္ပဏီတို့ ချုပ်ဆိုထားသည့် ကန်ထရိုက်စာချုပ်ကို ဟာရှေဘာလောက်က ရွတ်ပြသည်။ ထိုအထဲတွင် ရပ်ဆယ်သော့ပ် စိတ်ဝင်စားသော အချက်နှစ်ချက် ပါလာသည်။

"တည်ဆဲတရားဥပဒေများကိုသော် လည်းကောင်း၊ အကျင့်စာရိတ္တအရသော် လည်းကောင်း၊ စောင့်ထိမ်းအပ်သည့် ကျင့်ဝတ်သီလများကိုသော်လည်းကောင်း စာချုပ်သူ နှစ်ဦး အနက်တစ်ဦးဦးက ချိုးဖောက်ခဲ့သော်. . . "

"သဘောတူစာချုပ်သူ တစ်ဦးဦးအပေါ် အများပြည်သူများက အထင်သေး အမြင်သေး ဖြစ်စေမည့် အပြုအမူများကို ကျန်တစ်ဦးကမပြုလုပ်ရန်နှင့်. . . "

ထိုအချက်များကို ကြားရသောအခါ ရပ်ဆယ်သော့၏ မျက်လုံးစိမ်းများသည် အရောင် တဖိတ်ဖိတ်တောက်လာကြလေသည်။

"အရေးပေါ်အစီအစဉ်တွေတော့ ကျွန်တော်တို့ လုပ်ကြရတော့မယ် ဟာရှေ့. . . အခု ခင်ဗျားပြောတဲ့ အချက်နှစ်ချက်ဟာ ကျွန်တော်တို့အတွက် ထွက်ပေါက်လို့ သဘောထား ရမယ်"

"မောင်ဘာတွေပြောနေတာလဲ၊ ကျုပ်နားမလည်တော့ဘူး"

"ထင်ကျန်နေရစ်ခဲ့တဲ့ခြေရာအတိုင်း လိုက်ရမယ်၊ စီဘီစီဟာ သူတို့ လုပ်ငန်းတွေ အောင်မြင်အောင် တရားမဝင် လာဘ်ထိုးပြီးဥပဒေ ချိုးဖောက်ခဲ့တယ် မဟုတ်လား၊ အဲဒီပြဿနာ ကြီးပေါ်ပေမယ့် သူတို့ကုမ္ပဏီထဲမှာ အရေးယူတာတွေ၊ ရာထူးကထွက်တာတွေ မဖြစ်ခဲ့ဘူး၊ တခြားကုမ္ပဏီတွေ ဒီပြဿနာမျိုးပေါ်တုန်းက အရေးယူခဲ့ကြတယ်၊ ဒါဟာစောင့်ထိမ်းအပ်တဲ့ ကျင့်ဝတ်သီလများကို သူတို့ဘက်က စတင်ချိုးဖောက်တာပဲ"

ရပ်ဆယ်သော့ပ်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြန်သည်။ ဟာရှေဘာလောက်ကမူ စိတ်ရှုပ်ထွေးသည့် အမူအရာဖြင့် သူ့ကိုငေးကြည့်နေသည်။

"အဲဒီပြဿနာဖြစ်ပြီးတဲ့နောက်ပိုင်းမှာ စီဘီစီရဲ့ အဆင့်အတန်းဟာ အောက်ခြေ ရောက်အောင်လျှောကျသွားတယ်၊ ဒီအခြေအနေကိုပြန်ထိန်းနိုင်အောင် သူအစွမ်းကုန်ကြိုးစား နေတယ်၊ ကျွန်တော်တို့ကုမ္ပဏီကလဲ သူ့ကို ရုပ်မြင်သံကြား ဇာတ်လမ်းတွေနဲ့ ပံ့ပိုးပေးနေရတယ် မဟုတ်လား၊ စီဘီစီအပေါ်မှာ အများပြည်သူ တို့ရဲ့အမြင်ကလဲ သိပ်ကောင်းတော့တာ မဟုတ်ဘူး"

"အဲဒါ နဲ့ ဘာဆိုင်သလဲ"

"ခင်ဗျားသင်ခဲ့ရတဲ့ စစ်ဆင်ရေးနည်းပရိယာယ်တွေကို ပြန်သတိရပါ ဟာရှေ၊ ရန်သူကိုအငိုက်ဖမ်းဖို့ အကောင်းဆုံးနည်းလမ်းဟာ နောက်ဆုတ်ပေးတာက လွဲပြီး ဘာမှမရှိဘူး မဟုတ်လား၊ ကိုယ်က နောက်ဆုတ်ပေးလိုက်တဲ့အခါမှာ ရန်သူက သူတို့အနိုင်ရပြီထင်ပြီး အတင့်ရဲလာလိမ့်မယ်၊ ကိုယ့်အပေါ်မှာ အထင်သေးသွားမယ်၊ အဲဒီလို အတင့်ရဲလိုက်လာပြီး သူတို့တပ် ကိုယ့်နယ်မြေထဲကို ကျွံလာတော့မှ စိတ်တိုင်းကျ ချေမှုန်းတာဟာ အကောင်းဆုံးစစ် ဆင်ရေးနည်းပရိယာယ်ပဲ မဟုတ်လား၊ ဒါကြောင့် စီဘီစီစောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်သိက္ခာများ ကို မစောင့်ထိန်းတဲ့အတွက် သူတို့နဲ့ ချုပ်ဆိုထားတဲ့ ကန်ထရိုက်စာချုပ်ကို ကျွန်တော်တို့က ဖျက်သိမ်းပစ်မယ်၊ ဒါကို ကျွန်တော်တို့ကြောက်လို့ နောက်ဆုတ်သွားပြီလို့ ဗားဟက်ကထွက်မယ်၊ ကျွန်တော်တို့ လက်မြှောက်အရှုံးပေးပြီး ထွက်ပြေးသွားပြီလို့ သူ့ဘက်ကကောက်ချက်ချမယ်၊ တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့ လက်လွှတ်ခဲ့တဲ့ ကန်ထရိုက်လုပ်ငန်းနေရာမှာ သူ့ရဲ့ စင်တီနယ် ကုမ္ပဏီကို ထိုးသွင်းလာလိမ့်မယ်"

"ကျုပ်တို့က ကန်ထရိုက်စာချုပ်ကို ဖျက်လိုက်ရင် ကျုပ်တို့အတွက် ဒေါ်လာ သန်းပေါင်း ရာနဲ့ချီပြီး ဆုံးရှုံးသွားတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အေးအေးထားပြီးစဉ်းစားပါ ဟာရှေ့၊ စီဘီစီဟာ ကျွန်တော်တို့နဲ့ ကန်ထရိုက်စာချုပ်ကိုဖျက်ပြီး စင်တီနယ်နဲ့ ဆက်ချုပ်မယ်ဆိုရင် ထုံးတမ်းစဉ်လာအတိုင်း လုပ်တဲ့သဘောပဲ၊ ပင်သီယွန်နေရာမှာ အစားဝင်လာတဲ့ စင်တီနယ်က စီဘီစီလိုတဲ့ ဇာတ်လမ်းတွေကို ရိုက်ပေးရမယ် မဟုတ်လား"

"ဒါ မှန်တယ်လေ၊ ဒါပေမယ့် ကျုပ်တို့အလုပ်မရှိပဲ ဒုက္ခရောက်ပြီပေါ့"

"ထပ်စဉ်းစားကြည့်ပါဦး ဟာရှေ့၊ ပင်သီယွန်က သူတို့စာချုပ်ကို ဖျက်လိုက်ပြီဆိုရင် ဘာဇာတ်လမ်းမှ ဆက်ရိုက်နေဖို့ မလိုတော့ဘူး၊ တစ်ခါတည်း ရပ်ပစ်လိုက်ရုံပဲ၊ ဒီနေရာကို စင်တီနယ်ကအစားထိုးရလိမ့်မယ်၊ ဒါပေမယ့် သူ့မှာ ဘာမှပြင်ဆင်ထားပြီးသားမရှိဘူး၊ ဇာတ်ကားဝေးလို့ ဇာတ်ညွှန်းတောင် သူ့လက်ထဲမှာ အဆင်သင့်မရှိသေးဘူး၊ ဒါဆိုရင် စင်တီနယ်ရဲ့ဘဝ ရေစုန်မျောပြီ"

"ပင်သီယွန်လဲ ကြွေးတင်ကျွန်ဖြစ်ပြီ မဟုတ်လား"

"မဖြစ်နိုင်ပါဘူးဗျာ၊ စင်တီနယ်နဲ့ အလုပ်မဖြစ်မှန်းသိတာနဲ့ စီဘီစီဟာ ကျွန်တော်တို့ခြေထောက်အောက်ကို ရောက်လာပြီး ခယတောင်းပန်ရတော့မှာပါ၊ အဲဒီအခါကျတော့ ကျွန်တော်တို့စိတ်ကြိုက် စည်းကမ်းဥပဒေတွေကို လုပ်နိုင်ပြီ မဟုတ်လား"

ဟာရှေ့ဘလောက်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"မောင်ဟာ အင်မတန်တော်တယ်လို့ ကျုပ်ထင်ခဲ့တယ် သော့ပ်၊ ကျုပ် မှားသွားတယ်၊ မောင့်ခေါင်းထဲမှာ ချေးတွေချည်းပဲရှိတယ်"

ရပ်ဆယ်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး ထိုင်ရာမှထသည်။

"အဲဟို ဖိုင်တွဲတွေ အဆင်သင့်ဖြစ်ပြီဆိုရင် ကျွန်တော်သွားမယ်၊ ဆမ်ကို ဖုန်းဆက်ပြီး သူ့ရဲ့သဘောထားကိုတောင်းပါ၊ ဒီနေ့ ညနေပိုင်းကျရင် ကျွန်တော်လဲ သူ့ဆီကို လှမ်းဆက်လိုက်ပါဦးမယ်"

"ကျုပ်က သူ့ကိုဖုန်းဆက်ပြီးဘာသွားပြောရမှာလဲ" ဟာရှေ့ဘလောက်က အော်မေးသည်။ သူ့ဒေါသက အမြင့်ဆုံးသို့ရောက်လာသည်။

"ခင်ဗျားဟာ ပင်သီယွန်ကုမ္ပဏီနဲ့ ဆမ်အပေါ်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ပါ ဟာရှေ့၊ ဘာပဲဖြစ်ဖြစ် ဆမ်နဲ့ကျွန်တော်သဘောတူထားတာ တစ်ခုရှိတယ်၊ အင်ကမ်း ကုမ္ပဏီနဲ့ ဖြစ်ကြရတော့မယ့် ဒီစစ်ဆင်ရေးမှာ ကျွန်တော်ဟာစစ်ဆင်ရေးမှူးပဲ၊ နောက်ဆုံးအဆုံးအဖြတ်ကတော့ ဆမ်ရဲ့လက်ထဲမှာရှိတာ မှန်ပါတယ်။ ဒီစစ်ဆင်ရေး ကို ဒီနေ့ကစပြီး ဆင်နွှဲဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ၊ ဒါကြောင့် ဆမ်ကခင်ဗျားကို ဘာမှမပြောသေးသမျှ ကာလပတ်လုံး ကျွန်တော် ညွှန်ကြားတာတွေကိုပဲ ခင်ဗျား လိုက်နာပါ၊ ရန်သူကြားထဲမှာ အရှုပ်အထွေးတွေ ပေါ်ကုန်အောင်လုပ်ပါ၊ ရောဘက် နားလင်းနဲ့ မတ်သက်တဲ့သတင်းတွေ ကျွန်တော့်ကိုပေးပါ၊ ပြီးတော့ လိုအပ်တဲ့ လှုပ်ရှားမှုတွေကို အမြန်ဆုံးလုပ်ဖို့အတွက် အဆင်သင့် ဖြစ်နေပါစေ"

"ကိုယ့်လူ. . . မင်းက မင်းကိုယ်မင်း ဘာကောင်ထင်နေသလဲကွ"

ဟာရှေ့ကဒေါသတကြီးအော်လိုက်သည်။ ရပ်ဆယ်သော့ပ်က ပြုံးရုံသာ ပြုံးသည်။

"ကျွန်တော်ဟာ ရန်သူတွေကြားထဲမှာ အခြေအနေတွေ ရှုပ်ထွေးကုန်အောင် လုပ်တော့မယ့် အကောင်ပေါ့ဗျာ၊ ခင်ဗျားနဲ့ပြိုင်ပြီး ငြင်းနေဖို့ ကျွန်တော့်မှာ အချိန်လဲမရှိဘူး၊ ခွန်အားလဲမရှိဘူး ဟာရှေ့၊ ဒါကြောင့် နှုတ်ဆက်ခဲ့ပါပြီ၊ ခင်ဗျားနဲ့ ကျွန်တော် အမြဲတမ်း အဆက်အသွယ်လုပ်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၁း၃၀ နာရီ

ပင်သီယွန်ကုမ္ပဏီပိုင် မော်တော်ကားပေါ်မှာ ဖိုင်တွဲပေါင်းများစွာကိုတင်ပြီး ဘီယာလီ ဟောလ်တန် ဟိုတယ်သို့ ရပ်ဆယ်သော့ပ်ပြန်လာခဲ့သည်။ ဒရိုင်ဘာကို စောင့်ခိုင်းထားပြီးသူ့အခန်း ရှိရာသို့ တက်ခဲ့သည်။ ကမန်းကတန်း ရေချိုးသည်။ ကော်ဖီကြမ်းကို တစ်ဝသောက်သည်။

ပြီးတော့ တယ်လီဖုန်း လမ်းညွှန်စာအုပ်ကိုဖွင့်ပြီး တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ် လေတော့သည်။

လမ်းညွှန်စာအုပ်ထဲမှ နံပါတ်အတိုင်းလှည့်လိုက်သည်။ သူ့ဘက်က ကံကောင်းနေပါ သည်။

"ဂရေဂရီမီနာရှင် ခရီးသွားနေပါတယ်ရှင်၊ လေးငါးရက်လောက်ကြာ ပါလိမ့်မယ်ရှင်" ဟူသောအဖြေကို ပြန်ရသည်။

တယ်လီဖုန်းကိုပြန်တင်ရင်း သူပြုံးလိုက်သည်။ ထို့နောက် ကာလီဖိုးနီးယား ဗဟို ဘဏ်တိုက်သို့ဆက်သည်။

"ဂရေဂရီမီနာရှင်ရဲ့ ငွေစာရင်းနံပါတ်ကို ဘယ်လောက်မြန်မြန် ရှာပေးနိုင်မလဲ" ဟု သူက မန်နေဂျာကိုမေးသည်။

"မိနစ်ပိုင်းအတွင်းရပ့ါမယ် မစ္စတာသော့ပ်"

"ကောင်းတယ်၊ အဲဒီငွေစာရင်းထဲကို ဒေါ်လာတစ်သိန်းပြောင်းထည့်ပေးပါ မေယာကို ကုမ္ပဏီ လုံခြုံရေးဌာနက ငွေကိုယူပြီးထည့်ပါ၊ ပုဂ္ဂိုလ်ရေး အကူအညီပေးမှုအတွက် ပေးသွင်းငွေ လို့ဖော်ပြပါ၊ အဲဒီလို ငွေသွင်းပြီးကြောင်း အထောက်အထား စာရွက်စာတမ်းတွေရဲ့ မိတ္တူကို နာရီဝက်အတွင်းကျွန်တော့်ဆီအရောက် ပို့ပေးနိုင်မလား"

"စိတ်ချပါခင်ဗျာ၊ အချိန်မီဖြစ်အောင်စီစဉ်ပေးပါ့မယ်"

ရပ်ဆယ်သော့ပ်ကကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြန်သည်။ မီနာရှင်သည် မေယာကို ကုမ္ပဏီနှင့် မည်သို့မှ မပတ်သက်ပါ။ သူ့ငွေစာရင်းထဲသို့ မေယာကို ကုမ္ပဏီမှ ငွေတစ်သိန်း ဝင်လာသည်ကိုလည်း သူသိမည်မဟုတ်ပါ။ သို့သော်လည်း ထိုအဖြစ်အပျက်များကို သူသိရသော အချိန်တွင် ဇာတ်လမ်းတွေက အများကြီး ရှုပ်နှင့်ပေတော့မည်။ သူ့အပေါ်တွင်လည်း မယုံသင်္ကာ မှုတွေ ကြီးမားစွာ ဖြစ်ပေါ် နေတော့မည်။

နောက်ထပ် တယ်လီဖုန်းတစ်လုံးကိုခေါ်ပြန်သည်။ လော့စ်အိန်ဂျလိစ် သတင်းစာ တိုက်မှ သတင်းအယ်ဒီတာ ဒွန်ရန်ကင်ကိုခေါ်ခြင်းဖြစ်သည်။ သူနှင့် ဒွန်ရန်ကင်မှာ လုပ်ဖော် ကိုင်ဖက်ဟောင်းများဖြစ်သည်။

"ဒီမြို့ထဲမှာ ကိုယ်တစ်နာရီ နှစ်နာရီလောက်ပဲနေနိုင်တော့မှာပါ ဒွန် . . . မောင်ရင့်ကို နှုတ်ဆက်ရုံနဲ့ သတင်းအစကလေးတစ်ခုပေးချင်လို့ ဆက်တာပါ၊ ဒီသတင်းကို ဘယ်ကရတယ်လို့ ပြန်မမေးနဲ့၊ ဒါပေမယ့် ခိုင်လုံတယ်၊ ရာဇဝတ် တရားရုံးက လီယိုဖူး၍ကို ရှာနေတယ်မဟုတ်လား"

"တရားရုံးကတင် ရှာနေတာ မဟုတ်ဘူးမောင်၊ သူ့ကိုဖမ်းမိအောင် သတင်း ပေးနိုင်ရင် ဆုငွေပေးမယ်လို့လဲ အင်ကမ်းကုမ္ပဏီက ကြေငြာထားတယ်၊ ဒီနေ့မနက်ပဲ ကြေငြာချက်ထုတ် လိုက်တယ်"

အလွန်တော်သည့် လှည့်ကွက်ကလေးတစ်ခုဖြစ်ကြောင်း ရပ်ဆယ်သော့ပ်က တွေးလိုက်မိသည်။ ထို့ကြောင့် သူ့အမြင်ကို အကျဉ်းချုံးပြီး ဒွန်ရန်ကင်အား ပြောပြလိုက်သည်။

"ကိုယ်ကြားထားတဲ့အတိုင်းဆိုရင်တော့ သူတို့တမင် လှည့်ကွက် လုပ်လိုက်တာပဲ၊ ပြုအာတိုကွေဒို နိုင်ငံထဲမှာ လီယိုဖူး၍ဘက်ရှိနေကြောင်း ကိုယ့်သတင်းပေးကပြောတယ်၊ အာဝင်စပီဂယ်ဆိုတဲ့ နာမည်လိမ်နဲ့ရောက်နေတယ်၊ အင်ကမ်း ကုမ္ပဏီကြီးက သူ့ကိုရှာမတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာအကြောင်းတော့မရှိပါဘူး၊ သူတို့ ကိုယ်တိုင်က ဝှက်ထားတာမဟုတ်လား"

"ကိုယ်တို့ ဆက်စုံစမ်းကြည့်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် ရပ်စ်"

ရပ်ဆယ်သော့ပ်က စိတ်ထဲမှကျိတ်ပြီးဘုရားတလိုက်သည်။ တတိယ တယ်လီဖုန်းကို ခေါ်ပြန်သည်။ ယခုတစ်ကြိမ်ကတော့ အလွန်အရေးကြီးသည်။ ပက်ထရစ်ရှာဂါဗေးသည် သူ့ရုံးမှာရှိနေမည်ဆိုလျှင်၊ ပြီးတော့ သူ့ကိုလည်း လက်ခံစ ကားပြောမည်ဆိုလျှင် အင်ကမ်းကုမ္ပဏီ၏ ထိပ်ဆုံးသို့ရောက်အောင်တက်ပြီး ခြေထိုးလိုက်နိုင်ခြင်းပင်ဖြစ်ပေတော့မည်။

"ကျုပ်နာမည် ရပ်ဆယ်သော့ပ်ပါ" တစ်ဖက်က တယ်လီဖုန်းကိုင်သည့် အမျိုးသမီးကို သူကပြန်ပြောသည်။ "မေယာကို ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌပါလို့ မစ္စဂါဗေးကိုပြောပြပေးပါ"

တော်တော်နှင့်တစ်ဖက်ကစကားပြန်မရ၊ အတော်ကြီးကြာတော့မှ အသံ ကြားရသည်။

"ဟယ်လို မစ္စတာသော့ပ် . . . ပက်ဂါဗေးစကားပြောနေပါတယ်၊ မိတ်ဆွေ တစ်ယောက်အနေနဲ့ တယ်လီဖုန်းဆက်တာတော့ မဖြစ်နိုင်ပါဘူးနော်"

အသံကလေးကတော့ အတော်သာယာသည်။ သို့တည်းမဟုတ် သာယာအောင် တမင်ကြိုးစားပြီး ပြောခြင်းလဲဖြစ်နိုင်သည်ဟု ရပ်ဆယ်ကတွေး လိုက်မိသည်။

"လုပ်ငန်းအကြောင်းပြောကြရအောင် ကျွန်တော်နဲ့ နေ့လယ်စာ အတူတူ လာစားဖို့ ဖိတ်ခေါ်ပါတယ်"

"ဝမ်းနည်းပါတယ်၊ ရှင်နဲ့တွေ့စရာ ဘာအကြောင်းမှမရှိပါဘူး"

"ဒီလိုလဲ အပြတ်မပြောလိုက်နဲ့ဦးလေ၊ ခင်ဗျားတို့ ကြိတ်ကြံထားတာတွေက ဖူးပေါ် သလိုပေါ်နေပြီ"

"ရှင်တို့ဟာ ရှင်တို့ ဖြစ်ချင်ရာဖြစ်၊ ရှင့်ဟာရှင်သေချင်တဲ့ သင်္ချိုင်းကုန်း သွားသေလို့ ပြောဖို့ ကျွန်မအနေနဲ့ ဘာမှ ဝန်မလေးဘူးနော်"

"ခင်ဗျားတို့ လုပ်ထားတာတွေ ပေါ်ကုန်ပြီလို့ ကျွန်တော်ပြောတယ်လေ၊ ဂရေဂရီမီနာရှင် ကို ခင်ဗျားတို့သိပ်ယုံထားတယ်မဟုတ်လား၊ အဲဒါတွေပေါ်ကုန်ပြီ၊ ခင်ဗျားတို့ကိုသူက ရေထဲ တွန်းချလိုက်ပြီလေ" ရုတ်တရက် ပေါ်ထွက်လာမည့် အာမေဋိတ်သံကို တစ်ဖက်က အချိန်မီ တိန်းလိုက်ကြောင်း ရပ်ဆယ်သော့ပ်က သိလိုက်သည်။ "ချာလီဝုဖ်ရဲ့ မှတ်တမ်းတွေနဲ့ ရောဘက်နားလင်း ရဲ့အကြောင်းတွေ ကျွန်တော့်ကို ပြောပြသွားပြီးပြီ"

တစ်ဖက်က လုံးလုံးကြီးတိတ်သွားသည်။ ခဏကြာတော့မှ အသံပြန် ပေါ်လာသည်။

"ကောင်းပြီ၊ မာမေဆန်မှာတွေ့မယ်၊ ဆယ့်နှစ်နာရီခွဲ"

ရပ်ဆယ်သော့ပ်က နောက်တီးနောက်တောက် လေသံမျိုးဖြင့် ပြန်ပြော သည်။

"မာမေဆန်ကိုသွားရင် ခင်ဗျားအတွက်သင့်လျော်လိမ့်မယ်လို့ ကျွန်တော် မထင်ပါ ဘူးဗျာ၊ တခြားတစ်နေရာကို ကျွန်တော်နဲ့ အတူတူသွားရင်လဲ သင့်လျော်မှာ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူတူ ခင်ဗျားတွဲသွားတဲ့အတွက် ခင်ဗျားနဲ့ ကျွန်တော် တိတ်တိတ်ပုန်း ညားနေကြပြီလို့ လူတွေကထင်သွားမှာပေါ့၊ ဒါမှမဟုတ် ရင်လဲ ကျွန်တော်တို့နှစ်ယောက် လျှို့ဝှက်မှုတစ်ခုခုကို ကျိတ်ပြီး ကြံစည်နေကြပြီလို့ ထင်ကြလိမ့်မယ်၊ ကျွန်တော့်အနေနဲ့ကတော့ ဘာမှ နစ်နာစရာအကြောင်းမရှိပါဘူး၊ ဒါပေမယ့် ဒီအကြောင်းတွေ ခင်ဗျားရဲ့အင်ကမ်းကုမ္ပဏီက ကြားသွားမယ်ဆိုရင် . . ."

"ထားလိုက်ပါတော့၊ရှင်ကဘယ်မှာတွေ့ချင်တာလဲ"

"ဘီဗာလီဟောလ်တန်ဟိုတယ်မှာ ရှိနေတဲ့ကျွန်တော့်အခန်း ၆၀၂ စိတ်ချ ရအောင် ခင်ဗျားအတွက် အထိန်းတော်တစ်ယောက်ယောက်ခေါ်လာ ချင်သပ ဆိုရင်ခေါ်လာနိုင်ပါတယ်"

ပက်ထရစ်ရှာဂါဗေးသည် အခြေအနေများကို အပြေးအလွှား စဉ်းစားသည်။ ရပ်ဆယ်သော့ပ်ပြောပုံမှာ အလွန်တရာပိုင်နိုင်သည့် လေသံမျိုးဖြစ်နေသည်။ဟိုခွေးသူခိုးကြီး



www.burmeseclassic.com

www.burmeseclassic.com


မီနာရှင် ဘာတွေလုပ်လိုက်ပြီနည်း။ သူ့ကိုယုံစားထားခဲ့သည်များကို ယခုသစ္စာဖောက်ပြီး တစ်ဖက်ရန်သူထံသို့ သွားရောင်းစားလိုက်ပြီနှင့်တူသည်။ ထို့ကြောင့်လည်း ရပ်ဆယ်သော့ပ် ဘာလိုချင်သည်ကိုသိရအောင်တော့ ကြိုးစားသင့်သည်ဟု ပိုင်းဖြတ်လိုက်သည်။

"ကောင်းပြီ၊ ဆယ့်နှစ်နာရီခွဲ" ပက်ထရစ်ရှာဂါဗေက စကားဆုံးသည်နှင့် ဟယ်လီဖုန်းကို ပစ်ချလိုက်သည်။

"တိုင်းမ်သတင်းစာတိုက်က သတင်းထောက်တစ်ယောက် ဖုန်းဆက်နေပါတယ်ရှင်" တယ်လီဖုန်းပစ်ချပြီးသည်နှင့် တစ်ပြိုင်တည်း ပက်ထရစ်ရှာဗေး၏ အတွင်းရေးမှူးအသံက အင်တာကွန်းမှ ပေါ်လာသည်။ "ပြူအာတိုကွေဒို နိုင်ငံမှာ လီယိုဖူးခ်ျဘက်ရှိနေတယ်ဆိုတဲ့ ကောလာဟာလသတင်းနဲ့ ပတ်သက်လို့ ဘာ ထင်မြင်ချက်များပေးလိုပါသလဲလို့ မေးပါတယ်"

"ဘာ" ပက်ထရစ်ရှာဂါဗေး၏ ရင်ထဲမှာဆို့ကျပ်သွားသည်။ ချက်ချင်းပင် သူ့ကိုယ်သူ ပြန်ထိန်းလိုက်နိုင်သည်။ ထို့ကြောင့် ပုံမှန်လေသံနှင့် ပြန်ပြောသည်။ "သူ့ကိုပြောလိုက်ပါ (တိုင်းမ်) သတင်းစာက သတင်းတစ်ခုခုကို ရတယ်ဆိုရင် ခရိုင်ရာဇဝတ် တရားသူကြီးရုံးကို အကြောင်းကြားပါ" စကားပြောခွက် ခလုတ်ကို ပြန်ပိတ်ရင်း စဉ်းစားနေရပြန်သည်။ ပြီးတော့ အရေးကြီး တယ်လီဖုန်းကို လှမ်းကိုင် သည်။

\+ + +

ရပ်ဆယ်သော့ပ်သည် တိုးတက်လာသည့် အခြေအနေများကြောင့် အတော် စိတ်ချမ်းသာနေသည်။ သူအဝတ်အစားလဲ၍ပြီးကာနီးချိန်လောက်တွင် ကာလီဖိုးနီးယား ဗဟိုဘဏ်တိုက်က စာပို့သမားရောက်လာပြီး စာအိတ်တစ်လုံး ပေးသွားသည်။

စာအိတ်ကိုဖွင့်ပြီးစစ်ဆေးကြည့်သည်။ ဂရေဂရီမီနာရှင်၏ ငွေစာရင်းထဲသို့ ဒေါ်လာ တစ်သိန်းထည့်ပေးလိုက်ကြောင်း၊ "ပုဂ္ဂိုလ်ရေး အကူအညီပေးမှုအတွက် ပေးသွင်းငွေ"ဟု သူပြောသည့်အတိုင်း ဖော်ပြထားကြောင်းများကိုတွေ့ရသည်။ ထပ်ဆင့်လက်မှက်ထိုးထားခြင်း မရှိသည့် အချက်နှင့် မီနာရှင်ကိုယ်တိုင်က လက်ခံရရှိကြောင်း လက်မှက်ရေးထိုးထားခြင်း မရှိသည်တို့ကို ပက်ထရစ်ရှာဂါဗေး သတိ မပြုမိပဲ ရှိနိုင်ကောင်း၏ဟုတွက်လိုက်မိသည်။

ဘာတွေဖြစ်လာတော့မည်ကို ရပ်ဆယ်သော့ပ်တွေးကြည့် နေမိသည်။ အတိုက်အခိုက် ရက်စက်ကြမ်းကြုတ်သော ပေါလ်ဗားဟတ်သည် ယခုတစ်ချီ ခံပေဦး တော့ဟုစဉ်းစားလိုက်မိရင်း ပို၍ပျော်သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

### နယူးယောက်မြို့၊ ဗုဒ္ဓဟူး၊ မေ ၁၂၊ မွန်းလွဲ ၃ း ၀၀ နာရီ။

ပေါလ်ဗားဟတ်သည် သူ့ရုံးခန်းထဲတွင်ထိုင်ပြီး ဆီးဂတ်သံမဏိ ကော်ပိုရေးရှင်းမှ ဒါရိုက်တာတစ်ယောက်နှင့် စကားပြောနေသည်။ ဆီးဂတ်နှင့် အင်ကမ်းကုမ္ပဏီတို့ ပူးပေါင်းပြီး မည်သို့သောလုပ်ငန်းများကို လုပ်ကိုင်ဖို့ စီစဉ်ထားကြောင်းများကို ဗားဟက်က ရှင်းပြနေခြင်း ဖြစ်သည်။

"ဆီးဂတ်သံမဏိလုပ်ငန်းကော်ပိုရေးရှင်းကို ပိုပြီးခေတ်မီအောင်လုပ်ဖို့နဲ့ ထပ်ပြီး ချဲ့ထွင်ဖို့ ကျွန်တော်တို့ ဒေါ်လာသန်းပေါင်းများစွာသုံးမှာဖြစ်ပါတယ်၊ ဒီအတွက်လဲ အားလုံး စီစဉ်ထားပါတယ်၊ ဒီအတိုင်းလုပ်သွားရင် နောက်လေးငါးနှစ် ကြာတဲ့အခါမှာ ဆီးဂတ်ဟာ. . ."

"နောက် လေးငါးနှစ်ကြာရင် ကျွန်တော်လဲ ကုမ္ပဏီကအနားယူပြီးဖြစ်နေ လောက်ပါပြီ၊ ကျွန်တော်ပိုင်တဲ့ရွက်လှေပေါ်မှာ အေးအေးဆေးဆေး အနားယူနေတဲ့ အချိန်ဖြစ်မှာပါ"ဟု ဆီးဂတ် ဒါရိုက်တာက ဗားဟတ်၏စကားကို ဖြတ်ပြီး ခြောက်ကပ်ကပ် ဝင်ပြောသည်။"

ဗားဟတ်က ထိုအချက်ကိုယူပြီး ချက်ချင်းစကားရောဖောရော ပြောပစ် လိုက်သည်။

"မှန်တာပေါ့ဗျာ"

"မှန်တာပေါ့ဗျာ၊ ကျွန်တော်တို့ကုမ္ပဏီရဲ့ ကျောထောက်နောက်ခံနဲ့ဆိုရင် ဆီးဂတ်ဟာ နှစ်ဆကြီးကျယ်သွားမယ်၊ သုံးဆကြီးကျယ်သွားမယ်၊ ဒါရိုက်တာအဖွဲ့ဝင်တွေကို ဆုကြေးတွေ အများကြီးပေးနိုင်မယ်၊ ခင်ဗျားအနေနဲ့လဲ ရည်မှန်းထားတာထက် စောစောပိုပြီး အငြိမ်းစား ယူနိုင်မယ်ဗျာ၊ အခုလက်ရှိပိုင်နေတဲ့ ဗိမ်ခံသင်္ဘောထက်ပိုကြီးတဲ့ သင်္ဘောကိုတောင် ဝယ်နိုင်ဦးမယ် ဗျာ"

"မစ္စတာဗားဟတ်. . . နောက်ခံသမိုင်းတွေက ရှိပါသေးတယ်ဗျာ၊ ကုမ္ပဏီတစ်ခုကို အင်ကမ်းကုမ္ပဏီကဝင်ပူးပေါင်းလိုက်ပြီဆိုယင် ပထမ ကုမ္ပဏီမှာရှိနေတဲ့ ဘုတ်အဖွဲ့ဝင် လူကြီးတွေ ကို တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ ကန်ထုတ်စမြဲပါပဲ"

"ဆီးဂတ်ကုမ္ပဏီမှာ ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တာဝန်ယူတယ်ဗျာ၊ ဘယ်တော့မှ မဖြစ်စေရဘူး၊ အင်ကမ်းကုမ္ပဏီဟာ ခင်ဗျားတို့ကြိုက်တဲ့ စည်းကမ်းချက်တွေအားလုံးကို . . . . . ခဏကလေးခွင့်ပြုပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သူစကားပြောတုန်းတန်းလန်း အရေးကြီးသောတယ်လီဖုန်းမှ မီးနီကလေး ပွင့်လာသည်။ အရေးကြီးတဲ့ကိစ္စကိုငါလုပ်နေပြီဆိုရင် တစ်ယောက်ယောက်ကတော့ ဝင်နှောင့်ယှက်စမြဲပဲဟု စိတ်ထဲမှကျိတ်၍ ကျိန်ဆဲလိုက်ပြီး တယ်လီဖုန်းကို ကောက်ကိုင်သည်။ ပက်ဂါပေး၏ အသံကိုကြားရသည်။ ဧည့်သည်ရှိနေသောကြောင့် အတတ်နိုင်ဆုံး မျက်နှာကို ပြုံးပြုံးထားရသည်။

"အရေးကြီးတဲ့ဧည့်သည်နဲ့ အရေးကြီးတဲ့ကိစ္စ ကိုယ်တိုင်ပင်နေတယ် ပက်. . . နောက်တစ်နာရီလောက်ကြာတော့မှ ပြန်ဆက်ရင်မဖြစ်နိုင်ဘူးလား"

"မဖြစ်ဘူး၊ သိပ်အရေးကြီးတယ်၊ ကျွန်မတစ်ကယ်ပြောနေတာ၊ အဲဒီမှာ ဘယ်လိုဧည့်သည်မျိုးပဲရှိရှိ မောင်းထုတ်ပစ်လိုက်ပါ"

ပေါလ်ဗားဟတ်သည် တယ်လီဖုန်း စကားပြောခွက်ကို လက်နှင့်အုပ်ကိုင်ရင်း ထိုင်ရာမှထသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ အရေးပေါ်ကိစ္စတစ်ခုကပေါ်လာလို့. . ."

"ရပါတယ်ဗျာ" ဆီးဂတ်ကုမ္ပဏီ ဒါရိုက်တာက ထိုင်ရာမှထသည်။ "ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နောက်ထပ် ဆက်ဆွေးနွေးစရာအကြောင်းလဲဘာမှ မရှိတော့ပါဘူး၊ ကျွန်တော်တို့ ကုမ္ပဏီနဲ့ ပူးပေါင်းဖို့ကိစ္စကို ကျွန်တော်လုံးဝလက် မခံနိုင်ပါဘူး၊ သွားပါဦးမယ်. . . မစ္စတာဗားဟတ်" ဧည့်သည်သည် ဗားဟတ်နှင့် လက်ဆွဲ နှုတ်ဆက်ခြင်းပင် မပြုတော့ပဲ ထွက်သွားတော့သည်။

ပေါလ်၏မျက်နှာမှာ ညိုမည်းသွားသည်။ ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပစ်ချလိုက်သည်။

"ဟဲ့ကောင်မ . . . အကုန်လုံးဒုက္ခရောက်ကုန်အောင် နင်သက်သက် ဝင်ရှုပ်တယ်၊ ဆီးဂတ်ကုမ္ပဏီက ဒါရိုက်တာကိုငါဖမ်းနေပြီ၊ သူစိတ်ပြောင်းတော့မယ့် ဆဲဆဲအချိန်မှာ နင်ဖျက်ဆီးပစ်လိုက်တယ် နင်ပြောစရာရှိတယ်ဆိုရင်. . . . ." ဗားဟတ်ကတယ်လီဖုန်းစကားပြောခွက်ထဲသို့ အသံကုန်အော်ထည့်လိုက်သည်။

"ရှင့်အပေါက်ကြီးကိုပိတ်ထားစမ်း. . . . ပေါလ်၊ ကျွန်မတို့ အကုန် ဒုက္ခရောက်ကုန်ပြီ" ပက်ထရစ်ရှာဂါပေးက ထိုသို့ပြောပြီး ရပ်ဆယ်သော့ပ်နှင့်ပြောခဲ့ရသည့် အကြောင်းများကို အတိုချုပ်ပြောပြလိုက်သည်။

နောက်ထပ်ပေါ်လာသည့် ပြဿနာသစ်ကို အာရုံစိုက်လိုက်သဖြင့် ပေါလ်ဗားဟတ်၏ဒေါသမှာပြေပျောက်သွားသည်။

"ကောင်းပြီ၊ မီနာရှင်ဆိုတဲ့အကောင်ကို ကိုယ်တို့ဆော်မယ်၊ ဒီကောင် စင်တီနယ်ကုမ္ပဏီထဲကိုမဝင်စေနဲ့တော့၊ သူ့ဟာသူ လျှာမြက်ပေါက်ပြီး သေပေစေ၊ ဒီကိစ္စအတွက်ဘာမှမပူနဲ့၊ ချာလီဝုဖ့်ရဲ့ မှတ်တမ်းမူပွားတွေ တို့လက်ထဲမှာ တစ်ရာလောက်ရှိတယ်၊ ဒါဆိုရင် လုံလောက်နေပြီပဲ၊ သက်သေနှစ်ယောက်လောက်ကိုရအောင် လုပ်နိုင်ရင်ပဲ ပင်သီယွန်နဲ့ မေယာအမှုန့်ကြေသွားအောင် ခြေပစ်လိုက်လို့ရပြီ"

"ဒီထက်ပိုဆိုးတာ ကျွန်မမှာရှိနေသေးတယ်၊ တိုင်းမ်သတင်းစာက ဖုန်းလှမ်းဆက်တယ်၊ လီယိုဖူးချ်ဘက် ပြုအာတိုကွေဒိုနိုင်ငံထဲမှာ ရှိနေတယ်ဆိုတဲ့ သတင်း မေးတယ်" ထိုသို့အပြောတွင် ပေါလ်ဗားဟတ်က အားပါးတရ ရယ်ချလိုက်သောကြောင့် ပက်ထရစ်ရှာကြောင်သွားသည်။ "ရှင်တို့သတင်းရရင် တရားရုံးကို ကြောင်းကြားပါလို့ ကျွန်မပြန်ပြောလိုက်တယ်"

"ကောင်းတယ်၊ သူတို့ဟာသူတို့ မြေလှန်ပြီးရှာပေစေ၊ ဖူးချ်ဘက်ကိုဘယ်တော့မှ သူတို့မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"သူ့ကို တခြားတစ်နေရာရာ ရှင်ပြောင်းပို့ ထားလိုက်ပြီလား"

ပေါလ်ဗားဟတ်က ပိုပြီးကျယ်လောင်စွာ ရယ်ပြန်သည်။

"ပက်. . . ဒါဝမ်းနည်းစရာသတင်းကွ၊ အာဝင်လား. . . အာဗင်လား . . . ထားပါတော့၊ အဲဒီ အာဗင်စပီဂယ်ဆိုတဲ့ အကောင်တစ်ယောက်ဟာ အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ်အပေါ် ထပ် ပြတင်းပေါက်ကနေပြီး အရက်မူးလွန်ပြီး ထိုးကျသေသွားတယ်"

ပက်ထရစ်ရှာဂါဗေးက မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။တစ်ဖက်ကပြောနေသည့် အသံကိုလည်း ဆက်နားမထောင်ရဲတော့အောင် ဖြစ်သွားသည်။ ဗားဟတ်၏ လေသံက ရှုကြောင်ကြောင်ဖြစ်သွားသလိုလို၊ အပေါ်စီးရသွားသလိုလို အသံမျိုးသို့ ပြောင်းသွားသောအခါကျမှ ပြန်နားထောင် လိုက်သည်။

"မင်းအခုလိုဖုန်းဆက်တာကျေးဇူးတင်ပါတယ် ပက်၊ ဆီးဂက်ကုမ္ပဏီက အကောင်က ကိုယ့်ကိုအရေခွာမလို့ ကြံနေတယ်၊ မင်းဖုန်းမဆက်ရင်လဲ သူ့ကို ကန်ထုတ်တော့မယ့်ဆဲဆဲပဲ" ထိုစကားကိုပြောရင်း စောစောတုန်းက သူဘာတွေ ပြောခဲ့သည်ကိုပင် မေ့သွားတော့သည်။ သူ့ကိုယ်သူ ယုံကြည်သည့်စိတ်များလည်း ပြန်ဝင်လာသည်။ ဆီးဂတ်ကုမ္ပဏီတွင် ဒါရိုက်တာများ ဒါဇင်နှင့်ချီရှိနေသည်။သုံးယောက်ကိုရအောင် သူစည်းရုံးထားပြီးပြီ။ သူ့ဘက်က လူများစုဖြစ်လာအောင် ကျန်လူများကိုလည်းသူဆက်ပြီး စည်းရုံးနိုင်ဦးမည်ဖြစ်သည်။ ထိုသို့စဉ်းစားမိသောအခါ သူ့ခေါင်းထဲသို့ အကြံသစ်တစ်ခုဝင်ရောက်လာလေတော့သည်။

"မင်းရဲ့ ရပ်ဆယ်သော့ပ်ဆိုတဲ့ အကောင်ကိုတွေ့ရင် ကိုယ်ကပြောတယ်လို့. ကိုယ့်ကုမ္ပဏီမှာ အလုပ်ပြောင်းလုပ်နိုင်ရင် သိန်းနဲ့ချီပြီးလစာပေးမယ်လို့၊ အမြတ်တော်ကြေးလွတ်တဲ့ အထွေထွေကုန်ကျစရိတ်တွေလဲ ပေးမယ်လို့၊ ကုမ္ပဏီမှာ အစုရှယ်ယာပါဝင်ခွင့်. . ."

"ဘုရားရေ. . . ရှင်ဘယ်လိုဖြစ်သွားပြန်တာလဲ"

"ဘာကြောင့်လဲဆိုတော့ သူ့ကိုအလုပ်ခန့်ချင်တယ်၊ ဒါမှသူ့ကိုပျော်ပျော်ပါးပါးကြီး အလုပ်ထဲက ကန်ထုတ်ပစ်နိုင်မှာမဟုတ်လား၊ မင်းသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့ နားလည်ပါပြီ၊ ကျွန်မအစွမ်းကုန်ကြိုးစားပါ့မယ်၊ ဒါပဲနော်"

ပက်ဂါဗေးသည် အကြောင်သားငေးနေမိသည်။ အာဝင်စပီဂယ်. . . လီယိုဖူး၍ဘတ် . . . ယခုတော့သူသွားလေပြီ။ သူမြတ်နိုးတွယ်တာသည့် စိန်လက်စွပ် ကလေးကိုပင် ဝတ်ဆင်ထားခွင့်မရလိုက်ရှာပေ။ ထိုအကြောင်းကို စဉ်းစားရင်း သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။

ပြီးတော့ ရောဘက်နားလင်းအကြောင်းကို စဉ်းစားမိပြန်သည်။ သူတို့ဘက်သို့ နားလင်းပါလာစေရန် သူ့တစ်ကိုယ်လုံးကို ပုံပေးခဲ့ရသည်။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော နားလင်း၏ရင်ခွင်ထဲမှ သူ့အဖြစ်ကိုပြန်စဉ်းစားရင်း သူ့တစ်ကိုယ်လုံး ပိုမိုအေးစက်လာသည်။ ထိုအတွေးများကို ဖျောက်ပစ်လိုက်သည်။ လောလောဆယ် ရင်ဆိုင်နေရသည့် အဖြစ်အပျက်ဆီသို့ အာရုံကို ပြန်လည်စုယူလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## လော့စ်အိန်ဂျလိစ်၊ ဗုဒ္ဓဟူး၊ မေ ၁၂၊ မွန်းလွဲ ၁၂း၃၀ နာရီ။

ရပ်ဆယ်သော့ပ်ကို မြင်တွေ့လိုက်ရသောအခါ ပက်ထရစ်ရှာဂါဗေး အံ့အားသင့်သွားသည်။ အလွန်ကြီးမားသော ကုမ္ပဏီကြီးတစ်ခု၏ ထိပ်တန်းတာဝန် များကိုထမ်းဆောင်ရသော ဒုတိယဥက္ကဋ္ဌဆိုသူသည် အသက်ကခပ်ကြီးကြီး၊ ပြီးတော့ ကောက်ကျစ်စဉ်းလဲသည့် ပုံစံမျိုး၊ လူတကာကို ဒုက္ခပေးမည့် သူမျိုး ဖြစ်ရပေမည်ဟု သူတွေးဆထားခဲ့သည်။

ယခု ရပ်ဆယ်သော့ပ်ကိုတွေ့ရသောအခါ အထင်နှင့်အမြင်အားလုံးပါ စင်အောင် လွဲကုန်တော့သည်။ ရပ်ဆယ်သော့သည် အလွန်စွဲမက်စရာကောင်းသော လူချော၊ လူလှ တစ်ယောက်ဖြစ်နေသည်။ မှန်ပါသည်။ သူတွေ့ခဲ့ဖူးသည့် ယောကျ်ားသားများထဲတွင် ယောကျ်ား အပီသဆုံးနှင့် စွဲမက်စရာအကောင်းဆုံးသော ယောကျ်ား တစ်ယောက်ဖြစ်နေသည်။

ရပ်ဆယ်သော့ပ်ကလည်း အံ့အားသင့်နေသည်။ ကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌလုပ်နေသူ အမျိုးသမီးသည် ငယ်ငယ်ရွယ်ရွယ်တော့ မဖြစ်နိုင်။ သည်လောက် ချောမောလှပလိမ့်မည်ဟု လည်း ထင်မထားမိ။ ယခုတော့ ဆံပင်နီနီနှင့် ပက်ထရစ်ရှာဂါဗေးသည် စွဲမက်စရာကောင်းသော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသောအခါ နှစ်ယောက်စလုံး လျှပ်စစ်ဓာတ်နှင့် တို့လိုက်သလိုဖြစ်သွားသည်။ သို့သော်လည်း သူတို့နှစ်ယောက်သည် ရန်သူတော်များဖြစ်သည်။ တစ်ယောက်ကို တစ်ယောက် အပြတ်အသတ် တိုက်ခိုက်ရတော့မည့်သူများ ဖြစ်သည်ဆိုသည်ကို လည်း စိတ်ထဲမှ အလိုလိုသိနေကြ သည်။

"ခံတွင်းလိုက်သွားအောင် အရက်ကလေးအရင်သောက်လိုက်ကြသေးတာပေါ့၊ ပြီးတော့မှနေ့လည်စာမှာတာပေါ့နော်"ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

"ကောင်းပါတယ်၊ ငါးဥများများထည့်ပေးပါ၊ တခြားဘာမှမထည့်ပါနဲ့၊ ကျွန်မ နေ့လည်စာစားရင် မာတီနီပဲသောက်တတ်ပါတယ်"

သော့ပ်က ငါးဥများကို ပန်းကန်မောက်အောင် ထည့်ပေးလိုက်သည်။ မာတီနီကိုလည်း ထည့်ပေးသည်။ ထို့နောက်မှ သူ့အရက်ခွက်မှာ အရက်ဖြည့်ပြီး ကုလားထိုင်မှာဝင်ထိုင်သည်။ သို့သော်လည်း ပက်ထရစ်ရှာဂါဗေးနှင့် ခပ်လှမ်းလှမ်းမှာ ထိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ လုပ်ငန်းအကြောင်းမပြောခင် နာမည်ကိုစွအရင်ပြောကြဦးစို့လား၊ မစ္စတာတွေ၊ မစ္စတွေလုပ်မနေကြပါနဲ့၊ ရင်းရင်းနှီးနှီးနာမည်ပဲခေါ်ကြတာပေါ့"

ပက်ထရစ်ရှာ၏အကွက်ကလေးကို ရပ်ဆယ်သော့ပ်က သဘောကျသွားသည်။ ထို့ကြောင့် တစ်ချက်ပြုံးလိုက်သည်။

"ကောင်းပါလေ့ဗျာ. . . ပက် နဲ့ ရပ်စ်ပေါ့" ထိုသို့ပြောရင်း ပက်ထရစ်ရှာ၏ ပန်းကန်ထဲမှ ငါးဥများကုန်သွားပြီကို သတိပြုလိုက်မိသည်။ "နည်းနည်းထပ်ယူပါဦးလား" ပက်ထရစ်ရှာခေါင်းရမ်းပြသည်။ "ဒီလိုဆိုရင် မာတီနီသောက်ပြီး နေ့လည်စာ စားတော့မလား"

ပက်ထရစ်ရှာဂါဗေး၏ ရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်လာသည်။ ထကြွလာသည့် စိတ်များကို နိုင်နင်းအောင် ထိန်းရမည်ဟုလည်းဆင်ခြင်မိသည်။ ထို့ကြောင့် မပြုံးပဲနေလိုက်သည်။

"စောပါသေးတယ် ထင်တယ်"

ထိုစကားကိုကြားသောအခါ ရပ်ဆယ်သော့ပ်က တစ်ချက် ပြုံးလိုက်ပြန်သည်။

"ကောင်းပါပြီဗျာ၊ ဧည့်သည်ရဲ့အလိုကို လိုက်ရမယ်ဆိုတာလောကနိယာ မတရားပါပဲ၊ မာတီနီမသောက်သေးဘူး၊ နေ့လည်စာမစားသေးဘူးဆိုရင် ကျုပ်တို့ လုပ်ရမှာက. . ."

"မီနာရှင်ကိစ္စ"

"ဟုတ်ပါတယ်" ရပ်ဆယ်ကစီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ပြောရမယ့် စကားလုံးများကိုလည်း စိတ်ထဲမှာကြိတ်ရှာနေသည်။ သူသည် မီနာရှင်ကို တိုက်ရိုက်အပြစ်ဆို၍ တော့မဖြစ်။ လိမ်လိမ်မာမာ ပြောတတ်ဆိုတတ်ရမည်ကိုလည်း စဉ်းစားလိုက်မိသည်။ "ကျွန်တော်ကြားဖူးထားသလောက်တော့ ဂရေဂရီမီနာရှင်ဟာ သိပ်ကိုမှတ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်လို့သိရပါတယ်၊ တစ်ကယ်လို့ ချာလီဝုဖ် ရဲ့မှတ်တမ်းတွေကိုများ သူမြင်ရမယ်ဆိုရင် အဖြစ်အပျက်အားလုံးကို မိနစ်စက္ကန့်နဲ့ အတိအကျပြန်မှတ်မိနေနိုင်တဲ့ ပုဂ္ဂိုလ်မျိုးလို့ ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်က ကျွန်တော့်ကိုပြောဖူးပါတယ်"

"ကျွန်မကို ဝေ့လည်ချောင်ပတ်တွေ လုပ်မနေပါနဲ့တော့ ရပ်စ်၊ လိုရင်းကိုပဲ တည့်တည့်ပြောပါ"

"ဒီလိုဆိုရင်လဲ ဝမ်းသာပါတယ်ဗျာ" ရပ်ဆယ်သော့ပ်ကထိုင်ရာမှထသည်။ သူ့အိတ်ထဲမှ စာရွက်များကိုထုတ်ယူလိုက်ပြီး ပက်ထရစ်ရှာရှိရာသို့ လျှောက်သွားသည်။ "ကျွန်တော်တို့မေယာကိုကုမ္ပဏီဟာ ကျားသနားမှ နွားချမ်းသာမယ်ဆိုတဲ့ ကုမ္ပဏီအမျိုးအစားထဲက မဟုတ်ပါဘူးဗျာ"

ပက်ထရစ်ရှာဂါဗေးက ရပ်ဆယ်သော့ပ်၏လက်ထဲမှ ငွေလွှဲသည့် စာရွက်စာတမ်းများကို လှမ်းကြည့်လိုက်သည်။"နောက်ကျောကို ဓားနဲ့ထိုးတဲ့ခွေးသားကြီး" ဟူလည်း ပါးစပ်မှ ခပ်တိုးတိုးထွက်သွားသည်။ ပြီးတော့မှ ရပ်ဆယ်သော့ပ်ရှိနေသည့် အဖြစ်ကို သတိရပြီး သူ့ကိုယ်သူပြန်ထိန်းလိုက်သည်။ ယခုလို သူ့အနားသို့ ရပ်ဆယ် သော့ပ် တိုးကပ်လာသည့်အတွက်လည်း သူမှာရင်တဖိုဖိုဖြစ်နေမိသည်။ သွေးခုန်နှုန်းများမြန်လာသည်။

ပက်ထရစ်ရှာ သေသေချာချာ စစ်ဆေးကြည့်ရှုခွင့် မရမီမှာပင် ရပ်ဆယ်သော့ပ်က စာရွက်စာတမ်း များကိုပြန်ယူသွားသည်။ အနီးကပ်ပြီး သေသေ ချာချာကြည့်နေလျှင် သူတို့အလိမ်များပေါ်သွားနိုင်သည်။ ထိုသို့ယူသွားသော်လည်း ပက်ထရစ်ရှာက ကန့်ကွက်ပြောဆိုခြင်း၊ စစ်ဆေးကြည့်ရှုခွင့်တောင်းခြင်း လုံးဝမပြု။ သူ့အနားမှ ခပ်မြန်မြန်ခွာသွားခြင်းကိုပင် ကျေးဇူးတင်ရသေးတော့သည်။ သည့်ထက် အနားသို့ ပိုကပ်လာလျှင်သူ့စိတ်သူ ထိန်းနိုင်တော့မည်မဟုတ်။ မတော်တရော်တွေ အားလုံးဖြစ်ကုန်တော့မည်။

သူ့စိတ်ကို သူအနိုင်နိုင် ပြန်ထိန်းပြီးသောအခါ တစ်ချက်ရယ်လိုက်သည်။

"ရှင်တို့ငွေတစ်သိန်းပေးလိုက်တာ ရေထဲလွှင့်ပစ်လိုက်သလို ဖြစ်သွားပြီ၊ ဒါကိုရှင်တော့ရော ရှင်တို့ဘာလုပ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဘာမှမလုပ်ပါဘူး ပက်"

"ဘာမှမလုပ်ရင် ဘာဖြစ်လို့ ကျွန်မကိုခေါ်ပြီးဒါတွေပြနေရတာလဲ"

"စိတ်ဓာတ်စစ်ဆင်ရေးလုပ်တာလေ၊ အခုဆိုရင် ကျွန်တော်တို့ဟာ မှောင်နဲ့ မည်းမည်း ထဲမှာ မမြင်မစမ်းထိုင်နေကြတာ မဟုတ်ဘူးဆိုတဲ့အကြောင်း ခင်ဗျားနဲ့ ဗားဟတ်သိသွားပြီ၊ ခင်ဗျားတို့ ယုံကြည်စိတ်ချထားတဲ့လူတွေထဲက ဘယ်လောက်များများဟာ မဖြစ်စလောက် ငွေကလေးအတွက် ခင်ဗျားတို့ကို သစ္စာများဖောက်ကြတော့မလဲဆိုပြီး ခင်ဗျားတို့ အခု စိတ်ပူကြရပြီမဟုတ်လား"

ပေါလ်ဗားဟတ်ပြောလိုက်သည့်စကားကို ပက်ထရစ်ရှာဂါဗေးက ပြန်လည် ကြားယောင်လာသည်။ ထို့ကြောင့် ငါးမျှားသည့် အလုပ်ကို သူစတင် လုပ်ကိုင်လေတော့သည်။

"ငွေတစ်သိန်းဆိုတာလဲ နည်းတဲ့ငွေမဟုတ်ပါဘူး ရပ်စ်"

"အခြေအနေပေါ်မှာ မူတည်တာပေါ့ဗျာ၊ မီနာရှင်လို အောင်မြင်နေတဲ့ ပုဂ္ဂိုလ်မျိုး အတွက် တစ်သိန်းခွဲဆိုတာ မဖြစ်လောက်ပါဘူး၊ သူဟာ အနည်းဆုံး နှစ်သိန်းခွဲလောက်က စရသင့်တဲ့လူပါ၊ နှစ်တိုင်းလဲ ဒီထက်ပိုပြီးရသွားသင့်တဲ့လူမျိုးပါ၊ အဲဒါတောင် အခုလို ငွေကလေး တစ်သိန်းအတွက် သူ့ရှေ့ရေးအလားအလာတွေကို စွန့်လွှတ်ပြီး အခုလို လုပ်ရဲတယ်ဆိုတော့"

"စိတ်ဝင်စားစရာပဲ၊ ဒီလောက်များတဲ့ငွေကိုတောင် ရှင်က နှစ်ပြားတစ်ပဲလို သဘောထားနိုင်တယ်ဆိုတော့ ရှင်ရနေတဲ့ဝင်ငွေဟာ သိပ်ကိုများနေမှာပဲထင်တယ်"

"ဒါလောက်လဲ မဟုတ်ပါဘူးဗျာ၊ မီနာရှင်နဲ့ မတိမ်းမယိမ်းလောက်ပါပဲ" မနေ့တုန်းက မေယာက သူ့ကိုလစာတိုးပေးလိုက်သောကြောင့် ထိုစကားကိုပြော နိုင်ခြင်းလည်းဖြစ်သည်။

"ခင်ဗျားသိချင်တာ တခြားဘာများရော ရှိသေးသလဲ"

"သိချင်တာကလေးတော့ ရှိသေးတယ်၊ အဲဒီထက်အစပေါင်းများစွာ ပိုများတဲ့ ငွေရေးကြေးရေးမျိုးရော ရှင်မလိုချင်ဘူးလား"

"ကျွန်တော်လဲ လောဘသားပဲဗျာ၊ ခင်ဗျားဘယ်လိုစကားတွေ ဆက်ပြောမယ်ဆိုတာ ကိုတော့ နားထောင်ချင်ပါသေးတယ်"

"ပေါလ် ကရှင့်ကို အင်ကမ်းကုမ္ပဏီမှာ အလုပ်လာလုပ်စေချင်ပါတယ်၊ အခု ရှင်လခ ဘယ်လောက်ပဲရနေနေ၊ အဲဒီလခရဲ့ နှစ်ဆပေးမယ်လို့ ပြောပါတယ်၊ ဒါကလဲ စစချင်း လခရင်းကိုပြော. . ."

"အင်း. . . ဒီစကားကိုပဲ ခင်ဗျားပြောလိမ့်မယ်လို့ ကျွန်တော်ကြိုတင် တွက်ဆ ထားပြီးသားပါ၊ ခင်ဗျားကိုပေးရမယ့်အဖြေကတော့ လက်မခံနိုင်ပါဘူး ဆိုတာနဲ့၊ ကျေးဇူးတင် ပါတယ်ဆိုတာပါပဲ၊ ဗားဟက်ကိုပြောရမယ့် အဖြေကတော့ လက်မခံ နိုင်ပါဘူး၊ ပြီးတော့ သူလုပ်စရာရှိတာတွေ ဆက်လုပ်ပါဆိုတာပါပဲ"

"ဒီအတိုင်းဆိုရင်တော့ ရှင်နဲ့ကျွန်မ ဒီကိစ္စကိုဆက်ပြီး ဆွေးနွေးစရာ အကြောင်း မရှိတော့ဘူး"

"မှားတာပေါ့ဗျာ" ရပ်ဆယ်သော့ပ်က စကားကိုမဆက်သေးပဲ ပက်ထရစ်ရှာကို အကြာကြီးစိုက်ကြည့်နေသည်။ မည်သည့်နေရာသည် အကောင်းဆုံးပစ်မှတ် ဖြစ်မည်နည်းဟု လည်း ချိန်ဆနေသည်။ "ချာလီဝုဖ်ရဲ့ မှတ်တမ်းတွေ ရောဘက်နားလင်းကိုပေးပြီး ဒီအကွက်တွေကို ဆင်ထားတာလဲ ခင်ဗျားပဲမဟုတ်လား၊ ကျွန်တော်တို့ဟာ အမှောင်ထဲမှာ မမြင်ကိုးကန်း လျှောက် နေကြတဲ့လူတွေ မဟုတ်ပါဘူးလို့ စောစောက ကျွန်တော်ပြောခဲ့ပြီးပါရောလား. . ."

ရပ်ဆယ်သော့ပ်က စကားကိုဖြတ်လိုက်သည်။ အဓိက ပစ်မှတ်ကိုထိသွားပြီ ဖြစ်ကြောင်းသိလိုက်သည်။ ပက်ထရစ်ရှာ၏ မျက်နှာပေါ်မှ သွေးရောင်ပျောက်သွားပြီး ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်ရှာက မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။ ရုတ်တရက် လူမမာ ဖြစ်သွားသည်။ ဘာတွေဖြစ်ကုန်ကြပြီနည်းဟု စဉ်းစားကြည့်မိသည်။ မေယာကို. . . ရပ်ဆယ်သော့ပ်. . . သူတို့သည်မိမိကို အလွတ်မပေးတမ်း စောင့်ကြည့်နေခဲ့ကြ ပြီ။ သူ့အိမ်မှ တယ်လီဖုန်းများကိုလည်း အသံဖမ်းထားပြီးပြီ။ ထိုမျှမက. . . လျှို့ဝှက်ကင်မရာများကိုပင် တပ်ဆင်ထားပြီးပြီ။ ဟောလီးဝုဒ်တွင် ထိုအလုပ်မျိုးကို မကြာခဏဆိုသလို လုပ်ကိုင်နေကြမြဲဖြစ်သည်။ မိမိကိုယ်တိုင်လည်း တခြားသူများကို ထိုအတိုင်း လုပ်ခဲ့ဖူးသည်။

"ဘုရား . . . ဘုရား" ရောဘက် နားလင်းကို သူဆွယ်တရားဟောတုန်းက တစ်ကိုယ်လုံးပုံပေးခဲ့သည့် အဖြစ်ကိုပြေးသတိရလိုက်သည်။ ထိုအဖြစ်အပျက်များကိုလည်း သူတို့၏ လျှို့ဝှက်ကင်မရာက အားလုံးရိုက်ပြီး ဖြစ်လိမ့်မည်။ ထိုအကြောင်းကို စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်တည်း သတိလစ်မလို ဖြစ်သွားသည်ထိုင်နေသည့် ကုရှင်ပေါ်မှ အောက်သို့ ထိုးကျသွားမလို ယိုင်သွားသည်။

ရပ်ဆယ်သော့ပ်က သူ့ဆီသို့ ခုန်ထသွားသည်။ ပခုံးနှစ်ဖက်ကိုသိုင်းဖက်ကာ ထိန်းပေးထားလိုက်သည်။ မျက်နှာကိုလည်းဆွဲမ ယူလိုက်သည်။ နှီနှစ်ရောင်သို့ ပြောင်းသွားသော သူ့အသားများမှာ ရေခဲလို အေးစက်နေကြသည်ကို တွေ့ရသည်။ နဖူးပေါ်မှာလည်း ချွေးများသီးလာသည်။

"ပက်. . . ဆရာဝန်ခေါ်ပေးရမလား"

"မခေါ်ပါနဲ့" သူ့အသံကလေး သဲ့သဲ့ကလေးမျှသာကျန်တော့သည်။ "တစ်ခုခုသောက်ချင်တယ်" ရပ်ဆယ်က ပက်ထရစ်ရှာ၏ မျက်နှာပေါ်မှ လက်ကို ရုပ်ပြီး ရှမ်ပိန်ပုလင်းကို လှမ်းဆွဲသည်။ "အဲဒါ မဟုတ်ဘူး" ထိုသို့ပြောရင်း ရောဘက် နားလင်း၏ လိမ်ကွေးနေသောခြေထောက်တစ်ဘက်ကို မျက်စိထဲမှာ မြင်ယောင်လာ သည်။ "တစ်ခုခုပေးပါ၊ ပိုပြီးပြင်းတဲ့ တစ်ခုခုပေးပါ" ဟုလည်းတောင်းပန်သည့် လေသံ နှင့်ပြောမိသည်။

ရပ်ဆယ်သော့ပ်က ပက်ထရစ်ရှာကို ဆိုဖာနောက်မှီပေါ်တွင်အလိုက်သင့် မှီပေးခဲ့သည်။ "ခဏကလေးစောင့်နော်" ဟုပြောပြီးအခန်းထောင့်ရှိ အရက်ပုလင်းများ ထားရာဘီဒိုသို့သွားသည်။ ဝီစကီပုလင်းကိုဆွဲပြီး ဖန်ခွက်တစ်လုံးထဲသို့ အပြည့်ထည့်သည်။ ပက်ထရစ်ရှာဆီ ပြန်လာပြီး နှုတ်ခမ်းနှင့် ဖန်ခွက်ကိုတေ့ ပေး သည်။ ပက်ထရစ်ရှာက အငမ်းမရသောက်လိုက်သည်။

"ဖြည်းဖြည်းသောက်" ဟု သူကသတိပေးသည်။

"ရပါတယ်" ပက်ထရစ်ရှာက ဗလုံးဗထွေးပြန်ပြောသည်။ ဝီစကီအရက် ဝင်သွားသောကြောင့် နေသာထိုင်သာ ရှိသွားသည်။ ခေါင်းထဲမှ အတွေးများလည်း ပြန်လည်ကြည်လင်လာသည်။ လျှို့ဝှက်ကင်မရာ တပ်ဆင်ထားခြင်းမရှိနိုင်။ ရောဘက်နားလင်းနှင့် သူဖြစ်ခဲ့သည်များကို ရုပ်ရှင်ရိုက်ထားခြင်းမရှိနိုင်။ ရပ်ဆယ်သော့ပ်သည် ထိုသို့သောလူစားမျိုးမဖြစ်နိုင်။ ယခု သူဆက်ဆံပုံ၊ ကိုင်ပုံတွယ်ပုံကလည်း အလွန်တရာ နူးညံ့သိမ်မွေ့နေသည်ဟုလည်း တသီကြီးစဉ်းစားနေမိသည်။

"သက်သာတယ်နော်"

ရပ်ဆယ်က ပါးနှစ်ဖက်နှင့် နဖူးကိုစမ်းကြည့်သည်။ စောစောကလို အေးစက်မနေတော့။ နဖူးပေါ်မှ ဇောချွေးများလည်းပျောက်သွားကြပြီ။ ထို့ကြောင့် သူ့လက်ကို ပြန်ရုပ်ရန်ဟန်ပြင်လိုက်သည်။

"ဟင့်အင်း၊ ဟင့်အင်း"

ပက်ထရစ်ရှာက သူ့လက်ကောက်ဝတ်ကို ပြန်လည်ဆုပ်ကိုင်ထား လိုက်သည်။ ရပ်ဆယ်ကိုလည်းမော့ကြည့်သည်။ ထိုအကြည့်ကြောင့် ရပ်ဆယ်၏ရင်ထဲမှာ ဗလောင်ဆူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကောင်းသွားပါပြီ၊ ကျွန်မအရက်မမူးပါဘူး၊ ကျွန်မအသားကို ကိုင်ထားပေးပါရှင်၊ အနားကခွာမသွားပါနဲ့"

\+ \+ \+

ထိုနေ့ တစ်နေ့ခင်းလုံး သူတို့နှစ်ယောက်အချိန်ဖြုန်းနေကြမည်ဆိုလျှင် ဖြစ်နိုင်ကြောင်း နှစ်ယောက်စလုံးသိကြပါသည်။ သို့သော်လည်း ထိုသို့ အချိန်မဖြုန်းခြင်းက ပို၍ကောင်းကြောင်းကိုလည်း နှစ်ယောက်စလုံးသဘောပေါက်ကြပါသည်။

ထခုတော့ . . . သူတို့နှစ်ယောက်စလုံး တဒင်္ဂ၏ စိတ်အလိုကို လိုက်မိခဲ့ကြသည်။ ပက်ထရစ်ရှာသည် စကားတစ်လုံးမှ မပြောတော့ပဲ သူ့အဝတ်အစားများကို ကောက်ယူပြီး ရေချိုးခန်းထဲသို့ ဝင်သွားသည်။

ရပ်ဆယ်သော့ပ်ကမူ ဆိုဖာပေါ်မှာထိုင်ရင်း စီးကရက်ကိုတစ်လိပ်ပြီး တစ်လိပ်ဖွာကာ စဉ်းစားနေမိသည်။ ပက်ထရစ်ရှာဂါဖေးသည် ပေါလ်တားဟတ်ဘက်သား ဖြစ်သည်။ ထို့ကြောင့် သူတို့နှင့်ဇာတ်လမ်းရှုပ်နေရသည့် အဖြစ်မျိုးကို သူခံနိုင်ရည် ရှိမည်မဟုတ်။ ရှုပ်လည်းမရှုပ်သင့်ကြောင်း ဆုံးဖြတ်ချက် ချနေမိသည်။

ခဏကြာတော့ အခန်းထဲမှ ပက်ထရစ်ရှာ ပြန်ထွက်လာသည်။ အဝတ်အစား ဝတ်ပြီးဖြစ်သည်။ ခေါင်းဖြီးပြီးဖြစ်သည်။ မျက်နှာပေါ်မှာ ပျက်သွားသည့် မိတ်ကပ်ကိုလည်း ပြန်လည်ခြယ်သထားပြီးဖြစ်သည်။ သူ့ အမူအရာကလည်း စောစောတုန်းက ဘာမှမဖြစ်ခဲ့ကြသလို ဖြစ်နေသည်။

"ကျွန်မတို့ ဘာမှမဖြစ်ခဲ့ကြဘူးလို့ ဆိုကြစို့နော်. . . ဟုတ်လား. . . ရပ်စ်"

သူလည်းသည်အဖြစ်ကြီးနှင့် အရှုပ်မခံနိုင်ကြောင်း ထုတ်ဖော်ဝန်ခံလိုက်သည့် သဘောပင်ဖြစ်ပါသည်။

ရပ်ဆယ်က ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ၊ ကိုယ်တို့ဘာမှမဖြစ်ခဲ့ကြပါဘူး"

ပက်ထရစ်ရှာဂါဖေး ပြန်သောအခါ ထုံးတမ်းစဉ်လာအတိုင်း သူတို့ နှစ်ယောက်လက်ဆွဲနှုတ်ဆက်ကြသည်။

\+ \+ \+

အခြေအနေအရပ်ရပ်ကို အစီရင်ခံရန် ဩဂတ်စတပ်ဆမ်မြူရယ်မေယာထံသို့ ရပ်ဆယ်သော့ပ်က ဖုန်းလှမ်းဆက်သည်။ သို့သော်လည်း မေယာက သူ့စကားကိုဖြတ်ပြီး နောက်ထပ်အမိန့်သစ်များထပ်ပေးသည်။

"နယူးယောက်ကိုသွားဖို့မေ့ပစ်လိုက်တော့၊ ရဟတ်ယာဉ်တစ်စင်း ချက်ချင်းငှားပြီး ဒီကိုတန်းလာခဲ့ပါ၊ ကျုပ်မောင်နဲ့ နှစ်ယောက်ချင်းစကားပြောချင်တယ်"

စောစောကသဘောတူခဲ့ကြသည့် အစီအစဉ်များကို သူပြောင်းလဲလိုက်ပြီနှင့်တူသည်။ ဟာရှေဘလောက်၏ စကားများကို နားဝင်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ သည်အတိုင်းဆိုလျှင်တော့ ခင်ဗျားတို့ အားလုံးကျဆုံးခန်းပင် ဖြစ်ချေပြီဟု ရပ်ဆယ်သော့ပ်က ကျိတ်ပြီးတွေးလိုက်မိသည်။

"အိုး. . . တစ်ခုပြောရဦးမယ်၊ ဒီကိုရောက်ရင်မောင်ခံတွင်းတွေ့မယ်" မေယာ၏ လေသံက ချက်ချင်း ပြန်လည်ပေါ့ပါးရွှင်လန်းသွားသည်။ "မောင်နဲ့ပတ်သက်တဲ့ ကိုယ်ရေးရာဇဝင်ဖိုင်တွဲတွေကို ကျုပ်လှန်ကြည့်နေတယ်၊ မောင်ဟာ ကြက်ဆင်သားရိုးစ် လုပ်တာကို ကြိုက်တယ်လို့တွေ့ရတယ်၊ ဒီနေ့ညစာမှာ ကြက်ဆင်သား ရိုးစ်ပါမယ်"

မေယာက ထိုမျှပြောပြီးဖုန်းချသွားသည်။

ရပ်ဆယ်သော့ပ်က အသံထွက်အောင်ရယ်ပြီး မေယာ၏ ထမင်းချက်များကို စိတ်ကူးဖြင့်ပုံဖော်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ် ဧည့်ကြိုစာရေးထံသို့ ဖုန်းလှမ်းဆက်ကာ သူ့အဝတ်အစား သေတ္တာနှင့် အထုပ်အပိုးများကို တစ်ယောက်ယောက်အား အယူလွှတ်ပေးရန် ပြောသည်။ ပြီးတော့ ပင်သီယွန်ကုမ္ပဏီသို့ဆက်ပြီး ဆယ်မိနစ်အတွင်းကားနှင့် လာခေါ်ကာ လေယာဉ်ပျံကွင်းသို့ ပို့ပေးရန်ပြောသည်။

ကိုယ်ပေါ်မှအဝတ်အစားများ သပ်ရပ်သွားအောင် ပြင်လိုက်သည်။ စောစောက ပက်ထရစ်ရှာဂါဖေးသောက်ပြီး စားပွဲစွန်းမှာ တင်သွားသည့် ဝီစကီဖန်ခွက်ကို အကျီလက်နှင့် တိုက်မိရာအောက်သို့ ကျကွဲသွားသည်။ ဖန်ခွက်ကွဲများက ပတ်လည်သို့ ပြန့်ထွက်သွားသည်။

ဟောလီးဝုဒ်မှာ ဖြစ်ပျက်နေကြသော အရေးအခင်းများ၏ အတိတ်နိမိတ်မျိုးပင် ဖြစ်ချေသည်ဟုတွေးလိုက်မိသည်။ တစ်ဆက်တည်းမှာပင် ဖန်ခွက်ကွဲများကို ကြည့်လိုက်ရင်း ဒါမျိုးမဖြစ်ပါစေနှင့်ဟုလည်း ဆန္ဒပြုလိုက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

### အင်ဒီးယန်းဝဲလ်စ်၊ ဗုဒ္ဓဟူး ၊ မေ ၁၂ ၊ ညနေ ၆း၂၀ နာရီ ။

ဩဂတ်စတပ်ဆမ်မြူယယ်မေယာသည် ထုံးစံအတိုင်း ဘောင်းဘီတို ကလေးဝတ်ပြီး ရေကူးကန်ဘေးမှာထိုင်ရင်း အတွင်းရေးမှူးသုံးယောက်နှင့် အလုပ်လုပ်နေသည်။

"ဘာဘရာ. . . ဒင်ဆိုဇ်ဆီကို အမှာစာတစ်ခုပို့ပါ၊ တယ်လာမင်ကုမ္ပဏီအတွက် အပြင်က အထူးစာရင်းစစ်တွေ ငှားပါလို့၊ ဧပြီလတုန်းက ငွေစာရင်းတွေဟာ သိပ်မရှင်းဘူး" တယ်လာမင် ကုမ္ပဏီသည် မေယာကို ကုမ္ပဏီ၏ လက်အောက်ခံ စားသောက်ကုန် လုပ်ငန်းတစ်ခု ဖြစ်သည်။

ထို့နောက် အခြားအမျိုးအသမီးငယ် တစ်ယောက်ဘက်သို့ လှည့်သွားသည်။

"နယူးယောက်ရုံးမှာရှိနေတဲ့ ပီတာဆီကိုပို့ဖို့ စာကြမ်းတစ်စောင်ရေးပါ၊ နောက်လဆိုရင် သူ့အလုပ်က အငြိမ်းစားယူတော့မယ်"

ထို့နောက် တတိယ အမျိုးသမီးဘက်သို့ လှည့်လိုက်သည်။ ဝင်ငွေနည်းသူများအတွက် ကုသိုလ်ဖြစ်ဆေးရုံတစ်ရုံ ဆောက်လုပ်လှူဒါန်းဖို့ အစီအစဉ်ရှိသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကြေငြာချက်တစ်စောင် ထုတ်ရန်ရှိသဖြင့် စောစောက စာကြမ်းကို နှုတ်တိုက်ချပေးနေခဲ့သည်။

"ဂျုံး. . . ဘယ်နား ရောက်သွားပါလိမ့်. . . ဩော်. . . မှတ်မိပြီ၊ နောက် တစ်ပုဒ် ဆက်ရေး၊ ယခု စီမံကိန်းနှင့်ပတ်သတ်ပြီး အမေရိကန် ဆရာဝန်များအသင်းမှ ကန့်ကွက်မည်ကို လည်း ကျွန်ုပ်တို့ ကြိုတင်မျှော်လင့်ထားပြီးဖြစ်သည်။ သို့သော် ထိုဆေးရုံနှင့် ပတ်သက်၍ လိုအပ်သည့် ရန်ပုံငွေများကို. . ."

မေယာက ဆက်မပြောတော့ပဲ ရပ်လိုက်သည်။ ရဟတ်ယာဉ်မောင်းလာသည့် အသံကိုကြားရလိုက်သောကြောင့် ဖြစ်သည်။

"ကဲ. . . ဒါလောက်နဲ့ပဲ တော်ပါပြီကွယ်၊ မင်းတို့တစ်နေ့လုံးနေပေးတာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ မနက်ဖြန်မှတွေ့ကြမယ်နော်" ဟု ပြောပြီးအတွင်းရေးမှူး သုံးယောက်ကို ပြန်လွှတ်လိုက်သည်။

ရပ်ဆယ်သော့ပ် ငှားလာသည့်ရဟတ်ယာဉ်က ဆမ်မြူယယ်မေယာ၏ ကိုယ်ပိုင် ရဟတ်ယာဉ်ကွင်းမှာ ဆင်းလာသည်။ ရပ်ဆယ်သယ်လာသည့် အဝတ်အစားသေတ္တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်သီယွန်ကုမ္ပဏီမှယူလာသော ဖိုင်တွဲများကို အိမ်ဖော်များက သယ်သွားကြသည်။ ရပ်ဆယ်ကမူ မေယာ ထိုင်နေရာသို့ လျှောက်လာသည်။

"ဘာသောက်မလဲ"

သူတို့နှစ်ယောက် အပြန်ပြန်အလှန်လှန် နှုတ်ဆက်ကြပြီးသောအခါ မေယာက မေးသည်။ ရပ်ဆယ်သည်ကုလားထိုင်မှာ ဝင်ထိုင်ရင်း ဝီစကီသောက်မည်ဟု ပြန်ပြောသည်။ အိမ်ဖော်တစ်ယောက်က အရက်လာထည့်ပေးသည်။

မေယာက အရက်ခွက်ကို မြှောက်ပြီးနှုတ်ဆက်သည်။ သူ့အသံက အလွန်တရာ ရွှင်မြူးနေပုံရသည်။

ရပ်ဆယ်သော့ပ်က သူကြုံတွေ့ခဲ့ရသည်များကို ပြန်လည်တင်ပြသည်။ ပက်ထရစ်ရှာ ဂါဗေးနှင့် ပြောခဲ့သည့်အကြောင်းများကို ပြန်လည်တင်ပြသော်လည်း သူတို့နှစ်ယောက် ဘာဖြစ်ခဲ့သည်ဆိုသည့် အပိုင်းကိုမူ ဖြုပ်ထားလိုက်သည်။ ဘရုစ်ဟာလေ အမှုကြီးကို ငွေနှင့် ပိုင်းဖုံးဖိထားသည့်အကြောင်း၊ ချာလီဝုဖ်၏မှတ်တမ်းများနှင့် ရောဘက်နားလင်း၏ ခြေလှမ်းများကို ပြောပြသောအခါ သူ့မျက်နှာက တည်တည်ကြီး ဖြစ်သွားသည်။

သို့သော်လည်း အင်ကမ်းကုမ္ပဏီအတွင်း အချင်းချင်းစိတ်ဝမ်းကွဲ ကုန်ရန်၊ ပြီးတော့ အချင်းချင်းမယုံသင်္ကာမှုများ ဖြစ်ကုန်ရန် သူစီစဉ်ဆောင်ရွက်ခဲ့သည်များကို ရှင်းပြသောအခါ ဘီလျံနာကြီး၏ မျက်နှာမှာ ရွှင်လန်းတောက်ပလာသည်။

"မောင့်ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပက်သတ်ပြီး ကျုပ်အများကြီး ချီးကျူး ပါတယ်"

"အချိန်ကလေးနည်းနည်းပိုရအောင် ဆွဲဆန့်ထားလိုက်တဲ့ သဘောလောက်ပဲ ကျွန်တော် တက်နိုင်ပါတယ် ခင်ဗျား၊ ရန်သူတွေက ကျွန်တော်တို့ကို ပတ်ပတ်လည်က ဝိုင်းထားကြပါပြီ၊ ကျွန်တော်တို့အနေနဲ့ တန်ပြန်ထိုးစစ်ဆင်ရမယ်၊ ဝိုင်းထားတဲ့ ရန်သူကို ဖောက်ပြီးထွက်ရမယ်၊ ဒါကြောင့် စီဘီစီနဲ့ ချုပ်ထားတဲ့ ကန်ထရိုက်စာချုပ် ကို ရုပ်သိမ်းပစ်ဖို့ ကျွန်တော်အကြံပေးခဲ့တာ ဖြစ်ပါတယ်၊ ဒီလိုလုပ်လိုက်ရင် အန်ကယ်က ကြောက်လို့အလံဖြူထောင်ပြီး ထွက်ပြေးသွားပြီလို့ ဗားဟတ်က တထစ်ချတွက် မှာ သေချာပါတယ်၊ နောက်ပြီးတော့လဲ သူအနိုင်ရလိုက်ပြီလို့ထင်ပြီး ကျေနပ်နေပါ လိမ့်မယ်၊ ဒီလို ကျေနပ်နေချိန်ဟာ ကျွန်တော်တို့ကို အချိန်နည်းနည်း ပိုပေးလိုက်တဲ့ သဘောပါပဲ"

"ဟာလေရဲ့ ကိစ္စကြီးကို ဗားဟတ်ကတော့ ဆက်ပြီးအသုံးချဦးမှာပဲ"

"သူအနိုင်ရသွားပြီလို့ ယုံကြည်လိုက်ရင် ဒါကို သူဆက် အသုံးချတော့မှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီပြဿနာကြီးကို သူအစဖော်လာရင် တခြား ကုမ္ပဏီတွေကို ပြန့်ပွားကုန် မှာ ဖြစ်ပါတယ်၊ မသင်္ကာစရာကောင်းတဲ့ ကုမ္ပဏီတွေကို အစိုးရက စုံစမ်းရေးတွေဝင်လိုက်ရင် သူ့ကုမ္ပဏီလဲ ချမ်းသာရာရမှာ မဟုတ်ပါဘူး၊ ဒီလို သူ့ဘက်ကိုပါ အမှုပတ်လာမှာ ဖြစ်တဲ့အတွက် ဒါကိုတော့ သူမလုပ်ပါဘူး"

"နားလင်းဆိုတဲ့ အကောင်ကိုတော့ သူတားနိုင်မှာ မဟုတ်ဘူးလေ"

"သူမတားနိုင်ရင်ကျွန်တော်တို့ကပဲ တစ်နည်းနည်းနဲ့ တားရတာပေါ့ ခင်ဗျား"

"ဒီအကြောင်းခဏထားလိုက်ဦး ရပ်စ်၊ ဟာရှေဘလောက်က ကျုပ်ကို ဖုန်းဆက်ပြီး တစ်နာရီလောက်ကြာအောင် အခြေအနေတွေကို ရှင်းပြတယ်၊ စီဘီစီ ကန်ထရိုက်စာချုပ်ကို ဘာကြောင့် သူမဖျက်နိုင်ကြောင်း ပြောပြတယ်"

ရပ်ဆယ်သော့ပ်၏ စိတ်ထဲမှာ ထင့်ကနဲဖြစ်သွားသည်။

"ဒါပေမယ့် သူ့ကို ကျုပ်သေသေချာချာ ပြန်ရှင်းပြလိုက်ပါတယ်"

ထိုစကားကိုဆက်ကြားရသောအခါ ရပ်ဆယ်သော့ပ်က မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေတွေအားလုံးကို သူသဘောပေါက်သွားတဲ့အခါမှာ မောင့်ကို တောင်းပန်စကားပြောပေးပါလို့ သူကပြောတယ်"

"ကျွန်တော့်ကိုတောင်းပန်ဖို့ မလိုပါဘူးခင်ဗျာ၊ သူကပင်သီယွန်ကုမ္ပဏီနဲ့ မေယာကိုကုမ္ပဏီ နှစ်ခုတည်းရဲ့အကျိုးကျေးဇူးကိုသာ ကြည့်ပြီးလုပ်နေတာ ဖြစ်ပါတယ်" ရပ်ဆယ်သော့ပ်က စကားကိုခဏဖြတ်သည်။ "နယူးယောက်ကို ဆက်မသွား ခိုင်းတော့ပဲ ဘာဖြစ်လို့ ကျွန်တော့်ကို ပြန်ခေါ်တာလဲ ဆမ်"

မေယာက အသက်ကိုပြင်းပြင်းရှူလိုက်သည်။ ပြီးတော့ ကြိုးစားပြီး ပြုံးသည်။

"မနေ့တုန်းက မောင်အကြံပေးခဲ့တဲ့ ကိစ္စကို အသေးစိတ်ပြန်ပြီး ညှိနှိုင်းချင်လို့ပါပဲ"

"ပြူအာတိုကွေဒို နိုင်ငံကိစ္စလား ခင်ဗျာ"

"ဟုတ်တယ်၊ မောင်ဒီနေ့ည ဒီမှာအိပ်ပါ၊ ညစာစားပြီးရင် ကျုပ်တို့ ဆွေးနွေးကြမယ်၊ ဒီအကြောင်းကိုပဲ အပြန်ပြန်အလှန်လှန်စဉ်းစားရင်း ဒီနေ့ည အိပ်ကြတာပေါ့" မေယာက ထိုင်ရာမှထသည်။ "ခုနှစ်နာရီတောင်ကျော်သွားပြီ၊ မောင်လဲရေမိုးချိုးပြီး အဝတ်အစားလဲချင်မှာပဲ" ပြီးတော့ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ပြန်ငုံ့ကြည့်သည်။ "ဒီအဝတ်အစားတွေနဲ့ ညစာသွားစားလို့မဖြစ်ဘူး၊ အမျိုးသမီးတွေက ခွင့်ပြုမှာမဟုတ်ဘူး၊ ကျုပ်လဲ အဝတ်အစားလဲဦးမှ. . ."

\+ \+ \+

အိမ်ထဲမှာပင် ညစာစားကြသည်။ ညစာစားသည့် အခန်းက ဧည့်သည် အနည်းဆုံး ငါးဆယ်လောက်ကို တစ်ပြိုင်တည်းကျွေးနိုင်လောက်အောင် ကျယ်ဝန်းသည်။ ပြင်ဆင်ထားသည်များမှာ အားလုံးအကောင်းစားများချည်း ဖြစ်သည်။

စားပွဲထိုးများကလည်း အသံတစ်ချက်ကလေးမမြည်အောင် ကျွမ်းကျင်အောင် စားပွဲထိုးနိုင်ကြသည်။ ရပ်ဆယ်သော့ပ်၏ပန်းကန်ထဲသို့ ကြက်ဆင်သားရိုစ်ကို ထည့်ပေးသည်။ သော့ပ်က သူ့ဟာသူ စိတ်ကြိုက်ထည့်ယူသည်။ ပြီးတော့ ကလျာကို စကားလှမ်းပြောသည်။

"ဟေလ်တန်ဟိုတယ်တစ်ခုလုံးမှာ ပြင်ဆင်ထားတာတွေကတော့ ကလျာ ကုမ္ပဏီက ချုပ်လုပ်တဲ့ ဖက်ရှင်ဆန်းတွေချည်းပါပဲဗျာ၊ တစ်ကိုယ်တော် ပြပွဲများ ခင်းကျင်းနေသလား အောက်မေ့ရပါတယ်၊ ဒီအကြောင်း ခင်ဗျားသိထားပြီးရောပေါ့လေ"

"ဟုတ်ကဲ့၊ ကျွန်မသိထားပြီးသားပါ၊ ဒါပေမယ့် ဒါကို ရှင်ကသတိထားမိပြီး အခုလို ကျွန်မကို ပြန်ပြောပြတဲ့အတွက် ဝမ်းသာပါတယ်"

ထိုသို့ပြောရင်း ကလျာ၏ ပါးပြင်နှစ်ဘက်မှာ သွေးရောင်ရဲကနဲဖြစ်သွားသည်ကိုလည်း ရပ်ဆယ်တွေ့လိုက်ရသည်။ ရပ်ဆယ်နှင့်ကင်းကင်းနေရမည်ဟု သူ့ အဖေက ပြောထားသောကြောင့် ကလျာကသူ့အဖေရှေ့တွင် အပြောအဆို အနေအထိုင် ဆင်ခြင်နေသည်။

သူနှင့်တွေ့တိုင်း ရှက်ကိုးရှက်ကန်း ဖြစ်သွားတတ်သည့် ကလျာ၏ အကြောင်းကို ရပ်ဆယ်သော့ပ်က စဉ်းစားနေမိသည်။ ပက်ထရစ်ရှာဂါဗေးနှင့်လည်း နှိုင်းယှဉ်ပြီး ကြည့်နေသည်။ သို့သော် နှစ်ယောက်စလုံးနှင့် ဝေးအောင်နေမှဖြစ်မည်။ ပက်ထရစ်ရှာဂါဗေးက သူတို့၏ ရန်သူတော် အင်ကမ်းကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ယခု ကလျာကမူ သူ့အလုပ်ရှင်၏ သမီးဖြစ်နေသည်။

"ရှင် လော့အိန်ဂျလိစ်ကိုပြန်ရောက်ရင် ကျွန်မကို အသိပေးပါဦး" ကလျာက အာခံသည့် အကြည့်မျိုးဖြင့် သူ့အဖေကို ကွက်ကနဲ တစ်ချက်လှမ်းကြည့် လိုက်သည်။ "ကျွန်မ ကုမ္ပဏီက အလုပ်ခန်းတွေကို လိုက်ပြပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ကလဲ ကြည့်ချင်နေတာ၊ ထိပ်တန်းဖက်ရှင် ကုမ္ပဏီကြီးတွေရဲ့ အတွင်းပိုင်းမှာ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော် တစ်ခါမှ ဝင်မကြည့်ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်က ကြက်ဆင်သားရိုးစ်ကို မြည်းကြည့်သည်။ အလွန် အရသာ ထူးခြားကြောင်းတွေ့ရသည်။

"အလွန်အရသာရှိတာပဲ ခင်ဗျာ၊ ထမင်းချက်ကို ချီးကျူးကြောင်း တဆိတ်ပြောပြပေးကြပါ" ကလျာမေယာ၏ မျက်နှာပေါ်မှာ အပြုံးပန်းပွင့်သွားသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ အခုလို ချီးကျူးစကားအပြောခံရတဲ့အတွက် အများကြီးဝမ်းသာပါတယ်"

ရပ်ဆယ်က ကလျာကို အံ့သြတကြီးလှမ်းကြည့်လိုက်မိသည်။ ကလျာ၏ မျက်လုံးများကလည်း သူ့မိထွေး၏လက်မှ စိန်လက်စွပ်နှင့် အရောင်ချင်းပြိုင်ပြီး တောက်ပနေသည်။

"ထမင်းချက်လုပ်နေတာကို စိတ်တိုင်းမကျတာနဲ့ သူ့ကိုမီးဖိုချောင်ထဲက မောင်းထုတ်လိုက်ပြီး ကျွန်မကိုယ်တိုင်ဝင်ချက်ထားတာပါ၊ သူ့အလုပ်ဝင်ရှုပ်တဲ့အတွက် အလုပ်ထွက်မယ်လို့ ကျွန်မကို ပြောသွားတယ်၊ ထွက်သွားပြီလား ဖေဖေ"

"မထွက်ပါဘူး၊ သူ့ကို လခပိုပေးလိုက်ရတယ်"

\+ + +

ဟိုနေ့က စာကြည့်ခန်းထဲမှာပင် ဟိုနေ့ကလူနှစ်ယောက်သည် ဟိုနေ့က ကုလားထိုင်များပေါ်မှာ ထိုင်ကြသည်။

ဆမ်မြူယယ်မေယာက ရပ်ဆယ်သော့ပ်ကို အရက်သောက်ဖို့ ပြောသည်။ ရပ်ဆယ်က ခေါင်းခါပြလိုက်သည်။မနေ့ညတုန်းက သူလုံးဝလောက်နီးနီးမအိပ်ခဲ့ရ။ ထို့ကြောင့် အရက်တစ်ခွက်လောက်သောက်လိုက်ရုံမျှနှင့် သူမူးသွားနိုင်သည်။ ကော်ဖီကြမ်းတစ်ပန်းကန်ထည့်ပြီး တစ်ချီတည်းမော့ချပစ်လိုက်သည်။ ပင်သီယွန် ကုမ္ပဏီမှယူလာသည့် ဖိုင်တွဲများက စားပွဲပေါ်မှာ အစီအစဉ်လိုက် ပုံလျက်သား ရှိနေသည်။ ထိုဖိုင်တွဲများထဲတွင်ပါသည့် အကြောင်းများကို ရပ်ဆယ်ကရှင်းပြဖို့ စကားစလိုက်သည်။

"အဲဒါတွေ မေ့ပစ်လိုက်တော့၊ ဒီလူတွေက ဇာတ်ရံတွေ ဇာတ်ပို့တွေလောက်ပဲ အဆင့်အတန်းရှိတယ်၊ ဘာတန်ဘိုးမှမရှိဘူး"ဟု မေယာကပြောသည်။

ပက်ထရစ်ရှာဂါပေး၏အကြောင်းကို စောစောကပြောပြခဲ့မိသည်။ ထိုသို့ ပြောပြမိခြင်းပင်လျှင် မှားလေပြီလားဟု ရပ်ဆယ်သော့ပ်က စိတ်ထဲမှတွေးနေမိ သည်။

"သူတို့အားလုံးရှုပ်သေးရှုပ်တွေ၊ အရေးကြီးတဲ့ဇာတ်ကောင်ကို ဆွဲထုတ်ပစ် လိုက်ရင် သူတို့ဘာမှဆက်လုပ်လို့ ရကြတော့မှာမဟုတ်ဘူး"

"လီယိုဖူးချ်ဘက်လို လူမျိုးဆိုရင်တော့၊ မှန်ပါတယ်ခင်ဗျာ၊ သူမရှိလို့လဲ ဘာမှအကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် ပက်ထရစ်ရှာဂါပေးကတော့ ဇာတ်ရဲ့ ညာလက်ရုံးဖြစ်နေပါတယ်"ဟု ရပ်ဆယ်သော့ပ်က ပြန်ပြောသည်။

"ညာလက်ရုံးကိုဖြစ်ပစ်လိုက်ယင် သူ့မှာခေါင်းကျန်နေသေးတယ်၊ အဲဒီ ခေါင်းနဲ့ နောက်ထပ်ညာလက်ရုံးတစ်ခုကို ရအောင်ကြံဆရှာဖွေနိုင်တယ်"ဟု မေယာကပြန်ဖြေသည်။ သူ့အမူအရာမှာစောစောကထက် တင်းမာနေပုံရသည်။

"ဒီမှာ ရပ်စ်. . . မောင် တင်ပြထားတဲ့အကြံပေးချက်နဲ့ပတ်သက်ပြီး နောက်ဆုံးဆုံးဖြတ်ချက်ကို ကျုပ်တို့ မချခင်အဲဒီခေါင်းနဲ့ ပတ်သက်ပြီး ကျုပ်တို့ အသေးစိတ်လေ့လာထားဖို့လိုတယ်၊ ဇာတ်ရဲ့ အားကောင်းချက်နဲ့ အားနည်းချက်တွေကို ကျုပ်တို့နှစ်ယောက်စလုံး တစ်သဘောတည်းရှိခဲ့ကြတယ်၊ ဒီတော့ ကျုပ် စုဆောင်းထားတဲ့ သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေကို ဟောဒီ ဖိုင်တွဲထဲမှာ မောင် အရင်လေ့လာကြည့်ပါဦး၊ သူဟာဘယ်လို စီးပွားရေးသမားမျိုးလဲဆိုတာ မောင်ပိုပြီး သဘောပေါက်လာလိမ့်မယ်၊ အဲဒီအခါကျတော့မှ ကျုပ်တို့ဆက်ဆွေးနွေးကြတာပေါ့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

နောက်ကြောင်း – ၂

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ဒုတိယ ကမ္ဘာစစ်ကြီးမလွဲမသွေဖြစ်တော့မည်ကို ကြိုတင်တွက်ဆမိကြသည့် ချမ်းသာကြွယ်ဝသော ဥရောပတိုက်သားများသည် မိမိပိုင်ဆိုင်သည်များကို သယ်နိုင်သလောက်သယ်ပြီး အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာကြသည်။ အမေရိကသည် အလုံခြုံဆုံးသော နေရာဖြစ်သည်ဟု လည်းကောင်း၊ နယူးယောက်မြို့သည် သူတို့၏ စည်းစိမ်ဥစ္စာများကို အဆပေါင်းများစွာ တိုးပွားအောင် စီးပွားရှာ ကောင်းသည့်နေရာ ဖြစ်သည်ဟု လည်းကောင်း သူတို့ယုံကြည်ထားကြသည်။

အမေရိကန်နိုင်ငံတွင် စီးပွားရေး ဆက်လက်လုပ်ကိုင်ကြရမည် ဖြစ်သောကြောင့် သူတို့ကိုနယ်ခံများက အထင်ကြီးရန်လိုသည်။ သို့မှသာ ယုံကြည်မှုပိုရှိပြီး အလုပ်ပိုမို အောင်မြင်နိုင်သည်။ ထို့ကြောင့် အဆင့်အတန်းမြင့်သော ဟိုတယ် ကြီး များမှာ ငှားရမ်းနေထိုင်ကြသူများသည်။

နယူးယောက်မြို့တွင်ရှိနေသော ဟိုတယ်များအနက် ဟိုတယ်ပလာဇာသည် အဆင့်အတန်းအမြင့်ဆုံးနှင့် ဈေးအကြီးဆုံးဟိုတယ်ဖြစ်သည်။ ၁၉၃၉ ခုနှစ် ဇွန်လတုန်းက ဟိုတယ်ပလာဇာတွင် နိုင်ငံခြားဧည့်သည်များဖြင့် ပြည့်နေသည်ကို တွေ့ရသည်။

ဥရောပနိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံလာရောက်တည်းခိုနေကြသဖြင့် ဟိုတယ်အမှုထမ်းများအဖို့ အချို့ဧည့်သည်များနှင့် ဆက်ဆံရသည်မှာ ဘာသာစကား အခက်အခဲကိုလည်း တွေ့ကြရသည်။ သို့သော် အခန်းအမှတ် ၇၂၀ တွင် တည်းခိုနေသည့် ဂျာမနီမှ မစ္စတာဗားဟတ်တို့ မိသားစုနှင့် ဆက်ဆံရသည်ကမူ မည်သို့သော အခက်အခဲမှ မတွေ့ကြရပေ။ မစ္စတာ ဝေဟမ်းဗားဟတ်နှင့် သူ့သား ပေါလ်တို့မှာ အင်္ဂလိပ်စကားကို အင်္ဂလိပ်လူမျိုးတစ်ယောက်ကဲ့သို့ ရေလည်စွာ ပြောတတ်ကြသူများဖြစ်သည်။ သမီးငယ်ဆစ်ဂရစ်ကိုထိမ်းသည့် မစ္စက်ဂျူလီယာပီးယာစ်ကမူ အင်္ဂလိပ် လူမျိုးဖြစ်နေသောကြောင့် ဆိုဖွယ်ရာအကြောင်းမရှိပြီ။

ဗားဟတ်တို့မိသားစု တည်းနေသောအခန်းသည် တစ်နေ့ ၇၅ ဒေါ်လာ ပေးရသောအခန်းစုံကြီးဖြစ်လေသည်။

\+ + +

နယူးယောက်မြို့သို့ရောက်စ ရက်သတ္တနှစ်ပတ်လောက်တုန်းကမူ ဝေဟမ်းဗားဟတ်အဖို့ ရှုးချင်စိတ်ပင်ပေါက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အိုင် အရာရှိများသည် ဆက်ဆံရေးကောင်းမွန်ကြပါ၏။ ပြောရာ ဆိုရာတွင်လည်း ယဉ်ကျေးသိမ်မွေ့ကြပါ၏။ သို့သော် သူတို့မေးသည့် မေးခွန်းများကို ဗားဟတ်ဖြေနိုင်စွမ်းမရှိ။ ဗားဟတ်သိသည်က စီးပွားရေးလုပ်ငန်းများ အကြောင်းသာဖြစ်သည်။ အင်္ဂလိပ်အိုင် အရာရှိများ မေးမြန်းသည့် မေးခွန်းများက ဂျာမနီ၏ စစ်ရေးစစ်ရာများနှင့် ပက်သက်နေသည်။ စစ်ရေးစစ်ရာများကို ဗားဟတ် ကောင်းကောင်း မလေ့လာခဲ့မိ။

၁၉၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီးပြီးစက အမေရိကန်စစ်တပ်များနှင့် ဝေဟမ်းဗားဟတ် အလုပ်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့်စစ်တပ်နှင့် ပတ်သက်ပြီး အထိုက်အလျောက်တော့ ဗဟုသုတရှိရမည်ဟု အရာရှိတစ်ယောက်က တွေးထင်ထားသည်။ ဂျာမန်တို့၏ စစ်အင်အား၊ ကိုင်ဆောင်ထားကြသည့် လက်နက်အမျိုးအစား၊ ဂျာမန်စစ်တပ်များ တပ်ဖြန့်နေရာယူထားပုံများကိုမေးသည်။

ဝေဟမ်းဗားဟတ်က သူမှတ်မိသလောက်ပြန်ပြောပြသည်။ တင့်ကား ပုံသဏ္ဌာန်၊ အမြောက်တို့၏ အရွယ်အစားများကို ပြောပြသည်။

ထိုသို့သော စစ်ဆေးမှုများကို ခံယူနေရဆဲတစ်ညနေတွင် သူတို့ မိသားစု ညစာစားဖို့ အောက်ထပ်သို့ဆင်းရန်ပြင်ဆင်နေခိုက် တယ်လီဖုန်း ရောက်လာသည်။

မစ္စတာ ဟူလ်ဇန်နှင့် မစ္စတာ ဂိုအာလစ်ဇ်ဆိုသူနှစ်ယောက် ဧည့်ခန်းထဲသို့ ရောက်ရှိနေကြောင်း၊ မစ္စတာ ဗားဟတ်ကို တွေ့လိုသည်ဆိုကြောင်း အပေါ်ထပ်သို့ လွှတ်လိုက်ရမလားဟု ဟိုတယ်စာရေးကလှမ်းမေးခြင်းဖြစ်သည်။

"မလွှတ်နဲ့ ကျုပ်ဆင်းခဲ့မယ်၊ သူတို့ကိုအောက်ထပ်မှာပဲ တွေ့လိုက်မယ်"

အောက်ထပ်ရောက်သွားသောအခါ ဟူလ်ဇန်နှင့် ဂိုအားလစ်ဇ်ဆိုသူ နှစ်ယောက်ကို တွေ့ရသည်။ ဝါရှင်တန်ရှိ ဂျာမန်သံရုံးမှဖြစ်သည်ဟုဆိုသည်။

"ခင်ဗျား ဂျာမဏီနိုင်ငံကို ဘယ်တော့ပြန်မလဲ၊ ခင်ဗျားအပေါ် သက်သက် ညှာညာ စဉ်းစားဖို့ ပါတီကဆုံးဖြတ်ထားတယ်"ဟု ဂိုအားလစ်ဇ်ကမေးသည်။

"ကျုပ်ဒီမှာပဲနေတော့မယ်၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ အသင့်ဖြစ်နေပြီ"ဟု ဗားဟတ်က ကြိုးစားပြီးပြန်ဖြေရသည်။

"ခင်ဗျားဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပါဦး၊ ခင်ဗျားကိုရာဇဝတ်မှုနဲ့ အရေးယူရင် ရတယ် ဆိုတာကို နားလည်ထားပါ"

'ရာဇဝတ်မှု' ဆိုသော စကားလုံးကိုသုံးပြီးသက်သက် ခြိမ်းခြောက်ခြင်း ဖြစ်ကြောင်း ဗားဟတ်ကသိသည်။ ယော်ဇာကိုသတ်မှုနှင့်ပတ်သက်ပြီး ဘယ်နည်းနဲ့မှ သူတို့ သိနိုင်မည်မဟုတ်သည်ကိုလည်း သဘောပေါက်လိုက်သည်။

"ကျုပ်မပြန်ဘူး၊ ဒီတိုင်းပြည်မှာပဲနေမယ်၊ ဒီတိုင်းပြည်မှာရှိနေတဲ့ ကျုပ်ရဲ့ မိတ်ဆွေတွေက ကျုပ်ကိုအကာအကွယ်ပေးလိမ့်မယ်"

ထို့နောက်ပိုင်းတွင် အင်္ဂလိပ်အိုင်အရာရှိများ၏ စစ်ဆေးမှုများကို ဆက်လက်ခံယူနေရပြန်သည်။ သည်တစ်ချီတွင်တော့ ဝေဟမ်းဗားဟတ်က အင်္ဂလိပ်အိုင်အရာရှိများ ကျေနပ်စေရန် ဟုတ်တာရော၊ မဟုတ်တာရောကိုပါ တစ်ဘက်လူ ယုံလောက်အောင် ဇာတ်လမ်းဆင်ပြီး ပြောပြနိုင်ခဲ့သည်။

နောက်ဆုံးတွင်တော့ သူ၏ဖြေကြားချက်များကို အားလုံးကကျေနပ် သွားကြသည်။ ဗားဟတ်သည် နာဇီဆန့်ကျင်ရေးသမား နံပါတ်တစ်ဖြစ်ကြောင်းနှင့် အမေရိကန် နိုင်ငံသားအဖြစ် လက်ခံကြောင်း အမိန့်ထွက်လာတော့သည်။

ဂျာမန်တို့၏ စစ်ရေးစစ်ရာများအကြောင်းနှင့် ပတ်သက်ပြီး သားဖြစ်သူ ပေါလ်ကို မေးလျှင် ပိုမိုအကျိုးရှိမည့် အဖြေများရနိုင်သည်။ ပေါလ်သည် အလွန်မှတ်ဉာဏ်ကောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စစ်ရေးစစ်ရာများကိုလည်း သူ့အဖေထက်ပိုမို နားလည်သည်။

သို့သော် ထိုသို့သူ့အဖေသွားရောက်အစစ်ဆေးခံနေသည့် အချိန်များတွင် သူက လမ်းတကာမှာ ကိုးကုန်းကိုးကျင်းလျှောက်နေသည်။အမေရိကန်ပြည်မှာ နွေရာသီဖြစ်သဖြင့် ကျောင်းများပိတ်ထားခိုက်ဖြစ်သည်။ ဝေဟာမ်းဟားဗက်က သားကိုတစ်ပတ်လျှင် ၂၅ ဒေါ်လာ မုန့်ဖိုးပေးသည်။ အမေရိကန်လူမျိုးများနှင့် ယဉ်ပါးမှုရှိစေရန် တစ်နေကုန်လျှောက်လည် ခိုင်းထားသည်။ မိသားစုနှင့်အတူ မနက်စာနှင့် ညစာ ပြန်စားဖို့ စည်းကမ်းချက်ကလေး တစ်ခုသာ ထုတ်ထားသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ဟိုတယ်ပလာဇာမှာရှိသော သူတို့၏အခန်းအမှတ် ၇၂၁ သည် အိပ်ခန်း သုံးခန်း၊ ရေချိုးခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ စတိုခန်းစသည်များဖြင့် ဖွဲ့စည်းထားသည်။

အိပ်ခန်းကျယ်ကြီးတွင် ဝေဟမ်းဖားဟတ်အိပ်ပြီး ကျန်တစ်ခန်းတွင် မစ္စက်ပီးယားစ်နှင့် ဆစ်ဂရစ်တို့ အိပ်ကာ အစွန်ဆုံးအခန်းတွင် ပေါလ်အိပ်သည်။

အမေရိကန်ပြည်ထောင်စုသို့ သူတို့ရောက်လာကြချိန်တွင် ပေါလ်သည် လူပျိုပေါက် ကလေးဖြစ်သည်။ အမေရိကန်အမျိုးသမီးတို့၏ ဝတ်ပုံစားပုံများကလည်း သူတို့ ဂျာမန်အမျိုးသမီး များနှင့် နှိုင်းစာလျှင် လွန်မင်းစွာ လော်မာဖောက်ပြားနေသည်ကို တွေ့ရသည်။

ထိုသို့သော ပတ်ဝန်းကျင်များကို မြင်တွေ့ရသည့်အတွက် လူပျိုပေါက်ကလေး ပေါလ် အဖို့ အချိန်နှင့်အမျှစိတ်လှုပ်ရှားနေရတော့သည်။ သူ့အတွက်ရသည့် အိပ်ခန်းကအစွန်ဆုံးဖြစ်နေ သဖြင့် လွတ်လပ်မှု အပြည့်အဝရနေသောကြောင့် တော်ပေသေးတော့သည်။

\+ \+ \+

ဒေါ်ရော်သီကောလ်ဖီးသည် အသက် ၃၆ နှစ်ရှိပြီဖြစ်သော်လည်း ဖိုသတ္တဝါတို့ စွဲမက်ဖွယ်ကောင်းလောက်အောင် ချောမောလှပနေဆဲဖြစ်သည်။ သူ့မှာ သားသမီးသုံးယောက် ရှိသည်။ အကြီးဆုံးသားရစ်ချတ်သည်ပင် ၁၀ နှစ်သား ရှိပေပြီ။

သို့သော် သူ့မိသားစုနှင့်သူနေရသည်မှာ ငြီးငွေ့ဖွယ်ကောင်းသောဘဝ ဖြစ်နေသည်။ သူ့ယောကျ်ားကက်နက်ကောလ်ဖီးက ရေပိုက်ရောင်းဝယ်သည့် ကုမ္ပဏီပေါင်းများစွာကို ပိုင်ဆိုင်သူ ဖြစ်သည်။ အမြဲတမ်းအလုပ်ထဲမှာ နစ်မြုပ်နေသော မီလျံနာ သူဌေးတစ်ဦးဖြစ်သည်။

ထို့ကြောင့် ငြီးငွေ့ဖွယ်ကောင်းသော သူ၏မိသားစုရှိရာ ဒင်ဗာမြို့ကို ခွာပြီးမကြာခဏ ခရီးထွက်လေ့ရှိသည်။ ခရီးထွက်ရင်းလည်း စိတ်ချမ်းသာသလို နေပစ်လိုက်သည်။ အိမ်ပြန်ရောက် သွားသောအခါတွင်လည်း သူ့ယောကျ်ားက တောင်တောင်အီအီ မေးမြန်းစုံစမ်းခြင်း ပြုလုပ်လေ့ မရှိ။

ယခုလည်း နယူးယောက်မြို့သို့ရောက်ပြီး ဟိုတယ်ပလာဇာမှာ တည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်မြို့ထဲလျှောက်ဈေးဝယ်ပြီး ' ၂၁ 'ဟိုတယ်မှာ တစ်ယောက်တည်းနေ့လည်စာဝင်စားသည်။ ယခုတစ်ခေါက် နယူးယောက်မြို့သို့ ရောက်လာရသည်မှာ သူ့အတွက်မည်သို့မှ အကျိုးကျေးဇူးမရှိအောင် ဖြစ်နေသည်။ သူစိတ်ဝင်စားသော ယောက်ျားတစ်ယောက်မှမတွေ့ရသေး။

ညနေ ၃း၁၅ မိနစ်တွင် ဟိုတယ်ပလာဇာသို့ သူတစ်ယောက်တည်းပြန်လာသည်။ တံခါးအသင့် ဖွင့်ထားသော ဓါတ်လှေခါးထဲမှာ လူလေးယောက်ရောက်နှင့် နေသည်ကိုတွေ့ရသည်။ ဓာတ်လှေကားထဲသို့ သူဝင်လိုက်သည်။

ဒေါ်ရော့်သီကောလ်ဖီး၏ အာရုံသည် ဆံပင်နက်နက်နှင့် လူငယ်ကလေး တစ်ယောက်ဆီသို့ရောက်သွားသည်။ အသက် ၁၇ နှစ်လောက်ပင်ရှိဦးမည်ဟု ထင်ရသည်။ အဖိုးတန်အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ယဉ်ကျေးသိမ်မွေ့ပုံရသည်။ သည်လူငယ်ကလေးကို မြင်လိုက်ရသောအခါ ဒေါ်ရော့်သီ စိတ်ဝင်စားသွားမိလေသည်။ သို့သော်လည်း သူ့စိတ်ကို သူထိန်းကာ မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။

ခဏကြာတော့ နောက်ထပ်လူများဝင်လာသည်။ နောက်ထပ်ရောက်လာ သူများကို နေရာဖယ်ပေးသည့် အနေဖြင့် ဘေးသို့ရွှေ့လိုက်သည်။ ထိုအချိန်မှာပင် စောစောက သူစိတ်ဝင်စားသည့် လူငယ်နှင့် ကိုယ်လုံးချင်းပူးသွားသည်။ ထိုသို့ ကိုယ်လုံးချင်းပူးသွားတော့မှ သူ့စိတ်များ ပိုမိုလှုပ်ရှားသွားလေသည်။

တစ်ကယ်ဆိုတော့ ပေါလ်ဗားဟတ်သည် ၁၇ နှစ်မရှိသေး။ လူကောင်ထွားသောကြောင့် အသက်ကို ပိုတွက်မိခြင်းဖြစ်သည်။ အခါတိုင်းမိုးချုပ်မှ ပေါလ်ဗားဟတ် ပြန်လာလေ့ရှိသည်။ ယခုတော့ ဓာတ်ပုံပြာတချို့ကိုဝယ်ပြီး သူစောစော ပြန်ခဲ့ခြင်းဖြစ်သည်။

"ငါးထပ်ကိုသွားမှာ မဟုတ်လား မစ္စက်ကောဖီးလ်"ဟုဓာတ်လှေကား မောင်းသူက ဒေါ်ရော့်သီကို မေးသည်။ ဒေါ်ရော့်သီက ခေါင်းညိတ်ပြလိုက်သည်။

ဒုတိယထပ်တွင် အတော်များများဆင်းသွားသည်။ အတွင်းမှာ အတော်ကလေးချောင်သွားသည်။ သို့သော်လည်း ဒေါ်ရော့်သီသည် ပေါလ်နှင့် ကိုယ်လုံးချင်းထိကပ်ထားရာမှ မခွာပဲ သည်အတိုင်းပို၍ပူးမိအောင် ထိကပ်ထားလိုက်သည်။

တတိယထပ်သို့ရောက်သောအခါ ကျန်လူများအားလုံးဆင်းသွားကြသည်။ ဓာတ်လှေကားထဲမှာ သူတို့နှစ်ယောက်နှင့် ဓါတ်လှေကားမောင်းသူသာကျန်တော့သည်။ ဒေါ်ရော့်သီက ဘေးဘက်သို့နေရာရွှေ့လိုက်သည်။ ပေါလ်ကိုမော့ကြည့်သည်။ ယခုမှ သတိထားမိသည့်ပုံစံမျိုးကို လုပ်လိုက်သည်။

"အိုး. . . ဟယ်လို. . . ဧည့်ခန်းထဲမှာ မင်းကို မင်းအဖေ၊ အမေနဲ့ အတူတူတွေ့မိသလိုလိုပဲ"

မိမိကိုချဉ်းကပ်လာခြင်းဖြစ်ကြောင်း ပေါလ်ကအလိုလိုသိလိုက်သည်။

"အား. . . ကျွန်တော့်အဖေနဲ့နောက်တစ်ယောက်က ကျွန်တော့်ညီမလေးရဲ့ အထိန်းဖြစ်ပါလိမ့်မယ်ခင်ဗျာ၊ ကျွန်တော်. . . ကျွန်တော်ဟို. . . ဓါတ်လှေကား မောင်းတဲ့သူက မစ္စက်ကောလ်ဖီးလို့ခေါ်လိုက်တယ်ထင်ပါတယ်၊ ကျွန်တော့်နာမည် ပေါလ်ဗားဟတ်ပါ ခင်ဗျာ"

ပေါလ်သည်ထိုစကားကို ပြန်ပြောရင်း စိတ်ထဲက အပြေးအလွှား အကွက်ချ နေမိသည်။ ယခုလေးနာရီထိုးဖို့ မိနစ်အတော်များများလိုသေးသည်။ မစ္စက်ပီးယာစ် နှင့် ဆစ်ဂရစ်သည် ငါးနာရီခွဲမှ အခန်းသို့ ပြန်တက်လာကြမည် ဖြစ်သည်။ သူ့ အဖေက ညခုနှစ်နာရီအထိ အပြင်မှာရှိနေဦးမည်။

"ကျွန်တော်တို့က ဂျာမဏီနိုင်ငံက ဖြစ်ပါတယ်" သတိထား၊ သတိထား၊ ဒီမိန်းမကြီးက ဂျာမန်ဆန့်ကျင်ရေးသမား ဖြစ်ချင်ဖြစ်နေနိုင်တယ်ဟုလည်း ကျိတ် တွေးလိုက်မိသည်။"ဒါပေမယ့် ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်က ဘယ်လ်ဂျီယံနိုင်ငံက ဖြစ်ပါတယ်၊ ကျွန်တော့်အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို လိုက်တွေ့လိုက်ပါဦးလား ခင်ဗျာ"

မိမိစိတ်ထဲမှာ ဘာတွေရှိနေသည်ကိုသည် အမျိုးသမီးကြီး နားလည်သဘောပေါက်ပါစေတော့ဟုလည်း ဆုတောင်းလိုက်မိပြန်သည်။

"ဟင်. . . . ဘာဖြစ်လို့လဲ. . . အေးလေ. . . ကောင်းပါပြီ၊ လိုက်တွေ့သေးတာပေါ့" ဟု ဒေါ်ရော်သီကပြန်ဖြေသည်။ သူ့တွင်ငြင်းဆန်နိုင်သည့် စွမ်းအားလည်းမရှိတော့ပြီ။

ပေါလ်က သူ့အိပ်ခန်းဆီသို့ ဦးဆောင်ပြီး ခေါ်ယူသွားသည်။

"ကျွန်တော်တို့ အချိန်တစ်နာရီခွဲလောက်တော့ ရပါသေးတယ်ခင်ဗျာ"

သူ့အသံသည် မူမမှန်တော့ချေ။ အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ ထိုနေရာမှာပင် ခပ်ကြောင်ကြောင်ရပ်နေမိသည်။ သူ့လည်ချောင်းထဲမှာလည်း ခြောက်လာသည်။ ထိုအမူအရာကိုမြင်သောအခါ မိန်းမများနှင့် မတွေ့ဖူးသေးသော အရိုင်းသက်သက်ကလေးဖြစ်ကြောင်း ဒေါ်ရော်သီက ချက်ချင်း သဘောပေါက်လိုက်သည်။

"ဒီနားကို လာပါဦးကွယ်"

ဒေါ်ရော်သီကပြောပြောဆိုဆိုဖြင့် ပေါလ်ကို လှမ်းဆွဲခေါ်လိုက်သည်။ ထိုအချိန်မှာပင် အပြင်တွင်မမျှော်လင့်ပဲ မိုးရွာချလာသည်။ မိုးရေစက်များက သူတို့ ပြတင်းပေါက်မှန်များကို လာတိုးနေသည်။ သို့သော်လည်း အချိန်မဟုတ် မိုးရွာနေသည်ကို သူတို့နှစ်ယောက်စလုံးသတိမထားလိုက်မိကြချေ။

\+ + +

မစ္စက်ဂျူလီယာပီးယာစ်သည် ဆစ်ဂရစ်နှင့်အတူတူ ဗဟိုပန်းခြံထဲမှာ ရှိနေသည်။ စောစောက မိုးသားများအုံ့လာသည်ကို အာရုံမစိုက်မိ။ လျှပ်စီးများလက်လာသောအခါကျမှ နယူးယောက်မြို့ နွေရာသီတွင် မိုးရွာတော့မည်ဖြစ်ကြောင်း သတိထားလိုက်မိသည်။ ဆစ်ဂရစ်ကိုခေါ်ပြီး ဟိုတယ်သို့ သုတ်ခြေတင် ပြန်လာခဲ့ သည်။

ပြတင်းပေါက်များပွင့်နေမည်ကို သူစိုးရိမ်နေသည်။ အခန်းများအားလုံး လေအေးစက်တပ်ထားသည်မှာ မှန်သော်လည်းအခန်းရှင်းသည့် အလုပ်သမားက တစ်ခါတစ်ရံတွင် ပြတင်းပေါက်များကို ပြန်မပိတ်ပဲထားသွားတတ်သည်။

အခန်းထဲသို့ရောက်သောအခါ မပိတ်ရသေးသည့် ပြတင်းပေါက်များကို လိုက်ပိတ်သည်။ ဆစ်ဂရစ်က သူ့နောက်မှ ကပ်လျက်လိုက်နေသည်။ ယခုအချိန်တွင် ပေါလ်လည်း ပြန်ရောက်ဦးမည်မဟုတ်။ ထို့ကြောင့် ပေါလ်အခန်းမှ ပြတင်းပေါက်များ ပိတ်ပြီးမပြီးကြည့်ရန် အခန်းကူးလာခဲ့သည်။

ပေါလ်၏အခန်းတံခါးကို ရုတ်တရက်ဖွင့်လိုက်သောအခါ ကုတင်ပေါ်တွင် ပေါလ်နှင့် အသက်ကြီးကြီးအမျိုးသမီးတစ်ယောက်ကို မမျှော်လင့်ပဲတွေ့ လိုက်ရသည်။ ထို့ကြောင့် ဂျူလီယာက ဆစ်ဂရစ်ကို နောက်ဘက်သို့ ကမန်းကတန်းတွန်း ပစ်လိုက်ရသည်။

ပေါလ်၏ မျက်နှာပေါ်တွင် ချက်ချင်းဒေါသရိပ်များ ပေါ်သွားသည်။ အမျိုးသမီးက နီးရာအဝတ်တစ်ခုကိုလှမ်းဆွဲပြီး ကိုယ်ပေါ်သို့ ဖုံးလိုက်သည်။

"ထွက်သွား"ဟုပေါလ်က ဒေါသတကြီးလှမ်းအော်သည်။

ဂျူလီယာက နေရာမှာ မလှုပ်မယှက် ရပ်နေသည်။ ဝေဟမ်းဗားဟတ်၏ သားသမီးများနှင့် ပတ်သက်ပြီးသူ့တွင်တာဝန်ရှိပါသည်။

"ရှင်. . . အဝတ်အစား မြန်မြန်ဝတ်ပြီးချက်ချင်းထွက်သွားပါ၊ ဒါမှ မဟုတ်ရင် ကျွန်မပုလိပ်ကိုခေါ်လိမ့်မယ်၊ ပေါလ်ဟာ ၁၅ နှစ်တောင်ပြည့်သေးတာ မဟုတ်ဘူး"ဟု ဂျူလီယာက အမျိုးသမီးကို လှမ်းပြောသည်။

"ပေါလ်က ဗီရိုဆီသို့ ပြေးသွားသည်။ သူ့လက်စွဲတော် ဟစ်တလာ ဓားမြှောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူသည်။ ပြီးတော့ ဂျူလီယာဆီသို့ ပြေးသွားသည်။

"ထွက်သွား"ဟုလည်း ဂျာမန်ဘာသာဖြင့် ရုတ်တရက် အော်ပြောလိုက်မိသည်။

ဂျူလီယာမှာတံခါးပြန်ပိတ်ခဲ့ပြီး အခန်းပြင်သို့ သုတ်ခြေတင် ထွက်ပြေးရတော့သည်။

သူပြီးတော့ ဒေါ်ရော်သီလည်းရရာ အဝတ်အစားများကို ကမန်းကတန်း ကောက်ဝတ်ကာ အခန်းထဲမှ ဒရောသောပါးထွက်ပြေးသွားလေတော့သည်။

အခန်းထဲမှာ ပေါလ်ဗားဟတ်တစ်ယောက်တည်းသာ တုန်လှုပ်ချောက်ချားစွာဖြင့် ကျန်ရစ်ခဲ့သည်။ သူသည် ကလေးငယ်ကလေး တစ်ယောက်မဟုတ်တော့။အရွယ်ရောက်ပြီးဖြစ်သော ယောက်ျားရင့်မာကြီး ဖြစ်သွားချေပြီတည်း။

\+ + +

မစ္စက်ဂျူလီယာပီးယာစ့်က ဦးကြီးချက်မနှင့်ပြောနေသည်ကို ဝေဟမ်း ဗားဟတ်က ထိုင်နားထောင်နေသည်။

ပေါလ်သည် သူထင်ထားသလို ကလေးမဟုတ်တော့။ သို့သော်လည်း ထို အမျိုးသမီးကြီးကို မိမိအခန်းသို့ခေါ်လာပြီး လူမိအောင် ပြုလုပ်သည့်အတွက် အတော်တော့ မိုက်မဲရာကျသေးသည်။ နောင်သည်လိုမဖြစ်အောင် လုပ်ရမည်ဟုလည်း စိတ်ကူးထားသည်။

"ကောင်းပြီ မစ္စက်ပီးယာ့စ် သားကိုကျွန်တော်ဆုံးမလိုက်ပါ့မယ်၊ ဘာမှ မကြောက်ပါနဲ့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

၁၉၃၉ တွင်ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်သည် အမေရိကန် ပြည်ထောင်စုအတွင်းရှိ ဘဏ်တိုက်များအနက် နံပါတ် ၂၇ ခုမြောက် အကြီးဆုံး ဘဏ်တိုက်ဖြစ်လေသည်။ ဝေဟမ်းဗားဟတ်က သူ၏ ငွေတစ်သန်းသုံးသိန်းကို ထိုဘဏ်တိုက်တွင် အပ်ထားသည်။ ထို့ကြောင့် ဥက္ကဋ္ဌ ဂေါ်ဒွန်ဆင်ကလဲယားက ဝေဟမ်းဗားဟတ်ကို အရာရာတွင် ဦးစားပေးဆက်ဆံနေသည်။

အစိုးရထိပ်တန်းအရာရှိကြီးပေါင်း အတော်များများကိုလည်း ဆင်ကလဲယားက နည်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းပြီး ခါးပိုက်ထဲထည့်ထားသည်။ ကမ္ဘာစစ်ကြီးသည် ဥရောပနိုင်ငံတွင် မလွဲမသွေ ဖြစ်ပွားပေါ်ပေါက်တော့မည် ဖြစ်ကြောင်း၊ ယင်းသို့ ကမ္ဘာစစ်ဖြစ်လာလျှင် သမ္မတရုစဗဲ့က '၁၉၃၅-ခုနှစ်၊ ကြားနေရေးအက်ဥပဒေကို' ကွန်ဂရက် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း၊ ထိုဥပဒေအတည်ဖြစ်လျှင် စစ်ဖြစ်နေသော နိုင်ငံများကို အမေရိကန်က စစ်လက်နက်ပစ္စည်းများ ရောင်းချရမည် ဖြစ်ကြောင်း၊ ဂျာမဏီနိုင်ငံအနေဖြင့် အများဆုံး ဝယ်စရာရှိကြောင်းများဖြင့် ထိုထိပ်တန်းအရာရှိကြီးများက ဆင်ကလဲယားကို ပြောပြကြသည်။

ဂျာမဏီနိုင်ငံက ပစ္စည်းအများအပြားကို ဝယ်ယူမည်ဆိုလျှင် ဝေဟမ်းဗားဟတ်သည် ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်နှင့် ဂျာမန်ကုန်သည်များကြားတွင် ပွဲစားအဖြစ် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟုလည်း ခန့်မှန်းမိသည်။ ထို့ကြောင့် ဗားဟတ်ကို သူဖိတ်လိုက်သည်။

ဘဏ်တိုက်ဘုတ်အဖွဲ့ ချယ်ယာမင်၏ သီးသန့်ခန်းထဲမှာ သူတို့ထိုင်ကြသည်။ ဝေဟမ်းဗားဟတ်သည် တစ်ယောက်တည်းမလာပဲ သူ့သားပေါလ်ကိုပါ ခေါ်လာခဲ့သောကြောင့် ဆင်ကလဲယား အဖို့ မနေတတ်မထိုင်တတ် ဖြစ်နေသည်။သို့သော်လည်း ဆင်ကလဲယားက အတတ်နိုင်ဆုံး ဣန္ဒြေဆောင်ရင်း အခြား စားပွဲ တစ်လုံး ပြင်ဆင်ပေးရန် သူ့လူများကိုပြောလိုက်သည်။

သူ့မှာသားသမီးလေးယောက်ရှိကြောင်း၊ အကြီးဆုံးသားဂေါ်ဒွန်ဂျူနီယာသည် ဟားဗတ်တက္ကသိုလ်မှာတက်နေကြောင်း၊ သားအကြီးသည်သူ့အရိုက်အရာကို ခြံယူပြီး ဆင်ကလဲယားဘဏ်တိုက်ကြီးကို ဆက်လက်အုပ်ချုပ်သွားလိမ့်မည်ဟု သူမျှော်လင့်ကြောင်းများကို ဆင်ကလဲယားက ပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေရာလေးပါး ပြောနေရသည်ကို ဝေဟမ်းဗားဟတ် စိတ်ပျက်လာသည်။ ထို့ကြောင့် တည်တည်ပင် လိုရင်းကိုပြောလိုက်မိသည်။

"ကျွန်တော်တို့ လုပ်ငန်းအကြောင်းကို ပြောကြရအောင်လား မစ္စတာ ဆင်ကလဲယား" ထိုသို့ပြောပြီး သူ့သားဘက်ကို မေးငေါ့ပြလိုက်သည်။ "ကျွန်တော့် သားဟာ အင်မတန် နှုတ်လုံပါတယ်၊ နောက်ပြီးတော့ ကျွန်တော်ဘာမှ လျှို့ဝှက်မထားဘူး၊ သူ့ကို အကုန်ဖွင့်ပြောပြလေ့ ရှိပါတယ်"

ဆင်ကလဲယားကပေါလ်ကို အထင်ကြီးလေးစားသည့် အကြည့်မျိုးဖြင့် အကြာကြီး ငေးစိုက်ကြည့်နေသည်။ ပြီးတော့မှ ခေါင်းညိတ်ပြသည်။

"အကြောင်းနှစ်ခုကြောင့် ကျွန်တော်ဒီကိုလာဖို့ ခင်ဗျားဖိတ်တယ်" ဝေဟမ်းဗားဟတ် ကပင်ဆက်ပြောသည်။ "တစ်ကြောင်းက ခင်ဗျားရဲ့ဘဏ်တိုက်မှာ ကျွန်တော့်ငွေတွေ အများကြီး အပ်ထားတယ်၊ ဒုတိယအကြောင်းက ဥရောပတိုက်မှာ စစ်ဖြစ်တော့မယ်"ဗားဟတ်က ထိုမျှ ပြောပြီး စကားကို ရပ်ထားသည်။

"အင်မတန်မှန်ပါတယ်ခင်ဗျာ၊ အခုလိုပွင့်လင်းတဲ့အတွက်လည်း ချီးကျူးပါတယ် မစ္စတာဗားဟတ်၊ ဟုတ်ပါတယ်၊ ခင်ဗျားပြောတာမှန်ပါတယ်၊ စစ်ဖြစ်ဖို့အချိန် သိပ်နီးနေပါပြီ၊ တကယ်စစ်ဖြစ်လာပြီဆိုရင် ကျွန်တော်တို့ရဲ့ ကြားနေရေးဝါဒကို ပြောင်းလဲပစ်ရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်ဟာ အနောက်အုပ်စုဝင်တွေအတွက် အဓိကထားပြီး လုပ်ကိုင်ပေးဖို့ကလဲရှိနေပါတယ်၊ ဒါကြောင့် အချိန်ရှိခိုက်မှာ ကျွန်တော်တို့ အလုပ်လုပ်ကြရပါမယ်"

ဗားဟတ်က အပိုစကားများကို ပြောမနေတော့ပဲ ပုတ်ထုတ်ပစ်လိုက်သည်။

"ဂျာမန်ကုန်သည်တွေနဲ့ ကျွန်တော် အဆက်အသွယ်ရှိတာကို ခင်ဗျား သိတယ်၊ ကျွန်တော့်မှာ အတွေ့အကြုံရှိကြောင်းလဲ ခင်ဗျားသိတယ်၊ ဒါကြောင့် ဂျာမန်ကုန်သည်တွေနဲ့ ဆင်ကလဲယားဘဏ်တိုက်ကြားမှာ ကျွန်တော့်ကို ပွဲစားလုပ်စေချင်တယ် မဟုတ်လား၊ ကောင်းပါပြီ၊ ကျွန်တော် ခင်ဗျားနဲ့ ပူးပေါင်း လုပ်ပါ့မယ်"

သူ့အဖေ၏စကားကိုကြားသောအခါ ပေါလ်ကအံ့အားသင့်သွားသည်။ ဂျာမဏီနိုင်ငံမှ ထွက်ပြေးသွားသောကြောင့် ဝေဟမ်းကို နာဇီပါတီက သစ္စာဖောက် အဖြစ်သတ်မှတ်ထားသည်။

"သုံးလေးလနဲ့တော့ စစ်ဖြစ်ဦးမှာမဟုတ်ပါဘူး" ဝေဟမ်းကပင်ဆက်ပြောသည်။ "ဒါကြောင့် ဒီအချိန်အတောအတွင်းမှာ ကျွန်တော်တို့ အမြတ်အစွန်း ကောင်းကောင်းရအောင် လုပ်နိုင်ပါတယ်၊ လုပ်ငန်းတစ်ခုကို ထူထောင်နိုင်လောက်အောင်လဲ ကျွန်တော့်မှာ ငွေအရင်းအနှီး ပြည့်ပြည့်စုံစုံရှိပါတယ်၊ ကျွန်တော်လိုချင်တာရအောင် ငှားပေးဖို့တော့ ခင်ဗျားအနေနဲ့ ကြားပွဲစား လုပ်စေချင်ပါတယ် မစ္စတာ ဆင်ကလဲယား"

"စီးပွားရေးလုပ်ငန်းလုပ်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေငှားရမ်းပေးဖို့များ ပြောတာလား ခင်ဗျာ"

"မဟုတ်ပါဘူးခင်ဗျာ၊ ဩဇာအာဏာကြီးတဲ့ ဆီးနိတ်လွှတ်တော် အမတ်တစ်ယောက်လောက် ငှားရမ်းပေးဖို့ကိုပြောတာပါ"

ဆင်ကလဲယားက သူ့အကြောင်းကို သူပြန်စဉ်းစားနေမိသည်။ ဗားဟတ်က သူနှင့် ပူးပေါင်းလုပ်ကိုင်ပေးပါမည်ဟု ကတိပေးသည်။ သူပြန်တောင်းသည့် အကူအညီကျတော့ ဘာမှ မဖြစ်လောက်သည့် အလုပ်ဖြစ်နေသည်။ သူ့အနေနှင့် အလွယ်တကူ စီစဉ်ပေးနိုင်ပါသည်။သူ လာဘ်ထိုးပြီး သိမ်းသွင်းထားသော အထက်နှင့် အောက်လွှတ်တော်အမတ်ပေါင်းမြောက်များစွာ ရှိသည်။ထို့ကြောင့် တစ်ချက်ပြုံးပြလိုက်သည်။

"ခင်ဗျားကို ကျွန်တော်တစ်ခုတော့ သတိ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အမေရိကန်လူမျိုးတွေဟာ အခကြေးငွေမရပဲ အကူအညီမပေးဘူးဆိုတာ ကျွန်တော် သိပါတယ်ခင်ဗျာ၊ ငှားရမ်းခတန်ရာ တန်ကြေးကိုကျွန်တော်ပေးပါ့မယ်"

ဝေဟမ်းဗားဟတ်က ထိုသို့ပြောပြီး တဟားဟားရယ်ချလိုက်သည်။ဆင်ကလဲယား၏ ပါးပြင်မှာ ငွေရောင်လွှမ်းသွားသည်။

"သန်ဘက်ခါကျရင် ဆီးနိတ်လွှတ်တော်အမတ် အော်ရင်ဒီမင် ခင်ဗျားနဲ့ လာတွေ့ဖို့ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"ဟုပြောပြီး လူခေါ်ခေါင်းလောင်းကို နှိပ်လိုက် သည်။ "ကျွန်တော်တို့ နေ့လည်စာ စားလိုက်ကြရအောင်လား"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

ထိုနေ့မှစပြီး နောက်ရက်သတ္တပက်များတွင် ဆက်တိုက်အလုပ်ရှုပ်တော့သည်။ ဝေဟာမ်းဟားဟတ်သည် "ဟားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီ"ကို တည်ထောင်လိုက်သည်။ လက်ဇင်တန်ရိပ်သာရှိ ချာနင်အဆောက်အအုံတွင် အခန်းသုံးခန်းပါသော အခန်းတစ်ခုကို ရုံးခန်းအဖြစ်ငှားရမ်းသည်။ အတွင်းရေးမှူးတစ်ယောက်နှင့် စာရင်းကိုင်တစ်ယောက်ကိုလည်း ခန့်ထားသည်။

ထို့နောက် ဇာခ်မင် ရပ်ကွက်တွင် အိမ်ထောင်ပရိဘောဂ အပြည့်အစုံပါသည့် အခန်းခုနှစ်ခန်းပါဝင်သော အိမ်ခန်းတစ်ခုကိုပါဝယ်ယူလိုက်သည်။ ဟိုတယ်ပလာဇာမှ ထိုအိမ်သစ်သို့ သူတို့ပြောင်းခဲ့ကြသည်။

စက်တင်ဘာလရောက်လျှင်ပေါလ်ကို ရိုးရိုးကျောင်းတစ်ကျောင်းမှာ ထားဖို့လည်း ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ ရိုးရိုးကျောင်းတွင်နေခြင်းအားဖြင့် အမေရိကန်လူမျိုးတို့၏ စရိုက်ကို အတွင်းကျကျ ပိုမိုကျွမ်းဝင်လာမည်ဟု သဘောရသည်။ ထိုကိစ္စကိုသားဖြစ်သူ ပေါလ်နှင့် အကျိတ်အနယ်ဆွေးနွေးရ သေးသည်။ နောက်ဆုံးမှ ပေါလ်ကလက်ခံသည်။

ဥရောပတိုက်၏ အခြေအနေများက အပြောင်းအလဲမြန်နေသည်။ စက်တင်ဘာ တစ်ရက်နေ့တွင် နာဇီများက ပိုလန်နိုင်ငံကို တိုက်ခိုက်သည်။ နောက်နှစ် ရက်ကြာသောအခါ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ဂျာမဏီကို စစ်ကြေငြာသည်။

အမေရိကန်ပြည်ထောင်စုတွင်မူ ကြားနေနိုင်ငံဥပဒေတွင် စစ်ဖြစ်နေသည့် နိုင်ငံများအား စစ်လက်နက်ပစ္စည်းများ ရောင်းချရေးဥပဒေကြမ်းကို သမ္မတရုစဗဲ့က ထပ်တိုးသည်။ ထိုဥပဒေကြမ်းအရ ငွေလက်ငင်းပေးချေသော မည်သည့်နိုင်ငံသို့မဆို စစ်လက်နက်ပစ္စည်းများကို ရောင်းချမည်။ ကုန်ပစ္စည်းများကို ဝယ်ယူသည့်နိုင်ငံက မိမိအစီအစဉ်ဖြင့် မိမိသယ်ဆောင်ရမည် ဖြစ်သည်။

ဂျာမန်စစ်လက်နက်ပစ္စည်းဝယ်ယူရေး ကုမ္ပဏီများနှင့် အဆက်အသွယ် ပြုလုပ်ရန် ဂေါ်ဒွန်ဆင်ကလဲယားက ဝေဟာမ်းဟားဟတ်ကို တိုက်တွန်းသည်။ ဟားဟတ် ကြိုးစားသော်လည်း မအောင်မြင်ချေ။ ဂျာမန်အေဂျင်စီများသည် ယခင် ကတည်းက အခြားဘဏ်တိုက်ကြီးများနှင့် ဆက်သွယ်ထားခဲ့ကြပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ မအောင်မြင်မှုများနှင့် ပတ်သက်ပြီး ဆင်ကလဲယားကမကျေမနပ် ဖြစ်နေသည်။ ဗားဟတ်ကမူ ဘာကိုမှအရေးမစိုက်ချေ။

ဥရောပတွင်စစ်ဖြစ်လာသောကြောင့် အမေရိကန်ကလည်းမိမိ၏ စစ်တပ်ကို ဖွတ်ပူမီးတိုက် လက်နက်တပ်ဆင်ရတော့သည်။ နေ့ချင်းညချင်း အဆပေါင်းများစွာ တိုးတက်အောင် ဆောင်ရွက်ရတော့သည်။

ဝေဟမ်းဗားဟတ်က ထိုအခွင့်အရေးကို လက်လွှတ်မခံပဲ ဆီးနိတ် လွှတ်တော်အမတ် အော်ရင်ဒီမင်၏ အကူအညီဖြင့် စစ်တပ်ကို လိုအပ်သည့်ပစ္စည်းများ ပေးသွင်းဖို့စီစဉ်သည်။ အတွင်းခံ ချည်အင်္ကျီ ၁၀၀၀၀၀ စစ်တပ်သို့ ပေးသွင်းရန် ပထမဦးဆုံးအမှာစာ "ဗားဟတ် ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီသို့" ရောက်လာသည်။ တစ်ထည်လျှင် ၂၉-ဆင့်နှင့်ဝယ်ယူရန်ဖြစ်သည်။ ဝေဟမ်းဗားဟတ် က ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပေါလ်ကို ထိုအမှာစာ ပြသည်။

"ဂျူးလူမျိုးထုတ်လုပ်သူတစ်ယောက်က အဖေတို့ ကုမ္ပဏီအမှတ်တံဆိပ်နဲ့ အင်္ကျီတွေ ချုပ်သွင်းလိမ့်မယ်၊ တစ်ထည်ကို ၁၇ ဆင့်ပဲအရင်းကျမယ်"

ဝေဟမ်းသည်အလွန်အမင်း ကျေနပ်အားရနေသည်။ သူတို့ပေးသွင်းမည့် ပစ္စည်းများ သည် အဆင့်အတန်းမီသော ပစ္စည်းများမဟုတ်ပါ။ သို့သော်လည်း ဒါတွေကို စစ်ဆေးနေဖို့ အမေရိကန်စစ်တပ်မှာ အချိန်မရ။ လိုအပ်သည့်ပစ္စည်းများ အချိန်မှီ ပြည့်စုံရေးသာလျှင် အဓိက ဖြစ်နေသည်။

"ဒါတွေ ပေးသွင်းတဲ့အတွက်အဖေမှာ ဘယ်လောက်များအမြတ်ကျန်ခဲ့မလဲ"ဟု ပေါလ်ကမေးသည်။

ဒေါ်လာ ၇၀၀၀ အသားတင်မြတ်မယ်၊ အဖေ့ငွေကိုလဲ အရင်းစိုက်စရာ မလိုဘူးလေ"

ယခုဖြစ်တော့မည့် စစ်ကြီးကိုအကြောင်းပြုပြီး ချမ်းသာကြွယ်ဝအောင် လုပ်နိုင်ကြောင်း ပေါလ်စဉ်းစားနေမိသည်။ စစ်အတွက်အရေးကြီးသည်မှာ လက်နက်နှင့် အခြားစစ်ပစ္စည်းများ ဖစ်သည်။ ထိုပစ္စည်းများကိုထုတ်လုပ်ခြင်း၊ ဝယ်ယူပေးသွင်းခြင်းဖြင့်သာလျှင် အကြီးအကျယ် ချမ်းသာနိုင်မည်။ ယခုလို ဘာမှမဖြစ်လောက်သော အင်္ကျီကလေး၊ ဘောင်းဘီကလေးပေးသွင်း နေခြင်းဖြင့် ထင်သလောက် ကြီးပွားချမ်းသာမည်မဟုတ်။ ထိုအကြောင်းများကို အဖေ သဘောပေါက်စေချင်သည်။ သို့သော်လည်း အကြောင်းထူးမည်မဟုတ်ကြောင်းသူသိသည်။ ထို့ကြောင့် ဆိတ်ဆိတ်ပင်နေလိုက်လေသည်။

\+ + +

နယူးယောက်မြို့တွင်ရှိသော ကျောင်းများတွင်သင်ကြားနေသည့် ပညာရေးစနစ်မှာ ဥရောပတိုက် ပညာရေးစနစ်ထက် အဆင့်အတန်းများစွာ ပိုမြင့်သည်။ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းသည့် နိုင်ငံခြားသားကျောင်းသားများကို ကျောင်းဝင်ခွင့် စာမေးပွဲစစ်ဆေးသည်။ ရသည့်အမှတ်များကိုကြည့်ပြီး အတန်းသက်မှတ်ပေးသည်။

ပေါလ်ဗားဟတ်သည် အသက်ပင်ငယ်သော်လည်း သူ၏ အင်္ဂလိပ်စာ အဆင့်အတန်း ကမြင့်သောကြောင့် အဆင့် ၁၁ သို့တက်ရောက်သင်ကြားခွင့်ရသည်။ တကယ်ဆိုတော့ သူ့ပညာ အရည်အချင်းက ထို့ထက်ပင်မြင့်နေသေးသည်။

သူနှင့် အတန်းတူ ကျောင်းသားကျောင်းသူများ၏ ဗဟုသုတနှင့် ပညာ အရည်အချင်း မှာ အလွန်တရာနိမ့်ကျနေသည်ကိုတွေ့ရသည်။ လက်တင်ဘာသာလည်းမတတ်။ သမိုင်းဘာသာ တွင် မတော်။ အနုပညာဆိုင်ရာ ဗဟုသုတမရှိ။ ဖော်လ်တဲတို့၊ လီယိုနာဒိုဒါဗင်ချီတို့ကိုပင် ကြားဖူးသူများမဟုတ်ကြ။ စာသင်ခန်းအတွင်း စည်းကမ်းကျတော့လည်း ဂျာမဏီနိုင်ငံ ကျောင်းများ ၏ သံမဏိစည်းကမ်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မိုးနှင့်မြေတမျှ ကွာခြားလွန်းလှလေသည်။


www.burmeseclassic.com

ထိုအခြေအနေများကြောင့် သူကျင်လည်နေရသည့် ပတ်ဝန်းကျင်နှင့် အထာမကျအောင် ဖြစ်နေသည်။ အမေရိကန်လူမျိုးများသည် ဘောလုံးကစားခြင်းကိုလည်း အားမပေး။ ဘေ့စ်ဘော ကိုသာ အများဆုံးကစားနေကြသည်။ ဂျာမဏီနိုင်ငံတုန်းက ဘောလုံးသင်းတွင် လက်ရွေးစင် ဖြစ်ခဲ့သော ပေါလ်အဖို့ ဘယ်နေရာမှာမှ မဝင်ဆံ့နိုင်အောင်ဖြစ်နေသည်။ ထို့ကြောင့် ဘယ်ကျောင်း သားနှင့်မှ အပေါင်းအသင်း မလုပ်တော့ပဲ သူ့ဟာသူ သီးခြားနေလိုက်သည်။

ကျန်ကျောင်းသားများကလည်း သူ့ကိုသဘောမကျ။ ကြုံလျှင်ကြုံသလို "အလကား ဂျာမန်စုတ်"ဟုခေါ်ကာ နှိမ်တတ်သည်။ ပေါလ်သည်ဂျာမဏီနိုင်ငံ လူငယ်အစည်းအရုံးဝင် ဘဝတုန်းက လက်နက်မဲ့ တိုက်ခိုက်နည်းသင်တန်းများ တက်ရောက်အောင်မြင်ထားခဲ့သည်။ သို့သော်လည်း မည်သို့မှ လက်တုံ့မပြန်ပဲ ကိုယ့်စိတ်ကိုယ်ထိန်းကာ ရန်ကို ရှောင်ခဲ့သည်။

နောက်ဆုံးတစ်နေ့တွင်တော့ မရှောင်သာသည့် အဖြစ်နှင့် ကြုံခဲ့ရသည်။ ထိုနေ့က ကျောင်းဆင်းပြီး ဘိခ်မင်ရပ်ကွက်ရှိနေအိမ်သို့ လမ်းလျှောက်ပြန်လာခဲ့သည်။ လမ်းတစ်ဝက် ရောက်တော့ သူ့အတန်းထဲမှကျောင်းသားသုံးယောက်က လမ်းကိုပိတ်ပြီး ရပ်စောင့်နေကြသည်။ သူတို့၏ ပွဲကြီးပွဲကောင်းကို ကြည့်ရန်လည်း အခြား ကျောင်းသူ ကျောင်းသားပေါင်းများစွာတို့က မလှမ်းမကမ်းမှာ ရပ်နေကြသည်။

လမ်းပိတ်ရပ်နေသည့် ကျောင်းသားများအနက် အကြီးဆုံးကျောင်းသားက ပေါလ်ကို ရန်စသည်။ ကျန်ကျောင်းသားနှစ်ယောက်ကလည်း မျိုးစုံနောက်ပြောင်ပြီး လက်သီးပြင်ကာ သူ့ဆီသို့ တိုးလာကြသည်။

"မလုပ်ကြပါနဲ့ကွာ၊ ငါရန်မဖြစ်ချင်ပါဘူး"ဟု ပေါလ်ကတောင်းပန် စကား ပြောသည်။ တစ်ကယ်ကြောက်ချင်ယောင်လည်း ဆောင်လိုက်သည်။ လက်ထဲက စာအုပ်ကလေးများကို အောက်သို့ချသည်။

ထိုအချက်ကို အကွက်ကောင်းယူပြီး အကြီးဆုံးကျောင်းသားက ပေါလ်ဆီသို့ ပြေးဝင် လာသည်။ ပေါလ်က ဘေးသို့အနည်းငယ်တိမ်းပေးလိုက်ပြီး ပြေးဝင်လာသူ၏ ပေါင်ကြားထဲသို့ ဒူးတစ်လုံးသွင်းလိုက်သည်။ ထိုကျောင်းသား ခွေကျသွားသည်။

နောက်နှစ်ယောက်ပြေးဝင်လာကြပြန်သည်။ ထိုနှစ်ယောက်စလုံးလည်း မြေပြင်ပေါ် သို့ ရောက်သွားကြသည်။

"မင်းတို့ထဲက ငါ့အနားကို ကပ်ရဲတဲ့အကောင်ရှိရင်ကပ်ကြ၊ ကပ်တဲ့ အကောင်သေဖို့ သာပြင်" ဟုပြောပြီးသူ့စာအုပ်ကလေးများကိုကောက်ကာ အိမ်သို့ ပြန်လာခဲ့သည်။

ထိုပြဿနာက ကြီးထွားလာတော့သည်။ ဒဏ်ရာအကြီးအကျယ် ရသွားသော ကျောင်းသားတို့၏ မိဘများက ကျောင်းအုပ်ဆရာကြီးကိုတိုင်သည်။ ကျောင်းအုပ်ဆရာကြီးက ဝေဟမ်းဗားဟတ်ကိုခေါ်ပြီး အကျိုးအကြောင်းပြောပြ သည်။ အမေရိကန်ပြည်ထောင်စုအတွင်း၌ ဂျာမန်ဆန့်ကျင်ရေး စိတ်ဓာတ်များကလည်း အရှိန်တက်နေခိုက် ဖြစ်လေရာ ဝေဟမ်းဗားဟတ် သည် သူ့သားကို ကျောင်းထုတ်သွားရန် သဘောတူလိုက်ရလေသည်။

"ကျောင်းသားတွေက အလကားကောင်တွေပါ အဖေရယ်၊ ဘာအဆင့် အတန်းမှလဲ မရှိကြဘူး၊ ဂျာမဏီနိုင်ငံမှာဆိုရင် ဒီကောင်တွေမလွယ်ဘူး၊ ဆရာတွေကလဲ လျှော့လျှဲ လျှော့လျှဲနဲ့"

"ပရိုက်ဗိတ်ကျောင်း ပြောင်းနေရရင်. . ."

"ထူးမှာမဟုတ်ပါဘူး အဖေရယ်၊ အတူတူပဲနေမှာပါ"

"ဒါပေမယ့် မင်းပညာသင်ဖို့လိုတာပဲ၊ ကိုဘလင့်ဇ်မှာတုန်းက မင်းဟာ စာတော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သားပဲ၊ ဒီမှာလဲ စာတော်တဲ့ ကျောင်းသား တစ်ယောက် ဖြစ်အောင်တော့ လုပ်ရမှာပေါ့"

"အတ္တလန်တိတ် သမုဒ္ဒရာကြီးကို ဖြတ်ပြီး လက်ပစ်ကူးခိုင်းစမ်းပါ အဖေရာ၊ အဲဒါမှ ပိုလွယ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျူရှင်ဆရာခေါ်ပြီး အိမ်မှာသင်ရင်ကော. . ."

ပေါလ်သည် မျက်နှာအမူအရာပျက်မသွားအောင် သတိထားပြီး ထိန်းလိုက်သည်။ သူဖြစ်ချင်သည်မှာလည်း ထိုသို့ ဆရာသပ်သပ်ခေါ်ယူ သင်ကြားရန် ဖြစ်သည်။ သို့သော် ထိုအကြံသည် သူ့အဖေ၏ အကြံအဖြစ်နှင့်သာ အကောင် အထည်ဖော်စေချင်သည်။

"အဲဒါကမှ နည်းနည်းတော်လိမ့်ဦးမယ် အဖေ"

"အကောင်းဆုံးဆရာရအောင် အဖေတို့ ရှာမယ်"

ပေါလ်က ယခုမှ အကြံပေါ်လာသည့် ပုံမျိုးဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"ဒါ အကောင်းဆုံးပဲအဖေ၊ ကျောင်းမှာ တစ်နေကုန်တက်နေရတာ အလကား အချိန်တွေ ဖြုန်းတီးပစ်နေတာနဲ့ အတူတူပဲ၊ ကျူရှင်ဆရာနဲ့ သင်ရရင် တစ်နေ့ကို နှစ်နာရီလောက်သင်ရုံနဲ့ ကျွန်တော် စာလိုက်နိုင်ပါတယ်၊ စာသင်ချိန်ပြီး သွားရင် အဖေ့ရုံးမှာလာပြီး ကျွန်တော်အလုပ် ကူလုပ်ပေးနိုင်မယ်၊ အောက်ခြေကရှိးရှိး လုပ်ငန်းကလေးတွေကို စလုပ်ပါ့မယ်၊ အလုပ်သင်ပေါ့ အဖေ၊ အခုကျွန်တော့်ကို တစ်ပတ် ၅၅ ဒေါ်လာ အဖေပေးနေတယ် မဟုတ်လား၊ ကျူရှင်ဆရာ ထပ်ငှားရင် ပိုက်ဆံ ထပ်ကုန်ရဦးမယ်၊ ဒါကြောင့် ဝင်ငွေရအောင်ကျွန်တော်အလုပ်လုပ်ပါ့မယ်"

တစ်ပတ်လျှင် ၂၅ ဒေါ်လာက သူ့အတွက်အသေးသုံးဖြစ်သည်။ ဒေါ်လာ ၃၀ က ဘက်တီလောင်းဝစ်လစ် ဆိုသည့် အမျိုးသမီးကလေးအတွက် အသေးသုံး ပေးခြင်းဖြစ်သည်။ မစ္စက်ဒေါ်ရော်သီကောလ်ဖီးနှင့် ပေါလ်တို့ပြဿနာပေါ်ပြီး ကတည်းက နောင် ထိုပြဿနာမျိုး ထပ်မပေါ်ပေါက်စေရန်ဝေဟမ်းဗားဟတ်က စီစဉ်ခဲ့သည်။ ကြေးစားဘက်တီလောင်းဝစ်လစ်နှင့် သတ်သတ်မှတ်မှတ်တွဲစေခဲ့သည်။

ယခုလိုသားက အလုပ်ဝင်လုပ်ပေးပါမည်ဟူသော စကားကိုကြားရသည်တွင် ဝေဟမ်း အလွန်ပျော်သွားသည်။ သူ့အဖေကသူ့ကို အလုပ်ဝင်လုပ်ခွင့်ပေးတုန်းကလည်း သူအပျော်ကြီး ပျော်ခဲ့ဖူးသည်။ သို့သော်လည်း မျက်နှာကို ခပ်တည်တည် လုပ်ထားလိုက်သည်။ စီးပွားရေး လုပ်ငန်းဆိုသည်မှာ စည်းနှင့်ကမ်းနှင့် လုပ်ရသော အလုပ်မျိုးဖြစ်သည်။ အရေးလည်းကြီးသည်။

ပညာသင်ဆိုတာ အင်မတန်ညည်းငွေ့စရာကောင်းတဲ့ အလုပ်ကွ၊ နောက်ပြီးတော့ မင်းဟာ အဖေ့သားဖြစ်နေတဲ့အတွက် အလုပ်ကို ပိုလုပ်ရမယ်၊ ခိုကပ်နေလို့မရဘူး၊ အဖေ့မှာ အတွင်းရေးမှူးနဲ့ စာရင်းကိုင်လည်းငှားထားပြီးသား ရှိနေပြီ ဒါကြောင့် အလုပ်သင်တစ်ယောက်ဟာ သူတို့ခိုင်းတာတွေကိုလဲ လုပ်ပေး ဖို့လိုတယ်၊ အလုပ်ချိန်အတွင်း အဖေ့သားဆိုပြီး အခွင့်အရေးတွေ ပိုယူလို့ မဖြစ်ဘူး၊ မင်းနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်အဖေ၊ ကျွန်တော်အောက်ခြေကစပြီး ကြုံရာအလုပ် အားလုံးကို လုပ်ပါ့မယ်၊ အဖေက နာဇီပါတီ ခေါင်းဆောင်၊ ကျွန်တော်က ပါတီဝင်ငယ် သားပေါ့ အဖေရယ်"

ပေါလ်က ချက်ကောင်းကို ကိုင်လိုက်သည်။ ဝေဟမ်း၏ မျက်နှာမှာ ရုတ်တရက် ပျက်သွားသည်။ ပြီးမှ ဣန္ဒြေပြန်ဆည်ပြီး စီးကရက်ဗူးကို ထုတ်ကမ်းသည်။

"စမ်းကြည့်ကြသေးတာပေါ့လေ၊ အခုဟာ အလုပ်ချိန်မဟုတ်ဘူး၊ ဒါကြောင့်. . . ရော့. . . စီးကရက်သောက်လိုက်ပါဦး၊ နောက်ပြီးတော့ မင်းနဲ့ ဘက်တီလောင်းတို့ရဲ့ ဆက်ဆံရေး အခြေအနေ ဘယ်လောက်များတိုးတက်နေသလဲ၊ သူ့ဆီကပညာတွေ ကုန်အောင်လေ့လာ ပြီးပြီ[illegible]၊ အဖေ့ကိုပြောပြစမ်းပါဦး"

ပေါလ်သည် ဘက်တီလောင်းနှင့် အဆင်ပြေနေကြောင်း၊ ယခုဆို လျှင် သူပေးသည့် တစ်ပတ်ဒေါ်လာ ၃၀ ကိုပင် ဘက်တီလောင်းကို ပေးရန်မလိုတော့ကြောင်း၊ ထိုငွေများသူ့ဆီမှာ ပိုနေကြောင်းများကို ဝေဟမ်းက အနည်းအကျဉ်းလောက်သာ သိထားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ပေါလ်သည် ဘဝသစ်တစ်ခုထဲသို့ ရောက်ရှိလာချေပြီ။ သူလုပ်ကိုင်နေရသည့် ပုံမှန်လုပ်ငန်းများနှင့် ပက်သက်၍လည်းကျေနပ်နေသည်။

သူ့အတွက် ကျူရှင်ဆရာအဖြစ် ကလစ်ဖို့ညူးဂင့်ဆိုသူကို ငှားလိုက်သည်။ကလစ်ဖို့ညူးဂင့် သည်ကိုလံဘီယာတက္ကသိုလ်မှ ဘွဲ့ရထားသူဖြစ်သည်။ စာဖတ်များသည်။ အသင်အပြကောင်းသည်။ ဂျာမန်နှင့် ပြင်သစ်ဘာသာလည်းတတ်သည်။ ပေါလ်နှင့် ကလစ်ဖို့ညူးဂင့်တို့သည်တစ်ယောက်ကို တစ်ယောက်၊ သဘောကျသည်လည်း မဟုတ်၊ မကျဘူးလည်းမဟုတ်။ ကလစ်ဖို့က သူ့ဆက်လက် ပညာသင်ကြားရေး အတွက် ငွေလိုသည်။ ပေါလ်ကပညာလိုသည်။ ထို့ကြောင့် ကိုယ့်အလိုနှင့်ကိုယ် ကိုယ့်လမ်းကိုယ်လျှောက်နေကြသည့် သဘောပင်ဖြစ်သည်။

ရုံးဖွင့်ရက်များတွင် မနက်ကိုးနာရီ ပေါလ်၏အိမ်သို့ ရောက်လာသည်။ နှစ်နာရီ စာသင်သည်။ ပြီးတော့ အိမ်စာများပေးပြီး ပြန်သွားသည်။ ပေါလ်က ဉာဏ်ကောင်းသူဖြစ်သဖြင့် အိမ်စာများကို မွန်းလွဲတစ်နာရီ မထိုးမီမှာပင် အားလုံး ရေးပြီးတွက်ပြီး ဖြစ်သွားတော့သည်။

တစ်နာရီထိုးသည်တွင် အိမ်ဖော် နီဂရိုးအမျိုးသားနှစ်ယောက် ပြင်ဆင်ပေးသည့် နေ့လည်စာကိုစားပြီး ချာနင်အဆောက်အအုံမှာရှိသော သူ့အဖေရုံးသို့ သွားသည်။ ခိုင်းသည့် အလုပ်များကို လုပ်သည်။ လေ့လာစရာရှိသည်များကို လေ့လာသည်။

ဆီးနိုတ်လွှတ်တော်အမတ် အော်ရင်ဒီမင်၏ အကူအညီကြောင့် "ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီမှာ" အလုပ် အလွှန်ဖြစ်နေသည်။ စစ်တပ်ကို ပစ္စည်းတွေ အမြောက်အများ ပေးသွင်းနေရသည်။ ပေါလ်ကလည်း အသက်လေးဆယ်ကျော် အတွင်းရေးမှူး အမျိုးသမီး ကလာရာအိုနေးလ်နှင့် စာရင်းကိုင် မစ္စတာ ဖန်ရှောတို့ကို မျက်နှာချို သွေးပေါင်းကာ လုပ်ငန်းများကိုသင်ယူသည်။

ထိုသို့ သင်ယူရာတွင်လည်း စိတ်ပါလက်ပါနှင့် ကြိုးကြိုးစားစားသင်ယူ နေခြင်းဖြစ်သည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ ခုနှစ် ပထမ ခြောက်လပိုင်းတွင် ဥရောပနိုင်ငံများ၌ နာဇီတို့ ဆက်တိုက်အောင်ပွဲ ခံနေကြသည်။ နာဇီတို့အောင်ပွဲခံလေ. . . အမေရိကန် စစ်တပ်ကို ပိုမိုတိုးချဲ့လေ လုပ်နေကြရလေရာ ဗားဟတ်အဖို့ အဘက်ဘက်က တိုးတက်လာနေသည်။ ပေါလ်၏ ဘဝမှာ ထူးထူးခြားခြားအဖြစ်အပျက်များ မပေါ်ပေါက်ခဲ့။ ထိုနှစ် ဇွန်လရောက်တော့မှသာ အခြေအနေများက ထူးခြားပြောင်းလဲလာတော့သည်။ ဇွန်လ ၁၇ ရက်နေ့တွင် ပြင်သစ်တို့က နာဇီထံ လက်နက်ချကြောင်း ကြေငြာသည်။ နောက်တစ်နေ့ အင်္ဂါနေ့မနက်တွင် ပေါလ်ကို စာသင်ပေးရန် ကလစ်ဖို့ဒ်ညူးဂင့် ဝင်ရောက်လာသည်။ ဆရာသည် အတော်တုန်လှုပ် ချောက်ချား နေပုံရသည်။

"အနောက်တိုင်းယဉ်ကျေးမှုတွေ ပျက်စီးဖို့အချိန် စလာပါပြီကွာ" ဟု ကလစ်ဖို့ဒ်ကပြောသည်။

ပေါလ်သည် နာဇီတို့၏ အောင်ပွဲများကိုကြည့်ပြီး စိတ်ကြီးဝင်နေချိန်ဖြစ်သည်။ နာဇီများကို အထင်ကြီးနေချိန်ဖြစ်သည်။ ထို့ကြောင့် ကလစ်ဖို့ဒ်၏ စကားကြောင့် ဒေါသအိုးပေါက်ကွဲလေတော့သည်။

"ခင်ဗျားအလကားသောက်ရူးကြီးပဲ၊ ဂျူးတွေ အုပ်ချုပ်လို့ ပြင်သစ် ပျက်စီးနေကြတာဗျ၊ ကမ္ဘာပေါ်မှာ ဂျာမဏီဟာ အကြီးကျယ်ဆုံးနိုင်ငံပဲ"

ကလစ်ဖို့ဒ်ညူးဂင့် ပြန်သွားသည်။ ဝေဟမ်းကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ရှင်းပြသည်။ သူအလုပ်ထွက်ပြီဖြစ်ကြောင်းပြောသည်။

အဖေ့ရုံးသို့ ပေါလ် ရောက်သွားသောအခါ အပြောအဆို ဆင်ခြင်ရန် အဖေကပြောသည်။ သည်လိုဖြင့် . . . . စက်တင်ဘာလထဲတွင် နောက်ထပ်ဆရာ တစ်ယောက် ငှားရမ်းရပြန်တော့သည်။

\+ + +

ဇွန်လ ၂၇ရက်နေ့၊ ကြာသပတေးနေ့ညတွင် ပေါလ်သည် ကျူရှင်ဆရာ အကြောင်းကိုလည်း မစဉ်းစား။ စစ်အကြောင်းကိုလည်းမတွေး။ လာနေကျအတိုင်း ဘက်တီလောင်းဝစ်လစ်အိမ်သို့ ထွက်လာခဲ့သည်။ အခန်းထဲသို့ ဝင်လိုက်သောအခါ ပစ္စည်းများထုတ်ပိုးသိမ်းဆည်းနေသည်ကိုတွေ့ရသည်။

"အဲဒီအပေါ်မှာထိုင်. . . ပေါလ်"

ကုလားထိုင်များအားလုံးပေါ်မှာ ထုတ်ပိုးပြီးသော ပစ္စည်းတွေတင်ထားသည်။ ကုလားထိုင်တစ်လုံးသာ လွတ်နေသည်။ ထိုအပေါ်မှာထိုင်ရန် ဘက်တီလောင်း က ညွှန်ပြခြင်းဖြစ်သည်။

"ခင်ဗျား ခရီးထွက်မလို့လားဟု ပေါလ်ကမေးသည်။

"ကိုယ်ဒီအိမ်ကပြောင်းတော့မယ်၊ ကိုယ့်ကိုဝမ်းသာစကားပြောပါ . . . ပေါလ်၊ အမျိုးသားတစ်ယောက်ကကိုယ့်ကို အတည်တကျပေါင်းတော့မယ်တဲ့"

ပေါလ် ကအံ့အားသင့်သွားသည်။

"ကျွန်တော့်ကိစ္စက ဘယ်လိုလုပ်ရမှာလဲ"

"ဝမ်းနဲပါတယ်ကွယ်၊ အဲဒီအမျိုးသားက တခြားလူနဲ့ မဆက်ဆံရဘူးတဲ့"

"ဒါပေမယ့် ခင်ဗျား ဒီည ဒီမှာ ရှိနေဦးမှာမဟုတ်လား"

"'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် သူက ဘယ်သူနဲ့မှ မဆက်ဆံပါဘူးဆိုတဲ့ ကတိတောင်းထားတယ်၊ ကိုယ်ကလဲပေးလိုက်တယ်"

ပေါလ်၏မျက်နှာ သွေးဆုတ်သလိုဖြစ်သွားသည်။ တစ်ဆက်တည်း ဒေါသလည်းပေါက်ကွဲလာသည်။

"အဲဒီအကောင်နဲ့ ခင်ဗျားတွေ့တာ ဘယ်လောက်ကြာပြီလဲ. . . "

"တစ်လ. . . တစ်လကျော်လောက်ရှိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အလကားကောင်မ"

ပေါလ်သည်ပြောပြောဆိုဆို ဘက်တီလောင်း၏ မျက်နှာကိုဖြတ်ပြီး တစ်အား ရိုက်ချလိုက်သည်။ ပြီးတော့ အပြင်သို့ တောက်လျှောက်ထွက်လာခဲ့လေတော့သည်။

\+ + +

နောက်တစ်နေ့ မနက်တွင်လည်း ပေါလ်၏ ဒေါသများ မပြေနိုင်သေး။သူ့အဖေက အပြင်ထွက်သွားသည်။ မိုးချုပ်မည်ဟုပြောသွားသည်။ ပေါလ်သည် ဖိုင်တွဲစရာရှိသည်များကို စိတ်မပါ့ တပါဖြင့် တွဲနေသည်။

အခါတိုင်းက မစ္စအိုနေးလ်နှင့် မစ္စတာ ဖန်ရှော့တို့ အလှည့်နှင့် နေ့လည်စာ ထွက်စား ကြလေ့ရှိသည်။ ထိုနေ့ကတော့ ပေါလ်ကလည်း မဆာသည်နှင့် သူရုံးစောင့် နေမည်ဖြစ်ကြောင်း၊ နှစ်ယောက်စလုံးအတူတူ ထွက်လိုက ထွက်နိုင်ကြောင်းပြောလိုက်သဖြင့် သူတို့နှစ်ယောက် အတူတူထွက်သွားကြသည်။

ပေါလ်သည်သူ့အဖေ၏ ကုလားထိုင်မှာဝင်ထိုင်နေသည်။ ခဏကြာတော့ အပြင်ရုံးခန်း သို့ လူတစ်ယောက်ဝင်လာသည်။

"ဘာကိစ္စရှိပါသလဲဟု" ပေါလ်ကလှမ်းမေးသည်။

"ကျုပ်နာမည် ဂါနာပါ၊ မစ္စတာ ဗားဟတ်နဲ့ တွေ့ချင်လို့"

"ညနေလောက်မှ ပြန်ရောက်ပါ့လိမ့်မယ်၊ ကျွန်တော်သူ့သားပါ"

မစ္စတာ ဂါနာက ငွေတောင်းခံလွှာများကို ထုတ်ပြသည်။ အတော်လည်း စိတ်ပျက် သွားပုံရသည်။

"သူနဲ့တွေ့မလားလို့ မျှော်လင့်တကြီးနဲ့လာခဲ့တာ"

ပေါလ်က သူ့လက်ထဲမှ ငွေတောင်းခံလွှာများ ယူကြည့်သည်။ ဂါနာက သူတို့ ကုမ္ပဏီသို့ တာပေါ်လင်စများ ပေးသွင်းထားသည်။ ကျသင့်ငွေမှာ ဒေါ်လာ ၃၅၁၀ ဖြစ်သည်။

"ဒီပေါ်မှာ ထိုးထားတဲ့ရက်စွဲက ဒီနေ့ ရက်စွဲပဲ၊ ကျွန်တော်တို့က ဆယ်ရက်အတွင်း ငွေချေတာပါ၊ အဲဒီအပေါ်က ၂ရာခိုင်နှုန်း ဖြတ်ယူပါတယ်"

"ငါက မနက်ဖြန် ပိုက်ဆံ လိုချင်တာကွာ. . ."ဟု ထိုသူကတောင်းပန် ရှာသည်။

"ရက်မစေ့ခင် ပေးရမယ်ဆိုရင် ကျွန်တော်တို့က ငါးရာခိုင်နှုန်း ယူပါတယ် ခင်ဗျာ"

"ကောင်းပြီ၊ ဒါဖြင့် ငါးရာခိုင်နှုန်းပဲ ဖြတ်ယူပါ"

"ဒါပေမယ့် မနက်ဖြန်တော့ မဖြစ်နိုင်ပါဘူးခင်ဗျာ" ပေါလ်၏မျက်လုံးများ ကျဉ်းသွား သည်။ အကြံအဖန်လုပ်ဖို့ စိတ်ကူးလိုက်သည်။ မစ္စတာ ဖန်ရှောသည် ယနေ့ငွေပေးရမည့် ငွေတောင်းခံလွှာများကို ပြင်ဆင်ပြီးဝေဟမ်းဗားဟတ်အား လက်မှတ်ထိုးခိုင်းသည်။ လက်မှတ် ထိုးပြီးချက်လက်မှတ်များကို မစ္စတာ အိုနေးလ်က စာတိုက်မှ ပို့ပေးသည်။ ယနေ့သည် သောကြာနေ့ဖြစ်လေရာ တနင်္လာနေ့ကျမှ သူပို့တော့မည် ဖြစ်သည်။

"အင်္ဂါနေ့နဲ့ သောကြာနေ့လောက်မှ ဖြစ်နိုင်မှာပါ မစ္စတာ ဂါနာ"

"အဲဒီလောက်အထိ ငါက မစောင့်နိုင်ဘူးကွာ၊ ငါ့မိန်းမက ဆေးရုံတက် နေရတယ်၊ ဆေးရုံက ငွေသရဲတွေက မနက်ဖြန်နေ့ခင်း ငွေနှစ်ထောင်ပေးမှ ဖြစ်မယ်လို့ တောင်းနေကြလို့"

"ငွေမြန်မြန်ထုတ်ပေးဖို့ ကျွန်တော့်အဖေကို ပြောရမှာပဲ၊ သိပ်တော့ မလွယ်ဘူး ခင်ဗျာ"

အရေးတကြီး ငွေလိုနေသူများအိတ်ထဲမှငွေကို နှိုက်ယူရသည်မှာ အလွန်တရာ လွယ်ကူပါသည်။

"ကောင်းပြီ၊ ဘယ်လောက်ပေးရမလဲပြော"

"ကုမ္ပဏီအတွက် ငါးရာခိုင်နှုန်းက ၁၇၅ဒေါ်လာနဲ့ ဆင့်ငါးဆယ် ကျပါတယ်၊ မနက်ဖြန်မနက် ငွေလာပို့ပေးဖို့အတွက် ကျွန်တော့်ကို အဲဒီငွေနဲ့ အညီ အမျှပေးပါ၊ တကယ်ဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဂါနာကပဲခံပါ"

ဂါနာက သူ့အိမ်လိပ်စာရေးပေးသည်။

"မနက် ၁၁ နာရီမထိုးခင်ရောက်အောင် လာပို့ပါနော်"ဟု ပြောပြီး ထွက်သွားသည်။

ပေါလ်က ငွေတောင်းခံလွှာများပေါ်တွင် သူ့အဖေ၏ လက်မှတ်တု ထိုးပြီး မစ္စတာ ဖန်ရှော၏ စားပွဲပေါ်မှ "ယနေ့ပေးရန်" ဟူသော စာခြင်းထဲသို့ ထည့်ထား လိုက်သည်။

ညနေပိုင်း သူ့အဖေပြန်လာသောအခါ စာခြင်းထဲမှငွေတောင်းခံလွှာ များကို သူကပဲ သူ့အဖေဆီသို့ သွားပို့ပေးသည်။ ငွေတောင်းခံလွှာများကို သူ့အဖေ စစ်ဆေးပြီး ချက်လက်မှတ်တွင် လက်မှတ်ထိုးနေချိန်၌ အာရုံပြောင်းစေရန် သူက စကားမရှိစကားရှာပြောနေသည်။ ထို့ကြောင့် လက်မှတ်တုကို သူ့အဖေ သတိမထား လိုက်မိတော့ချေ။

နောက်နေ့မနက်တွင် မစ္စတာဂါနာ၏အိမ်သို့ သူရောက်သွားသည်။

"ကျွန်တော့်အတွက် ငွေအဆင်သင့်လုပ်ထားပါသလားခင်ဗျာ"

ပေါလ်က ချက်လက်မှတ်ကို လှုပ်ပြရင်း မေးသည်။

ဂါနာက ၁၇၅ဒေါ်လာနှင့်ဆင့်၅၀ကို ရေတွက်ပြီး ထုတ်ပေးသည်။ တက္ကစီခ ၁၄ ဒေါ်လာပါပေးလိုက်သည်။

ငွေရအောင် ရှာရသည်မှာ တယ်လွယ်ပါလားဟုလည်း ပြန်လာရင်းလမ်း တစ်လျှောက်လုံး စဉ်းစားလာခဲ့သည်။

\+ + +

ဘက်တီလောင်းဝစ်လစ်နှင့် ခွာပြဲသွားပြီးနောက် ပေါလ်သည် ကြေးစားများ ဝန်းကျင်မှာ ကျင်လည်လာသည်။ ငွေပိုကလေးများရအောင်လည်း ရှာတတ် ဖွေတတ်ပြီ။ ထို့ကြောင့် သူ့အဖို့ဘာမှပူစရာမရှိတော့။ ရောဂါကာကွယ်ဖို့ကလည်း ဘာမှမခက်။ အကာအကွယ် ဆေးမျိုးစုံရှိသည်။ ပစ္စည်းမျိုးစုံရှိသည်။

တစ်နေ့တွင် လမ်း ၅၀၌မိန်းကလေး အသစ်တစ်ယောက် ရောက်နေသည်ဟု ကြားသဖြင့်ထွက်လာခဲ့သည်။ ၄၆လမ်းထောင့်မှာရှိသော ဆေးဆိုင်တစ်ဆိုင်သို့ ဝင်ပြီး ရောဂါ ကာကွယ်သည့် ပစ္စည်းဝယ်သည်။

ထိုအချိန်က အသက် ၃၁ နှစ်ရှိပြီဖြစ်သော ဩဂတ်စတပ်ဆမ်မြူရယ် မေယာသည် ထိုဆေးဆိုင်ထဲသို့ရောက်နေသည်။ သူပိုင်သည့် ဆေးဆိုင်အတော် များများရှိနေပြီ။ ထိုဆေးဆိုင် များသို့ မကြာခဏ လှည့်လည်စစ်ဆေးလေ့ရှိသည်။အရောင်းစျေးသည်များ စျေးဝယ်သူနှင့် ဆက်ဆံရေး ပြေပြစ်မှုရှိမရှိ ဆေးပစ္စည်းများကို မျက်စိပသာဒရှိအောင် စနစ်တကျ ခင်းကျင်းထား ခြင်းရှိမရှိများကို စစ်ဆေး ခြင်းဖြစ်သည်။

ဝတ်ကောင်းစားလှနှင့် အသက်ငယ်ငယ် လူငယ်ကလေးတစ်ယောက် ဆိုင်တွင်းသို့ ဝင်လာသည်ကို ဆင်မြူယယ်မေယာက အကဲခတ်ကြည့်နေသည်။ ထို သူငယ်သည် အလော သုံးဆယ်နိုင်နေသောကြောင့်လည်း သတိထား လိုက်မိခြင်း ဖြစ်သည်။ အသက်ငယ်ပုံ၊ ဝတ်ကောင်းစားလှများဝတ်ထားပုံ၊ အလောသုံးဆယ် နိုင်နေပုံတို့ကြောင့် စစ်တက္ကသိုလ်မှ ဗိုလ်လောင်းတစ်ဦးဟုလည်း သူထင်လိုက်သည်။

လူငယ်က အရောင်းစျေးသည် တစ်ယောက်ထံသို့သွားပြီး ကာလသား ရောဂါ ကာကွယ်သည့် ပစ္စည်းများဝယ်သည်။ အရောင်းစျေးသည်က ပစ္စည်းကို လှမ်းယူနေသည်။ ပစ္စည်းများကို လူမြင်ကွင်းတွင်မထား။ လူအများရှုတ်တရက် မမြင်သာသည့်နေရာတွင် တမင်ထားလေ့ရှိသည်။

"ခဏနေဦး အက်ဒ်. . ." ပစ္စည်းထုတ်နေသည့် အရောင်းစာရေးကို ဩဂတ်စတပ် ဆမ်မြူရယ်မေယာက လှမ်းတားသည်။ ပြီးတော့ ပေါလ်ဘက်သို့ လှည့်လိုက်သည်။ "စိတ်မရှိပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော် မောင့်မှာအထောက်အထား စာရွက်တစ်ခုခုများ မပါဘူးလား၊ ဒရိုင်ဘာလိုင်စင်တို့ ဘာတို့ပေါ့၊ မောင့် အသက်ဘယ်လောက်ရှိပြီဆိုတာ သိနိုင်အောင်ပါ"

ပေါလ်က ဆံမြူယယ်မေယာကို ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ငါ့ နာမည်က မေယာ၊ ဒီဆေးဆိုင်ကို ငါပိုင်တယ်" မေယာက ထိုမျှပြောပြီး နဝေတိမ်တောင်ဖြစ်နေသော အရောင်းစျေးသည်ကို တစ်ဆက်တည်းလှည့် ပြောသည်။ "ဒီကလေးဟာ အသက်မပြည့်သေးဘူး အက်ဒ်၊ အသက်မပြည့်သေးတဲ့ ကလေးကို ဒီပစ္စည်းတွေ ရောင်းတာ တရားမဝင်ဘူး"

"ကျုပ်ဝယ်ရမယ်၊ ငါးပူးပေး ပိုက်ဆံနှစ်ဆပေးမယ်" ဟုပေါလ်က ပြန်ပြောသည်။

"လူကလေး ဒေါ်လာတစ်ထောင်ပေးတောင် မောင့်ကို မရောင်းဘူး"

လူကလေးပေါလ် ဒေါသပေါက်ကွဲသွားသည်။ ဒေါသကြောင့် သူ့မျက်နှာလည်း အရှုပ်ဆိုးသွားသည်။

"ဂျူးစုတ်ကြီး. . . ဘာလူပါးဝစကားပြောတာလဲ"

ပေါလ် ကပြောပြောဆိုဆို ဆံမြူယယ်မေယာကို ခုန်အုပ်သည်။ သို့သော်လည်း အရောင်းစျေးသည်က ကောင်တာနောက်မှ ခုန်ထွက်လာပြီး သူတို့ နှစ်ယောက်ကြားမှာ ရပ်လိုက်သည်။ အရောင်းစျေးသည် ခုန်ထွက်လာသောကြောင့် ဆေးဝါးပစ္စည်းများဖရိုဖရဲဖြစ်ကုန်ကာ အောက်ပြုတ်ကျပြီးကွဲသည့် ပုလင်းတွေ ကွဲကုန်သည်။ ဗရုန်းသုန်းကား ဖြစ်နေသောကြောင့် ဆိုင်တွင်းမှာရှိနေသည့် ဆေး ဝယ်သူများနှင့် ဆိုင်ဝန်ထမ်းများက သူတို့ကို အာရုံစိုက်နေကြသည်။

အရောင်းစျေးသည်၏ အရပ်က ခြောက်ပေကျော်သည်။ ဗလကောင်းသည်။ ထို့ကြောင့် သူ့လက်ထဲမှာ ပေါလ် မလှုပ်နိုင်မရှားနိုင်ဖြစ်နေသည်။

"ဟစ်တလာ ပေါက်စကလေးကို အပြင်ဆွဲထုတ်လိုက်ပါ. . . အက်ဒ်"

မေယာက စိတ်ပျက်သောလေသံနှင့် ပြောသည်။ အရောင်းစျေးသည် လက်ထဲမှာ ယက်ကန်ယက်ကန်ဖြင့်ပါရင်း ဆိုင်ပြင်သို့ ပေါလ်ရောက်သွားတော့သည်။

မိမိကို ဒေါသတကြီးဖြင့် ပြန်ကြည့်နေပြီး ဂျာမန်စကားဖြင့် အော်ဟစ်ဆဲဆို နေသော လူငယ်ကလေး၏ မျက်နှာကို ဆံမြူယယ်မေယာသည် ဘယ်တော့မှ မေ့ပျောက်တော့မည် မဟုတ်ချေ။ ထိုအတွေးနှင့်အတူ ထိုလူငယ်ကလေးကို မျက်စိ တစ်ဆုံး လိုက်ကြည့်နေမိသည်။

ပေါလ်သည်လမ်း ၅၀သို့ အမြန်ဆုံးရောက်ရန် ခြေကုန်သုတ်လာရင်း လမ်းမှာတွေ့သည့် ဆေးဆိုင်တစ်ဆိုင်မှာ သူလိုသည့်ပစ္စည်းဝင်ဝယ်သည်။ ဘာအခက် အခဲမှမရှိပဲ အလွယ် တကူပင် ဝယ်ယူရရှိခဲ့သည်။

သို့သော်လည်း ထိုနေ့က ပေါလ်သည် ဘာတစ်ခုမှ အဆင်မပြေတော့ပေ။ ရင်ထဲမှ ဒေါသစိတ်များက အစိုင်အခဲကြီးမားလာလေ သူ့အတွက်အဆင်မပြေလေ၊ အဆင်မပြေလေ ဒေါသက ပိုမိုပေါက်ကွဲလေ ဖြစ်ခဲ့ရတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

အချို့ကတော့ ကြိုတင်ပြင်ဆင်မှုဟုဆိုကြသည်။ သို့သော်လည်း အချို့ကမူ အကြောက်လွန်သည်ဟု စွပ်စွဲကြသည်။ အမေရိကန်ပြည်ထောင်စု သမိုင်းတွင် ပထမဆုံးဦးသော ငြိမ်းချမ်းရေးကာလ စစ်မှုထမ်းဥပဒေကို ၁၉၄၀ ခုနှစ် စက်တင်ဘာလတွင် ပြဋ္ဌာန်းလိုက်သည်။

ကွန်ဂရက်လွှတ်တော် အစည်းအဝေးများကိုလည်း မနားတမ်းကျင်းပ နေကြသည်။ စစ်အသုံးစရိတ်ငွေများကို အဆပေါင်းများစွာ တိုးတောင်းနေကြသည်။ အမေရိကန်စစ်တပ်မှာ အားလုံးမပြည့်မစုံ ဖြစ်နေသည်။ ထို့ကြောင့် အားလုံးလို နေသည်။ ငွေကြေး ဘယ်၍ဘယ်မျှ ကုန်မည်ဆိုသည်မှာ အကြောင်းမဟုတ်။ စစ်တိုက်နိုင်သည့် စစ်တပ်အဖြစ်သို့ အမြန်ဆုံး ရောက်လာရေးသာ အဓိကဖြစ်နေသည်။

ဝေဟမ်းဗားဟတ်အဖို့ ကံဇာတာတွေတက်နေပြန်သည်။ ဆီးနိတ်လွှတ်တော်အမတ် မစ္စတာ ဒေါ်ရင်ဒီမင်သည် အရေးကြီးသော ကော်မတီအားလုံးလိုလိုမှာ ပါနေသည်။ သူ့သြဇာကလည်း အလွန်တရာကြီးနေသည်။ ဗိုလ်ချုပ်ကြီးများ အပေါ်မှာလည်း သြဇာညောင်းသည်။

ထို့ကြောင့် ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီသို့ ကုန်ပစ္စည်း အမှာစာများ ဝင်လာမစဲ တသဲသဲရှိနေသည်။ အမှန်တော့. . . ဗားဟတ် ကုမ္ပဏီသည် ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီမဟုတ်။ ကြားပွဲစားအဖြစ် ဆောင်ရွက်ပြီး စစ်တပ်က အလိုရှိသည်များကို ရှာဖွေဝယ်ယူပေးသွင်းခြင်းဖြစ်သည်။

ချည်ဘောင်းဘီတိုအထည် ၂၀၀၀၀ဆိုတာမျိုး။

ခေါက်ကုလားထိုင် အလုံး ၅၀၀ဆိုတာမျိုး။

မတ်ခွက်၊ ရေနွေးအိုး ဒါဇင် ၁၀၀၀ ဆိုတာမျိုးဆိုတာတွေသာဖြစ်သည်။

ဝေဟမ်းဗားဟတ်သည် အကောင်းစားများကိုမဝယ်။ အပေါစားများကို ဈေးပေါပေါဖြင့် ဝယ်ယူပြီးစစ်တပ်ကို ပေးသွင်းသည်။

ကုမ္ပဏီ၏ တစ်လအတွင်းအသားတင်အမြတ်ငွေသည် ဒေါ်လာ ၁၇၉၈၁၊ ၇၃ဆင့် ရှိကြောင်း အောက်တိုဘာ ၃၁ရက်နေ့တွင် စာရင်းကိုင် မစ္စတာ ဖန်ရှောက ဝေဟမ်းဗားဟတ်ကို တင်ပြလာသည်။ ဝေဟမ်းကပေါ်လ်ကို ထိုစာရင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . နောက်ဆုံးတော့ အဖေလုပ်တာ မှန်တယ်ဆိုပြီး မင်းကျေနပ်ပြီ မဟုတ်လား" ဟုလည်းမေးသည်။

"အဖေ မနေ့က တိုင်းမ်သတင်းစာထဲမှာ သတင်းတစ်ပုဒ်ပါလာတယ်၊ စက်ရုံတစ်ခု တည်ဆောက်ဖို့ ရှိုးရှိုးကုန်သည်ကလေးတစ်ယောက်ကို စစ်လက်နက် ပစ္စည်းဝယ်ယူရေးဌာနက ဒေါ်လာဆယ်သန်းထုတ်ချေးလိုက်တယ်ဆိုတဲ့ သတင်းပဲ၊ သူ့အိတ်ထဲက တကယ်စိုက်ရမှာက ဒေါ်လာ ငါးသိန်းလောက်ပဲရှိမှာ"

"ဒေါ်လာငါးသိန်းဆိုတာ အဖေ့မှာရှိနေတဲ့ငွေရဲ့ သုံးပုံတစ်ပုံဖြစ်နေပြီလေ၊ အဖေက ကုန်သည်ပဲ၊ စက်မှုလုပ်ငန်းရှင်မဟုတ်ဘူး"

\+ \+ \+

စက်တင်ဘာလရောက်သောအခါ ပေါလ်အတွက် ကျူရှင်ဆရာ တစ်ယောက် ထပ်ငှားသည်။ ထိုဆရာကလည်း ရက်သတ္တ ခြောက်ပတ်သာစာသင်ပြီး ရေတပ်မတော်ထဲသို့ ဝင်သွားသည်။ ထို့ကြောင့် ပေါလ်၏ ပညာသင်ကြားရေး ရပ်တန့်သွားပြန်သည်။

တစ်ဘက်တွင်လည်း ဝေဟမ်းဗားဟတ်က သူ့လုပ်ငန်းကို တဖြည်းဖြည်းချင်း ချဲ့လာသည်။ ဗက်ဆေလမ်းတွင်ကုန်လှောင်ရုံ တစ်ခုငှားသည်။ထိုကုန်လှောင်ရုံအတွက် အလုပ်သမား သုံးယောက်ကိုလည်းထပ်ခန့်ရသည်။ လုပ်ငန်းများနှင့် ပတ်သက်ပြီး ပေါလ်ကို ပို၍ပို၍ အားကိုးလာရသည်။ ကုန်လှောင်ရုံကို ပေါလ်ကပင် မကြာခဏ သွားရောက်စစ်ဆေးရသည်။

နိုဝင်ဘာလ တစ်မနက်တွင် ချမ်းချမ်းစီးစီးဖြင့် ကုန်လှောင်ရုံရှိရာသို့ သူရောက်သွားသည်။ ကုန်လှောင်ရုံက သုံးထပ်ရှိသည်။ အပေါ်ဆုံးထပ်သို့ တက်ကြည့်သည်။ အချက်ပြဆက်သွယ်ရေးသင်တန်းကျောင်းသို့ပေးသွင်းရန် စက္ကူများကို အပေါ်ဆုံးထပ်တွင် လှောင်ထားသည်။ အားလုံးပေါင်းတန် ၅၀ရှိသည်။ စစ်တပ်သို့ ထိုစက္ကူများကို တစ်တန်လျှင် ဒေါ်လာ ၁၃၀-နှုန်းဖြင့်ပေးသွင်းရန်ဖြစ်သည်။ စက်ရုံမှ သူတို့ဝယ်ယူရသည့်ဈေးနှုန်းမှာ တစ်တန်လျှင် ၄၂- ဒေါ်လာခန့်သာကျသည်။

အပေါ်ထပ်မှာအေးလွန်းသောကြောင့် အောက်ထပ်သို့ဆင်းခဲ့သည်။ အောက်ထပ်ကိုမူ ရေနွေးငွေ့ပိုက်များ တပ်ဆင်ပြီး အပူပေးထားသည်။ အောက်ထပ် သို့ရောက်သည်တွင် ရေနွေးငွေ့ ပိုက်တစ်ခုပေါက်ပြီး ထိုအပေါက်မှ ရေနွေးငွေ့များ ပန်းထွက်နေသည်ကို မြင်ရသည်။ ထို အဖြစ်ကိုမြင်သည်နှင့် တစ်ပြိုင်တည်း ပေါလ်၏ ခေါင်းထဲသို့ အကြံဉာဏ်တစ်ခု ရောက်လာသည်။ ထို့ကြောင့် အငှားကား တစ်စင်း ကိုငှားပြီး သူ့အဖေရှိရာသို့ အလျှားဖားယား ပြန်ပြေးလာခဲ့သည်။

"ဘာဖြစ်လာတာလဲ"ဟု သူ့အဖေက ဆီးမေးသည်။

"ကျွန်တော်တို့ငွေတွေ ရှုံးကုန်ပြီအဖေ၊ ကျွန်တော်ပြောတာကို အဖေ သေသေချာချာ နားထောင်နော်၊ နံပါတ်တစ်. . . ကျွန်တော်တို့ဆီက စက္ကူကို အစိုးရက ဝယ်တော့ အလေးချိန်နဲ့ ဝယ်တယ်မဟုတ်လား. . . အဖေ"

"ဟုတ်တယ်"

"နံပါတ်နှစ်. . . အချက်ပြဆက်သွယ်ရေးသင်တန်းကျောင်းကို ကျွန်တော်တို့ သွင်းမယ့် စက္ကူတွေကို ရေနွေးငွေ့ လွှတ်ပေးထားမယ်ဆိုရင် အလေးချိန် ၆ ရာခိုင်နှုန်းပိုလာနိုင်တယ်၊ အဲဒီလောက် ရေနွေးငွေ့ဓါတ်ပါရုံနဲ့ စက္ကူရဲ့ အဆင့်အတန်းဟာ ကျမသွားဘူး၊ ပျက်စီးမသွားဘူး"

"ဒါကို မင်း သိထားပြီးထားပဲလို့ အဖေထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်သိထားပြီးသားပါ၊ နံပါတ်သုံး. . . ကျွန်တော် တို့ ကစက္ကူကို အလေးချိန်နဲ့ ပေးသွင်းတဲ့အခါမှာ ဆယ်ရာခိုင်နှုန်း အတိုးအလျှော့ ခွင့်ပြုချက်ရှိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါလ်. . . အဖေ အလုပ်များနေတယ်ကွ၊ လိုရင်းကိုပြော"

"စက္ကူတန်ချိန် ၅၀ ပေးဖို့ ကျွန်တော်တို့ဆီကို အမှာစာရောက်နေတယ် မဟုတ်လား၊ စက်ရုံက ကျွန်တော်တို့ဆီကို ပို့လိုက်တဲ့စက္ကူတွေဟာ ရေနွေးငွေ့လုံးလုံး မပါတဲ့ စက္ကူတွေ ဖြစ်နေတယ်"

"ဒုက္ခပါပဲကွာ မင်းစကားကို မြန်မြန်အဆုံးသတ်ပါတော့၊ အဖေ အလုပ် ရှိသေးတယ်"

"ခဏလေးပါအဖေ၊ အဲဒီစက္ကူတွေကို ကျွန်တော်တို့က စက္ကူတွေကို ရေနွေးငွေ့ လွှတ်ပေးထားမယ်ဆိုရင် ၆ ရာခိုင်နှုန်းဆိုတော့ တန်ပေါင်းငါးဆယ်မှာ ကျွန်တော်တို့ ဘယ်လောက်ရမလဲ၊ သုံးတန်ပိုရမယ်၊ တစ်တန်ကို ဒေါ်လာ ၁၃၀ ဆိုတော့ သုံးတန်ဆိုရင် ဒေါ်လာ ၄၀၀ လောက်ကျွန်တော်တို့ ပိုမရဘူးလား၊ စက္ကူကို ရေထိုးလိုက်တဲ့သဘောပဲ"။

ပေါလ်က ပြုံးလိုက်သည်။ စိတ်ထဲမှာတော့ သူ့အဖေ လုပ်ပုံကိုင်ပုံကိုများကို အားမရလှ။

သူ့အဖေကလည်း သူ့သားအလွန်တော်ကြောင်း စဉ်းစားလိုက်မိသည်။ စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးလိုက်သည်။

"ကောင်းတယ်၊ ဒီကိစ္စကို မင်း စီစဉ်မလား"

ပေါလ်က ခေါင်းညိတ်ပြသည်။

"ကျွန်တော် အခုပဲစပြီး အကောင်အထည်ဖော်တော့ မလို့ပဲ အဖေ" ပြောပြောဆိုဆို အခန်းပေါက်ဘက်သို့ ပြန်လှည့်သွားသည်။ "ယေရှုခရစ်က ရေတွေကို ဝိုင်ဖြစ်အောင်လုပ်နိုင်တယ်၊ ကျွန်တော်ကတော့ ရေတွေကို ပိုက်ဆံဖြစ်အောင် လုပ်ပြမယ် အဖေ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## ဖြစ်စဉ်များ

မတ် ၁၁၊ ၁၉၄၁။ ။ ငွေချေးယူမှု နည်းဥပဒေသည် ဥပဒေဖြစ်လာသည်။ ဗြိတိန်နိုင်ငံသို့ ဒေါ်လာသန်းပေါင်း ၈၃၀၀ နှင့်ညီမျှသော စစ်လက်နက် ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို အကြွေးစနစ် ဖြင့်ရောင်းချရန် အမေရိကန်သမ္မတအား အာဏာပေးလိုက်သည်။

အစိုးရပစ္စည်းဝယ်ယူရေးဌာနတွင် အကျင့်ပျက်မှုတွေ ယခင်ကရှိခဲ့သည်။ ယခုအခါတွင် ထိုအကျင့်ပျက်မှုများသည် အဆပေါင်းများစွာ ပိုမိုဆိုးရွားလာ လေတော့သည်။ ပစ္စည်းများကို ကောင်းမကောင်းစစ်ဆေးမနေနိုင်။ မျက်စိအောက်တွင် မြင်နေရသည့် ပစ္စည်းမှန်သမျှကို ဝယ်နေကြသည်။ လုပ်ငန်းကျွမ်းကျင်မှုကလည်း မရှိ။ အထက်ကလည်း တင်းတင်းကျပ်ကျပ် မစစ်ဆေးနိုင်။

ထို့ကြောင့် ဝေဟမ်းဗားဟတ်နှင့် အခြားကုန်သည်များမှာ ရွှေမိုး၊ ငွေမိုး ရွာနေကြလေသည်။

"အနွေးထည်များ"ဟုစာတမ်းကပ်ပြီး ဗြိတိန်နိုင်ငံသို့ ရောက်လာသော သေတ္တာများကို ဖွင့်ကြည့်လိုက်သောအခါ ကယ်တင်ခြင်းတပ်နှင့် လူမှုရေး ဂိုထောင်များအတွင်းမှာ စွန့်ပစ်ထားသည့် အဝတ်အစားဟောင်းတွေဖြစ်နေတတ်သည်။ ဗြိတိသျှစစ်ကားများအတွက်မှာယူလိုက်သော တာယာများသည် အဟောင်းများ၊ ကွန်ပေါင်းပြုလုပ်ထားသည်များ၊ ဆိုက်မမှန်သည်များဖြစ်နေတတ်သည်။ ထိုမျှမက အချို့သေတ္တာများကို ဖွင့်လိုက်သည်တွင် တယ်လီဖုန်း လမ်းညွှန်စာအုပ်အဟောင်းများ ထွက်လာသည်ကိုလည်း တွေ့ရသည်။

ထိုသို့သော အဖြစ်များက မဆုံးနိုင်အောင်ဖြစ်နေတော့သည်။

ထိုပွဲတော်ကြီးထဲတွင် ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလည်း ပျော်ပျော်ပါးပါးကြီး ပါဝင်ဆင်နွှဲနေသည်။

"အဖေရုံးခန်းကျယ်ကျယ်ကို ငှားလိုက်တယ်၊ အမှုထမ်းသုံးယောက်လည်း တိုးခန့်လိုက်တယ်၊ စစ်တပ်ကလိုချင်တဲ့ ပစ္စည်းတွေဝယ်ဖို့ သူတို့ကိုခိုင်းရမယ်" ဟု ဝေဟမ်းဗားဟတ်က ပေါလ်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပတ်ထဲမှာပင် ပေါလ်အား မုန့်ဖိုးပေးနေခြင်းကို သူ့အဖေက ရပ်စဲလိုက်သည်။ တစ်ပတ်လျှင် ၇၅ ဒေါ်လာနှုန်းဖြင့် လခစားအဖြစ် စာရင်းသွင်း လိုက်သည်။

\+ + +

ဩဂုတ်၊ အောက်တိုဘာ ၁၉၄၁။ ။ဈေးငှားသည့်ငွေကြေးပမာဏကို ဒေါ်လာသန်းပေါင်း ၁၃၀၀၀ သို့ တိုးမြှင့်လိုက်သည်။ ဆိုဗီယက်ယူနီယံကို ဈေးငှားဖို့ အစီအစဉ်ပါ ထပ်တိုးလာသည်။

"ရပ်စ်ပါကို ကုမ္ပဏီကို ကျွန်တော်ထောင်လိုက်တယ်၊ ကျွန်တော်နဲ့ရင်းနှီးတဲ့ ကုမ္ပဏီတွေက ပစ္စည်းတွေကိုဝယ်မယ်။ ပစ္စည်းအဆင့်အတန်းကတော့ သာမန်ဆိုရင် တော်ပါပြီ"ဟု ဂေါ်ဒွန်ဆင်ကလဲယားက ဝေဟမ်းဟားဟတ်ကို ပြောသည်။

ဒါလောက်ဆိုရင် ဟားဟတ်သဘောပေါက်ပါပြီ။ ဆင်ကလဲယားသည် ပစ္စည်းညံ့ညံ့များကို ဝယ်မည်။ ပြီးတော့ အသစ်ဈေးတင်ပြီး အစိုးရကို ပြန်သွင်းမည်။ အစိုးရက ထိုပစ္စည်းများကို ဆိုဗီယက်နိုင်ငံသို့ ပို့ပေးမည်။

သည်နေရာတွင် သူ့အဖို့ကြားပွဲစား တစ်ယောက်လိုလာသည်။ ပစ္စည်းများကို ဆိုဗီယက်နိုင်ငံသို့ သူ့အနေဖြင့် တိုက်ရိုက်တင်သွင်း၍မဖြစ်။ ကြားကုမ္ပဏီ တစ်ခုက တင်သွင်းပေးရမည်။ သို့မှသာ ပစ္စည်းမျိုးမမှန်ကြောင်း သက်ဆိုင်ရာက ကန့်ကွက်လာလျှင် စုံစမ်းစစ်ဆေးရေး လုပ်ငန်းကို အကြာကြီး လုပ်နေရမည်။ ကာယကံရှင် ဖြစ်သောသူ့ထံသို့ စုံစမ်းစစ်ဆေးမှု ရောက်လာသည့် အချိန်သည် လနှင့်ချီပြီး ကြာ သွားနိုင်သည်။ အဆင်မသင့်ပါက နှစ်နှင့်ချီပြီး ကြာသွားနိုင်သည်။ နောက် တစ်ကြောင်းကလည်း ထိုပစ္စည်းများကို သင်္ဘောဖြင့် သယ်ဆောင်ရာတွင် ဆိုဗီယက်နိုင်ငံသို့မရောက်မီ လမ်းခုလတ်မှာပင် ရန်သူတိုက်သင်္ဘောများ၏ ဖြတ်တောက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး သုံးပုံနှစ်ပုံလောက်လည်း ပင်လယ်ထဲမှာ ကိစ္စချော သွားနိုင်သည်။

"ကျွန်တော့်ကုမ္ပဏီနဲ့ ပစ္စည်းဝယ်ယူရေး အေဂျင်စီတွေကြားထဲမှာ ကြားပွဲစား အဖြစ်နဲ့ များ ဆောင်ရွက်မပေးနိုင်ဘူးလား မစ္စတာ ဟားဟတ်၊ ကျွန်တော့် လုပ်ငန်းက အကြီးကြီးဖြစ်မှာဆိုတော့ ကြားပွဲစားတွေ အများကြီးလိုမယ်" ဟု ဆင်ကလဲယားကပြောသည်။

"ကျွန်တော့်ကိုလည်း တစ်ယောက်အဖြစ် စာရင်းမှတ်ထားလိုက်ပါတော့ဗျာ"

\+ + +

ဒီဇင်ဘာ-၇၊ ၁၉၄၁ ။ ။ ပုလဲဆိပ်ကမ်းကို ဂျပန်က ဗုံးကြဲတိုက်ခိုက်သည်။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သည်။ ရေဒီယိုမှ သတင်းကြေငြာသည်ကို မစ္စက်ဂျူလီယာ ပီးယာစ်ကကြားလိုက်သည်။ အကျိုးအကြောင်းပြောပြရန် ဝေဟမ်း ဟားဟတ်တို့ သားအဖရှိနေသည့် စာကြည့်ခန်းထဲသို့ ပြေးဝင်သွားသည်။

ဝေဟမ်းဟားဟတ်တို့ သားအဖကလည်း ရေဒီယိုနားထောင်နေကြသည်။ သတင်းကြေငြာသူက အသံတုန်တုန်ယင်ယင်ဖြင့် ကြေငြာနေသည်။

"ဟိုတုန်းက ဖြုန်းတီးခဲ့တယ်ဆိုတာ အခုဆိုရင် ဘာမှမပြောပလောက်တော့ဘူးပေါ့ဗျာ" ဟူသောမှတ်ချက်ကိုသာ ဟားဟတ်က ချလိုက်သည်။

\+ + +

ဒီဇင်ဘာ-၈၊၁၉၄၁ ။ ။ အမေရိကန်ပြည်ထောင်စုက ဂျပန်ကို စစ်ကြေငြာလိုက်သည်။

ဒီဇင်ဘာ-၁၁၊၁၉၄၁။ ။ ဂျာမန်နှင့် အီတလီတို့က အမေရိကန် ပြည်ထောင်စုကို စစ်ကြေငြာသည်။

ဒီဇင်ဘာ-၂၃၊၁၉၄၁။ ။ ဝိတ်ကျွန်းရန်သူ့လက်သို့ကျသွားသည်။ ဂျပန်တို့ ဆက်တိုက်အောင်ပွဲခံနေသည့်အတွက် အမေရိကန်ပြည်ထောင်စုတွင် စိုးရိမ်ထိတ်လန့်မှုများ



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပွားသည်ထက် ပြန့်ပွားနေသည်။

ကွန်ဂရက်လွှတ်တော် အစည်းအဝေးများကို နာတာလူးပွဲတော်ရက် အတွင်းမှာပင် မနားတော့ပဲ ဆက်တိုက်ဆက်လက်ကျင်းပနေသည်။ နာတာလူးပွဲတော် အကြိုနေ့ညတွင် ဆီးနိတ်လွှတ်တော်အမတ် အော်ရင်ဒီမင်က ဗားဟတ်ကို ဖုန်းလှမ်းဆက်သည်။ နာတာလူးပွဲတော်အတွက် နှုတ်ခွန်းဆက်ရန်မဟုတ်။ အရေးကြီး သည့်အကြောင်းတစ်ခုကို သတိပေးရန်ဖြစ်သည်။

"ရှူးပေါပေါ အမိန့်တွေ ဒီမှာ ဆက်တိုက်ထုတ်နေကြတယ်၊ နောက်ဆုံး ထုတ်လိုက်တဲ့ အမိန့်ကတော့ ခင်ဗျားနဲ့ပတ်သက်နေတယ်၊ ခင်ဗျားကို အမေရိကန် နိုင်ငံသားအဖြစ် လက်ခံလိုက်ပြီဖြစ်ပေမယ့် ခင်ဗျားဟာ ဂျာမန်လူမျိုးပဲ ဖြစ်နေတယ် မဟုတ်လား၊ ဟူးဗားကိုတော့ ကျွန်တော်အကျိုးအကြောင်းပြောပြထား ပြီးပါပြီ၊ ဒါပေမယ့် ထုံးတမ်းစဉ်လာအတိုင်း စုံစမ်းမှုတွေကိုတော့ အက်ဘီအိုင်က လုပ်နေဦး မလား မသိဘူး"

"ကျေးဇူးတင်ပါတယ် အော်ရင်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ၊ ခင်ဗျားအတွက် ခရစ္စမတ် လက်ဆောင်အဖြစ် ဒေါ်လာငါးထောင်ပို့လိုက်တယ်ဟု" ဝေဟမ်း က ပြန်ပြောသည်။ ထို့ထက် ပိုပေးလျှင်ပိုကောင်းမည်။ မိမိအတွက် ပိုမို စိတ်ချရမည် ဟုလည်း တွေးနေမိသည်။

\+ \+ \+

ဒီဇင်ဘာ ၂၉၊၁၉၄၁။ ။အက်ဘီအိုင်မှ အထူးအရာရှိများဖြစ် ကြသော မာတင်စတီးမင်းနှင့် ဂျွန်ဟေလီတို့နှစ်ယောက် ဝေဟမ်းနှင့် ပေါလ်တို့ကိုတွေ့ရန် ချာနင်အဆောက်အအုံသို့ရောက်လာကြသည်။

"ခင်ဗျားတို့ နှစ်ယောက်ဟာ အားလုံးကင်းရှင်းကြောင်း ကျွန်တော်တို့ကို အက်ဘီအိုင် ဒါရိုက်တာ ဟူးဗားရုံးကအကြောင်းကြားပါတယ်၊ ဒါပေမယ့် ထုံးတမ်းစဉ်လာရှိတဲ့ လုပ်ရိုးလုပ်စဉ်ကလေးတွေလုပ်ဖို့ ကျွန်တော်တို့ လာတာပါ" ဟု မာတင်စ တီးမင်းကပြောသည်။

ဝေဟမ်းက ပေါလ်ကို လှမ်းကြည့်လိုက်သည်။ ပေါလ်ကခြေနှစ်ချောင်းကို လိမ်ပြီး အေးအေးဆေးဆေးပင်ထိုင်နေသည်။

၁၉၃၉- ခုနှစ်တုန်းက ဝေဟမ်းကိုမေးခဲ့သည့် မေးခွန်းများကိုပင် ပြန်လည် မေးမြန်းကြခြင်းဖြစ်သည်။ ပြီးတော့ အကြောင်းအရာကို ချက်ချင်းပြောင်းပစ် လိုက်သည်။

"ရုရှပြည်ကို ပစ္စည်းတွေ ခင်ဗျားစပို့ပေးနေပြီနော်" ဟု ဂျွန်ဟေလီက ဝင်ပြောသည်။

ဝေဟမ်း၏ တစ်ကိုယ်လုံးမှာ စိုးရိမ်စိတ်ဖြင့် အေးသွားသည်။ မိမိတို့ တင်ပို့ပေးနေသည့်ပစ္စည်းများသည် အမှိုက်များဖြစ်သည်ကို သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိသွားလေပြီလော ဟူသော အတွေးဖြင့် စိုးရိမ်သွားခြင်းဖြစ်သည်။

"ဟုတ်ပါတယ်၊ ဘာမှားမှားလို့ပါလဲ ခင်ဗျာ"

"မမှားပါဘူး" မာတင်စတီးမင်းက ဝင်ပြောရင်း သက်ပြင်းရှိုက်လိုက်သည်။ "ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ဆိုဗီယက်ကို ထောက်ပံ့ဖို့လိုတယ်ဆိုတာ ကျွန်တော်တို့ အက်ဘီအိုင်ကလဲ အသိအမှတ်ပြုပါတယ်၊ ကျွန်တော်တို့ရဲ့ မဟာမိတ် ဆိုတာကိုလဲ လက်ခံပါတယ်၊ ဒါပေမယ့် ကွန်မြူနစ်ဝါဒဆိုတာကတော့ ရှိသေးတယ် မဟုတ်လားဗျာ၊ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ရှေ့ရေးကိုလဲ ကြည့်ဖို့လိုပါတယ်"

အက်ဘီအိုင်အရာရှိများသည် ကွန်မြူနစ်ဆန့်ကျင်ရေးသမားများဖြစ်ကြောင်း ပေါလ်က သတိထားမိလိုက်သည်။

"ကျွန်တော်တို့ငွေချေးရေးနှင့် ပစ္စည်းဝယ်ယူရေး အေဂျင်စီတွေထဲကို ကွန်မြူနစ်တွေ ထိုးဖောက်ဝင်နေတယ်လို့ ခင်ဗျားထင်ပါသလား"

ဟုပေါလ်က ဝင်မေးသည်။

"ဒါကို ကျုပ်တို့ မသိချင်ယောင်ဆောင်နေလို့ မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


ပေါလ်က သူ့အဖေကို ပြန်ကြည့်သည်။ ပြီးတော့ သူက ဘာသာပြန်ပေးသည့် သဘောမျိုးဖြင့် ပြောပြသည်။

"အက်ဘီအိုင်က ကျွန်တော်တို့ကို အကူအညီတောင်းနေတာပါ အဖေ၊ ကွန်မြူနစ်တွေအပေါ် အလေးပေးဆောင်ရွက်ပေးနေတဲ့ လူတွေများရှိရင် အဲဒီ အကြောင်းကို အက်ဘီအိုင်က သိချင်ပါတယ်လို့ ဆိုတာပါ၊ ကျွန်တော်ပြောတာ မှန်ပါသလား၊ မစ္စတာ စတီးမင်း"

စတီးမင်းက ပေါလ်ကို ပြုံးပြလိုက်သည်။

"အင်မတန်မှန်ပါတယ်ကွယ်၊ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လိုပါသလား မစ္စတာ ဗားဟတ်"

"ကျွန်တော်တို့လို အမေရိကန်နိုင်ငံသားခံယူထားသူများအဖို့ ဒါဟာ မဖြစ်မနေယူရမယ့် တာဝန်ဖြစ်ပါတယ်၊ နိုင်ငံသားခံယူထားပေမယ့် အမေရိကန် ပြည်ထောင်စုအပေါ်မှာ ကျွန်တော်တို့ သစ္စာစောင့်သိရှိသေလျှက်ပါပဲ"

အတော်ကောင်းသည့် ပြန်ကြားချက်ဖြစ်ကြောင်း ပေါလ်က နားလည်လိုက်ပြီး သူ့အဖေကိုလည်း စိတ်ထဲမှကျိတ်၍ ချီးကျူး ဩဘာပေးလိုက်သည်။

"ခင်ဗျားတို့လို လူမျိုးတွေ များများစားစား ရှိပါစေလို့ ဆုတောင်းပါတယ်ဗျာ"

စုံထောက်နှစ်ယောက် ပြန်သွားကြသည်။ ပေါလ်က သူ့မေးစေ့ကို ပွတ်ရင်း စဉ်းစားနေသည်။

"အခါအားလျော်စွာတော့ သူတို့ကြိုက်တတ်တဲ့ အစားအစာကလေးတွေ ခွဲရတော့မှာပဲ အဖေ"

"ထုံးစံအတိုင်းပဲပေါ့ ငါသားရယ် ဟား. . . ဟား. . . နောက်ဆုံးကျတော့ အမေရိကဆိုတာလဲ ဂျာမနီနဲ့ ဘာမှမထူးပါလားကွ"

+ + +

မေ ၆၊ ၁၉၄၂။ ။ ဖိလစ်ပိုင် ဂျပန်လက်သို့ ကျသွားသည်။ စိုးရိမ်ထိတ်လန့်မှုများ အမေရိကန်ပြည်ထောင်စုတွင် ကြီးစိုးလာပြန်သည်။ အမေရိကန် စစ်တပ်များ ရှုံးနိမ့်နေရခြင်းမှာ ကွန်မြူနစ်များကို လက်နက်ပစ္စည်းများ ထောက်ပံ့နေသောကြောင့် ဖြစ်သည်ဟု ဝင်ရိုးတန်းနိုင်ငံများက တီးတိုးဝါဒဖြန့်ပေးနေသည်။ ထိုတီးတိုးဝါဒကြောင့် ဆိုဗီယက်ပြည်ထောင်စုအပေါ် ဆန့်ကျင်လိုစိတ်များ ပိုမို ကြီးထွားလာသည်။

၁၉၄၂ ခု၊ မေလ ၁၈ ရက်၊ တနင်္လာနေ့မနက်တွင် ဝေဟမ်းဗားဟက်သည် စာတစ်စောင်ကို ငေးစိုက်ကြည့်နေသည်။ စာရွက်၏ ထိပ်တွင်. . .

**အထူးဝယ်ယူရေး အေဂျင်စီ၊**

**နယူးယောက် ဆပ်ဒီဗီဇံနယ်၊**

**ဌာန ၇**

ဟူသော စာလုံးများကို ရိုက်နှိပ်ထားသည်။ ဗားဟတ် ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီမှ ပစ္စည်းအမြောက်အမြားကို "အထူးဝယ်ယူရေး အေဂျင်စီ"မှ ဝယ်ယူခဲ့သည်။ အမြတ်အစွန်းများများစားစားကိုလည်း ရရှိခဲ့သည်။ ယခုထိုစာထဲတွင်. . .

"ကျွန်ုပ်တို့၏ ဝယ်ယူရေးအမှာစာ အမှတ် ဝ၇၅၃/၉၁/ဝ၃ အရ သင်္ဘောဖြင့် လူကြီးမင်း တင်ပို့လိုက်သော မိုးကာအင်္ကျီအထည် ၂ဝဝဝဝဝ ကို အဆင့်အတန်း မမီမှုကြောင့် ပယ်လိုက်သည်။ မိုးကာအင်္ကျီများသည် မိုးမလုံခြင်း၊ ချုပ်ရိုးများ မကောင်းခြင်း. . . " စသည်ဖြင့် ဖော်ပြထားပြီး ဌာနကြီးမှူး အက်ဒွင်မေ့စ်က လက်မှတ်ရေးထိုးထားသည်။

ဝေဟမ်းက ပေါလ်ဘက်သို့ စာထိုးပေးသည်။ ပေါလ်က ဖတ်ကြည့်လိုက်သည်။ မိုးကာအင်္ကျီများကို သူတို့ပေးသွင်းခြင်းအားဖြင့် ဒေါ်လာ ၅ဝဝဝဝ မြတ်မည်။ ယခုလို


www.burmeseclassic.com

 www.burmeseclassic.com 

အဆင့်အတန်းမမီဆိုပြီး ပယ်ဖျက်လိုက်သဖြင့် အမြတ်တစ်ပြားမှ မရတော့ ဆိုသည့် သဘောဖြစ်သည်။ ထိုမျှသော အမြတ်ငွေမရခြင်းသည် မပြောပလောက်ပါ။ သို့သော်လည်း ယခု အဖြစ်အပျက်၏ အကျိုးဆက်များအဖြစ် နောက်ထပ် ပေါ်ပေါက်လာမည့် အဖြစ်အပျက်များက ပိုမိုဆိုးရွားလာနိုင်သည်။

"မစ္စတာ အက်ဒွင်မေ့စ်နဲ့ ကျွန်တော်တို့ အမြန်ဆုံးသွားတွေ့ရင် ကောင်းမယ်" ဟု ပေါလ်က ပြောသည်။

အက်ဒွင်မေ့စ်သည် လူလတ်ပိုင်းဖြစ်သည်။ ရီပတ်ဘလီကင် ပါတီဝင်ဖြစ်ပြီး ခေါင်းမာသည်။

"ခင်ဗျားတို့ တင်ပို့တဲ့ မိုးကာအင်္ကျီတွေကို ပယ်လိုက်တယ်၊ ဒီဆုံးဖြတ်ချက်ဟာ နောက်ဆုံးအပြီးသတ်ဆုံးဖြတ်ချက်ပဲ"

သည်ကိစ္စကို ပေါလ်ကပင် တာဝန်ယူ ဝင်ရှင်းသည်။

"ကျွန်တော်တို့ရဲ့ မိုးကာတွေဟာ အဆင့်အတန်း မမီဘူးလို့ ခင်ဗျား ပြောပါတယ်၊ ထားပါတော့ ခင်ဗျ၊ ဒါပေမယ့် ရုရှတွေ ထုတ်လုပ်နေတဲ့ ပစ္စည်းတွေနဲ့တော့ အဆင့်အတန်း အများကြီးသာတယ်'

အက်ဒွင်မေ့စ် သူ့စားပွဲပေါ်မှာ ရှိနေသော ဖိုင်တွဲပေါင်းများစွာကို လက်ဖြင့် ဝှေ့ယမ်းပြသည်။

"ပစ္စည်းဝယ်ယူရေး အေဂျင်စီက ဝယ်တဲ့ပစ္စည်းတွေဟာ အမေရိကန် စစ်တပ်အတွက် ဝယ်ယူတဲ့ ပစ္စည်းတွေထက် အဆင့်အတန်းခြင်း တူညီရမယ်ဆိုတဲ့ ညွှန်ကြားချက် ကျုပ်တို့မှာ ရှိနေတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ စစ်သားပေါင်းများစွာ အသတ်အဖြတ် ခံနေရတဲ့ အချိန်မှာ ရုရှတွေရဲ့ အကြိုက်ကို ကျွန်တော်တို့က လိုက်နေရမယ်ဆိုတဲ့ သဘောပေါ့"

ပေါလ်က လိမ်လိမ်မာမာကလေး သိမ်းသွင်းလိုက်သည်။ အက်ဒွင်မေ့စ်ကလည်း ထောင်ချောက်ထဲသို့ ဝင်လာသည်။

"အခု လောလောဆယ်အချိန်မှာ ရုရှက ဂျာမန်ကို တိုက်နေတယ်၊ ကျုပ်တို့ စစ်အင်အားတောင့်တင်းလာအောင် တိုးချဲ့နိုင်ဖို့အတွက် အချိန်ရအောင် လုပ်ပေးနေရတယ်"

"တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် နာဇီတွေရဲ့ လက်ထဲကနေပြီး ကွန်မြူနစ်တွေက ကျွန်တော်တို့ကို ကယ်တင်နေတယ်လို့ ဆိုတာပေါ့နော်"

ပေါလ်၏ စကားကို ကြားရသောအခါ မေ့စ်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

"သူတို့က ကယ်တင်နေတယ်လို့လဲ ပြောနိုင်တာပဲ။ ကျုပ်တို့စစ်တပ်ဟာ စစ်တိုက်နိုင်တဲ့ အင်အား မရှိသေးဘူး၊ ရုရှစစ်တပ်မှာ စစ်သားတွေ သန်းနဲ့ချီပြီး ရှိနေပြီ၊ တိုက်ပွဲတွေမှာလဲ သူတို့အများကြီး အထိနာနေပြီ၊ အကျအဆုံးတွေ သိပ်များနေပြီ"

"တိုက်ပွဲတွေမှာ ကျသွားတဲ့ သူတို့စစ်သားအရေအတွက်ဟာ ကျွန်တော်တို့ ကြည်းရေလေတပ်မှာရှိတဲ့ အင်အားလောက်များ ရှိနေပါပြီလား ခင်ဗျား" ဟု ပေါလ်က စကားဆွယ်လိုက်ပြန်သည်။

"ကျုပ်ဖတ်ရတဲ့ သတင်းတွေအရဆိုရင် အဲဒီလောက် ဖြစ်နိုင်တယ်" အက်ဒွင်မေ့စ်က ဝေဟမ်းကို လှမ်းကြည့်သည်။ "ဝမ်းနည်းပါတယ်၊ ကျုပ်မှာ တခြား အလုပ်ရှိသေးတယ်၊ ဆိပ်ခံတံတားအမှတ် ၈၇ မှာ ခင်ဗျားတို့ မိုးကာတွေ ရှိနေပါတယ်၊ အဲဒါတွေကို ပြန်သယ်ဖို့ ကားတွေလွှတ်လိုက်ပါ"

\+ \+ \+



www.burmeseclassic.com

 www.burmeseclassic.com 

ကျန်သော အပိုင်းများကို ဆက်လက်ဆောင်ရွက်ရသည်မှာ ကလေး ကစားသလိုသာ ဖြစ်နေလေတော့သည်။

အက်ဘီအိုင်စုံထောက် မာတင်စတီးမင်းက နားထောင်နေသည်။ လက်ရေးတို စာရေးက ဝေဟမ်းပြောသမျှများကို လိုက်မှတ်နေသည်။

"ကျွန်တော်တို့ သားအဖ တော်တော် တုန်လှုပ်သွားပါတယ်၊ မေ့စ် ပြောတာ ရှုရှတွေကပဲ စစ်ကိုတကယ်တိုက်နေပြီး အမေရိကန်တွေက ဘာမှဝင်မလုပ်ဘူး ဆိုတဲ့ သဘောမျိုးပေါ့ဗျာ. . . "

"သူပြောတဲ့ အတိုင်းဆိုရင်တော့ ကွန်မြူနစ်တွေဟာ တကယ့်ကို သူရဲကောင်းကြီးတွေ ဖြစ်နေပြီ. . "

"မေ့စ်က ကွန်မြူနစ်တွေကို ကောင်းကင်ပေါ် ရောက်သွားအောင် တအား မြှောင်ပင့် ပြောနေတယ်. . . . "

စတီးမင်းက သူသိချင်သည့် မေးခွန်းအချို့ကို ဆက်မေးသည်။

နောက်ဆယ်ရက်လောက် ကြာသောအခါ အက်ဒွင်မေ့စ်သည် အမျိုးအမည် မသိသော စာရွက်စာတမ်းများကို ဖိုင်တွဲရသည့်ဌာနတစ်ခုသို့ အပြောင်းအရွှေ့ ခံလိုက်ရကြောင်း တွေ့ရလေတော့သည်။

ထိုနောက်ပိုင်းမှ စပြီး ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီနှင့် နယူးယောက် ဆပ်ဒီဝီဇံ ပစ္စည်းဝယ်ယူရေး အေဂျင်စီတို့ကြားတွင် မည်သို့သော ပြဿနာမှ ထပ်မံဖြစ်ပွားလာခြင်း မရှိတော့ချေ။

ပေါလ်ကိုလည်း လစာတစ်ဆတိုးကာ တစ်ပတ်လျှင် ဒေါ်လာ ၁၅၀ ပေးလိုက်သည်။ သို့သော် သူဟာသူ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်းကား မရှိ။ အစစအရာရာ အဖေ၏ အဆုံးအဖြတ်ကို တောင်းနေရသည်။ အရေးကြီးသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မရ။ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများတွင်သာ ဆက်လက်လုပ်ကိုင် နေရသည်။ ထိုအကြောင်းများကြောင့်လည်း ပေါလ်၏ စိတ်ထဲ က နာကျည်းချင်သလိုလို ဖြစ်လာသည်။

\+ + +

၁၉၄၃ ခုနှစ်တွင် စစ်လက်နက်ပစ္စည်း ဝယ်ယူရေး အေဂျင်စီများအတွင်း အကျင့်ပျက်မှုများ၊ လာဘ်ပေး လာဘ်ယူမှုများ၊ ပစ္စည်းလိမ်သွင်းမှုများ၊ အဆင့်အတန်းမမီသော ပစ္စည်းပေးသွင်းမှုများနှင့် ပတ်သက်ပြီး ထရူးမင်းကော်မတီက စစ်ဆေးမှုများကို ပြုလုပ်လာသည်။

ပစ္စည်းဝယ်ယူရေး စည်းကမ်းချက်များ တင်းကျပ်လာသည်။ ဂေါ်ဒွန်ဆင် ကလဲယားက သူ၏ ရပ်စ်ပါကို ကုမ္ပဏီကို ဖျက်သိမ်းပစ်လိုက်သည် ဝေဟမ်း၏ အမြတ်အစွန်းများလည်း နည်းပါးလာသည်။ ထို့ကြောင့် ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ကုမ္ပဏီသည် မှောင်ခိုလုပ်ငန်းဘက်သို့ လှည့်လာရပြန်သည်။ ထိုအချိန်က မှောင်ခိုလုပ်ငန်းများ အဆမတန် ကြီးထွားနေချိန်ဖြစ်သည်။

မှောင်ခိုလုပ်ငန်း လုပ်ကိုင်နေကြသူများမှာ များသောအားဖြင့် အသက်ငါးဆယ်နှင့် ငါးဆယ်ကျော် လူကြီးများ ဖြစ်ကြသည်။ ထိုကြားထဲတွင် ပေါလ်က ဝင်ရောက်လုပ်ကိုင်လာသည် ဆိုတော့ လူကြီးများက ပေါလ်ကို မလောက်လေး မလောက်စားကလေး အဖြစ်သာ သဘောထားသည်။ နောက်ဆုံး ထိုမလောက်လေး မလောက်စားကလေးက သူတို့အပေါ် ဖျံကျသွားသည်ကို တွေ့ရတော့မှ လေးလေးစားစား ဆက်ဆံလာကြသည်။

မှောင်ခိုလုပ်ငန်းများကို လုပ်ရာတွင် ပေါလ်သည် သူကိုယ်ပိုင်ငွေကလေးကို ရင်းနှီးပြီး လုပ်ကိုင်နေခြင်း ဖြစ်သည်။ များများစားစားလည်း လုပ်ရဲသည်မဟုတ်။ သူ့ အဖေမသိအောင် ခိုးကြောင် ခိုးဝှက်လုပ်နေရသည်။ ထို့ကြောင့် ထင်သလောက် မတွင်ကျယ်။ ရသည့် အမြတ်အစွန်း ငွေကလေးများကို သပ်သပ်ဖယ်ပြီး စုဆောင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခိုက်မှာပင် ပေါလ်အသက် ၁၈ နှစ်ပြည့်သည်။ စစ်မှုထမ်းရေး ဥပဒေအရ စစ်ထဲဝင်ရတော့မည်။ သည်ကိစ္စကိုလည်း သူတို့ ရှောင်တိမ်းနိုင်အောင် လုပ်ရပြန်သည်။

အော်ရင်ဒီမင်၏ အကူအညီကိုပင် ရယူရသည်။ ဆေးအဖွဲ့တွင် ဆေးစစ်ခံသည်။ ငွေတွေ သွန်ထည့်လိုက်သည်။ "ပေါလ်ဝါနာဟားဟတ်၏ ကျောက်ကပ်သည် ပုံမှန်အလုပ်များကို မလုပ်သောကြောင့် စစ်မှုထမ်းခြင်းမှ ရာသက်ပန် ကင်းလွတ်ခွင့်ပြု လိုက်ကြောင်း ဆရာဝန်၏ မှတ်ချက်ထွက်ပေါ်လာလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

၁၉၄၅ ခုနှစ် အစပိုင်းတွင် ဝေဟမ်းဗားဟတ် ပိုင်ဆိုင်သော အရပ်ရပ် ပစ္စည်းများ၏ တန်ဖိုးမှာ ဒေါ်လာ ခုနှစ်သန်းကျော် ရှိလာသည်။ ဒေါ်လာ လေးသန်းခွဲကို ဆင်ကလဲယား ဘဏ်တိုက်တွင် အပ်နှံထားခြင်း၊ အခြားစိတ်ချရသည့် အစုရှယ်ယာများ ဝယ်ယူစုဆောင်းထားခြင်းများ ပြုလုပ်ထားသည်။ ကျန်ငွေများဖြင့် မှောင်ခိုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေသည်။

ထိုသို့ ခုနစ်သန်းလောက် ချမ်းသာကြွယ်ဝလာသော်လည်း ပေါလ်ကတော့ အထင်မကြီးချေ။ အခြားသူများသည် ၁၉၃၉-၄၂ ခုနှစ်အတွင်းမှာပင် ငွေပေါင်းရာနှင့်ချီပြီး ချမ်းသာသွားကြသည်ကို သူ မြင်တွေ့နေရသည်။ ထို့ကြောင့်လည်း ကြီးမားသည့် အခွင့်အရေးကြီးတစ်ခုကို လက်လွတ်ဆုံးရှုံးလိုက်ရသည်ဟု တွေးမိ ပြီး စိတ်ထဲမှာ တနုံ့နုံ့ ဆွေးနေသည်။

ထိုအချိန်တွင် သူ့အဖေမသိဘဲ မှောင်ခိုလုပ်ငန်းကလေးများကို လုပ်ခြင်းအားဖြင့် သူ့ လက်ထဲမှာ ဒေါ်လာ ၅၀၀၀၀ စုဆောင်းပြီးလည်း ဖြစ်နေသည်။ ငွေကို အရင်းအနှီး ပြုလုပ်ပြီး အဆများစွာ တိုးပွားလာအောင် လုပ်ရပေဦးမည်။

\+ + +

ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံးသွားသည်။ ပစ္စည်းများဝယ်ယူစုဆောင်းနေသည့် အစိုးရ လုပ်ငန်းများသည် ချက်ချင်းပြောင်းပြန်ဖြစ်သွားသည်။ အစိုးရ လက်ထဲမှာ ရှိနေသည့် ကုန်ချောများ၊ ကုန်ကြမ်းများ အားလုံးတို့မှာ ပိုလျှံပစ္စည်းများ ဖြစ်သွားတော့သည်။ ဟိုတုန်းက အရေးတကြီး လိုခဲ့သော ထိုပစ္စည်းများသည် ယခု လုံးဝအသုံးမလိုတော့သည့် ပစ္စည်းများဘဝသို့ ကူးပြောင်းသွားသည်။

ထို့ကြောင့် အသုံးမလိုတော့သော ပိုလျှံပစ္စည်းများကို မြန်နိုင်သမျှ အမြန်ဆုံး ပြန်ရောင်းပစ်ဖို့ လိုသည်။

ပိုလျှံပစ္စည်းပြန်လည်ရောင်းချရေး အရာရှိများကို အခွင့်အာဏာများ အကန့်အသတ် မရှိပေးလိုက်ပြန်သည်။ ပစ္စည်းများကို ပုံတိုက် လေလံတင်ပစ်သည်။ လက်တွေ့ လုပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အထိန်းအကွပ်လည်း လုံးဝမရှိ။ အရာရှိတစ်ယောက် လက်မှတ်ထိုးလိုက်လျှင် ထိုပစ္စည်းသည် မည်မျှပင် တန်ဘိုးကြီးစေကာမူ နှစ်ပြား တစ်ပဲတန် ဘဝသို့ကျဆင်းသွားတော့သည်။

လာဘ်စားမှု၊ အကျင့်ပျက်မှု၊ ကိုယ်ကျိုးရှာမှုများ ဖြစ်ပွားပေါ်ပေါက်လာ ပြန်သည်။

\+ + +

စစ်အပြီးတွင် စီးပွါးပျက်ကပ်ဆိုက်လာသည်က တစ်ကြောင်း၊ လုပ်ငန်း အဆင်မပြေ သောကြောင့် စိတ်ဓာတ်ကျဆင်းနေသည်က တစ်ကြောင်းတို့ကြောင့် ပိုလျှံပစ္စည်းများဝယ်ယူ ရောင်းချရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ရန် ဗားဟတ်က ငြင်းဆန်နေသည်။

ပေါလ်ကတော့ ထိုသို့ မဟုတ်ချေ။ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့် အခွင့်အရေး ကောင်းကြီးများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အတွက် သူအကြီးအကျယ် နောင်တရနေချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ယခုလို အခွင့်ကောင်းတစ်ရပ်ပြန်လည် ပေါ်ပေါက်လာသောအခါတွင် လက်လွှတ်မခံတော့ဟု ဆုံးဖြတ်လိုက်သည်။

စစ်ပြန်စစ်မှုထမ်းဟောင်းတစ်ယောက်သည် ပိုလျှံပစ္စည်း ဒေါ်လာ ၅၀၀၀ ဖိုး ဝယ်ယူ ခွင့်ရှိသည်။ သို့သော်လည်း စစ်ပြန်အများစုမှာ ခြူးတစ်ပြားမှ မကပ်သူများ ဖြစ်နေကြသည်။

\+ + +

စစ်ပြန်အများစုသည် အသက် ၂၀ ကျော် အရွယ်ကလေးများ ဖြစ်ကြောင်း၊ သူတို့ ကိုယ်တိုင် စီးပွားရေးအတွေ့အကြုံများ မရှိကြောင်း၊ ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် စစ်မြေပြင်မှ ပြန်လာသူများသည် ပြည့်တန်ဆာအိမ်များမှာသာ ကျက်စားကြရမည် ဖြစ်ကြောင်းများကို ပေါလ် က အတပ်တွေးမိထားပြီးဖြစ်သည်။ ထို့ကြောင့် ကြေးစားတစ်ယောက်နှင့် သူသွားတွေ့သည်။

"မင်းကို ဒေါ်လာတစ်ရာပေးမလို့ လာတာ"

"ဒေါ်လာတစ်ရာ. . . . . ဘာလုပ်ဖို့လဲ"

"ငွေငါးရာလောက် ချက်ချင်းလိုချင်နေတဲ့ စစ်ပြန်စစ်မှုထမ်းဟောင်း တစ်ယောက် လောက်နဲ့ ကျုပ်တွေ့ချင်တယ်"

ထိုနည်းဖြင့်ပင် ရက်သတ္တတစ်ပတ်အတွင်း စစ်ပြန်ငါးရောက်နှင့် အဆက်အသွယ် ရလာသည်။

"ခင်ဗျားက ငွေငါးရာ အလကားပေးချင်တယ် ကြားလို့ဗျာ" ဟု စစ်ပြန်တစ်ယောက် ကပြောသည်။

"အလကားဘယ်ပေးပါ့မလဲ. . . ကိုယ့်ဆရာရယ်၊ လုပ်ငန်းသဘောနဲ့ ပေးမှာပေါ့၊ ပိုလျှံပစ္စည်း ငါးထောင်ဖိုးခန့် ခင်ဗျားဝယ်ခွင့်ရှိနေတယ်"

"ကိုယ့်လူစိတ်မှ မှန်ရဲ့လား၊ ငွေငါးထောင်ဖိုးသာ ဝယ်နိုင်ရင် ကျုပ်ဒီလို မနေဘူးမှတ်"

"ခင်ဗျားပစ္စည်းဝယ်ဖို့ ကျုပ်က ငွေစိုက်မယ်၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေမှာ ခင်ဗျားက လက်မှတ်ထိုးပေး၊ အဲဒီလိုလက်မှတ်ထိုးပေးရင် ခင်ဗျားကို ဒေါ်လာ ၂၅၀ပေးမယ်၊ ဝယ်ယူခွင့်ရတဲ့ပစ္စည်းတွေ ကျုပ်လက်ထဲကိုရောက်ရင် ကျန်တဲ့၂၅၀ ထပ်ပေးမယ်"

စစ်ပြန်သုံးယောက်က ငြင်းသွားသည်။ နှစ်ယောက်က လက်ခံလိုက်သည်။

ပထမဆုံး ပေါလ်ရသော ပစ္စည်းသည် လိုင်နိုခဲ စာလုံးစက် အသစ်ခြောက်လုံး ဖြစ်သည်။ သက်ဆိုင်ရာအရာရှိကို ချည်းကပ်ပြီး ဒေါ်လာအနည်းငယ် လာဘ်ထိုးလိုက်သည်နှင့် ထိုလိုင်နိုခဲစာလုံးစက် အသစ်ကျပ်ချွတ်ခြောက်လုံးသည် "ပျက်စီး နေသည် သုံးမရတော့ ဟူသော စာတန်းကပ်ပြီးသား ဖြစ်သွားသည်။ ထိုစက်များကို နယူးယောက်မြို့သို့ ပို့လိုက်သည်။ ပွဲစား တစ်ယောက်က ဒေါ်လာ၆၀၀၀၀ ပေးဝယ်ပြီး နယူးယောက်ဆန်းသတင်းစာတိုက်သို့ အဆပေါင်း များစွာ အမြတ်တင်ကာပြန်ရောင်းသည်။

ဒုတိယ လေလံမှာ ရှုံးသုံးစက်ပစ္စည်းများနှင့် ရှုံးသုံးပရိဘောဂများ ဖြစ်သည်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အသစ်များချည်း ဖြစ်ရုံမက စက်ရုံကထုတ်လုပ်လိုက်သည့်အတိုင်း သေတ္တာကိုပင် မဖွင့်ရသေးချေ။ လေလံတင်သူ အရာရှိ၏လက်ထဲသို့ ငွေတချို့ ထည့်လိုက်သည်နှင့်ပင် ထိုပစ္စည်းများလည်း "ပျက်စီးနေသည်၊ သုံးမရတော့များ" ဖြစ်ကုန်တော့သည်။ ၁၇၈၂ ဒေါ်လာနှင့် သူရခဲ့သည်။ ပြန်ရောင်းသောအခါ ဒေါ်လာ ၈၄၀၀၀ ရလိုက်သည်။

ပိုလျှံပစ္စည်းများကို ရောင်းသည့်လုပ်ငန်းကလည်း လပေါင်းများစွာ အချိန်ယူနေရသည်။ လက်ထဲတွင် ခြူးတစ်ပြားမှမကပ်သော စစ်ပြန်များကလည်း လက်မှတ်ကလေး တစ်ချက်ထိုးရုံဖြင့် ဒေါ်လာ ၅၀၀ ရသဖြင့် ပေါလ်ထံသို့တန်းစီပြီး ဝင်ရောက်လာကြသည်။ ထိုလုပ်ငန်းမှာ သူနစ်မြုပ်နေသောကြောင့် သူ့အဖေ၏ ကုမ္ပဏီသို့ပင် အချိန်မှန်မှန်မသွားနိုင်။ လုပ်ငန်းက အောင်မြင်လာလေ၊ လောဘကို မသိမ်းနိုင်လေဖြစ်လာသည်။

လုပ်ငန်းခွင်ထဲမှ သူပျောက်နေသောကြောင့် သူ့အဖေ ဒေါသူပုန်ထနေသည်။

"မင်းဘာဖြစ်လို့ ရုံးမှန်မှန်မတက်တာလဲ" ဟု သူ့အဖေကမေးသည်။

"တက္ကသိုလ် ပညာရေးကို ရအောင်ယူရမယ်လို့ အဖေပဲပြောခဲ့တယ် မဟုတ်လား၊ ဟားဗတ် စီးပွားရေး တက္ကသိုလ်တက်ရအောင် ကျောင်းဝင်ခွင့် စာမေးပွဲဖြေဖို့ ကျွန်တော်စီစဉ်နေတယ်၊ အချိန်သိပ်ကုန်တာပဲ အဖေ"ဟု ပေါလ်က အတည်ပေါက်ဖြင့် ပြန်ပြောသည်။

ထိုစကားကိုကြားတော့ ဝေဟမ်းဗားဟတ်ကျေနပ်သွားသည်။

"ဟေ မင်းဘာဖြစ်လို့စောစောက မပြောတာလဲ"

ပေါလ်ကတော့ သူ့အတွေးနှင့်သူ နစ်မြုပ်နေလေသည်။ သူဖြစ်ချင်သည်များ ဖြစ်ရတော့မည်ကို သူ သိနေသည်။

\+ + +

ထိုနေ့သည် ၁၉၄၆ခုနှစ်၊ မတ်လ၏ တနင်္လာတစ်ရက်ဖြစ်သည်။ အဖေနှင့် ကြီးကြီးကျယ်ကျယ် စကားများရတော့မည်ကိုပါကြိုတင်တွက်ဆပြီး ပြင်ဆင်လာခဲ့သည်။ တစ်ရက်စာ အဝတ်အစားများထည့်နိုင်သော ခရီးဆောင် သားရေအိတ်ကိုဆွဲပြီး သူ့အဖေ၏ ရုံးခန်းထဲသို့ ဝင်သွားသည်။ သားရေအိတ်ကို အဖေ့စားပွဲပေါ်မှာ တင်လိုက်သည်။ ရုံးခန်းတံခါးကို သွားပိတ်သည်။

"ကျွန်တော် အလုပ်ထွက်ဖို့နဲ့ အဖေ့ကို နှုတ်ဆက်ဖို့လာတာပါ အဖေ" ဟုသူက စတင်ကြေငြာလိုက်သည်။

ဝေဟမ်းက မျက်မှောင်ကုပ်လိုက်သည်။

"အို. . . ဟားဗတ်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ သွားဖြေတော့မှာလား"ဟု ပြန်မေးသည်။

"ကျွန်တော်အလုပ်က အပြီးထွက်ပြီး အိမ်ကိုပါ အပြီးကျောခိုင်းသွားတော့ မှာ အဖေ"

ဝေဟမ်း မျက်နှာပျက်သွားသည်။

"မင်းရူးသွားပြီလား"

ပေါလ်က သားရေအိတ်ကို ဖွင့်လိုက်သည်။ အထဲက ပစ္စည်းများကိုကြည့်ပြီး ဝေဟမ်း မျက်လုံးပြူးသွားသည်။ ငွေစက္ကူပေါင်းများစွာကို အထုပ်များထုပ်ထားသည်ကို တွေ့ရသည်။ ပေါလ်သည် စိတ်ဖောက်ပြန်သွားပြီး သူ့အာမခံသေတ္တာကို ခိုးဖွင့်ကာ ငွေများခိုးယူထားခဲ့သည်ဟု သူထင်သည်။ ထို့ကြောင့် စကားပြောဖို့ ဟန်ပြင်လိုက်သည်။ ပေါလ်က သူ့ကို ဖမ်းတားသည်။

"တစ်သန်းနဲ့ သုံးသိန်းရှိတယ် အဖေ၊ အမေရိကကိုလာတုန်းက အဖေ့မှာ ရှိခဲ့တဲ့ငွေနဲ့ အရေအတွက် အတူတူပဲ၊ ဒါပေမယ့် အဲဒီငွေရအောင် အဖေ နှစ်ပေါင်း နှစ်ဆယ်၊ သုံးဆယ်ရှာခဲ့ရတယ်၊ ကျွန်တော်ကတော့ ခြောက်လအတွင်း ဒီငွေကိုရအောင် ရှာနိုင်ခဲ့တယ်၊ ကျွန်တော်ပြောတာ ကြားတယ်မဟုတ်လား အဖေ၊ ခြောက်လပဲ ကြာတယ်"

"မင်းကုမ္ပဏီကငွေတွေခိုးထားတာ ငါ့ငွေတွေခိုးထားတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်တော့်ငွေအရင်းအနှီးကို ကျွန်တော် အသုံးချပြီး ကျွန်တော် စီးပွားရေးလုပ်ခဲ့တာပါ။ ဒါပေမယ့် အဖေ့နည်းနဲ့ လုပ်တာမဟုတ်ဘူး၊ ကျွန်တော့်နည်းနဲ့ ကျွန်တော် လုပ်တာ"

"လူလိမ်. . . . သူခိုး. . . ."

"နှစ်ခုစလုံးမဟုတ်ပါဘူး အဖေ၊ ၁၉၄၀ ခုနှစ်တုန်းက ကျွန်တော့် စကားကိုသာ အဖေနားထောင်ခဲ့မယ်ဆိုရင် ဒီနေ့အဖေ့လက်ထဲမှာ ငွေသန်းပေါင်း ၇၀ လောက်ရှိနေပြီ၊ ခုနှစ်သန်းမဟုတ်ဘူး၊ ဒါပေမယ့် ကိုဘလင့်စ်တုန်းက လုပ်ခဲ့တဲ့ စီးပွားရေး နည်းဟောင်း နည်းဆွေးကြီးတွေကိုပဲ အဖေ ပြန်လိုက်နေခဲ့တယ်၊ ကျွန်တော် ပြောတာတွေကို နားမထောင်ခဲ့ဘူး"

ဝေဟမ်း၏ ခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ ပေါလ်၏ ပိုက်ဆံအိတ်ကို လှမ်းဆွဲလိုက်သည်။

"ခွင့်ပြုချက်မရဘဲ မင်းထွက်သွားလို့ မရဘူး၊ ဒါဟာ ဥပဒေပဲ၊ မင်းဟာ အသက်ပြည့်သေးတာ မဟုတ်ဘူး၊ ငါဟာ မင်းအဖေ၊ ငါပြောတာကိုပဲ. . ."

ပေါလ်က ပိုက်ဆံအိတ်ကို ပိတ်ပြီးပြန်ဆွဲထားသည်။

"အဖေက ဘာပြောမှာလဲ. . ."

ပေါလ်က ထိုသို့ပြောပြီး အင်္ကျီအိတ်ထဲမှ ဟစ်တလာ ဓါးမြှောင်ကို ထုတ်ယူပြီး စားပွဲပေါ်မှာ တင်ထားလိုက်သည်။

"ကျွန်တော်ပြောတာ နားထောင်ပါဦးအဖေ၊ ဂျာမန်သုံ့ပန်းစခန်းတွေ အကြောင်းကို ကြားရတဲ့အခါမှာ အမေရိကန်လူမျိုးတွေဟာ ဘယ်တုန်းကနဲ့မှ မတူအောင် ဂျာမန်တွေကို မုန်းတီးစက်ဆုပ်နေကြပါတယ်၊ အဖေဟာ နာဇီပဲ၊ အင်မတန် တက်ကြွခဲ့တဲ့ နာဇီပဲ"

"ငါဟာ အမေရိကန်ပြည်ထောင်စုသားကွ၊ အက်ဘီအိုင်က ထောက်ခံချက်တွေပေးပြီးသား"

"အား. . . . အဖေဟာ ဘယ်လောက်တက်ကြွတဲ့ နာဇီပါတီဝင် တစ်ယောက်ဖြစ်ခဲ့ကြောင်း ကျွန်တော်အစစ်ခံနိုင်တယ်အဖေ၊ အဲဒီလို အစစ်ခံရင် အဖေဘယ်လို ဖြစ်သွားမလဲ" ပေါလ်က စကားကို ရပ်ပြီးစားပွဲပေါ်မှ ဓါးမြှောင်ကို မေးငေါ့ပြလိုက်သည်၊"နောက်ပြီးတော့ အဖေဟာ မိတ်ဆွေအရင်း ခေါက်ခေါက်ကြီး ဖြစ်တဲ့ ဂတ်စတာပို အရာရှိ ယော်ဇာအပေါ်မှာ ဘယ်လိုသစ္စာဖောက်ခဲ့တယ်ဆိုတာ ကိုလဲ ကျွန်တော်ပြောပြနိုင်တယ်၊ သူ့ကိုဒီစားနဲ့ အဖေ အသေထိုးသတ်ခဲ့တယ်လို့ ကျွန်တော်ပြောနိုင်တယ်"

"သတ်တာက မင်းပဲ"

"စဉ်းစားပါဦးအဖေ၊ အခုနပြောတုန်းကတော့ ကျွန်တော်ဟာ အသက်မပြည့်သေးတဲ့ ကလေးဆို၊ အခုတောင် အသက်မပြည့်သေးရင် ၁၉၃၉ ခုနှစ်တုန်းကဆို ကျွန်တော်ဘာဖြစ်မလဲ၊ ဘာကိုမှ နားမလည်တတ်သေးပဲ အဖေကိုသာကိုးကွယ်နေရှာတဲ့ တကယ့် လူမမယ်ကလေး ဖြစ်နေမှာပေါ့၊ ဘယ်သူက အဖေ့စကားကို ယုံမှာလဲ၊ ဘယ်သူက ကျွန်တော့်ကို အပြစ်တင်မှာလဲ၊ အဖေ့ကိုသာ နာဇီစစ်စစ်ကြီးအဖြစ်နဲ့ ဝိုင်းရှုတ်ချကြလိမ့်မယ်၊ ကိုယ့်အကျိုးအတွက် လူမမည်သားအရင်း တစ်ယောက်လုံးကိုတောင် ခုတုံးလုပ်တဲ့ လူအဖြစ် အဖေ့ကိုမြင်ကြလိမ့်မယ်"

ဝေဟမ်းသည် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ပြန်ကျသွားသည်။ ထိတ်လန့်တကြီးလည်း ဖြစ်သွားသည်။

"ဒါတွေကို ဟိုတုန်းကတည်းက မင်းကြိုတင်ပြင်ဆင်ထားခဲ့တာပေါ့လေ" ဟုသာမေးသည်။ သူ့အသံက အက်ကွဲနေပြီ။ လေသံသာသာမျှသာ ကျနတော့သည်။

"ကြာပါပြီ အဖေ၊ ကျွန်တော်ဟာ လူတော်တစ်ယောက်ဖြစ်ကြောင်း လက်တွေ့လုပ်ပြတာတောင်မှ ကျွန်တော့်အရည်အချင်းကို အဖေလက်မခံခဲ့ဘူး၊ ကျွန်တော့်ကို လွတ်လပ်ခွင့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



မပေးခဲ့ဘူး၊ အဖေနဲ့ အတူတူအစုစပ် လုပ်ငန်းလုပ်ဖို့ ကျွန်တော့်ကို မကမ်းလှမ်းခဲ့ဘူး"

"ပေါလ်"

"ပြောပါအဖေ"

ပေါလ်၏လေသံ အနည်းငယ်ပျော့သွားသည်။ သူ့ကိုလက်ခံတော့မည်၊ လုပ်ငန်းထဲမှာ အစုထည့်ခွင့်ပေးတော့မည်၊ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ပေးတော့မည်ဟု ထင်လိုက်မိသည်။

"တို့လမ်းကို တို့လျှောက်ကြတော့မယ်ပေါလ်၊ မင်းကြိုက်တာ မင်းလုပ်ပါ၊ ငါ့ဘာမှ ဝင်မစွက်ဘူး၊ မတားဘူး၊ ဒါပေမယ့် ငါသေရင် မင်းဘာမှမရဘူး၊ တစ်ပြားတောင်မရဘူးမှတ်၊ ငါ့မှာ သားတစ်ယောက်ရှိသေးတယ်လို့ သဘောမထားတော့ဘူး ထွက်သွား"

ပေါလ်သည် ရုတ်တရက် သူ့အဖေကို အထင်ကြီး လေးစားသည့် စိတ်ကလေး ပေါ်လာသည်။ အဖေ့မှာလည်း သံမဏိစိတ်ဓာတ်ရှိပါသည်။ သူတို့ နှစ်ယောက် မည်သည့်နည်းနှင့်မျှ ပြန်လည်ပေါင်းစပ်၍ ရနိုင်ကြတော့မည် မဟုတ်ကြောင်း ပေါလ် သိလိုက်လေသည်။

ထို့ကြောင့် စားပွဲပေါ်မှ ဟစ်တလာ ခါးမြှောင်နှင့် ပိုက်ဆံအိတ်ကို ကောက်ယူပြီး အခန်းအပြင်ဘက်သို့ ထွက်ခဲ့လေတော့သည်။

\+ \+ \+

ပေါလ်ဗားဟတ်သည် အနှောင်အဖွဲ့ ကင်းမဲ့သည့် လူလွတ်တစ်ယောက် ဖြစ်သွားတော့သည်။ နောက်လတစ်လလုံး ဟိုတယ်ပေါင်းစုံသို့ တက်ပြီးဧိမ်ခံနေသည်။ ပြည့်တန်ဆာအိမ်များသို့ သွားစရာအကြောင်းမရှိတော့ပါ။ သူ့ငွေကလေး ပေါလ်၏ ပတ်လည်မှာ အမျိုးသမီးချောများ ဝိုင်းဝိုင်းလည်နေချေပြီ။

လွတ်လပ်မှုကို စိတ်ထင်တိုင်းရယူပြီး ကျေနပ်သွားသောအခါ ဘဝမှန်ကို သူတွေ့ရှိရလေတော့သည်။

ဘော့စတွန်မြို့သို့သွားပြီး ဟားဗတ်စီးပွါးရေးတက္ကသိုလ်ကို ချဉ်းကပ်သည်။ အရံအတား အားလုံးကို ငွေနဲ့ပေါက်ပြီး ဖျက်ပစ်လိုက်သည်။ တက္ကသိုလ် အဆောက်အအုံ ရံပုံငွေအဖြစ် ဒေါ်လာ ၅၀၀၀၀ လှူသည်။

ထိုအလှူငွေအတွက် အလှူရှင်၏အမည်ကို နံရံတွင် ကမ္ပည်းထိုးထားပေးမည်ဟု ကျောင်းအုပ်ချုပ်သူများက ပြောသည်။ သို့သော်လည်း ပေါလ်က လက်မခံပဲ ငြင်းဆန်လိုက်သည်။ နောက်ရာသီကျောင်းပြန်ဖွင့်သောအခါတွင် သူ့ကို ကျောင်းဝင်ခွင့်ရရေးအတွက် ကူညီဆောင်ရွက်ပေးဖို့ကိုသာ မေတ္တာရပ်ခံသည်။ ယခုတော့ ဘော်စတွန်မြို့မှာ သူရောက်နေခိုက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေနိုင်မဖြေနိုင် မေးသည်။

"ကောင်းပါပြီ၊ မစ္စတာ ဗားဟတ်၊ ဒါလောက်တော့ ကျွန်တော်တို့ စီစဉ်ပေးနိုင်ပါတယ်" ဟုပြောသည်။ ငွေ ၅၀၀၀၀ ပေးထားမှတော့ ဖြစ်ရတော့မည်ပေါ့။

"အရည်အချင်းစာမေးပွဲ ဝင်နိုင်ဖို့အတွက် စာရင်းစစ်ပညာအတန်းနဲ့ ဆွေးနွေးပွဲတွေ ကျွန်တော်တက်လို့ရောရနိုင်မလား ခင်ဗျာ"ဟု ပေါလ်က တစ်ဆင့်တက်ပြီး အခွင့်အရေး တောင်းလိုက်သည်။

"ဒါလဲ ဖြစ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့တက္ကသိုလ်ရဲ့ သင်ကြားမှု နည်းစနစ်တွေကို ကြိုတင်လေ့လာနိုင်တာပေါ့၊ နောက်ရာသီကျောင်းပြန်ဖွင့်ရင် အစစ ပိုပြီးလွယ်ကူ ချောမွေ့သွားနိုင်တာပေါ့"

ကျောင်းဝင်ခွင့် စာမေးပွဲတွင် ပေါလ်ရသည့် အမှတ်များကိုကြည့်ပြီး ပါမောက္ခများနှင့် ကျောင်းအုပ်ချုပ်သူများအားလုံး အံ့အားသင့်နေကြသည်။ သူ မဖြေနိုင်သော ဘာသာရပ်လုံးဝမရှိ။ အမှတ်နည်းသော ဘာသာရပ်လုံးဝမရှိ။ ထိုမျှမကသေး။ ဂျာမန်နှင့် ပြင်သစ်ဘာသာကိုလည်း ရေလည်စွာ တတ်ကျွမ်းသည်။ လက်တင်ဘာသာတွင်လည်း တစ်ဘက်ကမ်းခပ်နေသည်။ စပိန်



www.burmeseclassic.com

www.burmeseclassic.com


ဘာသာလည်း အနည်းငယ်တက်သေးသည်။ ကုန်သွယ်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေးကြီးကြပ်မှုများနှင့် ပတ်သက်၍လည်း ဗဟုသုတကြွယ်ဝသည်။

ထို့ကြောင့် သူ့ကို ကျောင်းဝင်ခွင့်ပေးဖို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြလေသည်။

နောင်နှစ်တစ်နှစ်စာအတွက် ကျောင်းလခများကို ပေါလ်က တစ်ကြိမ်တည်း ကြိုတင်ပြီး အကျေပေးသွင်းလိုက်သည်။

ထိုရက်သတ္တတစ်ပတ်အတွင်း စာရင်းစစ်သင်တန်းများကိုတက်သည်။ ဆွေးနွေးပွဲများကိုတက်သည်။ ပါမောက္ခများ၊ ကျောင်းအုပ်ချုပ်သူများ၊ ကျောင်းသူ ကျောင်းသားကြီးများနှင့် သိကျွမ်းအောင်လုပ်သည်။ အနည်းဆုံး မျက်မှန်းတန်းမိနေအောင်တော့ ကြိုးစားသည်။ စာတော်သည်က တစ်ကြောင်း၊ ငွေကြေးအမြောက်များကို ရက်ရက်ရောရော လှူလိုက်သည်က တစ်ကြောင်းတို့ကြောင့်လည်း အများက သူ့ကို အာရုံစိုက်မိနေသည်။

ထိုရက်သတ္တတစ်ပတ်ကုန်ဆုံးသောအခါ နယူးယောက်သို့သူပြန်လာခဲ့သည်။ အောင်ပွဲခံရှေ့တန်းပြန်ကြီးလို ပြန်လာခြင်းဖြစ်ပါသည်။ သူသည်ဟားဗတ်စီးပွားရေး တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားခဲ့သူဖြစ်ကြောင်း၊ ထိုအချိန်မှစပြီး အားလုံးက နားလည်ထားကြတော့သည်။ တဖြည်းဖြည်းနှင့် ဟားဗတ်တက္ကသိုလ်တွင် နှစ်ပေါင်းများစွာ တက်ရောက်ပညာသင်ကြားခဲ့ကြောင်း တစ်ဆင့်တက်ပြီး အသိ အမှတ် ပြုလာကြပြန်သည်။ ရက်သတ္တတစ်ပတ်သာနေခဲ့ရသော်လည်း ပါမောက္ခများ၊ ကျောင်းအုပ်ချုပ်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများက သူ့ကို မျက်မှန်းတန်းမိခဲ့ကြသောကြောင့် နောင်အချိန်ကာလ ကြာမြင့်သောအခါ သူကျောင်းသားမဟုတ်ခဲ့ကြောင်း မည်သူကမှလည်း မမှတ်မိတော့။

(၁၉၆၀ ခုနှစ်တွင် သတင်းစာများ၊ မဂ္ဂဇင်းများက သူ့အကြောင်းကို ရေးကြသောအခါ ဟားဗတ်စီးပွားရေး တက္ကသိုလ်မှ ဘွဲ့ရလာခဲ့သူဖြစ်ကြောင်း ဖော်ပြကြသည်။ ပေါလ်က အပင်ပန်းခံပြီး ငြင်းချက်ထုတ်မနေတော့။ သူဘွဲ့ရသူ ဟုတ် မဟုတ်ကိုလည်း မည်သူကမျှ အပင်ပန်းခံပြီး အတည်ပြုချက်ရှာမနေတော့)။

ဆစ်ဂရစ်သည် အထက်တန်းကျောင်းမှာ တက်နေသည်။ အဖေမသိအောင် သူ့အစ်ကိုနှင့် တိတ်တိတ်ပုန်းလာတွေ့လေ့ ရှိသည်။

"အစ်ကို့ကို သူဌေးကြီးဖြစ်မလာအောင် ပိတ်ပင်ဟန့်တားနိုင်တာဆိုလို့ ဘာမှမရှိတော့ဘူး" ဟု ဆစ်ဂရစ်ကို ပြောပြသည်။

ရွှေကြိုးကလေး တစ်ကုံးကိုလည်း ဆစ်ဂရစ်ကို လက်ဆောင်ပေးလိုက်သည်။

\+ \+ \+

ဒေါ်ရင်ဒီမင်သည် ကမ္ဘာရင့်သော လွတ်တော်အမတ်ကြီးဖြစ်သောကြောင့် ဆီးနိတ်လွှတ်တော်ထဲမှာ ဩဇာအာဏာကြီးမားလှသည်။

ထိုဩဇာ အာဏာများကိုလည်း အခွင့်အရေးလိုသူများအတွက် အသုံးချ စမြဲဖြစ်သည်။ ထိုသို့ အသုံးချပေးရသည့်အတွက် ထိုက်တန်သည့် အခကြေးငွေကို ယူစမြဲဖြစ်သည်။

ပေါလ်ဗားဟတ်နှင့် သူတွေ့သောအခါ အရေးကြီးသည့် အကြောင်းများကို မဆွေးနွေးသေးမီ ထိုအချက်များကို ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်ထားဖို့ လိုအပ်သည်။ ထို့ကြောင့်လည်း သူကရှင်းပြသည်။

"မောင့် ကို ဦးရိုးရိုးသားသားပဲပြောမယ်၊ မောင့်အဖေရဲ့ သတ္တိကို ဦးရွံ့တယ်၊ ကမ္ဘာစစ်ကြီး မဖြစ်ခင်ကတည်းက သူ့ကို ဦးအကူအညီတွေပေးခဲ့တယ်၊ နောက်ဆုံးကျတော့ ဦးကို တွယ်သွားတာပဲ၊ စာရင်းတွေလိမ်ပြတယ်၊ အမြတ်ငွေတွေကို အမှန်အတိုင်းမပြဘူး၊ လျှော့ပြတယ်၊ ဦးတို့နှစ်ယောက်လုပ်ငန်း အတူတူစလုပ်ကြကတည်းက သူလိမ်လာတာ၊ ဒါ့ကြောင့် မောင့်ကိုလဲ


www.burmeseclassic.com

www.burmeseclassic.com



ဦး မယုံဘူး ပေါလ်၊ အဖေ့သားဟာ အဖေ့လိုပဲ လာမှာပဲလို့ ဦးနားလည်တယ်"

"ဦးကို ကျွန်တော် ငွေတစ်သိန်းလက်ငင်းပေးမယ်ဆိုရင် ဦးရဲ့အမြင် ပြောင်းလဲသွားနိုင်ပါသလား"

"ဒါလဲ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဦးက ဘာဆောင်ရွက်ပေးရမှာလဲဆိုတာ ပေါ်မှာလဲ မူတည်တယ်"

"အခုအကောင်အထည် ဖော်တော့မယ့်စီမံကိန်းထဲမှာ ကျွန်တော်လဲ စီးပွားရေး ဝင်လုပ်ချင်တယ်၊ ဦးကို အမြတ်ငွေထဲက ခွဲဝေပေးပါ့မယ်၊ ထိုနေရာ ရောက်သည်တွင် ပေါလ်က စကားဖြတ်ပြီးရယ်သည်။ "စာရင်းစာအုပ်နှစ်မျိုးတော့ ထားခွင့်ပြုပေါ့ဦးရယ် . . . ဟဲ. . . . ဟဲ. . . . ဒါပေမယ့် ဒါတွေက နောက်မှပါ၊ အခုလောလောဆယ်က မဟာမိတ်တပ်တွေ သိမ်းထားတဲ့ နယ်မြေတွေကို ကျွန်တော် သွားချင်တယ်၊ နိုင်ငံကူးလက်မှတ်လိုချင်တယ်၊ အဲဒီနယ်မြေတွေကို အုပ်ချုပ်နေတဲ့ အရာရှိကြီးတွေဆီကို တစ်ယောက်ယောက်က မိတ်ဆက်စာ ရေးပေးစေချင်ပါတယ်၊ မိတ်ဆက်စာရေးတဲ့ ပုဂ္ဂိုလ်ဟာ လေးစားလောက်တဲ့ပုဂ္ဂိုလ်တော့ ဖြစ်ဖို့လိုတာပေါ့ ခင်ဗျာ"

"ဒါတွေက လွယ်ပါကယ်၊ မောင့်ကို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ဥပဒေဘောင်တွင်းက စီးပွားရေးလုပ်ငန်းတွေ လုပ်ပိုင်ခွင့်အာဏာ အကုန်ပေးမယ်၊ နောက်ပြီးတော့လဲ ဂုဏ်ထူးဆောင် အရပ်ဘက် ဗိုလ်မှူးချုပ်အဖြစ် ခန့်ပေးလိုက် . . . "

"ဘုရားရေ. . . . ကျွန်တော်စစ်ထဲမဝင်ချင်ဘူးဦး"

"ဂုဏ်ထူးဆောင် အရပ်ဘက် ရာထူးလို့ ဦးပြောတာပါ၊ မဟာမိတ်တပ်များ သိမ်းထားတဲ့နယ်မြေတွေကို မောင်သွားလည်တဲ့အခါ အရေးကြီးပုဂ္ဂိုလ်အဖြစ် ဆက်ဆံမယ်၊ ဗိုလ်မှူးချုပ်အဖြစ် နေရာပေးမယ်၊ ကာကွယ်ရေးဝန်ကြီး ဂျင်မ်ဖော် ရက်စ်တယ်က မောင့်အတွက်လိုအပ်တဲ့ ခန့်စာနဲ့ မိတ်ဆက်စာတွေ ရေးပေးလိုက်လိမ့်မယ်"

\+ \+ \+

နိုင်ငံကူးလက်မှတ်နှင့် လိုအပ်သည့်ခန့်စာ၊ ထောက်ခံစာနှင့် မိတ်ဆက် စာများမှာ ရက်အနည်းငယ်အတွင်း အဆင်သင့်ဖြစ်သွားတော့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကိုလည်း စီးခွင့်ရခဲ့သည်။ သို့ဖြင့် မြူးနစ်မြို့ရှိ ရိန်းမိန်းလေဆိပ်သို့ အမေရိကန်ပြည် မက်ဂွါ အခြေစိုက် လေတပ်လေယာဉ်ကွင်းမှ စီ ၆၉ လေယာဉ်ပျံကြီး ဖြင့် ပေါလ်လိုက်ပါလာခဲ့လေသည်။

လေယာဉ်ပေါ်တွင် ရာထူးအလွန်ကြီးသည့် ထိပ်တန်းအရာရှိကြီးများ၊ ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများ နှစ်ဒါဇင်လောက်စီးနင်းလိုက်ပါလာကြသည်။ ဗိုလ်မှူးချုပ်ရာထူး ရထားသည့် အလွန်အသက်ငယ်သောပေါလ်ကို အားလုံးက စိတ်ဝင်တစားဖြင့် ကြည့်ကြသည်။ အလွန်တရာ ချမ်းသာသည့် သူဌေးကြီး တစ်ယောက်ယောက်၏ သားကလေးဥရောပသို့ အပျော်ခရီးထွက်လာခြင်းပင် ဖြစ်ပေလိမ့်မည်ဟု အားလုံးကသတ်မှတ်လိုက်ကြသည်။

ဂျာမဏီနိုင်ငံ မြူးနစ်မြို့ ရိန်းမိန်းလေဆိပ်သို့ ရောက်သောအခါ မော်တော်ကားတစ်စင်း၊ ဒရိုင်ဘာတစ်ယောက်နှင့် ယူနီဖောင်းသပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော စစ်ဗိုလ်တစ်ယောက် သူ့ကိုလာကြိုနေသည်ကို တွေ့ရသည်။ ဂျာမဏီနိုင်ငံရှိ မဟာမိတ်များသိမ်းပိုက်ရာ နယ်မြေအတွင်း သူနေထိုင်သမျှ ကာလပတ်လုံး ထိုစစ်ဗိုလ်က သူ၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ယူမည်ဖြစ်သည်။ ဌာနဆိုင်ရာများတွင်မလိုအပ်သော ကြန့်ကြာမှုများ၊ ကြိုးနီစနစ်များကို အလွယ်တကူ ကျော်လွှားနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြူးနစ်စစ်နယ်မြေ တပ်မှူးဗိုလ်ချုပ်က အရာရှိကြီးများရိပ်သာတွင် ပေါလ်ကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ကာကွယ်ရေးဝန်ကြီးကိုယ်တိုင်က မိတ်ဆက်စာ ရေးပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com


သည့် လူတိုင်းကို ထိုသို့ ဧည့်ခံစမြဲဖြစ်သည်။

"ဂျာမဏီနိုင်ငံမှာ ဘယ်လောက်ကြာကြာနေဖို့ စိတ်ကူးပါသလဲ" ဟု ဗိုလ်ချုပ်က မေးသည်။

ဂျာမဏီမှာလား နှစ်ပတ်လောက်ပဲနေမယ်လို့ စိတ်ကူးပါတယ် ခင်ဗျာ"

"အထွေအထူး စီစဉ်ပေးစရာများ ရှိပါသေးသလား မစ္စတာ ဗားဟတ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်မနက်ဖြန် ကိုဘလင့်စ်မြို့ကို သွားချင်ပါတယ်၊ အဲဒီကနေ တစ်ဆင့် ဒီလင်ဂျင်နဲ့ ဘီရင့်ချ်ကို သွားပါ့မယ်၊ ပြီးတော့ ဒီကို ပြန်လာပါ့မယ်၊ အဲဒီအတွက် မော်တော်ကားလိုပါတယ်"ဟု ပေါလ်ကပြောပြသည်။ ထိုခရီးတွင် ကားနှင့်ဒရိုင်ဘာသာလိုပြီး သူ့အတွက်ကိုယ်ရေးအရာရှိအဖြစ် ပေးထားသော စစ်ဗိုလ်လိုက်ပါရန်မလိုပါဟုလည်း ပြောပြသည်။

ဂျာမဏီနိုင်ငံမှ သူထွက်ခွာသွားခဲ့သည်မှာ ဆယ်နှစ်နီးပါးပင်ကြာမြင့်ခဲ့ချေပြီ။ ယခုလို ပြန်ရောက်လာသောအခါတွင်မူ ကိုယ့်တိုင်းကိုယ့်ပြည်သို့ ပြန်လာရသည်ဟု စိတ်ထဲမှာ မခံစားရ။ မြို့တွေ ရွာတွေကို ဖြတ်ပြီးကားစီးလာရသော်လည်း စိတ်ထဲတွင် မည်သို့မျှ မထူးခြား။

ကိုဘလင့်စ် မြို့သို့ ရောက်သောအခါ ၁၉၃၉ ခုနှစ်အထိ သူနေထိုင်ခဲ့သည့် အိမ်ကို သွားကြည့်သည်။ အိမ်နေရာသာ ကျန်တော့သည်။ စစ်အတွင်းက ဗုံးဒဏ်ကြောင့် အခြား အဆောက်အအုံများနှင့် အတူ ပျက်စီးပျောက်ကွယ်သွားချေပြီ။

ကိုဘလင့်မြို့မှာ နာရီဝက်ပဲသူနေသည်။ ပြီးတော့ သူတို့ သားအဖတွေ ထွက်ပြေး ကြတုန်းက ဖြတ်ခဲ့သည့်နယ်ခြားနေရာကို သွားကြည့်သည်။ ဟော်ဇာ၏ မော်တော်ကား ရပ်ထားသောနေရာ၊ ဟော်ဇာကို သူစားနှင့် ထိုးသတ်ခဲ့သည့် နေရာများကို သွားကြည့်သည်။

ယင်းနေရာတစ်ဝိုက်မှ လမ်းများမှာ ယခင်သူတို့ ထွက်ပြေးတုန်းကလို မဆိုးတော့ချေ။ စစ်တပ်က မြေတူးစက်များနှင့် ညှိထားသောကြောင့် အများကြီး ကောင်းနေပြီ။

ဟော်ဇာကို သတ်ခဲ့သည့်နေရာမှာ ရပ်နေရင်း အိတ်ထဲသို့ ပြန်စမ်းကြည့် မိသည်။ ဟစ်တလာ ခါးမြောင်ကလေးကို စမ်းမိသည့်အတွက် တစ်ကိုယ်တည်း ပြုံးမိသေးသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

စစ်ပြီးခေတ် ဂျာမန်လူမျိုးအများစုတို့မှာ အကျင့်စာရိတ္တပျက်စီးချင်တိုင်း ပျက်စီးနေကြသည်။ တစ်တိုင်းတစ်ပြည်လုံးလည်း ဆင်းရဲမွဲတေနေသည်။ လူတိုင်း၏ ကိုယ်ပေါ်မှာ အဝတ် အစား စုတ်စုတ်ပြတ်ပြတ်များကိုသာ မြင်တွေ့ရသည်။

သူတို့အားလုံးလုပ်ကိုင်နေကြသည်ကား မှောင်ခို စီးပွါးရေးလုပ်ငန်းသာဖြစ် ချေသည်။

ဂျာမန်စီးပွားရေးသမားများသည် မာရှယ်စီမံကိန်းကြီးကို ကြိုတွေးပြီး သွားရည်တမျှားမျှား ဖြစ်နေကြသည်။ ပေါလ်က သူတို့နှင့် ဆွေးနွေးသည်။ ဆက်လက် လုပ်ကိုင်ရမည့် အစီအစဉ်များကို ချမှတ်သည်။ ဂျာမန်လူမျိုးဖြစ်ပြီး ဂျာမန်စကားကို ကောင်းကောင်းပြောတတ်နေသော ပေါလ်အပေါ်မှာ သူတို့ ယုံကြည်အားကိုး လိုက်ကြလေသည်။

၁၁ ရက်ကြာသောအခါ သူ့လုပ်ငန်းများအားလုံး ပြီးမြောက်သွားလေပြီ၊ ထို့ကြောင့် ပြင်သစ်နိုင်ငံသို့ ခရီးဆက်ခဲ့သည်။

စစ်ပြီးစ ပြင်သစ်နိုင်ငံတွင်လည်း အခြေအနေတွေဆိုးနေသည်။ တိုင်းသူ ပြည်သားများ ငတ်မတတ် ဖြစ်နေသည်။ နိုင်ငံရေးသမားများ အာဏာရနေသူများကလည်း အမေရိကန်ဆန့်ကျင်ရေးသမားများဖြစ်နေကြသည်။ အမေရိကန်ဆီမှာ ဘာတွေ အရွေ့ခွာယူရမည်နည်းဟု တွေးနေကြသည်။ ပြည်သူလူထုကလည်း အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ် တံခွန်ထူကာ ဆန့်ကျင်မှုတွေ ပြုလုပ်နေကြသည်။

သို့သော်လည်း ပြင်သစ်စီးပွားရေးသမားများကား ထိုသို့မဟုတ်။ မာရှယ် စီမံကိန်းကြီးအရ ဥရောပနိုင်ငံများသို့ ဒေါ်လာသန်းထောင်ပေါင်းများစွာ စီးဝင်တော့မည်ဖြစ်ကြောင်း သူတို့သိနေကြသည်။ ထိုအခါတွင် သူတို့စီး ပွါးဖြစ်အောင် ပေါလ်ဖားဟတ်က ထိထိရောက်ရောက် ကူညီနိုင်မည်ဖြစ်ကြောင်း သဘောပေါက်ထား ကြသည်။

ထို့ကြောင့် ပေါလ်ကို ဝမ်းပန်းတစ်သာ ဆီးကြိုကြသည်။ အကောင်းဆုံး ဝိုင်အရက်များ၊ သူတို့ အဆိုအရ အကောင်းဆုံးမိန်းမများ၊ အကောင်းဆုံးအစား အစာများဖြင့် တည်ခင်းဧည့်ခံကြသည်။ ငါးရက်အတွင်းမှာပင် ပေါလ်၏ လုပ်ငန်းများ ပြည့်စုံပြီးမြောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါရီမြို့ကို ကျော်ခိုင်းပြီး လန်ဒန်သို့လာခဲ့သည်။ မာရှယ်စီမံကိန်းအရ အများဆုံး အကျိုးခံစားခွင့်ရမည့် နိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်ကြောင်း ပေါလ်က ကြိုတင် တွေးထင်ထားပြီး ဖြစ်သည်။ဗြိတိန်နိုင်ငံသည် ဒေဝါလီခံရတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။ သူတို့ ဘဏ္ဍာတိုက်တွင် ခြူးတစ်ပြားမှ မရှိတော့။

စစ်ပြီးသွားသည်မှာ နှစ်နှစ်မျှကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဗြိတိန်နိုင်ငံသည် လုံးဝ အသက်မရှူနိုင်သေး။ တိုင်းသူပြည်သားတွေမှာလည်း စုတ်ပြတ်နေသည်။ လန်ဒန်မြို့ကြီးမှာလည်း ဗုံးဒဏ်ကြောင့် ပြားပြားဝပ်နေဆဲဖြစ်သည်။

သို့သော် ဒိုချက်စတာဟိုတယ်ကြီးမှာတော့ ထိုသို့မဟုတ်။ ခေတ်ပျက်သူဌေးများဖြင့် ကြိတ်ကြိတ်တိုးနေသည်။ အကောင်းဆုံးအရက်များနှင့် အကောင်းဆုံး အစားအစာများကို တရှုန်းရှုန်းစားသောက်နေကြသည်။ ထိုသို့ စားရင်းသောက်ရင်းလည်း ဝန်ကြီးချုပ် ကလီးမင့် အက်တလီ အစိုးရကို အပုပ်ချနေကြသည်။

အခြား ဥရောပနိုင်ငံများနည်းတူ မာရှယ်စီမံကိန်းကို သူတို့လည်း စိတ်ဝင်စား နေကြသည်။

"မာရှယ်စီမံကိန်းက တကယ်ရောအားကိုးရမှာလားဗျာ" ဟုမေးကြသည်။

"သေသေချာချာ အားကိုးနိုင်တာပေါ့၊ အဲဒီအပေါ်ကနေပြီး ကျုပ်တို့ဆီ ဦးထောပတ်တွေ အများကြီးစားနိုင်မှာပါဗျာ"ဟုလည်း မျှော်လင့်ချက်ကြီးတခွဲသားဖြင့် သူတို့ဟာသူတို့ အဖြေပေးကြသည်။

ဗြိတိန်နိုင်ငံမှာ စီးပွားရေး လုပ်မည်ဆိုလျှင် မျက်နှာဖုံးကောင်းကောင်းရှိဖို့ လိုအပ် ကြောင်း ပေါလ်က ဆင်ခြင်လိုက်မိသည်။ အများပြည်သူများ လေးစားအောင်၊ မင်းစိုးရာဇာများ၊ သူရဲကောင်းဘွဲ့၊ ဘေရွန်ဘွဲ့၊ ဗိုင်းကောင့်ဘွဲ့ရသူများကို ရှေ့တန်းတင်ပေးဖို့လိုကြောင်း သဘော ပေါက်လာသည်။

သို့ဆိုလျှင် ယုံကြည်စိတ်ချလောက်သော ရှေ့နေတစ်ယောက်လိုသည်။ ယိုရှေ့နေကို ကိုယ်စားလှယ်ခန့်ပြီး ဆောင်ရွက်သွားရမည်။

ဒဲရက်စပင်ဇာဆိုသော ရှေ့နေတစ်ယောက်ထံသို့ ရေးပေးလိုက်သော မိတ်ဆက်စာ တစ်စောင် သူ့မှာပါလာသည်။

ဒဲရက်စပင်ဇာနှင့် သွားတွေ့သည်။ အင်္ဂလန်တွင်ထိပ်တန်းရှေ့နေဖြစ်သည်။ ဥပဒေ ရေးရာလုပ်ငန်းများကို လုပ်ကိုင်လာကြသည်မှာ နှစ်ပေါင်းရာနှင့်ချီပြီး ရှိနေပြီ။ သူနေသည့်အိမ်၊ သူလုပ်သည့် ရုံးတို့ကလည်း ကြီးကျယ်ခမ်းနားလှလေသည်။

ပေါလ်နှင့် တွေ့သောအခါ လုပ်ငန်းအကြောင်းကို ချက်ချင်းမပြော။ ဥရောပနှင့် ဗြိတိန်နိုင်ငံတို့ အပေါ်ပေါလ်၏ အမြင်များကိုမေးသည်။ ပြီးတော့ သူ့ မိသားစုအကြောင်းကို ပြောပြသည်။ သူ့မှာ ဂျက်ဖရေအမည်ရှိ သားတစ်ယောက်ရှိကြောင်း၊ အထက်တန်းကျောင်းက အောင်လျှင် အောက်စဖို့တက္ကသိုလ်သို့ ဆက်တက်မည်ဟုဆိုသည်။ နောက်ဆုံးတွင်မှ လုပ်ငန်း အကြောင်းကို ရောက်သည်။

"ဒီမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်ဆိုရင် မောင့်မှာကိုယ်စားလှယ် ရှိဖို့လိုတယ်လို့ ကျုပ်ယူဆမိတယ် မစ္စတာ ဗားဟတ်"

"မှန်ပါတယ် . . . ခင်ဗျာ"ဟုပေါလ်ကပြောပြီး သူ့စိတ်ကူးများကို ရှင်းပြသည်။ အစီအစဉ်များကို တင်ပြသည်။

"မောင့်ကို ကျုပ်အကြံတစ်ခုပေးချင်တယ်၊ ဟန်ပြကုမ္ပဏီ လီမိတက်တစ်ခုကို မောင်တည်ထောင်ရမယ်၊ အမြတ်တော်ကြေးနဲ့ တခြားဟာတွေကို ရှောင်နိုင်တိမ်းနိုင်ဖို့ပဲ၊ အဲဒါအတွက် ကျုပ်က တာဝန်ယူဆောင်ရွက်ပေးရမယ်လို့ မောင်ရည်စူးတယ်ဆိုရင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ရည်စူးပါတယ်. . . မစ္စတာ စပင်ဇာ အဲဒီအတွက် ကျွန်တော်ဘယ် လောက်ပေးရမလဲ ဆိုတာ အမိန့်ရှိပါ"

"ပထမတစ်နှစ်အတွက် ပေါင်စတာလင် တစ်သောင်းပေးရမယ်၊ လိုအပ် တဲ့လူတွေနဲ့ တွေ့ဖို့၊ ဆွေးနွေးညှိနှိုင်းဖို့ စရိတ်တွေပါ ဒီထဲမှာပါတယ်"

ပေါလ်က ချက်စာအုပ်ကို ထုတ်ယူလိုက်သည်။

"အမေရိကန်ဒေါ်လာငွေကိုများ လက်ခံနိုင်ပါသလား. . . . ခင်ဗျာ"

"ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်. . . . မောင်ရယ်၊ အဲဒီငွေကို ဆွစ် ဇာလန်နိုင်ငံမှာ ရှိတဲ့ဘဏ်က ကျုပ်ငွေစာရင်းထဲကို ထည့်ပေးနိုင်မယ်ဆိုရင် ပိုလို့ တောင်ဝမ်းသာပါသေးတယ်"

"ကျွန်တော်တို့နှစ်ယောက် အောင်မြင်အောင် လုပ်ကိုင်သွားလို့ရမယ် ထင်ပါတယ်" ဟု ပေါလ်က ပြောသည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့နှစ်ယောက် အပြန်အလှန်နားလည်နိုင်ကြလိမ့်မယ်လို့ ထင်ပါ တယ် မစ္စတာ ဗားဟတ်"

\+ \+ \+

ဗြိတိန်နိုင်ငံတွင် ဆက်နေရန် အကြောင်းမရှိတော့။ ကျန်သည့်လုပ်ငန်းများကို မစ္စတာ ဒဲရက်စပင်ဇာက ဆက်လက်ဆောင်ရွက်သွားလိမ့်မည်။

မက်ဂွါလေဆိပ်သို့ အပြန်တွင် လေယာဉ်ပေါ်၌ ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီး ဆိုဗ်စ်သင်ဘင်းနှင့် တွေ့သည်။ ဆိုဗ်စ်သင်ဘင်းသည် အိုင်တီတီကုမ္ပဏီ၏ အကြီးအကဲဖြစ်သည်။ ဂျာမဏီနိုင်ငံမှ သူပြန်လာခြင်းဖြစ်သည်။

ပေါလ်ကို တွေ့သောအခါ သူ့မြေးလောက်အရွယ်ကလေးက ဗိုလ်မှူးချုပ် ရာထူး တံဆိပ်များတပ်လာသည့်အတွက် ဆိုဗ်စ်သင်ဘင်းက စိတ်ဝင်စားသွား သည်။ လေယာဉ်ပေါ်တွင် အရပ်သားဆိုလို့လည်း သူတို့နှစ်ယောက်သာပါသည်။ ထို့ကြောင့်. . . . လေပေးဖြောင့်သွား သည်။

ဆိုဗ်စ်သင်ဘင်းတို့ အိုင်တီတီကုမ္ပဏီမှပိုင်သော လေယာဉ်ပျံတည်ဆောက်သည့် စက်ရုံ များ ဂျာမဏီနိုင်ငံတွင် ရှိခဲ့သည်။ စစ်အတွင်းက မဟာမိတ်ဗုံးကြဲလေ ယာဉ်များလက်ချက်ဖြင့် အားလုံးပျက်စီးသွားသည်။ ဒေါ်လာသန်းပေါင်း ရာနှင့်ချီ တန်သည်။ ထိုဆုံးရှုံးမှုများအတွက် အမေရိကန်အစိုးရက လျော်ကြေးပေးရန်သူတို့ တောင်းဆိုနေကြသည်။

အားလုံးချည်ပြီးတုတ်ပြီး ဖြစ်သွားပါပြီ ကလေးရယ်. . . .၊ ဘကြီးတို့ ဆုံးရှုံးခဲ့တာ တွေကို အစိုးရက တစ်ပြားမကျန် ပြန်လျော်မှာပါ၊ အိုက်စင်ဟောင်ဝါနဲ့ ကလေးက ဘကြီးတို့ကို ထောက်ခံတယ်လေ"ဟု အဘိုးကြီးက ပြောပြသည်။

ပေါလ် အဖို့တော့ သင်ခန်းစာဖြစ်သွားလေသည်။

နောက် နှစ်အနည်းငယ် ကြာသောအခါ အမေရိကန် အစိုးရက ငွေသန်းပေါင်းများစွာ ကို ဆိုဗ်စ်သင်ဘင်းနှင့် အိုင်တီတီကုမ္ပဏီအား ထုတ်ပေးကြောင်း သတင်းပေါက်ကြားသွားသည်။ "လျော်ကြေး" အဖြစ်ပေးခြင်းဖြစ်သည်ဟုဆိုသည်။ သတင်းစာများက ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သို့သော်လည်း ခဏသာကြာပါသည်။ ပြီးတော့ အားလုံးတိတ်သွားကြသည်။

ထိုအကြောင်းကို ပေါလ်ဗားဟတ်က စိတ်ထဲမှာ သံမှိုစွဲထားလိုက်သည်။ စီးပွားရေး လောကတွင် မည်သို့သောအလုပ်များကို မည်သို့လုပ်ရမည်ဆိုသော အသိဉာဏ်ကြီး တစ်ခု ကိုလည်း သူ ရရှိလိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

ပေါလ်ဗားဟတ်သည် သူ့အဖေလို တွန့်ဆုတ်ဆုတ်လုပ်မနေ။လက်ထဲမှာ ရှိနေသော အရင်းအနှီးများအားလုံးကို ပုံအောပစ်လိုက်သည်။ ပထမဆုံး စားနပ်ရိက္ခာ ကုန်ပစ္စည်းများ ကြိုတင်ပို့သည်။ မာရှယ်စီမံကိန်းတွင် အဓိကကုန်ပစ္စည်းမှာ စားနပ်ရိက္ခာဖြစ်သည်။ ပစ္စည်းများ တင်ပို့ရေးနှင့် ပတ်သက်ပြီး အစစအရာရာ ချောမွေ့အောင် ဆီးနိတ်လွှတ်တော်အမတ် အော်ရင်ဒီမင်က အရှိန်အဝါသုံးပြီး ဆောင်ရွက်ပေးသည်။

သူတင်ပို့သော ဂျုံများ၊ ပြောင်းများသည် အဆင့်အတန်းမီသော အမျိုးအစားများ မဟုတ်ပါ။ မာရှယ်စီမံကိန်းကို အကောင်အထည်ဖော်နေကြသည့် ပစ္စည်းများ ဝယ်ယူရေးအရာရှိ များကို ဆို့ဆို့ပို့ပို့ လာဘ်ထိုးလိုက်ခြင်းအားဖြင့် အားလုံးကလည်း မျက်စိမှိတ်နေလိုက်ကြသည်။

သူတင်ပို့သည့် ဂျုံတွေ၊ ပြောင်းတွေ အမျိုးအစားညံ့နေသည်မှာ အကြောင်းမဟုတ်ပါ။ ဂျာမဏီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတွင် သူခန့်ထားခဲ့သည့် မစ္စတာ စပင်ဇာတို့လို ပုဂ္ဂိုလ်များကလည်း ထို ဂျုံပြောင်းများကို စားဖို့ အကြောင်းမရှိပါ။ တိုင်းသူပြည်သားများလက်သို့ အစိုးရမှ တစ်ဆင့် ပြန်လည်ဖြန့်ဖြူးပေးဖို့သာ တာဝန်ရှိသည်။

အရေးကြီးသည်မှာ အမြတ်အစွန်း ကြီးကြီးမားမား ရဖို့သာဖြစ်ပါသည်။

မြန်မြန်သူဌေးဖြစ်ဖို့သာ အဓိက ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဘာလင်တံတိုင်းကြီး ကာလိုက် သည်။ ထိုတံတိုင်း ကာနေသည့် အချိန်မှာပင် အနောက်ဘာလင်သို့ စားနပ်ရိက္ခာများ အချိန်မီတင်ပို့ထားဖို့ အမေရိကန်နှင့် ဗြိတိသျှတို့ အပြင်းအထန်ကြိုးစားကြသည်။ ရှိသမျှလေယာဉ်များကို အသုံးပြုပြီး နာရီပိုင်းအတွင်း စားနပ်ရိက္ခာတန်ချိန်ပေါင်း ၂၃ သိန်းအနောက်ဘာလင်သို့ ရောက်သွားဖို့ အရေးကြီးသည်။ ရောက်အောင်လည်း တင်ပို့နိုင်ခဲ့ကြသည်။

ထိုအရေးအခင်းကြီးတွင် လူရည်လည်သော ကုန်သည်များ မြိုးမြိုးမြက်မြက် စားလိုက် ကြရသည်။ ထိုအထဲတွင် ပေါလ်ဗားဟတ်လည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။ နာရီပိုင်း ကလေးအတွင်း အလုပ်ဖြစ်လိုက်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၉ ခုနှစ်သို့ ရောက်ကာနီးသောအခါ ပေါလ်သည် ဒေါ်လာ ၁၀ သန်းကျော် ချမ်းသာကြွယ်ဝနေလေပြီ။ ၎င်းတို့အနက် ငွေအများစုကို ဆွစ်ဇာလန် ဘဏ်တွင် အပ်နှံထားသည်။

\+ + +

ပေါလ်၏ အောင်မြင်မှုများနှင့် ပတ်သက်ပြီး တစ်နေ့သောအခါတွင် ပတင်းစာများ၊ မဂ္ဂဇင်းများက ဝိုင်းဝန်းရေးသားကြသည်။ သူ့ဘဝအကြောင်းကို ရေးသားကြရာတွင် ၁၉၅၀-ခုနှစ်နှင့် ၁၉၅၁ခုနှစ်များအကြောင်း မပါဝင်။ ထိုနှစ်များ အတွင်းက သူ ဘာလုပ်နေသည်ကို မည်သူမျှ မသိကြ။ ထိုနှစ်များအကြောင်းကို ထုတ်ဖော်ပြောဖို့ သူကိုယ်တိုင်ကလည်း ငြင်းဆန်သည်။

၁၉၄၉ ခုနှစ်ကုန်ပိုင်းလောက်တွင် သူ့နာမည် အတိုကောက်ကို အမှတ်အသားပြုပြီး "ပီဒဗလျူဗီကုမ္ပဏီ"ဟူသော အမည်ဖြင့် ကုမ္ပဏီတစ်ခုကို တည်ထောင်သည်။ စည်းကမ်း ဥပဒေများ အလွန်တရာ တင်းကျပ်ခြင်းမရှိသည့် ဒီလာဝဲ ပြည်နယ်တွင် စတင်တည်ထောင်ခြင်း ဖြစ်သည်။ ခမ်းနားကြီးကျယ်သော ရုံးအဆောက်အအုံကြီးများကို ငှားရမ်းအသုံးချသည်။

သို့သော်လည်း သမိုင်းအဖြစ်အပျက်များသည် တစ်ပတ်ပြန်ကျော့စမြဲ ဖြစ်သည်ဆိုသည့် အကြောင်းကိုတော့ သတိမမူ ဂူမမြင်ဖြစ်ခဲ့ရလေသည်။

မာရှယ်စီမံကိန်းအတွက် ကုန်ပစ္စည်းများ ဝယ်ယူခြင်းသည်လည်း ထုံးစံအတိုင်း စည်းကမ်းပျက်ချင်တိုင်း ပျက်ခဲ့ကြသည်။ နောက်ဆုံးတွင် စုံစမ်းစစ်ဆေးမှုများ၊ အရေးယူမှုများ၊ စည်းကမ်းတင်းကျပ်မှုများကို သက်ဆိုင်ရာက ပြုလုပ်လာရတော့သည်။ ယိုကွက်၊ ဟာကွက်၊ ကယ်ပေါက်များကို ပိတ်သည်။ ကုန်ပစ္စည်း အဆင့်အတန်းများကို တိတိကျကျ စစ်ဆေးလာသည်။

ပေါလ်သည်လည်း အများနည်းတူပင် ထိုအကျပ်အတည်းများကို ခံစားရလေသည်။ ယခင်တုန်းကလို အဆင့်အတန်း မမီသည့် ပစ္စည်းများကို ပေးသွင်း၍ မရတော့။ အုတ်အရောရောကျောက်အရောရော လုပ်လို့မရတော့။

ထိုအခြေအနေများကြောင့် အမြတ်အစွန်း နည်းလာသည်။ လောဘ သဏ္ဍာယကို မထိန်းနိုင်တော့သော ပေါလ်သည် ထိုအခြေအနေများကြောင့် စိတ်နောက်သွားမည်ကဲ့သို့ပင် ကြံ့လိုက်ရလေသည်။

ဥရောပနိုင်ငံများသို့ အခေါက်ခေါက် အခါခါ သွားသည်။ မြန်မြန် သူဌေး ဖြစ်နိုင်မည့် နည်းလမ်းများကို မနားမနေရှာသည်။ ငွေရပေါက်များကို ခြေတိုအောင် လိုက်ရှာသည်။

သို့သော်လည်း မအောင်မြင်။ ၁၉၅၀ ခုနှစ်၊ မေလတွင် သူ့အခြေအနေ အဆိုးဆုံး ဖြစ်လာသည်။ လုပ်ငန်းမအောင်မြင်သဖြင့် အမြဲတမ်း စိတ်ဓာတ်ကျနေတတ်သည်။ စိတ်ဓာတ်ကျရာမှ စိတ်တိုလာသည်။ စိတ်တိုရာမှ ပေါက်ကွဲလာသည်။ သူ့အိမ်ရှိ အလုပ်သမားနှစ်ယောက်ကို အကြောင်းပြချက်မရှိဘဲ အလုပ်ထုတ်ပစ် လိုက်သည်။ ထိုနေရာတွင် လင်မယား နှစ်ယောက်ကို အစားထိုးခန့်သည်။ ထိုလင် မယားနှစ်ယောက်၏ အရည်အချင်းနှင့် နောက်ကြောင်းသမိုင်းများကို စုံစမ်းစစ် ဆေးခြင်းလည်းမရှိ။

ထို့မျှမက သူ့ရုံးအမှုထမ်း ငါးယောက်ကိုလည်း အလုပ်ထုတ်ပစ်လိုက်သည်။ ကျန် တစ်ယောက်က သူ့ဟာသူ အလုပ်ထွက်သွားသည်။

၁၉၅၀ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့တွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ စစ်ဖြစ်ကြတော့သည်။

ဆီးနိတ်လွှတ်တော်အမတ် အော်ရင်ဒီမင်က ပေါလ်ထံသို့ ဖုန်းလှမ်းဆက်သည်။

"ဒီစစ်ပွဲမှာ ဦးတို့နိုင်ငံက ကြားဝင်လိမ့်မယ်၊ စစ်လက်နက်ပစ္စည်းတွေ အများကြီး ဝယ်ရဦးမယ်၊ ပျော်စရာကောင်းတဲ့ နေ့တွေ ပြန်ရောက်လာပြန်ပြီပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတုန်းက ပေါလ်၏ စိတ်ဓာတ်မှာ ပုံမှန်အခြေအနေသို့ ပြန်ရောက်လာပြန်လေသည်။

\+ + +

၁၉၅၀ခုနှစ်၊ ဇွန်လ ၂၇ရက်နေ့တွင် ကိုရီးယား စစ်ပွဲ၌ အမေရိကန် ကြည်း၊ ရေ၊ လေတပ်များ အားလုံးဝင်တိုက်ရန် အမေရိကန် အစိုးရက ဆုံးဖြတ်လိုက်သည်။ နောက်သုံးရက်ကြာသောအခါ အမေရိကန်တပ်များ ကိုရီးယားစစ်မြေပြင်သို့ ရောက်ရှိသွားကြလေသည်။

ထိုအဖြစ်အပျက်ကို "ပုလိပ်အဖွဲ့က အရေးယူမှုမျိုး" ဟု သမ္မတ ဟာရီထရူးမင်းက ပြောသည်။ အချိန်တိုတိုအတွင်းမှာပင် ပြီးဆုံးသွားပါမည်ဟုလည်း ပြောလေသည်။

ပေါလ်ဗားဟတ်နှင့် အော်ရင်ဒီမင်တို့ကမူ အခြားသူများကဲ့သို့ပင် ယခု စစ်သည်ခဏကလေးနှင့် ပြီးဆုံးသွားနိုင်မည်မဟုတ်၊ အချိန်ကာလ ရှည်ကြာရုံသာမက အခြားနိုင်ငံများသို့ပါ ကူးစက်သွားဦးမည်ဟု ထင်မြင်တွက်ဆထားကြသည်။

စစ်လက်နက်ပစ္စည်းများကို အစိုးရက အရှုအမူးဝယ်တော့မည်ဟု ပေါလ်က ထင်လိုက်သည်။ ထိုသို့ အရှုအမူးဝယ်လာလျှင် မှောင်ခိုစီးပွားရေးလုပ်ငန်းများလည်း ခေါင်းထောင်ထလာဦးမည်။ ယခု အခွင့်အရေးကို လက်လွှတ်မခံသင့်ဟု သူ ဆုံးဖြတ်လိုက်သည်။

သကြား၊ အလူမီနီယံ၊ သံ၊ ကြေးနှင့် အခြားကုန်ကြမ်း ပစ္စည်းပေါင်းမြောက်များစွာတို့ကို ဝယ်ယူလှောင်သည်။ တစ်တိုင်းတစ်ပြည်လုံး အနှံ့ဖြန့်ပြီး ကုန်လှောင်ရုံများငှားသည်။ ကုန်ချောထုတ်လုပ်မည့် စက်ရုံများနှင့် စာချုပ်သည်။

စစ်ရှိန်မြင့်တက်လာသည်နှင့် တစ်ပြိုင်တည်း လက်နက်များ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာများကို အစိုးရအနေဖြင့် ဈေးဆစ်နေချိန်မရတော့ပဲ အသေရရ အရှင်ရရ ဝယ်ရတော့မည်ဖြစ်သည်။ ထိုအခါတွင် မိမိလက်ထဲ၌ အလုံအလောက်စုဆောင်းပြီးသားဖြစ်နေသဖြင့် ငွေကို တောင်ပုံရာပုံရတော့မည်မှာ မလွဲဖြစ်သည်ဟု အပိုင်တွက်ထားလိုက်သည်။

ထို့ကြောင့် ဆွစ်ဇာလန် ဘဏ်တိုက်များမှာအပ်ထားသည့် ငွေအားလုံးကို ထုတ်ယူပြီး အရင်းအနှီး လုပ်လိုက်သည်။ ထိုမျှနှင့်လည်း အားရတင်းတိမ်ခြင်း မရှိသေးပါ။ ထို့ကြောင့် ဘဏ်တိုက်များမှ ငွေတွေချေးသည်။ ချေးရသမျှ ငွေများဖြင့် ကုန်တွေ ဝယ်လှောင်သည်။

သည်နေရာတွင်လည်း သူ့အတွက်လွဲသွားပြန်သည်။ အစိုးရက လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရာတွင် ယခင်တုန်းကလို ဖုတ်ပူမီးတိုက် ဝယ်ယူခြင်းမဟုတ်။ စနစ်တကျနှင့် မှန်မှန်ဝယ်နေခြင်းဖြစ်သည်။ ကုန်ပစ္စည်းများကို အသုံးပြုရာတွင်လည်း ခွဲတမ်းစနစ်ကို မသုံး။ ကုန်ပစ္စည်း ပြတ်လပ်သွားနိုင်သည့် အနေအထားမျိုး ကိုလည်း မတွေ့ရ။

ကုန်ဈေးနှုန်းများတက်လာသည်ကတော့ မှန်ပါသည်။ သို့သော် ထင်ထားသလိုမတက်။ ပြောပလောက်အောင် မတက်။ မည်သို့ပင် ရှိစေကာမူ ကိုရီးယား စစ်ပွဲကား ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ပင်တဂွန်စစ်ဌာနချုပ်မှ စစ်လိုလားသူအုပ်စုက နောက်ထပ်စစ်ကြီးတစ်ခုကို ဖန်တီးကြလိမ့်မည်ဟုလည်း အော်ရင်ဒီမင်က အပိုင်တွက်နေသည်။ သို့ကလို စစ်ပွဲကြီးတစ်ခု မလွဲသာမရှောင်သာ ဖြစ်လာဦးမည်ဟူသော တွေးထင်ချက်များက ရှိနေလေ ပေါလ်က ကုန်များကို ပိုမိုလှောင်လေ ဖြစ်နေသည်။

၁၉၅၁ ခုနှစ်ဖေဖော်ဝါရီလ ရောက်သောအခါ သူတို့၏ မျှော်လင့်ချက် ရောင်ခြည်သည် မှေးမှိန်စပြုလာသည်။ ဘဏ်တိုက်များက ငွေဆက်မချေးတော့ရုံ မက ချေးငွေများ ပြန်ဆပ်ရန်ပါ အကြွေးတောင်းလာကြသည်။ ရိုးရိုးမေတ္တာရပ်ခံခြင်းမျိုးမဟုတ်။ ရာဇသံပေးပြီး အတင်းအကျပ်တောင်းခြင်းဖြစ်သည်။ ၁၉၅၁ ခုနှစ် မေလတွင် ကိုရီးယားစစ်ပွဲကြီးက အေးသွားသည်။ နှစ်ဘက်ဖျန်ဖြေစေ့စပ်ခြင်းဖြင့် စစ်ပြီးတော့မည်ကဲ့သို့ ဖြစ်လာသည်။ ထိုအချိန်၌ တစ်ပြည်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com


ရှိနေသည့် ပေါလ်၏ ကုန်လှောင်ရုံများထဲတွင် ကုန်ကြမ်းပစ္စည်းများက မြင်မကောင်းအောင် အစုလိုက် အပုံလိုက် ရှိနေသည်။

ကုန်လှောင်ရုံစရိတ်တွေ တက်လာသည်။ ကုန်ချောထုတ်လုပ်ပေးရန် စာချုပ်ထားသည့် စက်ရုံများကလည်း စာချုပ်ပါစည်းကမ်းများကို မလိုက်နာမှုဖြင့် လျော်ကြေးများတောင်းလာသည်။

မတတ်သာတော့သည့် အဆုံးတွင် ထိုကုန်ကြမ်း များကို ထုတ်ရောင်းရတော့သည်။ သို့သော် တန်ရာတန်ဈေးကိုကား မရတော့။ မတန်တဆ လျှော့ဈေးများဖြင့် ချရောင်းပစ်ပြီး ကြွေးတွေဆပ်ရသည်။ ကုန်လှောင်ရုံခများပေးရသည်။ စက် ရုံများကို လျော်ကြေးပေးရသည်။

၁၉၅၁ ခုနှစ် ဇူလိုင်လရောက်သည်တွင် ပေါလ်ချမ်းသာခဲ့သည့် ငွေဆယ်သန်း လုံးလုံး ပြောင်သွားတော့သည်။ သူ့လက်မှာလက်ကျန်ဆိုလို့ ဒေါ်လာ ...ြ...က်သိန်းဖိုး လောက်သာ ရှိလေတော့သည်။

ပေါလ်စိတ်ဓါတ်ကျသွား၏။ စိတ်ဓါတ်ကျရာမှ စိတ်ရောဂါ ပြန်ဝင်လာသည်။ သူ့ကုမ္ပဏီကို ဖျက်သိမ်းပစ်ရန် သူ့ရှေ့နေများကို ခေါ်ပြီး ပြောလိုက်သည်။ သူကိုယ်တိုင်ကမူ သူ့အိပ်ခန်းထဲက မထွက်တော့ပဲ အခန်းအောင်းနေလိုက်သည်။ မည်သူနှင့်မှလည်း အတွေ့မခံ။ တယ်လီဖုန်းလည်း လက်မခံ။

သူ့ညီမ ဆစ်ဂရစ်က သူနှင့်တွေ့ဖို့ အကြိမ်ကြိမ်ကြိုးစားသည်။ သို့သော် ပေါလ်က လုံးဝအတွေ့မခံပဲနေလိုက်သည်။ ဆစ်ဂရစ်လည်း လက်လျှော့သွားတော့သည်။

ပေါလ်သည် အစားအစာကိုလည်း စားသည်ဆိုရုံသာစားတော့သည်။ ညအခါများ တွင်မအိပ်။ ရေကို ရက်ပေါင်းများစွာကြာမှ တစ်ခါချိုးချင်ချိုးသည်။ သူ့ကိုယ်အလေးချိန်က တစ်ရှိန်ထိုး ထိုးကျသွားသည်။

ကုလားထိုင် တစ်လုံးပေါ်တွင်မထပဲ ရက်ပေါင်းများစွာထိုင်နေရင်း စိတ်ကူးထဲမှ လူများနှင့် စကားပြောချင်လည်း ပြောနေတက်သည်။

သူ့ကျန်းမာရေးအခြေအနေ မကောင်းတော့ကြောင်း သူ့အိမ်ဖော်လင်မယားက အကဲခတ်မိသည်။ သူတို့လစာများကို နှစ်ဆပိုပြသည်။ အိမ်စရိတ်များကို အဆပေါင်းများစွာ ပိုပြသည်။ သူတို့ပြသည့် ဂဏန်းများအတိုင်း ပေါလ်က ချက်လက်မှတ်များကို ဒိုင်ခံ လက်မှတ် ရေးထိုးပေးနေသည်။

ပေါလ်၏ အခြေအနေက တစ်နေ့တခြားဆိုးလာသည်။ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်နောက်ဆုံးအချိန်သို့ ရောက်လေတော့သည်။

ပေါလ်သည် ကုလားထိုင်တစ်လုံးပေါ်တွင်ရက်ပေါင်းများစွာ ထိုင်နေပြီး ငေးတိငေးကြောင် ဖြစ်နေသည်။ ကျင်ကြီးကျင်ငယ်များကိုလည်း ထိုထိုင်လျက်နေရာမှာပင် ဝတ်ထားသည့်အဝတ်အစားများထဲသို့ စွန့်ချနေသည်။ ထို အဝတ်အစားများကို ဝတ်ထားသည်မှာလည်း နှစ်ပတ်ကျော် ကြာမြင့်ခဲ့လေပြီ။

ထိုသို့ထိုင်နေရင်း ရုတ်တရက် ငယ်သံပါအောင် အော်လိုက်သည်။ ပြီးတော့ ရေချိုးခန်းထဲသို့ ပြေးဝင်သွားသည်။ အိမ်ဖော်လင်မယားက လိုက်ကြည့်သောအခါ ဟစ်တလာ ခါးမြောင်နှင့် သူ့လည်ပင်းကို ထိုးဖောက်ဖို့ကြိုးစားနေသည်။

အိမ်ဖော်လင်မယားက သူ့လက်ထဲမှဓါးကို ဝိုင်းလုကြရသည်။ ထိုသို့ရုန်းရင်း ကန်ရင်း ဖြင့်ပင် သူသတိလစ်သွားသည်။ အိမ်ဖော်လင်မယားက ဆေးရုံကား ခေါ် ရကောင်းနိုးနိုး၊ ပုလိပ်ကို အကြောင်းကြားရကောင်းနိုးနိုးဖြစ်နေကြသည်။

"သူ့ကို အိပ်ရာပေါ်တော့ ပြန်တင်ထားပြီး မနက်ဖြန်အထိစောင့်ကြည့်ကြဦးမှ၊ သူ့သတိ ပြန်ရလာရင်နောက်ထပ် ချက်လက်မှတ်တွေမှာ လက်မှတ်ထိုး ခိုင်းပြီးတို့လဲ အလုပ်က ထွက်ကြတာပေါ့" ဟု ယောက်ျားကပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မတို့အလုပ်ထွက်သွားတဲ့အချိန်မှာ သူအသက်ရှင်လျက်ကျန်ခဲ့ပါတယ်ဆိုတာကို အထောက်အထားပြနိုင်အောင် သက်သေတော့ ရှာထားဖို့လိုလိမ့် မယ်ထင်တယ်၊ မဟုတ်ရင် ကျွန်မတို့ကို အမှုပတ်လာနိုင်တယ်၊ ပြီးတော့ သူ့ကိုတော့ သန့်သန့်ရှင်းရှင်းဖြစ်အောင်တော့ လုပ်ပေးထားခဲ့ဦးမှ" ဟုမိန်းမလုပ်သူက သတိပေး စကားဝင်ပြောသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

အိပ်ရာမှ ပေါလ်နိုးလာသည်။ သူ့အတွေးအာရုံထဲမှာ အားလုံးရှုပ်ထွေးနေသည်။ လူတွေနှင့် သူတွေ့ခဲ့သလား။ သူတို့မေးသည့်မေးခွန်းများကို သူဖြေခဲ့သလား။ စိတ်ထဲမှ ထင်မိထင်ရာများ ကို အမှန်တကယ် ထင်နေခြင်းလား စသည်ဖြင့်လည်း သူ့ကိုယ်သူ ပြန်ဆန်းစစ်ကြည့်နေသည်။

ခေါင်းလောင်းကို နှိပ်ပြီး အိမ်ဖော်များကို ခေါ်သည်။ ခေါင်းလောင်းမည်သံလည်း မကြားရ။ မည်သူမှလည်းရောက်မလာ။ သူ့ရင်ထဲမှာ ကြောက်စိတ် ကြီးစိုးလာသည်။ ငါ တစ်ယောက်တည်း ဖြစ်နေပါပေါ့လားဟု တွေးမိလာသည်။

တဆက်တည်းမှာပင် ကြွေးရှင်များ၏ ကြွေးဝိုင်းတောင်းသံများကို နားထဲမှာ ကြားယောင်လာသည်။

အိပ်ရာပေါ်မှအောက်သို့ ကြိုးစားဆင်းသည်။ မတ်တပ်ရပ်ကြည့်သည်။ ရှေ့တစ်လှမ်း လျှောက်ကြည့်သည်။ လဲကျတော့မလို ဖြစ်သွားသည်။ ကုလားထိုင် နောက်မှီကို ကိုင်ပြီး အားပြုရပ်နေရသည်။ အိပ်ရာဘေးက ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ လှမ်းကြည့်သည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးပဗရဗျစ်နှင့် အရိုးပေါ်အရေတင် ဖြစ်နေသည့် သူ့ကိုယ်သူပြန်တွေ့ရသည်။ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

အနီးရှိတယ်လီဖုန်းကို ကောက်ယူသည်။ ကိုလံဘီယာဆေးရုံသို့ လှမ်းဆက်သည်။ သူဘာပြောသည်ကို တစ်ဘက်လူနားလည်ရန်နှင့် ကြားရန်ကို မနည်းကြီးကြိုးစားပြီး ပြောပြလိုက်ရလေသည်။

\+ + +

ပေါလ် အားအင်ပြန်လည်ပြည့်ဖြိုးလာသည်မှာ အလွန်မြန်ပါသည်။ ဆေးရုံပေါ်သို့ ရောက်ပြီး ရက်သတ္တနှစ်ပတ်အကြာမှာပင် အကောင်းပကတိ ဖြစ်သွားတော့သည်။ ထို့ကြောင့် သူ့ဟာသူလက်မှတ်ထိုးပြီး ဆေးရုံပေါ်မှ ဆင်းမည်ဟုပြောသည်။ ဆေးရုံအမှုထမ်းများကလည်း သမားတော်ကြီးနှင့်တွေ့ပြီး အစစ်ဆေးခံရဦးမည် ဖြစ်သောကြောင့် မဆင်းဖို့တားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်လပေါင်းများစွာ အချိန်တွေဖြုန်းခဲ့ပြီ၊ အလုပ်တွေပျက်ခဲ့ပြီ၊ ခင်ဗျားတို့ ငွေဘယ်လောက်ကျသလဲပြော၊ ချက်လက်မှတ်မှာ လက်မှတ်ထိုးပေးခဲ့မယ်"

ပေါလ်သည် ထိုသို့ပြောရင်း လပေါင်းများစွာ အချိန်တွေ ကုန်ဆုံးခဲ့ရသည့် အကြောင်း၊ သူ့တွင်ရှိသမျှ အားလုံးကုန်ဆုံးသွားပြီဖြစ်ကြောင်းနှင့် ထိုဆုံးရှုံးမှုများကို ရင်းစားပြန်ရအောင် အပြင်းထန်ဆုံးလုပ်ကိုင်ရတော့မည် ဖြစ်ကြောင်းများကို တွေးလိုက်မိလေသည်။

သူ့အိမ်သို့ ပြန်ရောက်လာသောအခါတွင်လည်း အလုပ်သမားခေါ်ပြီး အိမ်ကို အလျင်ရှင်းပစ်ရဦးမည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် အိမ်သန့်ရှင်းရေး အလုပ်သမားများငှားသည့် အေဂျင်စီကို ဖုန်းလှမ်းဆက်သည်။ တဆက်တည်း နယူးယောက်မြို့မှာ ရှိနေသည့် သူ့ရှေ့နေ မိုင်းလ်စ်လင့်ချ်ဖီး ထံသို့ဆက်သည်။

ပေါလ်ဗားဟတ်၏ အသံကို ကြားရသောအခါ ရှေ့နေမိုင်းလ်စ်လင့်ချ်ဖီးက မသေချာမရေရာဖြစ်နေသေးသည်။

"ခင်ဗျားနဲ့ အဆက်မသွယ်ရဖို့ ကျုပ်ကြိုးစားနေတာ လပေါင်းကို မရေနိုင်တော့ဘူး၊ ခင်ဗျားဘယ်သွားပြီး ဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်ကို ပြောပြချင်လို့ ဆက်တာလား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို ကျွန်တော်ပိုက်ဆံပေးစရာ. . . ."

"ဒေါ်လာထောင်ပေါင်းကို မရေနိုင်တော့ဘူး၊ ဒါ့ကြောင့် ခင်ဗျားကို ကျွန်တော်တရားစွဲတော့မလို့. . . ."

"မစွဲပါနဲ့လေ၊ ခင်ဗျားပိုက်ဆံ မနက်ဖြန် ကျွန်တော်ပေးမယ်၊ ကျွန်တော့် ကုမ္ပဏီကို ဘယ်လောက်မြန်မြန် အသက်ပြန်သွင်းပေးနိုင်မလဲ"

"ဖိလုပ်လိုက်ရင် နှစ်ပတ်ပေါ့ဗျာ"

"ဒီလိုဆိုရင် ဖိလုပ်ပါ၊ အင်ပါယာစတိတ်က ကျွန်တော်ရုံးခန်းတွေရော"

"ခင်ဗျား သုံးနှစ်အတွက်ငှားခဲ့တယ်၊ ကျသင့်ငွေကို ကြိုတင်ပေးခဲ့တယ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့က ပြည့်သွားပြီ၊ ပြည့်သွားတာ သိပ်တော့မကြာသေးပါဘူး၊ ပိုင်ရှင်တွေနဲ့ ဆွေးနွေးရင် ပြန်ပြီးရနိုင်တောင်း. . . ."

"ပြန်ရအောင်သူတို့နဲ့ ဆွေးနွေးပါ၊ ကျွန်တော်နိုင်ငံခြားကို ရောက်နေတယ်လို့ ပြောပြပါ၊ ခင်ဗျားကြိုက်သလိုသာ ပြောပါလေ၊ ရုံးခန်းပြန်ရဖို့ အဓိကပဲ၊ သူတို့အတွက် ကျသင့်တဲ့ပိုက်ဆံလဲ မနက်ဖြန်ရမယ်"

"တခြား ဘာပြောစရာရှိသေးသလဲ. . . . ပေါလ်"

"မနက်ဖြန် ကိုးနာရီတိတိ ခင်ဗျားရုံးခန်းကနေ စောင့်နေပါ၊ ကျွန်တော်လာခဲ့မယ်"

"ချက်လက်မှတ်တွေပါ ယူလာခဲ့မှာလား"

"ဘာမှ ရေးမထားသေးတဲ့ချက်တွေ ယူခဲ့မယ်၊ ဘယ်သူတွေကို ဘယ်လောက် ပေးရမယ်ဆိုတဲ့ ဂဏန်းတွေကိုသာ အဆင်သင့်ဖြစ်အောင်လုပ်ထားပါ"

တယ်လီဖုန်းကို ပြန်တင်လိုက်သည်။ ဆစ်ဂရစ်ထံသို့ ဆက်ဖို့ စဉ်းစားမိသေးသည်။ ယခု ကျောင်းဖွင့်ရက်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသွားနေလိမ့်မည်။ တယ်လီဖုန်းကို မစ္စက်ဂျူလီယာပီးယားစ်ကကိုင်လျှင် မိမိအသံကို မှတ်မိပေလိမ့်မည်။ မှတ်မိလျှင် အဖေ့ကို ပြန်တိုင်မည်။ ပြန်တိုင်လျှင် ဆစ်ဂရစ် ဒုက္ခရောက်လိမ့်မည်။ မနက်ဖြန်မှပဲ တစ်နည်းနည်းဖြင့် အဆက်အသွယ်လုပ်တော့မည်ဟု ဆုံးဖြတ်ပြီး သူ့စိတ်ကို ပြောင်းပစ်လိုက်သည်။ ယခုအချိန်တွင် သူ့အလိုဆုံးအရာမှာ မိန်းကလေး တစ်ယောက်ဖြစ်သောကြောင့် သက်ဆိုင်ရာ အေဂျင်စီကိုသာ လှမ်းဆက်လိုက်လေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဂရစ်သည် ဆယ့်ခြောက်နှစ်သမီး ရှိလေပြီ။ အပျိုကလေး ဖြစ်သောကြောင့် ငယ်ငယ်တုန်းကနဲ့ မတူတော့ပဲ ထူးထူးခြားခြားလှလာသည်။

ပေါလ်ကို မြင်သည်နှင့် ပြေးဖက်ပြီးငိုတော့သည်။ ပေါလ်က ညီမကို ချော့ကာ သူ့အဖြစ်အပျက်များကို အတိုချုံးပြောပြသည်။

"ကျွန်မကို ဘာဖြစ်လို့ အတွေ့မခံတာလဲ၊ ကျွန်မဖုန်းဆက်ရင် ဘာဖြစ်လို့ စကားလက်ခံမပြောတာလဲ"

"အစ်ကို့ ရုပ်က မြင်လို့မကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်လေ၊ ဒါကို မြင်ရင်မင်း ပိုပြီး စိတ်ဆင်းရဲသွားမှာပေါ့"ပေါလ်က ဆစ်ဂရစ်၏ လက်တစ်ဖက်ကို ဖျစ်လိုက်သည်။

"ကဲ မင်းအကြောင်းတွေ ပြောပြပါဦး"

ဆစ်ဂရစ်က သူ့ခေါင်းကလေးကို အစ်ကို၏ ပုခုံးစွန်းပေါ်သို့ မှီပြီးတင် ထားလိုက်သည်။

"ဘာအကြောင်းက စပြောရမှာလဲဟင်. . . ဂျူလီယာဆုံးသွားတာ အိမ်ဖော်အသစ်က အစ်ကို့ကို ပြောပြပြီးရောပေါ့၊ သူအိပ်နေရင်းတစ်ညမှာ ဆုံးသွားတာ၊ နှလုံးရောဂါလို့ ဆရာဝန်က ပြောတယ်"

"သူ့ကို မင်းလွမ်းနေသလား"

"ဒါလောက်တော့လဲ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး ယောကျ်ားကလေးတွေနဲ့ ကျွန်မချိန်းတွေ့တယ်၊ အဲဒါကို ဂျူလီယာက အမြဲတမ်းဆူခဲ့တယ်လေ"

"ယောကျ်ားကလေးတွေနဲ့ ချိန်းတွေ့တယ်. . . မင်းတစ်ခါမှ မပြောဘူးပါလား" ပေါလ်၏ လေသံက ခပ်ပြတ်ပြတ်ဖြစ်သွားသည်။

"ကျွန်မပြောဖို့ကြိုးစားပါတယ်၊ ဒါပေမယ့် အစ်ကို နားထောင်မှာ မဟုတ်ဘူး၊ အစ်ကို ကလဲ မနာလိုသလို ဖြစ်နေခဲ့တယ်လေ"

ယောကျ်ားကလေးတွေနဲ့ ချိန်းတွေ့တယ်ဆိုတာ ဟိုဒင်း . . . "

"ဂျူလီယာ ပီးယာ့စ်အပေါက်မျိုးမချိုးစမ်းပါနဲ့ အစ်ကိုရာ၊ အစ်ကိုက ဘာဖြစ်လို့များ ဒီလောက် တုန်လှုပ်ချောက်ချားသွားရတာလဲ၊ အစ်ကိုက မိန်းကလေးတွေကို စိတ်ဝင်စားတယ်၊ အစ်ကို့ ညီမဖြစ်တဲ့ ကျွန်မက ယောကျ်ားကလေးတွေကို စိတ်ဝင်စားတယ်"

ပေါလ်က ငြိမ်သွားသည်။

"အဖေ့ အကြောင်းရော အစ်ကို ကြားချင်သေးသလား" ဆစ်ဂရစ်က အကြောင်းအရာကို ပြောင်းပစ်လိုက်သည်။

"ဘာဖြစ်လို့ မကြားချင်ရမှာလဲကွယ်၊ နာဇီပါတီဝင်ကြီး ဘာတွေများလုပ်နေသလဲ"

"ကျွန်မကို သူဆက်ဆံတာ အချိုးပြောင်းလာတယ်၊ အသက်ကြီးလာလို့လဲ ဖြစ်ချင် ဖြစ်မှာပေါ့လေ"

"အသက်ကြီးတယ်၊ အခုမှ ခြောက်ဆယ်ကျော်ကလေး ရှိသေးတာပဲ၊ သူဘယ်လိုများ အချိုးတွေ ပြောင်းလဲနေသလဲ"

"ကျွန်မကို အရင်လို ချစ်ချစ်ခင်ခင်လဲ သိပ်မရှိဘူး၊ ရင်းရင်းနှီးနှီးလဲ မဆက်ဆံဘူး၊ ခဏခဏ ဆူပူကြိမ်းမောင်းနေတာပဲ"

"မင်းယောကျ်ားကလေးတွေနဲ့ ချိန်းပြီးတွေ့နေလို့ ဖြစ်ပါလိမ့်မယ်ကွာ"

"အဲဒါနဲ့ ပြောင်းပြန်ပဲ အစ်ကို၊ သူက ကျွန်မကိုလင်ရှာခိုင်းနေတယ်၊ ကျွန်မ အသက် ၁၇ နှစ်ပြည့်ရင် လင်ယူစေချင်တယ်တဲ့"

ပေါလ်၏ မျက်လုံးများကျဉ်းသွားသည်။

"ဒါဆိုရင်တော့ မင်းကို ပထုတ်ချင်တဲ့ သဘောပဲဖြစ်ရမယ်"

www.burmeseclassic.com



"ကျွန်မလဲ ဒီအတိုင်းပဲ ထင်တယ်၊ ကျွန်မသိပ်ကို စိတ်မချမ်းမသာ ဖြစ်ရတာပဲ၊ ဘာဖြစ်လို့ ကျွန်မကို ပထုတ်ပစ်ချင်တာလဲ"

"ဖြစ်နိုင်ဂရာအကြောင်း တစ်ခုပဲ ရှိတယ်၊ မိန်းမတစ်ယောက်ယောက်နဲ့များ သူ အဆက်အဆံလုပ်နေသလား"

"ကျွန်မတော့ မသိဘူးအစ်ကို မိန်းမတစ်ယောက်ယောက်နဲ့ ဆက်ဆံနေတယ် ဆိုရင်ကော ဘာဖြစ်လို့ ကျွန်မကို ပထုတ်ပစ်ရမှာလဲ"

"အစ်ကို ပြောမယ်နားထောင်၊ သူဟာသန်းကြွယ်သူဌေးကြီးဖြစ်တယ်၊ အစ်ကို့ကို သူ့အမွေဖြတ်ပစ်လိုက်တယ်၊ ဒီအမွေတွေအားလုံးကို မင်းတစ်ယောက် တည်း ရမယ်၊ အဖေဟာ အင်မတန်သဘောထားသေးတယ်၊ ဒါ့ကြောင့် သူ့စိတ်ထဲ မှာဘာတွေ တွေးနေတတ်တယ်ဆိုတာ အစ်ကို ကောင်းကောင်းသိတယ်၊ မင်းကို အပြင်ပထုတ်လိုက်မယ်၊ အိမ်မှာ မင်းမရှိတော့ရင် အဲဒီမိန်းမကို အိမ်ပေါ် ခေါ်တင်ချင် တင်မယ်၊ ဒါမှမဟုတ်လက်ထပ်ချင်လဲထပ်မယ်၊ နောက်ပြီးတော့ သူ့မှာ ရှိသမျှ စည်းစိမ်တွေ အဲဒီမိန်းမကို ပေးခဲ့မယ်၊ ဒါ့ကြောင့် မင်းအရင်အိမ်ထောင်ကျသွားမှ သူ ဒီလိုလုပ်လို့ တင့်တယ်မယ်မဟုတ်လား၊ သူ့ဟာသူလဲ လိပ်ပြာလုံသွားမယ်"

ဆစ်ဂရစ်သည် ပါးစပ်ဟောင်းလောင်းပွင့်ပြီး အံ့အားသင့်သွားသည်။

"သူဒီလိုတော့ လုပ်မယ်မထင်ဘူး အစ်ကို၊ ဒီလိုတော့ မလုပ်သင့်ဘူး၊ ကျွန်မ တစ်သက်လုံး ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေခဲ့ရတာ၊ ကျွန်မဆင်းရဲ သွားမယ်ဆိုရင်တော့ သေမှာပဲ"

ဆစ်ဂရစ်၏ လေသံက ပြောရင်းအက်ကွဲလာသည်။ ပေါလ်၏ လက်မောင်း တစ်ဘက်ကိုလည်း တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။

"မင်းလဲ အစ်ကို့လိုပဲ ခံစားရမှာပါပဲကွာ၊ အစ်ကိုပြောတာ နားထောင်ဦး၊ သူမိန်းမ တစ်ယောက်နဲ့ တွဲနေသလားဆိုတာကို သိရအောင် ပထမဆုံး မင်းစုံစမ်း၊ အဲဒီမိန်းမအကြောင်းကို အသေအချာ သိရအောင် လေ့လာ"

"အဲဒီတော့ရော ဘာတွေပိုထူးလာမှာလဲ အစ်ကိုရယ်"

"အခုတော့ မပြောနိုင်သေးဘူးပေါ့၊ ဒါပေမယ့် အဖေမရှိတော့တဲ့ နောက်ပိုင်းမှာ ဒီငွေတွေဟာ အစ်ကိုတို့ မိသားစုထဲမှာပဲ ရှိနေစေချင်တယ်၊ ငွေတွေသန်းနဲ့ ချီပြီးသူရအောင် အစ်ကိုကူညီခဲ့တာ မင်းသဘောပေါက်တယ်မဟုတ်ယား"

"သဘောပေါက်ပါတယ်၊ ဖေဖေကတော့ ဝန်မခံဘူးပေါ့လေ"

ဆစ်ဂရစ် ဝမ်းနည်းပက်လက်ဖြစ်နေသည်။ သူ့အဖေနှင့် သူ့အစ်ကိုကြားမှာ နားလည်မှုတွေ ရှိနေစေချင်သည်။ ယခုလို အဆင်အပြေ ဖြစ်နေသည်ကို မလိုလား။

"သူသေသွားရင် အဲဒီငွေတစ်ဝက်ကို အစ်ကိုရသင့်တယ်ဆိုတာ မင်း သဘောတူ ရဲ့လား"

ဆစ်ဂရစ်က မျက်မှောင်ကုပ်လိုက်သည်။ ပြီးတော့မှ ခေါင်းညိတ်ပြသည်။

"သဘောတူပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ကျွန်မကို ဒီလိုမေးရတာလဲ။

"ဘာကြောင့်လဲဆိုတော့ သူသေသွားရင် ဒီကိစ္စတွေကို အစ်ကိုတို့ စောစောကတည်းက သဘောတူညီမှုရထားခဲ့တယ်ဆိုတာ ဖြစ်စေချင်လို့၊ နောက်ပြီးတော့ သူ့ဘဝကိုလဲ အစ်ကိုတို့ အတူတစ်ကွ စုံစမ်းခဲ့တယ်ဆိုတာ သတိရစေချင်လို့"

\+ \+ \+

၁၉၅၂ ခုနှစ်၊ ဧပြီလသို့ရောက်သော်လည်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ဆိုးရွားနေဆဲပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အီတလီအစိုးရပြုတ်ကျသွားပြီး ဝင်စတန်ချာချီ ဝန်ကြီးချုပ် ဖြစ်လာပြန်သောကြောင့် စိတ်ဓါတ်သစ်များ အထိုက်အလျောက် ပေါ်ပေါက်လာသည်မှာမှန်သည်။ ထိုနှစ်မှာပင် ဒုတိယ မြောက် အယ်လီဇဘက် ဘုရင်မကလည်း ဘိသိတ်ခံယူသည်။

ဗြိတိန်နိုင်ငံသား အများစုတို့က ယခုအကျပ်အတည်းများကြားမှ သူတို့ လွတ်မြောက် ပြီး တစ်ကြိမ်တော့ အောင်ပွဲပြန်ခံရဦးမည်ဟုလည်း ယုံကြည်နေကြသည်။

အင်္ဂလန်သို့ ပေါလ်ရောက်လာသည်။ ဒဲရက်စပင်ဇာနှင့် တောပိုင်းကအိမ်မှာ သွားတွေ့သည်။ သူ့သားဂျက်ဖရေစပင်ဇာလည်း သူတို့နှင့်အတူတူ ထိုင်စကား ပြောသည်။ ဂျက်ဖရေသည် ၁၈ နှစ်သားရှိပြီ။ အောက်စဖို့ တက္ကသိုလ်မှာ တက်ရောက် ပညာသင်ကြားနေသည်။

စစ်အတွင်းက လန်ဒန်မြို့ရှိ အဆောက်အအုံပေါင်းများစွာတို့ ပျက်စီးခဲ့ရသည်။ ယခုအထိ ပြည့်စုံအောင် ပြန်လည်မတည်ဆောက်နိုင်သေး။ ထိုကြားထဲမှာ တောက လူအများ အပြားလည်း အလုပ်အကိုင်အခက်အခဲများကြောင့် လန်ဒန်မြို့သို့ ပြောင်းရွှေ့လာကြသည်။ ထို့ကြောင့် လန်ဒန်မြို့ပေါ်တွင် လူဦးရေများပြားလာကာ နေအိမ်အခက်အခဲများ ပေါ်နေသည်။

ထိုအချက်ကို အခွင့်ကောင်းယူပြီး လူနေအဆောက်အအုံများဆောက် လုပ်ရောင်းချဖို့ သူတို့ တိုင်ပင်ခဲ့ကြသည်။

"ဒီလုပ်ငန်းအတွက် ကျွန်တော်ပေါင်စတာလင်ငွေတစ်သိန်းတော့ ထည့်ပါ့မယ်"ဟု ပေါလ်ကပြောရင်း ဗလာချည်းဖြစ်သောသူ့လက်ကို ပွတ်နေသည်။

\+ \+ \+

ရက်သတ္တပတ် အတော်များများ ကုန်ဆုံးသွားသည်။ ထိုသို့ ရက်ပေါင်းများစွာ ကြာတော့မှ ဝေဟမ်းဗားဟတ် အမျိုးသမီး တစ်ယောက်နှင့် တိတ်တိတ်ပုန်း ပေါင်းသင်း နေကြောင်း ဆစ်ဂရစ် စုံစမ်းသိရှိရတော့သည်။ သူစုံစမ်းသိရှိရသမျှများကို ပေါလ်အား ပြန်ပြောပြသည်။

ဝေဟမ်းဗားဟတ်သည် ထိုအမျိုးသမီးအတွက် အိမ်ခန်းတစ်ခန်းကို ဝယ်ပေးထားကြောင်း၊ စားသောက်နေထိုင်သုံးဖြုန်း စရိတ်များကိုလည်း ထုတ်ပေးနေကြောင်း၊ အမျိုးသမီးထံ သို့မူ တစ်ပတ်လျှင် နှစ်ရက်သာသွားကြောင်း၊ ထိုရက်များတွင်လည်း၊ သန်းခေါင်ထက်ကျော်ပြီး ဘယ်တော့မှ မနေကြောင်းများဖြစ်သည်။

"သူ့ကို သေတမ်းစာရေးပေးထားတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ၊ ပြီးတော့ သေတမ်းစာ ထဲမှာ ဘာတွေပါတယ်ဆိုတာ ဘယ်လိုလုပ်သိနိုင်မလဲ" ဟု ဆစ် ဂရစ်ကမေးသည်။

"သေတမ်းစာကို ဖြစ်ဖြစ်၊ မိတ္တူကို ဖြစ်ဖြစ် မြင်ရတော့မှပဲ အသေအချာ ပြောနိုင် တော့မယ်"

"အဲဒီမိန်းမလက်ထဲမှာ မိတ္တူများ ရှိနေနိုင်မလားဟင်. . . . "

"ဒီလိုတော့ ပေးထားလို့မဖြစ်ဘူး"

"သေတမ်းစာရေးပြီးပြီဆိုရင် ဒီမိန်းမကိုတော့ အဖေက ပြောပြထားမှာပေါ့နော် အစ်ကို"

"သိပ်ဖြစ်နိုင်တာပေါ့ကွာ"

"ကျွန်မထပ်ပြီး စုံစမ်းဦးမယ်လေ၊ ကဲ. . . . ကျွန်မ ဗိုက်အရမ်းဆာနေ ပြီ၊ ၂၁ ဟိုတယ်မှာ နေ့လည်စာ လိုက်ကျွေးပါနော်"

\+ \+ \+

ရက်သတ္တပတ်ပေါင်းများစွာ ကုန်လွန်သွားပြန်သည်။ တစ်နေ့တွင် ပေါလ် ထံသို့ ဆစ်ဂရစ် အူယားဖားယား ရောက်လာသည်။ သူတို့ သိချင်နေသည့် အချက်များ အားလုံးရပြီဟု ပြောသည်။

"သူ့နာမည်နဲ့ လိပ်စာကို ကျွန်မရခဲ့ပြီအစ်ကို၊ မိန်းမက တစ်ခုလပ်၊ မစ္စက်



www.burmeseclassic.com

www.burmeseclassic.com


ရှိဘာတိုအေးမက်စ်တဲ့၊ အသက်သုံးဆယ်ကျော်ပြီ၊ ၆၇ လမ်း အရှေ့ပိုင်း နံပါတ် ၈၀၃ မှာ နေတယ်"

"ဒါလောက်သိရုံနဲ့တော့ ထွေထွေထူးထူး မလုပ်နိုင်သေးပါဘူး ညီမရယ်" ပေါလ်က စိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြောသည်။

ဆစ်ဂရစ်၏မျက်လုံး အရောင်ပိုမို တောက်လာသည်။ တစ်ခုခုကို အလေးအနက် စဉ်းစားနေသည်။ သူဒီလို အလေးအနက်ထားပြီး စဉ်းစားခဲ့ဘူးသည် မရှိ။

"ဒီမိန်းမက အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်လို့ ကျွန်မ ပြောတယ် မဟုတ်လား၊ နောက်ပြီးတော့ ဖေဖေကလဲ သူ့ကို တစ်ပတ်မှာ အင်္ဂါနဲ့ စနေ နှစ်ရက်ပဲ သွားတွေ့တယ်၊ ဒါ့ကြောင့် ကျန်တဲ့ရက်တွေမှာ ဒီမိန်းမ လျှောက်ပွေနေမှာပဲ" ဆစ်ဂရစ်က ထိုသို့ပြောရင်း ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ "အစ်ကို . . . အစ်ကို တခြားနာမည်ပြောင်းပြီး ဒီမိန်းမနဲ့ ရင်းနှီးအောင်လုပ်ပါ၊ အစ်ကို့ ပညာကို ကောင်းကောင်း အသုံးချတတ်ရင် ကျွန်မတို့သိချင်တာတွေ သူထုတ်ပြောမှာပဲ၊ ဒါမျိုး မှာ အစ်ကို ကျွမ်းကျင်ပါတယ်"

ပေါလ်၏ ပါးစပ်ပွင့်သွားသည်။ ကလေးအရွယ်မျှသာ ရှိသေးသော ညီမငယ်၏ ခေါင်းထဲမှ ထိုသို့ အကြံဉာဏ်များ ထွက်လာသည့်အတွက် သူအံ့ဩမိ သည်။ သေသေချာချာ စဉ်းစားကြည့်တော့လည်း အံ့ဩစရာမရှိပါ။ ဘက်တီလောင်းဝစ်လစ်ကို သူငွေမပေးရပဲ ဆက်ဆံ နေစဉ်က သူ့အသက်သည် ယခု ဆစ်ဂရစ်ထက်ပင် ငယ်သေးသည်မဟုတ်ပါလား။

"သူ့အိမ်နားက ဝက်ဝံကလေးဘားမှာ သူအရက်သောက်လေ့ရှိတယ်၊ သူ့ကို ကျွန်မ မြင်ခဲ့တယ် အစ်ကို၊ ဆံပင်ကညိုညို၊ ရင်သားကြီးတယ်၊ မိတ်ကပ်တွေ အထူကြီး လိမ်းတယ်၊ လက်က သံကြိုးကလေးတွေက တချွင်ချွင် အသံမြည်နေတတ်တယ်၊ မှတ်မိဖို့ လွယ်ပါတယ်"

"ဘုရားရေ . . . . ရှားလော့ဟုမ်းနဲ့ လာတွေ့နေရပါကလား"

ထိုစကားကြားတော့ ဆစ်ဂရစ်က ရယ်သည်။

\+ + +

ပေါလ်ဗားဟတ်သည် ထိပ်တန်းဟိုတယ်ကြီးများမှာသာ ကျက်စားလေ့ရှိသည်။ ယခု ဝက်ဝံကလေးဘားမှာ ဒုတိယတန်းစား အဆင့်မျှသာရှိသည်။ မီးဖိုချောင်မှ ထွက်လာသည့် ညှော်နံ့ များဖြင့် ဖုံးလွှမ်းနေသည်။

တနင်္လာနေ့ညတွင် ပေါလ်ရောက်သွားသည်။ ညကိုးနာရီမှ ဆယ့်တစ်နာရီအထိ ထိုင် စောင့်သည်၊ သို့သော်လည်း ဆစ်ဂရစ်ပြောပြသည့် မစ္စက်ရှိဘာတို အေးမက်စ်နှင့်တူ သူ တစ်ယောက်မှ မတွေ့ခဲ့ရ။

အင်္ဂါနေ့တွင် မသွားပဲနေလိုက်သည်။ ဗုဒ္ဓဟူးနေ့ညကျတော့ တစ်ခေါက် ပြန်သွား သည်။

သူအရက်တစ်ခွက်သောက်ပြီးရုံရှိသေးသည်။ မစ္စက်ရှိဘာတိုအေးမက်စ် ဝင်လာသည် ကို တွေ့ရသည်။ ရှိဘာတိုမှတစ်ပါး အခြားမည်သူ မဖြစ်နိုင်ပါ။ ဘားကောင်တာတွင် ပေါလ်၏ ဘယ်ဘက်ရှိ ခွေးခြေမှာ ဝင်ထိုင်သည်။ အရက်ရောင်း သူက ရမ်နှင့်ကိုကာကိုလာ စပ်ပြီး သွားချပေးသည်။

"မစ္စက်အေးမက်စ် . . . ဒီမှာ ခင်ဗျားဖို့ ဟုလည်းပြောသည်။

မျက်နှာချင်းဆိုင် မှန်ထဲမှာ ပေါ်နေသည့် သူ့ရုပ်ပုံကို ပေါလ်က အကဲခတ် ကြည့်နေ သည်။ အမျိုးသမီးကလည်းသူ့ကို အကဲခတ်နေကြောင်း သတိထားလိုက်မိသည်။ ဆစ်ဂရစ် ပြောသည်မှာ မှန်ပါသည်။ သည်မိန်းမသည်အားနေသည့်အချိန်များတွင် လည်သလို လျှောက်ပွေ နေသည်မှာ သေချာသွားသည်။

ပေါလ်က နောက်ထပ်အရက်တစ်ခွက် ထပ်ပေးရန် မှာလိုက်သည်။ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



ခွေးခြေပေါ်မှ အောက်သို့ဆင်းသည်။ ဘားခန်းများတွင်လုပ်လေ့ လုပ်ထရှိသော အရှိုးဆုံး လှည့်ကွက် ကလေးကိုပင် လုပ်လိုက်သည်။

တစ်ဒေါ်လာတန်ငွေစက္ကူကို မသိမသာ လက်ထဲမှာလိမ်ပြီး ဆုပ်လိုက်သည်။ အိမ်သာရှိရာသို့ ခြေလှမ်းသည်။ အမျိုးသမီးထိုင်နေသည့် နေရာသို့ရောက်တော့ ကိုယ်ကိုကုန်းပြီး တစ်ခုခု ကောက်သလိုလုပ်သည်။

"ခင်ဗျားပိုက်ဆံ အောက်ကျနေတယ်ထင်တယ်" ဟု ပြောပြီး ပေါလ်က တစ်ဒေါ်လာတန်ငွေစက္ကူကို အမျိုးသမီး၏ရှေ့ ကောင်တာပေါ်သို့ တင်ပေးလိုက်သည်။ ပြီးတော့ ဆက်လျှောက်သွားရန်ဟန်ပြင်သည်။

"ကျွန်မပိုက်ဆံ မဖြစ်နိုင်ပါဘူးရှင်" အမျိုးသမီးက ပြန်ပြောသည်။ အားရပါးရ တစ်ချက်ပြုံးလိုက်သည်။

"ခင်ဗျား ထိုင်နေတဲ့ ခွေးခြေအောက်တည့်တည့်မှာ ကျနေတာပဲ"

ပေါလ်က စောစောကအတိုင်း အရေးမကြီးသလို ပြောသည်။ ပြီးတော့ ဆက်လျှောက်သွားရန် ခြေလှမ်းပြင်သည်။ အမျိုးသမီး၏ လက်တစ်ဘက်က သူ့ လက်မောင်းပေါ်သို့ ရောက်လာသည်။ အရက်ရောင်းသူကို လှမ်းခေါ်သည်။

"ဟောဒီအမျိုးသားက ကြမ်းပြင်ပေါ်မှာ ပိုက်ဆံတစ်ဒေါ်လာ တွေ့လို့၊ ကိုယ့်ပိုက်ဆံလဲ မဟုတ်ဘူး"

"ခင်ဗျားတွေ့တာဆိုရင်လဲ ခင်ဗျားပဲ ယူထားလိုက်ပါလားဗျာ"

အရက်ရောင်းသူက ပေါလ်ကို လှမ်းပြောသည်။

"ကဲ. . . . ဒီပြဿနာရှင်းသွားအောင် ဒီလိုလုပ်ကြမယ်" ပေါလ်က ပြုံးသည်။ နောက်ထပ်တစ်ဒေါ်လာထုတ်သည်။ "အမျိုးသမီးက အရက်ထပ် ဖြည့်ဖို့ လိုနေပြီ၊ ဒါ့ကြောင့် တစ်ခွက်ထပ်ယူလိုက်ပါ"

"ဒီလိုဆိုရင် ရှင့်ခွက်ကိုလဲ ဒီဘက်ယူခဲ့ပြီး ကျွန်မနဲ့ အတူတူ သောက် လိုက်ပါလား" ဟု အမျိုးသမီးကဖိတ်သည်။

"ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်အခုပဲ ပြန်လာခဲ့ပါ့မယ်"

ပေါလ်က ဟန်ဆောင်ထားသည့်အတိုင်း အိမ်သာရှိရာသို့ ဆက်လျှောက် လာခဲ့သည်။ ခဏကြာတော့မှ ပြန်လာပြီး သူကပင် စတင်မိတ်ဆက်သည်။

"ကျွန်တော့် နာမည် မိုင်းလ်လင့်ချ်ဖီး ဖြစ်ပါတယ်ခင်ဗျာ"

ပေါလ်က သူ့ ရှေ့နေ၏နာမည်ကို အစားထိုး သုံးလိုက်သည်။ အမျိုးသမီး မျက်နှာပေါ်တွင် စိတ်အားထက်သန်သည့် အရိပ်အယောင်များပေါ်သွားလေသည်။

+ + +

"ခဏလောက်နားကြဦးစို့" ဟု ရီဘာတို ပြောသောအချိန်သည် သန်းခေါင်ကျော် မနက်နှစ်နာရီရှိလေပြီ။ ပေါလ်က စီးကရက်နှစ်လိပ်ကို မီးညှိပြီး တစ်လိပ် ကမ်းပေးလိုက်သည်။

"ခင်ဗျား အိပ်ခန်းတယ်ကောင်းတာပဲ၊ ဒီအဆောက်အအုံ ဖွင့်တုန်းက ခင်ဗျား ငှားထားလိုက်တာလား"

ပေါလ်က စီးကရက်ကို ဖြည်းဖြည်းချင်း ဖွာရှိုက်နေရင်းမှ လှမ်းမေးသည်။

"ငှားတယ်. . ." ရီဘာတိုက ထိုသို့ ပြန်မေးရင်း ရယ်သည်။

"ကျွန်မ ပိုင်တဲ့အခန်းရှင့်၊ အဖိုးကြီးတစ်ယောက်က ဝယ်ပေးတာ၊ ဟော ဟိုပေါ်မှာ သူ့ဓာတ်ပုံ"

"ဘုရားရေ. . . အဖိုးကြီး အသက်ကြီးလှပြီပဲ၊ သနားစရာဗျာ"

"သနားမနေနဲ့၊ အသက်ကြီးပေမယ့် သန်းကြွယ်သူဌေးကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com


"အင်း. . . ကျွန်တော်လည်းသန်းကြွယ်သူဌေးဖြစ်ချင်တယ်ဗျာ၊ တစ်နေ့နေ့ တော့ ဖြစ်ကောင်းပါရဲ့"

ရှီဘာတိုက ရယ်လိုက်ပြန်သည်။ သည်တစ်ကြိမ်တော့ စောစောကထက် ပိုပြီးကျယ်သည်။

"ကျွန်မကတော့ သေသေချာချာ သိတယ်၊ တစ်နေ့ကျရင် ကျွန်မ သန်းကြွယ်သူဌေး ဖြစ်မယ်"

"မနောက်ပါနဲ့ဗျာ၊ ခင်ဗျားကဘယ်လိုလုပ်သိသလဲ၊ ဗေဒင်ကဟောထားတာလား" ဟု ပေါလ်က မသိမသာ စကားခေါ်လိုက်သည်။

"ပေါက်ပေါက်ရှာရှာ ဘယ်ကဗေဒင်ဟောရမှာလဲ၊ အဲဒီအဖိုးကြီးက သေတမ်းစာ ရေးပြီးပြီရှင့်၊ ကျွန်မကိုပေးဖတ်တယ်"

\+ + +

## စက်ကြိုးတပ်နတ်သား

( ရှေးဟောင်း ဂရိနှင့် ရောမပြဇာတ်များတွင် ဇာတ်ကနေရင်း ဇာတ်လမ်းအရ လူသား ဇာတ်လိုက်များ ဆက်လက်မဖြေရှင်းတက်သော အခက်အခဲများပေါ်လာပါက ကောင်းကင်ပေါ်မှ စက်ကြိုးနှင့် နတ်သားကို ချပေးတတ်သည်။ လူသား ဇာတ်လိုက်များ မဖြေရှင်းတက်သည့် အခက်အခဲကို ထိုစက်ကြိုးတပ်နတ်သားက ဖြေရှင်းပေးသည်။ သည်တော့မှ ဇာတ်ကို ဆက်က ကြသည်။ ဇာတ်သိမ်းပိုင်းက ပျော်စရာ ကောင်းချင်လည်းကောင်းမည်။ အလွမ်းနှင့် အဆုံးသတ်ချင်လည်း သတ်မည်။)

\+ + +

ရှီဘာတိုအေးမက်စ်နှင့် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပေါလ်က ဆစ်ဂရစ် အားပြန်ရှင်းပြသည်။

"သူရေးထားတဲ့ သေတမ်းစာကို အစ်ကိုတို့ ဖတ်ကြည့်ရမှ ဖြစ်တော့မယ်" ဟု ပေါလ်က ဆက်ပြောသည်။

"ဒါပေမယ့် ဒါက သိပ်ခက်တယ်လို့ အစ်ကိုပဲ ပြောတယ်မဟုတ်လား၊ မဖြစ်နိုင်တဲ့ ကိစ္စကြီးဆို"

"နည်းလမ်းတော့ ရှိရမှာပေါ့. . . ညီမလေးရယ်၊ အဖေ့ရုံးကို မင်းအရောက်အပေါက် များသလား"

"အကြောင်းအားလျော်စွာတော့ ရောက်တက်ပါတယ်၊ ခဏခဏတော့ သွားလေ့ သွားထမရှိဘူး"

"သူမရှိတဲ့ အခါမှာ ရောက်သွားပြီး သူပြန်အလာကိုရော ရုံးကနေ ထိုင်စောင့်ခဲ့ဖူးတာ ရှိသလား"

"ရှိတယ်၊ နှစ်ကြိမ် သုံးကြိမ်လောက် စောင့်ဘူးတယ်"

"မင်း ဘယ်နေရာကနေ ထိုင်စောင့်သလဲ"

"သူ့ကိုယ်ပိုင် ရုံးခန်းထဲကနေ ထိုင်စောင့်တယ်"

"သေသေချာချာ နားထောင်. . . ညီမလေး၊ သူ့အခန်းထဲမှာ အာမခံ သေတ္တာ အကြီးကြီးရှိတယ်၊ သေတမ်းစာကို အဲဒီထဲမှာ ထည့်သိမ်းထားနိုင်တယ်၊ အာမခံသေတ္တာဖွင့်တဲ့ သင်္ကေတကို အစ်ကို တစ်ခါရလိုက်ဖူးတယ်၊ ဒီလိုရထားတာ သူလုံးလုံးမသိဘူး"

"အဲဒီသင်္ကေတကို ဖေဖေက ပြောင်းချင် ပြောင်းထားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းချင်မှလဲပြောင်းမယ်၊ သူက ဒါဆိုဒါ စိုက်လိုက်မတ်တပ် စွဲထားတက်တဲ့ အကျင့်ရှိတယ် မဟုတ်လား"

"အစ်ကို. . . သူ့အာမခံ သေတ္တာကို အစ်ကို ခိုးဖွင့်ချင်တယ်လို့ ပြောနေတာလား"

"အစ်ကို ဖွင့်မှာမဟုတ်ဘူး၊ မင်းခိုးဖွင့်ရမှာ၊ နေ့ခင်းကြောင်တောင်ကြီး ခိုးဖွင့်ရမှာ၊ နေဦး. . . မင်းမငြင်းခင် အစ်ကိုပြောတာ ဆုံးအောင်နားထောင်ဦး၊ ဒီကိစ္စကို အစ်ကို စဉ်းစားထားပြီးပြီ၊ သူ့ကို မင်းအယုံသွင်း၊ ချစ်ချစ်ခင်ခင် ပြုစု၊ သူ့ အလိုကိုလိုက်၊ နှစ်ပတ် သုံးပတ်လောက် အဲဒီလိုလုပ်၊ သူ့ရုံးကိုလဲ မကြာခဏသွားလည်၊ လမ်းကြုံလို့ ဝင်လာတယ်ဆိုတာမျိုးလုပ်၊ သူ့ရုံးကို မင်းအမြဲတမ်း ဝင်ထွက်သွားလာနေ လေ့ရှိတယ်ဆိုတာ သူ့အလုပ်သမားတွေကသိပြီး ရိုးသွားလိမ့်မယ်၊ အဲဒီလို ရိုးသွား အောင်လုပ်၊ သူ့အပြင်ကို အကြာကြီး ထွက်နေမယ့် တစ်နေ့ကို ရအောင်စောင့်၊ သေချာအောင်လုပ်၊ အဲဒီနေ့မှာ ကျောင်းစာအုပ်တချို့ကိုယူပြီး သူ့ရုံးကိုသွား၊ သူ့အတွင်းရေးမှူးကိုပြော သူပြန်လာတဲ့အထိ စာထိုင်ဖတ်စောင့်နေမယ်လို့. . . ဒီတော့မှ သူ့ ရုံးခန်းတံခါးကို အတွင်းက ပိတ်ထားပေမယ့် ဘယ်သူကမှ မသင်္ကာ မဖြစ်တော့ဘူး မဟုတ်လား၊ ဘယ်သူက မင်းကိုတားမှာလဲ၊ မင်းဟာ သူ့သမီးပဲ"

"ကျွန်မကြောက်. . . ကြောက်တယ်အစ်ကို၊ အခု ပြောယုံနဲ့တင် ကျွန်မ အရမ်း ကြောက်နေပြီ"

သူသေသွားပြီတဲ့နောက် မင်းအတွက် တစ်ပြားမှ ချန်မထားခဲ့တဲ့ အဖြစ်မျိုးထက်ပဲ ပိုပြီးကြောက်နေသလား"

နှစ်យောက်စလုံး တိတ်သွားကြသည်။ ခဏကြာတော့မှ ဆစ်ဂရစ်က စကားပြန်သည်။

"ဒီလိုတော့လဲ မဟုတ်ပါဘူး. . . အစ်ကို" ထိုသို့ပြောပြီး ဆက်တိတ်သွား ပြန်သည်။

"ဒါပေမယ့် ဖေဖေဟာ ဒါလောက် အသက်မကြီးသေးဘူးလို့ အစ်ကိုပြော ဖူးတယ်မဟုတ်လား၊ သူနှစ်ပေါင်းများစွာ အသက်ရှင်နေဦးမှာ၊ သူ့သေတမ်းစာကို ကျွန်မတို့တွေ့သည့်တိုင်အောင် ဘယ်လိုများအကြောင်းထူးလာနိုင်မှာလဲ. . အစ်ကို"

"သေတမ်းစာထဲမှာ ဘယ်လိုရေးထားတယ်ဆိုတာကိုတော့ သိရတာပေါ့၊ နောက်ပြီး သေတမ်းစာထဲမှာ အားနည်းချက်တွေ၊ ပျော့ကွက်တွေ ရှိချင်ရှိနေမှာ၊ အဲဒါမျိုးတွေတွေ့ရရင် ဘယ်လိုစီစဉ်ရမယ်ဆိုတာ စဉ်းစားနိုင်တာပေါ့၊ ကဲ. . . သူ့ အာမခံသေတ္တာဖွင့်ဖို့ သင်္ကေတကို မှတ်. . . ဘယ်ဘက်ကို ၇ ၊ ညာဘက်ကို ၂၁ ၊ ပြီးတော့ ဗယ်ဘက်ကို ၁၉ "

+ + +

နောက်ဆယ့်လေးရက်မျှ ကြာသောအခါ ပေါလ်လိုချင်သော ဓာတ်ပုံများ သူ့လက်ထဲသို့ အပြည့်အစုံ ရောက်လာတော့သည်။

ရှိဘာတိုသည် အသက်ယယ်သည့်အလျောက် ယောက်ျားများနှင့် မပြတ်တွဲနေသူ ဖြစ်သည်။ ယခုရောက်လာသည့် ဓာတ်ပုံများထဲမှ ဝေဟမ်းဗားဟတ်နှင့် နှစ်ပါးသွားနေသော ဓာတ်ပုံများကိုပေါလ်က ဖယ်ထုတ်လိုက်သည်။

သူမသိသော အခြား ယောက်ျားလေးယောက်နှင့် ပုံများကို သပ်သပ်ဖယ် ထားသည်။ ထိုယောက်ျားများနှင့်လည်း ရှိဘာတိုအေးမက်စ်က တစ်ချိန်စီတွေ့ခြင်း ဖြစ်သည်။

ဒါလောက်ဆိုလျှင် လုံလောက်သွားပြီ။

ပေါလ်က အလွတ်စုံထောက်ရှိရာကို ဖုန်းလှမ်းဆက်သည်။ နောက်ထပ် တာဝန်ဆက်ယူရန်မလိုတော့ကြောင်းပြောသည်။ ပြီးတော့ ဆုကြေးအနေဖြင့် ဒေါ်လာတစ်ထောင် ပို့ခိုင်းလိုက်လေသည်။

ဆစ်ဂရစ်ကလည်း သူ့ဘက်က အခြေအနေများ တိုးတက်နေကြောင်း၊ စီမံကိန်းအတိုင်း သူ့အဖေကို အယုံသွင်းနေကြောင်း သတင်းပို့လာသည်။ သို့သော်လည်း သူတို့လိုချင်သည့် အခွင့်အရေးမျိုးက ပေါ်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလရောက်သောအခါ. . . တစ်နေ့တွင် သူတို့သားအဖနှစ်ယောက် ညစာအတူတူစားကြသည်။

"မနက်ဖြန် စက်ရုံပိုင်ရှင်တစ်ယောက်နဲ့ တွေ့ရဦးမယ်သမီးရယ်၊ အဲဒီ လူကလဲ အင်မတန်လေရှည်တဲ့လူ၊ သူနဲ့စကားပြောမိရင် ထလို့မရတော့ဘူး၊ သူ့စက်ရုံကိုလဲ သွားကြည့်ရဦးမယ်ဆိုတော့ အဖေတော့ သေဖို့သာရှိတော့တယ်"

ဝေဟမ်းဗားဟတ်က ထိုသို့ ပြောလိုက်သောအခါ ဆစ်ဂရစ်က ဣန္ဒြေဆည်ပြီး ဘာမှမဖြစ်သလို နေလိုက်သည်။

\+ + +

နောက်တစ်နေ့ နေ့ခင်း တစ်နာရီတွင် အဖေ့ရုံးသို့ ဆစ်ဂရစ် ရောက်သွားသည်။

"မင်းအဖေ အပြင်သွားနေတယ်၊ ညနေ သုံးနာရီခွဲထက်စောပြီး ပြန်ရောက်မှာ မဟုတ်ဘူးထင်တယ်" ဟု အဖေ့ အတွင်းရေးမှူးကဆီးပြောသည်။

"အို. . . ဟုတ်လား. . . အရေးမကြီးပါဘူးလေ. . . ကျွန်မ စောင့်ပါ့မယ်" ဆစ်ဂရစ်၏ လက်ထဲမှာ ရိုက်စပီးယား ပြဇာတ်စာအုပ်ကြီးပါလာသည်။"ကျွန်မတို့ကျောင်းမှာ ရိုက်စပီးယား ပြဇာတ်ကဖို့ရှိနေတယ်၊ ကျွန်မလဲ ပြဇာတ်ထဲမှာပါတယ်" ဟုသူက လုပ်ကြံဇာတ်လမ်းကလေး တစ်ခုကို ထွင်လိုက်သည်။ "ကျွန်မကရမယ့် အခန်းက အမူအရာတွေကျင့်ရင်း ပြောရမယ့် စကားလုံးတွေ ကျက်လိုက်ဦးမယ်၊ ဖေဖေ့ အခန်းထဲဝင်ပြီး တံခါးပိတ်ကျင့်ရင် ရနိုင်ပါတယ်နော်"

"ရပါတယ်ကွယ်. . . အရေးမကြီးပါဘူး"

ဗယ်ဘက်သို့ နံပါတ် ၇၊ အိုး ဂဏန်းလည်နေတာကလဲ ဝေးလိုက်တာ။ လက်ချော်သွားသဖြင့် လွဲသွားသည်။ ခလုပ်ကိုနှိပ်ပြီး ပြန်ရှင်းလိုက်သည်။ ပြီးတော့မှ ၇ ဂဏန်းကို လှည့်သည်။ ရပြီ။ သူ့လက်မှာ ချွေးစီးတွေဖြင့်အေးစက်နေသည်။ ညာဘက်ကို ၂၁ ဒါလဲရသည်။ သူ့ကိုယ်လုံးများ တဆတ်ဆတ်တုန်လာသည်။ သင်္ကေတကို ပြောင်းထားနှင့်ပြီဆိုလျှင် ဘာဆက်လုပ်မည်နည်း။ စဉ်းစားမနေနဲ့။ ပြောင်းမပြောင်း အခုပဲ သိရတော့မည်ဟုလည်း သူ့ကိုယ်သူ အားပေးသည်။

ဗယ်ဘက်သို့ နံပါတ် ၁၉ ကိုဆက်လှည့်သည်။ အတွင်းထဲမှ သော့ပွင့်သွားသံ ခပ်တိုးတိုးကို ကြားရသည်။ အာမခံသေတ္တာ တံခါးလက်ကိုင်ကို အောက်သို့ တွန်းချလိုက်သည်။ တံခါးပွင့်သွားသည်။

သေတ္တာထဲမှာ မွှေနှောက်ရှာကြည့်သည်။ ဖိုင်တွဲထားသော အံဆွဲအကန့်များကို တွေ့ရသည်။ ဒီအထဲမှာ မထားလျှင် ဒုက္ခပဲဟုလည်းတွေးနေမိသည်။

ကိုယ်ပိုင်ဝင်ငွေများ၊ အမြတ်တော်ကြေးများ၊ ဘုတ်အဖွဲ့ အစည်းအဝေး မှတ်တမ်းများ၊ ၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂. . . . အာမခံများစသည်ဖြင့် အကန့်များပေါ် တွင် ရေးထားသည်။

အံဆွဲတစ်ခုတွင် ( X ) အမှတ်အသားကိုတွေ့ရသည်။

ဖြစ်နိုင်သည်။ ဒီအထဲမှာ ရှိနိုင်သည်။ သူ့လက်များ တဆက်ဆက်တုန် နေသည်။ ကတုန်ကယင်နှင့် ဖွင့်ကြည့်သည်။ မိသားစု မွေးစားရင်းထောက်ခံချက်များ. . . ၉ . . . အောက်တိုဘာ ၁၉၅၂ သေတမ်းစာ. . . ။

\+ + +

သေတမ်းစာကို ပေါလ်က သူ့ထုံးစံ စာဖတ်နှုန်းအတိုင်း ဖတ်ကြည့်နေသည်။ ဆုံးသွားသောအခါ သူ့မျက်နှာသည် ဒေါသကြောင့် ညှိုပုပ်နေသည်။

"ဟို ခွေးသူတောင်းစားမ ပြောလိုက်တာထက်တောင် ပိုပြီးဆိုးနေသေးတယ်၊ မင်းအတွက်ငွေ သုံးသိန်းပဲပေးမယ်၊ ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်ကို အမွေထိန်း ခန့်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မရဲ့ ပိုက်ဆံတွေကိုပါ ဘဏ်တိုက်က ချုပ်ကိုင်ပေးထားမှာလား ဟင် . . . . . "ဟု ဆစ်ဂရစ်ကမေးသည်။

"မဟုတ်ဘူး ဘာနှောင်ကြိုးမှ မပါဘူး၊ ငွေနဲ့ပစ္စည်းတွေ အားလုံးကိုသူရမယ်၊ ဘဏ်တိုက်မှာထားတဲ့ ပစ္စည်းတွေရော၊ တခြား အာမခံစာချုပ်စာတမ်းတွေရော အကုန်ရမယ်၊ ရှေ့နေလက်ထဲမှာ ထားတာတွေလဲ ရမယ်"

"အဖေ့ထက်အလျင်စောပြီး အဲဒီကောင်မ သေသွားမယ်ဆိုရင်ကော. . "

"ကောင်မက အဖေ့ကို အပိုင်ကိုင်ထားပြီးပြီလေ၊ သူအရင်သေရင် သူ့ဆွေမျိုးတွေ ရမယ်"

"ဒီလိုဆိုရင် ကျွန်မတို့မှာ ကိုးကွယ်ရာမရှိတော့ဘူး"

ဆစ်ဂရစ်၏မျက်နှာ အပျက်ကြီးပျက်သွားသည်။ ပြီးတော့ ဒေါသလည်း ဖြစ်လာပုံရသည်။

"ဘာကြောင့် ကိုးကွယ်ရာမရှိရမှာလဲ" ပေါလ်၏ လေသံသည်လည်း ဒေါသသံများနှင့် ပြည့်နေသည်။ "သူ့သေတမ်းစာကို ဘယ်အချိန်မှာဖြစ်ဖြစ် ဘယ်သူကမဆို ပြောင်းပစ်လို့ရတယ်၊ ရုတ်တရက် ပေါ်လာတဲ့ အခြေအနေတွေဟာ အားလုံးကို ပြောင်းပစ်နိုင်တယ်၊ သေတမ်းစာကို ရုံးတင်ပြီး အစစ်ဆေးခံမယ်ဆိုရင် သွေးအနီးစပ်ဆုံး လူတွေသာရမယ်၊ အထူးသဖြင့် သေတမ်းစာဟာ ပုံမှန်စိတ်ဓာတ်မျိုးနဲ့ ရေးထားတာ မဟုတ်ဘူးလို့ အများပြည်သူက သဘောပေါက်သွားရင်. . . . "

"ပေါလ် အစ်ကို ဘာတွေပြောနေတာလဲ၊ ကျွန်မနားမလည်ဘူး"

"အစ်ကို ရှင်းပြမယ်၊ အဖေက သူတိတ်တိတ်ပုန်းထားတဲ့ မိန်းမအကြောင်းကို စုံစမ်းခိုင်းတယ်ဆိုပါတော့၊ ဒီမိန်းမ အကျင့်ပျက်နေတာတွေကို တွေ့ပြီး သူဒေါသ ဖြစ်သွားမယ်၊ ပြီးတော့ သေတမ်းစာကို အသစ်ပြန်ရေးမယ်၊ ဒါပေမယ့် အဲဒီမိန်းမ ကလိမ်ကျတာကို ခံလိုက်ရတဲ့အတွက် ရှက်ပြီး သူ့ရှေ့နေကိုလဲ အသိမပေးဘူး၊ ဒါ့ကြောင့် သူ့ဟာသူပဲ အသစ်ပြန်ရေးတယ်၊ ပြီးတော့ အဲဒီသေတမ်းစာကို ဝှတ်ထား တယ်၊ ရှီဘာတို မဟုတ်တာ လုပ်နေတဲ့ သက်သေခံ အထောက်အထားတွေနဲ့ အတူတူ ဝှတ်ထားလိုက်တယ်"

"ဖေဖေက သေတမ်းစာအသစ် ပြန်ရေးမှာ မဟုတ်ပါဘူး အစ်ကိုရယ်"

ပေါလ်က သရော်သည့် အပြုံးမျိုးကို ပြုံးလိုက်သည်။

"ညီမလေး. . . . မင်းကျောင်းပြေးချင်တိုင်း အဖေ့လက်ရေးမျိုးနဲ့ ခွင့်တိုင်စာ အစ်ကို ရေးပေးရတာ အကြိမ်ပေါင်းဘယ်လောက်များမလဲ"

ဆစ်ဂရစ်၏ ပါးစပ်ဟောင်းလောင်းပွင့်သွားပြန်သည်။

"ဒါပေမယ့် သေတမ်းစာကတော့. . . "

"မပူပါနဲ့ကွယ်၊ ဒါတွေအစ်ကို စီစဉ်ပါ့မယ်၊ ဟိုကောင်မ သူ့အပေါ်မှာ ဘယ်လောက် သစ္စာဖောက်နေတယ်ဆိုတာ စုံထောက်တွေက ပေးလိုက်တဲ့ သက်သေခံ အထောက်အထားတွေကို သူတွေ့ရင် သေတမ်းစာ ပြန်ရေးပါလိမ့်မယ်၊ သူ့သားသမီး တွေကို သူဘယ်လောက်ချစ်ကြောင်း ထုတ်ဖော်ကြေငြာပါလိမ့်မယ်၊ ပြီးတော့ သေတမ်းစာ ထဲမှာလဲ ဟိုကောင်မအတွက် ငွေသုံးသိန်းပဲ ထားခဲ့မယ်၊ ကျန်တာ အားလုံး ညီမလေးနဲ့ အစ်ကိုနဲ့ တစ်ယောက်တစ်ဝက် အညီအမျှ ခွဲဝေယူပါ ဆိုတာမျိုး ရေးပေးပါလိမ့်မယ်"

\+ + +

www.burmeseclassic.com

www.burmeseclassic.com

## စက်ကြိုးတပ်နတ်သား

(၁၉၅၃-ခု၊ ဒီဇင်ဘာလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် အရုံအချိန်မှစပြီး နယူးယောက်မြို့တွင် ဆီးနှင်းများစတင်ကျသည်။ ဆီးနှင်းများထူထပ် သိပ်သည်းစွာ ကျနိုင်သည်ဟု မိုးလေဝသဌာနက သတိပေးထားသည်။ လျှော့လျှော့ပေါ့ပေါ့ တွက်ခြင်းဖြစ်သည်။ နေ့လည်ဘက်ရောက်သောအခါ ဆီးနှင်းများမတန်တဆ ကျလာသည်။ မော်တော်ကားများ မောင်းမရပဲဖြစ်ကုန်သည်။ လမ်းလျှောက်သူများပင်လျှင် လမ်းလျှောက်မရအောင် ပိတ်ဆို့ကုန်သည်။

(ပုလိပ်အဖွဲ့၏ စုံစမ်းတွေ့ ရှိချက်အရ ၁၂ နာရီ ၂၅ မိနစ်တွင် ဂျီအမ်စီထရပ်ကားတစ်စီးက ၄၂ လမ်းအတိုင်း အရှေ့ဘက်သို့မောင်းသွားသည်။ လက်ဇင်တန် လမ်းဆုံသို့ ရောက်သောအခါ တစ်ဘက်မှ ဖြတ်ဝင်လာသည့် တက္ကဆီကားမှ မီးနီကို ထရပ်ကား ဒရိုင်ဘာက မမြင်။ အနားရောက်မှ မြင်သည်။ ထို့ကြောင့် ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ လမ်းပေါ်တွင်ရှိနေသော ဆီးနှင်းထုနှင့် မော်တော်ကား တာယာပွတ်တိုက်မိသောအခါ လျှောထွက်သွားသည်။ မထိန်းနိုင်အောင်ဖြစ်သွားသည်။ တက္ကဆီကား၏ ဘေးကို ဝင်တိုက်မိသည်။ ပြီးတော့ လမ်းဘေး ပလက်ဖောင်းပေါ်သို့တက်သွားသည်။

(တက္ကဆီကားကလည်း မထိန်းနိုင်ပဲ တစ်ဘက်သို့ လွင့်ထွက်သွားသည်။ ပလက်ဖောင်းပေါ်မှာ ရပ်နေသော လူငါးယောက်ကို ဝင်တိုက်မိသည်။ အနီးရှိ အဆောက်အအုံနံရံနှင့် ညပ်သွားသည်။ နှစ်ယောက် ပွဲချင်းပြီးသေသည်။ သုံးယောက် ဒဏ်ရာပြင်းသဖြင့် လူနာတင်ကားဖြင့် ဆေးရုံသို့ ပို့လိုက်ရသည်။ )

\+ \+ \+

ဝေဟမ်းဗားဟတ်၏ အိမ်ဖော်က ဆစ်ဂရစ်ရှိရာ ကျောင်းသို့ ဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်းပြောပြသည်။ ဆစ်ဂရစ်က တုန်လှုပ်ချောက်ချားစွာဖြင့် နားထောင်နေသည်။ ပြီးတော့ ကျောင်းအုပ်ကြီးရုံးခန်းထဲမှ ပြေးထွက်လာခဲ့ပြီး အများသုံး တယ်လီဖုန်းရုံရှိရာသို့ ပြေးလာသည်။ ပေါလ်သည် သူ့ ရုံးခန်းမှာရှိနေ သည်။ နေ့လည်စာစားဖို့ အပြင်သို့ ထွက်တော့မည့်ဆဲဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု အဖေနယူးယောက်ဆေးရုံမှာ ရောက်နေတယ်၊ ကျွန်မသူ့ဆီကိုသွားတော့. . .'

"အဲဒီမှာပဲနေ၊ အစ်ကိုကားနဲ့ လာခေါ်မယ်၊ နှင်းတွေက ဒါလောက်ကျနေတော့ လေးဆယ့်ငါးမိနစ်လောက်တော့ ကြာမယ်" ဟု ပေါလ်က ပြန်ပြောသည်။

တကယ်သွားသောအခါ တစ်နာရီကြာသွားသည်။ ပေါလ်က သူ့ ညီ၊ ကို အငှားကား ပေါ်သို့တက်စေသည်။ သူ့အဖေ၏ ရုံးရှိရာ ချာနင် အဆောက်အအုံသို့ မောင်းရန် ပေါလ်က ဒရိုင်ဘာကို ပြောသည်။ ဆစ်ဂရစ်က နားမလည်နိုင်အောင် ဖြစ်သွားသည်။ ပေါလ်က ဒရိုင်ဘာနှင့် သူတို့ကြားမှ မှန်ကို အပေါ်သို့ ဆွဲတင်လိုက်သည်။ ပြီးတော့ စာအိတ်ထူကြီးတစ်လုံးကို ဆစ်ဂရစ်အားပေးသည်။

"အပေါ်တက်သွား၊ အဖေက သူ့စားပွဲပေါ်က တစ်ခုခုယူခိုင်းလိုက်တယ်လို့ပြော"

ပေါလ်က စာအိတ်ကို ဖွင့်ပြသည်။ အပေါ်စာအိတ်ကို ပိတ်မထား။ အတွင်းမှ ချိတ်ပိတ်ထား... စာအိတ်တစ်လုံး ထွက်လာသည်။ စာအိတ်ပေါ်တွင် 'ကျွန်ုပ်သေသော... ခါကျမှ ဤစာအိတ်ကို ဖွင့်ရန်' ဟု ဝေဟမ်းဗားဟတ်၏ လက်ရေး ဖြင့်ရေးထားသည်။

"ဒီထဲမှာ သေတမ်းစာရယ်၊ ဓာတ်ပုံတွေရယ်၊ အစီရင်ခံစာတွေရယ်ပါတယ် သူ့ စားပွဲ အံဆွဲတစ်ခုတည်းကိုထည့်၊ သူ့ဝှက်ထားတဲ့ပုံမျိုးဖြစ်အောင် အောက်ဆုံးမှာထား၊ အပြင်က စာအိတ်ထဲကိုတွေ့ရာ စာရွက်တချို့ ထိုးထည့်ထားခဲ့၊ ဒီ...ားထဲက အစ်ကို စောင့်နေမယ်၊ ပြီးရင် ဆေးရုံကို သွားကြမယ်"

"ဖေဖေနဲ့ လိုက်တွေ့မှာလား"

"သူ့အခြေအနေကို ကြည့်လို့ပေါ့"

"အခြေအနေ တော်တော်ဆိုးတယ်လို့ ပြောတယ်အစ်ကို"

"သူတကယ်ပဲ သေရတော့မယ်ဆိုရင်တော့ အစ်ကိုတွေ့လိုက်ပါ့မယ်"

"သူကောင်းချင်လည်းကောင်းသွားမယ်၊ အဲဒီလိုဆိုယင် အံဆွဲထဲ ကျွန်မ ထည့်ခဲ့မယ့် စာအိတ်ကို ဘယ်လိုလုပ်ရမလဲ"

"သူ့ရုံးကို တစ်ခေါက်ပြန်သွားပြီး အကြောင်းတစ်ခု ထပ်ပြတာပေါ့၊ ပြီးတော့ ဒီစာအိတ်ကို ပြန်ယူလိုက်တာပေါ့"

\+ \+ \+

ဆရာဝန်နှင့် မျက်နှာချင်းဆိုင်လိုက်သောအခါ ဆစ်ဂရစ် အကြီးအကျယ် စိတ်ထိခိုက်နေသည်။

"ဘုန်းတော်ကြီးတစ်ပါးပါးကို ပင့်ရင်ကောင်းမယ်ထင်တယ်" ဟု ဆရာဝန်က ပြောသည်။

"ဖေဖေ့ အခြေအနေက အဲဒီလောက်တောင်ဆိုးသလားရှင့်"

"စိတ်မကောင်းပါဘူးဗျာ၊ အခြေအနေက တော်တော်ဆိုးပါတယ်"

"အောက်ထပ်မှာ ကျွန်မအစ်ကို စောင့်နေတယ်၊ ကျွန်မတို့ နှစ်ယောက်အတူတူ ဝင်ကြည့်လို့ရမလားရှင်"

"ခဏတော့ ဝင်ကြည့်ပါ၊ လူနာအဖို့ အာရုံသိပ်စိုက်နေရရင် မကောင်းဘူး" ဆရာဝန်က ပုခုံးတွန့်ပြလိုက်ရင်း ပြောသည်။

စိတ်ရောဂါရနေစဉ်က အိမ်ဖော်နှစ်ယောက် အလုပ်ထွက်သွားသည်ကို ပေါလ်က သတိပြန်ရနေသည်။ ထို့ကြောင့် လိုလိုမည်မည်ဆိုသောသဘောဖြင့် အငှားကား ဒရိုင်ဘာကို ဆေးရုံအတွင်းသို့ ခေါ်လာခဲ့သည်။ လိုအပ်ပါက သူ့ကို သက်သေအဖြစ် အသုံးပြုနိုင်သည်။

"အပြင်မှာ အေးပါတယ်ဗျာ၊ ဆေးရုံထဲက ဧည့်ခန်းထဲမှာ နွေးနွေးထွေးထွေး လိုက်ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com


ခဏကြာတော့. . . ဆစ်ဂရစ်ရောက်လာသည်။ ဆရာဝန်ပြောသည့် စကားများကို ပြန်ပြောပြသည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါဗျာ၊ ကျွန်တော့်ညီမ တစ်ခုခုများ ဖြစ်သွားမယ်ဆိုရင်. . . ကျွန်တော့်ကိုကူညီပါ" ပေါလ်က ဒရိုင်ဘာကိုပါ တောင်းပန်ပြီး ခေါ်လာခဲ့သည်။

ဝေဟမ်းဗားဟတ်၏ အခန်းအပြင်ဘက်မှ သူတို့နှစ်ယောက်စောင့်နေခဲ့ကြသည်။ ဆစ်ဂရစ်တစ်ယောက်တည်း အခန်းတွင်းသို့ဝင်သွားသည်။ ဝေဟမ်း၏ တစ်ကိုယ်လုံးမှာ ပတ်တီးများ ဖုံးအုပ်နေသည်။ သွေးလည်းသွင်းပေးထားရသည်။ ဒဏ်ရာမရသော နားရွက်တစ်ဖက်နှင့် ခြစ်ရာတွေရှိနေသော နှုတ်ခမ်းများသာ ပေါ်နေသည်။ ဆရာဝန်နှင့် သူနာပြုဆရာမတစ်ယောက် အခန်းထောင့်မှာ ရပ်နေသည်။

ဝေဟမ်း၏ ပါးစပ်မှ ဗလုံးဗထွေးအသံများ ထွက်နေသည်။

"ဖေဖေ. . ."

ဆစ်ဂရစ်က အသံထွက်ပြီး ငိုတော့သည်။ အဖေကိုသူအလွန်ချစ်ပါသည်။

"ရှီဘ. . . ရှိ. . ရှိ. . ဘ. . "

ဝေဟမ်း၏ ပါးစပ်မှ ဗလုံးဗထွေး ထွက်လာပြန်သည်။ သို့သော် လေသံကလေးမျှသာ ဖြစ်ပါသည်။ ဆစ်ဂရစ်၏ တစ်ကိုယ်လုံးအေးစက်သွားသည်။ အဖေမြောနေပြီ။ သို့သော်လည်း . . . . သူ့အမည်ကို မခေါ်။ ရှီဘာတို၏ အမည်ကို ဗလုံး ဗထွေးခေါ်နေသည်။ အပြင်ခန်းသို့ ဆစ်ဂရစ်ထွက်လာခဲ့သည်။ ပေါလ်ကို အကျိုး အကြောင်းပြောပြသည်။ ပေါလ်သည် ဒရိုင်ဘာနှင့် အတူတူ အခန်းထဲသို့ဝင်သွားသည်။

"သိပ်တော့ကြာကြာမနေကြနဲ့နော်"

ဆရာဝန်က ထိုသို့လှမ်းပြောပြီး လူနာရှင်များ လွတ်လွတ်လပ်လပ် နေနိုင်ရန် သူနာပြု ဆရာမနှင့်အတူ အခန်းအပြင်သို့ ထွက်ပေးဖို့ ဟန်ပြင်လိုက်သည်။

"ကျေးဇူးပြုပြီး ဒီအခန်းထဲမှာပဲ နေကြပါခင်ဗျာ၊ ခင်ဗျားတို့ရဲ့ အကူအညီကိုများ အရေးတကြီးလိုနေမလားမသိဘူး"

ပေါလ်က ဆရာဝန်နှင့် ဆရာမကို လှမ်းတားလိုက်သည်။ အကြောင်း တစ်ခုခုကြောင့် လိုအပ်လာမည်ဆိုလျှင် သူတို့ကိုလည်း သက်သေအဖြစ် အသုံးချ နိုင်ရန် ဖြစ်သည်။

"အဖေ. . . ကျွန်တော်ပေါလ်ပါ၊ ဆစ်ဂရစ်လည်း ကျွန်တော်နဲ့ အတူတူ ရှိနေတယ်" ဟု ပေါလ်က ပြောသည်။ သို့သော်လည်း မည်သည့်တုံ့ပြန်ချက်ကိုမှ မတွေ့ရ။ "အဖေ စကား မပြောနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ မောင်နှမ နှစ်ယောက်ကို ချစ်တယ် ဆိုရင် အမူအရာလေးတစ်ခုခုတော့ လုပ်ပြပါ"

ပေါလ်က ထိုစကားကို ဘေးလူများကြားလောက်အောင် ခပ်ကျယ်ကျယ် ပြောပြီး ပတ်တီးများအောက်မှ ပေါ်နေသည့် နားရွက်ကို နမ်းမည့်သဘောဖြင့် ကိုယ်ကိုကိုင်းလိုက်သည်။ အဖေ့နားရွက်နှင့် သူ့နှုတ်ခမ်းကို တေ့ပြီးလေသံတိုးတိုး နှင့်ပြောသည်။

"အချစ်ရေ. . . ကျွန်မ ရှီဘာတိုလေ၊ ကျွန်မကိုချစ်ရဲ့လား. . . . ဟင်၊ ကျွန်မကို ချစ်တယ်ဆိုရင် ခေါင်းညိတ်ပြပါနော်"

"ရှု. . . ဘာ. . . ရာ. . . "

လေသံကလေးပင်ဖြစ်ပါသည်။ ပြီးတော့ခေါင်းညိတ်ဖို့သူကြိုးစားသည်။ပေါလ်က ကိုယ်ကို ဆန့်လိုက်သည်။

"တွေ့တယ်မဟုတ်လား ဆစ်ဂရစ် . . . . အဖေက တို့မောင်နှမ နှစ်ယောက်ကို ချစ်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


ဝေဟမ်းသည် ရှီဘာတိုကို ချစ်ကြောင်း ခေါင်းညိတ်ပြရန် ကြိုးစားပြန်သည်။ ထိုသို့ ကြိုးစားခြင်းသည် နောက်ဆုံးကြိုးစားခြင်းသာ ဖြစ်လေသည်။ သူ့ ခေါင်းကတစ်ဘက်သို့ စောင်းကျသွားကာ အသက်ပျောက်သွားလေတော့သည်။

ဆစ်ဂရစ်က ရှိုက်ငိုလိုက်သည်။ ပေါလ်က သူ့ညီမကို နှစ်သိမ့်သည့် အနေဖြင့် လှမ်းဖက်လိုက်သည်။ အမှန်ကတော့. . . . သူ့မျက်နှာပေါ်တွင် ဝမ်းနည်းသည့် အမူအရာမပေါ်ပဲ အောင်ပွဲခံလိုက်သည့် အမူအရာကို အခြားသူများ မမြင်တွေ့ ရစေရန် ဆစ်ဂရစ်၏ ကိုယ်လုံးနှင့် ကွယ်လိုက်ခြင်းသာ ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရန် ပေါလ်က ဆစ်ဂရစ်ကို မှာထားသည်။ ဝေဟမ်း၏ အတွင်းရေးမှူးနှင့် ရှေ့နေကလွဲပြီး အခြားမည်သူနှင့်မှ စကားပြောခြင်း မပြုရန်ကိုလည်း ပြောထားသည်။

သေတမ်းစာ ရေးထားသည့်လက်ရေးသည် ဝေဟမ်းဗားဟတ်၏ လက်ရေးမှန်ကန်ကြောင်း လက်ရေးပါရဂူများက အတည်ပြုချက်ပေးကြသည်။

သေတမ်းစာနှင့်အတူ ရှိဘာတိုအေးမက်စ်နှင့် အခြားယောကျ်ားလေးဦးတို့ ရှုပ်နေကြသည့် ဓါတ်ပုံများ၊ ရှိဘာတို အကျင့်ပျက်နေသည့် အစီရင်ခံစာများကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဝေဟမ်းသည် သူ၏ မူလသေတမ်းစာကို ပြင်ဆင်ရေးသားပြီး ရှိသမျှပစ္စည်းအားလုံးကို သူ့သားနှင့် သမီးအား အညီအမျှ ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေများက သဘောတူညီကြသည်။ ရှိဘာတိုကို ငွေသုံးသိန်း ပေးခဲ့သည်ပင် လွန်လှပြီဟု သဘောရကြသည်။

ထိုသေတမ်းစာနှင့် ပတ်သက်ပြီး မယုံသင်္ကာ ဖြစ်နေသူဆိုလို့ ရှိဘာတို တစ်ယောက်သာရှိသည်။ နောက်ဆုံးတွင် ရှေ့နေတစ်ယောက်၏ ရုံးခန်း၌ပေါလ်ကို တွေ့သောအခါကျမှ သူကောင်းကောင်း သဘောပေါက်တော့သည်။ ပေါလ်ကို တွေ့ပြီးသည်နှင့် တစ်ပြိုင်တည်း သူ့ရှေ့နေဆီသို့ တန်းပြေးသည်။

"ကျွန်မ ကလိမ်ကျတာ ခံလိုက်ရပြီ၊ အဘိုးကြီးရဲ့သားက ကျွန်မကို သိမ်းသွင်းပြီး. . ."

"ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး မစ္စက်အေးမက်စ်" ဟု ရှေ့နေက ပြန်ပြောသည်။

"ဘာဖြစ်လို့ မတတ်နိုင်ရမှာလဲ၊ သေတမ်းစာကို ရုံးတော်တင်ပြီးကျွန်မ စစ်ဆေးချင်တယ်၊ ကျွန်မ ကလိမ်ကျခံလိုက်ရတာ၊ သူတို့ကို တရားစွဲပါ"

"ကျွန်တော်ကတော့ မလုပ်ဖို့ပဲ အကြံပေးပါတယ်၊ သေတမ်းစာကို ရုံးတင် စစ်ရင်ခင်ဗျား ဓာတ်ပုံတွေနဲ့ ခင်ဗျားအကြောင်း အစီရင်ခံစာတွေပါ ရုံးတော်ကို တင်ပြရလိမ့်မယ်၊ ဒါတွေရုံးတော်ရောက်သွားရင် ခင်ဗျားဟာ ကိုယ့်ထက်အသက် အများကြီးကြီးတဲ့ အဘိုးကြီးတစ်ယောက်ကို ပိုင်းလိုက်တဲ့မိန်းမလို့ ပြောကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘာပြောပြော ဘယ်လိုခေါ်ခေါ် ဂရုမစိုက်ဘူး၊ ပိုက်ဆံပဲ ကျွန်မလိုချင်တယ်"

"တရားဆိုင်ရင် ခင်ဗျားရှုံးမှာ သေချာတယ်၊ အခု ခင်ဗျားရလိုက်တဲ့ သုံးသိန်းတောင် အကုန်လုံးပြောင်သွားမယ်"

ရှိဘာတိုသည် အခြားရှေ့နေများနှင့် သွားရောက်တိုင်ပင်ကြည့်သေးသည်။ သို့သော်လည်း အားလုံးက ထိုအဖြေ တစ်မျိုးတည်းကိုသာ ပေးကြလေသည်။

\+ + +

ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီသည် ပေါလ်၏ လက်ထဲသို့ ရောက်လာသည်။ ကုမ္ပဏီ၏ အစုရှယ်ယာတစ်ဝက်ကို ဆစ်ဂရစ်က ပိုင်သော်လည်း အသက်မပြည့်သေးသောကြောင့် ပေါလ်ကပင် အမွေထိန်းအဖြစ် တာဝန်ယူရသည်။

ကုမ္ပဏီ အုပ်ချုပ်ခွင့် အာဏာများ သူ့လက်ထဲသို့ ရောက်လာသည်နှင့် တစ် ပြိုင်တည်း ပေါလ်က ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်ဥက္ကဋ္ဌ ဂေါ်ဒွန်ဆင် ကလဲယားဂျူနီယာနှင့် သွားတွေ့သည်။ ဆင်ကလဲယားစီနီယာ ကွယ်လွန်သွားပြီ ဖြစ်သောကြောင့် သူ့သားက ဘဏ်တိုက်ဥက္ကဋ္ဌတာဝန် ယူနေခြင်းဖြစ်သည်။

၁၉၃၉-၄၅ အချိန်ကာလများတုန်းက ဆင်ကလဲယားဘဏ်တိုက်နှင့် ပေါ်
ဆက်သွယ်ခဲ့ဖူးသည်။ သို့သော်လည်း သူ့အဖေနှင့် အဆက်အသွယ်ဖြစ်ခဲ့သည့် အချိန်မှ ယ်၊
ထိုဘဏ်တိုက်နှင့်လည်း အဆက်အသွယ် ဖြစ်ခဲ့လေသည်။ယခု ဥက္ကဋ္ဌဖြစ်နေသော ဆင်ကလဲ ည်း
ဂျူနီယာနှင့်လည်း သူမတွေ့ဖူး။ သို့သော် တွေ့လျှင်တွေ့ချင်း ပေါလ်က သဘောကျသွားသ ဉ်း

"ကျွန်တော့ ကုမ္ပဏီ အမြန်ဆုံးကြီးပွားအောင်လုပ်ချင်တယ်၊ ထိပ်ဆုံးကို ရောက်အောင် လုပ်ချင်တယ်၊တခြားကုမ္ပဏီတွေကိုလည်း ဝယ်ပြီးခွဲထွက်ချင်တယ်" ဟု ပေါလ်က ဆင်ကလဲယားကို ပြောပြသည်။

"ကုမ္ပဏီတွေ ကြီးပွါးတိုးတက်အောင် ကူညီဖို့ဆိုတာ ဆင်ကလဲယားနေရှင်နယ် ဘဏ်တိုက်ရဲ့ အဓိက လုပ်ငန်းဖြစ်ပါတယ်" ဟု ဆင်ကလဲယားက ပြန်ပြောသည်။

"ကောင်းပါပြီဗျာ၊ ဒီလိုဆိုရင် ကျွန်တော်တို့ ကြီးပွါးအောင် ခင်ဗျားနဲ့ ကျွန်တော် လက်တွဲ လုပ်သွားကြတာပေါ့"

ထို့နောက် ပေါလ် ဆက်လက်တွေ့ဆုံသူမှာ ဗိုရှ့နေ မိုင်းလ်စ်လင့်ချ်ဖီးလ် ဖြစ်သည်။

"ယုံကြည်စိတ်ချရတဲ့ စာရင်းကိုင်တွေငှားရမယ်၊ ခင်ဗျားပိုင်တဲ့ ပေါလ်ဝါနာ ဗားဟတ်ကုမ္ပဏီနဲ့ ဗားဟတ်ထုတ်လုပ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီကြားမှာ ငွေစာရင်းတွေ ရှုပ်ထွေးကုန်အောင် အရွှေ့အပြောင်းလုပ်ရမယ်၊ဒီက ငွေတွေကို ဟိုပို့ ဟိုက ငွေတွေကို ဒီပို့၊ အပြန်ပြန်အလှန်လှန်လုပ်ရမယ်၊ တခြား ကုမ္ပဏီတွေကို သိမ်းသွင်းယူရမယ်၊ ဒါမှ ငွေစာရင်းတွေကို ကျုပ်တို့ ကြိုက်သလို ခြယ်လှယ်လို့ရမယ်" ဟု မိုင်းလ်စ်လင့်ချ်ဖီးက ပြောသည်။

"ဥပဒေရေးရာ ကိစ္စတွေနဲ့ ကုမ္ပဏီတွေ တရားဝင်ဖြစ်အောင်လုပ်ဖို့တာဝန်ကို ခင်ဗျားယူပါ။ ကျွန်တော်ကတော့ အာဏာရှိတဲ့ လူတွေကြားထဲမှာ ဝင်ဆံ့နိုင်အောင် ကြိုးစားမယ်၊ ကုမ္ပဏီကို အစိုးရက လေးစားလာအောင်နဲ့ လူတွေအထင် ကြီးလာအောင်လုပ်မယ်" ဟု ပေါလ်က ပြန်ပြောသည်။

\+ + +

ပေါလ်သည် ထိပ်တန်းဟိုတယ်ကြီးများမှာ အချောဆုံး အလှဆုံးအမျိုးသမီးများနှင့် တွဲပြီး ကျက်စားနေသည်။ အာဏာရှိသူများကို ချဉ်းကပ်ပေါင်းသည်။ သတင်းစာဆရာများနှင့် အလွှမ်းသင့်အောင်လုပ်သည်။ သတင်းစာများ၊ သတင်း ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများက သူ့အကြောင်းကို ဝိုင်းရေးကြသည်။

" ၁၉၃၉ ခုနှစ်တုန်းက သူ့လက်ထဲတွင်ပိုက်ဆံ တစ်ပြားမှမရှိပဲ နာဇီဂျာမဏီနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးခဲ့သည်။ ယခုအခါတွင်မူ အရပ်ရှည်ရှည်၊ အသားညိုညိုနှင့် လူချော ပေါလ်ဝါနာ ဗားဟတ်သည် သန်းကြွယ်သူဌေးကြီးတစ်ယောက် ဖြစ်နေလေပြီ။ ဆက်လက်ရရှိဦးမည့် အောင်မြင်မှုများကလည်း တန်းစီလျှက်လေပြီ" ဟူ၍၎င်း။

"ပေါလ်ဗားဟတ်သည် အလူမီနီယံ ကုမ္ပဏီကြီးတစ်ခုကို ဝယ်ယူလိုက် ပြန်ကြောင်း" ဟူ၍၎င်း။

"စစ်ဘေးစစ်ဒဏ်ခံရသော လန်ဒန်မြို့ကြီးရှိ မြို့သူမြို့သားများ အိမ်ရာ ပြဿနာ ပြေလည်ရေးအတွက် လူနေအဆောက်အအုံများကို ဆောက်လုပ်ပေးမည် ဟု ပေါလ်ဗားဟတ်က ထုတ်ဖော်ပြောဆိုလေသည်" ဟူ၍၎င်း။

"အမျိုးသမီးချောများကြားတွင် ရေပန်းစားနေသည့် ပေါလ်ဗားဟတ်သည် နောက်ထပ် ကုမ္ပဏီကြီးတစ်ခုကို ထပ်မံ ဝယ်ယူဦးမည်ဟု ကြားသိရကြောင်း"ဟူ ၍၎င်း၊ သူ့သတင်းများမှာ ရေးမဆုံးအောင်ဖြစ်နေကြသည်။

တစ်နေ့တွင် နယူးယောက်တိုင်း သတင်းစာထဲမှာ နာရေးသတင်းတိုကလေး တစ်ခုကို ပေါလ် ဖတ်မိသည်။

"ကက်နက်ကောလ်ဖီး ( အသက် ၅၉ နှစ် ) သည်၎င်း၏ နေအိမ်တွင် ယနေ့ ကွယ်လွန် စွာရောက်သွားသည်။ မစ္စတာ ကောလ်ဖီးသည် ဒင်ဗာမြို့ဇာတိ ဖြစ်ပြီး ရေပိုက်ကုမ္ပဏီကြီးကို ထောင်ခဲ့သည်။ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်သည့်အချိန်အတွင်းမှာပင် သူ့ကုမ္ပဏီ သည် ထိပ်ဆုံးသို့ရောက်အောင် ကြီးပွားတိုးတက်သွားသည်။ ကုမ္ပဏီ၏ အစုရှယ်ယာများကိုလည်း သူတစ်ဦးတည်း ပိုင်ဆိုင်သည်။ ဇနီးဒေါ်ရော်သီနှင့် သားသုံးယောက်ကျန်ခဲ့သည်"

ထိုသတင်းကို ဖတ်မိသောအခါ ပေါလ် အတွေးနယ်ကျယ်ရပြန်လေသည်။ ဘာပဲ ဖြစ်ဖြစ်ကြိုးစားကြည့်ခြင်းသည် မမှားနိုင်ပေ။

လွန်ခဲ့သည့် ၁၆ နှစ်က ပလာဇာဟိုတယ်တွင် ဒေါ်ရော်သီကောလ်ဖီးနှင့် သူစတင်တွေ့ ခဲ့သည်။ သူ့ဘဝတွင် ပထမဦးဆုံးပတ်သက်ဖူးသော အမျိုးသမီးလည်း ဖြစ်သည်။ ထိုအချိန်က ဒေါ်ရော်သီသည် အသက် ၃၆ နှစ်ရှိလေပြီ။ သူ့ယောကျ်ားက ကျန်းမာရေးနှင့် မပြည့်စုံသော ကြောင့် သူ့ဘဝပျော်ရွှင်ချမ်းမြေ့မှုကို သူ့ဟာသူရှာ ဖွေနေရပါသည်ဟူ၍၎င်း၊ စိတ်တည်ငြိမ်မှု ရစေရန်လည်း အရက်ကိုသာ အဖော်ပြု နေရပါသည်ဟူ၍၎င်း ဒေါ်ရော်သီက သူ့ကို ပြောခဲ့ဖူး သည်။

ယခုဆိုလျှင် သူ့အသက် ၅၂ နှစ်လောက်ရှိပေပြီ။ သူ့ယောကျ်ားကွယ်လွန်သွားသည့် အတွက် ဝမ်းနည်းရခြင်းထက် သူ၏ ပျို့မျှစ်နုနယ်သော ဘဝကြီးတစ်ခုလုံး အလဟဿ ပြုန်းတီး ခဲ့ရသည့်အတွက် ပိုမိုဝမ်းနည်းနေလိမ့်မည်ဟုလည်း ပေါလ်တွေး ကြည့်နေမိသည်။ ဒင်ဗာမြို့မှ လိပ်စာကိုကိုင်ပြီး ပေါလ် ခရီးထွက်ခဲ့သည်။ ဘရောင်း ပလေ့စ်ဟိုတယ်မှာတည်းသည်။ ပြီးတော့ မော်တော်ကားတစ်စီးငှားသည်။

\+ + +

လိပ်စာအတိုင်း ဒေါ်ရော်သီကောလ်ဖီး၏ နေအိမ်သို့ သူရောက်လာသည်။ ဒေါ်ရော်သီ က လက်ခံတွေ့လို မတွေ့လိုကို သွားမေးပါမည်ဟု နီဂရိုးအိမ်ဖော် အမျိုးသမီးကြီးက ပြောသည်။ အပြင်ခန်းမှာ ပေါလ်ထိုင်စောင့်နေသည်။

ခဏကြာတော့ အပြင်ခန်းသို့ ဒေါ်ရော်သီထွက်လာသည်။ ပေါလ်ကို တွေ့သည်နှင့် ချက်ချင်းပင် သူမှတ်မိလေသည်။ ပေါလ်ကို ကြည့်နေရင်းဖြင့်လည်း စိတ်မချမ်းမသာ ဖြစ်သွား သည်။

ပေါလ်က သူ့ကို ရုတ်တရက်မမှတ်မိ။ ဟိုတုန်းက အလွန်ချောမောလှခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် အဝလွန်နေပြီ။ သူ့အသက် အမှန်ထက်လည်း ပိုပြီး အိုစာနေသည်။ မိတ်ကပ်များကို ခပ်ထူထူလိမ်းထားသည်။ ဆံပင်တွေလည်း ဖြူစပြုနေပြီ။ မွန်းလွဲပိုင်းအချိန်ပင်ရှိသေးသော်လည်း အတော်အတန်အရက်မူးနှင့်နေပြီကို တွေ့ရသည်။

"ကျွန်တော်တို့နှစ်ယောက် ဟိုမှာတွေ့ခဲ့ပြီးကတည်းက ခင်ဗျားအကြောင်းကို ကျွန်တော်ပြန်ကြားရတာ ဒါပထမဆုံးအချိန်ပါပဲ"

ပေါလ်က လွှမ်းလွှမ်းဆွေးဆွေး လေသံမျိုးဖြစ်အောင် ကြိုးစားပြောသည်။ အပြုံးကလေးတစ်ခုပေါ်လာအောင်ပင် အတော်ကြိုးစားယူရသကဲ့သို့ ဟန်ဆောင်လိုက်သည်။

"ဘုရား. . . . ဘုရား၊ ကိုယ့်ကိုမင်း တစ်ကယ် မှတ်မိနေတာပါကလား"

"ဒေါ်ရော်သီ. . . လူ့ဘဝမှာ ကိုယ်ပထမဦးဆုံးတွေ့ကြုံဖူးတဲ့ မိန်းမကို မေ့ပျောက်သွားတယ်ဆိုတဲ့ယောက်ျားမျိုး ဒီလောကကြီးမှာ မရှိပါဘူးဗျာ"

ထိုစကားကလေးကို အကွက်ဝင်အောင် ပြောလိုက်သည်။ ဒေါ်ရော်သီ အရက်မူးလွန်နေပြီဆိုလျှင်တော့ သူ့ပစ်ချက်သည် ဝင်ကောင်းမှ ဝင်မည်ဟုလည်း တွေးလိုက်မိသည်။ သို့သော် . . . . ဒေါ်ရော်သီ၏ မျက်လုံး အရောင်ပြောင်းသွား သည်ကို ကြည့်ခြင်းအားဖြင့် ပစ်ကွင်းကို ထိသွားကြောင်းသိလိုက်သည်။

"ကိုယ်. . . ကိုယ်. . . မင်းအကြောင်းတွေကို သတင်းစာတွေထဲမှာ ဖတ်နေရပါတယ်၊ မင်းဟာအရမ်းနာမည်ကြီးနေပြီပဲ"ထိုသို့ပြောရင်း မယုံကြည်နိုင်သည့်ပုံမျိုးဖြင့် သူ့ခေါင်းကိုလည်း ယမ်းခါလိုက်သည်။ "မင်းက အခု ကိုယ့်ကို လာတွေ့တယ်၊ အခုလို လာတွေ့တာ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့နော်. . . . ဘာအကြောင်း လဲဆိုတာတော့ ကိုယ်မသိဘူးလေ"

"ကျွန်တော်တို့ အရက်သောက်ကြရအောင်လား ခင်ဗျာ၊ ပြီးတော့ . . . . ဟို အတိတ်တုန်းကလို. . . . "

ဒေါ်ရော်သီ၏ စိတ်များ လှုပ်ရှားလာသည်။ ပေါလ်ကို လိုလိုလားလားဖြင့် ဧည့်ခန်းထဲသို့ ခေါ်သွင်းသွားသည်။ အရက်များစပ်ပေးသည်။ ပြီးတော့ မျက်နှာချင်းဆိုင်ထိုင်ကြသည်။

"မင်း ကိုယ့်ကို တကယ်မှတ်မိနေသေးတာပဲနော်"

ဒေါ်ရော်သီက ထိုစကားကို ထပ်ပြောပြန်သည်။ ပေါလ်က သူ့ကို အမှန်တကယ်မှတ်မိနေသေးကြောင်း သူ့ကိုယ်သူယုံကြည်ရန် ကြိုးစားနေသည့်သဘော ဖြစ်သည်။

"တစ်ခုမကျန်မှတ်မိပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ စက်လှေကားထဲမှာ ဘယ်လိုစတွေ့ကြတာရယ်၊ ကျွန်တော့ အိပ်ခန်းထဲကို သွားကြတာရယ်. . . နောက်ပြီးတော့. . . . "

"တော်ပါပြီကွယ်. . . . ၊ ကျန်တာတွေဆက်မပြောပါနဲ့တော့"

ဒေါ်ရော်သီ၏ မျက်လုံးထဲမှာ မျက်ရည်စတွေ ဝေ့ဝဲလာသည်ကိုလည်း တွေ့လိုက်ရလေသည်။

"ခင်ဗျားမှာ သားသမီးတွေရှိတယ်မဟုတ်လား၊ အကြီးဆုံးသားက လူကြီးတစ်ယောက်တောင် ဖြစ်နေရောပေါ့"

"ရစ်ချက်လား. . . . ဟား. . . . ဟား. . . . "ဒေါ်ရော်သီက၊ စိတ်နာသည့်ပုံစံမျိုးဖြင့် ရယ်သည်။ "ရစ်ချက်က မိန်းမရှာ ဖြစ်သွားတယ်လေ၊ ကျန်တဲ့အငယ် နှစ်ယောက်ကလဲ ပိုက်ဆံတောင်းဖို့အလုပ်တစ်ခုပဲ သူတို့လုပ်တတ်ကြတယ်"

"ဒီအတိုင်းဆိုရင် ခင်ဗျားဘဝကို အတော်ရှုန်းကန်ရဦးမှာပဲနော်"

ဒေါ်ရော်သီက ပြန်ပြုံးပြသည်။

"ဒါလောက်လဲ မဆိုးနိုင်ပါဘူးကွယ်၊ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးအားလုံး စီစဉ်ထားပြီးသားပါ။ အေးလေ. . . . မင်းနဲ့ အခုလို ပြန်တွေ့ရတာတော့ စိတ်ချမ်းသာစရာ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟောင်းတွေအသစ် ပြန်ဖြစ်လာဦးမယ်ဆိုရင် ပိုပြီးတော့တောင် စိတ်ချမ်းသာစရာ ကောင်းဦးတော့မှာပေါ့ဗျာ" ဒေါ်ရော်သီ၏ မျက်လုံးအစုံမှာ ဝိုင်းစက်သွားသည်။

"ဒေါ်ရော်သီ. . . . အိမ်ဖော်တွေကို ခဏလောက်တစ်နေရာ လွှတ်လိုက်ရင် ဖြစ်မလား . . . . လိုအပ်တယ်ဆိုရင်ပေါ့လေ"

"တစ်နေရာရာ လွှတ်ရမယ်. . . . ဘာအတွက်လဲကွယ်"

"ဒါမှ ကျွန်တော်တို့နှစ်ယောက် ဟိုတုန်းကလို လွတ်လွတ်လပ်လပ် နေနိုင်မှာပေါ့ဗျာ"

ဒေါ်ရော်သီ၏ လက်ထဲမှ အရက်ဖန်ခွက်မှာ အောက်သို့ လွတ်ကျသွားတော့ မလို ဖြစ်သွားသည်။

"မင်းက ကိုယ်နဲ့ လွတ်လွတ်လပ်လပ်နေချင်သတဲ့လားကွယ် . . . . ကိုယ့်ပုံပန်း သဏ္ဍာန်ကြီးကိုလဲ ကြည့်ပါဦး၊ စိတ်မှန်တဲ့ဘယ်လိုယောကျ်ားမျိုးမှ. . . ."

"ကောင်းပါပြီလေ. . . . ကျွန်တော့်ကို အရူးလို့ပဲ သက်မှတ်လိုက်ပါတော့"

ပေါလ်က ထိုင်ရာမှထသွားပြီး တွဲကျစပြုနေသော ဒေါ်ရော်သီ၏ ပါးနှင့် လည်ပင်းကို ကိုင်လိုက်သည်။

\+ \+ \+

ပေါလ်နှင့် ဒေါ်ရော်သီသည် ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာ ကာ အရက်ဆက်သောက်ကြသည်။ ဒေါ်ရော်သီ ဆက်လက် ဖြေရှင်းရမည့် လုပ်ငန်းများ အကြောင်းကို ဆွေးနွေးကြသည်။

"လုပ်ငန်းအတွက် စိတ်ပူမနေပါနဲ့ဗျာ၊ ခင်ဗျားယောကျ်ားခန့်ထားခဲ့တဲ့ မန်နေဂျာတွေ ကိုပဲ လွှဲထားလိုက်တာပေါ့၊ သူတို့ကိုရော မယုံကြည်ရဘူးလား"

"မယုံရဘူး သူတို့က ကက်နက်အပေါ်မှာပဲ သစ္စာရှိကြတာ၊ ကိုယ့်ကိုယ် သူတို့မုန်းတယ်"

"ယုံကြည်စိတ်ချရတဲ့ ရှေ့နေတစ်ယောက်တော့ ရှာမှဖြစ်မှာပေါ့. . . . "

"ရှိတဲ့ရှေ့နေတွေကလဲ ကက်နက်လူတွေချည်းပဲ၊ သူတို့ကလဲ ကိုယ်နဲ့ မျက်နှာကြော မတည့်ဘူး၊ ကိုယ်အရက်သောက်တာဟော့၊ အပြင်မှာထွက်ပြီး ပွေနေတာတွေကို သူတို့ သိတယ်လေ၊ ဒါတွေကို သူတို့မကြိုက်ဘူး"

ထိုနေ့ညက ညစာကို ဒေါ်ရော်သီ၏ အိမ်မှာပင်စားလိုက်သည်။ ပေါလ်က လုပ်ငန်းနှင့် ပတ်သက်ပြီးစကားပြောဖို့ အချိန်ကောင်းကို စောင့်နေသည်။ နောက်ဆုံးတွင် ဒေါ်ရော်သီက သူ့လုပ်ငန်းများအတွက် စိတ်ပူကြောင်း၊ ကျန်လူများက သူ့ကို ဝိုင်းပြီးကလိမ်ကျကြမည်ကို စိုးရိမ်ကြောင်းများဖြင့်ပြောသည်။

"ဒီလို ဆိုရင်လဲဗျာ. . . . ခင်ဗျားကုမ္ပဏီကို ပိုပြီးကြီးတဲ့ ကုမ္ပဏီတစ်ခုခုနဲ့ ပေါင်းလိုက် ပါလား၊ တန်ဘိုးဖြတ်ပြီး အစုရှယ်ယာတွေ ယူထားလိုက်ပေါ့၊ ဒါဆိုရင် ကိုယ်ဘာမှ မလုပ်ရပဲ အစုရှယ်ယာပေါ်က အမြတ်တွေကို ထိုင်စားနေရုံပဲလေ"

\+ \+ \+

နောက်လတွင် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ကြသည်။ ဒေါ်ရော်သီ၏ မန်နေဂျာများက ကန့်ကွက်နေကြသည့်ကြားကပင် ဒေါ်ရော်သီသည် သူ၏ ကုမ္ပဏီကို ပေါလ်၏ လက်သို့ ထိုးအပ်လိုက်လေတော့သည်။

ထို့နောက် မကြာမြင့်မီမှာပင် ကက်နက်ကောလ်ဖီး၏ ကုမ္ပဏီမှာ ရှိနေသည့် ဒါရိုက်တာ များ၊ မန်နေဂျာများနေရာတွင် ပေါလ်က သူ့လူများနှင့် အစားထိုးပြီး လူဟောင်းများကို အလုပ်ဖြုတ်ပစ်လိုက်လေတော့သည်။

ပေါလ်က ထိုအဖြစ်အပျက်များကို ဆစ်ဂရစ်အားပြန်ပြောပြသည်။ ဆစ်ဂရစ်က တဟားဟားရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအပေါ်က ကျွန်မတို့ဘယ်လောက်မြတ်လိုက်သလဲ အစ်ကို"

"သဘောတူညီမှုတစ်ခုကလေးအတွက်တင် ဒေါ်လာ ငါးသန်းလောက်မြတ်လိုက်တယ်"

"မိန်းမပိုင်းလုံးသာကြားဖူးတယ်၊ အခုတော့ ယောက်ျားပိုင်းလုံးကိုပါ အစ်ကိုလာ တော်နေရပြီကိုး၊ အစ်ကို အောင်မြင်လာတာဟာ အဲဒီအကြံအဖန်တွေကြောင့်ပဲလားဟင်"

"ထိပ်ဆုံးကို မရောက်သေးသမျှ အစ်ကို့ နည်းလမ်းတွေကို ထုတ်မပြောနိုင်သေးဘူးလေ"

ထိုအချိန်ကစပြီး ပေါလ်ဗားဟတ်သည် ထိပ်ဆုံးသို့ရောက်အောင် သူ့နည်းဖြင့်သူ မနားမနေ ကြိုးပမ်းလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကြောင်း – ၃

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

## အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယား၊ ကြာသပတေး၊ မေ ၁၃၊ နံနက် ၈း၀၀ နာရီ

ယနေ့နံနက် နှစ်နာရီထိုးသည်အထိ ရပ်ဆယ်သော့ပ်နှင့် ဩဂတ်စတပ် ဆမ်မြူယယ်တို့နှစ်ယောက် စာကြည့်ခန်းထဲမှာထိုင်ပြီးဆွေးနွေးခဲ့ကြသည်။ ယခု မိုးလင်းသောအခါ အသက် ၇၀ ကျော်အဖိုးကြီး ဆမ်မြူယယ်မေယာသည် ရေကူး ကန်ထဲသို့ ရောက်နှင့်နေချေပြီ။

ရပ်ဆယ်သော့ပ်က ဒိုင်ဗင်ထိုးသည့် ခုံပေါ်မှ ရေကန်ထဲသို့ ဒိုင်ဗင်ထိုးချ လိုက်သည်။ ရေက အလွန်အေးနေသည်။ လူအချို့က ကန်ထဲမှရေကို နွေးနေမှ ကြိုက်သည်။ ရပ်ဆယ်ကတော့ ယခုလို အေးနေသည့်ရေကို ပိုကြိုက်သည်။ သဲကန္တာရ အရပ်ပင်ဖြစ်သော်လည်း ကန်ထဲကရေကို စိတ်ကြိုက် အအေးဒီဂရီသို့ ရောက်အောင် မေယာက ဖန်တီးထားလေသည်။

ခဏကြာတော့ ကလျာမေယာရောက်လာသည်။

"ဂွဒ်မောနင်း ဖေဖေ. . . . ၊ ဂွဒ်မောနင်း ရပ်စ်"

ကလျာက လှမ်းအော်နှုတ်ဆက်ရင်း သူ့ကိုယ်ပေါ်မှ အပေါ်ဝတ်အင်္ကျီကို ချွတ်ပြီး ရေကန်ဘောင်ပေါ်ရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်လိုက်သည်။ ရေကူးဝတ်စုံနှင့် ကလျာမှာ ပို၍ပင်ချောလာသည်။ ရပ်ဆယ်သော့ပ်က မျက်တောင်မခတ်ပဲ ငေးကြည့်နေသည်။ သည်လိုလှပသည့် မိန်းကလေးကို မည်သည့်ယောကျ်ားမဆို ငေးကြမည်သာဖြစ်ပါသည်။

ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်ပြီး ငုပ်သွားသည်။ ပြီးတော့ ရပ်ဆယ်သော့ပ် ဘေးမှာ လာပေါ်သည်။

"ဟေး. . . . ဆရာကြီး. . . . ရှင်ရေကူးတာ ကျွန်မလှမ်းကြည့်နေတယ်၊ ရေကူးတယ် ကျွမ်းကျင်ပါလား"

"ကျုပ်က နယူးဘက်ဖို့ဒ် နယ်ကလာတာလေ၊ ကျုပ်တို့နယ်သားတွေ အားလုံးက လက်တစ်ဘက်တည်းနဲ့ ရေကူးတတ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျန်တဲ့လက်တစ်ဘက်က ကိုယ်စိုဖို့ နို့ဗူးကလေးကို ကိုင်ထားရလို့"

"သွား. . . . လူရှုပ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကလျာက အပြုံးကလေးတစ်ချက်ပြုံးပြပြီး အဝေးသို့ ကူးထွက်သွားတော့သည်။

နံနက်စာဝိုင်းမှာသူတို့ ပြန်ဆုံကြပြန်သည်။ ဆမ်မြူယယ်မေယာက သူ၏ ယနေ့တွက် ယူနီဖောင်းဖြစ်သော ဘောင်းဘီတိုကို ဝတ်ပြီးဖြစ်သည်။ နာဒိုင်းနှင့် ကလျာကလည်း တင်းနစ်ဝတ်စုံကို ဝတ်ထားကြသည်။ ရပ်ဆယ်သော့ပ် တစ်ယောက်သာ ရိုးရိုးအဝတ်အစားနှင့် ဖြစ်နေသည်။ သူ့တွင် အဝတ်အစား များများစားစား လည်းပါမလာ။

"နံနက်စာစားပြီးရင် ကျွန်မတို့တင်းနစ်တစ်ပွဲလောက် ကစားလိုက်ကြဦးမလား ဖေဖေ" ဟု ကလျာက လှမ်းမေးသည်။

"မကစားနိုင်သေးပါဘူး သမီးရယ်၊ ရပ်စ်နဲ့ တစ်နေကုန်စီစဉ်စရာတွေ ရှိနေသေးတယ်" မေယာက ကြက်ဥဖောက်ရင်း ပြန်ပြောသည်။

ကလျာနှင့် နာဒိုင်းတို့နှစ်ယောက်က အပြန်ပြန်အလှန်လှန် မျက်ရိပ်ပြလိုက်ကြသည်။ မေယာသည် နံနက်တိုင်းရေကူးသည်။ ပြီးတော့ နံနက်စာစားသည်။ နံနက်စာစားပြီးလျှင် အနည်းဆုံး တင်းနစ်တစ်ပွဲတော့ ကစားလေ့ရှိသည်။ ထိုအလေ့ အကျင့်များကို တော်ရုံကိစ္စကြောင့်တော့ အပျက်ခံလေ့မရှိ။

ယခုတော့ စာကြည့်ခန်းထဲမှာ တံခါးပိတ်ပြီး သူတို့နှစ်ယောက် အချိန်ကြာမြင့်စွာ ဆွေးနွေးကြသည်။ အခါတိုင်းသူအလုပ်လုပ်လျှင် ရေကူးကန်ဘေးမှာ စားပွဲကုလားထိုင်ချပြီး လုပ်လေ့ရှိသည်။ ယခုတော့ ထိုသို့မဟုတ်။ ရပ်ဆယ်သော့ပ်ဆိုသူမှာလည်း ယခင်က သူတို့မသိခဲ့သည့် လူငယ်တစ်ယောက်ဖြစ်သည်။ မေယာကို ကုမ္ပဏီ၏ ယုံကြည်စိတ်ချရသော ထိပ်တန်းအရာရှိကြီး ဟုဆိုကာ မိတ်ဆက်ပေးသည်။ သူတို့ဘာတွေများအရေးတကြီး တိုင်ပင်နေကြသနည်း။

"ဆမ် ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်မတို့ကိုလဲ ပြောပါဦး"ဟု နာဒိုင်း ကမေးသည်။

"အလုပ်ကိစ္စပါကွာ၊ အလုပ်ကိစ္စသက်သက်ပါပဲ" မေယာက မျက်လုံးချင်း ဆိုင်မကြည့်ပဲ မျက်နှာလွှဲထားသည်။

"အလုပ်ကိစ္စသက်သက်လား. . . . အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဖေဖေ စိတ်ပူနေပြီ ဆိုရင် မေယာကို ကုမ္ပဏီဟာ အကုသိုလ်ကြီးကြီးမားမားနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတဲ့ သဘောပဲ၊ အဖြစ်မှန်ကို နာဒိုင်းနဲ့ ကျွန်မလည်း သိသင့်ပါတယ်ဖေဖေ"

"ခေါင်းကိုက်စရာလေးနည်းနည်းတွေ့နေရလို့ပါသမီးရယ်"

နာဒိုင်းက ရပ်ဆယ်သော့ပ် ဘက်သို့လှည့်လာသည်။

"ရှင်တို့နှစ်ယောက် ဘာတွေလုပ်နေကြတာလဲ"

"ဆမ်ပြောတဲ့အတိုင်းပါပဲ၊ ခေါင်းကိုက်စရာကလေးနည်းနည်းတွေ့နေရလို့ပါ"

မေယာက ထိုင်ရာမှထသည်။

"အဆင်သင့် ဖြစ်ပြီလားရပ်စ်"

အမျိုးသားနှစ်ယောက် ထိုင်ရာမှထပြီးစာကြည့်ခန်းထဲသို့ ဝင်သွားကြသည်။ အမျိုးသမီးနှစ်ယောက် စားပွဲတွင် ကျန်ရစ်ခဲ့ရင်း မျက်မှောင်ကုပ်ကာ စဉ်းစားနေကြသည်။

"သိပ်အရေးကြီးတဲ့ ပြဿနာတစ်ခုခုနဲ့ ဆမ်ရင်ဆိုင်နေရပြီလို့ ကိုယ် ထင်တယ်"ဟု နာဒိုင်းက ပြောသည်။

ကလျာက ခေါင်းညိတ်ပြသည်။

"ဘာပဲဖြစ်ဖြစ်သူတို့ ဘာအခက်အခဲတွေနဲ့ ကြုံနေရတယ်ဆိုတာ သိရအောင်တော့ ကျွန်မလုပ်မှ ဖြစ်မယ်"

"ရပ်စ်ကို ချဉ်းကပ်ပြီး ကြိုးစားကြည့်၊ မင်းသတိထားမိမလားတော့ မပြောတတ်ဘူး၊ မင်းကို သူသိပ်စိတ်ဝင်စားနေတယ်"

"ရိုးရိုးသားသား ပြောရရင်ကျွန်မလဲသူ့ကို စိတ်ဝင်စားနေမိတယ်၊ ဒါပေမယ့် ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာက စိတ်အနှောက်အယှက် ပေးနေသလဲဆိုတာ ပိုပြီးသိချင် နေတယ်"

"ကိုယ်ပြောသလိုပဲ ရပ်စ်ကိုသာ ချဉ်းကပ်ပါ၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် ရအောင် ပစ်ပြီးသားဖြစ်သွားပါလိမ့်မယ်"

**လော့စ်အိန်ဂျလိစ်၊ နံနက် ၉း၃၀ နာရီ။**

ဟာရှေဘာလောက်သည် ပင်သီယွန်တီဗီကုမ္ပဏီရှိ သူ့ရုံးခန်းမှ အလုပ်စားပွဲတွင် မနက် ၈ နာရီကတည်းကထိုင်ပြီး မနားတမ်းအလုပ်လုပ်နေသည်။ ထိုအချိန်တွင် သူ့အတွင်းရေးမှူးက စာပို့သမား လာပေးသွားသည့် အစီရင်ခံစာကို လာပေးသည်။ ဟာရှေဘာလောက်က အစီရင်ခံစာကို ဖတ်ကြည့်ပြီး ဆမ်မြူယယ်မေယာထံသို့ ချက်ချင်းဖုန်းလှမ်းဆက်သည်။

"ကျုပ်လဲ ခင်ဗျားဆီကို ဖုန်းဆက်တော့မလို့ လုပ်နေတာဟာရှေ၊ ကျုပ် နောက်ဆုံး ဆုံးဖြတ်ချက်ကို ချလိုက်ပြီ၊ သော့ပ်ပြောတဲ့အတိုင်း စီဘီစီနဲ့ ချုပ်ထားတဲ့ စာချုပ်ကို ဖျက်လိုက်ပါ၊ စင်တီနယ်ကုမ္ပဏီက ဘယ်လောက်လုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ပါ၊ ကျုပ်တို့ ကုမ္ပဏီနဲ့ စာချုပ် ဖျက်လိုက်တဲ့အတွက် ဗားဟတ်က သူ့အဖို့ ရွှေပန်းသီးတွေရပြီလို့ ထင်လိမ့်မယ်၊ နောက်တော့မှ ကျီးအာသီးတွေဖြစ်နေတာ သူတွေ့ရလိမ့်မယ်"

"ကျွန်တော်အားလုံးစီစဉ်ပြီးပါပြီ စီဘီစီအတွက်အရေးကြီးတဲ့ ရုပ်မြင်သံကြား ဇာတ်ကား တွေအားလုံးကိုလဲ ကျွန်တော်ထိန်းထားလိုက်ပါပြီ"

"ကောင်းတယ်၊ တစ်ပတ်အတွင်း စာချုပ်ဖျက်ဖြစ်အောင်လုပ်ပါ၊ အမြားဆုံး ဆယ်ရက် ဆိုပါတော့"

"ကောင်းပါပြီ ခင်ဗျာ၊ ဒါထက် စကားမစပ် . . . ရပ်စ် အဲဒီမှာ ရှိနေသလား၊ ကျွန်တော် သူနဲ့ စကားတစ်ခွန်းလောက်ပြောချင်ပါတယ်"

ရပ်ဆယ်သော့ပ်က ဖုန်းလာကိုင်သည်။ ဟာရှေဘာလောက်က မနေ့က သူ့အပြုအမူ များနှင့် ပတ်သက်ပြီး တောင်းပန်စကားပြောသည်။ သို့သော် ရပ်စ်က စကားကို ဖြတ်ပစ်လိုက် သည်။ ဒါတွေကို သူမေ့သွားပြီ။ သူတို့နှစ်ယောက်မိတ်ဆွေ ပြန်ဖြစ်လာကြပြန်သည်။

"အခုအချိန်ကစပြီး ကျွန်တော်တို့အလုပ်တွေ ဆက်လုပ်သွားကြရဦးမှာပါ ဟာရှေ"ဟု ရပ်ဆယ်သော့ပ်ကပြောသည်။

"ရောဘတ်နားလင်းနဲ့ ပတ်သက်တဲ့အစီရင်ခံစာ အခုကလေးပဲ ကျုပ်ရတယ်၊ သူ့မျက်နှာ ပုံပျက်ပန်းပျက်ဖြစ်နေတာနဲ့ သူ့ခြေထောက်တစ်ဘက် လိမ်ကောက်နေတာ ခင်ဗျားသိတယ် မဟုတ်လား၊ သူကြုံခဲ့ရတဲ့ မြာမှုတွေမှာ အဲဒါကြီးက ပြဿနာတစ်ခု ဖြစ်နေတယ်၊ ကလေး နှစ်ယောက်ကို ဗလက္ကာယလုပ်မှုနဲ့ သူ နှစ်ကြိမ်အဖမ်းခံရဖူးတယ်၊ အစွယ်မရောက်သူတွေ ချည်းပဲ၊ ဗီးဂတ်စ်မြို့မှာတစ်ကြိမ်၊ စိန့်လူးဝစ်မြို့မှာ တစ်ကြိမ်"

"သူ အပြစ်ပေးခံရသလား"

"မခံရဘူး၊ အမှုတွေ အားလုံးမှားယွင်းမှုနဲ့ ပိတ်ပစ်လိုက်တယ်၊ နှစ်မှုစလုံးမှာ အကြောင်းပြချက်တစ်ခုတည်းနဲ့ သူရှောင်တိမ်းနိုင်ခဲ့တယ်၊ သူ့မျက်နှာကြီးက ဒါလောက်ဆိုးနေတာ ဘယ်ကလေးကိုသွားပြီး ဗလက္ကာယလုပ်လို့ရမလဲတဲ့၊ နောက် ပြီးတော့. . . . သူ့ခြေတစ်ဘက်က မသန်[illegible]အတွက် မြန်မြန်ဆန်ဆန် လှုပ်ရှားလို့ မရဘူးတဲ့၊ ဒါကြောင့် ဗလက္ကာယ လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ လျှောက်လဲတယ်၊ တရားသူကြီးတွေကသူ့ကို တရားသေ လွှတ်လိုက်တယ်၊ ဒါပေမယ့် ဒီအချက်ဟာ ကျုပ်တို့ ကိုင်မယ်ဆိုရင် ဖြစ်နိုင်တဲ့ အချက်တစ်ခုပဲ"

"သေချာတာပေါ့၊ ကလေးတစ်ယောက်ကို အဆင်သင့်ငှားထားပါ၊ တခြား နည်းတစ်ခုခု ကို ကျွန်တော်တို့ ချက်ချင်းမတွေ့သေးဘူးဆိုရင် ရောဘက်နားလင်းကိုပဲ စကိုင်ရမှာပဲ၊ ကျေးဇူးတင်ပါတယ်. . . . ဟာရှေ"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်သည် တယ်လီဖုန်းကို ပြန်တင်ထားကာ စီးကရက် တစ်လိပ်ကို မီးညှိဖွာနေသည်။ ပြီးတော့ စားပွဲပေါ်မှာတင်ထားသည့် အင်ကမ်းကုမ္ပဏီ နှင့် ပေါလ်ဗားဟတ်တို့၏ကိုယ်ရေးအတ္ထုပ္ပတ္တိဖိုင်တွဲပုံကြီးကို ငေးကြည့်ရင်း ဆင်ခြင်နေသည်။ ဆမ်မေယာက မျက်နှာချင်းဆိုင် ကုလားထိုင်မှာထိုင်ပြီး သူ့ကို အကဲခတ်နေသည်။

"ကျုပ်တို့ အစီအစဉ်တွေ အများကြီးတိုးတက်လာပါပြီ၊ ဒါပေမယ့် မောင် ကျေနပ်ပုံ မပေါ်သေးဘူး"

"ဟုတ်တယ်၊ မကျေနပ်သေးဘူး. . . . ဆမ်၊ ဗားဟတ်ရဲ့ အဓိက သွေးကြောကို ဖြတ်ပစ်ရမယ်လို့ ကျွန်တော်ယုံကြည်နေတုန်းပဲ"

"ပြူအာတိုကွေဒို. . . . "မေယာ၏လေသံသည် အတက်အကျမရှိ။ ဆံပင်များကို လက်ချောင်းကလေးများဖြင့် ထိုးဖွနေသည်။

"လက်နက်တွေဝယ်ရမယ်၊ ကြေးစားစစ်သားတွေ ငှားရမယ်၊ ကိုယ်ပိုင် စစ်ပွဲတစ်ခု ဆင်နွှဲရမယ်၊ အခုထက်ထိ ကျုပ်ပိုင်းဖြတ်လို့ မရသေးဘူးရပ်စ်. . . "

ရပ်ဆယ်သော့ပ်၏ မျက်လုံးစိမ်းစိမ်းများ အရောင်တောက်လာသည်။

"မနေ့ညတုန်းကလည်း ကျွန်တော်အသေးစိတ်ရှင်းပြပြီးပါပြီ ဆမ်၊ ကျွန်တော် ထပ်ပြီး ရှင်းပြပါရစေဦး"

မေယာက အချိန်အတော်ကြာအောင် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ခဏကြာတော့မှ. . . .

"ပြောပါ" ဟု ပြောသည်။

"ဆမ်. . . . ပြူအာတိုကွေဒို နိုင်ငံမှာ သွေးချောင်းစီးပွဲတွေဖြစ်အောင် ဗားဟတ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဖန်တီးတော့မယ်၊ ဒီအလုပ်ကို သူမဖြစ်မနေ လုပ်ရတော့မယ်၊ ဒီလိုမလုပ်ရင် သူ့ရဲ့ အင်ကမ်းကုမ္ပဏီပျက်စီးသွားမယ်၊ ပြူအာတို ကွေဒိုစစ်တပ်ကို သူကိုင်မယ်၊ ဒါမှ သူတို့ လုပ်ချင်သလိုလုပ်လို့ရတော့မယ်၊ မကိုင်နိုင်ရင် သူတို့ လက်လွှတ်ထွက်ပြေးရတော့မယ်"

"ဒါတွေဟာမောင်က ခန့်မှန်းကြည့်နေတာပဲ. . . . ရပ်စ်"

"မဟုတ်ပါဘူး ခင်ဗျာ၊ ဒါတွေဟာ သေချာပေါက်ဖြစ်လာမှာတွေပါ၊ မဖြစ်ရင် ကျွန်တော့်ကို သက်ပါလို့ဆိုပြီး အသက်ကိုတောင် ပုံလောင်းရဲပါတယ်"

ရပ်ဆယ်သော့ပ်သည် ထိုစကားကို ပြောရင်းကျောထဲမှာစိမ့်လာသည်။ သူတင်ပြထားသည့်စီမံကိန်းကို မေယာက ခွင့်မပြုပါ့မလားဟုလည်း တွေးနေမိသည်။ ခွင့်ပြုပြီဆိုလျှင်တော့ သူ့အသက်ကိုစွန့်ပြီးဆောင်ရွက်ရပေတော့မည်။

စန်တာကလာရာ၊ ပြူအာတိုကွေဒိုနိုင်ငံ၊ မွန်းလွဲ ၁၂း၄၀ နာရီ။

ထောင်ပေါင်းများစွာသော လူထုကြီးသည် ဆိုင်းဘုတ်များကိုင်ကာ ကြွေးကြော်သံများ အော်ဟစ်ပြီးသမ္မတ အိမ်တော်ရှိရာသို့ ချီတက်သွားကြသည်။ ဆန္ဒပြပွဲများသည် နေ့တိုင်း နေ့ခင်းပိုင်းမှာ ပုံမှန်ဖြစ်နေသည်။ ငြိမ်းငြိမ်းချမ်းချမ်း သေသေဝပ်ဝပ်ဖြင့် ဆန္ဒပြနေကြခြင်း ဖြစ်သောကြောင့် ဆန္ဒပြသူဦးရေမှာ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသည်။

ရာသက်ပန်သမ္မတကြီး ရာမွန်မူညော့ဇ်လည်း ကြောက်ဒူးတုန်နေပြီ။ အိမ်တော်ထဲမှ အပြင်သို့ လုံးဝမထွက်တော့။ ရွေးကောက်ပွဲကျင်းပပေးမည်ဟု သူရှူး ကြောင်ကြောင်ကြေငြာခဲ့ရာ ထိုရွေးကောက်ပွဲရက်ကလည်း တစ်စတစ်စနီးကပ်လာပြီ။ ယခုတော့ တစ်ကြိမ်တုန်းက အင်ကမ်းကုမ္ပဏီကြီး၏ ရုပ်သေးရုပ်ဖြစ်ခဲ့သော သမ္မတကြီးသည် ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံပါတီဖြစ်သော ပေါ်ပြူလာပါတီအင်အားက နေ့စဉ်နှင့်အမျှ ကြီးထွားနေသည်။ လူထုလူတန်းစား အသီးသီးတို့ကလည်း ပေါ်ပြူလာပါတီကို တိုး၍တိုး၍ ထောက်ခံလာကြသည်။

ပေါ်ပြူလာပါတီက သူတို့အာဏာရလာလျှင် အင်ကမ်းကုမ္ပဏီကို ပြည်သူပိုင်သိမ်းယူမည်ဖြစ်ကြောင်း၊ အလုပ်သမားများကို တစ်နာရီလျှင် ၂၅ ဆင့် လုပ်ခနှုန်း သတ်မှတ်ထားသည်ကို ပယ်ဖျက်ပြီး ထိုထက်များသော လုပ်ခနှုန်းကို ပြင်ဆင် သက်မှတ်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် ပိတ်ပင်ထားခြင်း ဆန္ဒပြပွဲများ ပြုလုပ်ခွင့် ပိတ်ပင်ထားခြင်းများကို ပယ်ဖျက်ပေးမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေငြာထားသည်။

နှစ်ပေါင်းနှစ်ဆယ်ကျော် နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်း ခံခဲ့ရသော အတတ်ပညာရှင်၊ အသိပညာရှင်များ၊ ကုန်သည်ပွဲစားများ၊ လူလတ်တန်းစားများက ပေါ်ပြူလာပါတီကို တစ်ခဲနက်ထောက်ခံနေကြသည်။

ဂျက်ဖရေစပင်ဇာသည် သူ့ရုံးအပေါ်ထပ် ပြတင်းပေါက်မှာရပ်ရင်း ဆန္ဒပြ ချီတက်သွားသည့် လူထုကြီးကို လှမ်းကြည့်နေသည်။ မကြာမီ အချိန်အတွင်း ပုံမှန်အနေအထားများသို့ ပြန်ရောက်ရတော့မည် ဖြစ်ကြောင်းလည်း သူ့ကိုယ်သူအား ပေးနှစ်သိမ့်နေသည်။ နှစ်ပတ်သုံးပတ်ကြာလျှင် ပေါ်ပြူလာပါတီကို အမှုန့်ချေပစ်တော့မည်။ သူတို့ခေါင်းဆောင်များအားလုံးကိုလည်း စစ်တပ်က မြေတူးစက်နှင့်တူးထား သည့်တွင်းထဲမှာ မြှုပ်နှံသင်္ဂြိုဟ်ပြီးဖြစ်တော့မည်။ ထိုအခိုက် သူ့အတွင်းရေးမှူး ၏ အသံအင်တာကွန်းမှ ပေါ်ထွက်လာသည်ကို ကြားရသည်။

"ကာနယ်လီနာရီ ဖုန်းဆက်နေပါတယ် မစ္စတာ စပင်ဇာ"

ဂျက်ဖရေက စားပွဲရှိရာသို့ လျှောက်သွားပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

"ကောင်းသော နေ့ခင်းပါ ကာနယ်"

"တချို့အတွက်ကောင်းတယ်၊ တချို့အတွက် မကောင်းဘူး၊ ဝမ်းနည်းစရာအဖြစ် တစ်ခုဖြစ်သွားတယ် မစ္စတာ စပင်ဇာ၊ ဆီးနိုတ်လွှတ်တော် အမတ်နှစ်ယောက် သူတို့ သက်တော်စောင့်တွေနဲ့ အတူတူ ဗုံးခွဲခံရလို့ သေသွားကြတယ်"

"ကြောက်စရာပါပဲလား၊ ဒီလိုအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ဘယ်သူ့မှာ တာဝန်ရှိသလဲ"

"ငြိမ်းချမ်းရေး မျက်နှာဖုံးစွပ်ထားတဲ့ ပေါ်ပြူလာပါတီဝင်တွေဟာ သူတို့ရဲ့ ပင်ကိုအကြမ်းဖက်ဝါဒကို ထုတ်ပြလိုက်တာနဲ့တူပါတယ်၊ ဒါပေမယ့် မစ္စတာ စပင်ဇာ. . . သမ္မတက အမိန့်မပေးပဲ ကျွန်တော်တို့ စစ်တပ်က ဘာမှလုပ်လို့ မရဘူး၊ ဒါတွေကိုတားဖို့ သူကလဲ အမိန့်ပေးမှာ မဟုတ်ဘူး၊ ဒါ့ကြောင့် ဒီလို အကြမ်းဖက်မှုတွေ ဆက်ဖြစ်နေတော့မယ်"

\+ + +

စပင်ဇာနှင့် ပေါလ်ဇားဟတ်တို့ နှစ်ယောက် အသံလှိုင်းဖျက် ကိရိယာတပ်ထားသည့် တယ်လီဖုန်းဖြင့် စကားပြောနေကြသည်။

"လီနာရီတော့ သူ့သံစုံ တီးဝိုင်းကြီးကို ကြိုးစညှိနေပြီ၊ အထက်လွှတ်တော် အမတ်နှစ်ယောက်နဲ့ သူတို့ရဲ့ သက်တော်စောင့်တွေ အဆုံးစွန်ဆုံး အောင်ပွဲကို ခံသွားကြပြီ" ဟု စပင်ဇာက ပြောသည်။

"အပိုအလုပ်တွေ၊ ပြူအာတိုကွေဒို အထက် လွှတ်တော်အမတ်ကို ဘယ်သူက ဂရုစိုက်နေမှာလဲ".

"စိတ်ရှည်ရှည်ထားပါလေ၊ လီနာရီဟာ အမျိုးသား အာဇာနည်ရွေးတဲ့နေရာမှာ အင်မတန်တော်တဲ့လူပါ၊ ဇာတ်ရှိန်ကို သူတဖြည်းဖြည်း မြှင့်ယူသွားလိမ့်မယ်၊ ဒီတော့မှ ကျုပ်တို့ စီမံကိန်းကြီးဟာ ကျုပ်တို့နဲ့ဘယ်လိုမှ မပတ်သက်သလို ဖြစ်သွားပြီး အောင်ပွဲခံနိုင်တော့မှာပေါ့"

"လီယိုဖူးချ်ဘက်နဲ့ ပတ်သက်ပြီး သတင်းစာတွေက တောင်မေးမြောက်မေး လုပ်နေသေး



www.burmeseclassic.com

www.burmeseclassic.com



သလဲဟ"

"လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာကတော့ လိုက်နေတယ်၊ မပူပါနဲ့၊ ဒီကောင်တွေ ဘာသဲလွန်စမှ မရနိုင်ပါဘူး"

ထို့နောက် ပေါလ်ဗားဟတ်က အင်ကမ်းကုမ္ပဏီနဲ့ ပတ်သက်ပြီး နောက်ဆုံး အခြေအနေ များကို ရှည်လျားစွာရှင်းပြနေသည်။

နယူးယောက်၊ မွန်းလွဲ ၁း၂၅ နာရီ။

လီယိုဖူးချ်ဘတ်နှင့် ပတ်သက်ပြီး ကာလီဖိုးနီးယားပြည်နယ်ဘက်တွင်လည်း မီးသေ စေချင်သည်။ ထို့ကြောင့် ပက်ထရစ်ရှာဂါပေးကို ဖုန်းလှမ်းဆက်ပြီး အခြေအနေမေးသည်။

"ဒီဘက်မှာ ရှိနေတဲ့ အခြေအနေတွေအားလုံးကို ဖုံးဖိထားပြီးသားပါ" ပက်ထရစ် ရှာဂါပေးက သက်ပြင်းရှိုက်လိုက်သည်။ "ရှင့်ကို ဒီအကြောင်း ကျွန်မ ပြောပြနေတာ အကြိမ်ပေါင်း ငါးဆယ်တောင် မကတော့ဘူး၊ ကဲ. . . . ကျွန်မအလုပ် ကျွန်မဆက်လုပ်ပါရစေဦး"

"တခြားကိစ္စနဲ့ ပတ်သက်တာတွေ မေးချင်သေးတယ်"

"ဒါဖြင့်လဲ မြန်မြန်မေး"

"ဆမ်မြူယယ်မေယာကို အပြတ်ရှင်းဖို့ တို့လုပ်ငန်း ဘယ်အခြေအနေ ရောက်နေပြီလဲ"

"ညည်ခံပွဲတက်ခဲ့တဲ့ လူတွေရဲ့ ကျမ်းကျိန်အစစ်ခံချက်တွေကို ရဖို့ ရောဘက် နားလင်း ဆက်လုပ်နေတယ်၊ အချိန်မရွေးရတော့မယ်၊ အခြေအနေရှိနေတယ်။ နောက်ဘာမေးဦးမလဲ"

ဂရေဂရီမီနာရှင်ကို ရပ်ဆယ်သော့ပ်ဆိုသည့်အကောင်က ငွေတစ်သိန်းပေးပြီး အပိုင် စည်းရုံးသွားခြင်းနှင့် ပတ်သက်၍လည်း ပေါလ်ဗားဟတ် အကြီးအကျယ် ဒေါသထွက်နေသည်။

"ဟို. . . ခွေးသား မီနာရှင်ဆိုတဲ့ အကောင်ကိစ္စ မင်းဘာလုပ်ထားသလဲ"

"ဒီတစ်ရက်အတွင်း ကျွန်မတက်နိုင်သမျှတွေကိုတော့ အကုန်လုပ်ထားတာပဲ၊ ဒါပေမယ့် အခုချိန်အထိ သူခရီးသွားရာက ပြန်မရောက်သေးဘူး။ သူ့ရုံးကိုလည်း ကျွန်မ အကြောင်းကြားထားတယ်၊ သူ့ဖုန်းတွေ အကုန်လုံးကိုလည်း အသံ ဖမ်းထားတယ်၊ သူ့ကို နာမည်ပျက်စာရင်းထဲမှာ ထည့်လိုက်ဖို့ စင်တီနယ်ကုမ္ပဏီကိုလဲ ကျွန်မ အမိန့်ပေးထားလိုက်ပြီ"

"စင်တီနယ်နဲ့ ပတ်သက်ပြီး အကျဉ်းချုပ်ပြောပြစမ်း"

"တိုတိုပြောရရင် နစ်နေပြီ၊ အခုကော်မတီဖွဲ့ပြီး အုပ်ချုပ်ခိုင်းထားရတယ်၊ ဒါ့ကြောင့် မင်းမဲ့တိုင်းပြည်လို ဖြစ်နေတယ်လို့ ကျွန်မထင်တယ်၊ စင်တီနယ်ကုမ္ပဏီ ဥက္ကဋ္ဌ လီယိုဖူးချ်ဘတ် နေရာ ဘယ်သူ့ကို အစားထိုးခန့်မှာလဲ"

"ကိုယ်မဆုံးဖြတ်ရသေးဘူး"

"ပေါလ် ဒီကိစ္စအာသာမိုရယ်ကို ရွေးခိုင်းရင် အကောင်းဆုံးဖြစ်မယ်ဆိုတာ ရှင်ရော၊ ကျွန်မရောနားလည်တယ်၊ ဒါ့ကြောင့် သူ့ကိုပဲ တာဝန်ပေးပြီးရွေးခိုင်းလိုက်ပါ"

အာသာမိုရယ်၏ နောက်ဆုံးအဆုံးအဖြတ် အတည်ဖြစ်ရမည်ဆိုသည့် အယူအဆကို ပေါလ်က လက်မခံနိုင်ပါ။ ထို့ကြောင့်လည်း ဒေါသပေါက်ကွဲသွားသည်။ သို့သော် တစ်စုံတစ်ရာ ပြန်လည်ပြောကြားခြင်းကားမပြု။

"အရေးကြီးတဲ့နေရာတွေ ဖုန်းဆက်စရာရှိသေးတယ်"ဟု ပြောပြီး ဖုန်းကို ပြန်ချပစ် လိုက်သည်။

အင်ဒီးယန်းဝဲလ်စ်၊ ညနေ ၃း၅၅ နာရီ။

ဇနီးနှင့် သမီးက ကန့်ကွက်နေသည့်ကြားကပင် ဆမ်မြူယယ်မေယာက သူနှင့် ရပ်ဆယ်သော့ပ်အတွက် နေ့လည်စာကိုစာကြည့်ခန်းထဲမှာ ပြင်ဆင်ခိုင်းလိုက်သည်။ နေ့လည်စာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့နှစ်ယောက်စလုံး ကသုတ်ကရက်စားကြသည်။ ပြီးတော့ စောစောက စကားများကို ပြန်ဆက်ကြပြန်သည်။

"ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမယ်ဆိုတာ မောင်ကြိုပြီးတွေးထားသေးဘူး ထင်တယ်" ဟု မေယာက ပြောသည်။

"သေသေချာချာ တွေးတာပေါ့ ခင်ဗျာ၊ ဘာတွေဖြစ်လာမယ်ဆိုတာ ကျွန်တော် ကြိုတင်မြင်ပြီးသားပါ။ ကျွန်တော်တို့က ဘာမှမလုပ်ပဲ လက်ပိုက်ကြည့်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ မေယာကို ကုမ္ပဏီပျက်စီးသွားမယ်၊ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ ပြည်သူတွေ ထောင်ပေါင်းများစွာ အသတ်ခံရမယ်"

သူ့အစီအစဉ်ကို မေယာသဘောကျနေပြီဖြစ်ကြောင်း ရပ်ဆယ်က သိသည်။ သို့သော်လည်း မည်သည့် ဟာကွက်များရှိနေသေးသည်ကို သိလိုသောကြောင့် ဆက်မေးနေကြောင်း ရိပ်မိလိုက်သည်။

"လက်တွေ့တော့ တော်တော်မကျတာပဲရပ်စ်. . . .၊ မောင်ရယ်၊ နောက်ပြီးတော့ လက်တစ်ဆုပ်စာလောက်ရှိတဲ့ ကြေးစားစစ်သားရယ်. . . ."

"လူတိုင်းလူတိုင်းဟာ ဒီကိစ္စမှာ အင်မတန်ကျွမ်းကျင်ကြပါတယ် ခင်ဗျာ၊ ကျွန်တော့် လူတစ်ယောက်ဟာ သာမန်စစ်သား ငါးဆယ်လောက်နဲ့ ညီမျှပါတယ်၊ ကျွန်တော်တို့ စည်းရုံးယူရမယ့် တိုင်းရင်းသားအင်အားကလဲ ရှိပါသေးတယ်၊ သူတို့ကို လက်နက်တပ်ပေးမယ်၊ ရက်တိုသင်တန်းပေးမယ်၊ ကျွန်တော်တို့ဘက်က အခွင့်အလမ်းတွေဟာ အများကြီး ကောင်းနေပါတယ်"

"ကောင်းကောင်းလေ့ကျင့်ပြီး စည်းကမ်းတကျ ဖွဲ့စည်းထားတဲ့ စစ်တပ်ကို ပြန်တိုက်ဖို့မှာလား"

"သူတို့ရဲ့ လေ့ကျင့်မှုနဲ့ သူတို့ရဲ့ စည်းကမ်းကို အထင်မကြီး လိုက်ပါနဲ့၊ ဆမ်၊ ဝါဆော မြို့က ရပ်ကွက်တစ်ခုအဖြစ်ကို ပြန်သတိရပါ ခင်ဗျာ၊ ဘာမှမပြောပလောက်တဲ့ ဂျူးလူမျိုး နည်းနည်းကလေးဟာ ဂျာမန်တပ်မကြီးနှစ်တပ်ကို ရက်သတ္တ ပေါင်းများစွာ မလှုပ်နိုင်အောင် ထိန်းထားခဲ့ပါတယ်၊ အဲဒီဂျူးတွေရဲ့လက်ထဲမှာ လက်နက်ဆိုလို့အပ်တစ်ချောင်းတောင် မရှိပါဘူး၊ ဂျာမန်တပ်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးလေ့ကျင့်မှုနဲ့ အကောင်းဆုံးစည်းကမ်းရှိတဲ့တပ်တွေ ဖြစ်ပါတယ်၊ ဂျူး လူနည်းစုကလေးက ဘာ့ကြောင့် ဒီလိုထိန်းထားနိုင်သလဲ၊ သူတို့ရဲ့ စိတ်ဓာတ်ကြောင့် ပါပဲ၊ အင်မတန်စိတ်ဓာတ် တက်ကြွနေကြလို့ပါပဲ"

"မောင် ငွေပေးပြီးငှားမယ့် ကြေးစားစစ်သားတွေက ဘယ်လိုလုပ်ပြီး စိတ်ဓာတ် တက်ကြွနိုင်ကြမှာလဲ၊ သူတို့ဟာ အမေရိကန်လူမျိုးတွေဖြစ်တယ်၊ ဗီယက်နမ် စစ်ပြန်တွေဖြစ်တယ်၊ ဘယ်လိုလုပ်ပြီးသူတို့အသက် စွန့်ချင်ကြမှာလဲ"

"ကျွန်တော်နည်းနည်းလောက်တော့ ရှင်းပြပါရစေဆမ်၊ ဗီယက်နမ်စစ်မြေပြင်မှာ စစ်တကယ်တိုက်ခဲ့ကြတာ ဘယ်သူတွေလဲဆိုတာ သိပါသလားခင်ဗျာ၊ နီဂရိုး တွေရယ်၊ ချီကာနို လူမျိုးတွေရယ်၊ ပြူအာတိုရီကန်လူမျိုးတွေရယ်၊ ဆင်းရဲတဲ့ အမေရိကန် လူဖြူတွေရယ်ဖြစ်ပါတယ်၊ စစ်မှုထမ်းဥပဒေကို လာဘ်ထိုးပြီး မရှောင်တိမ်းနိုင်တဲ့ လူတွေ၊ ကောလိပ်ကျောင်း ဆက်မတက်နိုင်တဲ့လူတွေဖြစ်ပါတယ်၊ သူတို့ဟာ ကျည်ဆန်နဲ့ဝေးတဲ့ နောက်တန်းမှာထိုင်ပြီး အလုပ်လုပ်နိုင် လောက်အောင်လဲ အဆင့်အတန်းမရှိကြပါဘူး၊ ဒါကြောင့် သူတို့အားလုံးကိုယ်က ဦးအောင်သတ်၊ ကိုယ်အသက်ရှင်ဖို့ ကြိုးစားဆိုတာကိုပဲ တက်ကျွမ်းအောင်လုပ်ခဲ့ကြပါတယ်၊ တကယ်လဲ တက်ကျွမ်းခဲ့ကြပါတယ်၊ ကိုယ့်တိုင်းပြည်ပြန်ရောက်လာကြပြန်တော့လဲ ရာဇဝတ်ကောင်တွေ အဖြစ်နဲ့ ဆက်ဆံတာကို သူတို့ ခံနေကြရပြန်ပါတယ်"

"ဒီလိုလူမျိုးတွေကို မောင်က ယုံယုံကြည်ကြည်နဲ့ ပုံပြီးအပ်လိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်ခင်ဗျာ၊ ယုံကြည်လောက်တဲ့လူတွေပါ။ သူတို့ဟာ နိမ့်ကျနေတဲ့ ဘက်က ရပ်တည်ချင်တဲ့ လူတွေပါ။ အဲဒီခံယူချက်ဟာ သူတို့ကို စိတ်ဓါတ်တက် ကြွစေမယ့် အကြောင်း တစ်ခုဖြစ်ပါတယ်၊ ပြီးတော့ သူတို့ကို ကျွန်တော်တို့က မြိုး မြိုးမြက်မြက်လဲ ပေးမယ်ဆိုရင်တော့"

နောက်ထပ် တစ်နာရီလောက်ကြာအောင် အကြိတ်အနယ် ဆွေးနွေးကြပြန်သည်။

"ဒေါ်လာသန်းပေါင်း သုံးဆယ်လောက် ကုန်မယ်လို့ မောင်ပြောခဲ့တယ်"

"မှန်ပါတယ် ခင်ဗျာ၊ အကြမ်းဖျင်းခန့်မှန်းတာပါ၊ ပိုပြီး စိတ်ချရအောင် နည်းနည်း တောင် ပိုထားပါသေးတယ်"

"ဒီငွေ ဘယ်ကထွက်လာတယ်ဆိုတာ စုံစမ်းလို့မရမှ ဖြစ်မယ်"

"မှန်ပါတယ်ခင်ဗျာ"

"ဒီလောက်များတဲ့ငွေတွေကို နိုင်ငံခြားမှာရှိနေကြတဲ့ မေယောကို ကုမ္ပဏီ ရုံးခွဲတွေက ထုတ်ယူရမှာဆိုတော့ အချိန်နည်းနည်းတော့ ယူရလိမ့်မယ်"

"ကျွန်တော် အချိန်နည်းနည်း စောင့်နိုင်ပါတယ်၊ ဒီကြားထဲမှာ ကျွန်တော်တို့ လုပ်စရာ အလုပ်တွေလဲ ရှိနေပါတယ်၊ ရောဘက်နားလင်းကိစ္စ ရှိသေးတယ်၊ ကျွန်တော်တို့ ပထမဦးဆုံး ဦးစားပေး လုပ်ရမှာက သူ့ကိုကြားလူဖြစ်သွားအောင် လုပ်ဖို့ပါပဲ၊ ဒီကိစ္စကို ဟာရေနဲ့ ကျွန်တော် ကြည့်ပြီးဖြေရှင်းလိုက်ပါ့မယ်"

"ဘယ်လိုဖြေရှင်းမှာလဲ"

"ဖြစ်တဲ့နည်းနဲ့ ပေါ့ခင်ဗျာ၊ တစ်နည်းမရရင် နောက်တစ်နည်းပေါ့" ရပ်ဆယ်သော့ပ်က သူ့မျက်လုံးများကို ပွတ်လိုက်သည်။ "ကျွန်တော်တယ်လီဖုန်း နည်းနည်း ဆက်စရာရှိနေပါ တယ်. . . . ခင်ဗျာ၊ ကျွန်တော်ဘာတွေပြောတယ်၊ ဘယ်သူနဲ့ ပြောတယ်ဆိုတာ ဆမ် မကြားရင် အကောင်းဆုံးဖြစ်ပါတယ်၊ ဒီဖုန်းကို ကျွန်တော်သုံးလို့ ဖြစ်ပါသလား"

"ကျုပ်အပြင်ထွက်ပေးပါ့မယ်" မေယောက ထိုင်ရာမှထသည်။ "တခြား ဘာပြောစရာ ကျန်သေးသလဲ ရပ်စ်"

"ကျွန်တော်ဒီနေ့ည ဒီမှာအိပ်ပြီး မနက်ဖြန်စောစော လော့စ်အိန်ဂျလိစ်ကို သွားချင် ပါတယ်၊ အန်ကယ်ရဲ့ ရဟတ်ယာဉ်နဲ့ ကျွန်တော့်ကို လိုက်ပို့ပေးစေချင်ပါတယ်"

"လေယာဉ်မှူးအဆင်သင့်ရောက်ပြီးစောင့်နေစေရမယ်၊ ဘယ်အချိန်လောက် သွားမှာ လဲ"

"မနက် ၇ နာရီတိတိပါ ခင်ဗျာ"

"ညစာစားတော့မှပဲ တွေ့ကြတော့မယ်"ဆမ်မြူယယ်မေယောက ထိုသို့ ပြောပြီးအပြင်သို့ ထွက်သွားကာ တံခါးပြန်ပိတ်ပေးခဲ့သည်။

အရေးကြီးသော ဖုန်းနံပါတ်များမှတ်ထားသည့် မှတ်စုစာအုပ်ကလေးကို အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။ မီယာမီသို့ လှမ်းဆက်သည်။ ခဏကြာတော့ မိတ်ဆွေဟောင်း တစ်ယောက်နှင့် သူစကားပြောနေသည်။ စကားဝှက်များဖြင့် ပြောနေကြခြင်းဖြစ်သည်။ ဝါရင့်စစ်သားတစ်ယောက်၊ သို့တည်းမဟုတ် လက်နက်ကုန်သည် တစ်ယောက်ယောက်သာလျှင် သူတို့ ပြောနေကြသည့် စကားများသည် လက်နက်အကြောင်း၊ မောင်းပြန်သေနတ်များအကြောင်း၊ လက်ပစ်ဗုံးများ အကြောင်း ဖြစ်သည်ကို နားလည်နိုင်ပေလိမ့်မည်။

ဆမ်မေယောသည် တောခန်းထဲမှာရှိနေသော ဇနီးနှင့် သမီးဆီသို့ သွားထိုင်သည်။ မနက်ဖြန်မနက် ရပ်ဆယ်သော့ပ် လော့စ်အိန်ဂျလိစ်သို့ ရဟတ်ယာဉ်ဖြင့်သွားမည့် အကြောင်း ပြောပြလိုက်သည်။

"ဟန်ကျတာပဲ၊ ဒါဆိုရင် ကျွန်မလဲ သူနဲ့ အတူတူ လိုက်သွားလို့ရပြီ" ဟုကလော ဝမ်းသာအားရပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မေယာက မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်လိုက်သည်။

"နောက်တနင်္လာနေ့အထိ သမီးဒီမှာနေဦးမယ်လို့ ဖေဖေက ထင်နေတာ"

"အစကတော့ နေမလို့ပဲဖေဖေ၊ ဒါပေမယ့် နေ့ခင်းက ဖုန်းပြန်ဆက်ကြည့်တော့ ကျွန်မကုမ္ပဏီမှာ ပြဿနာ တစ်ခုပေါ်နေတယ်၊ ကျွန်မ ပြန်သွားမှ ဖြစ်မယ်"

ဆမ်မြူယယ်မေယာ၏ အတွေးများက တခြားသို့ လွင့်ပါးနေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

**အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယား၊ သောကြာ၊**
**မေ ၁၄ ၊ နံနက် ၇း၀၀ နာရီ။**

ရဟတ်ယာဉ်ကွင်းတွင် ရပ်ထားသော ရဟတ်ယာဉ်ပေါ်သို့ အထုပ်အပိုးများကို အလုပ်သမားများက တင်ပေးကြသည်။ ရပ်ဆယ်သော့ပ်က ကလျာကို ရဟတ်ယာဉ်ပေါ်သို့တင်ပေးပြီး သူက နောက်မှ တက်လိုက်သွားသည်။

ကလျာက သူ၏ စုံစမ်းရေးလုပ်ငန်းကို စတင်လေတော့သည်။

"အစောကြီးချိန်းထားတာ ရှိနေသလား . . . . ရပ်စ်"

"အမှန်ပေါ့ဗျာ"

ရဟတ်ယာဉ်စက်သံက ကျယ်လောင်စွာမြည်ဟည်းလာသည်။ သူတို့ စကားဆက်ပြောမရတော့။ ခဏအကြာလိုအပ်သည့် အမြင့်သို့ရောက်သဖြင့် ရဟတ်ယာဉ် ဆက်လက်ပျံသန်းသောအခါကျမှ စက်သံလျော့သွားပြီး စကားပြောနိုင်တော့သည်။

"ဒီနေ့ဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် ကျွန်မကုမ္ပဏီကို ရှင်လာကြည့်မယ်ဆိုရင် သိပ်ကောင်းမှာပဲ" ကလျာ၏ မျက်လုံးအစုံက စိတ်အားထက်သန်နေပုံရသည်။ရင်းရင်းနှီးနှီးလည်း ဖြစ်နေသည်။

"ကိုယ်က အလုပ်တော်တော်များနေဦးမယ် ထင်တယ်၊ အခြေအနေအရပေါ့နော်" ဟု ပြန်ပြောသည်။ ကလျာ၏ ရင်းနှီးမှုနှင့် စိတ်အားတက်ကြွမှုကြောင့် သူကလည်း သတိထားဆက်ဆံနေရသည်။

"ကောင်းပါပြီလေ"

လိုချင်သည့်သတင်းကို သည့်ထက်ပိုပြီး အစ်အောက်၍ရနိုင်တော့မည် မဟုတ်ကြောင်း ကလျာက တွက်လိုက်မိသည်။ လေယာဉ်ပျံကွင်းသို့ရောက်တော့ မော်တော်ကားနှစ်စီး လာစောင့်နေသည်ကို တွေ့ရသည်။ တစ်စင်းက ကလျာ၏ သဘော်သို့ လိုက်ပို့ပေးရန်ဖြစ်ပြီး တစ်စင်းက ရပ်ဆယ်သော့ပ် အသုံးပြုရန်ဖြစ်သည်။

"ကျွန်မ ရုံးက ဖုန်းနံပါတ်ပေးထားပြီးပြီနော်. . . . ရပ်စ်၊ ရှင် ဖုန်းဆက်မလား"

"ဆက်မှာပေါ့ ကိုယ်အချိန်ရရင် ဆက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘီဗာလီပောလ်တန် ဟိုတယ်တွင် အခန်းသုံးခန်းပါသည့်အခန်းတစ်ခုကို ရပ်ဆယ်သော့ပ်အတွက် အသင့် ငှားပေးထားသည်။ အခန်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်တည်း အထုပ်အပိုးချကာ ဟာရေ့ဘလောက်ထံသို့ ဖုန်းလှမ်းဆက်သည်။

"ဗိုလ်ချုပ်ကြီး မဏ္ဍအာသာလိုပေါ့ဗျာ၊ ကျွန်တော်ပြန်ရောက်လာပြန်ပြီ" ဟု ရပ်ဆယ်သော့ပ်က ပြောလိုက်သည်။

"ရွတ်နောက်နောက် လုပ်မနေနဲ့ဦးကိုယ့်လူ၊ ရောဘတ်နားလင်း အမှတ်တွေ ကျုံးယူနေပြီ၊ မိုက်ကယ်ဝင့်ဝပ်ဆိုတဲ့ ရှုပ်ရှင်မင်းသားပေါက်စတစ်ကောင် ကျုပ်တို့ ဥပဒေရေးရာဌာနကို မနေ့က ဖုန်းဆက်တယ်၊ ဘရှစ်ဟာလေ ပြဿနာပေါ်ခဲ့တဲ့ ဧည့်ခံပွဲကို သူလဲတက်ခဲ့တယ်၊ နားလင်းက သူ့ကို ဒေါ်လာနှစ်သောင်းပေးတယ်တဲ့၊ သူ့ကို ကျုပ်တို့က ပိုပေးရင် သူရေငုံနေမယ်လို့ ပြောတယ်၊ ကျုပ်တို့လူတွေက ခင်ဗျားမှာထားတဲ့အတိုင်း အချိန်ဆွဲထားတယ်၊ ဒါပေမယ့် အဲဒီကောင်က မနက်ဖြန်အထိမှ သူပိုက်ဆံပိုမရဘူးဆိုရင် နားလင်းခိုင်းတဲ့အတိုင်းလုပ်မယ်လို့ ပြောနေတယ်"

"အဲဒီကောင်ကို ဆွဲထားဗျာ၊ နှစ်ဆပိုပေးမယ်လို့ကမ်းလှမ်းလိုက်. . . ."

"ကျုပ်တို့က ဘယ်ကောင့်ကိုမှ ငွေမပေးဘူးဆို"

"ကမ်းလှမ်းတာဟာ ငွေပေးတာမှ မဟုတ်ပဲ ဟာရေ့"

"ဒီလိုကမ်းလှမ်းတော့ရော ဘာအကျိုးထူးသွားမှာလဲ"

"ကျွန်တော်တို့အတွက်တစ်ရက် အချိန်ပိုရတာပေါ့ဗျာ၊ နောက်မှ ကျွန်တော် ထပ်ဆက်ဦးမယ်နော်"

ရပ်ဆယ်သော့ပ်သည် နောက်ထပ်နေရာပေါင်းများစွာသို့ လှမ်းဆက်သည်။ သူသိချင်သည်များကို မေးသည်။ ဖြေစရာ ရှိသည်များကို ပြန်ဖြေသည်။ ကတိပေးစရာရှိသည်များကိုပေးသည်။

နောက်ဆုံးဆက်သည့် နေရာမှာ ရောဘတ်နားလင်း၏ ရုံးသို့ဖြစ်သည်။ နားလင်း အပြင်ထွက်သွားသည်ဟု သူ့အတွင်းရေးမှူးက ပြောသည်။ ရှိနိုင်သည့်နေရာကို မေးသည်။ ပြောပြသည့် ဖုန်းအတိုင်း ဆက်ကြည့်သည်။ နာရီဝက်လောက်ကြာမှ အဆက်အသွယ်ရသည်။

"မစ္စတာ နားလင်း. . . ကျွန်တော်မေယာကို ကုမ္ပဏီက ရပ်ဆယ်သော့ပ်ပါ"

"ခပ်မြန်မြန်ပြောကိုယ့်လူ၊ ကျုပ်အလုပ်များနေတယ်"

"အကြောင်းကတော့ ခင်ဗျားနဲ့ ကျွန်တော်ပြောစရာတွေ အများကြီး ရှိနေတယ်"

"မယုံဘူးကိုယ့်လူ၊ ဒါပေမယ့် ရယ်စရာပေါ့လေ၊ ဘယ်လိုအကြောင်းမျိုးလဲ"

"ဘရှစ်ဟာလေရယ်. . . . ဆမ်မေယာရယ်. . . . ပိုကြီးပြီး ပိုကောင်းတဲ့ သတင်းထူးတွေပေါ့ဗျာ၊ အတိတ်ရယ်. . . . ပစ္စုပ္ပန်ရယ်. . . . အနာဂတ်ရယ်. . . . ခင်ဗျားရဲ့ အနာဂတ်အတွက်ပဲ ဆိုပါတော့"

တစ်ဘက်က တိတ်သွားသည်။ ခဏကြာတော့မှ အသံပြန်ပေါ်လာသည်။

"အကြောင်းကိုပြော သော့ပ်"

"လူအများနားထောင်လို့ရတဲ့ ဒီလိုတယ်လီဖုန်းကြီးနဲ့ ပြောရမှာလားဗျာ၊ ဒါတော့ မဖြစ်နိုင်ဘူး၊ ပြောစရာတွေက အများကြီးပဲ၊ ခင်ဗျားနဲ့ ကျွန်တော်စကားပြောတာကို အင်ကမ်းကုမ္ပဏီက သိသွားရင်မကောင်းဘူး၊ ခင်ဗျားနဲ့ ပက်ထရစ်ရှာဂါဖေးနဲ့ ဘယ်လို ဆက်ဆံခဲ့ကြတယ်ဆိုတာကို မေယာကို ကုမ္ပဏီက သိရင်လဲကောင်းမှာ မဟုတ်ဘူး"

"သော့ပ်. . . . ဒါတွေဟာ ဘာမှတန်ဘိုးမရှိဘူး ဆိုရင်ကော"

"ဒါကတော့ ခင်ဗျားဆုံးဖြတ်ရမယ့် အလုပ်ပါဗျာ၊ ဘီဗာလီပောလ်တန် ဟိုတယ်၊ အခန်းနံပါတ် ၆၀၃၊ ဒီနေ့ည ကိုးနာရီတိတိမှာ ကျွန်တော်ရှိနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်က ဖုန်းကို ပစ်ချလိုက်သည်။ ပြီးတော့ ပြန်ကိုင်ပြီး ဟာရေ့ဘလောက်ကို လှမ်းဆက်သည်။

"ကျုပ်ပြောထားတဲ့ကောင်မလေး အဆင်သင့် ရှိနေရဲ့လား ဟာရေ့"

"ရှိတယ်"

"၈း၄၅ မိနစ်တိတိ ဒီကို အရောက်ခေါ်လာခဲ့ဗျာ"

"ကျုပ်က ခေါ်လာခဲ့ရမယ်. . . . ကျုပ်က ဘာလုပ်ရမှာလဲ"

"ကောင်မလေးနဲ့ ကျုပ်နဲ့ မဟုတ်တရုတ်လုပ်နေတာတွေကို ခင်ဗျား ထိုင်ကြည့်နိုင်တာပေါ့ဗျာ"

\+ + +

ထိုနေ့ညနေပိုင်းတွင် ရပ်ဆယ်သော့ပ်သည် အခြားဖုန်းများကို ဆက်ရင်း အလုပ်ရှုပ်နေသည်။ အောင်မြင်သည်များလည်းရှိသည်။ မအောင်မြင်သည်များလည်း ရှိသည်။ ခြုံပြောရလျှင် အောင်မြင်သည်ကများသည်။ အရက်ခွက်ကိုဖြည့်ပြီး နောက်ဆုံး ပက်ထရစ်ရှာဂါဗေးကို လှမ်းဆက်သည်။

"ဟုတ်ကဲ့. . . . " ပက်ထရစ်ရှာဂါဗေး၏ အသံက တစ်မျိုးဖြစ်နေသည်။

"ဟယ်လို ပက်. . . . ခင်ဗျားရုံးမှာ ရှိနေတာတွေ့ရလို့ ဝမ်းသာတယ်ဗျာ"

"ဘာမှဝမ်းသာစရာမလိုဘူး၊ ထပ်ပြောမယ်၊ ကျွန်မတို့ နှစ်ယောက်စလုံးအတွက် ရှင့်အနေနဲ့ ဘာမှ ဝမ်းသာစရာ မရှိဘူး"

"ဒီနေ့ည ၉း၁၅ မိနစ်အရောက် ကျုပ်အခန်းကိုလာဖို့ ဖိတ်မလို့ပါဗျာ၊ ခင်ဗျားအချိန်ကို ဆယ်မိနစ်ထက်ပိုပြီး မယူပါဘူး"

"မလာဘူး၊ မမျှော်နဲ့"

"သနားစရာပါပဲဗျာ၊ ဒီလိုဆိုရင်တော့ ပေါလ်ဗားဟတ်ကို ဖုန်းလှမ်းဆက်လိုက်ဦးမှပါပဲ၊ ပြီးတော့ အကျိုးအကြောင်းတွေ ရှင်းပြရမယ်၊ အခြေအနေတွေကတော့ တော်တော်ဆိုးသွားမှာပဲနော်၊ ကျွန်တော်ဆိုးမှာ မဟုတ်ဘူး၊ ခင်ဗျားဆိုးသွားမှာလေ၊ ကဲ. . . . ဒါပါပဲနော်"

"နေဦး. . . . ရှင်တကယ်ပြောနေတာလား"

"တစ်ကယ်ပြောနေတာပါဗျာ၊ အလုပ်ကိစ္စသက်သက်ပါ၊ တကယ် အလုပ်ကိစ္စပါ"

ပက်ထရစ်ရှာဘက်က ခဏဆိုင်းသွားသည်။

"ကောင်းပြီ၊ ကျွန်မလာမယ်"

တယ်လီဖုန်းချလိုက်သံ ကြားရသည်။

လောင်းကစားမှုကြီး တစ်ခုကို မိမိအပြင်းအထန်ပြုလုပ်နေပြီဖြစ်ကြောင်း ရပ်ဆယ်သော့ပ်က နားလည်လိုက်လေသည်။

\+ + +

မိန်းကလေးသည် ၁၂ နှစ်သမီးမျှသာရှိသေးသည်။ သို့သော်လည်း နေပုံ၊ ထိုင်ပုံ၊ လှုပ်ရှားပုံများက ဝါအတော်ရင့်နေပြီဖြစ်ကြောင်းသိသာသည်။ သူ့နာမည် ဒက်ဘီဖြစ်ကြောင်း ဟာရေ့ဘလောက်က မိတ်ဆက်ပေးသည်။

"ကျွန်မ ဘယ်လိုလုပ်ပေးရမှာပါလဲရှင်" ဟု ရပ်ဆယ်သော့ပ်ကို လှမ်းမေးသည်။

"ခဏကြာရင် ပြောမယ် ဒက်ဘီ"

အိပ်ခန်းတစ်ခု၏တံခါးမှာ ဟဟကလေးပွင့်နေသည်။ ရပ်ဆယ်က ဟာရေ့ကို ထိုအခန်းဆီသို့ မျက်ရိပ်ပြလိုက်သည်။ ဟာရေ့က ဘာမှမပြောပဲ ဝင်သွားသည်။ တံခါးက လက်တစ်လုံးလောက်ဟမြဲ ဟနေသည်။

"အရက်ကလေးတစ်ခွက်လောက် မသောက်ရဘူးလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသောက်မှာလား" ရပ်ဆယ်က ပြုံးလိုက်သည်။"ဥပဒေနဲ့ ဆန့်ကျင်နေတယ်ကွ၊ မင်းအသက် အငယ်ကလေးရှိသေးတယ်"

ကလေးမကလေးက ရယ်ချင်နေပုံရသည်။ သည်လိုပဲ ဖြစ်လိမ့်မည်ဟုလည်း ရပ်ဆယ်က တွေးထားပြီးဖြစ်သည်။

ရပ်ဆယ်က လက်တန်းပါသောကုလားထိုင်မှာ ဝင်ထိုင်သည်။ ကလေးမကလေးကို ဆွယ်တာအင်္ကျီချွတ်ထားရန်ပြောသည်။

"မင်းဟာမင်း သက်သာသလိုနေပါကွာ၊ အရေးကြီးတဲ့ ဖုန်းတစ်ခုကို စောင့်လိုက်ဦးမယ်"

အချိန်တိကျဖို့လိုသည်။ အချိန်တိကျမှုအပေါ်မှာ သည်စီမံကိန်းကြီးတစ်ခုလုံး တည်မှီနေသည်။ လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ ၈း၄၅ မိနစ်ရှိပြီ။ ခြောက်မိနစ်လောက် စောင့်ရဦးမည်။ နှစ်မိနစ်. . . . သုံးမိနစ်. . . .။'

တယ်လီဖုန်းခေါင်းလောင်းမြည်လာသည်။ ရပ်ဆယ်က အနားမှာရှိနေသည့် ဖုန်းကို ကောက်ကိုင်သည်။ ရောဘက်နားလင်း၏ အသံကိုကြားရသည်။

"ကျုပ်ဇည့်ခန်းထဲကို ရောက်နေပြီ"

"အပေါ်ကိုသာ တန်းတက်ခဲ့ပါဗျာ" ရပ်ဆယ်က ထိုမျှပြောပြီး ဖုန်းကို ပစ်ချလိုက်သည်။ ပြီးတော့ မိန်းကလေးကိုခေါင်းညိတ်ပြပြီး လှမ်းခေါ်လိုက်သည်။ "ကဲ အချိန်ကျပြီ စလိုက်ကြစို့"

ကလေးမက သူ့ဆီသို့ လျှောက်လာပြီး ကြမ်းပြင်ပေါ်မှာ ဒူးထောက် ထိုင်ချလိုက်သည်။

ခဏကြာတော့ တံခါးခေါင်းလောင်းသံ မြည်လာသည်။ "ဒုက္ခပါပဲကွာ" ဟု ရပ်ဆယ်က အော်ပြီးကလေးမကလေးကို တွန်းပစ်လိုက်သည်။ ပြီးတော့ ဘောင်းဘီ ဖိုသီဖတ်သီဖြင့် တံခါးဆီသို့ လျှောက်သွားပြီးဖွင့်ပေးသည်။

ရောဘတ်နားလင်းသည် ဂျိုင်းထောက်ကိုအားပြုရင်း ရပ်နေသည်။ ကလေးမကလေးကို လှမ်းမြင်သွားသည်။

"ခင်ဗျားတို့ကို ကျုပ်မနှောင့်ယှက်ချင်ပါဘူး"

"ဝမ်းနည်းပါတယ်ဗျာ. . . . ကျွန်တော်. . . . အဲ. . . . ခင်ဗျား ဒီရောက် မလာခင် အချိန်နည်းနည်းလောက် ရှိဦးမယ်ထင်လို့"

ရပ်ဆယ်က ကလေးမကလေးကို အဝတ်အစားပြန်ဝတ်ရန် အရိပ်အခြည် ပြလိုက်သည်။

"ဒီအတိုင်းနေပါစေသော့ပ် . . . . . ခင်ဗျားဟာသော့ပ်ပဲလို့ ကျုပ် ထင်တယ်"

နားလင်းက စောစောက ရပ်ဆယ်ထိုင်ခဲ့သည့် လက်တန်းနှင့်ကုလားထိုင်ပေါ်မှာ သွားထိုင်သည်။ ဂျိုင်းထောက်ကို ဘေးမှာချလိုက်သည်။

"မင်းဒီကိုလာ"ဟု ကလေးမကလေးကို လှမ်းခေါ်သည်။

ကလေးမကလေးကနောက်တွန့်သွားသည်။ သူ့တစ်သက်တွင် ဒီလောက် အရုပ်ဆိုးသည့်မျက်နှာမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့ချေ။

"ဒီကိုလာလို့ ငါပြောနေတယ် မဟုတ်လား"

ဒက်ဘီက ရပ်ဆယ်သော့ပ်ကို လှမ်းကြည့်သည်။ ရပ်ဆယ်က ခေါင်းညိတ် ပြလိုက်သည်။ ထိုအခါကျမှ ကလေးမက ရောဘတ်နားလင်းဆီလျှောက်သွားပြီး ခြေထောက်နားမှာ ဒူးထောက်ထိုင်ချလိုက်သည်။

မျက်နှာချင်းဆိုင်အခန်းမှ တံခါးအနည်းငယ်ဟနေသည်ကို နားလင်းသတိမထားမိပါ။ ထိုအခန်းထဲမှ ကင်မရာခလုတ်နှိပ်နေသံကိုလည်း သူမကြားပါ။ ယခု အချိန်မျိုးတွင် တိရစ္ဆာန်ပေါင်းစုံတို့ သံပြိုင်အော်ကြသည့်တိုင်အောင် သူကြားနိုင်တော့မည် မဟုတ်ပါ။

\+ + +



www.burmeseclassic.com

www.burmeseclassic.com


"ပြောစရာရှိတဲ့ စကားပြောဖို့ အဆင်သင့်ရှိပြီလားသော့ပ်"ဟု ရောဘတ်နားလင်းက လှမ်းမေးသည်။

"အဆင်သင့်ဖြစ်တာထက်တောင်ပိုပါသေးတယ်ဗျာ"

ရပ်ဆယ်က ပြောပြောဆိုဆိုဖြင့် နားလင်းဆီသို့လျှောက်သွားသည်။ ပြီးတော့ မျက်နှာသုတ်ပုဝါနှင့် နားလင်း၏ မျက်နှာကိုအုပ်လိုက်သည်။ နားလင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။ ရုန်းဖို့ကြိုးစားသေးသည်။ ထိုအချိန်မှာပင် အခန်းတစ်ခုထဲမှ ဗလကောင်းကောင်းလူတစ်ယောက်နှင့် ခပ်ပိန်ပိန်လူတစ်ယောက် တို့ ထွက်လာသည်။ နှစ်ယောက်စလုံးမျက်နှာဖုံးများ စွပ်ထားကြသည်။

"ဟိုတုန်းက အတိုင်းပဲလားရပ်စ်"

ဗလကောင်းကောင်းလူကမေးသည်။ ပြီးတော့ နားလင်း၏ကိုယ်လုံးကို လက်နှင့်စမ်းပြီး တစ်စုံတစ်ရာရှာသည်။

"ဟောဒီမှာ တွေ့ပြီ၊ အသံဖမ်းစက် ဝှက်ယူလာတာကိုး"

နားလင်း၏ ညာဘက်လက်မောင်းအောက်မှ အသံဖမ်းစက် သေးသေးကလေး တစ်လုံးထွက်လာသည်။ နားလင်းက အော်ဖို့ကြိုးစားသည်။ ရပ်ဆယ်က မျက်နှာသုတ်ပုဝါကို အနည်းငယ် ပိုတင်းပေးလိုက်သည်။ ခပ်ပိန်ပိန်လူက နားလင်း၏ လည်ပင်းတစ်နေရာကို လက်နှင့် ညှစ်လိုက်သည်။ နားလင်းတစ်ကိုယ်လုံး တွန့်လိမ်သွားသည်။ ရပ်ဆယ်က မျက်နှာသုတ်ပုဝါကို ဖြုတ်ပြီး တစ်နေရာသို့ လှမ်းပစ်လိုက် သည်။

"အော်ရင် ပိုဆိုးသွားမယ်" ဟု ပိန်ပိန်လူက ပြောသည်။

"မင်းတို့ ဒီလိုလုပ်မှုနဲ့ ထောင်ဆယ်နှစ်ကျသွားနိုင်တယ်" ဟု နားလင်းက ပြောသည်။

ဗလကောင်းကောင်းလူက တန်ဘိုးကြီးသည့် ဖူဂျီကာ ကင်မရာတစ်လုံးကို ထုတ်ပြီး နားလင်း၏ မျက်နှာရှေ့သို့ကပ်ကာ လက်နှင့် ပုတ်ပြသည်။

"ခင်ဗျား လူပြတ်ကြီးဖြစ်သွားပြီပေါ့ဗျာ၊ ဒီကင်မရာက မှန်ဘီလူးအား တစ်ဒသမနှစ် ရှိတယ်၊ ဖလင်ကအားကောင်းတယ်၊ ဒီအခန်းထဲမှာ ရှိနေတဲ့ မီးရောင်ဆိုတော့ ခင်ဗျားစောစောက ဟိုကလေးမကလေးနဲ့ ဘာတွေလုပ်နေတယ်ဆိုတာ ပုံကောင်းတွေ ရအောင်ရိုက်လိုက်နိုင်တာပေါ့ ဗျာ"

"ခင်ဗျားနဲ့ ကောင်မလေးဖြစ်နေကြတဲ့ ဓါတ်ပုံတွေကို ဖြန့်ဝေပေးလိုက်ရင် ဘာဖြစ်သွား မလဲ၊ အလျှင်တုန်းကလည်း ကလေးမကလေး နှစ်ယောက်နဲ့ အမှုဖြစ်ခဲ့တဲ့ နောက်ကြောင်း ရာဇဝင်ကြီးက ခင်ဗျားမှာရှိနေတယ်လေ၊ ဒါဆိုရင် ခင်ဗျား ဘဝကြီးပျက်စီးဖို့ လုံလောက်သွားပြီ ပေါ့"

BURMESE CLASSIC .com

ပိန်ပိန်လူသည် ဗီယက်နမ်စစ်မြေပြင်တုန်းက ရပ်ဆယ်သော့ပ်၏ တပ်ခွဲတွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ သုံ့ပန်းများကို စစ်ဆေးရသည့်တာဝန်ယူခဲ့သည်။ သုံ့ပန်း တစ်ယောက်ကို မည်သို့ စစ်ဆေးရကြောင်းနှင့် မည်သည့်အကြောကို ကိုင်လျှင် သုံ့ပန်း၏ အာရုံများ မည်သို့ဖြစ်သွားကြောင်းတတ်ကျွမ်းခဲ့သူ ဖြစ်သည်။ ယခုလည်း နားလင်း၏ ခန္ဓာကိုယ်မှ အာရုံကြောကိုရှာပြီး ဖမ်းကိုင်လိုက်သည်။ နား လင်း၏ မျက်နှာပေါ်တွင် ချွေးစီးနှင့်မျက်ရည်များ ရွှဲသွားသည်။

"နားထောင်ပါ၊ ကျုပ်တို့ ပြောခိုင်းတဲ့အတိုင်း လိုက်ပြောပါ" ဟု ရပ်ဆယ်ကပြောသည်။

"ကျုပ်ဟာ မသန့်စွမ်းတဲ့ ဒုက္ခိတပါခင်ဗျာ. . . "

"ခင်ဗျားရဲ့ မှတ်ဉာဏ်တွေလဲ မသန့်စွမ်းတဲ့ ဒုက္ခိတဖြစ်သွားအောင် သင်ပေးရသေးတာ ပေါ့ဗျာ၊ ဘရှစ်ဟာလေနဲ့ ပင်သီယွန် ဗီဒီယိုကော်ပိုရေးရှင်းအကြောင်းတွေကို ဘယ်လို မေ့ပစ်လိုက် ရမယ်ဆိုတာ သင်ပေးရသေးတာပေါ့" ဟု ရပ်ဆယ်က ဝင်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



ဗလကောင်းကောင်းလူက မောင်းပြန်ဓားကိုထုတ်သည်။ နားလင်း၏ ညာဘက်မျက်လုံးနားသို့ ကပ်လိုက်သည်။

"ညာဘက်မျက်လုံးကို ဖောက်လိုက်မယ်ဆိုရင် လိမ်ကောက်နေတဲ့ ခင်ဗျားရဲ့ ခြေထောက်တစ်ဘက်နဲ့ လိုက်ဖက်သွားမယ်၊ ဒါမှ မဟုတ်ရင် လည်ချောင်းကို ဖောက်ပစ်လိုက်ရမလား" ပြောပြောဆိုဆို မောင်းပြန်ဓားကို လည်ပင်းဆီသို့ ရွှေ့ယူသွားသည်။

နားလင်းမှာ သတိလစ်မလိုဖြစ်သွားသည်။

"သူ အဆင်သင့် ဖြစ်သွားပါပြီ"

ပိန်ပိန်လူကပြောသည်။ ရင့်ကျက်သောသူ၏ အတွေ့အကြုံများအရ လူ တစ်ယောက်သည် မည်သည့်အခြေအနေသို့ရောက်လျှင် စစ်ဆေးချင်တိုင်း စစ်ဆေး၍ရနိုင်ပြီဖြစ်ကြောင်း သိသည်။ ပြီးတော့ ဗလကောင်းကောင်းလူနှင့်အတူ စောစော က အခန်းထဲသို့ ပြန်ဝင်သွားတော့သည် ရှေ့ဘလောက်က ထိုအခန်းထဲမှနေ၍ ထိုအဖြစ်အပျက်များကို ကြည့်နေသည်။

ရပ်ဆယ်သော့ပ်က နားလင်းနှင့် မျက်နှာချင်းဆိုင်မှာသွားထိုင်သည်။ မျက်လုံးများ ပွင့်လာသည်အထိ စောင့်နေသည်။

"ကိုင်း. . . . ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားမှတ်ဉာဏ်မေ့သွားပြီ မဟုတ်လား" ဟု ရပ်ဆယ်ကမေးသည်။

"ကောင်းပါပြီဗျာ၊ ခင်ဗျားပြောတဲ့အတိုင်း ဘရစ်ဟာလေနဲ့ ပင်သီယွန်အကြောင်း မေ့ပစ်လိုက်ပါ့မယ်"

"ဒါလောက်နဲ့ မလုံလောက်သေးဘူးနားလင်း၊ ခင်ဗျားရေးထားတဲ့ ဝတ္ထုန်းတွေကိုပါ ဖျက်ဆီးပစ်ရမယ်"

၉း၁၅ မိနစ်တိတိတွင် ပက်ထရစ်ရှာဂါဗေးရောက်လာသည်။ ရပ်ဆယ်သော့ပ်နှင့် ရောဘက်နားလင်းတို့နှစ်ယောက်ကို တွေ့လိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွားသည်။ မျက်နှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ထိုင် ပက်၊ ရောဘတ်က မင်းကို ပြောပြစရာရှိနေတယ်"ဟု ရပ်ဆယ်က ဆီးပြောသည်။

ဆိုဖါပေါ်မှာ ဝင်ထိုင်သည်။ သူ့စိတ်ကို တည်ငြိမ်အောင်ကြိုးစားထိန်းနေသည်။ သို့သော်လည်း နားလင်းပြောသည့် စကားကိုကြားရသောအခါ သူ့စိတ်ကို သူမထိန်းနိုင်တော့အောင် ဖြစ်သွားသည်။

"ဟာလေရဲ့ ဇာတ်လမ်းကို ကျုပ် ရုပ်မြင်သံကြားမရိုက်တော့ဘူး၊ ဒါဟာတိပြတ်ဆုံးဖြတ်ချက်ပဲ" ဟု နားလင်းက ပက်ထရစ်ရှာကို လှမ်းပြောသည်။

"ခွေးတိရစ္ဆာန်ကြီး၊ ရှင်နှစ်ဘက်ခွလုပ်လိုက်တာပေါ့" ပက်ထရစ်ရှာက ယူသို့ ပြောလိုက်ပြီး ရပ်ဆယ်သော့ပ်ကို စိမ်းစိမ်းလှည့်ကြည့်သည်။ "ဒီခွေးတိရစ္ဆာန်ကြီးကို ရှင်ဘာပေးလိုက်သလဲ"

ပက်ထရစ်ရှာဂါဗေး၏ စကားများကြောင့် ရောဘက်နားလင်းမှာ ဒေါသ ပေါက်ကွဲသွားလေတော့သည်။

"အဲဒီခွေးတိရစ္ဆာန်ကြီးကို နင် ဘာဖြစ်လို့ မြူခဲ့သလဲ၊ ခွေးတိရစ္ဆာန်ကြီးရဲ့ အကြိုက်တွေကို နင်ဘာဖြစ်လို့ လိုက်ခဲ့သလဲ၊ နင့်အိမ်ကိုခေါ်ပြီးငါ့ကို"

ရပ်ဆယ်သော့ပ်ကမူ ပက်ထရစ်ရှာဂါဗေးကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"တော်တော့၊ ရှင့် ပါးစပ်ပေါက်ကို ပိတ်ထားလိုက်စမ်း"

ပက်ထရစ်ရှာက ထိုင်ရာမှ ရုတ်တရက်ထသည်။ နားလင်းကို ပြေးရိုက်လိုက်တော့မည် ဟု ရပ်ဆယ်က ထင်လိုက်သည်။ ထို့ကြောင့် ကာကွယ်ရန် သူတို့နှစ်ယောက်ကြားမှာ ဝင်ရပ်သည်။ သို့သော် ပက်ထရစ်ရှာသည် နားလင်းကို ဘာမှမလုပ်ပဲ အခန်းထဲမှ ပြေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ငိုသံ ရှိုက်သံကိုသာ ကြားလိုက်ရလေသည်။

\+ + +

တပ်ကြပ်ကြီးဟောင်းနှစ်ယောက်နှင့် သူ့အတွက် ညစာကို အခန်းထဲမှာပင် မှာစားသည်။ ပြီးတော့ ရပ်ဆယ်သော့ပ်က အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။

"စောစောက စကားကိုပဲ ဆက်ပြောရဦးမယ်၊ မင်းတို့နှစ်ယောက် တပ်စု တစ်ခုစီကို ကိုင်ရမယ်၊ လော့စ်အိန်ဂျလိစ်မှာ မင်းတို့နေနေတုန်း တပ်သားစုဆောင်းရေးကိုလုပ်ပါ၊ ရနိုင်သလောက်စုပါ၊ လူတော်လူကောင်းတွေဖြစ်ပါစေ၊ မင်းတို့ စိတ်တိုင်းကျရွေးပါ၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီလူတွေကို မင်းတို့ပဲ အုပ်ချုပ်ရလိမ့်မယ်"

ရပ်ဆယ်က စကားကိုဖြတ်ပြီး အရက်ထပ်ဖြည့်နေသည်။

"မင်းတို့စုဆောင်းတဲ့ တပ်သားတွေကို ကြိုတင်ငွေအဖြစ် တစ်ယောက် ဒေါ်လာ ငါးထောင်ပေးမယ်၊ လုပ်ငန်းအောင်မြင်ရင် တစ်သောင်းခွဲစီထပ်ပေးမယ်၊ မင်းတို့ အတွက်တော့ တစ်ယောက်ကို တစ်သောင်းစီပေးမယ်၊ လုပ်ငန်းအောင်မြင်ရင် ငါးသောင်းစီထပ်ပေးမယ်၊ တကယ်လို့ တစ်ခုခု ဖြစ်ခဲ့ရင် အဲဒီငါးသောင်းကို မင်းတို့ရဲ့ အမွေစား အမွေခံကို ပေးမယ်"

"တော်စမ်းပါ ဗိုလ်ကြီးရာ၊ အဲ. . . . ရပ်စ်၊ ဂျူအန်းနဲ့ ကျွန်တော့်မှာ အမွေစား အမွေခံ မရှိတာ ခင်ဗျားအသိသားနဲ့" ဟု ဗလကောင်းကောင်းလူက ပြောသည်။ စောစောက ရောဘက်နားလင်းကို မောင်းပြန်ဓါးနှင့် ခြိမ်းခြောက်ခဲ့သူ ဖြစ်သည်။ သူသည် သောမတ်စ်ဖာလွန်ဖြစ်ပြီး ဗိုလ်ကြီးရပ်ဆယ်သော့ပ်၏ အထူး တပ်ခွဲတွင် တပ်ကြပ်ကြီးအဖြစ်တာဝန်ယူခဲ့ဖူးသည်။ စစ်တပ်မှ ထွက်ပြီးအလုပ်လက် မဲ့ ဘဝဖြင့် ကြုံရာအလုပ်များကို ကြုံသလို လုပ်ကိုင်စားသောက်နေရသည်။ ယနေ့ နံနက်ပိုင်းတုန်းက ရပ်ဆယ်သော့ပ်နှင့်တွေ့ပြီး ကမ်းလှမ်းခံရသဖြင့် ယခုလို ရောက်လာခြင်း ဖြစ်သည်။

ကျန်ပိန်ပိန်လူမှာ ဂျူအန်းမီလင်ဒက်ဇ်ဖြစ်သည်။ ရောဘက်နားလင်း၏ အာရုံကြောကို ကိုင်ခဲ့သူဖြစ်သည်။ သူလည်း ဗိုလ်ကြီး ရပ်ဆယ်သော့ပ်၏ အထူးတပ်ခွဲမှ တပ်ကြပ်ကြီးဟောင်း ဖြစ်သည်။ တပ်ကထွက်ပြီး ရရာအလုပ်ကလေးများကို ကြုံသလို ဝင်ရောက်လုပ်ကိုင်နေခဲ့ရသည်။ ဗီယက်နမ် စစ်တုန်းက သူ့ရဲကောင်းဘွဲ့ သုံးကြိမ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

"ကျွန်တော်ကတော့ ကောင်မလေးတစ်ကောင်တွေ့နေတယ်ဗျာ၊ အဆင်တော့ မပြေပါဘူး၊ သူ့ကိုခွာပစ်တော့မယ်လို့ စိတ်ကူးနေတာ၊ ဒါပေမယ့် ကျွန်တော် တစ်ခုခု ဖြစ်သွားရင်တော့ အဲဒီငါးသောင်းကို အဲဒီ ကောင်မလေးကိုပဲ ပေးရတော့မှာပဲ"

ရပ်ဆယ်သော့ပ်က ရယ်သည်။

"ကျွန်တော်တို့သွားရမယ့် တိုင်းပြည်က ဘယ်ပြည်ဗျ၊ ခင်ဗျားပြောတာ ကျွန်တော် မေ့သွားလို့"သောမတ်စ်ဖာလွန်က အရက်ပုလင်းကို လှမ်းဆွဲယင်းမေးသည်။

"ပြူအာတိုကွေဒို နိုင်ငံကွ ချေးဘရိန်းရ" ဂျူအန်းမီလင်ဒက်ဇ်က ဝင်ပြောသည်။

သူတို့နှစ်ယောက်သည် ဗီယက်နမ်တိုက်ပွဲတွင် အတူတကွ လက်တွဲတိုက်ခဲ့သူများ ဖြစ်ရုံမက စစ်တပ်က ထွက်ပြီးသည့် နောက်တွင်လည်း တပူးတွဲတွဲနေကြသူ နှစ်ဦးဖြစ်သောကြောင့် ပြောမနာဆိုမနာ ရင်းနှီးကြသည်။

သူတို့ကိုကြည့်ပြီးရပ်ဆယ်သော့ပ် စိတ်သက်သာရာရသွားသည်။ သူတို့ နှစ်ယောက်သည် သူ၏အထူးတပ်ခွဲတွင် အားအကိုးရဆုံးသော တပ်ကြပ်ကြီးများ ဖြစ်ခဲ့ကြသည်။ ပြူအာတိုကွေဒို နိုင်ငံမှာလည်းသူတို့ အစွမ်းပြကြမည်မှာ သေချာသည်။ ငွေရဖို့ကလေး တစ်ခုအတွက် သူတို့တိုက်မည်မဟုတ်။ ရှုံးနိမ့်နေသူကို ကူညီသည့် အကြောင်းကလေးတစ်ခုတည်းဖြင့် တိုက်မည်မဟုတ်။ သူတို့၏ သူရသတ္တိနှင့် ဂုဏ်သိက္ခာကို လေးစားသည့်အနေဖြင့်ပါ တိုက်ကြမည့်သူများ ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

နယူးယောက်၊ စနေ၊ မေ ၁၅၊ နံနက် ၉း၃၀ နာရီ။

ပက်ထရစ်ရှာဂါဖေးထံသို့ ပေါလ်ဗားဟတ် ဖုန်းလှမ်းဆက်သည်။ ကာလီဖိုးနီးယားမှာ မနက် ၆း၃၀ သာရှိဦးမည်။ ထို့ကြောင့် ပက်ထရစ်ရှာ၏ ရန်တွေ့စကားကလေးများကို ကြားရဦးမည်ဟု မျှော်လင့်ထားမိသည်။

တယ်လီဖုန်းခေါင်းလောင်းက ဆက်တိုက်မြည်နေသော်လည်း တစ်ဘက်မှ ပြန်မထူး။ အိမ်မှာမှ ရှိလေရဲ့လားဟု စဉ်းစားမိသည်။ ထပ်ခေါ်သည်။ ခဏကြာတော့မှ တစ်ဘက်မှ ပြန်ထူးသံကို ကြားရသည်။ သို့သော် သူထင်သလို ပေါက်ကွဲသံ ကို မကြားရ။ ရန်တွေ့သံကို မကြားရ။ ဘာခံစားချက်မှ မရှိသော ငြီးငွေ့ဖွယ်အသံကို ကြားရသည်။

"ပေါလ် . . . . ကျေးဇူးပြုပြီး ကျွန်မတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

ဗားဟတ်၏ စိတ်ထဲမှာ စစ်ကနဲနာသွားသည်။ အင်ကမ်းကုမ္ပဏီတွင်ရှိရှိသမျှ လူများသည် သူ့အလိုကိုသာ လိုက်ကြရမည်။ သူလခပေးထားသူများ ဖြစ်သောကြောင့် သူ့ကို ကဏ္ဍကောစ လုပ်ခွင့်မရှိ။ ပက်ထရစ်ရှာဂါဖေးသည်လည်း သူ၏ လခစားပင်ဖြစ်လေသည်။

"ကောင်မ . . . . လုပ်မနေစမ်းနဲ့"

"နောက်မှ ထပ်ဆက်ပါရှင်၊ ကျွန်မတောင်းပန်ပါတယ်"

"ပင်သီယွန်စီမံကိန်း ဘယ်လိုနေသေးသလဲ၊ အဖြေကို ငါ အခုချက်ချင်း သိချင်တယ်"

တစ်ဘက်မှ ရယ်သံကြားရသည်။ တစ်ကယ်တော့ ရယ်သံလည်းမဟုတ်။ စိတ်နာနာဖြင့် ရယ်လိုက်သံမျိုးသာဖြစ်သည်။

"ဘာမှ လုပ်မနေနဲ့တော့၊ ကျွန်မတို့ ဘာမှလုပ်လို့ မရတော့ဘူး၊ မနေ့ ညကတည်းက အားလုံးဇာတ်သိမ်းသွားပြီ၊ ရောဘက်နားလင်းက သူမလုပ်နိုင်တော့ဘူးလို့ ငြင်းလိုက်တယ်" ပက်ထရစ်ရှာ၏ အသံက အက်ကွဲသလိုဖြစ်နေသည်

"နားလင်းကို ဘယ်သူကဆွဲသွားတာလဲ"

"မေယာရဲ့လူပေါ့၊ ရုပ်ဆယ်သော့ပ်"

www.burmeseclassic.com



"ဘယ်လိုလုပ်သွားတာလဲ၊ ပိုက်ဆံပေးပြီးစည်းရုံးသွားတာလား"

"ကျွန်မမသိဘူး၊ ပိုက်ဆံပေးတယ်လို့ပဲ ကျွန်မထင်တယ်"

"ပိုပေးပါမယ်လို့ မင်းက ဘာဖြစ်လို့ မပြောတာလဲ၊ မေယာရဲ့ မျက်နှာကို ချေးစဉ်သွားတာ ငါကြည့်ချင်တယ်လို့ ပြောထားတယ်မဟုတ်လား၊ ငွေကို အကန့်အသက်မရှိသုံးနိုင်တယ်လို့ ငါပြောထားတယ် မဟုတ်လား"

"ငွေပိုပေးမယ်လို့ ပြောနေချိန်တောင်မရပါဘူး ပေါလ်. . . . သူမလုပ်နိုင်တော့ဘူးဆိုပြီး ကတိဖျက်တော့တာပဲ၊ အဲဒီအချိန်မှာ သူနဲ့အတူ ရပ်ဆယ်သော့ပ်လဲ ရှိနေတယ်"

"တစ်ခုခု မှားလို့ဖြစ်မှာပေါ့၊ မင်းက ဘာမှ. . . ."

"ကျွန်မတောင်းပန်ပါတယ် ပေါလ်. . . . ကျွန်မကောင်းကောင်းလဲ နေမကောင်းပါဘူး ရှင်"

တယ်လီဖုန်းလိုင်း ပြတ်သွားတော့သည်။

**လော့စ်အိန်ဂျလိစ်၊ နံက် ၉း၁၅ နာရီ၊**

ရပ်ဆယ်သော့ပ်သည် တစ်ညလုံးအိပ်မရ။ နံက် ၅ နာရီထိုးသည်အထိ စီစဉ်စရာရှိသည်များကို စီစဉ်ခြင်း၊ ရှင်းပြစရာရှိသည်များကို ရှင်းပြခြင်းဖြင့် အချိန်ကုန်ခဲ့သည်။ နောက်ဆုံး စိတ်ကျေနပ်မှုရသောအခါ 'ရောဘက်နားလင်း လုပ်ငန်းကလေး' အတွက် သောမတ်စ်ဖာလွန်နှင့် ဂျူအန်းမီလင်ဒက်စ်တို့နှစ်ယောက်ကို ဒေါ်လာ တစ်ထောင်နှင့် လောလောဆယ်ကုန်ကျစရိတ်အတွက် ဒေါ်လာနှစ်ထောင်ပေးပြီး ပြန်လွှတ်လိုက်သည်။

နေ့လယ်လောက်အထိ အားပါးတရအိပ်လိုက်မည်ဟု စဉ်းစားထားသည်။ သို့သော်လည်း မနက်၉း၁၅ မိနစ်တွင် ဟာရှေဘလောက်က ဇာထိတ်တလန့်ဖြင့် ဖုန်းလှမ်းဆက်သဖြင့် အိပ်ယာမှ နိုးသွားသည်။

"မောင့်ကို ဖမ်းမိပေလို့ တော်ပါသေးရဲ့ဗျာ"

"ကျွန်တော်အိပ်နေတုန်း တန်းလန်းကြီးဗျ၊ ဘာများအရေးကြီးနေလို့လဲ ဟာရှေ"

"ကျုပ်တစ်ညလုံးအိပ်လို့ မရခဲ့ဘူး၊ မိုက်ကယ်ဝင့်ဝပ်ကိစ္စ. . . . ရောဘက်နားလင်းကိစ္စ. . . . စီဘီစီ စာချုပ်ကိစ္စ. . . ."

"တစ်ခုချင်းပြောပါဗျာ၊ ဝင့်ဝပ်ကိစ္စက အလွယ်ကလေးပါ၊ မင်းကြိုက်တာလုပ်လို့ ပြောလိုက်ပါ၊ နားလင်းကရောဘာလုပ်နိုင်ဦးမှာလဲ၊ စီဘီစီနဲ့ စာချုပ်ဖျက်ဖို့ကို ဆက်လုပ်ပါ၊ ဆမ်မေယာဆီက အမိန့် အချိန်မီမရောက်လာသေးရင်လဲ သောကြာနေ့မှာ အပြီးဖျက်လိုက်ပါ၊ ကျွန်တော်တာဝန်ယူပါတယ်၊ ဒါမှ စနေနဲ့ တနင်္ဂနွေမှာ သူတို့ဘာမှ လုပ်လို့မရပဲရှိမယ်၊ နောက်ထပ်ဘာရှိသေးသလဲ"

"အင်မတန်ကြီးမားတဲ့ ပြဿနာကြီးတစ်ခုတော့ရှိနေတယ်ထင်တယ်၊ ဒါပေမယ့် ကျုပ်စဉ်းစားလို့ မပေါ်ဘူး၊ ဒါ့ကြောင့် တစ်ညလုံးကျုပ်အိပ်မပျော်တာ"

"ဆမ်ကို မေးကြည့်ပါ၊ ကျွန်တော်ကတော့ ဒီထက်ပိုမပြောတတ်တော့ဘူး"

"သူ့ကို ဖုန်းလှမ်းဆက်လိုက်ရမလား"

"လူကိုယ်တိုင်တွေ့လိုက်တာကောင်းမယ်၊ တယ်လီဖုန်းနဲ့ဆိုရင် ပြည့်ပြည့်စုံစုံ ပြောနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားတို့ တယ်လီဖုန်းတွေကို လူတွေဘယ်လောက် များများက အသံဖမ်းထားကြမယ်ဆိုတာ မသိနိုင်ဘူးမဟုတ်လား"

မေယာကို၏ တယ်လီဖုန်းများကို အသံလှိုင်းဖျက် ကိရိယာတပ်ဖို့ လွန်ခဲ့သည့်နှစ်ကတည်းက ရပ်ဆယ်သော့ပ်က တင်ပြခဲ့သည်။ သို့သော်လည်း ဆမ်မြူယယ် မေယာနှင့် ဒင်နီယယ် ဆိဇ်တို့က သူ့တင်ပြချက်ကို ပယ်ချခဲ့ကြသည်။ စီးပွားရေး လုပ်ငန်း အကြီးအကျယ် လုပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကုမ္ပဏီကြီးများအားလုံးမှာ အသံလှိုင်းဖျက် ကိရိယာ တပ်ထားသည့် တယ်လီဖုန်းများကိုသာ အသုံးပြုကြလေ့ရှိသည်။

"အဲဒါကောင်းပါတယ်လေ၊ ကျုပ်ဒီနေ့ပဲ အင်ဒီးယန်းဝဲလ်စ်ကို သွားလိုက်မယ်၊ အခြေအနေတွေက ပိုပြီးရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာတယ်" ဟု ဟာရှေဘလောက်က သက်ပြင်းရှိုက်လိုက်သည်။

ကျွန်တော်တို့ တိုက်ပွဲစနေပြီ ဟာရှေ နိုင်ရင်နိုင် မနိုင်ရင်ရှုံး ဒါပဲ၊ သရေပွဲမရှိဘူး"

ရပ်ဆယ်သော့ပ် ပြန်အိပ်ပျော်ကာနီးမှာပင် နောက်ထပ်ဖုန်းခေါ်သံကို ကြားရပြန်သည်။ ထို့နောက် ရေရွတ်ဆဲဆိုရင်း ဖုန်းကိုလှမ်းဆွဲသည်။

"ဂွဒ်မောနင်း ရပ်စ်"

ကလျာမေယာ ဖြစ်သည်။ ရပ်ဆယ်သော့ပ်က တောင်းပန်စကားပြန်ပြောသည်။

"ဒီနေ့ ရာသီဥတု သာယာတယ်ရပ်စ်. . . . မြူမဆိုင်းဘူး၊ နှင်းမကျဘူး"

"အပြင်မှာရာသီဥတု ဘယ်လိုဖြစ်နေတယ်ဆိုတာ ကြည့်ချိန်တောင် မရပါဘူးကွာ"

"နေသိပ်မမြင့်သေးပါဘူး၊ နေ့လည်စာအတွက်ဘာအစီအစဉ်ရှိသလဲ"

"ဘာအစီအစဉ်မှ မရှိပါဘူး"

"ကောင်းတယ်၊ ကျွန်မတို့နှစ်ယောက် အတူတူစားကြရအောင်"

သည်လိုဖြင့်ပင်သူတို့နှစ်ယောက် နေ့လည်စာ အတူတူစားဖြစ်ကြသည်။ ဆမ်နှင့်ရပ်ဆယ်တို့နှစ်ယောက်ဘာတွေလုပ်နေကြသနည်း ဆိုသည်ကိုသာ ကလျာက နည်းမျိုးစုံဖြင့် လှည့်မေးသည်။

"ကိုယ်မဖြေနိုင်တာတွေကို မမေးပါနဲ့တော့ ကလျာ" ဟု ရပ်ဆယ်သော့ပ်က ပြန်ပြောသည်။

"မဖြေနိုင်တာလား၊ မဖြေမှာလား"

"နှစ်ခုစလုံးပဲဆိုပါတော့၊ ဆမ်ကို ကိုယ်ကတိပေးထားတယ်"

ဘယ်နည်းနှင့်မှ မေး၍ရမည်မဟုတ်ကြောင်း ကလျာက သဘောပေါက်လိုက်သည်။ ရပ်ဆယ်ကိုလည်း လေးစားကြည်ညိုစိတ် ပေါ်လာသည်။

"ကျွန်မကိုတစ်ခုတော့ပြောပါ၊ ဖေဖေ ဒုက္ခတစ်ခုခုနဲ့များ တွေ့နေသလား"

"မင်းအဖေဟာ စီးပွါးရေးလုပ်ငန်းလုပ်နေတဲ့လူပါ၊ အင်မတန်ကြီးကျယ်တဲ့ စီးပွားရေးလုပ်ငန်းကြီးကို လုပ်နေပါတယ်၊ ဒီတော့ ဒုက္ခဆိုတာ စီးပွားရေးလုပ်ငန်း ရှင်တိုင်း အမြဲတမ်းကြုံတွေ့ရတဲ့ဟာမျိုးပဲ"

ကလျာက အရက်ခွက်ကို ငေးကြည့်နေသည်။

"ဒါထက်ပိုပြီး ရှင်မပြောတတ်တော့ဘူးလား"

"မပြောတော့ဘူး၊ မင်းအနေနဲ့ ဘာမှပူစရာမလိုဘူး ဆိုတာကလွဲလို့ပေါ့လေ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

### အင်ဒီးယန်းဝဲလ်စ်၊ ကာလီဖိုးနီးယား၊ တနင်္ဂနွေ၊ မေ ၁၅၊ နံနက် ၁၁း၁၅ နာရီ။

ငနေနေ့တစ်နေ့ခင်းလုံးနှင့် တစ်ညလုံး မနားမနေ အလုပ်လုပ်လိုက်ရသည့်အတွက် ရပ်ဆယ်သော့ပ်မှာ ပင်ပန်းနွမ်းနယ်နေသည်။ စန်တာမိုနီကာလေဆိပ်မှ ရဟတ်ယာဉ်တစ်စင်းကို သူငှားပြီး ဩဂတ်စတပ်ဆမ်မြူယယ်မေယာနှင့် တွေ့ရန် လာခဲ့သည်။ ပြီးလျှင် လော့စ်အိန်ဂျလိစ် မြို့သို့ ပြန်သွားရန်အတွက် ဆမ်မြူယယ်မေယာ၏ ကိုယ်ပိုင်ရဟတ်ယာဉ်အကွင်းမှာ စောင့်နေရန် လည်း လေယာဉ်မှူးကို သူပြောထားသည်။

BURMESE CLASSIC .com

နာဗိုင်းနှင့်ဆမ်မေယာသည် ဧည့်သည်များကို ဧည့်ခံနေကြသည်။ မေယာကို ကုမ္ပဏီမှ အရာရှိများမဟုတ်ပါ။ ပြင်ပမှ ဧည့်သည်များဖြစ်သည်။ အားလုံးပေါင်း သုံးဆယ်လောက်ရှိမည်။ ဆမ်မေယာက ဧည့်သည်များကို တောင်းပန်ပြီး စာကြည့်ခန်းထဲသို့ ရပ်ဆယ်ကို ခေါ်လာသည်။ ရပ်ဆယ်က နောက်ဆုံးအချိန်အထိ အခြေအနေ အသေးစိတ်ကို တင်ပြသည်။

"မောင့် နည်းတွေကို ကျူပ်ကန့်ကွက်သင့်တယ်၊ ဒါပေမယ့် မကန့်ကွက်တော့ပါဘူး၊ ကလျာ ဒုက္ခဖြစ်တော့မှာတွေကို မောင်ကယ်တင်လိုက်နိုင်ပါတယ်"ဟု မေယာ၏ အသံက ရွှင်လန်းနေသည်။

"ဟားဟတ်က တစ်ယောက်ယောက်ကို ဒီဇာတ်လမ်းလုပ်ခိုင်းမှာပဲ၊ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့က စီဘီစီနဲ့စာချုပ်ဖျက်သိမ်းလိုက်ရင် သူအောင်ပွဲရလိုက်ပြီထင်ပြီး ခဏတော့ ရန်မရှာပဲနေလိမ့်မယ်ထင်ပါတယ်"

"နောက်သောကြာနေ့မှာ စာချုပ်ကိုမောင်က အပြီးဖျက်သိမ်းချင်တယ်လို့ ဟာရှေက ပြောတယ်"

"မှန်ပါတယ်ခင်ဗျာ၊ ပြူအာတိုကွေဒို စီမံကိန်းဟာ ကျွန်တော်တို့ ထင်ထားတာထက် ပိုမြန်ပြီး အခြေအနေတိုးတက်လာပါတယ်၊ ဒါကြောင့် ငွေကိစ္စစကားပြောရအောင် ကျွန်တော် လာတာပါ၊ မနက်ဖြန်လောက် ငွေလိုချင်ရင်ရမလား"

"တချို့တစ်ဝက်တော့ရပါတယ်၊ ဘယ်လောက်လိုချင်သလဲ၊ ဘယ်မှာယူမလဲ"

"ငါးသန်းလိုချင်ပါတယ်၊ နယူးယောက်မှာ ယူမယ်၊ ကျွန်တော် ဒီနေ့ပဲ နယူးယောက်ကို သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒင်ဆီဇီရဲ့အိမ်ကို ဒီညနေဖုန်းလှမ်းဆက်ပြီး ကျုပ်ပြောလိုက်မယ်"

"ကျွန်တော်တို့ ဒီလုပ်ငန်းကြီးလုပ်နေတဲ့ အချိန်မှာ စကားပြောရင်အစစ သတိထားပြီးမှ ပြောပါခင်ဗျာ၊ ဒီအိမ်မှာရှိတဲ့ဖုန်း၊ ပင်သီယွန် ကုမ္ပဏီကဖုန်း၊ နယူးယောက်ကုမ္ပဏီကဖုန်းတွေကို အသံလိုင်းဖျက်ကိရိယာ ကျွန်တော်တပ်ချင်ပါတယ်၊ ဒါကိုတော့ ခွင့်ပြုပါ၊ လူတကာ ဖမ်းနားထောင်လို့ ရတဲ့ဖုန်းတွေနဲ့ ကျွန်တော်ဆက် ပြီး အလုပ်လုပ်လို့မရနိုင်တော့ဘူး"

မေယာက သက်ပြင်းရှိုက်လိုက်သည်။

"ကောင်းပြီလေ၊ လိုအပ်လာပြီလို့လဲ ကျုပ်ယူဆပါတယ်"

"နောက်ပြီးတော့ ဆမ်ရဲ့ လုံခြုံရေးအတွက်လဲ သက်တော်စောင့် ငှားဖို့လိုပါတယ်၊ နှစ်ဆယ့်လေးနာရီပက်လုံးစောင့်ဖို့ လိုပါတယ်၊ တာဝန်ချိန်တစ်ချိန်မှာ အရပ်ဝတ် အရပ်စားနဲ့ လက်နက်ကိုင် ငါးယောက်စီကို ချထားဖို့လိုပါတယ်၊ ဒါကိုလဲ ခွင့်ပြုပါ"

ဝါရှင်တန်ဒီစီ၊ ညနေ ၆း၃၀ နာရီ။

အမေရိကန်ပြည်ထောင်စုကြီး၏ သမ္မတပင်ဖြစ်လင့်ကစား တနင်္ဂနွေနေ့ တစ်နေ့တော့ လုံး၀ အနားယူသင့်သည်ဟု ဘီလီဘင်းနက်က အခိုင်အမာ ယုံကြည်ထားသည်။ တနင်္ဂနွေနေ့ ညနေပိုင်းတွင် သူ့ဇနီး၊ သူ့အိမ်သားများနှင့်စကားထိုင်ပြောသည်။ ရင်းနှီးသော မိတ်ဆွေသင်္ဂဟ များဖိတ်သည်။ အိမ်ဖြူတော် အမှုထမ်းများ အားလုံးကလည်း တနင်္ဂနွေနေ့တွင် အလွန်တရာ အရေးကြီးသည့် ကိစ္စများမှတစ်ပါး သမ္မတကို တင်ပြခွင့်မရှိ။

ယနေ့ည ၆း၃၀ တွင် သမ္မတအိမ်တော်ဝန်အငြိမ်းစား ဗိုလ်ချုပ်အော်တို ကင်းဒရစ်ကို ဖိတ်ထားသည်။ သူတို့ဇနီးမောင်နှံနှင့်အတူ ညစာလာစားရန်ဖြစ်သည်။ ဗိုလ်ချုပ်အော်တိုကင်းဒရစ်နှင့် သမ္မတ ဘီလီဘင်းနက်တို့ နှစ်ယောက်မှာ ရင်းနှီးသော မိတ်ဆွေများလည်းဖြစ်သည်။

ဘီလီဘင်းနက်လည်စည်းတပ်လိုက်သည့်အချိန်မှာပင် တစ်စုံတစ်ယောက်က အခန်း တံခါးကို ခပ်ပြင်းပြင်းလာခေါက်သည်။ သူ့ဇနီးမှာ အဝတ်အစားလဲခန်းထဲတွင် အဝတ်အစား လဲနေဆဲဖြစ်သည်။ ဘီလီဘင်းနက်က စိတ်ပူသွားသည်။ တံခါးဖွင့်ကြည့်သောအခါ လျှို့ဝှက် စုံထောက်တစ်ယောက်နှင့် အိမ်ဖြူတော်အမှုထမ်းငယ်တစ်ယောက်တို့ ရပ်နေကြသည်ကို တွေ့ရ သည်။ နှစ်ယောက်စလုံး မျက်စိမျက်နှာလည်း ပျက်နေကြသည်။

"သမ္မတကြီးခင်ဗျား. . .၊ အခုလို နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ်၊ မစ္စတာကို စင်စကီရဲ့ အကြောင်းပါ ခင်ဗျာ၊ သူ. . . . သူ. . . သူ့အလောင်းကို တွေ့ရလို့"

သီအိုဒိုတက်ကိုစင်စကီသည် ဘီလီဘင်းနက် သမ္မတလောင်းအရွေးခံရန် မဲဆွယ်သည့် အချိန်မှစ၍ သူ့ကိုကူညီလာခဲ့သူဖြစ်သည်။ မိတ်ဟောင်းဆွေဟောင်းလည်း ဖြစ်သည်။ သူသမ္မတ ဖြစ်လာသောအခါ ကိုစင်စကီကို အကြံပေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။ သူ့တာဝန်မှာ အဓိကအားဖြင့် ပြင်ပပုဂ္ဂိုလ်များနှင့် သမ္မတ၏ ဆက်သွယ်မှုများကို တာဝန်ယူ စီစဉ်ပေးရန် ဖြစ်သည်။

ဘီလီဘင်းနက်က အောက်ထပ်ရှိရုံးသို့ ကသုတ်ကရက် ဆင်းလိုက်သွား သည်။ အရာရှိတစ်ယောက်က တင်ပြသည့်အဖြစ်အပျက်ကို နားထောင်ရင်း စိတ်လှုပ်ရှားနေသည်။

ကိုလံဘီယာခရိုင် ရဲအဖွဲ့၏ သတင်းပေးပို့ချက်အရ ကိုစင်စကီ၏ အလောင်းကို သူ့ခြံထဲမှာတွေ့ရကြောင်း၊ မူးယစ်ဆေးဝါး အလွန်အကျွံသောက်သုံးမှုကြောင့် သေဆုံးခြင်း ဖြစ်သည်ဟု ရဲကယူဆကြောင်း၊ သေသူ၏ အိတ်ထဲမှလည်း ဘိန်းဖြူထုပ်ကို တွေ့ရကြောင်း၊ ကိုစင်စကီသည် အိမ်ဖြူတော်မှ ထိပ်တန်းအရာရှိကြီးတစ်ဦး ဖြစ်သောကြောင့် သတင်းမပေါက်ကြားရေး ကို ရဲအဖွဲ့က တင်းတင်းကျပ်ကျပ် စီစဉ် ဆောင်ရွက်ထားကြောင်းများဖြင့် သမ္မတကို တင်ပြကြ သည်။ ဘာဆက်လုပ်ရမည် နည်းဟုလည်း ညွှန်ကြားချက်တောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဒီလိုပြဿနာမျိုးတစ်ခါမှ မကြုံဖူးသေးဘူး၊ အရင်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတဲ့ အစဉ်အလာရောရှိသလား" ဟု ဘီလီဘင်းနက်က ပြန်မေးသည်။

ကံကောင်းထောက်မစွာပင် ဗိုလ်ချုပ် အော်တိုကင်းဒရစ်ရောက်လာသည်။ အဖြစ်အပျက် အပြည့်အစုံကိုနားထောင်သည်။ သူ့အမူအရာကတော့ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်နေသည်။ ပြီးတော့ ရဲအဖွဲ့သို့ ဖုန်းလှမ်းဆက်ပြီး လိုအပ်သည်များကို ညွှန်ကြားတော့သည်။

"ဒီကိစ္စဟာ သိပ်အရေးကြီးတယ်၊ နားလည်တယ်မဟုတ်လား၊ သေဆုံးကြောင်းထောက်ခံစာ လက်မှတ်ထိုးဖို့ ဆယ့်ငါးမိနစ်အတွင်း ဆရာဝန်လွှတ်လိုက်မယ်၊ အလောင်းကို သယ်ဖို့ သီးခြားလူနာတင်ယာဉ် လွှတ်လိုက်မယ်၊ သတင်းစာတွေကို သတင်းမပေါက်ကြားဖို့ သေသေချာချာလုပ်ပါ၊ လိုတဲ့ ညွှန်ကြားချက်တွေကို နောက်ဆက်ပြောမယ်"

တယ်လီဖုန်းကို ပစ်ချလိုက်ပြီး နောက်ထပ်နေရာအချို့သို့ ထပ်ဆက်ကာ လိုအပ်သည်များကို ဆက်လက်ညွှန်ကြားနေသည်။ အားလုံးပြီးသောအခါ အခန်းထဲမှာ သူတို့နှစ်ယောက်သာ ကျန်ကြတော့သည်။

"ခင်ဗျားရဲ့ အကြံပေးပုဂ္ဂိုလ်တွေထဲမှာ မူးယစ်ဆေးဝါးစွဲနေတဲ့ လူတွေရှိတယ်ဆိုတာ ခင်ဗျားသိနေတာကြာပြီ ဒါကို စောစောကတည်းက အရေးယူဖို့ ကျုပ်ပြောခဲ့တယ်" ဟု အော်တိုကင်းဒရစ်က ပြောသည်။

"ကိုစင်စကီကို ကျုပ်ပြောဖူးပါတယ်၊ မူးယစ်ဆေးဝါးသုံးနေတာကို ရပ်လိုက်လို့ ပြောဖူးတယ်၊ အနည်းဆုံး ဝါရှင်တန်မြို့မှာ ပြောင်ပြောင်တင်းတင်းတော့ မသုံးပါနဲ့လို့၊ ဒီထက်ပိုပြီး ကျုပ်ဘာတတ်နိုင်မှာလဲ"

"မူးယစ်ဆေးဝါး ပေးသွင်းနေတဲ့ လမ်းကြောင်းတွေကို ပိတ်ပစ်ရမှာ၊ လမ်းကြောင်းကို ပိတ်မှရမှာပေါ့ ဘီလီ"

အော်တိုကင်းဒရစ်သည် အိမ်တော်ဝန်ဖြစ်လေရာ ဘယ်သူတွေဘာဖြစ်နေသည်ကို သူသိသည်။ ယခု မူးယစ်ဆေးဝါးပေးသွင်းနေသူမှာလည်း အေဒမ်ဟက်ချ် ဖြစ်ကြောင်း သူသိထားသည်။ သို့သော် အေဒမ်ဟက်ချ်နှင့် သမ္မတ ဘီလီဘင်းနက် တို့နှစ်ယောက်မှာ ရင်းနှီးသူများဖြစ်သည်ကတစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဟောင်း တစ်ယောက်ဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် မပြောသာခဲ့၊ ယခုတော့ အကွက်ပေါ်လာလေပြီ။

"ဥပမာ ပြရရင် အေဒမ်ဟက်ချ်ဗျာ၊ သူ့လမ်းကြောင်းကို ပိတ်ပစ်ရမယ်"

အော်တိုကင်းဒရစ်၏ စကားကြောင့် သမ္မတမှာ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

"အေဒမ်လား၊ သူက မူးယစ်ဆေးဝါးသုံးနေတဲ့လူမှ မဟုတ်ပဲ"

"ဟုတ်တယ်၊ သူကိုယ်တိုင်ကတော့ မသုံးဘူး"

"သူကိုယ်တိုင်. . . . မသုံးဘူးဆိုရင်. . . . ဘာကိုဆိုလိုတာလဲ. . . . အော်တို"

"လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ကိုစင်စကီကို ဘိန်းဖြူတစ်ထုပ်သူပေးခဲ့တယ်၊ မူးယစ်ဆေးဝါးတွေ အများဆုံး ပေးနေတာသူပဲ"

"သေချာရဲ့လားဗျာ"

"အင်မတန် သေချာပါတယ်၊ ကျွန်တော်သတင်းရတဲ့ ဌာနတွေက အင်မတန် ယုံကြည်စိတ်ချရပါတယ်"

သမ္မတက ငြိမ်ပြီးစဉ်းစားနေသည်။ အေဒမ်ဟက်ချ်သည် သူ့ကို အကျပ်ကိုင်နိုင်သူဖြစ်သည်။ ရွေးကောက်ပွဲကာလတုန်းက သူတို့ ဥပဒေ စည်းကမ်းဖောက်ဖျက်ခဲ့သည်များရှိသည်။ ထိုအကြောင်းများကို အေဒမ်က ဖော်ကောင်လုပ်လျှင် သမ္မတရာထူးမှ သူ ပြုတ်ကျသွားမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်နေ၏။

"အော်တို. . . . သေချာမှလုပ်နော် . . . . သက်သေခံအထောက်ထား ပြနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ ဒီအတိုင်းပဲ သဘောရပါတယ်၊ ကျွန်တော်သက်သေ အလုံအလောက် ပြနိုင်ရင် အေဒမ်ကို ခင်ဗျားအရေးယူမလား"

"ဒီတစ်ညတော့ စဉ်းစားပါရစေဦး၊ မနက်ဖြန်ကျတော့ ကျွန်တော့်ဆုံး ဖြတ်ချက်ကို ပြောပြပါ့မယ်"

"ခင်ဗျားဟာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကြီး ဖြစ်ကြောင်းကို သတိရပါ ဘီလီ၊ ဒါ့ကြောင့် တစ်ခုခု လွယ်လွယ်ကူကူနဲ့ ခင်ဗျား ဆုံးဖြတ်နိုင်ပါတယ်"

**နယူးယောက်၊ ည ၉း၀၀ နာရီ ။**

ပေါလ်တားဟတ်သည် ဆီးဂတ်သံမဏိလုပ်ငန်း ကော်ပိုရေးရှင်း ဘုတ်အဖွဲ့ဝင်လူကြီး လင်းဆိန်းမိန်းနှင့် ညစာအတူတူ စားနေသည်။

"ကုမ္ပဏီနှစ်ခု ပူးပေါင်းဖို့ကိစ္စကို တချို့ကတော့ ဆန့်ကျင်နေကြမှာပဲ၊ ကိုယ့်ထက်ပိုကြီးတဲ့ ကုမ္ပဏီကြီးတစ်ခုထဲကို ပူးပေါင်းဝင်တာဟာ မှန်တယ်ဆိုတဲ့ အသိမျိုး ခင်ဗျားတို့ ဘုတ်အဖွဲ့ဝင်တွေ သဘောပေါက်နားလည်လာအောင်လုပ်ဖို့လိုတယ်" ဟု ပေါလ်က ပြောသည်။

"ကျွန်တော်ကိုယ်တိုင်ကတောင် ယုံကြည်ဖို့ ခက်နေပါသေးတယ်ဗျာ၊ လုံလောက်တဲ့ အထောက်အထားတွေရှိရင်တော့ ဟုတ်တာပေါ့" ဟု မစ္စတာမိန်းက ပြန်ပြောသည်။ မိန်းသည်လည်း သန်းပေါင်းများစွာကြွယ်ဝသူဖြစ်လေသည်။

"လုံလောက်တဲ့ အထောက်အထားတွေပြဖို့ ကျွန်တော်စီစဉ်ပါ့မယ်၊ ခင်ဗျားကလဲ ကျန်တဲ့လူတွေ လက်ခံလာအောင် ကြိုးစားပါ"

"ကျွန်တော်ပေးတဲ့ အကြံဉာဏ်တွေကို သူတို့မကြာခဏ လက်ခံကြတာတော့ မှန်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဆီးဂတ်ကုမ္ပဏီနဲ့ တခြားကုမ္ပဏီတွေ ဆက်ဆံရေးကို ကျွန်တော်ကပဲ အများဆုံးကိုင်ခဲ့တာ မဟုတ်လား"

"ကျွန်တော်တို့ အင်ကမ်းကုမ္ပဏီဘုတ်အဖွဲ့ထဲမှာ ခင်ဗျားကို သွင်းမယ်ဗျာ" ဟု ပေါလ်ကပြောသည်။

"ဝမ်းသာပါတယ်ဗျာ"

"နောက်ပြီးတော့ ကျွန်တော်တို့ အင်ကမ်းကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင် ဖြစ်လာရင် ကုမ္ပဏီရဲ့ အစုရှယ်ယာကိုလဲဝယ်ခွင့်ရှိတယ်၊ ဒါမှ ဒီကုမ္ပဏီကို သူတို့ လဲပိုင်တယ်ဆိုတဲ့အသိမျိုး ရသွားမှာ မဟုတ်လား"

"အင်မတန်လျော်ကန်သင့်မြတ်ပါတယ် မစ္စတာ တားဟတ်၊ ဒါပေမယ့် ကျွန်တော်က နှစ်ရှည်စီမံကိန်းတွေအတွက်သာ အစုရှယ်ယာကို ဝယ်ပါတယ်"

"အင်ကမ်းကုမ္ပဏီရဲ့ အစုရှယ်ယာ ၁၀၀၀၀ လောက်ကို ဝယ်တာနဲ့တော့ ခင်ဗျားအဖို့ ဘယ်လောက်မှ ပိုပြီး ထူးခြားသွားမှာ မဟုတ်ပါဘူး"

"တကယ်လို့ အစုရှယ်ယာ ၂၀၀၀၀ လောက် ကျွန်တော် ဝယ်ခွင့်ရမယ် ဆိုရင်တော့ ပိုကောင်းမယ်ထင်ပါတယ်"

"ကောင်းပြီဗျာ၊ ၂၀၀၀၀"

ပေါလ်က ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲမှလည်း ကျိတ်ပြီးဝမ်းသာ လိုက်မိသည်။ သူရည်မှန်းထားသည်မှာ ၃၀၀၀၀ အထိတိုးပေးဖို့ဖြစ်သည်။ သို့သော်လည်း ကာယကံရှင်က ၂၀၀၀၀ ပဲတောင်းဆိုသဖြင့် အားလုံးပြေလည်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်၊ ည ၉း၄၅ နာရီ။

ဟာလင်ရပ်ကွက်အလယ်ရှိ စားသောက်ဆိုင်တစ်ခုတွင် အဖော်တစ်ယောက်နှင့် အတူ ရပ်ဆယ်သော့ပ် ညစာလာစားသည်။ ဆိုင်တွင်းမှာ ရှိနေကြသူများအားလုံး နီဂရိုးများချည်းဖြစ်ပြီး လူဖြူဆို၍ ရပ်ဆယ်တစ်ယောက်သာရှိသည်။

ရပ်ဆယ်နှင့် အတူတူထိုင်စားသောက်နေသူမှာ လူမည်းတို့အခွင့်အရေးများရရှိရေး တိုက်ပွဲ ကော်မတီခေါင်းဆောင် နတ်သန်ဒူဝေဖြစ်သည်။ နတ်သန်ဒူဝေသည် အရပ်ခြောက်ပေ ငါးလက်မမြင့်ပြီး ကိုယ်အလေးချိန်ပေါင် ၂၃၀ ရှိသည်။

နီဂရိုးလူမျိုးများအားလုံးက သူ့ကိုလေးစားကြသည်။

ရပ်ဆယ်သော့ပ်က အကျိုးအကြောင်းကို ရှင်းပြသည်။ နောက်ဆုံး. . .

"သောမက်စ်ဖာလွန်နဲ့ ဂျူအန်းမီလင်ဒက်ဇ်တို့နှစ်ယောက်ကို လော့စ်အိန်ဂျလိစ်မှာ ငါတွေ့ခဲ့တယ်၊ သူတို့နှစ်ယောက်ကလဲ သဘောတူလိုက်တယ်" ဟု ပြောပြီး အဆုံးသတ်လိုက်သည်။

"အဲဒီကောင်နှစ်ကောင်ဟာ အခြေအနေရော ဘယ်လိုနေသလဲ" ဟု နတ်သန်ဒူဝေက ပြန်မေးသည်။

"မကောင်းလှပါဘူး၊ ကြုံသလိုရှာဖွေစားသောက်နေကြရတယ်"

"ရန်သူက ဝိုင်းဖိထားလို့ တို့ခေါင်းမဖော်နိုင်အောင်ဖြစ်ပြီး ငါဒဏ်ရာရခဲ့တာ မင်း မှတ်မိသေးတယ် မဟုတ်လား၊ မော်တာနဲ့ထု၊ မောင်းပြန်သေနတ်တွေနဲ့ ဝိုင်းဆော်နဲ့ တို့အတော် ခံလိုက်ကြရတယ်၊ အဲဒီတုန်းက ဂျူအန်းနဲ့ သောမတ်စ်က ငါ့ကိုသယ်ပြီးတစ်မိုင်လောက်ဝေးတဲ့ နေရာက ဆေးတပ်ကို အရောက်ပို့ပေးခဲ့တာပေါ့" ဟု နီဂရိုးခေါင်းဆောင်ကြီးက ပြောသည်။

နတ်သန်ဒူဝေသည် တောင်ဗီယက်နမ် စစ်မြေပြင်တုန်းက ရပ်ဆယ်သော့ပ်၏ အထူး တပ်ခွဲတွင် ဒုတိယဗိုလ်ဖြစ်ခဲ့ပြီး ဒုတိယ တပ်ခွဲမှူးအဖြစ်နှင့်လည်း တာဝန်ယူခဲ့သူဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်မှာလည်း ပြောမနာဆိုမနာ ရင်းနှီးကြသည့် တိုက်ဖော်တိုက်ဖက်များ ဖြစ်ကြလေသည်။ သူတို့၏ တပ်မဟာကြီး တစ်ခုလုံးတွင် သတ္တိအပြောင်မြောက်ဆုံးနှင့် တိုက်ရည် ခိုက်ရည် အကောင်းဆုံးသော စစ်သားတစ်ယောက်ဖြစ်သည်။ အရာရာတွင် ခေါင်းဆောင်မှုပေး နိုင်သည်။ ထို့ကြောင့်လည်း ရပ်ဆယ်သော့ပ်က သူနှင့်လာရောက်တွေ့ဆုံကာ ဆွေးနွေးနေခြင်း ဖြစ်သည်။

"အဲဒီတော့ တိုတိုနဲ့လိုရင်းကိုပဲ ပြောမယ်ကွာ၊ ဒီစီမံကိန်းမှာ ငါက နံပါတ်တစ်၊ မင်းက နံပါတ်နှစ်တာဝန်ယူပါ။ မင်းကို ဒေါ်လာတစ်သိန်းပေးမယ်၊ ဘာအမြတ်တော်ကြေးမှ ပေးစရာ မလိုဘူး" ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

ထို့နောက် လိုအပ်သည့် စစ်သားများစုဆောင်းရေးကို ဆက်လက်ဆွေး နွေးကြသည်။ နတ်သန်ဒူဝေက ဟာလမ်ရပ်ကွက်မှာ ရှိနေသည့် နီဂရိုးများကို စုဆောင်း၍ ဖြစ်မဖြစ်မေးသည်။

"သိပ်ဖြစ်တာပေါ့ကိုယ့်လူရာ၊ ပြူအာတိုကွေဒို နိုင်ငံလူဦးရေရဲ့ ၁၈ ရာခိုင် နှုန်းဟာ နီဂရိုးတွေပဲ၊ ဒါ့ကြောင့် မင်းလူတွေလဲ သူတို့နဲ့ရော တွေ့သွားရင် ဘာပြဿနာမှ မပေါ်နိုင်တော့ ပါဘူး"

ပြူအာတိုကွေဒို လူဦးရေက ဘယ်လောက်ရှိသလဲ"

"လေးသန်း"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

## နယူးယောက်၊ တနင်္လာ၊ မေ ၁၆၊ နံနက် ၉း၀၅ နာရီ။

မေယာကိုကုမ္ပဏီ၏ ဥက္ကဌ ဒင်နီယယ်ဆိဇ်သည် တစ်မနက်လုံး စိတ်အာရုံများ ရှုပ်ထွေးနေသည်။ ကုမ္ပဏီဘုတ်အဖွဲ့ ချယ်ယာမင် ဩဂတ်စတပ်ဆမ်မြူယယ် မေယာနှင့်သူသည် ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းချာများဖြစ်ကြသည်။ ယခုတစ်လော ရပ်ဆယ်သော့ပ်ကို မေယာ အနေဖြင့် အခွင့်အရေးတွေ အလွန်ပေးနေသည်ဟု သူ့စိတ်ထဲမှာ ခံစားနေရသည်။ ရပ်ဆယ် ကလည်း ရသမျှအခွင့်အရေးများကို စည်းမဲ့ကမ်းမဲ့ ယူလွန်းနေသည်။

ဒင်နီယယ်ဆိဇ်သည် အသက် ၆၀ ကျော်ပြီ။ အစာအိမ်ရောဂါ ရှိသည်။ နှလုံးရောဂါ ရှိသည်။ ထို့ကြောင့် အလုပ်များကို နင်လားငါလားမလုပ်နိုင်တော့။ ရပ်ဆယ်သော့ပ်ကတော့ အသက် ၃၅ နှစ်ပင် မပြည့်သေး။ ကျန်းမာသည်။ မနားတမ်း အလုပ်လုပ်နိုင်သည်။ ထိုသို့ ငယ်ရွယ်မှု၊ အလုပ်လုပ်နိုင်မှု၊ အခွင့်အရေးများ ရနေမှုတို့ကိုကြည့်ပြီး ဒင်နီယယ်က မနာလိုချင် သလိုပင် ဖြစ်နေမိသည်။

"မနေ့တုန်းက ဆမ် ဖုန်းလှမ်းဆက်တယ်၊ မောင့်ကိုတော့ သူ့အလွန်ချီးကျူးတာပဲ၊ မောင့်ကို ငွေငါးသန်းဒီနေ့ပေးလိုက်ဖို့ ဆမ်ကပြောတယ်၊ ဒီငွေကို မောင်ဟာ ဘာတွေ သုံးမယ် ဆိုတာလဲ မမေးပါနဲ့တဲ့၊ ပင်သီယွန်ကုမ္ပဏီနဲ့ စီဘီစီကုမ္ပဏီက ကန်ထရိုက်ကိစ္စမောင်ပြောပါဦး၊ ဆမ်က အပြည့်အစုံပြောပြမသွားဘူး"

"မှန်ပါတယ်ဒင်၊ မနက်ဖြန်လောက်ဆိုရင်တော့ သူစိတ်ချလက်ချ ပြောနိုင်ပါပြီ၊ ကျွန်တော်တို့ တယ်လီဖုန်းတွေကို အသံလှိုင်းဖျက်ကိရိယာ မနက်ဖြန်မှာ အပြီးတပ်မယ်"

"မနက်ဖြန်ပြီးမှလား၊ အဲဒါတွေတပ်ဖို့လဲ လနဲ့ချီပြီး ကြာမယ်လို့ကျုပ်က ထင်ထားတာ"

"မှန်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် လိုအပ်တဲ့အချိန်မှာ ချက်ချင်းတပ်နိုင်အောင် မနှစ် ကတည်းက ကြိုပြီးစီစဉ်ထားခဲ့ပါတယ်"

"မောင်ဟာ ရှေ့ရေးကို ကြိုပြီးထင်မြင်တတ်တဲ့ သူငယ်ပဲ"

ရပ်ဆယ်သော့ပ်က ပင်သီယွန်နှင့် စီဘီစီ ကန်ထရိုက် စာချုပ်ဖျက်သိမ်းဖို့ အစီအစဉ် များနှင့် နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများကို ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ကိစ္စကို ရှေ့နေတွေနဲ့ ကျုပ်စီစဉ်လိုက်မယ်၊ နောက် ကိစ္စက ဘာလဲ ရပ်စ်"

"ငွေကိစ္စပါခင်ဗျာ. . . ၊ တင်မ်အက်ကင်ကို အိတ်နှစ်လုံးနဲ့ ကျွန်တော် လွှတ်လိုက်ပါ့မယ်၊ အိတ်တစ်လုံးထဲမှာ တစ်သန်း၊ ကျန်တစ်လုံးထဲမှာ နှစ်သန်းထည့်ပေးပါ၊ ကျန်တဲ့နှစ်သန်းကိုတော့ ညနေပိုင်းလောက်မှ ကျွန်တော်လာယူပါ့မယ်"

ထိုကိစ္စများစီစဉ်ပြီးသောအခါ ရပ်ဆယ်သော့ပ်သည် သူ့ရုံးခန်းရှိရာ နှစ်ဆယ့်ခုနှစ်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ပြီးတော့ တင်မ်အက်ကင်ကိုခေါ်သည်။ တင်မ်အက်ကင်သည် သူ၏လက်ထောက်ဖြစ်သည်။ နယူးယောက်ရဲတပ်ဖွဲ့တွင် စုံထောက်အရာရှိအဖြစ် လုပ်ကိုင်ခဲ့ဖူးသည်။ အသက် ၄၃ နှစ်ရှိပြီ။

"ဒီနေ့တော့ ခင်ဗျားကို လက်တိုလက်တောင်းခိုင်းတဲ့ ကလေးဘဝကို ပြန်ပို့ရဦးမယ် တင်မ်" ဟု ရပ်ဆယ်ကပြောသည်။

"ရပါတယ်၊ ဘာလုပ်ပေးရမလဲ"

"အိတ်နှစ်လုံးယူပြီး၊ ဒင်နီယယ်ဆိဗ်နဲ့ သွားတွေ့ပါ၊ သူဖြည့်ပေးပြီးရင်ပြန် ယူလာခဲ့ပါ၊ အိတ်တစ်လုံးက ခင်ဗျားအတွက်၊ ကျန်တစ်လုံးက ကျွန်တော့်အတွက်"

"ကိုယ့်အိတ်ထဲမှာ ဘာတွေပါမလဲ"

"ငွေနှစ်သန်းပါမယ်"

"အင်း. . . ငွေအိတ်ကြီးနဲ့လူ ဖြစ်သွားပြီပေါ့လေ၊ အဲဒါတွေ ဘယ်သွားပို့ရမလဲ"

မီယာမီရှိ လိပ်စာတစ်ခုကို ရပ်ဆယ်သော့ပ်က ပြောပြသည်။

"ဒီနေ့ခင်းထွက်မယ့် လေယာဉ်ပျံနဲ့ မီယာမီကို လိုက်သွားပါ။ ဟိုက ဇေတီက သူဘယ်သူဖြစ်ကြောင်း အထောက်အထားတွေကို ထုတ်ပြလိမ့်မယ်၊ သူ့ကို ဒီငွေပေးလိုက်ပါ၊ ဒီနေ့ပေးမယ်လို့ ကျွန်တော်ကတိပေးထားတဲ့ စရန်ငွေလို့ ပြောပြပါ၊ ပြီးရင် လေယာဉ်ပျံနဲ့ ပြန်လာပါ၊ မနက်ဖြန်မနက်ကျတော့ ရုံးပြန်တက်ပါ"

တင်မ်အက်ကင်ထွက်သွားသောအခါ ရပ်ဆယ်သော့ပ်သည်တယ်လီဖုန်း တစ်လုံးနှင့် အလုပ်ရှုပ်နေပြန်သည်။ တယ်လီဖုန်းအုံသ လှိုင်းဖျက်ကိရိယာများ တပ်ဆင်ရန်စီစဉ်သည်။

ထို့နောက် ယိတ်နာဂယ်ကို ဖုန်းလှမ်းဆက်ပြန်သည်။ ယိတ်နာဂယ်သည် ကိုယ်ပိုင်လေယာဉ်ပျံ အငှားဆွဲနေသူဖြစ်သည်။ ကြိုက်ရာပစ္စည်းကို ကြိုက်သည့်နေရာသို့ ကြိုက်သည့်အချိန်တွင် ပို့ပေးသည်။ အခကြေးငွေကတော့ မသက်သာလှ။ ယိတ်နာဂယ်ကို ဗီယက်နမ်တွင် ရပ်ဆယ်သော့ပ်တွေ့ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တုန်းက နာဂယ်သည် စီအိုင်အေနှင့် ဆက်သွယ်ပြီး သူ့လေယာဉ်ပျံများဖြင့် ပစ္စည်းများကို သယ်ပေးခဲ့သည်။ ထိုလုပ်ငန်းဖြင့် အများကြီးကြီးပွားသွားလေသည်။

"ယိတ်. . . တစ်နာရီခွဲမှာ ကျွန်တော်နဲ့ အတူတူ နေ့လည်စာစားနိုင်မလား၊ အလုပ်ကိစ္စအတွက်ပါ"

"အလုပ်ကိစ္စဆိုတာ ပိုက်ဆံရပေါက်ပဲ ကိုယ့်ဆရာ၊ ဘယ်နေရာကို လာရမယ်ဆိုတာသာပြော"

ရပ်ဆယ်သော့ပ်က တွေ့မည့်နေရာကို ပြောပြလိုက်သည်။ ထို့နောက် အက်ဘီအိုင်စုံထောက်ဟောင်းနှစ်ယောက် သတင်းလာပို့သည်။

"မနက်ဖြန် မေယာရဲ့အိမ်ကို ခင်ဗျားတို့သွားပါ၊ အာရပ်အကြမ်းဖက်အုပ်စု တစ်ခုကိုလိုလားတဲ့လူတစ်စုက မေယာကို ခြိမ်းခြောက်နေတယ်၊ အဲဒီကိစ္စကို ခင်ဗျားတို့ တာဝန်ယူပြီးစုံစမ်းပေးရမယ်၊ မေယာရဲ့ လုံခြုံရေးအတွက် တာဝန်ယူရမယ်၊ လေးပတ်ကနေ ငါးပတ်လောက်အထိ ခင်ဗျားတို့တာဝန်ယူရမယ်၊ ခင်ဗျားတို့ တာဝန်ထမ်းဆောင်ပုံကို စိတ်တိုင်းကျရင် ကျသလို ဆုကြေးပိုပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



**စန်တာကလာရာ၊ ပြူအာတိုကွေဒို၊ မွန်းလွဲ ၂း၂၃ နာရီ။**

လယ်ယာစိုက်ပျိုးရေးဝန်ကြီးရုံးတွင် ထောင်ထားသည့် အချိန်ကိုက်ဗုံးသည် မွန်းလွဲ ၂း၂၃ မိနစ်အချိန်တွင် ပေါက်ကွဲသည်။ စာရေးသုံးယောက်သေဆုံးသွားပြီး အများအပြား ဒဏ်ရာရကြသည်။ ဗုံးပေါက်ကွဲပြီး မိနစ်ပိုင်းအကြာတွင် ပြူအာတိုကွေဒို နိုင်ငံ၏ စောင်ရေအများဆုံး သတင်းစာ "အင်ဖော်မေစီယွန်" သို့ အမည်မဖော်လိုသူတစ်ယောက်က ဖုန်းလှမ်းဆက်သည်။

"သမ္မတ မူညော့ဇ်ကို ကျုပ်တို့ နောက်ထပ်တစ်ကြိမ် သတိပေးလိုက်တယ်၊ ကျုပ်တို့ရဲ့ ပေါ်ပြူလာပါတီက အောင်ပွဲခံရမယ်"

"အင်ဖော်မေစီယွန်" သတင်းစာက ပေါ်ပြူလာပါတီ၏ အကြမ်းဖက်ဝါဒကို ရှုတ်ချသော ခေါင်းကြီးပိုင်းကို မျက်နှာဖုံးမှာ ဖော်ပြသည်။ အမေရိကန် သတင်းထောက်များကလည်း ထိုသတင်းကို ကမ္ဘာသို့ဖြန့်ကြသည်။

"အခုလောက်ဆိုရင် အမေရိကန်တွေကတော့ သတိထားမိလောက်ပါပြီ" ဟု ကာနယ်လီနာရီက ဂျက်ဖရေစပင်ဇာကို ဖုန်းလှမ်းဆက်ပြီးပြောသည်။

"ခင်ဗျားကိုတော့ အားလုံးက ချီးကျူးကြပါလိမ့်မယ် . . . . ကာနယ်" ဂျက်ဖရေက ထိုမျှသာ ပြန်ပြောလိုက်သည်။

**နယူးယောက်မြို့၊ မွန်းလွဲ ၃း၃၀ နာရီ။**

ပေါလ်ဟားဟတ်က ဂေါ်ဒွန်ဆင်ကလဲယားကို သူ့ဘဏ်တိုက်က ရုံးခန်းမှာသွားတွေ့သည်။ ပြီးတော့ . . . . လင်းဆိန်းမိန်းနှင့် သူဆွေးနွေးခဲ့သည့် အကြောင်းများ၊ ဆီးဂတ်သံမဏိ လုပ်ငန်းကော်ပိုရေးရှင်း သူတို့ အင်တမ်းကုမ္ပဏီနှင့် ပူးပေါင်းတော့မည့်အကြောင်းများကို ရှင်းပြသည်။ မိန်း၏ အကြောင်းကို ဆင်ကလဲယားက ချေးခါး အူမမကျန်သိထားသည်။

"ပင်လယ်ဓါးပြကြီးက ဘယ်လောက်ခုတ်လွှတ်လိုက်သေးသလဲ"ဟု ဆင်ကလဲယားက မေးသည်။

"ကျုပ်ထင်ထားတာ အစုရှယ်ယာ ၃၀၀၀၀ လောက်တော့ ပေးရမယ်ထင်တာ၊ ၂၀၀၀၀ တည်းနဲ့ကိစ္စပြီးသွားတယ်" ဟု ပေါလ်ဟားဟတ်က ပြန်ဖြေသည်။

**ဝါရှင်တန်ဒီစီ၊ ညနေ ၄း၀၀ နာရီ။**

သီအိုဒိုတက်ကိုစင်စကီ၏ အလောင်းကို ၂၄ နာရီအတွင်းမှာပင် မီးသင်္ဂြိုဟ် ပစ်လိုက်သည်။ သမ္မတ ဘီလီဘင်းနက်ကလည်း ဝမ်းနည်းကြောင်းကြေငြာချက် တစ်စောင်ထုတ်ပြန်သည်။

သမ္မတ ဘီလီဘင်းနက်နှင့် အိမ်တော်ဝန် ဗိုလ်ချုပ်အော်တိုကင်းဒရစ်တို့ နှစ်ယောက်သည် ထိုကိစ္စနှင့် ပတ်သက်ပြီး ဘာဆက်လုပ်သင့်သည်ကို ဆွေးနွေးနေကြသည်။

"နောက်ထပ်ဒါမျိုးထပ်ဖြစ်လာတာတော့ မခံနိုင်ဘူး၊ မဖြစ်ခင်က ကြိုတင် ကာကွယ်ရလိမ့်မယ်" ဟု ဘင်းနက်က ပြောသည်။

"ဘီလီ . . . . အေဒမ်ဟက်ချ်ဟာ မူးယစ်ဆေးဝါးတွေကို ဖြန့်ပေးနေတာ ခင်ဗျားရဲ့ အရာရှိကွေအားလုံးသိတယ်၊ အညာကို ကိုင်တဲ့အနေနဲ့ သူ့ကိုကိုင်မှဖြစ်မယ်" ဟု အော်တိုကင်းဒရစ်ကပြန်ဖြေသည်။

"ဒါပေမယ့် ကျုပ်ကို သူနိုင်ပေါက်တွေ ကိုင်ထားတယ်၊ ဒီနိုင်ပေါက်တွေကို သူဖွင့်ချလိုက်ရင် ကျုပ်ဘဝပျက်စီးသွားပြီ"

"ကိစ္စမရှိပါဘူးလေ၊ ဒီကိစ္စကို ကျွန်တော်ဖြေရှင်းပေးပါ့မယ်၊ သူမဟုတ်တာ လုပ်ထားတာတွေလဲ အများကြီးရှိတယ် မဟုတ်လား၊ သမ္မတကြီးတစ်ယောက်အနေနဲ့ ကျွန်တော့်ဘက်က သာ ခင်ဗျားခိုင်ခိုင်မာမာရပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ သူ့ကိုဖုန်းဆက်ပြီးခေါ်ပါ၊ မနက်ဖြန်ည ခင်ဗျားအိမ်မှာ သူနဲ့တွေ့ကြမယ်၊ ကဲ. . . ကျွန်တော်စိတ်ပြောင်းမသွားခင် မြန်မြန်ဆက်ပါအော်တို"

နယူးယောက်၊ ညနေ ၄း၄၅ နာရီ။

ဒင်နီယယ်ဆိဇ်သည် မနက်ကတည်းက စိတ်တိုနေသည်။ ရပ်ဆယ်သော့ပ် အကြောင်းကို စဉ်းစားသောအခါ ပိုပြီးဒေါသဖြစ်လာသည်။ ရပ်ဆယ်သည် ဆမ်မေယာကို အယုံသွင်းပြီး မတရားအခွင့်အရေးတွေယူနေသည်ဟု မသင်္ကာဖြစ်လာသည်။ ကုမ္ပဏီကြီးပေါင်းများစွာတွင် လူငယ်အုပ်ချုပ်ရေးသမားများက လူကြီးများကို ရာထူးမှ ဖယ်ရှားပစ်ပြီး ထိပ်ဆုံးသို့တက်လာသည့်အစဉ်အလာများကလည်း ရှိနေသည်။

ငွေငါးသန်းအနက် ကျန်ငွေနှစ်သန်းကို ရပ်ဆယ်သော့ပ် လာယူသောအခါ ဒင်နီယယ်ဆိဇ်က သူ့တွင်မည်မျှ အခွင့်အာဏာရှိကြောင်းကို ပြတော့သည်။

"ကျုပ်တို့ကျင့်သုံးခဲ့တဲ့ ထုံးတမ်းစဉ်လာတွေအကုန်လုံး ကပြောင်းကပြန် ဖြစ်ကုန်ပြီ ရပ်စ်၊ အခု မောင့်ကိုပေးလိုက်တဲ့ ငွေငါးသန်းလက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပါ"

"သက်သေခံ အထောက်အထားတွေမကျန်အောင် ဘယ်လိုစာရွက်စာတမ်းမှာမှ လက်မှတ်မထိုးဖို့ ကျွန်တော်တို့ သဘောတူထားကြပါတယ် ခင်ဗျာ"

"ကျွန်တော်တို့. . . . ဘာကျွန်တော်တို့လဲ၊ ဒီကိစ္စ မောင်နဲ့ ကျုပ်တစ်ခါမှ မဆွေးနွေးဖူးဘူး" ဒင်နီယယ်ဆိဇ်အံ့အားသင့်သွားသည်။

"ဆမ်နဲ့ ကျွန်တော်သဘောတူထားတာကို ပြောတာပါခင်ဗျာ"

ထိုစကားကိုကြားသောအခါ ဒင်နီယယ်ဆိဇ်သည် ပိုပြီးမယုံသင်္ကာ ဖြစ်လာသည်။ ထို့ကြောင့် ဒေါသ ပေါက်ကွဲသွားတော့သည်။

"ပိုက်ဆံက ကျုပ်ပေးတာ၊ ကုမ္ပဏီနဲ့ ပတ်သက်ပြီး ကျုပ်မှာတာဝန်ရှိတယ်"

"ဒင်. . . . ကျွန်တော်တို့အခုသုံးနေတဲ့ငွေတွေဟာ နိုင်ငံခြားကုမ္ပဏီက ယူထားတဲ့ငွေတွေ ဖြစ်ပါတယ်ခင်ဗျာ၊ ဒီပြည်တွင်းမှာရှိနေတဲ့ မေယာကိုကုမ္ပဏီနဲ့ ဘာမှမဆိုင်ပါဘူး၊ နောက်တစ်ကြောင်းကလဲ ဒီငွေတွေဟာ တရားဝင်ငွေတွေ မဟုတ်ပါဘူး၊ ဘယ်စာရင်းခေါင်းစဉ်ထဲမှာမှ မပါဘူး"

"ဒါပေမယ့် ကျုပ်မှာတာဝန်ရှိတယ်၊ ဒါ့ကြောင့် ငွေလက်ခံရရှိကြောင်း မောင်လက်မှတ်ထိုးပေးပါ"

ထိုငွေများသည် မေယာကို ကုမ္ပဏီ၏ တရားမဝင်သောငွေများဖြစ်သည်။ ပြည်တွင်းမှာလည်းမထား။ ဆွစ်ဇာလန်နိုင်ငံရှိဘဏ်တိုက်များနှင့် ဘဟားမားဘဏ်တိုက်များတွင် တိတ်တဆိတ်အပ်နှံထားသည့်ငွေများဖြစ်သည်။ ထို့ကြောင့် စာရွက်စာတမ်းများကို လက်မှတ်ထိုးပေးရမည်ဆိုလျှင် သူတို့၏ လျှို့ဝှက်ချက်များပေါ်သွားနိုင်စရာ အကြောင်းရှိသည်။ ထိုကိစ္စကို ဆမ်မြူယယ်မေယာနှင့် ရပ်ဆယ်သော့ပ်တို့ နှစ်ယောက်သဘောတူညီမှုရခဲ့ကြပြီးဖြစ်သည်။ မေယာကလည်း သူက တာဝန်ယူကြောင်း ပြောခဲ့သည်။

ဆိဇ်က ရပ်ဆယ်၏ အဖြေကိုစောင့်နေသည်။

"မောင်လုပ်နေပုံတွေဟာ နည်းလမ်းမကျတော့ဘူး"

ရပ်ဆယ်က သက်ပြင်းရှိုက်လိုက်သည်။

"ဆမ်ကို ဖုန်းဆက်ပါခင်ဗျာ၊ ဒီကိစ္စကို သူပဲ ရှင်းပါစေတော့. . . ."

"ကောင်းတယ်"

ဒင်နီယယ်ဆိဇ်က တစ်ချက်ပြုံးလိုက်သည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီး မေယာရှိရာ အင်ဒီယန်းဝဲလ်စ်သို့ လှမ်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆမ်. . . . ရက်ဆယ်သော့ပ်ဆိုတဲ့ချာတိတ်အကြောင်းပြောဖို့ ကျုပ် ဖုန်းဆက်တာ၊ ဒေါ်လာ ငါးသန်းကိစ္စ. . . ."

"ဘုရားရေ" ရပ်ဆယ်က ထိုင်ရာမှ ဝုန်းကနဲထပြီး ဆိဇ်၏ လက်ထဲမှ ဖုန်းကို ဆွဲယူလိုက်သည်။ "ဒင်. . . . ခင်ဗျားရှီးရှီးဖုန်းနဲ့ စကားပြောနေတာ၊ အသံလှိုင်းဖျက် ကိရိယာတွေက ဒီနေ့ညပိုင်းကျမှ အားလုံးတပ်လို့ ပြီးမှာ၊ ဂဏန်းအရေအတွက်ကို ထုတ်မပြောပါနဲ့"ဟု ပြောပြီး ဖုန်းကိုပြန်ပေးသည်။ ဒင်နီယယ်ဆိဇ်မှာ ဒေါသထွက်လွန်းသောကြောင့် တစ်ကိုယ်လုံး တုန်နေသည်။

"သော့ပ်က လက်ခံရရှိကြောင်း လက်မှတ်ထိုးမပေးနိုင်ဘူးလို့ ပြောနေတယ် ဆမ်"

"ကျုပ်ညွှန်ကြားတဲ့အတိုင်း သူလုပ်နေတာပါ"

"ဒါဟာ စည်းကမ်းတွေနဲ့ မညီဘူး"

"ကျုပ်တာဝန်ယူပါတယ်လေ၊ ကဲ. . . . ဒါပဲ မဟုတ်လား။ ကျုပ်နေ့လည်စာ စားနေတုန်း တန်းလန်းကြီး"

ထိုမျှပြောပြီး တစ်ဘက်မှ ဖုန်းပြန်ချသွားသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

### နယူးယောက်၊ အင်္ဂါ ၊ မေ ၁၇ ၊ နံနက် ၉း၁၅။

ဆက်လက်ကြုံတွေ့ရတော့မည့် နေ့ရက်များတွင် လုပ်ငန်းမှန်သမျှကို ရပ်ဆယ်သော့ပ် မနားတမ်းလုပ်ရတော့မည်။ မမှားအောင်လည်း လုပ်ရတော့မည်။ အိမ်သန့်ရှင်းရေးအလုပ်သမား အဘွားကြီးအတွက် စာတိုကလေးတစ်စောင်ရေးပေးခဲ့ပြီး အဝတ်အစားသေတ္တာနှင့် လက်ကိုင်အိတ်တစ်လုံးယူပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ အောက်ထပ်မှ တံခါးစောင့်က အငှားကား ခေါ်ပေးသည်။

"ကနေဒီ လေဆိပ်သွားမယ်၊ လမ်းမှာ ၁၂၆ လမ်းအရှေ့ပိုင်းကို ဝင်မယ်၊ ခင်ဗျား ခဏစောင့်ပါ၊ ကျုပ်မကြာဘူး"

"အဲဒီနေရာက ဟာလမ်ရပ်ကွက်ဆိုတော့" ဒရိုင်ဘာက ကန့်ကွက်စကားပြောသည်။

"…ာလမ်ရပ်ကွက်ဖြစ်တော့ရော ဘာဖြစ်သလဲ"

ရပ်ဆယ်သော့ပ်သည် အငြင်းအခုံ ဖြစ်မနေချင်တော့။ ဒရိုင်ဘာက သူ့ကို တစ်ချက်လှည့်ကြည့်သည်။ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းကြီးဖြစ်နေသည်ကို တွေ့ရသည့်အတွက် ဖြစ်ချင်ရာဖြစ်စေတော့ဟု သဘောထားပြီး မောင်းခိုင်းသည့်အတိုင်းသာ မောင်းလာတော့သည်။

နတ်သန်ဒူဝေ၏ လူမည်းတို့အခွင့်အရေး တိုက်ပွဲကော်မတီရုံးသည် အောက်ထပ်မှာပင် ဖြစ်သည်။ ဧရာမစားပွဲကြီးနောက်တွင် နတ်သန်ဒူဝေထိုင်နေသည်။ သို့သော်လည်း သူ့ခန္ဓာကိုယ်ကြီးက ထွားကျိုင်းလွန်းလှသောကြောင့် ဧရာမစားပွဲကြီးမှာ ငယ်သွားသယောင်ပင် ထင်ရလေသည်။

"မင်းသယ်လာခဲ့ပြီလား" ဟု နတ်သန်က ဆီးမေးသည်။

"ပိုက်ဆံအိတ်ကို ပြောတာလား"

"မဟုတ်ပါဘူး၊ မင်းကုတ်အကျႌကြီး ဖောင်းနေတာတွေ့လို့၊ ၃၈ ဘိုလား"

"ဒသမ သုံး ငါး ခုနှစ်" ရပ်ဆယ်သော့ပ်က လက်ကိုင်အိတ်ထဲမှ စက္ကူထုပ် တစ်ထုပ်ကိုယူပြီး နတ်သန်ဒူဝေသို့ ပစ်ပေးလိုက်သည်။ "နှစ်သိန်းနက်. . . . . တစ်ဝက်ကမင်းဖို့ တစ်ဝက်က တပ်သားစုဆောင်းရာမှာသုံးဖို့"



www.burmeseclassic.com

www.burmeseclassic.com



ကနေဒီ လေဆိပ်သို့ဆက်လာပြီး လော့စ်အိန်ဂျလိစ်သို့သွားရန် ပထမတန်း လေယာဉ်လက်မှတ်တစ်စောင်ကို ဝယ်လိုက်သည်။ ငွေပေးဆက်ရသော အများသုံးတယ်လီဖုန်းနှင့် နေရာအတော်များများသို့ လှမ်းဆက်သည်။ လေကြောင်းလုံခြုံရေး တာဝန်ခံများမှာ သူနှင့် ရင်းနှီးသူများဖြစ်သောကြောင့် သူယူလာသည့် ဒသမ သုံးငါးခုနှစ် သေနတ်ကို သက်ဆိုင်ရာလေယာဉ်မှူးလက်သို့ အပ်နှံရန်မလိုတော့ပေ။

**လော့အိန်ဂျလိစ်၊ နံနက် ၁၁း၂၅ နာရီ။**

လော့စ်အိန်ဂျလိစ်သို့ရောက်သောအခါ ရာမာဒါ အင်တာနေရှင်နယ် ဟိုတယ်မှာ အခန်းငှားလိုက်သည်။ ပြီးတော့ ကာလီဖိုးနီးယား ဗဟိုဘဏ်တိုက်သို့ ဖုန်းလှမ်းဆက်သည်။

"လူနှစ်ယောက်လွှတ်လိုက်မယ်၊ အာမခံ သေတ္တာနှစ်လုံးစီစဉ်ပေးပါ၊ တောင်မေးမြောက်မေး လျှောက်မမေးပါနဲ့၊ ဒါ. . . . မေယာကို ကုမ္ပဏီရဲ့ အလုပ် ကိစ္စ"

ဂရေဂရီမိနာရှင်၏ ငွေစာရင်းထဲသို့ ထည့်ပေးသည့်ငွေတစ်သိန်းကို မိနာရှင်က ပြန်ပေးကြောင်း ဘဏ်တိုက်က ပြောပြသည်။ ဘာပြဿနာ ပေါ်သေးသလဲဟု ရပ်ဆယ်က ပြန်မေးသည်။

"သူ့ဘဏ်တိုက်နဲ့ သူ့ရှေ့နေက ဘာဖြစ်တာလဲလို့ စုံစမ်းပါတယ်၊ စာရင်းမှားပြီး ထည့်လိုက်မိတာပါလို့၊ ကျွန်တော်တို့က ပြန်ဖြေလိုက်တယ်၊ စာရင်းမှားပြီး ငွေပိုထည့်ပေးမိတာ ဥပဒေကို ဆန့်ကျင်ရာမကျပါဘူး ခင်ဗျာ၊ ဒါ့ကြောင့် သူတို့လဲ လက်လျှော့သွားပါတယ်"

သူဖုန်းဆက်ခေါ်ထားတဲ့အတိုင်း ဂျူအန်းမီလင်ဒက်နှင့် သောမတ်စ်(တွမ်) ဖာလွန်တို့နှစ်ယောက် ရောက်လာကြသည်။ တစ်ယောက်ကို ဒေါ်လာ ၅၀၀၀၀ စီထုတ်ပေးသည်။ ငွေ ၁၀၀၀၀ စီက သူတို့အတွက်ကြိုတင်ငွေဖြစ်ပြီး ကျန်ငွေများက စစ်သားစုဆောင်းရေးအတွက် စရိတ်ဖြစ်သည်။ ပြီးတော့ သူတို့ ဆောင်ရွက်ပြီးသည့် အခြေအနေများကို မေးသည်။

"ကျွန်တော်ကတော့ လေးယောက်ရထားပြီ" ဟု ဖာလွန်ကပြောသည်။

"နိုပ်ရဲ့လား"

"ကျွန်တော့် စိတ်ကြိုက်ရွေးထားပါတယ် ရပ်စ်"

"မင်းကရော ဂျူအန်း"

"အခုထိတော့ နှစ်ယောက်ပဲရပါသေးတယ်၊ ခင်ဗျားပြောတာလဲကောင်းတယ်၊ ကျွန်တော်ပြောတာလဲကောင်းတယ်၊ ဒါပေမယ့် ပိုက်ဆံစကားပြောတာက ပိုကောင်းတယ်၊ နောက်အပတ်ထဲမှာ ကျွန်တော်တို့ လူသုံးဆယ်ရမယ်" ဟု ဂျူအန်း က ပြန်ဖြေသည်။

"လေးဆယ်ရအောင်လုပ်ကွာ၊ သောကြာနေ့ညထက် နောက်မကျစေနဲ့၊ အဲဒီနေ့ကျရင် ငါပြန်လာပြီး သူတို့ကိုစစ်ဆေးကြည့်မယ်၊ နောက်တစ်နေ့မနက် သူတို့ကို တစ်နေရာခေါ်သွားပြီး သင်တန်းစပေးမယ်၊ ကဲ. . . . မင်းတို့ ခွက်ထဲက လက်ကျန်ရှင်းပြီး ဘဏ်တိုက်ကို ပြေးကြပေတော့"

မီလင်ဒက်ဝ်နှင့် ဖာလွန်တို့နှစ်ယောက် ထွက်သွားကြသည်။ မိနစ်အနည်းငယ်ကြာတော့ ဟာရှေဘလောက်ရောက်လာသည်။

"ပက်ထရစ်ရှာဂါဗေးကို ဖုန်းဆက်ပါ၊ လီယိုဖူးချ်ဘက်ရဲ့ ရာထူးကို ခင်ဗျား. . . . လိုချင်တဲ့အကြောင်း. . . . အရိပ်အမြွက်. . . . ပြောပါ"

"အကြောင်းကဘယ်လိုလဲ" ဟာရှေဘလောက်က လက်ထဲမှ အရက်ခွက်ကို ပြန်ချလိုက်ပြီးမေးသည်။

"ပက်ထရစ်ရှာဂါဗေးက ဒီအကြောင်း ပေါလ်ဗားဟတ်ကို ပြန်ပြောပြလိမ့်မယ်၊ ဒီအခါမှာ ဆမ်မေယာ ဒုက္ခရောက်နေကြောင်း၊ သူ့ရဲ့ ပင်သီယွန်ကုမ္ပဏီဒုက္ခ ရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် စင်တီနယ်ကုမ္ပဏီကို ခင်ဗျားခြံခုန်လာချင်ကြောင်း ဗားဟတ်က ထင်သွားမယ်"

ဟာရှေဘာလောက်က သဘောပေါက်သွားသည့်အလား ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"တနလ်ာနေ့ ကျရင် ဆမ်မေယာနဲ့တွေ့ပါ၊ ရောဘက်နားလင်းကိစ္စနဲ့ ဂရေဂရီမီနာရှင်ရဲ့ ကိစ္စတွေမှာ ကျွန်တော်ဘာတွေလုပ်ပစ်လိုက်ကြောင်း ပြောပြပါ"

"အလို. . . . ဘာကြောင့် ဒါတွေဖွင့်ပြောရမှာလဲ"

"ဒီတော့မှ ဆမ်မေယာအနေနဲ့ ကျွန်တော့်ကို အလုပ်ထုတ်ပစ်ဖို့အကြောင်း လုံလောက်သွားတော့မှာပေါ့ဗျာ"

ရှယ်ဗီချေ့စ်၊ မေရီလင်း၊ ည ၈း၀၀ နာရီ။

အိမ်တော်ဝန်ဗိုလ်ချုပ် အော်တိုကင်းဒရစ်သည် သူ့ဇနီးကို တခြားသို့ ရှောင်နေခိုင်းလိုက်သည်။ ပြီးတော့ ရောက်လာမည့် ဧည့်သည်များကို ဧည့်ခန်းထဲမှ ထိုင်စောင့်နေသည်။ ပထမဆုံးရောက်လာသူမှာ အေဒမ်ဟက်ချ် ဖြစ်သည်။ အေဒမ်၏ မျက်လုံးထဲမှာ ထိတ်လန့်စိုးရိမ်သည့် အမူအရာများပေါ်နေသည်။

"မစ္စက်ဟက်ချ် နေကောင်းရဲ့လား" အော်တိုကင်းဒရစ်က အေဒမ်ကို ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်လာရင်းမေးသည်။

"အီဗလင်နေကောင်းပါတယ်"

အေဒမ်၏ အသံထဲမှာလည်း စိုးရိမ်သံပါနေသည်။ အော်တိုကင်းဒရစ်က သူ့ကို သဘောမကျကြောင်းလည်းသိထားသည်။ ယခုလို မိမိကို လှမ်းခေါ်သည်မှာ ရိုးရိုးတန်းတန်း မဖြစ်နိုင်။ ပြဿနာ တစ်ခုခုတက်တော့မည်ဆိုသည်ကိုလည်း ကြိုတင်တွက်ဆထားခဲ့မိပြီး ဖြစ်လေသည်။ ထို့ကြောင့် မလိုသော်ရှိ လိုသော်ရှိဆိုသည့် သဘောဖြင့် ဇနီးကိုလည်း ပေါလ်ဗားဟတ်ထံသို့လွှတ်ပြီး အကူအညီတောင်း ခိုင်းထားသည်။

ခဏကြာတော့ သမ္မတ ဘီလီဘင်းနက် ရောက်လာသည်။ သက်တော်စောင့်က အခန်းအပြင်ဘက်မှာ စောင့်နေရစ်ခဲ့သည်။ ဘီလီဘင်းနက်က အေဒမ်ဟက်ချ်ကို ဝတ်ကျေတန်းကုန် သဘောမျိုးသာ နှုတ်ဆက်သည်။ ထိုသို့သော အပြုအမူကြောင့် အေဒမ်မှာ ပိုပြီး စိုးရိမ်သောက ပွားလာလေနေတော့သည်။

"စိတ်မချမ်းသာစရာကောင်းတဲ့ အကြောင်းတစ်ခု ခင်ဗျားကို ပြောပြဖို့ ရှိနေတယ်၊ တက်ကိုပင်စကီဟာ ရိုးရိုးသားသားသေသွားတာ မဟုတ်ဘူး၊ ခင်ဗျား ကြောင့်သေရတာ" ဟု အိမ်တော်ဝန်ဗိုလ်ချုပ် အော်တိုကင်းဒရစ်က စတင်ပြော သည်။

"ဘာပြောတယ်ဗျ. . . .၊ ခဏနေပါဦး၊ ဒါသက်သက်လိမ်တာ၊ ကျုပ် ဘယ်တုန်းကမှ. . . ."

"ခင်ဗျားတစ်ခွန်းမှ မပြောနဲ့၊ ဗာနွန်ကေ့စ်က အကုန်လုံးအစစ်ခံပြီးပြီ၊ အထောက်အထားတွေ အားလုံးရပြီးပြီ" ဟု ကင်းဒရစ်က ဆက်ပြောသည်။

"ကျုပ်. . . . ကျုပ်. . . . တစ်ယောက်တည်းမဟုတ်ပါဘူးဗျာ၊ ဒီကိစ္စမှာ ဘီလီ. . . . ခင်ဗျား. . . ."

အေဒမ်ဟက်ချ်၏ အသံများ ကတုန်ကယင် ဖြစ်လာသည်။ မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်များသီးလာသည်။ ဘီလီဘင်းနက်က အေဒမ်ကို စိုက်ကြည့်နေသည်။ နှစ်ပေါင်းများစွာ အေဒမ်ကို သူကြောက်ခဲ့ရသည်။ ကျားသနားမှ နွားချမ်းသာရမည့် ဘဝမျိုးသို့ ကျရောက်ခဲ့ရသည်။

"အေဒမ်. . . . ကျုပ်တို့ ဇာတ်သိမ်းကြစို့၊ နိုင်ငံရေးနဲ့ပတ်သက်ပြီး ခင်ဗျားအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အများကြီး မှီခိုခဲ့ရတယ်၊ အခုတော့တော်ပြီ၊ နောက်ထပ် ကျုပ်ဆီကလဲ ဘာအခွင့်အရေးကိုမှ မတောင်းနဲ့တော့၊ ဘာမှမပေးဘူး" ဟု ဘီလီဘင်းနက်က ပြောသည်။

"ပြူအာတိုကွေဒို ကိစ္စရှိသေးတယ်လေ၊ ခင်ဗျားကတိပေးထား. . . ." အေဒမ်၏အသံမှာ အက်ကွဲနေသည်။

"အခြေအနေတွေ ချက်ချင်းပြောင်းသွားနိုင်မယ်ဆိုရင် ကျုပ်တို့ဘာမှ ဝင်မစွက်ဘူးလို့ ခင်ဗျားကို ကတိပေးခဲ့တာ၊ ကျုပ်ကတိကို ကျုပ်မဖျက်ဘူး၊ ဒါပေမယ့် နောက်ထပ်ဘာမှ လုပ်မပေးနိုင်တော့ဘူး"

"ဘီလီခင်ဗျားပြောခဲ့တာက အာဏာသိမ်းပွဲပြီးသွားရင်"

"ဒါနဲ့ ပတ်သက်ပြီး ကျုပ်စဉ်းစားမယ်လို့ ပြောခဲ့တယ်၊ အခု စဉ်းစားပြီးပြီ၊ အဖြေကတော့ ဘာမှလုပ်မပေးနိုင်ဘူး ဆိုတာပဲ"

နယူးယောက်၊ ည ၉း၃၀ နာရီ။

အိပ်ခန်းထဲမှာ အကျီကြယ်သီးဖြုတ်နေသည့် အီဗလင်ဟက်ချ်ကို ပေါလ်ဗားဟတ်က လှမ်းကြည့်နေသည်။

"ကိုယ်တို့နှစ်ယောက် မတွေ့ကြရတာကြာပြီ" ဟု လည်းလှမ်းပြောလိုက်သည်။

မှန်ပါသည်။ အီဗလင်နှင့် ပေါလ်တို့ မတွေ့ကြသည်မှာ လပေါင်းအတော် ကြာသွားပြီ။ ထိုအကြောင်းကို အီဗလင်လည်း ပြန်သတိရနေပုံပေါ်သည်။ သူ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်စများကို မြင်ရသည်။

သူတို့ စတွေ့ကြတုန်းက အီဗလင်သည် အသက် ၂၁ နှစ်အရွယ်သာရှိ သေးသည်။ မဂ္ဂဇင်းတစ်စောင်မှာ အယ်ဒီတာလုပ်နေသည်။ သူတို့နှစ်ယောက် တစ်နှစ်ကျော်ကျော်လောက် တွဲလိုက်ကြသည်။ ထို့နောက် အီဗလင်က အေဒမ်ဟက်ချ် နှင့် လက်ထပ်သွားသည်။ သည်လိုဖြင့် သူတို့ချင်းအတွေ့ကျဲသွားသည်။

"မင်းကို ဒီအကြောင်း ကိုယ်မေးခဲ့တဲ့အကြိမ်ပေါင်း ဘယ်လောက်ရှိပြီဆိုတာ မရေနိုင်တော့ပါဘူး၊ ဒါပေမယ့် ထပ်မေးရဦးမယ်၊ မင်းဘာဖြစ်လို့ ဟက်ချ်နဲ့ လက်ထပ်လိုက်ရတာလဲ" ပေါလ်က ခုတင်ပေါ်မှာ သွားထိုင်ရင်းမေးသည်။

"ရှင်မေးတိုင်းလဲ ကျွန်မဖြေခဲ့တာပဲ၊ လူ့ဘဝမှာ ငွေဟာဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်မသိအောင် ရှင်သင်ပေးခဲ့တယ်လေ"

"မင်းစရိတ်တွေ ကိုယ်ထောက်ပံ့ပါ့မယ်လို့ ပြောခဲ့သားပဲ၊ ပြီးတော့ လခ များများရတဲ့အလုပ်လဲ ကိုယ်ပေးပါ့မယ်လို့ ပြောခဲ့သားပဲ"

အီဗလင်က ပေါလ်ရှိရာ ခုတင်ဆီသို့လျှောက်လာသည်။

"အေဒမ်ဟာ ရှင်ချမ်းသာသလို ချမ်းသာတယ်လို့ ကျွန်မထင်ခဲ့တယ်၊ နောက်ပြီးတော့ သူနဲ့လက်ထပ်ဖို့ကိုလဲ သူကပြောတယ်လေ"

ထိုစကားကိုပြောရင်း အီဗလင်ကရယ်သည်။ စိတ်နာနာဖြင့်ရယ်သည့် ရယ်သံမျိုးဖြစ်သည်။ သူ့ဆီသို့လျှောက်လာနေသည့် အီဗလင်ကိုပေါလ်က မျက်တောင်မခတ်စိုက်ကြည့်နေသည်။ ယခုတိုင် အလှတွေကြွယ်နေဆဲ ဖြစ်ကြောင်းလည်း သတိထားမိသည်။

\+ \+ \+

ညသန်းခေါင်ကျတော့ ပေါလ်ဗားဟတ်က အရက်နှစ်ခွက် ဖြည့်ထည့်ပြီး အီဗလင်ဆီသို့ တစ်ခွက်လှမ်းပေးသည်။

"အေဒမ်က ဘာဖြစ်လို့ မင်းကို ကိုယ့်ဆီလွှတ်လိုက်တဲ့အကြောင်း မင်းပြောမပြသေးဘူး" ပေါလ်က အီဗလင်၏ မျက်နှာကိုကပ်ပြီးစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အီဗလင်က လက်ထဲမှ အရက်ခွက်ကို ကြမ်းပေါ်သို့ချလိုက်သည်။

"ဝါရှင်တန်က သူ့ကိုခေါ်လို့"

ဒါနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ကိုယ်သဘောမပေါက်ဘူး"

"သူဝန်ကြီးအဖြစ်ကနေ နုတ်ထွက်ခဲ့ပြီးကတည်းက အခုလိုတစ်ခါမှ မခေါ်ဖူးဘူး၊ ဝါရှင်တန်ကိုသွားပြီး သမ္မတနဲ့ တွေ့ခဲ့တာတွေဟာ သူ့သဘောနဲ့သူသွားတာ၊ သူ့အစီအစဉ်နဲ့ သူသွားတာ၊ အခု ဘီလီဘင်းနက်က ခေါ်ခိုင်းလိုက်တယ်ဆိုတော့ တစ်ခုခု ပြဿနာတက်ပြီလား. . . . . ဘီလီကသူ့ကို ခွါချပစ်တော့မှာလားဆိုတာ တွေးပြီးသူ့အကြီးအကျယ်လန့်နေတယ်"

ပေါလ်ဗားဟတ်၏ မျက်နှာပေါ်တွင် ဒေါသရိပ်များပေါ်လာသည်။

"အင်မတန်မိုက်မဲတဲ့ ခွေးသားကြီး"

"ဘီလီဘင်းနက်နဲ့ ပတ်သက်ပြီးသူတွေးထားတာ မှန်မယ်ဆိုရင် ရှင့် အကူအညီကို သူရမှဖြစ်တော့မယ် ပေါလ်"

ပေါလ်က လက်ထဲမှ ဖန်ခွက်ကိုနံရံ ဆီသို့ပစ်ပေါက်လိုက်သည်။ ဖန်ခွက်က အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။ ဖန်ခွက်ကဲ့သို့ပင် သူ့ဒေါသလည်း ပေါက်ကွဲသွားလေသည်။

"ငါ့ဆီက အကူအညီ. . . . ဘာအကူအညီလဲ. . . . ဒီကောင်ကြီးက အလကား ကောင်ပဲ၊ သမ္မတက သူ့ကိုကန်ထုတ်ပစ်လိုက်မယ်ဆိုရင် နည်းတောင် နည်းသေးတယ်၊ ငါ့ဆီကတော့ ဘာမှမမျှော်လင့်နဲ့ မရဘူး"

"ပေါလ်. . . . ကျွန်မတောင်းပန်. . . . "

သို့သော် ပေါလ်၏ ဒေါသသည် အထွတ်အထိပ်သို့ရောက်လာချေပြီ။

"နင်ဒီကိုလာပြီးငါ့ကိုမြှူတယ်၊ ဒီလိုအမြှူခံရတဲ့အတွက် ငါကသူ့ကို အကူ အညီပေးမယ်၊ နင်ဘယ်ဘဝရောက်သွားပြီဆိုတာ သိရဲ့လား၊ နင်က ကြေးစားဖြစ် သွားတယ်၊ ဟိုကောင်က ခေါင်းဖြစ်သွားတယ်၊ နင်တို့နှစ်ယောက်ဟာ. . . . "

"ကြိုက်သလိုပြောပါ၊ ရှင့်ကိုကျွန်မအပြစ်မတင်ပါဘူး၊ အေဒမ်ဟာ ဘယ်သူ့ဆီမှာမှ အကူအညီတောင်းလို့ မရနိုင်တော့ပါဘူး၊ သူ့ကို ကယ်တင်နိုင်တာ ရှင် တစ်ယောက်တည်းပဲ ရှိပါတော့တယ်၊ ကျွန်မမှာလဲ အားကိုးရာမရှိတော့ပါဘူး၊ ဒါ့ကြောင့် ကျွန်မအခုလိုလာပြီး အကူအညီတောင်းရတာပါ"

အီဗလင်၏ လေသံမှာ ခြောက်ကပ်ကပ်ဖြစ်နေသည်။ ပေါလ်ကို သူ ဘယ်လောက် ချစ်ကြောင်း ပြောနေစရာလဲမလိုတော့ပါ။ တကယ်ဆိုတော့ သူ့ဘဝ တစ်လျှောက်လုံးတွင် အချစ်ရဆုံးလူမှာ ပေါလ် ပင်ဖြစ်ပါသည်။

**အိုချိုဗီး ၊ ဖလော်ရီဒါ ည ၁၁း၄၅ နာရီ။**

အမေရိကန်အစိုးရ၏ မှတ်တမ်းမှတ်ရာများအရ အယ်လ်ဖာစခန်းသည် မည်သည့် အခါကမှ မရှိခဲ့ဖူးချေ။

အမြဲစိမ်းသစ်တောနက်ကြီးတစ်ခု၏ အလယ်မှာ အယ်လ်ဖာ စခန်းကို တည်ဆောက်ခဲ့ သည်။ လျှို့ဝှက်စစ်သင်တန်းများပေးခဲ့သည်။ လေယာဉ်ပျံကွင်းရှိသည်။ သစ်တောနက်ကြီး၏ အလယ်မှာ ရှိနေသောကြောင့် ထိုစခန်းအကြောင်းကို မည်သူမျှမသိ။ လျှို့ဝှက်စစ်သင်တန်းများနှင့် ပတ်သက်သည့် စီမံကိန်းဖျက်သိမ်း လိုက်သောအခါ ထိုစခန်းကို ပုဂ္ဂလိက ကုန်သည်များအား ပြန်ရောင်းလိုက်သည်။

ပုဂ္ဂလိကများလက်သို့ရောက်သောအခါတွင်လည်း ထိုနေရာကို လျှို့ဝှက် စစ်လေ့ကျင့်ရေး စခန်းများအဖြစ် ပုဂ္ဂလိကများက ဆက်လက်အသုံးပြုခဲ့ကြသည်။ လျှို့ဝှက်ကြေးစားစစ်သားများ ကိုစုဆောင်းပြီး သင်တန်းပေးသည်။ ပြီးတော့ မည်သူမှ မသိရသော ဒေသများသို့ စေလွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် နေထိုင်ကြသူများသည်လည်း အယ်လ်ဖာစခန်း အကြောင်းကို မသိကြ။ သိလျှင်လည်း မည်သို့မည်ပုံ နှုတ်ပိတ်ထားရမည် ဖြစ်ကြောင်းကိုပါ အားလုံးက ကောင်းကောင်းသိကြလေသည်။

အဆောက်အအုံများရှိသော်လည်း အခြားသူများမသိအောင် ပုံဖျက်ထားသည်။ လေယာဉ်ပျံ အဆင်းအတက်လုပ်ရာတွင်လည်း နိမ့်နိမ့်ပျံလာပြီး ဆင်းခြင်း၊ တက်ခြင်းပြုလုပ်သဖြင့် ရေဒါများနှင့်လည်း ဖမ်းယူ၍မရနိုင်။

အမှတ် ၄၁ အဝေးပြေးလမ်းမကြီးဘေးရှိ အိုခ်ျပီးရွာကလေးမှ ဟိုတယ်သေးသေးကလေးမှာ ထူးခြားထင်ရှားသော ဆိုင်းဘုတ်ဟူ၍မရှိ။ အတွင်းသိများကသာ ထိုဟိုတယ်ကလေးကို သိကြသည်။

ထိုဟိုတယ် သေးသေးကလေးသို့ ညသန်းခေါင်အချိန်လောက်တွင် ရပ်ဆယ်သော့ပ် ရောက်လာသည်။ လူသုံးယောက်က သူတို့၏ ပထမ နာမည်များကိုသာ ပြောပြီး မိတ်ဆက်သည်။

"ယိတ်နာဂယ်က လွှတ်လိုက်လို့ ကျွန်တော်ဒီကိုရောက်လာတာပါ" ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

"သူမလွှတ်ရင် ကျွန်တော်တို့လဲ ဒီကိုရောက်လာမှာမဟုတ်ပါဘူး၊ ထိုင်ပါ . . . . မစ္စတာ သော့ပ်" ဟု အသက် ၄၀ အရွယ်ရှိ ခေါင်းပြောင်ပြောင်နှင့် လူက ပြောသည်။

"ကျွန်တော့်ကို ရပ်စ်လို့ပဲ ခေါ်ပါ၊ ကျွန်တော်တို့ ရင်းရင်းနှီးနှီးဆက်ဆံကြရမှာ မဟုတ်လား" ရပ်ဆယ်က လူဝဝ၏အနီး ခုတင် အစုတ်ကလေးတစ်လုံးပေါ်တွင် ဝင်ထိုင်သည်။ "နေရာက အဆင်သင့်သုံးရုံပဲလို့ ယိတ်က ကျွန်တော့်ကိုပြောလိုက်ပါတယ်"

အရပ်ရှည်ရှည်နှင့် ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းသည့် လူတစ်ယောက်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

"ဒီနေရာက အမြဲတမ်းအဆင်သင့်ဖြစ်နေတာပါ၊ ခုတင်တွေလဲ အဆင်သင့်ရှိတယ်၊ အိပ်ယာကတော့ ကိုယ်ဟာကိုယ်ယူလာရမှာပေါ့လေ"

"ဒါကိုတော့ သဘောပေါက်ထားပြီးသားပါ" ဟု ရပ်ဆယ်သော့ပ်က စီးကရက် မီးညှိရင်း ပြန်ပြောသည်။

"ယိတ်ပြောထားတဲ့အတိုင်းဆိုရင် အယ်လ်ဖာစခန်းကို ခင်ဗျား အနည်းဆုံး သုံးပတ်ကနေ အများဆုံးလေးပါတ်သုံးမယ်လို့သိရပါတယ်၊ ဘယ်တော့လောက် ကစပြီးသုံးမှာလဲ" ထွားထွားလူကမေးသည်။

"ကျွန်တော်တို့နဲ့ သဘောတူညီချက်ရတာနဲ့ တစ်ပြိုင်တည်း ချက်ချင်းစ သုံးမှာပါပဲ၊ ပထမဆုံး ကားတစ်စင်းတိုက်စာလောက် ပစ္စည်းတွေကို မနက်ဖြန်ညမှာ စပို့ချင်ပါတယ်"

"ဘယ်သူ့ပစ္စည်းလဲ၊ ဒါကိုတော့ ကျွန်တော်တို့ သိထားဖို့ အရေးကြီးပါတယ်" ခေါင်းပြောင်ပြောင်နှင့်လူကမေးသည်။

"လိုတာတွေအားလုံး ရန်နယ်နဲ့ သဘောတူညီချက်ရထားပါတယ်"

"ကောင်းတယ်၊ ဒီလူက စိတ်ချရတယ်၊ အရင်တုန်းက သူ့ပစ္စည်းတွေ ဒီကို ပို့ခဲ့ဖူးတယ်"

"နေရာငှားခကတော့ ဒေါ်လာငါးသိန်းကျမယ်၊ ငွေကြိုပေးရမယ်၊ တစ်ပြားမှ လျှော့မပေးနိုင်ဘူး"

"ဈေးတော့မချိုလှဘူးနော်" ဟု ရပ်ဆယ်က မှတ်ချက်ချသည်။

"ဈေးအများကြီးချိုပါတယ်၊ ငှားမယ် မငှားဘူးဆိုတာသာ ဆုံးဖြတ်ပေါ့လေ"

"ပစ္စည်းတွေဝိုင်းကူချဖို့ရယ်၊ ကျွန်တော့်လူတွေရောက်မလာခင် စောင့်ထိန်း ပေးထားဖို့ ရယ်အတွက်က ဘယ်လောက်ထပ်ပေးရမှာလဲ၊ ဆိုပါတော့. . . သောကြာနေ့ ညသန်းခေါင်ကျော် လောက်အထိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုနငါးသိန်းထဲမှာ အဲဒီစရိတ်တွေလဲ ပါပြီးသားပါ၊ ဒါပေမယ့် အယ်လ်ဖာစခန်းကို ခင်ဗျားရောက်လာပြီ ဆိုရင်တော့. . . . အဲဒီရောက်တဲ့အချိန်ကစပြီး နေနေသမျှ ကာလပတ်လုံး ခင်ဗျားတာဝန်လုံးလုံးဖြစ်သွားပြီ၊ အယ်လ်ဖာ စခန်းမှာ ဘာတွေပဲဖြစ်ဖြစ် အားလုံးခင်ဗျားနဲ့သာ ဆိုင်တယ်"

ရပ်ဆယ်မှာ နောက်ထပ်မေးဖို့ မေးခွန်းတစ်ခုသာ ကျန်တော့သည်။

"အသံကိစ္စက ဘယ်လိုရှိမလဲ၊ သက်မှတ်ချက်များရှိသလား"

"အယ်လ်ဖာ စခန်းဟာတောနက်ကြီးအလယ်မှာရှိတယ်၊ ပြီးတော့ ရွှံ့ညွှန် အိုင်ကြီး တစ်ခုလဲရှိတယ်၊ အသံတွေအားလုံးကို အဲဒီအိုင်ကြီးက ထိန်းပေးထားတယ်၊ အမြောက်သံကိုတော့ မထိန်းနိုင်ဘူးပေါ့လေ၊ အမြောက်ဆိုရင်တော့ တော်တော် စွန့်စားရမယ့်ကိစ္စပဲ"

ရပ်ဆယ်သော့ပ်က စီးကရက်တိုကို ထိုးခြေလိုက်ပြီး လက်ကိုင်အိတ်ကို ဖွင့်လိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

**မီယာမီ၊ ဗုဒ္ဓဟူး၊ မေ ၁၈၊ နံနက် ၁၀း၃၀ နာရီ။**

အောတစ်ရန်နယ်သည်လက်နက်ရောင်းချသည့် လုပ်ငန်းဖြင့် ဒေါ်လာ သန်းပေါင်း ၃၀၀ ကျော်ကြွယ်ဝချမ်းသာနေချေပြီ။ ရန်နယ်ကုမ္ပဏီကို တည်ထောင်ပြီး ရှုပ်ပြအဖြစ် အကြီးစားစက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများပြုလုပ်သည်။ ဂိုထောင်များ၊ သင်္ဘောကျင်းများ၊ ကုန်တင်မော် တော်ကားများကို ပိုင်ဆိုင်သည်။

အောတစ်ရန်နယ်သည် ပြည်နယ်အာဏာပိုင်များကို တင်ပေးခြင်း၊ ဖြုတ်ချပစ်ခြင်းများ ပြုလုပ်နိုင်သည်အထိ ဩဇာအာဏာကြီးမားကြောင်း လူပြောများ သည်။ ကာနေဗာရယ်အဖွဲ့ကို အာကာသလေ့ကျင့်ရေးစခန်းအဖြစ်သက်မှတ်ခဲ့ခြင်းသည် သူ၏ တိုက်တွန်းချက်ကြောင့် ဖြစ်သည်ဟု ကောလာဟလလည်းထွက်နေသည်။

ရန်နယ်၏ ကုမ္ပဏီမှာ ဘာသာစကားမျိုးစုံ ပြောနိုင်သူများကို ငှားရမ်းခန့်ထားသည်။ လက်နက်ဝယ်ယူသူများသည် ကမ္ဘာအရပ်ရပ်မှဖြစ်လေရာ လူအမျိုးမျိုး၊ ဘာသာစကား အမျိုးမျိုးနှင့် ဆက်ဆံရသောကြောင့်ဖြစ်သည်။ ရပ်ဆယ်သော့ပ်ကို အောတစ်ရန်နယ်၏ ရုံးခန်းသို့ အတွင်းရေးမှူးတစ်ယောက်က လိုက်ပို့ပေးသည်။

အောတစ်ရန်နယ်၏ ရုံးခန်းတွင် ဆုဖလားပေါင်း မြောက်များစွာကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ခင်းကျင်းထားသည်။ ပင်လယ်ထဲတွင် အပျော်တမ်း ငါးမန်း ဖမ်းရာမှ ရရှိထားသည့် ဆုဖလားများဖြစ်သည်။

"ကျုပ်မိတဲ့အကောင်က ဆယ့်ခြောက်ပေနဲ့ ရှစ်လက်မ အရှည်ရှိတယ်၊ ကမ္ဘာ့စံချိန်ထက် နှစ်လက်မ ပိုတိုတယ်၊ အလေးချိန်က ပေါင်ချိန် ၂၅၀၀ ကျော်ရှိတယ်၊ ခင်ဗျားရော ငါးမန်းဖမ်းသလား သော့ပ်"

အောတစ်ရန်နယ်က ငါးမန်းဖမ်းသည့်အကြောင်းများကို ရှည်လျားစွာ ပြောပြနေသည်။ ရပ်ဆယ်သော့ပ်က ထိုလုပ်ငန်းတွင်စိတ်ဝင်စားသူ မဟုတ်သောကြောင့် စိတ်ပျက်နေသည်။ အတော်ကြီးကြာတော့မှ အလုပ်ကိစ္စသို့ ရောက်လာသည်။

"ခင်ဗျားတယ်လီဖုန်းနဲ့ပြောတဲ့အတိုင်း လက်နက်စာရင်းကို ကျွန်တော် လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ၊ အားလုံးပေါင်းဒေါ်လာ ရှစ်သန်းနဲ့ တစ်သိန်းကျတယ်၊ ခင်ဗျားပို့ လိုက်တဲ့ ငွေက နှစ်သန်းဆိုတော့ ခြောက်သန်းနဲ့ တစ်သိန်းထပ်ပေးဖို့ကျန်တယ်" ရန်နယ်က ရပ်ဆယ်ကို စိုက်ကြည့်လိုက်သည်။

"အယ်လ်ဖာစခန်းကို ပစ္စည်းတွေစပို့ပါတော့၊ ကျန်တဲ့ငွေကို တနင်္ဂနွေနေ့ ဖြစ်ဖြစ်၊ တနင်္လာနေ့ဖြစ်ဖြစ် ကျွန်တော်ယူလာခဲ့မယ်၊ အဲဒီနှစ်ရက် ကြိုက်တဲ့ရက် ပြောပါ"

"တနင်္လာနေ့လုပ်ပါ၊ တနင်္ဂနွေမှာ ကျုပ်ငါးမန်းဖမ်းထွက်ဦးမယ်၊ အပေါ့စား တင့်ကားကလေးတွေ ခင်ဗျားမသုံးနိုင်တာတော့ ဆိုးသဗျာ၊ ကျုပ်မှာ အမ် ၁၉ အမျိုးအစား တင့်ကားအသစ်ကျပ်ချွတ် အစင်းငါးဆယ်ရှိနေတယ်"

ဈေးသည်တိုင်းဆွယ်တရားဟောကြသည့် အကြောင်းကို ရပ်ဆယ်က စဉ်းစားနေသည်။ ရန်နယ်က စာရင်းစာရွက်တစ်ခု လှမ်းပေးသည်။

"စာရင်းတွေနည်းနည်း စစ်ကြည့်လိုက်ကြရအောင်၊ အဲဒီစာရင်းစာရွက်ထဲမှာ အခန်းလိုက်တွေ့လိမ့်မယ်၊ ပထမအခန်းက စစ်လက်နက်ပစ္စည်းစာရင်း၊ နောက်အခန်းက ဆေးဝါးပစ္စည်း"

နယူးယောက်၊ ည ၁၀း၃၀ နာရီ။

ပေါလ်ဗားဟတ်သည် သူ့မိုးပျံစံအိမ်ထဲမှာ အေဒမ်ဟက်ချ်ကို မေးခွန်း ပေါင်းများစွာဖြင့် ပစ်ခတ်တိုက်ခိုက်နေသည်။ အေဒမ်ဟက်ချ်က တုန်လှုပ်ချောက်ချား နေသည်။ သူသည်သမ္မတဘီလီဘင်းနက်နှင့်တွေ့ပြီး ဝါရှင်တန်မြို့မှနေ၍ ပေါလ်ဗားဟတ်နှင့် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

"ဘာဖြစ်လို့ ဘင်းနက်က ခင်ဗျားကို ကန်ထုတ်ပစ်လိုက်တာလဲ၊ ကျုပ် အမှန်အတိုင်း သိချင်တယ်"

"ကင်းဒရစ်ကြောင့် ဖြစ်ရတာပါ၊ သူ့အိမ်တော်ဝန် အော်တိုကင်းဒရစ် . . . . သူနဲ့ ကျုပ်နဲ့ဘယ်တုန်းကမှ မျက်နှာကြောမတည့်ခဲ့ဘူး၊ အခုကိစ္စဟာ သူ သွေးထိုးလို့"

"အကြောင်းတော့ရှိမှာပေါ့"

ပေါလ်၏ နှုတ်ခမ်းများမှာ တွန့်လိမ်နေသည်။ မျက်လုံးကလည်း မီးဝင်းဝင်း တောက်နေသည်။ ဟစ်တလာ ခါးမြောင်ကို အိမ်ထဲမှ ဆွဲထုတ်လိုက်၊ ပြန်သွင်း လိုက်လုပ်နေသည်။ အေဒမ်ဟက်ချ်မှာ ထိုအပြုအမူကိုကြည့်ရင်း ပိုကြောက်လာသည်။ ဆီးသွားချင်သလိုလိုလည်း ဖြစ်လာသည်။

"ဘိန်းဖြူကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကိုကန်ထုတ်လိုက်တာပဲ၊ ဒါကလဲ ကင်းဒရစ် မြှောက်ပေးလို့ ဘီလီက ကန်ထုတ်လိုက်တာပါ၊ ဂျက်ဖရေးစပင်ဇာက ပေးလိုက်တဲ့ ဘိန်းဖြူပါ၊ သူက အတင်းယူသွားခိုင်းလို့"

"ခင်ဗျားက ဘယ်သူ့ကိုပေးလိုက်သလဲ"

"ကိုစင်စကီနဲ့ ကေ့စ်တို့နှစ်ယောက်တည်းကိုပေးတာပါ၊ ဒီလိုပေးတာကလဲ ဟို . . . . ခင်ဗျားတို့အတွက်ကို ပြူအာတိုကွေဒို ကိစ္စဘီလီနဲ့ တွေ့ဖို့"

"ခင်ဗျားတော်တော်အသုံးမကျတဲ့လူပဲ၊ ဘင်းနက်က ပြူအာတိုကွေဒို ကိစ္စ ဘာလုပ်မှာလဲ" ပေါလ်က ဓါးကို အိမ်ထဲမှထုတ်ပြီး လေထဲမှာ ဝှေ့ယမ်းပစ်လိုက်သည်။

"ဘာ. . . . ဘာမှမလုပ်ပါဘူး" ပြောယင်းပင် ဘောင်းဘီထဲသို့ ဆီးသွားချလိုက်မိတော့သည်။

"သူတို့ အစိုးရက ဘာမှ ဝင်မစွက်ပါဘူးလို့ ဘင်းနက်ကပြောသလား၊ ဒီစကားကို ကင်းဒရစ်ရှေ့မှာ ပြောသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျုပ်အမှန်အတိုင်းပြောတာပါ၊ ကိုနိပြောရပါတယ်"

သို့သော်လည်း အာဏာသိမ်းပွဲမှာ မြန်မြန်ဆန်ဆန်နှင့် အောင်အောင် မြင်မြင်ပြီးဆုံး သွားမှသာ ကြားဝင်မစွတ်ပဲကြည့်နေမည်ဟု ဘီလီဘင်းနက်ပြောလိုက်သည် စကားကိုမူ ထည့်သွင်းပြောဆိုခြင်းမရှိပေ။

"ဒီမှာ အေဒမ် ခင်ဗျားအမှန်တွေပြောနေတယ်လို့ ကျုပ်ယုံဖို့ ခပ်ခက်ခက်ရယ်၊ ခင်ဗျား သိတယ်မဟုတ်လား"

ပေါလ်ဖားဟတ်သည် ဓါးမြှောင်ကို ဓါးအိမ်ထဲသို့ပြန်သွင်းပြီးစားပွဲပေါ်မှာ တင်ထား လိုက်သည်။ အေဒမ်သည် သူလိုချင်သည်ကို ဆောင်ရွက်ပြီးကြောင်းနှင့် နောက်ထပ်အစိုးရပိုင်းမှာ သူ့ကိုအသုံးချရန်မလိုတော့ကြောင်း၊ သူ့အစား အခြား လူများကိုသာ ဆက်လက်ရှာဖွေရတော့မည် ဖြစ်ကြောင်း ပေါလ်က သဘောပေါက်လိုက်ပြီးဖြစ်သည်။ ထို့ကြောင့်သူကလည်း အေဒမ်ကို ကန်ထုတ်ပစ်လိုက်ရချေတော့မည်။

ပေါလ်၏ ဒေါသပြေသွားသည်ကို မြင်ရသဖြင့် အေဒမ်မှာ အကြောက်အနည်းငယ် ပြေလာသည်။ ထို့ကြောင့် ပုံမှန်လေသံဖြင့် လှမ်းပြောသည်။

"ကျုပ်တို့သဘောတူညီထားချက်ရှိတယ်မဟုတ်လား၊ အခုကျုပ်ယူရမယ့် တာဝန်ပိုင်းကို အောင်မြင်အောင်ဆောင်ရွက်ပြီးပြီလေ၊ ကျန်နေတဲ့ငွေတစ်သန်း ကျုပ် ရမလား"ဟု အေဒမ်က မေးသည်။ ပေါလ်ပိုင်သည့် ဗဟားမားဘဏ်တိုက်မှ ငွေ တစ်သန်းသုံးသိန်းကိစ္စကိုမူ ဘာမှမပြောပဲ ဖုံးထားလိုက်သည်။

"ပြူအာတိုကွေဒို နိုင်ငံမှာ နောက်ဆုံးအခြေအနေတွေ ရှင်းသွားတော့မှ ကျန်တဲ့ငွေကို ပေးမယ်"

ပေါလ်က ပြောပြောဆိုဆိုနောက်သို့မှီချလိုက်သည်။ သူ့ကို ပြန်ခိုင်းလိုက်ခြင်းဖြစ် ကြောင်း အေဒမ်ဟက်ချ်က နားလည်လိုက်သည်။ သို့သော်လည်း သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေသေး သည်။

"ဒါထက် အီဗလင်ဘယ်မှာနေသလဲ ခင်ဗျားသိသလား၊ ကျုပ်ကိုသူ ဖုန်းဆက်ဖို့"

"ထုံးစံအတိုင်း စိန့်ရီးဂျစ်ဟိုတယ်မှာ တည်းနေတယ်၊ မနက်တုန်းက ကျုပ် ဒရိုင်ဘာက အဲဒီကို ပြန်ပို့ပေးလိုက်တယ်"

အေဒမ်၏ မျက်နှာမှာမသက်မသာ ဖြစ်သွားပြီး အခန်းထဲမှ ထွက်သွားတော့သည်။

"ပေါလ်က ပြူအာတိုကွေဒို နိုင်ငံသို့ ဖုန်းလှမ်းဆက်ပြီး ဂျက်ဖရေစပင်ဇာနှင့် စကား ပြောသည်။ အေဒမ်ဟက်ချ်ကို ဘီလီဘင်းနက်က ကန်ထုတ်လိုက်ပြီ ဖြစ်ကြောင်း ရှင်းပြလိုက် သည်။

"ဒါပေမယ့် ကိုယ်တို့အတွက်တော့ ဘာမှ အပြောင်းအလဲ ဖြစ်စရာ အကြောင်းမရှိဘူး၊ ဒီမှာ ရာသီဥတု အားလုံးကောင်းနေတယ်"

"ဒီမှာလဲ အခြေအနေတွေ အားလုံးကောင်းနေပါတယ်၊ နောက်ထပ် သူတို့ရဲ့ ပစ်မှတ် ကတော့ အမေရိကန်သံရုံးပဲ" ဟု စပင်ဇာက ပြန်ပြောသည်။

## နံနက် ၁၀း၂၀ နာရီ။

ပက်ထရစ်ရှာဂါဗေးသည် ရောဘတ်နားလင်း၊ ရပ်ဆယ်သော့ပ်တို့နှင့် ဖြစ်ခဲ့ရသည့် အကြောင်းများကို ပြန်စဉ်းစားကြည့်နေမိသည်။ ထိုအချိန်မှာပင် အင်တာကွန်းမှ သူ့အတွင်းရေးမှူး ၏ အသံပေါ်လာသည်။

"မစ္စတာ ဟာရှေဘလောက်နဲ့ စကားပြောလိုပါသလား မစ္စဂါဗေး"

ပက်ထရစ်ရှာဂါဗေး၏ မျက်လုံးမှာ ပြူးကျယ်ဝိုင်းစက်သွားသည်။ ပြီးတော့ ပြန်ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။ ပင်သီယွန်ကုမ္ပဏီနှင့်က ဆမ်မေယာတို့ ဂုဏ်သိက္ခာပျက်အောင် ဘရှစ်ဟာလေ၏ ဓာတ်ရှပ်ကြီးကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့သည့်အထဲတွင် မိမိလည်းအပါအဝင်ဖြစ်ကြောင်း ဟာရှေ ဘလောက်က သိထားသည်။ မိမိတို့၏ ကြိုးပမ်းချက်များအားလုံး ပျက်ပြားသွားသော်လည်း ဟာရှေဘလောက်သည် မိမိအပေါ်မှာ အာဃာတထားနေနိုင်သည်ဟု မှတ်ယူထားမိသည်။ ယခု သူက ဘာ့ကြောင့်များ ဖုန်းဆက်လေသနည်း။

"ကောင်းပြီ၊ ပြောမယ်" တယ်လီဖုန်း ပေးလိုက်သံ ကြားလိုက်ရသည်။"ဟယ်လို. . . . ဟာရှေ. . . . ကျွန်မ အရမ်းအံ့ဩသွားတယ်၊ မအံ့ဩအောင် မြန်မြန်လုပ်ပါ"

"မင်းနဲ့ တွေ့ပြီးစကားကလေးဘာလေးများ ပြောရရင် ကောင်းမလား လို့ပါကွာ"

"ရှင်နဲ့ ကျွန်မ ဘာအကြောင်းများ ပြောစရာရှိနေလို့လဲ"

"အင်း. . . . စဉ်းစားပါရစေဦး. . . . ကျုပ်တို့ ပင်သီယွန်ကုမ္ပဏီမှာ ကျုပ် ဘာတွေ လုပ်နေသလဲဆိုတာ မင်းမေးနိုင်တယ်ကွာ၊ ကျုပ်ကလဲ ပြောပြနိုင်တယ်၊ နောက်ပြီးတော့ မင်းတို့ စင်တီနယ်ကုမ္ပဏီကို ကော်မတီဖွဲ့ပြီး အုပ်ချုပ်ခိုင်းထားတာ ကျုပ်ကြားတဲ့အကြောင်းလဲ မင်းကို ပြောပြနိုင်တာပေါ့၊ အဲဒီကော်မတီကို ကန်ထုတ်ပစ်လိုက်ပြီး ကျုပ်ဘယ်လို အုပ်ချုပ်တက်တယ် ဆိုတာတွေလဲ ပြောပြနိုင်တာပေါ့"

ပက်ထရစ်ရှာဂါဖေးသည် အလျင်အမြန်စဉ်းစားရတော့သည်။ ဟာရှေဘလောက် သည် ပင်သီယွန်ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သည်။ မိခင်ကုမ္ပဏီကြီးဖြစ်သော မေယာကိုတွင် ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ သူ၏ အုပ်ချုပ်မှုဖြင့် ပင်သီယွန်ကုမ္ပဏီ အမြတ်အစွန်းတွေ အများကြီး ရခဲ့သည်။ ဩဂတ်စတပ်ဆမ်မြူယယ်မေယာနှင့် ရင်းနှီးသူလည်းဖြစ်သည်။ သို့သော် ယခုက အခြေအနေတစ်မျိုး ပြောင်းလာသည်။ သူက စင်တီနယ် ကုမ္ပဏီဥက္ကဋ္ဌဖြစ်ချင်နေသည်။ သူလို အရည်အချင်းရှိသူမျိုးကလည်းခပ်ရှားရှားဖြစ်သည်။ သည်အကြောင်းကို ပေါလ်ဗားဟတ် အားပြောပြရမည်ဟု စိတ်ကူးလိုက်သည်။

"ကျွန်မ ဖုန်းပြန်ဆက်ပါ့မယ် ဟာရှေ" ဟု ပြန်ပြောလိုက်သည်။

တစ်ဆက်တည်းပင် ပေါလ်ဗားဟတ်ကိုဆက်ဖို့ အရေးကြီးတယ်လီဖုန်းကို ကောက်ကိုင် လိုက်သည်။ အင်တာကွန်းမှ အသံပေါ်လာပြန်သည်။

"မစ္စတာ အက်ဒွပ် ကုတ္တနေစောင့်နေတာ ငါးမိနစ်လောက်ရှိသွားပါပြီ မစ္စဂါဖေး"

ဟာရှေဘလောက်နှင့်စကားပြောပြီး စိတ်အားတက်ကြွနေသော ပက်ထရစ်ရှာ၏ မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ အက်ဒွပ်ကုတ္တနေသည် လီယိုဖူးချ်ဘက်၏ ရှေ့နေ ဖြစ်လေသည်။ ထို့ကြောင့် သူ့စိတ်ကိုသူထိန်းပြီး ဖုန်းကို ကောက်ကိုင် လိုက်သည်။

"ဟယ်လို. . . . ရှေ့နေကြီး၊ ကျွန်မဘာများကူညီနိုင်ပါသလဲ၊ ဒါမှ မဟုတ်ရင် ရှင်က ကျွန်မကို အဲဒီမေးခွန်းမေးမှာလား"

သူ့စကားကြောင့် အက်ဒွပ်ကုတ္တနေက ဟားတိုက်ရယ်သည်။

"ဟား. . . . ဟား မင်းကို အနှောင့်အယှက်ပေးရတာ စိတ်မကောင်းပါဘူး မစ္စဂါဖေး၊ တခြားအကြောင်းတွေ ထူးထူးထွေထွေ မမေးတော့ပါဘူး၊ ကျုပ်အမှုသည်အကြောင်း ဘာမှ မကြားလို့. . . ."

"ရှင်တစ်သက်လုံးကြားရတော့မှာ မဟုတ်ဘူး" ဟု ပက်ထရစ်ရှာက စိတ်ထဲမှ ကျိတ်ပြီး ပြောလိုက်သည်။

"ကျွန်မလဲ ဘာမှ မကြားပါဘူးရှင်၊ ရှင်ကျွန်မဆီလာမှာပဲဆိုတဲ့ ပို့စ်ကတ်ကလေး တစ်ခုတောင်ရောက်မလာပါဘူး"

တစ်ဘက်မှ ရယ်သံမကြားရတော့ပါ။

"တောင်ဘက်နိုင်ငံက ဟိုတယ်တစ်ခုမှာ သူနေနေတယ်လို့ ကျုပ်ကနားလည်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောသည်။

"ရှင်နဲ့ ကျွန်မနဲ့ တူပါတယ်၊ ကျွန်မလဲ အဲဒီအတိုင်းနားလည်ထားပါတယ်"

"အဲဒီ ဟိုတယ်ကို ကျုပ် လှမ်းစုံစမ်းသေးတယ်"

"ဒါတော့ ရှင်နဲ့ ကျွန်မမတူတော့ဘူး၊ ကျွန်မကတော့ စုံစမ်းမကြည့်မိဘူး"

"အဲဒီဟိုတယ်ကို သူလုံးဝ ရောက်မလာဘူးလို့ မန်နေဂျာတွေက ပြန်ပြောတယ်"

ပက်ထရစ်ရှာက ဘုရားတလိုက်မိသည်။

"ဒီမှာရှေ့နေကြီး၊ ကျွန်မတို့ဇာတ်လိုက်ကြီးအကြောင်းလဲ သိသားနဲ့ သူ့စိတ်က မြန်တယ် မဟုတ်လား၊ နောက်မှ သူ့စိတ်သူပြောင်းပြီး တခြားဘက် သဝေထိုး သွားတာလဲ ဖြစ်နိုင်တာပဲ"

"ဒီလို စိတ်ပြောင်းလိုက်မယ်ဆိုရင်လဲ ကျုပ်ဆီကို သူ့အကြောင်းကြားဖို့ ကိစ္စတွေ ရှိနေတယ်၊ ဒါမှမဟုတ် မစ္စတာဗားဟတ်နဲ့တော့ အဆက်အသွယ် လုပ်ကောင်းလုပ်ဖို့ သင့်တာပေါ့. . . ."

"အဲဒီလို လုပ်စရာတော့အကြောင်းမရှိဘူး၊ ဒါပေမယ့် ကျွန်မမေးကြည့်မယ်လေ၊ ထူးရင်ရှင့်ကို ပြောပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုတယ်လီဖုန်းကိုချလိုက်ပြီး ဗားဟတ်နှင့် အဆက်အသွယ်ရဖို့ နှစ်နာရီလောက်ကြာအောင် ကြိုးစားရသည်။ အသံလှိုင်းဖျက်ခလုပ်ကို နှိပ်ပြီးသည်နှင့် တစ်ပြိုင်တည်း ပက်ထရစ်ရှာဂါဗေးက အက်ဒွပ်ကုတ္တနေ စုံစမ်းသည့် အကြောင်းများကို ခပ်သွက်သွက်ပြောပြလိုက်သည်။

"ဒီကောင်ကြီးကို ခေါက်ထားလိုက်စမ်းပါ၊ လီယိုဖူး၌ဘတ်ရဲ သဲလွန်စကို ဘယ်သူမှ စုံစမ်းလို့ရမှာ မဟုတ်ဘူး၊ ဂျက်ဖ်က သေသေချာချာလုပ်ထားတာ"

"ကုတ္တနေကို ကျွန်မ ဘာပြန်ပြောလိုက်ရမလဲ"

"ဒီကောင်ကြီးသူ့ဟာသူ အလုပ်ရှုပ်နေအောင်လုပ်ထား"

ထို့နောက် ဟာရှေဘလောက်နှင့်ပြောခဲ့သည်များကို ပက်ထရစ်ရှာက ပြန်ပြောပြသည်။ ပေါလ်ဗားဟတ်မှာ အံ့အားသင့်နေသည်။ သူစိတ်ကူးယဉ်ခဲ့သည်များ ဖြစ်တော့မည်ဟုလည်း ထင်လိုက်လေသည်။ ပက်ထရစ်ရှာအပေါ်လည်း သူ ပြန်ကြည့်သွားသည်။

"အင်မတန်ကောင်းတာပဲ၊ ဘာပဲ ဖြစ်ဖြစ်နောက်ဆုံးကျတော့. . . . ကိုယ်တို့ ဖြစ်ချင်တာတွေဖြစ်လာပြီပေါ့၊ မေယာကို ဟာလေရဲ့ ဇာတ်ရှုပ်ကြီးနဲ့ တိုက်လို့ မရတော့ပေမယ့် သူတို့ချင်းပြဿနာတွေပေါ်ကုန်တာပေါ့၊ မေယာကို ကိုယ်တိုက်နေတာသူသိတယ်၊ သူတို့ရဲ့ ပင်သီယွန်ကုမ္ပဏီ ချေးတွင်းထဲကျ မသွားခင် သူထွက်လာချင်တဲ့သဘောပဲ"

"သူ့ကို ကျွန်မတို့စင်တီနယ်မှာ ဥက္ကဋ္ဌခန့်လိုက်ရင်ကောင်းမယ်၊ ဒါပေမယ့် မြန်မြန်လုပ်မှ၊ သူဟာဒီလုပ်ငန်းမှာ အတော်ဆုံး. . . ."

"မင်း ရူးနေသလား၊ ဒီခွေးသားကို တခြားကောင်တွေ ယူချင်ယူလိမ့်မယ်၊ တို့ဘယ်တော့မှ မယူဘူး၊ စင်တီနယ် အနားကိုတောင် မသီစေရဘူး၊ သူ့ဟာ သူ ပင်သီယွန်ကုမ္ပဏီမှာ ဥက္ကဋ္ဌရောက်နေပေစေ၊ အဲဒီမှာ သူဆက်နေခြင်းအားဖြင့် ငါ့ကိုသူအကူအညီပေးနေတယ်ဆိုတဲ့ အဖြစ်ကို သူကိုယ်တိုင်တောင်သိမှာ မဟုတ်ဘူး၊ တစ်နေ့ကျရင် ဒါတွေဖြစ်လာမယ်ဆိုတာ အစောကြီးကတည်းက ငါကြိုမြင်ထားတာ"

ပက်ထရစ်ရှာဂါဗေးက တယ်လီဖုန်းကို နားနှင့်ခွာလိုက်သည်။ ပေါလ်က မနားတမ်းဆက်ပြောနေသည်။ ပက်ထရစ်ရှာက ဘာမှ ပြန်မပြောတော့ပဲ နားထောင်ရုံသာ နားထောင်နေသည်။ ပေါလ်သည် သူများပြောသည့် အကျိုးသင့် အကြောင်းသင့် စကားများကိုလည်း နားထောင်တတ်သူ မဟုတ်ပါတကား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မဟာကုမ္ပဏီဖန်တီးရှင်များ

တစ်ရံရောအခါတုန်းက စီးပွားရေးလုပ်ငန်းရှင်များသည် ကိုယ့်နယ်ကလေးအတွင်းမှာသာ ကိုယ်နေခဲ့ကြသည်။ သံမဏိ လုပ်ငန်းရှင်သည် သံမဏိ လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်မည်။ သူ့လုပ်ငန်းကို ချဲ့ထွင်လိုသပဆိုလျှင်လည်း သံမဏိ လုပ်ငန်းကိုသာ ပိုမိုကြီးထွားလာအောင် ချဲ့ထွင်ခဲ့ကြသည်။ အထည်အလိပ်လုပ်ငန်းရှင်များကလည်း ထိုအတိုင်းပင်ဖြစ်သည်။ အခြားလုပ်ငန်းအမျိုးအစားကို သူတို့မပြောင်း။

အချို့ကုမ္ပဏီများသည် အခြားကုမ္ပဏီကြီးများကို ဝယ်ယူခြင်းများ ရှိခဲ့သည်မှာ မှန်ပါ၏။ ထိုသို့ဝယ်ယူရာတွင်လည်း မိမိနှင့်လုပ်ငန်းတူ ကုမ္ပဏီများ၊ မိမိနှင့် ပြိုင်ဘက် စက်ရုံများကိုသာ ဝယ်ယူသိမ်းသွင်းလေ့ရှိသည်။

နောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်ရာ၌ စည်းကမ်းများပျက်လာသည်။ မိမိနှင့်အမျိုးတူလုပ်ငန်းနယ်ပယ်မှာသာ မနေတော့ဘဲ အခြားလုပ်ငန်းများကိုပါ ချဲ့ထွင်လာသည်။

သံမဏိလုပ်ငန်းရှင်သည် သံမဏိလုပ်ငန်းတစ်ခုတည်းကိုသာ စောက်ချပြီး လုပ်ကိုင်နေခြင်း မဟုတ်တော့။ အထည်အလိပ် ကုမ္ပဏီများကိုပါ သိမ်းသွင်းသည်။ စားကုန်သောက်ကုန် လုပ်ငန်းများကို ဝါးမျိုသည်။ ဟိုတယ်လုပ်ငန်းများကို နယ်ချဲ့လာသည်။ ထိုသို့ စီးပွားရေးနယ်ချဲ့ရင်းဖြင့် မဟာကုမ္ပဏီ ပိုင်ရှင်ကြီးများ၏ လက်ဝယ်အမျိုးအစားပေါင်း မြောက်များစွာသော ကုမ္ပဏီများ ပိုင်ဆိုင်လာကြလေတော့သည်။

ထိုသို့သော မဟာကုမ္ပဏီဖန်တီးရှင်ကြီးများထဲတွင် အင်ကမ်းကုမ္ပဏီကြီးကို စတင်တည်ထောင်သူ ပေါလ်ဝါနာဗားဟတ်လည်း တစ်ဦးယောက် အပါအဝင် ဖြစ်လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကောလ်ဖီး ရေပိုက်လုပ်ငန်း ကုမ္ပဏီကို ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီထဲသို့ သွတ်သွင်းလိုက်သည်။ ထိုသို့ သွတ်သွင်းပြီးသည်မှစ၍ ပေါလ်ဗားဟတ်၏ လောဘမီးတို့သည် တညီးညီး လောင်မြိုက်လေတော့သည်။ နောက်ထပ် ကုမ္ပဏီများကို ဆက်လက်ဝါးမျိုရန် ကြိုးစားတော့ သည်။

ကောလ်ဖီးကုမ္ပဏီနှင့် ပူးပေါင်းခါစ ဖြစ်သောကြောင့် အသားကျသည်အထိ စောင့်ရန် ဆင်ကလဲယားက နားချသည်။ သို့သော်လည်း ပေါလ်က နားမဝင်။

“ဖဲကစားသလို သဘောထား၊ ကိုယ့်ဖဲ ကောင်းနေတုန်းမှာ ဖိထိုးရမယ်၊ အခုအချိန်ဟာ ကျုပ်တို့ ဖဲကောင်းနေတဲ့အချိန်၊ ဒါကြောင့် လက်မတွန့်နဲ့၊ နောက်ပြီးတော့လည်း အခုအချိန်မှာ အရေးကြီးတာတစ်ခုကို လုပ်သင့်ပြီး လို့ ကျုပ်ထင်တယ်”

“ဘာကိုဆိုလိုတာလဲ”ဟု ဂေါ်ဒွန်ဆင်ကလဲယားက ပြန်မေးသည်။

“ဗားဟတ်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုတဲ့ ကုမ္ပဏီကြီးဟာ တော်တော်တုံးတယ်၊ စိတ်ဝင်စားစရာ ကောင်းတဲ့ ဆွဲဆောင်မှုရှိတဲ့ နာမည်မျိုးမဟုတ်ဘူး”

“အင်း. . . ခင်ဗျားပြောတော့ ကျုပ်တောင် သဘောကျချင် သလိုလိုပဲ”

“ခင်ဗျားသေသေချာချာ စဉ်းစားကြည့်ပေါ့ ဂေါ်ဒွန်. . . ‘စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကုမ္ပဏီ’ ဆိုတဲ့ နာမည်ကို ကျုပ်စဉ်းစားထားတယ်၊ အတိုကောက်ကတော့ ‘အင်ကမ်းပေါ့ဗျာ”

“သိပ်ကောင်းတယ်ဗျာ၊ ပွဲစားတွေ သိပ်ကို သဘောကျကျမယ့် နာမည်ပဲ”

ထိုသို့ ကုမ္ပဏီ နာမည်ကို ပြောင်းပြီး ခြေလှမ်းကျဲကျဲလှမ်းလာသည်။ သတင်းစာများကလည်း ပေါလ်ဗားဟတ် အောင်မြင်လာသည်များကို ချီးကျူး ရေးသားနေကြသည်။

အိမ်ထောင်ပရိဘောဂများ ထုတ်လုပ်သည့် ‘ဂါနေနှင့်ဒီလင်းကော် ပိုရေးရှင်း’ ကို အင်ကမ်း ကုမ္ပဏီထဲသို့ သွတ်သွင်း လိုက်ပြန်သည်။ ထိုလုပ်ငန်း ကြောင့် ပေါလ် အစော်ပင်ပန်းသွားသည်။ ရက်ပေါင်းများစွာ မနားမနေ လုပ်ခဲ့ရခြင်း ဖြစ်သည်။ ယခုတော့ အားလုံး ပြီးစီးသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နှစ်လလောက် အနားယူမယ်ဗျာ၊ ကျုပ်တို့ ၁၉၃၉- ခုနှစ် ကတည်းက ဥရောပက ထွက်လာခဲ့တာ၊ ကျုပ်ညီမကလေးလဲ တစ်ခေါက်မှ ပြန် မရောက်သေးဘူး၊ သူကလည်း အလည် သွားချင်နေတယ်၊ သူ့ကို ကျုပ်လိုက် ပို့လိုက်ဦးမယ်" ဟု ပေါလ်က ထုတ်ဖော်ပြောပြသည်။

"ဆစ်ဂရစ် အသက်က နှစ်ဆယ် ရှိနေပြီပဲ၊ သူဟာသူ တစ်ယောက်တည်း မသွားနိုင်ဘူး လား" ဟု ဆင်ကလဲယားက မေးသည်။

"သူတစ်ယောက်တည်း မသွားစေချင်လို့ပေါ့ဗျာ"

\+ + +

ဆစ်ဂရစ် ဗားဟတ်သည် လွတ်လပ်ခွင့်ကို အစွမ်းကုန်ရှာနေသူဖြစ်သည်။ ငွေကိုလည်း ထင်တိုင်းသုံးနေသည်။ အဖေကျွန်ရစ်ခဲ့သည့် ဘိခ်မင်ရပ်ကွက်မှ အိမ်ရှိနေသော်လည်း ဘဟားမားမှာ အိမ်တစ်လုံးသွားဝယ်ပြီး ဟိုမှာ အနေများနေသည်။ ဧည့်ခံပွဲတွေ မနားတမ်း တည်ခင်းသည်။ အဝတ်အစား လက်ဝတ်လက်စားများကို ဝယ်မဆုံးရှိနေသည်။ သူ့အမွေပေါ်မှ ရရှိသော အတိုး ရင်းပွားထက်ပင် ပိုသုံးနေသည်။ သို့သော်လည်း သူ့အသက် ၂၁ နှစ် မပြည့်မချင်း အရင်းကိုတော့ထိလို့မရ။

လိုသည့် ငွေများကို ပေါလ်က စိုက်ထုတ်ကုန်ကျနေရသည်။ ပင်လယ်ဆိပ်ကမ်းက ကောင်လေးတစ်ကောင်နှင့် ရှုပ်နေသောကြောင့် ကောင်လေးကို ဒေါ်လာ ၅၀၀၀၀ ပေးပြီး ပထုတ်ပစ်လိုက်ရဖူးသည်။

"ညီမလေး၊ ဒရိုင်ဘာလိုင်စင်မရှိတဲ့ ထောင်ထွက်တစ်ကောင်ကို ဘာဖြစ်လို့ မော်တော် ကား သွားငှားလိုက်ရတာလဲ၊ အခုအဲဒီကောင်က ကားတိုက်မှုဖြစ်တော့ ပြဿနာတွေ ရှုပ်ကုန် တာပေါ့"

"သူ့ ကိုငှားလိုက်တာ မဟုတ်ပါဘူး၊ လက်ဆောင်ပေးလိုက်တာပါ" ဟု ပြန်ဖြေတတ် သည်။ သူ့မျက်လုံးများကလည်း ရွှတ်နောက်နောက် အမူအရာမျိုးရှိနေသည်။

ထိုကိစ္စမျိုးမဟုတ်ပြန်လျှင်. . .

"မင်းရဲ့ ဘဏ္ဍာစိုးက လျှော်ကြေးငွေ ငါးသိန်းရလို့မှုနဲ့ တရားစွဲနေပြီလေ၊ ဆေးလိပ်ခွက် အကွဲနဲ့ မင်းထုလိုက်တာ သူ့ခေါင်းမှာ ဒဏ်ရာအပြင်းအထန် ရသွားတယ်တဲ့"

"သတ်ပစ်ဖို့တောင် ကောင်းတာ၊ ကျွန်မယောက်ျားတစ်ယောက်နဲ့ အိပ်ခန်းထဲမှာ နေနေတုန်း၊ သူကဝင်လာတယ်လေ"

ထိုကိစ္စကို ပေါလ်ကပင် ဒေါ်လာတစ်သိန်းပေးပြီး ကျေအေးစေ လိုက်ရသည်။

ထိုကိစ္စမျိုး မဟုတ်ပြန်လျှင်လည်း. . .

"ဆစ်. . . ရှဘီရီစာ ဆိုတဲ့အကောင်နဲ့ မင်းတွဲနေတာ သတင်းစာထဲမှာ ဖတ်လိုက်ရ တယ်"

"သိပ်ကို ချစ်စရာကောင်းတဲ့လူ အစ်ကိုရဲ့"

"ဒါပေမယ့် ဒီကောင်က ယောက်ျား ကြေးစားပဲဟာ"

"အိုး. . . အစ်ကိုလဲ မိန်းမကြေးစားတွေနဲ့ တွဲနေတာပဲ မဟုတ်လား" စသည့်ဖြင့် ပြဿနာမျိုးစုံတွေ ဖြစ်နေခဲ့သည်။ နောက်ဆုံးဖြစ်ပွားသည့် ပြဿနာမှာ အဆိုးရွားဆုံးဖြစ်သည်။

ဘဟားမားမှာ နေရင်း နီဂရိုး တစ်ယောက်နှင့် သူတွဲနေသည်။ လူဖြူ အသိုင်းအဝိုင်းက မရှုဆိတ်နိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့် အားလုံးက သူ့ကို ဝိုင်းကျင်ထားလိုက်ကြသည်။ ထိုနီဂရိုးနှင့် ကိုယ်ဝန်ရှိသည်။ ထိုကိုယ်ဝန်ကို ဖျက်ချလိုက်သည်။

ပြီးတော့ နယူးယောက်သို့ ပြန်ရောက်လာသည်။ ပြန်ရောက်သည့် အချိန်မှစ၍ သူ့စိတ်များ မတည်ငြိမ်တော့။ အိပ်ဆေးများအလွန်အကျွံသောက် ပြီး သူ့ကိုယ်သူ သတ်သေဖို့ အကြိမ်ကြိမ်ကြိုးစားလာသည်။ နောက်ဆုံး အားပြတ်ပြီး ဆေးရုံပေါ် ရောက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်ဖားဟတ်သည် ဆေးရုံခုတင်ဘေးမှာ ထိုင်ရင်း ညီမငယ်၏ ဆံပင်ကလေးများကို လက်နှင့် သပ်ပေးနေသည်။

"ဘာကြောင့်များ မကြံကောင်း မစည်ကောင်း ဒီအလုပ်ကို လုပ်ရတာလဲ ညီမလေးရယ်"

"ကျွန်မငြီးငွေ့နေပြီ၊ အားလုံးကို ငြီးငွေ့တယ်၊ လူတိုင်းကို ငြီးငွေ့တယ်"

"အစ်ကိုကိုရော ငြီးငွေ့တာပဲလား" ပေါလ်က ကြိုးစားပြုံးပြပြီး မေးသည်။

"မငြီးငွေ့ဘူး၊ အစ်ကိုမပါဘူး၊ အစ်ကို့ ကိုတော့ဘယ်တုန်းကမှ မငြီးငွေ့ဘူး"

ထိုအချိန်က ဂါနေဒီလင်း ကော်ပိုရေးရှင်း ကိစ္စကလည်း ပြီးပြတ်ပြီး စအချိန်ဖြစ်လေရာ ဥရောပသို့ သွားရောက်လည်ပတ်ဖို့ ပေါလ်က အကြံပေးသည်။

"ကောင်းလိုက်တာ အစ်ကိုရယ်. . . ၊ နေရာသစ်တွေကို ရောက်ရ မယ်၊ လူသစ်တွေနဲ့ တွေ့ရမယ်၊ ပြီးတော့ အစ်ကိုနဲ့ အတူတူသွားရမယ်"

ဆစ်ဂရစ်က ပေါလ်၏ လက်ကို တင်းတင်း ဆုပ်ကိုင်ရင်း ဝမ်းသာ အားရပြန်ပြောလေသည်။

+ + +

ပေါလ်သည် လန်ဒန်မှာရှိနေသော သူ့ရှေ့နေ ဒဲရက်စပင်ဇာနှင့် လူချင်းမတွေ့ရသည်မှာ တစ်နှစ်ကျော် ကြာမြင့်သွားချေပြီ။ စပင်ဇာနှင့် တွဲဖက်လုပ်ကိုင်နေသည့် အဆောက်အအုံလုပ်ငန်းများမှာ အောင်မြင်နေသည်။ ပေါလ်အတွက် အသားတင်အမြတ်ငွေ ဒေါ်လာငါးသန်းရရှိခဲ့ရာ ထိုငွေများကို ဆွစ်ဇာလန်နိုင်ငံရှိ ဘဏ်တိုက်တွင် အပ်နှံထားသည်။

ဆစ်ဂရစ်နှင့် သူသည် လန်ဒန်သို့ အလျှင်ဝင်ကြသည်။ ဒဲရက်စပင်ဇာ၏တောပိုင်းက အိမ်မှာဆုံကြသည်။ ဒဲရက်စပင်ဇာ၏ သားအကြီး ဂျက်ဖရေစပင်ဇာလည်း ရောက်နေသည်။

ဂျက်ဖရေသည် အောက်စ်ဖို့တက္ကသိုလ်မှ ဘွဲ့ရပြီး/ နိုင်ငံခြားရေးရုံးမှာ အလုပ်ဝင်လုပ်သည်။ တစ်ဘက်ကလည်း သူ့အဖေနှင့် တွဲဖက်ပြီး ကုမ္ပဏီတစ်ခုကို တည်ထောင်ထားသည်။ ထိုအကြောင်းကို အစိုးရကသိသောအခါ ဂျက်ဖရေအလုပ်မှ နုတ်ထွက်ပေးရသည်။

"သူ့ကို အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ အမြန်ဆုံးလျှောက်ခိုင်းပါ" ဟု ပေါလ်က ပြောသည်။

"ဘာလုပ်ဖို့လဲ ပေါလ်"

"ကျွန်တော့် ကုမ္ပဏီမှာလာပြီး အလုပ်လုပ်နိုင်အောင်ပေါ့ ခင်ဗျာ"

တောပိုင်းအိမ်မှ လန်ဒန်မြို့သို့ ပေါလ်နှင့်ဆစ်ဂရစ်တို့ မပြန်မီမှာပင် ဂျက်ဖရေစပင်ဇာကို အလုပ်ခန့်အပ်ဖို့ သဘောတူညီချက်များ အားလုံး ပြင်ဆင်ပြီးစီးသွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

အင်ကမ်းကုမ္ပဏီသည် တစ်ရှိန်ထိုးတိုးတက် ကြီးပွားလာသည်။ ၁၉၆၂ခုနှစ် ရှင်းတမ်းများအရ အင်ကမ်းကုမ္ပဏီပိုင် အရပ်ရပ်ပစ္စည်းများ၏ တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ၂၄၆ သန်းရှိနေပြီကို တွေ့ရလေသည်။ အခြား ကုမ္ပဏီပေါင်းများစွာကိုလည်း သိမ်းသွင်းယူနိုင်ခဲ့သည်။

သို့သော် ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ထားပုံကို ဂေါ်ဒွန်ဆင်ကလဲယားက သဘောမကျ။ ကြုံတိုင်းလည်း သတိပေးလေ့ရှိသည်။

"ခင်ဗျားရဲ့ အုပ်ချုပ်ပုံကြီးက မနိမ့်သေးဘူး၊ အင်ကမ်းကုမ္ပဏီ လက်အောက်မှာ ကုမ္ပဏီခွဲတွေ အများကြီး ရှိနေတယ်။ ဒါတွေကို ခင်ဗျားတစ်ယောက်တည်းက ချုပ်ကိုင်ထားတယ်။ ရုံးချုပ်မှာလည်း ခင်ဗျား အုပ်ချုပ်နေရတဲ့ လူတွေအများကြီး ဖြစ်နေပြီ၊ ဒါကြောင့် အဆင့်ဆင့် အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရတော့မယ်"

ဗားဟတ်သည် ပြဿနာတိုင်းကို သူကိုယ်တိုင် ကိုယ်တွယ်ဖြေရှင်းနေသည်။ သို့သော်လည်း လုပ်ငန်းက အလွန်တရာ ကြီးကျယ်လာသောအခါတွင် သူတစ်ယောက်တည်း နိုင်နင်းအောင် ကိုင်တွယ်ဖို့ မလွယ်ကူတော့ချေ။ ဂျက်ဖရေစပင်ဇာ ရောက်လာသည့်အတွက် အထိုက်အလျောက်တော့ သက်သာသွားသည်မှာ မှန်ပါသည်။ ဂျက်ဖရေသည် သူယုံကြည်အားထားရသော လက်ထောက်တစ်ယောက် ဖြစ်လာသည်။

"စနစ်ကျတဲ့ အုပ်ချုပ်ရေး ပုံစံတော့မဟုတ်ဘူးပေါ့ ဂေါ်ဒွန်၊ ဒါပေမယ့် အလုပ်တော့ ဖြစ်နေသားပဲ"

"အခုအချိန်အထိ အထိုက်အလျောက် အလုပ်ဖြစ်နေတာတော့ မှန်တာပေါ့ ပေါလ်၊ ဒီအတွက်တော့ ဝမ်းသာရမှာပါပဲ၊ ဒါပေမယ့် ခင်ဗျားဟာ တစ်သက်လုံး ကံကောင်းနေနိုင်မှာ မဟုတ်ဘူး၊ ဌာနခွဲတွေ ခင်ဗျားဖွဲ့စည်းပေးဖို့ အချိန်တော်ပြီ။ သူ့ဌာနခွဲအလိုက် အုပ်ချုပ်ရေး အဖွဲ့တွေ ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အုပ်ချုပ်ရေး ပုံစံကြီးက သိပ်ကျယ်ပြန့်သွားရင် ကုန်ကျစရိတ်တွေ ပိုများလာတော့မှာ ပေါ့ ဂေါ်ဒွန်"

"ဌာနတွေ ခွဲပေးလိုက်တဲ့အတွက် လုပ်ငန်းတွေပိုပြီး ချောချောမွေ့မွေ့ ပြည်ပတ်လာနိုင်မယ်၊ ဒီလိုလည်ပတ်ရင် အောင်မြင်လာမှာပဲ၊ ကုန်ကျစရိတ်များလာမှာ တစ်ခုတည်းကို ကြည့်မနေနဲ့၊ တစ်ခုခုမှားတယ်ဆိုရင် ဌာနခွဲ မန်နေဂျာတွေကို အရေးယူနိုင်တယ်၊ ဘယ်သူ့ကြောင့် ဘာဖြစ်တယ်ဆိုတာကို သိနိုင်တယ်၊ ဌာနခွဲတွေ ဖန်တီးလိုက်ရင် အင်ကမ်းကုမ္ပဏီ ပိုကြီးလာတယ်လို့လည်း အများကမြင်ကြလိမ့်မယ်"

ဂေါ်ဒွန်ဆင်ကလဲယားၔ စကားကိုကြားရသောအခါ ပေါလ်သည် အလင်းရောင်ကလေးရလာသည်။ ထို့ကြောင့် ဌာနခွဲကြီး သုံးခုကိုခွဲလိုက်သည်။ ဌာနခွဲတစ်ခုတွင် ဥက္ကဌများ တစ်ဦးစီ ခန့်ထားလိုက်သည်။ "ထုတ်လုပ် ရေးဌာန၊ ရောင်းချရေးဌာန၊ ရှာဖွေရေးဌာန" စသည့်ဖြင့် ဌာနကြီးသုံးခုဖြစ်လေသည်။

ဆင်ကလဲယားပြောသကဲ့သို့ပင် လုပ်ငန်းများ ပိုမိုအောင်မြင်လာသည်။ အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများ ပိုတက်လာသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ပေါလ်သည် ညီမဖြစ်သူ ဆစ်ဂရစ်နှင့် အတွေ့အဆုံ နည်းသည်ထက် နည်းလာသည်။ ကင်းကွာသည်ထက် ကင်းကွာလာသည်။

ဆစ်ဂရစ်က နယူးယောက်သို့ ခဏကလေး ပြန်လာသည်။ ပြီးတော့ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာကာ ငွေကိုလည်း ဖြုန်းတီးချင် တိုင်းဖြုန်းတီးနေသည်။ ပေါလ်ထံသို့လည်း ဘယ်တော့မှ စာမရေး။ အကြောင်းပေါ်လျှင် ကြေးနန်းရိုက်ခြင်း၊ ပင်လယ် ရပ်ခြားတစ်နေရာမှနေ၍ ဖုန်းလှမ်းဆက်ခြင်းများကိုသာ ပြုတတ်သည်။ ထိုသို့ ပြုလုပ်တိုင်း အဓိကအကြောင်းမှာ ငွေတောင်းခြင်း ဖြစ်လေသည်။

စိန့်ထရိုပက်အနီးတွင် တိုက်တစ်လုံးကို ဒေါ်လာ ၇၀၀၀၀၀-ဖြင့် ဝယ်သည်။ စိတ်တိုင်းကျပြင်သည်။ နောက်တစ်လကျတော့ ပြင်သစ်ဘဏ်တိုက်သို့ ဒေါ်လာတစ်သိန်းခွဲ ပို့ပေးရန် တောင်းဆိုသည်။ အကြောင်းရင်းကို မေးသော်လည်း မပြော။

ပေါလ်သည် ဆစ်ဂရစ်နှင့် ပတ်သက်ပြီး ရိုးရိုးသားသားပင် ဆောင်ရွက်ပေးနေသည်။ အဖေ့အမွေကို သူတို့ အညီအမျှ ခွဲဝေရခဲ့သည်။ ဆစ်ဂရစ်အတွက် အမွေထိန်းအဖြစ် ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်က တာဝန်ယူထားသည်။

သူငွေတောင်းတိုင်း မညည်းမညူ ပေးခဲ့သော်လည်း နောက်ဆုံးငွေ တစ်သိန်းခွဲတောင်း သည့် ကိစ္စကိုမူ သူ့စိတ်ထဲက မသင်္ကာဖြစ်လာသည်။ ထို့ကြောင့် တောင်းသည့်ငွေကို ပို့ပေးလိုက် ပြီး ပြင်သစ်မှာရှိနေသည့် အလွတ်စုံထောက်အဖွဲ့တစ်ခုသို့ တာဝန်ပေးကာ သူ့ညီမနှင့် ပတ်သက် သည်များကို စုံစမ်းခိုင်းသည်။

အလွတ်စုံထောက်အဖွဲ့မှ အစီရင်ခံစာ ရောက်လာသောအခါ ပေါလ်မှာ အထိတ်တလန့် ဖြစ်ရလေတော့သည်။ ဆစ်ဂရစ်သည် မြို့စားအတု တစ်ယောက်နှင့်တွေ့ကြောင်း၊ ထိုမြို့စားအတု က ဆစ်ဂရစ်ကို မတော်တရော် လုပ်စေပြီး ထိုအဖြစ်အပျက်များကို အသံသွင်းခြင်း၊ ဓာတ်ပုံ ရိုက်ခြင်းများ ပြု လုပ်ထားကြောင်း၊ ပြီးတော့ ငွေညှစ်ကြောင်း၊ ထို့ကြောင့် ငွေတစ်သိန်းခွဲပေး လိုက်ရကြောင်းများဖြင့် အစီရင်ခံစာထဲမှာ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအစီရင်ခံစာရပြီး ရက်အနည်းငယ်အတွင်းမှာပင် ဆစ်ဂရစ်က ဖုန်းလှမ်းဆက်ပြီး ငွေနှစ်သိန်းခွဲတောင်းပြန်သည်။

"ဘာလုပ်ဖို့လဲ"ဟု ပေါလ်က မေးသည်။

"ဘာမှ မမေးနဲ့ ငွေသာပို့လိုက်"

ချော့မော့မေးသောအခါကျမှ မြို့စားအတုက နောက်ထပ်ငွေထပ် ညှစ်နေပြန်ကြောင်း၊ မပေးလျှင် အသံဖမ်းကြိုးခွေများနှင့် ဓာတ်ပုံများကို ရဲအဖွဲ့သို့ အပ်လိုက်မည်ဟု ခြိမ်းခြောက်နေပြန်ကြောင်း သိရတော့သည်။

ပေါလ်ဗားဟတ်က ငွေပို့လိုက်သည်။ နောက်နေ့တွင် ဂေါ်ဒွန်ဆင်ကလဲယားနှင့် သွားတွေ့သည်။ ဆင်ကလဲယားသည် ထိုကိစ္စမျာ... ...င်းပေးသည့် လူ...တော်များများနှင့် သိကျွမ်းကြောင်း သူသိထားသည်။ ထို့ကြောင့် ဆစ်ဂရစ်နှင့် ပတ်သက်သည်များကို ပြောပြ...ိုက်သည်။

"မနက်ဖြန်ကျရင် လူတစ်ယောက် ခင်ဗျားကို လာဆက်သွယ်လိမ့်မယ်၊ ဒီကိစ္စ ခင်ဗျားနဲ့ ကျုပ်တစ်ခါမှ မဆွေးနွေးဖူးဘူးလို့ သဘောထားလိုက်ပါ" ဟု ဆင်ကလဲယားက ပြောသည်။

\+ + +

အာသာမိုရယ်၏ ငယ်နာမည်မှာ အာတူရိုမိုရယ်လီ ဖြစ်သည်။ ဂေါ်ဒွန်ဆင်ကလဲယားနှင့် လုပ်ငန်းပေါင်းများစွာမှာ တွဲလုပ်ဖူးသည်။ အဓိကအားဖြင့် ငွေကြေး အရွှေ့အပြောင်း ကိစ္စများကို အာသာမိုရယ်က တာဝန်ယူဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးသည့်အတွက်လည်း အာသာမိုရယ်အဖို့ ကော်မရှင်ကို မြိုးမြိုးမြက်မြက် ရနေသည်။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ပေါလ်ဗားဟတ်၏ ရုံးသို့ အာသာမိုရယ် ရောက်လာသည်။ လူပုံက ပိန်ပိန်ပါးပါးဖြစ်သည်။ ပေါလ်ပြောပြသည့် အကြောင်းများကို စိတ်ပါဝင်စားစွာ နားထောင်သည်။ ဇာတ်လမ်းဆုံးသွားသောအခါ အားပါးတရ ခေါင်းညိတ်ပြသည်။

"အချိန်တစ်ပတ်လောက်ကြာမယ်၊ ငွေတစ်သိန်းပေးရမယ်" ဟု မိုရယ်ကပြောသည်။

ထိုနေရာမှာပင် ငွေလက်ငင်း ပေးချေလိုက်သည်။ နောက်ခြောက်ရက်ကြာသောအခါ မြို့စားတု အာနာဖိုတက်စတိုလီနီသည် ပါရီမြို့တွင် သေနတ်နှင့်ပစ်ပြီး သတ်ဖြတ်ခြင်းခံရသည်။ ပြိုင်ဘက်လူဆိုးဂိုဏ်းနှစ်ဂိုဏ်း တိုက်ပွဲတွင် လူမှားပြီး အသတ်ခံလိုက်ရခြင်းဖြစ်ကြောင်း ပြင်သစ်ရဲအဖွဲ့နှင့် သတင်း စာများက ရေးကြသည်။

ယခုအချိန်တွင် အာသာမိုရယ်သည် ဂေါ်ဒွန်ဆင်ကလဲယားနှင့်သာ မဟုတ်တော့ပဲ ပေါလ်ဗားဟတ်နှင့်လည်း ရင်းနှီးလာသည်။ လိုအပ်သည့် လုပ်ငန်းများကို သူတို့သုံးယောက် ပူးတွဲလုပ်ကိုင်ကြသည်။

\+ + +

ဥရောပတွင် ရောက်နေသော ဆစ်ဂရစ်ကို ဖမ်းမိအောင် တယ်လီဖုန်းတစ်လုံးဖြင့် ရက်ပေါင်းများစွာကြာအောင် ကြိုးစားယူရသည်။ နောက်ဆုံးကျတော့မှ အဆက်အသွယ်ရသည်။ ပေါလ်က မြို့စားတု တယ်စတိုလီနီ အကြောင်းကို တစ်လုံးမှ ဖွင့်မပြော။ နယူးယောက်သို့ ပြန်လာရန်သာ ခေါ်သည်။

"တို့ စကားပြောစရာတွေ အများကြီး ရှိနေတယ် ညီမလေး"

"မဟုတ်ဘူး ကျွန်မကို အစ်ကို ဆူမလို့"

ဆစ်ဂရစ် စကားကြောင့် ပေါလ်မှာ ဒေါသထွက်သွားသည်။

"ဒီကို ပြန်လာခဲ့။ မလာရင် မင်းကိုငွေထောက်ပံ့နေတာတွေ အားလုံး ရပ်ပစ်လိုက်မယ်"

"အစ်ကို မလုပ်ပါဘူး၊ လုပ်လို့လဲ မရပါဘူး"

"ဘာကြောင့် လုပ်လို့ မရရမှာလဲ၊ မင်းရဲ့ငွေတွေနဲ့ ပတ်သက်ပြီး ငါဟာ အာဏာကုန် ရထားတဲ့လူ"


www.burmeseclassic.com

www.burmeseclassic.com



ပေါလ်ဗားဟတ်က တယ်လီဖုန်းကို ပစ်ချလိုက်သည်။ နောက်နေ့တွင် ပြင်သစ်လေကြောင်း ကုမ္ပဏီပိုင်လေယာဉ်ဖြင့် ဆစ်ဂရစ် ပြန်ရောက်လာသည်။

ဆစ်ဂရစ်ကို မြင်ရသောအခါ ပေါလ်သည် တုန်လှုပ်ချောက်ချား သွားမိလေသည်။ ခါတိုင်းအမြဲတမ်း အရောင်တောက်နေသော သူ့မျက်လုံးများမှာ အရောင်ဖျော့နေသည်။ မျက်နှာလည်း ချောင်ကျပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ဆစ်ဂရစ်က ပေါလ်ကို ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်ခြင်း လုံးဝမပြု။ ညှော်ခန်းထဲသို့ တန်းဝင်သွားပြီး ဆိုဖာတစ်ခုမှာ ဝင်ထိုင်သည်။ ထိုအပြုအမူကြောင့် ပေါလ် ဒေါသပေါက်ကွဲသွားသည်။

"ဒီမှာ . . . ဆစ်"

"လုပ်မနေနဲ့၊ ရှေ့နေနဲ့ ကျွန်မသွားတွေ့ပြီးပြီ၊ ဟောဒီမှာ ဒါရလာခဲ့တယ်" ဆစ်ဂရစ်က ပိုက်ဆံအိတ်ထဲမှ စာရွက်စာတမ်းများကို ထုတ်ပြသည်။ "အစ်ကို့ကို ကိုယ်စားလှယ် လွှဲထားတာ ဖျက်သိမ်းပစ်လိုက်ပြီ၊ ကျွန်မပိုင်တာတွေကို အစ်ကို ဘာတစ်ခုမှ တို့လို့ မရတော့ဘူး"

ပေါလ်ဗားဟတ်သည် ခြောက်လာသည့် နှုတ်ခမ်းများကို လျှာနှင့် ပွတ်နေမိသည်။ ဆစ်ဂရစ်ပိုင်သည့်ငွေမှာ သန်းပေါင်းများစွာ ရှိလေသည်။ ငွေကြေးကို စနစ်တကျ ကိုင်တွယ်သုံးစွဲတတ်သူလည်း မဟုတ်။ ထို့ကြောင့် ယင်းငွေများအားလုံး ခဏချင်း ကုန်သွားမည်ကို အတပ်သိနေသည်။ ထိုအမူအရာအားလုံး သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

"ကျွန်မဟာ ကလေးတစ်ယောက်လို နေခဲ့တယ်။ အစ်ကိုဆုံးဖြတ်ရာတွေကိုပဲ နာခံခဲ့ရတယ်၊ အခုချိန်ကစပြီး ကျွန်မကြိုက်ရာ ကျွန်မလုပ်နိုင်ပြီ၊ ကျွန်မငွေတွေကို အစ်ကို ရင်းနှီးပေးနေတာထက် ပိုကောင်းအောင် ကျွန်မ လုပ်နိုင်တယ်။ ကျွန်မနဲ့အတူတူ အခုနေနေတဲ့ လူဟာ နိုင်ငံတကာ ငွေကြေးလုပ်ငန်းမှာ ပါရဂူပဲ၊ သူက ကျွန်မရဲ့ငွေကြေးဆိုင်ရာ မန်နေဂျာလုပ်မယ်၊ အစ်ကို့ဆီကနောက်ထပ် ဘာအကူအညီမှ တောင်းစရာမလိုတော့ဘူး၊ ကျွန်မ သွားတော့မယ်၊ ဂွဒ်ဘိုင်" ဆစ်ဂရစ်က ပြောပြောဆိုဆို ထိုင်ရာမှ ထသွားတော့သည်။

ပေါလ်က ခဏထိုင်ရန် တောင်းပန်သေးသည်။ စိတ်ပြောင်းသွားအောင် ရှင်းပြဖို့ဖြစ်သည်။ သို့သော် ဆစ်ဂရစ်က လုံးဝလက်မခံတော့။

"ကျွန်မဘဝကို ကျွန်မတည်ဆောက်တော့မှာဖြစ်တဲ့အတွက် အစ်ကိုနဲ့ ဘာမှ မဆိုင်တော့ဘူး"

ထိုနေ့မှစပြီး ဆစ်ဂရစ်ကို ပေါလ်က ပြန်မတွေ့ရတော့သည်မှာ သုံးနှစ်ကျော် ကြာမြင့်သွားလေတော့သည်။

+ + +

ဆစ်ဂရစ်က ထိုသို့စွန့်ပယ်သွားသည့်အတွက် ပေါလ်ဗားဟတ်၏ စိတ်များ ကယောင်ချောက်ချား ဖြစ်လာသည်။ မည်းမည်းမြင်ရာကို ရမ်းချင်နေသည်။ နောက်ဆုံးသူ့စိတ်များကို မထိန်းနိုင်တော့သောအခါတွင် အင်ကမ်းကုမ္ပဏီ ဌာနခွဲများ၏ ဥက္ကဋ္ဌများကို အကြောင်းပြချက်လုံလုံလောက်လောက်မရှိပဲနှင့် အလုပ်မှထုတ်ပစ်လိုက်သည်။ သူတို့နေရာတွင် အခြားလူသစ်များကို အစားထိုး ခန့်ထားသည်။ လူသစ်များကိုလည်း တိုတောင်းသော အချိန်ကလေးအတွင်းမှာပင် ထုတ်ပစ်လိုက်ပြန်သည်။

ထိုမှစပြီး ကုမ္ပဏီ၏ ငွေရေးကြေးရေး အခြေအနေ ယိုင်နဲ့လာသည်။ အင်ကမ်းကုမ္ပဏီ အနာဂတ်အုပ်ချုပ်ရေးလုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်မှုများ မည်သို့ ဖြစ်မည်ကို အားလုံးက တွေးပူလာကြသည်။

ဂါနေဒီလင်း ကုမ္ပဏီခွဲရှိ အလုပ်သမား သမဂ္ဂနှင့် သဘောတူစာချုပ် သက်တမ်းပြည့်သောအခါ ပြဿနာတက်လာတော့သည်။ သဘောတူစာချုပ်ကို အသစ်ပြန်လည် ချုပ်ဆိုဖို့ရှိသည်။ အလုပ်သမားများဘက်က သပိတ်မှောက်ဖို့ မရည်စူး။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမက နှစ်ဘက်သဘောတူနိုင်သည့် စည်းကမ်းချက်များဖြင့် စာချုပ် ပြန်ချုပ်ဆိုရန်ကိုလည်း လိုလားသည်။ သို့သော် ပေါလ်က ဂါနေဒီလင်း ကုမ္ပဏီ၏ လုပ်ငန်းများကို ရပ်ဆိုင်းပစ်လိုက်ရန် အမိန့်ထုတ်လိုက်လေသည်။

"ခွေးသားတွေ ငတ်သွားပေစေ"ဟုလည်း သတင်းထောက်များကို ပြောလွှတ်လိုက်သည်။ သတင်းစာများက ထိုအကြောင်းကို ဝိုင်းရေးကြသည်။

အင်ကမ်းကုမ္ပဏီ လက်အောက်ခံ ကုမ္ပဏီများ အားလုံးရှိ အလုပ်သမားများက သပိတ်မှောက်ရန် ခြိမ်းခြောက်လိုက်သည်။ သတင်းစာတွေကလည်း ဗားဟတ်၏ အပြုအမူများကို ဝိုင်းဝန်းရှုတ်ချကြသည်။ အင်ကမ်းကုမ္ပဏီ အစုရှယ်ယာဈေးများလည်း ထိုးဆင်းသွားသည်။

နောက်ဆုံး ဂျက်ဖရေစပင်ဇာက သပိတ်နှင့် ပတ်သက်သော ဥပဒေများကို ဖတ်ပြသည်။

"ကုမ္ပဏီကြီးတစ်ခုလုံး ချောက်ထဲကျသွားအောင် ခင်ဗျား လုပ်နေတာပဲ၊ အခုချက်ချင်း သတင်းစာကွန်ဖရင့် ပြန်ခေါ်ပြီး ဖြေရှင်းပါ၊ ကျုပ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း ပြောပါ" ဟု ဂျက်ဖရေက ပြောသည်။

"ငါမလုပ်ဘူးကွ"

"ဒီလိုဆိုရင် ကျုပ်ထွက်တယ်"

ဂျက်ဖရေစပင်ဇာ၏ "ထွက်တယ်" ဆိုသော စကားကို ကြားရသောအခါ သူတုန်လှုပ်သွားပြန်သည်။ သူ့ကို ဆစ်ဂရစ် စွန့်ခွာသွားသည့်အတွက် သူ အကြီးအကျယ် စိတ်ဒုက္ခရောက်နေရသည်။ ယခု ဂျက်ဖရေစပင်ဇာကပါ စွန့်ခွာသွားဦးမည်ဆိုလျှင် သူ့ဘဝ အဖတ်ဆည်ရတော့မည် မဟုတ်။

ထို့ကြောင့် သတင်းစာကွန်ဖရင့်ခေါ် ရတော့သည်။ သတင်းစာ ဆရာများသာမက၊ ဂါနေဒီလင်း ကုမ္ပဏီမှ အလုပ်သမား သမဂ္ဂ ခေါင်းဆောင် များကိုပါ ဖိတ်လိုက်သည်။ ပြီးတော့ ဂျက်ဖရေစပင်ဇာ ရေးပေးသည့် အတိုင်းဖတ် ပြသည်။

"ကျွန်တော်ပြောတဲ့ စကားနဲ့ ပတ်သက်ပြီး တိုင်းသိပြည်သိ တောင်းပန်ချင်လို့ အခုလို သတင်းစာ ကွန်ဖရင့်ခေါ် တာပါ၊ တကယ်ကတော့ ကျွန်တော်ပြောတဲ့ စကားလုံးကို အမှန်အတိုင်း မရေးပဲ သတင်းစာတွေက မှားပြီးရေးမိတာဖြစ်ပါတယ်။ "ခွေးသားတွေ ငတ်သွားပေစေ" လို့ ကျွန်တော် ပြောခဲ့တာ မဟုတ်ပါဘူး၊"ခွေးသား တွေ ငတ်သွားတာကို ကျုပ်မခံနိုင်ဘူး၊ အလုပ်သမားသမဂ္ဂနဲ့ သဘောတူ စာချုပ်အသစ်ကို မချုပ်ဆိုသေးခင် လိုအပ်တဲ့ အချက်အလက်တွေကို ကျွန်တော် သေသေချာချာ လေ့လာချင်ပါသေးတယ်၊ အခုတော့ အဲဒါတွေ အားလုံး တလွဲပါလာတာ ဖြစ်ပါတယ်"

တစ်ဆက်တည်းမှာပင် ဂါနေဒီလင်း ကုမ္ပဏီ၏ အလုပ်သမား သမဂ္ဂကို ပိုမိုကောင်းမွန်သည့် စည်းကမ်းချက်များဖြင့် ပြန်လည်ဖွဲ့စည်းခွင့်ပေးကြောင်းလည်း ကြေငြာလိုက်သည်။ အလုပ်ပိတ်ထားသည့် အချိန်အတွင်းက လစာများကို အပြည့်အဝ ပြန်ပေးသည်။

သို့သော် နောက်ပိုင်းတွင် ဂျက်ဖရေ ပြောသည့်စကားများကို နားမထောင်ပဲ တလွဲတွေ လုပ်ပြန်သည်။

ဂါနေဒီလင်းကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် ထိပ်တန်း မန်နေဂျာကိုးဦးကို အ လုပ်သမားများနှင့် ဆက်ဆံရေး မပြေပြစ်ဟု အကြောင်းပြပြီး အလုပ်ထုပ်ပစ်လိုက်သည်။ ထို့နောက် ပေါလ်ဗားဟတ်သည် သူ့မိုးပျံစံအိမ်မှာ သုံးရက်လုံးလုံး အခန်းအောင်းပြီး မည်သူနှင့်မျှ အတွေ့မခံပဲ နေလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

၁၉၅၉ ခုနှစ်က ဩဂုတ်စတပ်ဆမ်မြူယယ်မေယာ၏ ပထမ ဇနီးကွယ်လွန်ခဲ့သည်။ ၁၉၆၅ခု အောက်တိုဘာလတွင် ဆမ်မြူယယ်မေယာ နောက်ထပ် အိမ်ထောင်ပြုမည့်အကြောင်း နယူးယောက်မြို့ထုတ် သတင်းစာများက ရေးကြသည်။

မေယာနှင့်လက်ထပ်မည့် အမျိုးသမီးမှာ နာဒိုင်းပလန့် ဟက်ဇ်ဘတ် ဖြစ်ပြီး မိဘများ၏ သန်းပေါင်းများစွာတန်သော အရက်ချက်စက်ရုံများကို အမွေရထားသူဖြစ်သည်။ ထို့ပြင် ကွယ်လွန်သွားသော ခင်ပွန်းသည် ဒေးဗစ်ဟက်ဇ်ဘတ်၏ သန်းပေါင်းများစွာ တန်သော ချည်မျှည်နှင့် အထည်စက်များကိုလည်း အမွေရလိုက်သူဖြစ်လေသည်။

သန်းပေါင်းများစွာ ချမ်းသာကြသော နာမည်ကျော်နှစ်ဦးတို့၏ လက်ထပ်ပွဲ ဖြစ်သောကြောင့် သတင်းစာများက တခမ်းတနား ဝိုင်းရေးကြခြင်းဖြစ် သည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် လက်ထပ်ရန် သတ်မှတ်ထားသည်။

လက်ထပ်ပွဲနှင့် ဧည့်ခံပွဲကို ပီရီဟိုတယ်တွင် ကျင်းပမည်။ ဧည့်သည်ပေါင်း ၅၀၀ ကို ဖိတ်ထားသည်။ အစိုးရပိုင်းမှ ထိပ်တန်းအရာရှိကြီးများလည်း တက်ရောက်ကြမည်။

မစ္စတာမေယာသည် အလှူအတန်း ရက်ရောသူ ဖြစ်ရုံမျှမက နိုင်ငံသား အခွင့်အရေး ရရှိမှုတိုက်ပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့သူဖြစ်သည်။

သတင်းစာတွင် ပါရှိသည့် အထက်ပါအပိုဒ်ကို ဖတ်မိသောအခါ ပေါလ်ဗားဟတ် အလွန်သဘောကျသွားသည်။

မင်္ဂလာဆောင်ဖိတ်စာတစ်ခုလောက်ရဖို့မှာ ဘာမှမခက်ခဲပါ။ အဖိတ်ခံရသူ တစ်ဦးဦး၏ အိမ်မှ အလုပ်သမားတစ်ယောက်ကို ပိုက်ဆံပေး လိုက်လျှင် အလွယ်ကလေးနှင့် ရနိုင်ပါသည်။ ပြီးတော့ ထိုဖိတ်စာမျိုး အတုရိုက်ရန်မှာ လည်း အလွန်လွယ်ကူသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ပေါလ်ကဖိတ်စာ တစ်စောင် ရအောင်ကြိုးစားသည်။ ထိုဖိတ်စာပေါ်တွင် ရေးထားသည့် လက်ရေးကို တုပြီး နောက်ထပ် အမည်များကို ရေးသည်။ ပြီးတော့ထိုဖိတ်စာများကို လိပ်စာပါ အတိုင်းပို့ပေးရန် သူ့အတွင်းရေးမှူးကို ငွေနှစ်ရာ မုန့်ဖိုးပေးပြီး ခိုင်းသည်။ ဖိတ်စာလက်ခံမည့် သူများကိုလည်း မည်သို့မည်ပုံ ပြောရမည်ကိုပါ တစ်ပါတည်း သင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလိုဖိတ်တာကို မပေါက်ကြားဖို့ မစ္စတာမေယာက သေသေချာချာ မှာပါတယ်၊ ရှင်တို့အဖွဲ့က လူနှစ်ဆယ်တက်ဖို့ ဖိတ်စာထဲမှာလဲ ဖော်ပြထားပါတယ်။ သူတို့ အသွားအပြန်အတွက် ဘတ်စ်ကား တစ်စင်းကိုလည်း စီစဉ်ထားပါ့မယ်ရှင်" ဟူ၍တစ်မျိုး၊

"မှန်ပါတယ်ရှင်၊ ရှင်တို့အဖွဲ့က လူငါးဆယ် တက်ရမှာပါ၊ ရည်ရွယ်ချက်ကတော့ ဒီတိုင်းပြည်မှာ ဒီမိုကရေစီ အခွင့်အရေး အမှန်တကယ်ရှိ ကြောင်း ထုတ်ဖော်ပြသဖို့ပဲ ဖြစ်ပါတယ်" ဟူ၍တစ်နည်း။

"ရပါတယ်ရှင်၊ဆိုင်းဘုတ်တွေ ယူလာမယ်ဆိုရင်လဲ မစ္စတာမေယာက မကန့်ကွက်ပါဘူးတဲ့" ဟူ၍တစ်သွယ်၊ အတွင်းရေးမှူးအမျိုးသမီးက တယ်လီဖုန်းတစ်လုံးနှင့် အလုပ်လုပ်လိုက်သည်။ လိုအပ်သည့် ဘတ်စ်ကား များ ရရှိရေးအတွက် ဘတ်စ်ကား ကုမ္ပဏီအား ငွေအကြေကြိုတင်ပေးခြင်းဖြင့် ပြေလည်သွားသည်။ မည်သူက ဖိတ်စာပို့သည်ကို ပြောရန်မလိုပါ။ မည်သူက ဘတ်စ်ကား လာငှားသည်ကို ထုတ်ဖော်ရန် မလိုပါ။

\+ + +

နိုဝင်ဘာ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ယူနီဖောင်းဝတ် ရဲသား ၂၀ တို့သည် ပီရီဟိုတယ် အဝင်ဝတွင် တာဝန်ထမ်းဆောင်ကြရသည်။ မင်္ဂလာဧည့်ခံပွဲသို့ လာရောက်ကြမည့် ဧည့်သည် မော်တော်ကားများကို ရှင်းပေးရန်နှင့် နာမည်ကျော် ပုဂ္ဂိုလ်များ လာမည်ဖြစ်သောကြောင့် လမ်းဘေးမှ လာကြည့်မည့် ပရိတ်သတ်ကို ရှင်းပေးရန်ဖြစ်သည်။

၁ နာရီ ၅ မိနစ်တွင် ဧည့်သည်များ စတင်ရောက်လာကြသည်။ သတင်းစာတိုက်များမှ ဓာတ်ပုံသတင်းထောက်များ၊ ရုပ်မြင်သံကြား ကုမ္ပဏီများမှ ကင်မရာသမားများ အလုပ်ရှုပ်နေကြသည်။ ၁ နာရီ ၂၅ မိနစ်တွင် နောက်ဆုံးမော်တော်ကားကို ရှင်းပေးပြီး ဖြစ်သွားသည်။ တာဝန်ကျရဲသားများ အသက်ရှူချောင်သွားသည်။

သို့သော် ကြာကြာအသက်ရှူချောင်ခွင့် မရလိုက်ကြပါ။ နောက် ဆယ်မိနစ်ကြာသောအခါ ဘတ်စ်ကားများ တန်းစီပြီး ရောက်လာသည်။ ပီရီဟိုတယ်ရှေ့မှာ ဘတ်စ်ကားများ ရပ်ပြီး နီဂရိုးလူမျိုးများ ကြွေးကြော်သံများ ဟစ်အော်ကာ ဆင်းလာကြသည်။ အချို့က ပိုစတာများ ကိုင်လာကြသည်။

ရဲတွေ မျက်လုံးပြူးသွားသည်။ ဟိုတယ်တွင်းသို့ ဝင်ရန် ကြိုးစားနေသော နီဂရိုးများကို လက်ချင်းဆက်ပြီး တားကြသည်။ နီဂရိုးများက ဆမ်မြူယယ်မေယာ၏ ဖိတ်စာများကို ထုတ်ပြကြသည်။ ဟိုတယ်လက်ထောက် မန်နေဂျာနှင့် နာဒိုင်းမေယာ၏ အတွင်းရေးမှူးတို့ ရောက်လာသည်။ နီဂရိုးများလက်မှ ဖိတ်စာများကို ယူကြည့်သည်။

"ဖိတ်စာတွေကတော့ အစစ်တွေအတိုင်းပဲ" ဟု နာဒိုင်းမေယာ၏ အတွင်းရေးမှူးက ပြောသည်။

"မေယာနဲ့ သူ့အမျိုးသမီး ရူးနေပြီထင်တယ်" ဟု ဟိုတယ်လက် ထောက်မန်နေဂျာက မှတ်ချက်ချသည်။

ဟိုတယ် ခန်းမတွင်းမှာလည်း ဧည့်ခံပွဲစဖို့ အဆင်သင့် ဖြစ်နေပြီ။ နီဂရိုးအုပ်ကြီးက ရဲများကို တွန်းထိုးကာ ခန်းမကြီးထဲသို့ ဝင်သွားကြသည်။ မေယာနှင့် နာဒိုင်းမှာ အသက်ရှူမှားသွားတော့သည်။ နာဒိုင်း၏ အတွင်းရေးမှူးက ဖိတ်စာများကို ယူသွားပြသည်။

"သူတို့မှာ ဒီဖိတ်စာတွေ ပါလာပါတယ်"

မေယာက ဖိတ်စာများကို ယူကြည့်သည်။ တစ်စုံတစ်ယောက်က ဖိတ်စာများကို ခိုးသွားခြင်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ဖိတ်စာအတုရိုက်ပြီး ဝေလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် မည်သူက မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်သည်ကို မစဉ်းစားတတ်။

နီဂရိုးအုပ်ကြီးကလည်း လူဖြူလူမည်း မခွဲခြားရေး၊ အခွင့်အရေးတန်းတူပေးရေး

www.burmeseclassic.com



ကြွေးကြော်သံများကို အော်ဟစ်နေကြသည်။ ခန်းမထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ဧည့်ခံပွဲလာသည့် ဧည့်သည်အချို့လည်း ကြောက်အားလန့်အားဖြင့် လွှတ်ရာအပေါက်များမှ ထွက်ပြေးကုန်ကြသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို ထပ်ခေါ်ပြီး ဒီလူတွေကို ဆွဲထုတ်ပစ်မှ ဖြစ်မယ်ထင်တယ်" ဟု ဟိုတယ်လက်ထောက်မန်နေဂျာက ပြောသည်။

မေယာမှာ ဒေါသဖြစ်လွန်းသောကြောင့် နတ်ကျသဘိအလား တစ်ကိုယ်လုံး တုန်နေသည်။ နီဂရိုးအဖွဲ့ကို ရဲအဖွဲ့နှင့် ဆွဲထုတ်ပစ်လျှင် သူ လူဆိုးကြီး ဖြစ်သွားတော့မည်။ နိုင်ငံသားအခွင့်အရေး တိုက်ပွဲများတွင်လည်း သူ တက်တက်ကြွကြွပါခဲ့သည်။ အလှူအတန်းလည်း ရက်ရောသည်။ ထိုနာမည် ကောင်းများအားလုံး ပျက်စီးကုန်တော့မည်။ ထို့ကြောင့် ရဲနှင့် ရှင်းဖို့အကြံအစည်ကို ပယ်ချလိုက်သည်။

ဟိုတယ် မန်နေဂျာကို အနားသို့ ခေါ်ပြီး ခပ်တိုးတိုးမေးသည်။ ဟိုတယ် မန်နေဂျာက ခေါင်းညိတ်သည်။ မှန်ပါသည်။ ဟိုတယ်မှာ ငါးဆယ်တန်နှင့် ရာတန်ငွေစက္ကူတွေ ထောင်ပေါင်းများစွာ ရှိပါသည်။

ခန်းမအလယ်မှ စားပွဲပေါ်တွင် အသံချဲ့စက်ရှိသည်။ အခမ်းအနားများတွင် အသုံးပြုရန် အသင့် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ မေယာက စားပွဲဆီကို သွားပြီး စကားပြောခွက်ကို ကောက်ယူစကားပြောသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ၊ ကျေးဇူးပြုပြီးတော့. . ."

ခန်းမကြီးထဲမှာ အားလုံး တိတ်သွားသည်။

"ယုတ်မာတဲ့ တစ်စုံတစ်ယောက်က အကောက်ဉာဏ်နဲ့ ခင်ဗျားတို့ကို ချောက်တွန်းလိုက်တဲ့အတွက် ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်"

နီဂရိုးများက ဝိုင်းဝန်းအော်ဟစ်ကာ ဆဲရေးတိုင်းထွာကြသည်။

"ဖိတ်စာတွေဟာ အစစ်တွေ မဟုတ်ပါဘူး"

အော်ဟစ်သံများက ပိုကျယ်လာသည်။ ခြိမ်းခြောက်သည့် စကားလုံးများလည်း ပါဝင်လာသည်။

"ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပါဦး၊ ဒီကိစ္စကို ကျွန်တော်တို့ ပြေလည်အောင် ရှင်းပေးပါ့မယ်"

ဆူပူသံများ ပိုမိုကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။ လူအုပ်ကြီးက ရှေ့တိုးဖို့ ကြိုးစားကြသည်။ ရဲများက လက်ချင်းဆက်ပြီး တောင့်ခံထားရသည်။

"ဒီကိစ္စကို ရှင်းဖို့က ငွေနဲ့ရှင်းမှ ဖြစ်ပါ့မယ်၊ ခင်ဗျားတို့ကို ကျွန်တော် ငွေပေးပါ့မယ်" မေယာက "ငွေ"ဆိုသာ စကားလုံးကို ပိုပြီး ပီသအောင် ပြောသည်။ ထပ်၍လည်း ပြောသည်။ "ခင်ဗျားတို့ စနစ်တကျ တန်းစီပြီး ဟောဟို အပေါက်ကနေ ထွက်သွားကြမယ်ဆိုရင် ဟိုတယ်ဝန်ထမ်းများက အပေါက်ဝ ကစောင့်ပြီး တစ်ယောက်ကို ငွေတစ်ရာစီပေးပါလိမ့်မယ်"

စစ်ကူ ရဲတပ်ဖွဲ့ဝင်များ ထပ်ရောက်လာသည်။ လူအုပ်ကြီးကို ထွက်ပေါက်ဆီသို့ ကြပ်မတ်ပြီး ပို့ပေးသည်။

နာဗိုင်းနှင့် ဆမ်မြူယယ်မေယာသည် ဧည့်ခံပွဲကို ဖျက်သိမ်း လိုက်ရ လေတော့သည်။ ထွက်ပြေးသွားကြသဖြင့် ဧည့်သည်များလည်း စုံစုံညီညီ မရှိတော့။

ထိုအကြောင်းကို သတင်းစာများက ဝိုင်းရေးကြသည်။ နိုင်ငံရေး အယူသည်းသမားများက ဆမ်မြူယယ်မေယာကို ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ် နိုင်ကြောင်း၊ မေယာသည် သမာသမတ်ကျသော ကြားနေသမားဖြစ်သည်တစ်ကြောင်း၊ လူ့အခွင့်အရေးတိုက်ပွဲများဝင်ခဲ့သူဖြစ်သည် တစ်ကြောင်းတို့ကြောင့် ဖြစ်နိုင်ကြောင်းဖြင့် ထင်ကြေးများ ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်မြို့ ရက်စွဲတပ်ထားသည့် ကြေးနန်းကလေးတစ်စောင် ရောက်လာတော့မှ ပင် ဘယ်သူ့လက်ချက်ဖြစ်ကြောင်း သူတို့သိကြရတော့သည်။

"အင်မတန်ကြီးကျယ်တဲ့ ဧည့်ခံပွဲကြီး ဖြစ်မှာပဲနော်၊ ကျွန်တော်ဖြင့် တက်ချင်းလွန်းလို့ တစ်ပိုင်းကို သေနေတာပဲ"

တားဟတ်

၄၆ လမ်းဆေးဆိုင်ထဲသို့ ဝင်လာပြီး ကာလသား ရောဂါကာကွယ်သည့် ပစ္စည်းဝယ်သော သူငယ်ကလေးကို မကြာခဏ မေယာ အမှတ်ရဖူးသည်။ အင်ကမ်းကုမ္ပဏီကြီး၏ ပိုင်ရှင်အဖြစ် သတင်းစာများတွင် သူ့ဓာတ်ပုံ ပါတိုင်းလည်း သတိထားမိသည်။ ရုပ်ကိုလည်း မှတ်မိသည်။ ပေါလ်တားဟတ်သည် သူ့အပေါ်တွင်ထားသည့် အာဃာတ တရားကို ဘယ်တော့မှ ဖျောက်ဖျက်တော့မည့် မဟုတ်ကြောင်း ယခုမှ ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်သည်။ ယခုအချိန်မှစပြီး မိမိကလည်း အခွင့်အရေးရတိုင်း ပြန်တိုက်မှ ဖြစ်တော့မည်ဟုလည်း ဆုံးဖြတ်ချက် ချမှတ်လိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ဂျက်ဖရေစပင်ဇာကို"အပြည်ပြည်ဆိုင်ရာလုပ်ငန်းများ"အတွက် ဒုတိယဥက္ကဋ္ဌ ခန့်လိုက်သည်။ ဌာနသစ်တစ်ခု ထပ်ဖွင့်ခြင်း ဖြစ်သည်။

"အင်ကမ်း ကုမ္ပဏီပိုင်တဲ့ ကုမ္ပဏီခွဲတွေဟာ နိုင်ငံခြားမှာ သုံးလေးခုပဲ ရှိတာပဲ၊ အခုလို ဌာနကြီး တစ်ခုဖွင့်လောက်အောင် မလိုဘူးထင်တယ်၊ ကျွန်တော်တော့ နားမလည်ဘူး" ဟု ဂျက်ဖရေစပင်ဇာက ပြောသည်။

"လိုတယ်၊ ကိုယ်တို့ ကုမ္ပဏီတွေ ထပ်တိုးခဲ့တော့မယ်၊ နိုင်ငံတကာမှာ ဖွင့်မယ်၊ သူတို့တိုင်းပြည်တွေမှာရှိနေတဲ့ ကုမ္ပဏီတွေကိုလည်း ဝယ်မယ်၊ အဲဒီလုပ်ငန်းတွေကို မောင်ရင် ဦးဆောင်ပြီး လုပ်ပါ" ဟု ပေါလ်ဗားဟတ်က ပြန်ပြောသည်။

ဗြိတိန်နိုင်ငံတွင် ရှိနေကြသော ကုမ္ပဏီအတော်များများကလည်း အင်ကမ်းကုမ္ပဏီကဲ့သို့ ကြီးမားသော ကုမ္ပဏီကြီးနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသောအခါ သွားရည်တမြားမြားဖြစ်နေကြသည်။ ထို့ကြောင့် အင်္ဂလိပ်ကုမ္ပဏီ ငါးခုကို အလွယ်တကူပင် သိမ်းသွင်းယူလိုက်နိုင်သည်။

အီတလီနိုင်ငံမှ ကုမ္ပဏီပေါင်းများစွာကိုလည်း ဝယ်ယူလိုက်သည်။ ထိုလုပ်ငန်းများကို အဓိကတာဝန်ယူပြီး ဆောင်ရွက်ပေးသူမှာ အာသာမိုရယ် ဖြစ်သည်။ အီတလီနိုင်ငံမှ ကုမ္ပဏီများကို သိမ်းသွင်းလိုက်နိုင်သောကြောင့် အင်ကမ်းကုမ္ပဏီကြီးအဖို့ ဒေါ်လာ ၉၇ သန်းလောက် အကျိုးရှိသွားသည်။

"ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့သော ပေါလ်ဝါနာဗားဟတ်က ပညာသင်ဆုရန်ပုံငွေအဖြစ် ဒေါ်လာ ၂၅၀၀၀၀ ကို မတည်လှူဒါန်းပေးကြောင်း" ဖြင့် သတင်းစာများက ရေးကြသည်။

ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ ပေါလ်ဗားဟတ် ဘွဲ့ရသည် မရသည်၊ ကျောင်းတက်ဖူးသည် မတက်ဖူးသည်ကို မည်သူကမျှ အပင်ပန်းခံပြီး စုံစမ်းမနေကြပါ။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


မင်ဟတ်တန်ရပ်ကွက်တွင် အကြီးဆုံးနှင့် အမြင့်ဆုံး မိုးပျံတိုက်ကြီး ကို တည်ဆောက်လိုက်သည်။ ထိုတိုက်ခေါင်မိုးပေါ်တွင် သူ၏ ကိုယ်ပိုင် "မိုးပျံစံအိမ်" ကို ထပ်ဆင့်တင်သည်။ အိမ်သစ်ဖွင့်ပွဲ ကျင်းပသည်။

"ဒေါ်လာငါးသိန်း အကုန်ခံပြီး ကျင်းပသော အိမ်သစ်ဖွင့်ပွဲမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဘူးကြောင်း" ဖြင့် နယူးယောက်တိုင်း သတင်းစာက ရေးသည်။

❖ ❖ ❖

[ ၆ ]

ဆစ်ဂရစ်ကို ပေါလ်ဗားဟတ် မေ့နေသည်မှာ ကြာပြီ၊ သူ့တွင် ညီမတစ်ယောက်ရှိသည်ဟုပင် သဘောမထားမိတော့။ ဆစ်ဂရစ်ဘယ်ရောက် နေသည်ကိုလည်း သူ မစုံစမ်းတော့။ ဆစ်ဂရစ် မကောင်းသတင်းများ တစ်ခါတစ်ရံ သတင်းစာထဲတွင် ပါလာတော့မှ ဘယ်ရောက်နေကြောင်းကို သိရသည်။

၁၉၆၇ ခုနှစ် နွေဦးတွင် မမျှော်လင့်ပဲ ဆစ်ဂရစ်ရောက်လာသည်။

"ဝမ်းနည်းပါတယ် မစ္စတာဗားဟတ်၊ အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်၊ သူဟာ ခင်ဗျားရဲ့ ညီမ ဖြစ်ပါတယ်တဲ့ ခင်ဗျားနဲ့တွေ့ချင်တယ်လို့ ပြောနေပါတယ်" ဟု အောက်ထပ် လုံခြုံရေးအမှုထမ်းက ဖုန်းလှမ်းဆက်သည်။

ပေါလ်၏ တစ်ကိုယ်လုံး အေးစက်သွားသည်။

"သက်သေခံ အထောက်အထားတွေကို သေသေချာချာ စစ်ဆေး ကြည့်ရဲ့လား"

"စစ်ဆေးကြည့်ပါတယ် ခင်ဗျာ၊ သူ့ရဲ့ အမေရိကန် နိုင်ငံကူး လက်မှတ်ထဲမှာ ဆစ်ဂရစ်ဗားဟတ်ဆိုတဲ့ နာမည် ပါပါတယ်၊ ကပ်ထားတဲ့ ဓာတ်ပုံကလည်း သူ့ဓာတ်ပုံအစစ်ပါပဲ"

"ကောင်းပြီ၊ အပေါ်လွှတ်လိုက်"

ခဏကြာတော့ သူ့အခန်းတံခါး ပွင့်သွားသည်။ ဆစ်ဂရစ်သည် အရင်က ဆစ်ဂရစ်မဟုတ်တော့ပေ။ ကိုယ်ပေါ်မှာ တန်ဖိုးကြီးမားသည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်မှာ မှန်သည်။ သို့သော်လည်း သူ့အသက်အရွယ်ထက် အများကြီး အိုစာသွားသည်ဟု ထင်ရသည်။ ဆစ်ဂရစ်က ဆိုဖာတစ်လုံးပေါ်မှာ သွားထိုင်သည်။

"ဟယ်လို ပေါလ် . . . ကျွန်မ အရက်တစ်ခွက်လောက်သောက်ချင်တယ်"

ပေါလ်ကခေါင်းညိတ်ပြပြီး အရက်နှစ်ခွက်သွားထည့်သည်။ ဆစ်ဂရစ်ကို တစ်ခွက်လှမ်းပေးပြီး ခပ်လှမ်းလှမ်းမှ ဆိုဖာမှာ ဝင်ထိုင်သည်။ ဆစ်ဂရစ်က အရက်ကို အငမ်းမရသောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒုက္ခတွေနေပြန်ပြီလား" ဟု လှမ်းမေးသည်။

ဆစ်ဂရစ်က နာကျည်းသည့်ဟန်ဖြင့် ရယ်သည်။

"လောကကြီးမှာ ဒုက္ခအမျိုးအစားပေါင်း ဘယ်လောက်များများရှိသလဲ၊ အဲဒီ ဒုက္ခတွေ အားလုံးနဲ့ ကျွန်မကြုံခဲ့ရတယ်"

"ငွေကြေး ဒုက္ခပဲလား"

ဆစ်ဂရစ်၏ အဖြေသည် ဟုတ်မှန်ကြောင်း၊ သူအကြီးအကျယ် ဒုက္ခ ရောက်နေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့ကို ခွင့်လွှတ်စေလိုကြောင်းများကို ပြောပြပြီး တောင်းပန်လိမ့်မည်ဟု ပေါလ်ကထင်ထားသည်။

ဆစ်ဂရစ်က သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"ကျွန်မမှာ ရှိသမျှပြောင်ပြီ အစ်ကို၊ အကြွေးတွေလည်း လည်ပင်း ခိုက်နေပြီ၊ ကျွန်မနဲ့ အတူတူနေတဲ့ အကောင်က အားလုံးကို ဖြောင်သွားပြီလေ"

"မင်း နယူးယောက်ကို ဘယ်တုန်းက ရောက်သလဲ"

"ဒီည ဆယ်နာရီ ခွဲကမှ ရောက်တာ၊ ပါရီက ကျွန်မလာတာလေ၊ လေယာဉ်ပျံ နောက်ကျနေလို့၊ နောက်ပြီးတော့ ကျွန်မ ရိုးရိုးတန်းက စီးလာတယ်၊ ယုံချင်ယုံ မယုံချင်နေတော့ အစ်ကိုရေ ရိုးရိုးတန်းကို စီးဖူးသွားတယ်လို့ ဆိုရတော့မှာပေါ့"

ထိုစကားကို ပြောရင်း ဆစ်ဂရစ်က ပြုံးသည်။ သို့သော်လည်း သူ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်ကြည်များ ပြည့်လာလေပြီ။

"မင်းကြွေး ဘယ်လောက်တင်နေသလဲ" ဟု ပေါလ်က သံပြတ်ဖြင့် ပြန်မေးသည်။

"အတိအကျတော့ မမှတ်မိတော့ဘူး၊ ဒေါ်လာငါးသိန်းလောက်တော့ ရှိမယ်ထင်တယ်"

ပေါလ်က ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်သည်။

"ကြွေးအားလုံး ဆပ်ပေးမယ်၊ တစ်နှစ်ကို ဘယ်လောက်ရရင် မင်း နေလောက်မလဲ"

"ကျွန်မမသိဘူး အစ်ကို. . တစ်သက်လုံး လိုသလောက် အစ်ကို့ဆီကပဲ တောင်းခဲ့တာ မဟုတ်လား၊ နောက် ကျွန်မ ပိုက်ဆံတွေ အားလုံးယူသွားပြီးတဲ့ နောက်လည်း လိုသမျှကို ကျွန်မနဲ့အတူနေတဲ့ လူဆီက လက်ဖြန့်တောင်းခဲ့တယ်"

"မင်း နောက်ထပ်ဒါမျိုးဖြစ်လို့ မရတော့ဘူး"

"ကျွန်မသိပါတယ်၊ မဖြစ်စေရပါဘူး၊ အစ်ကို ယုံရဲ့လားဟင်"

"အခုတော့ ယုံတယ်၊ ဒါပေမယ့် နောက်ပိုင်းကျရင် မင်း"

"အရင်အချိုးပြန်ဖြစ်ဦးမယ်လို့ ထင်သလား၊ မဖြစ်အောင် ကျွန်မ အစွမ်းကုန် ကြိုးစားပါ့မယ်"

"မင်း အရင်လို ပြန်ပျက်စီးမသွားနိုင်အောင် စီစဉ်ရမယ်၊ ဒေါ်လာ နှစ်သန်းဘဏ်မှာ အပ်ထားပေးမယ်၊ တစ်နှစ်ကို အတိုး ၁၈၀၀၀၀ ရမယ်၊ အရင်းကို ငါမသေမချင်း လက်ဖျားနဲ့ တောင် မတို့ရဘူး၊ အတိုးနဲ့လောက်အောင် နေရမယ်၊ ပြီးတော့. . ."

"အစ်ကို"

"နေဦး. . . ငါ့ စကားမဆုံးသေးဘူး၊ မင်းကြွေးထပ်တင်ရင် ဘာမှအကူအညီမပေး တော့ဘူး၊ ရှင်းတယ် မဟုတ်လား"

"ရှင်းပါတယ် အစ်ကို"

+ + +



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်ဗားဟတ်၏ စိတ်များ ထွေပြားနေသည်။ သူဘဝ ပျက်စီးသွားတော့မည်ဟု ထင်သည်။ အချိန်လည်း များများစားစား သူမှာ မရှိတော့။ နာရီပိုင်းကလေးသာ ကျန်တော့သည်။ ထိုနာရီပိုင်းအတွင်း လုပ်စရာရှိသည်များကို လုပ်ရတော့မည်။ ထို့ကြောင့် အီတလီနိုင်ငံ အင်ကမ်းကုမ္ပဏီ ရုံးခွဲမှာ ရှိနေသော ဂျက်ဖရေစပင်ဇာထံသို့ ဖုန်းလှမ်းဆက်သည်။

"ဒီကို ချက်ချင်းပြန်လာပါ ဂျက်ဖ်. . . ကိုယ်အနားယူမလို့"

"ကောင်းပြီ"

ဂျက်ဖရေက ပြန်ဖြေရင်း ပေါလ်၏ သဘောထားကို တွေးကြည့်နေမိသည်။

"ကိုယ်အနားယူနေတုန်း ကိုယ့်တာဝန်တွေကို မင်းယူရမယ်"

"ဖော်ဘာက ဘာဖြစ်လို့လဲ"

ချားလ်စ် ဖော်ဘာသည် အင်ကမ်းကုမ္ပဏီကြီး၏ ဒုတိယအမှုဆောင် ဥက္ကဋ္ဌ ဖြစ်သည်။

"မင်းပေးတဲ့ အမိန့်တွေကို လိုက်နာဖို့ သူ့ကို ကိုယ်ပြောလိုက်မယ်"

ထို့နောက် ချားလ်စ်ဖော်ဘာကို ပေါလ်က ဖုန်းလှမ်းဆက်ပြန်သည်။

"ချားလ်စ်. . . ကျုပ်ခရီးသွားမလို့၊ မနက်ဖြန် စပင်ဇာ ဒီကိုရောက်လာလိမ့်မယ်၊ ကျုပ်မရှိတုန်း ကျုပ်တာဝန် သူယူလိမ့်မယ်၊ နားလည်တယ် မဟုတ်လား"

ပေါလ်ဗားဟတ်မှာ တစ်ကိုယ်လုံးနုံးချည့် သွားတော့သည်။ ပြီးတော့ သူ့ရှေ့နေများကို လှမ်းဆက်သည်။

"ဆစ်ဂရစ်တင်နေတဲ့ အကြွေးတွေ အားလုံးကို ဆပ်လိုက်ပါ၊ ငွေနှစ်သန်းယူပြီး ဘဏ်မှာအပ်ပါ၊ လောလောဆယ် သူသုံးဖို့ ငွေတစ်သောင်းခွဲပေးလိုက်ပါ၊ နှစ်ပတ်လောက်ကြာရင် ကျုပ်ခရီးသွားရာက ပြန်လာမယ်၊ အဲဒီတော့မှ ဖုန်းထပ်ဆက်ဦးမယ်"

သို့သော် ပေါလ်ဗားဟတ်သည် မည်သည့်ခရီးကိုမှ မသွားပါ။ သူ၏ မိုးပျံစံအိမ်ထဲမှာသာ အခန်းအောင်းနေလိုက်သည်။ သူ့စိတ်များ ဖောက်ပြန်လု နီးနီး ဖြစ်နေသော်လည်း မည်သည့် ဆရာဝန်ကိုမှ မခေါ်။ သူနာပြုဆရာမများကိုသာ နေ့လှည့်ညလှည့်ဖြင့် ငှားထားသည်။ မိုးပျံစံအိမ်ထဲမှာ သူရှိနေကြောင်းကိုလည်း မည်သူ့ကိုမျှ အသိမပေးရန် တင်းတင်းကျပ်ကျပ်မှာထားသည်။

လူအများ၏ မြင်ကွင်းမှ ပေါလ်ဗားဟတ် ရုတ်တရက် ပျောက်ကွယ် သွားသောကြောင့် စီးပွားရေးလောကမှာ အထိတ်တလန့် ဖြစ်နေကြသည်။ မည်သည့်အကြံအစည်ဖြင့် ပျောက်သွားခြင်း ဖြစ်သနည်း၊ မည်သည့်ကုမ္ပဏီကို အကောက်ကြံပြီး သိမ်းယူဖို့ ပြင်ဆင်နေသနည်း . . . စသည့်ဖြင့် တွေးတောနေကြသည်။

ထိုအချိန်မှာပင် အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများကျ ဆင်းနေသည်။

အိမ်ထဲမှ အိမ်ပြင်သို့ မထွက်သည်မှာ တစ်လကြာသွားသည်။ ထိုအခါကျမှ သူ့စိတ်ကို သူပြန်ထိန်းနိုင်လာသည်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး၊ အခိုင်းအစေများကို နံနက်စာ ပြင်ခိုင်းသည်။ တစ်ဝကြီး စားပစ်လိုက်သည်။ ပြီးတော့ ဂျက်ဖရေစပင်ဇာကို ဖုန်းလှမ်းဆက်သည်။

"ဒီနေ့ မွန်းလွဲ တစ်နာရီတိတိမှာ အမှုဆောင်အရာရှိတွေအားလုံးကို အစည်းအဝေး ခေါ်ပါ၊ ဘယ်သူမှ မပျက်ကွက်စေနဲ့၊ အစည်းအဝေးပြီးရင် မင်း နဲ့ စကားပြောချင်တယ်၊ ကနေဒါ သတ္တုတွင်း ကုမ္ပဏီတွေကို ဝယ်ဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ"

"ပေါလ်. . "ပေါလ်ဗားဟတ် ဘာကြောင့် ပျောက်နေကြောင်းကို စပင်ဇာသိသည်။ သတင်းစာများကိုလည်း မဖတ်ကြောင်းလည်း သိသည်။ "အင်ကမ်းကုမ္ပဏီရဲ့ အစုရှယ်ယာတွေ ဈေးကျနေတယ်၊ နောက်ထပ် ကုမ္ပဏီသစ်ဝယ်. . . "

"ထားလိုက်စမ်းပါ တို့ဘာလုပ်တယ်ဆိုတာ သိလိုက်ရင် ချက်ချင်း ဈေးပြန်တက်သွားမယ်၊ ဗြိတိန်နဲ့ အီတလီနိုင်ငံက ကုမ္ပဏီတွေရဲ့ နောက်ဆုံး အခြေအနေကို အဆင်သင့် လုပ်ထားပါ၊ ဥက္ကဋ္ဌတွေအကုန်လုံးနဲ့ ဒုတိယဥက္ကဋ္ဌ တွေ အကုန်လုံးကို ခေါ်ထားပါ၊ မနက်ဖြန်မနက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီမှာ သူတို့အားလုံးနဲ့ တွေ့ချင်တယ်. ."

"မနက်ဖြန် စနေနေ့ ပေါလ်"

"ဒီကောင်တွေကို ငါ လခပေးထားတာ၊ ငါတွေ့ချင်တယ်ဆိုရင် ဘယ်နေ့မဆို လာတွေ့ရမယ်၊ မတွေ့နိုင်ရင် နောက်အလုပ်တစ်ခုရှာပေစေ"

ပေါလ်ဗားဟတ် လုပ်ပုံမှာ လေပွေမွှေသလို ဖြစ်နေသည်။ ယင်း အပြုအမူသည် သူ့စိတ်များ မှုမှန်မဟုတ်ခြင်းကို ပြသကြောင်းလည်း ဂျက်ဖရေ စပင်ဇာက သိလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

ရုပ်ရှင်ကုမ္ပဏီတစ်ခုခုသော်လည်းကောင်း၊ ရုပ်မြင်သံကြားကုမ္ပဏီ တစ်ခုခုသော်လည်းကောင်း၊ ဗီဒီယိုကုမ္ပဏီတစ်ခုခုသော်လည်းကောင်း ပိုင်ဆိုင်ချင်သည့်စိတ် ပေါလ်ဗားဟတ်မှာ ပေါ်လာသည်။ ထို့ကြောင့် အာသာမိုရယ်ကို စုံစမ်းခိုင်းလိုက်သည်။ တစ်လလောက်ကြာတော့ အာသာမိုရယ် ရောက်လာသည်။

"တိုတိုနဲ့ လိုရင်းကို ပြောပြစမ်းပါ"

"ငွေပြတ်နေတဲ့ ကုမ္ပဏီတစ်ခုရှိတယ်၊ အဲဒါကို ကျုပ်တို့ အချောင် ဝယ်ပြီး. . ."

"ငွေပြတ်နေတဲ့ ကုမ္ပဏီကို ကျုပ်တို့က ဝယ်ပြီး ဘာလုပ်ရမှာလဲဗျ"

"ကျုပ်နဲ့ ကျုပ်မိတ်ဆွေတွေမှာ အသိအကျွမ်း အင်မတန်ပေါပါတယ်၊ အဆက်အသွယ် ကောင်းကောင်းတွေလည်း ရှိတယ်၊ ကျုပ်တို့ ထုတ်လုပ်ပေးတဲ့ ကားတွေကို ဝယ်အောင်လုပ်နိုင်တယ်"

အာသာမိုရယ်၏ အကြောင်းကို ပေါလ်ဗားဟတ် စဉ်းစားကြည့်မိသည်။ အာသာမိုရယ်သည် ထိုကိစ္စမျိုးတွင် နှံ့စပ်သူဖြစ်သည်။ စိတ်ချရသူ ဖြစ်သည်။

"ကောင်းပြီ သဘောတူတယ်"

"နေဦး အကြောင်းနှစ်ခုရှိသေးတယ်"

"ပြောပါ"

"အဲဒီ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ် ကျုပ်နဲ့ကျုပ်လူတွေက ခန့်ချင်တဲ့ လူတစ်ယောက်ရှိတယ်၊ သူ့နာမည်က လီယိုဖူးချ်ဘတ်"

"အာတီ. . အင်ကမ်းကုမ္ပဏီက ဘယ်ဂျူးစုတ်ကိုမှ မခန့်ဘူး"

"နားထောင်ပါဦးလေ၊ ဖူးချ်ဘတ်ဟာ ကျုပတို့ လူပဲ၊ ဒီလုပ်ငန်းတွေမှာ အင်မတန်ကျွမ်းကျင်တယ်၊ အဆက်အသွယ် ကောင်းကောင်းတွေကိုလည်း သူရှာနိုင်တယ်၊ အလုပ်သမားပြဿနာတွေကိုလည်း သူတာဝန်ယူပြီး ဖြေရှင်း ပေးနိုင်တယ်၊ ကျုပ်တို့ ကုမ္ပဏီက ရိုက်ထုတ်မယ့် ကားတွေ စွံအောင်လည်း လုပ်ပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အာသာမိုရယ်က လီယိုဖူးချ်ဘတ် အကြောင်းများကို ပြည်စုံအောင် ပြောပြသည်။

"ဒီကောင်က ကျုပ်တို့ ကုမ္ပဏီ အောင်မြင်အောင် လုပ်ပေးနိုင်ပါ့မလား"

"သေသေချာချာ လုပ်ပေးနိုင်ပါတယ်၊ ကျုပ်ပြောတာကို ယုံပါ"

ပေါလ်ဟားဟတ်အဖို့ အရေးအကြီးဆုံးမှာ ငွေရဖို့ပင် ဖြစ်သည်။ ငွေရအောင် လုပ်ပေးနိုင်မည်ဆိုလျှင် လက်ခံလိုက်ဖို့သာ ရှိလေသည်။

"ကောင်းပြီ အာတီ၊ ခင်ဗျားရဲ့ ဂျူးစုတ်ကို ခန့်လိုက်၊ အကြောင်းနှစ်ခုရှိတယ်လို့ ခင်ဗျားပြောတယ်၊ နောက်တစ်ကြောင်းကဘာလဲ"

"ဖျော်ဖြေရေး ကုမ္ပဏီတစ်ခုကို ထောင်တော့မယ်ဆိုရင် အနောက်ဘက်ခြမ်းမှာ ဌာနခွဲတစ်ခု ခင်ဗျား ဖွင့်ရတော့မှာပေါ့"

"ဖွင့်ရတော့မှာပေါ့"

"ဒီဌာနခွဲမှာလည်း ဥက္ကဋ္ဌတစ်ယောက်လိုဦးမှာပေါ့"

"နောက်ထပ် ဂျူးစုတ်တစ်ယောက်ခန့်ထားဖို့ မဟုတ်ပါဘူးနော်"

အာသာမိုရယ်က ပေါလ်၏ စကားကို ပြန်မဖြေပဲ ပြောစရာရှိသည်ကိုသာ ဆက်ပြောသည်။

"သောကြာနေ့ည ဘာအချိန်းအချက်မှ လုပ်မထားပါနဲ့၊ ကလေးမကလေးတစ်ယောက်ကို ခင်ဗျားတွေ့စေချင်တယ်၊ ကျုပ်ခေါ်လာခဲ့ပေးမယ်"

ပေါလ်က တစ်ချက်ရယ်လိုက်သည်။

"ဟား . . ဟား . . ခင်ဗျား ဒီအလုပ်မျိုး လုပ်စားနေပြီလား"

ပေါလ်၏ စကားကြောင့် အာသာမိုရယ် မျက်နှာပျက်သွားသည်။ မိုရယ်သည် ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်သည်။ ယခုလို ညစ်တီးညစ်ပတ် နောက်ပြောင်မှုမျိုးကို မကြိုက်။ သူ့ဂုဏ်သိက္ခာကို စော်ကားသည်ဟု ယူမှတ်လေ့ ရှိသည်။ ပေါလ်က မှားမှန်းချက်ချင်းသိသွားသည်။

"ဝမ်းနည်းပါတယ် အာတီ၊ ဘယ်လိုသဘောနဲ့မှ ပြောလိုက်တာ မဟုတ်ပါဘူး၊ အံ့အားသင့်ပြီး ပါးစပ်က ယောင်ထွက်သွားတာပါ"

အာသာမိုရယ်က သူ့စိတ်ကို သူပြန်ထိန်းထားလိုက်သည်။ ခဏကြာတော့ ပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်။

"ဒီကလေးမကတော့ စပါယ်ရှယ်ပဲ၊ တကယ့်ကို စပါယ်ရှယ်ပါ၊ ယောက်ျားဆယ်ယောက်ထက်ပိုပြီး ဦးနှောက်ကောင်းတယ်၊ ဖျော်ဖြေရေး လုပ်ငန်းအကြောင်းကို ကောင်းကောင်းသိတယ်၊ တစ်ခြားနေရာတွေမှာလည်း ကျွမ်းကျင်တယ်၊ သူ့ကို ကျုပ်တို့ အင်မတန် ယုံကြည်စိတ်ချတယ်၊ သူ့နာမည်က ပက်ထရစ်ရှာဂါဗေး"

"ကောင်းပြီ သောကြာနေ့ည စောင့်နေမယ်။ ညစာစားမယ်ပေါ့"

"မစားဘူး နောက်ကျမှ လာမယ်၊ ဆယ်နာရီ . . . ဆယ်နာရီကျော်ကျော်ပေါ့"

"သူနဲ့ စကားပြောကြည့်ဖို့ အချိန်ပိုရတာပေါ့၊ မဟုတ်ဘူးလား"

"ပက်ထရစ်ရှာအကြောင်းကို ကျုပ်အကုန်သိတယ်၊ ခင်ဗျား သူနဲ့ စကားများများပြောဖို့ မလိုဘူး၊ တစ်ခွန်းနှစ်ခွန်း ပြောကြည့်ရုံနဲ့ သူ့အကြောင်း ကို သိသွားမယ်"

\+ + +

သောကြာနေ့ညကျတော့ ပက်ထရစ်ရှာဂါဗေးကို အာသာမိုရယ် ခေါ်လာသည်။ အသက် ၂၅ နှစ်လောက်ပဲ ရှိသေးသည်။ ဆံပင်နီနီနှင့် မိန်းမချော ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် အချိုးအဆစ် ပြေပြစ်သည်။ ချက်ချာသည်။ သွက်လက်ဖျတ်လတ်သည်။ သာမန်ယောက်ျားများထက် အများကြီး ပိုတော်ပုံရသည်။

ပက်ထရစ်ရှာဂါဗေးကလည်း ပေါလ်ကို လူတော်တစ်ယောက်ဖြစ်ကြောင်း၊ အလည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို အောင်မြင်အောင် လုပ်နိုင်သူမျိုး ဖြစ်ကြောင်း အကဲခတ်လိုက်မိသည်။

"ဒီဌာနကို အုပ်ချုပ်ရတဲ့ လူဟာ ဘယ်သူပဲဖြစ်ဖြစ် သတိထားဖို့တော့ လိုတယ်၊ ရုပ်ရှင်နယ်ဆိုတာက တစ်ယောက်နဲ့ တစ်ယောက်မနာလို ဖြစ်နေကြတဲ့ လူတွေချည်းပဲ မဟုတ်လား"ဟု ပေါလ်ကပြောသည်။

"တစ်ယောက်အောင်မြင်တာကိုကြည့်ပြီး ကျန်လူတွေက မနာလို ဖြစ်နေကြတာပါ။ ကိုယ်ကအောင်မြင်ချင်ရင် သူတို့ရဲ့ မနာလိုမှု တွေကို အသုံးချရမယ်" ဟု ပက်ထရစ်ရှာဂါပေးက ပြန်ပြောသည်။

ထိုစကားကို ကြားရသောအခါ ပေါလ်က ချက်ချင်း သဘောကျသွားသည်။

နောက်အပတ်မှာပင် အနောက်ဘက်ခြမ်းတွင် ဌာနခွဲတစ်ခုဖွင့်ပြီး ပက်ထရစ်ရှာဂါပေး ကို ထိုဌာနခွဲ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လီယိုဖူးချ်ဘတ်ကို ဗီဒီယိုကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ခန့်ထားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

နောက်တက်လာသည့် သမ္မတက ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပါသည်။ ငြိမ်းချမ်းရေးရအောင်တည်ဆောက်လိုပါသည်ဟု ကြေငြာခဲ့သော်လည်း ဗီယက်နမ်စစ်ရှိန်ကား ဆက်လက်မြင့်တက်လျက်ပင် ရှိလေသည်။ ထို့ကြောင့် အမေရိကန် စီးပွားရေး လောကမှာလည်း ကမောက်ကမတွေ ပိုဖြစ် လာသည်။

မဟာကုမ္ပဏီကြီးများက သမ္မတ ရွေးကောက်ပွဲများတွင် သမ္မတလောင်းများကို ရွေးကောက်ပွဲ ရန်ပုံငွေအဖြစ် ပုံအောပြီး လှူနေကြသည်။ ကိုယ်ရန်ပုံငွေ ထည့်ထားသူ သမ္မတဖြစ်လာသောအခါ စီးပွားရေးနှင့်ပတ်သက်ပြီး လိုချင်သည့်အခွင့်အရေးများကို ရအောင်နှိုက်ယူကြတော့သည်။

ရစ်ချတ်နစ်ဆင်ကို ရွေးကောက်ပွဲ ရန်ပုံငွေအဖြစ် ပေါလ်ဗားဟတ်က ဒေါ်လာ ၇၀၀၀၀၁ လှူလိုက်သည်။ နစ်ဆင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး တစ်လခန့်အကြာတွင် အင်ကမ်းကုမ္ပဏီထံမှ ဒေါ်လာနှစ်သန်း ခုနှစ်သိန်းကို အမြတ်တော်ကြေးအဖြစ် မှားယွင်းစည်းကြပ်ထားမိကြောင်း စစ်ဆေးတွေ့ ရှိရသည်ဆိုကာ ငွေပြန်ထုတ်ယူခွင့်ပြုလိုက်သည်။ ရွေးကောက်ပွဲ ရန်ပုံငွေအဖြစ် သူထည့်ခဲ့သည်ငွေ၏ လေးဆခန့် ပြန်ရလိုက်ခြင်း ဖြစ်လေသည်။

တစ်နေ့တွင် အိမ်ဖြူတော်မှ အကြံပေး အရာရှိတစ်ယောက် ပေါလ်ဗားဟတ်နှင့် လာရောက်တွေ့ဆုံသည်။

"ကုမ္ပဏီတွေကို ဝယ်တာနဲ့ ပတ်သက်ပြီး ခင်ဗျားအင်မတန် နာမည်ကြီးတယ်၊ တိုင်းပြည်တစ်ပြည်ကိုရော မဝယ်ချင်ဘူးလား ဗားဟတ်" ဟု သူက မေးသည်။

ထိုစကားကြောင့် ပေါလ်တုန်လှုပ်သွားသည်။ သို့သော်လည်း ဣန္ဒြေမပျက်အောင် ဟန်ဆောင်ထားလိုက်သည်။

"ပြည်ပြည်စုံစုံ ပြောပြပါဦး"

"အရင်အစိုးရ လုပ်သွားတဲ့အတွက် ကျုပ်တို့ အကြီးအကျယ် ခေါင်းခဲနေရတယ်၊ ပြူအာတိုကွေ့ဒိုနိုင်ငံ. . ."

"အမေရိကတိုက် အလယ်ပိုင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နိုင်ငံက ဆင်းရဲတယ်၊ မက်ဆီကိုနဲ့ ကိုလံဘီယာ နိုင်ငံကြားမှာ ရှိတယ်၊ အရင်သမ္မတတွေက ငွေတွေ ပုံအောပြီး ကူညီခဲ့တယ်၊ ဒါပေမယ့် ဘာမှအရာမထင်ခဲ့ဘူး"

"ဇာတ်လမ်းကတော့ သိပ်မကောင်းလှဘူးပေါ့"

"ဟုတ်တယ် ကျုပ်ရှင်းပြဦးမယ်၊ အခုသမ္မတနဲ့ ဟင်နရီက ပြူအာတိုကွေဒိုနိုင်ငံကို ရုပ်ပြအဖြစ်နဲ့ အလှထားချင်တယ်၊ သွားလေသူ သမ္မတတွေ လုပ်သွားတဲ့ နည်းလမ်းကမှားနေတော့ ကျုပ်တို့ ဆက်လုပ်ဖို့ တော်တော် ခက်ခဲနေတယ်၊ ဒါကြောင့် ကျုပ်တို့ အစိုးရအနေနဲ့ လုပ်ရမယ့် လုပ်ငန်းတွေကို ပုဂ္ဂလိက လုပ်ငန်းရှင်တွေ ပခုံးပေါ်ကို ပြောင်းပေးချင်တယ်"

"ခင်ဗျားတို့ ကြွေးကြော်သံတွေ ကျုပ်ကို လာရောင်းနေတ ာ့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးဗျာ၊ ပြူအာတိုကွေဒိုနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာအောင် ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုက တာဝန်ယူပြီး လုပ်ပေးစေချင်တယ်၊ ထုံးစံအတိုင်း ကျုပ်တို့က လျှို့ဝှက်ရန်ပုံငွေထဲကနေပြီး အကူအညီပေးမယ်"

အကြံပေးချက်ကတော့ ရိုးရိုးကလေး ဖြစ်ပါသည်။ ပြူအာတိုကွေဒို နိုင်ငံ၏ ရာသက်ပန် သမ္မတ ရာမွန်မူညော့ဇ်သည် အမေရိကန်၏ မိတ်ဆွေ ဖြစ်သည်။ ကွန်မြူနစ်အုပ်စု၏ ရန်သူဖြစ်သည်။ ထို့ကြောင့် ထိုနိုင်ငံမျိုးတွင် မိမိ၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ပေါလ်ကသဘောပေါက်လိုက်သည်။

"အလုပ်သမား ပြဿနာလည်း ဘာမှမရှိစေရဘူး၊ အလုပ်သမား သမဂ္ဂတွေ ဖွဲ့စည်းခွင့် မရှိဘူး၊ ဥပဒေနဲ့ ပိတ်ပင်ထားတယ်၊ လုပ်ခကလည်း တစ်နေ့မှ တစ်ဒေါ်လာလောက်ပဲ ပေးရမှာ"

"ဒီကိစ္စ ဘာဖြစ်လို့ ကျုပ်ကိုလာပြီး ကမ်းလှမ်းရတာလဲ"

"ကျုပ်တို့ ရွေးကောက်ပွဲ မဲဆွယ်ကြတုန်းက ရန်ပုံငွေထည့်တဲ့ လူထဲမှာ ခင်ဗျား အများဆုံးပဲ၊ ဒါကြောင့် ခင်ဗျားကို ဦးစားပေးတာ၊ ခင်ဗျား နာမည်ခံပြီး သွားလုပ်မယ်ဆိုရင် ကျုပ်တို့ လျှို့ဝှက် ရန်ပုံငွေထဲကတင်မကဘူး၊ စီအိုင်အေရဲ့ လျှို့ဝှက်ရန်ပုံငွေထဲကပါ အကူအညီ ပေးမယ်၊ ခင်ဗျားသမ္မတ မူညော့ဇ်နဲ့ သွားဆွေးနွေးရုံပဲ၊ ဘာမှ စိတ်ပူစရာမရှိဘူး၊ ဟင်နရီက အားလုံး စီစဉ်ထားပြီးသားပါ"

"ကျုပ်စဉ်းစားဖို့ အချိန်ဘယ်လောက်ပေးနိုင်မလဲ"

"ဘယ်လောက်မှ မပေးနိုင်ဘူး၊ သမ္မတကြီးနဲ့ ဟင်နရီက ဒီကိစ္စကို ချက်ချင်း ရှင်းချင်နေတယ်" အကြံပေးအရာရှိက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ "တကယ်လို့ ခင်ဗျားက လက်မခံနိုင်ဘူး ဆိုရင်လဲ အရေးမကြီးပါဘူး၊ ဟောင်းဝပ်ရှူချက်စ်ရဲ့ ကုမ္ပဏီက ဒုတိယဦးစားပေးလေ"

"အဲဒီ သမ္မတ မူညော့ဇ်ဆိုတဲ့ လူကို ကျုပ်ရဲ့ ဒုတိယ ဥက္ကဋ္ဌ ဂျက်ဖရေစပင်ဇာနဲ့ ကျုပ်နဲ့သွားတွေ့မယ်၊ ဘယ်တော့လောက် တွေ့နိုင်မလဲ"

"နောက်အပတ် ဗုဒ္ဓဟူးနေ့ကို စီစဉ်ပေးပါမယ်၊ ဟင်နရီရဲ့ လူတစ်ယောက် ခင်ဗျားတို့နဲ့ အတူတူလိုက်ခဲ့လိမ့်မယ်"

\+ + +

အမေရိကန် သမ္မတများသည် ကွန်မြူနစ်ဝါဒကို အကြောက်ကြီး ကြောက်ကြသည်။ ထို့ကြောင့် နိုင်ငံငယ်အတော်များများ ကွန်မြူနစ်ဘက်ပါ မသွားအောင် နည်းမျိုးစုံဖြင့် အကူအညီ ပေးကာ သိမ်းသွင်းဆွဲဆောင်ထားကြသည်။

၁၉၆၀ ခုနှစ်တုန်းက "လက်တင်အမေရိကန် နိုင်ငံများ၏ သောင်းကျန်းမှု တန်ပြန် နှိမ်နှင်းရေးသင်တန်း' တစ်ခုကို ပြူအာတိုကွေဒို နိုင်ငံထဲမှာ ဖွင့်လှစ်ခဲ့သည်။ လိုအပ်သည့် သင်တန်း အဆောက်အအုံများ ဆောက်သည်။ စန်တာကလာရာ မြို့တော်တွင် လေယာဉ်ပျံကွင်း ဆောက်ပေးသည်။ သမ္မတ ရာမွန်မူညော့ဇ်ကိုလည်း ဒေါ်လာသိန်းပေါင်းများစွာ ပုံပေးခဲ့သည်။ သင်တန်းပေးရခြင်း၊ သင်တန်းအတွက် လိုအပ်သည့် ပစ္စည်းပေါင်းများစွာ ပံ့ပိုးရခြင်းများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာသန်းပေါင်းများစွာ ကုန်ခဲ့သည်။ သို့သော်လည်း ပင်တဂွန်ဌာနချုပ် အကြီးအကဲများက ကုန်ရကျိုးနပ်သည်ဟု သဘောထားခဲ့ကြသည်။

မည်သို့ဆိုစေ . . . သမ္မတတစ်ယောက် အသစ်တက်လျှင် အစီအစဉ်က တစ်မျိုးဖြစ်ဖြစ် သွားတတ်သည်။ ထို့ကြောင့် နောက်လေးလကြာသောအခါ ပြူအာတိုရီကိုနိုင်ငံအတွင်းမှ သင်တန်းများကို ပိတ်ပစ်လိုက်သည်။ ပနားမား နိုင်ငံသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ သို့သော်လည်း ပြူအာကွေဒိုနိုင်ငံအတွင်း၌ ဆောက်ပြီးသား အဆောက်အအုံများနှင့် လေယာဉ်ပျံကွင်း ကျန်ခဲ့သည်။ စစ်လေယာဉ်နှင့် အရပ်သုံးလေယာဉ်များ ကျန်ခဲ့သည်။ ထိုလက်ကျန်လေယာဉ်ပျံများကိုပင် ပြူအာတိုကွေဒိုနိုင်ငံက ဆက်လက်အသုံးပြုနေရသည်။

အင်ကမ်း ကုမ္ပဏီပိုင် ဘိုးအင်း ၇၀၇ ဂျက်လေယာဉ်ပျံကြီးသည် စန်တာကလာရာ လေဆိပ်သို့ ဆင်းလာသည်။ ပြီးတော့ . . လေဆိပ် အဆောက်အအုံရှိရာသို့ တိုက်ရိုက်ရွေ့ယူသွားသည်။ ဂျက်ဖရေစပင်ဇာက လေယာဉ် ပြတင်းပေါက်မှ လှမ်းကျော်ကြည့်လိုက်သည်။

"အခြေအနေကတော့ တစ်မျိုးပဲ၊ အောက်မှာစောင့်နေတာတွေက ကျွန်တော်တို့ကို ကြိုဖို့လား၊ ပစ်သတ်ဖို့လား" ဟု မေးသည်။

"ဂုဏ်ပြုတပ်ဖွဲ့ပါ" ဟု သူတို့နှင့်အတူလိုက်လာသော နိုင်ငံခြားရေး ရုံးမှ အရာရှိက ပြန်ဖြေသည်။ ပြီးတော့ ပေါလ်ဗားဟတ်ဘက်သို့ လှည့်လိုက်သည်။ "အမျိုးသားသီချင်းတီးတဲ့အခါမှာ ကျွန်တော်တို့ သတိအနေအထားနဲ့ နေဖို့တော့ မမေ့ပါနဲ့နော်"

"ဒုက္ခပဲ အပြင်မှာ အရမ်းပူနေပုံပဲ" ဟု ပေါလ်က ညည်းသည်။

"အပူဒီဂရီ ရှစ်ဆယ်ကျော် ကိုးဆယ် နီးပါးလောက်တော့ရှိမယ်" ဟု အရာရှိကပင် ဖြေသည်။ ပြူအာတိုကွေဒိုနိုင်ငံတွင် စီအိုင်အေ အကြီး အကဲအဖြစ် သူ နေခဲ့ဖူးသည်။ ထို့နောက်မှ နိုင်ငံခြားရေးရုံးသို့ ပြောင်းရွှေ့ လာခြင်းဖြစ်သည်။ "ဒါနဲ့ သူတို့ ဂုဏ်ပြုတပ်ဖွဲ့က တပ်ရင်းတစ်ရင်းလုံးနဲ့ တူတယ်၊ သိပ်အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေကိုမှ ဒီလိုကြီးကြီးကျယ်ကျယ် ကြိုတာ"

"ဂုဏ်ပြုတပ်ဖွဲ့ဝင် တပ်သားပေါင်း ၃၀၀ လောက်ရှိမည်။ စစ်သား အားလုံးအသားမည်းများ ဖြစ်ကြသည်။

လေယာဉ်စက် သတ်လိုက်သည်။ အင်ကမ်းကုမ္ပဏီ တံဆိပ်ပါသော လေယာဉ်မယ်နှစ်ဦးက တံခါးဖွင့်ပေးသည်။ ပေါလ်က အပြင်သို့ ထွက်လိုက်သည်။ စစ်တီးဝိုင်းမှ စတင်တီးမှုတ်သံကို ကြားရသည်။

ပေါလ်ဗားဟတ်နှင့်ဂျက်ဖရေစပင်ဇာတို့ နှစ်ယောက်အတူ ဆင်းသည်။ သူတို့နောက်မှ နိုင်ငံခြားရေးရုံး အရာရှိက ဆင်းလိုက်သည်။ အုတ်ခုံကလေးပေါ်သို့ ရောက်သောအခါ စစ်ဗိုလ်တစ်ယောက်က ရှေ့ထွက်လာပြီး အလေးပြုသည်။ ပြီးတော့ ကြိုဆိုနှုတ်ခွန်းဆက်စကားကို အင်္ဂလိပ်လို အလွန်ပီသစွာပြောသည်။

"လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ရဲ့ ရာသက်ပန် သမ္မတကြီး ရာမွန်မူညောဇ်ရဲ့ ကိုယ်စား လူကြီးမင်းတို့ကို ကျွန်တော်လာရောက် ကြိုဆိုတာဖြစ်ပါတယ်"

ထို့နောက် စစ်ဗိုလ်ငယ်က စပိန်ဘာသာဖြင့် သူ့တပ်ကို အမိန့်ပေးသည်။ စစ်တီးဝိုင်းက အမေရိကန် အမျိုးသားသီချင်းနှင့် ပြူအာတိုကွေဒိုနိုင်ငံ အမျိုးသားသီချင်းများကို တီးမှုတ်သည်။ နိုင်ငံခြားရေးရုံး အရာရှိက နောက်နားမှာ တည်တည်ကြီး ရပ်နေသည်။ ဂျက်ဖရေစပင်ဇာက မသမ်းမိအောင် အနိုင်နိုင် ကြိုးစားနေရသည်။ ပေါလ်ဗားဟတ်ကမူ အပူဒဏ်အောက်မှာ မသက်မသာ ဖြစ်နေရသည်။

မော်တော်ဆိုင်ကယ်စီး ရဲသားများ ခြံရံပြီး လေအေးစက်တပ်ထားသော ကက်ဒီးလက်မော်တော်ကားကြီးဖြင့် လေဆိပ်မှ စန်တာကလာရာမြို့ထဲသို့ သူတို့ကို ခေါ်သွားသည်။ ကားလမ်းက ကျဉ်းလွန်းလှသည်။ မပြုပြင်ပဲ ထားသောကြောင့် အလွန်တရာလည်း ပျက်စီးနေပြီ။ လေဆိပ်



www.burmeseclassic.com

www.burmeseclassic.com



မှ နှစ်မိုင်ခန့် ဝေးသည့် နေရာသို့ရောက်သောအခါ လမ်းဘေးဝဲယာတွင် အိမ်စုတ်နှင့်တဲ ပုတ်များ တန်းစီနေသည်ကို တွေ့ရသည်။

"စံပြအဖြစ်နဲ့ ခင်ဗျားတို့ ထားချင်တာ ဒါတွေများလားဗျာ" ဟု ပေါလ်က နိုင်ငံခြားရေး ရုံးမှ အရာရှိကို လှည့်မေးသည်။

"အဝေးပြေးလမ်းမကြီး ဖောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ငွေပေး မှာပါ၊ သမ္မတ မူညောဇ်က မျက်စိစပါးမွေးစူးမယ့် အရာတွေအားလုံးကို ဖယ်ပစ်ပါလိမ့်မယ်" ဟု အရာရှိက ပြန်ဖြေသည်။

လမ်းဘေးတွင် ဆင်းရဲသူ ဆင်းရဲသားများကိုလည်း အများအပြား မြင်ခဲ့ရသည်။

'အလုပ်သမားကတော့ ကြိုက်သလောက်ရမှာ သေချာတယ်ဗျို့" ဟု ဂျက်ဖရေစပင်ဇာ က လှမ်းပြောသည်။

"ပေါလ်ဟားဟတ်၏ ခေါင်းထဲမှာ အသိဉာဏ်ကလေးတစ်ခု လင်းလက်သွားလေတော့ သည်။

\+ + +

ပေါလ်ဟားဟတ်တို့ကို အိမ်ကြီးတစ်လုံးမှာ နေရာချထားပေးသည်။ ထင်ရှားသော အမေရိကန် နိုင်ငံရေးခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ တည်းခိုရန် သီးသန့် ဆောက်လုပ်ထားသည့် အဆောက်အအုံ ဖြစ်သည်။ ပေါလ်ဟားဟတ်က ထိုနေရာကို သဘောကျ သွားသည်။ ထို့ကြောင့် သူ ဝယ်ယူလိုကြောင်း မှတ်သားထားရန် ဂျက်ဖရေစပင်ဇာကို ကျိတ်မှာ ထားသည်။

ထိုညမှာပင် သမ္မတအိမ်တော်၌ သူတို့ကို ရာသက်ပန်သမ္မတကြီး ရာမွန်မူညောဇ်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ မူညောဇ်သည် ယူနီဖောင်း အပြည့်အစုံကို ဝတ်ဆင်ထား သည်။ ရရှိဖူးသည့် ဘွဲ့ထူး၊ ဂုဏ်ထူးများကိုလည်း တပ်ဆင်ထားသည်။ အမေရိကန်ပြည် စတင်းဖို့ တက္ကသိုလ် ကျောင်းထွက်ဖြစ်သည့်အတိုင်း အမေရိကန် အင်္ဂလိပ်စကားကို မွှတ်နေအောင် ပြောနိုင်သည်။ ဆက်ဆံရာတွင်လည်း ယဉ်ကျေးသိမ်မွေ့သည်။ သို့သော် တကယ့် စရိုက်အမှန် ကမူ အုပ်ချုပ်ရာတွင် ရက်စက်ကြမ်းကြုတ်သည်။ အာဏာရှင်စနစ်ကို အပြည့်အဝ ကျင့်သုံးသည်။ ကြီးနိုင်ငယ်ညှင်းလုပ်စမြဲ ဖြစ်သည်။

သူတို့၏ ညှိနှိုင်းဆွေးနွေးပွဲများကို သုံးရက်တိုင် ဆက်လက်ပြုလုပ်ကြသည်။ နောက်ဆုံး တွင် နှစ်ဘက်သဘောတူညီမှုရသည်။ သဘောတူ စာချုပ်များကို ချုပ်ဆိုကြသည်။ သဘောတူ သည့် အချက်များကလည်း အလွန်တရာ ရှင်းပါသည်။

အင်ကမ်းကုမ္ပဏီက မူညောဇ်ကို တစ်နှစ်လျှင် ဒေါ်လာနှစ်သိန်းခွဲ ငွေလက်ငင်း ပေးရမည်။

အင်ကမ်းကုမ္ပဏီ စိတ်ကြိုက် ရွေးချယ်ထားသည့် မြေဧက တစ်သန်းကို ပြူအာတိုကွေဒိုနိုင်ငံက တစ်ဧကလျှင် တစ်ဒေါ်လာနှုန်းဖြင့် ရောင်းချမည်။ ထိုမြေများကို အင်ကမ်းကုမ္ပဏီ ကြိုက်နှစ်သက်သလို အသုံးပြုခွင့်ရှိသည်။

ပြူအာတိုကွေဒိုနိုင်ငံ အစိုးရသည် အင်ကမ်းကုမ္ပဏီအပေါ် အခွန်အတုပ်များ စည်းကြပ် ကောက်ခံခြင်းများ အားလုံးမှ ကင်းလွတ်ခွင့်ပြုမည်။

အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ကို တရားမဝင်ကြောင်း ဥပဒေဖြင့် တားမြစ်ပိတ်ပင် ပေးထားမည်။ အလုပ်သမား လစာများကိုလည်း အနည်းဆုံး သတ်မှတ်ပေးနိုင်ခွင့်ကို ဥပဒေဖြင့် ပြဋ္ဌာန်းပေးမည်။

အင်ကမ်းကုမ္ပဏီ အုပ်ချုပ်သူများသည် ပြူအာတိုကွေဒိုနိုင်ငံအတွင်း၌ လူသတ်မှုမှ တစ်ပါး အခြားမည်သည့် တရားဥပဒေကိုပင် ချိုးဖောက်စေကာမူ အရေးယူပိုင်ခွင့် မရှိစေရ။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုက ပြူအာတိုကွေဒိုနိုင်ငံသို့ ပေးနေသည့် ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုများ အားလုံးကို အင်ကမ်းကုမ္ပဏီမှတစ်ဆင့်သာလျှင် ပေးမည်။

အင်ကမ်း ကုမ္ပဏီ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး မည်သည့်ဥပဒေနှင့်မျှ အရေးယူ ပိတ်ပင်ခွင့် မရှိ။

ပြူအာတိုကွေဒိုနိုင်ငံ အစိုးရသည် မည်သည့်ကိစ္စကိုမဆို အင်ကမ်းကုမ္ပဏီ အကြီးအကဲများနှင့်တိုင်ပင်ပြီး အင်ကမ်းကုမ္ပဏီ အကြီးအကဲများ သဘောတူညီချက်အရသာ လုပ်ဆောင်ရမည်။

ရာမွန်မူညော့ဇ်၏ ဆွေမျိုးများအားလုံးကို အင်ကမ်းကုမ္ပဏီအတွက် အလုပ်သမားရှာဖွေစုဆောင်းရေး အေဂျင်စီများ၊ အင်ကမ်းကုမ္ပဏီအတွက် သွင်းကုန် ထုတ်ကုန်လုပ်ငန်း အေဂျင်စီများ၊ လိုအပ်သည့် ကုန်ကြမ်း ရှာဖွေပေးသွင်းရေး အေဂျင်စီများအဖြစ် ခန့်ထားပေးမည်။

သည်လိုဖြင့်ပင် အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများတွင် ပေါလ်ဗားဟတ် ခြေကုတ်စခန်း ရလေတော့သည်။ သူ၏ အောင်ပွဲများ စတင်လေတော့သည်။ သတင်းစာများကလည်း သူ၏ ခြေလှမ်းသစ်နှင့် ပတ်သက်ပြီး ဝိုင်းဝန်းချီးကျူးရေးသားကြသည်။

အင်ကမ်းကုမ္ပဏီက ပြူအာတိုကွေဒိုနိုင်ငံ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေါ်လာ တစ်သန်း ကူညီထောက်ပံ့သည်။ စိတ်ကြိုက်မြေဧက တစ်သန်းကို တစ်ဧကလျှင် တစ်ဒေါ်လာနှုန်းဖြင့် ဝယ်ယူသောကြောင့် ငွေတစ်သန်းပေး လိုက်ရသည်။ ရာသက်ပန် သမ္မတ ရာမွန်မူညော့ဇ်ကို ပထမနှစ်အတွက် ဒေါ်လာ နှစ်သိန်းခွဲကို ကြိုတင်ပေးလိုက်ရသည်။

ထို့ကြောင့် စုစုပေါင်း ကုန်ကျလိုက်ရသော ငွေမှာ ဒေါ်လာ ၁၇,၅၀,၀၀၀ ဖြစ်သည်။

ပြူအာတိုကွေဒိုနိုင်ငံ၏ လူဦးရေမှာ ၃၈,၀၀,၀၀၀ ရှိလေရာ လူတစ်ယောက်လျှင် ပြားငါးဆယ်ပင် မပြည့်သော ဈေးနှုန်းနှင့် ဝယ်ယူလိုက်နိုင်ခြင်းပင် ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

ဝါးတားဂိတ် အရေးအခင်းကြောင့် အမေရိကန် သမိုင်းတွင် မဖြစ်စဖူး ထူးကဲစွာ သမ္မတရစ်ချတ်နစ်ဆင်သည် ၁၉၇၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ပေးရသည်။ နောက်နေ့မှာပင် အိမ်ဖြူတော်မှ ထွက်ခွာသွားရသည်။ သမ္မတအဖြစ် ဂျရယ်ဖို့က ဆက်လက်တာဝန်ယူသည်။

ထိုအချိန်က ဂျက်ဖရေစပင်ဇာသည် ဥရောပနိုင်ငံသို့ ရောက်နေသည်။ ပေါလ်ဗားဟတ်က ဖုန်းလှမ်းဆက်ပြီး ဆွစ်ဇာလန်နိုင်ငံ ဘဏ်တိုက်ရှိ လျှို့ဝှက် ရန်ပုံငွေများထဲမှ ဒေါ်လာသုံးသိန်း ထုတ်ယူကာ ဝါရှင်တန်သို့ အမြန်သွားရန် အမိန့်ပေးလိုက်သည်။

"ကျွန်တော်တို့ ပေးသင့်ပေးထိုက်တာတွေ ပေးထားတာ ဒီနှစ်ကုန်လောက်အထိ လုံလောက်နေပါပြီ"

ဂျက်ဖရေက နယူးယောက်မှာရှိသော ပေါလ်ဗားဟတ်ကို ဝင်တွေ့ရင်း ပြောသည်။

"အခြေအနေတွေက နောက်နှစ်အထိ ကောင်းဦးမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ . . . ၁၉၇၆ ခုနှစ်အကြောင်း စဉ်းစားရတာလဲ စိတ်ကုန်တယ်" ဟု ပေါလ်က ပြောသည်။

"အား. . . အမေရိကန် လွတ်လပ်ရေး နှစ်, နှစ်ရာပြည့်တဲ့နှစ်ပဲ"

"မကြောင်စမ်းနဲ့ ကိုယ့်လူရာ၊ သမ္မတရွေးကောက်ပွဲနှစ်ကွ၊ သမ္မတလောင်း နှစ်ယောက်စလုံးကို ရန်ပုံငွေ ထည့်လိုက်၊ ၁၉၇၆ ခုနှစ်အတွက် ဒေါ်လာ တစ်သန်းခွဲသုံး၊ ဒီလို ငွေကုန်လိုက်ရတဲ့အတွက် ထိုက်ထိုက်တန်တန်ပြန် ရအောင်လည်းလုပ်"

"ဘယ်လိုလုပ်ရမယ်ဆိုတာ အတိအကျ စဉ်းစားထားတာများ ရှိသလား"

"အခုတော့ မရှိသေးဘူး၊ အကောင်းဆုံးလုပ်နိုင်အောင်တော့ စဉ်းစားရဦးမယ်"

\+ \+ \+

ပေါလ်သည် အင်ကမ်းအဆောက်အအုံရှိ သူ၏ ရုံးခန်းထဲမှာ တစ် ယောက်တည်း ရှိနေသည်။ ၁၉၇၅ ခုနှစ် နွေရာသီ တစ်ရက်၏ နံနက် ၁၁ နာရီခွဲအချိန်ဖြစ်သည်။ လုပ်ငန်းတွေ အားလုံး ချောချောမောမော ဖြစ်နေသည်။ ထို့ကြောင့်လည်း သူ့စိတ်ကြည်လင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကိုကျော်ပြီး မင်ဟတ်တန်ရပ်ကွက်ကို ကြည့်နေခိုက်. . . အတွင်းရေးမှူး၏ အသံ အင်တာကွမ်းမှ ပေါ်လာသည်။

"မစ္စက် အီဗလင်ဟက်ချ် ဖုန်းဆက်နေပါတယ်ရှင်"

ထိုနာမည်ကိုကြားလိုက်ရသဖြင့် ပေါလ်က အတွေးလွန်သွားသည်။

"မစ္စတာဟားဟတ်နဲ့ မိတ်ဟောင်းဆွေဟောင်းပါလို့ သူက ပြောပါတယ်ရှင်"

အလွန်တရာ ကြာညောင်းခဲ့ပြီးသော အတိတ်က အကြောင်းများ အစီအရီ အတွေးထဲမှာ ပေါ်လာသည်။

"သူနဲ့ စကားပြောချင်ပါသလားရှင် ဒါမှမဟုတ် ကျွန်မ. .'

"သူဘယ်က ဆက်နေတာလဲ၊ တက်ဆက် ပြည်နယ်ကနေ ဆက်တာလား"

"ခဏစောင့်ပါရှင် ကျွန်မ မေးကြည့်လိုက်ပါ့မယ်"

အတွင်းရေးမှူး၏ အသံတိတ်သွားသည်။ ခဏကြာတော့မှ ပြန်ပေါ်လာသည်။ "မစ္စက်ဟက်ချ်က သူ ဒီကိုရောက်နေပါတယ်တဲ့၊ ပလာဇာဟိုတယ်ကနေ ဆက်နေတာပါ"

ပလာဇာဟိုတယ်. . . အတိတ်က အကြောင်းတစ်ခု ပေါ်လာ ပြန်သည်။ သူ့ဘဝတွင် ပထမဆုံးတွေ့ဖူးသော အမျိုးသမီးသည် ဒေါ်ရော်သီကောလ်ဖီး ဖြစ်သည်။ ဒေါ်ရော်သီနှင့် တွေ့ခဲ့သည့်နေရာမှာ ပလာဇာဟိုတယ် ဖြစ်သည်။ သို့သော်လည်း သူ့အဖေ ကွယ်လွန်သည့် အချိန်မှစ၍ ပလာဇာ ဟိုတယ်ကိုလည်း သူ့စိတ်ထဲမှာ ဖျောက်ဖျက်ထားခဲ့သည်။

"ကောင်းပြီ၊ ငါပြောမယ်" ပေါလ်က အင်တာကွမ်းမှ ခလုတ်ကိုပိတ် ပြီး တယ်လီဖုန်းကို လှမ်းဆွဲသည်။ "ဟယ်လို အီဗ်. . . ကိုယ့်ဟာကိုယ်တောင် မယုံနိုင်အောင် ဖြစ်နေတယ်ကွာ"

"ဟယ်လို ဂွတ်မောနင်း ပေါလ်. ."

အသံကတော့ ယခင်တုန်းကအတိုင်း သာသာယာယာပင် ဖြစ်ပါသည်။ သူတို့ နှစ်ယောက် စတွေ့ကြတုန်းကလည်း သည်အသံပင် ဖြစ်ပါသည်။

"အီဗ်. . နေကောင်းရဲ့လား၊ အေဒမ်ရော နေကောင်းရဲ့လား"

နယူးယောက်မြို့သို့ အလုပ်ကိစ္စဖြင့် အေဒမ်ဟက်ချ်လာတိုင်း သူနှင့်တွေ့ရစမြဲ ဖြစ်သည်။ သို့သော်လည်း သူတို့နှစ်ယောက်စလုံးက အီဗလင်၏ အကြောင်းကို စကားမစပ်မိအောင် သတိထား ရှောင်ခဲ့ကြသည်။ အေဒမ်ဟက်ချ် နယူးယောက်သို့လာတိုင်း အီဗလင် လိုက်လာလေ့ ရှိသည်။ မရှိသည်ကိုလည်း သူမသိ။ ထို့ကြောင့် ယခု ‹ အဒမ်ဟက်ချ်ပါလာသလားဟု သွယ်ဝိုက် ပြီး မေးလိုက်ခြင်းဖြစ်သည်။

"အေဒမ်က ကာလီဖိုးနီးယားမှာ" အီဗလင်၏ လေသံက တစ်မျိုး တစ်ဖုံ ဖြစ်နေသည်။

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူးကွာ၊ မင်းတို့နှစ်ယောက်ကို ညစာစားဖို့ ဖိတ်ရရင်ဘယ်လောက်ကောင်းမလဲ၊ အေဒမ် အရင်လိုဝနေတုန်းပဲလား၊ နောက်ဆုံး သူ့ကို ကိုယ်တွေ့တုန်းက သူ အစားလျှော့စားနေတယ်၊ ကိုယ်တို့နှစ်ယောက် နေ့လည်စာ အတူစားကြ ရင်း. . ."

"တော်တော့ ပေါလ်. . ." အသံခဏ တိတ်သွားသည်။

"နယူးယောက်ကို ကျွန်မတစ်ယောက်တည်း ရောက်နေတယ်"

ခဏရပ်သွားပြန်သည်။ "ဘာကြောင့်လဲဆိုတော့ ရှင်နဲ့တွေ့ချင်လို့၊ ရှင်နဲ့ အရမ်း တွေ့ချင်နေတယ်"

ပေါလ်ဟားဟတ်၏ စိတ်များ လှုပ်ရှားလာသည်။

"နေ့လယ်စာ စားဖို့ ရှင် အချိန်ရမလား" အီဗလင်၏ အသံပေါ်လာ ပြန်သည်။

"စောစောကတော့ မရဘူး၊ ချိန်းထားတာတွေ ရှိနေတယ်၊ အခုတော့ အားသွားပြီ၊ အားလုံးကိုဖျက်လိုက်မယ်၊ အသစ်ဖွင့်တဲ့ ဟိုတယ်တစ်ခု. . ."

"စတင်ဟုပ်ဟိုတယ်ကို ကျွန်မတို့သွားရင် ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စတင်ဟုပ်ဟိုတယ်မှာ စတင် တွေ့ခဲ့ကြခြင်း ဖြစ်သည်ကို ပေါလ်က ပြန်လည် အမှတ်ရသွားသည်။ ထိုသို့ အမှတ်ရခါမှ သူ၏ စိတ်လှုပ်ရှားမှုများက ပိုဆိုးလာတော့သည်။

"ဖြစ်တာပေါ့ အိဗ်. . "

"ကျွန်မတို့ ဘားခန်းထဲမှာ အရက်အရင် ဝင်သောက်မယ်နော်"

"ကောင်းတယ်၊ ကိုယ်တို့နှစ်ယောက် စတွေ့ခဲ့ကြတဲ့ စားပွဲကို သီးသန့်ဖယ်ထားလိုက်ဖို့ ဖုန်းလှမ်းဆက်လိုက်မယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

အီဗလင်က ငါးမိနစ် နောက်ကျပြီး ရောက်လာသည်။ သူနှင့် ပေါလ်ဗားဟတ်တို့ မတွေ့ဖြစ်ကြသည်မှာ အချိန်ကာလ အတော်ကြီး ကြာမြင့်သွားချေပြီ။ သို့သော်လည်း အီဗလင်သည် ယခင်ကအတိုင်း လှတုန်း၊ ပတုန်း၊ ဆွဲဆောင်မှု ရှိတုန်းပင် ဖြစ်လေသည်။

နေ့လယ်စာ အတူစားကြပြီး ပေါလ်၏ မိုးပျံစံအိမ်သို့ နှစ်ယောက်အတူ ပြန်ခဲ့ကြသည်။ မိုးပျံစံအိမ်သို့ မွန်းလွဲတစ်နာရီခွဲတွင် ပြန်ရောက်ကြသော်လည်း ညရှစ်နာရီထိုးပြီး ဆယ်မိနစ်လွန်တော့မှပင် သူတို့နှစ်ယောက် အေးအေးဆေးဆေး စကားထိုင်ပြောနိုင်ကြတော့သည်။

"မင်းကို မေးဖို့ မေ့နေတယ်၊ နယူးယောက်မှာ ဘယ်လောက်ကြာကြာ နေဦးမှာလဲ" ဟု ပေါလ်က မေးသည်။

"သုံးရက်လောက် ကြာဦးမယ်"

"ဒီလိုဆိုရင် ပလာဇာဟိုတယ်မှာ ရှိနေတဲ့ မင်းပစ္စည်းတွေကို တစ်ယောက်ယောက်နဲ့ အယူခိုင်းလိုက်မယ်နော်"

"နေပါစေ ပေါလ်၊ ကျွန်မဟိုကိုပြန်ပြီး အဝတ်အစားလဲမယ်၊ ပြီးတော့ သွားလိုက်ပြန်လိုက်ပဲ လုပ်တာပေါ့"

"ဟိုတုန်းက မင်းအခန်းကို စွန့်ပြီး ကိုယ်နဲ့အတူ လာမနေနိုင်ဘူး ဆိုတာမျိုးပဲပေါ့နော်"

"အခြေအနေတွေက အရင်နဲ့ မတူတော့ဘူးလေ၊ ကျွန်မက အိမ်ထောင်နဲ့ မဟုတ်လား" အီဗလင်က အရက်ကို ဖြည်းဖြည်းချင်းသောက်ရင်း ပြန်ပြောသည်။

"ဟုတ်တာပေါ့လေ. . . ဒါထက် အေဒမ်ရော ဘာတွေလုပ်နေသလဲ"

"ရှင်က ကုမ္ပဏီတွေ လိုက်ဝယ်နေတယ်၊ သူက ဘဏ်တိုက်တွေနဲ့ နိုင်ငံရေးသမားတွေကို စုဆောင်းနေတယ်"

ပေါလ်၏ မျက်ခုံးနှစ်ဘက်မြင့်တက်သွားသည်။

"နိုင်ငံရေးနယ်ထဲ သူဝင်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com


"ကန့်လန့်ကာ နောက်ကွယ်ကပါ၊ အခုလောလောဆယ်တော့ ပြည်နယ်အဆင့်မှာပဲ ရှိသေးတယ်၊ ပြည်နယ်က ကွန်ဂရက်လွှတ်တော်နဲ့ ဆီးနိတ် လွှတ်တော်အမတ်တွေ အရွေးခံရအောင် သူလုပ်နေတယ်၊ ဒါပေမယ့် ဒီထက်မြင့်တဲ့ ရည်မှန်းချက် သူ့မှာ ရှိနေတယ်"

"မင်းပြောတော့ ကာလီဖိုးနီးယားမှာပဲ သူနေနေတယ်ဆို"

အီဗလင်က ခေါင်းညိတ်ပြလိုက်ပြီး ကုန်သွားသည့် သူ့အရက်ခွက်ထဲသို့ အရက်ထည့်ပေးရန် ကမ်းပေးလိုက်သည်။

"ဝါရှင်တန်အထိ တက်လာနိုင်လောက်အောင် သူ့မှာ အဆက်အသွယ် ကောင်းကောင်း မရှိသေးဘူး၊ ဒါကြောင့် သူတင်ပေးလိုက်တဲ့ အမတ်တွေ ရဲ့ အကူအ[illegible]နဲ့ နောက်ထပ် စီမံကိန်းတစ်ခု ချနိုင်ဖို့လုပ်နေတယ်"

"ဘဏ်တိုက်တွေနဲ့ နိုင်ငံရေးသမားတွေ စုတာအပြင် တစ်ခြားစီမံကိန်း[illegible]စ်ခုလား"

"ဟုတ်တယ်၊ သူ့အစီအစဉ်က တော်တော်ကောင်းတယ်၊ အများပြည်သူတွေ အပန်းဖြေအနားယူနိုင်အောင် ပန်းခြံတွေဆောက်ဖို့ ကုမ္ပဏီတစ်ခုကို သူထောင်လိုက်တယ်၊ အစိုးရကို အခွန်ဆောင်ပြီး မြေငှားမယ်၊ ကားရပ်ဖို့နေရာတွေ. . . ဟိုတယ်နဲ့ စားသောက်ဆိုင်တွေ. ."

"အရမ်းကောင်းတဲ့ စီမံကိန်းပဲ"

ပေါလ်ဗားဟတ်က ထိုမျှသာ ပြောနိုင်ပြီး တိတ်သွားသည်။ ပြီးတော့ ထိုင်ရာမှထကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ လက်ထဲက အရက်ခွက်က ဘောင်ဘင်ခတ်ပြီး ခင်းထားသည့် ကော်ဇောပေါ်သို့ ဖိတ်စဉ်ကျနေသည်။ ထိုအဖြစ်ကိုပင် သတိမထားမိနိုင်တော့လောက်အောင် သူ့စိတ်များက အတွေးထဲမှာ နစ်မြုပ်နေသည်။

ဂျက်ဖရေစပင်ဇာနှင့် သူ ပြောခဲ့သည့် စကားများကို ပြန်သတိရနေသည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲများအတွက် ငွေလုံးငွေရင်းဖြင့် ရန်ပုံငွေ ထည့်ခဲ့သည်။ သို့သော်လည်း ထိရောက်သည့်အကူအညီများ ပြန်လည်ရရှိရေးနှင့်ပတ်သက်၍ သူ့မှာ တိတိကျကျ စီမံကိန်း မရှိခဲ့။ အစိုးရအဖွဲ့ကို မည်သို့ ကြိုးကိုင်ထားရမည်ကို ပြတ်ပြတ်ထင်ထင် သူသဘောမပေါက်ခဲ့။

ယခုတော့ ဘာလုပ်ရတော့မည်ကို သူသိပြီ။ ထို့ကြောင့် လက်ထဲမှ အရက်ခွက်ကို နီးရာစားပွဲပေါ်သို့ တင်လိုက်ပြီး အဝတ်အစားများကို ကောက်ဝတ် သည်။

"ကိုယ်ရုံးကို ခဏသွားလိုက်ဦးမယ်၊ အရေးကြီးတာကလေးတွေ လုပ်လိုက်ဦးမယ်၊ မကြာခင်ပြန်လာခဲ့မယ်" ပြောကာ တံခါးဖွင့်သည်။

"ပေါလ် ညစာ ဘယ်လို စားမှာလဲ" ဟု အီဗလင်က လှမ်းမေးသည်။ သို့သော်လည်း အခန်းပြင်သို့ ပေါလ် ရောက်သွားနှင့်ချေပြီ။

အီဗလင်က ပေါလ်ထွက်သွားရာ အပေါက်ကို လှမ်းငေးကြည့်နေသည်။ ပေါလ်ကို သူတစ်သက်လုံးချစ်ခဲ့သည်။ ပေါလ်၏ အကျင့်စရိုက်ကလည်း တစ်မျိုး ဖြစ်သည်။ သူနှင့် အတူတူနေနေသည့်အချိန်တွင် အလုပ်အကြောင်းကို နည်းနည်းကလေးမှ မစဉ်းစား။ အလုပ်အကြောင်းကို စဉ်းစားမိ သည်နှင့် တစ်ပြိုင်တည်း ဘာကိုမှ သတိမရတော့သည့် လူစားမျိုး ဖြစ်သည်။

ယခုလည်း စောစောက အဖြစ်အပျက်များအားလုံးကို သူ မေ့သွားလေပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

ရေနံဈေးနှုန်းတွေက ခုန်တက်နေသည်။ ငွေကြေးဖောင်းပွမှုက အဆမတန် မြင့်တက်လာသည်။ အမေရိကန်ဒေါ်လာ ဈေးနှုန်းများကလည်း ထိုးကျနေသည်။

ကမ္ဘာတစ်ဝှမ်းတွင်လည်း ဒေသဆိုင်ရာ စစ်ပွဲကလေးတွေ ဖြစ်ပွားနေသည်။ ကြီးမားသည့် စစ်ပွဲကြီးများဖြစ်မည့် တကဲကဲဖြင့် ခြိမ်းခြောက်နေသည်။ တော်လှန်ရေးတွေ ဖြစ်နေသည်။ သူပုန်မှုတွေ ပေါ်နေသည်။ အုပ်ချုပ်သူအချို့ ဖြုတ်ချခံရသည်။ အချို့လုပ်ကြံခံရသည်။ အပြစ်မဲ့သော ပြည်သူများ အစုလိုက် အပြုံလိုက် အသတ်ခံနေရသည်။

အမျိုးသား စီးပွားရေးများ ကျဆင်းနေသည်။ အစိုးရအဖွဲ့ပေါင်းများစွာတို့၏ ရသုံးမှန်းခြေ ငွေစာရင်းများမှာ အရှုံးများကို ထပ်ခါတလဲလဲ ပြနေကြသည်။ အလုပ်လက်မဲ့ ပြဿနာများ ကြီးထွားလာသည်။ ကုန်ဈေးနှုန်းတွေ တက်လာသည်။ အတိုးနှုန်းများလည်း တက်လာသည်။

မဟာကုမ္ပဏီကြီးများနှင့် မဟာလုပ်ငန်းရှင်ကြီးများမှာလည်း ယခင်ကလို ထင်တိုင်းမပေါက်ကြတော့။

ထိုအကျပ်အတည်းများကို ကျော်လွှားနိုင်ရန် ပေါလ်ဟားဟတ်က နည်းမျိုးစုံဖြင့် ကြိုးစားနေသည်။ သူ့ ကုမ္ပဏီ၏ အစုရှယ်ယာပေါင်းများစွာကို ရိုက်ထုတ်ပြီး ရောင်းချနေသည်။ လိုသမျှငွေများကို ဘဏ်များမှ ချေးယူနေသည်။

"ရိုးရိုး သင်္ချာနည်းကလေးနဲ့ တွက်ရင်တောင် ရပါတယ်၊ ဘဏ်က ငွေတွေ ကျုပ်တို့က ချေးယူတဲ့အတွက် အတိုးနှုန်းက ရှစ်ရာခိုင်နှုန်းပေးရတယ် ဆိုပါတော့၊ ငွေကြေးဖောင်းပွမှုကလည်း ရှစ်ရာခိုင်နှုန်းလောက် ရှိနေတော့ ဘဲစားဘဲချေပဲ" ဟု ပေါလ်ကပြောသည်။

\+ + +

အင်ကမ်းကုမ္ပဏီ၏ ရုပ်မြင်သံကြားကုမ္ပဏီခွဲကလည်း အောင်မြင်နေသည်။ ထိုကုမ္ပဏီကို စင်တီနယ် ဗီဒီယိုကုမ္ပဏီဟု အမည်သစ်ပေးထားသည်။ ဥက္ကဋ္ဌဖြစ်သူ လီယိုဖူးချ်ဘတ်၏ ဆောင်ရွက်မှုကြောင့် အမြတ်အစွန်းများစွာ ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်ရှာဂါဗေးကလည်း အင်ကမ်းကုမ္ပဏီ၏ ဖျော်ဖြေရေး ဌာနကြီးကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သည်။ သူ့ကြောင့်လည်း အောင်မြင်မှုတွေ ပိုမိုများပြားလာခြင်း ဖြစ်သည်။ ထို့ကြောင့် ပေါလ်ဟားဟတ်၏ ယုံကြည်ကိုးစားခြင်းကို ခံရသည်။ ပေါလ်ဟားဟတ်သာမက ရုပ်ရှင်နယ်မှ လုပ်ငန်းရှင်များကလည်း သူ့ကိုလေးစားကြသည်။ သူ့အရည်အချင်းကို အထင်ကြီးကြသည်။ ယခုအခါတွင် ပက်ထရစ်ရှာဂါဗေးသည် အမေရိကန်ပြည်ထောင်စုတွင် ရှိရှိသမျှသော အမျိုးသမီးအားလုံးအနက် လစာအများဆုံးရသည့် တစ်ဦးတည်းသော အမျိုးသမီးလုပ်ငန်းရှင်တစ်ယောက်ဖြစ်လာတော့သည်။

လီယိုဖူးချ်ဘတ်၏ ဆောင်ရွက်မှုများ၊ ဖြတ်ထိုးဉာဏ်ကောင်းမှုများကြောင့် စင်တီနယ်ကုမ္ပဏီ၏ အောင်မြင်မှု အရှိန်အဟုန် ကြီးမားလာလေရာ သူ့နည်းများကို အသုံးပြုပြီး အခြားလုပ်ငန်းများတွင်ပါ အသုံးချလျှင် ရနိုင်ပေလိမ့်မည်ဟု ပေါလ်ကထင်သည်။ ထို့ကြောင့် လီယိုဖူးချ်ဘတ်ကို ခေါ်ပြီး ထိုကိစ္စကို မေးကြည့်သည်။

"မဖြစ်နိုင်ဘူး၊ ကျွန်တော့်နည်းတွေဟာ ရုပ်ရှင်လုပ်ငန်းတစ်ခုတည်းမှာပဲ သုံးလို့ရတယ်၊ တခြားစီးပွားရေးလုပ်ငန်းတွေမှာ ဒီနည်းတွေကို သုံးလို့ မရဘူး"ဟု ဖူးချ်ဘတ်က ပြန်ပြောသည်။

"ဘာကြောင့် မရရမှာလဲ" ဟု ပေါလ်ကပြန်မေးသည်။

"လုပ်ငန်းသဘောချင်း မတူဘူးလေ၊ ကျွန်တော်လုပ်နေတာက ပညာရှင်တွေနဲ့ ပူပေါင်းပြီး လုပ်ရတာ၊ ခင်ဗျားတို့ ကြိုးစားလို့ ရုပ်ရှင်တစ်ကား အောင်မြင်လာတယ်ဆိုရင်ရတဲ့ အမြတ်အစွန်းကိုလဲ ခွဲပေးမယ်ဆိုပြီး သူတို့ကို မက်လုံးပေးထားတာ၊ ဒါကြောင့် အားလုံး:က တက်ညီလက်ညီ ကြိုးစားတယ်။ အောင်မြင်လာတဲ့ အခါကျတော့လည်း သူတို့ကို ထိုက်တန်တဲ့ အမြတ်ငွေ ခွဲပေးတယ်၊ တခြားစီးပွားရေး လုပ်ငန်းတွေမှာ ဒီလိုလုပ်လို့မှ မရပဲ"

ပေါလ်က ဖူးချ်ဘတ်ကို မနှစ်မြို့သလို ကြည့်လိုက်သည်။ ဂျူးလူမျိုး ဖြစ်သည့်အတွက် မိမိကို မကြည်ဖြူကြောင်းလည်း ဖူးချ်ဘတ်က သိထားသည်။ ထို့ကြောင့်တစ်နေ့သောအခါတွင် လိုအပ်ပါက အသုံးချနိုင်ရန် အင်ကမ်းကုမ္ပဏီ ဘာတွေလုပ်ခဲ့ထားကြောင်း၊ ဥပဒေများကို ဘယ်လိုချိုးဖောက်ခဲ့ ကြောင်းများနှင့် ပေါလ်ဟားဟတ်၊ ဂေါ်ဒွန်ဆင်ကလဲယားတို့၏ အကြောင်းများကိုပါ လွန်ခဲ့သည့်နှစ်ပေါင်း အတော်ကြာကြာကတည်းက သူ တိတ်တဆိတ် စုဆောင်းထားခဲ့သည်။

သူ့ကိုပေါလ်ဟားဟတ် တစ်စုံတစ်ရာ ဒုက္ခပေးခဲ့လျှင် ထိုအကြောင်းများကို ဖွင့်ချပြီး ပေါလ်ဘဝကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။ သူစုဆောင်းထားသည်များကို ဖွင့်ချမည်ဆိုလျှင် အင်ကမ်းကုမ္ပဏီကြီးရော ပေါလ်ဟားဟတ်တို့ လူစုပါ အမှုန့်တကယ်ပင် ပျက်စီးသွားကြပေလိမ့်မည်။

"ကျွန်တော်မသွားခင်တစ်ခုတော့ ပြောခဲ့ရဦးမယ်၊ စီဘီစီကုမ္ပဏီနဲ့ ကျွန်တော်တို့ ကန်ထရိုက် စာချုပ်နိုင်ဖို့ ပက်ထရစ်ရှာနဲ့ ကျွန်တော်ကြိုးစားခဲ့ တယ်၊ အဲဒါနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်တော်တို့ သတင်းဆိုးတစ်ခု ရတယ်ဗျာ၊ စီဘီစီဟာ ပင်သီယွန် ကုမ္ပဏီနဲ့ ကန်ထရိုက်စာချုပ်ချုပ်တော့မယ်လို့ ကြားတယ်"

ပင်သီယွန် ရုပ်မြင်သံကြားကုမ္ပဏီသည်လည်း ကုမ္ပဏီကြီးတစ်ခုပင် ဖြစ်သည်။ ထို့ပြင်မကသေး ဩဂတ်စတပ်ဆမ်မြူယယ် ပိုင်ဆိုင်သည့် မေယာကိုကုမ္ပဏီကြီး၏ လက်အောက်ခံကုမ္ပဏီလည်း ဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားမိသောအခါ ပေါလ်၏ ရင်ထဲမှာ ရွံရှာစိတ်တွေ တလိပ်လိပ် တက်လာသည်။

"ဘာဖြစ်လို့ ကျုပ်တို့ မရရမှာလဲ"

"စီဘီစီ ကုမ္ပဏီက အကြောင်းပြချက်ပေးမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဆင်ကလဲယားနေရှင်နယ် ဘဏ်တိုက်က စီဘီစီ ကုမ္ပဏီရဲ့ အစုရှယ်ယာကိုး ရာခိုင်နှုန်းကို ပိုင်ထားတယ်၊ ဒါကြောင့် ဂေါ်ဒွန်ဆင်ကလဲယားကို ခင်ဗျားမေး ကြည့်ပါဦးလား၊ သူဘာလုပ်ပေးနိုင်မလဲဆိုတာ သိရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စီဘီစီနဲ့ ကန်ထရိုက်ရရင် ငွေရေးကြေးရေး အနေနဲ့ ဘယ်လိုဖြစ်လာမလဲ" ဟု ပေါလ်ကပြန်မေးသည်။

"တစ်နှစ်ကို ဒေါ်လာငါးသန်းလောက် မြတ်နိုင်တယ်၊ နောက်ပိုင်းဆိုရင် ပိုလာနိုင်တယ်"

"ကောင်းပြီ၊ ကျုပ်ဂေါ်ဒွန်နဲ့ ပြောမယ်"

\+ \+ \+

ထိုကိစ္စကို ဂေါ်ဒွန်ဆင်ကလဲယားနှင့် တိုင်ပင်ကြည့်သော်လည်း အရာသိပ်မထင်ချေ။

"ဆင်ကလဲယား နေရှင်နယ် ဘဏ်တိုက်ပိုင်တာက ကိုးရာခိုင်နှုန်းပဲ ရှိတယ်၊ အားမရှိဘူး၊ ဘာကိုမှခံတိုက်လို့ ရနိုင်တဲ့ အင်အားမျိုးမဟုတ်ဘူး၊ သူတို့ကုမ္ပဏီကို ကိုင်ထားတဲ့ အင်အားက နှစ်ဆယ့်တစ်ရာခိုင်နှုန်း ရှိတယ်၊ ဒါကြောင့် ကျုပ်တို့ ဝင်စွက်တာကိုလည်းခံမှာ မဟုတ်ဘူး" ဟု ဂေါ်ဒွန်ဆင်ကလဲယားက ပြန်ရှင်းပြသည်။

"ပင်သီယွန်ကုမ္ပဏီကိုဆော်နိုင်တဲ့ နည်းလမ်းတော့ ရှိရမှာပေါ့ဗျာ၊ ပင်သီယွန်ကို မေယာပိုင်တယ်၊ မေယာ ပျက်စီးသွားအောင်တော့ ကျွန်တော်ချရမှာပဲ"

ပေါလ်က ပြောရင်းဒေါသကြီးလာသည်။ ဆင်ကလဲယားက ပြေရာပြေကြောင်း ပြောသည်။

"ဒါကတော့ ပုဂ္ဂိုလ်ရေးတွေပဲပေါလ်၊ စီးပွားရေးကို စီးပွားရေး သက်သက်ပဲ လုပ်သင့်တယ်၊ တရားသဖြင့် နိုင်နိုင်တဲ့ နည်းကိုပဲ လုပ်သင့်တယ်"

"ကျုပ်မှာ နည်းရှိပါတယ်ဗျ" ပေါလ်က ပြောပြောဆိုဆို အင်တာကွမ်း စကားပြောခွက်ခလုတ်ကို နှိပ်လိုက်ပြီး သူ့အတွင်းရေးမှူးကို လှမ်းပြောသည်။ "ဌာနခွဲအကြီးအကဲတွေ အားလုံးနဲ့ လက်အောက်ခံကုမ္ပဏီ ဥက္ကဋ္ဌတွေ အားလုံးကို ကြေးနန်းပို့လိုက်ပါ၊ ချက်ချင်း အရေးယူဆောင်ရွက်ရမယ်လို့၊ ဒီအကြောင်းကြားစာကို ရလျှင်ရချင်း စီဘီစီနဲ့ စာချုပ်ထားတဲ့ ကြော်ငြာတွေ အားလုံးကို ဖျက်သိမ်းပါလို့၊ အောက်က ဗားဟတ်လို့ လက်မှတ်ထိုးလိုက်၊ ပေါလ်က အင်တာကွမ်း ခလုတ်ကို ပြန်ပိတ်လိုက်သည်။

"ဒီလို လုပ်ပြန်တော့လည်း ပိုဆိုးမှာပေါ့ဗျာ၊ ခင်ဗျားရဲ့ ကုမ္ပဏီ ကြော်ငြာကိစ္စတွေမှာလည်း ထိခိုက်လာနိုင်တယ်"

"ကုမ္ပဏီတစ်ခုကို သပိတ်မှောက်လိုက်တာနဲ့ ဒုက္ခရောက်စတမ်းလား၊ တခြား ရုပ်မြင်သံကြား ကုမ္ပဏီကြီးတွေ သုံးခုရှိသေးတယ်၊ အေဘီစီ ရှိတယ်၊ စီဘီအက်စ် ရှိတယ်၊ အင်န်ဘီစီ ရှိတယ်၊ မေယာကို ကုမ္ပဏီကို အခွင့်ရတိုင်း တွယ်ရမယ်၊ စီဘီစီကိုလည်း တွယ်ရမယ်၊ စီဘီစီရဲ့ အစုရှယ်ယာတစ်ချို့ကို တစ်ယောက်ယောက်နဲ့ ဝယ်ခိုင်းလိုက်ပါ၊ ပြီးတော့ အဲဒီလူအနေနဲ့ စီဘီစီကို တရားစွဲပါစေ၊ ကုမ္ပဏီ အုပ်ချုပ်နေသူတွေဟာ တရားသော စီးပွားရေးယှဉ်ပြိုင်မှု ဥပဒေကို ချိုးဖောက်တဲ့အတွက် ကြော်ငြာရှင်တွေက နောက်ဆုတ်သွားကြောင်း၊ ကုမ္ပဏီမှာ နစ်နာရကြောင်း တရားစွဲခိုင်းပါ"

"ဒီလို လုပ်တော့ရော ဘာအကြောင်းထူးမှာလဲ၊ သူတို့လက်ထဲမှာ တခြား ကြော်ငြာရှင်ကြီးတွေ အများကြီး ကျန်နေဦးမှာပဲ၊ ခင်ဗျားကုမ္ပဏီတွေ မကြော်ငြာတော့တာ တစ်ခုတည်းနဲ့ လုံလောက်တဲ့ သက်သေခံအထောက်အထားမှ မဟုတ်ပဲ"

"တရားစွဲခံရတယ်ဆိုတာနဲ့ တစ်ပြိုင်တည်း စီဘီစီရဲ့ ဂုဏ်သိက[illegible]တော့ အနည်းဆုံး ကျသွားမှာပါ"

"အမိပ္ပာယ်မရှိတာဗျာ၊ ဒီကိစ္စကြီးကို နောက်ကွယ်ကနေပြီး ခင်ဗျား ကြိုးကိုင်ပေးနေကြောင်း ခဏကလေးနဲ့ သိသွားကြမှာပါ၊ အဲဒီကျတော့မှ ရုပ်မြင်သံကြား ကုမ္ပဏီတွေအားလုံးက ပေါင်းပြီးခင်ဗျားကို ပြန်ဆော်ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လိုကောင်ကို ဘယ်သူဆော်နိုင်မှာလဲဗျ၊ မေယာဆိုတဲ့ ဂျူးစုတ်ကို ကျကျနန ဆော်ပြပါ့မယ်၊ ကြည့်သာနေ"

ပေါလ်ဗားဟတ်သည် ပြောရင်းဖြင့် ဩဂတ်စတပ်ဆမ်မြူယယ်မေယာကို မျက်စိထဲမှာ မြင်ယောင်လာသည်။ ပို၍လည်း မုန်တီးစိတ် များလာသည်။ စားပွဲပေါ်မှာ ရှိနေသော ဟစ်တလာ ဓားမြှောင်ကို ကောက်ကိုင်ကြည့် လိုက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

အင်ကမ်းကုမ္ပဏီကြီး၏ လက်အောက်တွင် ပြည်တွင်းရော ပြည်ပပါ ကုမ္ပဏီအမျိုးမျိုး ၉၁-ခုရှိလာသည်။ အားလုံး အောင်မြင်နေသည့် ကုမ္ပဏီကြီးများချည်း ဖြစ်သည်။

အင်ကမ်းကုမ္ပဏီ၏ အရပ်ရပ်ပိုင်ဆိုင်မှု စုစုပေါင်းသည်လည်း ဒေါ်လာ သန်းပေါင်း ၅၄၀၀ ရှိလာသည်။

ဘီလီဘင်းနက် သမ္မတလောင်း အရွေးခံရဖို့ ကြိုးစားတုန်းကရော၊ သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံစဉ်ကပါ ပေါလ်ဗားဟတ်က လျို့ဝှက်ရန်ပုံငွေများကို သွန်ပြီး အောထည့်လိုက်သည်။ အေဒမ်ဟက်ချ်သည် ဘီလီဘင်းနက်၏ ရွေးကောက်ပွဲ ရန်ပုံငွေ ရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သည်။

ဘင်းနက် သမ္မတဖြစ်လာလျှင် အေဒမ်ဟက်ချ်သည်လည်း အစိုးရအဖွဲ့ထဲမှာ ဝန်ကြီး တစ်နေရာတော့ သေချာပေါက်ရမည်ဖြစ်ကြောင်း ပေါလ်က ကြိုတင်တွက်ဆထားပြီး ဖြစ်လေသည်။

"အစိုးရအဖွဲ့ကို ကျုပ်တို့ ဘောင်းဘီအိတ်ထဲ ထည့်ထားနိုင်တော့မယ်ဗျ" ဟုလည်း ပေါလ်က ဂျက်ဖရေစပင်ဇာနှင့် ဂေါ်ဒွန်ဆင်ကလဲယားတို့ကို ပြောပြသည်။

ရွေးကောက်ပွဲ ရန်ပုံငွေအဖြစ် ပေါလ်က ငွေတွေပုံအောပြီး လှူစဉ်က [illegible]တို့ အစိုးရ ဖြစ်လာလျှင် မည်သို့မည်ပုံ ပြန်လည် ကူညီမည် ဖြစ်ကြောင်းလည်း အေဒမ်ဟက်ချ်က ကတိပေါင်း မြောက်များစွာကို ပေးထားခဲ့သည်။

ရွေးကောက်ပွဲမှာ ဘီလီဘင်းနက် အနိုင်ရပြီး သမ္မတဖြစ်လာသည်။ ပေါလ်ကြိုတင် တွက်ဆထားသကဲ့သို့ပင် အေဒမ်ဟက်ချ် ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာသည်။

အေဒမ်သည် သူထားခဲ့သည့် ကတိများကို အကောင်အထည်ဖော်လေတော့သည်။

ပြည်ထောင်စုအစိုးရက အင်ကမ်းကုမ္ပဏီပေါ်မှ အမြတ်တော်ကြေး ငွေဒေါ်လာ ၂၇ သန်းပိုမိုကောက်ခံထားသည်ကို စစ်ဆေးတွေ့ရှိရသည်ဆိုကာ ထိုငွေများကို ပြန်ထုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြူအာတိုကြွေဒို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟု အကြောင်းပြပြီးပင် လယ်ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဂိုဒေါင်များကို အစိုးရက ဆောက်လုပ်ပေးသည်။ ထိုလုပ်ငန်းများအားလုံးကို အင်ကမ်းကုမ္ပဏီအား ကန်ထရိုက်ပေးလိုက်သည်။ အားလုံးဆောက်လုပ်ပြီးစီးသောအခါ ထို အဆောက်အအုံအားလုံးကို အလွန်တရာ ချိုသာသည့် စျေးနှုန်းဖြင့် ပြူအာတိုကြွေဒို အစိုးရက အင်ကမ်းကုမ္ပဏီသို့ပင် ပြန်လည်အငှားချထားပေးမည်။

"အေဒမ်ဆီက ရနိုင်သမျှ အခွင့်အရေးတွေ အားလုံးကို အမြန်ဆုံးရအောင် ညှစ်ထုတ်ယူရမယ်၊ ဒီငတိ အချိန်မရွေး ပြုတ်သွားနိုင်တယ်" ဟု ပေါလ်က ဂျက်ဖရေစပင်ဇာကို ပြောသည်။

အေဒမ်ဟက်ချ်၊ ပတ်သက်သော သတင်းများကို အီဗလင်ဟက်ချ်ထံမှလည်း အမြဲတမ်း ရနေသည်။ တက်ဆပ်ပြည်နယ်မှာ ရှိနေသည့် အေဒမ်၏ ဘဏ်တိုက်များမှ လူများကို လာဘ်ထိုးခြင်းအားဖြင့်လည်း အတွင်းရေး သတင်းအစုံကို ရနေသည်။

အေဒမ်၏ ဘဏ်တိုက်များမှာ အခြေအနေ အလွန်ဆိုးနေသည်။ ဥပဒေ ချိုးဖောက်သည်ဆိုသော ကောလာဟလ သတင်းများ ထွက်လာသည်။ ထွက်လာသမျှ သတင်းအားလုံးကို အေဒမ်က ဒိုင်ခံငြင်းသည်။ သမ္မတ ဘီလီဘင်းနက်ကလည်း သူ၏ ဘဏ္ဍာရေးဝန်ကြီးအပေါ်တွင် ရာနှုန်းပြည့် ယုံကြည်စိတ်ချကြောင်း ကြေငြာချက် ထုတ်သည်။ လိုအပ်သော အကာအကွယ်များ ပေးသည်။

ထိုအချိန်မှာပင် သက်သေခံအထောက်အထားများ တိတိကျကျ ရလာသည်။ အေဒမ်ဟက်ချ် နုတ်ထွက်ပေးရန် အမေရိကန် ဘဏ်လုပ်ငန်းရှင်ကြီးများအသင်းက တောင်းဆိုလိုက်သည်။သမ္မတက သူ့လူကို အကာအကွယ်ပေးဖို့ နည်းမျိုးစုံဖြင့်ကြိုးစားသည်။ သို့သော်လည်း ဘယ်နည်းနှင့်မှ မကယ်တင် နိုင်တော့ချေ။ တစ်ဘက်က တင်ပြလာသည့် အထောက်အထားများက ခိုင်လုံတိကျနေလေသည်။

သို့ဖြင့် ဘဏ္ဍာရေး ဝန်ကြီးအဖြစ်မှ အေဒမ်ဟက်ချ် နုတ်ထွက်ပေး လိုက်ရတော့သည်။

ရာထူးမှထွက်လိုက်သော အချိန်တွင် သူ့မှာ ကြွေးပတ်လည်ဝိုင်းနေသည်။ဘဏ်တိုက်ကြီးပေါင်း များစွာသို့ ဒေါ်လာသန်းပေါင်းများစွာ ပြန်လည်ပေးဆပ်ဖို့ရှိနေသည်။ ကြွေးရှင်တိုင်းက သူ့ကို တရားစွဲပြီး ထောင်ချပစ်နိုင်သည်။ သို့သော်မည်သူကမှ ထိုသို့မလုပ်။

ကြွေးရှင်တိုင်းက ငွေပြန်လိုချင်ကြသည်။ ထိုအချိန်တွင် အေဒမ်ဟက်ချ်သည် သမ္မတဘင်းနက်အပေါ်၌ ဩဇာညောင်းနေဆဲဖြစ်သည်။ ထို့ကြောင့်တစ်စုံတစ်ရာသော အချိန်အတိုင်းအတာအထိ စောင့်ကြည့်လိုကြသည်။ မိမိတို့ လိုချင်သည့် အခွင့်အရေးကို သမ္မတဆီက တောင်းခိုင်းသည့် အလုပ်မျိုးသူ့နည်းသူ့ဟန်ဖြင့်သမ္မတအရှိန်အဝါကိုသုံးပြီး ငွေရှာနိုင်သည့် အခြေအနေမျိုးပေါ် ချင်လည်း ပေါ်လာလိမ့်မည်ဟု တွေးထင်ကြသည်။သူတို့ထင်တိုင်း အသုံးချပြီးသောအခါတွင်အေဒမ်ကိုမည်သူကမှ သက်ညှာတော့မည် မဟုတ်ချေ။

အေဒမ်ဟက်ချ်ကို ကူညီရန် ပထမဦးဆုံး စတင်ခြေလှမ်းလိုက်သူမှာ ပေါလ်ဗားဟတ်ဖြစ်သည်။ သူနှင့် ဂျက်ဖရေစပင်ဇာတို့ပိုင်သော ဘဟားမားရှိ ဘဏ်တိုက်မှ ငွေတစ်သန်းခွဲကို အတိုးမရှိ ထုတ်ချေးမည်ဟုပြောသည်။

"ပြူအာတိုကြွေဒိုနိုင်ငံမှာကျုပ်တို့ထုတ်နေတဲ့ သ[...]းကိုအမေရိကန် အစိုးရက ခါတိုင်းထက် နှစ်ဆ ပိုသွင်းအောင်လုပ်ပေးပါ"ဟု အေဒမ်ကိုပြောလိုက်သည်။

အေဒမ်သည် သမ္မတအပေါ် ဩဇာသုံး၍ ရနိုင်မရနိုင်ကို သူ့ဟာသူလည်း မသေချာသေး။သို့သော် ယခုရမည့် တစ်သန်းခွဲသည် ဘာပဲဖြစ်ဖြစ် ကြွေးပူများကို အချို့ အဝက် နှုတ်ပိတ်ထားနိုင်သည့် အနေအထားမှာရှိသည်။

"ဘီလီကိုကျွန်တော်ပြောကြည့်ပါမယ်ပေါလ်"ဟု အေဒမ်ကမရေမရာ ပြန်ဖြေသည်။

နောက်နှစ်ပတ်ကြာသောအခါ အင်ကမ်းကုမ္ပဏီ၏ပြူအာတိုကြွေဒို နိုင်ငံသကြားစက်မှ



www.burmeseclassic.com

www.burmeseclassic.com



သကြားကို အခါတိုင်းထက်နှစ်ဆပိုမို တင်သွင်းလိုက်လေသည်။

ထိုနည်းအားဖြင့် အင်ကမ်းကုမ္ပဏီ၏ လုပ်ငန်းများချောမော အောင်မြင်နေသည်။ အစုရှယ်ယာ ဈေးကွက်တွင်လည်း အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာဈေးတွေတက်နေသည်။

+ + +

သူတို့အဖို့ကောင်းကင်ကြီး တစ်ခုလုံးမိုးတိမ်ကင်းစင်နေသည်ဟုထင်မှတ်ရသည်။ သို့သော်လည်း စက်တင်ဘာလသို့ ရောက်သောအခါ ကောင်းကင်မှာ မိုးသားကလေး ထွန်းလာသည်ကို ပထမဦးဆုံး အကြိမ်အဖြစ်နှင့် မြင်တွေ့ ရလေတော့သည်။ ကြက်တစ်ဝပ်စာထက်တော့ ပိုကြီးသည်ဟု မဆိုသာသေးပါ။

နိုင်ငံခြား တိုင်းပြည် များအား အမေရိကန် အစိုးရကနည်းမျိုးစုံဖြင့် အလွန်အကျွံ ထောက်ပံ့ နေမှုများကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှာ ပြင်းပြင်းထန်ထန် ဝေဖန်မှုများပေါ် ပေါက်လာသည်။ သတင်းစာများကလည်း အပြင်းအထန် ဝိုင်းဝန်းဝေဖန် ရေးသားကြသည်။

မတတ်သာတော့သည့်အဆုံးတွင် သမ္မတဘီလီဘင်းနက်သည်နိုင်ငံ ပေါင်းများစွာသို့ စေလွှတ်ထားသော စီအိုင်အေများကို ပြန်ခေါ်လိုက်ရသည်။ ငွေကြေးထောက်ပံ့မှုများကိုလည်း အခိုက်အတန့်အားလျော့စွာ ရပ်ဆိုင်းပစ်လိုက်ရသည်။ ထိုသို့ ရပ်ဆိုင်းပစ်ခြင်းခံရသည့် နိုင်ငံများထဲတွင် ပြူအာတိုကွေဒို နိုင်ငံလည်း အပါအဝင်ဖြစ်လေသည်။

"သမ္မတ မူညော့ဇ်တော့ အရှူးမီးဝိုင်းဖြစ်နေပြီ၊ စီအိုင်အေတွေရှိနေမှ သူ့အဖို့ ဖြစ်မယ်၊သူ့စစ်တပ်ကိုလည်း စီအိုင်အေက တစ်နှစ်ကို ဒေါ်လာတစ်သန်းခွဲ ထောက်ပံ့ပေးနေတာ၊အဲဒီအထောက်အပံ့တွေလည်း၊ သူပြန်ရမှဖြစ်မယ်"ဟု ပြူအာတိုနိုင်ငံရှိ အင်ကမ်းကုမ္ပဏီခွဲကို အုပ်ချုပ်နေသူက ဂျက်ဖရေစပင်ဇာကို အစီရင်ခံသည်။

ဂျက်ဖရေစပင်ဇာသည်အင်ကမ်းကုမ္ပဏီ၏ ပင်လယ်ရပ်ခြားလုပ်ငန်းများဆိုင်ရာ ဥက္ကဋ္ဌဖြစ်သည်။ သည်ကိစ္စကို ပေါလ်ဗားဟတ်အားအသိပေးမှဖြစ်တော့မည်ဟု သူသဘောရသည်။ ထို့ကြောင့် ပေါလ်နှင့် သွားတွေ့သည်။"မူညော့ဇ်အဓိကစိတ်ပူနေတာကတော့ စစ်တပ်ပဲ၊ စစ်တပ်က ငွေအရနည်းရင်မကျေမနပ်ဖြစ်လာမယ်၊သူ့ကို ဆန့်ကျင်တဲ့သူတွေကို အရေးမယူပဲ လက်ပိုက် ထိုင်ကြည့်နေလိမ့်မယ်၊တိုင်းပြည်လဲ မငြိမ်မသက်ဖြစ်လာမယ်၊ ကျွန်တော်တို့အနေနဲ့ ဒါတွေအဖြစ်မခံနိုင်ဘူး"

စပင်ဇာ၏စကားကို ပေါလ်ကလည်း သဘောတူသည်။

"မူညော့ဇ် အကျပ်အတည်း တွေ့နေပြီဆိုရင် အဲဒါကို ကိုယ်တို့ အခွင့်ကောင်းတစ်ရပ် အနေနဲ့ အသုံးချရမယ်၊သူ့စစ်တပ်အတွက်လိုတဲ့ ဒေါ်လာ တစ်သန်းခွဲကို ကိုယ်တို့ပေးမယ်၊မြေဇကနောက်ထပ်တစ်သိန်းကိုယ်တို့ကို ဝယ်ခွင့်ပေး၊ တစ်ဇကကို အရင်ဈေးအတိုင်း တစ်ဒေါ်လာပဲ ပေးနိုင်မယ်၊ ဒါပေမယ့် ကိုယ်တို့ ကုမ္ပဏီမှာ စာရင်းပြတဲ့အခါ တစ်ဇကကို ဒေါ်လာ ၃၀၀လို့ ပြလိုက်၊ ဒါဆိုရင် အင်ကမ်းကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုမှာ နောက်ထပ် သန်း ၃၀-တိုးသွားမယ်"

"မူညော့ဇ်က ကဖျက်ယဖျက်များ လုပ်နေဦးမလား"

"မောင်ရင် ကိုင်တွယ်ပုံကိုင်တွယ်နည်းပေါ်မှာ မူတည်တယ်၊ သူရဲကောင်းကြီးအဖြစ် သူ့ကိုမြင်လာအောင်လုပ်ပါလို့ပြော၊ စီအိုင်အေနဲ့ အမေရိကန်အကူအညီတွေ အခုလို ပြန်ရုပ်သိမ်းသွားတာ ဝမ်းသာကြောင်း၊ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ အခွင့်အရေးတွေပေးမယ့်အကြောင်း၊ သူတို့လို နိုင်ငံငယ်ကလေးတွေဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိကြောင်း မိန့်ခွန်းပြောပါစေ၊သူ့မိန့်ခွန်းကမ္ဘာကိုပြန့်သွားအောင် အင်ကမ်းကလုပ်ပေးမယ်"

သို့သော်လည်းပေါလ်သည် မူညော့ဇ်နှင့် ပတ်သက်ပြီးအတွက် မှားသွားလေတော့သည်။မူညော့ဇ်သည် သူ့ကိုယ်သူ အလွန်တရာ အထင်ကြီးနေသည်။တိုင်းပြည်တွင် သူရရှိထား



www.burmeseclassic.com

www.burmeseclassic.com



သောအာဏာသည် ဘယ်တော့မှ ပြုတ်မကျနိုင်တော့သော အာဏာဟုအထင်ရောက်နေသည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်တုန်းက ပြူအာတိုကွေဒိုနိုင်ငံတွင် သူ့ကို သမ္မတအဖြစ်ရွေးကောက်တင်မြှောက်လိုက်ကြသည်။ ထို့နောက် သူ့ကိုယ်သူ ရာသက်ပန်သမ္မတကြီးအဖြစ်ကြေငြာသည်။ တိုင်းပြည်ကိုလည်း "ပြူအာတိုကွေဒိုပြည်သူ့သမ္မတနိုင်ငံ "ဟုကြေငြာခဲ့သည်။ သို့သော်လည်း အာဏာရှင်စနစ်ဖြင့် အကြမ်းဖက်အုပ်ချုပ်နေခဲ့သည်သာ ဖြစ်လေသည်။စစ်တပ်က သူ့ကိုအကာအကွယ်ပေးကာ ကျားကန်ပေးထားသည်။ အင်ကမ်း ကုမ္ပဏီ၏ လာဘ်ထိုးမှုများဖြင့် သူချမ်းသာကြွယ်ဝနေသည်။

ဂျက်ဖရေကသူနှင့် သွားရောက်တွေ့ဆုံသောအခါ အကြံ[illegible] အားလုံးကိုမူ လက်ခံသည်။သို့သော်လည်း လုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်၍ သူနည်းသူ့ဟန်ဖြစ်သာ လုပ်ကိုင်မည်ဖြစ်ကြောင်းခေါင်းမာနေသည်။

"စီအိုင်အေကို ဒီတိုင်းပြည်ထဲက ကျုပ်ကိုယ်တိုင် မောင်းထုတ်လိုက်တာ ဖြစ်ကြောင်း ကြေငြာမယ် ကျုပ်တို့တိုင်းပြည်ရဲ့ ပြည်တွင်းရေးတွေမှာ အမေရိကန်အစိုးရက ဝင်ရောက်စွက်ဖက်ခဲ့တာနဲ့ ပတ်သက်ပြီး ကျုပ် ရှုတ်ချမယ်"ဟု မူညော့ဇ်ကပြန်ပြောသည်။

ထိုသို့ပြုလုပ်လျှင် အနည်းငယ် လွန်ကျူးရာကျသွားမည်ဖြစ်ကြောင်း ဂျက်ဖရေကထင်မြင်ချက်ပေးသည်။ သို့သော်လည်း မူညော့ဇ်က ခေါင်းမာမြဲ ခေါင်းမာနေသည်။ ထို့ကြောင့်ဂျက်ဖရေက အတင်းအဓမ္မတိုက်တွန်းတော့။

အလွန်အကျွံဖော်ပြထားသော ကြေငြာချက်ကို မူညော့ဇ်က ထုတ်ပြန်ကြေငြာလိုက်သည်။

ပြူအာတိုကွေဒို နိုင်ငံသားအများစုတို့က သမ္မတ၏ သတ္တိပြောင်မြောက်သော ကြေငြာချက်ကို ချီးကျူးကြိုဆိုကြသည်။ ထောက်ခံဆန္ဒပြပွဲများလည်း ဆက်တိုက်ပေါ်ပေါက်လာသည်။အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများနှင့် တောင်အမေရိကနိုင်ငံများက ဂုဏ်ပြုချီးကျူးကြောင်းနှင့် စည်းလုံးညီညွတ်စွာ အတူရပ်တည်ကြမည်ဖြစ်ကြောင်း ကြေနန်းများဝင်လာမစဲတသဲသဲ ဖြစ်လာသည်။

ထိုအဖြစ်အပျက်များကိုကြုံရသောအခါ သမ္မတမူညော့ဇ်သည် သူ့ကိုယ်သူပိုပြီးအထင်ကြီးလာသည်။

ထို့ကြောင့်ဖေဖော်ဝါရီလသို့ ရောက်သောအခါသူသည် ဒီမိုကရေစီ အခွင့်အရေးများကိုအပြည့်အဝပေးကြောင်း ပြည်သူများ၏ စစ်မှန်သောဆန္ဒအဖြစ် တိုင်းပြည်ကို သူအုပ်ချုပ်နေကြောင်း တစ်ကမ္ဘာလုံးသို့ သက်သေထူပြမည်ဆိုကာ လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကိုလာမည့် ဇွန်လအတွင်း၌ ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်လေတော့သည်။

ထိုသမ္မတရွေးကောက်ပွဲတွင် သူ့ကိုယ်တိုင်ပြန်လည်အရွေးခံမည် မည်သူမဆိုလည်း သူနှင့်ယှဉ်ပြိုင်အရွေးခံနိုင်သည်ဟုဆိုသည်။ စစ်တပ်ရှိနေသမျှ ကာလပတ်လုံး ပြည်သူများက သူ့ကိုဆန့်ကျင်ပြီး မဲပေးဝံ့မည်မဟုတ်ဟု သူယုံကြည်ထားသည်။

ထိုသို့ ကြေငြာချက်ထုတ်ပြန်ပြီး ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် စနစ်တကျဖွဲ့စည်းထားသော ပေါ်ပြူလာပါတီ ဘွားကနဲပေါ်ပေါက်လာသည်။ ပြီးတော့ ချက်ချင်းအင်အားတောင့်တင်းလာသည်။

မူညော့ဇ်အံ့အားသင့်သွားသည်။ ပြီးတော့ဒေါသဖြစ်လာသည်။ ထို့ကြောင့် ပထမဦးဆုံးသူ၏ တုန့်ပြန်ချက်သည် ပေါ်ပြူလာပါတီခေါင်းဆောင်များကို ဖမ်းဆီးသုတ်သင်ဖြစ်ဖို့ အမိန့်ဖြစ်လေသည်။

ခေါင်းအေးအေးထားပြီး စဉ်းစားတတ်သူများကသူ့ကိုဝိုင်းဝန်း ဖျောင်းဖျကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင်တစ်ကမ္ဘာလုံးက ပြူအာတိုကွေဒိုနိုင်ငံကို ဝိုင်းဝန်းအာရုံစိုက်နေကြချိန်ဖြစ်လေရာ ထိုသို့ ပြုလုပ်လိုက်ခြင်းအားဖြင့် မူညော့ဇ်၏ သမိုင်းတစ်လျှောက်လုံး ချွတ်မရတော့သော အမည်းစက်ကြီး ထင်သွားတော့မည်ဖြစ်ကြောင်းနှင့် ယခုလို အစွန်းရောက်သောအရေးယူ ဆောင်ရွက်မှုမျိုးလုပ်ရန် မလိုကြောင်းတင်ပြကြသည်။

ပေါ်ပြူလာပါတီသည် အရှိန်မှန်မှန်ဖြင့် အင်အားကောင်းလာသည်။ ပြည်သူတို့၏ ထောက်ခံအားပေးမှုကို တစ်နေ့တစ်ခြား ပိုမိုရရှိလာသည်။ ပြည်သူကိုစည်းရုံးရာတွင်လည်း သူတို့ အာဏာရလာလျှင် အင်ကမ်းကုမ္ပဏီကို ပြည်သူပိုင်သိမ်းပြီး အမေရိကန် ခေါင်းပုံဖြတ်အမြတ် ကြီးစား စီးပွားရေးသမားများကို တိုင်းပြည်အတွင်းမှ မောင်းထုတ်မည်ဖြစ်ကြောင်းများကို အတိအလင်း ထုတ်ပြန်ကြေငြာလာသည်။

အာဏာရှင် မူညော့ဇ်က ရောင်းစားထားသော ငါတို့တိုင်းပြည်ကို ရအောင်ပြန်ယူမယ်။ အင်ကမ်းကုမ္ပဏီကို ပေါ်ပြူလာပါတီကပင်လယ်ထဲ ကန်ချပစ်လိုက်မယ်။ပေါ်ပြူလာပါတီကို မဲပေးခြင်းဖြင့် အမေရိကန် ခေါင်းပုံဖြတ် အမြတ်ကြီးစားစီးပွားရေး စနစ်ဆိုးကို အဆုံးသတ်ကြလော့ . . . . . . ဟူသောကြွေးကြော်သံများမှာ တစ်ပြည်လုံးတွင်ညံလာလေသည်။

\+ + +

ပေါလ်ဗားဟတ်က တစ်နေ့တစ်ခြားပိုမိုစိတ်ပူလာပြီ။သူ့ကို ဂျက်ဖရေစပင်ဇာက ဖျောင်းဖျပေးနေရသည်။

"မူညော့ဇ်မရှုံးနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ်ရွေးကောက်ပွဲကလည်း လပေါင်း အတော်လိုသေးတာပဲ၊ကျွန်တော်တို့ ဘာမှဝင်မစွက်ပဲ ဒီအတိုင်းကြည့်နေ ဖို့အကြံပေးပါရစေ. . . ပေါလ်၊ ဘယ်လိုမှ မလွဲသာမရှောင်သာတော့တဲ့ အခြေအနေမျိုးကြုံမှဝင်ကြတာပေါ့"

မထင်မှတ်သည့်အရာပေါင်း ဘယ်လောက်များများပေါ်ပေါက်လာမည်ကိုစပင်ဇာ တွေးမိပုံမပေါ်ချေ။

ဧပြီလဆန်းပိုင်းသို့ ရောက်လာသောအခါ ပေါ်ပြူလာပါတီ၏ အင်အားသည် အလွန်ကောင်းနေချေပြီ။ ရွေးကောက်ပွဲတွင် မူညော့ဇ် နိုင်ချေမရှိတော့ပြီ ဖြစ်ကြောင်းကိုလည်း အများက သဘောပေါက်လာကြသည်။ ယခုအချိန်တွင် ပေါ်ပြူလာပါတီကို လုံးဝချေမှုန်းပစ်နိုင်မှ ဖြစ်တော့မည်။ထိုလုပ်ငန်းအတွက် သူ့အားကိုးရာမှာလည်း စစ်တပ်သာရှိသည်။

စစ်တပ်ကလည်း ကြားဝင်မစွက်ပဲထိုင်ကြည့်နေသည်။

"ရွေးကောက်ပွဲကျင်းပပြီးတဲ့ အချိန်အထိတော့ စောင့်ကြည့်ရမှာပဲ၊ ဘယ်လိုမှ မလွဲသာတော့တဲ့အချိန်ကျမှ ကျွန်တော်တို့တစ်ခုခုလုပ်ရမယ်"ဟု စစ်ဦးစီးချုပ် ကာနယ်လီနာရီက မူညော့ဇ် ကိုပြောသည်။

မူညော့ဇ်အဖို့ ကိုးကွယ်ရာမရှိတော့ပြီဆိုသော အသိသည် ပိုမိုနက်ရှိုင်းလာသည်။ စစ်တပ်ကလည်း သူ့အမိန့်ကိုမနာခံ။ သူတို့၏ စစ်ဦးစီးချုပ်တစ်ဦးတည်း၏ အမိန့်ကိုသာ နာခံနေသည်။

ပေါလ်ဗားဟတ်နှင့် ဂျက်ဖရေစပင်ဇာတို့နှစ်ယောက်သည် ပြူအာတိုကွေဒိုနိုင်ငံ၏ နောက်ဆုံးအခြေအနေများကို လေ့လာသုံးသပ်ကြသည်။

"ဒီကအလုပ်တွေအားလုံးကိုထားခဲ့ပြီး ပြူအာတိုကွေဒိုနိုင်ငံကို မင်းသွားပါ. . . . . ဂျက်ဖ်၊ ကိုယ်တို့လုပ်ငန်းတွေအားလုံးကို မောင်ရင်ကိုယ်တိုင်ကိုင်ပါ၊ တိုင်းပြည်အခြေအနေကိုလည်း အနီးကပ်ကြည့်ပါ၊ ဒီကိစ္စကို တို့ချည်းတော့ ဖြေရှင်းလို့မရနိုင်တော့ဘူးလို့ ကိုယ့်စိတ်ထဲမှာ ထင်နေတယ်"ဟု ပေါလ်က ပြောသည်။

"ကျွန်တော်လည်း ဒီအတိုင်းထင်တယ်၊ ပေါ်ပြူလာပါတီ ခေါင်းဆောင်တွေကို ကျွန်တော်တို့ ငွေပေးဝယ်လို့များရမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငွေပေးဝယ်လို့ မရနိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်များ ရှိဖူးလို့လားကွာ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ နောက်တစ်ခု ကျွန်တော် စဉ်းစားနေတာက ကာနယ်လီနာရီ ကိုယ်တိုင် သမ္မတဖြစ်ချင်တဲ့ စိတ်ရှိမရှိ ဆိုတာပဲ"

"ချဉ်းကပ်ကြည့်ပေါ့ကွာ၊ တကယ်လို့ သူ သမ္မတ လုပ်ချင်တယ်ဆိုရင်သူ့ကို . . . သမ္မတလောင်းဖြစ်ဖို့ ကိုယ်တို့ ကူညီမယ်"

"ဘယ်လို သမ္မတလောင်းလဲ" ဟု ဂျက်ဖရေက နားမလည်သလို ပြန်မေးသည်။

"မင်းကြိုက်သလို နာမည်ပေးပေါ့ကွာ၊ အရေးကြီးတာက ဘယ်နည်းနဲ့မဆို တို့ကို အကျိုးပြုဖို့ပဲ"

+ + +

ပြူအာတိုကွေဒိုနိုင်ငံတွင် အင်ကမ်းကုမ္ပဏီ၏ အခြေအနေများ မကောင်းကြောင်း သတင်းမှာ တောမီးလို ပြန့်သွားသည်။ ပေါ်ပြူလာပါတီ အနိုင်ရဖို့ သေချာသလောက် ဖြစ်နေသည်။ ပေါ်ပြူလာပါတီနိုင်လျှင် အင်ကမ်းကုမ္ပဏီကို ပြည်သူပိုင်သိမ်းမည်။ ထို့ကြောင့် အစုရှယ်ယာ ဈေးကွက်တွင် အင်ကမ်းကုမ္ပဏီ အစုရှယ်ယာများ တစ်ရှိန်ထိုး ဈေးကျလာသည်။

ပြူအာတိုကွေဒိုနိုင်ငံရှိ အင်ကမ်းကုမ္ပဏီ၏ ကိစ္စအဝဝကို ဂျက်ဖရေ စပင်ဇာကိုယ်တိုင် ကြီးကြပ်ပြီး အပြင်းအထန် ဖြေရှင်းနေသည်။ စန်တာကလာရာမြို့မှာ သူသွားနေလိုက်သည်။ နေ့စဉ် အခြေအနေများကိုလည်း အသံလှိုင်းဖျက်ထားသည့် တယ်လီဖုန်းဖြင့် ပေါလ်ဗားဟတ်ထံသို့ အပြည့်အစုံ အစီရင်ခံနေသည်။

ပေါ်ပြူလာပါတီ ခေါင်းဆောင်များကို သူချဉ်းကပ်သည်။ ငွေပေးဝယ်ဖို့ ကြိုးစားသည်။ ထိုကိစ္စသည်လည်း မအောင်မြင်။ အားလုံးက သူ့ကမ်းလှမ်းချက်ကို ပယ်ချနေကြသည်။ ထိုအကြောင်းများကိုလည်း ပေါလ်အား ပြောပြလိုက်သည်။

"ရာမွန်မူညော့ဇ်ရဲ့ အခြေအနေ ပြောစမ်းပါဦး" ဟု ပေါလ်က မေးသည်။

"ကျွန်တော့် အမြင်ပြောရရင်တော့ မျှော်လင့်ချက် မရှိတော့ပါဘူး၊ အိမ်တော်ထဲကနေ အပြင်ကို လုံးဝမထွက်တော့ဘူး၊ တစ်ပတ်ကျော်သွားပြီ၊ ဘယ်သူ့ကိုမှလည်း လက်ခံမတွေ့ဘူး၊ ဘယ်တယ်လီဖုန်းကိုမှလည်း မကိုင်ဘူး၊ သတိလစ်တဲ့ အထိ အရက်ကိုချည်း ဖိသောက်နေတယ်လို့ ကြားရတယ်"

"ဒီလိုဆိုရင် သူ့ကို လုံးလုံးထည့်မစဉ်းစားနဲ့တော့"

"ကျွန်တော်လည်း ဒီလိုပဲ သဘောရတယ်၊ သူ့ကို စာရင်းက ဖျက်လိုက်ရင် ကာနယ်လီနာရီကိုပဲ ကျွန်တော်တို့ ချဉ်းကပ်ရမယ်၊ သူ့ကို မျိုးချစ်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်အောင်လုပ်ပေးပြီး အာဏာသိမ်းခိုင်းရမယ်၊ ဒါဆိုရင် မူညော့ဇ်ကို ဖယ်ပြီးသား ဖြစ်သွားမယ်၊ ပေါ်ပြူလာပါတီကိုလည်း လမ်းရှင်းပြီးသား ဖြစ်သွားမယ်"

"လီနာရီက သဘောတူမယ်ထင်သလား"

"အင်မတန်ဖြစ်နိုင်ပါတယ်။ သူ့ကို ကျွန်တော်တို့ ကိုင်လိုက်မယ်ဆိုရင် သူကတော့ သူ့နည်းကိုပဲ သူ သုံးမှာပဲ၊ ဒါကို ခင်ဗျားဘက်က မကန့်ကွက်မှုဖြစ်မှာ"

"ကိုယ်တို့လိုချင်တာ ဖြစ်အောင်လုပ်ပေးမယ်ဆိုရင် ဘာများကန့်ကွက်စရာ ရှိလို့လဲကွာ"

"ကောင်းတယ်၊ ကာနယ်ကို သူတို့ သွားစိုက်သမား နည်းဟောင်းကြီးကိုပဲ သုံးဖို့နဲ့ ကျွန်တော်တို့အားလုံး အကုန်အကျခံမယ့်အကြောင်း ကျွန်တော် ပြောလိုက်တော့မယ်"

"ကိုယ့်လူ ဘာစကားတွေ ပြောနေတာလဲ"ဟု ပေါလ်က ပြန်မေးသည်။

"သူတို့ သွားစိုက်သမားရဲ့ နည်းဟောင်းက နာနေတဲ့ သွားကို ထုံဆေးမသုံးဘဲ ပလာယာနဲ့ ဆွဲနုတ်ပစ်လိုက်တဲ့နည်းလေ။ နာတယ်ဗျာ၊ သွေးအများ ကြီးထွက်တယ်ဗျာ"

+ + +



www.burmeseclassic.com

www.burmeseclassic.com



အင်ကမ်းကုမ္ပဏီပေါ်မှာ ထိုးကျလာသည့် တိမ်ရိပ်သည် ပိုကြီးလာသည်။ ထိုမှမက ဧပြီလ နောက်ဆုံးပတ်ထဲတွင် နောက်ထပ် တိမ်တိုက်တစ်ခု ပေါ်လာပြန်သည်။

ပက်ထရစ်ရှာဂါပေးက ဖုန်းလှမ်းဆက်သည်။

"ပေါလ် စိတ်တော့ တင်းထားနော်။ စင်တီနယ် ကုမ္ပဏီကို လူတွေ ယုံကြည်မှုပိုရှိလာအောင်အပြင် စာရင်းစစ်တွေနဲ့ ဟန်ပြစာရင်းစစ်ခိုင်းတာ ရှင် မှတ်မိတယ်မဟုတ်လား"

"ကိုယ် ခိုင်းတဲ့အတိုင်း မင်းတို့ စစ်နေပြီလို့တောင် ထင်နေတာ"

"စစ်နေပါပြီ။ အခု အကြမ်းဖျင်း စစ်ကြည့်တော့ လီယိုဖူးချ်ဘတ်ငွေတွေ အလွဲသုံးစားလုပ်ထားတာတွေ ပေါ်လာတယ်"

"ဟော့ . . . ခွေးသား၊ ဂျူးစုတ်၊ ဘယ်လောက်များသလဲ"

"အခုအချိန်အထိ ရှာလို့ရသမျှတော့ သိန်းပေါင်းတော်တော်များမယ်"

"ခွေးသားကို ချက်ချင်း အလုပ်ထုတ်ပစ်။ ပြီးတော့ ခရိုင်ရာဇဝတ် တရားရုံးမှာ တရားစွဲ"

"ရှင်ဘာမှ မစဉ်းစားဘဲ ထင်ရာတွေ စွတ်ပြောမနေနဲ့ပေါလ်။ ရုံးတင် တရားစွဲရင် စင်တီနယ်ရဲ့ ငွေစာရင်း စာအုပ်တွေ အားလုံး ရုံးကို တင်ပြရ မယ်"၊ ဥပဒေဆန့်ကျင်ပြီး ကျွန်မတို့ မဟုတ်တာ လုပ်ထားတာတွေ အားလုံး ပေါ်ကုန်မှာပေါ့"

"ဒီလိုဆို ဟိုခွေးသားကို အလုပ်ထုတ်ပစ်ပြီး အားလုံးဖုံးထားလိုက်"

"အဲဒါကိုလည်း ကျွန်မတို့ မလုပ်နိုင်ဘူး"

"နင့်အမေလင်မို့လို့ မလုပ်နိုင်ရမှာလားဟ"

"ရှင်ငှားခိုင်းတဲ့ စာရင်းစစ်တွေက ကုမ္ပဏီတကာကို ရောက်နေကြတာပဲ၊ သူတို့ဘက်က ပေါက်ကြားမှာပဲ၊ ပေါက်ကြားရင် သတင်းစာတွေက အနံ့ခံပြီး လိုက်လာကြလိမ့်မယ်၊ ဒါကြောင့် ရှင့်စိတ်ကို တင်းထားလို့ ကျွန်မစောစောက ပြောခဲ့တာပေါ့၊ နောက်ပြီးတော့ ဒီလိုအဖြစ်မျိုး တစ်ခြားကုမ္ပဏီမှာ ဖြစ်သွားတာလည်း သိပ်ကြာသေးတာ မဟုတ်ဘူး"

"နင့်အမေကလွှားပဲ၊ ဒီလိုဆိုရင် ဘာလုပ်ကြမလဲ"

"ကိုယ်က လက်ဦးအောင် ရိုးရိုးကလေးပဲ ကြေငြာချက် ထုတ်လိုက်ပါ။ နောက်ပိုင်းကျမှ မီးစင်ကြည့်ပြီး ကသွားမယ်"

တယ်လီဖုန်းပြန်ချပြီး မကြာမီမှာပင် ဝေါလမ်းဂျာနယ်တိုက်မှ သတင်းထောက်တစ်ယောက်ရောက်နေကြောင်း အတွင်းရေးမှူးက လှမ်းအကြောင်းကြားသည်။

သည်လိုဖြင့် မေလ ၂ရက်နေ့ရောက်သောအခါ လီယိုဖူးချ်ဘတ်၏ အလွဲသုံးစားပြုမှုကြီးကို သတင်းစာများက ဝိုင်းဝန်းရေးသား တိုက်ခိုက်ကြလေတော့သည်။ ခေါင်းကြီးပိုင်းများကလည်း အပြင်းအထန် ဝေဖန်သည်။

အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာ ဈေးနှုန်းများ ထိန်းမနိုင် သိမ်းမရ ကျဆင်းကုန်တော့သည်။

ထိုအဖြစ်အပျက်များ အားလုံးကြောင့် ပေါလ်၏ စိတ်ဓာတ်များ မူမမှန်အောင် ဖြစ်လာပြန်သည်။ မည်သူနှင့်မျှ မတွေ့တော့ပဲ အခန်းအောင်း နေလိုက်သည်။ ဂျက်ဖရေစပင်ဇာနှင့် ပက်ထရစ်ရှာဂါပေးတို့ နှစ်ယောက်ကိုသာ မလွဲသာ မရှောင်သာ ဆက်ဆံစကားပြောသည်။

မေလ ၃-၄-၅ ရက်များ ကုန်ဆုံးသွားသည်။ ကုမ္ပဏီ အခြေအနေများ ဆိုးရွားလာသည်မှာ ပေါလ်ဖားဟတ်၏ အုပ်ချုပ်မှု ညံ့ဖျင်းသောကြောင့်ဟု ဆင်ကလဲယား၊ ကလီးမင့်အင်ဂျီနှင့် အာသာမိုရယ်တို့က စွပ်စွဲသည်။ ထို့ကြောင့် ကုမ္ပဏီကြီး တစ်ခုလုံး၏ ဥက္ကဋ္ဌအဖြစ်မှ ပေါလ်နုတ်ထွက်ပေးပြီး ဥက္ကဋ္ဌသစ်တစ်ယောက်တင်ရန် အရေးဆိုဖို့ အစည်းအဝေးခေါ်သည်။

မေလ ၇ ရက်နေ့ရောက်သည်တွင် ပေါလ်၏ စိတ်ဓာတ်ကျရောဂါသည် အထွတ်အထိပ်သို့ ရောက်လာသည်။ ပြူအာတိုကွေဗိုနိုင်ငံတွင် ရှိနေသော ဂျက်ဖရေကို ဖုန်းဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်လီနာရီကို မရရသည့်နည်းဖြင့် ဝယ်ယူရန်ညွှန်ကြားလိုက်သည်။ အေဒမ်ဟက်ချ်ကို ငွေတစ်သန်းခွဲ ပေးခိုင်းလိုက်သည်။

လီယိုဖူးချ်ဘတ်ကို အာဝင်စပီဂယ်ဟူသော နာမည်လိမ်နိုင်ငံကူးလက်မှတ်လိမ်ဖြင့် ပြူအာတိုကွေဒိုသို့ သွားခိုင်းလိုက်ရန် ပတ်ထရစ်ရှာဂါဗေးကို ဖုန်းဆက်ပြီး ညွှန်ကြားသည်။

ထိုသို့ သူ့စိတ်ဓာတ်များ ပြန်လည် ကြံ့ခိုင်လာခြင်းမှာ မေလ-၆ ရက်နေ့ညက ခဏတွေ့လိုက်ရသည့် အမျိုးသမီး တစ်ယောက်ကြောင့် ဖြစ်ကြောင်းကိုမူ ပေါလ်ဗားဟတ်မှတစ်ပါး အခြားမည်သူမှ သိနိုင်ကြမည် မဟုတ်ပေ။ ထိုကလေးမ ပြန်သွားသည်နှင့် တစ်ပြိုင်တည်း သူ၏ စိတ်ဓာတ်အင်အားများ ပြန်လည် ပြည့်ဖြိုးလာကာ အမိန့်များကို ဆက်တိုက်ထုတ်ခြင်း ဖြစ်လေသည်။

မွန်းလွဲတစ်နာရီခွဲတော့ ဂေါ်ဒွန်ဆင်ကလဲယားတို့ ခေါ်ထားသည့် အစည်းအဝေးသို့ သွားတက်သည်။ သူ့အကွက်ထဲသို့ အားလုံးဝင်သွားကြပြီး ဉက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပေးဖို့ တောင်းဆိုမိသည်ကိုပင် သူတို့အားလုံးက ပြန်တောင်းပန်သွားကြလေသည်။

သောကြာနေ့ ညနေခင်းပိုင်းသို့ ရောက်သောအခါ လူရမ်းကားကြီး ပေါလ်ဗားဟတ်သည် စိတ်ဓာတ်အမြင့်ဆုံး အခြေအနေသို့ ပြန်လည် ရောက်ရှိနေလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ကြောင်း – ၄

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

### နယူးယောက်၊ ကြာသပတေး၊ မေ ၁၉၊ နံနက် ၉း၁၅ နာရီ။

မေယာကို အဆောက်အအုံ မာတ်လှေကားအတွင်းသို့ ဝင်လာသောအခါ ရပ်ဆယ်သော့ပ်သည် တစ်ကိုယ်လုံးနုံးချည့်ကာ ပင်ပန်းနွမ်းနယ်နေသည်။ လွန်ခဲ့သည့် ၄၈ နာရီအတွင်း မရပ်မနား ခရီးသွားခဲ့သည်။ နယူးယောက် လော့စ်အိန်ဂျလိစ်၊ အင်ဒီးယန်းဝဲလ်စ် လော့စ်အိန်ဂျလိစ်၊ အိုချီပီးနှင့် မီယာမီများသို့ ခေါက်တုံ့ခေါက်ပြန်သွားပြီး ယခု နယူးယောက်သို့ ပြန်ရောက်လာရပြန်သည်။

မာတ်လှေကားထဲမှာ လူတွေ ကျပ်နေသည်။ ထို့ကြောင့် သူကိုင်လာသည့် လက်ကိုင်အိတ်ကလေးအတွက် နေရာရဖို့ကိုပင် မနည်းကြိုးစားယူရသည်။ အင်္ဂါနေ့ မနက်တုန်းကသည် အိတ်ထဲမှာ ဒေါ်လာနှစ်သန်း ရှိခဲ့သည်။ ယခုတော့ အခွံချည်းကျန်တော့သည်။ နတ်သန်ဒူဝေ၊ တွမ်ဖာလွန်၊ ဂျူအန်းမီလင်ဒက်ဇ်နှင့် နာမည်ရင်းကို ဖော်မပြကြသော လူသုံးယောက်တို့ကို ပေးခဲ့သည့်အတွက် အားလုံးကုန်ခဲ့ပြီ။

မေယာကို ကုမ္ပဏီဥက္ကဋ္ဌ ဒင်နီယယ်ဆိဇ်၏ ရုံးခန်းရှိရာ ၃၇ ထပ်သို့ ရောက်အောင် တက်ခဲ့သည်။

မေယာကိုကုမ္ပဏီနှင့် အင်ကမ်းကုမ္ပဏီကြားတွင် လိုအပ်သည့် တိုက်ပွဲပြင်ဆင်မှုများကို နှစ်ရက်လုံးလုံး သူလုပ်ခဲ့သည်။ ထို့ကြောင့် ဒင်နီယယ် ဆိဇ်အကြောင်းကိုပင် မေ့သလို ဖြစ်နေခဲ့သည်။ ယခု သူ့ရုံးသို့ ပြန်ရောက်လာတော့မှ သူ့အကြောင်းကို စဉ်းစားမိတော့သည်။ ဩဂုတ်စတပ်ဆမ်မြူ ယယ်မေယာနှင့် မိမိတို့နှစ်ယောက်၏ ရင်းနှီးမှုကို ဒင်ဆိဇ်က မသင်္ကာ ဖြစ်နေကြောင်း ရပ်ဆယ်သော့ပ်က သိသည်။ ဆမ်မြူယယ်မေယာကို ကပ်ပြီး သူ့အပေါ် ကျော်တက်သွားမည်ကို ဒင်နီယယ်ဆိဇ် တွေးပူနေပုံရသည်။ သည်လို ပူပင်သောကရောက်ပြီး မသင်္ကာ ဖြစ်နေသည်မှာ ပိုကောင်းသည်ဟုလည်း သဘောထားလိုက်သည်။

ရပ်ဆယ်သော့ပ် ရောက်လာကြောင်း အတွင်းရေးမှူးမှတစ်ဆင့် အကြောင်းကြားခိုင်းလိုက်သောအခါ ဒင်နီယယ်ဆိဇ်က အလုပ်များနေသောကြောင့် ခဏစောင့်ပါ ပြောပြီး စောင့်ခိုင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်က အပြင်ခန်းမှာ ထိုင်စောင့်နေရင်း စားပွဲပေါ်မှာ အဆင်သင့် တွေ့ရသည့် နယူးယောက်တိုင်း သတင်းစာကို ကောက်လှန်နေမိသည်။ တစ်နေရာရောက်တော့ သတင်း တစ်ပုဒ်ကို သူ အာရုံစိုက်မိသွားသည်။

စန်တာကလာရာမြို့၊ ပြုအာတိုကွေဒို၊ မေ ၁၈။

လူစည်ကားရာ လဟာပြင်ဈေးတွင် ယနေ့ဗုံးပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် လူ ၁၁-ဦး သေဆုံးပြီး ၃၀ ဒဏ်ရာ ရရှိသွားသည်။ ပေါ်ပြူလာပါတီနှင့် သဘောထား ကွဲလွဲမှုများ ဖြစ်ပွားလာပြီးနောက် နောက်ဆုံး ပေါ်ပေါက်လာသည့် အကြမ်းဖက်မှုကြီး တစ်ခုပင် ဖြစ်သည်။

ရပ်ဆယ်သော့ပ်က သတင်းစာကို ဘေးမှာ ပြန်ချထားလိုက်သည်။ ပေါလ်ဖားဟတ်နှင့် အင်ကမ်းကုမ္ပဏီတို့၏ အစီအစဉ်များသည် အရှိန်တက်နေပြီ ဖြစ်ကြောင်းလည်း သူနားလည် လိုက်လေသည်။

နောက်ဆယ်ငါးမိနစ်လောက် ကြာတော့မှ ဒင်နီယယ်ဆိဇ်နှင့် သူ တွေ့ခွင့်ရသည်။

"ဆောရီးပဲ သော့ပ်၊ အရေးကြီးတဲ့ ကိစ္စတွေ ကျုပ်ဖြေရှင်းနေရလို့"

"ကျွန်တော် အချိန်တစ်မိနစ်လောက်ပဲ ယူပါ့မယ် ခင်ဗျာ၊ မေးခွန်း နှစ်ခုပဲ မေးပါရစေ" ရပ်ဆယ်က တစ်ချက် ပြုံးလိုက်သည်။ "ပထမ မေးခွန်းက စီဘီစီနဲ့ ကန်ထရိုက်စာချုပ် ဖျက်သိမ်း ကြောင်း မနက်ဖြန်ကြေငြာဖို့ အဆင်သင့် ဖြစ်နေပါပြီလား"

"အဆင်သင့် ဖြစ်နေပြီ"

"ဒုတိယမေးခွန်းက ငွေစာရင်းတွေထဲမှာ မပါတဲ့ ငွေထဲက ကျွန်တော် ဘယ်လောက် များများ ယူလို့ ရနိုင်ပါပြီလဲ"

ဆိဇ်၏ အမူအရာမှာ စိတ်နာသည့် အမူအရာသို့ မသိမသာ ပြောင်းလဲသွားသည်။

"ဆယ်သန်းရမယ်၊ နောက်ထပ်ငွေတွေ အများကြီး မောင် ထပ်တောင်းဦးမှာလား"

"တောင်းရဦးမယ် ထင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ငွေထုတ်ပေးဖို့ ဆမ်ကို ခင်ဗျားဆီ ဖုန်းလှမ်းဆက်ခိုင်းလိုက်ရမလားခင်ဗျာ"ဟု ရပ်ဆယ်သော့ပ်က ပြန်မေးသည်။ ဆမ်မေယာနှင့် သူ တိုက်ရိုက်ဆက်ဆံနေခြင်း ဖြစ်ကြောင်းကို ဆိဇ် သတိရစေလိုသောကြောင့် ထိုသို့ ပြန်မေး လိုက်ခြင်းဖြစ်သည်။

"မလိုပါဘူး၊ မောင် လုပ်နေတာတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတယ်လို့ ဆမ်က ကျုပ်ကို ပြောပြီးပါပြီ။ ဒါဆိုရင် လုံလောက်ပါပြီ။ နောက်ဖြစ်လာတာတွေနဲ့ ပတ်သက်ပြီး သူ့တာဝန်ပဲ ရှိတော့တယ်" ဒင်နီယယ်ဆိဇ်သည် ထိုစကားကို ပြောရင်း မသက်မသာ ဖြစ်လာပုံ ရသည်။

"ကျွန်တော့် ရုံးခန်းကို ပြေးလိုက်ဦးမယ်ဗျာ"ဟု ပြောပြီး ရပ်ဆယ်သော့ပ် ပြန်ထွက်လာ ခဲ့လေသည်။

**နယူးယောက်မြို့၊ နံနက် ၁၁း၀၀နာရီ**

ပက်ထရစ်ရှာဂါပေးက ဖုန်းဆက်ပြီး အက်ဒွပ်ဂျေကုတ္တနေနှင့် ဟာရှေဘာလောက်တို့ အကြောင်းကို ပြောပြသည့်အချိန်တွင် ပေါလ်ဖားဟတ်သည် စိတ်ဓာတ်အတက်ကြွဆုံး အခြေ အနေမှာ ရောက်နေသည်။

အက်ဒွပ်ကုတ္တနေက သူ့အမှုသည် လီယိုဖူးချ်ဘတ် မည်သည့်အရပ်သို့ ရောက်နေသည် ကို စုံစမ်းကြောင်း၊ အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ်သို့ သူ လှမ်းစုံစမ်းသည်ဆိုကြောင်း၊ သို့သော် လည်း လီယိုဖူးချ်ဘတ် သူတို့ ဟော်တယ်မှာ မတည်းဟု အကြောင်းပြန်ချက်ရကြောင်း အက်ဒွပ်ကုတ္တနေ ပြောပြသည်များကို ပက်ထရစ်ရှာက ပြန်ပြောသည်။ ဖူးချ်ဘတ်ကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



အပျောက်ရှင်းလိုက်ကြပြီးဖြစ်ကြောင်း ပက်ထရစ်ရှာ သိထားပြီး ဖြစ်သည်။ သို့သော်လည်း ထိုအဖြစ်မှန်ကို အက်ဒွပ်ကုတ္တနေသိသွားမှာ အကြီးအကျယ် စိုးရိမ်နေသည်။

ပေါလ်ဗားဟတ်က ရယ်သည်။ အက်ဒွပ်ကုတ္တနေ ဘာဒုက္ခမှ ပေးနိုင်မည်မဟုတ်ကြောင်းနှင့် သူတို့ အလုပ်များအောင် ဖန်တီးထားရန် ပြန်ပြောလိုက်သည်။

မေယာကိုကုမ္ပဏီပိုင် ပင်သီယွန်ရုပ်မြင်သံကြား ဉက္ကဌ ဟာရှေဘလောက် ဖုန်းဆက်ကြောင်း၊ ဖူးချ်ဘတ်၏ ရာထူးဖြစ်သော စင်တီနယ် ကုမ္ပဏီ၏ ဉက္ကဌနေရာကို လိုချင်သည်ဟု စကားပစ်ထားကြောင်း၊ သည်လုပ်ငန်းမျိုးတွက် ဟာရှေဘလောက်ထက်တော်သူ မရှိကြောင်းများကို ပက်ထရစ်ရှာက ဆက်ရှင်းပြသည်။

ပေါလ်ဗားဟတ်က ပယ်ချလိုက်သည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် အာသာမိုရယ်နှင့် တိုင်ပင်ကြည့်လျှင် ကောင်းမည်လားဟု ပေါလ် အတွေးပေါက်လာသည်။

ထို့ကြောင့် ကြာသပတေးနေ့ မိမိရုံးသို့ ခေတ္တလာရန် ဖုန်းဆက်ခေါ် လိုက်သည်။ မနက် ၁၁ နာရီတွင် အာသာမိုရယ် ရောက်လာသည်။ ဟာရှေဘလောက်အကြောင်းကို ပေါလ်က ပထမဆုံး ပြောပြသည်။

"လီယိုဖူးချ်ဘတ်ဟာ အင်မတန် ဉာဏ်များတဲ့ အကောင်၊ သူ ဒီလို ဉာဏ်များလို့လည်း ကျုပ်တို့ရဲ့ စင်တီနယ်ကုမ္ပဏီ အောင်မြင်ပြီး ငွေတွေ အများကြီး မြတ်လိုက်တာပဲ။ ဘလောက်က ရိုးသားတယ်၊ သိက္ခာရှိတယ်၊ ကလိမ့်ကျမဲ့ လူစားမျိုး မဟုတ်ဘူး၊ လုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်နိုင်တာတော့ မှန်တယ်၊ ဒါပေမယ့် စင်တီနယ်ကုမ္ပဏီအတွက် လီယိုဖူးချ်ဘတ်လို အကောင်မျိုးကိုပဲ ကျုပ်တို့ ထပ်ရှာပြီး ခန့်ရမယ်"

အက်ဒွပ်ကုတ္တနေကိစ္စနှင့် ပတ်သက်၍ အာသာမိုရယ်၏ တုံ့ပြန်မှုက တစ်မျိုးဖြစ်နေသည်။ သူ့မျက်နှာကလည်း တည်တည်ကြီး ဖြစ်သွားသည်။

"ဒီကောင့်ကို ဒီလို ကိုင်လို့ မရဘူး. . . ပေါလ်၊ ကုတ္တနေဟာ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့ အကောင်၊ လူတကာကို ဒုက္ခပေးခဲ့တဲ့ အကောင်၊ အင်မတန်လဲ ဖျံကျတယ်"

"ဒါလောက်ဖျံကျတဲ့ အကောင်က ဖူးချ်ဘတ်လို လူလိမ်ရဲ့ ရှေ့နေအဖြစ် ဘာဖြစ်လို့ လက်ခံလုပ်ပေးနေတာလဲ" ဟု ပေါလ်က ပြန်မေးသည်။

"ဒီကောင် အကျပ်အတည်း တွေ့နေတုန်းက ဖူးချ်ဘတ်က သူ့ကို ကယ်ဖူးတယ်၊ ဒီကျေးဇူးကြောင့် သူလုပ်ပေးနေတာ၊ ကျုပ်တို့ စင်တီနယ်ကုမ္ပဏီမှာ ဘယ်လိုတွေ လုပ်နေတယ်ဆိုတာ ဖူးချ်ဘတ်က သူ့ကို ပြောပြမထားဘူး လို့ မဆိုနိုင်ဘူး၊ ကျုပ်ပြောတော့ မပြောချင်ဘူး၊ ဒါပေမယ့် ကုတ္တနေဟာ အန္တရာယ်ကောင် ဖြစ်လာနိုင်တယ်"

"ဒါဆိုရင် ချင်ဗျား တပည့်တွေက. . ."

"စိတ်ရှည်ရှည်ထား. . . ပေါလ်၊ လောမကြီးနဲ့ တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားရမှာ၊ ပက်ထရစ်ရှာကို ပြန်ပြောလိုက်၊ ခင်ဗျားပြောတာကို သူ နားကြားမှားတဲ့အတွက် ဖူးချ်ဘတ် အကြောင်းကို ရေရေလည်လည် ပြန်မပြောနိုင်ခဲ့ကြောင်း သူ့ကို တောင်းပန်ခိုင်းလိုက်ပါ၊ ဒီကိစ္စမှာ ကုတ္တနေ ဘယ်လောက် သိထားသလဲဆိုတာ ပေါ်လာအောင် လုပ်ရမယ်"

"နောက်ပြီးတော့ရော"

"မီးစင်ကြည့်ကရမှာပဲ၊ သူဘာမှသိမထားဘူး၊ ဘာဒုက္ခမှလည်း မပေးချင်ဘူးဆိုရင် သူ့အကြောင်းကို မေ့ထားလိုက်ရုံပဲ၊ ဒါမှမဟုတ်ပဲ သူက အများကြီးလည်း သိထားတယ်၊ ကျုပ်တို့ဆီကလည်း အများကြီး လိုချင်တယ် ဆိုရင်တော့ လိုအပ်သလို လုပ်သွားရမှာပဲ"

"အလကား အတွေးခေါင်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်ပြောတဲ့ အတိုင်း ပက်ထရစ်ရှာက လုပ်မယ်ဆိုရင်. ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျုပ်ပြောနေတာက ဒါမဟုတ်ဘူး၊ ပက်ကို ဖုန်းလှမ်းဆက်ပါ၊ ကျုပ်ပြောတဲ့အတိုင်း ဒီနေ့ပဲ လုပ်ပါ" ဟု အာသာမိုရယ်က အေးတိအေးစက် လေသံဖြင့် ပြန်ပြောသည်။

ပေါလ်က အင်တင်တင် လုပ်နေသေးသည်။ သို့သော်လည်း သူ လက်ခံလိုက်ပါသည်။

"ကောင်းပြီလေ ကျွန်တော် ဆက်လိုက်မယ်"

**အင်ဒီးယန်းဝဲလ်စ်၊ နံနက် ၁၁း၃၅ နာရီ။**

သြဂက်စတပ် ဆမ်မြူယယ်မေယာသည် ရေကန်ဘေးရှိ သူ့ အလုပ်စားပွဲမှထပြီး အိမ်ဆီသို့ ကမန်းကတန်း လျှောက်သွားသည်။ သက်တော်စောင့်က သူ့နောက်မှ လိုက်သွားသည်။ စာကြည့်ခန်းထဲသို့ သူတန်းဝင်သွားသောအခါ သက်တော်စောင့်က တံခါးပိတ်ပေးပြီး အပြင်မှာ စောင့်ကျန်ရစ်ခဲ့သည်။ ရပ်ဆယ်သော့ပ်က ဖုန်းဆက်ခြင်း ဖြစ်သဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်

"ဟယ်လို. . . ရပ်စ်"

"အဲဒီမှာ မနက်ပဲ ရှိသေးတယ်ဆိုရင် ကောင်းသောမနက်ခင်းပါလို့ နှုတ်ဆက်လိုက်ပါတယ် ဆမ်၊ အသံလှိုင်းဖျက် ခလုတ်ကို နှိပ်လိုက်ပါ"

"ဟုတ်ပြီ၊ ကဲ. . မောင့် ဆောင်ရွက်ချက်တွေ ဘယ်လို တိုးတက်မှု ရှိနေသလဲဆိုတာ သိစမ်းပါရစေ"

"အားလုံး အစီအစဉ်အတိုင်း ပုံမှန်ဖြစ်နေကြပါတယ် ခင်ဗျာ၊ ကျွန်တော် လိုချင်တဲ့လူ၊ လက်နက်၊ ထောက်ပံ့ရေးပစ္စည်းနဲ့ သူတို့ကို လေ့ကျင့် ပေးဖို့ နေရာရတော့မှာပါ၊ ကျွန်တော် ငွေငါးသန်း သုံးပြီးပါပြီ၊ နောက်ထပ် ဆယ်သန်း ယူလို့ ရမယ်လို့ ဒင်နီယယ်ဆိဇ်က ပြောပါတယ်။ ကျွန်တော့်ကို ထုတ်ယူခွင့် ပြုစေလိုပါတယ်"

"ခွင့်ပြုပြီးသားပဲလေ၊ ဒင်ကိုပြောလိုက်ပါ"

"ဆမ် ကိုယ်တိုင် သူ့ကို လှမ်းပြောပေးစေချင်ပါတယ်ဗျာ၊ ဒါမှ ကျွန်တော်ဟာ သူ့ကိုကျော်ပြီး မလုပ်ဘူးလို့ သူထင်မှာပါ" ထိုသို့ လှမ်းပြော ခြင်းအားဖြင့် ဆမ်မြူယယ်မေယာကိုယ်တိုင်က သူ့ကို ယုံကြည်စိတ်ချမှု မရှိဟု ဒင်နီယယ်က မှတ်ယူသွားမည် ဖြစ်ကြောင်းလည်း ရပ်ဆယ်က တွေးလိုက်မိ သည်။

"ကောင်းပြီလေ နောက်ထပ်ပြောစရာ ဘာသတင်းများ ရှိသေးသလဲ"

"အတိုက်အခံ ခေါင်းဆောင်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ ဗုဒ္ဓဟူးနေ့ကျရင် ကျွန်တော် မြူအာတိုကွေဒိုနိုင်ငံကို သွားပါမယ်ခင်ဗျာ၊ နှစ်ရက်လောက်တော့ ကြာမယ်လို့ ကျွန်တော် ထင်ပါတယ်၊ အဲဒီလို မသွားခင် ကျွန်တော့်ကို မေယာကိုကုမ္ပဏီကနေ အလုပ်ထုတ်ပစ်လိုက်ကြောင်း ကြေငြာပါ။ တနင်္လာနေ့မှာ ကြေငြာပါ။ စီဘီစီနဲ့ ကျွန်တော်တို့ ပင်သီယွန်ကုမ္ပဏီ ကန်ထရိုက် စာချုပ်ဖျက်သိမ်းလိုက်ကြောင်းကြားရပြီး ပေါလ်ဗားဟတ် စိတ်ချမ်းသာနေတုန်း ကျွန်တော့်ကိုပါ အလုပ်ကထုတ်ပစ်လိုက်ပြီဆိုတဲ့ ကြေငြာချက်ကို သူတွေ့ရင် ကျွန်တော်တို့ မေယာကိုကုမ္ပဏီထဲမှာ အခြေအနေတွေ အကြီးအကျယ် ရှုပ်ထွေးကုန်ပြီလို့ သူ သေချာပေါက်တွက်လိုက်မှာပါ"

"ကျုပ်တို့ခြေလှမ်းတွေကို သူခန့်မှန်းမိမယ်လို့ မောင် မထင်ဘူးလား"

"မဟာစီးပွားရေး ဘီလူးကြီး အရှုးအမူး ဖြစ်ချင်နေတဲ့ လူတစ်ယောက်ဟာ သူဖြစ်ချင်တာတွေကိုပဲ သူတွေးစမြဲပါ။ ရောဘတ်နားလင်းရယ်၊ ဂရေဂရီမီနာရှင်ရယ်၊ ပက်ထရစ်ရှာဂါဗေးရယ်ကို ကျွန်တော် အကောက်ကြံခဲ့တဲ့အတွက် ကျွန်တော်ကို ဆမ်က ထုတ်ပစ်လိုက်တယ်လို့ပဲ သူထင်မှာပါ" ရပ်ဆယ်သော့ပ်က စကားကို ခဏဖြတ်ပြီး သက်ပြင်းရှူလိုက်သည်။ "နောက်အရေးကြီးဆုံးလုပ်ရမှာက ကျွန်တော်တို့ ကုမ္ပဏီမှာ ရှိနေတဲ့ လူတိုင်းက ကျွန်တော် တကယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထုတ်ခံရကြောင်း ယုံကြည်အောင် လုပ်ဖို့လိုပါတယ်။ ကျွန်တော်ဟာ တကယ်အလုပ်ထုတ်ခံရတာ မဟုတ်ကြောင်း ကျွန်တော့်လက်ထောက် တင်မ်အက်ကင်တစ်ယောက်ကိုပဲ အသိပေးထားပါ"

မေယာက စက္ကန့်အတော်ကြာကြာ ငြိမ်နေသည်။ ပြီးမှ ပြန်မေးသည်။

"ဒင်နီယယ်ကိုပါ အသိမပေးပဲ နေရမှာလား"

"အဓိကတော့ သူပါပဲ၊ ကျွန်တော် တကယ် အလုပ်ထုတ်ခံရတယ်လို့ သူယုံမှဖြစ်မယ်။ မယုံရင် ကျွန်တော်တို့ ဆက်လုပ်မှာတွေကို သူ ယုံယုံကြည်ကြည်နဲ့ လက်ခံတော့မှာ မဟုတ်ဘူး"

"ဘယ်လို ဆက်လုပ်မှာတွေလဲ"

"ကျွန်တော် သစ္စာဖောက်သွားတယ်ဆိုတာကို တကယ်ယုံကြည်မှ နောက်ထပ်ကျွန်တော့် နေရာဝင်လာတဲ့ လူကိုလဲ သူတို့ အလစ်မပေးပဲ နေလိမ့်မယ်၊ ကျွန်တော့်ကို သက်ပစ်ခဲ့မိရင် ကောင်းမှာပဲဆိုတဲ့ အတွေးမျိုးအထိ သူတွေးနေမိဖို့ လိုပါတယ်"

"မောင်ပြောတာကို ကျုပ်သဘောမပေါက်ဘူး"

"ဆမ်. . ကျွန်တော်နဲ့ ပတ်သက်ပြီး တိုင်းပြည်ကို ကြေငြာဖို့ကတော့ ကျွန်တော်ဟာ အထက်လူကြီးတွေကို ကျော်လုပ်တယ်၊ ပေးထားတဲ့ အခွင့်အရေးတွေထက် ပိုယူတယ်ဆိုတာပါပဲ၊ ဒါပေမယ့် ဒင်ဆိုင်ကို ပြောပြဖို့ကတော့ ကျွန်တော်ဟာ ငွေဆယ့်ငါးသန်းကို ယူပြီး ထွက်ပြေးသွားပြီလို့ ပြောရမှာပါ"

"ဒါဆို မောင်ရှုံးသွားပြီးပဲ၊ သူက မောင့်ကို တရားစွဲဖို့ ကြိုးစားတော့မှာပေါ့"

"ကြိုးစားမှာ သေချာပါတယ်၊ ဒါပေမယ့် ကျွန်တော်ဖုန်းပြေးတဲ့ ငွေဟာ ကုမ္ပဏီရဲ့ ငွေစာရင်းထဲက မဟုတ်တာရယ်၊ လျှို့ဝှက်ငွေ ဖြစ်တာရယ် သူ့ကို ပြောပြဖို့ လိုပါတယ်၊ တကယ်လို့ ဒီငွေနဲ့ပတ်သက်ပြီး ကျွန်တော့်ကို တရားစွဲ မယ်ဆိုရင် တရားမဝင်ငွေတွေကို စာရင်းဖျောက်ထားမှုနဲ့ ပြည်ထောင်စု တရားရုံးက ကုမ္ပဏီကို အရေးယူမှာ ဖြစ်ပါတယ်"

"အင်း. . . မောင်အများကြီး ကြိုတွေးထားတာပဲ" မေယာ၏ အသံထဲမှာ ချီးကျူးလေးစားသည့် အရိပ်အယောင်များ ပါလာသည်။ "ဒါပေမယ့် ဟာကွက်ကလေးတစ်ခုတော့ ရှိနေသေးတယ်၊ မောင့်ရဲ့စီမံကိန်းဟာ ဒေါ်လာ သန်းသုံးဆယ်ကုန်မယ်လို့ ကျုပ်ကိုမောင်ပြောခဲ့တယ်"

"မှန်ပါတယ်၊ အခုလဲ ဒီအတိုင်းပဲ ကျွန်တော် ပြောပါတယ်"

"ဒီလိုဆိုရင် ကျန်တဲ့ငွေကို မောင်ဘယ်လိုလုပ် ထုတ်ယူမလဲ"

"လွယ်ပါတယ် ခင်ဗျာ၊ ဒီငွေဆယ့်ငါးသန်းကို ဆွစ်ဇာလန်ဘဏ်တိုက် ပြန်ပို့ရင် အခုထုတ်လိုက်၊ အခုပြန်သွင်းလိုက်နဲ့ ဘာလုပ်နေတာလည်းဆိုတာ ဘဏ်တိုက်က မသင်္ကာဖြစ်လာမှာဆိုတဲ့ အကြောင်း၊ တခြား နိုင်ငံခြားဘဏ်တွေကို သွင်းရင်လည်း ဟိုဘဏ်ကထုတ်၊ ဒီဘဏ်မှာသွင်းနဲ့ မသင်္ကာစရာတွေ ဖြစ်လာမယ်ဆိုတဲ့အကြောင်း သူ့ကို ပြောပြပါ၊ ဒါကြောင့် ဒီငွေကို ဘဏ်တိုက်က အာမခံသေတ္တာထဲမှာ ထည့်သိမ်းထားလိုကြောင်း၊ အဲဒီငွေတွေကို တင်မ်အက်ကင်က သယ်ပြီး ဘဏ်တိုက်မှာ ထည့်ထားခိုင်းမယ့်အကြောင်း ပြောပါ၊ ကျွန်တော် ငွေထပ်လိုရင် တင်မ်အက်ကင်ဆီကပဲ ထုတ်ယူမယ်၊ နောက်ပြီးတော့ ဆမ်နဲ့ကျွန်တော့်ကြားမှာ တင်မ်အက်ကင်ကပဲ ကြားလူအဖြစ် ဆက်သွယ်ပေးလိမ့်မယ်၊ ဒါပေမယ့် ဒီအကြောင်း ဒင့်ကို မပြောပါနဲ့"

"တင်မ်အက်ကင်ကိုရော မောင်ယုံကြည်သလား"

"ကျွန်တော်ကလည်း ပြန်ပြီး မေးခွန်းတစ်ခုထုတ်ဖို့ ကောင်းတဲ့ မေးခွန်းပါပဲ၊ ကျွန်တော့်ကိုရော ယုံကြည်ပါသလား ဆမ်. ."

"မောင်ဆိုလိုတာကို ကျုပ်သဘောပေါက်ပြီ၊ တင်မ်အက်ကင်ဟာ ယုံရတဲ့လူပဲ"

"နောက်တစ်ခု ကျန်ပါသေးတယ် ဆမ်၊ နာဒိုင်းနဲ့ ကလျာတို့ နှစ်ယောက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တကယ် အလုပ်ထုတ်ခံလိုက်ရကြောင်း ယုံကြည်နေဖို့ လိုပါတယ်၊ တိုင်းပြည်ကို အသိပေးသလိုပဲ သူတို့ကိုလည်း အသိပေးလိုက်ပါ"

မေယာက ဆံပင်ကို လက်နှင့်ဖွပြီး စဉ်းစားနေသည်။ သူ့ဇနီးနှင့် သမီးက သူ့ကို မိုက်မဲသူအဖြစ်ကို မြင်ကြတော့မည်။ အသက် ၃၄ နှစ်သာ ရှိသေးသော လူငယ်တစ်ယောက် ဖြုန်းဖြုန်းဒိုင်းဒိုင်းဖြင့် ထိပ်ဆုံးသို့ ရောက်အောင် တင်ပေးသည်။ ညာလက်ရုံးသဖွယ် အားကိုးသည်။ အတွင်းရေးများကိုပါ ယုံယုံကြည်ကြည် တိုင်ပင်သည်။ ပြီးတော့ လူကြီးတွေကို ကျော်လုပ်သည်၊ အခွင့်အရေး ပိုယူလွန်းသည်ဆိုသော အကြောင်းပြချက်ဖြင့် အလုပ်မှ ချက်ချင်း ထုတ်ပစ်လိုက်သည်ဆိုသောအခါ သူ့ကို အထင်အမြင် မှားကြတော့မည်။ ယုံကြည်မှုလည်း နည်းပါးသွားတော့မည်။

"တခြားနည်းလမ်း မရှိတော့ဘူးလား မောင်ရာ" ဟု မေယာက ပြန်မေးသည်။

ထိုမေးခွန်းကို ကြားလိုက်ရသောအခါ ရပ်ဆယ်သော့ပ်၏ ခေါင်းထဲသို့ အတွေးတစ်ခု ချက်ချင်းရောက်လာသည်။

"နည်းနည်းလေး ပျော့ပျောင်းသွားအောင် လုပ်နိုင်တဲ့ နည်းလမ်းတော့ ရှိပါတယ်၊ ဒင်ဆိဇ်က ရာဇသံပေးကြောင်း၊ ကျွန်တော့်ကို ထုတ်မပစ်ရင် သူထွက်မယ်လို့ ပြောတဲ့အကြောင်း သူတို့ကို ပြောပြပါ"

မေယာ စိတ်သက်သာရာ ရသွားသည်။

"အင်း. . ကောင်းတယ်၊ သူတို့ကို ဒီအတိုင်းပဲ ပြောပြရမယ်၊ တခြား ဘာပြောစရာ ရှိသေးသလဲ ရပ်စ်"

"အခုအချိန်ကစပြီး တနင်္ဂနွေနေ့အထိ စိတ်ချရတဲ့ တယ်လီဖုန်းလွယ်ရင် အဲဒီကနေ ကျွန်တော် ဖုန်းဆက်မယ်၊ တနင်္လာနေ့ကစပြီး ကျွန်တော်တို့ တင်မ်အက်ကင်က တစ်ဆင့်သာ ဆယ်သွယ်ရပါတော့မယ်"

တစ်ဘက်က တယ်လီဖုန်းချသံ ကြားလိုက်ရသည်။ ဆမ်မြူယယ်မေယာသည် အတွေးထဲမှာ နစ်မြုပ်နေမိသည်။ နောက်သို့ ပြန်ဆုတ်လမ်း မရှိတော့။ ဖောင်များ အားလုံးကိုဖျက်ပြီးလေပြီ။ သည်တိုက်ပွဲတွင် မည်သူ အနိုင်ရမည်နည်း။

နယူးယောက်၊ ည ၉း၀၀ နာရီ။

အရှေ့ရပ်ကွက်တစ်နေရာရှိ လူအသုံးမပြုတော့သော ကုန်လှောင်ရုံ တစ်ခုရှေ့မှာ မော်တော်ကားကို နတ်သန်ဒူဝေက ရပ်လိုက်သည်။ ပြတင်းပေါက်အားလုံးရှိ မှန်ချပ်များကို အတွင်းမှနေ၍ ဆေးအမည်း သုတ်ထားသည်။ ကားထဲမှ ရပ်ဆယ်သော့ပ် ဆင်းလိုက်သောအခါ လူတစ်ယောက်က ရှေ့သို့ တိုးလာပြီး လက်ကမ်းပေးသည်။

"နေလ်ဆင်. . . "

ရပ်ဆယ်သော့ပ်က တအံ့တဩ ခေါ်လိုက်ရင်း ကမ်းလာသည့်လက်ကို အားပါးတရ ဆွဲယူကာ ပုတ်လိုက်သည်။ နေလ်ဆင်သည် ဗီယက်နမ်မှာတုန်းက သူ၏ တိုက်ခိုက်ရေး အထူး တပ်ခွဲတွင် စက်သေနတ်သမား ဖြစ်ခဲ့သည်။ စက်သေနတ်ကို ကိုင်တွယ်အသုံးပြုရာတွင် အလွန်နာမည်ကြီးသည်။ ခိုးရာဝှက်ရာတွင်လည်း လက်အလွန်မြန်သည်။

"ခွေးကောင်. . . ထောင်ထဲ မရောက်အောင် မင်းဘယ်လိုလုပ်နေသလဲ"

ရပ်ဆယ်သော့ပ်၏ အမေးကြောင့် နေလ်ဆင်က ပြုံးသည်။

"ဝင်လိုက်ထွက်လိုက်ပါပဲဗျာ၊ ကျွန်တော် ထောင်ပြင်ပြန်ရောက်နေတဲ့ အချိန်ကလေးမှာ နတ်နဲ့သွားတွေ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နတ်သန်ဒွေဝေက နောက်ထပ်နှစ်ယောက်နှင့် ရပ်ဆယ်ကို မိတ်ဆက်ပေးသည်။ ထို နှစ်ယောက်စလုံး စစ်ပြန်များ ဖြစ်ပုံရသည်။ ကျန်းမာသည်၊ သန်စွမ်းသည်၊ တစ်ယောက်က နီဂရိုးဖြစ်သည်။

"နီဂရိုးတွေကိုလည်း မင်းစုဆောင်းထားတာပဲလား နတ်"

"အား မင်းဟာ အဖြူအမည်း မခွဲခြားတဲ့ အလုပ်ရှင်ကြီးပါလို့ သူတို့ကို ငါပြောထား ပါတယ်ကွာ" ဟု နတ်သန်က ပြန်ဖြေရင်း ပခုံးနှစ်ဘက် တွန့်ပြကာ သူတို့ကို ကုန်လှောင်ရုံဟောင်း ထဲသို့ ဦးဆောင်ခေါ်သွားသည်။

အတွင်းမှာ ခုံတန်းလျားများ၊ ခေါက်ကုလားထိုင်များ ရှိနေသည်။ လူလေးဆယ် လောက် ထိုင်နေကြသည်။ လူဖြူတွေလည်း ပါသည်။ နီဂရိုးတွေလည်း ပါသည်။ အားလုံး၏ အဝတ်အစားများမှာ နွမ်းနွမ်းပါးပါးပင် ဖြစ်ချေသည်။ ဆေးလိပ်မီးခိုးများလည်း မွန်နေသည်။ ဆေးခြောက်နံ့ အနည်းငယ်လည်း ရသည်။ သူတို့ထဲမှ အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထား သူ အသက်သုံးဆယ်ရွယ် တစ်ယောက်က ထိုင်ရာမှထသည်။

"လူမသိတဲ့ နေရာလေးကို နမ်းလိုက်စမ်းပါ. . ဟော့ လူကြီး" ဟု ထိုသူက ပြောသည်။

"ဟော့. . လူကြီး"ဆိုသည်မှာ ဗီယက်နမ်တုန်းက သူတို့အသုံးပြုခဲ့ကြသော ကြိုးမဲ့ ကြေးနန်း စကားဝှက် ဖြစ်သည်။ "ခေါင်းဆောင်ဘယ်သူလဲ" ဟု မေးခြင်းဖြစ်သည်။ ထိုသူမှာ ဒေးဗစ်ရာဘီမက်ဆိုရော ဖြစ်ပြီး ဗီယက်နမ်တုန်းက ရပ်ဆယ်သော့ပ်၏ တပ်တွင် ကြေးနန်း ဆက်သွယ်ရေးတပ်သား ဖြစ်သည်။ သူ့ကို တွေ့ရသောအခါ ရပ်ဆယ်သော့ပ် ဝမ်းသာသွားသည်။ သို့သော်လည်း သူ့ကိုယ်ပေါ်မှာ ဝတ်ထားသည့် အဖိုးတန် အဝတ်အစားများကို ကြည့်ပြီး နားမလည်သလို ဖြစ်သွားသည်။ အလုပ်ကောင်း အကိုင်ကောင်းရနေပုံပေါ်သည်။ ထိုလို လူမျိုးတစ်ယောက်က ဘာကြောင့် ယခုအလုပ်ကို လက်ခံလိုက်လေသနည်းဟု တွေးနေမိသည်။

"ငါဖုန်းဆက်ခေါ်တာနဲ့ ကာလိဖိုးနီးယားက လေယာဉ်ပျံနဲ့ ရာဘီ လိုက်လာတာ" ဟု နတ်သန်ဒွေဝေက ဝင်ပြောသည်။

သည်တော့မှပင် ရပ်ဆယ်သော့ပ် သဘောပေါက်နားလည်သွားကာ အဖြေရတော့ သည်။ ဗီယက်နမ်တုန်းက ဗီယက်ကောင်းက နတ်သန်တို့ တပ်စုကို ချုံခို တိုက်ခိုက်သည်။ ဒေးဗစ်ရာဘီမက်ဆိုရောသည် ရန်သူများကြားမှ ကျန်နေရစ်ခဲ့သည်။ ဒုဗိုလ်နတ်သန်နှင့် တပ်ကြပ်ကြီး တွမ်ဖာလွန်တို့ နှစ်ယောက်က ရန်သူများကို အတင်းထိုးဖောက် ဝင်ရောက်ပြီး ရာဘီကို ကယ်တင်ခဲ့ကြသည်။ ထိုကျေးဇူးကို ပြန်ဆပ်သည့်အနေဖြင့် နတ်သန်ခေါ်သည့်အတိုင်း ရာဘီလိုက်လာခြင်း ဖြစ်လေသည်။

အခြားလူများကို ရပ်ဆယ် မသိပါ။ သူတို့ အားလုံးကို အကဲခတ် ကြည့်သည်။ ကျန်လူများကလည်း သူ့ကို အကဲခတ်ကြည့်နေကြသည်။ နတ်သန်ဒွေဝေက ထိုလူများနှင့် ပတ်သက်ပြီး တစ်ယောက်ချင်း၏ အကြောင်းကို အသေးစိပ် ပြောပြသည်။ သူတို့အားလုံး၏ ကျန်းမာရေး၊ အခြေအနေမှာ အလွန်အားရစရာ ကောင်းပါသည်။ သူတို့ထဲမှ အများစုမှာ ဗီယက်နမ် စစ်မြေပြင်တွင် ဒဏ်ရာရခဲ့ကြသည်။ သို့သော်လည်း မစွမ်းမသန်ဖြစ်နေသူ တစ်ယောက်မှ မပါ။ လူတိုင်း လူတိုင်း တိုက်ခိုက်ရေးတပ်များမှာ အနည်းဆုံး ခြောက်လလောက် အတွေ့အကြုံ ရှိခဲ့သူများချည်း ဖြစ်သည်။

ငါးယောက်က ဆေးတပ်သားများ ဖြစ်သည်။ ဆေးတပ်သားများကို ရလိုက်ခြင်းမှာ အလွန်တန်ဖိုးရှိသွားသည်။ ပြူအာတိုကွေဒိုသို့ရောက်လျှင် ဆေးတပ်သား စုဆောင်းဖို့ အလုပ် တစ်ခု သက်သာသွားလေသည်။

"နတ်သန်ဒွေဝေ ပြောထားသလောက်ပဲ မင်းတို့ကို ငါထပ်ပြောမယ်၊ အခုချိန်မှာ မင်းတို့ကို ဒါလောက်ပဲ အသိပေးနိုင်သေးတယ်၊ တို့အားလုံးမွမ်းမံ သင်တန်းတစ်ခု ပြန်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကြမယ်၊ ပြီးရင် တို့ လုပ်ငန်းစမယ်၊ ဘယ်တော့စမယ်၊ ဘယ်မှာစမယ်ဆိုတာ နီးတော့မှ ပြောမယ်။ လေပြေလေညင်းကလေးကို ရှုရမှာမျိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် . . ဗီယက်နမ် စစ်မြေပြင်ထက် ပိုလွယ်မယ်"

ထို့နောက် ရပ်ဆယ်သော့ပ်က နှစ်မိနစ် သုံးမိနစ်ခန့်ကြာအောင်ထပ် ရှင်းပြသည်။ ပြီးတော့မှ မေးသည်။

"မလုပ်ချင်တဲ့ လူ ရှိသလား၊ ဒါမှမဟုတ် မေးစရာရှိသေးသလား"

"ကျွန်တော်တို့ ဘယ်တော့ ဒီနေရာက ပြောင်းရမလဲ"

"စနေနေ့ညကျရင် နတ်သန်ဒူဝေက မင်းတို့ကို လေဆိပ်တစ်ခုကို ပို့ပေးလိမ့်မယ်၊ အဲဒီကနေတစ်ဆင့် တို့မွမ်းမံ သင်တန်းဆင်းရမယ့် နေရာကို ခရီးဆက်မယ်"

စနေနေ့ညတွင် ယိတ်နာဂယ်စီစဉ်ပေးသည့် ဒီစီ ၇ ခရီးသည်တင် လေယာဉ်ပျံများက သူတို့အားလုံးကို အယ်လ်ဖာစခန်းသို့ ပို့ပေးမည် ဖြစ်သည်။

"ကျွန်တော်တို့နဲ့ အတူတူ ခင်ဗျား မလိုက်ဘူးလား" ဟု တစ်ယောက်က ထမေးသည်။

"မင်းတို့အရင် ငါ ဟိုကိုကြိုရောက်နေမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

### နယူးယောက်၊ သောကြာ၊ မေ ၂၀၊ နံနက် ၉း၀၅ နာရီ။

ဒင်နီယယ်ဆိဇ်သည် ရပ်ဆယ်သော့ပ်ကို ပဋိသန္ဓာရစကား ပြောဆို နှုတ်ဆက်ခြင်းများ ပြုလုပ်မနေတော့ပေ။

"ပိုက်ဆံကိစ္စနဲ့ ပတ်သက်ပြီး မောင်က ဆမ်ကို ကျုပ်ဆီဖုန်းဆက်ခိုင်းတယ် မဟုတ်လား" ဟု ဆီးမေးသည်။

ရပ်ဆယ်သော့ပ်က အပြစ်ကင်းစင်သည့် အကြည့်မျိုးဖြင့် ပြန်ကြည့်လိုက်သည်။

"သူ့ သဘောနဲ့ သူဆက်တာပါခင်ဗျာ"

ဆိဇ်က သူပြောသည်ကို မယုံကြည်ပေ။ သူတို့လုပ်ငန်းတွင် ဒင်ဆိဇ်က ပူးပေါင်းကူညီခြင်း မရှိကြောင်း။ ထို့ကြောင့် ကိုယ်တိုင်ဖုန်းဆက်ပြီးပြောပေးဖို့ လိုကြောင်းများဖြင့် ရပ်ဆယ်သော့ပ်က မေယာကို အယုံသွင်းကောင်းသွင်းမည်ဟု ဒင်က စဉ်းစားကြည့်နေမိသည်။ မင်းဒါမျိုးတွေကို ကြာကြာဆက်လုပ်နေလို့ မရပါဘူးကွာ။ မကြာခင် ငါ့အကြောင်း မင်းသိရမှာပေါ့ဟုလည်း စိတ်ထဲမှလည်း ကျိတ်ပြီး ပြောနေမိသည်။

"မောင့်ကို ဒီနေ့ ငွေဆယ်သန်းအကုန် ပေးလိုက်ရမယ်လို့ ကျုပ်နား လည်ထားတယ်"

"ကျွန်တော် အထုပ် သုံးထုပ်ခွဲပြီး လိုချင်ပါတယ်"

ငွေတစ်သန်းကို ဘဏ်တိုက်တွင် သူ့နာမည်နှင့်ထားသော အာမခံ သေတ္တာထဲမှာ ထည့်ရမည်။ ယိတ်နာဂယ်ကို နှစ်သန်းပေးရမည်။ ယခုပင် ငွေလိုချင်သည်ပြောပြီး ဒရိတ်ဟိုတယ်တွင် ယိတ်နာဂယ် စောင့်နေသည်။ မိမိငွေယူပြီး ချက်ချင်း ပြန်ခဲ့မည်ဟု ပြောထားခဲ့သည်။ ကျန်ခုနှစ်သန်းကို သူနှင့်အတူ ယူသွားရမည်။ အများစုကို အောတစ်ရန်နယ် အားပေးရမည်။

ဒင်နီယယ်ဆိဇ်က ခလုတ်နှိပ်ပြီး သူ့နောက်ဘက်ရှိ အာမခံသေတ္တာကို ဖွင့်သည်။

"စီဘီစီနှင့် ကန်ထရိုက်စာချုပ်ဖျက်သိမ်းကြောင်း နယူးယောက် စံတော်ချိန် ညနေလေးနာရီခွဲမှာ ဟာရှေဘာလောက်က ကြေငြာလိမ့်မယ်၊ မောင့် ရုံးမှာ မောင်ရှိနေမှာလား သော့ပ်"

"မရှိပါဘူး ခင်ဗျာ၊ ကျွန်တော်သွားတော့မယ်၊ သူ ကြေငြာချက်ထွက်တဲ့ အချိန်မှာ ကျွန်တော်ထွက်သွားနှင့်တာ အတော်တောင် ကြာနေရောမယ့်" ဟု ရပ်ဆယ်သော့ပ်က ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



တနလ်ာနေ့ရောက်လျှင် ဆမ်မြူယယ်မေယာက မိမိငွေ ဆယ့်ငါးသန်းကို ဗုန်းပြီး ထွက်ပြေးသွားပြီဖြစ်ကြောင်း သူ့ကို ပြောလိမ့်မည်။ ထိုအခါတွင် "ကျွန်တော်သွားတော့မယ်"ဟု ယခု ပြောသွားသည့် စကားကို သူ ပြန်သတိရလိမ့်မည်။ ဒီကောင် သူခိုးပဲဟု သူထင်ထားသည်များ မှန်ကန်ကြောင်း သူ သဘောပေါက်သွားလိမ့်မည်စသည်ဖြင့် ရပ်ဆယ်သော့ပ်က တသီတတန်းကြီး တွေးကြည့်နေမိသည်။

ဒင်ဆိဇ်က ဘာမှ ပြန်မပြောပဲ အာမခံသေတ္တာမှာ အလုပ်ရှုပ်နေသည်။

**လောစ်အိန်ဂျလိစ်၊ နံနက် ၉း၅၅ နာရီ။**

ပေါလ်ဗားဟတ်ထံမှ နောက်ထပ် အမိန့်သစ်တစ်ခုကို ပက်ထရစ် ရှာဂါဗေး ထပ်ရသည်။ ရှေ့နေကုတ္တနေကို ဖုန်းဆက်ပြီး တောင်းပန်စကား ပြောကာ နောက်ထပ် လှည့်ကွက်ကလေးတစ်ခု လုပ်ရဦးမည်။

"ကျွန်မ ရုံးမှာလည်း အလုပ်တွေက သိပ်ရှုပ်နေတယ်ရှင်၊ ဒါကြောင့် ဗုဒ္ဓဟူးနေ့တုန်းက ရှင့်ကို ကျွန်မ ပြောတာ ပြောင်းပြန်ဖြစ်နေတယ်၊ ပေါလ် ပြောတဲ့ စကားကို ကျွန်မ နားလည်မှုလွဲသွားတယ်"

ယုံနိုင်စရာအကြောင်းတော့ မရှိဟု ကုတ္တနေက စဉ်းစားနေသည်။ သို့သော်လည်း ဘာမှ ပြန်မပြောပဲ နားထောင်နေသည်။

ဘယ်လိုဖြစ်တာလဲဆိုတာ ကျွန်မကို မေးမနေပါနဲ့တော့ရှင်၊ အဲဒီ အချိန်တုန်းက ကျွန်မကလည်း အရက်နည်းနည်းသောက်ထားတယ်၊ ပေါလ်ကလည်း ဒေါသတကြီးနဲ့ စကားကို မြန်မြန်ပြောတယ်၊ ဒါကြောင့် သူပြောတာတွေ အားလုံးကို ကျွန်မတလွဲတွေ နားလည်လိုက်တယ်၊ သူက ရှင့်ကို အပြည့်အဝ ကူညီချင်ပါတယ်၊ ဒီကိစ္စကိုလဲ ရှင်နဲ့ပူပေါင်းပြီး ဆောင်ရွက်လိုပါတယ်။ လီယိုဖူးချ်ဘတ် ဘယ်ရောက်နေတယ်ဆိုတာကို ရှင်နဲ့ကျွန်မ ပူးပေါင်းပြီး စုံစမ်းစေချင်ပါတယ်"

"အင်း. . . ကျုပ် သိသမျှတွေ မင်းကို ပြောပြပါ့မယ်"

လီယိုဖူးချ်ဘတ်က အက်ဒွပ်ကုတ္တနေကို သေတ္တာတစ်လုံးပေးသွားသည်။ ထိုသေတ္တာကို ယခုဖွင့်ကြည့်လျှင် ကောင်းမည်လားဟု စဉ်းစားကြည့်သည်။ အထဲတွင် ဘာရှိမှန်း သူမသိ။ သို့သော်လည်း ဖွင့်မကြည့်သေးပဲ သည်အတိုင်းထားလိုက်ခြင်းက ပိုကောင်းမည်၊ ပက်ထရစ်ရှာထံက ဘာတွေ ထပ်သိနိုင်ဦးမည်နည်း. . . ဆိုသည်ကို စောင့်ကြည့်သင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီနေ့မနက် ကျုပ်အားပါတယ်. . မစ္စဂါဗေး၊ မင်းရုံးကို ကျုပ်လာခဲ့ ရမလား"

"ရှင့်ရုံးကို ကျွန်မ လာပါ့မယ်၊ ဒီကိစ္စက ကျွန်မလာတွေမှ သင့်လျော်မှာပေါ့ရှင်၊ နာရီဝက်အတွင်း ရောက်အောင်လာခဲ့ပါ့မယ်"

လီယိုဖူးချ်ဘတ်၏ ငွေအလွဲသုံးစားပြုမှုများကြောင့် တရားရုံး၏ စစ်ဆေးခြင်းများကို ရှောင်တိမ်းသည့်အနေဖြင့် သူ့ကို နိုင်ငံထဲမှ ထွက်ခွာသွားခဲ့ကြောင်း၊ အာဝင်စပီဂယ် ဆိုသောနာမည်ဖြင့် နိုင်ငံကူးလက်မှတ်အတုကိုင်ပြီး ပြူအာတိုကွေဒိုနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း၊ စန်တာကလာရာမြို့သို့ သူရောက်သွားကြောင်းများကို ပက်ထရစ်ရှာဂါဗေးက ပြောပြသည်။ ထို့နောက် ဆက်ပြောသေးသည်။

"လေကြောင်း ကုမ္ပဏီနဲ့ ပြူအာတိုကွေဒိုနိုင်ငံ လူဝင်မှု ကြီးကြပ်ရေး ဌာနကို ပေါလ်က စုံစမ်းကြည့်တယ်၊ လေယာဉ်ပျံပေါ်မှာ အာဝင်စပီဂယ် ပါသွားကြောင်းနဲ့ စန်တာကလာရာ လေဆိပ်မှာဆင်းကြောင်း အတည်ပြုချက်ရပါတယ်။ အဲဒီနောက် သူပျောက်သွားတာပဲ၊ အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ် မှာလည်း သူ မတည်းဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com


ပက်ထရစ်ရှာက သူ့ မျက်နှာအမူအရာကို အတတ်နိုင်ဆုံး ရိုးသားသည့် အသွင်ဖြစ်အောင် ကြိုးစားနေရသည်။ ဟိုတယ်အမှုထမ်းများနှင့် ပြူအာတိုကွေဒိုရဲအဖွဲ့ကလည်း သည်အတိုင်းထပ်တူထွက်အောင် ပေါလ်ဗားဟတ် စီစဉ်ပြီးသား ဖြစ်ပါစေတော့ဟုလည်း စိတ်ထဲမှာကျိတ်၍ ဆုတောင်းလိုက်မိသည်။

"ဘယ်ဟိုတယ်ကိုမှ သူဝင်ပြီး မှတ်ပုံမတင်ထားဘူးလား" ဟု ကုတ္တနေက ပြန်မေးသည်။

"မတင်ပါဘူး" ပက်ထရစ်ရှာက ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သဖြင့် အင်္ကျီက လျော့သွားသည်။ အက်ဒွပ်ကုတ္တနေ၏ မျက်လုံးအစုံက ထိုနေရာသို့ ရောဇ်သွားသည်။ ပက်ထရစ်ရှာကလည်း သိလိုက်သည်။ ကုတ္တနေ၏ အားနည်းချက်ကို ဖမ်းမိပြီဖြစ်ကြောင်းလည်း သဘောပေါက်သွားလေသည်။ "လီယိုဟာ ပြူအာတိုကွေဒို နိုင်ငံထဲကနေပြီး ပြန်ထွက်သွားနိုင်တယ်လို့ ပေါလ်ကထင်နေတယ်"

"ပြန်ထွက်တဲ့ လေယာဉ်ပျံတွေမှာ ပါသွားတဲ့ ခရီးသည် စာရင်းတွေကို တစ်ယောက်ယောက်ကများ စုံစမ်းကြည့်သေးသလား"

"ဘာအမိပ္ပာယ် ရှိမှာလဲရှင်၊ နိုင်ငံကူး လက်မှတ်အတုကို အလွယ်ကလေး ဝယ်လို့ရနိုင်တာပဲ၊ တခြားနာမည်ပြောင်းမှာပေါ့၊ တခြားနိုင်ငံသား လုပ်လိုက်မှာပေါ့။ ဒါအတွက်ငွေနှစ်ထောင်လောက်ပေးလိုက်ရင် နာရီပိုင်း ကလေးအတွင်း အားလုံးရနိုင်တာပဲ၊ လီယိုကလည်း အဲဒီလိုလုပ်ပြီး ထွက်သွားတာ ဖြစ်လိမ့်မယ်"

အက်ဒွပ်ကုတ္တနေက ပက်ထရစ်ရှာ၏ဂါးဗေးကို မမှိတ်မသုန် ကြည့်နေသည်။ ပက်ထရစ်ရှာကလည်း ကြည့်သာအောင် ကိုယ်အနေအထားကို မသိမသာ ပြင်ပေးသည်။

"ဒါလည်း ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်"

ကုတ္တနေ၏ အာရုံထွေပြားနေခိုက်တွင် ရနိုင်သမျှ သတင်းကို နှိုက်ယူသင့်ပြီဖြစ်ကြောင်း ပက်ထရစ်ရှာက ဆုံးဖြတ်လိုက်သည်။

"သူနဲ့ကျွန်မ နောက်ဆုံးတွေ့ကြတုန်းက နေ့လည်စာ အတူတူစားကြတယ်၊ ထုံးစံအတိုင်း သူပြောတာဆိုတာတွေကတော့ လေလုံးထွားထွားတွေချည်းပါပဲ၊ ဒါပေမယ့် သူ့ စိတ်ထဲမှာ တစ်ခုခု ရှိနေသလိုလို"

"လီယိုက အကြောင်းနှစ်ခုကို စဉ်းစားနေတယ်၊ ပြီးတော့ အစီအစဉ်လည်း လုပ်နေတယ်" ဟု အက်ဒွပ်ကုတ္တနေက ပြန်ပြောသည်။ သူ့စကား လွှန်သွားကြောင်းကို ချက်ချင်းသတိထားလိုက်မိသည်။ ထို့ကြောင့် "ဟိုဒင်းလေ . . . ဟို. . ရွှေ့ရေးကို ကြိုတွေးနေတဲ့ သဘောပါ၊ သူ့အမှုကြီး ပေါ်လာရင်. . " ဟု စကားကို ပြန်ပြင်လိုက်သည်။

ဒါလောက်ဆိုလျှင် ပက်ထရစ်ရှာဂါဗေးက ရိပ်စားလိုက်မိသည်။ အက်ဒွပ်ကုတ္တနေကို လီယိုက အတွင်းစကားများကိုပါ ယုံယုံကြည်ကြည်နှင့် ပြောထားနိုင်သည်။ သူကျိတ်ကြံစည်ထားသည်များကိုလည်း သူတို့နှစ်ယောက် ပူးပေါင်းအကောင်အထည်ဖော်ဖို့ ကြိုးစားကောင်းကြိုးစားပေလိမ့်မည်။

သည်အကြောင်းကို ပေါလ်ဗားဟတ်ကို ပြန်ပြောပြမှသင့်မည်ဟုလည်း စဉ်းစားမိသည်။ ထိုသို့စဉ်းစားမိသည်နှင့် တစ်ပြိုင်တည်း သူ့ တစ်ကိုယ် လုံး ကြက်သီးထသွားမိသည်။ သူ ပြောပြသည်များကို ပေါလ်က အာသာမိုရယ် အား ပြန်ပြောပြမည်မှာလည်း သေချာသည်။ သည်လိုဆိုလျှင်. . .


www.burmeseclassic.com

www.burmeseclassic.com



**နယူးယောက်မြို့၊ ညနေ ၄း၅၀ နာရီ။**

ပင်သီယွန် ရုပ်မြင်သံကြားကုမ္ပဏီက စီဘီစီနှင့် ကန်ထရိုက်စာချုပ် ဖျက်သိမ်းလိုက်ကြောင်း သတင်းမှာ ချက်ချင်း ပြန့်ထွက်သွားသည်။ လက်ထောက် မန်နေဂျာတစ်ဦးက ဂေါ်ဒွန်ဆင်ကလဲယားကို ဖုန်းဆက်ပြီး အကြောင်းကြားသည်။ ဆင်ကလဲယားက ပေါလ်ဗားဟတ်ကို ဖုန်းလှမ်းဆက်သည်။

"ပင်သီယွန် ကုမ္ပဏီက စီဘီစီနဲ့ စာချုပ်တွေ အားလုံးကို ဖျက်လိုက်ပြီတဲ့ ပေါလ်၊ သူတို့ရဲ့ ထုတ်လုပ်မှုတွေကို ဒီနေ့ကစပြီး ရပ်ဆိုင်းလိုက်ကြတယ်။ မေယာတော့ ရှူးသွားပြီထင်တယ်"

ပေါလ်ဗားဟတ်က ရယ်သည်။

"ဘာရှူးရမှာလဲ၊ ထွက်ပြေးတာဗျ။ သူ့ကုမ္ပဏီ အစိပ်စိပ်အမွှာမွှာ ဖြစ်သွားအောင် လုပ်နိုင်တယ်ဆိုတာကို သူသိတယ်၊ သူ့သမီး မဟုတ်တာ လုပ်ထားတာကို ကျုပ်က ဖော်ကောင်လုပ်နိုင်တယ်ဆိုတာကို သူ သိတယ်၊ ကျုပ်တွယ်လိုက်ရင် သူ့ သမီး နှစ်ကျပ်တန်လောက်တောင် အဆင့်အတန်း ရှိတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီဂျူးစုတ် ထွက်ပြေးတာ၊ သူ့ကို ချမ်းသာပေးဖို့ ကျုပ်ကို ဒူးထောက်ပြီး တောင်းပန်တာ"

"ခင်ဗျား ပြောတာတွေ ကျုပ်ကောင်းကောင်း နားမလည်တော့ဘူး ပေါလ်"

"ခင်ဗျား စဉ်းစားကြည့်လေ ဟို. . လေးငါးနှစ်တုန်းက စီဘီစီ ကန်ထရိုက်ကို ကျုပ်တို့ စင်တီနယ် ကုမ္ပဏီမရအောင် လုပ်ပြီး သူ့ရဲ့ ပင်သီယွန်က ရအောင် ယူသွားတာ မှတ်မိတယ် မဟုတ်လား၊ ဒီကန်ထရိုက်ကို ကျုပ် ဘယ်လောက်လိုချင်တယ်ဆိုတာ မေယာ သိတယ်၊ သူနဲ့ စာချုပ်ကို ဖျက်လိုက် ရင် စီဘီစီဟာ ကျုပ်တို့ စင်တီနယ်ကလွဲပြီး တခြား ကုမ္ပဏီ ရစရာ မရှိဘူး ဆိုတာကိုလည်း သူ သိတယ်၊ ဒါကြောင့် ကျုပ်ကို ထိုးပေးပြီး အသနားခံ လိုက်တာ"

**လော့စ်အိန်ဂျလိစ်၊ ည ၁၀း၀၀ နာရီ။**

တွမ်ဖာလွန်နှင့်ဂျူအန်းမီလင်ဒက်ဇ်တို့ နှစ်ယောက်က ကြေးစား စစ်သား ၃၇ ယောက်ကို ရှာဖွေ စုဆောင်းထားသည်။ လူဖြူ ၁၉ ယောက် နှင့်နီဂရိုး ၁၈ ယောက်ဖြစ်သည်။ ဖာလွန်ငှားထားသည့် ဂိုထောင်ပျက်ကြီးထဲမှာ သူတို့ကို ထည့်ထားသည်။

"ဒီထက် လူပိုရအောင် ကျွန်တော်တို့ လုပ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီလူတွေက အကောင်းဆုံးပဲ"

ဖာလွန်က ပြောပြောဆိုဆို နာမည်စာရင်းများကို ရပ်ဆယ်သော့ပ်သို့ လှမ်းပေးသည်။ သူတို့စုဆောင်းထားသူတို့၏ အမည်များနှင့် မည်သူသည် မည်သည့်လုပ်ငန်းတွင် ကျွမ်းကျင်ကြောင်းများကိုပါ အသေးစိပ် ဖော်ပြထားလေသည်။

ရပ်ဆယ်သော့ပ်က စာရင်းများကို စစ်ဆေးကြည့်သည်။ ဆေးတပ်သား နှစ်ယောက်ထပ်ပါလာသည်ကို တွေ့ရသည်။ စက်သေနတ်သမား အမြောက်အမြားပါသည်။ ငါးယောက်က မော်တာနှင့် နောက်ပွင့်ရိုင်ဖယ် လက်နက်ကြီးများ ကျွမ်းကျင်သည်။ နှစ်ယောက်က မိုင်းဗုံးထောင်သည့် လုပ်ငန်းကို တတ်ကျွမ်းသည်။ ကျန်လူများမှာလည်း တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်ကြသည့် ခြေလျင် စစ်သားဟောင်းများချည်း ဖြစ်သည်။

သူတို့သည် ခုံအကျိုးအပဲ့များ၊ သေတ္တာအဟောင်းများပေါ်တွင် ဖြစ်သလို ထိုင်နေကြသည်။ သူတို့အားလုံး၏ ၀တ်စား ဆင်ယင်ပုံမှာလည်း မနေ့ညတုန်းက နယူးယောက်မှာ ရပ်ဆယ်သော့ပ် တွေ့ခဲ့ရသူများကဲ့သို့ပင် နွမ်းနွမ်း ပါးပါး ဖြစ်ကြသည်။ သူတို့ အားလုံး ခရီးဆက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ဖြစ်နေကြပုံရ သည်။ အုတ်နံရံနားမှာ ခရီးဆောင်အိတ်အဟောင်းများကို စုပုံချထားသည်။

နယူးယောက်တွင် ပြောခဲ့သည့် စကားများ အတိုင်းပင် ရပ်ဆယ်က ပြန်ပြောပြသည်။ ပြီးတော့မှ လှမ်းမေးသည်။

"မလိုက်ချင်တဲ့ လူရှိရင် နေခဲ့နိုင်တယ်" သို့သော်. . . . တစ်စုံ တစ်ယောက်မှ မလှုပ်ကြချေ။ "ကောင်းပြီ မင်းတို့ အားလုံးကို ငှားလိုက်ပြီ၊ ဘာမေးစရာရှိသလဲ"

"ခင်ဗျားဟာ ဗိုလ်ကြီးလို့ ကျွန်တော်တို့ ကြားဖူးတယ်၊ ခင်ဗျားကို ကျွန်တော်တို့ ဘယ်လိုခေါ်ရမလဲ"

"ရပ်စ်လို့ခေါ်"

"တခြားအရာရှိတွေ ရှေ့မှာပါ ဒီအတိုင်းခေါ်ရမှာလား. ."

"ဘာအရာရှိကြီးမှ မရှိဘူး၊ အားလုံး သူလို ကိုယ်လိုအကောင်တွေချည်းပဲ"

"ကျွန်တော်တို့ ဘယ်တော့ ထွက်ရမလဲ"

"ဂျူအန်းငှားထားတဲ့ ဘတ်စ်ကား ရောက်လာရင် ထွက်မယ်. ."

နောက်တစ်နာရီခွဲမျှ ကြာသောအခါ သူတို့ အားလုံး စန်တာမော်နီ ကာလေဆိပ်သို့ ရောက်နေကြလေသည်။ ဖလော်ရီဒါမှာ ရှိနေသော အလုပ်စခန်း တစ်ခုအတွက် အလုပ်သမားများ စုဆောင်းလာသည့်ပုံမျိုး ဖြစ်သည်။ ယိတ်နာဂယ်ထံမှ ငှားထားသော ခရီးသည်တင် ဒီစီ ၇ ဂျက်လေယာဉ်ပျံပေါ်သို့ တက်ကြသည်။ ချောမောလှပသော လေယာဉ်မယ် နှစ်ဦးကို မြင်လိုက်ရသဖြင့် သူတို့အားလုံး အူမြူးသွားကြသည်။ ဆက်လက်ပြီး အကောင်းဆုံး အစားအသောက်များနှင့် ဧည့်ခံကျွေးမွေးသောအခါတွင် အံ့အားအသင့်ကြီး သင့်ကုန်ကြတော့သည်။

"အမြူးနေတဲ့ စစ်တပ်တစ်တပ်ကို ကျွန်တော်တို့ ရလိုက်ကြပြီ" ဟု တွမ်ဖာလွန်က ရပ်ဆယ်သော့ပ်ကို လှမ်းပြောသည်။

"သူတို့ စိတ်ဓာတ် အခုလိုပဲ အမြဲတမ်း တက်ကြွနေပါစေလို့ မျှော်လင့်ကြရတော့မှာပေါ့ကွာ"

ရပ်ဆယ်က ထိုမျှသာ ပြန်ပြောသည်။ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကား လွယ်ကူချောမောစွာဖြင့် ပြည့်စုံအောင်မြင်သွားလေပြီ။ ယခုအချိန်မှ စပြီး နောက်ဆက်လက် ကြုံတွေ့ရမည့် ပြဿနာများမှာ ပို၍ ပို၍ ကျပ်တည်း ခက်ခဲလာတော့မည် ဖြစ်ကြောင်းကိုလည်း စဉ်းစားလိုက်မိသည်။

အင်ဒီးယန်းဝဲလ်စ်၊ ည ၁၁း၅၅ နာရီ။

ဩဂတ်စတပ် ဆမ်မြူယယ်မေယာသည် စာကြည့်ခန်းထဲမှာ အတွေးနယ်ကျွံနေသည်။ ပေါ်ပေါက်လာသည့် သံသယ စိတ်များကိုလည်း ဖျောက်ဖျက်ပစ်နေရသည်။ မိမိတို့၏ ပင်သီယွန်ကုမ္ပဏီက စီဘီစီနှင့် ကန်ထရိုက် စာချုပ်ဖျက်သိမ်းလိုက်ကြောင်း ကြေငြာလိုက်သည်နှင့် တစ်ပြိုင်တည်း ပေါ်ထွက်လာသည့် ဂယက်များကို ဟာရှေဘလောက်နှင့် ဒင်နီယယ်ဆိဇ်တို့က ဖုန်းဆက်ပြောသည်။ သူတို့ ကြိုတင်မှန်းဆ ထားသကဲ့သို့ပင် ဖြစ်ပါသည်။

စီဘီစီ ထိပ်တန်းအရာရှိကြီးများသည် ချက်ချင်း သူတို့ ရုံးများသို့ ပြန်ပြေးသွားကြသည်။ ရှေ့နေများနှင့် တိုင်ပင်ကြသည်။ ပင်သီယွန်ကို ရုံးတင် တရားစွဲမည် ဖြစ်ကြောင်း ကြေငြာကြသည်။

မေယာကိုနှင့် ပင်သီယွန်မှာ ရှိသော တာဝန်ရှိသူများ အားလုံးကို ရေငုံနှုတ်ပိတ်ခိုင်းထားသည်။ မည်သူက ဘာမေးမေး ပြန်မဖြေရန်နှင့် ထင်မြင်ချက် မပေးရန် ညွှန်ကြားထားသည်။ အောက်လူများကမူ ကန်ထရိုက်ဖျက် လိုက်သည့်အတွက် မိမိတို့ အလုပ်ပြုတ်ကြတော့မည်ဟု တွေးပူ နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့သို့သော် အကျပ်အတည်းများကြောင့် မေယာကို၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းသွားမည်ကို ဆမ်မေယာက သိထားပြီးဖြစ်သည်။ ဆီးဂတ်သံမဏိလုပ်ငန်း ကော်ပိုရေးရှင်းကလည်း အင်ကမ်းကုမ္ပဏီဘက်သို့ ယိုင်သွားပေလိမ့်မည်။ ဒါတွေဆုံးရှုံးလျှင် သူ့ကုမ္ပဏီအဖို့ ဒေါ်လာသန်း ၃၀၀ လောက် အရှုံးပြသွားနိုင်သည်။ သို့သော် ရပ်ဆယ်သော့ပ်၏ လုပ်ငန်းများ အားလုံးအောင်မြင်လျှင် ဒါတွေအားလုံး ပြန်ရမည်း မအောင်မြင်ဟု ဆိုလျှင်တော့ ဒေါ်လာသန်းပေါင်း ရာနှင့်ချီမည် မဟုတ်ပါ။ ထောင်နှင့်ချီပြီး ဆုံးရှုံးရတော့မည်သာ ဖြစ်လေသည်။

အခန်းအပြင်မှာ စောင့်နေသော လုံခြုံရေးတာဝန်ခံက အခန်းသော့ကို ဖွင့်ပြီး ကလျာကို အခန်းတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။ ကလျာသည် အင်္ဂါနေ့ကတည်းက အင်ဒီးယန်းဝဲလ်စ်သို့ ရောက်လာခြင်းဖြစ်သည်။ လုံခြုံ ရေးအတွက် သက်တော်စောင့်များ ထားရသည်မှာ အာရပ်အကြမ်းဖက် အုပ်စုတစ်ခုကို လိုလားသူတို့၏ ခြိမ်းခြောက်မှု ရှိနေသောကြောင့် ထားရသည်ဆိုသည့် အကြောင်းပြချက်ကို ကလျာက လက်မခံ။ သည့်ထက်ပိုပြီး အရေးကြီးသည့် အကြောင်းတွေ ရှိနေရမည်ဟု သူတွေးထင်ထားသည်။

"အိပ်မပျော်ဘူးလား ဖေဖေ"

ကလျာက သူ့ဆံပင်နက်များကို သိမ်းဖယ်လိုက်ရင်း ဆမ်မေယာကို လှမ်းမေးသည်။

"ခဏကြာရင် အိပ်တော့မှာပါ" ဟု မေယာက ပြန်ဖြေသည်။

"ဒီလိုဆိုရင် မအိပ်ခင် အရက်တစ်ခွက်စီ သောက်လိုက်ရအောင်နော် ဖေဖေ" ကလျာက အရက်ထားသည့် နေရာသို့သွားပြီး ကော့ညက် အရက်နှစ်ခွက်ထည့်သည်။ "ကမ္ဘာပေါ်မှာ အကောင်းဆုံး အိပ်ဆေးနဲ့ အကောင်းဆုံး စိတ်ငြိမ်ဆေးလို့ ဖေဖေ ပြောဖူးတယ် မဟုတ်လား"

"ဟုတ်တယ်၊ အရင် ကိုးနှစ်လောက်က ပြောတာ၊ ဒီတုန်းက သမီး ဆယ့်ရှစ်နှစ်သမီးပဲ ရှိသေးတယ်"

"ဒီည ဘာဖြစ်လို့ ဖေဖေ စိတ်မသက်မသာ ဖြစ်နေတာလဲ"

ကလျာက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ရင်း မေးသည်။

သူတို့ ယုံကြည်လောက်သည့် အဖြေမျိုး ပြန်ပေးရတော့မည်ဟု မေယာက သဘောပေါက်လိုက်သည်။

ဆုံးဖြတ်ချက် တစ်ခုကိုချဖို့ ခက်နေတယ်၊ ရပ်ဆယ်သော့ပ်နှင့် ဒင်ဆိဇ် ကိစ္စကို ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ဒင်ကလည်း ဒေါသတကြီးဖြစ် နေတယ်၊ ရပ်စ်က သူ့ကိုကျော်ပြီး လုပ်နေတယ်လို့ ဒင်က ထင်နေတယ်"

"ဘာဖြစ်တယ်. . "ကလျာ၏ ကိုယ်လုံးက မတ်လာသည်။ "ရပ်စ် ဟာ ဖေဖေ့ အမိန့်ကို ကျော်လုပ်မယ့် လူစားမျိုး မဟုတ်ပါဘူး"

"သူက အခွင့်အရေးတွေ ပိုယူပြီး ကျော်လုပ်နေတယ်လို့ ဒင်ကပြောနေတယ်၊ သက်သေခံ အထောက်အထားတွေနဲ့ ပြောနေတာ"

"ဒင်က သူ့အခွင့်အာဏာနဲ့ ပတ်သက်ပြီး အမြဲတမ်း မနာလိုဖြစ်နေတာ"

"သမီး-အလုပ်မှာ စည်းကမ်းဆိုတာရှိတယ်၊ ဘောင်ဆိုတာရှိတယ်၊ သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ ဘောင်ကို ကျော်လို့မရဘူး၊ ဒင်ဟာ မေယာကို ရဲ့ ဥက္ကဋ္ဌ ဖြစ်တယ်၊ သူ့မှာ အခွင့်အာဏာတွေ ရှိတယ်၊ ရပ်စ်ကို ဖေဖေက မထွက်ခိုင်းရင် သူထွက်မယ်လို့ ပြောနေတယ်"

"ရပ်စ်ဘက်က တင်ပြတာကို ဖေဖေ နားမထောင်ပဲ ထုတ်ပစ်လိုက်တော့ မလို့လား"

"ဒင်ဟာ ဖေဖေ့ရဲ့ မိတ်ဟောင်းဆွေဟောင်း ဖြစ်တယ်၊ မေယာကို ကုမ္ပဏီမှာ အလုပ်လုပ်လာတာလဲ နှစ်ပေါင်း အစိပ်လောက်ရှိနေပြီ၊ ဒါကြောင့် သူ့စကားကို နားထောင်ပြီး သူ့ အဆုံးအဖြတ်ကို လက်ခံရတော့မယ်"

ကလျာက ထိုင်ရာမှထပြီး ခွက်ထဲမှ လက်ကျန် အရက်ကို မော့သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်စ်နဲ့ ပတ်သက်ပြီး အကြီးဆုံး အမှားတစ်ခုကို ဖေဖေ လုပ်လိုက် ပြီလို့ ထင်တယ်"

မေယာကလည်း သူ့ သမီးပြောသကဲ့သို့ပင် အမှားတစ်ခု လုပ်လိုက်မိမှာကို စိုးရိမ်နေသည်။ သို့သော်လည်း သူစိုးရိမ်သည်က တခြားနည်း ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

### အယ်လ်ဖာစခန်း၊ စနေ၊ မေ ၂၁၊ နံနက် ၄း၃၀ နာရီ။

လပြည့်ခါနီးမို့ လရောင်က ထိန်ထိန်သာနေသည်။ ရာသီဥတုကလည်း အလွန်ကောင်းနေသည်။ ဒီစီ ၇ ဂျက်လေယာဉ်သည် အယ်လ်ဖာစခန်း ပြေးလမ်းအတိုင်း ဆင်းလာသည်။

အောတစ်ရန်နယ်နှင့် အခြားသုံးယောက်တို့သည် သူတို့ ကတိအတိုင်း ဆောင်ရွက်ထားကြသည်။ ရိက္ခာများနှင့် လက်နက် ခဲယမ်း မီးကျောက်များ ရောက်နေပြီ။ စစ်တန်းလျားများ၊ ဂိုဒေါင်များနှင့် ထမင်းစားခန်းများကို လျှပ်စစ်ဓာတ်အားပေးစက်ဖြင့် မီးထွန်းထားပေးသည်။ ထမင်းချက် သုံးယောက်ကလည်း ကော်ဖီနှင့် အစားအသောက်များကို ပူပူနွေးနွေး ပြင်ဆင်ပေးထားသည်။

"မကြာခင် နောက်ထပ် လေယာဉ်တစ်စင်းနဲ့ လူတွေ ထပ်ရောက်လာဦးမယ်" ဟု ရပ်စ်က ထမင်းချက်များကို ပြောသည်။

"မပူပါနဲ့ဗျာ၊ သူတို့ကိုလည်း ကျွန်တော်တို့ ကောင်းကောင်း ကျွေးလိုက်ပါ့မယ်" ဟု ထမင်းချက် တစ်ယောက်က ပြန်ဖြေသည်။

ရပ်စ်က တွမ်ဖာလွန်နှင့်ဂျူအန်းမီလင်ဒက်ဇ်တို့ နှစ်ယောက်ကို ခေါ်ပြီး စခန်းတွင်းသို့ လှည့်လည် စစ်ဆေးကြည့်ရှုသည်။ သူတို့အားလုံး ကျေနပ်သွားပါသည်။ စစ်တန်းလျားများသည် ဟောင်းနေကြသည်မှာ မှန်သည်။ သို့သော်လည်း အားလုံး သန့်သန့်ရှင်းရှင်း ရှိနေသည်။ ရေအေးနှင့် စပ်ပြီး ချိုးနိုင်ရန် ရေနွေးများကိုလည်း အသင့်ကျိုထားသည်။ ဆီတိုင်ကီများမှာ ဆီအပြည့် ရှိသည်။

အိပ်ယာ၊ စောင်၊ ခြင်ထောင်နှင့် ယူနီဖောင်းများကို အောတစ်ရန်နယ်က ကြိုတင်ပို့ပေးထားပြီး ဖြစ်သည်။ သင်တန်းဆင်း ယူနီဖောင်း အသစ်များနှင့် တိုက်ပွဲဝင် ယူနီဖောင်း အသစ်များ ဖြစ်သည်။ လက်နက်ခဲယမ်း မီးကျောက်မှာ ငါးပုံတစ်ပုံသာ ရောက်သေးသည်။ ဂိုဒေါင်များထဲမှာထည့်ပြီး တာပေါ်လင်စများဖြင့် စနစ်တကျ ဖုံးအုပ်ပေးထားသည်။

စားသောက်ခန်းမသို့ သူတို့ ပြန်လာခဲ့ကြသည်။ ကြေးစား စစ်သားများ အားလုံး စားသောက်ပြီးကြလေပြီ။ ဖာလွန်နှင့် မီလင်ဒက်ဇ်က စောင်၊ ခြင်ထောင်နှင့်၊ အိပ်ယာပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးသည်။ အားလုံးကို နှစ်စုခွဲပြီး တန်းလျားနှစ်ခုမှာ လူစုခွဲ နေရာချထားပေးလိုက်သည်။

"ယခုအချိန်အထိတော့ နောက်ကြောင်းပြန်လှည့်ချင်တဲကောင် တစ်ကောင်မှ မပေါ်သေးဘူး" ဟု မီလင်ဒက်ဇ်က ရပ်စ်ကို သတင်းလာပို့သည်။

"ကောင်းတယ်၊ တို့လည်း အိပ်ကြဦးစို့"

"ဟောဟိုနားမှာ မြိစည်းရိုးကာထားတဲ့ အဆောက်အအုံတစ်ခု ရှိတယ်၊ အရာရှိရိပ်သာအဖြစ် သုံးခဲ့တာနဲ့ တူတယ်"ဟု ဖာလွန်က ပြောသည်။

"ခေါက်ထားစမ်း စစ်သားတွေနဲ့ပဲ အတူတူတို့ နေရမယ်၊ အခုအချိန်ကစပြီး သူတို့အားလုံး စားသောက်ပြီးမှ တို့စားရမယ်"ဟု ရပ်စ်က ပြန်ပြောသည်။

စစ်သားများ၏ သစ္စာစောင့်သိ ရိုသေမှုနှင့် စည်းကမ်းရှိမှု ဆိုသည်မှာ ခေါင်းဆောင်များ၏ အပြုအမူပေါ်မှာ မူတည်သည်။ ခေါင်းဆောင်များသည် ငယ်သားများ နေသလိုနေ၊ စားသလိုစားပြီး ငယ်သားများ၏ သက်သာချောင်ချိရေးကို ဦးစားပေးခြင်းအားဖြင့် သစ္စာစောင့်သိ ရိုသေမှုနှင့် စည်းကမ်းရှိမှုကို အလွယ်တကူ ရယူနိုင်ကြောင်း ဗြိတိသျှစစ်ဗိုလ်ချုပ် ဝင်းဂိတ်၏ နည်းကို ရပ်ဆယ်သော့ပ် ကောင်းကောင်းသိပြီး ဖြစ်လေသည်။

**နယူးယောက်မြို့၊ နံနက် ၈း၃၀ နာရီ။**

ပေါလ်ဗားဟတ်သည် စိတ်ရှည်ရှည်နှင့် စောင့်နေနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် သူကပင် ဂေါ်ဒွန်ဆင်ကလဲယားကို ဖုန်းလှမ်းဆက်လိုက်သည်။

"နောက်ဆုံးသတင်း ဘာထူးလဲ ဂေါ်ဒွန်"

"ဖြစ်မှ ဖြစ်ရလေဗျာ. . မနေ့ညက ခင်ဗျားနဲ့ကျုပ် စကားပြောပြီး ကတည်းက ဘယ်သူနဲ့မှနောက်ထပ် မပြောရသေးဘူး၊ စီဘီစီကို အုပ်ချုပ်နေသူတွေနဲ့ ကျုပ်ဆွေးနွေးကြည့်ပါမယ်လို့ ပြောခဲ့ပြီးပြီ မဟုတ်လား"

"ဒီလိုဆိုရင် အခုအချိန်အထိ ဘာမှ ရေရေရာရာ မသိရသေးဘူးပေါ့"

"ဒီမှာ ပေါလ်. . ပင်သီယွန်ကုမ္ပဏီဟာ နောက်ဆုတ်သွားတယ်လို့ ကျုပ်မယုံဘူး၊ မေယာဟာ အလံဖြူထောင်ပြပြီး ထွက်ပြေးသွားတယ်ဆိုတာ ကျုပ် လက်မခံဘူး၊ နောက်ပြီးတော့"

'မေယာကို ဘယ်လို အပြတ်ဆော်ရမယ်ဆိုတာ ကျုပ်မှာ နည်းလမ်းတွေ အများကြီး ရှိတယ်"

"သိပါတယ်. . . သိပါတယ်၊ ကဲ. . ကျုပ် မနက်စာ စားနေတုန်း တန်းလန်းကြီး"

ပေါလ်၏ လက်ထဲမှ တယ်လီဖုန်းအသံတိတ်သွားသည်။ ပေါလ်က ရေခွတ်ဆဲဆိုရင်း အရေးကြီး တယ်လီဖုန်းခလုတ်ကို နှိပ်လိုက်သည်။

**စန်တာကလာရာ၊ နံနက် ၇း၃၇ နာရီ။**

စနေနေ့ နံနက်ဖြစ်သော်လည်း ဂျက်ဖရေစပင်ဇာသည် ဂေါက်သီး ကစားဖို့ မသွားနိုင်တော့ပါ။ အရေးကြီးတယ်လီဖုန်းမှ မီးနီပြလာသည်။ ကောက်ကိုင်သောအခါ ပေါလ်ဗားဟတ်က နောက်ဆုံးအခြေအနေများကို ရှင်းပြနေသည်။

"ဒီမှာရှိတဲ့ အလုပ်တွေကို တက်သုတ်နှင့်ပြီး ကိုယ်လုပ်နိုင်တယ်၊ အဲဒီမှာ မောင်ရင့်အကောင် လီနာရီနဲ့ ဘာဖြစ်လို့ တက်သုတ်နှင် မလုပ်နိုင်ရမှာလဲ"ဟု ပေါလ်က မေးသည်။

"ကျုပ်အကောင် မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားနဲ့ ကျုပ်တို့ရဲ့ အကောင်ပါ၊ မနက်ဖြန်ဟာ တနင်္ဂနွေနေ့ ဖြစ်တယ်၊ ဒီမှာရှိတဲ့ လူတွေအားလုံး ဘုရား ဝတ်တက်ကြလိမ့်မယ်၊ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပိုင်တဲ့ ကြံခင်းတစ်ခင်းနဲ့ ရွာတစ်ရွာ မီးရှို့အဖျက်ခံရလိမ့်မယ်၊ တနင်္လာနေ့ဆိုရင် ကျွန်တော် သတင်းပေးစရာတွေ အများကြီး ရှိမှာပါဗျာ"

အယ်လ်ဖာစခန်း၊ မွန်းတည့်။

နတ်သန်ဒူဝေနှင့် သူ့လူများလည်း ရောက်လာပြီး ရပ်ဆယ်သော့ပ် နှင့် နတ်သန်ဒူဝေ တို့သည် သူတို့၏ လူအင်အားကို တွက်ကြည့်ကြသည်။ သူတို့ နှစ်ယောက်အပြင် ဖာလွန်နှင့် မီလင်ဒက်ဖ်တို့ နှစ်ယောက်ကိုပါ ထည့်ပေါင်းလျှင် ၈၄ ယောက်ဖြစ်လေသည်။

"ပြူအာတိုကွေဒို စစ်တပ်မှာ အင်အား ဘယ်လောက်ရှိသလဲ"ဟု နတ်သန်ဒူဝေက မေးသည်။

"ယူနီဖောင်းနဲ့က သုံးထောင်ရှိတယ်၊ ယူနီဖောင်း မဝတ်တာက သုံး လေးရာရှိတယ်" နတ်သန်က ခေါင်းကို ယမ်းခါလိုက်သည်။

"တို့အားလုံး ကြွကုန်မှာပဲ၊ လူတစ်ယောက်နဲ့ လေးဆယ်တိုက်ရမှာ"

"မင်းကို ငါပြောထားပြီးသားပါကွာ၊ သူတို့ စစ်တပ်က အရောက်တွေက အလကား ကောင်တွေပါ၊ တကယ့် စစ်သားဆိုတာကိုလည်း သူတို့မြင်ဘူးကြတာ မဟုတ်ပါဘူး။ တကယ့် စစ်သားနဲ့ ရင်ဆိုင်ရရင် ဘာလုပ်ရမယ်ဆိုတာကိုလည်း သူတို့ မသိပါဘူး"

"ဒီကောင်တွေ သေနတ်မောင်းတော့ ဖြုတ်တတ်ရမှာပေါ့၊ ဒါဆို ဘာသိနေရဦးမှာလဲ" ဟု နတ်သန်က ပြန်ပြောသည်။

"သူတို့ တိုင်းရင်းသားတချို့ကိုလည်း တို့ရမယ်" ရပ်ဆယ်သော့ပ်က နတ်သန်၏ မှတ်ချက်ကို တစ်စုံတစ်ရာ ပြန်လည်ဖြေရှင်းခြင်း မပြုတော့ချေ။

"အရပ်သားတွေလား"

"ဟုတ်တယ် သူတို့ကို လက်နက်တပ်ဆင်ပေးပြီး သဘောလောက်တော့ သင်တန်းပေး ရမယ်"

"သူတို့ကို ခုတုံးလုပ်ပြီး တိုက်ရမှာလား"

"လိုအပ်ရင်တော့ အဲဒီအတိုင်း လုပ်ရမှာပဲ၊ ဒီမှာနတ် . . . အဲဒီ ကောင်တွေဟာ အတိုက်အခံ ပါတီဝင်တွေ၊ ဒီအတိုင်းလည်း သူတို့ အသတ်ခံ နေကြတာပဲ၊ လီနာရီရဲ့ အာဏာ သိမ်းမှု အောင်မြင်သွားတဲ့ နောက်မှ ဒီထက်တောင် ပိုပြီးအသတ်ခံကြရဦးမယ်၊ အခုလို တို့က ကူညီတဲ့အတွက် အနည်းဆုံးတော့ သူတို့က ပြန်ပစ်နိုင်တဲ့ အခွင့်အရေး ရသွားသေးတာပေါ့ကွာ"

"ငါကွာ ကက်သလစ် ဘာသာဝင် မဟုတ်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ မသိဘူး" ဟု နတ်သန်က ညည်းသည်။

"ဘာဖြစ်လို့လဲကွ"

"ဒါမှ ငါ့ကိုယ်ငါ သတ်သေလိုက်ရင် အပြစ်မရှိတော့မှာပေါ့၊ အခု အတိုင်းကတော့ တို့အားလုံး ကိုယ့်ဟာကိုယ် သတ်သေကြတာနဲ့ အတူတူ ဖြစ်တော့မှာပဲ၊ သေလည်း သေရသေး တယ်၊ ဘာသာရေးအရလည်း အပြစ်ဖြစ် ရဦးမယ်" နတ်သန်ဒူဝေက ပခုံးနှစ်ဘက်ကို တွန့်လိုက် သည်။

"တော်ပါပြီကွာ . . ကဲ တို့သူ့ရဲကောင်းကြီးတွေကို လူခွဲပေးကြရအောင်"

ရစ်ဆယ်သော့ပ်က သူ့လူများကို တပ်စုသုံးစု ဖွဲ့စည်းလိုက်သည်။ သူ၏ ဒုတိယ တပ်မှူးဖြစ်သော နတ်သန်ဒူဝေကို တစ်စုပေးသည်။ ကျန်နှစ်စုကို ဖာလွန်နှင့် မီလင်ဒက်ဖ်တို့ ခေါင်းဆောင်ရမည် ဖြစ်သည်။ တပ်စုများ ဖွဲ့စည်းပြီးသောအခါ ယခင်တုန်းက စစ်ရေးပြကွင်း ဖြစ်ခဲ့ဟန်တူသော ကွင်းထဲမှာ သူတို့ကို တန်းစီခိုင်းသည်။ အားလုံး တိုက်ပွဲဝင် ယူနီဖောင်း



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းများနှင့် ဖြစ်နေကြပြီ။

"တို့အားလုံး တောကြီး မျက်မည်း အလယ်ကောင်ကို ရောက်နေကြပြီ" ဟု ရပ်ဆယ်သော့ပ်က သူတို့ကို ပြောပြသည်။ "ဒီနေရာကနေပြီး အနီးဆုံး မြို့ဟာ ဆယ့်ရှစ်မိုင်ဝေးတယ်၊ ဒီအလုပ်လုပ်ဖို့ သဘောတူကြောင်း မင်းတို့ ပြောကြတုန်းက မင်းတို့ကို အသိပေးထားတဲ့အတိုင်းပဲ ဒီတပ်မှာ ငါက လွဲပြီး ကျန်တဲ့လူတွေ ဘယ်ကိုမှ မသွားရဘူး၊ သင်းတန်းတက်နေတုန်း အားလုံး အမိန့်အတိုင်း နေရမယ်၊ ကောင်းပြီ၊ မင်းတို့ကို ဒီနေ့တစ်ရက် အနားပေးလိုက်တယ်"

"အခုန ခင်ဗျားပြောတာ ကျုပ်တို့ ဘယ်ကိုမှ မသွားရဘူးဆိုဗျ" တစ်ယောက်က လှမ်းမေးသည်။

"ဟိုစားသောက်ခန်းကိုပဲ သွားကြပေါ့ကွာ"

ရပ်စ်၏ စကားကြောင့် အားလုံးက ဝိုင်းဝန်း သြဘာပေးကြသည်။

"စားသောက်ခန်းကို ည ၁၁ နာရီအထိ ဖွင့်ပေးထားမယ်၊ အရက် ဘီယာ၊ အစားအစာ မင်းတို့ကြိုက်ရာ စားသောက်နိုင်တယ်"

သြဘာသံများက ပိုမိုကျယ်လောင်လာသည်။

"တိတ်"

အားလုံးတိတ်သွားကြသည်။

"သေသေချာချာ နားထောင်၊ မနက်ဖြန်မနက် ခြောက်နာရီတိတိမှာ အဆင်သင့်ဖြစ်မနေတဲ့အကောင် တစ်စစီဖွဲ့ပြီး ဟောဟိုအိုင်ထဲက မိကျောင်းတွေကို ကျွေးပစ်မယ်၊ အဲဒီအိုင်နဲ့အပြည့် မိကျောင်းတွေရှိတယ်"

ရပ်စ်၊ နတ်၊ မီလင်ဒက်ဇ်နှင့် ဖာလွန်တို့သည် ကျန်လူအားလုံးထက် ပိုပြီး အရက်သောက်ပြလိုက်ကြသည်။

**လော့စ်အိန်ဂျလိစ်၊ မွန်းလွဲ ၁း၃၀ နာရီ။**

စင်တီနယ် ဗွီဒီယိုကုမ္ပဏီ၏ အုပ်ချုပ်ရေး ကော်မတီဝင်အဖြစ် တာဝန်ယူကြသူ ခြောက်ဦးနှင့် ပတ်ထရစ်ရှာဂါဗေးသည် စိတ်ပျက်ငြီးငွေ့ပြီး စိတ်မရှည်နိုင်အောင် ဖြစ်နေကြတော့သည်။ သူတို့ အားလုံး ဆာလည်း ဆာလောင်နေကြပြီ။ လီယိုဖူးခ်ျဘတ်အသုံးပြုသွားသော ရုံးခန်းထဲမှာ မနက်ရှစ် နာရီကတည်းက သူတို့ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်နှင့် ဆွေးနွေးနေခဲ့ကြသည်။

"နေ့လည်စာကို စပို့စ်မင်းဆိုင်က လှမ်းမှာလိုက်ရင် ကောင်းမယ် ထင်တယ်၊ သိပ်လဲ မဝေးဘူး" ဟု တစ်ယောက်က အကြံပေးသည်။

"တရုတ်ထမင်း ဟင်းကလေးများ စားရမယ်ဆိုရင်တော့ စိတ်မဆိုးပါဘူးဗျာ၊ ဖားအိစ်တဲရေ့စ်ဆိုင်က အစားအသောက်ကောင်းပါတယ်" ဟု နောက်တစ်ယောက် ပြောသည်။

"ကုလားထမင်းဟင်းက ပိုကောင်းမယ် ထင်တယ်" ဟု အခြားတစ်ယောက်က တစ်မျိုးတင်ပြလိုက်သည်။

ပက်ထရစ်ရှာဂါဗေးမှာ စိတ်မသက်မသာ ဖြစ်သွားသည်။ ပေါလ်ဗားဟတ်နှင့် အာသာမိုရယ်တို့ နှစ်ယောက်က စင်တီနယ် ကုမ္ပဏီကို ကော်မတီဖွဲ့ ပြီး အုပ်ချုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ယခု ထိုကော်မတီသည် နေ့လည်စာ ဘာမှာစားမည်ကိုပင် သဘောတူညီမှု မရနိုင်ကြပဲ တစ်ယောက်တစ်မျိုး တင်ပြနေကြသည်။ ပေါလ်ဖုန်းလှမ်းဆက်သည့် အချိန်အထိ နေ့လည်စာအတွက် သူတို့ အခြေအတင် ဆွေးနွေးနေကြဆဲ ဖြစ်သည်။

ပေါလ်ဗားဟတ်၏ အသံမှာ စိတ်အားထက်သန်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ကလဲယားက လိုအပ်တာတွေ သူလုပ်နေပြီလို့ ပြောတယ်၊ စီဘီစီ ကန်ထရိုက်ကို ယူရင် စင်တီနယ်က ဘာတွေလုပ်မယ်ဆိုတာနဲ့ ပတ်သက်ပြီး ကော်မတီကို တင်ပြချက်မူကြမ်း ဆွဲခိုင်းပါ။ စည်းကမ်းချက်တွေပါပေစေ၊ အာမခံချက်တွေ ပါပေစေ၊ ဟာကွက်၊ ပျော့ကွက်မရှိစေနဲ့၊ ပထမမူကြမ်းကို တစ်နာရီအတွင်းငါ့ဆီ ကြေးနန်းနဲ့ပို့"

ထိုမူကြမ်း၏ ပထမစာကြောင်းကို တစ်နှစ်နှင့်ရေးဆွဲပြီးဖြစ်လျှင် ကံကောင်းလှပြီဟု ပက်ထရစ်ရှာက စိတ်ထဲမှာ ပြန်ပြောလိုက်သည်။

"ကဲ လူကြီးမင်းများ နေ့လည်စာ ဘာစားမယ်ဆိုတာနဲ့ ပတ်သက်ပြီး အဖြေရပါပြီ၊ ပိုက်ဆံအကြွေထည့်လိုက်ရင် ကိုယ့်ကြိုက်တဲ့ အစားအစာ ထွက်လာတဲ့ စက်တွေ ဒီနေရာမှာ ကျွန်မ တပ်ပေးပါ့မယ်၊ ရှင်တို့ဟာ ရှင်တို့ ဘောင်းဘီအိတ်ထဲက အကြွေနှိုက်ပြီး ကိုယ့်ကြိုက်တဲ့ အပေါက်ကို ထည့်လိုက်ကြပါ တော့"ဟု စိတ်အချဉ်ပေါက်ပေါက်ဖြင့် ငေါ့ပြောလိုက်မိလေသည်။

**အယ်လ်ဖာစခန်း၊ တနင်္ဂနွေ၊ မေ ၂၂၊ နံနက် ၆း၀၀ နာရီ။**

မနေ့ညတုန်းက အရက်မူး လွန်သွားကြသူများသည် အရက်နာကျသည်ကို လူသိမှာ ရှက်ကိုး ရှက်ကန်း ဖြစ်နေကြသည်။ အခြားသူများနှင့် အတူရောပြီး ကိုယ်လက်လှုပ်ရှားမှုကို ဆယ့်ငါးမိနစ်ကြာအောင် ပြုလုပ်ကြသည်။

"တို့နံနက်စာ စားမယ်၊ မင်းတို့ အိပ်ဆောင်တွေ စနစ်တကျဖြစ်အောင် သိမ်းပါ။ ပြီးရင် နေ့လည်စာစားတဲ့ အချိန်အထိ ကင်းထောက်လူငယ်တွေလို တို့လမ်းလျှောက်မယ်၊ အပြင်လောကမှာ တို့ကျင့်သားရလာအောင်လုပ်တဲ့ သဘောပဲ၊ နေ့လည်စာ စားပြီးရင် လက်နက်သင်တန်းတက်ရမယ်၊ ကျည်ဆန် ဘယ်အပေါက်က ထွက်တယ်ဆိုတာကိုတောင် မင်းတို့မေ့ချင်မေ့နေလောက်ပြီ" ဟု ရပ်ဆယ်သော့ပ်က တန်းစီနေသော စစ်သားများကို ပြောသည်။

"ဒီနေ့ည ကျွန်တော်တို့ ဘာလုပ်ရမလဲ ခင်ဗျ"

"ဒီနေ့ည ရေအိုင်ထဲမှာ တပ်စုလိုက် ပုန်းတမ်းကစားမယ်"

"စစ်ပစ္စည်း အပြည့်အစုံနဲ့လား"

"တပ်စုမှူးတွေနဲ့ငါပဲ စစ်ပစ္စည်း အပြည့်အစုံယူမယ်၊ မနေ့ညတုန်းက မင်းတို့ထက်ပိုပြီး တို့အရက်များသွားလို့ ဒဏ်ပေးတာပဲ"

ဒေးဗစ်ရာဘီမက်ဆိုရီ၏ ဘေးမှာ ရပ်နေသော နီဂရိုးက ခေါင်းယမ်းပြီး ရာဘီကို လှမ်းပြောလိုက်သည်။

"သူတို့ လေးယောက်က တို့ဗီယက်နမ်မှာ တွေ့ခဲ့ဘူးတဲ့ ခေါင်းဆောင်တွေလိုပဲလား"

"သိပ်သေချာတာပေါ့ကွာ၊ အင်မတန်တော်တဲ့ လူတွေ" ဟု ရာဘီက ပြန်ဖြေသည်။

သူတို့နှစ်ယောက်၏ အမေးအဖြေကို နတ်သန်ဒူဝေက ကြားလိုက်ရသည်။ သူ စိတ်ချမ်းသာသွားသည်။ ဂုဏ်ယူသည့် စိတ်ဓာတ်များ သူတို့ကြားထဲတွင် ပျံ့နှံ့သွားပေလိမ့်မည်။ သို့ဆိုလျှင် မည်သည့်အခက်အခဲကိုမဆို လွယ်ကူစွာ ကျော်လွှားနိုင်ပေလိမ့်မည်။

**နယူးယောက်၊ နံနက် ၁၀း၀၀ နာရီ။**

ပေါလ်ဗားဟတ် ဒေါသူပုန် ထနေသည်။ စင်တီနယ်ကုမ္ပဏီ အုပ်ချုပ်ရေး ကော်မတီသည် ညသန်းခေါင်တိုင်အောင် အစည်းအဝေးထိုင်ကြပြီး စာချုပ်မူကြမ်းကို ရေးဆွဲနေကြသည်။ နောက်ဆုံး ပေါလ်ထံသို့ ကြေးနန်းနှင့် ပို့ပေးလိုက်ရာ လက်ခံနိုင်သည့် အဆင့်အတန်း မရှိသော မူကြမ်းဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အားလုံးအိပ်ကြရန်နှင့် မနက်ဖြန် တနင်္ဂနွေနေ့



www.burmeseclassic.com

www.burmeseclassic.com



မနက်ကျမှ အစည်းအဝေး ထပ်ထိုင်ရန် အမိန့်ပေးလိုက်သည်။

ကာလီဖိုးနီးယား စံတော်ချိန် မနက် ၇ နာရီအထိ ပေါလ်က စောင့်နေသည်။ ၇ နာရီထိုးတော့မှ ပက်ထရစ်ရှာဂါဗေး ရုံးသို့ မသွားမီ ဖုန်းလှမ်း ဆက်လိုက်သည်။

"မင်တို့ဘာတွေ လုပ်နေကြတာလဲ၊ ပို့လိုက်တဲ့ မှုကြမ်းက နည်းနည်းကလေးမှ သောက်သုံးမကျဘူး"

"ရှင်က ဘာတွေကိုများ မျှော်လင့်ထားလို့လဲ ပေါလ်၊ အဲဒီထဲက စကားလုံးတစ်လုံးကို သဘောတူဖို့ အပြင်းအထန် ငြင်းကြရတယ်၊ စာကြောင်း တစ်ကြောင်းရဖို့ ထသတ်ကြရမလောက် စကားပြောကြရတယ်၊ အမြင်အမျိုးမျိုး ကိုယ်စီရှိနေကြတဲ့ ကော်မတီဝင် ခြောက်ယောက်ရှိတယ်၊ ဒါကြောင့် ပြသာနာတိုင်းမှာ မတူညီတဲ့ အမြင်ပေါင်း ၆၆၀ လောက်ထွက်လာတယ်" ဟု ပက်ထရစ်ရှာက ပြန်ပြောသည်။

"ဒီကောင်တွေကို ဖြစ်တဲ့ နည်းနဲ့ ထိန်းထားကွာ"

"ဘယ်လိုလုပ်သွားထိန်းမလဲ၊ တစ်ယောက်တည်း အုပ်ချုပ်မှ ဖြစ်တော့မယ်၊ စီဘီစီနဲ့ အလုပ်လုပ်တော့မယ်ဆိုရင် ပို့လိုတောင် အရေးကြီးလာပြီ"

"အခု ပို့လိုက်တဲ့ မှုကြမ်းတွေဟာ မင်းဝင်ပြီး ဆွဲတာတွေလား"

"မဟုတ်ဘူး"

"ပိုကောင်းအောင် မင်းလုပ်နိုင်မယ်လို့ ထင်သလား"

"ပေါလ်. . . . တစ်ယောက်တည်းသာ လုပ်ရမယ်ဆိုရင် ဘယ်လို လူမဆို ဒီထက် ပိုကောင်းအောင် လုပ်နိုင်မှာချည်းပဲ"

"ဒီလိုဆို ဖုန်းပြန်မချနဲ့၊ ဘယ်လောက်ကြာကြာစောင့်"

ပေါလ်က ဖုန်းကိုချပြီး နောက်ဖုန်းတစ်လုံးကို လှည့်သည်။ မရ။ နောက်တစ်နေရာကို ဆက်သည်၊ လူမတွေ့။ တတိယတစ်နေရာကျတော့မှ အာသာမိုရယ်ကို သွားမိသည်။ အကျိုး အကြောင်း ရှင်းပြသည်။ အာသာမိုရယ် ပြောသည်ကို သူနားထောင်သည်။ ပြီးတော့ ဝမ်းသာ အားရ ပြန်ပြောသည်။

"အား. . သိပ်ကောင်းတယ် အာတီ၊ ဒီအချိန်ထိ အကောင်းဆုံး အကြံပေးချက်ကို အခုမှရဖူးတယ်"

ပေါလ်က ပက်ထရစ်ရှာ ကိုင်စောင့်နေသည့်ဖုန်းကို ပြန်ကိုင်သည်။

"အာတီနဲ့ ကိုယ်စကားပြောလိုက်တယ်၊ သူကလည်း လက်ခံတယ်၊ မင်းဟာ အဲဒီက ဌာနကြီးရဲ့ ဥက္ကဋ္ဌ ရိုးရိုးမဟုတ်တော့ဘူး၊ စင်တီနယ်ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ အဖြစ်ပါ တွဲကိုင်ပါ၊ မင်းအခု ရနေတဲ့ လခအပြင် လီယိုဖူးချ်ဘတ်ရတဲ့ လစာကိုပါ ထုတ်ယူပါ" ထိုစကားကို ပြောရင်း ပေါလ်က ခဏစောင့်နေသည်။ "ဘယ်လိုလဲကွ. . မင်း. . ဝမ်းမသာဘူးလား၊ စိတ်လှုပ်ရှားပုံလည်းမရပါလား"

"ဒီလိုဖြစ်လာမယ်ဆိုတာ ကျွန်မ ကြိုတွက်ထားပြီးသားပါ၊ ဟို ကော်မတီဝင် ခြောက်ယောက်နဲ့ ပတ်သက်ပြီး ဘာလုပ်ရမယ် ဆိုတာလဲ စဉ်းစားထားပြီးသားပါ"

"သူတို့ကို ဘယ်လိုလုပ်မှာလဲ"

"လွယ်ပါတယ်၊ တခြားဘာလုပ်နေရဦးမှာလဲ၊ သူတို့ကိုအကြံပေး ကော်မတီဖွဲ့ပေးလိုက်မယ်၊ ဆယ့်နှစ်နှစ်လောက်ကြာရင် တစ်ကြိမ်လောက် ဥက္ကဋ္ဌကို အကြံဉာဏ်ကလေး ဘာလေးပေးပေါ့၊ သူတို့ဆီက အကြံဉာဏ် ကိုလည်း အဲဒီလောက်ကြာမှ မျှော်လင့်လို့ ရနိုင်မှာပါ၊ ပြီးတော့ နေ့ခင်းကျရင် ရှင်လက်ခံနိုင်မယ့် စာချုပ်မှုကြမ်းကို ကျွန်မ ကြေးနန်းနဲ့ ပို့လိုက်မယ်. . ပေါလ်၊ ဂွတ်ဘိုင်"

အမှန်ကန်ဆုံး အမျိုးသမီးတစ်ယောက်ကို ရွေးချယ်လိုက်မိပါပေါ့ကလားဟု ပေါလ်က တွေးကြည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိယာမီ၊ နံနက် ၁၀း၄၅ နာရီ။

အယ်လ်ဖာစခန်းတွင် အလိုရှိရာသုံးဖို့ ဂျစ်ကား တစ်စင်းကို ပေးထားသည်။ ရပ်ဆယ်သော့ပ်သည် အရပ်ဝတ် အရပ်စားဝတ်ပြီး လက်ကိုင်အိတ် တစ်လုံးကိုဆွဲကာ ဖို့ဒ်ကားမောင်းပြီး မိယာမီမြို့သို့ လာခဲ့သည်။ အောတစ်ရန်နယ်၏ ရုံးခန်းသို့ ရောက်သည်။

စနေနေ့နှင့် တနင်္ဂနွေ နေ့များတုန်းက ပင်လယ်ပြင်တွင် သူ၏ ရွက်သင်္ဘောဖြင့် မည်သို့ မည်ပုံ ငါးမန်း မျှားခဲ့ကြောင်းများကို အောတစ်ရန်နယ်က မဆုံးနိုင်အောင် ပြောပြနေသည်။ ရပ်ဆယ်သော့ပ်က စိတ်ပျက် ငြီးငွေ့စွာဖြင့် နားထောင်နေရသည်။ သူပြော၍ အားရတော့မှ အလုပ်အကြောင်းကို ပြောသည်။

"အယ်လ်ဖာစခန်းမှာ နေသားကျသွားပြီလား"

"အတော်ကလေး နေသားကျလာပါပြီ၊ လိုအပ်တာတွေ အချိန်မီ ပို့ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ဖောက်သည်က ငွေနှစ်သန်းတောင် ကြိုတင်ငွေ ပေးထားတယ်ဆိုတော့ ကျုပ်တို့ဘက်ကလည်း ဖောက်သည် စိတ်ချမ်းသာအောင် လုပ်ပေးရမှာပေါ့လေ"

"ကျွန်တော် ထပ်ပေးရမယ့် ခြောက်သန်းနဲ့ တစ်သိန်းကို အခုယူလာခဲ့ပါတယ်၊ ကျန်တဲ့ ပစ္စည်းတွေ ဘယ်တော့ပို့ပေးမလဲ"

"ဒီနေ့ည မှောင်တာနဲ့ တစ်ပြိုင်တည်း ပို့ပေးလိုက်ပါ့မယ်၊ ရှစ်နာရီ ကိုးနာရီလောက်ပေါ့ လက်နက်ကြီးတွေကို ဗုဒ္ဓဟူးနေ့ ညမှာ ပို့ပေးမယ်၊ အစားအသောက်၊ ဓာတ်ဆီစတဲ့ လိုအပ်တာတွေကို ခင်ဗျားတို့ အဲဒီ စခန်းကထွက်တဲ့ အချိန်အထိ မပြတ်ရအောင် ပို့ပေးမယ်၊ ဒါမှ မဟုတ်ရင်လည်း ခင်ဗျား ပေးထားတဲ့ ငွေကုန်တဲ့ အချိန်အထိပေါ့၊ ကျေနပ်ရဲ့လား"

"မကျေနပ်စရာ ဘာများရှိသေးလို့လဲဗျာ"

"ရပ်ဆယ်သော့ပ်က ထိုင်ရာမှ ထပြီး လက်ဆွဲ နှုတ်ဆက်ခဲ့သည်။"

အင်ဒီးယန်းဝဲလ်စ်၊ နံနက် ၈း၁၀ နာရီ။

ဩဂတ်စတပ် ဆမ်မြူယယ် မေယာသည် ပိပိရိရိ ကြေငြာနိုင်အောင် ကြိုတင်တွေးဆထားသည်။ ထို့ကြောင့် ဒင်နီယယ်ဆိဇ် ဖုန်းမဆက်မီ သူက ဦးအောင် ကြိုတင်ဆက်သည်။ သူကိုယ်တိုင် ဇာတ်လိုက်မဟုတ်သော်လည်း တစ်ဘက်လူ ယုံသွားအောင် အမူအရာတွေပါ လုပ်လိုက်သည်။

"ကျုပ် . . . ကျုပ်ကို . . ရပ်ဆယ်သော့ပ် ဖုန်းလှမ်းဆက်တယ်ဒင်၊ ကျုပ်ကိုလဲ လှောင်သွားသေးတယ်၊ သူငယ်ပြန်နေတဲ့ အရူးကြီးတဲ့၊ ခင်ဗျားဆီက ယူသွားတဲ့ ငွေတွေနဲ့ အတူတူ သော့ပ် ပြန်လာတော့မှာ မဟုတ်ဘူး ဒင်"

"အလို . . ဘုရား . . . ဘုရား"

" သူ . . . သူ . . . သူ့ကို ကျုပ်ယုံခဲ့မိတယ် ဒင်"

"ခင်ဗျားကို ကျုပ်သတိပေးခဲ့ဖူးသားပဲ ဆမ်၊ အခုတော့ ကျွန်တော် ထင်ခဲ့တဲ့အတိုင်း ဖြစ်ကုန်ပြီပေါ့" ဒင်နီယယ်ဆိဇ်က သည်လို ဖြစ်တော့မည်ကို ကြိုတင် မြင်ခဲ့နိုင်သော ပညာရှိကြီးလေသံမျိုးဖြင့် ပြန်ပြောသည်။ "သူ့ကို ဖမ်းဖို့ ကျွန်တော် ဝရမ်း ထုတ်ခိုင်းလိုက်မယ်"

"မလုပ်နဲ့ ဒင် . . . ပိုက်ဆံတွေက ကျုပ်တို့ ငွေစာရင်းထဲမှာ ပါတာမဟုတ်ဘူး၊ ဘဏ္ဍာရေးဌာနက စစ်ဆေးလာရင် ခင်ဗျားတို့ ကျုပ်တို့ ဒုက္ခ ရောက်ကုန်ကြလိမ့်မယ်"

ဆိဇ်မှာ မသက်မသာ ဖြစ်သွားသည်။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်း သူ့ ကိုလွှတ်ပေးလိုက်ရမှာလား"

"တခြားနည်းလမ်း မရှိတော့ဘူး ဒင်. . အထက်လူကြီးတွေကို ကျော်လုပ်မှုနဲ့ အခွင့်အရေးတွေကို ပိုယူမှုကြောင့် သူ့ကို အလုပ်ထုတ်ပစ်လိုက်ကြောင်းပဲ ကြေငြာရတော့မယ်၊ အဖြစ်မှန်ကိုတော့ ကုမ္ပဏီထဲကလူရော ကုမ္ပဏီအပြင်ကလူပါ ဘယ်သူမှ မသိပါစေနဲ့"

ဒင်နီယယ်ဆိဇ်သည် ဒေါသကို မနည်းကြီး ချုပ်တီးနေရသည်။ ရပ်ဆယ်သော့ပ်၏ အကြောင်းကို စဉ်းစားရင်း အကြောင်းတစ်ခုကို သွားသတိ ရလိုက်သည်။

"နောက်ထပ် ဆယ်ငါးသန်းကလည်း တစ်ရက် နှစ်ရက်အတွင်း နိုင်ငံခြားက ရောက်လာတော့မယ့် ဆမ်၊ လူလွှတ်ပြီး အဲဒီငွေတွေ ပြန်ပို့ခိုင်းလိုက်မယ်"

"မေယာက မည်သို့မျှ မတတ်သာတော့သည့် ပုံမျိုးဖြင့် ညည်းညည်း ညူညူ ပြန်ပြောသည်။

"ကျုပ်တို့က ချက်ချင်း ပြန်ပို့လိုက်တဲ့အတွက် ဘဏ်တိုက်က မသင်္ကာ ဖြစ်လာလိမ့်မယ်၊ ဒီအကြောင်း လူတွေက မေးကြလိမ့်မယ်၊ တောင်မေး မြောက်မေး လုပ်လာလိမ့်မယ်၊ ဒါကြောင့် သော့ပ်လက်ထောက် တင်မ်အက်ကင်ကို ပေးလိုက်ပါ"

"ရယ်စရာတွေ ပြောနေတာလားဗျာ၊ သော့ပ်နဲ့ တင်မ်အက်ကင်ဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း အကောင်တွေ"

"နယူးယောက် ဘဏ်တိုက်မှာရှိနေတဲ့ ကျုပ်ရဲ့ အာမခံသေတ္တာထဲကို ပိုက်ဆံက ဝင်သွားမှာပါ၊ နောက်ပြီးတော့ သူ့ကိုလဲ လုံလောက်တဲ့ အစောင့် နဲ့ သေသေချာချာ ပို့ခိုင်းမှာပါ"

"သူလည်း သိပ်ကောင်းတဲ့ အကောင်တော့ မဟုတ်"

"ကျုပ်တာဝန် ထားလိုက်ပါ ဒင်" ထိုသို့ ပြောလိုက်သော မေယာ၏ လေသံသည် ငါခိုင်းတာလုပ်၊ မင်းဟာ ငါ့လခစားပဲ ဟူသော သဘောမျိုး ဖြစ်နေသည်။ "ကျေးဇူးပြုပြီး ဘာမှ ဆက်မပြောမနေနဲ့တော့ ဒင်၊ ကျုပ် စိတ်တော်တော် ထိခိုက်နေတယ်"

မေယာက ဖုန်းကို ပြန်တင်လိုက်သည်။ စိတ်ထဲကလည်း ကျေနပ်သွားသည်။ ရုတ်တရက် ပေါ်ထွက်လာသည့် အဖြစ်အပျက်ကြောင့် ဒင်ဆိဇ်သည် ပင်သီယွန်နှင့် စီဘီစီ အကြောင်းကိုပင် ပြောမသွားတော့ပေ။ ရပ်ဆယ်သော့ပ်သည် သစ္စာဖောက်တစ်ယောက် ဖြစ်ကြောင်း သူ ယုံကြည်သွားလေပြီ။

ထိုအကြောင်းကို စဉ်းစားမိသောအခါ ဆမ်မေယာ စိတ်မကောင်း ဖြစ်သွားမိသည်။ သူတို့နှစ်ယောက် ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည်နှင့် ပေါင်းသင်းလာကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ တစ်လျှောက်လုံး ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် နေခဲ့ကြသည်။ ယခုတော့ ထိုသူကိုပင် အမှန်အတိုင်း မပြောနိုင်သော အခြေအနေသို့ ရောက်ခဲ့ရလေသည်။

"ထားလိုက်စမ်းပါကွာ"ဟု သူ့ဟာသူ အသံထွက် ရေရွတ်လိုက်ပြီး ထုံးစံအတိုင်း ရေသွားကူးရန် စာကြည့်ခန်းထဲမှ ထွက်ခဲ့လေတော့သည်။

**လော့စ်အိန်ဂျလိစ်၊ နံနက် ၉း၂၅ နာရီ။**

စင်တီနယ်ကုမ္ပဏီသို့ ရုံးတက်ရန် ရောက်လာကြသူများအားလုံးမှာ သူတို့ ကုမ္ပဏီ၏ ဥက္ကဋ္ဌသစ်သည် ပက်ထရစ်ရှာဂါဖေး ဖြစ်သွားကြောင်း မမျှော်လင့်ပဲ ကြားလိုက်ရသည်။ ဘယ်လို အမျိုးသမီးနှင့် ဆက်ဆံရမည်နည်းဟုလည်း တွေးတောစိတ်ပူနေကြသည်။ သို့သော်လည်း သူတို့ စိတ်ပူသည်မှာ ကြာကြာမခံပါ။ ရုံးတွင်းပြော တယ်လီကွမ်းများမှ အမျိုးသမီးသံတစ်ခုပေါ် လာသည်။

"အားလုံးကို မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ဆက်လိုက်ပါတယ်၊ အခုရှင် တို့ ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သာယာတဲ့ အသံကလေးဟာ ရှင်တို့ရဲ့ ဥက္ကဋ္ဌသစ် ပက်ထရစ်ရှာဂါဗေးရဲ့ အသံ ဖြစ်ပါတယ်၊ ကျွန်မကို ရင်းရင်းနှီးနှီး ဆက်ဆံကြလိုသူတိုင်းက ပက်လို့ ခေါ်နိုင်ကြပါတယ်၊ အားလုံး စိတ်ချမ်းသာ လက်ချမ်းသာ အလုပ်လုပ်ကြပါ၊ ငြိမ်းချမ်းနိုင်ကြပါစေ ရဲဘော်များရှင့်"

ထိုအသံကို ကြားလိုက်ရသဖြင့် အားလုံး ပျော်သွားကြသည်။

ပင်သီယွန်ကုမ္ပဏီမှာလည်း အလားတူဖြစ်သည်။ ရုံးတက်ဖို့ ရောက်လာကြသည့် အချိန်မှာပင် မိမိတို့ကုမ္ပဏီနှင့် စီဘီစီ ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြားကြရသည်။ မိမိတို့ အလုပ်ပြုတ်ကျတော့မည်ဖြစ်ကြောင်းတွေးပြီး အားလုံးလန့်ကုန်သည်။

သို့သော်လည်း ကုမ္ပဏီ ဥက္ကဋ္ဌ ဟာရှေဘလောက်က မည်သူ့ကိုမျှ အလုပ်ဖြုတ်မည် မဟုတ်ကြောင်း၊ ရမြဲလစာများအတိုင်း ဆက်လက်ပေးထားမည်ဖြစ်ကြောင်း၊ စီဘီစီ လုပ်ငန်းများ အတွက် အချိန်ပိုင်းလုပ်နေကြသူများ အားလုံးကိုလည်း နောက်ထပ်ကုမ္ပဏီ တစ်ခုခုနှင့် စာချုပ်သစ် မချုပ်ဆိုရသေးသမျှ ကာလပတ်လုံး လစာပြည့်ပေးထားမည်ဖြစ်ကြောင်း ကြေငြာချက် ထုတ်လိုက်သည်။

အားလုံးစိတ်အေးသွားကြလေသည်။

ညနေ ၄ နာရီ ၄၅ မိနစ်အချိန်တွင် ပက်ထရစ်ရှာဂါဗေးက ဖုန်းလှမ်းဆက်သော ကြောင့် ဟာရှေဘလောက်မှာ အံ့အားသင့်သွားသည်။

"ဟေး . . မဟာရာနီ . . ဝမ်းသာပါတယ်ကွာ၊ ရန်သူအင်အားစုနဲ့ အခုလို အဆက် အသွယ်လုပ်တာ ဗားဟတ် မိသွားမှာကို မင်းမကြောက်ဘူးလား" ဟု ဘလောက်က တစ်ချက် ရယ်ရင်း ပြန်မေးသည်။

"ကျွန်မ ချိုင်းကြားမှာ ငြိမ်းချမ်းရေးလက္ခဏာ သံလွင်ရွက်ကလေး ညှပ်ပြီး လာတာပါ ဟာရှေ"

"အဲဒီ သံလွင်ရွက်ကို ကိုယ့်အပေါ်မှာ ညင်ညင်သာသာ တင်ပေးပါ ပက် . . ကိုယ့်တစ်ကိုယ်လုံး ဒဏ်ရာတွေ အပြင်းအထန်ရထားပါတယ်"

"ကျွန်မ သဘောပေါက်ပါတယ်၊ ရှင်တို့ မလိုချင်လို့ လွှင့်ပစ်လိုက်တဲ့ ကန်ထရိုက်ကို ကျွန်မတို့ စင်တီနယ်က ကောက်ယူရတာပါရှင်"

"နားရှိလို့သာ ကြားရပါတယ်ဗျာ"

"ရှင်တို့ ပင်သီယွန်နဲ့ ကျွန်မတို့ စင်တီနယ် သဘောတူညီမှုကလေး တစ်ခုလောက် လုပ်ရင် ကောင်းမလားလို့ ကျွန်မ စဉ်းစားမိတယ်"

"ကိုယ့်သွေးခုန်နှုန်းတွေ တိုးလာအောင်များ လုပ်နေတာလား အမိရယ်"

"ကျွန်မတို့ ကြုံကြရမယ့်အခက်အခဲတွေက လွတ်မြောက်နိုင်အောင် အပြန်အလှန် ကူညီလို့ ရနိုင်ပါတယ်၊ ငွေရေးကြေးရေးကို ပြောတာမဟုတ်ပါဘူး၊ အပြန်အလှန် ရိုင်းပင်း ကူညီမှုကလေး နည်းနည်းပါးပါး လုပ်လိုက်ရင် ရနိုင်ပါတယ်၊ စီဘီစီနဲ့ စာချုပ်ပြီး ရှင်တို့ရိုက်ထားခဲ့ တဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းကလေးတွေ လိုချင်ပါတယ်၊ ထိုက်ထိုက်တန်တန်လည်း ပေးမှာပေါ့ ရှင်"

"ဘုရားရေ . . မင်းကို ဘယ်လို ပြန်ပြောရမှန်းတောင် မသိတော့ပါဘူးကွာ၊ ကိုယ်တို့ဆီ မှာရှိတဲ့ ဇာတ်လမ်းတွေကို စင်တီနယ်က လိုချင်လိမ့်မယ်လို့ ဘယ်တုန်းကမှ ကိုယ်တို့ မတွေးမိခဲ့ကြ ဘူး၊ ဒါကြောင့် အားလုံးကို မီးရှို့ပစ်လိုက်တာ တစ်ပတ်လောက်တောင် ကြာသွားပြီကွာ၊ အသံဖလင်ရော . . . နဂ္ဂတစ်ရော၊ ပေါ်စစ်တစ်ရော အားလုံးကို မီးပုံရှို့ပစ်လိုက်ပြီ၊ စက်တင် တွေကိုတောင် ချန်မထားမိဘူးကွယ်"

ပက်ထရစ်ရှာဂါဗေးမှာ အပြေးအလွှား တွေးရပြန်၏။ ထိုရုပ်မြင်သံကြားကားများကို မီးရှို့ပစ်မှုနှင့် ပတ်သက်ပြီး ပင်သီယွန် ကုမ္ပဏီကို တရားစွဲ ဆိုနိုင်သည်။ သို့သော် အမှုက



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးမှာနှစ်နှင့်ချီပြီးကြာမည်။ ထိုအချိန် တွင် စင်တီနယ်ကုမ္ပဏီက စီဘီစီကို ရုပ်မြင်သံကြား ကားထုပ်များ အဆက်မပြတ်ပေးသွင်းနိုင်အောင် စီစဉ်ရမည်။ အားလုံးကို အစကနေပြီး ပြန်လုပ်နေရမည်။ ငွေတွေ အများကြီး ကုန်မည်။ စီဘီစီကို အချိန်မီ မပေးသွင်းနိုင်သည့်အတွက် ကန်ထရိုက်စာချုပ် စည်းကမ်း ချိုးဖောက်မှုဖြင့် မိမိတို့ အရေးယူခံရဦးမည်။

သို့ဆိုလျှင် မိမိတို့ ကုန်ကျရမည့်ငွေတွေက မရေမတွက်နိုင်အောင် များပြားပြီး မိမိတို့ ဆုံးရှုံးရမှာတွေက မရေမတွက်နိုင်အောင် ရှိနေပါပေါ့ကလားဟုလည်း တစ်ဆက်တည်း တွေးလိုက်မိလေသည်။

"ဒီအတိုင်းဆိုရင်တော့ ရှင့်ကို ရုံးတင် တရားစွဲရတော့မှာပဲ ဟာရှေ"

ပက်ထရစ်ရှာ၏ လေသံက အလွန်တရာ အားနည်းသွားကြောင်း သိသာလှသည်။ တစ်ဘက်က ဖုန်းပြန်ချသွားသံကိုလည်း ဟာရှေဘလောက် ကြားလိုက် ရလေသည်။

ထိုနေ့အဖို့ ပထမဦးဆုံးအကြိမ်အဖြစ် အတည်ငြိမ်ဆုံး ပြန်လည်ဆက်ဆံနိုင်လိုက်သည့်အတွက် ဟာရှေက ကျေကျေနပ်နပ် ပြုံးလိုက်မိလေသည်။ ပက်ထရစ်ရှာကို သူ အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်ပါသည်။ ရုပ်မြင်သံကြား ကားများအားလုံးကို လွှန်ခဲ့သည့် အပတ်အတွင်းကပင် အမှန်တကယ် မီးရှို့ခဲ့ပစ်ကြသည်။ ထိုသို့ မီးရှို့ရာတွင် ပင်သီယွန်ကုမ္ပဏီမှ အမှုထမ်း နှစ်ဒါဇင်လောက်ကို သက်သေထားပြီး ရှို့ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ထိုကားများ၏ ကော်ပီများကို ကာလီဖိုးနီးယားပြည်နယ် တရားဥပဒေများ အကျိုးမသက်ရောက်သည့်အခြား ပြည်နယ်တစ်ခုသို့ပို့ပြီး သိမ်းခိုင်းထားသည့် အကြောင်းကိုတော့ ဟာရှေက ပြောမပြလိုက်တော့ပေ။

ဆက်တင်များကို မီးရှို့ပစ်သည်ကတော့ အမှန်တကယ် ဖြစ်ပါသည်။ ဟောင်းနွမ်းနေကြပြီ ဖြစ်သောကြောင့် မီးမရှို့လျှင်လည်း ဘာမှ အသုံးမဝင်တော့ချေ။

စင်တီနယ်ကုမ္ပဏီက အာမခံထားသည့် စာချုပ်အတိုင်း ရုပ်မြင်သံကြားကားများကို မပေးသွင်းနိုင်လျှင် စီဘီစီသည် မိမိတို့ ပင်သီယွန်ကုမ္ပဏီ ရှေ့မှောက်သို့ ပြန်ရောက်လာပြီး ဒူးထောက်ရမည့်အဖြစ်ကို ဟာရှေ ဘလောက်က တွေးမြင်နေမိသည်။ ထိုသို့ ဒူးထောက်လာလျှင်လည်း မိမိတို့ အဖို့ ဘာမှအခက်အခဲမရှိ။ ဝှက်ထားသည့် ကားများကို ပြန်ထုတ်ပေး လိုက်ရုံသာ ရှိလေတော့သည်။

တယ်လီဖုန်း ပြန်ချလိုက်သည့် ပက်ထရစ်ရှာဂါဗေးမှာလည်း အာရုံများ ရှုပ်ထွေးနေသည်။ ပင်သီယွန်ကုမ္ပဏီက စီဘီစီနှင့် ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းပစ်လိုက်ခြင်းမှာ ရိုးရိုးသားသား မဖြစ်နိုင်။ စနစ်တကျ စီစဉ်ပြီး ပြုလုပ်ခြင်းသာလျှင် ဖြစ်နိုင်သည်။ ပို၍ သေချာသည်မှာ ပေါလ်ဟားဟတ် ဒုက္ခရောက်အောင် ထောက်ချောက်ဆင်ပြီး ဖမ်းလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

စီဘီစီနှင့် ကန်ထရိုက်ကို ပေါလ်က အရူးအမူး လိုချင်နေသည်။ ယခုလို သူတို့ဘက်က ကန်ထရိုက်ဖျက်သိမ်းလိုက်ခြင်းအားဖြင့် ပေါလ်က ထိုကန်ထရိုက်ကို အရဝင်ယူမည်။ သို့သော်လည်း စီဘီစီကို ဇာတ်ကားများပေးရန် အဆင်သင့်မရှိ။ ထိုအခါတွင် မိမိတို့ စင်တီနယ်နှင့် စီဘီစီ ပြဿနာ ဆက်ပေါ်ကြမည်။

သည်အကြောင်းများကို ပေါလ်အား သတိပေးသင့်သည်ဟု ယူဆသည်။ သို့သော်လည်း အကြောင်းထူးမည်မဟုတ်။ ပေါလ်သည် သူများပြောသည်ကို မယုံ။ သူ့စိတ် ထင်ရာ မြင်ရာများကိုသာ ယုံကြည်တတ်သူဖြစ်သည်။ ပေါလ်နှင့်အငြင်းအခုံ ဖြစ်နေရခြင်းအားဖြင့် မိမိအဖို့ စင်တီနယ် ကုမ္ပဏီ၏ ဥက္ကဋ္ဌရာထူးပြုတ်ရုံမှတစ်ပါး အခြားမရှိနိုင်ပြီ။ အာသာမိုရယ် ဘစ်ယောက်တည်းကိုသာ သူအားကိုးရတော့မည်။ အာသာမိုရယ်ကို အကျိုးအကြောင်း ပြောပြပြီး အကူအညီ တောင်းရတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်၊ ည ၁၁း၂၅ နာရီ။

အရပ်ဝတ်အရပ်စားနှင့် လူနှစ်ယောက် ရောက်လာပြီး မိမိတို့သည် နယူးယောက် ရဲအဖွဲ့မှ အရာရှိများ ဖြစ်ကြောင်း၊ အလွန်အရေးကြီးသည့် ကိစ္စ တစ်ခုအတွက် ပေါလ်ဟားဟတ်နှင့် တွေ့ဆုံလိုကြောင်း ပြောသည်။ ထို့ကြောင့် တံခါးစောင့်က တာဝန်ကျ လုံခြုံရေးသမားကို ဖုန်းဆက် အကြောင်းကြားသည်။ လုံခြုံရေးသမားက ပေါလ်ဟားဟတ် ကိုယ်ပိုင် ရုံးခန်းထဲမှာ အလုပ်လုပ်နေသေးကြောင်း သိသဖြင့် သတင်းပို့လိုက်သည်။

"ဒုတိယထပ်က ဧည့်ခန်းထဲမှာ တွေ့မယ်"ဟု ပေါလ်က ပြောသည်။

ယခုလို အချိန်မတော်ကြီး ရဲအရှိများ ရောက်လာကြသည့်အတွက် ပေါလ်၏ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားသည်။ အရာရှိ နှစ်ယောက်စလုံးကလည်း မျက်စိပျက် မျက်နှာပျက် ဖြစ်ကြသည်။ ပေါလ်၏ လူယုံခရီဂါ အိပ်နေပြီဖြစ်သောကြောင့် လုံခြုံရေးသမားကပင် ဧည့်သည်များအတွက် အရက်ထည့်ပေးသည်။

"ခင်ဗျားတို့ ဘာကိစ္စနဲ့ လာတယ်ဆိုတာ ပြောကြပါဦး" ဟု အရက်ခွက်များ ရောက်လာအပြီးတွင် ပေါလ်က မေးသည်။

"ခင်ဗျားမှာ ဆစ်ဂရစ်ဟားဟတ်ဆိုတဲ့ ညီမတစ်ယောက် ရှိတာ မှန်ပါသလား ခင်ဗျာ" ဟု ရဲအရာရှိတစ်ယောက်က မေးသည်။

"ရှိတယ်၊ ကျုပ်နောက်ဆုံးသတင်းကြားရသလောက်တော့ ဗင်းနစ်မြို့မှာ နေနေတယ်" ဟု ပေါလ်က ခေါင်းညိတ်ပြပြီး ပြန်ဖြေသည်။

ရဲအရှိက လက်ကိုင်အိတ်ထဲမှ ကြေးနန်းစာရွက်ကို ထုတ်ကြည့်သည်။

"မှန်ပါတယ်ခင်ဗျာ၊ ဗင်းနစ်မြို့မှာပါ၊ ဒီအကြောင်း ပြောရမှာ ကျွန်တော်တို့ စိတ်မကောင်းပါဘူး မစ္စတာဟားဟတ် အီတလီ ရဲအဖွဲ့က အကြောင်းကြားတဲ့ ကြေးနန်းတစ်စောင် ကျွန်တော်တို့ဆီကို ရောက်လာပါတယ်၊ အီတလီ ရဲတပ်ဖွဲ့မှာ နိုင်ငံခြားသားကိစ္စများကို ကိုင်တွယ်ရတဲ့ အဖွဲ့တစ်ခုရှိပါတယ်"

"ကျုပ်သိပါတယ်၊ အီတလီနိုင်ငံမှာ ကျုပ်ရဲ့ ကုမ္ပဏီတွေ ရှိတယ်"

"ဒါကြောင့်လည်း အီတလီ ရဲအဖွဲ့က အခုလို အရေးတယူ ဆောင်ရွက်ပေးတာဖြစ်ပါတယ် ခင်ဗျာ" ရဲအရှိသည် ထိုမျှပြောပြီး ရှေ့ဆက် ပြောရန် ခက်ခဲနေပုံရ သည်။

"ကျေးဇူးပြုပြီး လိုရင်းကို ပြောပါ" ဟု ပေါလ် ထောက်ပေးသည်။

"ခင်ဗျားရဲ့ ညီမ ကွယ်လွန်သွားပါပြီ မစ္စတာဟားဟတ်၊ လွန်ခဲ့တဲ့ လေးနာရီလောက်က ကွယ်လွန်သွားပါတယ်"

ပေါလ်၏ မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားသည်။ သူတို့ ထိုင်နေကြသည့် ဧည့်ခန်းမှာလည်း ချာလပတ်လည်သွားသည်။

"ဗင်းနစ်စံတော်ချိန် သန်းခေါင်ကျော် တစ်နာရီဆယ်မိနစ်က ဆုံးသွားတာဖြစ်ပါတယ်၊ သူရဲ့ နိုင်ငံကူးလက်မှတ်နဲ့ တခြားအထောက်အထားတွေကို ကြည့်ပြီး သူဟာ ခင်ဗျားရဲ့ ညီမဆိုတာ သိကြရတာပါ"

ရဲအရာရှိက ကြေးနန်းစာရွက်ကို ဖြန့်ကြည့်ရင်း ပြောနေသည်။ ရင်ထဲမှာ ဆို့ကျပ်လာသည်များကို ပေါလ်က တံတွေးမျိုချပြီး သက်သာအောင် ကြိုးစား နေရသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့် သေရတာလဲ"

"သွေးလွန်ပြီး သေရတာပါ ခင်ဗျာ၊ ထက်တဲ့ ပစ္စည်းတစ်ခုနဲ့ သွေးကြောကို အဖြတ်ခံရပြီး သေရတာပါ၊ လူတစ်ယောက်ကို ရဲအဖွဲ့က ဖမ်းထားပါတယ်၊ သူတို့ဧည့်ခံပွဲတစ်ခု လုပ်နေကြတယ်လို့ သိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တာတွေ ဆက်မပြောပါနဲ့တော့" ဟု ပေါလ်က အက်ကွဲသော အသံဖြင့် ဝင်တားလိုက်သည်။

"ကျွန်တော်တို့ တစ်ခု နှစ်ခုလောက် မေးပါရစေခင်ဗျာ"

"ကောင်းပြီ မေးပါ"

"ဗင်းနစ်မြို့ကို တစ်ယောက်ယောက်သွားပြီး အသုဘကိစ္စကို စီစဉ်ဖို့"

"အီတလီမှာ ကျုပ်ကုမ္ပဏီက အုပ်ချုပ်ရေးမှူးတွေ ရှိနေပါတယ်"

"အလောင်းကို ဒီပြန်သယ်ချင်ပါသလားလို့ အီတလီ ရဲအဖွဲ့ မေးခိုင်းပါတယ်"

"မသယ်ဘူး ဟိုမှာပဲ သဂြိုဟ်ပါစေ"

ပေါလ်ဟားဟတ်၏ ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့် ချာချာလည်နေသည်။ ဗင်းနစ်မြို့သို့ သူရောက်ခဲ့သေးသည်။ ဆစ်ဂရစ်နှင့် တွေ့ခဲ့သည်။ သို့သော်လည်း ဆစ်ဂရစ်က အပေါင်းတွေ အသစ်ဖြစ်သည်ဟု ပြောသောကြောင့် သူကြာကြာမနေပဲ ချက်ချင်း ပြန်လာခဲ့သည်။

"မေးစရာ ကျန်သေးသလား" ဟု ပေါလ်က မေးသည်။

"ဒီအကြောင်းပြောရမှာက တော်တော်အရေးကြီးပါတယ်ခင်ဗျာ၊ အီတလီ ရဲအဖွဲ့က မစ္စတာ ဟားဟတ်ကို လေးစားကြပါတယ်၊ အခုကိစ္စနဲ့ ပတ်သက်ပြီးလူတစ်ယောက်ကို သူတို့ ဖမ်းထားပါတယ်၊ ဒါပေမယ့် ရှေ့နေနဲ့ တွေ့ခွင့်မပေးဘူး၊ သတင်းစာတွေကို မပေါက်ကြားအောင်လည်း သူတို့ ဝိုင်းဖုံး ထားကြတယ်"

"ဒီကိစ္စကျုပ်နဲ့ ဘာဆိုင်သလဲ"

ဒီလိုပါ ခင်ဗျာ၊ အခုဖမ်းထားတဲ့ လူကို ရုံးတင် စစ်ဆေးတာ ခင်ဗျား လက်ခံနိုင်လိမ့်မယ် မဟုတ်ဘူးလို့ သူတို့က ယူဆကြပါတယ်၊ ခင်ဗျားညီမက အဲဒီလူကို အိပ်ခန်းထဲ ခေါ်သွားပါတယ်၊ ဧည့်ခံပွဲကိုလာတဲ့ လူတွေကလည်း စားကြ၊ သောက်ကြ၊ ပြောကြဆိုကြနဲ့ဆိုတော့ အိပ်ခန်းထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို သတိမထားမိလိုက်ကြဘူး၊ နောက်မှ အကျိုးအကြောင်း သိကြရတာပါ၊ ဒီအဖြစ်မှန်ကို သတင်းစာတွေက သိသွားရင် ဂုဏ်သိက္ခာ. . "

ရဲအရာရှိက ဆက်မပြော စကားကို တန်းလန်း ရပ်ထားလိုက်ပြန် သည်။ ထို့ကြောင့် နောက်တစ်ယောက်က ဝင်ပြောသည်။

"အီတလီ အာဏာပိုင်များက သေဆုံးကြောင်း ဆေးစာကို ဂုဏ်သိက္ခာ မပျက်အောင် ရေးပေးမယ်လို့ ပြောပါတယ်"

"ကောင်းပါပြီ အီတလီမှာ ရှိနေတဲ့ ကျွန်ုပ်လူတွေက အီတလီရဲ အဖွဲ့ကို လိုအပ်သလို ကျေးဇူးဆပ်ကြပါလိမ့်မယ်" ပေါလ်ဟားဟတ်က လုံခြုံရေးသမားဘက်သို့ လှည့်ကြည့်သည်။ "ခရီဂါကို နှိုးလိုက်၊ ဒီကအရာရှိ နှစ်ယောက်ကို ငွေငါးထောင် ပေးလိုက်လို့ပြော"

သူ၏ လူယုံ ခရီဂါ၏ လက်ထဲတွင် အရေးပေါ် သုံးနိုင်ရန် အမြဲတမ်း ငွေတစ်သောင်းခွဲ ဆောင်ထားရလေသည်။ ရဲအရာရှိ နှစ်ယောက်က ထိုငွေကို သူတို့ လက်ခံခွင့်မရှိကြောင်း ငြင်းကြသည်။

"ခင်ဗျားတို့ ရဲအဖွဲ့ အားကစား ရန်ပုံငွေပေါ့ဗျာ၊ လက်ခံဖြတ်ပိုင်းပေးဖို့ မလိုပါဘူး"

ငွေရရှိကြောင်း လက်ခံဖြတ်ပိုင်း မပေးရသည့်အတွက် ထိုငွေသည်လည်း အားကစား ရန်ပုံငွေထဲသို့ မည်သည့် အခါတွင်မှ ရောက်တော့မည် မဟုတ်ပေ။

"ကဲ ကျုပ်အပေါ်ထပ် တက်တော့မယ် ဂွဒ်နိုက်"

အပေါ်ဆုံးထပ်မှာ ရှိသော သူ့ရုံးခန်းသို့ ပြန်လာခဲ့သည်။ ကုလားထိုင်ပေါ်မှာ အရုပ်ကြိုးပြတ် ကျသွားသည်။ ပြီးတော့ သည်းထန်စွာ ငိုကြွေး လေတော့သည်။ သူ့ အချစ်ဆုံး ညီမကလေး သေပြီ။ သူ့မှာ မျိုးပြုတ်ပြီ။ လောကကြီးတွင် သူ တစ်ယောက်တည်းသာ ကျန်တော့သည်။ ထိုအသိ ဝင်လာသည်နှင့် တစ်ပြိုင်တည်း သူ့စိတ်တွေ ကယောင်ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ သည်။ စိတ်ဓာတ်ကျသည့် ရောဂါ ပြန်ဝင်လာပြီ ဖြစ်ကြောင်းကို သတိထား လိုက်မိသည်။

သည်အတိုင်းဆိုလျှင် သူ့မှာ အချိန်များများစားစား မရှိတော့။ အင်ကမ်း ကုမ္ပဏီ၏ ပြဿနာပေါင်းစုံကလည်း အရေးအကြီးဆုံး အစိတ်အပိုင်းသို့ ရောက်လာသည်။ ထို့ကြောင့် လုပ်စရာရှိသည်များကို တက်သုတ်နှင်ပြီး လုပ်ရတော့မည်။

အီတလီနိုင်ငံရှိ ကုမ္ပဏီ ဥက္ကဋ္ဌကို ဖုန်းလှမ်းဆက်သည်။ လိုအပ်သည်များကို တိုတို တုတ်တုတ် ညွှန်ကြားသည်။

"ငွေကုန်ချင်သလောက် ကုန်ပေစေ၊ လိုတာ အကုန်သုံး၊ ငါ့ကို ဘာမှ အစီရင်မခံနဲ့၊ ဂျက်ဖရေစပင်ဇာကို အစီရင်ခံ၊ နယူးယောက်ရုံးမှာ သူထိုင်လိမ့်မယ်"

ထို့နောက် ပြူအာတိုကွေဒိုနိုင်ငံ၊ စန်တာကလာရာမြို့မှာ ရှိနေသော ဂျက်ဖရေ စပင်ဇာကို လှမ်းဆက်သည်။

"ဆစ်ဂရစ် သေသွားပြီ ဂျက်ဖ်. . "

"အို ဘုရား. . . ဘုရား"

"ဂျက်ဖရေသည် ဆစ်ဂရစ်နှင့် ရင်းနှီးသူမဟုတ်။ မျက်နှာကြောလည်း မတည့်။ ထို့ကြောင့် ဆစ်ဂရစ် သေခြင်းနှင့် ပတ်သက်ပြီး သူ့တွင် ထူးခြားသော ခံစားချက်မရှိ။ သို့သော် သူကြားလိုက်ရသော ပေါလ်၏ အသံသည် စိတ်ဓာတ်ကျရောဂါ ခံစားနေရပြီ ဖြစ်ကြောင်း သိသာနေသောကြောင့် သူ့ရင်ထဲမှာ တင်းကျပ်သွားလေတော့သည်။

"ခဏကြာအောင်တော့ ငါဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဒီကို အမြန်ဆုံး ပြန်လာပါ။ ငါ့တာဝန်တွေကို မင်းယူပါ"

ဂျက်ဖရေသည် အတွေးပေါင်းစုံဖြင့် အလုပ်ရှုပ်သွားသည်။ ပြူအာတိုကွေဒို နိုင်ငံတွင်လည်း အခြေအနေတွေက ဆိုးနေသည်။ သူတို့ အစီအစဉ်များ အကောင်အထည် မပေါ်သေး။ ထိုလုပ်ငန်းများကို အခြားမည်သူကိုမှ လွှဲ ပြောင်းပေး၍ မဖြစ်။ ကာနယ်လီနာရီနှင့် ဆက်ဆံရေး လုပ်ငန်းများကို သူကိုယ်တိုင် လုပ်မှ ဖြစ်မည်။ လိုအပ်သည်များကို သူကိုယ်တိုင် ကြီးကြပ်ညွှန်ကြားပေးမှဖြစ်မည်။ ပြူအာတိုကွေဒိုနိုင်ငံမှာ သူမရှိလျှင် အစီအစဉ်တွေ အားလုံး ပျက်ပြားသွားတော့မည်။

"ဒီကပဟာတွေကို ကျွန်တော်ထားခဲ့ရင် အားလုံး အခြေအနေတွေ ဆိုးကုန်လိမ့်မယ်" ဟု ဂျက်ဖရေက ပြန်ပြောသည်။

"ဆိုးချင်သလောက် ဆိုးပေစေ၊ ဒီမှာ ငါရှုံးတော့မယ်"

ပေါလ်တားဟတ်၏ အသံက ဆိုးဆိုးရွားရွား အက်ကွဲလာသည်။

"ပေါလ်. . ခင်ဗျားမှာ ဒီစိတ်ရောဂါ ဖြစ်နေတာ ကြာပြီ အခုအချိန်က ကျွန်တော်တို့အဖို့ အားလုံး အရေးကြီးနေတဲ့ အချိန်၊ ဒါကြောင့် ဒီရောဂါကို ဆရာဝန်နဲ့ သေသေချာချာ ကုပစ်ဖို့လိုတယ်၊ လိုအပ်ရင် လျှပ်စစ်ဓာတ်နဲ့ နှိပ်ကုတာပဲ ဖြစ်ဖြစ်ပေါ့"

"မဖြစ်ဘူး၊ ဘာဆရာဝန်နဲ့မှ မကုဘူး၊ ဒါနောက်ဆုံး စကားပဲ"

လျှပ်စစ်ဓာတ်နှင့် နှိပ်ပြီး ကုသခြင်းသည် ရောဂါပျောက်ကင်းနိုင်ကြောင်း ပေါလ်သိသည်။ သို့သော်လည်း မခံမရပ်နိုင်အောင် ဝေဒနာဆိုးကို ခံစားရသည်ဟု ကြားဖူးသောကြောင့် ဘယ်တော့မှ သူ အကုခံမည်မဟုတ်။

"ဒီလိုဆိုရင် တစ်ခုတော့ လက်ခံပါ။ ကျွန်တော် နယူးယောက်မှာ တာဝန်ယူနေတုန်း ခင်ဗျားရဲ့ အခြေအနေ ဘယ်လိုပဲနေနေ ကျွန်တော့် ကိုတော့ တွေ့ခွင့်ပေးပါ" ဟု ဂျက်ဖရေက ပြန်ပြောသည်။ ပေါလ်သည် စိတ်ဓာတ်ကျသည့် ရောဂါ ဖြစ်လာတိုင်း မည်သူနှင့်မှ အတွေ့မခံပဲ အခန်း အောင်းနေလေ့ရှိသည်ကို သိထားသောကြောင့် ကြိုတင်ပြောထားခြင်း ဖြစ်သည်။

"အတွေ့မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ကျွန်တော် ဒီမှာပဲ နေမယ်၊ တခြားတစ်ယောက်ယောက်ကို ရှာပါ၊ ဂွဒ်နိုက် ပေါလ်"

ပေါလ်သည် ကြောက်စိတ်များ ဝင်လာသည်။ ထို့ကြောင့် ကမန်းကတန်း တားလိုက်မိသည်။

"ကောင်းပြီ ဂျက်ဖ်၊ မင်းကို ဝင်ခွင့်ပြုဖို့ ငါမှာထားလိုက်မယ်"

"ကောင်းတယ် မနက်ဖြန် ပထမဆုံးထွက်တဲ့ လေယာဉ်နဲ့ ကျွန်တော် လိုက်လာခဲ့မယ်"

ပေါလ်သည် သူ့တွင် အချိန်များများစားစား မရှိတော့ကြောင်း သိသည်။ ထို့ကြောင့် လူယုံ ခရီဂါကိုခေါ်ပြီး လိုအပ်သည်များကို မှာကြားသည်။ သူနာပြု ဆရာမတစ်ယောက်ကို ချက်ချင်းခေါ်ခိုင်းသည်။နောက်နေ့မနက်မှစပြီး သူနာပြုဆရာမများကို အလှည့်နှင့် အချိန်ပြည့် ငှားခိုင်းသည်။ မည်သည့် တယ်လီဖုန်းမှ ဆက်မပေးရ။ မည်သူကမေးမေး အလုပ်ကိစ္စနှင့် ခရီးထွက်သွား သည်ဟုပြောရမည်။

"ဘယ်ဧည့်သည်ကိုမှ လက်မခံရဘူး၊ မစ္စတာစပင်ဇာတစ်ယောက်ကိုပဲ ဝင်ခွင့်ပြု"

ပေါလ်တားဟတ်သည် စားပွဲပေါ်ရှိနေသည့် ဟစ်တလာစားမြှောင်ကို လှမ်းမယူမိအောင် စိတ်ကိုထိန်းထားသည်။ ထို့နောက်သူ့အိပ်ခန်းရှိရာသို့ တက်လာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

**အယ်လ်ဖာစခန်း၊အင်္ဂါ၊မေ ၂၄၊ နံနက် ၈း၀၀နာရီ**

မနေ့ညတုန်းကထရပ်ကားများဖြင့် အောတစ်ရန်နယ်ပို့ပေးလိုက်သော လက်နက်သစ်များကို ရပ်ဆယ်သော့ပ်နှင့် သူ့လူများက စစ်ဆေးကြည့်ရှုနေကြသည်။ လက်နက်အားလုံး နောက်ဆုံးပေါ် အသစ်ကျပ်ချွတ်များဖြစ်သည်။ လက်နက်အားလုံးမှာ သူတို့နှင့်ယဉ်ပါးပြီးဖြစ်သော်လည်းပုံစံသစ်များ ဖြစ်နေပြီး ပိုမိုတိုးတက်နေသည်။

နတ်သန်ဒူဝေက ရပ်ဆယ်သော့ပ်ကို ဘေးတစ်နေရာသို့ခေါ် သွားပြီး သူသိချင်သည်များကို မေးသည်။

"ပြုအာတိုကွေဒို စစ်တပ်က ဘာလက်နက်တွေကိုင်သလဲ"

"အများဆုံးကတော့ဒုတိယကမ္ဘာစစ် လက်ကျန်တွေပဲ၊ စက်သေနတ်ကလဲ ၁၉၁၉-ခုနှစ်က ထုတ်တဲ့ပုံစံဟောင်းတွေ"

"ဒါဆိုရင်တော့ အခြေအနေမဆိုးပါဘူး"

"သံချပ်ကာနဲ့ အပေါ့စား တင့်ကားတွေရှိတယ်"

"အိုး" နတ်သန်ကရေရွတ်လိုက်သည်။အခြေအနေကဆိုးသွားပြန်သည်။

"လေတပ်ရောရှိသလား"

"လေယာဉ်အုပ်စု နှစ်စုရှိတယ်။ တီ ၂၈ တိုက်လေယာဉ်အဟောင်းတွေ သုံးပုံတစ်ပုံလောက်ပဲ အချိန်မရွေးထတိုက်နိုင်တယ်. . . ."

"တော်စမ်းပါကွာ. . . . . လေယာဉ်ပျံခြောက်ဆင်း ခုနှစ်ဆင်းလောက်ဆိုရင်ပဲ တို့အားလုံးအမှုန့်ကြေကုန်ပြီ"

"တို့ကိုအမှုန့်ခြေဖို့ မြေပြင်ကနေအရင်တက်ရဦးမယ်ကွာ မြေပြင်က ကြွမတက်နိုင်အောင်တို့လုပ်နိုင်သားပဲ"

"မင်းကထင်ထားလို့လား"

"သေသေချာချာထင်ထားတာပေါ့ ငါ့လူရယ်"



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်၊နံနက် ၁၀ း ၁၅ နာရီ။

မေယာကို ကုမ္ပဏီ၏လုံခြုံရေးအရာရှိချုပ်သစ် တင်မ်အက်ကင်ကို ကုမ္ပဏီဥက္ကဋ္ဌ အင်နီယယ်ဆိဇ်က ပျူပျူငှာငှာလက်ခံတွေ့ဆုံသည်။

"ဂွတ်မောနင်း . . . . . . ကင်မ်၊ ထိုင်ပါ. . . . ထိုင်ပါ. . . . မစ္စတာ မေယာနဲ့ မောင်စကားပြောခဲ့ရတယ်လို့ ကျုပ်ထင်တယ်"

"မှန်ပါတယ်ခင်ဗျာ"

"ကောင်းတယ်၊လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ နောက်ထပ်ငွေဆယ့် ငါးသန်း ရောက်လာတယ်၊ မစ္စတာမေယာရဲ့ အာမခံသေတ္တာထဲမှာ ထည့်သိမ်းထားဖို့ မောင့်ကို ကျုပ် ပေးလိုက်မယ်၊ ဒါပေမယ့် ကျုပ်နားမလည်တာက ဒီငွေ အာမခံသေတ္တာထဲမှာ ထည့်သိမ်းထားဖို့ မောင် ဘယ်လိုစီစဉ်မှာလဲ ဆိုတာပဲ"

"မစ္စတာမေယာက လိုအပ်တာတွေအားလုံးသူစီစဉ်ထားပြီလို့ ပြောပါတယ်ခင်ဗျာ"

"ဟုတ်လား နေရှယ်နယ်စီးတီးဘဏ်တိုက်မှာလား"

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဘယ်ဘဏ်တိုက်မှာ အပ်တယ်ဆိုတာ လျှို့ဝှက်ထားဖို့ မစ္စတာမေယာက ကျွန်တော့်ကို အမိန့်ပေးထားပါတယ်"

"ထားလိုက်ပါတော့လေ"

ငွေဆယ့်ငါးသန်းကိုယူပြီး တင်မ်အက်ကင်ထွက်သွားသောအခါ ဒင်နီယယ်ဆိဇ်၏ အမူအရာမှာ တည်တည်ကြီးဖြစ်နေသည်။ ဩဂတ်စတပ် ဆမ်မြူယယ်မေယာ၏ လုပ်ပုံကိုင်ပုံများ သည် နားမလည်နိုင်အောင် ပိုဖြစ်လာသည်။ သည်ကိစ္စများနှင့် ပတ်သက်ပြီး ကုမ္ပဏီ၏ ပြင်ပ ဒါရိုက်တာများနှင့် တိုး တိုးတိတ်တိတ်တော့ ပြောဆိုထားဖို့လိုပြီဟုလည်း သူသဘောရနေသည်။

လော့စ်အိန်ဂျလိစ်၊နံနက် ၁၁း၀၀နာရီ။

ပက်ထရစ်ရှာဂါပေးသည် အာသာမိုရယ်ကို ဖုန်းဆက်ပြီး ဟာရေ့ဘလောက်နှင့် ပြောခဲ့ရသည့် အကြောင်းများကို ပြောပြသည်။

"ဒါဟာ ရိုးရိုးသွားသားတော့ ဟုတ်ပုံမရဘူး၊ ကျွန်မတို့အတွယ်ခံလိုက် ကြရပြီထင်တယ်" ဟုလည်း မှတ်ချက်ချသည်။

"ပေါလ်ကို မင်းပြောပြလိုက်ပြီလား"

"မပြောဘူး၊ကျွန်မပြောရင်လဲ သူလက်ခံမှာမဟုတ်ဘူး၊ သူထင်ချင်ရာတွေပဲ သူ လျှောက်ထင်နေမှာ"

"ဒါလဲဟုတ်တာပဲ၊ ပင်သီယွန်နဲ့မေယာကို ကုမ္ပဏီက ဘာတွေကျိတ်ကြံထားတယ် ဆိုတာ ကျုပ်စုံစမ်းကြည့်မယ်၊ နှစ်ရက်လောက်ကြာရင် မင်းဆီကို လာခဲ့မယ်၊ ဒီအချိန်မှာတော့ ဣန္ဒြေမပျက်နေဦး၊ လုပ်ငန်းအားလုံး ပုံမှန်ဖြစ်နေတယ်လို့ သူများထင်အောင်လုပ်ထား"ဟု အာသာမိုရယ်က ပြန်ပြောသည်။

နယူးယောက်၊နံနက် ၁၁း၄၅နာရီ

အင်ကမ်းကုမ္ပဏီရုံးချုပ်သို့ ဂျက်ဖရေစပင်ဇာ ရောက်လာသည်။ မည်သည့်တယ်လီဖုန်းနှင့် ညှိသည်ကိုမှ ဝင်ခွင့်မပေးရန် အတွင်းရေးမှူးများကို မှာထားပြီး ပေါလ်ဖားဟတ်၏ ရုံးခန်း ထဲသို့ဝင်ကာ အတွင်းမှ သော့ခတ်ထားလိုက်သည်။ ထို့နောက် တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတော့သည်။

အမေရိကန်စိတ်ရောဂါအထူးကု ဆရာဝန်များအသင်းကို ဆက်သည်။နယူးယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ် စိတ်ရောဂါကု သိပ္ပံသို့ဆက်သည်။ ပြီးတော့ ဆေးရုံပေါင်းများစွာသို့လှမ်းဆက်သည်။ စိတ်ရောဂါအထူးကု ဆရာဝန်ကြီးပေါင်းများစွာတို့၏ နာမည်များကိုရသည်။ ထိုဆရာဝန်များထံသို့လည်းဆက်သည်။ ညနေလေးနာရီကျတော့မှရုံးခန်းထဲမှသူထွက်ခွာသွားနိုင်တော့သည်။

ဂရင်းဝစ်မြို့ဟောင်း၊ ကွန်နက်တီးကပ်ပြည်နယ် ၊ည ၇း၀၀နာရီ။

စိတ်ရောဂါအထူးကုသမားတော်ကြီး ဒေါက်တာဖရင်ကလင်ရစ်ပ လေသည် အသက် ၅၂နှစ်ရှိပြီ။ သူ့လုပ်ငန်းတွင် အဘယ်မျှအောင်မြင်နေကြောင်းကို သူ၏ဒေါ်လာ ၇၅၀၀၀၀-တန်အိမ်ကြီးက သက်သေထူလျက်ရှိသည်။

သူ့အိမ်တွင် မည်သည့်ဝေဒနာရှင်ကိုမှလက်ခံတွေ့ဆုံလေ့မရှိ။သို့သော်လဲ ယခုကိစ္စက အထူးကိစ္စဖြစ်နေသည်။ ထို့ကြောင့် လူနာရှင်ကိုယ်စား ဂျက်ဖရေစပင်ဇာကို သူလက်ခံတွေ့လိုက်သည်။

ဂျက်ဖရေစပင်ဇာက လူနာနှင့် ပတ်သက်သည်များကို ပွင့်ပွင့်လင်း လင်းပြောပြသည်။ ပေါလ်ဗားဟတ်သည် စိတ်မြန်ကြောင်း၊ စိတ်ဓာတ်ကျရောဂါ ခံစားနေရသည့်အခါတွင် မည်သူ့ကိုမှ အတွေ့မခံပဲ အခန်းတွင်းမှာ အောင်းနေတတ်ကြောင်း၊ မည်သည့် ဆရာဝန်၏ ကုသမှုကိုမှလည်း မခံယူကြောင်းများကို ပြောပြသည်။

“အခုဖြစ်ရတာကတော့ လုပ်ငန်းနဲ့ ပတ်သက်ပြီး တိုက်ပွဲတွေလဲ ဆက်တိုက်တွေ့နေရတယ်၊ အကျပ်အတည်း မျိုးစုံနဲ့လဲတွေ့နေရတယ်၊ ဒီလိုအချိန်မျိုးမှာ သူရဲ့ တစ်ဦးတည်းသောညီမက အသတ်ခံလိုက်ရတယ်၊ လောကကြီးမှာ ဆွေမျိုးဆိုလို့တစ်ယောက်မှမရှိတော့ဘူး၊ သူတို့မျိုးဆက်မှာ သူတစ်ယောက်တည်းပဲ ကျန်တော့တယ်၊ ဒါကြောင့်ဒေါက်တာက လက်ခံပြီး ကုသပေးနိုင်မယ်ဆိုရင် အင်ကမ်းကုမ္ပဏီရဲ့ အမှုဆောင်အရာရှိတွေနဲ့ တစ်တန်းတစ်စားတည်း လစာပေးပါ့မယ်၊ တစ်နှစ်ကိုဒေါ်လာ တစ်သိန်းနဲ့ ငါးနှစ်စာချုပ်ပါ့မယ်၊ ကုမ္ပဏီရဲ့ အစုရှယ်ယာ ၅၀၀၀- ကိုလဲဆုကြေးအဖြစ်နဲ့ ကုမ္ပဏီက ထုတ်ပေးပါ့မယ်”

“ကောင်းပြီ၊မနက်ဖြန် ညနေ ငါးနာရီ ကျွန်တော်လာခဲ့မယ်၊ သူ့ကို စောင့်နေတဲ့ သူနာပြုဆရာမတွေ ကျွန်တော့်ကိုမမြင်ရင်ကောင်းမယ်၊ ဒါမှမဟုတ်ကျွန်တော်ကုနေတယ်ဆိုတာ သူတို့မသိပါစေနဲ့”

“ဒါအတွက် မပူပါနဲ့ ခင်ဗျာ၊ ကျွန်တော် အားလုံး စီစဉ်ပေးပါ့မယ်”

“မစ္စတာဗားဟတ်ရဲ့အခု နောက်ဆုံးအခြေအနေက ဘယ်လိုလဲ၊ တိတိကျကျ သိချင်တယ်”

ခရီဂါထံမှ ကြားရသည်များကို ဂျက်ဖရေက ပြန်ပြောပြသည်။

“တစ်ချိန်လုံး အိပ်နေတယ်၊ စားဖို့သောက်ဖို့ အခင်းကြီး အခင်းလေးသွားဖို့ သူနာပြုဆရာမတွေက နှိုးမှပဲထတယ်၊ ဘယ်သူ့ကိုမှလဲ စကားမပြောဘူး”

“အင်းအဆိုးဆုံးအခြေအနေကို ရောက်နေပြီကိုး၊ အနားမှာအစောင့်မပြတ်ရှိရင်တော့ အန္တရာယ် မဖြစ်နိုင်ပါဘူးလေ” ဟုသမားတော်ကြီးကပြန် ပြောသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

**အယ်လ်ဖာစခန်း၊ဗုဒ္ဓဟူး၊မေ ၂၅၊ နံနက် ၁၁း၃၀ နာရီ။**

အယ်လ်ဖာစခန်း လေယာဉ်ကွင်းသို့ ယိတ်နာဂယ်၏ ကိုယ်ပိုင်လေယာဉ်ပျံ ဆင်းလာသည်။ စက်ရပ်လိုက်သောအခါ အဖိုးတန် အဝတ်အစားများဝတ်ထားသည့် ရပ်ဆယ်သော့ပ်က ဂျစ်ကားမောင်းပြီး လေယာဉ်ဆီသို့သွားသည်။

လေယာဉ်ပေါ်မှ ဆင်းလာသော ယိတ်နာဂယ်က ဂျစ်ကားပေါ်သို့ တက်ထိုင်သည်။ ရပ်ဆယ်သော့ပ်ကသူ့ရုံးအဖြစ်အသုံးပြုနေသော သစ်သား အိမ်ဆီသို့ ပြန်မောင်းသွားသည်။

စားပွဲမှာမျက်နှာချင်းဆိုင်ထိုင်မိကြသောအခါ ယိတ်နာဂယ်က မြေပုံတစ်ခုကို ဖြန့်တင်သည်။ ရပ်ဆယ်သော့ပ်က အိတ်ထဲမှ စာရွက်စာတမ်းများနှင့်အတူ အမေရိကန် နိုင်ငံကူး လက်မှတ်ကိုထုတ်ပေးသည်။

"ကျွန်တော့်နာမည်ကို ရော်ဂျာထရင်ဘလေလို့ မှည့်လိုက်မယ်၊ အလုပ်အားလုံးကို ဒီနာမည်နဲ့ပဲ လုပ်သွားမယ်၊ မြေယာဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်နေတဲ့လူပေါ့ဗျာ၊ ခင်ဗျားကတော့ နာမည်ပြောင်းလို့ ရမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ လေယာဉ်ပျံမှတ်ပုံတင်ကြီးက ရှိနေတယ် မဟုတ်လား၊ ခင်ဗျားက ကျွန်တော်နဲ့အလုပ်အတူတူလုပ်မယ့် အစုစပ်တစ်ဦးပေါ့၊ သဘောကျရဲ့လား"

"ကောင်းပါတယ်၊ လူတွေယုံလောက်ပါတယ်၊ ဒီလိုဆိုရင် ကျုပ်တို့ မော်တော်ကား တစ်စီးငှားပြီး ဟိုနားဒီနားလျှောက်ကြည့်ရင် ဘယ်သူကမှလဲ မသင်္ကာဖြစ်တော့မှာ မဟုတ်ဘူး၊ ဒါနဲ့စကားမစပ် ကျုပ်တို့ဘယ်မှာတည်းမလဲ" ဟု ယိတ်နာဂယ်က မော့ကြည့်ပြီးမေးသည်။

"အယ်လ်ကွန်ကွစ္စတေဒိုမှာတည်းရမှာပေါ့၊ တခြားဘယ်မှာတည်းရမလဲ၊ ကျွန်တော်တို့က အလွန်ချမ်းသာတဲ့လုပ်ငန်းရှင်ကြီးတွေမဟုတ်လား"

"ခင်ဗျားအတွက် စွန့်စားသလို ဖြစ်မနေဘူးလား။ အင်ကမ်းကုမ္ပဏီကလူတွေ အဲဒီမှာ အများကြီးပဲ"

"ကျွန်တော်မျက်နှာကို ဘယ်သူမှ မမြင်ဖူးပါဘူး"သူနှင့် လူချင်းတွေဆုံဖူးသူမှာ ပက်ထရစ်ရှာဂါဗေးတစ်ယောက်သာရှိသည်။"နောက်ပြီးတော့ ဟိုတယ်မှာလဲ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနေမှာမှ မဟုတ်ပဲ၊ စန်တာကလာရာမြို့ကနေ မိုင်ရှစ်ဆယ်ကိုးဆယ်လောက်ဝေးတဲ့နေရာက လေယာဉ်ပျံကွင်းကို ကျွန်တော်တို့သွားကြည့်ကြမှာ မဟုတ်လား"

"လေယာဉ်ပျံကွင်းကသုံးမရနိုင်တဲ့ အခြေအနေမှာရှိနေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

"လေယာဉ်ပြေးလမ်းက အင်မတန်ကောင်းတယ်လို့ ကျွန်တော် ကြားထားတယ်၊ သောင်းကျန်းမှုနှိမ်နင်းရေးသင်တန်းကျောင်းအဲဒီမှာဖွင့်တုန်းက သူတို့တည်ခဲ့တဲ့ လေယာဉ်ပျံကွင်း၊ ဘယ်လေယာဉ်မဆို ဆင်းလို့ရတယ်၊ ကွင်း ရှင်းဖို့ပဲ လိုလိမ့်မယ်"

"အနီးအနားမှာ စစ်သားတွေများရှိနေမလား"

"ဒီနေရာကိုသူတို့စွန့်ပစ်ထားတာ နှစ်ပေါင်းတော်တော်ကြာပြီ၊ နောက်ပြီးတော့ နေရာကလဲ တောကြီးမျက်မည်းထဲမှာ၊ သူတို့စစ်တပ်က ဒီနေရာကို တန်ဖိုးထားပြီး အာရုံစိုက်နေကြမှာ မဟုတ်ပါဘူး"ဟု ရပ်ဆယ်သော့ပ်က ပြန်ပြောသည်။

ယိတ်နာဂယ်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

"ဒါက ခင်ဗျားအလုပ်ပဲလေ၊ကျုပ်တို့ ဘယ်တော့သွားကြမလဲ"

ရပ်စ်က ထိုင်ရာမှထလိုက်သည်။

"အခုသွားမယ်"

စန်တာကလာရာ၊ မွန်းလွဲ ၂း၁၅ နာရီ။

စန်တာကလာရာလေဆိပ်သို့ သူတို့လေယာဉ်ပျံ ဆင်းလာသည်။ ယိက်နာဂယ်က လေယာဉ်စက်သတ်လိုက်ချိန်မှာပင် မြေပြင် အလုပ်သမား များပြေးလာကြသည်။ အထုပ်အပိုးများကို သယ်ချပေးသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ဌာန အရာရှိများသည် ထွေထွေထူးထူး စစ်ဆေးနေခြင်းမရှိပဲ နိုင်ငံကူးလက်မှတ်များတွင် တံဆိပ်တုံးရိုက်ပေးကြသည်။ အထုပ်အပိုးများကိုလည်း မော့၍ပင်မကြည့်တော့ပဲ သယ်သွားခွင့်ပြုလိုက်သည်။

မော်တော်ယာဉ် ကုမ္ပဏီတစ်ခုမှ လင့်ရိုဗာ ကားတစ်စင်းကို ယိတ်နာဂယ်က သူ့မှတ်ပုံတင်များပြပြီးသွားငှားသည်။ သူတို့မြေဝယ်ဖို့ရောက်လာခြင်းဖြစ်သဖြင့် မြေကွက်များကို လျှောက်ကြည့်ရန်ရှိကြောင်း၊ ထို့ကြောင့် လင့်ရိုဗာကားသာလျှင် အဆင်ပြေမည်ဖြစ်ကြောင်းများကိုလည်း အများကြားသာအောင် အော်ကျယ်ဟစ်ကျယ် ပြောနေသည်။

စန်တာကလာရာမြို့ထဲသို့ ယိတ်နာဂယ်က ကားမောင်းလာသည်။ အယ်လ်ကွန်ကွစ္စတေဒိုဟိုတယ်ဝင်းထဲသို့မောင်းဝင်ခဲ့သည်။

"ဟိုတယ်ကလဲ ပုံပျက်ပန်းပျက်နဲ့"ဟု နာဂယ်ကပြောသည်။

"ဟုတ်တယ်၊ခင်ဗျားလဲ အလှအပ တော်တော်ကြိုက်တာပဲ၊ ဘာဖြစ်ဖြစ်ဒီမှာပဲ ကျွန်တော်တို့ တည်းရမယ်"

မေ ၁၀ ရက်နေ့တုန်းက စန်တာကလာရာသို့ ရပ်ဆယ်သော့ပ် တစ်ခေါက်ရောက်ခဲ့သေးသည်။ ကြိုတင်လေ့လာသည့် အနေဖြင့်လာရောက် ကြည့်ခြင်းဖြစ်သည်။ ထိုသို့ရောက်ခဲ့သည်မှာ ယခုမှ ဆယ်ရက်ပဲ ရှိသေးသည်၊ သို့သော်လည်း သူ့စိတ်ထဲကတော့ ဆယ့်ငါးနှစ်လောက်ကြာသွားပြီဟု ထင်နေသည်။ သူဘာတွေကြားခဲ့သည်။ ဘာတွေမြင်ခဲ့သည်ကိုပင် မမှတ်မိအောင်ဖြစ်နေသည်။

ဂျော့ဖစ်ဂူရပ်စ် တစ်ယောက်ကိုပဲမှတ်မိတော့သည်။ ဂျော့ဖစ်ဂူရပ်စ်သည် ရှေ့နေတစ်ယောက်ဖြစ်ပြီး အစိုးရကိုထောက်ခံသူအဖြစ် လူအများကသိ ထားကြသည်။သို့သော်လည်း အတိုက်အခံပေါ်ပြူလာပါတီ၏ တိတ်တိတ်ပုန်းခေါင်းဆောင်ကြီး ဖြစ်နေကြောင်းကိုကားမည်သူမှမသိကြ။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ သမ္မတရာမွန်မူညော့ဇ်အစိုးရကို ပြတ်ပြတ်သားသားထောက်ခံသည်။ ထို့ကြောင့်လည်း ပေါ်ပြူလာပါတီကို သူကြိုးကိုင်နေသည်ဟု မည်သူကမှ မထင်ကြ။နယူးယောက်မှာရှိနေသည့် သမ္မတမူညော့ဇ် ဆန့်ကျင်ရေးသမားများက သူနှင့်ဆက်သွယ်ရန် ရပ်စ်ကို သတင်းပေးကြသည်။

ဂျော့ဖစ်ဂူရပ်စ်သည် ပွင့်ပွင့်လင်းလင်းပြောတတ်သူ ဖြစ်သည်။ရပ်စ်က သူ့အမည်ကို ရော်ဂျာထရင်ဘလာဖြစ်ကြောင်း ပြောပြပြီးဖုန်းလှမ်းဆက်ခဲ့သည်။မြေယာဝယ်ယူရေးကိစ္စများ၊ ဥပဒေကိစ္စများ၊ စာချုပ်ဖွဲ့ကိစ္စများကိုသာ သူတို့ပြောခဲ့ကြသည်။ သို့သော်သူတို့နှစ်ယောက် ဘာပြောနေကြောင်း အချင်းချင်းသိပြီးဖြစ်သည်။ ကြားက တယ်လီဖုန်းကို ဖြတ်နားထောင်သူများ မရိပ်မိစေရန် စကားဝှက်ကိုသုံးခြင်းဖြစ်သည်။

ဂျော့ဖစ်ဂူရပ်စ်ကို ပြူအာတိုကွေဒိုနိုင်ငံအတွင်း၌ ဥပဒေရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ရော်ဂျာထရင်ဘလေက ငှားရမ်းထားသည်ဟုအများက သဘောပေါက်ကြသည်။

ထို့ကြောင့် ရော်ဂျာထရင်ဘလေနှင့် သူ့အစုစပ်ယိတ်နာဂယ်သည် စန်တာကလာရာမြို့သို့ရောက်ပြီးသည်နှင့် တစ်ပြိုင်နက်ချက်ချင်းဆိုသလိုပင် ဂျော့ဖစ်ဂူရပ်စ်နှင့် သွားရောက်တွေ့ဆုံကြလေသည်။

ဖစ်ဂူရပ်စ်၏ ပုံပန်းသဏ္ဌာန်က ခန့်ခန့်ညားညားရှိသည်။အသက်၆၂ နှစ်ရှိပြီ။သို့သော် လွန်ခဲ့သည့်ဆယ့်ငါးရက်တုန်းက ရပ်စ်တွေ့ခဲ့သည်နှင့်စာလျှင် သိသိသာသာကြီးပိုပြီး အိုစာသွားသည်ဟုထင်ရသည်။

"ကျွန်တော်တို့ ဒီမှာလွတ်လွတ်လပ်လပ် စကားပြောလို့ရပါသလား ခင်ဗျာ"ဟု ရပ်စ်ကမေးသည်။

"ရပါတယ်၊ ဒါပေမယ့် ဘယ်လောက်ကြာကြာ ပြောလို့ရမယ် ဆိုတာကိုတော့ ကျုပ်မပြောတတ်ဘူး" ဖစ်ဂူရပ်စ်သည် ဝါရှင်တန်ရှိ ပြူအာတိုကွေဒို သံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး အင်္ဂလိပ်စကားကို ကျကျနန ပြောတတ်သူဖြစ်သည်။ "မိုင်းဗုံးတွေက တစ်လုံးပြီး တစ်လုံးပေါက်နေကြတာ မဟုတ်လား၊ ရွေးကောက်ပွဲ နီးလာလေ ပိုများလေဖြစ်လာမှာပဲ၊ ကာနယ်လီနာရီရဲ့ လက်ချက်ဖြစ်ကြောင်းတော့ ရှင်းနေတာပဲ"

"ပေါ်ပြူလာပါတီ ခေါင်းဆောင်တွေကရောဒါကို သဘောပေါက်ကြပါရဲ့လား" ဟု ရပ်ဆယ်သော့ပ်ကမေးသည်။

"သဘောပေါက်တဲ့လူ အင်မတန်နည်းပါတယ်၊ ဒါထက်ပိုဆိုးတာက ကျုပ်တို့ပါတီဝင်တွေကို အဖြစ်မှန်ပြန်မပြောဝံ့ကြတာပဲ၊ ပါတီဝင်တွေက ကြောက်သွားပြီး ရှောင်ပြေးကြမှာကို ကြောက်နေကြတယ်"

"ပါတီကွဲသွားနိုင်တဲ့ အခြေအနေရောရှိသလား"

"ဒီသဘောမျိုးတော့မဟုတ်ပါဘူး၊ ခေါင်းဆောင်တွေက နိုင်ငံရေးကို လိုအပ်ရင်လို အပ်သလို မလုပ်ချင်ကြဘူး၊ လျှော့ကြီးထိုး ရိုးရိုးပဲလုပ်ချင်ကြတယ်၊ လူသတ်သမား လီနာရီနဲ့ သူ့လူတွေမှာက လက်နက်ရှိတယ်၊ အာဏာရှိတယ်၊ ဒါကြောင့် ဒီတိုင်းပြည်မှာ လူတွေ ဘယ်လောက်များများ သေဦးမယ်မသိဘူး၊ နစ်ကာရာဂွာမှာထက် ပိုပြီးသေနိုင်စရာ အကြောင်းရှိနေတယ်"

"ဒီလိုလူသတ်ပွဲမှာအင်ကမ်းကုမ္ပဏီက ကျောထောက်နောက်ခံ လုပ်ပေးနေတာ အဆိုးဆုံးဖြစ်တော့တာပေါ့ဗျာ" ဟု ယိတ်နာဂယ်က ဝင်ပြောသည်။

"သတင်းစာဆရာတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ မျက်မြင်မှာတော့ သေတဲ့ လူအနည်းအကျဉ်းပဲရှိမယ်၊ဒါပေမယ့် သူတို့လက်လှမ်းမမီနိုင်တဲ့ နယ်ဘက်တွေမှာ ထောင်နဲ့ချီပြီး အသတ်ခံရစရာအကြောင်းရှိနေတယ် မစ္စတာနာဂယ်၊ မြို့တော်မှာ တိတ်တဆိတ်ဖမ်းနေတာတွေလဲ မနည်းတော့ဘူး၊ အဲဒီအတိုက်အခံတွေကို နယ်ဘက်ပို့ပြီး အစုလိုက်အပြုံလိုက် ရှင်းပစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားတွေ ဘယ်လိုမှ မရောက်နိုင်တဲ့ တောရွာတွေမှာပိုဆိုးမယ်၊ ဒီအဖြစ်မျိုးတွေကလွတ်မြောက်အောင် ကျွန်တော်တို့ကူညီရတော့မှာပဲ"

"ကူညီဖို့ဆိုတာမှာ လမ်းနှစ်လမ်းရှိပါတယ်။ လက်နက်ပေးမယ်ဆိုရင် ပေါ်ပြူလာပါတီဝင်ဘယ်လောက်များများကစစ်တိုက်မလဲ" ရပ်ဆယ်သော့ပ်က စီးကရက်ကို မီးညှိရင်းလှမ်းမေးသည်။

"ဂျော့ဖစ်ဂူရပ်စ်က လက်နှစ်ဘက်ကို ဖြန့်ကားလိုက်သည်"

"မူညော့ဗ်ရဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့လူတွေရှိတယ်၊ အစိုးရအဖမ်းမခံရအောင် ထွက်ပြေးပြီး လွတ်ရာမှာပုန်းနေကြတယ်၊ စစချင်းတော့ အဲဒီလူတွေပဲ ဝင်တိုက်ကြလိမ့်မယ်"

ရပ်စ်ကပြုံးလိုက်သည်။

"လက်ရှိအစိုးရအပေါ် စိတ်နာနေတဲ့ လူတွေဆိုတော့ မဆိုးပါဘူး၊ ကျွန်တော်တို့လူ ဘယ်လောက်ရနိုင်မလဲ၊ ခန့်မှန်းခြေလောက်ပြောပြပါဦး"

"သုံးလေးရာ လောက်တော့ ရနိုင်ပါတယ်"

"အောင်ပွဲတွေရနေပြီဆိုရင် ကျန်တဲ့လူတွေရောပါမှာလား"

"ပါလာမှာပါ၊ ဒါပေမယ့် ကျွန်တော်တို့ ငွေလိုတယ်၊ လက်နက်လိုတယ်"

"ဒါ ပြဿနာမဟုတ်ပါဘူးခင်ဗျာ" ရပ်ဆယ်သော့ပ်တွင် လက်ကိုင်အိတ် တစ်လုံးပါလာသည်။ ထိုအိတ်ကို စားပွဲပေါ် သို့တင်ပေးလိုက်သည်။ "ဒီအထဲမှာ ဒေါ်လာငါးသိန်းပါပါတယ်၊ လိုတာတွေအားလုံး ဆက်တိုက်လာပါ့မယ်"

ထို့နောက် တစ်နာရီခွဲလောက်ကြာအောင် သူတို့ ဆက်လက်ဆွေးနွေးနေကြသည်။ သိချင်သည့် မေးခွန်းများကို အပြန်အလှန်မေးကြသည်။

"ဆန်အယ်ဂျီလိုနယ်မှာရှိတဲ့ လေယာဉ်ကွင်းကို မစ္စတာနာဂယ်နဲ့ ကျွန်တော်သွားကြည့်ချင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်မှာရှိတဲ့ မြေပုံညွှန်းအရတော့ ဒီကနေ မိုင်ကိုးဆယ်လောက်ဝေးတယ်၊ လမ်းက အင်မတန်ဆိုးတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့မှာ ငှားထားတဲ့ လင့်ရိုဗာ ကားတစ်စင်း ရှိပါတယ်၊ အဲဒီခရီးကို ကျွမ်းတဲ့လူတစ်ယောက်လောက်များ ကျွန်တော်တို့နဲ့ ထည့်ပေးနိုင်မလား၊ မနက်ဖြန်မနက် အရုဏ်တက်မှာ ကျွန်တော်တို့သွားမယ်"

"ကျုပ်ကိုယ်တိုင် ခင်ဗျားတို့နဲ့ လိုက်ခဲ့ပါ့မယ်၊ ရှေ့နေတစ်ယောက်ဟာ မြေဝယ်ချင်တဲ့ ကိုယ့်အမှုသည်တွေနဲ့ မြေအတူတူ သွားကြည့်သင့်တယ်မဟုတ်လားဗျာ" ဟု ရှေ့နေဂျော့ဖစ်ဂူရပ်စ်က ပြုံးပြုံးကြီးပြောလိုက်လေသည်။

\+ + +

နံနက်ငါးနာရီတိတိတွင် အယ်လ်ကွန်ကွစ္စတေဒို ဟိုတယ်၌ အသင့်စောင့်နေသော ရပ်ဆယ်သော့ပ်နှင့် ယိတ်နာဂယ်တို့နှစ်ယောက်ဆီသို့ ဂျော့ဖစ်ဂူရပ်စ် ရောက်လာသည်။ နာဂယ်က ဟိုတယ်ဆင်ဝင်အောက်သို့ မော်တော်ကားကို မောင်းယူလာသည်။

"ဒီတစ်ခါတော့ ခင်ဗျား မောင်းရမယ့်အလှည့်ပဲ ရပ်စ်" ဟု ရပ်ဆယ်သော့ကို လှမ်းပြောသည်။

စန်တာကလာရာမြို့ပြင်သို့ မောင်းထွက်လာကြသည်။ မြို့နှင့်ဝေးလေ လမ်းက ပိုဆိုးလေ ဖြစ်လာသည်။ ရှစ်နာရီတွင်ရွာကလေးတစ်ရွာသို့ရောက်သည်။ ခဏနားပြီး နံနက်စာ စားကြသည်။ လမ်းမှာစားရန် လိုအပ်သည်များကို ဝယ်ကာ ခရီးဆက်ခဲ့ကြသည်။

လမ်းကတောင်များပေါ် သို့ မော့တက်လာသည်။ချိုင့်တွေကျင်းတွေ ဖြင့်ပို၍လည်း ဆိုးလာသည်။ နောက်တဖြည်းဖြည်းဆင်းသွားသည်။ တောင်ကြားလွင်ပြင် တစ်ခုဆီသို့ လမ်းက ဦးတည်နေသည်။ သစ်ပင်ကြီးများထူထပ်စွာ ပေါက်နေသည်၊ အလွန်ထူသည့်တော ဖြစ်သည်။ လူနေအိမ်ခြေကို လုံးဝမမြင် ရ။သည်နေရာတွင် ယခင်တုန်းက အင်းဒီးယန်းများ နေခဲ့ဖူးသော်လည်းစနစ်တကျ သုတ်သင်ပစ်ခြင်းကို ခံခဲ့ရသောကြောင့်မျိုးပြုတ်သွားသည်ဟုဂျော့ဖစ် ဂူရပ်စ်က



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။

နောက်ဆုံးတွင် လေယာဉ်ကွင်းသို့ ရောက်လာသည်။ လေယာဉ်ပြေးလမ်းက အလွန်တရာ ကောင်းနေသည်ကိုကြည့်ပြီး ယိတ်နာဂယ်က အံ့အားသင့်နေသည်။

"မယုံနိုင်စရာပဲနော်၊ လေယာဉ်ကွင်းတည်တဲ့ ကန်ထရိုက်တွေက တော်တော်ရိုးသားကြတယ်နဲ့တူတယ်" ဟုလည်း နာဂယ်က ပြောသည်။

လေယာဉ်ပြေးလမ်းပေါ်တွင်ကျိုးကျနေသော သစ်ပင်များ၊ ကိုင်းကျနေသော သစ်ကိုင်းများနှင့် ရှုတ်ထွေးနေသည်။

"ဒါတွေတော့ ရှင်းပစ်ဖို့လိုလိမ့်မယ်"ဟု ရပ်ဆယ်သော့ပ်က ပြောသည်။ဂျော့ဖစ်ဂူရပ်စ်က သူတာဝန်ယူကြောင်း ပြောသည်။

"ကျုပ်အလုပ်တော့ မဟုတ်ဘူးပေါ့လေ၊ ဒါပေမယ့် ဒီလိုနေရာမျိုးကနေပြီး ခင်ဗျားလူတွေကို စန်တာကလာရာမြို့ထဲရောက်အောင် ဘယ်လိုလုပ် ပို့မလဲ"ဟု ယိတ်က ရပ်စ်ကို လှမ်းမေးသည်။ သူ့တစ်ကိုယ်လုံးတွင်လည်း အပူဒဏ်ကြောင့် ချွေးများ ရွှဲနေသည်။

"မပူပါနဲ့ဗျာ၊ အလိုလိုဖြစ်မှာပေါ့"

စန်တာကလာရာသို့ သူတို့ပြန်လာကြသည်။ ဂျော့ဖစ်ဂူရပ်စ်၏ ရုံးသို့လိုက်သွားကြပြီး စာနှစ်စောင်ကို ရပ်ဆယ်သော့ပ်ကလက်မှတ်ထိုးပေးသည်။ တစ်စောင်က ထရင်ဘလေ မြေယာဖွံ့ဖြိုးရေးကုမ္ပဏီအတွက် ဥပဒေအကြံပေးအရာရှိအဖြစ် ဖစ်ဂူရပ်စ်ကိုခန့်အပ်ကြောင်းနှင့် နောက်တစ်စောင်က လေယာဉ်ကွင်းနှင့် ဆယ်မိုင်မျှကွာဝေးသောနေရာရှိ မြေကွက်များကိုဝယ်ယူရန် လိုအပ်သည့် စုံစမ်းမှုများပြုလုပ်ရန် ဖြစ်လေသည်။

ဂျော့ဖစ်ဂူရပ်စ်သည် အမေရိကန်လူမျိုး နှစ်ယောက်နှင့်အတူ တောထဲသို့ လိုက်သွားသည့်အကြောင်းရင်းကို တစ်စုံတစ်ယောက်က စုံစမ်းလာပါက အကြောင်းပြကောင်းရန် ဖြစ်သည်။

ရပ်စ်နှင့်ယိတ်သည် စန်တာကလာရာမြို့မှပြန်လာကြသည်။
အယ်လ်ဖာစခန်းတွင် ရပ်စ်ကို ချပေးခဲ့ပြီး ယိတ်ကဆက်သွားပြန်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

**နယူးယောက်၊သောကြာ၊မေ ၂၇၊နံနက် ၈း၃၀နာရီ။**

ဂျက်ဖရေစပင်ဇာသည် ပေါလ်ဗားဟတ်၏ ကျန်းမာရေးကိစ္စများကို သမားတော်ကြီး ဖရင်ကလင်ရစ်ပလေနှင့် တိုင်ပင်သည်။

လူနာကို သူတို့စတင်ကုသကြသည်။ သို့သော်လဲ ထူးထူးခြားခြား ကောင်းမလာသေး။ မည်သည့်နည်းနှင့် ကုရမည်ဆိုသည်ကို အကြံယူနေကြဆဲဖြစ်သည်။

**အင်ဒီးယန်းဝဲလ်စ်၊နံနက် ၉း၁၅နာရီ။**

ကလျာမေယာသည် သူ့အဖေအိမ်မှာရက်ကြာကြာမနေနိုင်ပါ။လော့စ်အိန်ဂျလိစ်မှာရှိ နေသည့် သူ့ကုမ္ပဏီတွင်လည်း အလုပ်တွေက အရေးကြီးနေသည်။ သူကိုယ်တိုင်ရှိမှဖြစ်မည်။ ထို့ကြောင့်ပြန်ရဦးမည်။ သို့သော်လည်း နောက်ဆံတင်းနေသည်။သူ့အဖေနှင့်တစ်အိမ်လုံးကိုလည်း အက်ဘီအိုင်စုံထောက်ဟောင်းများကို အချိန်ပြည့်ချပြီး လုံခြုံရေးအတွက် စောင့်ခိုင်းထားသည်။

စာကြည့်ခန်းထဲမှာရှိနေသော သူ့အဖေကို သွားနှုတ်ဆက်သည်။

"ဖေဖေနဲ့ နာဒိုင်းကို သမီးနေ့တိုင်းဖုန်းဆက်ပါမယ်"

သူ့အဖေကို နမ်း၍ နှုတ်ဆက်ပြီးအပြင်သို့ ထွက်ခဲ့သည်။ သို့သော်လည်း အခန်းဝ ရောက်မှပြန်လှည့်သည်။

'ဖေဖေ'

"ဘာလဲသမီး"

"ရပ်ဆယ်သော့ပ်အကြောင်း ဘာများကြားသေးသလဲ . . . . ဖေဖေ"

"မကြားဘူး" မေယာက လိမ်ပြောလိုက်သည်။

"ဘာဖြစ်လို့မေးတာလဲ"

"ကြက်ဆင်သားချက်ပြီး သူ့ကို ညစာထမင်းတစ်နပ်လောက် ထပ်ကျွေးချင်လို့ပါ ဖေဖေ . . . . သမီး ဒီလိုပဲ ဖြေသင့်ပါတယ်နော်"

မေယာ၏ တယ်လီဖုန်းက မီးနီပြလာသည်။ သို့သော်လည်း သည်အတိုင်း ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ကလျာ ဘာတွေတွေးနေသနည်း ဟုစဉ်းစားနေမိသည်။

"ရုပ်စ်ကို သမီး တကယ်သဘောကျနေသလား"

"ဘယ်လိုမေးလိုက်ပါလိမ့်. . . . ဖေဖေရယ်၊ သမီးအင်မတန် သဘောကျတဲ့ လူတွေထဲမှာ သူလဲတစ်ယောက် အပါအဝင်ပေါ့"

ကလျာက ထိုမျှပြောပြီး ထွက်သွားတော့သည်။ တယ်လီဖုန်းမှ မီးနီက ဆက်လင်းနေသည်။ မေယာက ဖုန်းကိုကောက်ကိုင်သည်။ တစ်ဘက်က ဆက်သူမှာ ဒင်နီယယ်ဆိဇ် ဖြစ်သည်။

"ဒီနေ့မနက် သတင်းစာတွေ ဖတ်ပြီးပြီလား" ဟုဒင်ကမေးသည်။ သူ့အသံမှာ စိတ်လှုပ်ရှားနေပုံရသည်။

"မဖတ်ရသေးဘူး"

ဒင်ဆိဇ်က သတင်းဆိုးများကို ပြောပြသည်။ စီဘီစီက ပင်သီယွန်နှင့် မေယာကို ကုမ္ပဏီထဲမှ နစ်နာကြေး လျော်ကြေး ဒေါ်လာသန်းပေါင်း ၅၀၀ ရလိုကြောင်းဖြင့် တရားစွဲလိုက်ကြောင်း၊ ဆီးဂတ်သံမဏိလုပ်ငန်း ကော်ပိုရေးရှင်းက မေယာကိုကုမ္ပဏီထက် အင်ကမ်းဘက်သို့ပို့ယိုင်နေကြောင်း၊ မေယာကို အစုရှယ်ယာများ သုံးရာခိုင်နှုန်းဈေးကျသွားကြောင်း ရေးသားထားသည့် သတင်းများကိုပြောပြသည်။

"ကျွန်တော်တို့ပြင်ပက ဒါရိုက်တာတွေကလဲ ကျွန်တော့်ကိုတမေးတည်း မေးနေကြတယ် ဆမ်၊ သူတို့ကို ကျွန်တော်ဘာပြန်ပြောလိုက်ရမလဲ"

"နောက်ထပ် ဆယ်ရာခိုင်နှုန်း ကျအောင် စောင့်ကြဦးလို့၊ အဲဒီအခါကျတော့ ရသမျှ အစုရှယ်ယာတွေကို သိမ်းကျုံးဝယ်ကြတော့လို့ ပြောလိုက်ပါ"

"ကျွန်တော့်ကို နောက်နေတာလား ဆမ်၊သူတို့အားလုံး အထိတ်တလန့် ဖြစ်နေကြတယ်"

"ဖြစ်နိုင်တာပေါ့၊ သိပ်အကြောက်လွန်ပြီး အာရုံတွေပြားလာပြီဆိုရင် စိတ်ရောဂါကုဆေးရုံကို သွားတက်ကြလို့ ပြောလိုက်ပါ၊ ဂွဒ်ဘိုင်"

မေယာက ဖုန်းကို ပြန်ချလိုက်သည်။ နောက်ဆယ်မိနစ်လောက် ကြာသောအခါ မီးနီကပြန်လင်းလာပြန်သည်။ ရုပ်စ်သော့ပ်ငှားထားသည့် ကိုယ်ပိုင်ရုံးမှနေပြီး တင်မ်အက်ကင် ဆက်ခြင်းဖြစ်သည်။ ထိုဖုန်းတွင်လည်း အသံလှိုင်းဖြတ် ကိရိယာတပ်ဆင်ထားသည်။

"ကျွန်တော်ရုပ်စ်နဲ့စကားပြောလိုက်ရပါတယ်၊ သူ ပြုအာတိုကွေဒို နိုင်ငံကို ရောက်ခဲ့တယ်တဲ့၊ လိုအပ်တဲ့မဟာမိတ်တွေနဲ့လည်း အဆက်အသွယ် လုပ်ပြီးပါပြီတဲ့၊ နောက်ထပ်ငွေငါးသန်း ဖလော်ရီဒါကို လာပို့ပေးဖို့ ကျွန်တော့်ကို ခွင့်တောင်းခိုင်းပါတယ် မစ္စတာမေယာ"

စီဘီစီက လျော်ကြေးသန်းပေါင်း ၅၀၀တောင်းနေပြီ။ ဆီးဂတ် ကုမ္ပဏီကိုလက်လွှတ်လိုက်ရမည်ဆိုလျှင် သန်းပေါင်းနှစ်ရာလောက်နစ်နာ သွားဦးမယ်။ထိုငွေများနှင့်နှိုင်းစာလျှင် ငါးသန်းဆိုသည်မှာ ဘာမှမပြောပ လောက်တော့သောငွေဖြစ်သွားချေပြီ။ ထို့ကြောင့်မေယာက ပြန်ပြောသည်။

"ပို့ပေးလိုက်ပါတင်မ်၊ သူ့ကို ကျပ်နှုတ်ဆက်လိုက်ကြောင်းလဲ ပြောလိုက်ပါ"

တယ်လီဖုန်းပြန်ချပြီး မေယာက ထိုင်စဉ်းစားနေသည်။ ရုပ်ဆယ်သော့ပ်နှင့်ကလျာတို့ အကြောင်းက ခေါင်းထဲသို့အလျှင်ဝင်လာသည်။ အားလုံး ပြီးသွားလျှင်တော့ ရုပ်ဆယ်သော့ပ် အတွက် တစ်ခုခုလုပ်ပေးရပေမည်။အားလုံး ပြီးစီးမည့်အချိန်သည် ဘယ်တော့လောက် ကျရောက်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



လော့စ်အိန်ဂျလိစ်၊မွန်းလွဲ ၁၂း ၃၀နာရီ။

လော့စ်အိန်ဂျလိစ်သို့ လေယာဉ်ပျံဖြင့် ရောက်လာသော အာသာမိုရယ်သည် ပက်ထရစ်ရှာဂါ၏ ရုံးသို့တန်းသွားသည်။

"ဂျက်ဖရေစပင်ဇာနဲ့ ကျုပ်စကားပြောခဲ့ရတယ်၊ ပေါလ်အိပ်ရာထဲ လဲနေပြန်ပြီ၊ သူ့စိတ်ရောဂါပြန်ဆိုးနေလို့၊ ဒါကြောင့် အင်ကမ်းကုမ္ပဏီကို အုပ်ချုပ်ဖို့ စပင်ဇာ ပြန်လာရတယ်၊ မင်းကလဲ ဒီဘက်က ကိုယ့်တာကိုယ်လုံအောင် ထိန်းပါ"

"ကျွန်မရဲ့ကံလို့ပဲ သဘောထားရတော့မှာပဲ၊ ကျွန်မတို့လက်ထဲမှာ ဘာဇာတ်လမ်းမှ မရှိပဲနဲ့စီဘီစီကို ဘာမှပေးနိုင်မှာမဟုတ်ဘူး"ဟု ပက်ထရစ်ရှာက မျက်မှောင်ကုပ်ပြီး ပြန်ပြောသည်။

"ဒီအတိုင်းပဲ ကျုပ်ကိုမင်းပြောခဲ့တယ်မဟုတ်လား၊ စပင်ဇာကိုပြန် ပြောပြလိုက်တယ်၊ ဂေါ်ဒွန်ဆင်ကလဲယားကိုလဲ ပြောပြလိုက်တယ်၊ တစ်နည်းနည်းနဲ့တော့ ဖြေရှင်းနိုင်လိမ့်မယ်လို့ သူတို့ထင်ကြတယ်"

"ကျွန်မတို့က အချိန်မီ မပေးနိုင်ရင်အားလုံး ကျွန်မတို့အပြစ်တွေ ချည်းဖြစ်တော့မယ်"

"ဆင်ကလဲယားကတော့စီဘီစီက လူတွေကို တတ်နိုင်သလောက် သူထိန်းထားပေးမယ် ပြောတယ်"

"နစ်နေတဲ့သင်္ဘောကြီးကို မခွာပါနဲ့လို့ ပြောသလို ဖြစ်နေတော့မှာပေါ့"

"အင်ကမ်းကုမ္ပဏီအားလုံးရဲ့ ကြော်ငြာတွေ စီဘီစီရုပ်မြင်သံကြားမှာ ပြန်ကြော်ငြာဖို့ ပေါလ်က သူစိတ်မဖောက်ခင်တစ်ရက်က အမိန့်ပေးသွားတယ်"

"အာတီ. . . . ပင်သီယွန်က သူတို့ဇာတ်ကားတွေကို ဖျက်ဆီးပစ်လိုက်တယ်ဆိုတာ ကျွန်မ မယုံဘူး၊ သူတို့မှာ အကြံအစည်တစ်ခုခုရှိပုံရတယ်၊ အဲဒါကိုရအောင် စုံစမ်းပေးစေချင်ပါတယ်"

"ကောင်းပြီလေ. . . . . စိတ်ချမ်းချမ်းသာသာနဲ့ အိပ်ပျော်အောင်သာကြိုးစားပါ" ဟုအာသာမိုရယ်က ပြန်နှစ်သိမ့်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## အယ်လ်ဖာစခန်း၊စနေ၊မေ ၂၈၊နံနက် ၉း၃၀နာရီ။

ရပ်ဆယ်သော့ပ်သည် ဖို့ဒ်ကားကို မောင်းပြီး စခန်းတွင်းမှ ထွက်ခဲ့သည်။စခန်းပတ်လည်တွင် အမ်-၁၆ မောင်းပြန်သေနတ်နှင့် အမ် ၆၀-စက် သေနတ်ပစ်ခတ်သံများ ဆူညံနေသည်။ သူ့လူများပစ်ကွင်းတွင် လေ့ကျင့်နေကြခြင်းဖြစ်သည်။

စခန်းနှင့်တစ်မိုင်လောက်ဝေးသည့်နေရာသို့ ရောက်လာသောအခါ သေနတ်သံများကို သဲ့သဲ့သာ ကြားရတော့သည်။တစ်မိုင်နှင့် ခုနှစ်ဖာလုံဝေးသည့် နေရာသို့ရောက်သောအခါ သေနတ်သံများ လုံးဝမကြားရတော့ပေ။ နက်သောတောနှင့် ရေအိုင်ကြီးများက အသံကိုစုပ်ယူထားလိုက်သောကြောင့် ဖြစ်လေသည်။

မီယာမီမြို့သို့ ရောက်သောအခါ ပိုက်ဆံပေးပြောရသော တယ်လီဖုန်းရုံသို့သွားသည်။ ဂျော့ဖစ်ဂူရပ်စ်နှင့် တစ်ရက်ခြားဖုန်းဆက်ပြီး အခြေအနေများကို မေးမြန်းရန် သူတို့နှစ်ယောက် သဘောတူ ထားခဲ့ကြပြီးဖြစ်သည်။ ခဏကြာတော့ ဖစ်ဂူရပ်စ်၏ အသံကို ကြားရသည်။ထုံးစံအတိုင်း မာကြောင်း၊ သာကြောင်းများကို ပြောဆိုနှုတ်ဆက်ကြသေးသည်။ ပြီးတော့မှ လိုရင်းကို ပြောကြသည်။

"မြေတွေကို ဘယ်သူပိုင်တယ်ဆိုတာ စုံစမ်းပြီးပြီလားဆီညော်ဖစ်ဂူ ချပ်စ်" (အဓိပ္ပါယ်မှာ ကျွန်တော်တို့ စီမံကိန်းနဲ့ ပတ်သက်ပြီး လိုအပ်တဲ့လူတွေကို ချဉ်းကပ်စုံစမ်းပြီးပြီလား ဟူ၍ဖြစ်သည်)"

"မြေက အစိုးရပိုင်မြေတွေ၊ လူမနေဘူး၊ (အဓိပ္ပာယ် လေယာဉ်ပျံကွင်းရှိတဲ့ နေရာတစ်ဝိုက်ကို စစ်တပ်က တိုက်ကင်းတောင်မလွှတ်ဖူးဘူး) သင့်တင့်တဲ့ ဈေးနှုန်းပေးနိုင်မယ်ဆိုရင် အဲဒီမြေတွေကို ခင်ဗျားဝယ်လို့ ရနိုင်ပါတယ် (အဓိပ္ပာယ် လူတချို့ကို ကျွန်တော် ချဉ်းကပ်ပြီးပါပြီ၊ ကျွန်တော်တို့နဲ့ ပူးပေါင်းပါလိမ့်မယ်) တစ်ခုတော့ရှိတယ်၊ မြေဝယ်မယ်ဆိုရင် အင်ကမ်းကုမ္ပဏီကိုဓတော့ ဦးစားပေးလိမ့်မယ်၊ ကျွန်တော်တို့ ဝယ်ချင်တဲ့ မြေတွေကို အင်ကမ်းကုမ္ပဏီကများစွာ စိတ်ဝင်စားနေသလားဆိုတာ သိရအောင် မစ္စတာဂျက်ဖရေစပင်ဇာကို ကျွန်တော် ဖုန်းဆက်ကြည့်သေးတယ်၊ မစ္စတာ စပင်ဇာအမေရိကန်ကိုခဏ ပြန်သွားတယ်တဲ့၊ ဆယ်ရက်လောက်နဲ့တော့ ပြန်ရောက်ဦးမှာ မဟုတ်ဘူးလို့ သူ့ရုံးကပြောတယ်"

အရေးကြီးသောသတင်းကို သူကြားလိုက်ရခြင်းဖြစ်သည်။ ပြူအာတိုကွေဒိုနိုင်ငံအတွင်းမှာ ဂျက်ဖရေစပင်ဇာ ရှိမနေသည့်အချိန်တွင် သူ့လုပ်ငန်းများကို တက်သုတ်နှင်



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်။ စောစောက ပြင်ဆင်ထားသည့် စီမံချက်များကိုလည်း ပြန်လည်ပြင်ဆင် တန်ပြင်ဆင်ရတော့မည်။

"ဒါပေမယ့် သူတို့ရုံးကတာဝန်ရှိသူတစ်ယောက်ကတော့ အဲဒီမြေတွေကိုဝယ်ဖို့ သူတို့မှာ အစီအစဉ်မရှိကြောင်းပြောပါတယ်"ဟု ဖစ်ဂူရပ်စ်က ပြောသည်။

"ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ ဆွေးနွေးတာတွေကိုတက်သုတ် နှင်လိုက်ရင် ကောင်းမယ် ထင်တယ်"

"တက်သုတ်နှင်လိုက်ရင် ကျွန်တော်တို့အတွက် အခွင့်အရေး ပိုကောင်းလာနိုင်တာပေါ့ မစွတာထရင်ဘလေ"

အပြန်အလှန် နှုတ်ဆက်ပြီး ဖုန်းကိုချလိုက်သည်။ ရပ်ဆယ်သော့ပ်သည် တယ်လီဖုန်းရုံထဲမှထွက်ပြီး သူမောင်းလာသည့် ဖို့ဒ်မော်တော်ကားရပ်ထားရာသို့ လျှောက်လာသည်။

ကြိုတင်ချိန်းဆို စီစဉ်ထားသည့်အတိုင်း တင်မ်အက်ကင်နှင့်တွေ့ရဦးမယ်။

တင်မ်အက်ကင်သည် ပလိုင်းမောက် ကားကြီးတစ်စီးကိုငှားပြီး အဝေးပြေးလမ်းမကြီးအတိုင်း မောင်းလာသည်။ တစ်နေရာရောက်တော့ မော်တော်ကား စက်ချွတ်ယွင်းဟန်ဖြင့် လမ်းဘေးမှာ ကားကိုထိုးရပ်သည်။ စက်ဖုံးကို ဖွင့်သည်။ နောက်ပိုင်းသို့လှမ်းကြည့်သည်။ နောက်ယောက်ခံလိုက် လာသည့် ပုံမျိုးမတွေ့ရ။ ခဏကြာတော့ အဝေးပြေး လမ်းမကြီးအတိုင်းဖို့ဒ် ကားတစ်စီး မောင်းလာသည်။ ပလိုင်းမောက် ကားနောက်နားမှာ ကပ်ရပ်သည်။

ဖို့ဒ်ကားပေါ်မှ ရပ်ဆယ်သော့ပ်ဆင်းလာသည်။ လိုအပ်သော အကူအညီပေးမည့်ပုံမျိုးဖြင့် တင်မ်အက်ကင်ဆီသို့ လျှောက်သွားသည်။ နှစ်ယောက်သား ကားအင်ဂျင်ကိုငုံ့ကြည့်ရင်း တစ်စုံတစ်ရာကို ကိုင်တွယ်ဟန်ပြုသည်။ အပြန်အလှန် ခပ်မြန်မြန်ပြောသည်။ နောက်ဆုံးသတင်းများကို ဖလှယ်ကြသည်။

"နယူးယောက်မြို့ကို ဂျက်ဖရေစပင်ဇာ ရောက်နေတယ်လို့ကြားသလား" ဟု ရပ်ဆယ်သော့ပ်က မေးသည်။

"ဗားဟတ်ခရီးသွားနေတုန်းအင်ကမ်းကုမ္ပဏီကို သူလာအုပ်ချုပ်နေတယ်လို့ ကိုယ့်လူတွေကပြောတယ်"

တင်မ်အက်ကင်ကစက်ဖုံးကိုပြန်ပိတ်သည်။ ချက်ချင်းဆိုသလိုပင် ပလိုင်းမောက် ကားထဲမှ အိတ်ဖောင်းဖောင်းတစ်လုံးသည် ဖို့ဒ်ကားပေါ်သို့ ရောက်သွားသည်။ရပ်စ်က ပလိုင်းမောက်ကားကို တွန်းပေးသည်။ ဘီးနည်းနည်းလိမ့် သွားသောအခါ ကားစက်နိုးသွားသည်။

ရပ်စ်ဖို့ဒ်ကားပေါ်သို့ပြန်တက်ခဲ့သည်။ သူထိုင်ခုံဘေးတွင် ရှိနေသော လက်ကိုင်အိတ်ထဲမှာ ဒေါ်လာငါးသန်းပါရှိလေသည်။ထိုငွေငါးသန်းအကြောင်းကသူ့ခေါင်းထဲသို့ရောက်မလာပါ။ ပြူအာတိုကွေဒို နိုင်ငံတွင်းမှာ ဂျက်ဖရေစ ပင်ဇာမရှိခိုက် အကောင်းဆုံး အခွင့်အရေးများကို မည်သို့ရအောင်ယူရမည်နည်း ဆိုသည်ကိုသာ စဉ်းစားနေလေသည်။

**နယူးယောက်၊ညနေ ၅း၃၀ နာရီ။**

ပေါလ်ဗားဟတ်၏အခြေအနေ ထူးမလာသေး။အိပ်ပျော်နေသည့် အချိန်ကများသည်။ နိုးလာသည့်အခါတွင်လည်း မည်သူ့ကိုမှစကားမပြော။ တစ်နေရာရာသို့သာ မျက်တောင်မခတ် စူးစိုက်ကြည့်နေတတ်သည်။

ဒေါက်တာ ဖရင်ကလင်ရစ်ပလေ ရောက်လာပြီး စစ်ဆေးကြည့်ရှုသည်။စစ်ဆေးကြည့်ရှုကာဘာလုပ်ရမည်ကိုပြောဆိုသွားသည်။

"ဆီးအသွားခက်လိမ့်မယ်၊ ဘာမှမပူနဲ့၊ ဆီးသွားဖို့ခက်တယ်ဆိုရင် သူ့ အခြေအနေ ပိုကောင်းလာတဲ့သဘောပဲ"ဟုလည်းပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်ဖာစခန်း၊တနင်္ဂနွေ၊မေ ၂၉၊ နံနက် ၇း၀၀နာရီ။

သစ်သားအိမ်ကလေးထဲမှာ လူတွေကျပ်နေသည်။ နတ်သန်ဒူဝေ၊ တွမ်ဖာလွန်၊ ဂျူအန်း မီလင်ဒက်ဇ်နှင့် စစ်သားများအားလုံးကို ရပ်ဆယ်သော့ပ်က အစည်းအဝေးခေါ်ပြီး လေ့ကျင့်မှု အခြေအနေများကို မေးသည်။ သူ့ဘက်ကလည်း နောက်ဆုံး အခြေအနေများကို ရှင်းပြသည်။

သည်စခန်းသို့ ရောက်လာစတုန်းက သူတို့အားလုံး အရပ်သားများ ဖြစ်သည်။ ယခုတော့ တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသောစစ်သားများဘဝသို့ ရောက်နေသော်လည်း သူတို့ ကြားထဲတွင် အသားအရောင်ခွဲခြားမှုများ လုံးဝမရှိ။ အားလုံးသင့်သ[illegible]မြတ်ဖြစ်နေကြသည်။

နတ်သန်ဒူဝေကရပ်ဆယ်သော့ပ်ကို တစ်နေရာသို့ခေါ်[illegible]ွား၏။

"ဝို့မှာ ပြဿနာကလေးတစ်ခုပဲရှိတယ်၊ တချို့ကောင်တွေက စိတ်ဓာတ်အရမ်း တက်ကြွနေကြတယ်၊ နောက်တစ်ပတ် နှစ်ပတ်လောက် ဘာမှမလုပ်ရပဲ ဆက်စောင့်နေဖို့ဆိုတာ တောင်မလွယ်ချင်တဲ့သဘောရှိနေတယ်"

"တို့ဒီမှာ နောက်တစ်ပတ်လောက် ဆက်နေစရာအကြောင်းမရှိတော့ပါဘူး၊ တို့မူလ စီစဉ်ထားတာထက်ပိုပြီး အချိန်စောစော အလုပ်စကြရလိမ့်မယ်ထင်တယ်၊ ဒီနေ့နေ့ခင်းမီရာ လေယာဉ်ပျံနဲ့ နယူးယောက်ကို ငါခဏသွားဦးမယ်"

နယူးယောက်၊ညနေ ၅း၃၀နာရီ။

ဂျက်ဖရေစပင်ဇာသည် ပုံမှန်အားဖြင့်ဆိုလျှင် စိတ်တည်ငြိမ်သူဖြစ်သည်။အခက်အခဲ အကျပ်အတည်းများကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်သူ ဖြစ်သည်။ သို့သော်လည်း ယခုအခါတွင် တော့ သူ့စိတ်အလွန်တရာ လှုပ်ရှားနေလေသည်။

"ခင်ဗျားအချိန်မီ ရောက်လာတာ ဘုရားမတာပဲ. . . . . "ဟု ဒေါက်တာဖရင်ကလင် ရစ်ပလေကို ဆီးပြောသည်။ "ဒီမှာ ပြဿနာပေါ်တော့ ကျွန်တော် ဖုန်းလှမ်းဆက်တယ်၊ ဒါပေမယ့် ခင်ဗျားအိမ်က ထွက်သွားနှင့်နေပြီ"

"ဘယ်တုန်းကဘာဖြစ်တာလဲ" ဟု ရစ်ပလေက ပြန်မေးသည်။

"ပေါလ် အိပ်ရာကနိုးတယ်၊ အိပ်ရာပေါ်ကသူဟာသူဆင်းတယ်၊ သူနာပြုဆရာမက ကျွန်တော်တို့ကို လှမ်းခေါ်လို့လာကြည့်တော့ သူတို့နှစ်ယောက် ရန်းလားကန်လား ဖြစ်နေကြတာ ကိုတွေ့ရတယ်၊ ပေါလ်ရဲ့ ရုံးခန်းထဲမှာ သူ့ဟစ်တလာ ဓားမြှောင်ကိုထားတယ်၊ ပေါလ်က သူ့ရုံးခန်းထဲကိုပြေးသွားပြီး အဲဒီဓား မြှောင်ကိုယူတယ်၊ သူ့ကိုကျွန်တော်က ချုပ်ပေးထားရတယ်၊ အဲဒီအချိန်မှာ ဆရာမကအိပ်ဆေးထိုးပေးလိုက်ရတယ်၊ ပေါလ်ဟာသူ့ကိုယ်သူသတ်သေချင်နေ တယ်"ဟု စပင်ဇာကစိတ်လှုပ်ရှားသော လေသံဖြင့်မသက်မသာပြောသည်။

"ကောင်းလိုက်တာဗျာ. . . . . ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ သူ့ရောဂါ ပျောက်တော့မယ်. . . . . "ဟုရစ်ပလေကပြန်ပြောသည်။

"ဘယ်ပျောက်ရမှာလဲ၊သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားနေတာ"

"ဟုတ်ပါတယ်၊ ဒါဟာ. . . . သူ့စိတ်ဓာတ် ပုံမှန်အခြေအနေကိုပြန် ရောက်လာတော့ မယ်ဆိုတဲ့ ရှေ့ပြေးလက္ခဏာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



**နယူးအတ်၊နယူးဂျာစီ၊ည ၇း၃၀ နာရီ။**

နယူးအတ်လေဆိပ်တွင်တိုက်တစ်လုံးရှိသည်။ ထိုတိုက်မှာလေယာဉ် အငှားလိုက်စား နေသူ ယိတ်နာဂယ်၏ရုံးဖြစ်သည်။ မင်ဟတ်တန်မှာရှိနေသော ရုံးတွင် သာမန်မှတ်တမ်းများကို သာထားပြီး ယခု အဆောက်အအုံထဲတွင်မူ အရေးကြီးသော မှတ်တမ်းများကို သိမ်းဆည်းထား ရှိလေသည်။

ရပ်ဆယ်သော့ပ်နှင့် ယိတ်နာဂယ်တို့သည် ထိုရုံးတွင်းမှာ ညနေငါးနာရီကတည်းက စကားထိုင်ပြောနေခဲ့ကြသည်။ ရပ်ဆယ်သော့ပ်က ပြန်လည်ပြင်ဆင်လိုက်သော သူ၏ အစီအစဉ် များကိုအသေးစိတ်ပြောပြနေသည်။ ယိတ်နာဂယ်က သူသိချင်သည်များကို ပြန်မေးသည်။ ထို့နောက် တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ရပ်စ်က စီးကရက်သောက်ရင်း ထိုင်စောင့် နေသည်။

"အိုကေ. . . . ရပ်စ်. . . . . . ကျုပ်တို့လုပ်နိုင်ပြီ၊ အစီအစဉ်တွေကို ပိုပြီး တက်သုတ်နှင့်ပေမယ့် ခင်ဗျားကံကောင်းနေသေးတယ်လို့ပဲ ကျွန်တော် ယုံကြည်နေတယ်" ဟု နာဂယ်ကပြောသည်။

"ကံကောင်းတယ်လို့ပဲ တွက်ရမှာပါပဲဗျာ၊ ဗုဒ္ဓဟူးနေ့ ညနေသုံးနာရီ အယ်လ်ဖာစခန်းကို ရောက်အောင် ခင်ဗျားလေယာဉ်ပျံတွေပို့ပေးပါ၊ ညကိုးနာရီမှာ ကျွန်တော်တို့ခရီးစထွက်ကြမယ်"

ရပ်ဆယ်သော့ပ်က နာရီကိုလှမ်းကြည့်သည်။ ည ၈ နာရီ ၁၀ မိနစ် ရှိနေပြီ။ ၇၂ နာရီကျော်ကျော် ကျန်နေသေးသည်ဟု စိတ်ထဲမှတွက်ကြည့်လိုက်မိသည်။

လုပ်ငန်းကတော့စပါပြီ။

**တနင်္လာ၊မေ ၁၀။**

ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့တမ်းတသည့် အထိမ်းအမှတ်ပွဲများ အရပ်တကာမှာ ကျင်းပနေကြသည်။ပြုအာတိုကွေဒို နိုင်ငံတွင်းမှာလည်း အလားတူဖြစ်သည်။ သတင်းစာများက ပြုအာတိုကွေဒိုနိုင်ငံမှ သတင်းများကို ရေးသားဖော်ပြနေကြသည်။

"နှစ်ပေါင်းနှစ်ဆယ်အကြာတွင် ပထမဦးဆုံး စတင်ကျင်းပမည့် လွတ်လပ်သော ရွေးကောက်ပွဲရက် နီးကပ်လာလေလေ၊ပြုအာတိုကွေဒိုနိုင်ငံတွင်း၌ အကြမ်းဖက်မှုများ ပိုမို များပြားလာလေဖြစ်နေသည်။ ရာသက်ပန်သမ္မ ကြီးရာမွန်မူညော့ဇ်နှင့်သူ၏ နေရှင်နယ်ပါတီကို ဆန့်ကျင်နေသော ပေါ်ပြူပါတီက အကြမ်းဖက်မှုများကိုဆက်တိုက် ကျူးလွန်နေသည်။ထိုသို့ အကြမ်း ဖက်မှုများကိုလုပ်နေခြင်းမှာ သူတို့သေတွင်းကို သူတို့တူးနေခြင်းသာဖြစ်သည်။ တစ်ဘက်တွင်လည်းသမ္မတမူညော့ဇ်က ထိုအကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုပဲ ထိန်းထိန်းသိမ်းသိမ်းပြုလုပ်နေသည်"

ပြုအာတိုကွေဒိုနိုင်ငံအကြောင်းမှုသာမက စီးပွားရေးနှင့်ပတ်သက်ပြီး အေပီသတင်း ဌာနက ပေးပို့သည့်သတင်းကိုလည်း ဖော်ပြထားကြသေးသည်။

အင်ကမ်းကုမ္ပဏီကြီးနှင့် မေယာကို ကုမ္ပဏီကြီးတို့သည် အချင်းချင်း စီးပွားရေးတိုက်ပွဲ အပြင်းအထန် ဆင်နွှဲနေကြသည်။ တစ်ဦးနှင့်တစ်ဦး အသေသတ်ရန် ကြိုးစားနေကြသည်။ ဆီးဂတ်သံမဏိလုပ်ငန်း ကော်ပိုရေးရှင်းကို မိမိတို့ကုမ္ပဏီ တွင်းသို့ဆွဲသွင်းရန် အပြိုင်အဆိုင် ကြိုးစားနေကြရာ ဆီးဂတ်က အင်ကမ်းကုမ္ပဏီ ဘက်သို့ပိုပြီး ယိမ်းယိုင်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလွန်ပင်လယ်ပြင်၊ဖလော်ရီဒါ နံနက် ၁၀ နာရီ။

အောတစ်ရန်နယ်သည် သူ၏ရွက်သင်္ဘောပေါ်တွင် သမ္မတအိမ်တော်ဝန် ဗိုလ်ချုပ်အော်တိုကင်းဒရစ်နှင့် အတူရှိနေသည်။ ရဟတ်ယာဉ်ဖြင့် ယူလာပေးသော ထိုနေ့ထုတ်သတင်းစာများကို ဖတ်နေသည်။ စန်တာကလာရာမြို့မှပေးပို့သော ယူပီအိုင်သတင်းတစ်ပုဒ်ကို အမှတ်မထင်မြင်လိုက်ရသည်။

"တယောက်ယောက်တော့ အကြီးအကျယ် အံ့အားသင့်သွားတော့မှာပဲ"ဟုလည်း စိတ်မှတ်မထင်ပြောလိုက်မိသည်။

ထိုမှတ်ချက်ကိုကြားသောအခါ ငါးမျှားနေသည့် ဗိုလ်ချုပ်အော်တိုကင်းဒရစ်က မော့်ကြည့်သည်။

"ဘယ်သူများ အံ့အားသင့်တော့မှာလဲဗျ"

ရန်နယ်၏အာရုံများသည် တစ်နေရာသို့ လွင့်နေသည်။ထို့ကြောင့် စိတ်မှတ်မထင်ပင် သတင်းစာကို ကမ်းပေးလိုက်ပြီးပြူအာတိုကွေဒိုသတင်းကို ပြသည်။

"အဲဒီကောင်တွေပေါ့"

သတင်းကိုတွေ့သောအခါ အောတိုကင်းဒရစ်က အေဒမ်ဟက်ချ်ကို စိတ်ထဲမှ ကျိတ်ပြီး ကျိန်ဆဲနေမိသည်။ ပြူအာတိုကွေဒို၏ပြည်တွင်းရေးများကို အေဒမ်ဟက်ချ် ဝင်ရှုတ်နေသည်ကိုလည်းသူသိထားသည်။ ယခု အောတစ်ရန်နယ်က 'အံ့အားသင့်သွားတော့မှာပဲ' ဟု ပြောခြင်းမှာ ထိုနိုင်ငံတွင်းရှိ တစ်ဘက်ဘက်ကို သူလက်နက်ရောင်းထားသောကြောင့်သာ ယခုလို မှတ်ချက်ချခြင်း ဖြစ်ပေလိမ့်မည်ဟု စဉ်းစားလိုက်မိသည်။ သည်အကြောင်းကိုသိရအောင်တော့ စုံစမ်းရပေတော့မည်။

"ဘယ်သူ အံ့အားသင့်မှာလဲဗျ။မူဧည့်လား၊သူ့အတိုက်အခံ ပေါ်ပြူလာပါတီလား"

ထိုမေးခွန်းကို ကြားသောအခါ အောတစ်ရန်နယ်သည် သတိပြန်လည်လာပြီး သူလျှာချောင်လိုက်မိကြောင်းကို ချက်ချင်းသဘောပေါက်သွားသည်။ ထို့ကြောင့် ကမန်းကတန်းစကားကိုပြန်ပြင်ပြောလိုက်ရသည်။

"ကျွန်တော်က အဲဒီစိုက်ပျိုးရေးနိုင်ငံတွေမှာ စီးပွားရေးလုပ်ငန်းတွေ အများကြီးလုပ်ခဲ့ဖူးတယ် မဟုတ်လား၊ ဒါကြောင့် ဒီကောင်တွေအကြောင်းတွေကို ကောင်းကောင်းသိတယ်၊ သတင်းစာတွေအဖို့ သတင်းအချက်အလက်အမှန်ကို ရဖို့မလွယ်ဘူး၊ ဒါကြောင့်သတင်းစာတွေက ထင်ရာမြင်ရာတွေကို လျှောက်ရေးနေကြတာ၊ အယ်လ်ဆာပေဒိုကိုကြည့်ဗျာ၊ ဂွာတီမာလာဗျာ"

အော်တိုကင်းဒရစ်က စိတ်မဝင်စားတော့သည့် အမူအရာမျိုးကိုပြန် လုပ်ထားလိုက်သည်။ သို့သော်လည်း စိတ်ထဲကမူဝါရှင်တန်ပြန်ရောက်လျှင် ပြူအာတိုကွေဒိုနိုင်ငံ အခြေအနေကိုမျက်ခြည်မပြတ် စောင့်ကြည့်မှဖြစ်တော့မည်ဟု ပိုင်းဖြတ်ချက်ချလိုက်မိလေသည်။ ရန်နယ်သည် ပြူအာတိုကွေဒိုနိုင်ငံသို့ လက်နက်ရောင်းသည်မှာအမှန်ဖြစ်နိုင်သည်။ အတိုက်အခံ ပေါ်ပြူလာပါတီကိုရောင်းဖို့ အကြောင်းပိုများနေသည်။ သည်အတိုင်းဆိုလျှင် ကွန်မြူနစ်ဆန့်ကျင်ရေးသမားဖြစ်သောလက်ရှိ သမ္မတမူဧည့် ပြုတ်မကျရေးအတွက် အစွမ်းကုန် ကျားကန်ပေးမှ ဖြစ်တော့မည်ဟုလည်း သဘောပေါက်လိုက်လေသည်။

အင်ဒီးယန်းဝဲလ်စ်၊နံနက် ၈း၃၀နာရီ။

ကလျာမေယာသည် စနေနှင့်တနင်္ဂနွေနှစ်ရက်လုံးလုံးသူ့ကုမ္ပဏီမှ အလုပ်များကို မထတမ်း ထိုင်လုပ်နေခဲ့သည်။ဘုရားသခင်၏ ဝတ်ကျေးဇူးတော်ကို အောက်မေ့သတိရသည့်



www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ်ရက်များတွင် သူ့အဖေ၊ သူ့မိထွေးနှင့် အတူနေရန် အင်ဒီးယန်းဝဲလ်စ်သို့ မော်တော်ကားမောင်းလာခဲ့သည်။အချိန်အတော်လင့်မှ ရောက်လာသောကြောင့် ပင်ပန်းနွမ်းနယ်နေသဖြင့် နှုတ်ဆက်စကားတစ်ခွန်းနှစ်ခွန်းပြောကာ အိပ်ရာထဲသို့ တန်းဝင်လာခဲ့သည်။

တနင်္လာနေ့မနက် အိပ်ရာမှနိုးလာသော်လည်းပင်ပန်းနေတုန်းဖြစ်သည်။ထို့ကြောင့် ထုံးစံအတိုင်း သူ့အဖေနှင့်အတူရေသွားမကူးတော့ပဲ ဧည့်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။စားပွဲပေါ်မှာထိုနေ့ထုတ်သတင်းစာများ ကိုတွေ့ရသည်။ အပေါ်ဆုံးမှတစ်စောင်ကိုကောက်ယူပြီး စိတ်မဝင်စားသလို လှန်လှောကြည့်နေမိသည်။ ထိုအခိုက်. . . . . ထင်ရှားသည့် ခေါင်းစဉ်စာလုံးမည်းကြီးများကိုတွေ့ လိုက်ရသည်။

**အင်ကမ်းကုမ္ပဏီ ထိုးစစ်မဆင်မီ**
**မေယာကိုကုမ္ပဏီ လက်တွန့်နေပုံရခြင်း**

အေပီသတင်းဌာနမှပေးပို့သည့်သတင်းကိုရေးသားဖော်ပြထားခြင်း ဖြစ်သည်။

"ဂွဒ်မောနင်း"

နာဒိုင်းမေယာဝင်လာသည်။တင်းနစ်ကစားရန်အဝတ်အစားလဲထားပြီးဖြစ်သည်။

"ဂွဒ်မောနင်း နာဒိုင်း . . . . . ဒီသတင်းဖတ်ကြည့်စမ်းပါဦး"

ကလျာ လှမ်းပေးသည့် သတင်းစာကိုယူပြီး နာဒိုင်းကဖတ်နေသည်။

"ကောင်းဖို့ထက်ဆိုးဖို့ကများတယ်"ဟုကလျာကလှမ်းပြောသည်။

နာဒိုင်းကလည်းကြေကွဲဝမ်းနည်းသည့်အမူအရာဖြင့် ခေါင်းငြိမ့်ညိတ်ပြသည်။

"ဆမ်က ကိုယ့်ကိုဘာမှမပြောဘူး၊ဘာအကြောင်းမှလည်း ဖွင့်မဆွေးနွေးဘူး၊ သူဟာ သူတော့ အင်မတန်ယုံကြည်စိတ်ချနေပုံပဲ၊ သူဘာလုပ်နေတယ်ဆိုတာကို သူသိပါတယ်တဲ့၊ ဇာတ်လမ်းဆုံးသွားရင်အားလုံးကောင်းသွားမှာပါလို့ ပြောတယ်"

"သူပြောတာကိုယုံသလား"

"ယုံလိုက်ချင်တယ်ကွယ်"

ကလျာမေယာက ချက်ချင်းဆုံးဖြတ်ချက်တစ်ခုကိုချလိုက်သည်။

"ကျွန်မကုမ္ပဏီကနေ ခဏတော့နားလိုက်ဦးမှဖြစ်မယ်၊ သိချင်နေတာတွေ အများကြီးဖြစ်နေပြီ၊ ဟာရှေဘလောက်နဲ့ ကျွန်မအရင်သွားတွေ့မယ် ပြီးရင်နယူးယောက်ကို သွားမယ်၊ ရပ်ဆယ်သော့ပ်ကို တွေ့အောင်ရှာနိုင်ရင်ဘာ တွေဖြစ်နေတယ်ဆိုတာကိုတော့ သူဖွင့်ပြောနိုင်ကောင်းပါရဲ့၊ သူကဘာမှမပြောရင်လဲ ဒင်ဆိဇ်နဲ့သွားတွေ့ရမယ်၊ ကျွန်မကပေါက်စကလေးကတည်းက သူနဲ့သိခဲ့တာမဟုတ်လား၊ ကျွန်မကိုတော့သူလိမ်ပြောမှာမဟုတ်ပါဘူး"

နာဒိုင်း၏အမူအရာက စိတ်ပူသွားပုံရသည်။

"မင်းလုပ်နေတာတွေဆမ်သိသွားရင် စိတ်ဆိုးနေလိမ့်မယ်"

"ဆိုးလည်းမတတ်နိုင်ဘူး၊ သူ့အတွက်ကျွန်မစိတ်ပူနေပြီ၊ ဒါကြောင့် ဒီထဲမှာကျွန်မဝင်ပတ်သက်ရတော့မယ်"ကလျာက သူ့မိထွေး၏လက်ကို လှမ်းဆွဲယူကာ ဖျစ်လိုက်သည်။ "ဖေဖေကိုပြန်မပြောပါဘူးနော်"

"မပြောပါဘူးကွယ်၊ တစ်ခွန်းမှမပြောပါဘူး၊ကတိပေးပါတယ် "

ထိုသို့ ကတိပေးလိုက်ရသော်လည်း စိတ်ထဲကတော့ မပါလှချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

ဝါရှင်တန်ဒီစီ၊အင်္ဂါ၊မေ ၃၁၊နံနက် ၁၀း၀၀နာရီ။

အိမ်တော်ဝန် ဗိုလ်ချုပ်အော်တိုကင်းဒရစ်သည် သမ္မတဘီလီဘင်းနက်နှင့် အရေးတကြီးသွားရောက်တွေ့ဆုံသည်။

"အခွင့်အရေးပေါ်လာတုန်း ကျွန်တော်တို့လုပ်စရာရှိတာတွေကို လုပ်ရတော့မယ်ဘီလီ၊ နောက်ရွေးကောက်ပွဲမှာခင်ဗျားပြန်အရွေးခံရဖို့ အရေး ကြီးတယ်၊ဒါကြောင့်ကျုပ်တို့ရဲ့ မူဝါဒကို တစ်မျိုးပြောင်းရလိမ့်မယ်"

"ခင်ဗျားမှာ အစီစဉ်တစ်ခုခုရှိနေသလို ပါပဲလား အော်တို"

"ဟုတ်တယ်၊တိုင်းသူပြည်သားတွေဆိုတာ မေ့လွယ်ပျောက်လွယ်တတ်တဲ့ လူစားမျိုးတွေ၊ သူများပြည်တွင်းရေးတွေမှာ ကျွန်တော်တို့ ဝင်စွက်တယ်ဆိုပြီး မကြာခင်တုန်းက ပြည်သူတွေက ဝေဖန်ခဲ့ကြတယ်၊ အခုတော့ သူတို့ သဘောထားတစ်မျိုးပြောင်းသွားပြန်ပြီ၊ လိုအပ်တာတွေမှာ အမေရိကန်အစိုးရ အနေနဲ့ဝင်ပြီး ကူညီဖို့ကို တောင်းဆိုနေကြပြန်ပြီ"

"ကာတာရဲ့ နိုင်ငံခြားရေးဝါဒကိုပြန်ကျင့်သုံးဖို့ပြောနေတာလား အော်တို"

"မဟုတ်ပါဘူး၊ အဲဒီအတွေးအကြံတွေကနေပြီး ကျွန်တော်တို့ သင်ခန်းစာရခဲ့ကြပြီပဲ"

"ခင်ဗျားနဲ့ ကျုပ် အမြင်ချင်းတူတဲ့အတွက်ဝမ်းသာပါတယ်၊ အဲဒီတော့ ခင်ဗျား စိတ်ကူးရထားတာက ဘယ်လိုဟာမျိုးလဲ"ဟု သမ္မတဘီလီ ဘင်းနက်က ပြန်မေးသည်။

"ဘီလီ. . . . . အကြမ်းဖက်ဝါဒကို ကမ္ဘာ့ပြည်သူတွေက စိတ်ကုန်နေကြပြီ၊ လက်တင်အမေရိက နိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေကိုလဲ ကျွန်တော်တို့ နိုင်ငံသားတွေက စိတ်ကုန်နေကြပြီ၊ ကျွန်တော်ပြောတာ မှန်ရဲ့လား"

"မငြင်းနိုင်ပါဘူး"

"ပြုအာတိုကွေဒိုနိုင်ငံမှာဆိုရင် အကြမ်းဖက်မှုတွေအလွန်အမင်း ဖြစ်လာနေပြီ၊ ဒါကြောင့်တရားဝင်ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ကျွန်တော်တို့က အကူအညီပေးပြီး အကြမ်းဖက်မှုတွေ အဆုံးသတ်သွားအောင် လုပ်ပေးရမယ်"

"ဒါတော့ မဖြစ်ဘူး၊ကျုပ်တို့ ဝင်မစွက်ပါဘူးလို့ အဒေမ်ဟက်ချ်ကို ကတိပေးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟက်ချ်က မဲတစ်မဲတည်းကိုပိုင်တာပါ ဘီလီ" ဘင်းနက်က စဉ်းစားနေသည်။

'ကျုပ် ပေးထားခဲ့မိတဲ့ ကတိကို မဖျက်ချင်ဘူး၊ဘာပဲဖြစ်ဖြစ်လေ. . . မရိန်းတပ်ကို ပို့လိုက်ရုံနဲ့ ကျုပ်တို့ဘာလုပ်နိုင်မှာလဲ"

"လုပ်နိုင်တာတွေ အများကြီးရှိပါတယ်၊ပြူအာတိုကွေဒိုနိုင်ငံကို စစ် ရေးနဲ့စီးပွားရေး အကူအညီပေးခဲ့တာတွေကို ကျွန်တော်တို့ ရပ်ဆိုင်းပစ်ခဲ့ကြတယ်၊ အခုပြန်ပေးမယ်လို့ ကြေငြာနိုင်တယ်၊ စီအိုင်အေ အကြံပေးအရာရှိတွေ ပြန်ပို့နိုင်တယ်၊ ကမ်းလွန်ပင်လယ်ပြင်မှာ စစ်သင်္ဘောနှစ်စင်းလောက်ကို သွား ချထားနိုင်တယ်၊အမေရိကန် နိုင်ငံများအဖွဲ့နဲ့ ကုလသမဂ္ဂက ပါဝင်ပူးပေါင်းဖို့ အကူအညီတောင်းဆိုနိုင်တယ်၊ တခြားလုပ်နိုင်တာတွေ အများကြီးပါပဲ"

"တခြားလူတွေကို ဒီအကြောင်း ပြောပြလိုက်သေးသလားအော်တို"

"မပြောရသေးပါဘူး၊ခင်ဗျားကို ပထမဦးဆုံး ပြောပြရင် ကောင်းမယ်လို့ ကျွန်တော် ထင်တာနဲ့"

"ဘာလုပ်ရင် ကောင်းမယ်ဆိုတာကိုတော့ ကျုပ်သေသေချာချာ မဆုံးဖြတ်နိုင်သေးဘူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စီအိုင်အေနဲ့ အမျိုးသားလုံခြုံရေးကောင်စီ တို့ရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာကို တီးခေါက်ကြည့်ပါ။ သူတို့ရဲ့ သဘောထားကို ကြည့်ပြီး ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်မယ်"

သည်လောက် အဖြေကိုရလျှင်ပင်အော်တိုကင်းဒရစ် ကျေနပ်သွားလေသည်။ဘင်းနက် ပြောသည့် ဌာနများ၏ သဘောထားဘယ်လိုရှိသည်ကို သူသိသည်။ သူတို့ဖြစ်စေလိုသည့် အတိုင်းဖြစ်လာအောင်လည်း သူဆွဲဆောင်နိုင်သည်။ သည်အတိုင်းသာ အကောင်အထည် ဖော်လိုက်နိုင်မည်ဆိုလျှင် ဘီလီဘင်းနက်သည် နောက်တစ်ကြိမ် သမ္မတပြန်အရွေးခံရဖို့ သေချာ သလောက်ရှိသွားလေပြီဟုလည်း ယုံကြည်သွားလေသည်။

နယူးယောက်၊နံနက် ၁၀း၀၀နာရီ။

မနက်ကိုးနာရီခွဲတွင် အိပ်ရာမှ ပေါလ်ဟားဟတ် နိုးလာသည်။ သူ့ စိတ်များ အထိုက် အလျောက်ကြည်လင်နေသည်။ သို့သော်လည်း ဆာလောင်မွတ်သိပ်ခြင်းကား မရှိ။အိပ်ရာပေါ် ကလည်း မဆင်းချင်။ သတင်းစာဖတ်ချင်စိတ်လည်း မရှိ။ရုပ်မြင်သံကြားကြည့်ခြင်း၊ရေဒီယို နားထောင်ခြင်းလည်းမပြုလို။ သူနာပြုဆရာမကို ငေးစိုက်ကြည့်နေမိသည်။ ပြီးတော့ သူ့ကိုလည်း မေ့ထားလိုက်သည်။

ဂျက်ဖရေစပင်ဇာက ဒေါက်တာ ဖရင်ကလင်ရစ်ပလေကိုဖုန်းဆက် ပြီးလှမ်းခေါ်သည်။ ဆရာဝန် ရောက်လာသောအခါ ပေါလ်၏အခန်းထဲသို့ နှစ်ယောက်အတူတူ ဝင်သွားသည်။ ပေါလ်က ဆရာဝန်ကိုမြင်သည်နှင့် တစ်ပြိုင်တည်း ဒေါသပေါက်ကွဲသွားလေတော့သည်။

"ဆရာဝန်လား၊ခွေးသား . . . . . ငါဘယ်ဆရာမှ မလိုချင်ဘူးကွ၊ ခွေးသား . . . . . . အခုထွက်သွား၊ ယောကောင် . . . . ဂျက်ဖ်. . . . . မင်းလဲ ထွက်. . . . . . ."

သူတို့နှစ်ယောက်အပြင် ထွက်လာကြပြီး လူနာအခြေအနေကို တိုင်ပင်ကြသည်။

"လူနာ အခြေအနေ အများကြီးကောင်းလာပါပြီ၊ ကျွန်တော်တို့ ထင်ထားတာထက် အများကြီး အချိန်စောပြီး နေကောင်းသွားပါလိမ့်မယ်" ဟုရစ်ပလေက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



လော့စ်အိန်ဂျလိစ်၊နံနက် ၁၀း၃၀ နာရီ။

ကလျာမေယာသည် ကြိုတင်ချိန်းဆိုထားခြင်းမရှိပဲ ဟာရှေဘလောက်၏ ရုံးခန်းသို့ လာရောက်လေ့မရှိချေ။ ယခုတော့မမျှော်လင့်ဘဲ ထုံးတမ်းစဉ်လာမဟုတ်ဘဲ ဖြုန်းခနဲ ရောက်လာသည်။ ကလျာကို ငယ်စဉ်ကတည်းက ဟာရှေဘလောက်သိခဲ့သည်။ တူမကလေးလိုလည်း ချစ်ခင်ရင်းနှီးခဲ့သည်။ ယခုလိုရောက်လာပြီး သူသိချင်သည်များကို စုံစမ်းသောအခါ သူလည်း အံ့ဩလို့မဆုံးနိုင်အောင် ဖြစ်သွားတော့သည်။

"ဘာတွေဖြစ်နေတာလဲ ဟာရှေ၊ ဖေဖေလဲ အချိုးတစ်မျိုး ပြောင်းနေတယ်၊ မေယာကို မှာလဲ ပြဿနာမျိုးစုံတက်နေတယ်၊အဲဒါတွေ ကျွန်မကိုရှင်းပြပါဦး ၊စီဘီစီ ကန်ထရိုက်ကိစ္စက စကြရအောင်၊ ဘာဖြစ်လို့ ဖျက်သိမ်းပစ်လိုက်ရတာလဲ"

"ဘာကြောင့် ဖျက်သိမ်းတယ်ဆိုတာ တိုင်းပြည်ကို ထုတ်ပြန်ကြေညာထားသားပဲ ကလျာ"

"မဖြစ်နိုင်တာပဲ၊ ဒီလို ဖျက်သိမ်းလိုက်တဲ့အတွက် ဖေဖေဟာ သန်းပေါင်းများစွာကို လွှင့်ပစ်လိုက်တာနဲ့ အတူတူပဲ မဟုတ်လား၊ ရိုးရိုးသားသားတော့ မဟုတ်နိုင်ပါဘူး"

အဓိကအကြောင်းရင်းသည် ကလျာ၏ ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးသောကြောင့် ဖျက်သိမ်းရခြင်း ဖြစ်ကြောင်း၊ ကလျာနှင့်ဘရစ်ဟာလေတို့ ဇာတ်လမ်းကြီးကို ဇာတ်မြှုပ်ပစ်လိုသောကြောင့် ပြုလုပ်ရခြင်းဖြစ်ကြောင်းကို ဟာရှေဘလောက်အနေနှင့် ထုတ်ဖော်ပြော၍ မဖြစ်နိုင်ပါ။

"သမီး ယုံချင်လဲယုံ၊မယုံချင်လဲနေ၊ အခု ပြထားတဲ့အကြောင်းတွေဟာ ခိုင်လုံတယ်လို့ ဆမ်နဲ့ ကျူပ်နဲ့သဘောတူညီခဲ့ကြတယ်"

ကလျာက မေးခွန်းပေါင်း မြောက်မြားစွာကို ဆက်မေးသည်။ ဟာရှေဘလောက် ကလည်း အလွယ်တကူပင် ရှောင်တိမ်းနိုင်ပါသည်။ သို့သော်လည်း ကလျာဆက်ပြောသည့် စကားကြောင့် ဟာရှေဘလောက်မှာ တုန်လှုပ်သွားရလေတော့သည်။

"ဒါတွေကို ရပ်ဆယ်သော့ပ်က ဆုံးဖြတ်ချက်ချပြီး ဘာတွေလုပ်ရမယ်ဆိုတာ အမိန့်တွေ ပေးသွားတယ်လို့ ကျွန်မထင်တယ်၊ ပြီးတော့ သူ့ကိုအလုပ်က ထုတ်ပစ်လိုက်တယ်၊ အထက်လူကြီး တွေကိုကျော်ပြီး လုပ်တယ်လို့ စွပ်စွဲတယ်၊ ဒါတွေဟာလဲလိမ်တာပဲလို့ ကျွန်မထင်တယ်၊ ဒါကြောင့် ကျွန်မတော့ မယုံနိုင်အောင်ဖြစ်နေမိတယ်"

ထိုသို့ပြောရင်း ကလျာ၏မျက်လုံးထဲမှာ ဒေါသရောင်များပေါ်လာသည်ကို တွေ့ရ သည်။ ရပ်ဆယ်သော့ပ်အပေါ်သို့ကလျာ စိတ်တိမ်းညွတ်နေပြီ ဖြစ်ကြောင်းကိုလည်း ဟာရှေ ဘလောက်က ရိပ်စားလိုက်မိပါသည်။

"ဖေဖေကိုယ်တိုင်က သူ့ကို လွတ်လပ်စွာလုပ်ပိုင်ခွင့်တွေ အကန့်အသတ်မရှိ ပေးထား တာ၊ ဘယ်လိုလုပ်ပြီး သူ့အခွင့်အာဏာတွေထက် ကျော်လုပ်တယ်လို့ပြောနိုင်မှာလဲ၊ တကယ်လို့ သူလုပ်တာတွေ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့သူ့ဆုံးဖြတ်ချက်နဲ့ သူ့အမိန့်တွေဟာ အခုအချိန်အထိ အတည်ဖြစ်နေတာလဲ၊ ဖေဖေနဲ့ နာဗိုင်းကို အခုထက်ထိ သက်တော်စောင့်တွေက စောင့်နေ ကြတုန်းလေ"

*တစ်ဆက်တည်း ဟာရှေဘလောက်၏ စားပွဲပေါ်မှာရှိသော အသံလှိုင်းဖျက်ကိရိယာ တပ်ဆင်ထားသည့် တယ်လီဖုန်းကိုလက်နှင့် ငေ့ယမ်းပြပြန်သည်။*

"နောက် ပြောစရာတစ်ခုရှိသေးတယ်၊ ကျွန်မမှတ်မိသလောက်တော့ အသံလှိုင်းဖျက် ကိရိယာတပ်ဆင်ထားတဲ့ တယ်လီဖုန်းသုံးသူတွေကို ဖေဖေ မနှစ်မြို့ဘူး၊ ဒီကြားထဲက ဒါတွေ တပ်ရမယ်လို့ ရပ်စ်က ချက်ချင်းဆုံးဖြတ်လိုက်တယ်၊မေယာကို ကုမ္ပဏီကြီးမှာရှိသမျှ အရေးကြီးတဲ့ တယ်လီဖုန်းတွေ အားလုံးကိုတပ်တော့တာပဲ၊ သူ့ကို အလုပ်ထုတ်ပြီးတဲ့အခါမှာ ဒါတွေကိုပါ



www.burmeseclassic.com

www.burmeseclassic.com


ပြန်ဖြုတ်ပစ်ဖို့ ဘယ်သူကအမိန့်ပေးသလဲ၊ ဘယ်သူကမှ အမိန့်မပေးဘူး၊ အရည်အချင်း မရှိတဲ့ အုပ်ချုပ်ရေးမှူးတစ်ယောက်ပေးသွားတဲ့ အမိန့်တွေဟာ ဆက်ပြီးအတည် ဖြစ်နေမြဲပဲလေ"

"ဒါကလဲ မင်းအဖေ အသက်ကြီးလာလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ ကလေးငယ်တစ်ယောက်ဟာ ကစားစရာ အရုပ်ကလေး တစ်ခုရရင် အဲဒါကို တန်ဖိုးထားနေသလိုမျိုးပေါ့" ဟု ဟာရှေဘာလောက်က တတ်နိုင်သလောက် ကြိုးစားဖြေရှင်းရှာပါသည်။

"ကျွန်မကို အမှန်အတိုင်းပြောနေတာ မဟုတ်ပါဘူး၊ အကြောင်းတစ်ခုခုကိုရှောင်တိမ်းပြီး ပြောနေတာမဟုတ်လား ဟာရှေ"

"စဉ်းစားကြည့်ပါ သမီးရယ်၊ ဒီကုမ္ပဏီကို အုပ်ချုပ်ဖို့ ဆမ်က ကျုပ်ကို လခပေးပြီး ခိုင်းတယ်၊ ဒါကြောင့် သူပေးတဲ့ အမိန့်ကိုပဲ နာခံရမယ်၊ ဘာ့ကြောင့်ခိုင်းတယ်၊ ဘာ့ကြောင့် အမိန့်ပေးတယ် ဆိုတာတွေကို စောကြောနေခွင့်မရှိဘူးလေ"

ဆက်ပြီး အစ်အောက်မေးနေသော်လည်း ဘာမှအကြောင်းထူးနိုင်တော့မည် မဟုတ်ကြောင်း ကလျာ သဘောပေါက်သွားသည်။ ထို့ကြောင့် ဟာရှေဘာလောက်ကို စိတ်မပါ့တပါဖြင့်နှုတ်ဆက်ပြီး ထွက်လာခဲ့ရတော့သည်။

သို့သော်လည်းဆက်လက်စုံစမ်းရေးကိုတော့ သူအားမလျှော့သေးပါ။ ပင်သီယွန်ကုမ္ပဏီမှ ထွက်လာပြီးသော် အမေရိကန်လေကြောင်း ကုမ္ပဏီသို့ တိုက်ရိုက် မော်တော်ကား မောင်းလာခဲ့သည်။ ပြီးတော့ နယူးယောက်မြို့သို့သွားရန် လေယာဉ်လက်မှတ်တစ်စောင် ဝယ်လိုက်လေသည်။

**စန်တာကလာရာ၊ညနေ ၅း၀၀ နာရီ။**

ဦးစီးအရာရှိများအားလုံးက စိတ်ပါဝင်စားစွာဖြင့် ငြိမ်ပြီးနားထောင် နေကြလေသည်။

"ငါတို့ရဲ့ အရေးတော်မှာ အာဇာနည် သူရဲကောင်းတစ်ယောက်လိုတယ်"

ပြူအာတိုကွေဒိုနိုင်ငံ စစ်တပ်ဦးစီးချုပ် ကာနယ်အယ်မီလီယိုလီနာရီက ထိုသို့ပြောလိုက်ရင်းမဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။သူ့ရင်ဘတ်ပေါ်မှာရှိ သော ဂုဏ်ထူးဘွဲ့ထူးတံဆိပ်များကိုလည်း လက်နှင့် ပွတ်နေသည်။

"အဲဒီ အာဇာနည် သူရဲကောင်းဟာတခြားတိုင်းပြည်တွေက လေးစားတဲ့ပုဂ္ဂိုလ်လဲဖြစ်ဖို့ လိုတယ်"

ကာနယ်လီနာရီက စကားကိုခေတ္တဖြတ်ထားလိုက်သည်။

မေဂျာဖရန်စစ္စကို ဗေလာညျဟာက ထိုင်နေရာမှထမေးသည်။

"ဘယ်လို ထူးခြားတဲ့အချက်တွေရှိဖို့လိုပါသလဲ ကာနယ်"

သူဟာ နိုင်ငံခြားသား တော်တော်များများနဲ့ အဆက်အသွယ်ရှိဖို့လိုတယ်၊ အဲဒီ နိုင်ငံခြားသားတွေကလဲ လေးစားအပ်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်၊ အထူးသဖြင့် အမေရိကန်လူမျိုးတွေက လေးစားရမယ် ၊လက်ရှိသမ္မတ မွန်မူညော့ဇ်ကို ဆန့်ကျင်တဲ့ လုပ်ငန်းတွေထဲမှာ ဘယ်တုန်းကမှ မပါဝင်ခဲ့ဖူးတဲ့လူလဲဖြစ်ရမယ်၊ ဒါကြောင့် သူ့အသတ်ခံရတယ်ဆိုရင် ပေါ်ပြူလာပါတီက သမ္မတနဲ့ သူ့ ရဲ့နေရှင်နယ်ပါတီကိုအကြမ်းဖက် တိုက်ခိုက်တာလို့ အများက ထင်မှတ်စေရမယ်၊ အဲဒီ အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ အာဇာနည် သူရဲကောင်းရဲ့အမည်ကို တင်ပြစရာရှိပါသလား ရေဂျာဗေလာညျဟာ"

"ဝမ်းနည်းပါတယ် ကာနယ်၊ ကျွန်တော်တော့တစ်ယောက်မှ မမြင်မိပါဘူး"

"ကျုပ်ကတော့ မြင်ပြီးပြီ" ကာနယ်လီနာရီ၏ မဲ့ပြုံးသည် ပို၍ပင် လေးနက်လာလေသည်။ "ဂျော့ဖစ်ဂျရယ်စ်ဟာ ဝါရှင်တန်မှာရှိတဲ့ ကျုပ်တို့သံရုံးမှာ နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့တယ်၊အမေရိကန် လူမျိုးပေါင်းများစွာနဲ့ ရင်းနှီးတယ်၊ ကျုပ်တို့နိုင်ငံအတွက်လဲ


www.burmeseclassic.com

www.burmeseclassic.com



မိတ်ဟောင်းဆွေဟောင်းတွေအများကြီး ရှာပေးနိုင်ခဲ့တယ်၊သူ့မှာလဲ အဆက်အသွယ်ကောင်းတွေ ရှိနေတယ်၊ကျုပ်တို့ တိုင်းပြည်ထဲမှာလဲ သူဟာအောင်မြင်ကျော်ကြားတဲ့ရှေ့နေတစ်ယောက်ဖြစ်နေ တယ်၊ သူ့နိုင်ငံရေးလုပ်ငန်းတွေဟာလဲ ချီးကျူးလို့မကုန်နိုင်အောင်ပဲ၊ သမ္မတကြီး မူညော့ဇ်ကလဲ သူ့ရဲ့မျိုးချစ်စိတ်နဲ့တိုင်းပြည်အပေါ် သစ္စာစောင့်ထိန်းမှု ရှိသေမှုကို ထပ်ခါတလဲလဲ ချီးကျူးဂုဏ်ပြု ပြောဆိုခဲ့တယ်"

လီနာရီက စကားဖြတ်လိုက်သည်။ သူ၏ ဦးစီးအရာရှိများထဲမှ မည်သူကမည်သို့ ထင်မြင်ချက်ပေးမည်ကို စောင့်နေခြင်းဖြစ်သည်။ မေဂျာဗေလာ ညှာတာကပင် ထိုင်ရာမှထပြန် သည်။

"ဖစ်ဂူရပ်စ်ရဲ့ထင်ရှားတဲ့ အရည်အချင်းတွေကို ကျွန်တော်သဘောပေါက်ပါပြီ ကာနယ်၊ သူ့ကိုသာ လုပ်ကြံလိုက်မယ်ဆိုရင် တစ်ကမ္ဘာလုံး တုန်လှုပ်သွားနိုင်ပါတယ်၊ နောက်ပြီးတော့ သူ့ကိုလုပ်ကြံသူတွေကို တုံ့ပြန်ကလဲ့စား ချေဖို့ကိုလဲ ဝိုင်းဝန်းတောင်းဆိုကြမှာ မလွဲပါဘူး"

"ဒီလိုဆိုရင် ဒီကိစ္စကို ခင်ဗျားတာဝန်ယူပြီး စီစဉ်နိုင်ပါ့မလား"

"ပေါ်ပြူလာပါတီကအကြမ်းအကြုတ်ဆုံး အကြမ်းဖက်လိုက်တယ် ဆိုတဲ့သဘောမျိုး ဖြစ်အောင်လားကာနယ်"

"အဲဒီအတိုင်း အတိအကျပဲမေဂျာ၊မနက်ဖြန်မှာ ဂျော့ဖစ်ဂူရပ်စ် အာဇာနည် သူရဲကောင်းကြီးဖြစ်သွားတာကိုလိုချင်တယ်၊ ခင်ဗျားတာဝန်ယူ နိုင်မယ်လို့ထင်သလား"

"အင်မတန် လွယ်ပါတယ် ကာနယ်"

"ခင်ဗျားကိုကျုပ် အမိန့်ပေးလိုက်တယ် မေဂျာ၊ မနက်ဖြန်ညမှာ ဂျော့ဖစ်ဂူရပ်စ် အာဇာနည် သူရဲကောင်းကြီးဖြစ်ပါစေ၊ ဝမ်းနည်းခြင်း အထိမ်း အမှတ်အနေနဲ့ ကျုပ်တို့အလံ တစ်ဝက်ထူကြမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ရှိန်

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ရပ်ဆယ်သော့ပ်က မူလအစီအစဉ်များကို ဖျက်သိမ်းပြီး နောက်ထပ် အစီအစဉ်သစ် ရေးဆွဲခြင်းသည် သူတို့အတွက် အခြေအနေ အရပ်ရပ်တို့ ပိုမိုမှန်ကန်လာစေသည်ဟုလည်း ဆိုနိုင်ပါသည်။

ပြူအာတိုကွေဒိုနိုင်ငံမှာ ဂျက်ဖရေစပင်ဇာ ရှိမနေသည့်အတွက် သူတို့ အစီစဉ်များကို ရက်သတ္တ တစ်ပတ်လောက်စောပြီး အကောင်အထည် ဖော်ဖို့ ဖြစ်လာသည်။ စပင်ဇာသည် ဦးနှောက် ရှိသူဖြစ်သည်။ အကြံဉာဏ် ကောင်းသူဖြစ်သည်။ ကာနယ်အယ် မီလီယို၏ နောက်ပိုင်း မှနေပြီး လိုအပ်သည်များကို စီစဉ်ပေးနေသူ ဖြစ်သည်။ ပေါ်ပြူလာပါတီကို ပြည်သူလူထုက အကြည်ညို ပျက်လာအောင်၊ အကြမ်းဖက်သမားများအဖြစ် တစ်ကမ္ဘာလုံးက သတ်မှတ်လာ အောင် ပေါ်ပြူလာပါတီဝင်အယောင်ဆောင်ပြီး အကြမ်းဖက်မှုများ ပြုလုပ်နေသည်မှာ လီနာရီ၏ စစ်တပ်ဖြစ်သည်။ ထိုအစီအစဉ်ကိုလည်း ဂျက်ဖရေ စပင်ဇာကပင် စီစဉ်ပေးသည်။

ပေါ်ပြူလာပါတီကို ပြည်သူက အကြည်ညိုပျက်လာမှ၊ သူတို့၏ အကြမ်းဖက်မှုများကို အစိုးရက နိုင်နင်းအောင် မထိန်းသိမ်းနိုင်မှ စစ်တပ်အနေဖြင့် အာဏာဝင်သိမ်းဖို့ အကြောင်းပြ ကောင်းမည်။

ထို့အကြောင်းများကြောင့်လည်း လီနာရီသည် ဂျက်ဖရေစပင်ဇာပေါ်မှာ မှီခိုနေရ သည်။ စပင်ဇာမရှိလျှင် လီနာရီမှာ အလိုလို အားနည်းနေမည်။ မိမိတို့ ကြေးစားတပ်က စစ်ဆင်ရေးများကို စတင်ဆင်နွဲလိုက်လျှင် အဖြစ်မှန်ကို တိတိကျကျ မခန့်မှန်းမိနိုင်ပဲ လီနာရီ ဘက်က လုပ်မှား ကိုင်မှားတွေ ဖြစ်ကုန်နိုင်သည်။ ထိုသို့ လုပ်မှားကိုင်မှားများ ဖြစ်ကုန်လျှင် သူ့စစ်တပ်လည်း အခြေအနေ ယိုင်သွားနိုင်သည်။

တိုင်းရင်းသားများထဲမှ လက်နက်ကိုင်တွယ်ဖူးသူများကို စုဆောင်းပေးမည်။ရပ်ဆယ် သော့ပ်တို့ ရောက်လာသောအခါတွင် လေယာဉ်ပျံကွင်းသို့ အသင့်ပို့ပြီး စောင့်ခိုင်းထားနှင့်မည် ဟုလည်း ဈေ့ဖစ်ဂူရပ်စ်က ကတိပေးထားသည်။ ထိုသူများကို ရပ်ဆယ်သော့ပ်တို့က လိုအပ်သည့် လက်နက်များ တပ်ဆင်ပေးရန်သာ ဖြစ်လေသည်။

မိနစ်တိုင်း ၊ နာရီတိုင်း အဖိုးတန်လျက်ရှိလေပြီ။

\+ \+ \+

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ ၂ရက်နေ့ မွန်းလွဲပိုင်းတွင် လက်နက်ခဲယမ်းမီးကျောက်များနှင့် အခြား လိုအပ်သည့် ပစ္စည်းများကို အသင့်ထုပ် ပိုးပြင်ဆင်ပြီးဖြစ်သည်။ ညနေ ၃ နာရီတိတိတွင် ပထမဆုံးဒီစီ ၇ ဂျက်လေယာဉ်သည် အယ်လ်ဖာစခန်းသို့ ဆင်းသက်လာလေသည်။ တစ်ဆက်တည်းပင် နောက်ထပ် လေယာဉ်ငါးစင်းပါ ဆက်တိုက် ဆင်းသက်လာကြသည်။

မြေပြင်ပေါ်သို့ လေယာဉ်များရောက်သည်နှင့် တစ်ပြိုင်တည်း ပိုက်ကွန်များဖြင့် ဖုံးအုပ်ကာ ပုံဖျက်ထားလိုက်ကြသည်။ ကောင်းကင်မှ ကြည့်သော်လည်း မြင်နိုင်စရာ အကြောင်း မရှိတော့ပေ။

"ပစ္စည်းတွေ တင်ခိုင်းတော့၊ အပေါ်ရောက်ရင် သေသေချာချာ ခိုင်အောင်ချည်ခိုင်းဟု" ရပ်ဆယ်သော့ပ်က နဟ်သန်ဒူဝေကို အမိန့်ပေးသည်။

လေယာဉ်တစ်စင်းလျှင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ် မှူးနှင့် အင်ဂျင်နီယာ စသည့်ဖြင့် သုံးယောက်စီပါဝင်သည်။ လေယာဉ်ခြောက်စင်းမှ အမှုထမ်း ၁၈ ယောက်ကို စားသောက်ခန်းမရှိရာသို့ ရပ်ဆယ်သော့ပ်က ဦးဆောင်ခေါ်လာသည်။ စားပွဲဝိုင်းမှာ ဝိုင်းပြီးမြေပုံနှင့် လေကြောင်းပြ မြေပုံများကိုဖြန့် ခင်းလိုက်ကြသည်။

အသက်ငါးဆယ်ခန့်ရှိ ရွှေလိုင်းလေးလိုင်းနှင့်လူမှာ သူ တို့ထဲမှရာထူး အကြီးဆုံး လေယာဉ်မှူးဖြစ်ပြီး လေယာဉ် အမှုထမ်းအားလုံး၏ ခေါင်းဆောင် လည်းဖြစ်သည်။

"တက်တာဘိုရိုမှာတုန်းက ယိတ်ကျွန်တော် တို့ကိုအစီအစဉ်တွေ ပြောပြလိုက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ တစ်ခါလောက်ထပ်ပြောပြပါဦး မစ္စတာသော့ပ်"ဟု ထိုလေယာဉ်မှူးကြီးကပြောသည်။

ရပ်ဆယ်သော့ပ် ခေါင်းညိတ်ပြသည်။

"ပထမဆုံး လေယာဉ်ပျံက ဒီည ဆယ်နာရီတိတိမှာ ဒီကွင်းကနေခွာမယ်၊ အဲဒီလေယာဉ်နဲ့အတူတူ ကျွန်တော့် လူတချို့နဲ့ ကျွန်တော်လိုက်မယ်၊ ကျန်တဲ့လေယာဉ်ပျံတွေက နောက်တစ်နာရီကြာမှ လိုက်ရမယ်၊ ကျွန်တော်တို့ ဟိုကိုရောက်ပြီးတဲ့နောက် အခြေအနေတွေ အားလုံး ရှင်းရှင်းလင်းလင်းရှိတယ်ဆိုရင် ကျန်တဲ့လေယာဉ်ပျံတွေ ဆက်လိုက်လာဖို့ ရေဒီယိုနဲ့ အကြောင်းကြားမယ်၊ အဲဒီလေယာဉ်ပျံတွေဟာ ရည်မှန်းချက်နေရာကို ငါးမိနစ်မှာ တစ်စင်း ဆင်းလာရမယ်၊ အဲဒီအချိန်မှာ ဘာသတင်းမှ မရဘူးဆိုရင် နောက်က လေယာဉ်ပျံတွေဟာ ရည်မှန်းချက်နေရာနဲ့ မိုင်တစ်ရာအကွာမှာ ရောက်နေကြချိန်ဖြစ်မယ်၊ ဘာမှမကြားရတဲ့အတွက် ကျုပ်တို့ လုပ်ငန်းကြီးပျက်စီးသွားပြီလို့ သတ်မှတ်ရမယ်၊ ရောက်နေတဲ့နေရာကနေပြီး အယ်လ်ဖာစခန်းကို လှည့်ပြန်ရုံပဲ၊ အယ်လ်ဖာစခန်းမှာ ပစ္စည်းနဲ့ လူတွေချပေးခဲ့ ပြီး ယိတ်နာဂယ်ပြောထားတဲ့ နေရာကိုခင်ဗျားတို့ ဆက်ပြန်သွားကြရုံပဲ"

လေယာဉ်မှူးကြီး၏ မျက်နှာပေါ်မှာ မသက်မသာဖြစ်သွားသည်။

"ကျန်တာကတော့ ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘူး၊ ကျုပ်တို့က ရှေ့ဆုံး လေယာဉ်ပျံနဲ့ လိုက်ရမှာဆိုတော့ ဟိုမှာကြိုနေတဲ့ လူတွေက မဟုတ်တဲ့လူတွေ ဖြစ်နေပြီဆိုရင် ကျုပ်တို့အားလုံး ဇာတ်လမ်းသိမ်းလိုက်ကြပြီဆိုတာပဲပေါ့ မစ္စတာသော့ပ်"

ရပ်ဆယ်သော့ပ်၏ မျက်နှာမှာ ပြုံးသွားသည်။

"မှန်ပါတယ်ဗျာ၊ ဒါပေမယ့် စိတ်ချမ်းသာစရာကောင်းတာ တစ်ခုတော့ ပြောပါရစေဦး၊ ဖြစ်ကြပြီဟေ့ဆိုရင် ကျွန်တော်တို့အဖို့ သေးသေးကွေးကွေးဆိုတာ ဘာမှမဖြစ်နိုင်ပါဘူး" ထိုသို့ပြောပြီး မြေပုံပေါ်သို့ ခဲတံနှင့်ထောက် ပြသည်။ "ကျွန်တော်တို့ အခုဟော ဒီနေရာမှာ ရောက်နေကြတယ်၊ ကွင်းကတက်တာနဲ့ တစ်ပြိုင်တည်း အမေရိကန် ရေဒါစခန်းတွေနဲ့ လွတ်အောင် အတတ်နိုင်ဆုံး နိမ့်နိမ့်ပျံရမယ်၊ ပြီးရင် ဟောဒီနေရာကိုရောက်တဲ့အခါမှာ အမြင့်ကပျံမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်၏ လက်ထဲမှ ခဲတံက ကျူးဘားနှင့် မက်ဆီကိုနိုင်ငံ ကြားရှိ ယူကာ ရေလက်ကြားပေါ်သို့ ထောက်ပြသည်။ ထိုလမ်းကြောင်းသည် မှောင်ခိုလေယာဉ်ပျံ ပျံသန်းနေကျ လမ်းကြောင်းလည်း ဖြစ်လေသည်။

"ဟောဒီ ပြုအာတိုကွေဒို ကမ်းရိုးတန်းကို ရောက်ပြီဆိုရင် နိမ့်နိမ့်ပျံ ဆင်းမယ်၊ ကုန်းပေါ်ကို ရောက်တာနဲ့တစ်ပြိုင်တည်း သစ်ပင်ထိပ်ဖျားလွန်ရုံပဲပျံမယ်၊ ရည်မှန်းချက်နေရာမှာ မီးနဲ့အချက်ပြပြီး စောင့်နေကြလိမ့်မယ်၊ ဘယ်လိုအချက်ပြမယ်ဆိုတာဆင်းခါနီးတော့ခင်ဗျားတို့ကို ကျွန်တော်ပြောပြမယ်၊ လေယာဉ် ပြေးလမ်းကို မီးနဲ့မပြဘူး၊ ခင်ဗျားလေယာဉ်က မီးကိုပဲ အသုံးပြုပြီး ဆင်းရမယ်၊ ဒါပေမယ့် နောက်ဆုံးမသုံးရင် မဖြစ်တော့တဲ့ အချိန်ကျမှ မီးကိုဖွင့်မယ်"

ဆက်လက်ဆွေးနွေးစရာတွေက အများကြီး ရှိနေသည်။ အားလုံးကျေလည်အောင် ဆွေးနွေးကြသည်။ တစ်နာရီလောက် ကြာတော့မှ ပြီးဆုံးသွားသည်။ လေယာဉ်များပေါ်သို့ ပစ္စည်းတင်နေတုန်း ဖြစ်သောကြောင့် ရပ်ဆယ်သော့ပ်က အချိန်ရခိုက် တရေးတမောအိပ်ရန် လေယာဉ်အမှုထမ်း (၁၈) ယောက်ကို တန်းလျားများဆီသို့ ခေါ်ဆောင်သွားလေသည်။

\+ + +

ကိုးနာရီခွဲပြီဖြစ်ကြောင်း ရှေ့ပြေးလေယာဉ်၏ လေယာဉ်မှူးကြီးက ပြောသည်။ ထို့ကြောင့် သူနှင့်အမှုထမ်းများသည် လေယာဉ်တွင် လိုအပ်သည်များကို စစ်ဆေးနေကြသည်။ ရပ်ဆယ်သော့ပ်ကလည်း သူ့အတွက် လိုအပ်သည်များကို စစ်ဆေးနေသည်။

လေယာဉ်ပေါ်တွင် ပစ္စည်းများကို စနစ်တကျ ချည်ထားပြီး ဖြစ်သည်။ ရပ်ဆယ်နှင့် အတူတူ လိုက်မည့်သူများမှာ (၁၁) ယောက် ဖြစ်သည်။ နေလ်ဆင်နှင့် မက်ဆိုရှီတို့ နှစ်ယောက်လည်း ပါသည်။ အားလုံးအမေရိကန် စစ်ယူနီဖောင်း အစိမ်းရောင်အသစ်များကို ဝတ်ဆင်ထားကြသည်။ လက်နက်ခဲယမ်းမီးကျောက်များကိုလည်း အပြည့်အစုံ အလုံအလောက် သယ်ယူလာကြသည်။

လေယာဉ်ပေါ်သို့မတက်မီ ရပ်ဆယ်သော့ပ်က ခဏရပ်ပြီး နတ်သန်ဒူဝေနှင့် လှည့်စကား ပြောသည်။ သူလည်း အခြားသူများကဲ့သို့ပင် အစိမ်းရောင်ယူနီဖောင်းကို ဝတ်ဆင်ထားလေသည်။

"တို့အစီအစဉ် ပျက်သွားရင် မင်းဆီမှာ ငါပေးထားတဲ့ ငွေတွေကို သုံးပါ၊ ရဲဘော်တွေ အားလုံးကို ငွေပေးပြီး တစ်ယောက်တစ်ကွဲစီ ကိုယ်ရောင် ဖျောက်ကြတော့လို့ ပြောလိုက်ပါ။

"ကောင်းပြီ အဲဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်။ မကြာခင် မင်းနဲ့ပြန်တွေ့မယ်လေ"

ဒီစီ ၇ သယ်ယူပို့ဆောင်ရေး ဂျက်လေယာဉ်ပျံ၏ ကိုယ်ထည်သည် ရိုးရိုးကိုယ်ထည် ဖြစ်သည်။ ထို့ကြောင့် အထဲမှာ အသံမလုံ။ အင်အားကောင်းသော တာဘိုအင်ဂျင်စက်ကြီး လေးလုံးတို့၏ အသံက ဆူညံစွာ မြည်နေသည်။ လေယာဉ်ထဲမှာ အချင်းချင်း စကားပြောဖို့ မလွယ်ကူချေ။ ထို့ကြောင့် ရဲဘော်များအားလုံး စာဖတ်သူကဖတ်၊ ငိုက်သူကငိုက်၊ ဖဲရိုက်သူ ရိုက်ဖြင့်လိုက် ပါလာကြသည်။ အားလုံးစိတ်ဓာတ်တက်ကြွနေကြသည်ကို မြင်ရသည်။ ဗီယက်နမ် စစ်မြေပြင်နှင့်စာလျှင် ပျော်ပွဲစားခရီးထွက်ရသလောက်ရှိကြောင်း အားလုံးက သဘော-ာားနေကြ ပုံကို မြင်တွေ့ရသဖြင့် ရပ်ဆယ်သော့ပ်က စိတ်ချမ်းသာသွားသည်။

ပြုအာတိုကွေဒို ကမ်းရိုးတန်းနှင့် မိုင်တစ်ရာလောက်သို့ ရောက်သောအခါ လေယာဉ်ကို နိမ့်ဆင်းလိုက်သည်။ လေယာဉ်အမှုထမ်းများအားလုံးနှင့် ရပ်ဆယ်သော့ပ်လည်း အလုပ်များလာကြပြီ ဖြစ်သည်။

ကံကောင်းထောက်မစွာပင် ရာသီဥတုက ကောင်းမွန်နေသည်။ လရောင်က ထိန်ထိန်သာနေသည်။ ခဏကြာတော့ ကမ်းခြေကို မြင်ရသည်။ လေယာဉ်ကို သစ်ပင်ထိပ်ဖျား လွတ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်အမြင့်သို့ နိမ့်ချလိုက်ပြန်သည်။ ကျောက်တုံးကျောက်ဆောင်များ စီတန်းနေသည်ကို မြင်ရသည်။ စန်အင်ဂျီလို လေယာဉ်ကွင်းသို့ ညွှန်ပြသည့် မြေပြင် အမှတ်အသားလည်း ဖြစ်ပေသည်။ မိနစ်အနည်းငယ် ကြာသွားသည်။

"ရှေ့မှာ တွေ့ပြီ"

တွဲဖက် လေယာဉ်မှူး၏ အော်ပြောသံကို ကြားရသည်။ လေယာဉ်ဆင်းရန် ကွင်းရှင်းပြီး ဖြစ်ကြောင်း မြေပြင်မှာ တစ်စုံတစ်ယောက်က အချက်ပြနေသည်ကို တွေ့ရသည်။ လက်နှိပ်ဓာတ်မီးကို သုံးချက်ကြာကြာ၊ ထို့နောက် နှစ်ချက်မြန်မြန်၊ တစ်ချက် ကြာကြာဖွင့်ပြသည်။ လေယာဉ်မှူးက ပြေးလမ်းကို မြင်ရအောင် ငုံ့ကြည့်သည်။

"ဟန်ပုံတော့ ရပါတယ်" ဟု လေယာဉ်မှူးက ပြောသည်။ လေယာဉ်ကို ၃၆၀ ဒီဂရီ တစ်ဆစ်ချိုးချိုးပြီး ပြန်ကွေ့သည်။ ခဏကြာတော့ လေယာဉ်ဘီး နှင့် ပြေးလမ်းထိသံ ကြားရသည်။

ပြေးလမ်းတစ်ဝက်ဘေး တစ်နေရာတွင် အုတ်တိုက်တစ်လုံးကို တွေ့ရသည်။ ထိုတိုက်နားတွင် လူအချို့ရှိနေသည်။ လေယာဉ်က သူတို့ကို လွန် သွားသည်။ လေယာဉ်မှူးက လေယာဉ်ကို ပြန်လှည့်သည်။ မီးများမှိတ်လိုက်သည်။ သို့သော်လည်း စက်ကိုမူ ရပ်ခြင်းမရှိ။ ချက်ချင်း ပြန်တက်ဖို့လိုလျှင် ပြန်တက်နိုင်စေရန် ဖြစ်သည်။

"ဘာဖြစ်မယ်ဆိုတာ ပြောနိုင်တာမှတ်လို့" ဟုလည်း ထုတ်ပြော လိုက်သေးသည်။

ရပ်ဆယ်သော့ပ်နှင့် အင်ဂျင်နီယာက နောက်ပိုင်းသို့ သွားသည်။ အင်ဂျင်နီယာက လေယာဉ်တံခါးဖွင့်ပြီး လှေကားချပေးသည်။ ရပ်စ်၏ လူများသည် လက်နက်များ အသင့်ကိုင်ပြီး ထိုင်ခုံများမှ ထပြီး ဖြစ်နေကြချေပြီ။

"မောင်းတင် မောင်းထိန်း ခလုတ်ပိတ်၊ အားလုံးဆင်း"

ရပ်စ်က အမိန့်ပေးလိုက်သည်။ လေယာဉ်ပျံဆီသို့ လူ အတော်များများ ပြေးလာကြသည်ကို မြင်ရသည်။ သူတို့အားလုံးမှာ ပြူအာတိုကွေဒို နိုင်ငံသားများ ဝတ်ဆင်လေ့ရှိကြသည့် အတိုင်း အဝတ်အစားများကို ခပ်ပွပွ ဝတ်ဆင်ထားကြသည်။ ရပ်စ်က သူ့လူများကို ခေါင်းဆောင်ပြီး အမြန်ဆုံး ဆင်းလိုက်သည်။ အောက်ရောက်သည်နှင့်တစ်ပြိုင်တည်း လေယာဉ်ပြေးလမ်းကို လူဖြန့်ပြီး နေရာယူလိုက်သည်။ ထိုအပြုအမူကို မြင်သောအခါ ပြေးလာသူများမှာ တုံ့ခနဲ ရပ်သွားကြသည်။ သို့သော် ပိန်ပိန်ပါးပါးနှင့် ခပ်ပုပု လူတစ်ယောက်က ရှေ့သို့ ဆက်လျှောက်လာသည်။ ရပ်စ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ထိုသူက ရပ်လိုက်သည်။ သူ့အသက် ၄၀-လောက်တော့ ရှိလောက်ပြီဟု ခန့်မှန်းရသည်။ သူက အင်္ဂလိပ်ဘာသာဖြင့် မေးသည်။

"မစ္စတာသော့ပ် ကျွန်တော် မစ္စတာသော့ပ်နဲ့ တွေ့ဖို့လာတာပါ"

"ခင်ဗျား မစ္စတာသော့ပ်ကို တွေ့နေပြီ၊ ခင်ဗျား ဘယ်သူလဲ" ဟု ရပ်စ်က ပြန်မေးသည်။

"ကျွန်တော် ကာလို့စ်ဟာရီရာ ဖြစ်ပါတယ်ခင်ဗျာ၊ သတင်းဆိုးတစ်ခု အစီရင်ခံစရာ ရှိပါတယ်။ ဂျော့ဖစ်ဂူရပ်စ် သေသွားပါပြီ၊ မနေ့ညဦးပိုင်းတုန်းက သူ့ရုံးခန်းထဲမှာ ပစ်သတ်ခံသွားရပါတယ်"

ရပ်ဆယ်သော့ပ်၏ တစ်ကိုယ်လုံးရှိ သွေးများ ဆူသွားသည်။ သူ့စီမံကိန်းကြီးတွင် ဂျော့ဖစ်ဂူရပ်စ်သည် အရေးအကြီးဆုံး ပုဂ္ဂိုလ် ဖြစ်လေသည်။

"ဘုရားရေ. . . ဒါဘယ်သူ လုပ်လိုက်တာလဲ"

"ထုံးစံအတိုင်း ပေါ်ပြူလာပါတီပေါ်ကိုပဲ အဖြစ်ပုံဖို့လိုက်တာပေါ့ ခင်ဗျာ၊ ဒါပေမယ့် တကယ်လုပ်တာကတော့ ကာနယ်လီနာရီနဲ့ သူ့လူတွေပါပဲ"

သည်စီမံကိန်းကြီးကို အပြီးတိုင် စွန့်လွှတ်လိုက်ဖို့ကိုပင် ရပ်ဆယ် သော့ပ်က ရုတ်တရက် စဉ်းစားလိုက်မိသည်။ ထိုအကြောင်းကို ကာလို့စ်က ရိပ်မိပုံပေါ်သည်။

"ကျွန်တော့်မှာ လူတစ်ရာကျော်နဲ့ ကျွန်တော်တို့ခိုးယူလာတဲ့ မော်တော်ကားနှစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ် ခင်ဗျာ" ကာလိုစ်ဟာရီရာက တောင်းပန်သည့်လေ သံနှင့် ပြောသည်။

ရပ်စ်က ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်လေသည်။

"ခင်ဗျား ကားတွေယူခဲ့၊ လေယာဉ်ပျံပေါ်က ပစ္စည်းတွေ အမြန်ဆုံးချ၊ နောက်ထပ် လေယာဉ်ပျံတွေ ဆက်လာနေတယ်" နေလ်ဆင်ကို လက်လှမ်း ပြလိုက်သည်။ "လေယာဉ်ပျံဆီ ပြန်သွား အခြေအနေ အားလုံးကောင်းကြောင်း ရေဒီယိုသတင်းပြန်ပို့ဖို့ လေယာဉ်မှူးကို ပြောလိုက်" ထိုသို့ ပြောပြီး ကာလိုစ် ဟာရီရာ ဘက်သို့ ပြန်လှည့်ပြန်သည်။ "ခင်ဗျားလူတွေကို ပစ္စည်းဝိုင်းသယ် ချခိုင်း၊ ပြီးရင် ခင်ဗျားနဲ့ ကျုပ်စကားပြောမယ်"

ရပ်ဆယ်သော့ပ်က တိုင်းရင်းသားများ ပစ္စည်းသယ်ချသည်ကို ကြီးကြပ်ရန် သူ့လူ ငါးယောက်ကို တာဝန်ပေးသည်။ ကျန်လူများက လေယာဉ်ပြေးလမ်းကို လုံခြုံရေးစောင့်ရန်ပါ အမိန့်ပေးလိုက်သည်။ ကာလိုစ်ဟာရီရာ ပြန်လာသည်။

"ခင်ဗျားအကြောင်း ပြောစမ်း၊ မြန်မြန်ပြော" ဟု ရပ်စ်က ပြောသည်။

ကာလိုစ်ဟာရီရာ၏ အကြောင်းကို ကြားရသောအခါ ရပ်ဆယ်သော့ပ် အံ့အားသင့်သွားသည်။ သူ့ကိုအသက် ၄၀လောက်ဟု ထင်ရသည်။ တကယ်ကတော့ သူ့အသက် ၂၇-နှစ်သာ ရှိသေးသည်။ အသက် ၂၀တုန်းက အမေရိကန်ပြည်သို့ သွားပြီး ဗိသုကာပညာကို နှစ်နှစ်ကြာမျှ သင်ယူခဲ့သည်။ ပြူအာတို ကွေဒိုနိုင်ငံသို့ ရောက်သောအခါ သမ္မတမူညော့ဇ်၏ အစိုးရကို လူပုံအလယ်မှာချပြီး ဝေဖန်မိသည်။ ထို့ကြောင့် ချွေးတပ်စခန်းကို သုံးနှစ်ကြာ အပို့ခံရသည်။ အလုပ်ကြမ်းများ လုပ်ကိုင်ခဲ့ ရသောကြောင့် အသက်နှင့်မလိုက်အောင် အရွယ်အိုသွားခြင်း ဖြစ်သည်။ သို့သော်လည်း သူ့စိတ်ဓာတ်ကိုကား ချိုးနှိမ်၍ မရကြ။ ထောင်ကလွတ်သောအခါ မှတ်ပုံတင် အတုများ ပြုလုပ်ပြီး တောထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ရရာအလုပ်များကို ကြုံသလို လုပ်ကိုင်စားသောက်ခဲ့သည်။

"ကျွန်တော်နဲ့အတူတူ ဒီနေ့ည ဒီကို ရောက်လာကြတဲ့ လူတွေ အားလုံးလိုလိုဟာ ကျွန်တော်လို ကြုံတွေ့ခံစားခဲ့ရတဲ့ လူတွေချည်းပါပဲ ကျွန်တော်တို့အားလုံး ဝရမ်းပြေးတွေချည်းပဲ ဆိုပါတော့ ခင်ဗျာ"

ပထမလေယာဉ်ပျံမှ ပစ္စည်းများကို အမြန်ဆုံးသယ်ချလိုက် နိုင်သည်။ လေယာဉ်ပျံလည်း ပြန်လည်ထွက်ခွာသွားသည်။ လေယာဉ်ပေါ်မှ ချသည့်ပစ္စည်းများကို တောထဲသို့ သယ်ယူပြီး ချုံများအတွင်းမှာ ဝှက်ထားလိုက်သည်။

နောက်ထပ် လေယာဉ်များ အစီအစဉ်အတိုင်း ဆင်းသက်လာကြသည်။ တိုင်းရင်းသားများသည် ခန့်မှန်းထားသည်ထက်ပင် ပိုပြီး မြန်ဆန်အောင် ချပေးနိုင်ကြသည်။ ထို့ကြောင့် အရုဏ်တက်ချိန်မတိုင်မီမှာပင် နောက်ဆုံးလေယာဉ်ပျံ ပြန်လည် ထွက်ခွာသွားနိုင်လေတော့သည်။

နတ်သန်ဒူဝေ၊ တွမ်ဖာလွန်နှင့် ဂျူအန်းမီလင်ဒက်ဇ်တို့သည် သူတို့လူများကို တောတွင်းမှာ ယာယီတဲများထိုးပြီး နေရာချထားပေးသည်။ အင်အားတစ်ဝက်ကို ခံစစ်ကြောင်းအဖြစ် ဖြန့်ပြီး နေရာယူခိုင်းထားလိုက်သည်။

တိုင်းရင်းသားများက တစ်နေရာတွင် တဲများထိုးပြီး နေရာယူကြသည်။ ရပ်ဆယ်သော့ပ်က သူတို့နှင့် တွေ့ရန်သွားသည်။ သူတို့အားလုံးကို သူက အင်္ဂလိပ်လိုပြောသည်။ ကာလိုစ်ဟာရီရာက စကားပြန်လုပ်ပေးသည်။

"တို့နဲ့အတူတူ လက်နက်တွေ၊ စားနပ်ရိက္ခာတွေနဲ့ ထောက်ပံ့ရေးပစ္စည်းတွေ ပါလာတယ်၊ ဒီစစ်ဆင်ရေးမှာ ငါခေါင်းဆောင် လုပ်ရမယ်ဆိုတာ ဆီညော့ဖစ်ဂူရပ်စ်နဲ့ သဘောတူထားပြီးသား၊ မင်းတို့ထဲမှာ ကန့်ကွက်ချင်တဲ့လူများ ရှိသလား" ကန့်ကွက်မည့်သူ တစ်ယောက်မှ ပေါ်မလာချေ။ ထို့ကြောင့်သူက ဆက်ပြောသည်။

"အရင်တုန်းက ရိုင်ဖယ်သေနတ် ကိုင်ဖူးတဲ့လူ မင်းတို့ထဲမှာ ဘယ်နှစ်ယောက်ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားများအားလုံး တစ်ယောက်မကျန် လက်ထောင်ပြ လိုက်သောကြောင့် ရပ်ဆယ်သော့ပ် အံ့အားသင့်သွားသည်။

"လက်နက်ကိုင်ဖူးတဲ့လူတွေသာ လာရမယ်လို့ ဆီညော်ဖစ်ဂူရပ်စ် လွှတ်လိုက်တဲ့ ဆက်သားကမှာသွားပါတယ် ခင်ဗျာ၊ လက်နက်ကို အသုံးပြု နည်း သင်ပေးနေဖို့အချိန် မရှိဘူးလို့ ပြောပါတယ်" ဟု ကာလိဗ်ဟာရီရာက ဝင်ရှင်းပြသည်။

ရပ်စ်မှာ နေသာထိုင်သာ အတော်ရှိသွားသည်။

"နောက်ထပ် လူရနိုင်ဦးမလား"

"တချို့ထပ်ရဦးမယ်၊ ဘယ်လောက်ရမယ်ဆိုတာတော့ ကျွန်တော် အတိအကျ မသိပါဘူး၊ သူတို့အားလုံးလဲ မျိုးချစ်တွေချည်းပါပဲ၊ အင်မတန် စစ်တိုက်ချင်နေကြပါတယ်"

"ပေါ်ပြူလာပါတီ ခေါင်းဆောင်တွေနဲ့ ငါဘယ်တော့ တွေ့ရမလဲ" ဟု ရပ်စ်က ပြန်မေးသည်။

"ဒီနေ့ညနေပိုင်းမှာ တစ်ယောက်ရောက်လာပါလိမ့်မယ်"

"ပီနီဒါ လား"

ရပ်စ်က မျှော်လင့်တကြီးဖြင့် ပြန်မေးသည်။ ဇေးဗီးယား ပီနီဒါ မိုရယ်နိုသည် ပေါ်ပြူလာပါတီ၏ သမ္မတလောင်းဖြစ်လေသည်။

"မဟုတ်ပါဘူး ခင်ဗျာ၊ ဂါစီယာကွင်တာ ဖြစ်ပါတယ်၊ သူက ဆီးနိုတ် လွှတ်တော် အမတ် ဝင်အရွေးခံမှာပါ" ဟာရီရာက မျက်နှာကိုအောက်ချပြီး ဖြေသည်။

"ငါတွေ့ရမယ့်လူက ဇေးဗီးယားပီနီဒါ"

"ဆီညော်ဖစ်ဂူရပ်စ်က သူ့ကို ချဉ်းကပ် ဆွေးနွေးပါတယ် ခင်ဗျား လူက ခင်ဗျားကို လက်ခံတွေ့ဖို့တောင် ငြင်းပါတယ်။ သူက ဘာသာရေးသမား၊ အယူအဆဟောင်းသမား၊ အကြမ်းဖက်မှု အားလုံးကို သူက ဆန့်ကျင်ပါတယ်"

"မင်းတို့လူမျိုးတွေ လိုနေတာကလည်း အဲဒီလိုသမ္မတမျိုးကိုပဲ လိုနေတာမဟုတ်လား၊ ဘာသာရေးသမားတစ်ယောက် ရဖို့ပဲ မဟုတ်လား"

"မူညော့ဇ်ကို ဆန့်ကျင်တိုက်ခိုက်ရဲတဲ့လူမျိုး ဖြစ်ဖို့လိုပါတယ်ခင်ဗျာ၊ ကာနယ်လီနာရီကို အမိန့်ပေးရဲတဲ့ လူဖြစ်ဖို့ လိုပါတယ်"

"ဂါစီယာကွင်တာက ဘယ်လိုအစားထဲကလဲ"

"သူကလဲ ပုံတစ်မျိုးပါပဲ"

ကာလိဗ်ဟာရီရာကလည်း ထိုမျှသာ ပြောပြနိုင်လေသည်။

ဒေးဗစ်ရာဘီမက်ဆိုရှိကိုရှာပြီး ရေဒီယိုစက် အသင့်ပြင်ရန် ပြောဖို့ ရပ်ဆယ်သော့ပ် ထွက်လာခဲ့သည်။ အက်စ်ဝိုင်အာ ၃၁ အမျိုးအစား ရေဒီယိုသုံးလုံး ယူလာခဲ့သည်။ အသံလွှင့်ခြင်း၊ အသံဖမ်းခြင်းများကို ပြုလုပ်နိုင်သော အင်အားကြီးမားသည့် ရေဒီယိုစက်များ ဖြစ်သည်။ စက်သုံးလုံးစလုံး အသစ်များချည်း ဖြစ်လေသည်။

"ဒီစက်တွေကို မင်းသုံးကြည့်တဲ့အခါ ဘယ်လောက်အံ့ဩစရာကောင်းလောက်အောင် အစွမ်းထက်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်ကွာ" ဟုလည်း ဒေးဗစ်ရာဘီမက်ဆိုရှိကို သူပြောပြခဲ့သေးသည်။

+ + +

မနက်ရှစ်နာရီကတည်းက အိပ်ခဲ့သော ရပ်ဆယ်သော့ပ်သည် မွန်းတည့်ချိန်တွင် နိုးလာသည်။ ရဲဘော်များ အားလုံးကို ထုတ်ပေးထားသည့် စည်သွတ်ရိက္ခာဗူးများ ဖွင့်စားနေတုန်းမှာ ပင်ဂါစီယာကွင်တာ ရောက်လာသည်။

စန်တာကလာရာလေဆိပ်မှ ယိတ်နာဂယ် ငှားစီးခဲ့ဖူးသည့် လင့်ရိုဟာနှင့် တစ်ပုံစံတည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော လင့်ရိုဗာကားတစ်စင်းနှင့် ရောက်လာခြင်း ဖြစ်သည်။ သူနှင့်အတူ သက်တော်စောင့် သုံးယောက်လိုက်ပါလာသည်။ သူ့ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်တည်း ရပ်ဆယ်သော့ပ်က အထင်သေးသွားလေသည်။ တန်ဖိုးကြီးမားသော ဆာဖာရီဝတ်စုံနှင့် နေကာမျက်မှန်ကို တပ်ထားသည်။ ဆာဖာရီဝတ်စုံရင်ဘတ်က ပွင့်နေရာ ရွှေကြိုးဖြင့် ပြုလုပ်ထားသော လက်ဝါးကပ်တိုင် လည်ပင်းမှာ ဆွဲထားသည်ကို မြင်ရသည်။ စကားအပိုတွေကိုလည်း အလွန်ပြောသူဖြစ်လေသည်။

အရပ်က ပုပုပြတ်ပြတ် ဖြစ်သည်။ ခြေဖျားထောက်သော်လည်း ရပ်စ်၏ ပခုံးကိုမမီ။ နိုင်ငံရေး စကားများကို လေလုံးထွားထွားဖြင့် ပြောသည်။ သို့သော်လည်း ရပ်ဆယ်သော့ပ်တို့၏ ကြေးစားတပ်များနှင့် ပူးပေါင်းတိုက်ခိုက်ဖို့ကိုတော့ လက်မခံချေ။ အရေမရ အဖတ်မရ စကားများ ပြောပြီး သက်တော်စောင့်များနှင့်အတူ ပြန်လည်ထွက်ခွာသွားတော့သည်။

"အလကား ခွေးသားပဲ"ဟု ရပ်စ်က မှတ်ချက်ချသည်။

"အခွင့်အရေးသမားပါ ခင်ဗျာ၊ ဒါပေမယ့် မူညော့ဇ်ကိုတော့ သူမုန်းတယ်၊ ကိုယ်ရေးကိုယ်တာတော့ မှန်တာပေါ့လေ၊ သူ့ မိန်းမတွေထဲက တစ်ယောက်ကို မူညော့ဇ်က ခေါင်းတုံးပေါ် ထိပ်ကွက်သွားလို့" ဟု ကာလို့စ် ဟာရီရာက ပြောပြသည်။

ရပ်စ် စိတ်ပျက်လက်ပျက်ဖြင့် ပခုံးတွန့်လိုက်သည်။

"မင်းတို့ ပေါ်ပြူလာပါတီက ရွေးလိုက်တဲ့အကောင်တွေကလဲ သိပ်နိုပ်ကြမှာတော့ မဟုတ်ပါဘူး"

ထို့နောက် မော်တော်ကား မောင်းတတ် မမောင်းတတ်မေးသည်။ ဟာရီရာက မောင်းတတ်ကြောင်း ပြန်ဖြေသည်။

"ကောင်းတယ်၊ မင်းတို့လူတွေကို တို့လို ယူနီဖောင်းမျိုးတွေ ထုတ်ပေးမယ်၊ အခု လောလောဆယ် မင်းတို့ အမျိုးသားဝတ်စုံ နှစ်စုံလိုချင်တယ်၊ မင်းနဲ့ ဂျူအန်းမီလင်ဒက်ဇ်ငါနဲ့လိုက်ခဲ့၊ မင်းတို့ခိုးလာတဲ့ ကားတစ်စင်းနဲ့ ခရီးထွက်လိုက်ကြရအောင်"

ခဏကြာတော့ သူတို့ခရီးထွက်ခဲ့ကြသည်။ ခပ်လှမ်းလှမ်းမှကြည့်လျှင် ရပ်ဆယ်သော့ပ်နှင့် ဂျူအန်းမီလင်ဒက်ဇ်တို့နှစ်ယောက်ကို သူတို့နိုင်ငံသား တောသူ တောင်သား နှစ်ယောက်ကားစီး သွားကြသည်ဟု ထင်မှတ်ရသည်။ ကားမောင်းသူကလည်း သူတို့ တိုင်းရင်းသား ဖြစ်နေသည်။

ကားထဲကိုကြည့်လျှင်တော့ ဆန့်ကျင်ဘက်အရာများကို မြင်တွေ့ရ ပေလိမ့်မည်။ ဂျူအန်းက အားကောင်းသော မှန်ပြောင်း တစ်လက်ကိုလည်းကောင်း၊ ရပ်ဆယ်သော့ပ်က အဝေးရိုက် မှန်ဘီလူးပါ တပ်ထားသည့် ပိုလာရွိုက်ကင်မရာတစ်လုံးကိုလည်းကောင်း သယ်ယူလာကြသည်။ မောင်းပြန်လက်နက် ကိုယ်စီနှင့် ကျည်ကပ် အမြောက်အမြားအပြင် လက်ပစ်ဗုံး နှစ်ဒါဇင်လောက်ကိုလည်း မော်တော်ကား ဖင်ထိုင်ခုံများကြားမှာ ထည့်ယူလာခဲ့ကြသည်။

မော်တော်ကားကို ကာလို့စ်ဟာရီရာက မောင်းသည်။ မြေပြန့်ကို ဖြတ်ပြီး တောင်ပေါ်သို့ မောင်းတက်ခဲ့ကြသည်။ တောင်ပေါ်တောနက်သည့် တစ်နေရာရောက်တော့ သစ်ပင်များကြားထဲမှာ ကားကိုရပ်ခိုင်းသည်။

ရပ်စ်နှင့်ဂျူအန်းက ကားပေါ်မှဆင်းပြီး ပတ်ဝန်းကျင် အခြေအနေများကို မှန်ပြောင်းဖြင့် ကြည့်ရှုလေ့လာခြင်း၊ ပိုလာရွိုက်ကင်မရာနှင့် ရိုက်ခြင်းများ ပြုလုပ်သည်။ ကင်မရာက အသင့်ကူးပြီးပုံများ ချက်ချင်းထွက်လာသည်။ ကြည်လင်ပြတ်သားသည့် ထိုပုံများကို သူတို့လေ့လာ စစ်ဆေးကြသည်။ မြေအနေအထားကို သိအောင် အနီးပတ်ဝန်းကျင်သို့ လှည့်လည် ကြည့်ရှုလေ့လာသေးသည်။ ခဏကြာတော့ ဟာရီရာ စောင့်နေသည့် နေရာသို့ ပြန်လာကြသည်။

"ပြန်ကြစို့ . ကာလို့စ်၊ မမှောင်ခင် စခန်းကို ပြန်ရောက်ချင်တယ်၊ စစ်တပ်ကို အလုပ်ကလေး နည်းနည်းလောက်ပေးလိုက် ကြရအောင်" ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပြေးလမ်းဘေးမှ တိုက်ကလေးထဲမှာ အက်စ်ဝိုင်အာ ၃၁ ရေဒီယိုစက်ကို ချဆင်ထားပြီး ဖြစ်သည်။ ဒေးဗစ်ရာဘီမက်ဆိုရိုက သေတ္တာအလွတ်တစ်လုံးမှာ ထိုင်နေပြီး ကြေးစားစစ်သား စန်ချက်က သူ့ဘေးက သမံတလင်းပေါ်မှာ ထိုင်နေသည်။

"သူတို့ အသံလွှင့်တဲ့ လှိုင်းတွေကို မိရဲ့လား" ဟု ရယ်ဆယ်သော့ပ် က ဝင်သွားသွားချင်း မေးသည်။

အကုန်လုံးလောက်နီးနီးရပြီ၊ သူတို့အသံကို ဖမ်းတာရော၊ သူတို့ကို အသံပြန်လွှင့်ပေးတာရော၊ စန်တာကလာရာမှာ ရှိနေတဲ့ စစ်ရုံးချုပ်က လွှင့်နေတဲ့ မီတာရော၊ ပြန်ဖမ်းတဲ့ မီတာရော ရပြီ၊ သူတို့အချင်းချင်း နောက်ပြောင်နေကြတာတွေကိုပါ စန်ချက်က ဘာသာပြန်ပေးတယ်" ဟု ရာဘီက ပြန်ဖြေသည်။

"အလကားကောင်တွေပါ" ဟု စန်ချက်က ဝင်ပြောသည်။ ဟုတ်တယ်၊ အလကားကောင်တွေပဲ၊ သူတို့က သတင်းပေးတာ၊ ဖမ်းတာကို စာအုပ်ကြီးအတိုင်း တစ်သဝေမတိမ်းလုပ်နေတဲ့ အကောင်တွေ" ဟု ရာဘီကလည်း ထောက်ခံသည်။

"ဒီကောင်တွေနားထဲကို မတော်တာကလေး နည်းနည်းလောက် သွင်းပေးလိုက်စမ်း . . . ရာဘီ"

ရပ်ဆယ်သော့ပ်၏ စကားကို နှစ်ယောက်စလုံးက နားမလည်သလို ပြန်မော့ကြည့်နေကြသည်။

"စိတ်ဓာတ်စစ်ဆင်ရေး တစ်မျိုးပေါ့ကွာ၊ သူတို့အသံလှိုင်းတွေကို ရာဘီကဖျက်ပေး၊ သူတို့ချင်းပြောတာတွေ သဲသဲကွဲကွဲ မကြားရအောင်လုပ်ပေး၊ သူတို့အပြန်အလှန် အော်မေးနေကြတဲ့ အချိန်မှာ စန်ချက်ကဝင်ပြီး "ခွေးသားလီနာရီဆိုတဲ့အကောင်တို့ဖို့ ရေဒီယိုအသစ်တွေ ဝယ်ပေးဖို့ ကောင်း နေပြီ" ဆိုတာမျိုးဝင် ပြောလိုက်၊ ဘယ်သူဝင်ပြောသွားတယ်ဆိုတာ ဘယ်သူမှ သိမှာ မဟုတ်ဘူး၊ သူတို့အချင်းချင်း ယုန်ထင်၊ ကြောင်ထင် ထင်ကုန် ကြလိမ့်မယ်၊ သူ့ငါတိုင်၊ ငါ့သူတိုင် ဖြစ်ကုန်ကြလိမ့်မယ်၊ သူတို့ကြားထဲမှာ အချင်းချင်း မယုံသင်္ကာမှုတွေ ပေါ်လာလိမ့်မယ်၊ ဒါမျိုးကနေ စရတာပေါ့ကွာ"

\+ + +

သောကြာနေ့မနက် အရုဏ်တက်တွင် တိုင်းရင်းသားများသည် ရပ်ဆယ်သော့ပ်တို့ ထုတ်ပေးသည့် ယူနီဖောင်းများကိုဝတ်ပြီး စည်သွတ်ဗူး ရိက္ခာများကို စားသောက်ကြသည်။ ထို့နောက် တန်းစီနေကြသည်။

"အမ်-၁၆ရိုင်ဖယ်တွေကို ဒီကောင်တွေ စမ်းချင်လို့ လက်ယားနေကြပြီ၊ အလေ့အကျင့်ကလေး နည်းနည်းပါးပါး လုပ်နိုင်အောင် သူတို့ကို ဖာလွန်နဲ့ ငါ တောထဲခေါ်သွားမလို့" ဟု နတ်သန်ဒူဝေက ပြောသည်။

နောက်တစ်နာရီမျှ ကြာသောအခါ အပျော်ထမ်းတပ်သား ၆၁ ယောက် ထပ်ရောက်လာသည်။ အားလုံး ပြူအာတိုကွေဒို နိုင်ငံသားများ ဖြစ်ကြပြီး ကျန်းမာသန်စွမ်းကာ စိတ်ဓာတ်တက်ကြွနေကြသည်။ စန်အန်ဂျီလိုပြည်နယ် အရှေ့ဘက်ပိုင်းရှိ မိုင်းတွင်းအလုပ်သမားများ ဖြစ်လေသည်။ အိပ်ရာလိပ်၊ ရိက္ခာအနည်းငယ်စီနှင့် ထက်လှသော ဓားကောက်များကို ကိုယ်စီ သယ်ဆောင်လာကြသည်။ အင်္ဂလိပ်စကားတတ်သူ တစ်ယောက်မှ မပါချေ။ ပြူအာတိုကွေဒို စကား အထိုက်အလျောက်တတ်သူ ဂျူအန်းမီလင်ဒက်ဇ်ပင် လျှင် သူတို့ ပြောသည့် စကားများကို ရိပ်ဖမ်းသံဖမ်းမျှ မသိလောက်အောင် ဖြစ်နေသည်။ ကာလိုစ်ဟာရီရာကပင် စကားပြန်လုပ်ပေးရသည်။

"သူက ခေါင်းဆောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွင် အမာရွတ်ကြီး ရှိနေသူတစ်ယောက်ကို လက်ညှိုး ထိုးပြပြီး ကာလို့စ်က ပြောသည်။ ထိုသူက ရှေ့သို့ တိုးလာသည်။

"သူ့နာမည်က ပါကို ဖြစ်ပါတယ်၊ တစ်ချိန်တုန်းကတော့ အလွန်နာမည်ကြီးခဲ့တဲ့ ဓားပြ ဗိုလ်ပါပဲ၊ အစိုးရ ဂိုဒေါင်တွေကို ဖောက်ပြီး လုယက် တိုက်ခိုက်လေ့ရှိတယ်၊ သူ့ဂိုဏ်းသား တော်တော်များများကို စစ်တပ်က ဖမ်းသတ်ပစ်လိုက်ပြီးတဲ့ နောက်ပိုင်း သူလည်း ချူကာပါ မိုင်းတွင်းဘက်ကို ထွက်ပြေးတိမ်းရှောင် သွားရပါတယ်။ ဟိုမှာက အလုပ်သမားတွေ အသက်ရှည်ဖို့ မလွယ်ဘူး၊ ဒါကြောင့် အလုပ်လုပ်ဖို့ ရောက်လာတဲ့ အလုပ်သမား တစ်ယောက်ကို ဘယ်ကလဲ၊ ဘယ်သူလဲ သိပ်ပြီး စစ်ဆေးမနေ နိုင်တော့ဘူး၊ ရောက်လာတဲ့လူကို ဝမ်းသာအားရ လက်ခံရတော့တာပဲ"

"သူ့ကို မင်းယုံသလား. ကာလို့စ်"

"ယုံပါတယ် ခင်ဗျာ"

"ဒီလိုဆိုရင် ယူနီဖောင်းနဲ့ လက်နက်ထုတ်ပေးလိုက်"

ရပ်ဆယ်သော့ပ်က ကာလို့စ်ကို အမိန့်ပေးပြီး ပါကို့ဆီသို့ လက်ကမ်း ပေးလိုက်သည်။ "မင်းကို ကြိုဆိုပါတယ် ပါကို"

ပါကိုက အားရပါးရ ပြုံးပြီး လက်ဆွဲနှုတ်ဆက် လိုက်လေသည်။

အချိန်မှာ နံနက် ၇း၅၅ နာရီ ရှိချေပြီ။

\+ + +

ပေါလ်တားဟတ် အိပ်ယာမှ နိုးပြီး တစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ် ကြာသောအခါ သူ့စိတ်မှာ ပုံမှန်သို့ ပြန်ရောက်နေသည်။ ပုံမှန်အခြေအနေမှာ သာမက စိတ်ဓာတ်လည်း အလွန်တက်ကြွနေသည်။

ထိုသို့ စိတ်ဓာတ်ကျရောဂါ ပျောက်ကင်းသွားသည့်အခါတိုင်း ဖြစ်လေ့ဖြစ်ထရှိ သကဲ့သို့ပင် ပေါလ်တားဟတ်သည် အမိန့်များကို ဆက်တိုက်ထုတ်လေတော့သည်။ သူ့စိတ်ဓာတ်ကျရောဂါခံစားနေရသည်ကို လုံးဝထုတ်ဖော် ပြောဆိုခြင်းမပြုရ။ ဆစ်ဂရစ် သေဆုံးသွားသည့် အကြောင်းကို ထုတ်ဖော်မပြောရ။ သူ့ရှေ့တွင် ဆစ်ဂရစ်အကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုရ။ ဒေါက်တာဖရင်ကလင်ရစ်ပလေကို သူ့မိုးပျံစံအိမ်သို့ နောက်ထပ်လာခွင့်မပြုရ။

သူနာပြုဆရာမများ အားလုံးကို ကျသင့်သည့် လခနှင့် အပိုဆုကြေးများ ပေးကာ ပြန်လွှတ်လိုက်တော့သည်။

"ဂျက်ဖရေစပင်ဇာကို ချက်ချင်းလာပါလို့ ပြောလိုက်" ဟု သူ့လူယုံ တပည့် ခရီဂါကို ပြောသည်။

ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဝတ်စားထားသော ပေါလ်တားဟတ်ကို ဂျက်ဖရေစပင်ဇာ တွေ့ရလေသည်။ စိတ်ဓာတ်ထက်သန်စွာဖြင့် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ဂျက်ဖရေရောက်လာသည်နှင့် တစ်ပြိုင်တည်း မနားတမ်းစကားများ ပြောတော့သည်။ ဂျက်ဖရေကိုလည်း သူ၏ အခိုင်းအစေတစ်ယောက်သဖွယ် အမိန့်များ တစ်မျိုးပြီးတစ်မျိုး ထုတ်ကာ စေခိုင်းလေတော့သည်။ သူသိချင်ရာများကိုလည်း အဆက်မပြတ် မေးမြန်းတော့သည်။

"ဆီးဂတ် သံမဏိလုပ်ငန်း ကော်ပိုရေးရှင်းကိစ္စ ဒီအပတ်ထဲမှာ အပြတ်လုပ်ရမယ်၊ နောက်အပတ်ထိ ငါမစောင့်နိုင်ဘူး၊ အင်ကမ်းရဲ့ ဌာနခွဲအသစ်တစ်ခု ထပ်ဖွင့်ရမယ်၊ ဘာတွေ လုပ်ရမယ်ဆိုတာ နောက်အပတ်ကျတော့ ပြောမယ်၊ တို့အစုရှယ်ယာ အခြေအနေ ဘယ်လို ရှိနေသလဲ"

"နှစ်လေးပိုင်း သုံးပိုင်းလောက် တက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ အရှိန်လိုတယ်၊ အရှိန်အရေးကြီးတယ်၊ အရှိန်နဲ့ တွန်းတင်ရမယ်၊ ဒီလိုအချိန်မျိုးမှာ ငါဆော်စရာရှိတဲ့အကောင်တွေကို အပြတ်ဆော်ရမှာပဲ၊ မနက်ဖြန်မနက် ကိုးနာရီမှာ အမှုဆောင်အရာရှိတွေ အစည်းအဝေး ခေါ်လိုက်ပါ"

"မနက်ဖြန် စနေနေ့ကြီးမှာလား ပေါလ်"

ပေါလ်ဗားဟတ် ဒေါသထွက်သွားပြန်သည်။

"စနေနေ့ အစည်းအဝေးလုပ်တာနဲ့ ပတ်သက်ပြီး ဟိုအရင်တစ်ခါတုန်းကလည်း မင်းငါ့ကို ကန့်ကွက်စကား ပြောဖူးပြီ။ အဲဒီတုန်းကလည်း မင်းကိုငါပြောခဲ့တယ်၊ အဲဒီ ခွေးသားတွေ အကုန်လုံးကို ငါမတန်တဆ လခတွေ ပေးထားတာ၊ ခွေးသားတိုင်း ငါပြောတဲ့အတိုင်းလုပ်ရမယ်"

ပေါလ်က လမ်းလျှောက်နေသည်ကို ရပ်လိုက်သည်။ သူ့ အမူအရာကို ကြည့်ခြင်းအားဖြင့် ဘာတွေခံစားနေရပြီကို ဂျက်ဖရေစပင်ဇာသိသည်။ မှန်လည်း မှန်ပါသည်။ ပေါလ်က ဂျက်ဖရေစပင်ဇာ အပြန်ကိုပင် မစောင့်တော့ပဲ ဇရှင်စီတစ်ခုကို ဖုန်းဆက်ပြီး ကောင်မလေး သုံးလေးယောက်လောက် အမြန်ပို့ပေးရန် ပြောသည်။

"ကျွန်တော်ပါ အစည်းအဝေးတက်ရမလား" ဟု ဂျက်ဖရေက မေးသည်။

'ဘာလုပ်တတ်မှာလဲ၊ ပြူအာတိုကွေဒို နိုင်ငံထဲမှာ တခြားကောင်တွေရဲ့ ဖင်ကို ပိတ်ကန်ပစ်ဖို့ မင်းမှာ တာဝန်တွေ ရှိနေသေးတယ်မဟုတ်လား။ ဒီနေ့မနက်ပဲ မင်းကို ပြန်စေချင်တယ်။ ကုမ္ပဏီက ဘိုးအင်း ၇၀၇ ဂျက်လေယာဉ်ပျံ ယူပြီး သွားပါ။ ဟိုရောက်တာနဲ့တစ်ပြိုင်တည်း လီနာရီကို တက်သုတ်နှင်ခိုင်းတော့"

"တခြားပြောစရာလည်း မရှိတော့ဘူး ပေါလ်၊ စိတ်ချမ်းသာပါစေဗျာ၊ စန်တာကလာရာကိုရောက်တော့မှပဲ ကျွန်တော် ဖုန်းပြန်ဆက်တော့မယ်"

သူမကျန်းမမာ ဖြစ်နေသည့်အချိန်တွင် အစစအရာရာကို တာဝန်ယူခဲ့ သည့်အတွက် ကျေးဇူးတင်ကြောင်း စကားကလေး တစ်ခွန်းကိုပင် ပေါလ်ကမပြော။ သို့သော်လည်း ဂျက်ဖရေစပင်ဇာအဖို့ ဒါမျိုးတွေက ရိုးနေပြီ။

ဘာပဲဖြစ်ဖြစ် ယခုလို သူပြန်လည် ကျန်းမာလာသည့်အတွက် သူတို့ ကုမ္ပဏီ အကျပ်အတည်းများ ကြားထဲမှ လွတ်မြောက်လာတော့မည် ဖြစ်သဖြင့် ဝမ်းသာရလေတော့သည်။ လွတ်မြောက်ရုံသာမက ပို၍လည်း အောင်မြင် လာဦးမည်ဟု ယုံကြည်ပြီးသား ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

စန်တာကလာရာ လေဆိပ်သို့ အင်ကမ်းကုမ္ပဏီပိုင် ဘိုးအင်း ၇၀၇ ဂျက်လေယာဉ်ပျံကြီး ဆင်းသက်လာချိန်မှာ မွန်းလွဲပိုင်း ၃း၁၅ နာရီဖြစ်လေသည်။ ဂျက်ဖရေစပင်ဇာသည် စစ်ရုံးချုပ်မှာ ရှိနေသော ကာနယ်အယ် မီလီယိုလီနာရီ၏ ရုံးခန်းသို့ တန်းသွားသည်။ လီနာရီက ဝမ်းပန်းတသာ ကြိုဆိုသည်။

"အမေရိကန်သံရုံးကို ခင်ဗျား ဒီနေ့သွားလည်ဖို့ ရည်ရွယ်ချက်မရှိဘူးလို့ ကျွန်တော် မျှော်လင့်ထားပါတယ်" ဟု ကာနယ်လီနာရီက ဆီးကြိုပြော သည်။

"ကျုပ်သွားချင်လို့လည်း မရပါဘူးဗျ၊ ဒီနေ့ စနေနေ့ သံရုံးပိတ်တယ်"

"ဟုတ်ပါတယ်၊ ပေါ်ပြူလာပါတီဝင်တွေက ဒီနေ့ညနေ သံရုံးကို ဗုံးနဲ့ခွဲကြလိမ့်မယ်၊ အမေရိကန် သံရုံးအမှုထမ်းတွေ အသက်အန္တရာယ်ကြုံရတာမျိုးကိုတော့ မရည်ရွယ်ပါဘူး"

"ဟုတ်တယ်၊ ခြေလွန်လက်လွန် မဖြစ်စေနဲ့" ဂျက်ဖရေစပင်ဇာက သူ့နှုတ်ခမ်းမွှေးကို သပ်လိုက်သည်။ လီနာရီသည် သူ့အစီအစဉ်များအတိုင်း ဆက်လုပ်နေသည်ကို တွေ့ရသည်။ သို့သော်အစီအစဉ်များကို တက်သုတ်နှင်စေချင်သည်။ "အမေရိကန် မရိန်းတပ်သား တစ်ယောက်ယောက် ဒဏ်ရာရအောင် လက်ဖြောင့်တပ်သားနဲ့ တာဝန်ပေးရင်. . ."

"နောက်အပတ်လောက်တော့ လုပ်တာပေါ့"

"နောက်အပတ်မတိုင်ခင် မလုပ်နိုင်ဘူးလား"

"ဒါတွေက ကျုပ်အလုပ်တွေပါ မစ္စတာစပင်ဇာ"

လီနာရီ၏အသံက ခပ်ပြတ်ပြတ် ဖြစ်နေသည်။ လေသံကလည်း အနည်း ငယ်မာသည်။ စပင်ဇာက မျက်မှောင်ကုပ်လိုက်သည်။ ပြူအာတို ကွေဒို နိုင်ငံတွင်းမှ သူထွက်ခွာမသွားသင့်ခဲ့။ ယခုပင် ကာနယ်လီနာရီက အစစ အရာရာ သူ့ခြေသူ့လက် လုပ်ချင်သည့် သဘောမျိုး ဝင်နေပြီဟု ထင်မှတ်ရလေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



မဖွံ့ဖြိုးမတိုးတက်သေးသော အခြားနိုင်ငံငယ်များကဲ့သို့ပင် ပြူအာတိုကွေဒို နိုင်ငံတွင်လည်း အသံလွှင့်ရုံ တစ်ရုံနှင့် ရုပ်မြင်သံကြားလွှင့်သည့် ရုံတစ်ရုံသာ ရှိသည်။ ယင်းနှစ်ခု စလုံးကို အစိုးရက ပိုင်သည်။ ညနေ ၅း၂၅ နာရီတွင် ဒေးဗစ်ရာဘီမက်ဆိုရှီနှင့် စန်ချက်တို့ နှစ်ယောက် ပြူအာတိုကွေဒို ရေဒီယိုကို ဖမ်းယူနားထောင်နေကြသည်။

"ဟိုက် ဒုက္ခပဲ" ဟု စန်ချက်က ထအော်သည်။ "စန်တာကလာရာမှာရှိတဲ့ ကျုပ်တို့ သံရုံးကို တစ်ယောက်ယောက်မီးတင် ရှို့လိုက်ပြီ။

ရာဘီသည် ထိုင်ရာမှ ထပြေးပြီး ရပ်ဆယ်သော့ပ်ကို သွားရှာသည်။ တွေ့သောအခါ ရေဒီယိုရှိရာသို့ ခေါ်လာသည်။ သတင်းကို ဆက်လက်ကြေငြာ လျက်ရှိသည်။ စန်ချက်က ဘာသာပြန်ပေးသည်။

စန်တာကလာရာမှာ ရှိသော အမေရိကန်သံရုံးကို မီးလောင်ဗုံးနှင့်ပစ် သွားသည်။ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ် နေကြသော်လည်း မီးတောက်များ တက်နေဆဲရှိသည်။ ပေါ်ပြူလာပါတီဝင်တို့၏ နောက်ထပ် အကြမ်းဖက်မှု တစ်ခုဖြစ်သည်။

ရပ်ဆယ်သော့ပ်သည် အံကို တင်းတင်းကြိတ်ထားရသည်။ အမေရိကန်ပြည်ထောင်စု အတွင်းရှိ အမေရိကန်ပြည်သူများ၏ ပေါ်ပြူလာပါတီအပေါ် အားထားယုံကြည်မှုများသည် ယခုအဖြစ်အပျက်များကြောင့် ပျက်စီးရပေတော့မည်။

အမေရိကန်သံအမတ်ကြီးက တစ်စုံတစ်ရာ ထင်မြင်ချက်ပေးရန် ငြင်းဆိုကြောင်း၊ သို့သော်လည်း စန်တာကလာရာမြို့မှာ ရှိနေကြသည့် အမေရိကန်လူမျိုး အများအပြားက ပေါ်ပြူလာပါတီကို ဒေါသတကြီးဖြင့် ရှုတ်ချပြစ်တင်နေကြကြောင်း၊ ၎င်းတို့အနက် အင်ကမ်း ကုမ္ပဏီ၏ ထိပ်တန်းအရာရှိကြီးဖြစ်သော မစ္စတာ ဂျက်ဖရေစပင်ဇာမှာ ဒေါသအကြီးဆုံးဖြစ်နေပြီး ပေါ်ပြူလာ ပါတီကိုလည်း အပြင်းအထန် ဝေဖန်ရှုတ်ချလိုက်ကြောင်း၊ မစ္စတာစပင်ဇာသည် နယူးယောက်မြို့မှ ပြန်လည်ရောက်ရှိစပင် ရှိသေးကြောင်းဖြင့် ဆက်လက်ကြေငြာသွားသည်။

ရပ်ဆယ်သော့ပ်က ဆဲရေးတိုင်ထွာလိုက်မိသည်။ စပင်ဇာ ပြန်ရောက်လာပြီ။ ထို့ကြောင့် သူ့အစီအစဉ်များကို ပြန်လည် သုံးသပ်ရပေဦးတော့မည်။ အမေရိကန်သံရုံး မီးတင်ရှို့မှုက အရေးကြီးသော အကြောင်းတစ်ချက် ဖြစ်လာသည်။

သည်အတိုင်းဆိုလျှင် အမြန်ဆုံးလှုပ်ရှားရတော့မည်။ အမြန်တကာ့ အမြန်ဆုံးနှုန်းဖြင့် လှုပ်ရှားရပေတော့မည်။

\+ + +

ပြူအာတိုကွေဒိုနိုင်ငံရှိ အမေရိကန်သံရုံးမီးတင်ရှို့ခံရသည် သတင်းကြားသည်နှင့် တစ်ပြိုင်တည်း အိမ်တော်ဝန် ဗိုလ်ချုပ်အော်တိုကင်းဒရစ်သည် အိမ်ဖြူတော်သို့ထပြေးကာ သမ္မတနှင့် တွေ့သည်။ သူပြောသည်အတိုင်းဆုံး ဖြတ်ရန် သမ္မတကို တွန်းအားပေးရပေတော့မည်။

"ဒီလိုကိစ္စမျိုးကို ကျွန်တော်တို့ သည်းမခံကြောင်း ကမ္ဘာကိုပြရတော့မယ် ဘီလီ၊ ကာတာလက်ထပ်က အီရန်သံရုံးကိစ္စကို မမေ့ပါနဲ့"

"မမေ့ပါဘူး အော်တို..၊ ဒါပေမယ့် အေဒမ်ဟက်ချ်ကို ကျုပ်ပေးထား တဲ့ ကတိကိုလည်း အမှတ်ရ ရဦးမယ်"

အော်တိုကင်းဒရစ်က သူ၏ မကျေနပ်မှုကို ပေါ်မသွားအောင် သတိထားပြီး ထိန်းထား လိုက်သည်။

"ဒီအကြောင်းကို ကျွန်တော်တို့ ဆွေးနွေးခဲ့ဖူးတယ် ဘီလီ၊ တိုင်းသူပြည်သားတွေရဲ့ အလိုကို ဆန့်ကျင်ပြီး အေဒမ်ဟက်ချ် တစ်ယောက်တည်းရဲ့ မျက်နှာကို ကြည့်နေမှာလား၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ ကာကွယ်ရေး ဝန်ကြီးဌာနကလဲ မနေ့ကတည်းက သဘောတူညီချက် ပေးကြပြီလို့ ခင်ဗျားကို ကျွန်တော်ပြောပြီးပြီပဲ၊ ပြူအာတိုကွေဒိုအစိုးရကို ကူညီဖို့လက်နက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ပို့ပေးရမယ်၊ စီအိုင်အေ အကြံပေး အဖွဲ့ဝင်တွေ ပို့ပေးရမယ်၊ အင်အား ပြတဲ့အနေနဲ့ ပြူအာတိုကွေဒို ကမ်းလွန်ပင်လယ်ပြင်ကို စစ်သင်္ဘော နှစ်စင်း ပို့ရမယ်၊ ဒါတွေကို အမြန်လုပ်မှ ဖြစ်တော့မယ်"

အော်တိုကင်းဒရစ်က ထိုသို့ပြောနေသော်လည်း ဘုံးနက်ကမူ အချို့ဒသဝက်ကိုသာ လက်ခံသည်။

"ဒါတွေကို တစ်ပြိုင်တည်းလုပ်လို့ မဖြစ်ဘူး၊ တစ်ဆင့်ချင်း လုပ်သွားမှ ဖြစ်မယ်၊ လေယာဉ်ပျံနဲ့ လက်နက်တွေ စပို့ပါ၊ ဒီလိုပို့လိုက်တဲ့အတွက် ဘာတွေထပ်ဖြစ်လာသလဲဆိုတာ ကြည့်မယ်၊ အဲဒီနောက်မှ အခြေအနေကို ကြည့်ပြီး လုပ်သွားမယ်"

အော်တိုကင်းဒရစ်သည် စောစောကလောက်တော့ စိတ်ပျက်မှု မကြီးကျယ်တော့။ ပထမခြေတစ်လှမ်းတော့ စတင်လှမ်း မီပေပြီ။ ပထမခြေ တစ်လှမ်းလှမ်းဖြစ်ဖို့ အရေးကြီးသည်။ ထိုမှ တစ်ဆင့်တက်ပြီး နောက်ဟာတွေ ဆက်လက်ဖြစ်ပေါ်လာမည်သာ ဖြစ်လေသည်။

\+ + +

ယိတ်နာဂယ်၏ ဒီစီ ၇ ဂျက်လေယာဉ်ပျံများနှင့် သယ်ဆောင်လာသည့် ပစ္စည်းများထဲတွင် ဓာတ်ဆီငါးဂါလန်ဝင်ပုံးပေါင်း ၁၀၀-လည်း အပါအဝင် ဖြစ်သည်။ ညမှောင်သောအခါ ကာလို့စ်ဟာရီရာတို့ ခိုးယူ လာသည့် ထရပ်ကားနှစ် စင်းမှ တိုင်ကီများကို ဓာတ်ဆီအပြည့်ထည့်ပြီး ဖြစ်နေကြပြီ။

ထရပ်ကားတစ်စင်းပေါ်သို့ ကြေးစားစစ်သား ၁၅-ယောက်နှင့် ပါကို ခေါင်းဆောင်သော တိုင်းရင်းသား မျိုးချစ်အများအပြားက တက်ရောက်နေရာယူကြသည်။ ထိုကားကို ကာလို့စ်က မောင်းသည်။ သူ့ဘေးမှာ ပါကို ထိုင်သည်။

ရှေ့ဆုံးမှ ထွက်မည့်ကားကိုမူ ရပ်ဆယ်သော့ပ်ကိုယ်တိုင် မောင်းသည်။ သူ့ကားကို နတ်သန်ဒူဝေနှင့် အခြားလူများ တက်ကြသည်။

တောင်ပေါ်လမ်းအတိုင်း မောင်းလာကြသောအခါ မော်တော်ကား ရှေ့အောက်မီးကိုသာ ဖွင့်မောင်းခဲ့ကြသည်။ တစ်ဘက်တောင်ခြေသို့ ရောက်ပြီး မြေပြန့်လမ်းကောင်းအတိုင်း မောင်းလာကြသည်။ အတော်ကလေး မောင်းမိသောအခါ အရှေ့ဘက်သို့ ကွေ့သည်။ စန်တာကလာရာမြို့တော်နှင့် မိုင်သုံးဆယ်ခန့် ဝေးသောနေရာသို့ မောင်းလာကြခြင်း ဖြစ်သည်။

လမ်းကျဉ်းသော်လည်း ကောင်းသည်။ ၁၂မိုင်ခန့်မောင်း မိကြသောအခါ သစ်ပင်ထူထပ်သည့် တောတွင်းသို့ မောင်းဝင်ပြီး စက်သပ်လိုက်သည်။

ကားပေါ်ပါသူ အားလုံးဆင်းကြသည်။ ရပ်ဆယ်သော့ပ်က ကြေးစား စစ်သား သုံးယောက်ကို မော်တော်ကားများလုံခြုံရေးအတွက် ကင်းချထားခဲ့သည်။ ကျန်လူများကို စစ်ကြောင်း တစ်ကြောင်းဖွဲ့လိုက်သည်။ ထိုစစ်ကြောင်းကို ရပ်ဆယ်သော့ပ်က ဦးဆောင်ချီတက်ခဲ့သည်။ ပါကိုက သူ့ဘေးမှ လိုက်လာသည်။ သူတို့၏ ရည်မှန်းချက်နေရာကို ယခင်တုန်းက ပါကို ရောက်ဖူးခဲ့သည်။ ဓားပြဗိုလ် လုပ်စဉ်က သည်နေရာများမှာ သူကျက်စားခဲ့သည်။ ထို့ကြောင့် လမ်းနှင့် မြေအနေအထားများ အားလုံးကို သူ ကောင်းကောင်းသိသည်။

နတ်သန်ဒူဝေနှင့် ကာလို့စ်ဟာရီရာနှစ်ယောက်က သူတို့နောက်မှ ကပ်လျက် လိုက်ပါလာကြသည်။ သူတို့အားလုံး လက်နက် ခဲယမ်း မီးကျောက်များကို အပြည့်အစုံ သယ်ဆောင်လာကြသည်။ ရပ်ဆယ်သော့ပ်က အားလုံးထက် တစ်ခုပိုနေသည်။ သို့သော်လည်း သူသယ်လာသည့် ပစ္စည်း ဘာဖြစ်ကြောင်းကိုမူ တိုင်းရင်းသား မျိုးချစ်များက မသိကြ။

လမ်းဘေးတွင် တယ်လီဖုန်းကြိုးဓာတ်တိုင်များ တွေ့ရသည်။ ပါကို၏ လူများက ဓာတ်တိုင်ပေါ်တက်ပြီး တယ်လီဖုန်း ကြိုးများကို ဖြတ်သည်။ လျှပ်စစ်ဓာတ်ကြိုးကား လုံးဝမရှိပါ။

သူတို့၏ ရည်မှန်းချက်နေရာသည် ဧက ၉၀၀၀ကျယ်သော ကြံခင်းဖြစ်သည်။

www.burmeseclassic.com



ထိုကြံခင်းကို ရာသက်ပန်သမ္မတ ရာမွန်မူညော့ဇ် ပိုင်သည်။ ကြံခင်းထဲတွင်မူ သူကိုယ်ပိုင် လျှပ်စစ်မီးစက်ရှိသည်။ ထိုမီးစက်ဖြင့် ကြံခင်းကို မီးပေးသည်။

နှစ်မိုင်ခန့်မျှ ချီတက်ပြီးကြသောအခါ စစ်ကြောင်းကြီး ခေတ္တရပ်ထားသည်။ အားလုံးလမ်းဘေးဝဲယာ တစ်ဘက်တစ်ချက်သို့ ဆင်းပြီး ချုံဖုတ်များ အတွင်းမှာ ပုန်းအောင်း နေရာယူကြသည်။

ကာလို့စ်ဟာရီရာက ရှေ့သို့ဆက်လက်ချီတက်သွားသည်။ သူ့နောက် ဂိုက်နှစ်ရာခန့် ခွာပြီး ရပ်ဆယ်သော့ပ်နှင့် နတ်သန်ဒူဝေတို့ နှစ်ယောက်က မှောင်ရိပ်ခိုပြီး လိုက်သွားကြသည်။ ကာလို့စ်က လက်ထောင်ပြလိုက်သောအခါ သူတို့နှစ်ယောက်က ထိုနေရာမှပင် ရပ်နေလိုက်ကြ သည်။

သံဆူးကြိုးကာထားသော မြံအဝင် ဂိတ်ဝတွင် ကင်းရုံကို တွေ့ရသည်။ ထိုကင်းရုံတွင် အစိုးရစစ်သားတစ်ယောက်က စောင့်နေသည်။ **"သည်နေရာသို့ ကျူးကျော်ဝင်ရောက်လာသူမှန် သမျှ မေးမြန်းခြင်းမရှိ ပစ်သတ်ခြင်းခံရမည်"** ဟူသော ကြီးမားသည့် ဆိုင်းဘုတ်ကြီးတစ်ခု လည်း ထောင်ထားသည်။

ကာလို့စ် ရှေ့သို့ဆက်လျှောက်သွားသည်။ သူဝတ်ထားသည့် အစိမ်းရောင် ယူနီဖောင်းမှာ စစ်သားများဝတ်ထားသည့် ယူနီဖောင်းနှင့် အလွန်တရာတူညီနေသည်။ အစောင့် စစ်သားကသူ့ကို မြင်သွားသည်။ လက်ထဲမှ သေနတ်နှင့်ထိုးချိန်လိုက်ပြီး . . "ရပ်"ဟု အော်လိုက်သည်။

ကာလို့စ်က တစ်ချက်ရယ်သည်။

"ငါတပ်ရင်း ၁ က ကင်းစစ်ဖို့လာတာကွ၊ မင်းတို့တပ်ရင်း ၂ က အကောင်တွေ ဘာတွေလုပ်နေသလဲဆိုတာ သိရအောင် တို့တပ်ခွဲတစ်ခွဲကို ကာနယ်လီနာရီက လွှတ်လိုက်တာ၊ ဒီလိုနေရာမျိုးကို တို့လိုစစ်သားကလွဲပြီး ဘယ်သူလာရဲမှာလဲ၊ အရူးသာလာ ရဲမှာပေါ့" ဟု ကာလို့စ်က လှမ်းပြောကာ ကင်းရုံနားသို့ တိုးကပ်သွားသည်။

ကင်းတပ်သားက သေနတ်ပြောင်းဝကို အောက်သို့ စိုက်လိုက်သည်။ ကာလို့စ်က ကင်းရုံအတွင်းသို့ ရောက်သွားသည်။

"မပူပါနဲ့ ရဲဘော်ရာ. . မင်းတာဝန်ကျေပွန်ကြောင်း ကင်းစစ်ချက် စာအုပ်မှာ ငါရေးပေးခဲ့ပါ့မယ်"

ကင်းတပ်သားက ပြုံးပြီး ရှေ့သို့ တိုးလာသည်။ နောက်ပိုင်းတွင် လျှို့ ဝှက်ကိုင်လာသော ကာလို့စ် လက်ထဲမှ ဓားကောက် အရောင်လက်သွားသည်။ ကင်းတပ်သားမှာ အသံကလေးတစ်ချက်မျှပင် မပြုလိုက်နိုင်ပဲ ဘေးသို့လဲကျသွားသည်။ ကာလို့စ်က သူ့ကို သွေးစဉ်မည်းစိုးသည့်အလား နောက်သို့တစ်ချက် ခုန်ထွက်လိုက်သည်။

ရပ်ဆယ်သော့ပ်နှင့် နတ်သန်ဒူဝေတို့ နှစ်ယောက်က ပြေးထွက်သွားကြသည်။ ကာလို့စ်က ဂိတ်တံခါးကို ဖွင့်ပေးနှင့်သည်။ နတ်သန်ဒူဝေက ကင်းတပ်သား၏ အလောင်းကို အနီးရှိ ချုံဖုတ်ထဲသို့ ဆွဲသွင်းသည်။ ရပ်ဆယ်က ခြံစည်းရိုး တိုင်တွင် ချိတ်ထားသော စစ်မြေပြင်သုံး တယ်လီဖုန်းကြိုးကို ဖြတ်ပစ်လိုက်သည်။ ပါကို သူ၏ မျိုးချစ်တိုင်းရင်းသားများကို ဦးဆောင်ပြီး ပွင့်နေသော ဂိတ်အတိုင်း ကြံခင်းထဲသို့ ချီတက်ဝင်ရောက်သွားသည်။ ကြေးစားတပ်သားများက သူ့နောက်မှ လိုက်သွားကြသည်။ စကားတစ်ခွန်းမျှ မပြောကြ။

ရှေ့မိုင်ဝက်ခန့် အကွာတွင် လူနေအိမ်ခြေများနှင့် အခြားအဆောက်အအုံများ ရှိသည်။ ရပ်ဆယ်က သူ့လက်ပတ်နာရီမှ ၁၁-၃၇ နာရီကို အချိန် မှတ်လိုက်သည်။ ကြံခင်းနှင့် စစ်ဌာနချုပ် တို့ ၄၅ မိနစ်ကြာအောင် ရေဒီယို အဆက်အသွယ် မပြုလုပ်နိုင်ရန် ဒေးဗစ်ရာဘီမက်ဆိုရှိက အသံလွှင့်စက်ဖြင့် အသံလှိုင်းများကို ဖျက်ပေးထားလိုက်သည်။ ထို့ကြောင့် ကြံခင်းရှိ စစ်ဌာ



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် မည်သည့်နည်းနှင့်မှ စစ်ကူတောင်းနိုင်တော့မည် မဟုတ်ချေ။

အဆောက်အအုံများကို ပြောက်ကျား‌များက ဝိုင်းလိုက်သည်။ မိုးချုန်းသလို မောင်းပြန်သေနက်သံများ ဆူညံသွားသည်။ သို့သော်လည်း ပစ်မှတ်ကို ပစ်ခတ်ခြင်းကားမပြု။ ခေါင်မိုးများပေါ် ကျော်ပြီး ပစ်ခတ်ကြခြင်း သာဖြစ်သည်။ သေနတ်သံများ စဲသွားသည်။ အဆောက်အအုံများထဲမှ အော်သံများ ကြားရသည်။

ရပ်ဆယ်သော့ပ် အပိုယူလာသည့် ပစ္စည်းတစ်ခုမှာ ဘက်ထရီနှင့် အသုံးပြုရသော ဆိုနီတိပ်ရီကော်ဒါနှင့် အသံချဲ့စက်ဖြစ်သည်။

ရပ်ဆယ်က ထိုပစ္စည်းများကို ကာလိုစ်အား ပေးလိုက်သည်။ တိပ်ရီ ကော်ဒါကို ဖွင့်လိုက်သောအခါ လေယာဉ်ပျံသံကို စတင်ကြားရသည်။ လေယာဉ်ပျံက ဝေးရာမှ တဖြည်းဖြည်း နီးလာသည်။ ခဏကြာတော့ စစ်သေနက်ပစ်သံများကို ကြားရသည်။ လေယာဉ်ပျံသံကလည်း နီးလိုက်၊ ဝေးလိုက်၊ နိမ့်ဆင်းလိုက်၊ မြင့်တက်သွားပြီး ပြန်ကွေ့လာလိုက်ဖြင့် အပြင်းအထန် တိုက်ခိုက်နေပုံမျိုး ဖြစ်သည်။

ကာလိုစ်က စကားပြောခွက်ကို မြှောက်ပြီး စပိန်ဘာသာဖြင့် ပြောသည်။

"လက်နက်ချကြ၊ မချရင် အကုန်မျိုးပြုတ်အောင် လေယာဉ်ပျံနဲ့ မွှေပစ်မယ်"

ခဏကြာတော့ အဆောက်အအုံများထဲမှ လူများထွက် လာကြသည်။ ကြံခင်းကို အုပ်ချုပ်နေသည့် လူကြီးနှင့် သူ့မိသား စု၊ သူ့အစေခံများ၊ တန်းလျားများတွင် နေထိုင်ကြသည့် ကြံခင်း အလုပ်သမားများ။ နောက်ဆုံး ထွက်လာသူမှာ စစ်သားလေးယောက်ဖြစ်သည်။ ကြံခင်း လုံခြုံရေးအတွက် စစ်သားငါး ယောက်ကို တာဝန်ချထားသည်။ ကင်းတပ်သားကမူ ကာလိုစ်၏ လက်ချက်ဖြင့် ကျဆုံးနှင့်ချေပြီ။

နတ်သန်နှင့် နှစ်ယောက်က စစ်သားများ၏ အဆောက်အအုံထဲသို့ ဝင်သွားသည်။ တွေ့ရသော ကြိုးမဲ့ကြေးနန်းစက်ကို ဖျက်ဆီးပစ်လိုက်သည်။ တွေ့သည့်လက်နက်များကို စုစည်းယူသည်။

ပါကို၏လူများက ဖမ်းမိသော စစ်သားလေးယောက်ကို သေနတ်နှင့် ချိန်ထားသည်။ ရပ်ဆယ်သော့ပ်က သူတို့ ဘောင်းဘီများကို ချွတ်ခိုင်းသည်။ သူ့တွင် အသင့်ပါလာသော ခရမ်းရောင် ဆိုးဆေးများဖြင့် တင်ပါးများကို ပန်းလိုက်သည်။ ထိုသို့အရှက်ခွဲခံရ ခြင်းအတွက် စစ်သားများသည် ပိုမို တုန်လှုပ် ချောက်ချားကာ အဖြစ်မှန်ထက် ချဲ့ကားပြောဆိုကြတော့မည် ဖြစ်ကြောင်း ရပ်ဆယ်သော့ပ်က အတပ်တွေးလိုက်မိပြီး ဖြစ်လေသည်။ လေတပ်အုပ်စု၏ အကူအညီဖြင့် သူ့တို့တပ်စခန်းကို အတိုက်ခံလိုက်ရသည့် သတင်းသည် စစ်ဌာနချုပ်သို့ ရောက်သွားပြီး အားလုံးအထိတ်တလန့် ဖြစ်ကုန်မည်မှာ သေချာပေါက်ဖြစ်လေသည်။

သူတို့တိုက်ပွဲ၏ အဓိက အမြတ်အစွန်းမှာ မော်တော်ယာဉ်များနှင့်ဓာတ်ဆီများ ထပ်မံရရှိခြင်း ဖြစ်လေသည်။ ထရပ်ကား ကိုးစင်း၊ ဂျစ်ကားနှစ်စင်းနှင့် ကြံခင်းအုပ်ချုပ်သူ၏ လင်ကွန်းကွန် တီနင်တယ် ဇိမ်ခံဆလွန်းကား တစ်စင်းကို သိမ်းယူသည်။ ဓာတ်ဆီအပြည့် ဖြည့်သည်။ ကြံခင်းဓာတ်ဆီတိုင်မှ ဆီများကို အခြား ပုံးလွတ်များတွင် ဖြည့်ယူကာ ကားများပေါ်သို့ တင်ကြသည်။ ကျန်ကားများကို ဖျက်ဆီးပစ်လိုက်သည်။

အရပ်သားများနှင့် စစ်သားလေးယောက်တို့ကို အဆောက်အအုံများ အတွင်းသို့ ပြန်ဝင်ခိုင်းသည်။ အရုဏ်တက်ချိန်အထိ အပြင်သို့ထွက်မလာရန်နှင့် ထွက်လာပါက ပစ်သတ်မည် ဖြစ်ကြောင်းပါ အမိန့်ပေးလိုက်သည်။

ရပ်ဆယ်သော့ပ်က တိပ်ရီကော်ဒါကို ပင်မအဆောက်အအုံနားမှာ ထားပြီး ဆက်ဖွင့်ထားသည်။ ဆယ့်ငါးမိနစ်လျှင် တစ်ကြိမ်ကျ သေနတ်သံများ ဆက်လက်ပေါ်ထွက်နေဦးမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်က လင်ကွန်းကွန်တီနင်တယ်ကားထဲမှာ နေရာယူသည်။ သိမ်းပိုက်ရရှိသည့် ကားများအသီးသီးတွင်လည်း မောင်းမည့်သူများ နေရာယူ ပြီးကြပြီ။ ရပ်ဆယ်က မော်တော်ယာဉ် စစ်ကြောင်းကြီးကို ဦးဆောင်ပြီး ကြံခင်းအတွင်းမှ ထွက်ခွာလာသည်။ သူတို့တိုက်ပွဲမှာ အစောင့် စစ်သားကို သုတ်သင်သည်မှ ကားတန်းကြီး ပြန်လည်ထွက်ခွာလာသည်အထိ လေးဆယ့်ငါး မိနစ်မျှသာ ကြာမြင့်လေသည်။

အစောင့်သုံးယောက်နှင့်အတူ ထားခဲ့သော မော်တော် ကားနှစ်စင်း ရပ်ထားသော တောတွင်းတစ်နေရာသို့ရောက်သောအခါ ရပ်ကြသည်။ ရပ်ဆယ်က အိတ်တစ်လုံးကို ဖွင့်သည်။ အိတ်ထဲမှ အရပ်ဝတ်အရပ်စား ဝတ်စုံနှစ်စုံကို ထုတ်ယူသည်။ တစ်စုံက သူ့အတွက် ဖြစ်ပြီး တန်ဖိုးကြီးသည်။ လှပသည်။ ကျန်တစ်စုံက မီယာမီမှ သူဝယ်လာခြင်း ဖြစ်သည်။ သူ့အရွယ် ထက် အတန်ငယ် ပိုငယ်သည်။

ရယ်ဆယ်က ကာလိုစ်ဟာရီရာ၏ ယူနီဖောင်းများကို ချွတ်ခိုင်းပြီး ပိုငယ်သည့် အဝတ်အစားများကို ပေးဝတ်ခိုင်းသည်။ ကာလိုစ်နှင့် အနည်း ငယ်ချောင်နေသည်။ သို့သော်လည်း အများကြီး ကြည့်ကောင်းသွားသည်။ လခ အတော်အသင့်သာရသော တိုင်းရင်းသားအခိုင်းစေ တစ်ယောက်ပုံစံမျိုး ပေါက်သွားသည်။ လိုအပ်သည့် ပစ္စည်းများ၊ အထောက်အထား စာရွက်စာတမ်း များကို အိတ်ထဲသို့ ထည့်ကြသည်။ ခဏကြာတော့ သူတို့နှစ်ယောက် အသင့်ဖြစ်နေကြချေပြီ။

“နတ် . . . စစ်ကြောင်းကို စခန်းပြန်ခေါ်သွား၊ လမ်းပေါ်က ဘီးရာတွေကို ဖျက်ခဲ့ဖို့ မမေ့နဲ့” ဟု ရပ်ဆယ်သော့ပ်က နတ်သန်ဒူဝေကို ပြောသည်။

မော်တော်ကားတန်းကြီးက လမ်းမပေါ်သို့ မောင်းတက်ပြီး တောင်တန်းများဆီသို့ ဦးတည်မောင်းနှင်သွားကြသည်။ နောက်ဆုံးမှ လိုက်ပါသွားသည့် ထရပ်ကားသုံးစင်း၏ နောက်မြီးတွင် သစ်ကိုင်းကြီးများကို ချိတ်ဆွဲသွားသည်။ သစ်ကိုင်းကြီးများက ဖုန်ထူလှသော လမ်းမပေါ်မှာ တရွတ်တိုက်ပါသွားသည်။ မော်တော်ကား ဘီးရာများကို အလိုလို ဖျက်ပြီးသား ဖြစ်သွားလေတော့သည်။

“နေမထွက်ခင်တော့ မင်းတို့ပြန်တွေ့မယ် ထင်တာပဲကွာ” ဟုလည်း ရပ်ဆယ်သော့ပ်က နတ်သန်ဒူဝေကို ပြောလိုက်သေးသည်။

ရပ်ဆယ်သော့ပ်နှင့် ကာလိုစ်ဟာရီရာတို့ နှစ်ယောက်သည် လင်ကွန်း ကွန်တီနင်တယ် ကားဖြင့် မောင်းထွက်လာကြသည်။ မိနစ်ငါးဆယ်တိတိ အကြာတွင် စန်တာကလာရာလေဆိပ်သို့ ရောက်လာသည်။ လူဝင် လူထွက်ကင်းနေသော အဝင်ပေါက်တစ်နေရာတွင် ရပ်စ်က ကားကို ရပ်သည်။ အပြင်နားမှာ ရပ်နေသည့် လေဆိပ်လုံခြုံရေး စစ်သားဆီသို့ ကာလိုစ်က လျှောက်သွား သည်။

“တစ်ခုလောက် ကူညီပါ ရဲဘော်၊ ကျွန်တော့်ဆရာ သူ့ ကိုယ်ပိုင် လေယာဉ်ပျံထဲမှာ ကျန်နေခဲ့တဲ့ အရေးကြီးတဲ့ ပစ္စည်းတစ်ခု သွားပြန်ယူချင်လို့၊ ကျွန်တော်တို့ သွားမယူရင် မဖြစ်ဘူး” ဟု ကာလိုစ်က အစောင့်စစ်သားကို သွားပြောသည်။

အစောင့်စစ်သားက ရပ်ဆယ်သော့ပ်ကို လှမ်းကြည့်သည်။ အရပ်ထောင်ထောင် မောင်းမောင်းနှင့် ချမ်းသာကြွယ်ဝသော အမေရိကန်လူမျိုး တစ်ယောက်ကို တွေ့ရသည်။ အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ဖို့ သေချာသည်။ သည်လိုမှ မဟုတ်လျှင် ဒါလောက် အဖိုးတန်သည့် အဝတ်အစားများကို ဝတ်ပြီး ဒါလောက် ကြီးကျယ်သည့် ဇိမ်ခံကားကြီးနှင့် လာနိုင်မည် မဟုတ်ပေ။ သို့သော်လည်း ထုံးစံကလေးတစ်ခုကတော့ ရှိနေပါသေးသည်။

အစောင့်စစ်သား တွေ့ဆိုင်းဆိုင်း ဖြစ်နေသည်ကို ရပ်ဆယ်သော့ပ်က သဘောပေါက် လိုက်သည်။ အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်လိုက်သည်။ ပြူအာတိုရီကွေဒိုနိုင်ငံသုံး ပီဆိုငွေ ၅၀၀ ကိုထုတ်ပြီး စစ်သားကို ကမ်းပေးလိုက်သည်။ အမေရိကန် ဒေါ်လာ ၅၀နှင့် တန်ဖိုး ညီပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း တော်တော် စေတနာ ကောင်းပါပေတယ် ခင်ဗျာ"

အစောင့်က ငွေစက္ကူများကို လှမ်းယူရင်း ပြန်ပြောကာ ရပ်စ်နှင့် ကာလိုစ်ကို သော့ခတ်ထားသော ဂိတ်တံခါးဆီသို့ ခေါ်သွားသည်။ တံခါးသော့ ဖွင့်ပေးသည်။

"ကျွန်တော် တံခါးဖွင့်ပြီး စောင့်နေပါမယ် ခင်ဗျာ" ဟုလည်း ပြောလိုက်သေးသည်။

လေဆိပ်အတွင်းမှာ ကိုယ်ပိုင်လေယာဉ် အတော်များများ ရပ်ထားသည်။ သို့သော်လည်း ရပ်ဆယ်သော့ပ်နှင့် ကာလိုဟာရီရာတို့ နှစ်ယောက် ထိုလေယာဉ်များဆီသို့ မသွား။ တီ-၂၈ဂျက် တိုက်လေယာဉ်များ ရပ်ထားရာသို့ ဦးတည်သွားသည်။ တီ-၂၈ ဂျက်တိုက်လေယာဉ် ၁၂စင်းကို အကာန်း နှစ်တန်းခွဲပြီး စီတန်း ရပ်ထားသည်။ လေယာဉ်များအနားတွင် အစောင့်တစ်ယောက် ရှိသည်။ တစ်ယောက်တည်း ဖြစ်ပါသည်။

ရပ်စ်က တိုက်လေယာဉ်များရှိရာသို့ ယုံကြည်ချက်အပြည့်ဖြင့် ခြေလှမ်းခပ်ကျဲကျဲ လှမ်းကာ ခပ်တည်တည်လျှောက်သွားသည်။ ကာလိုစ်က သူ့နောက်မှ ကပ်လိုက်သွားသည်။ သုံးပုံနှစ်ပုံခန့် ခရီးပေါက်သောအခါ အစောင့်သူတို့ နှစ်ယောက်ကို လှမ်းမြင်သွားသည်။ အစောင့်က သူတို့နှစ်ယောက်ကို အရပ်ခိုင်းသည်။

အစောင့်နှင့် ကိုက်ငါးဆယ်ခန့်သာ ဝေးသည်။ သေချာသော ပစ်မှတ်နေရာ အကွာအဝေး ဖြစ်သည်။ ရပ်ဆယ်သော့ပ်၏ လက်ထဲရှိ အသံတိတ် ကိရိယာတပ်ထားသော မဂ္ဂနမ် သေနတ်ပြောင်းထဲမှ ကျည်ဆံသုံးတောင့် ထွက်သွားသည်။ သေနတ်သံမှာ မီးခြစ်ခြစ်သည့် အသံလောက်သာ ကျယ်ပါသည်။ အစောင့်စစ်သားမှာ ထိုနေရာမှာပင် လဲကျသွားသည်။

"ရှေ့ကအတန်းကို မင်းတာဝန်ယူ၊ နောက်တန်းကို ငါလုပ်မယ်"

တန်းစီရပ်ထားသော တိုက်လေယာဉ်များ၏ ဓာတ်ဆီတိုင်ကီရှိသော အတောင်ပံများပေါ်တွင် အချိန်ကိုက်ဗုံးများကို တပ်ကြသည်။ မိနစ် ၃၀ အချိန်ကိုက်လိုက်သည်။

ခဏအကြာမှာ အလာတုန်းကကဲ့ပင် ဟန်မပျက် ပြန်လျှောက်လာကြသည်။

"အပြင်က အစောင့်ကိုလည်း ရှင်းခဲ့မလား" ဟုဂိတ် ပေါက်ဝကို ထွက်လာရင်း ကာလိုစ်က မေးသည်။

"ဘယ်တတ်နိုင်မလဲကွာ၊ တို့ကိုရော မော်တော်ကားကိုရော သူမြင်သွားပြီပဲ" ဟု ရပ်စ်က ပြန်ပြောသည်။

အစောင့်သည် စောစောက နေရာမှာပင် ရပ်နေသည်။ ခြေသံကြားသဖြင့် နောက်သို့ လှည့်ကြည့်သည်။ ရပ်စ်၏သေနတ် ပြောင်းထဲမှ ကျည်ဆန်များ ထွက်သွားပြန်သည်။

စန်တာကလာရာမြို့မှ ဆယ်မိုင်ခန့်အကွာသို့ အရောက်တွင် တီ-၂၈ ဂျက်တိုက်လေယာဉ်ပျံများ၏ ပေါက်ကွဲသံကို ကြားလိုက်ရလေသည်။

\+ + +

အရှက်မတက်မီ စခန်းသို့ ပြန်ရောက်လိုသည်။ တောင်ပေါ်လမ်း သည် အလွန်တရာ ဆိုးရွားလှသော်လည်း လင်ကွန်းကွန်တီနင်တယ် ကားက သူ့အချိန်မီ ပြန်ရောက်အောင် စွမ်းဆောင်ခဲ့ပေသည်။

ပြုံအာတိုကွေဒို လေတပ်ကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်း ရပ်ဆယ်သော့ပ် အနေနှင့် ထုတ်ဖော်ကြေညာနေဖို့ မလိုတော့ပါ။ စခန်းတွင်း ရှိနေကြသူအားလုံးက သိနှင့်ပြီး ဖြစ်နေကြလေပြီ။

"ပြူအာတိုကွေဒို စစ်တပ်တော့ ကျောက်ခေတ်ကို ပြန်ရောက်သွားပြီ သူတို့ ဌာနချုပ်က အသံလွှင့်နေတာတွေကို ရာဘီက ဖမ်းနားထောင်တယ်၊ အိမ်နီး ချင်း နိုင်ငံတစ်ခုခုက သူတို့ကို ကျူးကျော်ပြီး ဝင်တိုက်တာ ခံလိုက်ရပြီ လို့ ထင် နေကြတယ်" ဟု နတ်သန်ဒူဝေက ဆီးကြိုပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်စ်သည် တစ်ခုခုစားပြီး တစ်ရေးလောက် အိပ်ပစ်လိုက်ချင်သည်။ သို့သော်လည်း ထိုကိစ္စများကို ဦးစားမပေးနိုင်ပဲ ရေဒီယိုစက် ဆင်ထားသည့်နေရာသို့ ခပ်သုတ်သုတ် ပြေးသွားသည်။ နတ်သန်နှင့် ကာလိုစ်တို့ နှစ်ယောက်လည်း သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားကြသည်။ နတ်သန်ပြောသည်မှာ မှန်ကြောင်း ရာဘီနှင့် စန်ချက်တို့ နှစ်ယောက်က ပြောကြသည်။ ချက်ချင်းဆိုသလိုပင် အကြံတစ်ခုကို ရပ်ဆယ်သော့ပ် ရလိုက်သည်။

"ဒီနားတစ်ဝိုက်မှာ ပြူအာတိုကွေဒို နိုင်ငံနဲ့ အဆင်မပြေတဲ့ နိုင်ငံဟာ ဘယ်နိုင်ငံလဲ" ဟု ကာလို့စ်ဟာရီရာကို လှမ်းမေးသည်။

"ကိုလံဘီယာနိုင်ငံကို နံပတ်တစ် ရန်သူနိုင်ငံလို့ မူညော့ဇ်ကတော့ သတ်မှတ်ထားတာပဲ"

ပြူအာတိုကွေဒို စစ်ဌာနချုပ်သို့ အသံလွှင့်ပြောကြားနိုင်ရန် ရာဘီကို မီတာဖမ်းခိုင်းသည်။ တစ်ဆက်တည်း ကာလို့စ်လက် သို့စကားပြောခွက်ကို လှမ်းပေးသည်။

"ကာလို့စ် မင်းဟာ ကိုလံဘီယာသမ္မတနိုင်ငံရဲ့ ပြောရေးဆိုခွင့် ရှိသူ ဖြစ်တယ်။ ဒါကြောင့် ပြူအာတိုကွေဒိုနိုင်ငံကို ရာဇသံပေးပါ။ ချက်ချင်း လက်နက်ချရင်ချ၊ မချရင် အမှုန့်ချေပစ်မယ်၊ ဘာညာပေါ့ကွာ"

ကာလို့စ် မျက်နှာပြုံးသွားသည်။ ချောင်းဟန့်ပြီး လည်ချောင်းရှင်းသည်။ စကားပြောခွက်မှ ခလုတ်ကို ခနှိပ်သည်။

"နားထောင်ပါ၊ နားထောင်ပါ၊ ခင်ဗျားတို့ ခေါင်းဆောင်တွေရဲ့ ဂုဏ်သိက္ခာမဲ့ စော်ကားမှုတွေကို ကိုလံဘီယာသမ္မတ နိုင်ငံသူ နိုင်ငံသားများအနေနဲ့ ဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ ဒါကြောင့် ကိုလံဘီယာခြေလျင်တပ်တွေနဲ့ လေတပ်မတော်ဟာ မနေ့တုန်းကတုံ့ပြန်လက်စားချေတဲ့ အနေနဲ့. . ."

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ထရိုဂျင်မြင်းရုပ်ကြီး. . ပုလဲဆိပ်ကမ်း. ဗီယက်နမ်တက် နှစ်သစ်ကူး ပွဲတော် ထိုးစစ်. . ။

သမိုင်းတစ်လျှောက်လုံးတွင် အတုယူစရာတွေ အမြောက်အမြား ရှိပါသည်။ သို့သော်လည်း ခပ်ညံ့ညံ့လူများသည် ထိုအဖြစ်များကို အတုယူကြရ ကောင်းမှန်း မသိကြပါ။ မမျှော်လင့်သော အဖြစ်အပျက်များ ရုတ်တရက် ပေါ်ပေါက်လာသည်တွင် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အမှန်အတိုင်း ဆုံးဖြတ်နိုင်စွမ်း မရှိကြပါ။

ကာနယ်လီနာရီသည်လည်း ၎င်းအမျိုးအစားများထဲတွင် ပါဝင်သူ ဖြစ်လေသည်။ ရန်သူ၏ လိမ်လည် လှည့်ဖျားခြင်းကို အပြည့်အဝ ခံစားလိုက် ရလေသည်။

ခြံဝင်းကို ဝင်ရောက်တိုက်ခိုက်ခံရခြင်း၊ လေဆိပ်မှာ ရှိနေသည့် လေတပ်တိုက်လေယာဉ်များ အဖျက်ဆီးခံရခြင်းများကို ပြည်သူအား အသိမပေးပဲ မှောင်ချထားလိုက်သည်။ တစ်ဆက်တည်း စန်တာကလာရာမြို့မှာ ရှိနေသည့် ကိုလံဘီယာနိုင်ငံသားများကို ဖမ်းဆီးခိုင်းလိုက်သည်။ ကျူးကျော်ဝင်ရောက်လာသည့် ကိုလံဘီယာတပ်များကို လိုက်လံရှာဖွေ ချေမှုန်းခိုင်းသည်။

သို့သော်လည်း ချေမှုန်းရေး တပ်များ၏ ကြိုးပမ်းချက်မှာ အချည်းနှီးသာ ဖြစ်ရလေသည်။ ကျူးကျော်ဝင်ရောက်လာပြီး လျှပ်တပြက် တိုက်ခိုက်သွားသော ကိုလံဘီယာ တပ်များသည် ကမ္ဘာ့မြေပြင်ပေါ်မှ ကြက်ပျောက် ငှက်ပျောက် ပျောက်ဆုံး ကုန်ကြလေတော့သည်။ ထိုသို့ဖြစ်လေ လီနာရီမှာ ဆတ်ဆတ်ခါလေ၊ မတွေ့တွေ့အောင်ရှာရန် အမိန့်ပေးလေ ဖြစ်နေသည်။

စန်တာကလာရာတွင် ရှိနေသည့် ကိုလံဘီယာ နိုင်ငံသားများသာမက၊ ကိုလံဘီယာ သံရုံးအမှုထမ်း အားလုံးကိုပါ ဖမ်းခိုင်းလိုက်သည်။ ထိုကြားထဲမှ အမှုထမ်းတစ်ယောက် လွတ်မြောက်သွားသည်။ ကိုလံဘီယာ နိုင်ငံမြို့ တော် ဘိုဂိုတာရှိ နိုင်ငံခြားရေးရုံးသို့ တစ်နေရာမှ ဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်း အစီရင်ခံသည်။ တယ်လီဖုန်းလိုင်းများ ပိတ်ထားရန် အမိန့်ပေးဖို့ ကာနယ်လီနာရီ မေ့သွားသည်။

ကိုလံဘီယာအစိုးရက ချက်ချင်း ငြင်းချက်ထုတ်သည်။ ပြင်းထန်စွာလည်း ကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အမေရိကန်နိုင်ငံများအဖွဲ့ အရေးပေါ်အစည်းအဝေး ချက်ချင်း ကျင်းပပေးရန် တောင်းဆိုလိုက်သည်။

ထိုပြဿနာကြီးက ဝါရှင်တန်သို့လည်း ဂယက်ရိုက်ခတ်သွားလေသည်။ စီ ၅-အေ အမျိုးအစား ကုန်တင်လေယာဉ်ကြီး သုံးစင်းသည် ပြူအာတိုကွေဒို နိုင်ငံအတွက် လက်နက်များ တင်ဆောင်ပြီး ထွက်ခွာရန် အသင့်ဖြစ်နေသည်။ ထိုလေယာဉ်များ ထွက်ခွာခွင့်ကို အစိုးရက တားလိုက်သည်။ "အခြေအနေ များ ရှင်းလင်းသိသာနိုင်သည့်အချိန်" အထိ လက်နက်တင်ပို့ရန် ကိစ္စကို ရွှေ့ဆိုင်းထားလိုက်ခြင်း ဖြစ်သည်။

ပြူအာတိုကွေဒိုနိုင်ငံ၏ အခြေအနေများကို သိရှိနိုင်ရန် အကဲခတ်လေ့လာရေး အဖွဲ့ တစ်ဖွဲ့ စေလွှတ်ရန် နိုင်ငံခြားရေးဌာနက ကမ်းလှမ်းသည်။ သို့သော်လည်း အမေရိကန်နိုင်ငံများ အဖွဲ့ နှင့် ကုလသမဂ္ဂအဖွဲ့ကြီးတို့က ကန့်ကွက်သည်။

အိမ်တော်ဝန် အော်တိုကင်းဒရစ်၊ ပင်တဂွန်စစ်ဌာနချုပ်နှင့် နိုင်ငံခြားရေးဌာနတို့မှာ အနှောင့်အယှက်နှင့် ကြုံတွေ့လိုက်ကြရသည်။ ၎င်းတို့၏ အစီအစဉ်များကို တစ်စုံတစ်ရာသော အချိန်အတိုင်းအတာအထိ ရပ်ဆိုင်းထားလိုက်ကြရလေတော့သည်။

\+ + +

ဂျက်ဖရေစပင်ဇာသည် မနေ့ညက တစ်ညလုံးလိုလို အပေါင်းအသင်းများနှင့် သောက်ရင်း စားရင်း အချိန်ကုန်ခဲ့သည်။ ညဉ့်အတော်နက်မှ အိပ်ဖြစ်ခဲ့သည်။ နောက်တစ်နေ့ ၁၁-နာရီခွဲတွင် ကာနယ်လီနာရီ ဖုန်းဆက် သောကြောင့် အိပ်ရာမှ လန့်နိုးခဲ့သည်။

"တခြားတိုင်းပြည်က ဝင်တိုက်တာကို ကျွန်တော်တို့ ခံလိုက်ရပြီ၊ ကျုပ်တို့ စစ်လေယာဉ် တွေ အဖျက်ဆီးခံလိုက်ရပြီ၊ ကိုလံဘီယာနိုင်ငံ. ."

ကာနယ်လီနာရီက ရှင်းပြနေသည်။ ဂျက်ဖရေစပင်ဇာက အာရုံစိုက်ပြီး နားထောင် သည်။ လီနာရီ ပြောပြနေသည်များကို အခြေခံပြီး သူ့အတွေး နယ်ချဲ့နေသည်။

"ကြံခင်းမှာ ဘယ်လောက်အသတ်ခံလိုက်ရသလဲ" ဟု ဂျက်ဖရေက ပြန်မေးသည်။

"အသတ်ခံရတာကတော့ တစ်ယောက်ပဲ၊ ဒါပေမယ့် မော်တော်ကားတွေ အများကြီး ဖျက်. . ."

"လေယာဉ်ပျံတွေက လေဆိပ်မှာ ရပ်ထားတုန်း အဖောက်ခွဲခံရ တာမဟုတ်လား"

"ဟုတ်တယ် ပြီးတော့ နှစ်ယောက်အသတ်ခံရတယ်"

"ခင်ဗျား သောက်ရူးပဲ၊ တခြားနိုင်ငံက ဝင်တိုက်တယ်ဆိုရင် မော်တော်ကားတွေ မီးရှို့ရုံ လူသုံးယောက်တည်း သတ်သွားရုံနဲ့ နေမှာမဟုတ်ဘူး၊ ကျွန်တော့်လူတွေကို ဒီအတိုင်းလွှတ် ထားခဲ့မှာ မဟုတ်ဘူး၊ ရန်သူတစ်ပတ် ရိုက်တာကို ခင်ဗျား ခံလိုက်ရပြီ။ ဒါဟာ တခြားတိုင်းပြည်က ဝင်ရောက် ကျူးကျော်ပြီး တိုက်တာမဟုတ်ဘူး၊ ခင်ဗျား မျက်စိအောက်မှာတင် ပေါ်ပြူလာပါတီက ပြောက်ကျားစစ်ဆင်ရေးကို အရှိန်မြှင့်လိုက်တာ"

"ဘုရားရေ. . ."

ကာနယ်လီနာရီသည် ထိုမျှသာ ညည်းနိုင်သည်။ ထို့အကြောင်းများကို သူမ စဉ်းစားမိ။ ယခုလို ဆိုတော့လည်း ဟုတ်ပေသားပဲဟု တွေးမိသည်။ ထို့ကြောင့် အယုတ္တ အနတ္တများကို ဆဲရေးတိုင်းထွာနေသည်။

"ခင်ဗျားစိတ်ကို ခင်ဗျား ပြန်ထိန်း၊ တပ်တွေကို ပြန်စု၊ ပြောက်ကျား တွေ အားလုံးကို ရှင်းပစ်၊ အခုချက်ချင်း အာဏာသိမ်း၊ အချိန်စောင့်မနေနဲ့" ဟု ဂျက်ဖရေစပင်ဇာက အော်ဟစ် ပြောလိုက်လေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်က သူတို့ချီတက်ရာ လမ်းကြောင်းများနှင့် သူတို့ အခြေအနေများကို စစ်ရုံးချုပ်သို့ ကြိုးမဲ့ကြေးနန်းနှင့် အမြဲမပြတ် သတင်းပြန်ပို့နေသည်။ သူတို့ စစ်ကြောင်းများ လှုပ်ရှားသည်ကို သိရှိဖို့က အလွန်လွယ်ပါသည်။ သူတို့ ကြိုးမဲ့ကြေးနန်းအသံလွှင့်ချက်များကို ဖမ်းယူနားထောင်ရုံသာ ဖြစ်သည်။ ရပ်ဆယ်သော့ပ်က သူ့လက်ထောက် အရာရှိများကို စုစည်းခေါ်ယူလိုက်သည်။

"ညတုန်းက တို့ဝင်တိုက်ခဲ့တဲ့ ကြံခင်းနေရာကို သံချပ်ကာ ကားနဲ့ တင့်ကားတွေပါတဲ့ တပ်ခွဲတစ်ခွဲက ဝင်ရှင်းတော့မယ်၊ အဲဒီတပ်ခွဲကို တို့ရအောင်တိုက်မယ်" ဟု ရပ်ဆယ်သော့ပ်က ပြောပြသည်။

"ဘယ်သူတွေ တိုက်ရမှာလဲ"ဟု တွမ်ဖာလွန်က ပြန်မေးသည်။ ဂျူအန်း နဲ့ သူ့တပ်စု ကာလိုစ်နဲ့ ပါကို . . . ပြီးတော့ သူတို့ရဲ့ မျိုးချစ်တိုင်းရင်းသားတွေ၊ မင်းနဲ့ နတ်သန်ရဲ့ တပ်စုနှစ်စုက တောင်ကြောမှာ နေရာယူထား၊ တောင်ပေါ်ဒေသကို ရန်သူတွေ တက်မလာနိုင်အောင် ပိတ်ဆို့ရေး တာဝန်ယူရမယ်"

ထရပ်ကား ဆယ်စင်းအပြည့် ပြောက်ကျား တပ်သား ၂၀၀ တို့သည် မည်သည့် အနှောင့်အယှက်မှ မတွေ့ပဲ တောင်ပေါ်ဒေသနှင့် လွင်ပြင်ဒေသကို သွားရောက်နေရာယူပြီး ဖြစ်လေသည်။ သူတို့နှင့်အတူ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး တပ်သားတစ်ယောက်ပါသွားသည်။ သူက နောက်တန်း စခန်းမှာ ကျန်ခဲ့သည့် ဒေးဗစ်ရာဘီမက်ဆိုရှီနှင့် မပြတ်အဆက်အသွယ်ယူ ကာ စစ်တပ်၏ လှုပ်ရှားမှု သတင်းများကို ရယူနေသည်။ နောက်တန်းစခန်းမှာ ကျန်ခဲ့သည့် မက်ဆိုရှီကလည်း စစ်တပ် ရေဒီယိုကိုဖမ်းယူပြီး မပြတ်ပို့ပေးနေသည်။

အစိုးရစစ်တပ်သည် ပြောက်ကျားများ စောင့်နေသည့်နေရာနှင့် ရှစ်မိုင်အကွာသို့ ရောက်လာသည်။ သူတို့အခြေအနေကို စန်တာကလာရာမြို့သို့ သတင်းပြန်ပို့ပေးနေသည်။

"ဒီမြေပုံပေါ်မှာ ရှိတဲ့ မပည(မြေပုံညွှန်း) ၁၀၂ လမ်းကြောင်းအတိုင်း သူတို့လာလိမ့်မယ်" ဟု မက်ဆိုရှီက သတင်းထပ်ဆင့် ပို့လိုက်သည်။

ကာလိုစ်ဟာရီရာက သူ့ရှေ့မှာ ဖြန့်ခင်းထားသော မြေပုံပေါ်တွင် ထောက်နေသည်။

မပည ၁၀၂ အတိုင်းလာမယ်ဆိုရင် ကျွန်တော်တို့နဲ့ ဟောဒီနေရာမှာ တွေ့မယ်၊ ဟောဒီလမ်းဆုံမှာ မူချာမီယယ်ဆိုတဲ့ ရွာတစ်ရွာ ရှိတယ်" ဟု ကာလိုစ်က ရပ်ဆယ်သော့ပ်ကို ထပ်ဆင့် ရှင်းပြသည်။

"ကောင်းပြီ၊ အဲဒီနေရာက စောင့်တိုက်မယ်" ဟု ရပ်ဆယ်သော့ပ်က ပြန်ပြောသည်။

ခြေလျင်တပ်သားများကို အမေရိကန်လုပ် အမ် ၅ အမျိုး အစား အပေါ်စားတင့်ကား နှစ်စင်းနှင့် အမ် ၈ အမျိုးအစား သံချပ်ကာ ကားနှစ်စင်းတို့က အကာအကွယ်ပေးပြီး ချီတက်လာသည်။ သူတို့၏ ချီတက်နှုန်းမှာ အလွန်တရာ နှေးကွေးလှပါသည်။

ရပ်ဆယ်သော့ပ်၏ တပ်သားများသည် အစိုးရတပ်သား များထက် စောပြီး လမ်းဆုံသို့ ရောက်ရှိနေရာယူပြီး ဖြစ်သည်။ လမ်းဆုံမှာ မူချာမီယယ်ရွာနှင့် တစ်မိုင်ခန့် ဝေးသည်။ ထိုရွာမှာ အိမ်ခြေ ငါးဆယ် ခြောက်ဆယ်ခန့်သာ ရှိသည်။ ရွာထဲတွင် စစ်မြေပြင် ဖြစ်သွားမှာစိုးသောကြောင့် ရွာအပြင်ဘက် တစ်မိုင်ကွာမှ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ထရပ်ကားများ အားလုံးကို တောထဲမှာ ဝှက်ထားပြီး ဖြစ်သည်။ ပြောက်ကျားတပ်များ အားလုံးကို ပြောင်းခင်းထဲမှာ ဖြန့်ချထားသည်။ အစိုးရစစ်တပ်လာလမ်းကိုပန်း၍ ပိတ်ဆို့ထားခြင်း ဖြစ်သည်။ နောက်ထပ် မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ တင့်ကားမောင်းလာသံများကို ကြားရသည်။ နောက်ဆယ်မိနစ်ကြာသောအခါ တင့်ကားတစ်စင်း လမ်းဘေးအတိုင်း မောင်းလာသည်ကို မြင်လိုက်ကြရသည်။ ပြောက်ကျားများဆီသို့ ဦးတည်မောင်းနှင်လာခြင်း ဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် ကျန်တင့်ကားနှင့် သံချပ်ကာ ကားများ၊ အစိုးရစစ်သားများ ဆက်လက်ချီတက်လာသည်ကို မြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်၊ ဂျုအန်းမီလင်ဒက်ဇ်၊ နေလ်ဆင်နှင့် တခြားတစ်ယောက်တို့သည် တင့်ကားဖျက် ဗုံးများကို အသင့်ပြင် ဆင်ထားကြသည်။ တင့်ကားများ ပစ်ကွင်းထဲသို့ ဝင်ရောက်လာသည်အထိ စောင့်ဆိုင်းနေ ကြသည်။

"ကိုက် ၅၀၀"

ရပ်စ်က တိုးတိုး ပြောလိုက်သည်။ ဗုံးကျည်များ အသင့်ပြင်ပြီးကြပြီ။ ခဏကြာအောင် စောင့်နေကြသည်။ တင့်ကားများ ပိုမိုနီးကပ်လာသည်။ ကိုက် ၃၀၀အတွင်းသို့ ဝင်ရောက်လာကြသည်။

"ပစ်"

ရပ်စ်၏ အမိန့်ပေးသံနှင့်အတူ ဗုံးကျည်များက တဟုန်ထိုး ထွက်ခွာသွားသည်။ နောက်ပိုင်းတွင် မီးခိုးတန်းများကိုသာမြင် လိုက်ကြရသည်။ ပစ်မှတ်များကို ကောင်းကောင်းထိပြီး ပေါက်ကွဲကြလေသည်။ စောစောက တရွေ့ရွေ့တက်လာသော တင့်ကားများနှင့် သံချပ်ကာကားများမှာ မီးတောက်များ တဟုန်းဟုန်း တောက်လောင်နေသည့် မီးပုံများ ဘဝသို့ ပြောင်းလဲသွားသည်။

ခြေလျင်စစ်သားများ တုံ့ကနဲဖြစ်ကာ နောက်ဆုတ်သွားကြသည်။

ရပ်ဆယ်သော့ပ်က တားမြစ်ချိန် မရလိုက်မီမှာပင် တိုင်းရင်းသား မျိုးချစ်ပြောက်ကျားများသည် ပုန်းအောင်းနေရာယူထားရာမှ တစ်ဟုန်ထိုးထကာ ပြောင်းခင်းများကိုဖြတ်ပြီး ရှေ့သို့ ပြေးတက် သွားကြတော့သည်။

အလစ်ခံလိုက်ရသည့် စစ်တပ်က အခြေအနေကို ချက်ချင်း ပြန်ထိန်း လိုက်နိုင်သည်။ ဝဲယာနှစ်ဘက်သို့ တပ်ဖြန့်လိုက်ပြီး ပြန်လည် ခုခံပစ်ခတ်လေသည်။ မိမိတို့ဘက်မှ သေနတ်တစ်ချက်မပင် မဖောက်လိုက်ရသေးမီ ပြောက်ကျားကိုးယောက်ကျသွားသည်။ ကျန်ပြောက်ကျားများက နောက်ပိုင်းသို့ ပြန်ပြေးလာကြသည်။

မာလင်ဒက်ဇ်၏ တပ်စုမှ အမ် ၆၀ စက်သေနတ်များဖြင့် ရန်သူကို တရကြမ်းဖိပေးနေသည်ကို တွေ့ရသည်။

ရန်သူဘက်က ပြန်လည်ပစ်ခတ်ခြင်း မရှိတော့။ နောက်ပိုင်းသို့ ပြန်လည် ဆုတ်ခွာသွားကြလေပြီ။

"ပြေးကုန်ပြီ" ဟု ကာလို့စ်ဟာရီရာက ပြောသည်။

"အကုန်ရှုပ်ကုန်တော့မှာပဲ"

ရပ်ဆယ်သော့ပ်က ထိုမျှသာ ပြောနိုင်သည်။ ရန်သူတွေ ဘာလုပ်မည်ကို သူကြိုတင်တွေးလိုက်မိသည်။ မူချာမီယယ် ရွာထဲသို့ သူတို့ဝင်မည်။ ရွာသားများကို ဓားစာခံလုပ်မည်။ သူထင်ထားသည့် အတိုင်းပင် မှန်ပါတော့သည်။ ရန်သူများ ရွာထဲ ရောက်သွားပြီး ရန်သူ့ဘက်မှာ အော်ဟစ်ပြောဆိုသည်ကို ကာလို့စ်က ဘာသာပြန်ပေးသည်။

"အခုပြောနေတာ သူတို့ စစ်ကြောင်းမှူး၊ ကျွန်တော်တို့ လက်နက်မချရင် ရွာသားတွေကို သတ်ပစ်မယ်တဲ့၊ ပြောသလို လုပ်မယ်ဆိုတဲ့အကြောင်း လက်တွေ့ပြမယ်လို့ ပြောတယ်"

ရွာသားနှစ်ယောက် ရွာပြင် လမ်းပေါ်သို့ ပြေးထွက်လာသည်ကို တွေ့ရသည်။ သူတို့နောက်မှ ကျည်ဆံများ လိုက်ပါလာပြီး လမ်းခုလတ်တွင် လဲကျသွားလေသည်။

"ဒါဟာ မင်းတိုင်းပြည်၊ ဒါတွေဟာ မင်းလူမျိုးတွေပဲ ကာလို့စ်၊ အခုတို့ ဘာလုပ်ရမလဲ" ဟု ရပ်ဆယ်သော့ပ်က မေးသည်။

ပါကိုက ကာလို့စ်ကို ခပ်သွက်သွက်ပြောနေသည်။ ကာလို့စ်က ရပ်စ် ဘက်ကို လှည့်ပြီး ဘာသာပြန်ပေးသည်။

"ပါကိုက ပြောတယ် ကျွန်တော်တို့က ညာဘက်က လှယောင်ပြပါတဲ့၊ သူနဲ့ သူ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ဘက်ကနေပြီး ဝင်ပါ့မယ်တဲ့ သူ့ကို ဝင်ခွင့်ပြုပါ ခင်ဗျာ"

"ခွင့်ပြုပါတယ်"

ပါကို၏ လူများသည် မြေပြင်ပေါ်မှာ မိကျောင်းတွားသွားပြီး ရှေ့သို့ တက်နေကြသည်။ လှုပ်ရှားခြင်း မရှိပဲ တစ်စုတစ်ဝေးတည်း စုပြုံတက်နေကြ သည်ကို မြင်တွေ့ရသဖြင့် ရပ်စ်မှာ စိတ်မောနေရတော့သည်။ သူတို့လက်မှ ရိုက်ဖယ်သေနတ်များကို ချကြသည်။ ခါးမှာ ကိုယ်စီ ချိတ်ထားသော ဓား ကောက်များကို ဖြုတ်ယူကြသည်။

"သူတို့ ဓားကောက်ကို အသုံးပြုပြီး တိုက်ကြမှာပါ ခင်ဗျာ၊ ကျွန်တော်တို့ တာဝန် အတိုင်း စလိုက်ကြရအောင်" ဟု ကာလိုစ်က ပြောသည်။

ရပ်စ်၏ ကြေးစားတပ်သားများနှင့် ကာလိုစ်၏ ပြောက်ကျားတပ်သားများသည် ညာဘက်သို့ ပန်းပြီး ချီတက်လာကြသည်။ ထိုသို့ ချီတက်ရင်းလည်း ရန်သူ့ဘက်သို့ ရနိုင်သမျှ ပစ်ခတ်ကြသည်။ ရန်သူ စစ်တပ်က ပြန်ပစ်သည်။ ပြောက်ကျားများ အနေဖြင့် ရွာသားများခံနေ သောကြောင့် တည့်တည့်ပစ်၍ မရနိုင်ပဲ အပေါ်ထောင်ဖောက်သည့် သဘောလောက်သာ လုပ်နိုင်ကြသည်။ စစ်သားများဘက်က ကျည်ဆန်များကို သွန်လွှတ်နေသည်။ သို့သော်လည်း ထိရောက်မှုကား လုံးဝမရှိပေ။

ခဏကြာတော့ သေနတ်သံများကိုလွှမ်းပြီး ကျီးအာသလို အသံမျိုးကို စူးစူးဝါးဝါး ကြားလိုက်ရသည်။

"ပါကို အချက်ပေးတဲ့ အသံပဲ၊ ကျွန်တော်တို့ ရန်သူကို တည့်တည့် ပစ်လို့ရပါပြီ ခင်ဗျာ"

ကာလိုစ်၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ရပ်စ်၏ အမိန့်က တပ်စုမှူးနှင့် တပ်စိပ်မှူး အသီးသီးထံသို့ ချက်ချင်းရောက်သွားသည်။ မောင်းပြန်သေနတ်သံများ၊ စက် သေနတ်သံများ ဆူညံသွားသည်။ တစ်ဆက်တည်းဆိုသလိုပင် လက်ပစ်ဗုံး ပေါက်ကွဲသံများကို လည်း ကြားရပါသည်။ ရွာတွင်းမှ ပြန်လည်တုံ့ပြန်မှုကား စောစောကထက် နှစ်ဆလောက် မြင့်တက်လာသည်။

"အော်သံကြားရင် ရွာထဲကို ကျွန်တော်တို့ အတင်းဝင်မယ်" ဟု ကာလိုစ်က ပြော သည်။

မကြာမီ အော်သံများ ကြားရသည်။ ပြောက်ကျားများသည် ဝပ်နေရာမှ ထကာ ရွာတွင်းသို့ တရကြမ်း ပြေးဝင်ကြသည်။ ရွာတွင်းမှာ ငရဲပြည် ဖြစ်နေလေပြီ။ မျိုးချစ်ပြောက်ကျား တို့၏ ဓားကောက်များသည် အရောင်တဖွေးဖွေး လက်နေကြသည်။ ပါကိုသည် စစ်ဗိုလ်များနှင့် အကြပ်များကို အဓိက ထားပြီး တိုက်နေသည်။

ရွာကို သိမ်းပြီးသောအခါ ဂျူအန်းမီလင်ဒက်ဇ်က အကျအဆုံးနှင့် ဖမ်းမိသူများကို သွားရေပြီး သတင်းပြန်ပို့သည်။

"ဒဏ်ရာမရတဲ့လူ ၇၂ ယောက်နဲ့ ဒဏ်ရာရသူ ၁၁ယောက်ကို ဖမ်းမိပါတယ်"

"ဒီလူတွေကို ပါကို့ လူတွေနဲ့ ကျွန်တော်တို့ လူတွေ ပိုင်ပါတယ် ခင်ဗျာ" ဟု ကာလိုစ်က ကြေငြာသည်။

ရပ်စ်က ကန့်ကွက် စကားပြောချင်သည်။ သို့သော်လည်း သူ့စိတ်ကို သူပြောင်းလိုက် သည်။ သည်တိုင်းပြည် သူတို့ တိုင်းပြည် ဖြစ်သည်။ ပြောက်ကျားများက စစ်သုံ့ပန်းများကို တစ်နေရာသို့ စုစည်းခေါ်သွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

ရပ်ဆယ်သော့ပ်သည် သူ့တပ်ကို ပြန်ရုပ်ပြီး တောင်ကြောပေါ်မှာ နေရာယူထားသော နတ်သန်ဒူဝေနှင့် တွမ်ဖာလွန် တပ်စုများနှင့် ပြန်လည် ပူးပေါင်းဖို့ စိတ်ကူးထားသည်။ သို့သော်လည်း ရာဘီမက်ဆိုရှိ ပေးပို့လိုက်သည့် ရေဒီယို သတင်းကြောင့် သူ့ အစီအစဉ်ကို ဖျက်လိုက်ရပြန်သည်။

စစ်ဗိုလ်တစ်ယောက် ကွပ်ကဲနေသည့် အစိုးရ ထောက်ပံ့ရေးတပ်က သူတို့ စစ်ရုံးချုပ်သို့ သတင်းပို့နေကြောင်း၊ သူတို့တပ်မှ အင်အားကို တိုက်ကင်းလှည့်ရာတွင် ခွဲဝေပေးလိုက်ရသောကြောင့် သူတို့မှာအင်အား ဆယ်ယောက်သာ ကျန်တော့ကြောင်း၊ ထို့ကြောင့် စစ်ကူထပ်ပို့ပေးရန် တောင်းနေကြောင်း၊ ထောက်ပံ့ရေးတပ်သည် ကင်ပိုစတယ်လာမြို့ပြင်တွင်ရှိကြောင်း မူချာမီယယ်ရွာမှ နေ၍ အရှေ့မြောက်ဘက် ၂၇-မိုင်သာ ဝေးကြောင်းဖြင့် မက်ဆိုရှိက သတင်းပေးပို့ခြင်းဖြစ်သည်။

"ဒါကို အလွတ်ခံရင် မိုက်ရာကျတော့မှာပေါ့ကွာ"

ရပ်ဆယ်သော့ပ်က ထိုမျှသာပြောပြီး ကျဆုံးသူနှင့် ဒဏ်ရာရသူများကို အစောင့် ၁၂-ယောက်နှင့်အတူ ထရပ်ကားနှစ်စင်းဖြင့် နောက်ပိုင်းစခန်းသို့ ပြန်ပို့ခိုင်းလိုက်သည်။ တစ်ဆက်တည်း ကင်ပိုစတယ်လာမြို့ဘက်သို့ ဦးတည်ချီတက်ခဲ့သည်။

လက်တင် အမေရိကန်နိုင်ငံများတွင် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းများသည် လမ်းပေါ်တွင် လူသွားလူလာ အများဆုံးအချိန်ဖြစ်သည်။ ထိုနေ့ ထိုအချိန်တွင် ဘာအလုပ်မှ မလုပ်ကြပဲ ဈေးဆိုင်များသို့ သွားခြင်း၊ အပေါင်းအသင်း မိတ်ဆွေများအိမ်သို့ သွားခြင်းဖြင့် လမ်းပေါ်တွင် လူမပြတ်အောင် ရှိနေစမြဲ ဖြစ်သည်။

ယခု တနင်္ဂနွေမှာတော့ ပြူအာတိုကွေဒိုနိုင်ငံတွင် ထိုသို့ မဟုတ်တော့ပါ။ စစ်သတင်းနှင့် ပတ်သက်ပြီး ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှာ တစ်စုံတစ်ရာ ထုတ်ဖော်ကြေငြာခြင်း မပြုသော်လည်း သတင်းက အလိုလို ပျံ့နှံ့သွားတော့သည်။ ထို့ကြောင့် တိုင်းသူပြည်သားများသည် လမ်းပေါ်သို့ မထွက်တော့ဘဲ အိမ်များ အတွင်းမှာပင် ပုန်းအောင်း နေထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်ပိုစတယ်လာတွင်လည်း ထိုနည်းတူဖြစ်သည်။ ကျဉ်းမြောင်းသည့် ကျောက်ခင်းလမ်းများမှာ လူသူကင်းမဲ့နေသည်။ လက်ဖက်ရည်ဆိုင်နှင့် အခြားဈေးဆိုင်များကို ပိတ်ထားကြသည်။ အိမ်တံခါးများကိုလည်း အလုံအခြုံ ပိတ်ထားကြလေသည်။

မြို့စွန်ရှိ ထောက်ပံ့ရေး တပ်ဝင်းကို သံဆူးကြိုး ကာရံထားသည်။ ဂိတ်အဝင်ဝတွင် စစ်သားနှစ်ယောက် စောင့်နေသည်။

ထိုဂိတ်ကို ဦးတည်ပြီး ထရပ်ကားများ အရှိန်နှင့် မောင်းနှင်လာသည်ကို သူတို့လှမ်းမြင်ကြရသည်။ ဂိတ်ဝတွင် ကားရပ်ပေးရန် လက်တားသည်။ ထရပ်ကားများက အရှိန်နည်းနည်းကလေးမှ မလျှော့။ အစောင့်နှစ် ယောက်က သေနတ်ဖြင့် ထိုးချိန်သည်။ တစ်ပြိုင်တည်းမှာပင် လမ်းဘေးသို့ ခုန်ချသည်။ ရှေ့ဆုံးမှ ထရပ်ကားက ဂိတ်ဝရှိ ဝါးတန်းကို တိုက်ပစ်လိုက်ပြီး ရပ်လိုက်သည်။ မောင်းပြန်သေနတ်ပေါင်းများစွာက အစောင့်စစ်သား နှစ်ယောက်ကို ဝိုင်းချိန်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့် အစောင့် စစ်သားနှစ်ယောက်က သူတို့ လက်ထဲမှာ ရှိနေသည့် ရိုင်ဖယ်သေနတ်များကို မြေပြင်ပေါ်သို့ ပစ်ချလိုက်ကာ လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ ကိုယ်စီတင်ထား လိုက်ကြလေသည်။

"ဒီကောင်တွေကို မသတ်ရဘူး"

ရပ်ဆယ်သော့ပ်က အော်ပြောသည်။ တစ်ဆက်တည်းလည်း ထောက်ပံ့ရေးတပ် အုပ်ချုပ်ရေးရုံး အဆောက်အအုံ ပြတင်းပေါက်ထဲသို့ ဗုံးကျည်တစ်လုံးကို ပစ်သွင်းလိုက်သည်။ အုတ်နံရံတွင် ကြီးမားသည့် အပေါက်ကြီး ဖြစ်သွားသည်။

ဗိုလ်တစ်ယောက်နှင့် စစ်သားရှစ်ယောက် ဘေးဘက်တံခါးမှ ထွက်လာကြသည်။ အားလုံး လက်မြှောက်ထားကြသည်။ တိုင်းရင်းသားပြောက်ကျားများက သူတို့ကို ပစ်သတ်ချင်ကြသည်။ ရပ်ဆယ်သော့ပ်က ခွင့်မပြု။ ပြောက်ကျားများ မကျေမနပ်ဖြင့်က ပွစိပွစိ လုပ်နေကြသည်။

ကာလိုစ်ဟာရီရာက သူတို့ ဆန္ဒကိုမေးသည်၊ ပြီးတော့ ရပ်ဆယ်သော့ပ်အား ပြန်ရှင်းပြသည်။

"စစ်သားတွေကို အရှက်ခွဲလိုက်ရင် သူတို့ ကျေနပ်ပါပြီတဲ့"

'သုတ်ဆေး မရှိတော့ဘူးကွ၊ ကောင်းပြီးသူတို့ ကိုယ်ပေါ်မှာ ရှိသမျှ အမွေးအမှင်တွေကို ရိတ်ပစ်လိုက်" ဟု ရပ်စ်က ပြန်ပြောလိုက်သည်။

ကာလိုစ်က သူ့လူများကို ပြန်ပြောပြသည်။ ပြောက်ကျားများ သဘောတူသွားကြသည်။ အရေးကြီးသည့် အဆောက်အအုံများနှင့် စစ်သုံးမော်တော်ယာဉ် ခုနှစ်စင်းကို မိုင်းခွဲဖျက်ဆီးပစ်ရန် ဂျူအန်းမီလင် ဒက်ဇ်နှင့် တပ်စုကို ရပ်စ်က အမိန့်ပေးခဲ့သည်။

စစ်ဗိုလ်နှင့် စစ်သားများကို ခေါင်းတုံးပြောင်အောင် ရိတ်ပြီးချိန်မှာပင် မိုင်းများကိုထောင်ပြီး ဖြစ်သွားသည်။ ထို့ကြောင့် ရပ်စ်က စစ်ဗိုလ်ကို ကာလိုစ်မှတစ်ဆင့်ပြောသည်။

"မင်းတို့ အမှုန့်ကြေ မသွားခင် ဒီအထဲက အမြန်ဆုံးထွက်ကြ"

စစ်ဗိုလ်က ဆို့နစ်အက်ကွဲသော လေသံဖြင့် ကာလိုစ်ကို လှမ်းပြောသည်။ ကာလိုစ်က ဘာသာပြန်ပေးသည်။

"ခြောက်လုံးပြူး တစ်လက်နဲ့ ကျည်ဆန်တစ်တောင့်ပေးပါလို့ တောင်းပါတယ် ခင်ဗျာ"

"သောက်ရူးအလုပ် မလုပ်နဲ့လို့ ပြောလိုက်"

ရပ်ဆယ်သော့ပ်က ထိုသို့ တိုတိုတောင်းတောင်း ပြန်ပြောလိုက်သည်။ သို့သော်လည်း သူ့ လေသံထဲတွင် လေးစားသည့် အသံပါသွားလေသည်။

"သူ့မှာ ရှိတဲ့ ဂုဏ်သိက္ခာတွေ အားလုံးကို သူဆုံးရှုံးလိုက်ရပါပြီ ခင်ဗျာ" ဟု ကာလိုစ်က ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်သည် မျက်နှာကို မှုန်တေတေလုပ်ကာ ထရပ်ကားတစ်စင်း၏ ဦးခန်းထဲသို့ တက်ထိုင်သွားသည်။ ကာလိုစ်ဟာရီရာက ကျည်တစ်တောင့်တည်း သွင်းထားသော ခြောက်လုံးပြူးတစ်လက်ကို စစ်ဗိုလ်ဘက်သို့ ကမ်းပေးလိုက်သည်။ စစ်ဗိုလ်သည် သူ့အရှက်ကို အသက်နှင့် လဲသွားလေတော့သည်။

\+ + +

ကာနယ်လီနာရီ ဒေါ်သူပုန် ထနေ၏။ ကင်ပိုစတယ်လာရှိ ထောက်ပံ့ရေးတပ်မှာ ဖောက်ခွဲဖျက်ဆီးခြင်း ခံလိုက်ရသည်။ ထောက်ပံ့ရေးတပ်တွင် တာဝန်ကျနေသော စစ်ဗိုလ်သည်လည်း သူ့ကိုယ်သူ အဆုံးစီရင်သွားလေသည်။

ယင်း ထောက်ပံ့ရေးတပ်မှ ခေါင်းတုံးအတုံးခံရပြီး လွတ်မြောက်လာကြသော စစ်သားများ၏ ပြန်လည် သတင်းပေးပို့ချက်အရ ရာပေါင်းများစွာသော ယူနီဖောင်းဝတ်ပြောက်ကျားများက သူတို့ကို တိုက်ခိုက်ကြောင်း၊ ပြောက်ကျားများကို ခေါင်းဆောင်သူမှာ ဆံပင်အရောင် ခပ်ပျော့ပျော့နှင့် အရပ်ထောင်ထောင်မောင်းမောင်း ဖြစ်ကြောင်း၊ အမေရိကန်လူမျိုးဟု ထင်ကြောင်း၊ သူ၏ အုပ်ချုပ်မှုအောက်တွင် ရှိသူများမှာ ပြူအာတိုကွေဒို နိုင်ငံသားများ ဖြစ်ကြောင်းဖြင့် သိရှိကြရသည်။

"ကင်ပိုစတယ်လာ မြို့သူမြို့သားများက သူပုန်တွေကို အကူအညီပေးတာပဲ ဖြစ်ရမယ်" ကာနယ်လီနာရီက မေဂျာဗေလာညျူဟာကို လှမ်းကြည့်သည်။ "တပ်ဖွဲ့တစ်ဖွဲ့ကို မော်တော်ကားနဲ့ ချက်ချင်းပို့ပါ၊ ဒါကို တုံ့ပြန်လက်စားချေရမယ်၊ အဲဒီမြို့က ယောကျာ်း ၁၀၀ ကို သုတ်သင်ပစ်ရမယ်၊ ဒီညလုပ်"

မေဂျာဗေလာညျူဟာက တယ်လီဖုန်းကို လှမ်းဆွဲရန်ဟန် ပြင်လိုက်သည်။ လီနာရီက သူ့ကို လှမ်းပြောလိုက်ပြန်သည်။

"နောက်ပြီး ဒီစန်တာကလာရာမြို့ထဲမှာ အစုလိုက် အပြုံလိုက် လူဖမ်းပွဲကို စတော့၊ သူတို့အားလုံး ပလာဇာဒီတိုရိုကိုပို့"

ပလာဇာဒီတိုရို ကစားကွင်းသည် အကျဉ်းသားပေါင်း မြောက်များစွာကို ထည့်ထားနိုင်သည်။ လေးဘက်လေးတန်တွင် အုတ်တံတိုင်းများ ကာရံထားသည်။ ဝင်ပေါက် ထွက်ပေါက်များမှာ အစောင့်စစ်သားများကို ချထားရုံဖြင့် အလွယ်တကူ ထိန်းသိမ်းထားနိုင်မည် ဖြစ်လေသည်။

"အကျဉ်းသားတွေကို ဘာဆက်လုပ်ရမလဲ. . ကာနယ်"

သူတို့ကို သိချင်တာမေး၊ ပြီးရင် အပြတ်ရှင်း၊ ဒါ့အပြင် တခြား ဘာလုပ်စရာ ရှိသေးလို့လဲ"

\+ + +

နတ်သန်ဒူဝေနှင့်တွမ်ဖာလွန်တို့ နှစ်ယောက်သည် သူတို့ တပ်စုများဖြင့် တောင်ကြောနေရာမှာ နေရာယူ ပိတ်ဆို့ထားကြရသည်။ ကင်ပိုစတယ်လာမြို့တွင် ဖြစ်ပွားသော တိုက်ပွဲအကြောင်းကိုလည်း သူတို့ကြားကြရပြန်သည်။ ထို့ကြောင့် ဇာတ်လမ်းပြန်ပြောပြသည့် ရပ်ဆယ်သော့ပ်ကို နတ်သန် ဒူဝေက လှမ်းမေးလိုက်သည်။

"တို့အမြီးပေါ်မှာ တို့ပြန်ပြီး ဒီအတိုင်းထိုင်ပြနေရတဲ့ အလုပ်က ဘယ်တော့မှပြီးမှာလဲကွာ"

"အခြေအနေအရပေါ့ကွာ"

ရပ်ဆယ်သော့ပ်က ထိုသို့ ပြန်ပြောရင်း တစ်ချက် သမ်းလိုက်သည်။ သူ့အလွန်တရာ ပင်ပန်း နွမ်းနယ်နေပြီ။ ထို့ကြောင့် အိပ်ယာလိပ်တစ်ခုကို ငှားပြီး ထိုပေါ်မှာ အိပ်ချလိုက်သည်။ နှစ်နာရီခန့်အကြာတွင် သူတို့နောက်တန်း စခန်းလုပ်ထားသည့် တောတွင်း လေယာဉ်ပျံကွင်းမှ မက်ဆိုရိုက ရေဒီယိုဖြင့် စကားလှမ်း ပြောသောကြောင့် အိပ်ရာမှ နိုးသွားရပြန်သည်။

စစ်တပ်မှ စေလွှတ်လိုက်သော တပ်ဖွဲ့တစ်ခုသည် ကင်ပိုစတယ်လာ မြို့သို့ ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



ချီတက်နေကြောင်း သတင်းပေးခြင်း ဖြစ်သည်။

"လက်စားချေဖို့ သူတို့ကို အမိန့်ပေးလိုက်တယ်၊ မြို့သားတွေကို သတ်ကြတော့မယ်"

ရပ်ဆယ်သော့ပ်က အိပ်ချင်ပြေစေမည့် ဆေးပြားတစ်ပြားကို ပါးစပ်ထဲသို့ ပစ်သွင်းပြီး ရေမပါပဲ မျိုချလိုက်သည်။

"လူတိုင်း အသင့်ပြင်ခိုင်းလိုက်တော့ နက်"

ရပ်စ်က ထိုသို့ ပြောပြီး ကြိုးမဲ့ကြေးနန်းစက်ရှိရာသို့ ထသွားကာ မက်ဆိုရှိနှင့် အဆက်အသွယ်ယူသည်။

"လူနာတွေကို စောင့်ဖို့ ဆေးတပ်သားသုံးယောက်နဲ့ တပ် စိတ်နှစ်စိတ် အဲဒီမှာထားခဲ့၊ ကျန်တဲ့လူတွေ အားလုံးနဲ့ မင်းကြေးနန်းစက်ကိုပါ ကားပေါ်တင်ပြီး အခုတို့နေရာ ယူထားတဲ့ တောင်ကြောနေရာကို ချက်ချင်းလာ၊ တို့ အင်အားအကုန်သုံးပြီး ချကြရတော့မယ်"

ကားတန်းကြီး စတင်ရွေ့လျားလေပြီ။ ရှေ့ဆုံးက ဂျစ်ကားထဲတွင် ရပ်ဆယ်သော့ပ်နှင့် နတ်သန်ဒူဝေတို့ လိုက်ပါလာကြသည်။ ရပ်ဆယ်သော့ပ် ကိုယ်တိုင် ဂျစ်ကားကို မောင်းလာသည်။ ကင်ပိုစတယ်လာမြို့နှင့် နီးလာသောအခါ စက်သေနတ်သံများကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ ထို့ကြောင့် ရပ်စ်က နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်သည်။

"တို့ နောက်ကျသွားပြီ နတ်" ထိုသို့ ပြောခိုက်မှာပင် စက်သေနတ်သံများ ရပ်သွားသည်။ "သိပ်ကို နောက်ကျသွားပြီကွာ"

မြို့ပြင်မှာ ကားတန်းကြီး ရပ်သွားသည်။

တပ်သားများကို ရပ်စ်က အုပ်စုလေးစု ဖွဲ့စည်းပေးသည်၊ ဒူဝေနှင့် ဖာလွန်တို့ နှစ်ယောက်က သူတို့၏ မူလတပ်စုများကိုပင် ဦးဆောင်ရမည်။ ကာလိုစ်ဟာရီရာက သူ၏ မျိုးချစ်တပ်သား များကိုလည်းကောင်း၊ ပါကိုက သူ၏တိုင်းရင်းသားများကို လည်းကောင်း ခေါင်းဆောင်ရမည်။ ဂျုအန်းမီလင်ဒက်ဇ် သူ၏ တပ်စုနှင့်အတူ အရန်အင်အားအဖြစ် မော်တော်ယာဉ်များ နှင့်အတူ နေရမည်။

မြို့တွင်းမှ သေနတ်သံများကို မကြားရတော့ပါ။ သေနတ်သံများအစား ငိုကြွေးသံများ၊ အော်ဟစ်သံများ၊ အမိန့်ပေးသံများ၊ တောင်းပန်သံများကို ကြားနေရသည်။ ရပ်ဆယ်သော့ပ်က မြို့တွင်းသို့ တိုက်ရိုက်ဝင်မည့် နတ်သန်ဒူ ဝေ၏ တပ်စုနှင့်အတူ ချီတက်လိုက်ပါသွားသည်။ ကျန်သည့် တပ်စုသုံးစုက မြို့လယ်ရှိ ပန်းခြံကို ပတ်ပြီး ဝိုင်းရန် ချီတက်သွားကြလေသည်။

\+ + +

မြို့လယ်ပန်းခြံ၏ တစ်ဘက်စွန်းတွင် မြို့တော်ခန်းမ ရှိသည်။ ကျန်တစ်ဘက်စွန်းတွင် ဘုရားရှိခိုးကျောင်း ရှိသည်။ စစ်သားများ ထွန်းညှိထားသည့် မီးရောင်များဖြင့် ပန်းခြံမှာ ထိန်ထိန် ညီးနေသည်။ မြို့တော်ခန်းမ အဆောက်အအုံရှေ့တွင် အလောင်းများလည်း တောင်လိုပုံလျက် ရှိချေပြီ။

ကျန်သည့်အရပ်သားများကို အုပ်စုလိုက်မပြီး ပန်းခြံတွင်းသို့ မောင်းသွင်းနေကြသည်။ မောင်းသွင်းနေသည့် စစ်သားများ လက်ထဲရှိ သေနတ်ထိပ်မှ လှံစွပ်များတွင် သွေးစက်များ စီးကျနေသည်ကို မြင်တွေ့နေရသည်။ သူတို့အားလုံးမှာ အရက်အလွန်အကျွံသောက် ထားကြကာ လူစိတ်ပျောက် နေကြသည်။ ငိုကြွေးကာ တောင်းပန်တိုးလျှိုးနေကြသည့် လူအုပ်ကြီးကို သေနတ်ဒင်များဖြင့် ရိုက်ပြီး မောင်းသွင်းနေကြခြင်း ဖြစ်သည်။

အမှောင်ရိပ်ကျသည့် တစ်နေရာတွင် နတ်သန်ဒူဝေက သူ့ တပ်စုကို ရပ်ခိုင်းလိုက်သည်။ အသံထွက်အောင်လည်း ကျိန်ဆဲနေသည်။

"တို့ပစ်လို့ မဖြစ်ဘူး၊ ပစ်ရင် စစ်သားထက် အရပ်သားတွေ သေကုန်လိမ့်မယ် ရပ်စ်"

သို့သော်လည်း ကာလိုစ်ဟာရီရာသည် သူ့လူများကို တားဆီးနိုင်စွမ်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံနားသို့ သူတို့ကပ်သွားသောအခါ ပန်းခြံတွင်း၌ ဘာတွေ ဖြစ်နေသည်ကို မြင်တွေ့ကြရတော့သည်။ ဂျစ်ကားတစ်စင်းနားမှာစစ်ဗိုလ်တစ်ယောက်နှင့်၊ အခြားစစ်သားများ ရပ်နေသည်ကို မြင်တွေ့ကြရတော့သည်။ ထို့ကြောင့် ရှေ့သို့ တစ်ပဟုန်ထိုး ပစ်ခတ်ချီ တက်သွားကြသည်။ ဂျစ်ကားဘေးမှ စစ်ဗိုလ်နှင့် စစ်သားများ ထိုနေရာမှာပင် ကျဆုံးကုန်သည်။

မြို့သူမြို့သားများက သေနတ်သံသည် စစ်သားများက သူတို့ကို ပစ်သည်ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် ဖရိုဖရဲ ဖြစ်သွားသည်။ သို့သော်လည်း စစ်သားများက သူတို့ကို သေနတ်ဒင်များနှင့် ရိုက်ပြီး စုစည်းယူကာ ပတ်လည်မှာ ဝိုင်းခိုင်းထားသည်။ သူတို့ကိုယ်တိုင်ကမူ မိန်းမများ၊ ကလေးသူငယ်များ၏ နောက်ကွယ်မှာ အကာအကွယ် ယူထားကြသည်။

ဓားပြဗိုလ်ပါကိုနှင့် သူ့လူများသည် ဓားကောက်များကို ကိုင်ကာ ပန်းခြံအတွင်းသို့ တရကြမ်း ပြေးဝင်သွားကြလေသည်။ သူတို့လက်ထဲမှာ ဓားကောက်များ အရောင်တဝင်းဝင်း လက်သွားသည်ကိုသာ မြင်လိုက်ကြရသည်။

"ကာလို့စ်နှင့်ပါကိုက တို့အကူအညီကို မတောင်းသေးသမျှ တို့ဒီအတိုင်းနေတာ ကောင်းမယ် ထင်တယ်"

ရပ်ဆယ်သော့ပ်က နတ်သန်ဒူဝေကို လှမ်းပြောသည်။ နတ်သန်က ခေါင်းညိတ်ပြပြီး သူ့တပ်စုကို ရောက်ရှိပြီး နေရာတွင် ဆက်လက်နေရာ ယူထားရန် အမိန့်ပေးလိုက်သည်။

"ဒုက္ခပါပဲဗျာ၊ ကျွန်တော်တို့. ." ကြေးစား စစ်သားတစ်ယောက်က ကန့်ကွက်စကားပြောရန် ဟန်ပြင်လိုက်သည်။

"ယော့ကောင့် မင်းကို အမိန့်ပေးထားတယ်" နတ်သန်ဒူဝေက ပြန်ငေါက်သည်။ "သူတို့ကိစ္စကို သူတို့ဟာသူတို့ ရှင်းချင်ကြတယ်၊ မင်းနဲ့မဆိုင်ဘူး"

တွန်ဖာလွန်လည်း သူ၏တပ်စုကို ရောက်သည့်နေရာမှာပင် တပ်စွဲ နေရာယူခိုင်းထားလိုက်သည်။ အကြောင်းပြချက်ကတော့ အတူတူပဲ ဖြစ်သည်။

"ရပ်စ် ပြောသလိုပဲ၊ ဒါဟာ သူတို့တိုင်းပြည်"

\+ + +

ပန်းခြံအတွင်းမှ တိုက်ပွဲသည် ရက်စက် ကြမ်းကြုတ်လွန်းလှသည်။ ပြီးတော့ ခဏချင်းမှာပင် တိုက်ပွဲလည်း ပြီးဆုံးသွားတော့သည်။ အစိုးရ စစ်သားများသည် ကောင်းစွာလေ့ကျင့်ထားသည်မှာ မှန်ပါ၏။ စည်းကမ်း ရှိကြသည်မှာ မှန်ပါ၏။ သို့သော်လည်း ဒေါသပေါက်ကွဲနေသော မျိုးချစ်များကိုကား တွန်းလှန်နိုင်ခြင်း မရှိတော့ပါ။

သေဆုံးသူများ စာရင်းကား များပြားလှချေသည်။

ပြောက်ကျားများ ရောက်မလာမီ စစ်သားများ၏ စက်သေနတ်အောက်မှာ အရပ်သားယောက်ျား ၁၀၀ ကျဆုံးခဲ့ရသည်။ အပြန်အလှန် တိုက်ကြသည့် ကြားထဲတွင် မိန်းမသုံးယောက်နှင့် ကလေးနှစ်ယောက် အပါအဝင် နောက်ထပ် အရပ်သား ၂၀-သေဆုံးသွားရရှာ ပြန်သည်။ ပြောက်ကျားများဘက်က ကိုးယောက်ကျဆုံးပြီး အများအပြား ဒဏ်ရာရကြသည်။

စစ်သားများဘက်က ကျဆုံးသူမှာ ၉၃ယောက် ဖြစ်သည်။ အချို့မှာ ပြောက်ကျားတို့၏ ဓားကောက်အောက်မှာ အသက်ပျောက်မခံပဲ ကိုယ့် သေနတ်နှင့်ကိုယ် ပြန်စီရင် သွားကြခြင်း ဖြစ်သည်။ လူ ၈၀ ဖမ်းမိသည်။ သုံးပုံတစ်ပုံမှာ ဒဏ်ရာများနှင့် ဖြစ်သည်။

"သုံ့ပန်းတွေ ကိစ္စ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ" ဟု တွမ်ဖာလွန် က မေးသည်။

ထိုမေးခွန်းကို ဂျူအန်းမီလင်ဒက်ဇ်က ပြန်ဖြေသည်။

"သူတို့တိုင်းရင်းသား အချင်းချင်းမဲခွဲ ဆုံးဖြတ်ကြတယ်၊ တစ်ညီတညွတ်တည်း 'အေး' လို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



သံ့ပန်းများက အသက်ချမ်းသာပေးရန် တောင်းပန်ကြသည်။ ကာလို့စ်နှင့် ပါကို အဖြေက "ဟင့်အင်း" ဖြစ်လေသည်။

\+ + +

"ရပ်ဆယ်သော့ပ်၊ နတ်သန်ဒူဝေနှင့် တွမ်ဖာလွန်တို့ သုံးယောက် တစ်ဒရေးအိပ်ရန် ကြိုးစားကြသည်။ တစ်နာရီလောက်တော့ သူတို့အိပ်လိုက် ကြရပါသည်။ ကင်ပိုစတယ်လာနှင့် ဆယ်မိုင်ခန့်ဝေးသော လာဂရာနာမြို့ကျသွားပြီး ဆိုသောအခါ သူတို့လည်း အိပ်ရာမှ နိုးကြရတော့သည်။

လာဂရာနာမြို့ကျသွားပုံမှာ သေနတ်တစ်ချက် မဖောက်ရပဲနှင့် ကျသွားခြင်းဖြစ်သည်။

ကိုယ်ပိုင်မော်တော်ကားရှိသော ကင်ပိုစတယ်လာမြို့သား အချို့သည် လာဂရာနာမြို့သို့ ကားမောင်းသွားကြသည်။ မိမိတို့မြို့တွင် ဖြစ်ပျက်သည်များကို ပြောပြကြသည်။ လာဂရာနာမြို့ သူမြို့သားများသည် သူတို့မြို့မှာ ရှိနေ သည့် လက်နက်ကိုင် အစောင့်လူနည်းစုကို ဝင်ရောက် တိုက်ခိုက်ကာ မြို့ကို သိမ်းပိုက်ထားလိုက်ကြသည်။

ထိုသတင်း ကင်ပိုစတယ်လာမြို့သို့ ပြန်ရောက်လာသည်။ အရှဏ် မတက်မီ ရှက်ဗရိုလေ ကားတစ်စင်းဖြင့် လူသုံးယောက် စန်တာကလာရာမြို့မှ ပြန်ရောက်လာသည်။ သူတို့နှင့်အတူ ပိုမို စုံလင်သည့် သတင်းများကိုလည်း ယူလာကြသည်။

"မြို့တော်မှာ စစ်ဥပဒေထုတ်ပြီး နေဝင်မီးငြိမ်း အမိန့်ထုတ် ထားတယ်"ဟု ကားနှင့် ပြန်လာသူ သုံးဦးအနက် အသက်အကြီးဆုံးလူက ပြောသည်။ "ပေါ်ပြူလာပါတီဝင်တွေကိုလည်း အစုလိုက်အပြုံလိုက် ဖမ်းနေတယ်၊ ရာနဲ့ မဟုတ်တော့ဘူး၊ ထောင် နဲ့ချီပြီး ဖမ်းနေတာ"

ထိုသို့ ဖမ်းသည်ဆိုခြင်းမှာ ဘာအဓိပ္ပာယ် ဖြစ်ကြောင်း ရပ်ဆယ်သော့ပ်နှင့် ကာလို့စ် ဟာရီရာတို့က သဘောပေါက်လိုက်ကြသည်။ ကာနယ် လီနာရီသည် သူ့ဇာတ်ကို ဇာတ်ရှိန်မြင့် ပေးနေခြင်း ဖြစ်သည်။ အာဏာသိမ်းနိုင်မည့် အချိန်သို့ရောက်အောင်တွန်းပို့နေခြင်း ဖြစ်သည်။ ၂၄ နာရီ အတွင်း အားလုံးကို သူထိန်းချုပ်သွားနိုင်တော့မည် ဖြစ်လေသည်။

ကာလို့စ်နှင့် မီလင်ဒက်ဇ်တို့ နှစ်ယောက်က စန်တာကလာရာမှ ပြန်လာသူများကို အသေးစိပ် ထပ်မံမေးမြန်းသည်။ ပြန်ဖြေသည်များကို ရပ်ဆယ်သော့ပ်၊ နတ်သန်ဒူဝေနှင့် တွမ်ဖာလွန်တို့ကို ဘာသာပြန်ပေးသည်။

ပေါ်ပြူလာပါတီမှ ရွေးကောက်ပွဲဝင်ရန် စာရင်းပေးသွင်းထားကြသူတိုင်း အဖမ်းခံကြရခြင်း ဖြစ်သည်။ သမ္မတလောင်းအဖြစ် ဝင်ရောက် အရွေးခံမည့် ဇေဗီးယားပီနီဒါနှင့် ဒုတိယ သမ္မတလောင်းများမှာ ဗွေဆော်ဦး အဖမ်းခံကြရသူများ ဖြစ်သည်။

"ရူးအစ်မိုရီနို. . . ဂျူစီတီတွမ်၊ ပီဒရိုဇားလ်ဇီးဒါး၊ ပိုလီကာပို အာဂူး. . . . အားလုံး ပါသွားကြပြီ၊ ဂါစီယာကွင်တာလည်း ပါသွားတယ်"

ရပ်ဆယ်သော့ပ်မှာ ချက်ချင်းခေါင်းထောင်ထလာသည်။

"ဆီးနိုတ်လွှတ်တော်အမတ် ဝင်အရွေးခံမယ့် ဂါစီယာကွင်တာလား" ဟုလည်း လှမ်းမေးသည်။

"မှန်ပါတယ် ဆီညော်"

"လေယာဉ်ပျံကွင်းကို ကွင်တာလာပြီး ငါနဲ့တွေ့သွားတယ်၊ ဒီကောင် အလကားကောင်၊ သူဘာကောင်လဲဆိုတာ ငါချက်ချင်း သိလိုက်တယ်၊ သူ့ကိုစစ်တာနဲ့ အားလုံးကို ဖော်ပြောတော့မှာ ပဲ"ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

ကာလို့စ်ဟာရီရာကလည်း မျက်နှာမသာမယာဖြင့် ခေါင်းညိတ်ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘာမှမစစ်ရသေးခင် အကုန်ဖော်ကောင် လုပ်မယ့် အကောင်ပါ၊ သူ့အသားကိုတော့ တစ်ချက်ကလေး အနာခံမယ့်ကောင် မဟုတ်ဘူး"

ရပ်ဆယ်သော့ပ်သည် ပင်ပန်းနွမ်းနယ်နေသည်များကို ကြိုးစားပြီး မေ့ဖျောက်ပစ်လိုက်သည်။ ခန္ဓာကိုယ်တွင်းမှာ ကျန်ရှိနေသေးသည့် ခွန်အားများကို ညစ်ထုတ်ယူလိုက်သည်။

"တပ်အားလုံး ပြန်စု၊ ချီတက်ဖို့ အသင့်ပြင်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ဂါစီယာကွင်တာနဲ့ပတ်သက်ပြီး ရပ်ဆယ်သော့ပ်နှင့် ကာလိုစ်ဟာရီရာတို့ တွေးဆကြသည်မှာ မှန်ပါသည် သူ့အသက်ချမ်းသာရရန်နှင့် နှိပ်စက်ညှဉ်းပန်းခြင်းမှ လွတ်ကင်းရန် ဂါစီယာကွင်တာသည် မေးသမျှအားလုံးကို မဖုံးမကွယ် အစစ်ခံလေတော့သည်။ ကာနယ်လီနာရီနှင့် မေဂျာဗေလာညှုတာ တို့ နှစ်ယောက်က သူ့ကို စစ်ဆေးနေသည်။

"ခေါင်းဆောင်က အမေရိကန်၊ သူ့နာမည်က သော့ပ်၊ ပုံပန်း သဏ္ဌာန် ကို ပြောပြစမ်း"

ကွင်တာက ပုံပန်းသဏ္ဌာန်ကို အသေးစိပ် ပြောပြသည်။

"ဒီကောင်ဟာ စီအိုင်အေလား၊ တော်လှန်ရေးသမားလား၊ ဒါမှမဟုတ်ရင် ဘာကောင်လဲ"

"ဒါကိုတော့ ကျွန်တော်မသိပါဘူး ခင်ဗျာ၊ ဒါပေမယ့် သူနဲ့အတူတူ အမေရိကန်လူမျိုးအတော်များများ ပါလာပါတယ်၊ သူတို့ရဲ့ ယူနီဖောင်းတွေ၊ သူတို့ ကိုင်ဆောင်တဲ့ လက်နက်တွေအာလုံးဟာ အမေရိကန် ပစ္စည်းတွေ ချည်းပါပဲ"

သူတို့လူ ဘယ်လောက်များသလဲ"

"ကျွန်တော်မြင်ခဲ့ရသလောက်တော့ ငါးဆယ်ခြောက်ဆယ်လောက် ရှိပါလိမ့်မယ်၊ ဒါပေမယ့် ဒီထက်လဲ များနိုင်ပါတယ်" ဂါစီယာကွင်တာ၏ လက်များမှာ တဆတ်ဆတ်တုန်နေသည်။

"ကျွန်တော်တို့ တိုင်းရင်းသားတွေလဲ ရှိပါသေးတယ်၊ ဒါပေမယ့် သူတို့ အရေအတွက်ကိုတော့ ကျွန်တော် မသိခဲ့ရပါဘူး"

"ခင်ဗျားတိုက်လေယာဉ်တွေ တွေ့ခဲ့သလား၊ မော်တာကြီးတွေ တွေ့သလား၊ အမြောက်ကြီးတွေရော ပါသလား"

"မတွေ့ပါဘူး ကာနယ်"

"ပုံးခိုကျင်းတွေ တူးထားသလား၊ အမြောက်ဆင်ဖို့နေရာတွေ ပြင်ဆင်ထားတာရော တွေ့သလား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ပါဘူး မေဂျာ"

"တောင်ပေါ်သွားတဲ့လမ်းကို ပိတ်ဆို့ထားတာတွေ တွေ့သလား၊ ကျင်းတွေ၊ ချိုင့်တွေ တူးထားတာတွေ့သလား"

"မတွေ့ပါဘူး ကာနယ်"

ကာနယ်လီနာရီနှင့် မေဂျာဗေလာညှုဟာတို့ နှစ်ယောက်သည် ဂါစီယာ ကွင်တာကို နောက်ထပ် နှစ်နာရီမျှကြာအောင် ဆက်လက် မေးမြန်းကြသေးသည်။ နောက်ဆုံးတွင်မှ ကာနယ်လီနာရီက ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

"မေဂျာ ဗေလာညှုဟာက စစ်ကြောင်းတစ်ကြောင်းကို ခေါင်းဆောင်ပြီး တောင်ပေါ်ဒေသကို ချီတက်လိမ့်မယ်၊ ခင်ဗျားရှေ့ဆုံးကနေ လိုက်သွားရ မယ့် ကွင်တာ၊ ခင်ဗျားလိမ်ပြောရင်၊ ဒါမှမဟုတ် လမ်းမှားခေါ်သွားရင် ပြောက်ကျားတွေကဖြစ်ဖြစ် ကျုပ်တို့တပ်ကဖြစ်ဖြစ် ပထမဦးဆုံး ပစ်သတ်မယ့် လူဟာ ခင်ဗျားပဲ"

\+ + +

ဒေးဗစ်ရာဘီမက်ဆိုရီသည် အက်စ်ဝိုင်အာ -၃၁အမျိုးအစား အသံလှိုင်း အသံဖမ်း စက်ကြီးဖြင့် ရန်သူ့သတင်းများကို ဖမ်းယူနေသည်။ သူ့လက်ထောက် စန်ချက်ကဘာသာပြန်ပေးနေသည်။ စစ်ရုံးချုပ်ကို ပေးပို့သည့် သတင်းများကို သူတို့ ဖမ်းမိနေသည်။

တင့်ကားနှင့် သံချပ်ကာကားများ ပါဝင်သော အင်အား ၈၀၀ ရှိသည့် မော်တော်ယာဉ်တပ်ကြီးကို မေဂျာဗေလာညှုဟာက ခေါင်းဆောင်ပြီး စန်တာကလာရာမြို့မှ ချီတက်မည်။ သူတို့၏ ရည်မှန်းချက်သည် စန်အင်ဂျီလို ပြည်နယ် ဖြစ်သည်။ ပြောက်ကျားများ၏ အခြေခံစခန်းများကို တိုက်ခိုက်ချေ မှုန်းပစ်ရန် ဖြစ်သည်။

စစ်ရုံးချုပ်တွင် တပ်ခွဲနှစ်ခွဲ ကျန်ရစ်ခဲ့မည်။ အခြားတပ်ခွဲ တစ်ခုက ပေါ်ပြူလာပါတီဝင်များကို ပိုက်စိပ်တိုက်ပြီး ဖမ်းမည်။ ယာယီအကျဉ်းထောင် ပြုလုပ်ထားသော ပလာဇာဒီတိုရီ အားကစားကွင်းတွင် အစောင့်အဖြစ် တပ်စုတစ်စုသာ ကျန်ရစ်ခဲ့မည်။ စန်တာကလာရာမြို့ပြင်တွင် ကင်းလှည့်နေကြသော တပ်ဖွဲ့များသည် မေဂျာ ဗေလာညှုဟာ၏ စစ်ကြောင်းကြီး ရောက်အလာကို အသင့်စောင့်နေကြရမည်။ စစ်ကြောင်းကြီး ရောက်လာသည်နှင့် တစ်ပြိုင်တည်း စစ်ကြောင်းနှင့်ပူးပေါင်းကာ ရည်မှန်းချက်နေရာကို ဆက်လက်ချီတက်သွားကြရမည်။

ရာဘီနှင့် စန်ချက်တို့ပေးသည့် သတင်းများနှင့် မြေပုံကို ရယ်ဆယ်သော့ပ်က အသေးစိပ် လေ့လာနေသည်။သူတို့ ရောက်ရှိပြီး တပ်စခန်းချထားသော နေရာသည် တောင်ပေါ်ဒေသသို့ သွားရာလမ်းဖြစ်သည်။ဂျော့ဇ်စ်ဂူရပ်စ်၊ ယိတ်နာဂယ်တို့နှင့်အတူ လင့်ရှိုတာကားငှားပြီး လေဆိပ်သို့ သွားရောက်ကြည့်ရှုစဉ်က နံနက်စာ ဝင်စားကာ လိုအပ်သည့် စားစရာများကို ဝယ်ယူသွားခဲ့ဖူးသောရွာ ဖြစ်သည်။ ယခုချီတက်လာသော စစ်ကြောင်းသည်လည်း သည်ရွာမှာပင် ခေတ္တစခန်းချပေလိမ့်မည်။

၁၀း၀၀ နာရီတွင် သူ့တပ်ဖွဲ့များ အားလုံးအသင့်ပြင်ပြီး ထရပ်ကားများပေါ်မှာ နေရာယူရန် အမိန့်ထုတ်လိုက်သည်။

၁၀း၃၀ ရယ်ဆယ်သော့ပ် ခေါင်းဆောင်သည့် စစ်ကြောင်းကြီးသည်လည်း စန်တာကလာရာမြို့သို့ ဦးတည်ပြီး မော်တော်ကားများဖြင့် ချီတက်ခဲ့ လေသည်။

\+ + +

နယူးယောက်မြို့တွင် ဒင်နီယယ်ဆိဇ်သည် ကလျာမေယာကို သူ့ရုံးခန်းအတွင်းသို့ ကြိုဆိုခေါ်ယူလာသည်။ ယခုလို မမျှော်လင့်ပဲ လာရောက်လည်ပတ်သည့်အတွက် အလွန်ဝမ်းသာကြောင်းများကို ပြောပြသည်။

ကလျာမေယာကလည်း ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်ဆက်ဆံသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၏ ဆက်ဆံမှုများမှာ အပြင်ပန်းအားဖြင့်တော့ လိုက်လိုက်လှဲလှဲ ရှိသည်။ ရင်းရင်းနှီးနှီး ရှိသည်။ စိတ်တွင်းကမူ တစ်ယောက်ကိုတစ်ယောက် အလစ်မပေးရဲပဲ သတိထားပြီး ဆက်ဆံနေကြလေသည်။

ဒင်နီယယ်ဆိဇ်သည် မေယာကိုကုမ္ပဏီတွင် ဩဂုတ်စတပ် ဆမ်မြူယယ်၏ အားအကိုးရဆုံးသော သာမန်ညာလက်ရုံးမျှ သာမဟုတ်ပါ။ နှစ်ပေါင်းများစွာကတည်းက ပေါင်းသင်းလာခဲ့ကြသော ရင်းနှီးသူ မိတ်ဆွေရင်းချာလည်း ဖြစ်လေသည်။

ကလျာကလည်း သူ့ကို လူဖြစ်ကတည်းက သိကျွမ်းရင်းနှီး လာခဲ့သည်။ ထို့ကြောင့် 'အန်ကယ်ဒင်' ဟု ခေါ်လေ့ရှိသည်။ ယခုတော့ ကြိုတင်ချိန်းဆိုထားခြင်းမရှိပဲ ကလျာ ရောက်လာသည်။

ဒင်နီယယ်ဆိဇ်သည် မေယာကို၏ အချိန်ပိုင်း ဒါရိုက်တာ နှစ်ဦးနှင့် တိတ်တဆိတ်တွေ့ဆုံပြီး မေယာကို အကြောင်းများကို ဆွေးနွေးထားခဲ့သည်။ ဆမ်မြူယယ် လုပ်ကိုင်နေပုံများနှင့် ပတ်သက်ပြီး သူ့စိတ်ထဲတွင် မသင်္ကာသောကြောင့် ထိုသို့ ဆွေးနွေးခြင်း ဖြစ်သည်။ ယခုလို ကလျာ ရောက်ရှိလာခြင်းမှာ ထိုကိစ္စကို ဆမ်မြူယယ်မေယာ အနံ့ရသွားသောကြောင့် တစ်ဘက်လှည့်နှင့် စုံစမ်းခိုင်းလိုက်ခြင်းလားဟုလည်း တွေးပြီး စိုးရိမ်နေမိသည်။

ကလျာမေယာဘက်ကလည်း တစ်မျိုးဖြစ်သည်။ သူ့အဖေ အကျပ်အတည်းပေါင်းစုံနှင့်တွေ့ကြုံနေရသည်များမှာ ဘာတွေဖြစ်သနည်း၊ ဘာတွေကို အရင်းခံသနည်း ဆိုသည်များကို သိရှိနိုင်အောင် သူတစ်ကိုယ်တော် စုံစမ်းရေးများကို ပြုလုပ်နေခြင်းဖြစ်သည်။ ဟာရွေဘလောက်နှင့် အခြားသူများထံမှာ စုံစမ်းခဲ့ပြီ။ သို့သော်လည်း အကျိုးမထူးခဲ့။ ထို့ကြောင့်အန်ကယ်ဒင်ထံမှ ရရှိနိုင်သရွေ့ စုံစမ်းကြည့်ရန် နယူးယောက်မြို့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

"သမီးအရမ်း လှလာတာပဲ၊ အန်ကယ်တွေ့တိုင်း တစ်ကြိမ်ထက် တစ်ကြိမ် ပိုပြီး လှလာတယ်. . . သမီးရယ်" ဒင်ဆိဇ်က ပြုံးပြီး ပြောသည်။

"သမီးအလှကို ချီးကျူးမြှ ချီးကျူးနေတာ အံ့ဩစရာတော့ မဟုတ်ပါ ဘူး အန်ကယ်၊ သမီးအခုလာတာ မတွေ့ရတာကြာလို့ အလည်လာတဲ့ သဘောမျိုးပဲ ဖြစ်လိုက်ချင်ပါတယ်၊ ဒါပေမယ့် အဲဒီလိုလဲ မဖြစ်ဘူး အန်ကယ်၊ ဘာကြောင့်လဲဆိုတော့ဖေဖေနဲ့ ပတ်သက်ပြီး သမီးစိတ်ပူလို့ အန်ကယ်နဲ့ လာတွေ့တာပါ"

ဒင်ဆိဇ်က ပိုပြီး သတိထားလိုက်သည်။ သူ့အဖေအပေါ်မှာ မသင်္ကာစိတ်များ ထားမိနေသည်ကို သွယ်ဝိုက်မေးတော့မည်လားဟုလည်း တွေးလိုက်မိ လေသည်။

"သူ့နေထိုင်မကောင်းတော့ မဖြစ်ပါဘူးနော်"

"သူ အချိုးပြောင်းသွားတယ် အန်ကယ်၊ အခုနောက်ပိုင်းမှာ တစ်မျိုးပဲ၊ အန်ကယ် သတိမထားမိဘူးလား"

ဒင်ဆိဇ်က တစ်ထစ်တိုးပြီး စူးစမ်းကြည့်လိုက်သည်။

"သူပင်ပန်းလို့လဲ ဖြစ်ပါလိမ့်မယ် သမီးရယ်၊ သူ့အသက်က ၇၀ ကျော်ပြီ၊ ဒါပေမယ့် အသက်နဲ့မလိုက်အောင် အလုပ်တွေကို နင်းကန် လုပ်နေတယ်။

"အန်ကယ်က စကားပြောင်းပစ်တာကိုး၊ အင်ဒီးယန်းဝဲလ်စ် အိမ်ဟာ အိမ်နဲ့ မတူတော့ဘူး ခံတပ်ကြီးလို ဖြစ်နေပြီ၊ ဖေဖေနဲ့ နာဒိုင်းဟာ အစောင့်တွေ အထပ်ထပ်ကြားထဲမှာ အကျဉ်းသားတွေနဲ့ တူနေပြီ။ ပင်သီယွန်ကုမ္ပဏီလဲ ပြဿနာပေါ်နေတယ်၊ မေယာကိုကုမ္ပဏီရဲ့ အစုရှယ်ယာဈေးနှုန်းတွေ ကျနေတယ်။ ဒါတွေ အားလုံးချက်ချင်း လက်ငင်းဖြစ်လာတာ"

ကလျာမေယာသည် ဆမ်မြူယယ်မေယာ၏ တစ်ဦးတည်းသော သမီး ဖြစ်သည်။ ထို့ကြောင့် ဆမ်မေယာနှင့် ပတ်သက်ပြီး သူပြောသမျှ စကားလုံးများသည် မိမိအတွက် အဖိုးတန်နိုင်သည်ဟု ဒင်ဆိဇ်က သဘောပေါက် လိုက်သည်။ ထို့ကြောင့် ပိုပြီးအကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရအောင် စကားထပ်နှိုက် ကြည့်သည်။

"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် သမီး၊ သမီး စိတ်ပူတာထက် မနည်းပဲ အန်ကယ်လဲ ဆမ်အတွက် စိတ်ပူပါတယ်။ အန်ကယ်လဲ အမှောင်ထဲမှာ စမ်းတဝါးဝါးသွားနေရသလိုပဲ၊ ဆမ်ဟာ အန်ကယ်အပေါ်မှာ ထားခဲ့တဲ့ ယုံကြည်မှုကို ချက်ချင်း ရပ်ဆိုင်းပစ် လိုက်တယ်၊ မလိုလားအပ်တဲ့ ပြဇာတ်ဖုံးလွှမ်း မှုတွေကို သူခံနေရတယ်လို့ အန်ကယ်ထင်တယ်၊ အဲဒါတွေရဲ့ အကျိုးဆက်တွေကိုဆက်ပြီး ရင်ဆိုင်ကြရမှာပဲ"

"မလိုလားအပ်တဲ့ပြဇာ ဖုံးလွှမ်းမှု၊ ဘယ်သူက ပြဇာလွှမ်း နေတာလဲ အန်ကယ်"

"လူငယ်အုပ်ချုပ်ရေး အရာရှိတစ်ယောက်ပေါ့ကွယ်" ဒင်က မျက်နှာထားကို တည်တည်ထားလိုက်သည်။ "ရပ်ဆယ်သော့ပ်ဆိုတဲ့ သူငယ်ပေါ့၊ အန်ကယ့်ကို သူအရှုံးလုပ်သွားခဲ့တယ်၊ အန်ကယ့်ထက်ပိုပြီး ဆမ်ကိုအကြီးအကျယ် အရှုံးလုပ်သွားခဲ့တယ်"

"အရည်အချင်း မရှိလို့ အခွင့်အရေးတွေကျော်လို့ဆိုပြီး သူ့ကို အလုပ်က ထုတ်ပစ်လိုက်ပြီး မဟုတ်လား"

"ဆမ်က ကြေငြာချက်အတိုင်း သမီးကို အသိပေးထားတာကိုး" ကလျာ၏ စိတ်ဓာတ်ကို ကိုင်လှုပ်ပစ်ရန် ဒင်နီယယ်ဆိဇ်က စကားစ လိုက်သည်။ "အဖြစ်မှန်က ဒီလိုမဟုတ်ဘူး၊ ဆမ်နဲ့မေယာကို ကုမ္ပဏီက ငွေတွေကို ရပ်ဆယ်သော့ပ် လိမ်သွားခဲ့တယ်၊ အားလုံးပေါင်း ဒေါ်လာဆယ့်ငါးသန်း၊ ဆယ့်ငါးသန်းတောင်"

ကလျာက မျက်လုံးပြူးသွားသည်။ အလွန်တရာလည်း အံ့ဩသွား သည်။

"သော့ပ်ဟာ အင်မတန် တော်တဲ့အကောင်" ဒင်က ဆက်ပြောသည်။ "ငွေတွေက . . . အဲ. . . ကုမ္ပဏီနဲ့မပတ်သက်. . . ဟိုလေ အမှုဖွင့်ပြန်ရင်လဲ အားလုံး ဒုက္ခရောက်ကုန်နိုင်မယ့် အဖြစ်မျိုး. . ၊ သော့ပ်က ဒီတိုင်းပြည်ထဲက ထွက်ပြေးသွားတယ်၊ သူ့အသံကို ဆမ်နောက်ဆုံး ကြားလိုက်ရတုန်းက လန်ဒန်ကို သူရောက်နေတယ်"

ဒင်နီယယ်ဆိဇ်သည် သူသိထားသမျှများကို အသေးစိတ် ဆက်လက် ပြောပြနေသည်။ ကလျာ၏ အမူအယာမှာ ဘာကိုယုံရမှန်း မသိတော့လောက်အောင်ဖြစ်ပြီး ချောက်ချောက်ချားချား ဖြစ်နေပုံရသည်။ သူ့အဖေ၏ ဆုံးဖြတ်ချက်များအပေါ်တွင် ကလျာသည် သံသယများ ဝင်လာစပြုပြီဟုလည်း ဒင်က အကဲခတ်လိုက်မိသည်။

ဒါလောက်ဆိုလျှင် မိမိဘက်က ဘာအမှားကိုမှ ဆက်လက်လုပ်ဖြစ်နိုင် စရာလည်း အကြောင်းမရှိတော့ဟု ထင်မှတ်လိုက်လေသည်။

\+ + +

ရပ်ဆယ်သော့ပ်သည် ဗီယက်နမ် စစ်မြေပြင်တွင် အတွေ့အကြုံပေါင်းများစွာကို ရရှိခဲ့သည်။ ထိုအတွေ့အကြုံများကို ယခုလက်တွေ့ ကျင့်သုံးနေသည်။

ရာဘီမက်ဆိုရှီကို ကြိုးမဲ့ကြေးနန်းဖြင့် စစ်ရုံးချုပ်သို့ ဆက်သွယ်ခိုင်းလိုက်သည်။ စကားပြောခွက်ကို ကာလိုစ်ဟာရီရာလက်သို့ လှမ်းပေးသည်။ ကာလိုစ်က မေဂျာပေလာညှာတာ၏ စစ်ကြောင်းနှင့်အတူ ချီတက်လိုက် ပါလာသောဗိုလ်ကြီးတစ်ယောက် ယောင်ဆောင်သည်။ တောင်ပေါ်ဒေသသို့ ချီတက်သွားသော စစ်ကြောင်းမှ နိုင်ငံရေး အကျဉ်းသမား အတော်များများကို ကင်ပိုစတယ်လာနှင့် လာဂရာနာတွင် ဖမ်းဆီးခဲ့ကြောင်းကို သတင်းပို့သည်။

"အဲဒီ အကျဉ်းသားတွေကို စန်တာကလာရာမှာရှိတဲ့ ပလာဇာဒီတိုရှီကို ပြန်ပို့ပေးဖို့ မေဂျာက ကျွန်တော့်ကို အမိန့်ပေးခဲ့ပါတယ်၊ ဒါကြောင့် ကာနယ်လီနာရီဆီက ခွင့်ပြုမိန့် တောင်းပေးပါ" ဟု ကာလိုစ်က ဆက်ပြောလိုက်သည်။

ထိုသတင်းပို့ချက်ကို ကြားသောအခါ လီနာရီအစဉ်းစားရ ကျပ်သွားသည်။ မေဂျာပေလာညှာတာသည် အကျဉ်းသားများကို ဖမ်းမိသည့် နေရာမှာပင် ဘာကြောင့် အပြတ်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



မပစ်ခဲ့သနည်း။ အမှန်တော့ မြို့တော်ရှိ အကျဉ်း ထောင်သို့ ပြန်ပို့နေရန် ဘာအကြောင်းမှမရှိချေ။ တစ်ခါတည်း ပြီးပြတ်အောင် ဆောင်ရွက်သွားရမည်သာ ဖြစ်သည်။

အတွေးရခက်နေသော်လည်း လီနာရီက ခွင့်ပြုလိုက်သည်။

ထို့နောက်ပိုင်းတွင် မြို့တော်ကို ဦးတည်ပြီး မော်တော်ကားတန်းကြီး တစ်ခု ချီတက်သွားကြောင်း ကြားစခန်းများက စန်တာကလာရာရှိ စစ်ဌာနချုပ်သို့ သတင်းပို့ပေးသော်လည်း မည်သူကမှ အရေးထားမနေကြတော့ပေ။ ကင်ပိုစတယ်လာနှင့် လာဂရာနာ မြို့နှစ်မြို့မှ ဖမ်းဆီးရမိခဲ့သော နိုင်ငံရေး အကျဉ်းသားများကို မြို့တော်သို့ ပြန်ပို့ရန် ထွက်ခွာလာသည့် ကားတန်းအဖြစ်နှင့်သာ သူတို့ အားလုံးက သဘောထားလိုက် ကြလေသည်။

နေလ်ဆင်က ရှေ့ဆုံးမှ ဂျစ်ကားကို မောင်းလာသည်။ ရပ်ဆယ်သော့ပ်က သူ့ဘေးမှ ထိုင်လိုက်လာသည်။ နတ်သန်ဒူဝေက ကြီးမားကြံ့ခိုင်သည့် သူ၏ လက်နှစ်ဖက်ဖြင့် အမ် ၆၀ စက်သေနတ်ကြီးကို ပိုက်ပြီး နောက်ခုံမှာ ထိုင်လိုက်လာသည်။

သူတို့ သုံးယောက်စလုံး စိတ်ဓာတ်တက်ကြွနေကြသည်။ သူတို့ နောက်မှ ချီတက်လိုက်ပါလာကြသော ကြေးစားစစ်သားများ အားလုံး၊ တိုင်းရင်းသား မျိုးချစ်များ အား၊ ပြောက်ကျားများ အားလုံးလည်း သူတို့နည်းတူ စိတ်ဓာတ် တက်ကြွနေကြသည်။

အဆုံးအဖြတ် ပေးတော့မည့် ပွဲကြီးတစ်ပွဲကို ဆင်နွှဲဖို့ အာရုံ တစ်ခုတည်းကိုသာ အားလုံးက စူးစိုက်လျက် ရှိကြလေသည်။

\+ + +

သို့သော်လည်း စန်တာကလာရာမြို့တော်တွင်းမှာ ရှိနေသည့် ဂျက်ဖရေစပင်ဇာ၏ စိတ်ဓာတ်ကား အကြီးအကျယ် ကျဆင်းနေလေသည်။ အင်ကမ်းကုမ္ပဏီ အုပ်ချုပ်ရေး အဆောက်အအုံရှိ ရုံးခန်းထဲမှာ သူထိုင်နေသည်။ လက်အောက်ခံ ဟိုတယ်များ၊ ကုမ္ပဏီခွဲများရှိ မန်နေဂျာများက ဘာဆက်လုပ်ရမည်ကို တယ်လီဖုန်းများဖြင့် အမိန့်များ တောင်းခံနေကြသည်။

ကာနယ်လီနာရီသည် လက်လွန်ခြေလွန်တွေ ဆက်တိုက်လုပ်နေသည်။ နိုင်ငံရေးသမားများကို ပြောင်ပြောင်တင်းတင်း ဖမ်းဆီးနေတော့သည်။ စောစောပိုင်းက လျှို့ဝှက်ထားခဲ့သည်များကိုလည်း ဆက်လက်ထိန်းသိမ်းထားခြင်း မရှိတော့။ လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် တပ်ဖွဲ့များ တစ်မြို့လုံးမှာ ခြေချင်းလိမ်နေသည်။ သေနတ်မောင်းခလုတ်ကိုလည်း ပျော်ပျော်ပါးပါး ဖြုတ်နေကြသည်။ သေနတ်သံများကို တစ်မြို့လုံး အနှံ့ကြားနေရသည်။ လမ်းမများပေါ်မှာပင် အရပ်သားများကို ပြောင်ပြောင်တင်းတင်း ပစ်သတ်နေကြောင်း သတင်းများ ရောက်လာသည်။

ဟိုတယ်များမှာ တည်းခိုနေကြသည့် နိုင်ငံခြားဧည့်သည်များ ထွက်ခွာသွားကြသည်။ ရရာလေယာဉ်ပျံဖြင့် ပြူအာတိုကွေဒို နိုင်ငံတွင်းမှ ထွက်ခွာသွားကြရန် ကြိုးစားကြသည်။

နိုင်ငံခြား သတင်းထောက်များဘက်ကလည်း ဆူဆူညံညံ ဖြစ်လာသည်။ ဆူညံသံများ ပိုမို များပြားလာစရာသာ ရှိသည်။ နိုင်ငံခြားမှာ ရှိနေကြသော သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များ၊ ရုပ်မြင်သံကြား ကင်မရာ ဆရာများက ပြူအာတိုကွေဒိုနိုင်ငံတွင်းသို့ အစုလိုက်အပြုံလိုက် ဝင်ရန်ကြိုးစား နေကြသည်။ ရောက်သူတွေလည်း ရောက်လာကြသည်။

အဆိုးဆုံးမှာ အလုပ်သမား ပြဿနာဖြစ်သည်။ ပြူအာတိုကွေဒို နိုင်ငံတွင်း၌ သပိတ်မှောက်ခွင့်မရှိ။ ဆန္ဒပြခွင့်မရှိ။ သို့သော်လည်း အင်ကမ်း ကုမ္ပဏီ၏ အလုပ်သမားများမှာလဲ အလုပ်မဆင်းပဲ နေကြသည်။ အလုပ် မဆင်းသူ ဦးရေက တစ်နေ့တခြား ပိုမိုများပြားလာသည်။ ယခုအခါတွင် အလုပ်ပျက်ကွက်သူပေါင်း ၉၀ ရာခိုင်နှုန်းအထိ ရှိလာလေသည်။ အင်ကမ်းကုမ္ပဏီ၏ လုပ်ငန်းများအားလုံး ရပ်ဆိုင်းကုန်တော့သည်။

ကာနယ်လီနာရီနှင့် အဆက်အသွယ်ရဖို့ ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်အောက်အရာရှိများက လီနာရီနှင့် ဆက်သွယ်မပေးပဲ ငြင်းနေကြသည်။ ကာနယ် အလုပ်များနေသဖြင့် မည်သူနှင့်မှ ဆက်သွယ်ခွင့်မပေးနိုင်ပါဟု ပြောကြသည်။

ထိုအကြောင်းများကြောင့် ဂျက်ဖရေစပင်ဇာကမှာ စိတ်မာတ်ကျရုံသာမက စိုးရိမ်စိတ် များပါ ပွားများလာသည်။

နံနက် ၁၁-နာရီ မထိုးမီ အချိန်တွင် ပေါလ်ဟားဟတ်က ဖုန်းလှမ်း ဆက်သည်။ ပေါလ်ကမူ စိတ်အားတက်ကြွလျက် ရှိသည်။ ဂျက်ဖရေပြောပြသည့် သတင်းများကို နားထောင် ပြီးသောအခါ ဘာတွေဆက်ဖြစ်နိုင်သနည်းဟု မေးသည်။

"လီနာရီကို တပ်သုတ်နှင်ခိုင်းဖို့ ကျွန်တော့်ကို ခင်ဗျားပြောတယ် မဟုတ်လား၊ သူလဲ မီးကုန်ယမ်းကုန် ကြနေတာပဲ၊ မကြာခင် အခြေအနေတွေ အားလုံး ကောင်းသွားပါလိမ့်မယ်" ဟု ဂျက်ဖရေက ပြန်ပြောသည်။

ထိုအဖြေကြောင့် ပေါလ်ဟားဟတ် ကျေနပ်သွားသည်။

"တို့ စီမံကိန်းကြီးက ကိုယ့်ကို နောက်ထပ် အကြံဉာဏ်တွေ သင်ပေးနေတယ် ဂျက်ဖ်၊ ကုမ္ပဏီတစ်ခုကို ကိုယ်တို့နဲ့ ပူးပေါင်းလာအောင် လုပ်တယ်ဆိုတာ အလကားအလုပ်ပဲ၊ အကျိုးကျေးဇူးလဲ ဘယ်လောက်မှ ရှိလှတာ မဟုတ်ဘူး၊ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေမှာ နိုင်ငံရေး မတည်ငြိမ်မှုတွေ ဖြစ်အောင် ဖန်တီးပြီး. . "

"မနက်ဖြန်လဲကျရော တစ်ကမ္ဘာလုံးက" ဂျက်ဖရေစပင်ဇာက ပေါလ်၏ စကားကို ဖြတ်ပြောရန် ကြိုးစားသည်။ သို့သော်လည်း အချည်းနှီးသား ဖြစ်ပါသည်။

ပေါလ်ဟားဟတ်က ပျော်ပျော်ရွှင်ရွှင်ကြီးရယ်သည်။ ပြီးတော့ သူပြောစရာရှိသည်များ ကို တစ်ဘက်လူအား စောင့်မနေပဲ ပြောချနေသည်။

"ကိုယ်ဒါလောက် လောဘမကြီးပါဘူး ဂျက်ဖ်၊ တစ်ကမ္ဘာလုံးကို သိမ်းဖို့ မရည်ရွယ်ပါ ဘူး၊ နည်းနည်းပါးပါးလောက်ကိုသာ သိမ်းမှာပါ၊ ဆိုပါတော့ကွာ. . ဟွန်ဒူးရပ်စ်ကို ရအောင်သိမ်း၊ အဲ ဒီနိုင်ငံမှာ လီနာရီလို အကောင်မျိုးကိုရှာ၊ လက်ရှိအစိုးရကို ဖြုတ်ချပစ်ခိုင်းလိုက်"

သူတကယ်ပြောနေပါပေါ့ကလားဟု ဂျက်ဖရေစပင်ဇာက တွေးလိုက်မိသည်။ ထိုအတွေးနှင့်အတူ အထိန့်တလန့်လည်း ဖြစ်သွားမိလေသည်။

"ဒိုမီနီကန်နိုင်ငံကို ရအောင်သိမ်းနိုင်တယ်ကွာ၊ သိမ်းပြီးရင် ဟိုကုမ္ပဏီတွေကို ကန်ထုတ် ပစ်လိုက်ရမယ်၊ နောက်ဆက်သိမ်းရမယ့် နိုင်ငံက အယ်လ် ဆာလ်ဗေဒို ဖြစ်နိုင်တယ်၊ အဲဒါကို ရရင်"

ဂျက်ဖရေစပင်ဇာ ကံကောင်းသွားပါသည်။ အင်တာကွမ်းမှ သူ့ အတွင်းရေးမှူး၏ အသံပေါ်လာသည်။ ကာနယ်လီနာရီဖုန်း ဆက်နေကြောင်း ပြောခြင်းဖြစ်သည်။ ပေါလ်နှင့် ပြောနေသည်ကို ဖြတ်ပစ်လိုက်ပြီး အခြား တယ်လီဖုန်းကို ကောက်ကိုင်သည်။

"နောက်ဆုံးအခြေအနေတွေနဲ့ တိုးတက်မှုတွေကို ခင်ဗျား သိပ်ကြားချင်နေပြီလို့ ကျွန်တော်ထင်တယ် မစ္စတာစပင်ဇာ၊ ပြောက်ကျားတွေရဲ့ စခန်းကို ကျုပ်တို့ ခန့်မှန်းလို့ ရထားပြီ၊ ဒီကောင်တွေကို ကျုပင်ခုတ် ကျုငုတ်ပါ မကျန်အောင် ရှင်းပစ်ဖို့ စစ်ကြောင်းကြီး တစ်ကြောင်း ကိုလဲ လွှတ်လိုက်ပြီ" ထိုအကြောင်းများကို ပြောသော်လည်း စန်တာကလာရာမြို့မှာ ရှိနေသည့် စစ်ဌာနချုပ်တွင်မူ မပြောပလောက်သော အင်အားကလေးသာ ချန်ထားကြောင်းကို ထုတ်ဖော် ပြောဆိုခြင်းကား မရှိချေ။

"မနက်ဖြန် ဒီအချိန်လောက်ဆိုရင် ပြောက်ကျားတွေ အားလုံး မြေမြှုပ်ပြီးသား ဖြစ်ကုန်ပြီ၊ သူတို့နဲ့အတူတူ ပေါ်ပြူလာပါတီ ခေါင်းဆောင်တွေရော၊ သူတို့ကို ထောက်ခံကြတဲ့ လူတွေရောပေါ့"

"ရာမွန်မူညော့ဇ် ကိစ္စက ဘယ်လိုလဲ" ဂျက်ဖရေစပင်ဇာက ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်လီနာရီက တစ်ချက်ရယ်လိုက်သည်။

"တိုင်းပြည်ကို ဖိနှိပ်ချုပ်ချယ်တဲ့ ငတိ ကျုပ်တို့နဲ့ အတူတူ မရှိတော့ဘူး"

"ထွက်ပြေးသွားပြီးလား"

"စစ်ခုံရုံးမှာ တင်စစ်ပြီး ပစ်သတ်လိုက်တာ တစ်နာရီလောက်တောင် ကြာသွားပြီ"

"ဒါက ဘာသဘောလဲ"

"သမ္မတအဖြစ် ကျွန်တော်ဆက်ခံကြောင်း ကြေငြာချက်ထုတ်ဖို့ အခုအသင့် ဖြစ်နေပြီလေဗျာ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

ရန်သူများ၏ အားနည်းချက်နှင့် မှားယွင်းကွက်ကို အချက်ပိုင်ပိုင်ရယူ အသုံးချရမည်ဖြစ်ကြောင်း ဗီယက်နမ် စစ်ပွဲက ရပ်ဆယ်သော့ပ်ကို သင်ခန်းစာ ပေးလိုက်သည်။ အထူးသဖြင့် မိမိက အားနည်းသောအခါ ထိုအခွင့်အရေးများကို လက်မလွှတ်တမ်း အသုံးချနိုင်ရမည်။ ဗီယက်နမ် စစ်မြေပြင်တွင် ဗီယက်ကောင်းများသည် ထိုနည်းပရိယာယ်များကို အကြိမ်ပေါင်းများစွာ အောင်အောင်မြင်မြင် အသုံးချသွားနိုင်ကြလေသည်။

နောက်ပိုင်းတွင် ကမ္ဘာ့သတင်းစာများက 'စန်တာကလာရာ၏ ရုတ်တရက်အောင်ပွဲ' ဟူ၍လည်းကောင်း၊ 'စစ်ရေးစစ်ရာ ပါရမီရှင်၏ ပြယုဂ်' စသည်ဖြင့် ဝိုင်းဝန်း ချီးကျူးရေးသားကြသည်။ သို့သော်လည်း ဗီယက်နမ် စစ်မြေပြင်တွင် ဘွဲ့လွန်သင်တန်းတက်ခဲ့သော ရပ်ဆယ်သော့ပ်၏ အဖြစ်မှန်ကိုတော့ သူတို့ သိချင်မှ သိကြပေလိမ့်မည်။

ရပ်ဆယ်သော့ပ်သည် သူ့တပ်အင်အားကို နှစ်စုခွဲလိုက်သည်။

ကာလိုစ်ဟာရီရာနှင့် ပါကိုတို့ နှစ်ယောက်က သူတို့၏ တိုင်းရင်းသားများကို ဦးဆောင်ကာ အစောင့်တပ် အင်အားနည်း သည့် ပလာဇာဒီတိုရို အားကစားကွင်းကို ဝင်သိမ်းပြီး အကျဉ်းသားများကို လွှတ်ရန် ဖြစ်သည်။ မွန်းလွဲ ၁း၃၀နာရီတွင် စတင်တိုက်ခိုက်ရမည်။

ကာလိုစ်တို့လူစု စတင်တိုက်ခိုက်ပြီး မိနစ်အနည်းငယ် အကြာတွင် ရပ်ဆယ်သော့ပ်နှင့် ကြေးစားတပ်များက စစ်ဌာနချုပ်အနီးမှ စောင့်ဆိုင်း နေကြမည်။

ရပ်ဆယ်သော့ပ်က ထိုစစ်ဆင်ရေးကို အသေအချာတွက်ထားပြီး ဖြစ်သည်။

အကျဉ်းသားများကို ချုပ်နှောင်ထားရာ အားကစားကွင်းမှ တိုက်ပွဲ ဖြစ်သည့်အသံကို ကာနယ်လီနာရီ ကြားမည်။ ကစားကွင်းမှ စစ်ကူလည်း လှမ်းတောင်းလိမ့်မည်။ ထိုအခါတွင် လီနာရီသည် သူ့စစ်ဌာနချုပ်မှာရှိနေသော တပ်အင်အားအနက် အချို့တစ်ဝက်ကို ခွဲပြီး စစ်ကူပို့ပေးလိမ့်မည်။ စစ်ကူတပ်များ ထွက်ဖို့အတွက် စစ်ရုံးချုပ်၏ သံမဏိတံခါးကြီးကို ဖွင့်ပေးရမည်။

"အဲဒီလို တံခါးဖွင့်တဲ့ အခါမှာ တို့ရသမျှ အခွင့်အရေးကို အကုန်ယူ ကြရမယ်" ဟု ရပ်ဆယ်သော့ပ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောပင်ပြောရသော်လည်း သိပ်တော့ စိတ်မချလှ။ သူထင်ထားသလို ဖြစ်မလာလျှင် အားလုံး ပျက်စီးကုန်မည်။ သူတွက်ထားသည်မှာ အမြဲတမ်း တပ်မတော်သားများ တွက်သည့်အတိုင်း တွက်ခြင်းဖြစ် သည်။ ကောင်းစွာ လေ့ကျင့်ပြီး စစ်ပညာကို သင်ကြားခဲ့ရသော စစ်သားတိုင်းသည် သူတွေးသလိုတွေးပြီး ဆောင်ရွက်ကြမည်သာ ဖြစ်သည်။ ယခု လီနာရီ က ထိုသို့ လုပ်မလုပ်ကိုမူ သေချာတပ်အပ် မပြောနိုင်။ စွန့်စားလိုက်သည့် သဘောသာ ဖြစ်လေသည်။

သို့သော် ရပ်ဆယ်သော့ပ်၏ ကြိုတင်တွက်ဆမှုများ မှန် ကန်သွားပါသည်။

ကာလိုစ်ဟာရီရာနှင့် တိုင်းရင်းသားမျိုးချစ်များက အကျဉ်းသားများကို ထည့်ထားသည့် အားကစားကွင်းအား ဝိုင်းဝန်းတိုက် ခိုက်သံများ စစ်ဌာနချုပ်သို့ ပျံ့လွင့်လာသည်။ သောင်းကျန်းသူများသည် သူတို့၏ အဓိက ပစ်မှတ်ကို ဝိုင်းဝန်းတိုက်ခိုက်နေကြပြီ ဖြစ်ကြောင်း လီနာရီက တွက်လိုက် သည်။ ပလာဇာဒီတိုရီ အားကစားကွင်းထဲတွင် နိုင်ငံရေးအကျဉ်းသားများကို ဖမ်းလှောင်ထားသည်။ သောင်းကျန်းသူများသည် ထိုနေရာကို အဓိကထား တိုက်ခိုက်ကာ သူတို့ ရဲဘော်များလွတ်မြောက်ရေးကို အဓိကထား ဆောင်ရွက်ကြမည်သာ ဖြစ်သည်။

သူထင်သည့်အတိုင်းပင် ပလာဇာဒီတိုရီတွင် ရှိနေသော တပ်ဖွဲ့မှ ကြိုးမဲ့ကြေးနန်းဖြင့် ဆက်သွယ်ပြီး သတင်းပို့သည်။ သောင်းကျန်းသူများ က ဝိုင်းဝန်းတိုက်ခိုက်နေကြောင်း၊ ထို့ကြောင့် စစ်ကူအမြန်ဆုံးပို့ပေးစေလိုကြောင်း တောင်းဆိုသည်။

လီနာရီသည် ဗိုလ်သင်တန်း တက်တုန်းက သင်ကြားခဲ့ရသည်များကို မေ့သေးဟန်မတူ။

"ပလာဇာဒီတိုရီကို ရန်သူတွေရဲ့ သုသာန်အဖြစ် သတ်မှတ်ရမယ်၊ အရပ်ပျက်မသားတွေ အားလုံးကို အဲဒီနေရာမှာ အပြတ် ရှင်းပစ်ရမယ်" ဟု အမိန့်ထုတ်လိုက်သည်။

သူ၏ ဦးစီးအရာရှိများက စစ်ကူပို့ဖို့ ချက်ချင်းစီစဉ်ကြသည်။ သူတို့မှာ တပ်ခွဲနှစ်ခွဲ ရှိနေသေးသည်။ အပေါ်စား တင့်ကားငါး စင်းနှင့် သံချပ်ကာ ကားနှစ်စင်း လက်ကျန်ရှိနေသေးသည်။ ထို ယန္တရားအင်အားများကို အသုံးပြုပြီး တပ်ခွဲတစ်ခွဲကို စေလွှတ်ရန် ဖြစ်သည်။

လီနာရီ တွက်ထားသည်မှာ သောင်းကျန်းသူများသည် စနစ်တကျ ဖွဲ့စည်းထားသော တပ်များမဟုတ်၊ နောက်တစ်ကြောင်းက လေ့ကျင့်မှုလည်း ကောင်းကောင်းမရှိ။ စည်းကမ်း သေဝပ်မှုလည်း မရှိ။ ထို့ကြောင့် မိမိတို့တပ်က အလွယ်တကူချေ မှုန်းပစ်လိုက်နိုင်မည်ဟု ခန့်မှန်းသည်။

သို့ဖြင့်ပင် စစ်ဌာနချုပ်နှင့် နှစ်မိုင်မျှသာ ကွာဝေးသော ပလာဇာဒီတိုရီသို့ တင့်ကားများနှင့်တပ်ခွဲတစ်ခွဲကို စေလွှတ်ဖို့ အမိန့်ပေးလိုက်သည်။ သောင်းကျန်းသူအားလုံး သူတို့ခေါင်းဆောင်များနှင့် ရဲဘော်များရှိရာ ပလာဇာဒီတိုရီမှာ ဝိုင်းနေကြမည်။ ထိုနေရာမှာ ရှိနေသော သောင်းကျန်းသူများကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် နှိမ်နင်းနိုင်လျှင် အားလုံးဇာတ်သိမ်းသွားပြီ။ ထို့ကြောင့် သောင်းကျန်းသူများကို အပြင်းထန်ဆုံး ချေမှုန်းရန်နှင့် လက်နက်ချသူ မှန်သမျှကိုပင် အရှင်မထားရန် အမိန့်ထုတ်လိုက်သည်။

စစ်ရုံးချုပ်၏ သံမဏိတံခါးကြီး ပွင့်လာသည်။ စစ်ကူတပ်သည် စစ်ရုံးချုပ်ဝင်းထဲမှ အပြင်သို့ ထွက်လာသည်။ တင့်ကားများက ဦးဆောင်ထွက်လာခြင်း ဖြစ်သည်။ တင့်ကားများနှင့် သံချပ်ကာ ကားများနောက်ကွယ်တွင် ခြေလျင်တပ်ခွဲ ပါလာသည်။ ပလာဇာဒီတိုရီသို့ ဦးတည်လိုက်ကြသည်။

ထိုအချိန်တွင် ရပ်ဆယ်သော့ပ်၏တပ်က နှစ်ဘက်ညှပ်ပြီး အသင့်စောင့်နေသည်။ စစ်ကူတပ်များ စစ်ရုံးချုပ်ဝင်းအပြင်ဘက်ကို ရောက်သည်နှင့် တစ်ပြိုင်တည်း ရပ်ဆယ်သော့ပ်တို့၏ တင့်ကားဖျက် ဒုံးကျည်များက တင့်ကားများ အားလုံးကို တိုက်ရိုက်ထိမှန် ပေါက်ကွဲကြသည်။ အချိန်ကိုက်မှု ကောင်းလွန်းသောကြောင့် ဒုံးကျည်ပေါင်းများစွာတို့ ပေါက်ကွဲသံမှာ တစ်သံတည်းလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်သန်ဒူဝေနှင့် တပ်စုသည် စစ်ကူတပ်ဆီသို့ တရကြမ်း ပြေးဝင်သွားကြသည်။ နတ်သန်၏ လက်ထဲမှာ စက်သေနတ်နှင့် သူ့လူများ၏ လက်ထဲမှ မောင်းပြန်သေနတ်များက ကျည်ဆန်များ သွန်ထွက်နေသည်။ ဘန်ကာနှင့် အိုဗာဟက်များ အတွင်းသို့လည်း လက်ပစ်ဗုံးများကို အဆက်မပြတ် ပစ်သွင်းကြသည်။

စစ်ကူ တပ်ဖွဲ့ဝင်အချို့က ပြန်လည် တိုက်ခိုက်ကြသည်။ အချို့က တိုက်ခိုက်ရန် ကြိုးစားကြသည်။ သို့သော်လည် သူတို့ အားလုံး အငိုက်မိသွားလေသည်။ နှစ်ဘက်ညှပ်ချေမှုန်းခြင်းကို မမျှော်လင့်ပဲ ခံလိုက်ကြရသည်။ သူတို့၏ ခုခံမှုကြောင့် ကြေးစားစစ်သားနှစ်ယောက် ကျဆုံးပြီး သုံးယောက်ဒဏ်ရာရသည်မှာ မှန်သော်လည်း ခဏချင်းမှာပင် သူတို့ တပ်လုံးပြုတ်ပြီး ခုခံမှု ရပ်စဲ သွားလေတော့သည်။

ထိုအခိုက်မှာပင် ကမ္ဘာပျက်ခမန်းသော ပေါက်ကွဲသံများနှင့် လက်နက်ကြီးသံများ၊ စက်သေနတ်သံများကို အဆက်မပြတ် ကြားလိုက်ကြရသည်။ ရပ်ဆယ်သော့ပ်၏ ဆိုနီ တိပ်ရီကော်ဒါမှ အသံများကို အသံချဲ့စက် ၇ လုံးဖြင့် တစ်ပြိုင်တည်း ဖွင့်ပေးရာမှ ပေါ်ထွက်လာသော အသံများ ဖြစ်လေသည်။ စစ်ရုံးချုပ်အတွင်းရှိ ကာနယ်လီနာရီနှင့် ဦးစီးအရာရှိများမှာ တုန်လှုပ်ချောက်ချား သွားကြသည်။ သောင်းကျန်းသူ အင်အားများသည် ထောင်နှင့်ချီ ရှိနေပြီး လက်နက်ကြီးများ အသုံးပြုကာ မိမိတို့ စစ်ရုံးချုပ်ကို ဝိုင်းဝန်းတိုက်ခိုက်ကြပြီ ဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

စစ်ရုံးချုပ်ဝင်း အပြင်တွင် ရပ်ဆယ်သော့ပ်သည် သူ၏ တိပ်ရီကော်ဒါမှ အသံများ ထွက်လာသည်ကို စိတ်ကျေနပ်မှု ရရှိသည်အထိ စောင့်နေသေးသည်။ ကျေနပ်မှုရသည်နှင့် *တစ်ပြိုင်တည်း လက်ထဲမှ အမ် ၁၆ သေနတ်ကို ကျည်ကပ်အသစ်လဲထည့်ပြီး* သူ၏ ချေမှုန်းရေး တပ်စုကို အချက်ပြကာ ဂိတ်ဝဆီသို့ တစ်ဟုန်ထိုး အပြေးချီတက်လေတော့သည်။

အောင်ပွဲအရှိန်ရပြီး ဖြစ်နေသော ရပ်ဆယ်သော့ပ်တို့၏ ချေမှုန်းရေး တပ်စုသည် ဂိတ်ဝသို့ တမုဟုတ်ချင်း ရောက်သွားကြသည်။ သို့သော်လည်း ဂိတ်ဝသို့ ရောက်သည့်အချိန်တွင် ကျည်ဆန်များက မိုးသီး မိုးပေါက်ပမာ ဆီးကြိုဟန့်တားထားလေသည်။

ကာနယ်လီနာရီနှင့် သူ၏ ဦးစီးအရာရှိများသည် ဘာလုပ်ရမှန်း မသိဘဲ ကြောင်နေကြသော်လည်း သူတို့၏ ရဲဘော်များက မဆုတ်တမ်း ခံစစ်လုပ်ကာ ရဲရဲပြောင်ပြောင်စွာ ခုခံတိုက်ခိုက်ကြသည်။ စစ်ရုံးချုပ်ဝင်းအတွင်းမှာရှိနေသည့် အဆောက်အအုံများအတွင်းမှ နေရာယူပြီး ပြန်လည်တွန်းလှန် ကြခြင်းဖြစ်သည်။

ရပ်ဆယ်သော့ပ်၏ နောက်မှကပ်ပါလာသော ကြေးစားစစ်သား တစ်ယောက်သည် တစ်ချက်အော်ပြီး လဲကျသွားသည်။ သေနတ်မှန်သွားသည့် သူ့ဝမ်း ဗိုက်မှသွေးများ ထွက်လာသည်ကို မြင်လိုက်ရသည်။ နယူးယောက်မြို့မှ နတ်သန် ဒူဝေ ငှားလာသော နီဂရိုးတစ်ယောက်ကမူ အသံပင် မပြုနိုင်တော့ပဲ လဲကျသွားသည်။ သူ့ကိုယ်ထဲသို့ စက်သေနတ်ကျည်ဆန် အတွဲလိုက် ဝင်သွားသည်။

"ပြန်ဆုတ်"

ရပ်ဆယ်သော့ပ်က အသံကုန် အော်လိုက်သည်။ သူ့လက်ထဲမှ အမ် -၁၆ သေနတ်ကို အော်တိုမက်တစ်မောင်းတင်ကာ ရန်သူများဘက်သို့ တစ်ကပ်လုံး သွန်လွှတ်လိုက်သည်။ ထို့နောက် သေနတ်ကို ပခုံးမှာလွယ်ပြီး သူ့နောက်မှာ လဲကျနေသည့် ကြေးစား စစ်သားကို ကောက်ထမ်းကာ သူ့လူများ နောက်သို့ ပြေးထွက်လိုက်လာခဲ့လေသည်။ သူ့ပခုံးပေါ်မှ စစ်သားမှာ အသက်ရှင်နေသေးသည်။

"ဆေးတပ်သား"

အပြင်ရောက်ပြီး လုံခြုံစိတ်ချရသည့် နေရာမှာ ဒဏ်ရာနှင့် စစ်သားကို ဖြည်းညင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ချပေးပြီး ဆေးတပ်သားကို လှမ်းခေါ်သည်။ ထို့နောက် သူ့အနားမှာ ရှိနေသည့် ဂျူအန်း မီလင်ဒက်ဇ်ကို လှမ်းအော်ပြောပြန်သည်။

"ဒုံးကျည်နဲ့ လက်ပစ်ဗုံးတွေ သွန်ထည့်တော့၊ ငါခုချက်ချင်း ပြန်လာခဲ့မယ်"

ပြောပြောဆိုဆို ထိုနေရာမှ ပြေးထွက်သွားသည်။ ဒုံးကျည်နဲ့ လက်ပစ်ဗုံး ပေါက်ကွဲသံများ နားကွဲမတတ် ပေါ်ထွက်လာသည်။

\+ \+ \+

"ပထမ ထိုးစစ်ကို ကျွန်တော်တို့ ပြန်မောင်းထုတ်လိုက်ပြီ" ဟု စစ်ဗိုလ်တစ်ယောက်က ကာနယ်လီနာရီကို သတင်းသွားပို့သည်။

ကာနယ်လီနာရီက တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြု။ အခြေအနေ မကောင်းတော့ကြောင်း သူသိနေပြီ။ သောင်းကျန်းသူများသည် မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပင် လက်နက်မျိုးစုံကိုသုံးပြီး တိုက်ခိုက်နေသည်။ လက်နက်ကြီးများပါသည်။ ကျည်များကိုလည်း သွန်သုံးနေသည်။ စစ်ရုံးချုပ် အဆောက်အအုံများကို အမှုန့်ကြေသွားအောင် လက်နက်ကြီးများဖြင့် ဖြိုဖျက်ပစ်ကြမည်။ ပြီးလျှင် ချေမှုန်းရေးတပ်ဖွဲ့များ တစ်ခုပြီးတစ်ခု ဝင်ရောက်လာကာ အပြီးတိုင် ချေမှုန်းပစ်တော့မည်သာ ဖြစ်သည်။

စစ်ကူရဖို့လည်း မျှော်လင့်ချက် မရှိပြီ။ မေဂျာဗေလာညွှန်နှင့် သူ့တပ်ဖွဲ့များကို ချက်ချင်းပြန်ခေါ်သည့်တိုင်အောင် နာရီပေါင်း အတော်ကြာမှ စန်တာကလာရာမြို့သို့ ပြန်ရောက်လာနိုင်မည်။ စစ်ရုံးချုပ်တွင် ယခုရှိနေသော လက်တစ်ဆုပ်စာ တပ်အင်အားကလေးသည် ဘာမှ အဓိပ္ပာယ်မရှိ။ နောက်ဆုံး ချေမှုန်းခြင်းကို ခံကြရဖို့အတွက် အချိန်ဆွဲထားနိုင်ရုံသာတတ်နိုင်မည်။ အချိန်ကိုလည်း ကြာကြာ ဆွဲထားနိုင်မည်မဟုတ်။

လီနာရီမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ လွန်ခဲ့သည့် နာရီဝက်လောက် အချိန်တုန်းက အားလုံး အခြေအနေနိုင်သွားပြီ၊ တည်ငြိမ်မှုရသွားပြီဟု ထင်ခဲ့ရသည်။ ပေါ်ပြူလာပါတီကို ချေမှုန်းပြီးပြီ။ ရာမွန်မူညော့ဇ်ကို ကွပ်မျက်ပြီးပြီ။ သူ့ကိုယ်သူလည်း သမ္မတအဖြစ် ကြေငြာပြီးပြီ။

ယခုမိနစ်ပိုင်းကလေးအတွင်းမှာပင် အခြေအနေအားလုံး ကပြောင်းကပြန်များ ဖြစ်ကုန်တော့သည်။ အတွင်းကအပြင်ရောက်ပြီး အပြင်က အတွင်းသို့ ရောက်လာသည်။ အောင်ပွဲခံနေပြီဟု သူထင်ခဲ့သည်များ အားလုံးတို့မှာ ရှုံးနိမ့်သွားပြီးဖြစ်ကြောင်း သူသဘောပေါက်လိုက်သည်။

အားလုံးရှုံးသွားပြီ။ သည်ထက်ပိုပြီး ရှုံးနိမ့်စရာတွေ ရှိနေသေးသည်။ ယခု သူ ခေါင်းဆောင်နေသော တပ်သည် မပြောပလောက်သော အင်အားသာ ရှိသည်။ အပြင်မှာ လှုပ်ရှားနေသည့် သူ့တပ်များနှင့်လည်း အဆက်အသွယ် ပြတ်သွားပြီ။ အမှတ် ၂တပ်ရင်းမှ တပ်ဖွဲ့များသည် စန်တာကလာရာမြို့ပြင်ရှိ တပ်စခန်းများမှာ ပြန့်ကျဲနေသည်။

မြို့တော်အတွင်းမှာ ဘာတွေဖြစ်နေပြီကို ကြားရလျှင် မြို့ပြင်မှာ ပြန့်ကျဲနေသော တပ်များသည် လက်နက်ချကြမည်မှာ မလွဲဖြစ်သည်။ လက်နက်မချလျှင်လည်း လက်ထဲမှ သေနတ်ကို လွှင့်ပစ်ပြီး ခြေဦးတည့်ရာသို့ ထွက်ပြေးကြမည်။ အိမ်နီးနားချင်း နိုင်ငံများအတွင်းသို့ ပြေးဝင်ခိုလှုံကြမည်မလွဲ ဖြစ်ချေသည်။

လီနာရီသည် လေဟာပြင်ထဲသို့ မျက်တောင်မခတ် ငေးကြည့်နေသည်။ ဟုတ်ပါသည်။ စစ်ရုံးချုပ်တွင် သူဆက်လက်နေခြင်းအားဖြင့် သူ့ အခြေအနေသည် မျှော်လင့်ချက် လုံးဝ မရှိတော့။ လက်နက်လည်း သူမချနိုင်။ လက်နက်ချခြင်းအားဖြင့် စစ်သုံ့ပန်းတို့၏ အခွင့်အရေးကိုလည်း သူရရှိနိုင်မည်မဟုတ်။ သူ့နိုင်ငံသားများ၏ လက်တွင် ဂုဏ်ရှိရှိလည်း သေဆုံးရမည်မဟုတ်။ စစ်သားကောင်းပီသစွာ သိက္ခာရှိရှိဖြင့် ကွပ်မျက်ခြင်းခံရနိုင်စရာ အကြောင်းမရှိ။ လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ခြင်းကိုသာ မုချခံရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုလျှင် ထွက်ပြေးရမည်လော။

လွတ်မြောက်အောင် ထွက်ပြေးဖို့ ဆိုသည်မှာလည်း အခွင့်အရေး အလွန်တရာ နည်းပါးလှသည်။ အကူအညီ တစ်ခုခုကို ရနိုင်ပါမှ လွတ်မြောက်နိုင်စရာ အကြောင်း ရှိသည်။ ဂျက်ဖရေစပင်ဇာထံမှ အကူအညီတောင်းရတော့မည်။ ယခုအချိန်တွင် အကူအညီပေးနိုင်သူဆိုလို့ ဂျက်ဖရေစပင်ဇာမှ တစ်ပါး အခြားမရှိပြီ။ သည်ကိစ္စများမှာ ဂျက်ဖရေကို အရင်းခံပြီး ဖြစ်ပေါ်လာရခြင်း ဖြစ် သည်။ ထို့ကြောင့် မလွဲမသွေ ကူညီဖို့ သူ့မှာ တာဝန်ရှိသည်။

လီနာရီက သူဦးစီးအရာရှိများဘက်သို့ လှည့်လိုက်သည်။

"ငါကိုယ်တိုင်ထွက်ပြီး ကင်းထောက်မယ်၊ စစ်ကူရအောင်ကို ခေါ်လာခဲ့မယ်" မမှန်သော စကားသည် သူ့နှုတ်ဖျားမှ အလွယ်တကူပင် ထွက်ပေါ်လာလေသည်။ "ငါပြန်မရောက်မချင်း ဒီကနေပြီး မင်းတို့ ကြံ့ကြံ့ခံထား"

စစ်ဆင်ရေး ကွပ်ကဲမှု ရုံးခန်းထဲမှ သူထွက်လာခဲ့သည်။ စားပွဲပေါ်မှာ ကျန်ရစ်ခဲ့သည့် မောင်းပြန်သေနတ်ကို သတိရသည်။ သို့သော်လည်း ထိုသေနတ်ကို ပြန်မယူတော့ရန် ဆုံးဖြတ်လိုက်သည်။ သူ့ခါးမှ ဒသမ ၄၅ ပစ္စတိုသေနတ်က ချိတ်လျက်သားပါလာသည်။ ဒါလောက်ဆိုလျှင် လုံလောက်ပြီဟု သဘောထားလိုက်သည်။

ရုံး၏ နောက်ဖေးဘက် တံခါးပေါက်မှ သူထွက်ခဲ့သည်။ သူထွက်လာသည့်ဘက်တွင် ပြင်ပမှ ဆီးကြိုပစ်ခတ်မှုများ လုံးဝမရှိ။ ထောက်ပံ့ရေးရုံး၏ နောက်တွင် ဂျစ်ကားတစ်စင်း ရပ်ထားသည်ကို တွေ့ရသည်။ ကားပတ်လည်တွင် စစ်သားသုံးယောက်လည်း ရှိနေကြသည်။

"ငါနဲ့လိုက်ခဲ့ကြ"

စစ်သားသုံးယောက်ကို အမိန့်ပေးပြီး ဂျစ်ကားဒရိုင်ဘာ နေရာမှာ သူက ဝင်ထိုင်သည်။ စစ်သားသုံးယောက်ကလည်း သူ့အမိန့်ကို နာခံကာ ဂျစ်ကားပေါ်သို့ တက်ရောက် နေရာယူကြသည်။

စစ်ရုံးချုပ် ဝင်း၏ နောက်ဘက်ရှိ တစ်ခါတစ်ရံမှ အသုံးပြုသော ဝင်းပေါက် ကျဉ်းကျဉ်းကလေးဆီသို့ သူမောင်းလာသည်။ တံခါးစောင့်နေသည့် စစ်သားက အလေးပြုပြီး တံခါးဖွင့်ပေးလိုက်သည်။

ဝင်းအပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်တည်း မည်းမည်းမြင်သမျှကို ပစ်ရန် သူ့ကားပေါ်မှာ ပါလာသော စစ်သားသုံးယောက်ကို အမိန့်ပေးထားကာ အပြင်သို့ မောင်းထွက်လာသည်။

အပြင်သို့ ရောက်သောအခါ ဆီးကြိုပစ်ခတ်ခြင်းနှင့်လည်း မကြုံရပါ။ လူသူတစ်စုံတစ်ယောက်ကိုမျှ မမြင်ရသောကြောင့် အံ့အားသင့်သွားမိသည်။ သောင်းကျန်းသူများသည် သူ့စစ်ရုံးချုပ်ကို ပိတ်မိအောင် မဝိုင်းရသေး ကြောင်း ကောက်ချက်ချလိုက်သည်။ မကြာမီမှာပင် ထွက်ပေါက်မရှိအောင် ဝိုင်းကြပေတော့မည်ဟုတွေးရင်း ကားကို ဆက်မောင်းလာသည်။

\+ + +

ဒေးဗစ်ရာဘီမက်ဆိုရှိသည် တိပ်ခွေများကို သိမ်းထားရသူ ဖြစ်သည်။ ရပ်ဆယ်သော့ပ်က သူ့ကို လိုက်ရှာနေသည်။ ဒုံးကျည်ထိထားသော တင့်ကားများမှာ မီးဟုန်းဟုန်းတောက်လောင်နေကြဆဲ ဖြစ်သည်။ ထိုတင့်ကားများနှင့် ကိုက် ၁၀၀ ခန့်အကွာတွင် အက်စ်ဝိုင်အာ ၃၁ စက်တစ်လုံးနှင့် ရာဘီကို သွားတွေ့သည်။

"ဟိုဟာကလေးကို သုံးဖို့အချိန်ကျလာပြီ" ဟု ရပ်ဆယ်သော့ပ်က ရာဘီကို လှမ်းပြောသည်။

ရာဘီက အိတ်ထဲမှာ စမ်းသည်။ ကက်ဆက်ခွေတစ်ခွေကို ထုတ်ယူသည်။ ထိုင်ရာမှ ထရင်း အမ် ၁၆ ရိုင်ဖယ်ကို ပခုံးမှာ လွယ်လိုက်သည်။

"ဒီအသံလွှင့် စက်ကြီးကို ကျွန်တော်တို့ ဆက်ကိုင်နေဖို့ မလိုတော့ဘူး ရပ်စ်၊ စစ်ရုံးချုပ်က အသံလွှင့်လှိုင်းတွေကို သူ့ဟာသူ ဖျက်နေလိမ့်မယ်၊ စက်ကို တောက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားခဲ့မယ်" ဟု ပြန်ပြောသည်။

တိပ်ရီကော်ဒါနှင့် အသံချဲ့စက်ကိုင်ထားသော ကြေးစားစစ်သား တစ်ယောက်ကို သူတို့တွေ့သည်။ ရာဘီမက်ဆိုရိုက စောစောက ထုတ်ကိုင်ထားသည့် ကက်စက်ခွေကို လှမ်းပေးသည်။

"နောက် ငါးမိနစ် တိတိကြာရင် အဲဒါကိုဖွင့်" ဟု ရပ်ဆယ်သော့ပ်က ပြောသည်။

ဒုတိယအကြိမ်မြောက် ထိုးဖောက်ချေမှုန်းရန် လူစုပြီးတပ်ပြင်ကြသည်။ နတ်သန်ဒူဝေနှင့် ရာဘီမက်ဆိုရိုတို့ နှစ်ယောက်က သူတို့လည်း ချေမှုန်းရေး တပ်စုတွင် ပါဝင်တိုက်ခိုက်ပါရစေဟု ဖွတ်တောင်းဆိုနေကြသည်။ ရပ်ဆယ်သော့ပ်က စက္ကန့်အနည်းငယ် စဉ်းစားနေသည်။

ပလာဇာဒီတိုရို အားကစားကွင်းဘက်မှ ပြောက်ကျားများ၏ ပစ်ခတ်သံများ အနည်းငယ်လျော့ပါးသွားသည်။ လေယာဉ် ပျံသံများကို စတင်ကြားရ သည်။ ချေမှုန်းရေး တပ်စုဝင်အားလုံး၏ ကိုယ်လုံးများ တောင့်သွားကြသည်။ လေယာဉ်ပျံသံများက တဖြည်းဖြည်း ပိုမိုကျယ်လောင်လာသည်။ ရပ်ဆယ်သော့ပ်က ချေမှုန်းရေးတပ်စုကို ဦးဆောင်ပြီး စစ်ရုံးချုပ် အုတ်တံတိုင်းဆီသို့ ကပ်လာသည်။ ဂိတ်ဝဘက်သို့ တက်လာခဲ့သည်။ လေယာဉ်ပျံသံများ ပိုမို ကျယ်လောင်လာသည်။ တစ်ဆက်တည်းမှာပင် ဒုံးပျံပေါက်ကွဲသံများ၊ စက်သေနတ်နှင့် မွှေ့သံများ ပေါ်ထွက်လာသည်။

"ငါးစက္ကန့်"

ရပ်ဆယ်သော့ပ်က သတိပေးလိုက်သည်။

ပေါက်ကွဲသံကြီးများသည် ကမ္ဘာပျက်ခမန်း ပေါ်ထွက်လာသည်။ စောစောပိုင်းက ဖြိုးဖြိုးဖြောက်ဖြောက် ကြားနေရသည့် သေနတ်သံကလေးများမှာ ဒုံးကျည်ပေါက်ကွဲသံ၊ စက်သေနတ်သံများကြားတွင် တိမ်မြုပ်ပျောက်ကွယ် သွားတော့သည်။

"တက်"

ရပ်ဆယ်သော့ပ်က အော်ဟစ်အမိန့်ပေးကာ စစ်ရုံးချုပ် ဂိတ်ပေါက်ဆီသို့ တစ်ဟုန်ထိုးပြေးတက်လာလေသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် ကြုံတွေ့လာရသောအခါ အကောင်းဆုံး လုံခြုံမှုသည် မည့်သည့်နေရာဖြစ်ကြောင်း ခြေလျင်တပ်သားများကို ကောင်းစွာ လေ့ကျင့်သင်ကြားပေးထားမြဲဖြစ်သည်။ လေကြောင်းမှ တိုက်ခိုက်မှုကို ခံရပြီဆိုသည်နှင့် တစ်ပြိုင်တည်း နီးရာချိုင့်များ၊ ကျင်းများထဲသို့ ခုန်ဆင်းရမည်။ ချိုင့်များ၊ ကျင်းများမရှိလျှင် မြေပြင်ပေါ်မှာပင် ပြားပြားဝပ်ပြီးနေရမည်။

ယခုလည်း လေကြောင်းမှ တိုက်ခိုက်သည့် အသံကို ကြားသည်နှင့် တစ်ပြိုင်တည်း စစ်ရုံးချုပ်ဝင်းအတွင်းမှာ ရှိနေကြသော စစ်သားများသည် နီးရာချိုင့်များ၊ ကျင်းများထဲသို့ ပြေးဝင်ကြသည်။ ပြေးချိန် မရကြသူများကလည်း မြေပြင်မှာ ပြားပြားချပ်အောင် မှောက်လျက်ဝပ်နေကြသည်။

နောက်လေယာဉ်ပျံတစ်စင်း ဝဲလာပြီး စက်သေနတ်နှင့် ပစ်သံကို ကြားရပြန်သည်။ ထို့ကြောင့် စစ်သားများမှာ ရောက်သည့် နေရာမှမရွေ့ပဲ ဆက်ဝပ်နေကြရပြန်သည်။ လေယာဉ်က တဝေါဝေါနှင့် ပျံသန်းကာ အဆက်မပြတ် စက်သေနတ်နှင့် ပစ်နေသည်။

လေယာဉ်ပျံသံများ ဝေးသွားသောအခါကျမှ စစ်သားများ အားလုံးရောက်သည့်နေရာမှ ခေါင်းဖော်နိုင်ကြတော့သည်။

ထိုသို့ ခေါင်းဖော်နိုင်သော အချိန်တွင် သူတို့ စစ်ရုံးချုပ်ဝင်း အတွင်း၌ ရပ်ဆယ်သော့ပ်၏ ချေမှုန်းရေးတပ်များ ဝင်ရောက်နေရာယူပြီး ဖြစ်နေသည်ကို တွေ့မြင်ကြရလေတော့သည်။ နောက်ထပ်လည်း ဂိတ်ပေါက်ဝအတိုင်း တသောသော ဝင်လာလျက်ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်တစ်ယောက်က သူ့ရိုင်ဖယ်ကို မ,လိုက်သည်။ သို့သော်လည်း နတ်သန်ဒူဝေ၏ လက်ထဲရှိ စက်သေနတ် အလတ်စားမှ ကျည်ဆန်များက ဦးသွားသည်။ တပ်ကြပ်ကြီး တစ်ယောက်ပြေးထွက်လာသည်။ ရာဘီမက်ဆိုရို၏ မောင်းပြန်သေနတ် မီးပွင့်သွားသည်။ နောက်ထပ် တပ်ကြပ်တစ်ယောက်နှင့် စစ်သားငါးယောက်က ဇွတ်ဝင်လာသည်။

"ရပ်စ်"

တွမ်ဖာလွန်က ရပ်ဆယ်သော့ပ်ကို အော်ဟစ် သတိပေးလိုက်သည်။ တစ်ပြိုင်တည်း မှာပင် သူ့ လက်ထဲရှိ အမ် ၁၆ ရိုင်ဖယ်မှ ကျည် တစ်ကပ်လုံး ကုန်သွားသည်။ ဇွတ်ဝင်တိုက်လာသော စစ်သားများ အထွေး လိုက် ကျဆုံးသွားသည်။

ရိုင်ဖယ်သေနတ်သံ တစ်ချက်ကြားရသည်။ ကျည်ဆန်က ရပ်ဆယ်သော့ပ်၏ ခေါင်းနားမှ ရှပ်သွားသည်။ နတ်သန်ဒူဝေက စစ်ရုံးချုပ် ပြတင်း ပေါက်ထဲသို့ သူ၏ စက်လတ်ဖြင့် အတွဲလိုက်ဆွဲသည်။ ပထမဆုံးရိုင်ဖယ် သေနတ်တစ်လက် ပြတင်းပေါက်မှ ထွက်ကျလာသည်။ ထို့နောက်မှ အရာရှိ တစ်ယောက် ကျွမ်းပြန်ပြီး ကျောက်တုံးများ ခင်းထားသည့် မြေပြင်ပေါ်သို့ ကျသွားလေသည်။

စစ်တန်းလျား နောက်မှ စစ်သားနှစ်ယောက် ထွက်လာသည်။ သူတို့ လက်နက်ချခြင်းလား၊ တိုက်ခိုက်ရအောင် ထွက်လာခြင်းလား။ ကြေးစားစစ်သားများ၏ မောင်းပြန်သေနတ်များမှ ကျည်ဆန်များက အဖြေပြန်ပေး လိုက်သည်။

"ဂျူအန်နဲ့ဖာလွန်. . မင်းတို့ ဒီနေရာကို ရှင်း" ရပ်ဆယ်သော့ပ်က လှမ်းအော်သည်။ "နတ်တပ်စိတ်တစ်စိတ် ယူခဲ့၊ ရုံးထဲဝင်ပြီး လီနာရီကို ရှာမယ်" ရပ်စ်က နတ်သန်ဒူဝေကို တစ်ဆက်တည်း ပြောသည်။

ကွင်းပြင်ကို ဖြတ်ပြီး စစ်ရုံးချုပ် အဆောက်အအုံဆီသို့ သူတို့ ပြေးတက်ခဲ့ကြသည်။ ကြေးစားတပ်သားတစ်ယောက် သေနတ်မှန်ပြီး လဲကျကျန်ခဲ့သည်။ ကျန်သည့် တပ်ဖွဲ့ဝင်များ အားလုံး ကျည်ဆန်များကို ဖြတ်ပြေးရင်း ရုံးဝင်ပေါက် တံခါးနားသို့ ကပ်မိလာကြသည်။

ရုံးတွင်းမှာ ရှိနေကြသော အရာရှိများအနက်နှစ်မျိုးနှစ်စား ရှိနိုင်ကြောင်း ရပ်ဆယ်သော့ပ်က ခန့်မှန်းမိသည်။ တစ်မျိုးက စစ်သားပီပီ ဂုဏ်သိက္ခာရှိရှိဖြင့် နောက်ဆုံးကျည် တစ်တောင့် ကျန်သည်အထိ တိုက်ခိုက်သွားကြလိုသူများ ဖြစ်ရမည်။ နောက်တစ်မျိုးက သူ့ရဲကောင်း ဆန်ဆန် တိုက်နေသော်လည်း အကြောင်း ထူးတော့မည် မဟုတ်သဖြင့် လက်နက်ချလိုသူများ ဖြစ်ရမည်။ ယခုရှိနေသူများသည် ဒုတိယ အမျိုးအစားများသာ ဖြစ်နိုင်သည် ဟုလည်း တွက်လိုက်သည်။

သူထင်သည့်အတိုင်းပင် စစ်ဗိုလ်များသည် ဒုတိယအမျိုးအစားများ ဖြစ်ကြလေသည်။ အလွယ်တကူပင် သူတို့လက်နက်ချလိုက်ကြသည်။ အင်္ဂလိပ် စကားတတ်သည့် အရာရှိများက သူတို့သည် အမြဲတမ်း တပ်မတော်မှ အရာရှိများ ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျီနီဗာညီလာခံ ဆုံးဖြတ်ချက်နှင့်အညီ စစ်သုံ့ပန်းများ ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝ ပေးရမည် ဖြစ်ကြောင်း တောင်းဆိုကြသည်။

ရပ်ဆယ်သော့ပ်က ဂျူအန်းမီလင်ဒက်ဇ်ကို လှမ်းခေါ်သည်။ ဂျူအန်း ရောက်လာသည်။ သူ့သေနတ်ထိပ်ရှိ လှံစွပ်မှာ သွေးများ စွန်းပေနေသည်။

"လီနာရီ ဘယ်မှာလဲ. . မေးစမ်း" ဟု ရပ်စ်က ပြောသည်။

ဂျူအန်း မျက်နှာ ပြုံးသွားသည်။ သွေးစွန်းနေသော သူ့လှံစွပ်ကို မြှောက်လိုက်သည်။ သည်မျှနှင့်ပင် လုံလောက်သွားချေပြီ။

ကာနယ်လီနာရီသည် စစ်သားသုံးယောက်ကိုခေါ်ပြီး ဂျစ်ကားတစ်စင်းဖြင့် ထွက်သွားကြောင်း အရာရှိများက အစစ်ခံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို သူရဲကောင်းလို ဆက်ဆံပါ ဂျူအန်း၊ ခေါင်းတုံး ရိတ်တာနဲ့ ဆေးဆိုးတာ နှစ်ခုစလုံး လုပ်ပေးလိုက်"

လီနာရီသည် ဘယ်အရပ်ကို ဘာအကြောင်းကြောင့် ထွက်သွား သနည်းဆိုသည်ကို ရပ်ဆယ်သော့ပ်က သံသယ ဖြစ်နေသည်။ ခြံဝင်းအတွင်းသို့ ဆင်းလာခဲ့သည်။ စစ်ရုံးရုံးအတွင်းရှိ စစ်သားများအားလုံး လက်နက်ချပြီးကြပြီ။ သူတို့ထံမှ လက်နက် အားလုံးကိုလည်း သိမ်းယူပြီး ကြပြီ။

ဂျူအန်းမီလင်ဒက်ဇ် လွှတ်လိုက်သော ဆက်သား ပြန်ရောက်လာသည်။ အကျဉ်းသား များကို ဖမ်းဆီးချုပ်နှောင်ထားရာ ပလာဇာဒီတိုရီ အားကစားကွင်းကို ပြောက်ကျားများက သိမ်းပိုက်ပြီး ဖြစ်ကြောင်း၊ အကျဉ်းသားများ အားလုံးကိုလည်း လွှတ်လိုက်ပြီး ဖြစ်ကြောင်း သတင်းပို့ သည်။

ရပ်ဆယ်သော့ပ်က တွမ်ဖာလွန်ကို ညွှန်ကြားချက်များ ဆက်ပေးသည်။

"အသံလွှင့်ရုံ၊ တယ်လီဖေးရှင်းရုံနဲ့ တယ်လီဖုန်း အိတ်ချိန်းကို တိုက်ကင်းလွှတ်ပြီး သိမ်းထား၊ ပေါ်ပြူလာပါတီ ခေါင်းဆောင်တွေကို ကာလိုစ် ခေါ်လာတာနဲ့ တစ်ပြိုင်တည်း သူတို့ကို လွှဲပေးရမယ်၊ လောလောဆယ်အားလုံးကို သိမ်း၊ မင်းနဲ့ နောက် မှ ပြန်တွေ့မယ်"

နေလ်ဆင်နှင့် နတ်သန်ဒူဝေတို့ နှစ်ယောက်ကို ရပ်ဆယ်သော့ပ် လှမ်းမြင်သည်။ နေလ်ဆင်က ဒရိုင်ဘာ နေရာမှာထိုင်နေသည်။

"မင်း ကားဆက်မောင်း နေလ်ဆင်၊ နတ် မင်းအဲဒီ စက်လတ်နဲ့ နောက်မှာထိုင်၊ တို့အမဲ လိုက်ပွဲ ထွက်ကြရအောင်"

ရပ်ဆယ်သော့ပ်က ပြောပြောဆိုဆို မော်တော်ကား ရှေ့ခုံပေါ်သို့ ခုန် တက်သွားသည်။

\+ + +

တစ်မြို့လုံးရှိ လူနေရပ်ကွက်များသို့ သတင်းက ချက်ချင်း ပျံ့ထွက်သွားသည်။

စစ်ရုံးချုပ်ကို သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း၊ ပလာဇာဒီတိုရီကို သိမ်းပိုက်ကာ အကျဉ်းသားများ အားလုံး လွှတ်ပေးလိုက်ကြောင်း သတင်းများကို မြို့သူမြို့သားများ ကြားကြရလေသည်။

စန်တာကလာရာ မြို့တော်ရှိ လမ်းများပေါ်သို့ လူအများ ပြုံဆင်းလာကြသည်။ လူအုပ်ကြီးက တဖြည်းဖြည်း များလာသည်။ ထင်မြင်ရာကို အော်ဟစ်နေကြသည်။

ဂျစ်ကားပေါ်မှ လူများသည် ပြောက်ကျားများ ဖြစ်ကြောင်း၊ သူတို့ကို ကယ်တင်လိုက် သည့် ကယ်တင်ရှင်များ ဖြစ်ကြောင်း မှတ်မိသွားကြသည်။ ထို့ကြောင့် ဂျစ်ကားဆီသို့ ဝိုင်းပြုံ လာကြသည်။

နေလ်ဆင်က ဟွန်းမပြတ်တီးသည်။ ရပ်ဆယ်သော့ပ်က အော်ထုတ်ပစ်သည်။ နောက်ဆုံး နတ်သန်က သေနတ်ကို မိုးပေါ် ထောင်ဖောက်သောအခါကျမှ လူပင်လယ်ကြီးသည် ဘေးသို့ ကွဲထွက်သွားပြီး မော်တော်ကား ဆက်မောင်းနိုင်တော့သည်။ အင်ကမ်းကုမ္ပဏီ အုပ်ချုပ်ရေးရုံးသို့ တောက်လျှောက် မောင်းလာခဲ့သည်။ ထိုနေရာမှာလည်း လူအုပ်ကြီးကို တွေ့ရသည်။ အင်ကမ်း ကုမ္ပဏီကို ဝိုင်းပြီး လက်စားချေရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

အဆောက်အအုံရှေ့တွင် ဂျစ်ကားတစ်စင်း မီးလောင်နေသည်။ ဂျစ်ကားဘေးတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်သော စစ်သားအလောင်းသုံးလောင်းကိုလည်း တွေ့ရသည်။ နောက်ဆုံး အဆင့်သို့ ရောက်လုနီးပြီ ဖြစ်ကြောင်း ရပ်ဆယ်သော့ပ်က သဘောပေါက်သွားသည်။

"လှေကားအတိုင်းသာ တောက်လျှောက် မောင်းဝင်တော့"

ရပ်ဆယ်သော့ပ်က နေလ်ဆင်ကို လှမ်းပြောသည်။ အဆောက်အအုံ အောက်ထပ်သို့ တက်သည့် လှေကားအတိုင်း မောင်းတက်လိုက်သည်။ ဂျစ်ကားက ခုန်ပြီး အလိုက်သင့် အပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ လူအုပ်ကြီးက သူတို့ နောက်သို့ စုပြုံလိုက်လာကြသည်။ အင်ကမ်းကုမ္ပဏီ အဆောက်အအုံ အတွင်းသို့ ဝင်လိုက်ရန် ကြိုးစားကြသည်။

"လူအုပ်ကြီးကို ပြန်ဆုတ်ခိုင်းထား"

ရပ်ဆယ်သော့ပ်က ပြောပြောဆိုဆို ဂျစ်ကားပေါ်မှ ခုန်ဆင်းသည်။ နတ်သန်ဒူဝေနှင့် နေလ်ဆင်တို့ နှစ်ယောက်က လူအုပ်ကို သေနတ်နှင့်ချိန်ပြီး နောက်ပြန်ဆုတ်ခိုင်းသည်။ သူတို့ မျှော်လင့်ထားသည့် အတိုင်းပင် အပေါ်ထပ်သို့ တက်သည့် လှေကားတံခါးများကို သော့ခတ်ထားသည်။ ရပ်ဆယ်သော့ပ်က သော့ကို အမ်-၁၆ မောင်းပြန်သေနတ်ဖြင့် ပစ်ဖွင့်သည်။ သော့ပွင့်သွားသည်။ အပေါ်ထပ်များတွင် ရှိသော ရုံးခန်းများကို ညွှန်ပြသည့် ဆိုင်းဘုတ်ကို လှမ်းကြည့်သည်။ ရပ်ဆယ်သော့ပ် လိုချင်သည့် အဖြေများ အားလုံးရပါသည်။ သူသည် ဓာတ်လှေကားဆီသို့ သွားမနေတော့ပဲ ရိုးရိုးလှေကားအတိုင်း ပြေးတက်ခဲ့သည်။

ဂျက်ဖရေစပင်ဇာနှင့် ကာနယ်လီနာရီသည် သူတို့အသက် လုံခြုံရေး အတွက် မည်သို့မည်ပုံ ကြိုးစားရမည်ကို အပြင်းအထန် နည်းလမ်း ရှာဖွေနေကြသည်။ အင်ကမ်းကုမ္ပဏီ အုပ်ချုပ်ရေးရုံး အပေါ်ဆုံးထပ်ရှိ ဂျက်ဖရေစပင်ဇာ၏ ရုံးခန်းထဲမှာ သူတို့နှစ်ယောက်သာ ရှိလေသည်။ အဆောက်အအုံကြီး တစ်ခုလုံးကိုလည်း ဒေါသထွက်နေသည့် လူအုပ်ကြီးက ပတ်ပတ်လည်မှ ဝိုင်းထားကြလေပြီ။ သူတို့လက်တွင်းသို့ ရောက်သွားလျှင် အရိုးတခြား အသားတခြား ဖြစ်ဖို့ကလွဲပြီး အခြားအကြောင်း မမြင်။

သူတို့နှစ်ယောက် စလုံး၏ ခေါင်းထဲတွင် အခြားဘာမှ မရှိ။ သည်လူအုပ်ထဲမှ လွတ်မြောက်အောင် မည်သို့လုပ်ရမည်နည်းဆိုသည့် အချက်ကိုသာ အပြင်းအထန် စဉ်းစားနေကြသည်။ ယခုအချိန်တွင် လွတ်မြောက်ရေးသည်သာ အဓိက ဖြစ်လေသည်။

"ဒီကောင်တွေ မကြာခင် အထဲကိုဖျက်ပြီး ဝင်လာကြတော့မှာပဲ" ဟု ကာနယ်လီနာရီက ပြောသည်။

"အချိန်မရွေး အထဲကို ရောက်လာနိုင်နေပြီလို့ ထင်တယ်"

"စပင်ဇာကလည်း ထိုသို့ ပြန်ဖြေရင်း ဘာလုပ်ရမည်ကို စဉ်းစားနေသည်။ လီနာရီကိုတွေ့သည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြီးက နေရာမှာပင် အဆုံးစီရင် ကြပေလိမ့်မည်။ မိမိသည် နိုင်ငံခြားသား ဖြစ်သည်ကို အကြောင်းပြုပြီး လူအုပ်ကြီးလက်သို့ လီနာရီကို ထိုးအပ်လိုက်လျှင် လွတ်မြောက်နိုင်စရာ အကြောင်းရှိသည်ကိုလည်း စဉ်းစားလိုက်မိသည်။

"ခင်ဗျား ဒီမှာ ခဏနေဦး"

စပင်ဇာက လီနာရီကို ပြောပြီး ရုံးခန်းအပြင်သို့ ထွက်သွားသည်။ ခဏကြာတော့ အရပ်ဝတ် အရပ်စား တစ်စုံကိုယူပြီး ပြန်ဝင်လာသည်။

"ရော့ ဒီအဝတ်တွေနဲ့ လဲလိုက်၊ ကျုပ်တည်တည်ငြိမ်ငြိမ်နဲ့ပဲ လက်နက်ချလိုက်မယ်၊ ကျုပ်ဟာ အမေရိကန် နိုင်ငံသားခံ ယူထားတဲ့ အင်္ဂလိပ်လူမျိုးဖြစ်ကြောင်း ပြောပြပြီး အဖမ်းခံလိုက်မယ်"

"အလကား ဝက်မျိုးတွေ"

"ကဲ ကျုပ်ပြောတဲ့အတိုင်း လုပ်ပါဗျာ၊ အချိန်မရှိတော့ဘူး၊ ခင်ဗျား အရပ်ဝတ်လဲပြီး နောက်ဘေးပေါက်က ထွက်ပြေးသွားကြောင်း သူတို့ကို ပြောပြလိုက်မယ်၊ ခင်ဗျားရဲ့ ယူနီဖောင်းကိုလည်း သူတို့ယုံကြည်အောင်ပြလိုက်မယ်" ထိုသို့ပြောရင်း မိမိ ထိုအတိုင်းလုပ်မည် မဟုတ်ကြောင်း၊ လီနာရီ ဘယ်နေရာမှာ ရှိနေသည်ကို အတိအကျ ဖွင့်ပြောလိုက်မည် ဖြစ်ကြောင်းကိုလည်း သူစိတ်ထဲမှာ ကြိတ်တွေးနေသည်။ "လူအုပ်ကြီးနဲ့ ခင်ဗျား ဝင်ရောလိုက်၊ သူတို့အော်သလိုပဲ လီနာရီရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးမယ်လို့ လိုက်အော်၊ ခင်ဗျားကို ဘယ်သူမှ မှတ်မိမှာ မဟုတ်ဘူး၊ ပြီးရင် လူအုပ်ထဲက အသာကလေး ထွက်သွားပြီး ကျွန်တော်တို့ကိုကနေ သွားစောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com



လီနာရီက ဆဲဆိုရေရွတ်ရင်း ယူနီဖောင်းနှင့် အရပ်ဝတ်များကို လဲဝတ်နေသည်။ ခါးတွင်ချိတ်ထားသည့် အိတ်ထဲမှ ပစ္စတိုကို ထုတ်ယူပြီး အင်္ကျီအတွင်းအိတ်ထဲမှာ ထည့်ထားလိုက်သည်။

"ဘယ်သူမှ ခင်ဗျားကို မှတ်မိမှာ မဟုတ်ဘူး" စပင်ဇာက ထပ်ပြောပြသည်။

အပြင်ရုံးခန်းတံခါး ဖွင့်သံကို သူတို့နှစ်ယောက်စလုံး မကြားလိုက်ကြရ။ အရပ်ထောင်ထောင်မောင်းမောင်း ဆံပင်အရောင် ပျော့ပျော့၊ ပေကျုံစုတ် ပြတ်နေသည့် ယူနီဖောင်း အစိမ်းဝတ်ထား သူတစ်ယောက် တံခါးကို ခြေထောက်နှင့် ကန်ပြီး ဝင်လာသောအခါကျမှ သူတို့နှစ်ယောက်စလုံး ကြက်သေသေသွားကြတော့သည်။ ဝင်လာသူက အမ် ၁၆ မောင်းပြန်သေနတ်ဖြင့် သူတို့ကို ချိန်ထားသည်။

"တစ်ချီတည်း ထိပေါက်တာပဲ၊ တစ်ယောက်က စပင်ဇာ၊ တစ်ယောက် က လီနာရီ" ရပ်ဆယ်သော့ပ်က ထိုသို့ ပြောပြီး ပတ်ဝန်းကျင် အနေအထားကို အကဲခတ်ကြည့်သည်။

"ကာနယ် ခင်ဗျားက ယုံလောက်တဲ့ လူကို တံခါးစောင့် လုပ်ခိုင်းခဲ့တာကိုး၊ ကဲ. . . သွားကြစို့"

ရပ်ဆယ်သော့ပ်သည် ဓာတ်လှေကားကို မသုံး။ ဓာတ်လှေကားကို သုံးလျှင် ရန်သူနှစ်ယောက်နှင့် လူချင်းပူးကပ်ပြီး နေရမည်။ အန္တရာယ် ပိုကြီးနိုင်သည်။ ထို့ကြောင့် လီနာရီတို့နှစ်ယောက်ကို သေနတ်နှင့်ချိန်ပြီး ရိုးရိုးလှေကားမှ ဆင်းခိုင်းသည်။ အောက်ထပ်ရောက်ခါနီးတော့ လှေကားတစ်ဝက်မှာ ခဏရပ် ခိုင်းသည်။

"ကျုပ်ပြောတာ သေသေချာချာ နားထောင်၊ ကျုပ်တို့ အပြင်ကို ထွက်မယ်၊ ခင်ဗျားတို့နှစ်ယောက်စလုံး ကျုပ်ရဲ့ အကျဉ်းသား၊ လူအုပ်ကြီးရဲ့ အန္တရာယ်က လွတ်အောင် ကျုပ်လူတွေက ခင်ဗျားတို့ကို အကာအကွယ် ပေးမယ်"

"ကျုပ် ကန့်ကွက်တယ်" ဂျက်ဖရေစပင်ဇာက မတုမတန်သည့် လေသံမျိုးနှင့် ပြောသည်။ ကျုပ်ကို အကျဉ်းသားအဖြစ်နဲ့ ဖမ်းဖို့ ခင်ဗျားမှာ ဘာအခွင့်အရေးမှ မရှိဘူး၊ ကျုပ်ဟာ နိုင်ငံခြားသား၊ ကာနယ်က ပြူအာ့ိုကွေဒို နိုင်ငံသား ဖြစ်တယ်၊ ခင်ဗျားနဲ့ ပေါ်ပြူလာပါတီက သူကိစ္စ ဘာလုပ်လုပ် ကျုပ်နဲ့ မဆိုင်"

"သစ္စာဖောက်. . . မင်းငါ့ကို ရောင်းပစ်" လီနာရီက ပြန်အော်သည်။

"ကောင်မလေးတွေ ဆင်းကြ ဆင်းကြ၊ အချိန်မရှိဘူး၊ နောက်တော့မှ တစ်ယောက်နဲ့ တစ်ယောက် လက်သည်းနဲ့ ကုတ်ကြ"ဟု ရပ်ဆယ်သော့ပ်က လှမ်းပြောသည်။

အဆောက်အအုံထဲမှ သူတို့ သုံးယောက်ထွက်သွားသည်နှင့် တစ်ပြိုင်တည်း မိုးချုန်းသံကြီးလို လူအုပ်ကြီးက ဝိုင်းအော်ကြသည်။ ရပ်ဆယ်သော့ပ်က သေနတ်ကို အသင့်အနေအထားမှာ ကိုင်ထားသည်။ တိတ်ကြရန်လည်း အသံကုန် အော်ပြောသည်။ လူအုပ်ကြီးက တိတ်သွားသည်။

"သူတို့ကို ခင်ဗျားတို့ ခေါင်းဆောင်တွေ လက်အပ်မယ်"

ရပ်ဆယ်သော့ပ်က လူအုပ်ကြီးကို အော်ပြောပြီး ဂျက်ဖရေစပင်ဇာ နှင့် လီနာရီကို ဂျစ်ကားခေါင်းပေါ် မှာ ထိုင်ရန် အမိန့်ပေးသည်။ သူကမူ နေလ်ဆင်၏ ဘေးမှာ ဝင်ထိုင်သည်။ နေလ်ဆင်က ကားစက်နှိုးသည်။ ဂျစ်ကားက လှေကားထစ်များအတိုင်း တဖြည်းဖြည်း လျှောဆင်းလာသည်။ အကျဉ်းသား နှစ်ယောက်က အောက်သို့ ပြုတ်ကျမသွားစေရန် မော်တော်ကားလေကာမှန်ဘောင်ကိုကိုင်ပြီး ထိန်းထားကြသည်။

ဂျစ်ကားက လမ်းမ မြေညီပေါ်သို့ ရောက်လာသည်။ ဆက်မောင်းဖို့ သာရှိတော့သည်။ ဂျက်ဖရေစပင်ဇာက သူ့အတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်ပြီဟု ယူဆလိုက်တာ ထိုအခွင့်အရေးကို အမိအရ ဖမ်းယူလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ နိုင်ငံခြားသားပါ၊ ကျုပ်ကို အင်္ဂလန်မှာ မွေးတယ်" ဟု စပိန်ဘာသာဖြင့် လူအုပ်ကြီးကို အော်ပြောသည်။

"ဒီလူတွေ လက်ထဲက ကျုပ်ကို လွတ်ခိုင်းပေးပါ၊ မဟုတ်တာတွေ လုပ်ခဲ့တဲ့လူဟာ ဟောဒီ ကာနယ်လီနာရီပဲ"

စက္ကန့်ပိုင်းကလေး အတွင်းမှာပင် အားလုံး ရှုပ်ထွေးသွားတော့သည်။

နေလ်ဆင်က ကားစက်ကို ပြန်နှိုးသည်။ ကားကရှေ့သို့ ဆောင့်ထွက်သွားသည်။ စပင်ဇာသည် ဟန်ချက်ပျက်သွားပြီး ဂျစ်ကားခေါင်းပေါ်မှ အောက်သို့ ထိုးကျသွားသည်။ လမ်းပေါ်ရောက်သည်နှင့် တစ်ပြိုင်တည်း ကိုယ်ကို လိမ့်လိုက်သည်။ ပြီးတော့ မလဲတပ်ရပ်ကာ ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် လူအုပ်ကြီးက သူ့ကို ချက်ချင်း ဖမ်းမိသွားသည်။

ရပ်ဆယ်သော့ပ်က ကားပေါ်မှ ခုန်ချသည်။ ဂျက်ဖရေစပင်ဇာ ရှိနေသည့် နေရာကို လူအုပ်ကြားမှ အတင်းတိုးဝှေ့ ဝင်သွားသည်။ နတ်သန်က စက်သေနတ်ကို မိုးပေါ် ထောင်ဖောက်သည်။ လူအုပ်ကြီး နောက်ပြန် ဆုတ်သွားသည်။ စပင်ဇာအနား သို့ ရပ်ရောက်သွားသောအခါ ဒဏ်ရာ ဆိုးဆိုး ရွားရွား ရနေသည်ကို တွေ့ရတော့သည်။

"ကျုပ်လက်ကို ဆွဲထား သွားစို့"

ရပ်စ်က ကိုယ်ကိုကိုင်းလိုက်ပြီး လက်ကမ်းပေးရင်း ပြောသည်။

သည်လိုအခွင့်အရေးမျိုးနောက်ထပ် ရနိုင်တော့မည် မဟုတ်ကြောင်း ကာနယ်လီနာရီက တွေးမိသည်။ ရပ်ဆယ်သော့ပ်နှင့် ဂျက်ဖရေ စပင်ဇာတို့ နှစ်ယောက်ကို အာရုံစူးစိုက်ထားလိုက်သည်။ သူ့အိတ်ထဲမှာ ဝှက်ထားသည့် ပစ္စတိုသေနတ်ကို မေ့နေသေးသည်။ ခဏကြာတော့မှ သတိရသည်။ သည်သေနတ်ကိုပဲ အားကိုးရတော့မည်။ ဝက်စုတ် စပင်ဇာကို ပထမ ရှင်းရမည်။ ထို့နောက် ရပ်ဆယ်သော့ပ်ကို ရှင်းရမည်။ သူတို့နှစ်ယောက် ပြီးလျှင် စက်လတ်ကိုင်ထားသော နီဂရိုးကြီး၏ အလှည့်ဖြစ်သည်။ နောက်ဆုံးမှ ဂျစ်ကားမောင်းသူကို အပြတ်ရှင်းရမည်။ သူတို့ကို ရှင်းပြီးသည်နှင့် တစ်ပြိုင်တည်း ဂျစ်ကားကို အပိုင်စီးကာ လူအုပ်ကြီးနှင့် ဝေးရာသို့ မောင်းပြေးရမည်။ ဘယ်နေရာရောက်ရောက် မောင်းရပေတော့မည်။

သေနတ်ကို ရုတ်တရက် ဆွဲထုတ်ယူကာ ပစ်သည်။ ဂျက်ဖရေ စပင်ဇာ၏ လည်ပင်းထဲသို့ ကျည်ဆန်ဖောက်ဝင်သွားသည်။

ရပ်ဆယ်သော့ပ်၏ တုံ့ပြန်မှုကား အလွန်တရာ မြန်ဆန်လွန်းလှသည်။ မောင်းပြန်သေနတ်ကို ကိုင်းရင် ဖြုန်းကနဲ ပြန်လှည့်လိုက်သည် ကာနယ်လီနာရီက ထပ်ပစ်သည်။ နံကြားတွင် ထစ်ကနဲ နာကျင်သွားသည်ကို အရေးမစိုက်ပဲ မောင်းပြန် သေနတ်မောင်းကို ဆွဲညှစ်ကာ ကျည်အတွဲကို သုံးခုဆက်တိုက် လွှတ်လိုက်သည်။

လီနာရီသည် ဂျစ်ကားခေါင်းပေါ်မှ တစ်ဘက်သို့ စောင်းကာ လမ်းမပေါ်သို့ ကျသွားသည်။ တစ်ချက်ပဲ သူအော်လိုက် နိုင်ပါသည်။ ပြီးတော့ လမ်းမပေါ်မှာ ငြိမ်သက်သွားလေတော့သည်။

ရပ်ဆယ်သော့ပ်၏ ဝမ်းဗိုက်မှာလည်း သွေးများ ယိုစီးထွက်နေသည်။ ဂျစ်ကားပေါ်သို့ သူ့ကိုယ်သူ ပစ်တင်လိုက်သည်။

"ဒီနေရာကနေ မြန်မြန်ထွက်ကြစို့" ဟု နေလ်ဆင်ကို ပြောသည်။

ဂျက်ဖရေစပင်ဇာနှင့် ကာနယ်လီနာရီတို့၏ အလောင်းမှာ လမ်းပေါ်တွင် ကျန်ရစ်ခဲ့သည်။ လူအုပ်ကြီးက သူတို့တာဝန်များကို စတင် ထမ်းဆောင်နေကြပြီ။ ဘာတွေ ဆောင်ရွက်နေသည်ကို စောင့်ကြည့်လိုသူ တစ်ယောက်မှ ဂျစ်ကားပေါ်မှာ ပါမလာပါ။

\+ + +

သမ္မတရာမွန်မူညော့ဇ်နှင့် ကာနယ်လီနာရီတို့ နှစ်ယောက်စလုံး သေဆုံးကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေရှင်နယ်ပါတီ ခေါင်းဆောင်များနှင့် အခြားနိုင်ငံရေး သမားများကိုလည်း ဖမ်းဆီးပြီးပြီ။ အဖမ်းမခံရသေးသူများက ပုန်းနေကြသည်။ အချို့က ပြည်ပသို့ ထွက်ပြေးလွတ်မြောက်သွားကြသည်။

ပြူအာတိုကွေဒို နိုင်ငံမှာ အစိုးရ မရှိဘဲ ဖြစ်နေသည်။

သမ္မတလောင်းအဖြစ် ဝင်ရောက်အရွေးခံရန် နာမည်စာရင်း သွင်းထားသော ဖေဗီးယားပီနီဒါကို ပလာဇာဒီတိုရီ ကစားကွင်းအတွင်းမှ လွှတ်ပေးခဲ့သည်။

တိုင်းပြည်ကိုဖေဗီးယားက ထိန်းသိမ်းလိုက်သည်။ သူကိုယ်သူ ကြားဖြတ်သမ္မတ ခန့်သည်။ မူလအစီအစဉ်အတိုင်း သောကြာနေ့တွင် ရွေးကောက်ပွဲကို ကျင်းပပေးမည် ဖြစ်ကြောင်းပြစ်လည်း ထုတ်ပြန် ကြေငြာလိုက်သည်။

ဖေဗီးယားပီနီဒါသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ ကြေငြာချက်နှင့် အမိန့်များကို ဆက်တိုက် ထုတ်ပြန် ကြေငြာလေတော့သည်။ ၎င်းတို့အထဲတွင် ရပ်ဆယ်သော့ပ် မျှော်လင့်ထားသည့် ကြေငြာချက် တစ်ခုလည်း ပါဝင်လာလေသည်။

"ပြူအာတိုကွေဒိုအစိုးရနှင့် အင်ကမ်းကုမ္ပဏီတို့ ချုပ်ဆိုထားခဲ့ကြသည့် စာအုပ်များအားလုံးကို ဖျက်သိမ်းလိုက်ကြောင်း။ အင်ကမ်းကုမ္ပဏီပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကိုလည်း ပြည်သူပိုင် သိမ်းလိုက်ကြောင်း" ဟူသော ကြေငြာချက်ပင် ဖြစ်လေသည်။

"စစ်ရုံးချုပ်အဆောက်အအုံရှိ ရပ်ဆယ်သော့ပ်နှင့် သူလူများ ထံသို့ ကြားဖြတ် သမ္မတ ဖေဗီးယားပီနီဒါ လာရောက်လည်ပတ်သည်။ ရပ်ဆယ်သော့ပ်ရရှိထားသည့် ဒဏ်ရာသည် မပြောပလောက်သော်လည်း နာနေသေးသည်။ ဆေးထည့်ပြီး ပတ်တီးစည်းထားသည်။ အနာသက်သာစေရန် ဝီစကီကို တစ်ငုံချင်း သောက်နေသည်။

ပီနီဒါက ကျေးဇူးတင် မဆုံးကြောင်း၊ ဝမ်းသာလို့ မဆုံးကြောင်းများကို မနားတမ်း ပြောနေသည်။ ရပ်ဆယ်သော့ပ်မှာ ယဉ်ကျေးသိမ်မွေ့သည့် အမူအရာဖြင့် စိတ်ရှည်လက်ရှည် သည်းခံပြီး နားထောင်နေရသည်။ သည်လို ချီးကျူးစကားတွေပြီးလျှင် မည်သို့သော မေးခွန်းများ ဆက်လာတော့မည် ဖြစ်ကြောင်းကိုလည်း ရပ်စ်က ကြိုတင်မှန်းဆထားပြီး ဖြစ်သည်။ သူထင်သည့် အတိုင်းလည်း ဖြစ်လာပါသည်။

"ခင်ဗျားနဲ့ ခင်ဗျားရဲ့ ပြောက်ကျားတပ်သားတွေဟာ ဘယ်ကနေ ဘယ်လို ပေါ်ပေါက်လာတယ်ဆိုတာ ကျွန်တော်လည်း မသိပါဘူး ဗျာ၊ ခင်ဗျားတို့ကို ဘယ်သူက လွှတ်လိုက်တာလဲ၊ ဘယ်သူ့ကို ခင်ဗျားတို့ ကိုယ်စားပြု ပါသလဲ"

"ဂျော့ဖစ်ဂူရပ်စ်နဲ့ ဆက်သွယ်ပြီး လာတာပါ၊ အမေရိကန် ပြည်ထောင်စုကို သူလူတွေ လွှတ်လိုက်ပါတယ်။ အခုစစ်ဆင်ရေးကို အဲဒီ လူတွေက ငွေကြေးစိုက်ထုတ်ပေးပြီး အကုန်အကျခံကြပါတယ်" ဟု ရပ်ဆယ်သော့ပ်က လိမ်ပြောလိုက်သည်။

"ဒီ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ ဖစ်ဂူရပ်စ်အနေနဲ့ ငွေကြေး ဒါလောက် မရှိပါဘူး"

ရပ်ဆယ်သော့ပ်က နောက်ထပ် ဝီစကီ ထပ်ထည့်ရင်း ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

"သူက ကျွန်တော်တို့ကို ငွေပေးခိုင်းတာပဲ သိတယ်၊ ကျန်တာတွေတော့ သူ့ဟာသူ လျှို့ဝှက်ထားတယ်၊ တကယ်လို့ သူအသက်ရှင်နေဦးမယ်ဆိုရင် ခင်ဗျားကို ဒီထက်ပိုပြီး သူပြောပြနိုင်မှာပါပဲ"

ထိုအကြောင်းများကို ပီနီဒါ မယုံကြည်ပါ။ သို့သော်လည်း ဒီထက်ပို အရေးကြီးသော ပြဿနာများကို ဆက်လက်ဆွေးနွေးရန် သူ့မှာ ရှိနေသေး သည်။

"ကျွန်တော်တို့တိုင်းပြည် အခြေအနေအားလုံး ငြိမ်သက်သွားတဲ့အထိ ခင်ဗျားနဲ့ ခင်ဗျားရဲ့ လူတွေ ဆက်နေစေချင်ပါတယ်၊ ကျွန်တော်တို့ တပ်မတော်သစ် တစ်ခုဖွဲ့စည်းပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိ စောင့်စေချင်ပါတယ်၊ ဒီအတွက် ကျွန်တော့် အစိုးရက ခင်ဗျားတို့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပါ့ မယ်"

"ခင်ဗျားမှာ တပ်မတော် အသစ်တစ်ခုရှိနေပြီပဲ၊ ကာလိဇ်ဟာရီရာနဲ့ သူ့ရဲဘော်တွေဟာ ပထမတန်းစား ရဲဘော်တွေပါဗျာ၊ နောက်ထပ် တပ်သားသစ်တွေအဖြစ်နဲ့ အရည်အချင်းရှိတဲ့ လူ ရာပေါင်းများစွာကိုလည်း သူစုစည်းပေးနိုင်တယ်"

"ကျွန်တော်တို့က ခင်ဗျားတို့ ပြောက်ကျားတွေကို လိုချင်တာပါ။ ကျွန်တော်တို့ တိုင်းပြည်"

"ဒါအဓိကပဲပေါ့ ခင်ဗျာ၊ ဒါဟာ ခင်ဗျားတို့ တိုင်းပြည်ပဲ ကျွန်တော်တို့ကို ငွေပေးပြီး လုပ်ခိုင်းတဲ့ အလုပ်ကို ကျွန်တော်တို့ လုပ်လို့ ပြီးသွားပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကလဲ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်ဖို့ပဲ ရှိပါတော့တယ်။

ကျဆုံးသွားသော ကြေးစားစစ်သားများကို သင်္ဂြိုဟ်ကြသည်။ ဒဏ်ရာရသူများနှင့် ကျန်သူများ အားလုံး စစ်ရုံးချုပ်အတွင်းမှ အပြင်သို့ လုံးဝ မထွက်ရန် တင်းကျပ်စွာ အမိန့်ပေးထားသည်။ ပြူအာတိုကွေဗို နိုင်ငံတွင်းသို့ အစုလိုက်အပြုံလိုက်ဝင်လာကြသော သတင်းစာ ဆရာများနှင့် မတွေ့စေလို။ သတင်းစာ ဆရာများ၏ တောင်မေး၊ မြောက်မေး မေးခွန်းများနှင့် ရင်မဆိုင်စေလို။

ဇာတ်လမ်းအမှန်သည် တစ်နေ့နေ့တွင်မုချ ပေါ်ပေါက်လာရမည်သာ ဖြစ်သည်။ ထိုသို့ ဇာတ်လမ်းမှန်ပေါ်သည့်အချိန်ထိ "လျှပ်တပြက်ပြောက်ကျားတပ်"အကြောင်းကို ကမ္ဘာကြီးက ထင်ချင်ရာထင်နေနိုင်သည်။ လျှပ်တပြက် ပြောက်ကျားတပ်သည် မိုးပေါ်က ကျလာသလို ပေါ်ပေါက်လာပြီး ချက်ချင်း ပျောက်ဆုံးသွားသည့် အကြောင်းများကို ပြောချင်သလို ပြောဆိုနေကြပါစေတော့ဟု သဘောထားလိုက်သည်။

ညသန်းခေါင်အချိန်တွင် ရပ်ဆယ်သော့ပ်နှင့် သူ့လူများသည် ထရပ်ကားများနှင့် စန်တာကလာရာ လေဆိပ်သို့ ထွက်လာခဲ့ကြသည်။ မြို့တော်တွင်း၌ အခြေအနေမှာ ရှုပ်ထွေးနေဆဲ ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့ကို မည်သူကမှ သတိမထားကြ။ လေယာဉ်ကွင်းသို့ ရောက်သောအခါ လေဆိပ်အစွန်သို့ ကားများကို မောင်းသွားသည်။

သန်းခေါင်ကျော် တစ်နာရီတွင် ဒီစီ ၇-စီ ဂျက်လေယာဉ်ပျံကြီး ဆင်းလာသည်။ စက်မရပ်ပဲ နိုးထားသည်။ ဒဏ်ရာရသူများကို အလျင်တင်ပေးသည်။ ထို့နောက်မှ ကျန်ကြေးစား စစ်သားများက တက်ကြသည်။ ကောင်းကင်သို့ လေယာဉ်ပျံရောက်သည်နှင့် တစ်ပြိုင်တည်း အားလုံးနေသာသလို နေကြသည်။ အိပ်ပျော်သူများကလည်း အိပ်ပျော်သွားကြသည်။ နောက် နာရီအနည်းငယ်ကြာသောအခါ လေယာဉ်ပျံကြီးသည် အယ်လ်ဖာစခန်း လေယာဉ်ကွင်းသို့ ဆင်းသက်ခဲ့လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ပက်ထရစ်ရှာဂါပေးသည် လီယိုဖူးချ်ဘတ်၏ ရှေ့နေ အက်ဒွပ်ဂျေကုတ္တနေကို မျက်နှာချိုသွေးနေရသည်။ နည်းမျိုးစုံဖြင့် သူ့အကြိုက်ကို လိုက်လျောနေရသည်။

ထိုသို့ မျက်နှာချိုသွေးပြီး နည်းမျိုးစုံဖြင့် အလိုလိုက် အကြိုက်ဆောင်သည့် ကြားထဲကပင် အက်ဒွပ်ကုတ္တနေက ခြိမ်းခြောက်နေသည်။ သူတစ်စုံ တစ်ရာလုပ်လျှင် အင်ကမ်းကုမ္ပဏီနှင့် စင်တီနယ်ကုမ္ပဏီတို့ ပျက်စီးသွားမည် ဖြစ်ကြောင်း ပြောနေသည်။

ဘာကြောင့် သူခြိမ်းခြောက်နေသနည်း။ သူ့လက်ထဲမှာ မည်သို့သော အခိုင်အမာ သက်သေခံတွေ ရှိနေသနည်း။ ဘာသက်သေခံတွေနည်း။ ထိုအချက်များကို ရအောင်စုံစမ်းရန် တာဝန်ကို အာသာမိုရယ်က ပက်ထရစ်ရှာဂါပေးအား လွှဲအပ်သွားလေသည်။

"ပြောရမှာတော့ အားနာပါရဲ့၊ ဒါပေမယ့် ညဉ့်သိပ်နက်နေပြီ အက်ဒွပ်၊ ကျွန်မ အိပ်ချင်နေပြီ" ဟု ပက်ထရစ်ရှာဂါပေးက ပြောသည်။

"အလုပ်ကိစ္စ ကျုပ်တို့ ဆွေးနွေးကြရအောင်လေ"

ဒါလောက်ဆိုလျှင် အက်ဒွပ်ကုတ္တနေထံမှ သတင်းကို အထိုက်အလျောက်တော့ နှိုက်လို့ ရတန်ကောင်းပြီဟု ထင်သည်။ ထို့ကြောင့် ပက်ထရစ်ရှာဂါပေးက ခုတင်ပေါ်တွင် နေရာပြင်လိုက်ရင်း စီးကရက် တစ်လိပ်ကို ဆွဲယူ မီးညှိသည်။ ကုတ္တနေကိုလည်း ပြုံးပြလိုက်သည်။

"သိပ်အရေးကြီးနေပြီ ထင်တယ်၊ ရှေ့နေကြီး၊ ဒီလိုဆိုရင်လည်း တိုတိုနဲ့ လိုရင်းကိုပဲ ပြောပါရှင်"

အက်ဒွပ်ကုတ္တနေက ခုတင်ပေါ်တွင် ပက်ထရစ်ရှာဘက်သို့ တိုးကပ်ထိုင်သည်။ ပြီးတော့မှ ပြောပြသည်။

"ဒီလို တိုင်းပြည်ထဲက လီယိုဖူးချ်ဘတ် ထွက်မသွားခင် ကျုပ်ကို စာရွက်တွေ သေတ္တာနဲ့ တစ်လုံးပေးသွားတယ်၊ နောက်ထပ် သူ့သတင်းကို ဘာမှ ထပ်မကြားရတော့ရင် တစ်ခါတည်းအပြီး သူကိုယ်ရောင်ဖျောက်သွားပြီလို့ သဘောထားပါတဲ့၊ ဒါ မှမဟုတ် သူသေသွားပြီလို့ သတ်မှတ်လိုက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပတ်ထရစ်ရှာက မည်သို့မှ မခံစားရသလို ဟန်ဆောင်နေ လိုက်သည်။ သို့သော်လည်း သူ့ရင်ထဲမှာတော့ စိုးရိမ်ထိတ်လန့်မှုများ ဝင်ရောက်နေရာ ယူလာကြလေပြီ။

"ဒါကြောင့် သူထားခဲ့တဲ့ သေတ္တာကို ကျုပ်ဖွင့်လိုက်တယ်၊ အထဲမှာပါတဲ့ စာရွက်တွေ စာတမ်းတွေဟာ အင်ကမ်းကုမ္ပဏီရဲ့ အတွင်းရေးတွေ ဖြစ်နေတယ်၊ အဲဒီ စာရွက်စာတမ်းတွေ အတွက် ကျုပ်ဒေါ်လာဆယ်သန်း လိုချင်တယ်၊ ဗားဟတ်အနေနဲ့ ပေးကိုပေး. ."

"ကျွန်မအနေနဲ့ ဘာလုပ်ပေးစေချင်တာလဲ"

ပက်ထရစ်ရှာဂါဗေး၏ အသံမှာ မှုမမှန်တော့ချေ။

"ကျုပ်ဟာ လူသိမခံချင်ဘူး၊ ဒါတွေဟာ ကျုပ်လက်ထဲမှာ ရှိနေတယ်ဆိုတာ မသိစေချင်ဘူး၊ ဒီစာရွက်စာတမ်းတွေနဲ့ ငွေဆယ်သန်းလဲတာကို ပေါလ်ဗားဟတ် ယုံကြည်စိတ်ချတဲ့ ကြားလူတစ်ယောက်က ဆောင်ရွက်ပေးစေချင်တယ်၊ ဒီကိစ္စမှာ မင်းဟာ အသင့်လျော်ဆုံး ကြားလူပဲ၊ မင်းတို့နဲ့ ဆက်သွယ်တဲ့ လူဟာ ဘယ်သူမှန်း မသိဘူးလို့ မင်းကပြောရင် ဗားဟတ်က သေချာပေါက်ယုံမှာပဲ၊ နောက်တစ်ခုက ကျုပ်လက်ထဲမှာ ရှိနေတာတွေဟာ သူ့ကို တစ်ကယ် ဒုက္ခပေးနိုင်တဲ့ဟာတွေ ဆိုတာကိုလဲ သူယုံကြည်သွားမှာပဲ၊ တခြားလူတစ်ယောက်ယောက်ရဲ့ လက်ထဲကို ဒီစာရွက် စာတမ်းတွေရောက်သွားရင် ဗားဟတ်ရော သူ့အင်ကမ်းကုမ္ပဏီရော အားလုံး ပျက်စီးသွားမယ်" ပက်ထရစ်ရှာက စီးကရက်တိုကို ဆေးလိပ်ပြာခွက်ထဲသို့ ထိုးချေထည့်သည်။

"အဲဒီ စာရွက်စာတမ်းတွေဟာ ရှင်ပြောသလို ဟုတ်မဟုတ် သေချာအောင် ကျွန်မ အရင်ကြည့်ချင်သေးတယ်"

"ဖိုတိုစတတ်လုပ်ပြီး မင်းကိုပေးပါ့မယ်"

"ဒီစာရွက်စာတမ်းတွေကို ကိုင်ထားတဲ့ လူဟာ ရှင်ဖြစ်ပါတယ်လို့ ပေါလ်ကို ကျွန်မက ပြောပြလိုက်မယ်ဆိုရင် ဘာဖြစ်မလဲ"

"ဒီလိုပြောပြရင် ကျုပ်က တခြားလူ တစ်ယောက်ယောက်ရဲ့ လက်ထဲကို လွှဲပြောင်းပေးလိုက်မယ်၊ ဒီအကြောင်းတွေကို မင်းပါသိထားကြောင်း ကျုပ်ပြောပြမယ်၊ ရှေ့နေ တစ်ယောက်အနေနဲ့ဆိုရင်" အက်ဒွပ်ကုတ္တနေက လည်ချောင်း ရှင်းလိုက်သည်။ "ဒီအမှုမှာ မင်းပါ ကြံရာပါဖြစ်ကြောင်း ကျုပ်က သက်သေပြနိုင်တယ်လေ၊ ဒီတော့ ရာဇဝတ်မှုကြီးထဲမှာ မင်းပါ တရားခံအဖြစ်နဲ့ပါ နေတော့မှာပေါ့၊ ဒါကြောင့် ဝမ်းမြောက်ဝမ်းသာနဲ့ မင်းကျုပ်ကို ကူညီ လိမ့်မယ်လို့ ယုံကြည်ပါတယ်"

ကုတ္တနေ ခုတင်ပေါ်မှထသည်။ သူ့အဝတ်အစားများကို ကောက်ယူသည်။

ထိုနေ့ညက ပက်ထရစ်ရှာဂါဗေး အိပ်မပျော်တော့ပါ။ အိပ်မပျော်ပဲနှင့် အိပ်မက်ဆိုး များကို အတောမသတ်အောင် မက်နေမိတော့သည်။

\+ + +

ထိုညတစ်ညလုံး မအိပ်နိုင်သော နောက်တစ်ယောက်မှာ ပေါလ်ဗားဟတ် ဖြစ်လေ သည်။ ပြူအာတိုကွေဒိုနိုင်ငံနှင့် ပတ်သက်သော သတင်းဆိုးများကို ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ တစ်ဆင့် သူကြားနေရသည်။

ထိုသို့ သတင်းဆိုးများကို ကြားနေရသည့် ကြားထဲကပင် သူ၏ စိတ်ဓာတ်များမှာလည်း အလွန်တရာ တက်ကြွနေလေသည်။

ပြူအာတိုကွေဒိုနိုင်ငံတွင် သူလုပ်သလို ဖြစ်မလာလျှင်လည်း ကိစ္စမရှိပါ။ အခြား နိုင်ငံများမှာ သူဆက်လက်ကြိုးစားဦးမည်။ ထို့ကြောင့် လောလောဆယ်တွင် အရှုံးနှင့် သူရင်ဆိုင် ရပေလိမ့်မည်။ သို့သော်လည်း နောက်ထပ်သူ လုပ်ကိုင်မည့် စီမံကိန်းများ အောင်မြင်လာမည် ဆိုလျှင် သူ့ဘက်မှာ အောင်ပွဲတွေ ခြိမ့်ခြိမ့် သည်းနေပေတော့မည်။ ဟွန်ဒူးရပ်စ်နိုင်ငံ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး တော့ဒိုမီနီကန် ပြည်သူ့သမ္မတနိုင်ငံ၊ အယ်လ်ဆာဗေဒိုး ဂွာတီမာလာ ထိုတိုင်းပြည်များကို အခြေခံပြီး ချဲ့ထွင်သွားမည်ဆိုလျှင် မဟာစကြာဝဠာကြီး တစ်ခုလုံးကိုပင် သူသိမ်းပိုက်နိုင်မည် ဖြစ်လေသည်။

စန်တာကလာရာမြို့မှာ ရှိနေသော ဂျက်ဖရေစပင်ဇာနှင့် အဆက်အသွယ်ရဖို့ သူမနားတမ်းကြိုးပမ်းနေသည်။ သို့သော် မအောင်မြင်။ တယ်လီဖုန်းက တစ်ဘက်ကို ခေါ်သော်လည်း တစ်ဘက်က ပြန်မထူး။ တစ်ခါတစ်ရံတွင် တယ်လီဖုန်းက တစ်ဘက်သို့ပင် မခေါ်။ မတတ်နိုင်တော့သည့် အဆုံးတွင် နိုင်ငံတကာ တယ်လီဖုန်းအိတ်ချိန်းသို့ အကူအညီတောင်းရတော့သည်။

"ဝမ်းနည်းပါတယ်ရှင်၊ ပြူအာတိုကွေဒိုအစိုးရက တယ်လီဖုန်း အဆက်အသွယ်တွေကို ခေတ္တ ဖြတ်တောက်ထားပါတယ်" ဟူသော အဖြေကိုသာ ပြန်ရတော့သည်။

အာသာမိုရယ်က ဖုန်းလှမ်းဆက်သည်။ သူဆက်သည့် အချိန်မှာ နံနက် ၄း၁၅ နာရီအချိန်ကြီး ဖြစ်သည်။ ထိုအချိန်မျိုးတွင် ဆက်လေ့ဆက်ထမရှိ။ သို့သော်လည်း ပြူအာတိုကွေဒိုနိုင်ငံတွင်းရှိ အင်ကမ်းကုမ္ပဏီပိုင် ကစားဝိုင်းများမှ မန်နေဂျာနှင့် အဆက်အသွယ်ရသောကြောင့် ပေါလ်ဗားဟတ်ထံသို့ အချိန်မတော် လှမ်းဆက်ခြင်း ဖြစ်လေသည်။

"သူက ကရာကတ်စ်ကို ထွက်ပြေးလာတယ် ပေါလ်. .၊ ဂျက်ဖရေစပင်ဇာ အသတ်ခံလိုက်ရတယ်လို့ သူပြောပြတယ်"

"မဖြစ်နိုင်တာဗျာ၊ စပင်ဇာဟာ သူ့အသက်ကို သူဘယ်လို မွေးရမယ် ဆိုတာ အင်မတန် သိတဲ့အကောင်"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့လေ" စပင်ဇာကိစ္စမှာ သူနှင့် သက်ဆိုင်လှ သည် မဟုတ်ပေ။ သို့သော်လည်း သူနှင့်ဆိုင်နေသည့် အကြောင်းက အရေးတကြီး ရှိနေလေသည်။ "ကျုပ်တို့ အားလုံး ဒုက္ခရောက်ကုန်ကြပြီပေါ့လ်၊ ပြူအာတိုကွေဒိုနိုင်ငံမှာရှိတဲ့ အင်ကမ်းကုမ္ပဏီကို အစိုးရက ပြည်သူပိုင် သိမ်းလိုက်တယ် ဆိုရင် ကျုပ်တို့ဒီမှာ ရှိနေတဲ့ အစုရှယ်ယာဈေးတွေလည်း ထိုးကျကုန်လိမ့်မယ်"

"ကြောက်ချေးမပါစမ်းပါနဲ့ဗျာ" ပေါလ်ဗားဟတ်က ထိုသို့ ပြန်ငေါက်လိုက်ပြီး ဂျာမန်ဘာသာနှင့် ဆက်ပြောသည်။

"ခင်ဗျား ဘာပြောတာလဲ" အာသာမိုရယ် ဂျာမန်ဘာသာတတ်သူမဟုတ်။

"ထားလိုက်ပါလေ အရေးမကြီးပါဘူး" ဂျက်ဖရေ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ အရေးမကြီး၊ ယခုထက်တိုင်အောင် အင်ကမ်းကုမ္ပဏီ၏ ဘုရင်သည် ငါဖြစ်နေသေးသည်ဟု ပေါလ် တွေးလိုက်သည်။ "ရောင်းချင်တယ်လို့ ပြောတဲ့ အစုရှယ်ယာတွေ အားလုံးကို ကျုပ်ဝယ်မယ်" ဟုတ်ပါတယ်။ သူတို့ ရောင်းချင်သပဆိုလျှင် အားလုံးကို မိမိတစ်ဦးတည်း ဝယ်မည်။ မိမိမှာ ငွေတွေ သန်းပေါင်းများစွာ ရှိသည်။ တရားမဝင်နည်းနှင့် ဘဏ်တိုက် အာမခံ သေတ္တာများအတွင်းမှာ ဝှက်ထားသည့် ငွေများ ရှိသည်။ သူနှင့် အရင်းနှီးဆုံး လုပ်ဖော် ကိုင်ဖက်များကိုပင် အသိမပေးပဲထားသော ငွေတွေ သန်းရာပေါင်း များစွာ ရှိနေသည်။

"ရောင်းမယ်ဆိုရင် ခင်ဗျား အစုရှယ်ယာတွေကိုပါ ကျုပ်ဝယ်မယ်"

ပေါလ်သည် စားပွဲပေါ်မှာ ရှိနေသည့် ဟစ်တလာ ဓားမြှောင်ကို လှမ်းဆွဲယူသည်။ ဓားကို ဓားအိမ်မှချွတ်လိုက်ပြီး အသွားကို စမ်းကြည့်နေသည်။ သင်ဓုန်းဓားလို ထက်လှသည်။ အမြဲတမ်း သည်အတိုင်း ထက်နေသော ဓားဖြစ်သည်။ ထို့နောက် သူက ဆက်ပြောပြန်သည်။

"မနေ့တုန်းက ပေါက်ဈေးအတိုင်း ခင်ဗျားအစုတွေကိုပါ ကျုပ်ဝယ်မယ်၊ နောက်ဆုံး တစ်နေ့ကျရင် ခင်ဗျားလဲ တခြားထုတ် ရောင်းတဲ့လူတွေလို ဝမ်းနည်း ပက်လက် ဖြစ်သွားစေရမယ်၊ ရောင်းမယ်၊ မရောင်းဘူး မြန်မြန်ဆုံးဖြတ်ပါ အာတီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအစဉ်အတိုင်း အခြားတိုင်းပြည်များကိုပါ ဆက်လက် သိမ်းပိုက် လိုက်နိုင်မည်ဆိုလျှင် သူ့ ကုမ္ပဏီ၏ အစုရှယ်ယာ ဈေးနှုန်းများ မိုးရောက်အောင် လေ့ကားထောင် တက်သွားကြပေလိမ့်မည်။

"ဒါလောက် ဒေါသကြီးပါနဲ့ပေါလ်၊ ကျုပ်ပြောတာက ဒီလို သဘောမျိုး မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ကျုပ်ကိုလာပြီး နှောင့်ယှက်မနေနဲ့တော့"

ပေါလ်ဗားဟတ်က တယ်လီဖုန်းကို ပစ်ချလိုက်ပြီး စားသွားကို ဆက်လက် စမ်းသပ်ကြည့်နေလေသည်။

\+ + +

အင်ကမ်းကုမ္ပဏီ အစုရှယ်ယာများသည် တနင်္လာနေ့ ဈေးပိတ်ချိန်က ထက်ပိုပြီး ကိုးရာခိုင်နှုန်း ကျဆင်းသွားသည်။ ဝေါလ်လမ်းရှိ ပွဲစားများကလည်း နောက်ထပ်ရောင်းမည့်သူများကို စုံစမ်းရှာဖွေနေသည်။

ထိုအချိန်မှာပင် အစုရှယ်ယာဝယ်သူများသည် နိုင်ငံခြားမှ ဖြစ်ကြောင်း အာရပ်ရေနံသူဌေးများက ဝယ်ယူနေခြင်း ဖြစ်ကြောင်း ကောလာဟလ သတင်းများ ထွက်ပေါ်လာပြန်သည်။

အာရပ်ရေနံသူဌေးများသည် ငွေထားစရာ မရှိအောင် ကျိုကျိုတက် ချမ်းသာနေကြသည်။ ယခုလို အာရပ်သူဌေးများက ဝယ်သည်ဆိုလျှင် အင်ကမ်းကုမ္ပဏီ၏ အတွင်းရေးကို သိသောကြောင့်သာလျှင် ယခုလို ရဲရဲတင်းတင်း ဝယ်ယူရဲခြင်း ဖြစ်မည်ဟု တွေးဆလိုက်ကြပြန်သည်။

ထို့ကြောင့် ရောင်းမည့်သူများ နည်းသွားသည်။ အာရပ်ရေနံသူဌေးများ ဝယ်သည်ဆိုတော့ အခြေအနေကောင်းသောကြောင့်သာ ဝယ်ခြင်းဖြစ်ရမည်။

သို့ဖြင့်. . . ညနေပိုင်းတွင် သုံးရာခိုင်နှုန်း ဈေးပြန်တက်လာသည်။

\+ + +

အိမ်တော်ဝန်ဗိုလ်ချုပ် အော်တိုကင်းဒရစ်သည် အိမ်ဖြူတော် ရုံးခန်းတွင်းသို့ ယုံယုံကြည်ကြည်ဖြင့် ဝင်ရောက်လာသည်။ ပေါ်ပေါက်လာသည့် အခြေအနေများက ဆုံးဖြတ်ချက်သစ်တစ်ရပ်ကို ချမှတ်ဖြစ်ဖို့ တွန်းပို့နေသလို ဖြစ်သည်။ ပြူအာတိုကွေဒို နိုင်ငံတွင်းရှိ အမေရိကန်လူမျိုး ပိုင်ဆိုင်သော ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းခြင်းသည် အခြေအနေတစ်မျိုး ပြောင်းလဲသွားခြင်းပင် ဖြစ်လေသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီအတိုင်း ငြိမ်နေလို့ မဖြစ်ဘူး ဘီလီ၊ အင်ကမ်း ကုမ္ပဏီရယ်၊ ပေါလ်ဗားဟတ်ရယ်၊ လွှတ်တော်နှစ်ရပ်ရယ်" ကင်းဒရစ်က သမ္မတ ဘီလီဘင်းနက်ကို ပြောသည်။

"ဟုတ်တယ် လွှတ်တော်နှစ်ရပ်စလုံးမှာ ဆူညံနေကြပြီ"ဟု သမ္မတ စကားကို ဝင်ဖြတ်ပြောသည်။ "ကွန်ဂရက်လွှတ်တော် အမတ်တွေကရော၊ ဆီးနိတ်လွှတ်တော်အမတ်တွေကရော ကျွက်ကျွက်ညံကုန်ကြပြီ၊ အရေးယူဖို့ သူတို့က တောင်းဆိုနေကြပြီ"

"သူတို့တင် မဟုတ်ဘူး၊ အားလုံးမှာ ဒီသဘောထားရှိနေတယ် ဘီလီ"

"ဒီကိစ္စကို အေဒမ်ဟက်ချ်နဲ့ ဆက်သွယ်ဆွေးနွေးရမှာပဲ အော်တို"

"ဘာဖြစ်လို့ ဒီလူက ပါလာရပြန်တာလဲ"

"သူဟာ အင်ကမ်းကုမ္ပဏီနဲ့ ဆက်သွယ်နေတဲ့ ဟာတာလို့ ပြောရင် မမှားဘူး၊ ကျုပ်တို့ လုပ်ချင်တဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး အင်ကမ်းကုမ္ပဏီနဲ့ ဆွေးနွေးဖို့လိုတယ်"

"ကျွန်တော်တို့ ပေါလ်ဗားဟတ်နဲ့ တိုက်ရိုက်ဆက်သွယ်နိုင်သားပဲ"

"ကျုပ်တို့အစိုးရရဲ့ မူဝါဒတစ်ခုချမှတ်ဖို့ ကိစ္စမှာ ပုဂ္ဂလိက ကုမ္ပဏီနဲ့ ခေါ်ဆွေးနွေးပြီး သူတို့ပြောတာကို နာခံရတယ်ဆိုရင် လူကြားလို့ ဘယ်ကောင်း နိုင်ပါ့မလဲ၊ မဖြစ်နိုင်ပါဘူးဗျာ၊ ကျုပ်တို့ ကြားလူတစ်ယောက်ထားပြီး လုပ်မှ ဖြစ်မယ်၊ အဲဒီလူဟာ အေဒမ်ဟက်ချ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သမ္မတဘီလီဘင်းနက် ပြောသည်မှာ မှန်ကြောင်း အောတိုကင်းဒရစ် အနေဖြင့် လက်မခံလျှင် မဖြစ်နိုင်တော့သော အခြေအနေသို့ ရောက်လာသည်။

"ဟိုမှာ တိုက်ပြီး အာဏာသိမ်းလိုက်တဲ့ ပြောက်ကျားတွေဟာ ဘယ်သူတွေလဲ ဆိုတာ သိပြီးပြီလား" ဟု ဘီလင်ဘင်းနက်က မေးသည်။

"စီအိုင်အေနဲ့ ပင်တဂွန်စစ်ဌာနချုပ်က စုံစမ်းနေတုန်းပဲ"

"သူတို့ကို တွန်းအားကလေး ခပ်များများ ပေးလိုက်ဦး အော်တို"

\+ + +

စီအိုင်အေနှင့်ပင်တဂွန်စစ်ဌာနချုပ်ကို အိမ်တော်ဝန် ဗိုလ်ချုပ် အော်တိုကင်းဒရစ် အနေဖြင့် အထွေအထူး တွန်းအားပေးနေရန် မလိုပါ။

အမေရိကန်လူမျိုး ကယ်တင်ရှင်ကြီးများ၏ အကြောင်းသည် ပြူအာတိုကွေဒိုနိုင်ငံ တွင်း၌ ချက်ချင်းဆိုသလိုပင် အများပြောမဆုံးသည့် ဒဏ္ဍာရီ ပုံပြင်သဖွယ် ဖြစ်လာလေတော့ သည်။

"တန်ခိုးရှင်တပ်ဖွဲ့"နှင့် ထိုတပ်ဖွဲ့၏ခေါင်းဆောင်အကြောင်း ကို တိုင်းသူပြည်သားများ ချီးကျူးမကုန်နိုင်အောင် ရှိနေကြသည်။ တန်ခိုးရှင်တပ်ဖွဲ့၏ ခေါင်းဆောင်သည် အရပ်ခြောက်ပေ ကျော်ကြောင်း၊ မျက်လုံးများမှာ ပင်လယ်၏အရောင်ကဲ့သို့ စိမ်းပြာရောင်ရှိကြောင်း၊ ခွန်အား ဗလက လူဆယ်ယောက်နှင့် ညီပြီး သတ္တိအရာတွင် လူပေါင်း ၁၀၀ နှင့် ညီကြောင်းများကို တစ်ယောက် တစ်ပေါက် ပြောဆိုနေကြလေသည်။

သတင်းစာ ဆရာများနားသို့ ထိုဒဏ္ဍာရီပုံပြင်များ ရောက်လာသည်။ အခြား သတင်းအစအနများကိုလည်း အနံ့ရလာကြသည်။ ထို့ကြောင့် "တန်ခိုး ရှင်တပ်ဖွဲ့" နှင့်ထိုတပ်ဖွဲ့ ခေါင်းဆောင်သည် အမေရိကန် လူမျိုးများပင် ဖြစ်ရမည်ဟု သတင်းစာဆရာများက ကောက်ချက် ချကြလေသည်။

သို့သော်လည်း လျှို့ဝှက်ဆန်းကြယ်လှသော ထိုပြဿနာကို မည်သို့ ဖော်ထုတ်မည် နည်း။ မည်သည့်အကြောင်းကြောင့် ဖော်ထုတ်မည်နည်း။ မည်သူက ဖော်ထုတ်ပေးမည်နည်း။

ထိုပြဿနာကို ဖြေရှင်းပေးနိုင်သူမှာ ကာလိုစ်ဟာရီရာ ဖြစ်ရမည်ဟု သတင်းစာ ဆရာများက ထင်မှတ်ကြသည်။

ကာလိုစ်ဟာရီရာကို "အမျိုးသားလုံခြုံရေးတပ်ဖွဲ့များ"၏ ဦးစီးချုပ်အဖြစ် ခန့်လိုက် သည်။ ထို့ကြောင့် မရေမတွက်နိုင်သော သတင်းထောက်များက ကာလိုစ်ဟာရီရာနှင့် တွေ့ဆုံကြ သည်။ သူတို့အားလုံး ထပ်ခါတလဲလဲ မေးနေသော မေးခွန်းသည် ပြောက်ကျားတပ်ဖွဲ့များ အကြောင်းဖြစ်သည်။ သူ့ပါးစပ်ကို သူလုံအောင် ပိတ်ထားနိုင်ခဲ့ပါသည်။

သို့သော် သူကဲ့သို့ နှုတ်မလုံနိုင်သူကား သမ္မတဇေဗီးယား ပီနီဒါဖြစ်လေသည်။

ပီနီဒါသည် လှေကြီးထိုး ရိုးရိုးနိုင်ငံရေးသမား ဖြစ်သည်။ သို့သော် အာဏာကလေး ရလာသောအခါ အတွင်းခံနိုင်ငံရေး စိတ်ဓာတ်ကလေးက ပေါ်လာသည်။ သည်နေရာမှာ နိုင်ငံရေး မီးရှူးမီးပန်းများ လွှတ်ချင်စိတ်တွေ ပေါ်လာသည်။ သူကိုယ်သူ သိဒ္ဓိတင်ချင်စိတ်တွေ ပေါ်လာသည်။ ထို့ကြောင့် သူသိသမျှများကို သတင်းစာ ကွန်ဖရင့် တစ်ခုမှာ ဖွင့်ချလိုက်လေတော့ သည်။

"ကြေးစားတပ်တွေကို အမေရိကန်ပြည်ထောင်စုအတွင်းမှာ ဖွဲ့စည်းခဲ့ပါတယ်။ လုပ်ကြံခံ သွားရတဲ့ ဂျော့ဖစ်ဂူရပ်စ်က ကျုပ်ရဲ့ ညွှန်ကြားချက်အရ ဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ ဒီတိုင်းပြည်ထဲမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ပေါ်ပြူလာပါတီဟာ တခြားနည်းလမ်းကို ရွေးစရာမရှိတော့ ပါဘူး။ ငွေလိုချင်တဲ့ ကြေးစားတွေကို စုစည်းပြီး တိုက်ဖို့နည်းလမ်းတစ်ခုသာ ရှိပါတော့တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကြေးစားတွေဟာ နောက်ဆုံးမှာတော့ အသုံးဝင်သွားပါတယ်။ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုပြီးတဲ့အခါမှာ"သော့ပ်" လို့ ခေါ်တဲ့ လူနဲ့ သူ့နောက်လိုက် ကြေးစားတပ်သားတွေ အားလုံး ဒီတိုင်းပြည်ထဲက ထွက်သွားဖို့ ကျုပ်ကိုယ်တိုင် အမိန့်ပေးလိုက်ပါတယ်။

သော့ပ်. . "

သတင်းစာ ဆရာများ၏ ခေါင်းထဲတွင် ထိုနာမည် စွဲသွားလေတော့သည်။

\+ + +

ရပ်ဆယ်သော့ပ်အဖို့ ရေဒီယို နားထောင်ချိန်လည်း မရ။ သတင်းစာ ဖတ်ချိန်၊ တယ်လီဖုန်းဆက်ချိန်လည်း မရ။

ဝမ်းဗိုက်တွင် ရလာသည့် ဒဏ်ရာကို ဆေးကုနေရသည်။ လျှို့ဝှက်စွာ ဆေးဝါး ကုသနိုင်ရေးအတွက်ကိုလည်း အောတစ်ရန်နေကပင် အစစ စီစဉ်ပေးသည်။

ကြေးစားစစ်သားများကို သဘောတူညီထားသည့် ငွေကြေးများပေးပြီး လူစုခွဲကာ ပြန်လွှတ်လိုက်သည်။ ကျဆုံးခဲ့သူများအတွက်လည်း ၎င်းတို့ သဘောတူညီခဲ့သည့် အနီးဆုံးဆွေမျိုး များကို လွှဲပြောင်းပေးလိုက်ပြီး ဖြစ်သည်။ နတ်သန်ဒူဝေ၊ တွမ်ဖာလွန်၊ ဂျူအန်းမီလင်ဒက်ဇ် ဒေးဗစ်ရာဘီမက်ဆိုရှိနှင့် နေလ်ဆင်တို့ အားလုံးနှင့်လည်း နှုတ်ဆက်ပြီးပြီ။ သူတို့အားလုံး ကိုယ့်လမ်းကိုယ်သွားကြပြီ။

ထိုနေ့က မွန်းလွဲပိုင်းအချိန် ဖြစ်သည်။

ရပ်ဆယ်သော့ပ်သည် အရပ်ဝတ်ကို ဝတ်ဆင်ကာ အယ်လ်ဖာစခန်းမှနေ၍ နောက်ဆုံး အကြိမ်အဖြစ် မော်တော်ကားမောင်းပြီး ထွက်လာခဲ့လေသည်။ မီယာမီသို့ အငှားကားကို မောင်းလာရင်း တစ်လမ်းလုံး သူ တွေးလာခဲ့သည်။

ရိုးရိုးတယ်လီဖုန်းများမှနေ၍ ဩဂတ်စတပ်ဆမ်မြူယယ်ကို အဆက်အသွယ် မလုပ်ရဲ။ ထို့ကြောင့် သူကိုယ်တိုင်သွားပြီး အခြေအနေများကို တင်ပြအစီအရင် ခံရတော့မည်။

မီယာမီ လေဆိပ်သို့ ရောက်သောအခါ လော့စ်အိန်ဂျလိစ်သို့ သွားရန် လေယာဉ် လက်မှတ်တစ်စောင်ဝယ်သည်။ ထို့နောက် လေဆိပ်တွင်းရှိ ရနိုင်သမျှ သတင်းစာများကို စုဆောင်း ဝယ်ပြီး လေယာဉ်ပျံပေါ်သို့ တက်ခဲ့သည်။

သတင်းစာအားလုံး ပြူအာတိုကွေဒို နိုင်ငံသတင်းများကို ရေးသားဖော်ပြထား ကြသည်။ အဖြစ်မှန်များထက် ပိုမိုချဲ့ကား ဖော်ပြထားကြသည်ကို တွေ့ရသောကြောင့် ပြုံးမိသေး သည်။ မည်သို့ဆိုစေ ဇေဗီးယားပီနီဒါ၏ သတင်းစာ ကွန်ဖရင့်အကြောင်းကိုကား သူမသိသေးချေ။ သူဝယ်လာသည့် သတင်းစာများတွင် ထိုအကြောင်း ဖော်ပြခြင်း မရှိသေးချေ။

လော့စ်အိန်ဂျလိစ် လေဆိပ်သို့ ရောက်သည်။ အငှားကားတစ်စင်းခေါ်ပြီး စန်တာ မော်နီကာ လေဆိပ်သို့ ပို့ပေးရန် ဒရိုင်ဘာကို ပြောသည်။ စန်တာမော်နီကာ လေဆိပ်ရောက် လျှင် ရဟတ်ယာဉ်တစ်စင်း ငှားမည်။ အင်ဒီးယန်းဝဲလ်စ်သို့ သွားမည်။ ဆမ်မြူယယ် မေယာကို အလုံးစုံ တင်ပြမည်။

အငှားကား ဒရိုင်ဘာက ကားထဲမှ ရေဒီယိုကို ဖွင့်ထားသည်။ စစချင်း သီချင်းများ လာနေသည်။ ထို့နောက်သတင်း ကြေငြာသည်။

"မိမိကိုယ်မိမိ ပြူအာတိုကွေဒို နိုင်ငံရဲ့ကြားဖြတ် သမ္မတအဖြစ် တင်မြှောက်တဲ့ ဇေဗီးယားပီနီဒါက စိတ်ဝင်စားစရာ ကောင်းတဲ့ သတင်းတစ်ခုကို ထုတ်ဖော်ပြောဆိုလိုက်ပါ တယ်။ ပီနီဒါရဲ့ အပြောအဆိုအရဆိုရင် သူ့ကို သမ္မတ ဖြစ်အောင် ဖန်တီးပေးလိုက်တဲ့ သွေးမြေကျ တော်လှန်ရေးကြီးကို အမေရိကန် ကြေးစားတပ်သားများက ဆင်နွှဲခဲ့ကြပါတယ်လို့ သိရပါတယ်။ အဲဒီ ကြေးစားတပ်သားများကို သော့ပ်ဆိုတဲ့ လူက ခေါင်းဆောင်ပါတယ်လို့ ပီနီဒါက ထုတ်ဖော် ပြောဆိုပါတယ်။ အဲဒီနာမည်ဟာ နာမည်မှန် ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် အက်ဘီအိုင် စုံထောက် အဖွဲ့ကြီးကတော့ တစ်ပြည်လုံး ပိုက်စိပ်တိုက်ပြီး ရှာဖွေနေပြီ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားတိုင်းပြည် တစ်ခုခုမှာ သွားပြီး ကြေးစားတပ်အနေနဲ့ တိုက်ခိုက်တာဟာ ရာဇဝတ်မှုကို ဆန့်ကျင်ရာ. . "

ရုပ်ဆယ်သော့ပ်၏ မျက်နှာမှာ တင်းမာသွားသည်။ ငါဟာ အဓိပ္ပာယ်မရှိ သတ္တိနည်းတဲ့ အကောင်ပါလားဟုလည်း သူ့ကိုယ်သူ တစ်ဆက်တည်း မှတ်ချက်ချလိုက်မိသည်။

သူ့ကို မကြာခင် သိသွားတော့မည်မှာ သေချာသည်။ သို့သော်လည်း ချက်ချင်းလက်ငင်းတော့ သူဖြစ်ကြောင်း မသိနိုင်သေး။ ယခုအချိန်တွင် အားလုံးစိတ်လှုပ်ရှားနေကြသည်။ ပြူအာတိုကွေဒို နိုင်ငံ၏ အကျိုးဆက်များကလည်း ဆက်တိုက် ဆက်လက် ဖြစ်ပေါ်နေသည်။ အားလုံးသွေးအေးသွားသော အခါကျမှ မိမိကို မရမနေ ရှာဖွေဖမ်းဆီးပြီး ကားစင်တင်ကြပေတော့မည်ဟု စဉ်းစားမိသည်။

သူ့ခြေထောက်အောက်မှာထားသော လက်ကိုင်အိတ်ကို ငုံ့ကြည့် လိုက်သည်။ ထိုအိတ်ထဲတွင် ဒေါ်လာသုံးသန်း ရှိသည်။ စစ်ဆင်ရေးအတွက် ပေးစရာရှိသည်များကို ပေးပြီးနောက် ပိုနေသည့် လက်ကျန်ငွေ ဖြစ်သည်။ ထိုငွေများကိုယူပြီး လွတ်ရာသို့ ပြေးဖို့သာ ရှိတော့သည်။ သူ့လက်ထဲတွင် ရော်ဂျာထရင်ဘလေ အမည်ဖြင့် နိုင်ငံကူးလက်မှတ် အတုတစ်ခုလည်း အသင့်ရှိနေသည်။ ထိုနည်းသာလျှင် အကောင်းဆုံးဖြစ်မည်ဟုတွေးရင်း စိတ်အားတက်ကြွလာသည်။

ဆက်ပြီး စဉ်းစားနေမိပြန်သည်။

ဆမ်မြူယယ်မေယာ ကိုလည်း သူကိုယ်တိုင် သွားမတွေ့ နိုင်တော့။ အိမ်အစေခံတွေ၊ သူငှားပေးထားသော လုံခြုံရေးတာ ဝန်ခံတွေက သူ့ကို မှတ်မိကြပေမည်။ ထို့မှမက၊ ယခုကိစ္စကြီးတွင် ဆမ်မြူယယ်မေယာ ပါဝင်ပတ်သက်နေကြောင်း ပေါ်သွားတော့မည်။ ထို့ကြောင့် တစ်နေရာမှနေ၍ ဖုန်းလှမ်းဆက်မှ ဖြစ်တော့မည်။ ထိုသို့ ဖုန်းဆက်ရာတွင်လည်း အသံလှိုင်းဖျက် ကိရိယာတပ်ဆင်ထားသည့် ဖုန်းဖြင့် ဆက်မှသာလျှင် ဖြစ်ပေမည်။ သူယုံကြည်စိတ်ချရသော အနီးဆုံးရုံးနှင့် အနီးဆုံး ပုဂ္ဂိုလ်မှာ ဟာရှေဘလောက်ပင် ဖြစ်လေသည်။

"ကျုပ်စိတ်ပြောင်းလိုက်ပြီ ကားဆရာ၊ ဟောလီးဝုဒ်မြောက်ပိုင်းက ပင်သီယွန်ရုပ်မြင်သံကြား ကုမ္ပဏီ ရုံးချုပ်ကိုသာ မောင်းပေတော့"

"ရပါတယ်ဗျာ ဟိုရှေ့ကျ ပြန်ကွေ့လိုက်ပါ့မယ်"

မော်တော်ကားက ပြန်ကွေ့ပြီး ဟောလီးဝုဒ် မြောက်ဘက်ခြမ်းသို့ ဆက်မောင်းလာသည်။ မာရီနာဒဲလ်ရေး ဆိပ်ကမ်းကို ဖြတ်ကျော်လာသည်။ ယင်းဆိပ်ကမ်းတွင် ကိုယ်ပိုင်ဇိမ်ခံသင်္ဘောများနှင့် ရွက်သင်္ဘောများ ဆိုက်ကပ်ထားသည်။ ထိုအထဲတွင် ကလျာမေယာ၏ ဇိမ်ခံသင်္ဘောလည်း တစ်စင်းအပါအဝင် ဖြစ်သည်။

သို့သော် ရုပ်ဆယ်သော့ပ်က ရှေ့တူရူသို့သာ ငေးရင်းတွေး နေမိသည်။ ဘာကိုမှ သူမစဉ်းစားမိတော့။ သူ့အတွေးနှင့် သူနစ်မျောလျက်ရှိပြီး သူ့ဘဝကြီး ပျက်စီးသွားတော့မည်လောဟု တွေးတောနေမိလေသည်။

+ + +

ကလျာမေယာသည် နယူးယောက်မြို့မှ ကာလီဖိုးနီးယားသို့ မနေ့ညကပင် ပြန်ရောက်လာသည်။ သူ့အိမ်လုပ်ထားသည့် ဇိမ်ခံသင်္ဘောပေါ်မှာ ထိုင်ရင်း ငေးမိငေးရာငေးကာ အတွေးနယ် ကျွံနေသည်။ သူ့ရှေ့စားပွဲပေါ်မှာ တင်ထားသည့် ကော်ဖီပန်းကန်မှာ အေးစက်နေချေပြီ။

စိတ်ဓာတ် အရေးရော၊ ခွန်အားဗလအရပါ အားအင်များ ကုန်ခမ်းကာ နွမ်းနယ်လျက်ရှိချေသည်။ ပြူအာတိုကွေဒိုနိုင်ငံတွင် ဘာတွေ ဖြစ်နေသည်ကို သူကောင်းစွာ စိတ်မဝင်စားခဲ့ပါ။ ဘာတွေ ရှုပ်ထွေးပြီး ဘာတွေ တိုးတက်နေသည်ကိုလည်း သူသတိမထားမိခဲ့ပါ။

သို့သော် လွန်ခဲ့သည့် တစ်နာရီလောက်တုန်းကတော့ ရေဒီယို သတင်းကို သူကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ပြုံအာတိုကွေဒိုနိုင်ငံတွင် အင်ကမ်း ကုမ္ပဏီကို ပြည်သူပိုင်သိမ်းလိုက်သည့် အကြောင်း၊ ပြောက်ကျားခေါင်းဆောင်သည် သော့ပ်ဆိုသူ ဖြစ်သည်ဟု သမ္မတဇေဗီးယား ပီနီဒါက သတင်းစာ ကွန်ဖရင့်တွင် ထုတ်ဖော်ပြောသည့် အကြောင်းများကို ရုတ်တရက် ကြား လိုက်ရလေသည်။

ကလျာမေယာ၏ ခေါင်းမှာ ချာချာလည်သွားသည်။ သို့သော်လည်း သူ့စိတ်ထဲတွင် ပထမဆုံး ခံစားလိုက်ရသည်မှာ ရပ်ဆယ်သော့ပ်ကို ဂုဏ်ပြု ချီးကျူးလိုက်ခြင်းပင် ဖြစ်ပါသည်။ စိတ်သက်သာရာရသွားသည်။ ပျော်သွားသည်။ သူသိချင်နေခဲ့သော လျှို့ဝှက်ချက်များ အားလုံး ပေါ်သွားသည်။ ရှင်းသွားသည်။

အင်ကမ်းကုမ္ပဏီသည် မေယာကိုကုမ္ပဏီကို တဖြည်းဖြည်း အကျပ်အတည်း မျိုးစုံ ပေးလာသောကြောင့် သူ့အဖေအနေဖြင့် ကိုယ်ပိုင်စစ်ပွဲတစ်ပွဲကို ဆင်နွှဲလိုက်ခြင်း ဖြစ်လေသည်။ ထိုပွဲကို ခေါင်းဆောင်တိုက်သူ၊ ပြီးတော့ အောင်ပွဲခံလိုက်ရသူမှာ ရပ်ဆယ်သော့ပ် ဖြစ်သည်။ သူတို့က သူခိုးဟုပဲ ပြောပြော၊ အရည်အချင်း မရှိသော အုပ်ချုပ်ရေးအရာရှိဟုပဲ ပြောပြော တကယ်တမ်း ကျတော့ ရပ်ဆယ်သော့ပ်ကိုပင် သူတို့ရှေ့တန်းတင်ပြီး အားကိုးအားထား ပြုကြရလေတော့သည်။

သည်အတိုင်းဆိုလျှင် မကြာမီမှာပင် ရပ်ဆယ်သော့ပ်နှင့် တွေ့ရပေတော့မည်။ ကလျာ ၏ စိတ်များ လှုပ်ရှားလာလေသည်။

ရပ်ဆယ်သော့ကို အက်ဘီအိုင် စုံထောက်အဖွဲ့က ဖမ်းဆီးဖို့ လိုက်လံ ရှာဖွေနေပြီ။ ဥပဒေအရဆိုလျှင် သူသည် တရားဥပဒေကို ချိုးဖောက်သူ ဖြစ်သည်။ ဩဂတ်စတပ် ဆမ်မြူယယ် မေယာသည် ထိုစစ်ပွဲကို ဖန်တီးပေးသူ ဖြစ်သည်။ ထို့ကြောင့် ရာဇဝတ်မှုတွင် ပူးပေါင်းကြံစည်သူ ဖြစ်သည်။

ပူးပေါင်းကြံစည်သူရော အမှန်တကယ် ဖြစ်နိုင်ပါမည်လော။ ရပ်ဆယ်သော့ပ်ကို စောစောကတည်းက အလုပ်ထုတ်ပစ်ခဲ့ပြီး ဖြစ်၏။ မေယာကို ကုမ္ပဏီနှင့် ရပ်ဆယ်သော့ပ်သည် မည်သည့် အဆက်အသွယ်မှ မရှိတော့။ ထို့ကြောင့် သည်အထဲမှာ ဖေဖေ့နာမည် မည်သည့်နည်း နှင့်မျှ ရောထွေးပါမလာနိုင်။

မည်သို့ဆိုစေ၊ ရပ်ဆယ်သော့ပ်မှာတော့ ဒုက္ခတွေ ပင်လယ်ဝေလျက် ရှိလေပြီ။

ထိုသို့ စဉ်းစားလိုက်မိသောအခါ ကလျာမေယာ စိတ်ပူလာပြန်သည်။ ဘယ်သူ့အတွက် စိတ်ပိုပူမိသည်ကို သူဟာသူ မသိပါ။ သူ့အဖေ အတွက်လား၊ ရပ်စ် အတွက်လား။

ကလျာသည် မတုန်မလှုပ်ထိုင်ရှင်း နောက်ထပ် နာရီဝက်ခန့်ကြာအောင် တွေးနေမိ သည်။

နောက်ဆုံးတွင် ရှေ့မှာရှိနေသည့် ကော်ဖီပန်းကန်ကို ကောက်ပြီး မော့ချလိုက်သည်။ ကော်ဖီ၏ ခပ်ချဉ်ချဉ်အရသာကြောင့် မျက်နှာရှုံ့မဲ့သွား သည်။ ပန်းကန်ကို ဘေးမှ ချထားပြီး ဖုန်းကို လှမ်းဆွဲသည်။ အင်ဒီးယန်းဝဲလ်စ် သို့ လှမ်းဆက်သည်။

"ဝမ်းနည်းပါတယ် မစ္စတာမေယာ၊ ခင်ဗျားအဖေစာကြည့် ခန်းထဲမှာ ရှိနေပါတယ်။ သူ့ကို ဘာအနှောက်အယှက်မှ မပေးရဘူးလို့ ကျွန်တော်တို့ကို အမိန့်ပေးထားပါတယ်" ဟု အိမ်ဖော်တစ်ယောက်က အကြောင်းပြန်သည်။

သူ့မိထွေးနှင့် စကားပြောချင်သည်ဟု ကလျာက ဆက်ပြောသည်။ အိမ်ဖော်က အန်းတမ်းတမ်း ဖြစ်သွားသည်။

"မစ္စက်မေယာ ကောင်းကောင်း နေမကောင်းပါဘူး၊ မစ္စတာမေယာက ဆရာဝန်ခေါ် ပေးထားပါတယ်၊ အခုစိတ်ငြိမ်ဆေးထိုး ထားပါတယ် ခင်ဗျာ"

သည်အတိုင်းဆိုလျှင် ယခုသောကများကို နာဗိုင်းလည်း ခွဲဝေခံစား နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နာဒိုင်းက မိမိထက်ပင် အခြေအနေဆိုးပါ သေးကလားဟုလည်း တွေးလိုက်မိသည်။

"ကျွန်မ ကားနဲ့ထွက်လာခဲ့မယ်၊ ဒီနေ့ညနေ အဲဒီကို ရောက်မယ်"

ကလျာက ဖုန်းကို ပြန်တင်ထားလိုက်သည်။ သို့သော်လည်း တယ်လီဖုန်း စကားပြောခွက်ကို လက်မလွှတ်သေးပဲ ခဏကြာအောင် စဉ်းစားနေသည်။ ဘာတွေဖြစ်နေသည်ကို သိဖို့လိုသည်။ မိမိသိလိုသည့် အဖြေများကို မည်သူက ပေးနိုင်မည်နည်း။

ဟုတ်ပါပြီ။ ယခုလိုအခြေအနေများ ပေါ်ပေါက်လာပြီဆို လျှင်တော့ အဖြစ်မှန်များ သူ့ကို ဖွင့်ပြောနိုင်လောက်ပါပြီ။

တယ်လီဖုန်းကို ပြန်မ,လိုက်သည်။ ပင်သီယွန် ရုပ်မြင်သံကြား ကုမ္ပဏီ၏ နံပါတ်ကို လှည့်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

ရပ်ဆယ်သော့ပ်သည် ဟာရှေဘလောက်၏ ရုံးခန်းထဲမှနေ၍ အသံလှိုင်းဖျက် ကိရိယာ တပ်ထားသော တယ်လီဖုန်းနှင့် စကားပြောနေသည်။ စကားပြောနေရင်း တစ်ထိုင်တည်းမှာပင် သူ့ရုပ်မှာ စောစောကထက် ပိုပြီး အိုစာသွားသည်ဟု ထင်ရသည်။

"ဘာကြောင့် သူဒီလိုလုပ်တယ်ဆိုတာ ဘယ်သူက သိမှာလဲ" နာကျည်းစွာ ပြောလိုက်သော ဆမ်မြူယယ်မေယာ၏ အသံကို ရပ်ဆယ်သော့ပ် ကြားလိုက်ရသည်။ "မနာလိုတဲ့ စိတ်တို့ သူ့ဟာသူ မျှော်မှန်းချက်ကြီးတွေ ထားနေတာတို့ကြောင့် သူဒီလိုလုပ်လိုက်တာ ဖြစ်မှာပေါ့၊ ဒီလို သူဖွင့်ပြောပြလိုက်တဲ့အတွက် သူ့အဖို့ ဘာအကျိုးကျေးဇူးတွေ ပိုသွားသလဲ၊ အက်ဘီအိုင်က မောင့်ကို လိုက်ရှာနေတယ်။ မေယာကို ကုမ္ပဏီမှာ မောင့်လုပ်သွားတဲ့အတွက် မေယာကို ကုမ္ပဏီမှာ သွားစုံစမ်းတယ်၊ ဒင်နဲ့တွေ့တယ်၊ ဒင်ကို မောင့်အကြောင်း မေးကြတယ်။ ဒင်က သူသိထား သမျှတွေ အကုန်လုံး ဖွင့်ပြောလိုက်တယ်။ ငွေတွေအကြောင်း မောင် ပျောက်သွားတဲ့ အကြောင်း၊ ပြီးတော့ တခြား သူသိတာတွေကိုပါ ဖွင့်ပြောလိုက်တယ်။ အခုတော့ အစိုးရက ဒါတွေ အားလုံးသိသွားပြီပေါ့"

"ဒါပေမယ့် အစိုးရက ကျွန်တော့်ကို အခုချိန်အထိ မဖမ်းမိသေးပါဘူး ခင်ဗျာ၊ နောက်ပြီးတော့ ကျွန်တော့်ကို ဖမ်းမမိပဲနဲ့ ဒီအမှုကို သူတို့ ရုံးတင် စစ်ဆေးလို့လဲ မရနိုင်ပါဘူး၊ ရုံးတင်စစ်ရင်လည်း ခိုင်လုံတဲ့ သက်သေ မရှိပါဘူး၊ မေယာကိုနဲ့ ပတ်သက်လာရင် ပတ်သက်တဲ့ လူကဆမ်ရယ် . . . ဟာရှေရယ်. , ကျွန်တော်ရယ်. . . "

"ကျုပ်ကို ဒီအထဲ ဆွဲမထည့်ပါနဲ့ မောင်ရာ" ဟာရှေဘလောက်က တစ်ဘက်မှ လှမ်းအော်ပြောသည်။ "မောင်ရင်တို့ အကြောင်းကို ကျုပ် ဘာတစ်ခုမှ မသိဘူး၊ ကျုပ်ဟာကျုပ် ဒီစတူဒီယို အလုပ်တွေနဲ့ ရှုပ်နေတယ်၊ မောင်တို့ အထက်ပိုင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျုပ်ကို ဘယ်သူကမှ ပြောပြတာမဟုတ်ဘူး"

ရပ်ဆယ်သော့ပ် မပြုံးမိအောင် ကြိုးစားပြီး ထိန်းထားလိုက်ရသည်။ အက်ဘီအိုင်ကို တစ်စုံတစ်ယောက်က သတင်းပေးမည်ဆိုလျှင် ထိုသူသည် ဟာရှေဘလောက်ပင် ဖြစ်ရပေမည်။ သူသည် အက်ဘီအိုင် စုံထောက်အဖြစ်နှင့် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သည်။ ရပ်စ်က မေယာနှင့် ဆက်စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစိုးရက စုံစမ်းလာရင်တော့ ဥပဒေဘောင်အတွင်းမှာပဲ လုံလုံ ခြုံခြုံဖြစ်အောင် ကြိုးစားနေပါ ဆမ်"

"မောင်ကရော"

"ကျွန်တော့်ကို တွေ့အောင် သူတို့ ရှာကြရဦးမှာပါ ခင်ဗျာ" ရပ်ဆယ်သော့ပ်က ထိုသို့ ပြောပြီး ခဏ နားထောင်နေသည်။ ပြီးမှ ဆက်ပြောသည်။ "မသိသေးပါဘူး ခင်ဗျာ၊ ကျွန်တော် ဘယ်သွားရှောင်နေရမယ်ဆိုတာ စိတ်ကူး မရသေးပါဘူး၊ ဒါပေမယ့် ကျွန်တော် လုံခြုံအောင် ပုန်းပါ့မယ်"

အင်တာကွမ်းမှ အချက်ပြမီး ပွင့်လာသည်။ ဟာရှေဘာလောက် ထိုင်နေရာမှ ထသွားပြီး အင်တာကွမ်းမှ ခလုတ်ကို နှိပ်လိုက်သည်။

"မစ္စကလျာမေယာ ဖုန်းဆက်နေပါတယ် မစ္စတာ ဘာလောက်ဟု သူ့ အတွင်းရေးမှူးက ပြောသည်"

ဟာရှေဘာလောက်၏ မျက်ခုံးမွေးထူထူကြီးများ မြင့်တက်သွားသည်။ ခဏကြာအောင် တွဲ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့မှ သူ့မျက်နှာ ပြုံးသွားသည်။

"လိုင်းဆက်ပေးလိုက်" ဟု ပြောက စားပွဲကိုကျော်ပြီးရပ်စ်၏ ပခုံးကို လှမ်းပုတ်သည်။ "ဆမ်ကို ပြောလိုက်၊ ခဏကိုင်ထားပါဦးလို့ တိတ်တိတ်နေ" ထိုသို့ ပြောပြီးစားပွဲပေါ်မှ ဖုန်းတစ်လုံးကို ကောက်ကိုင်သည်။ "ကိုင်း. . . ကလျာ ဘာအကြောင်းကို ဘယ်လိုပြောမှာလဲ ဆိုစမ်း"

ရပ်ဆယ်သော့ပ်၏ မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာမှ ဝမ်းနည်းသည့် အမူအရာသို့ ပြောင်းသွားလေသည်။ သူမှာ မျှော်လင့်ချက်ကလေးထားခဲ့ဖူးသည်။ ပြဿနာတိုက်တွေဒို့ အရေးအခင်းများ ပြီးဆုံးသွားလျှင် သူနှင့် ကလျာတို့ နှစ်ယောက်။ သို့သော်လည်း ယခုအခါတွင် သည်ပြဿနာတွေ ဘာမှမရှိတော့။ ဘာမှဖြစ်မလာနိုင်တော့။ သူ့ဝရမ်းပြေး ဖြစ်နေပြီ။ တရား ဥပဒေ ချိုးဖောက်သူ အဖြစ်နှင့် အစိုးရက သူ့ကို လိုက်ဖမ်းနေပြီ။

"ကျွန်မ ကျွန်မ အင်ဒီးယန်းဝဲလ်စ်ကို မသွားခင် တစ်ယောက်ယောက်နဲ့ စကားပြော သွားမှ ဖြစ်မယ်ဆိုပြီး. ." ကလျာက အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောနေသည်။

"ဟိုကို မသွားနဲ့ ဒီကိုလာ အခုချက်ချင်းလာ" ဟာရှေဘာလောက် က ပြန်ပြောသည်။ သူ့လေသံမှာ အမိန့်ပေးသံ အပြည့်ပါနေသည်။

"ပင်သီယွန် ကုမ္ပဏီကိုလား ဘာကိစ္စလဲ ဟာရှေ"

"ဒီကိုလာရင် မင်း ဘော်ဒါ တစ်ယောက်ရမယ်၊ ပြီးတော့ မင်းအိမ်ကို သူ့ ခေါ်သွားပေတော့"

"ဟာရှေ ကျွန်မ စိတ်ဆင်းရဲနေပါတယ်၊ ကျွန်မကို နောက်မနေပါနဲ့ ရှင်၊ ကျွန်မ တကယ်ပြော. . ."

"ဆင်ခြေတွေ ပေးမနေနဲ့ ကလျာ၊ မင်းစိတ်မပျက် စေရဘူး၊ အခုငတိက အနိုပ်စားထဲ ကကွ၊ ဟား . . . ဟား" ပြောနေရင်းမှပင် ဟာရှေ ဘာလောက်က ရယ်သည်။ "မင်း အရင်တုန်းက သူ့ကို သဘောကျခဲ့တာထက် ပိုပြီး အခု အဆပေါင်းများစွာ ပို သဘောကျသွားမယ်၊ ဒါကြောင့် မြန်မြန်လာ၊ ဒီငတိ တခြားလူလက်ထဲ ရောက်မသွားခင် မြန်မြန်ရောက်အောင်လာ"

ဟာရှေဘာလောက်က ဖုန်းကို ပစ်ချလိုက်သည်။

သူတို့ပြောနေကြသည်များကို ရပ်ဆယ်သော့ပ်က အကုန်လုံး ကြားနေရသည်။ တစ်ဘက်တယ်လီဖုန်းတွင် ဆမ်မေယာကိုင်ပြီး နားထောင်နေကြောင်းကို သူမေ့သွားသည်။

"ဘုရားရေ ခင်ဗျားရူးသွားပြီလားဟုလည်း ဟာရှေကို လှမ်းအော်သည်။

"မောင်တို့ အဲဒီမှာ ဘာတွေ ဖြစ်နေကြတာလဲ" ဆမ်မေယာက တစ်ဘက်မှ လှမ်းမေးသည်။ သို့သော်လည်း သူ့အသံက တခြားကမ္ဘာတစ်ခုမှ လှမ်းမေးနေသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာရှေဘာလောက်က ရပ်ဆယ်သော့ပ်၏ လက်ထဲမှ ဖုန်းကို လှမ်းဆွဲ ယူသည်။

"ကျွန်တော်ပါဆမ်. . ကျွန်တော်ကိုယ် ကျွန်တော်ထင်ထားတာထက် ကျွန်တော်ဟာ အများကြီး ပိုတော်နေကြောင်း အခုမှပဲ သိရတော့တယ်။ ကျွန်တော်ပြောတာ နားထောင်ပါ။ မေးခွန်း. . အက်ဘီအိုင် စုံထောက်အဖွဲ့က သူတို့လိုချင်နေတဲ့ ကြေးစား စစ်သားကို ဘယ်နေရာမှာ နောက်ဆုံး သွားရှာမလဲ၊

အဖြေ. . . ခင်ဗျားရဲ့ သမီးလည်းဖြစ်၊ ဖက်ရှင်လုပ်ငန်းမှာ အင်မတန် နာမည်ကြီးလည်း ဖြစ်တဲ့ အမျိုးသမီးပိုင်တဲ့ ဗိမ်ခံ သင်္ဘောပေါ်ကို နောက်ဆုံးမှသွားရှာကြမှာပေါ့ခင်ဗျာ"

"မောင်ထင်တာက"

"ကျွန်တော်သိပါတယ် ဆမ်၊ ကျွန်တော်သိပါတယ်၊ ခင်ဗျား ရှေ့နေတွေနဲ့ လိုအပ်တာတွေ တိုင်ပင်ပါ။ နောက်တစ်နာရီလောက် ကြာရင် ကျွန်တော်ဖုန်းပြန်ဆက် လိုက်ပါ့မယ်"

ဟာရှေက ဖုန်းကို ပြန်တင်လိုက်သည်။

"ခင်ဗျားရူးနေပြီပဲဟာရှေ ကျွန်တော့်ကို ကလျာလက်ခံထားလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်ကို သူလက်ခံရင် သူလည်း ခင်ဗျားလို ရူးသွားလို့သာ ဖြစ်မှာပေါ့" ရပ်ဆယ်သော့ပ်က ဟာရှေကို စိုက်ကြည့်နေရင်းမှ ပြောသည်။

"သူလည်း ရူးနေတာပဲ မောင်ရာ" ဟာရှေက ခေါင်းတစ်ချက်ညိတ် လိုက်သည်။ မောင့်အတွက် သူလဲ ရူးနေရ ရှာတာပါ။ ဟား. . ဟား. . ဟား. . .၊ ဒါတွေကို မောင်ရင် သတိထားမိဖို့ အချိန်မှ မရခဲ့ပဲ"

\+ + +

ဘဝရှင်မင်းတရားကြီးဆန်သော အပြုအမူလည်း ဖြစ်ပါသည်။ ဂေါ်ဒွန်ဆင်ကလဲယား နှင့် အာသာမိုရယ်တို့ နှစ်ယောက် နံနက်ရှစ်နာရီ တိတိတွင် သူ၏ မိုးပုံစံအိမ်သို့ အရောက်လာကြရမည်ဟု ပေါလ်ဗားဟတ်က ဆင့်ခေါ်လိုက်သည်။ ဆင့်ခေါ်ချက်အတိုင်း သူတို့နှစ်ယောက် အချိန်အတိအကျ ရောက်လာကြလေသည်။

ပေါလ်ဗားဟတ်သည် အကြီးအကျယ် စိတ်ဓာတ်တက်ကြွနေသည်။ လူတကာအပေါ်မှာလည်း ရန်လိုနေသည်။ လောကကြီးတွင် သူလုပ်ချင် သည်ဆိုလျှင် ဘာမဆိုလုပ်နိုင်ကြောင်း၊ သူဖြစ်ချင်သည်ဆိုလျှင် ဘာမဆိုဖြစ် နိုင်ကြောင်း၊ မြစ်များ၊ ချောင်းများ သည်ပင်လျှင် ပြောင်းပြန် ပြန်စီးသွားအောင် တတ်နိုင်ကြောင်းများကို ဒေါနှင့်မောနှင့် ပြောနေသည်။ သူ၏ ကက်ကက်လန် ရန် တွေ့စကားများကို ဂေါ်ဒွန်ဆင်ကလဲယားနှင့် အာသာမိုရယ်တို့က ငြိမ်သက်စွာ ထိုင် နားထောင်နေကြသည်။

"ခင်ဗျားတို့ကတော့ စုန်းစုန်းသာ မြုပ်ကြပေတော့၊ ကျုပ်ကတော့ အသက်ကယ်ဗောနဲ့ ကျန်ရစ်ခဲ့မယ်၊ ကျုပ်ဒုက္ခဖြစ်သွားအောင် ဘယ်လို ကောင်ကမှ မဆော်နိုင်ဘူးဆိုတာ ခင်ဗျားတို့ လက်တွေ့မြင်ကြရမယ်၊ ဘယ်လို အကောင်မျိုးမှ ကျုပ်ကို ဆော်လို့မရဘူးမှတ်၊ ကျုပ်ဘယ်လောက် ကြီးကျယ် သွားပြီလဲဆိုတာကို ခင်ဗျားတို့ သေသေချာချာ စောင့်ကြည့်ကြ"

ပေါလ်သည် အခန်းထဲမှာ လူးလာခေါက်တုံ့ လျှောက်နေသည်။ သူ၏ စိတ်အင်အားရော၊ ကိုယ်ခန္ဓာ ခွန်အားပါ မြင့်တက် နေသည်။

"ဟောဒီလက်ကိုကြည့်" ညာဘက် လက်သီးကို ဆုပ်ပြသည်။ "မေယာကို ကုမ္ပဏီရဲ့ လည်ပင်းကို ဆုပ်ကိုင်ထားတယ်"

ဗယ်ဘက် လက်သီးကို ဆုပ်ပြပြန်တယ်။ "ဟောဒီလက်တစ်ဘက်နဲ့ အစိုးရ ရဲ့ ကုပ်ကိုကိုင်ထားပြီးပြီ"

"မေယာကို ကုမ္ပဏီနဲ့ အစိုးရနဲ့ ဘာဆိုင်သလဲ" ဟု ဆင်ကလဲယားက ဖြတ်မေးသည်။

ပေါလ်က ရူးကြောင်ကြောင် ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြုအာတိုကွေဒိုနိုင်ငံ အာဏာသိမ်းပွဲကို မေယာကိုကုမ္ပဏီက ငွေကြေးထောက်ပံ့ပြီး လုပ်ခိုင်းတယ်ဆိုတဲ့ အထောက်အထားတွေ အက်ဘီအိုင်က ရထားပြီးပြီ"

ဆင်ကလဲယား အံ့အားသင့်သွားသည်။ အာသာမိုရယ်၏ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

"သော့ပ်ကို အက်ဘီအိုင်က ဖမ်းမိလိုက်တာနဲ့ တစ်ပြိုင်တည်း မေယာကိုကို သူတို့ ကိုင်ကြတော့မယ်၊ ဒါပေမယ့် သူတို့ကို ဖမ်းမိတဲ့အထိ စောင့်နေဖို့ ကျုပ်တို့မှာ ဘာအကြောင်းမှ မရှိ ဘူး၊ အားလုံး ကျုပ်စီစဉ်ပြီးပြီ၊ စက်ခလုတ်တွေ အားလုံးကို ကျုပ်နှိပ်ပြီးပြီ၊ ခင်ဗျားတို့ အကူအညီတစ်ပြားဖိုးမှ ကျုပ်မလိုဘူး၊ ဆီးနိတ်လွှတ်တော်က စုံစမ်းစစ်ဆေးရေးတွေ လုပ်တော့ မယ်"

"ပေါလ် အင်ကမ်းက ဘာမှ ဝင်ပတ်သက်စရာ မလိုဘူး"

"ဟုတ်ရဲ့လား ဘာမှ ဝင်ပတ်သက်စရာ မလိုဘူးလား၊ ခင်ဗျားတို့ အများကြီး ခေတ်နောက်ကျကျန်နေခဲ့ပြီ သူတို့အာဏာသိမ်းမှုမှာ အင်ကမ်းဟာ သားကောင်ဖြစ်သွားရတယ်၊ သမိုင်းတစ်လျှောက်လုံးမှာ ဒါမျိုးတစ်ခါမှ မပေါ်ဖူးသေးဘူး၊ မေယာကို ကုမ္ပဏီဟာ တော်လှန်ရေး တစ်ခုဖြစ်အောင် ဖန်တီးခဲ့တယ်၊ စစ်ပွဲ တစ်ခုကို ဖန်တီးခဲ့တယ်၊ သွေးချောင်းစီးအောင် လုပ်ခဲ့ တယ်၊ စီးပွားရေး ပြိုင်ဘက် တစ်ယောက်အပေါ်မှာ အနိုင်ရအောင် အဲဒါတွေကို သူလုပ်ခဲ့တယ်၊ သတင်းစာတွေက သူ့ကိုဝိုင်းပြီး ဆိုင်းဘုတ်ချိတ်ကြတော့မယ်၊ သူဘာတွေ လုပ်ခဲ့တယ်ဆိုတာ ဖော်ထုတ်ကြတော့မယ်"

ပေါလ်ဗားဟတ်သည် လမ်းလျှောက်နေခြင်းကို ဖြုန်းကနဲ ရပ်ပစ်လိုက်သည်။

သူတို့အမြတ်အစွန်းတွေ ပိုရဖို့အတွက် လူတွေ မြောက်မြားစွာရဲ့ အသက်ကို စတေးခဲ့ကြတယ်။ ပိုက်ဆံတွေ အများကြီး ဖြစ်လာအောင် လူတွေအစုလိုက် အပြုံလိုက် သတ်ခဲ့ကြတယ်။ သူတို့လိုချင်တဲ့ စည်းမျဉ်းတွေကို သွေးနဲ့ ရေးဆွဲခဲ့ကြတယ်။ အဲဒီ လုပ်ငန်းတွေ အားလုံးအတွက် ဂျူးစုတ် မေယာ ကားစင်အတင်ခံရစေမယ်" ပေါလ်သည် သူ၏ လက်နှစ်ဘက် ကို ခပ်ကြမ်းကြမ်း ယမ်းပစ်လိုက်လေသည်။ "ကျုပ်တို့ ဘယ်ကောင်ကို ကြောက်ရမှာလဲ၊ ကျုပ်တို့ ကြောက်စရာ ဘာကောင်ရှိသေးလို့လဲ၊ အင်ကမ်း ကုမ္ပဏီဟာ အစိုးရရဲ့ မိတ်ဆွေအဖြစ်နဲ့ သက်သေခံမယ်၊ လွတ်လပ်စွာ ကုန်သွယ်ခွင့်နဲ့ လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်များရဖို့ အင်ကမ်းက တိုက်ပွဲဝင်မယ်"

"ဒါဆိုရင်တော့ ကျုပ်တွက်တာတွေ မှားကုန်ပြီ" ဟု အာသာမိုရယ်က ပြောသည်။ သူ့လေသံထဲတွင် ပေါလ်ဗားဟတ်အား ချီးကျူးသည့် လေသံမျိုး ပါလာသည်။

"ကျန်တာတွေ ဆက်နားထောင်ဦး" ပေါလ်၏ မျက်လုံးအစုံမှာ အောင်ပွဲခံလိုက်ရသည့် အတွက် အရောင်တဖိတ်ဖိတ် တောက်နေလေသည်။ "အေဒမ်ဟက်ချ်ဆီက ကျုပ်သတင်းကြား ပြီးပြီ၊ ဝါရှင်တန်ကိုလာဖို့ အစိုးရက သူ့ကို ခေါ်လိုက်တယ်၊ အခုဆိုရင် ဟိုကို သူရောက်နေပြီ၊ ပြုအာတိုကွေဒို နိုင်ငံအရေးအခင်းကို အစိုးရက ဝင်ကိုင်တော့မယ်၊ ပုံမှန်အခြေအနေကို ပြန်ရောက်အောင် ထိန်းပေးတော့မယ်။ ပီနီဒါရဲ့ ရာထူးကို ဘယ်သူက ဆက်ခံမယ်ဆိုတာ အကြောင်း မဟုတ်ဘူး၊ ကျုပ်တို့ ကိစ္စလည်း မဟုတ်ဘူး၊ ဆုံးရှုံးသွားတာတွေ အားလုံးပြန်ရတော့ မယ်၊ လျော်ကြေးတွေပါရမယ်၊ အင်ကမ်း ကုမ္ပဏီက ဆုံးရှုံးလိုက်ရတာတွေ အားလုံးပြန်ရအောင် အမေရိကန်အစိုးရက ဆောင်ရွက်ပေးမယ်၊ အဲဒါပဲ၊ ဒီနေ့ထိ နောက်ဆုံးအခြေအနေဟာ ဒါပဲ၊ ခင်ဗျားတို့အားလုံး ခေတ်နောက်ကျကျန်နေခဲ့ကြပြီ မဟုတ်လား"

"ဒါလောက်နဲ့တော့ မပြည့်စုံသေးဘူးလေ၊ ဂျက်ဖရေစပင်ဇာ ဘယ်ရောက်နေသလဲ" ဟု ဂေါ်ဒွန်ဆင်ကလဲယားက ဝင်မေးသည်။

"သေပြီ၊ အသတ်ခံလိုက်ရပြီ" ပေါလ်၏ အမူအရာမှာ အကြီးအကျယ် မာန်ထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ "သူဟာ ကျုပ်တို့အတွက် ထောင်ချောက်ပဲ၊ လိုအပ်တဲ့ သက်သေတွေကို ကျုပ်တို့ငွေပေး ဝယ်မယ်၊ သူ့ကိုသတ်တဲ့ သော့ပ်နဲ့ မေယာကို ကြိုးစင်တင် သတ်ပြမယ်"

"သူတို့နိုင်ငံနဲ့ ကျုပ်တို့နိုင်ငံ တရားခံလဲလှယ်ဖို့ စာချုပ်ထားတာ မရှိဘူးနော်" အာသာမိုရယ်က တည်တည်ငြိမ်ငြိမ်ဖြင့် သတိဝင်ပေးသည်။

"စာချုပ်မရှိတော့ရော ဘာအရေးစိုက်ရမှာလဲ၊ ခိုင်လုံတဲ့ သက်သေခံ အထောက် အထားတွေပြနိုင်ရင် ဆမ်မေယာနဲ့ မေယာကို ကုမ္ပဏီဟာ သွေးအေးအေးနဲ့သတ်တဲ့ လူသတ်သမားတွေ ဖြစ်ကြောင်း တစ်ကမ္ဘာလုံးက အကြွင်းမဲ့ ယုံကြည်သွားကြတော့မှာပေါ့၊ ဒါ့အပြင် ဘာလိုသေးလို့လဲ"

+ + +

မိမိ၏ အခွင့်အရေးများအားလုံး ပြန်လည် ကောင်းမွန်လာပြီ ဖြစ်ကြောင်း နှင့် မိမိလုပ်ချင်သည်များကို ပြန်လည်လုပ်ပိုင်ခွင့်ရပြီ ဖြစ်ကြောင်း အေဒမ်ဟက်ချ်က ကောင်းစွာ နားလည်လိုက်လေပြီ။

ဘဏ္ဍာရေးဝန်ကြီးရာထူးမှ သူနုတ်ထွက်ပေးခဲ့ရသည့်အချိန်မှစပြီး အိမ်ဖြူတော်သို့ ပထမဆုံးအကြိမ် ခေါ်ယူခံရခြင်း ဖြစ်လေသည်။ ထိုမျှမကသေး၊ အိမ်ဖြူတော် အိုဗယ်ရုံးခန်း အတွင်း၌ အရေးကြီးသော အကြံပေး အရာရှိများနှင့် အစည်းအဝေးပြုလုပ်ရာတွင်လည်း သူ့ကို ဝင်ထိုင်ခွင့်ပေးရုံမျှမက၊ ပါဝင်ဆွေးနွေး အကြံပေးခွင့်ကိုပါ ရရှိလေသည်။

ထိုအစည်းအဝေးတွင် အိမ်တော်ဝန် အော်တိုကင်းဒရစ်က စကားစ, ပြောသည်။ အေဒမ်ဟက်ချ် အမုန်းကြီးမုန်းသည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။

"နိုင်ငံရေး ပြောင်းလဲမှု အရှိန်အဟုန်တွေက သိပ်မြန်နေတယ်။ စီးပွားရေးသမားကြီး တွေနဲ့ ပတ်သက်ပြီးတော့လည်း အားလုံးက မယုံသင်္ကာ ဖြစ်နေခဲ့ကြတယ်။ အခုတော့ ကျွန်တော်တို့ လက်ဆုပ်လက်ကိုင်မိပြီ၊ မေယာကိုကုမ္ပဏီရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ဆီးနိတ် လွှတ်တော် ထဲမှာရှိတဲ့ ဒီမိုကရက်တစ် အမတ်တွေက စစ်ဆေးအရေးယူပေးဖို့ တောင်းဆို နေကြပြီ၊ မနက်ဖြန်မနက် ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ အဆိုတင်ကြလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အော်တို" သမ္မတ ဘီလီဘင်းနက်က အော်တိုကင်းဒရစ်၏ စကားကို ဝင်ဖြတ်လိုက်သည်။ တစ်ဆက်တည်း နိုင်ငံရေးဝန်ကြီး နောရစ်ချက်ဒ်ဝဲကို ခပ်တိုတိုလှမ်း မေးသည်။ "ချက်ဒ်. . . ခင်ဗျားရဲ့ အမြင်ကို ကြားချင်ပါတယ်"

ချက်ဒ်ဝဲက လည်ချောင်းရှင်းလိုက်သည်။

"ကျွန်တော်တို့လုပ်ရမယ့် လမ်းစဉ်ဟာ ရှင်းနေပြီလို့ ကျွန်တော် ယုံကြည်ပါတယ်၊ လက်ရှိ ကျွန်တော်တို့ရဲ့ အနေအထားဟာ အမှားတွေကို အမှန် ဖြစ်သွားအောင် လုပ်ပေးရတော့ မယ့် အနေအထား ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် စောင့်ရှောက်ပေးဖို့အတွက် ကျွန်တော်တို့တပ်ဖွဲ့တွေ စေလွှတ်တော့မယ့်အကြောင်း ကုလသမဂ္ဂနဲ့ အမေရိကန် နိုင်ငံများအဖွဲ့ကို အကြောင်းကြားဖို့ လိုပါတယ်။

"နောက်ပြီးတော့ မတရားသိမ်းပိုက်ထားတဲ့ ပစ္စည်းတွေကို တရားဝင် ပိုင်ဆိုင်သူရဲ့ လက်ထဲ ပြန်လည် လွှဲပြောင်းပေးဖို့လဲ လိုပါတယ်" ဟု အေဒမ် ဟက်ချ်က ဝင်ပြောသည်။ ပေါလ်ဟားဟတ်ထံမှ သူရရမည့်ငွေကို အရှူးအမူး လိုနေပြီ။ ယခုဆိုလျှင် ထိုငွေကို သူရဖို့ သေချာ သလောက် ဖြစ်သွားပြီ။ ထို့ထက်ပင် ပိုရနိုင်စရာ အကြောင်းရှိနေသည်။

သမ္မတဘင်းနက်က သူ့နှုတ်ခမ်းကို လက်နှင့်ပွတ်လိုက်သည်။

"အေဒမ် ဟားဟတ်နဲ့အင်ကမ်းကုမ္ပဏီအကြောင်းကို ခင်ဗျား သိတယ်၊ တကယ်လို့ သူတို့ဘက်ကနေပြီး ကျုပ်တို့ အခိုင်အမာ ရပ်တည် ပေးမယ်ဆိုရင် ထောက်ချောက်တစ်ခုခုထဲကို ကျုပ်တို့ ရောက်သွားစရာ အကြောင်းရှိသလား၊ ဘာကြောင့်လဲဆိုတော့ အင်ကမ်းကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကလည်း စီးပွားရေး ဘီလူးကြီး ဖြစ်နေတယ်"

"ဘယ်ထောင်ချောက်ထဲကိုမှ ရောက်သွားစရာအကြောင်း မရှိပါဘူး ခင်ဗျား၊ ရာခိုင်နှုန်းပြည့် သေချာပါတယ်" အေဒမ်ဟက်ချ်က ယုံကြည်ချက် အပြည့်အဝဖြင့် အားပါးတရ ကြွေးကြော်လိုက်သည်။

"ခင်ဗျား ဗားဟတ်နဲ့ အဆက်အသွယ် ရခဲ့ပြီးပြီလား"

"ရခဲ့ပြီးပါပြီ ကျွန်တော်ကို အော်တို ဖုန်းဆက်ခေါ်ပြီးတာနဲ့ တစ်ပြိုင်တည်း ပေါလ်ဗားဟတ်ကို ကျွန်တော်အကျိုးအကြောင်း ပြောပြခဲ့ပါတယ်၊ သူက အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါလိမ့်မယ်"

"ကောင်းပြီ အေဒမ် ခင်ဗျားကို တရားမဝင်တဲ့ တာဝန်တစ်ခု ပေးလိုက်မယ်၊ ခင်ဗျားဟာ ရိုးရိုးအရပ်သား တစ်ယောက်အနေနဲ့ ပေါလ်ဗားဟတ်နဲ့ ကျုပ်တို့ကြားမှာ အဆက်အသွယ် လုပ်ပေးပါ"

အစည်းအဝေး ပြီးဆုံးသွားသည်။ အကြံပေး အရာရှိများ ခန်းမအတွင်းမှ စတင်ထွက်ခွာကြသည်။ ဘီလီဘင်းနက်က အေဒမ်ဟက်ချ်နှင့် လက်ဆွဲ နှုတ်ဆက်သည်။

"ခင်ဗျားနဲ့ အတူတူ အီဗလင် လိုက်လာသလား အေဒမ်"

"လိုက်မလာဘူး ဘီလီ၊ အဲ . . အဲ သမ္မတကြီး"

လွန်ခဲ့သည့် နှစ်ရက်မှစပြီး ကိုယ်ပိုင်ဆေးရုံတစ်ခုတွင် အီဗလင်တက်ပြီး အရက်ဖြတ်နေသည့်အကြောင်းသိသူ ဝါရှင်တန်မြို့တွင် တစ်ယောက်မှ မရှိသည်ကို ကျေးဇူးတင်ရသေးတော့သည်။ သူတို့လင်မယား နှစ်ယောက် ကတောက်ကဆ ဖြစ်နေခဲ့ကြသည်မှာ ကြာပြီ။ အဆုံးမရှိသော ရန်ပွဲများ ဖြစ်သည်။ ဒါတွေပြီးသွားလျှင်တော့ အီဗလင်နှင့် အပြီးတိုင် ကွာရှင်းပြတ်စဲရပေတော့မည်။

"ဒီတစ်ခေါက်တော့ ဒါးလက်စ်မှာပဲ သူနေခဲ့တောမယ့်လို့ ဆုံးဖြတ်ပါတယ်" ဟု အေဒမ်က ဆက်ပြောသည်။

"ဟိုတစ်ခေါက်တုန်းကလိုပေါ့ အေဒမ်၊ နောက်ဆုံးတစ်ခေါက် ခင်ဗျားနဲ့ ကျုပ်တို့တွေတုန်းကလဲ အီဗလင်ပါမလာဘူးလေ" ဟု ဗိုလ်ချုပ် အော်တိုကင်းဒရစ်က ဝင်ပြောသည်။

"လုံးဝမတူပါဘူးဗျာ" ဟု ပြန်ပြောရင်း အေဒမ်ဟက်ချ်က စိတ်ထဲမှ ကျိတ်ပြီး အော်တိုကင်းဒရစ်ကို ကျိန်ဆဲနေမိသည်။ ယခင်တစ်ခေါက်တုန်းက အီဗလင်သည် ပေါလ်ဗားဟတ်၏ ခုတင်ပေါ်မှာ ရှိနေခဲ့သည်။ ယခုတစ်ခေါက်တွင်မူ မိမိက အစစအရာရာ အပေါ်စီးရနေပြီ ဖြစ်သည်။ ထိုသို့တွေးရင်း အော်တိုကို မုန်းတီးရွံရှာသော စိတ်ဖြင့် ခပ်စိမ်းစိမ်း ပြန်ကြည့်နေလိုက်မိသည်။ "ဟို တစ်ခေါက်ကစပြီး အခြေအနေတွေ အားလုံး ပြောင်းလဲသွားပါပြီ အော်တို၊ အခုဟာက ပွဲသစ်တစ်ခု ဖြစ်နေပြီ မဟုတ်လား"

\+ + +

ကလျာမေယာသည် အသားအရေ ဖြူဖတ်ဖြူရော်ဖြစ် နေသည်။ တစ်ကိုယ်လုံးလည်း နုံးချည့်နေပုံရသည်။ သို့သော်လည်း ယခင်တွေ့ခဲ့ရတုန်းက အလှမျိုးထက်ကား ပိုမိုလျော့ကျသွားခြင်းမရှိဟု ရပ်ဆယ်သော့ပ်က တွေးလိုက်မိသည်။

"အား ဟယ်လို ကလျာ ကိုယ်ဝမ်းနည်းပါတယ်"

"ဘာအတွက် ဝမ်းနည်းတာလဲ ရပ်စ်"

ကလျာက ကြိုးစားပြီး ပြုံးသည်။ ပြီးတော့ လက်တစ်ဘက်ကို ကမ်းပေးလိုက်သည်။ ရပ်ဆယ်သော့ပ်က လက်ကို ဆွဲယူရင်း သူ၏ စိတ်ထဲမှ မကျေနပ်ချက်များ မျက်နှာပေါ်တွင် ပေါ်နေပြီဟုလည်း စဉ်းစားကြည့်မိသည်။

"ဒီအမှုကြီးထဲကို ဟာရေက မင်းကို ဆွဲသွင်းလိုက်တဲ့အတွက် ဝမ်းနည်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ"

"ဟေး မင်းတို့နှစ်ယောက်စလုံးကို ငါဒီအခန်းထဲကနေပြီး ကန်ထုတ်လိုက်ပြီ" ဟု ဟာရေ့ဘလောက်က ပြောသည်။

"မောင့်သတ္တာတွေကို ကလျာကားထဲ ပို့ခိုင်းလိုက်မယ်၊ ရပ်စ် မောင်သုံးနေတဲ့ နာမည်က ဘာ"

"ရော်ဂျာထရင်ဘလေ"

"ဟုတ်ပြီ ကောင်းတယ်၊ မောင်အဲဒီမှာ နေနေသမျှ ကာလပတ်လုံး ရော်ဂျာထရင်ဘလေ အဖြစ်နဲ့ပဲနေပါ" ဟာရေ့က ပြုံးသည်။ ပြီးတော့ ကလျာ၏ ပခုံးပေါ်သို့ လက်သွားတင်သည်။

"ဒီလူပြက်ကြီးကို ဝှက်ထားလိုက်စမ်းပါ သမီးရယ်၊ ဆမ့်အတွက်ရော သူ့အတွက်ရော ပေါ့၊ သမီး သင်္ဘောပေါ်ကို သူရောက်တာနဲ့ တစ်ပြိုင်တည်း သူ့ကို အခန်းတစ်ခုထဲမှာ လုံလုံခြုံခြုံ ထည့်ထားပါ။ လိုအပ်မယ်ဆိုရင် သံကြိုးနဲ့ ချည်ထားပါ၊ မင်းသင်္ဘောပေါ်ကို ဘယ်သူမှ တက်ခွင့် မပြုပါနဲ့၊ သမီးရဲ့ လူမှုရေးလုပ်ငန်းတွေတော့ ခဏကြာအောင် ပျက်ကုန်ဦးမှာပေါ့၊ အစေခံတွေ များရှိသလား"

"နေ့တိုင်းအလုပ်လာဆင်းတဲ့ အိမ်ဖော်တစ်ယောက်ပဲ ရှိတယ်"

"သူ့ကို ခွင့်ရက်ရှည်ပေးလိုက်ပါ"

ကလျာမျက်မှောင်ကုပ်သွားသည်။

"အဲဒီလိုဆိုရင် မသင်္ကာစရာများ ဖြစ်မလာနိုင်ဘူးလား"

"ဘာလို့ဖြစ်ရမှာလဲ၊ သမီးအဖေ စိတ်ဒုက္ခရောက်နေရတဲ့အတွက် သမီးလည်း စိတ်ဒုက္ခ ရောက်ရတယ်ပေါ့၊ ဒါကြောင့် ဘယ်သူနဲ့မှ အတွေ့မခံပဲ သမီးတစ်ယောက်တည်း အိမ်တွင်းအောင်း နေတယ်ပေါ့"

"ကျွန်မ အိမ်တွင်းမအောင်းနိုင်ဘူး ထင်တယ်၊ ကျွန်မမှာ လုပ်ငန်းက ရှိနေသေးတယ် မဟုတ်လား"

"ဒီလိုဆိုရင်လည်း သမီးရဲ့ လုပ်ငန်းကြီး ပျက်ဆီးသွားပါစေကွာ၊ သမီးငွေဘယ်လောက် လိုချင်သလဲပြော၊ ဆမ်နဲ့ ကျုပ်က သမီးတောင်းသလောက် ငွေပေးပြီး ဝယ်မယ်၊ ကိုင်း မင်းတို့ နှစ်ယောက် စလုံး ရယ်လိုက်ကြစမ်း"

ရပ်ဆယ်သော့ပ်သည် သူ့အထုတ်အပိုးများကို ကိုယ်တိုင်သယ်ပြီး ကလျာ၏ သင်္ဘော ပေါ်သို့ တက်လာသည်။ သင်္ဘော ကုန်းပတ်ပေါ်သို့ ရောက်သောအခါ လက်ထဲမှ လွှတ်ချလိုက် သည်။ ကလျာ၏ ရေပေါ်အိမ်သည် သူထင်ထားသည်ထက် ပိုပြီး ခမ်းနားကြီးကျယ်နေသည်။ ပို၍လည်း ကြီးမားကျယ်ပြန့်နေသည်။ သဘောကျသောကြောင့် လေတစ်ချက် ချွန်မိလိုက်သည်။

"ဟေး ကလီယိုပါထရာ မင်းသမီးတောင် ဒါလောက်ကောင်းတဲ့ ဇိမ်ခံသင်္ဘော မရှိခဲ့ဖူးဘူး"

"ဒါပေမယ့် ဒီပေါ်မှာ အလုပ်သမားတစ်ယောက်မှ မရှိဘူး၊ ဒါကြောင့် ရှင့်အထုတ် အပိုးတွေကို ရှင်ကိုယ်တိုင်သယ်ပြီး အခန်းထဲကို သွင်းပေတော့၊ ဒါမှ ရှင်အနားယူလို့ရမယ်" ကလျာက ပြောပြောဆိုဆို အခန်းတစ်ခုကို သော့ဖွင့်နေသည်။

"အခု သော့ဖွင့်နေတာ သင်္ဘောဝမ်းဗိုက် တံခါးလား၊ ပင်မဝင်ပေါက်လား'

"ဒါအခန်းတံခါး၊ ဒီမှာရှိနေတာတွေက နံရံတွေ အကာတွေ မဟုတ်ဘူး၊ ပြီးတော့ အိပ်စင်မဟုတ်ဘူး၊ ခုတင်၊ ဒါပေမယ့် ရှေ့နဲ့နောက်လို့တော့ မခေါ်ဘူး၊ ဦးနဲ့ပဲ့လို့ပဲ ခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတာ ပြန်မမေးနဲ့"

ကလျာက တံခါးဖွင့်ပြီးဘေးသို့ တိမ်းဖယ်ပေးသည်။ ရွှတ်နောက်နောက်ဖြင့်လည်း ကိုယ်ကို ကိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်သော့ပ်က အခန်းထဲသို့ဝင်သည်။ ကျယ်ပြောသော ဧည့်ခန်းကြီးတစ်ခုထဲသို့ ရောက်သွားသည်။ အဖိုးတန် အိမ်ထောင်ပရိဘောဂများဖြင့် မွမ်းမံပြင်ဆင်ထားသည်။ မျက်နှာကြက်ကလည်း မြင့်သည်။ ခြောက်ပေသုံး လက်မရှိသော သူ့ အရပ်အပေါ်တွင် တစ်ပေလောက် လွတ်နေသေးသည်။ အခန်းထောင့်တွင် ပုံဆွဲစင်နှင့် ဆွဲလက်စ ဒီဇိုင်းများရှိသည်။

"သဘောကျရဲ့လား" ကလျာသည် အရက်စင်ရှိရာသို့ ရောက်နှင့်နေပြီ။

"ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

"ရော့ ဒါသောက်လိုက်၊ ဟာရှေ အခန်းထဲမှာ တွေ့တုန်းကလည်း ရှင်စကားနည်းနေတယ်၊ ဒီကိုလာတုန်းကလည်း မော်တော်ကားပေါ်မှာ စကားဆယ်ခွန်းပြည့်အောင်တောင် မပြောခဲ့ဘူး။ ဒါသောက်လိုက်ရင် အာစေးထည့်ထားတာတွေ ပျောက်သွားလိမ့်မယ်" ကလျာက ပြောပြောဆိုဆို ဝီစကီ ဖန်ခွက်ကို ကမ်းပေးသည်။

"ကျေးဇူးတင်ပါတယ်၊ ကိုယ်တော့ လှိုင်းမူးတော့မှာပဲ၊ မင်း ကုန်းပတ်ပေါ်မှာ အားလုံးညစ်ပတ်ကုန်တော့မယ်"

"ဒါကို ကုန်းပတ် မခေါ်ဘူး၊ ကြမ်းပြင်လို့ခေါ်တယ်၊ ကျွန်မ နောက်လိုက်ခဲ့၊ ရှင် လမ်းလျှောက်နိုင်တဲ့ ခွန်အား ရှိနေတုန်း ကျွန်မလိုက်ပြမယ်"

ကလျာက သူ့ရှေ့မှ လျှောက်သွားသည်။ စုချည်ထားသော ဆံပင်ကို ဖြန့်ချလိုက်သည်။ သူ့ကိုယ်သူ ရေမွှေးနံ့လေးများ ရပ်ဆယ်သော့ပ်၏ နှာခေါင်းထဲသို့ ပြေးဝင်လာသည်။ သူ့စိတ်များ လှုပ်ရှားသွားတော့သည်။

"ဒါက ပင်မ အိပ်ခန်း"

"ဟား. . . . ဟား . . . အိပ်ခန်းနော်. . . ကေဗင် မဟုတ်ဘူး"

ရပ်ဆယ်သော့ပ်က အခန်းထဲသို့ ကဲကြည့်သည်။ ကြီးမားသော ခုတင်ကြီးကို တွေ့ရသည်။ အဖိုးတန် အိပ်ယာခင်းကို ခင်းထားသည်။ ကလျာသည် သူ့လုပ်ငန်းများကို အိပ်ခန်းထဲသို့လည်း ယူဆောင်လာပြီး လုပ်ကိုင်ပုံရ သည်။ သည်အခန်းထဲမှာလည်း ဆွဲလက်စ ဒီဇိုင်းများကို တွေ့ရသည်။

"ဒါခုတင်နော် အိပ်စင်မဟုတ်ဘူး" ရပ်ဆယ်သော့ပ်က ပြန်နောက်သည်။ တစ်ဆက်တည်းမှာလည်း သည်ခုတင်ကြီးပေါ်တွင် ကလျာဘယ်သူတွေနှင့်များ အိပ်ပါလိမ့်မည်ဟု တွေးရင်း မနာလိုစိတ်က ဝင်လာလေသည်။

"ဟုတ်ပါတယ်. . . ခုတင်. . . ရှင်တောင် သဘောပေါက်သွားပြီပဲ၊ ကျွန်မက ဒါကို သင်္ဘောလို့ သဘောမထားဘူး၊ ဒါကြောင့် သင်္ဘောပေါ်က အခေါ်အဝေါ်တွေကို ဒီမှာမသုံးဘူး" ကလျာက တစ်ဘက်က တံခါးတစ်ချပ်ကို ဖွင့်လိုက်ပြန်သည်။ "ဒီဟာက ရေချိုးခန်း၊ ဟောဟိုဘက်မှာ အိပ်ခန်း တစ်ခန်း ရှိသေးတယ်။ အိပ်ခန်းနှစ်ခန်းစလုံးက သုံးနိုင်အောင် ဆက်ပေးထားတယ်၊ ဟိုဘက် အိပ်ခန်းက စောစောက အိပ်ခန်းထက် ပိုကျဉ်းတယ်၊ ဒါက အပြင်ခန်း"

"ကလျာက တံခါးတစ်ချပ်ကို ဖွင့်ပြန်သည်။ အခန်းတစ်ခန်းကို တွေ့ရပြန်သည်။ ထိုအခန်းထဲတွင် စာအုပ်စင်များ ရှိသည်။ စာအုပ်များမှာ အဝတ်အစား ဒီဇိုင်းများနှင့် ပတ်သက်သည့် စာအုပ်များချည်း လိုလိုဖြစ်သည်။

"ဟိုဟာက ထမင်းစားခန်း၊ ဟိုဟာက မီးဖိုချောင်၊ မီးဖိုချောင်ထဲမှာက နံရံထဲ သွင်းထားတဲ့ မီးဖို"

"ကြက်ဆင် တစ်ကောင်လောက်ကို ရိုးစ်လုပ်လို့ ရလောက်အောင် မီးဖိုကကြီးပါတယ်နော်"

"ဟင်း. . ဟင်း ရှင်မှတ်မိသေးသကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ညစာ တစ်နပ်ကတော့ တစ်သက်မမေ့နိုင်စရာပါပဲ"

"ကဲ အရက်ထပ်ထည့် လိုက်ကြဦးစို့" ကလျာက ပြောပြောဆိုဆို အရက်ထည့်ထားသည့် နေရာသို့ လျှောက်သွားသည်။

"သဘော်ပေါ်က လေ့လာရေးခရီး ပြီးဆုံးသွားပါပြီလို့တော့ မပြောနဲ့နော်"

"ကျွန်မကလည်း မပြောချင်သေးပါဘူးရှင်" ကလျာက သူ့ကို အရက်တစ်ခွက် ကမ်းပေးသည်။

"ကိုယ်ဘယ်အိပ်စင်မှာ အဲ. . အဲ ဘယ်ခုတင်မှာ အိပ်ရမလဲလို့ စဉ်းစားနေမိတယ်"

ကလျာက ရှည်လျားသော မျက်တောင်ကော့ကြီးများကို အောက်သို့ လျှော့ချလိုက်ရင်း သူ့မျက်လုံးပေါ်မှ တစ်စုံတစ်ရာသော အမူအရာကို ဖုံးကွယ်လိုက်သည်။

"အားလုံးကို ရှင်မြင်ပြီးပြီပဲ၊ ဘယ်နေရာမှာ ရှင်အိပ်ချင်သလဲ"

"မင်းအတွက် ဒုက္ခအနည်းဆုံး ဖြစ်နိုင်မယ့် နေရာမျိုးပေါ့ကွယ်" ရပ်စ်ကလည်း တစ်ဘက်သို့ မျက်နှာလွှဲလိုက်သည်။

ကလျာက စဉ်းစားနေဟန်ဆောင်သည်။

"ပြဿနာကတော့ အိပ်ယာခင်းပဲ ကျွန်မ ဒီမှာ တစ်ယောက်တည်း နေနေတယ်လို့ အယောင်ဆောင်ရမယ်ဆိုရင် အိပ်ယာခင်း အပိုတစ်ခုကို အမြဲတမ်းလျှော်ခိုင်းနေလို့ မဖြစ်ဘူး၊ ပြဿနာပေါ်မယ်" ထိုသို့ ပြောပြီး ကလျာက သက်ပြင်းချနေသည်။ ပြီးမှ ဆက်ပြောသည်။ ဒါကြောင့် ကျွန်မခုတင်ကိုပဲ နှစ်ယောက်အတူတူ သုံးလိုက်ရင် ဘာမှပြဿနာ ပေါ်နိုင်တော့မှာ မဟုတ်ဘူး ပေါ့"

ရပ်ဆယ်သော့ပ်က ရှေ့ခြေတစ်လှမ်း တိုးသွားသည်။

"ကလျာ. . . ဟို"

"သွား လူဆိုး" သူ့ ရင်ခွင်ထဲသို့ ကလျာရောက်လာသည်။ "ဒီ အချိန်ကို ကျွန်မစောင့်နေရတာ ဘယ်လောက်ကြာပြီ ထင်သလဲ"

ကလျာသည် စကားဆက်ပြောရန် ကြိုးစားပါသေးသည်။

သို့သော်လည်း ကျန်စကားလုံးများ ဗလုံးဗထွေး ဖြစ်ကာ မပီမသ ဖြစ်ကုန်လေသည်။

အချိန်များ ကုန်ဆုံး လွန်မြောက် သွားသည်ကို သူတို့မသိပါ။ နေဝင်သွားသည်ကို သတိမထားမိပါ။ နေထွက်လာသည်ကိုလည်း မမှတ်ထားပါ။ နာရီလက်တံများ ရွေ့လျားနေကြသည်ကိုလည်း မကြည့်ပါ။ အချိန်ဟူသည်ကို သူတို့ လုံးဝဂရုမစိုက်မိကြပါ။

ဘေးမှ တယ်လီဖုန်း ခေါင်းလောင်း မြည်နေသည်။ တော်တော်နှင့် သူတို့ မကြားပါ။ တယ်လီဖုန်း ခေါင်းလောင်းက မြည်မြဲ ဆက်မြည်နေသည်။ အတော်ကြာတော့မှ ရပ်ဆယ်သော့ပ် က တယ်လီဖုန်းကို သတိထားမိသည်။

"ဆမ် ဖြစ်နိုင်တယ် ကလျာ"

ကလျာက ဖုန်းကို လှမ်းဆွဲယူလိုက်သည်။ ရပ်ဆယ်သော့ပ် ထင်သည်မှာ မှန်ပါသည်။

"ဖေဖေ အရမ်းစိတ်ပူနေပြီ၊ သမီးဘာဖြစ်နေသလဲဆိုတာစဉ်းစားလို့ မရတော့ဘူး၊ ဖုန်းခေါ်နေတာ ကြာလှပြီ၊ ကိုင်ကို မကိုင်ဘူး၊ တစ်ညနေလုံး ဆက်နေတာ" ဟု ဆမ်မေယာက ပြောသည်။

"သမီးအမှားပါ ဖေဖေ၊ ဘယ်သူနဲ့မှ စကားပြောချင်စိတ် မရှိတာနဲ့ မကိုင်ပဲ နေလိုက်မိတာပါ။ အားလုံးအဆင်ပြေပါတယ် ဖေဖေ၊ သမီး တကယ် ပြောတာပါ"

"ဝမ်းသာပါတယ် သမီးရယ် သမီးနဲ့အတူတူ ဧည့်သည် ရှိနေသလား"

သူတို့တယ်လီဖုန်းသည် အသံလှိုင်းဖျက်ကိရိယာ တပ်မထားသော ရိုးရိုးတယ်လီဖုန်း ဖြစ်ကြောင်း ကလျာ သတိထားလိုက်မိသည်။ ထို့ကြောင့် စကားကို ထိန်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ဖေဖေ၊ ပြီးတော့ ကျွန်မတို့ ပျော်ပါတယ်၊ သိပ်ကို ပျော်ပါတယ် ဖေဖေ"

"မနက်ဖြန်ကျရင် ဟာရွေရဲ့ ရုံးကနေပြီး ဖေဖေ့ကို ဖုန်းပြန်ဆက်ပါ။ ဂွဒ်နိုက် သမီးတို့ နှစ်ယောက်စလုံးအတွက် ဂွဒ်နိုက်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

ဇွန်လ ၈ ရက် ဗုဒ္ဓဟူးနေ့ အစုရှယ်ယာဈေးဖွင့်ချိန်တွင် မေယာကို ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများ မနေ့ကထက် ဆယ်ရာခိုင်နှုန်း ထိုးကျသွား သည်။ သတင်းစာများမှာ ရေးနေကြသည့် အကြောင်းများကိုလည်း လူအားလုံးက စိတ်ဝင်တစား ပြောဆိုနေကြသည်။

ဖြစ်ပွားပေါ်ပေါက်ခဲ့သော တော်လှန်ရေးနှင့်ပတ်သက်ပြီး မေယာကို ကုမ္ပဏီကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အထူးကော်မတီတစ်ရပ်ကို ဆီးနိတ်လွှတ်တော် ယနေ့နံနက် အစည်းအဝေးတွင် ဖွဲ့စည်းလိုက်ကြောင်း၊ ဆီးနိတ်လွှတ်တော်တွင် ကော်မတီတစ်ရပ်ကို ယခုကဲ့သို့ မြန်မြန်ဆန်ဆန် ဖွဲ့စည်းနိုင်ခြင်းမှာ အစဉ်အလာမရှိခဲ့ဖူးကြောင်း. . ။

"ပြောက်ကျားခေါင်းဆောင်ဟု အဆိုရှိသော ဗီယက်နမ်စစ်ပြန် အသက် ၃၄ နှစ်ရှိ ရပ်ဆယ်သော့ပ်ကို အက်ဘီအိုင် စုံထောက်အဖွဲ့ကြီးက တစ်ပြည်လုံးပိုက်စိပ်တိုက်ပြီး ရှာဖွေနေကြောင်း "

**အမေရိကန်ပြည်ထောင်စု၏ တုံ့ပြန်မှုကို**
**နိုင်ငံတကာ အဖွဲ့အစည်းများက သဘောတူရန်**
**သမ္မတဘင်းနက်က တိုက်တွန်းလိုက်ကြောင်း**

"အမေရိကန် တပ်မဟာ တစ်ခုကို ပြုအာတိုကွေဒို နိုင်ငံသို့ လေကြောင်းခရီးဖြင့် ပို့ပေးမည့်ဟု သတင်းရရှိကြောင်း. . . ။

ဩဂတ်စတပ်ဆမ်မြူယယ် မေယာကိုသည် ပြင်ပ အဆက်အသွယ်များ အားလုံးကို ဖြတ်တောက်ထားပြီး လက်နက်ကိုင် အစောင့်များ ထူထပ်စွာချထားကာ ၎င်း၏ ရှေ့နေများနှင့် အင်ဒီးယန်းဝဲလ်စ် နေအိမ်တွင် ရှိနေသည်ဟု ကြားသိရကြောင်း၊ ဆီးနိတ်ကော်မတီရှေ့မှောက်တွင် အစစ်ခံရန် ဆင့်ခေါ်လျှင် ငြင်းဆန်လိမ့်မည်ဟု ယုံကြည်ရကြောင်း"

ဗုဒ္ဓဟူးနေ့မနက် ပက်ထရစ်ရှာဂါဗေးရုံးသို့ ရောက်လာပြီးနောက် ပထမဦးဆုံး ဖုန်းလှမ်းဆက်သူမှာ ရှေ့နေအက်ဒွပ်ဂျေ ကုတ္တနေ ဖြစ်လေသည်။

"ဖိုတိုစတတ်တွေ မင်းဆီကို ပို့ခိုင်းလိုက်ပြီ" ဟုကုတ္တနေက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်စလို မနိုင်လွန်းဘူးလား ရှေ့နေကြီး"

"ဆီးနိတ်လွှတ်တော်က စုံစမ်းစစ်ဆေးရေးတွေ လုပ်တော့မယ်ဆိုတဲ့ သတင်းဖတ်ပြီး ရောပေါ့ ပက်. . မေယာကို ကုမ္ပဏီရဲ့ အခြေအနေက ဆိုးနေတယ်။ အင်ကမ်းကုမ္ပဏီရဲ့ အခြေအနေ ကောင်းနေတယ်၊ ဒါပေမယ့် ကျုပ်လက်ထဲမှာ ရှိနေတဲ့ အထောက်အထားတွေ မသမာတဲ့လူတစ်ယောက်ယောက်ရဲ့ လက်ထဲကို ရောက်သွားမယ်ဆိုရင် အင်ကမ်းကုမ္ပဏီနဲ့ ပေါလ်ဗားဟတ် ဘယ်အခြေအနေ ရောက်သွားမလဲ။ ကျုပ်ပို့လိုက်တဲ့ ဖိုတိုစတတ်တွေကို မင်းတွေ လိုက်ရမယ်ဆိုရင် ဒါတွေနဲ့ပတ်သက်ပြီး ကျုပ်တောင်းတဲ့ ပိုက်ဆံဟာ လောဘတစ်ကြီးနဲ့ တောင်းတဲ့ပိုက်ဆံ မဟုတ်ဘူးဆိုတာ မင်းသဘောပေါက်ပါလိမ့်မယ်"

အထူးစာပို့သမားက လုံလုံခြုံခြုံ ထုတ်ထားသော အထုပ်ကြီးတစ်ခုကို လာပေးသွားသည်။ ပက်ထရစ်ရှာဂါဗေးက သူ့ရုံးခန်းတံခါးကို သော့သွားခတ် လိုက်သည်။ ထို့နောက် အထုပ်ကြီးကို ဖောက်ကြည့်သည်။

စာအစောင်ပေါင်းများစွာ၊ ငွေစာရင်းပေါင်းများစွာ၊ မှတ်တမ်းပေါင်းများစွာ၊ အမှာစာ ပေါင်းများစွာတို့ ထွက်လာသည်။ သည်လောက်များပြားလှသော အထောက်အထားများကို လီယိုဖူးချ်ဘတ် မည်သို့ရရှိထားပါလိမ့်ဟု တွေးနေမိသည်။ ထိုအဖြေကိုပေးနိုင်မည့် သူမှာ လီယိုဖူးချ်ဘတ် တစ်ယောက်တည်းပင် ရှိပါသည်။ သို့သော် သူလည်း သေဆုံးသွားလေပြီ။

ထိုအထောက်အထားများကိုသာ တင်ပြနိုင်မည်ဆိုလျှင် ယခုဖြစ်နေသည့် ပြဿနာ အားလုံးတွင် အင်ကမ်းကုမ္ပဏီသည် လူကြမ်း လူဆိုးကြီး ဖြစ်သွားပြီး မေယာကိုကုမ္ပဏီသည် မသမာသူများကို ရရာလက်နက်ဖြင့် တိုက်ဖျက်နေသည့် တစ်ကိုယ်တော် လူစွမ်းကောင်းကြီး ဖြစ်သွားပေတော့မည်။ ကုတ္တနေပြောသည်မှာ ချဲ့ကားရာမကျပါ။

ဥဒဒေကို ဆန့်ကျင်သည့် ကန်ထရိုက်စာချုပ်များပါသည်။ ပေါလ်ဗားဟတ်၏ အမိန့်အရ နိုင်ငံရေးသမားပေါင်းများစွာကို ပြုအာတိုကွေ့ဒိုသမ္မတ ရာမွန်မူညော့ဇ်က သုတ်သင်ရှင်းလင်းခဲ့ ကြောင်း အတည်ပြုသည့်ပေးစာများပါသည်။ အမြတ်တော်ကြေး လိမ်သည့်အကြောင်းများ၊ ပြည်တွင်းမှာလည်းကောင်း၊ ပြည်ပမှာလည်းကောင်း တရားမဝင် ငွေပေးငွေယူလုပ်သည့် အထောက်အထားများပါသည်။

အင်ကမ်း ကုမ္ပဏီ၊ ဗားဟတ်၊ ဂေါ်ဒွန်ဆင်ကလဲယား၊ ကလီးမင့်အင်ဂျီ၊ ဂျက်ဖရေစပင်ဇာ နှင့် ပက်ထရစ်ရှာဂါဗေးတို့ မဟုတ်မမှန် ပြုလုပ်ထားကြသည်များကို ခိုင်လုံသော အထောက် အထားများ ဖြစ်နေသည်။ လူတိုင်းအကြောင်းတွေပါနေသည်။ သို့သော်လည်း ထိုအထဲတွင် အာသာမိုရယ်နှင့် ပတ်သက်၍ကား တစ်စုံတစ်ရာပါဝင် ဖော်ပြထားခြင်းမရှိ။ နာမည်ကလေးမျှ ပင်မပါ။

ပက်ထရစ်ရှာဂါဗေးသည် သူ့ရုံးခန်းထဲတွင် ဘယ်တုန်းအခါကမှ အရက်သောက်ဖူးခြင်း မရှိခဲ့ပါ။ သို့သော် ယခုတော့ အပြင်းဆုံးဖြစ်သော ဗော့ဒ်ကာအရက်ကို ဖန်ခွက်အပြည့်ထည့်ကာ တရှိန်ထိုး မော့ချလိုက်သည်။ ဝမ်းထဲတွင် အရက်ရှိန် လည်သွားအောင် ခဏစောင့်နေသည်။ ပြီးတော့မှ အရေးကြီးဖုန်းကို ကောက်ကိုင်သည်။

ပေါလ်ဗားဟတ်သည် အလွန်အကျွံ စိတ်ဓာတ်မြင့်မားနေသည်။ သူ့ကုမ္ပဏီကြီး မတန်တဆ ကြီးပွားတော့မည်ဖြစ်ကြောင်း ရာခိုင်နှုန်းပြည့် ယုံကြည်ပြီး စိတ်ကြီးဝင်နေသည်။ ထို့ကြောင့် ပက်ထရစ်ရှာဂါဗေး ပြောပြနေ သည်များကို အထင်မကြီး။ အရေးကြီးသည်ဟုလည်း သဘောမထား။ သူ့ကို မပြောပလောက်သော ကိစ္စကလေးတစ်ခုက ဝင်ရောက်နှောင့်ယှက်နေ သည်ဟူသော သဘောလောက်သာ ထားလိုက်သည်။ ထိုပြဿနာကလေးမျိုးကို အလွယ်တကူ ပင် ဖြေရှင်းလိုက်နိုင်သည်ဟု သူယုံကြည်နေသည်။

"ဒါပေမယ့် ကျွန်မရှေ့မှာ ဖိုတိုစတတ်တွေ ရောက်နေပြီ" ဟု ပက်ထရစ်ရှာဂါဗေးက



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြောသည်။ "ကျွန်မရှေ့မှာ ရှိတာတွေက ဟိုက်ဒဟိုဂျင်ပုံး ပေါက်ကွဲတာထက် ပိုပြီးဆိုးသွားမယ်၊ ဒါတွေကို လီယိုဖူးချ်ဘတ် ဘယ်လိုလုပ်ပြီး ရထားတယ်ဆိုတာ ကျွန်မမသိဘူး၊ ဒါက အရေးမကြီးတော့ဘူး၊ အရေးကြီးတာက အဲဒါတွေအားလုံး အက်ဒွပ်ကုတ္တာနေရဲ့ လက်ထဲကို ရောက်နေပြီ၊ ဒါပေမယ့် ဒါတွေ သူ့လက်ထဲမှာ ရှိနေတယ်ဆိုတာကိုတော့ ရှင်မသိချင်ယောင်ဆောင်နေပါ။ အမည်မသိတဲ့ တစ်ယောက်ယောက်က ရှင့်ကို ငွေညှစ်နေတယ်ဆိုတာမျိုးကိုပဲ သူက ဖြစ်စေချင်တယ်"

"ကြောက်ချေးပါတဲ့ လေသံတွေ ဖျောက်ပစ်လိုက်စမ်း၊ ငါ့စိတ်ကို အနှောင့်အယှက် ဖြစ်တယ်ကွ၊ ငွေဆယ်သန်းဆိုတာ ဘယ်လောက်များလို့လဲ၊ မုန့်ဖိုး ပဲဖိုးလောက် ရှိတယ်" ပေါလ်က အရူးတစ်ယောက်လိုရယ်သည်။ "ဟား. . ဟား. . . မေယာကို ကုမ္ပဏီကြီးတစ်ခုလုံး ပျက်စီးသွားတော့မယ်၊ အဲဒီ ကုမ္ပဏီကြီးတစ်ခုလုံးကို တို့နှစ်ပြားနဲ့ ဝယ်တော့မယ်၊ ပြူအာတိုကွေဒို နိုင်ငံလည်း တို့လက်ထဲ ပြန်ရောက်လာတော့မယ်၊ နောက်ပြီးတော့ တခြား နိုင်ငံတွေကိုလည်း ဆက်ပြီးချဲ့ထွင်"

"ပေါလ် ကျွန်မတောင်းပန်ပါတယ်၊ ကုတ္တာနေအကြောင်းကို ကျွန်မ ပြောနေတာပါ"

"သူ့အကြောင်း ဘာလို့ပြောနေတာလဲ၊ သူ့ဟာတွေတို့ဝယ်မယ်၊ ဒီနေ့ပဲ မင်းဆီကို လူတစ်ယောက်နဲ့ ငွေအပ်ဖို့ခိုင်းလိုက်မယ်။ သူ့ကိုငွေပေးလိုက်၊ နောက်ပိုင်းမှာ ဆက်ပြီး ငါ့ကို ဒီကောင် နှစ်ပေါက်တစ်ပေါက် ရိုက်နိုင်ဦးမလား ကြည့်သေးတာပေါ့"

"ရှင်ပြောတာ မှန်နိုင်ပါတယ်"

"ငါဘယ်လောက်များများ အမှားတွေ လုပ်ခဲ့ဖူးလို့လဲ၊ ဟိုနေ့ညတုန်းက ဂေါ်ဒွန်နဲ့ အာတီကိုတောင် ဒီအတိုင်းပြောပြလိုက်ရသေးတယ်၊ ရှေ့ရေးကို ငါက ကြိုတွေးနေတဲ့ကောင်၊ ငါပြောတဲ့ အချိန်တုန်းက မင်းရှိနေစေ"

"ကောင်းပါပြီ ပေါလ်၊ ကျွန်မအခုပဲ ကုတ္တာနေကို ဖုန်းဆက်ပြီး သူ့လက်ထဲက ဟာတွေ ဝယ်မယ့်အကြောင်း ပြောလိုက်ပါ့မယ်"

"ဆက်လုပ်ပါ"

+ + +

ပက်ထရစ်ရှာဂါဗေးနှင့် ဂယ်လီဖုန်းစကားပြောပြီးနောက် ပေါလ်ဗားဟတ်၏ ဒေါသမှာ တဖြည်းဖြည်း စတင်ကြီး မားလာသည်။ ထို့ကြောင့် အာသာမိုရယ်ကို ဖုန်းဆက်ခေါ်လိုက်သည်။ မိနစ်နှစ်ဆယ်ကြာသောအခါ သူ့ရုံးခန်းသို့ အာသာမိုရယ် ရောက်လာသည်။ ပေါလ်သည် ဒေါသအပေါက် ကွဲဆုံးအချိန်သို့ ရောက်နေပြီ။ အက်ဒွက်ကုတ္တာနေအကြောင်း အာသာမိုရယ်ကို ပြောပြသည်။

"ဒါကြောင့် ကျုပ်တို့က သူတောင်းတဲ့ ငွေကို ပေးမှဖြစ်တော့မယ်၊ မပေးရင် ခွေးသူခိုးက ဆီးနိုတ်ကော်မတီရှေ့မှာ အဲဒါတွေအားလုံးကို ချပြလိမ့် မယ်၊ ဒီလို ချပြလိုက်ရင် ကျုပ်တို့အားလုံး ဘဝဆုံးသွားပြီ"

အာသာမိုရယ်သည် သေသပ်စွာ ညပ်ထားသည့် သူ့လက်သည်းကလေးများကို ပြန်ကြည့်နေသည်။

"ပက်ထရစ်ရှာကို အဲဒါတွေ သူပေးပြီးရင် ဘာဖြစ်မှာလဲ"

"ခင်ဗျားကို ဒီခေါ်လာတာ ဘာလုပ်ဖို့ ခေါ်တယ်လို့ ခင်ဗျား ထင်သလဲ" ဟု ပေါလ်က ပြန်မေးသည်။

အာသာမိုရယ်က ခေါင်းညိတ်သည်။

"ကျုပ်ကန်ထရိုက်တစ်ခုလုပ်လိုက်မယ်လေ၊ သူ့ဆီက အဲဒီပစ္စည်းတွေ ရပြီးပြီးချင်း သူ့လက်ထဲမှာ ငွေရှိနေတုန်းလုပ်မှ ဖြစ်မှာ၊ ငွေဆယ်သန်းဆိုတာ အလကား လွှင့်ပစ်လိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ မဟုတ်ဘူး” အာသာမိုရယ်သည် သူ့လက်သည်းများကို ပိုရှိနီးကပ်စွာ ထပ်ကြည့်နေပြန်သည်။ “ဒါထက် မမျှော်လင့်ပဲ ကျုပ်ရှေ့နေတွေနဲ့ စကားပြောဖြစ်ခဲ့တယ်၊ သူတို့ကပြောတယ်၊ ရပ်ဆယ်သော့ပ်ကို ဖမ်းမမိသေးသမျှတော့ ဆီးနိတ်ကော်မတီ စုံစမ်းစစ်ဆေးမှုကို ရွှေ့ဆိုင်းထားရဦးမှာပဲတဲ့၊ ရပ်ဆယ်သော့ပ်ကို ဖမ်းမိမှ ဆမ်မေယာကို သမ္မန်စာ ထုတ်ခေါ်ပြီး စစ်လို့ရမယ်လို့ ပြောတယ်။ ဒါမှမဟုတ်ရင်တော့ အားလုံး အလကားဖြစ်ကုန်မှာပဲ၊ ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး”

“ခင်ဗျားလူတွေက သော့ပ်ကိုရအောင် မရှာနိုင်ဘူးလား”

“မလွယ်ဘူး၊ ဆမ်မေယာရဲ့ အနားကိုတောင် သူတို့ကပ်လို့ မရဘူး ဖြစ်နေတယ်”

“သော့ပ်ဘယ်မှာ ရှိတယ်ဆိုတာ အဲဒီအကောင်ကြီးကတော့ သိရမှာပဲ”

“သိပ် သေချာတာပေါ့”

“မေယာမှာ မိန်းမရှိတယ်၊ ဟား. . ဟား. . ဟား. .”

ပေါလ်က ထိုစကားကို ပြောရင်းရယ်သည်။ ဆမ်မေယာတို့ လက်ထပ် ပွဲတုန်းက သူလုပ်ခဲ့သည့်အလုပ်ကို ပြန်ပြောင်းသတိရပြီး ရယ်မိခြင်း ဖြစ်သည်။

“ဒါလဲ ဘာမှလုပ်လို့ မရဘူး၊ သူ့မိန်းမကလဲ သူနဲ့အတူတူနေတယ်”

“သူ့မှာ သမီးတစ်ယောက်လည်း ရှိသေးတယ်လေ၊ သူ့စီးပွားရေးလုပ်ငန်းကို သူ့ဟာသူ လုပ်နေတယ်၊ ဘီဗာလီဟေးလ်မှာ နေတယ်၊ မေယာက ဒီသမီးကလေးကို အင်မတန် ချစ်တယ်လို့ ကျုပ်ကြားဖူးတယ်”

ဒါလောက်ဆိုရင် အာသာမိုရယ် သဘောပေါက်သွားပြီ။

“ဖြစ်နိုင်စရာ အကြောင်းတွေ ရှိတယ်”

“အင်မတန် ဖြစ်နိုင်တာပေါ့ဗျာ” ပေါလ်၏ ခေါင်းထဲမှာ ချက်ချင်း စိတ်ကူးများ ပေါ်လာသည်။ သို့သော်လည်း ထိုစိတ်ကူးများကို စောစောကတည်းက အပြည့်အစုံ ရရှိထားသည်ဟုလည်း သူ့ကိုယ်သူ ပြန်ထင်နေမိပြန် သည်။

“ဇာတ်လမ်းကတော့ ဒါပါပဲဗျာ၊ ပြူအာတိုရီကွေဗိုလ်ပါ လူမျိုးဒုက္ခသည်တွေ ရှိတယ်။ သူတို့ မိသားစုတွေကို ပြောက်ကျားတွေက အစုလိုက်အပြုံလိုက် သတ်သွားတယ်၊ ဒါဆိုဟုတ်ပလား၊ သူတို့က လက်စားချေချင်တယ်. . . မဟုတ်သေးဘူး၊ လက်စားချေချင်တာ မဟုတ်ဘူး၊ အမှန်တရားအတိုင်း သူတို့က ဖြစ်စေချင်တယ်။ ဒါကြောင့် မေယာရဲ့ သမီးကို သူတို့က ပြန်ပေးဆွဲလိုက်တယ်၊ မေယာက ရပ်ဆယ်သော့ပ်ကို လက်နက်ချခိုင်းမှ၊ မေယာကိုယ်တိုင်အစစ်ခံပါ့မယ်လို့ ကတိပေးမှ ဓားစာခံလုပ်ထားတဲ့ သူတို့ သမီးကို ပြန်လွှတ်ပေးမယ်”

“မဆိုးဘူး၊ ဒါမဆိုးဘူး”

“ဒီအတွက်တော့ အကုန်အကျ ခံရမှာပေါ့ဗျာ”

အာသာမိုရယ်က ပြုံးမယောင်ယောင် ပြုလိုက်သည်။ ထိုမျှသော အမူအရာကိုပင် သူပြုံးသည်ဟု ဆိုနိုင်သည်။

“ဒီအစီအစဉ် အကောင်အထည်ပေါ်အောင် ကျုပ်လုပ်လိုက်ပါ့မယ်”

\+ + +

ထိုနေ့က နံနက်စာကို ကလျာက ချက်ပြုတ်ပြင်ဆင် ကျွေးသည်။ ကလျာသည် ချက်ရပြုတ်ရသည်ကို ဝါသနာပါသူ ဖြစ်သည်။ ရပ်ဆယ်သော့ပ်ကလည်း သူ့အကြောင်းကို စဉ်းစားနေသည်။ ရုပ်ချောသည်။ ဥစ္စာပေါသည်။ ချက်တတ်ပြုတ်သည်။

အတူတူ စားသောက်ပြီးသောအခါ ကလျာက ပန်းကန်များကို သိမ်းဆည်းပြီး စားပွဲမှ ထသွားသည်။

“မင်းတယ်လီဖုန်းနဲ့ ကိုယ်နည်းနည်းပါးပါး ဆက်လို့ရမလား”ဟု ရပ်ဆယ်သော့ပ်က လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်လေ"

"ကိုယ့်လူတွေကို ဆက်ကြည့်လိုက်ဦးမယ်"

ကလျာက မျက်မှောက်ကုတ်သွားသည်။

"ကျွန်မကလည်း သူတို့အကြောင်းကို စဉ်းစားနေတာ၊ အက်ဘီအိုင်က ရှင့်ကို ရှာနေတယ်၊ ဒါပေမယ့် တခြားသူတွေကို လိုက်ရှာနေတယ်ဆိုတဲ့ သတင်းတော့ မကြားရဘူး"

"ဒါသဘာဝပဲပေါ့ကွာ၊ ကိုယ့်နာမည်ကလွဲပြီး တခြားနာမည်ကို သူတို့ မရနိုင်ပါဘူး၊ ကိုယ်ကခေါင်းဆောင် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ်လေ ကိုယ့် လူတွေအနေနဲ့လည်း ပြောစရာ များများစားစား မရှိပါဘူး"

"ရှင့်ကို အလိုရှိကြောင်း ဒါလောက်တောင် ကြေငြာနေတာ ငွေလိုချင်တဲ့ တစ်ယောက် ယောက်ကတော့ ဖွင့်ပြောလိုက်နိုင်တာပဲ"

"ကိုယ့်လူတွေက ဒီအစားထဲက မဟုတ်ဘူး၊ အင်မတန် သစ္စာရှိတဲ့လူတွေ၊ ငွေလိုကြတာ တော့မှန်တယ်၊ ဒါပေမယ့် ငွေအတွက် သစ္စာမဖောက်ဘူး"

\+ + +

မွန်းလွဲပိုင်းတွင် ဟာရှေဘလောက်၏ ရုံးခန်းသို့ ကလျာမေယာ ထွက်သွားသည်။ ဇိမ်ခံသဘော်ပေါ်မှာ ရပ်ဆယ်သော့ပ် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ကလျာ၏ တယ်လီဖုန်းနားမှာ သွားထိုင်သည်။ အသံလှိုင်းဖျက် ကိရိယာ တပ်ဆင်ထားခြင်း မရှိသောကြောင့် စကားကို သတိထား ပြောရမည် ဖြစ်သည်။

ဖလော်ရီဒါ ဆေးရုံရှိ သမားတော်တစ်ဦး၏ နေအိမ်သို့ တိုက်ရိုက် ဆက်လိုက်သည်။

"ကျွန်တော် ဘတ်ဖစ်ရှာနဲ့ စကားပြောချင်လို့ပါခင်ဗျာ" ဟု ရပ်စ်က ပြောသည်။

"ဒါဆေးရုံပါ၊ ကျုပ်တို့ဆီမှာ လူတွေအများကြီး ရှိပါတယ်၊ ဒါပေမယ့် ဘတ်ဖစ်ရှာတော့ မရှိဘူး"(အစီပွာယ်မှာ ဒဏ်ရာရခဲ့တဲ့လူတွေ အားလုံး အန္တရာယ်မရှိကြတော့ပါဘူး၊ အားလုံး လုံခြုံသွားကြပါပြီ ဟူ၍ ဖြစ်သည်။)

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် ဖုန်းမှားဆက်မိတယ်နဲ့ တူပါတယ်"

ဂျူအန်းမီလင်ဒက်ဇ်နှင့် တွမ်ဖာလွန်တို့ နှစ်ယောက်သည် အယ်လ်ဖာ စခန်းမှနေ၍ လော့စ်အိန်ဂျလိစ် မြို့သို့ တိုက်ရိုက် ပြန်သွားကြသည်။ ဂျူအန်း၏ ဖုန်းကို ဆက်သော်လည်း ပြန်မထူး။ တွမ်ကတော့ အိမ်မှာ အဆင်သင့် ရှိနေသည်။ သူတို့ နှစ်ယောက် ငါးမိနစ်လောက်ကြာ အောင် စကားပြောကြသည်။ သူတို့ပြောသည့် စကားများကို ဘေးလူ နားထောင်သော်လည်း အဓိပ္ပာယ်ကို နားလည်နိုင်မည်မဟုတ်ပါ။

သူတို့ လူစုထဲမှ မည်သူကမှ ဖော်ကောင်လုပ်မည် မဟုတ်ကြောင်း တွမ်ဖာလွန်က ရပ်ဆယ်သော့ပ်ကို ကတိပေးသည်။

ထို့နောက် နတ်သန်ဒူဝေကို လှမ်းဆက်သည်။ နတ်သန်ကလည်း ထိုနည်းတူစွာ ကတိပေး သည်။

ဆက်စရာရှိသည်များ အားလုံးပြီးစီးသွားသောအခါ ရပ်ဆယ်သော့ပ်က ထိုင်ရာမှ ထသည်။ သူ့စိတ်လည်း အများကြီး ရွှင်လန်း ပေါ့ပါးသွားလေသည်။

ထို့နောက် မီးဖိုချောင်ထဲသို့ ဝင်ခဲ့သည်။ ရေခဲသေတ္တာထဲမှ စားစရာ များကို ထုတ်ယူပြီး စားပွဲပေါ်မှာ အဆင်သင့် ခင်းကျင်း ပြင်ဆင်သည်။ အားလုံး ပြင်ဆင်ပြီးသောအချိန်မှာပင် ကလျာ ပြန်ရောက်လာသည်။

"ထမင်းပွဲ ဟင်းပွဲ အသင့်ပြင်ပြီးပြီ၊ အိပ်ရာလဲခင်းပြီးပြီ" ဟု ရပ်ဆယ်သော့ပ်က ဆီးပြောသည်။

"ဒါကြောင့် ကျွန်မ ပြောတာပေါ့ အလကားသက်သက် အချိန်တွေ ဖြုန်းနေမိခဲ့ကြတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကလျာက ပြောပြောဆိုဆို ရပ်ဆယ်သော့ပ်၏ ရင်ခွင်ထဲသို့ ဝင်လာသည်။

\+ + +

ကလီးမင့်အင်ဂျီသည် သူတွက်ထားသည်များ အားလုံးလွဲ ကုန်တော့သည်။ အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူပြီး သူကုမ္ပဏီမှ ငွေထုတ်ယူကာ ပေါလ်ဗားဟတ် လိုသည့်ငွေကို ထုတ်ပေးခဲ့သည်။ ယခုတော့ အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာများကလည်း မတည်မငြိမ်ဖြစ်နေကြသည်။ သူ၏ အင်ဂျီ ဘေကာနှင့် မက္ကဒိုဝယ်ကလည်း ငွေများ ပြန်တောင်းနေပြီ။

ပေါလ်ဗားဟတ်က သူလိုသော ငွေများကို ထုတ်ပေးမှ အင်ကမ်း ကုမ္ပဏီ ဆက်လက်လည်ပတ်နိုင်ရေးကို လုပ်နိုင်မည်၊ ဆီးဂတ်သံမဏိ လုပ်ငန်းကော်ပရေးရှင်းကို မိမိတို့ထဲသို့ဆွဲသွင်းနိုင်မည်၊ စီဘီစီ ကန်ထရိုက်ကိုလည်း မိမိတို့ စင်တီနယ်ကုမ္ပဏီက ရယူနိုင်မည်ဟုဆိုခဲ့သည်။ ထို့ကြောင့် ငွေရအောင် ရှာပေးခဲ့သည်။ ယခုတော့ သူထင်သလို ဖြစ်မလာတော့။ ပေါလ်ဗားဟတ် ကတိပေးထားသလိုလည်း ဖြစ်မလာတော့။

ထို့ကြောင့် ပေါလ်ဗားဟတ်ထံသို့ ပုဒ္ဒဟူးနေ့ မွန်းလွဲပိုင်းတွင် တယ်လီဖုန်း လှမ်းဆက်သည်။

"ခင်ဗျားနဲ့ ကျုပ် တွေ့ရမှ ဖြစ်တော့မယ်၊ ဒီနေ့တွေ့ချင်တယ်၊ အချိန်တွေ ရက်တွေ ရွှေ့မနေပါနဲ့"

ထိုသို့ ပြောရင်း ဝံပုလွေလို မာန်ဖီနေမည့် ပေါလ်ဗားဟတ်၏ အမူအရာကိုလည်း သူ့စိတ်ထဲမှာ မြင်ယောင်မိနေသည်။ သို့သော် သူဂရုမစိုက် နိုင်တော့ပါ။

"ညရှစ်နာရီတိတိ ကျုပ်မိုးပျံစံအိမ်ကို လာခဲ့ပါ။ ပြောစရာရှိတာ တိုတိုပြော၊ ကောင်မတွေနဲ့ ကျုပ်ချိန်းထားတယ်၊ ခင်ဗျားနဲ့ အချိန်မဖြုန်းနိုင်ဘူး" ဟု ပေါလ်ဗားဟတ်က ပြန်ပြောသည်။

ညရှစ်နာရီတိတိမှာပင် ကလီးမင့်ကလေးအင်ဂျီ သူ့အိမ်သို့ ရောက်သွားသည်။ ပေါလ်သည် ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ရင်း သူ့ဟစ်တလာ ခားမြှောင်ကို လက်ထဲမှာ ကိုင်ပြီး ကစားနေသည်။ အင်ဂျီဝင်လာသောအခါ ထိုင်ပါဟု ဆီးမပြော။

"ခင်ဗျား ကိစ္စပြောပါ" ဟုသာ လှမ်းပြောသည်။

ကလေးအင်ဂျီသည် ခပ်ကြောင်ကြောင်ရပ်ပြီး မနေတတ် မထိုင်တတ် ဖြစ်နေသည်။ စိတ်တည်ငြိမ်အောင်လည်း သူ့စိတ်ကို ပြန်ထိန်းနေသည်။

"ပေါလ် ကျုပ်ပြောချင်တာက"

"အစုရှယ်ယာ ကိစ္စမဟုတ်လား၊ အဲဒါဘာဖြစ်သလဲ၊ ဒီနေ့ ဈေးကွက်ပိတ်လိုက်တဲ့အချိန်မှာ ခင်ဗျားသန်းသုံးဆယ်လောက် ဒုက္ခ ဖြစ်သွားတယ် မဟုတ်လား"

"အရင်လ ကျုပ်တို့ အစည်းအဝေး လုပ်ကြတုန်းက ခင်ဗျားရယ်၊ ဆင်ကလဲယားရယ်၊ မိုရယ်ရယ်၊ ကျုပ်ရယ် တက်ခဲ့ကြတယ်၊ ခင်ဗျားပြောခဲ့တာက"

"သက်သေပြပါ"

အင်ဂျီမှာ မူးမေ့ လဲကျသွားတော့မလို ဖြစ်သွားသည်။ ထို့ကြောင့် စားပွဲစွန်းကို ကိုင်ပြီး ထိန်းထားလိုက်ရသည်။ ရင်ထဲကလည်း နာကျင်လာသည်။ နှလုံးနေရာမှ ပေါ်ပေါက်လာသော နာကျင်မှုမှာ ရင်ဘတ်တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်ဟု ထင်လိုက်ရလေသည်။

"ဆင်ကလဲယားနဲ့ မိုရယ်တို့ နှစ်ယောက်လည်း ခင်ဗျားပြောခဲ့တာတွေကို ကြားခဲ့တာပဲ" ဟူသော စကားလောက်ကိုပင် ကြိုးစားပြီး ပြောလိုက်ရသည်။

"သူတို့ကြားတော့ရော ဘာဖြစ်သလဲ" ပေါလ်က လက်ထဲမှ ခားမြှောင်ကို စောက်ထိုးအနေအထားသို့ ပြောင်းကိုင်လိုက်သည်။ "ခွေးသားကြီး ကျုပ်ပြောတာတွေကို မှတ်မိသလားလို့ သူတို့ကို မေးကြည့်စမ်းပါလား၊ ဘာမှ မမှတ်မိဘူးလို့ ခင်ဗျားကို ပြန်ပြောလိမ့်မယ်"

ကလီးမင့်ကလေး အင်ဂျီအဖို့ ကိုးကွယ်ရာ မရှိတော့ပြီ။ ထို့ကြောင့် ကောက်ရိုးမျှင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲသည့်အနေဖြင့် ဆွဲမိဆွဲရာ ဆွဲလိုက်မိသည်။

"ခင်ဗျား ဘာကတိပေးခဲ့တယ်ဆိုတာ သူတို့မှတ်မိရမှာပေါ့၊ ခင်ဗျားလည်း မှတ်မိတာပဲ၊ ခင်ဗျားပေးထားခဲ့တဲ့ ကတိကိုတည်အောင် ခင်ဗျား စောင့်ထိန်းရမှာပေါ့၊ ကိုယ့်ကတိ ကိုယ်ဖျက်တယ် ဆိုရင်တော့ ဆီးနိတ်ကော်မတီကို ကျူပ်သွားပြီး"

"ခင်ဗျား ကြိုက်တဲ့ဆီသွား၊ ကြိုက်တဲ့နေရာကို သွားတိုင်၊ ကျူပ်ဘာမှ သောက်ဂရုမစိုက်ဘူး" ဟု ပေါလ်က အော်ထုတ်လိုက်သည်။

အခန်းထဲမှ အင်ဂျီထွက်သွားသောအခါ ပေါလ်တားဟတ်က အားပါး တရ ရယ်ချလိုက်သည်။ သူဘာမှ ကြောက်နေစရာ မလိုတော့ပါ။ နောက်ထပ် ကန်ထရိုက်ကလေးတစ်ခုကို အာသာမိုရယ်နှင့် လုပ်လိုက်ရုံနှင့် တစ်ပြိုင်တည်း ကလီးမင့် အင်ဂျီသည် ရာသက်ပန် နှုတ်ပိတ်သွားတော့မည် ဖြစ်သည်။ မနက်ဖြန် မနက်ကျတော့မှ အာသာမိုရယ်ကို ဖုန်းဆက်ပြီး ဒီအကောင်ကို ရှင်းခိုင်းလိုက်ရဦးမယ်ဟု တေးထားလိုက်သည်။

သို့သော်လည်း နောက်တစ်နေ့ မနက်တွင် အာသာမိုရယ်ထံသို့ သူဖုန်း မဆက်ရတော့ပါ။

သူ့ဆီမှအပြန်တွင် ကလီးမင့်ကလေးအင်ဂျီသည် လမ်းခုလတ်မှာပင် ကားတိုက်ပြီး သေဆုံးသွားလေတော့သည်။

အင်ဂျီသည် တစ်နာရီလျှင် မိုင် ၇၀ နှုန်းဖြင့် ကားမောင်းပြီး ပြန်လာခဲ့သည်။ ဟာချစ်ဆန်မြစ်ကမ်းသို့ ရောက်သောအခါ သူ့ရင်ဘတ်က အရမ်းနာလာသည်။ ထို့ကြောင့် လက်တစ်ဘက်နှင့် ရင်ဘတ်ကို ဖိလိုက်မိသည်။ ရင်ဘတ်က နာသည့် ဒဏ်ကြောင့် မော်တော်ကား လီဗာကိုပါ ဖိုပြီး နင်းမိလျက်သား ဖြစ်သွားသည်။ မီးသတ်တပ်ဖွဲ့ဝင်များက ကားပျက်ကို ဆွဲဖယ်ကြည့်ကြသောအခါ မော်တော်ကား အမြန်နှုန်းပြ ဒိုင်ခွက်တွင် မိုင်၉၀ နှုန်းပြနေ သည်ကို တွေ့ကြရလေသည်။

ထိုသတင်းကြားရသောအခါ ပေါလ်တားဟတ်၏ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်လာသည်။ ကောင်းမြတ်သော ကံကြမ္မာအားလုံးတို့သည် သူ့ဘက်သို့ စုပြုံရောက်ရှိလာကြသည့် လက္ခဏာဖြစ်သည်ဟု သဘောထားမိလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

ကြာသပတေးနေ့ နံနက်ထုတ်သော သတင်းစာများတွင် ပြူအာတို ကွေဒိုနိုင်ငံသတင်းနှင့် ဆီးနိတ်လွှတ်တော် စုံစမ်းရေးကော်မတီ သတင်းများ ပြည့်နေသည်။

အမေရိကန်တပ်မဟာတစ်ခု ပို့မည့်အစီအစဉ်ကို အမေရိကန် နိုင်ငံများအဖွဲ့က သဘောတူ လက်ခံလိုက်သည်။ စစ်တပ်ကို နေ့ခင်းပိုင်းမှစပြီး လေကြောင်းခရီးဖြင့် စတင်စေလွှတ်တော့မည်။ ထို့မျှမကသေး၊ သောကြာနေ့တွင် ကျင်းပတော့မည့် ပြူအာတိုကွေဒိုနိုင်ငံ သမ္မတ ရွေးကောက်ပွဲကို လေ့လာရန် အမေရိကန် နိုင်ငံများအဖွဲ့ကလည်း အကဲခတ်လေ့လာရေး အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်ပြီး ဖြစ်သည်။'

"စေလွှတ်လိုက်သော တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် လုပ်ငန်းများကိုသာ တိကျစွာ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ကြောင်း"

ပြူအာတိုကွေဒိုနိုင်ငံ တော်လှန်ရေးတွင် မေယာကိုကုမ္ပဏီ ပါဝင်ပတ်သက်နေခြင်းနှင့် စပ်လျဉ်း၍ ဆီးနိတ်ကော်မတီ၏ စုံစမ်းစစ်ဆေးမှုများကို တနင်္လာနေ့ နံနက်မှ စတင်ပြုလုပ်တော့မည်။

"ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်သူ အားလုံးကို ရုံးတော်အား မထီမဲ့မြင်ပြုမှုဖြင့် အရေးယူမည်ဖြစ်ကြောင်း ကော်မတီ သဘာပတိ ဆီးနိတ်လွှတ်တော် အမတ်ဂါနာကလေးက ထုတ်ဖော်ပြောဆိုသည်။ ယင်းကဲ့သို့ သတိပေးလိုက်ခြင်းသည် ဩဂုတ်စတပ်ဆမ်မြူယယ် မေယာကို တိုက်ရိုက်ရည်ညွှန်းသည်ဟု ယူဆရမည်"

တိုင်းသူပြည်သားများဘက်ကလည်း ပိုမို လှုပ်ရှားလာသည်။

"မနေ့ဟုန်းက ပြည်သူ့ဆန္ဒကို ကောက်ယူကြည့်ရာတွင် ပြူအာတိုကွေဒို တော်လှန်ရေးကို ကျောထောက်နောက်ခံပေးသူများ၊ ပြောက်ကျားများကို ခေါင်းဆောင်သူများအား ရာဇဝတ်မှုဖြင့် အရေးယူစေလိုသူ ၇၁ ရာခိုင်နှုန်း ရှိသည်"

\+ + +



www.burmeseclassic.com

www.burmeseclassic.com



အင်ဒီးယန်းဝဲလ်စ်တွင် ဆမ်မြူယယ်မေယာသည် သူ့ရှေ့နေများနှင့် တိုင်ပင်လျက်ရှိသည်။ ဆီးနိတ်ကော်မတီတွင် လာရောက်အစစ်ခံရန် ဆင့်ဆိုချက်ကို တရားဥပဒေ ပျော့ကွက်များအရ ရှောင်တိမ်းနိုင်မည် ဖြစ်သော်လည်း ပြည်သူလူထု၏ ဆန္ဒနှင့် နိုင်ငံရေး ထိုးနှက်ချက်များကိုမူ ရှောင်တိမ်း၍ ရနိုင်မည် မဟုတ်ကြောင်း ရှေ့နေများက တင်ပြကြသည်။ ထို့ကြောင့် လာရောက်အစစ်ခံနိုင်မည့် ကျန်းမာရေး အခြေအနေမျိုး မရှိကြောင်း ဆရာဝန်၏ ထောက်ခံစာ တင်ပြကာ ဆင့်ခေါ်ချက်ကို ရှောင်တိမ်းရန် ရှေ့နေများက အကြံပြုကြသည်။

ထိုအကြံပြုချက်ကို ဆမ်မေယာက လက်မခံနိုင်အောင် ဖြစ်နေသည်။

"ဒါက လူမိုက်ဂိုဏ်းတွေ၊ လူလိမ်လူကောက်တွေ ကလိမ်ကျတဲ့နည်းမျိုးပဲ၊ ကျုပ်က အဲဒီအစားမျိုး မဟုတ်ဘူး"

ထိုနည်းကို အသုံးမပြုလိုသောကြောင့် ဆီးနိတ်ကော်မတီရှေ့တွင် သွားရောက်အစစ်ခံမည်ဆိုလျှင် ထိုအမှုကြီးတွင် ပါဝင်ပတ်သက်နေသူများ၏ နာမည်များကို ထုတ်ဖော်ပြောရတော့မည်ဟုလည်း ရှေ့နေများက သတိပေးကြသည်။ အသက် ၇၀ ကျော်အဘိုးကြီး ဩဂတ်စတပ်ဆမ်မြူယယ် မေယာမှာ အသက် ၁၀၀၀-ကျော် အဘိုးကြီးကဲ့သို့ ချက်ချင်း အိုစာသွားလေ တော့သည်။

"ကောင်းပြီလေ၊ ဒါပေမယ့် အဲဒီနည်းကို မလွှဲသာတဲ့အဆုံး နောက်ဆုံးကျမှ သုံးပါ"

သူ့အဖြေကြောင့် သူ့ရှေ့နေများ စိတ်သက်သာရာ ရသွားကြသည်။ မေယာသည် ကော်မတီရှေ့တွင် အစစ်ခံသည် ဖြစ်စေ၊ မခံသည်ဖြစ်စေ အများပြည်သူနှင့် သတင်းစာများ၏ အမြင်မှာတော့ အပြစ်ရှိသူဟု သတ်မှတ်ပြီး ဖြစ်နေတော့မည်ကိုလည်း သူ့ရှေ့နေများက သဘောပေါက်ပြီး ဖြစ်ပါသည်။

\+ \+ \+

အင်ကမ်းကုမ္ပဏီ ရုံးချုပ်မှ စေလွှတ်လိုက်သောသူသည် ဆင်ဆိုနိုက် လက်ကိုင်အိတ်ကိုဆွဲပြီး နံနက် ၉နာရီခွဲတွင် ပက်ထရစ်ရှာဂါပေး၏ ရုံးခန်းထဲသို့ ရောက်ရှိလာလေသည်။

၉ နာရီ ၃၅ မိနစ်တွင် ပက်ထရစ်ရှာဂါပေးက ရှေ့နေ အက်ဒွပ်ဂျေကုတ္တနေကို ဖုန်းလှမ်းဆက်သည်။

"ရှင့်အတွက် လက်ဆောင်ပစ္စည်း ကျွန်မလက်ထဲကို ရောက်နေပြီ၊ ဘယ်အချိန်မှာ ဘယ်လိုယူမလဲ"

"နောက်နာရီဝက်ကြာရင် လုံခြုံရေးဌာနက အစောင့်တစ်ယောက်နဲ့ မင်းရုံးကို အရောက်လာခဲ့မယ်"

ပက်ထရစ်ရှာဂါပေးသည် ပေါလ်ဗားဟတ်၏ နောက်ဆုံး ညွှန်ကြားချက်ကို လိုက်နာရဆောင်ရွက်ရပြန်သည်။ ငွေပေးငွေယူ ပြုလုပ်မည့် အချိန်ကို သတ်မှတ်ပြီးသောအခါ အာသာမိုရယ်ကို ဖုန်းဆက်အကြောင်းကြားရန် ပေါလ်က ပြောထားသည်။ ထို့ကြောင့် အာသာမိုရယ်ကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

"ကောင်းတယ် ပက်၊ သူ့မှာရှိနေတဲ့ မူရင်းအထောက်အထားတွေ အားလုံးရမရ သေချာအောင်လုပ်ပါ။ ငွေပေးပြီးတဲ့အခါမှာ ပေါလ်ကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ဦး၊ သူလဲ သိပ်သိချင်နေလိမ့်မယ်" ဟု အာသာမိုရယ်က ပြန်ပြောသည်။

ချိန်းထားသည့် အချိန်မှာပင် အက်ဒွပ်ကုတ္တနေ ရောက်လာပြီး ဆင်ဆိုနိုက်လက်ကိုင်အိတ်ထဲမှ ရာတန်ထုတ်များကို ရေတွက်ကြည့်နေသည်။ နံပါတ်စဉ်မှတ်ပြီး တစ်စုံတစ်ရာ စုံစမ်းစစ်ဆေးမှုများ မပြုလုပ်နိုင်စေရန် ရာတန်အဟောင်းများကို သေသေသပ်သပ် ထုတ်ထားသည်။ ပက်ထရစ်ရှာကလည်း ကုတ္တနေပေးသည့် အထောက်အထားများကို သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ငွေထပ်ဆက်ညစ်ဖို့ ရှင့်လက်ထဲမှာ ချန်ထားတာတွေ၊ ဘာတွေ မရှိတော့ပါဘူးနော် အက်ဒ်"ဟု ပက်ထရစ်ရှာက မေးသည်။

ကုတ္တနေက ခေါင်းထောင်လာသည်။

"ကျုပ် ပြောပါရောလား ဒါဟာ တစ်ကြိမ်တည်းနဲ့ အပြတ်ပါပဲလို့၊ ကျုပ်အမှန်အတိုင်း ပြောတာပါ၊ လီယိုဖူးချ်ဘတ်ထားခဲ့သမျှ အဲဒါ အကုန်ပဲ၊ ဟောဒီ စိန်လက်စွပ်တစ်ကွင်းက လွဲလို့ပေါ့လေ"

လီယိုဖူးချ်ဘတ်နှင့် နောက်ဆုံးတွေ့ခဲ့သည့် အချိန်ကို ပက်ထရစ်ရှာက အမှတ်ရလိုက်မိသည်။ သူ့ကျောထဲမှာ စိမ့်လာသည်။ ထို့ကြောင့် သတိရသည့် စိတ်ကို ဖျောက်ဖျက်ပစ်လိုက်ရသည်။ ကုတ္တနေအမှန်ပြောနေခြင်း ဖြစ်ကြောင်းလည်း စိတ်ထဲမှ အလိုလိုသိနေသည်။ ကုတ္တနေသည် အရူးမဟုတ်ပါ။ လူတုံးလူည့ံ မဟုတ်ပါ။ ဒေါ်လာဆယ်သန်း ဆိုသောငွေမှာ သူ့အတွက် မည်သို့မှ မမျှော်မှန်းနိုင်သော ငွေဖြစ်လေသည်။

"ဒီလက်စွပ်ကို မင်းလိုချင်ရင် ယူထားလိုက်လေ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ မလိုချင်ဘူး၊ ရှင်မဝတ်ချင်ရင် ရောင်းပစ်လိုက်ပေါ့"

ကုတ္တနေက ဆင်ဆိုနိုက် လက်ကိုင်အိတ်အဖုံးကို ပြန်ပိတ်လိုက်သည်။

"နောက်အပတ်မှာ ညစာ အတူစားရအောင်လား"

"ဝမ်းနည်းပါတယ်၊ ကျွန်မလက်ကို ကိုက်တဲ့လူ ကျွေးတဲ့ထမင်း ကျွန်မ ဘယ်တော့မှ မစားဘူး"

ကုတ္တနေက ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။

"မင်းစိတ်ပြောင်းလိုက်တယ်ဆိုရင်တော့ ကျုပ်ကို အသိပေးပါ"

ကုတ္တနေသည် လက်ကိုင်အိတ်ကိုယူပြီး နှုတ်ဆက်ထွက် ခွာသွားတော့သည်။ ရုံးခန်းအပြင်ဘက်မှာ စောင့်နေသည့် သူ့ငှားလာခဲ့သော လုံခြုံရေး အစောင့်က သူနှင့်အတူ လိုက်ပါသွားသည်။

ပက်ထရစ်ရှာက ပေါလ်ဗားဟတ်ကို အရေးကြီးဖုန်းမှတစ်ဆင့် လှမ်းဆက်သည်။

"အားလုံးပြီးသွားပြီ၊ စာရွက်စာတမ်းတွေက ကျွန်မကို ပိတော့မယ်၊ ဒါတွေကို ဖျက်ဆီးပစ်လိုက်ရတော့မလား"

"ဖျက်ဆီးမပစ်နဲ့၊ အာမခံသေတ္တာထဲမှာ ထည့်သိမ်းထားလိုက်၊ လီယိုဖူးချ်ဘတ် ဘာတွေရေးထားသလဲဆိုတာ ကိုယ်ကြည့်ချင်သေးတယ်၊ ဒါမှ ဒါတွေကို သူဘယ်လိုလုပ်ရသလဲ ဘယ်သူက အကူအညီပေးသလဲဆိုတာ တရားခံဖော်လို့ရမယ်၊ တို့ကုမ္ပဏီထဲက ဘယ်ကောင် အကူအညီပေးတယ် ဆိုတာကို သိရရင်. ."

"ကျွန်မသိပါတယ်၊ ဘာတွေ ဖြစ်မယ်ဆိုတာ ကျွန်မသိပါတယ်"

ပက်ထရစ်ရှာသည် တယ်လီဖုန်းကို ပြန်ချထားလိုက်ချင်ပြီ။ သူ့ကိုပါအမှုပတ်လာစေမည့် အထောက်အထား စာရွက်စာတမ်းများကို ဖျက်ဆီးပစ်ချင်လှပြီ။ ထို့ကြောင့် ပေါလ်ကို ရန်ထောင်သည့်စကားများ ဆက်ပြောနေလိုက်ရသည်။ သို့သော်လည်း အချည်းအနှီးသာ ဖြစ်ပါသည်။ သူ့ပြောစကားများကို ပေါလ်က နားမထောင်ပဲ သူပြောချင်ရာများကိုသာ ဆက်ပြောနေသည်။

"ဘယ်ကောင်လဲဆိုတာ သိရရင် အဲဒီကောင်ကို နှစ်ပိုင်းဖြတ်ပစ်မယ်၊ လောလောဆယ်တော့ ကုတ္တနေကို အပြတ်ရှင်းရမယ်"

"ကုတ္တနေကို အပြတ်ရှင်းမယ်" ပက်ထရစ်ရှာ၏ တစ်ကိုယ်လုံးမှာ တောင့်တောင့်ကြီး ဖြစ်သွားသည်။ "ဘာဖြစ်လို့လဲပေါလ်" ကျွန်မတို့ သဘော တူညီထားတဲ့အတိုင်း လုပ်ပြီးကြပြီပဲ၊ သူကလည်း သူကတိပေးထားတဲ့အတိုင်း အားလုံး ကျွန်မလက်ထဲ လာအပ်သွားပြီ မဟုတ်လား ပေါလ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း. . . ပေါလ်က ဒေါသတကြီး အော်လိုက်သည်။ ဒီ ခွေးသားကြီးလည်း သူ့အမူသည် လီယိုဖူးချုံဘတ် သွားတဲ့လမ်းအတိုင်း လိုက်ရမယ်"

"မလုပ်ပါနဲ့" ပက်ထရစ်ရှာက အသံကုန် အော်လိုက်သည်။ အပြင်သို့ကား အသံတကယ် ထွက်ပေါ်လာခြင်းမရှိပါ။ အက်ဒွပ်ကုတ္တနေကို သူတို့ လက်ဖျားနှင့်ပင်မတို့ပါဟု အာသာမိုရယ်က သူ့ကို ပြောဖူးသည်။ မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။ သူ့ရင်ထဲမှာ တင်းကျပ်နာကျင်လာလေသည်။

"ဒီကောင်တွေ ငွေဆက်ညှစ်နေဦးမှာပဲ ဆိုတာကို မင်း ခေါင်းထဲမှာ ထည့်ထား"

"ပေါလ်. . . မလုပ်ပါနဲ့ရှင်၊ မလုပ်ပါနဲ့၊ ကျွန်မတောင်းပန်ပါတယ်"

အထိတ်တလန့် ငိုသံပါကြီးနှင့် ပြောလိုက်သော ပက်ထရစ်ရှာဂါဗေး၏ အသံမှာ ပေါလ်ဗားဟတ်၏ ဒေါသတကြီး အော်သံကြားမှာ တိမ်မြုပ် ပျောက်ကွယ်သွားပါသည်။

"ဒါလောက်နဲ့ မပြီးသေးဘူး၊ မေယာဆိုတဲ့ ခွေးသူခိုးကြီး ဘယ်လောက် အံ့အားသင့်သွားအောင် တို့လုပ်လိုက်မယ်ဆိုတာကိုလဲ နားထောင်ဦး၊ ဒီကောင်ကြီး တစ်ခုခုကို ရွေးဖို့လည်း ငါလုပ်ထားပြီးပြီ၊ သူ့သမီးနဲ့"

"သူ့ သမီးမဟုတ်တာ လုပ်တော့မှ ကျွန်မကိုမပြော"

"ဒီကောင်မကို ဒီနေ့ညတို့ရမယ် ပက်၊ အဲဒီနောက်မှာ အပေးအယူကလေး လုပ်ကြတာပေါ့ကွာ" ပေါလ်က ရယ်ပြန်သည်။ သူ့ရယ်သံမှာ လူကောင်းတစ်ယောက်၏ ရယ်သံမျိုးမဟုတ်တော့။ စိတ်မမှန်သူတစ်ယောက် ရယ်နေသည့် အသံမျိုး ဖြစ်နေသည်။"မေယာက သူ့အကောင်ကို အက်ဘီအိုင် လက်အပ်ရမယ်၊ သူကိုယ်တိုင် ကော်မတီရှေ့မှာ အစစ်လာခံရမယ်၊ အဲဒီလို လုပ်ပြီးရင် သူ့သမီးကို သူပြန်ရမယ်၊ အသစ်ကလေးလိုပဲ အကောင်းပကတိ ပြန်ရမယ်"

ပက်ထရစ်ရှာ၏ နဖူးနှင့် လက်များပေါ်တွင် ဇောချွေးများနှင့် စေးကပ်နေလေပြီ။

"ခွေးသူခိုး. . . ဂျူးစုတ် ဒီသတင်းကို သူကြားလိုက်ရတဲ့အခါမှာ သူ့မျက်နှာ အမူအရာ ဘယ်လိုဖြစ်သွားမလဲဆိုတာ ကြည့်လိုက်ချင်စမ်းတယ်ကွာ၊ ဒါပါပဲ ပက် ငါကတခြား ဖုန်းဆက်စရာတွေရှိသေးတယ်"

ပက်ထရစ်ရှာသည် ကုလားထိုင်ပေါ်မှာပင် ပျော့ခွေကျ သွားလေသည်။ ဗိုက်ကိုလည်း လက်နှစ်ဘက်ဖြင့် တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးများကို အိပ်မပျော်ပဲနှင့် နေ့ခင်းကြောင်တောင်မှာပင် မက်နေရချေ ပြီ။

အက်ဒွပ်ကုတ္တနေနှင့် သူငှားလာသော လုံခြုံရေးအစောင့်၊ သူတို့ နှစ်ယောက်စလုံး သေလူဖြစ်သွားကြလေပြီ။ သူတို့ကို သတိမှမပေးလိုက်နိုင်ပါ ပေါ့ကလား၊ သူတို့ အသက်ကို ဘယ်နည်းနဲ့မှ ငါမကယ်နိုင်ပါပေါ့ကလားဟုလည်း တွေးမိရင်း ယူကျုံးမရဖြစ် နေမိတော့သည်။

သူတို့လုပ်ပုံကိုင်ပုံများမှာ ပက်ထရစ်ရှာအဖို့တော့ အင်မတန် ယဉ်ပါးနေပါပြီ။ အခြားသူများအတွက်ကား သူမသိပါ။ သူ့အဖို့တော့ ကြုံဖူး၊ ကြားဖူးခဲ့ပြီ။

ပက်ထရစ်ရှာအသက် ၁၈ နှစ် သမီးတွင် မိဘမဲ့ ဖြစ်သွားသည်။ ထိုစဉ်က ကွန်ဗင့်အထက်တန်းကျောင်းမှ အောင်မြင်ပြီးစလည်း ဖြစ်သည်။ လူမိုက် ဂိုဏ်းခေါင်းဆောင်တစ်ယောက်၏ သားနှင့်ချစ်မိကြသည်။ ထိုအချိန်မှာပင် သူ့ချစ်သူနှင့် အဖေကို ပြိုင်ဘက်လူဆိုးဂိုဏ်းက ပစ်သတ်လိုက်သည်။ အာသာမိုရယ် (ထိုစဉ်က အာတူရိုမိုလီ အမည်ကို ခံယူထားသည်) သည် အသတ်ခံသွားရသော သားအဖနှင့် ရင်းနှီးသူဖြစ်သည်။ ထို့ကြောင့် သူငယ်ချင်းအတွက် ရန်ကြွေးရှိသူများကို လက်စားချေလိုက်ပြီး ပက်ထရစ်ရှာဂါဗေးကို ခေါ်ယူစောင့်ရှောက် ပေးထားခဲ့သည်။ အန္တရာယ်အပေါင်းတို့မှ ကာကွယ်ပေးထားသည်။

ထိုသို့ အစောင့်ရှောက်ခံ ဘဝမှစပြီး ပက်ထရစ်ရှာလည်း သူတို့၏ "အဖွဲ့အစည်း" ထဲမှာ ပါဝင်ခဲ့ရလေသည်။ ထို့ကြောင့် သူတို့ လုပ်ပုံကိုင်ပုံများ နှင့် ယဉ်ပါးလာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူတို့ ဘာလုပ်တော့မည်ကို သိသည်။ သူတို့ အနေဖြင့် အချိန်မီ လုပ်ကြရတော့မည်။

အချိန်နောက် ကျသွားလျှင် ဆင်ဆိုနိုက် လက်ကိုင်အိတ်ထဲမှ ဒေါ်လာဆယ်သန်းသည် သူတို့ လက်ထဲသို့ ပြန်ရောက်ဖို့မလွယ်။

"ဘုရားသခင် ကယ်တော်မူပါ"

ပက်ထရစ်ရှာသည် ဝမ်းနည်းပက်လက်ဖြင့် အသံထွက်အောင် အော်လိုက်မိတော့သည်။ တစ်ဆက်တည်းမှာပင် စားပွဲပေါ်မှာ ရှိနေသည့် တယ်လီဖုန်းကို ဇောချွေးတွေ ပြန်နေသော တုန်ယင်သည့်လက်ဖြင့် လှမ်းဆွဲ လိုက်မိလေတော့သည်။

\+ + +

ထမင်းပွဲပြင်ဖို့ ကလျာမေယာ၏ အလုပ်ဖြစ်သည်။ ရပ်ဆယ်သော့ပ် ကစားပွဲမှာ အခန့်သားထိုင်ပြီး စားသည်။ ဖန်ခွက်ထဲသို့ အရက်ထည့်လိုက်သည့် အချိန်မှာပင် တယ်လီဖုန်းခေါ်င်းလောင်းသံ မြည်လာသည်။

"ဒါ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှာ နံပါတ်ပါတဲ့ ဖုန်းပဲ၊ တစ်ယောက်ယောက်က အရေးကြီးတဲ့ အကြောင်းပြောချင်တယ်ဆိုရင် စာအုပ်ထဲမှာ ထည့်မထားတဲ့ဖုန်းကို ဆက်ရမယ်" ဟု ကလျာက ပြောသည်။

"မင်းက ဘယ်မှမထွက်ပဲ အိမ်တွင်းပုန်းနေတာ မဟုတ်လား၊ နားထောင်လိုက်ရင် ကောင်းမယ်"

ကလျာက သက်ပြင်းချသည်။ ထိုင်ရာမှထပြီး ဖုန်းရှိရာသို့ လျှောက်သွားသည်။

"ဟယ်လို ဟုတ်ပါတယ်၊ ကျွန်မ ကလျာမေယာပါ" ခဏရပ်သွားသည်။ ဘယ်သူ . . . ခါဗေး အို. . ကျွန်မ မှတ်မိပြီ ပက်၊ ရှင်နဲ့ကျွန်မ ဟိုမှာ တွေ့ဖူးတယ်လို့ထင်"

ရပ်ဆယ်သော့ပ် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ပက်ထရစ်ရှာ ရှိရာသို့ လျှောက်သွားသည်။

"ကျွန်မကို ရှင်နောက်နေပြီ ထင်တယ်၊ ဒီလိုနောက်တာ မျိုးဆိုရင်တော့ ရှင်နောက်တာ ကြီးက ခေတ်ကုန်သွားပြီ" ပြီးတော့ ကလျာက ငြိမ်နားထောင်နေသည်။

ကလျာ၏ အမူအရာမှာ ဇဝေဇဝါ ဖြစ်သွားသည်။ အာရုံကိုလည်း အလွန်အမင်း စိုက်ထုတ်နေပုံပေါ်သည်။ စကားပြောခွက်ကို လက်နှင့် ဖုံးထားရန် ရပ်ဆယ်သော့ပ်က ခြေဟန် လက်ဟန် ပြသည်။ ပြီးတော့မှ ကိုယ်ကိုကိုင်းပြီး လေသံက လေးနှင့်ပြောသည်။

"ပြန်ဆက်မယ်လို့ ပြောလိုက်"

ကလျာက ခေါင်းညိတ်ပြပြီး ဆက်ပြောသည်။

"ရှင့်ဖုန်းနံပါတ် ကျွန်မကို ပေးပါ၊ ဆယ်မိနစ်လောက် ကျွန်မ စဉ်းစားပါရစေဦး၊ ဟုတ်ကဲ့ ခဲတံရှိပါတယ်"

ကလျာသည် မှတ်စုစာအုပ်ပေါ်တွင် ဖုန်းနံပါတ်ကို ချရေးပြီး ဖုန်းပြန် တင်ထားလိုက်သည်။ ထို့နောက် ရပ်ဆယ်သော့ပ်ကို ငေးကြည့်နေသည်။

"ဒီကို သူလာချင်တယ်တဲ့၊ အခုချက်ချင်း လာချင်တယ်တဲ့၊ သေရေး ရှင်ရေး ကိစ္စလို့ပြောတယ်"

"တခြား ဘာပြောသေးလဲ"

"သိပ်အရေးကြီးတယ်လို့ ပြောတယ်၊ သိပ်အရေးကြီးတာတစ်ခု ကျွန်မကို ပြစရာရှိနေတယ်ဆိုတဲ့ စကားလုံးကို သုံးတယ်"

"သူ့လေသံ ဘယ်လိုနေသလဲ"

"သိပ်ကို ပင်ပန်းနွမ်းနယ်နေတဲ့ ပုံပဲ၊ ဒဏ်ရာရထားသူလို ဖြစ်နေတယ်၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အရက်အလွန်အကျွံ မူးနေသလိုပဲ"

ရပ်ဆယ်သော့ပ်သည် သူ့စိတ်ထဲမှာ မှတ်ထားသည်များကို ပြန်စဉ်းစား ကြည့်သည်။ ပက်ထရစ်ရှာဂါဗေးသည် ပုံစံနှစ်မျိုးရှိသော အမျိုးသမီးဖြစ်သည်။ သာမန်အားဖြင့်မူ အလွန်ပြောင်ချော်ချော်နိုင်သည်။ မည်သည့် အရာကိုမှ ဂရုမစိုက်သော အမျိုးသမီးဖြစ်သည်။ နောက်တစ်မျိုးက စိတ်ဓာတ်ကြံ့ခိုင်ခြင်းမရှိ၊ ထိခိုက်လွယ်သည်။ သူနှင့်တွေ့တုန်းက စိတ်ထိခိုက်စရာကလေးတစ်ခု တွေ့ရသည်နှင့်တစ်ပြိုင်တည်း သူ့ကိုယ်သူ မဟန်နိုင်တော့ပဲ သူ့ရင်ခွင်ထဲသို့ ရောက်လာခဲ့ဖူးသည်။ ရောဘတ်နားလင်းကို သူတို့ အကျပ်ကိုင်တုန်းကလည်း အခန်းထဲမှ ပြေးထွက်သွားဖူးသည်။

ထိုအကြောင်းများက ရပ်ဆယ်သော့ပ်၏ အတွေးအာရုံထဲမှာ အစီအရီ ပြန်ပေါ်လာသည်။

"သူ့ အကြောင်းကိုယ်သိတယ်" ဟု သူက ပြန်ပြောလိုက်သည်။

"အို" ကလျာ၏ အသံထဲမှာ မနာလိုသည့်အသံ ချက်ချင်း ရောစွက်လာသည်။

"ဟိုတုန်းကတည်းက ကျွန်မအထင်သားပဲ"

"ဒီအမျိုးသမီးဟာ အင်မတန်တော်တဲ့ အမျိုးသမီး"

"ကျွန်မလဲ ဒီအတိုင်း ကြားဖူးတယ်"

"သူ့ ရာထူးကလည်း အင်ကမ်းကုမ္ပဏီ အကြောင်းတွေ အများကြီး သိနိုင်တဲ့ ရာထူးမျိုး" ရပ်ဆယ်သော့ပ်၏ မျက်လုံးစိမ်းများ ကျဉ်းသွားကြသည်။ "သူ ဘာပြောမလဲဆိုတာ နားထောင်လိုက်ရင် ကောင်းမယ်၊ ဒီကို လာပါလို့ ခေါ်လိုက်ပါ ကိုယ့်ပုန်းနေမယ်"

အတွင်းခန်းထဲမှာ ရပ်ဆယ်သော့ပ် ဝင်ပုန်းနေသည်။ တံခါးဖွင့်သံကြားရသည်။ ရပ်စ်က သူတို့ ဘာတွေပြောကြမည်နည်း ဆိုသည်ကို နားစွင့်နေမိသည်။

"ဝင်ခဲ့ပါ"

ကလျာ၏ အသံဖြစ်သည်။ အေးတိအေးစက် နိုင်လှသည်။

"ကျေးဇူးပြုပြီး ဆိုသော စကားလုံးမပါပါ" "ပက်" ဟု နာမည် ခေါ်ခြင်းလည်း မရှိပါ။

"မင်းတစ်ယောက်တည်းပါနော်"

ပက်ထရစ်ရှာ၏ အသံ ဖြစ်သည်။ ကလျာပြောသကဲ့သို့ပင် သူ့အသံမှာ ဒဏ်ရာအနာတရ ဖြစ်နေသည့် ပုံမျိုးဖြစ်သည်။ သူ့လေသံထဲမှာလည်း ယဉ်ကျေးဖွယ်ရာသည့် လေသံမျိုး မပါပါ။ အေးတိအေးစက်ပင် ဖြစ်နေသည်။

"မယုံရင် ရှာကြည့်ချင်သလား" ကလျာ ပြန်ဖြေသံ။

တစ်စုံတစ်ရာကို ရွှေ့သံကြားရသည်။ မီးခြစ် ခြစ်သံကြားရသည်။ ထို့နောက် ပက်ထရစ်ရှာ၏ အသံ ပေါ်လာသည်။

"ထိုင်ပါရစေနော်"

ကုလားထိုင်ပေါ်မှာ ထိုင်သံ ပေါ်လာသည်။ ပက်ထရစ်ရှာ၏ အသံကို ဆက်ကြားရပြန်သည်။

"မင်း ဒီနေရာကနေ တခြားကို ထွက်သွားမှ ဖြစ်တော့မယ်၊ အခု ချက်ချင်း ထွက်သွားပါ"

ကလျာ။ ။"ဟုတ်လား၊ အဲဒီ အထုပ်အထဲမှာ နှင်ထုတ်တဲ့ အမိန့်စာတွေပါလာသလား"

ပက်။ ။"အို မဟုတ်တာ" စိတ်ပျက်လက်ပျက် ညည်းညူသည့် အသံမျိုး။ "သိပ်အရေးကြီးတယ် ကလျာ" အလွန်အားငယ်သွားသည့် အသံမျိုး ဖြစ်သွားပြန်သည်။ "မင်းကို ပြန်ပေးဆွဲကြတော့မယ်"

ကလျာ။ ။"ကျွန်မကိုလား၊ တော်တော်ရယ်စရာ ကောင်းတာပဲ ဘာကိစ္စနဲ့. . . . "



www.burmeseclassic.com

www.burmeseclassic.com



ပက်။ ။"တကယ်ပါကွယ် ကိုယ်ပြောတာကို ယုံပါ"

ကလျာ။ ။ရှင်က ဘာအကြံပေးချင်တာလဲ၊ ကျွန်မရဲကို တိုင်လိုက်ရမှာလား"

ပက်။ ။"မင်းကို ပြန်ပေးဆွဲမယ့် လူဟွေ့က ရဲကိုလည်း ဂရုစိုက်ကြမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ မင်းတိုင်ရင်လဲ ရဲက ယုံမှာ မဟုတ်ဘူး" စာရွက်များ ဖြန့်သည့် အသံကို ကြားရသည်။ "ဟောဒီမှာကြည့် ဘာကြောင့် မင်းကို ပြန်ပေးဆွဲကြမယ်ဆိုတာ ဒီဟာတွေကို မြင်ရင် မင်းယုံပါလိမ့်မယ်"

လှုပ်ရှားသံများ ကြားရသည်။ စာရွက်များကို ကိုင်တွယ်နေသံ ကြားရသည်။ ခဏကြာအောင် တိတ်သွားပြန်သည်။

ကလျာ။ ။"ကျွန်မတော့ နားမလည်ဘူး၊ အဲဒီ စာရွက်စာတမ်းတွေက အင်ကမ်းကုမ္ပဏီနဲ့ ပတ်သက်တဲ့ ဟာတွေပဲ"

"သေသေချာချာ ထပ်ကြည့်ပါဦးလေ၊ အင်ကမ်းကုမ္ပဏီဟာ ဘာမဆို လုပ်တယ်ဆိုတာ ဒီဟာတွေက သက်သေခံနေပါလိမ့်မယ်၊ ပေါလ်ဗားဟတ်က ဘယ်တုန်းကမှ ရပ်တန်းက ရပ်ခဲ့တဲ့ လူမဟုတ်ဘူး"

နောက်ထပ် တိတ်သွားကြပြန်သည်။

"ကလျာ။ ။ကျွန်မကို ဘာဖြစ်လို့ လာပြတာလဲ"

စိုးရိမ်သည့် လေသံများ ပါဝင်စပြုလာပြီ။ "ရှင်ကိုယ်တိုင်လဲ စွန့်စား လုပ်ရတာမျိုး ဖြစ်မနေဘူးလား"

ပက်။ ။"ကျေးဇူးပြန်ဆပ်တာလို့ပဲ သဘောထားပါတော့ကွယ်" သူ့အသံလည်း အက်ကွဲလာသည်။ "နှစ်နေပြီဖြစ်တဲ့ သင်္ဘောကြီးကို စွန့်ခွာ မသွားခင် ကျေးဇူးဆပ်ခဲ့တာပဲ ဆိုပါတော့"

ကလျာ။ ။"ရှင်ပြောနေတာတွေ အမှန်ပဲဆိုရင် ရှင့်ကိုလည်း သူတို့ ချမ်းသာပေးမှာ မဟုတ်ဘူး၊ သူတို့က"

ပက်။ ။"ဒီအကျပ်အတည်းထဲကနေပြီး ဘယ်လိုရုန်း ထွက်သွားရမယ်ဆိုတာ ကိုယ်သိပါတယ်"

ရပ်ဆယ်သော့ပ်သည် ထို့ထက်ပိုပြီး ပုန်းအောင် မနေနိုင်တော့။ သူတို့ ပြောဆိုနေကြသည့် စာရွက်စာတမ်းများကို သူကြည့်ရတော့မည်။ ဖြစ်ချင်ရာ ဖြစ်စေတော့ဟု သဘောထားပြီး ပုန်းနေသည့် အခန်းထဲမှ ထွက်ကာ ဧည့်ခန်း ထဲသို့ ဝင်လာသည်။ သူ့ကိုမြင်လိုက်ကြရသောအခါ အမျိုးသမီး နှစ်ယောက်အနက် မည်သူကပိုပြီး ထိတ်လန့်တကြား ဖြစ်သွားသည်ကို ပြောရန်ပင် ခက်လှပေသည်။

"ရပ်စ်"... ကလျာက အော်လိုက်သည်။ "ရှင့်ကို စုံထောက်လက် သူအပ်လိုက်လိမ့်မယ်"

"မပူပါနဲ့ကွယ်" ပက်ထရစ်ရှာက ခေါင်းကို ယမ်းလိုက်သည်။ ဒီအလုပ်မျိုးကိုယ် မလုပ်ပါဘူး၊ ဟယ်လို ရပ်စ်"

"ဟယ်လို ပက်၊ မင်းကို ကိုယ်ယုံတယ်၊ ကျေးဇူးတင်ပါတယ်" ရပ်ဆယ်သော့ပ်က ကလျာ၏ ပေါင်ပေါ်မှာ တင်ထားသော စာရွက်များကို လှမ်းဆွဲယူသည်။ အလျင်မြန်နိုင်ဆုံး နှုန်းထားဖြင့် ကမန်းကတန်း လှန်ကြည့်သည်။ ပြီးတော့မှ စာရွက်များကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"တချို့ ကိစ္စတွေမှာ ကိုယ်တို့ သုံးယောက်စလုံး ဘဝတူတွေ ဖြစ်သွားကြပြီ၊ ပင်လယ်ပြင်ထဲ ရောက်နေသလိုပဲ ဆိုကြပါစို့ အသက်ကယ် လှေတစ်ခုခု မရနိုင်ရင်တော့ ကိုယ်တို့ သုံးယောက်စလုံး ရေနစ်ကြရတော့မယ်၊ အသက်ကယ်လှေတစ်ခု ကိုယ်တည်ဆောက် နိုင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့"ဟု ရပ်ဆယ် သော့ပ်က ဆက်ပြောသည်။

ထို့နောက် မိနစ်အတော်ကြာအောင် ရပ်ဆယ်သော့ပ်ကပင် စိတ်လိုက်မာန်ပါ ဆက်ပြောနေသည်။ အမျိုးသမီးနှစ်ယောက်က ငြိမ်သက်စွာ နားထောင်နေကြသည်။

"အဲဒါပဲ ခရီးသည်တစ်ယောက်အဖြစ် ကိုယ်တို့နဲ့ အတူတူ လိုက်နိုင်မလား ပက်"

ရပ်ဆယ်သော့ပ်က သူ့စကားကို အဆုံးသတ်လိုက်ပြီး ပက်ထရစ်ရှာဂါဗေးကို လှမ်းမေးသည်။

ပက်ထရစ်ရှာ၏ မျက်နှာပေါ်တွင် မျှော်လင့်ချက်ရောင်ခြည်ကလေး ပေါ်ပေါက်သွားဘိအလား ဝင်းလက်သွားလေသည်။

"အခုအချိန်အထိ ကျွန်မ ကြားခဲ့ရသမျှထဲမှာ အကောင်းဆုံး ကမ်းလှမ်းချက်ပါပဲရှင်"

ရပ်စ်က ဖုန်းကို ကောက်ကိုင်ပြီး ဟာရှေဘလောက်ထံ ဆက်လိုက်သည်။

\+ + +

ပင်သီယွန်ကုမ္ပဏီမှ ဗိမ်ခံကားကြီးကို ဟာရှေဘလောက်က မောင်းလာသည်။ သူ့ဘေးမှာ ရပ်ဆယ်သော့ပ် ထိုင်လိုက် လာသည်။ ကလျာမေယာနှင့် ပက်ထရစ်ရှာဂါဗားတို့ နှစ်ယောက်က နောက်ခုံမှာ ထိုင်ကြသည်။

သူတို့ချင်း မပြောမဖြစ်သော စကားလောက်ကိုသာ ပြောကြသည်။ လေးယောက်စလုံး စကားပြောချင်စိတ်လည်း မရှိကြ။ ပိုမိုနာ လမ်းမကြီးပေါ်သို့ ရောက်သောအခါ ကားထဲမှ ရေဒီယိုကို ဟာရှေဘလောက်က ဖွင့်လိုက်သည်။ ညနေ ၅ နာရီသတင်း ကြေငြာနေပြီ။ သို့သော်လည်း ရှေ့ပိုင်းမှ သတင်းများကို တစ်မိနစ် နှစ်မိနစ်စာလောက် လွတ်သွားသည်။

လေယာဉ်များနဲ့ ဆက်လက် ပို့ပေးလျက် ရှိပါတယ်၊ လော့စ်အိန်ဂျလိစ်မြို့ သတင်းယနေ့နေ့ခင်း စောစောပိုင်းတုန်းက သေနတ်ဒဏ်ရာတွေနဲ့ သေဆုံးနေကြတဲ့ တောင်ပိုင်းကနာမည်ကြီးရှေ့နေ အက်ဒွပ်ကုတ္တနေနဲ့ ယောက်ျားအဖော် တစ်ယောက်တို့ရဲ့ အလောင်းများကို"

ပက်ထရစ်ရှာဂါဗေး အထိတ်တလန့် အော်လိုက်သည်။ ရပ်ဆယ်သော့ပ်က ရေဒီယိုခလုတ်ကို လက်နှင့်ရိုက်ချလိုက်သည်။ တသိမ့်သိမ့် ငိုနေသော ပက်ထရစ်ရှာကို ကလျာက ဖက်ထားလိုက်လေသည်။

\+ + +

ဩဂုတ်စတပ် ဆမ်မြူယယ်မေယာ၏ အိမ်ဝင်းတံခါးဝတွင် အချိန်ပြည့် စောင့်နေကြသော သတင်းထောက်များ ညစာစားနေကြသည့် အချိန်ဖြစ်သောကြောင့် လူရှင်းနေသည်။ လုံခြုံရေး အစောင့်များသာ ရှိနေသည်။

လုံခြုံရေး အစောင့်များကလည်း စောစောကတည်းက မေယာထံမှ ညွှန်ကြားချက်ကြိုတင်ရရှိထားပြီး ဖြစ်သဖြင့် သက်သေခံ အထောက်အထားများကို စစ်ဆေးနေခြင်း မပြုတော့ပဲ ဗိမ်ခံကားကြီးကို တောက်လျှောက် မောင်းဝင်ခွင့်ပြုလိုက်သည်။

ဘာရှေဘလောက်သည် မော်တော်ကားကို အိမ်နောက်ဘက်သို့ ရောက်အောင် မောင်းယူလာသည်။ အိမ်နောက်မှာရပ်ပြီး ကားထဲမှ ဆင်းကာ နောက်ဘက်သို့သွားသည်။ ပစ္စည်းထည့်သည့် အံဖုံးကို ဖွင့်သည်။ ထိုအထဲမှ ရပ်ဆယ်သော့ပ် ထွက်လာသည်။ မေယာ၏ အိမ်သို့ ရောက်လုနီး မိုင်အနည်းငယ်အလိုတွင် နောက်ကအံဖုံးအတွင်းသို့ ပြောင်းထိုင်ခဲ့ခြင်းဖြစ်သည်။ မလိုလားအပ်သော သူများ မြင်တွေ့သွားမှာ စိုးသောကြောင့် နေရာပြောင်းခြင်း ဖြစ်လေသည်။

ရပ်ဆယ်သော့ပ်သည် အံဖုံးထဲမှ ထွက်လာပြီး သူ့ကိုယ်ကို ဆန့်လိုက်သည်။ သူ့လက်ထဲတွင် အိတ်တစ်လုံး ပါသည်။ ပြုအာတိုကွေဒို စစ်ဆင်ရေးတွင် ပိုလျှံခဲ့သော ဆမ်မေယာ၏ ငွေသုံးသန်းနီးပါးနှင့် ပက်ထရစ်ရှာဂါဗေး အပ်ထားသည့် သက်သေခံအထောက်အထား



www.burmeseclassic.com

www.burmeseclassic.com



စာရွက်စာတမ်းများ ဖြစ်လေသည်။

နာဒိုင်းနှင့် ဆမ်မေယာက တံခါးပေါက်မှ ရပ်စောင့် နေကြသည်။ အချင်းချင်း နှုတ်ဆက်စကားကို တိုတိုသာ ပြောကြသည်။ ပတ်ဝန်းကျင် အနေအထားက ပြဿနာ ပေါ်နေကြောင်း သိသာလှသည်။ ကလျာနှင့် တုန်လှုပ်ခြောက်ခြားနေသော ပက်ထရစ်ရှာ့ဂါဗေးတို့ပါ ယခုလိုရောက်ရှိ လာသောကြောင့် အခြေအနေက ပိုမို တင်းမာသွားသယောင် ရှိသည်။

"ကျုပ်ရှေ့နေတွေလည်း အဆင်သင့် ရောက်နေကြတယ်၊ ကျုပ်တို့ တစ်ခါတည်းတန်းပြီး စလိုက်ကြတာပေါ့' ဆမ်မေယာက ရပ်ဆယ်သော့ပ်ကို လှမ်းပြောသည်။

"ကျွန်မတို့ ဘယ်မှာ ဆွေးနွေးကြမှာလဲ ဖေဖေ"

ကလျာက ဝင်မေးသည်။ "ကျွန်မတို့" ဟူသော စကားကို သုံးပြီး သူလည်း ပါဝင် ဆွေးနွေးမည့် သဘောကို ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဖေဖေတို့ စာကြည့်ခန်းထဲမှာ အစည်းအဝေး လုပ်နေကြတာ"

ညသန်းခေါင် ကျော်တော့မှပင် သူတို့ အစည်းအဝေးကို ရပ်နားလိုက်သည်။

"ဘယ်လို သဘောရသလဲ"

စာကြည့်ခန်းထဲမှ ထွက်လာကြရင်း မေယာက သူ့ရှေ့နေများကို မေးသည်။ ရှေ့နေများ အားလုံး ပင်ပန်းနွမ်းနယ် နေကြပြီ။

"တော်တော့်ကို သတိထားရမှာပဲ၊ ဇာတ်လမ်းအကုန်လုံး ငုံမိသွားအောင် တစ်ရက် နှစ်ရက်တော့ အချိန်ယူ လုပ်ရလိမ့်မယ် ထင်တယ်" ဟု ရှေ့နေက ပြောသည်။

ထိုအိမ်မှာ ရှိနေသည့် အဝတ်အစားများအနက် ရရာများကို ယူပြီး ပက်ထရစ်ရှာဂါဗေး ကို ကလျာက ပေးသည်။ ပက်ထရစ်ရှာက အရပ်မြင့်သောကြောင့် တော်ရုံအဝတ်မှာ သူနှင့် မတော်။ ထို့ကြောင့် အိမ်ဖော်တစ်ယောက်နှင့် လုံခြုံရေးအစောင့် တစ်ယောက်ကို ပန်းစပရိန်း ဈေးသို့လွှတ်ပြီး ပက်ထရစ်ရှာ၊ ရပ်ဆယ်သော့ပ်၊ ဟာရှေဘာလောက်တို့အတွက် အရေးပေါ် အဝတ်အစားများ ဝယ်ခိုင်းလိုက်ရသည်။

နောက်တစ်နေ့ နံနက်စာ စားပြီးကြသောအခါ စာကြည့်ခန်းထဲမှာပင် အစည်းဝေးကို ဆက်ကြပြန်သည်။ တစ်ညနေလုံး ထိုင်ကြသည်။ ည သန်းခေါင်အထိ ဆက်ထိုင်ကြသည်။ ရှေ့နေများကလည်း လိုအပ်သလို အခန်းထဲမှ ထွက်လိုက် ဝင်လိုက် လုပ်နေကြသည်။ လိုအပ် သော နေရာများသို့ ဖုန်းဆက်ကြသည်။ လိုအပ်သည့် ဖုန်းများကို လက်ခံစကားပြောကြသည်။

မဆုံးနိုင်သော သူတို့၏ မာရသွန် အစည်းအဝေးကြီးကို စနေနေ့ နံနက် ၉ နာရီတွင် စတင်ကျင်းပကြပြန်သည်။ လိုအပ်သည်များကို တက်သုတ်နှင်ပြီး စီစဉ်ကြပြန်သည်။

ပြူအာတိုကွေဗိုနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံများအဖွဲ့ အကဲခတ် လေ့လာရေးအဖွဲ့မှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ရာ နံနက် ၁၀ နာရီ ရေဒီယိုသတင်းတွင် အသံလွှင့်သွားသည်။ ထိုသတင်းတွင်. . .

"မဲဆန္ဒပေးကြရာတွင် မတရားမှုများ၊ ဥပဒေနှင့် မညီညွတ်မှုများကို လုံးဝမတွေ့ရှိရပါ၊ သမ္မတလောင်း ဇေဗီးယားပီနီဒါနှင့် ၎င်း၏ ပေါ်ပြူလာပါ တီဝင် ကိုယ်စားလှယ်လောင်းများကို မဲဆန္ဒရှင် ပြည်သူများက ပုံအောပြီး မဲထည့်လိုက်ကြရသည်ကို တွေ့ရှိ ရလေသည်" ဟု ပါရှိသည်။

+ + +

ကလျာမေယာကို ပြန်ပေးဆွဲဖို့ အစီအစဉ်များ ပျက်ပြားသွားသည့်အကြောင်း အာသာမိုရယ်ထံမှ ကြားသိရသောအခါ ပေါလ်တားဟတ်သည် အံ့ဩဖွယ် ကောင်းလောက် အောင် တည်ငြိမ်နေသည်ကို တွေ့ရလေသည်။

"ကိစ္စမရှိဘူး အာတီ၊ မေယာဟာ သူ့အတတ်နဲ့ သူပြန်စူး နေပါပြီ" ပက်ထရစ်ရှာဂါဗေး ရုတ်တရက် ပျောက်သွားသည်နှင့် ပက်သက်၍မူ ပေါလ်၏ တုံ့ပြန်ချက်က တစ်မျိုးတစ်ဖုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ စောစောကနှင့် မတူပဲ ပေါက်ကွဲလာသည်။

"ဒီဖာစုတ်မ လက်ထဲမှာ ကုတ္တနေဆီက စာရွက်စာတမ်းတွေ ရှိနေတယ် မဟုတ်လား၊ သူ့ကို တွေ့အောင်ရှာပါ၊ မြန်မြန်ရှာပါ" ဟု ဒေါသတကြီး ပြောသည်။

ပက်ထရစ်ရှာဂါပေးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အာသာမိုရယ်၏ သမီးရင်းနှင့်မခြား ရှိခဲ့သည်။ ထို့ကြောင့်လည်း အာသာမိုရယ်က ပက်ထရစ်ရှာဘက်မှ ကာကွယ်ပြောဆိုသည်။

"ဒါလောက်အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို ဒီကလေးမ လက်ထဲမှာ အပ်ထားဖို့ မကောင်းဘူး ပေါလ်၊ ဒါတွေကို ကိုင်ထားရတော့ သူ့ခမျာလဲ စိုးရိမ်ရှာမှာပေါ့၊ ဒါကြောင့် အခုစနေ တနင်္ဂနွေမှာ တစ်နေရာရာသွားပြီး ပုန်းနေတာ ဖြစ်နိုင်တယ်၊ ကျုပ်တို့နဲ့ သူ့အဆက်အသွယ် လုပ်မှာပါပဲ၊ ကျုပ်အာမခံပါတယ်"

ထိုသို့ သူတို့နှစ်ယောက်ပြောခဲ့ကြသည်မှာ သောကြာနေ့က ဖြစ်လေသည်။

စနေနေ့ ရောက်သော်လည်း ပက်ထရစ်ရှာထံမှ ဘာစကားမျှ မကြားရ။ သို့သော်လည်း သူ့အကြောင်းကို ပေါလ်ဗားဟတ်က ခဏမေ့နေသည်။ ပြူအာတိုကွေဒိုနိုင်ငံတွင် ပေါ်ပြူလာပါတီ အပြတ်အသတ် အနိုင်ရခြင်းကို အမေရိကန်နိုင်ငံများ အဖွဲ့က အသိအမှတ်ပြုကြောင်း ကြေငြာချက်ကိုသာ အရေးတကြီးထားပြီး သူစိတ်ဝင်စားနေသည်။ ဂေါ်ဒွန်ဆင်ကလဲယားကလည်း နှစ်သိမ့်စကားပြောသည်။

"အမေရိကန်နိုင်ငံများအဖွဲ့လို မန္တးမနပ်ကောင်တွေက ကြေငြာတာ အမေရိကန်ပြည်ထောင်စု အစိုးရက အရေးလုပ်ပြီး လက်ခံမှာ မဟုတ်ဘူး၊ သမ္မတ ဘင်းနက်က စစ်တပ်တွေ လွှတ်လိုက်ပြီပဲ၊ ဒီတပ်က ပီနီဒါကို ကိုင်ထားမှာပါ၊ စစ်တပ်က ဟိုမှာရှိနေဦးမှာပဲ"

ဂေါ်ဒွန်ဆင်ကလဲယား၏ စကားကို ကြားရသောအခါ ပေါလ်ဗားဟတ် နေသာထိုင်သာ အတန်အသင့် ရှိလာသည်။

စနေနေ့ညပိုင်းတွင် အသံလွှင့်လိုက်သည့် သတင်းက သူ့ကိုပိုပြီး စိတ်သက်သာရာရသွားစေပြန်သည်။

"တနင်္လာနေ့မှာ စတင် ကြားနာတော့မယ့် ဆီးနိတ်ကော်မတီ၏ စုံစမ်းစစ်ဆေးမှုမှာ ထိပ်တန်းကုမ္ပဏီကြီးတွေကလည်း ပါဝင်ပူးပေါင်းကာ သက်သေခံကြလိမ့်မယ်လို့ ခန့်မှန်းရပါတယ်၊ အဲဒီလို သက်သေခံကြမယ့် ကုမ္ပဏီကြီးများနဲ့ အုပ်ချုပ်သူများထဲမှာ ဆင်ကလဲယားနေရှင်နယ်ဘဏ်တိုက် ဥက္ကဋ္ဌ ဂေါ်ဒွန်ဆင်ကလဲယား၊ အင်ကမ်းကုမ္ပဏီရဲ့ အကြီးအကဲ ပေါလ်ဝါနာဗားဟတ်တို့လည်း ပါဝင်ကြပါတယ်၊ အံ့သြစရာအကောင်းဆုံးကတော့ အဲဒီလို သက်သေခံကြမယ့်အထဲမှာ မေယာကိုကုမ္ပဏီဥက္ကဋ္ဌ ဒင်နီယယ်ဆိဇ် ပါဝင်နေတာပဲ ဖြစ်ပါတယ်၊ ယုံကြည်လောက်တဲ့ ဌာနများကရရှိတဲ့ သတင်းအရဆိုရင် မေယာကို ကုမ္ပဏီကြီးရဲ့ ချယ်ယာမင် ဩဂတ်စတပ် ဆမ်မြူယယ် မေယာကတော့ တက်ရောက်အစစ်ခံမယ်မှာ မဟုတ်ဘူး ဆိုတာပါပဲ"

ထိုသတင်းအပြီး စီဘီစီရုပ်မြင်သံကြား အစီအစဉ်က တစ်ပတ်အတွင်း အရေးကြီးသော သတင်းများနှင့် ပတ်သက်ပြီး သုံးသပ်ဝေဖန်ချက်ကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားသည်။

အမေရိကန် လူမျိုးတွေဟာ လိမ်လည် လှည့်ဖြားမှုကို အလွယ်တကူ လက်သင့်ခံနိုင်တဲ့ အခြေအနေမှာ မရှိသေးပါဘူး၊ ဩဂတ်စတပ် ဆမ်မြူယယ် မေယာကို နှစ်ပေါင်းများစွာကတည်းက သမာသမတ်ရှိသူ၊ အလှူအတန်း ရက်ရောသူလို့ အများက သဘောထား လက်ခံခဲ့ကြပါတယ်၊ အဲဒီလို အများက သတ်မှတ်လာအောင်လည်း ဆမ်မြူယယ်မေယာက ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုတော့ အဲဒီလို သတ်မှတ်ချက်ဟာ အခု ရက်သတ္တ တစ်ပတ်အတွင်းမှာပဲ ပျက်စီးသွားပြီ ဖြစ်ပါတယ်။ မစ္စတာမေယာဟာ သူ့ကုမ္ပဏီ မေယာကိုနဲ့ ပြိုင်ဘက်ဖြစ်တဲ့ တခြားကုမ္ပဏီ ဒုက္ခဖြစ်ဖို့အတွက် ငွေကုန်ကြေးကျခံပြီး ကိုယ်ပိုင် စစ်ပွဲတစ်ပွဲကို ဆင်နွှဲခဲ့တယ်လို့ စွပ်စွဲချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ပေါ် ပေါက်လာပါ တယ်၊ ဒါတွေနဲ့ ပတ်သက်ပြီး မစ္စတာမေယာက ထုတ်ဖော်ငြင်းခြင်းလဲ မပြုပါဘူး၊ အမေရိကန်ပြည်ထောင်စု ဆီးနိတ်လွှတ်တော်စုံစမ်း "

မေယာသည် သူ့ကိုယ်သူ သတ်သေသွားပြီဟု ပေါလ်ဗားဟတ်က တွေးထင်နေမိသည်။ ထိုအတွေးနှင့်အတူ သူ့စိတ်များလည်း ရွှင်လန်းပေါ့ပါး လျက်ရှိလေသည်။

\+ + +

ရှေ့ရေးကို ကြိုတင်မှန်းဆ၍ မရသော အခြေအနေကြီးသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လျက် ရှိလေသည်။

ဆမ်မြူယယ်မေယာ၏ ကိုယ်ပိုင်လေယာဉ်ကြီး ဖြစ်သော ဘိုးအင်း ၇၂၇/၂၀၀ ဂျက်လေယာဉ်ကြီးမှ အမှုထမ်းများကလည်း အကျိုးအကြောင်းကို ရေရေရာရာ မသိကြရသောကြောင့် ပူပင်သောက ရောက်လျက်ရှိကြသည်။ မေယာကိုကုမ္ပဏီကြီး၏ အခြေအနေများ ဆိုးရွားနေသဖြင့် သူတို့ကို အလုပ်မှ ရပ်ဆိုင်းလိုက်သည့် အကြောင်းကြားစာများ မကြာခင် ရောက်ရှိလာတော့မည် ဟု တွေးနေမိကြသည်။

စနေနေ့ ညနေပိုင်းတွင် သူတို့ထံသို့ အမိန့်တစ်ခု ရောက်လာသည်။ ထိုအမိန့်ကလည်း သူတို့ ပူပင်သောက ရောက်နေသည့် စိတ်ဓာတ်ကို သက်သာရာ မရစေပါ။

ဂျက်လေယာဉ်ကြီးကို ဆီအပြည့်ထည့်ပြီ ပန်းစပရိန်း လေယာဉ်ကွင်းတွင် အသင့်ထားရှိရမည်၊ လေယာဉ်အမှုထမ်းများ အားလုံးလည်း အသင့်စောင့်ဆိုင်းနေကြရမည်ဟူသော အမိန့်ဖြစ်သည်။ အချိန်မရွေး ပျံသန်းထွက် ခွာနိုင်ရန် အသင့်ပြင်ခိုင်းထားသော်လည်း မည်သည့်အရပ်သို့ ပျံသန်းမည်ဟူသော ဖော်ပြချက်မပါ။ လေယာဉ်ပျံပေါ် မှာ လိုက်ပါမည့် ခရီးသည်များ စာရင်းကို မပေး။

ထို့ကြောင့် လေယာဉ်မှူး၊ တွဲဖက် လေယာဉ်မှူးနှင့် လေယာဉ်မယ်ချုပ်တို့သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ကောက်ချက်ချနေကြသည်။ သို့သော်လည်း သူတို့အားလုံး တူညီချက်တစ်ခုတော့ ရှိသည်။ ယင်းအချက်မှာ သူတို့ အလုပ်ရှင် တိုင်းတစ်ပါးသို့ ထွက်ပြေးတော့မည်ဟူသော အချက်ပင် ဖြစ်လေသည်။

မက်ဆီကိုနိုင်ငံသို့ ပြေးမည်ဟု လေယာဉ်မှူးက ထင်သည်။ တွဲဖက် လေယာဉ်မှူးကမူ ဘရာဇီးလ်သို့ ပြေးမပြေး လောင်းရဲသည်ဟု ဆိုသည်။

လေယာဉ်မယ်ချုပ်ကတော့ ထိုသို့မဟုတ်။ သူ့အသက် သုံးဆယ်ကျော်ပြီ။ ယောက်ျားယူလိုက်သည်မှာလည်း ဘာမှမကြာသေး။ ထို့ကြောင့် သည်တစ်ခါ လေယာဉ်ပေါ် မှာ အမှုထမ်းဖို့ကို စိတ်ပါဝင်စားခြင်းမရှိ။ ခွင့်ယူပြီး အိမ်ပြန်ပြေးကာ လင်တော်မောင်၏ ရင်ခွင်ထဲမှာသာ ဝင်နေလိုက်ချင်သည်။ တရားဥပဒေနှင့် ဆန့်ကျင်သည့် အလုပ်ထဲမှာ ပါဝင်ပတ်သက်နေရမည်ကို တွေးပြီး စိတ်ပူနေမိလေသည်။ အဖမ်းအဆီးလည်း မခံချင်၊ အက်ဘီအိုင် စုံထောက်များ၏ မေးမြန်း စစ်ဆေးခြင်းကိုလည်း ရင်မဆိုင်လို။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

မနက် ၆း၃၀ နာရီတွင် ထုံးစံအတိုင်း ပေါလ်ဗားဟတ် အိပ်ယာမှ နိုးလာသည်။ ဝါရှင်တန်မြို့ရှိ အင်ဘက်ဇာရိုးဟိုတယ်တွင် အင်ကမ်းကုမ္ပဏီက အခန်းစုံကြီးတစ်ခုကို အမြဲတမ်း ငှားရမ်းထားသည်။ ညတုန်းက သည်အခန်းထဲမှာ အမျိုးသမီးနှစ်ယောက်နှင့် သူအတူတူ ရှိနေခဲ့သည်။

နောက်နေ့တွင် ကြုံတွေ့ရတော့မည့် အကြောင်းများကို စဉ်းစားပြီး သူကောင်းစွာ အိပ်မပျော်ခဲ့။ သို့သော်လည်း သူမှာ စိတ်ဓာတ်ခွန်အား၊ ခန္ဓာကိုယ် ခွန်အားကတော့ အပြည့်အဝ ရှိနေသည်။

ရေချိုးခန်းရှိရာသို့ သူလျှောက်လာခဲ့သည်။ အမျိုးသမီး တစ်ယောက်က သူ့နောက်မှ လိုက်လာသည်။ စားပွဲပေါ်တွင် ပြောင်ပြောင်လက်လက် ပစ္စည်းကလေးတစ်ခုကို တွေ့ရသောကြောင့် အမျိုးသမီးက ကောက်ယူကြည့် သည်။

"ဒါဘာလေးလဲဟင်"

ပေါလ်ဗားဟတ်က ကျားတစ်ကောင်လို ချက်ချင်း လှည့်ပြန် ခုန်လိုက်သည်။

"ဟဲ့ကောင်မ ချက်ချင်း ပြန်ချ"

သူ့ဘဝတစ်လျှောက်လုံး တန်ဖိုးအထားခဲ့ဆုံးသော ဟစ်တလာ ဓားမြှောင် ဖြစ်ပါသည်။ ထိုဓားကို သူကလွဲပြီး မည်သူ၏ ကိုင်တွယ်ခြင်းကိုမှ မခံခဲ့။ ယခုတော့ ကြေးစားပြည့်တန်ဆာမ တစ်ယောက်က ထိုဓားကို ကောက်ကိုင်သည်ဆိုတော့ ပေါလ်၏ အသည်းကို ကျွဲခတ်လိုက်ခြင်း ထက်ပင် ပိုဆိုးသွားပါသည်။

"ဘာပစ္စည်းမို့ ဒီလောက်တောင် ရှင်က အဖြစ်သည်းသွားရတာလဲ"

အမျိုးသမီးက ပြောပြောဆိုဆိုဖြင့် ဓားကို စားပွဲပေါ်သို့ ပြန်ပစ်ချလိုက်သည်။ ပေါလ်က ဓားကိုယူပြီး သူ၏ လက်ကိုင် အိတ်ထဲသို့ ထည့်ကာ သော့ခတ်ထားလိုက်သည်။ သူ့ရင်ထဲမှာလည်း ဒေါသအလုံးကြီး ဖြစ်နေလေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



"ပေါလ်ဖားဟတ်နှင့် နှစ်ပျသုံးပျလောက်သာ ဝေးသော ဟေးအေဒမ်" ဟိုတယ်တွင်လည်း ဩဂတ်စတပ် ဆမ်မြူယယ်မေယာသည် အစောကြီး အိပ်ယာမှ နိုးနေသည်။ လာဖယက်ပန်းခြံနှင့် သမ္မတ အိမ်ဖြူတော်ကို သူတည်းခိုနေသည့် အခန်းမှ လှမ်းမြင်နေရသည်။

လိမ္မော်ဖျော်ရည်ကို တစ်ငုံငုံလိုက်သည်။ သူ့မျက်နှာမှာ တင်းမာခက်ထန်နေသယောင် ရှိသည်။

"အင်း တနင်္လာနေ့တော့ ရောက်လာပြီ"

"ဗီလီယန် တစ်ပြားလောက် သောက်ထားလိုက်ပါလား၊ ဒီနေ့ စိတ်တည်တည် ငြိမ်ငြိမ်နဲ့ နေဖို့ လိုတယ်မဟုတ်လား" ဟု နာဒိုင်းက ပြောသည်။

မေယာက စားပွဲကို ကျော်ပြီး နာဒိုင်း၏ လက်ကို ဆွဲယူသည်။ ယုယကြင်နာစွာဖြင့်လည်း ထိုလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

"ဗီလီယန် မလိုပါဘူးကွယ်၊ ဘယ်လိုပဲ ကြုံရကြုံရ ကိုယ် တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်မှာပါ"

\+ + +

သူတို့၏ အောက်ထပ်တွင် ကလျာမေယာနှင့် ရပ်ဆယ်သော့ပ်က တစ်ခန်းစီ သီးခြားငှားရမ်း လိုက်ကြသည်။ သို့သော်လည်း အခန်းတစ်ခန်းတည်းမှာသာ သူတို့အတူ အိပ်ကြပါသည်။ နံနက်ရှစ်နာရီ မထိုးမီမှာပင် အိပ်ရာမှ သူတို့နိုးခဲ့ကြသည်။

"ဆာနေပြီလား" ရပ်စ်က မေးသည်။

"ကော်ဖီလောက် သောက်ရရင် တော်ပါပြီ၊ ရှင်ရော"

"အတူပဲ သောက်တာပေါ့၊ ကိုယ်လှမ်းမှာ လိုက်မယ်"

\+ + +

ပက်ထရစ်ရှာဂါဗေးနှင့် ဟာရှေဘလောက်တို့ နှစ်ယောက်လည်း ထိုဟိုတယ်မှာပင် အခန်းနှစ်ခန်း သီးခြားငှားပြီး တည်းကြသည်။ သူတို့နှစ်ယောက်ကလည်း အခန်းတစ်ခန်းတည်းကိုသာ အသုံးပြုပြီး အတူနေကြသည်။

ပက်ထရစ်ရှာသည် အလွန်တရာ စိတ်လှုပ်ရှားနေသည်။ ထို့ကြောင့် သူ့အတွက် ငှားထားသည့် အခန်းထဲမှာ သူတစ်ယောက်တည်း မအိပ်ဝံ့ပါ။ အဖော်အဖြစ် အိပ်ပေးရန် ပြောသောကြောင့် ဟာရှေဘလောက်က သွားအိပ်ရခြင်း ဖြစ်သည်။

"မနက်စာ စားမယ်မဟုတ်လား" ဟု ဟာရှေဘလောက်က ပက်ထရစ်ရှာ နိုးလာသောအခါ မေးသည်။

"နောက်ဆုံး စားရတာမျိုးများ ဖြစ်နေမလား မသိဘူးနော် . . . ဒါပေမယ့် စားပါ့မယ် ဟာရှေ"

\+ + +

နံနက် ၉ နာရီခွဲသောအခါ ဆမ်မေယာ၏ ရှေ့နေချုပ်သည် အထူး စုံစမ်း စစ်ဆေးရေး ကော်မတီ သဘာပတိ၊ အိုင်ဒါဟိုပြည်နယ် ဝါရင့် ဆီးနိတ် လွှတ်တော်အမတ် ဂါနာကလေးနှင့် တိုင်ပင် ဆွေးနွေးလျက်ရှိသည်။

ဂါနာ ကလေးသည် ယခင်က တရားသူကြီး ဖြစ်ခဲ့သည်။ အရေးကြီး သော အထူးစုံစမ်း စစ်ဆင်ရေး ကော်မတီများတွင် သဘာပတိအဖြစ် လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် လည်းကောင်း အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ ဖူးသည်။ အတွေ့အကြုံရင့်သည်။

"ခင်ဗျားတင်ပြလာတဲ့ ကိစ္စကတော့ ဘယ်တုန်းကမှ အစဉ်အလာ မရှိခဲ့ဖူးဘူး၊ ဒါပေမယ့် ကော်မတီ ဥက္ကဋ္ဌအနေနဲ့ ကျွန်တော် တင်ပြပေးမယ်၊ ကျွန်တော့် အနေနဲ့တော့ သဘောတူတယ်။ သာမန် ရာဇဝတ်တရားရုံး မှာဆိုရင် ကျုပ်လက်ခံတယ်၊ အခုက ခုံရုံးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့အဖွဲ့ဝင်တွေက ရှိသေးတယ် မဟုတ်လား၊ ဒီလိုလုပ်လိုက်ရင် ခင်ဗျား အမှုသည်ရဲ့ အခြေအနေဟာ ပိုဆိုးသွားနိုင်တယ် ဆိုတာတော့ ခင်ဗျားလဲ သဘောပေါက်ပြီး ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်"

ဂါနာကလေးက မေယာ၏ ရှေ့နေချုပ်ကို ပြန်ပြောသည်။

လွှတ်တော် စုံစမ်းစစ်ဆေးရေး ကော်မတီများ၏ လုပ်ထုံး လုပ်နည်းများသည် အလွန်တရာ နေးကွေးလေးလန်ပြီး ပျင်းရိငြီးငွေ့ဖွယ်ကောင်းကြောင်း လူတိုင်းသိသည်။ သို့သော်လည်း ယခုအမှုတွင် ၁၀ နာရီမှ စတင် ကြားနာမည်ဆိုသော်လည်း စောစောကတည်းက ပင် အထူးစုံစမ်း စစ်ဆေးရေး ကော်မတီ ရုံးခန်းထဲမှာလာရောက်နားထောင်သူများဖြင့် ပြည့်ကျပ်နေနှင့်လေပြီ။ ထိပ်တန်း ရုပ်မြင်သံကြား ကုမ္ပဏီကြီးလေးခုမှ ကင်မရာ ဆရာများကလည်း အသင့်နေရာ ယူထားကြပြီး ဖြစ်သည်။

ရုံးခန်းထဲတွင် ထိုင်နေကြသူများအနက် ဂေါ်ဒွန်ဆင်ကလဲယားနှင့် ဒင်နီယယ်ဆိဗ်တို့ နှစ်ယောက်လည်း အပါအဝင် ဖြစ်သည်။ သူတို့ချင်း ကုလား ထိုင် တော်တော်များများခြားပြီး ထိုင်နေကြသည်။ သူတို့ထိုင်နေသည့် နေရာမှာ သက်သေများအတွက် သတ်မှတ်ပေးထားသော နေရာဖြစ်လေသည်။

ပေါလ်ဟားဟတ်သည် ယခုအချိန်အထိ ရောက်မလာသေး။ ပေါလ်သည် ရုံးခန်းတွင်းသို့ ခန်းကြီးနားကြီး ဝင်လာလိုသောကြောင့် ယခုလို နောက်ကျနေခြင်း ဖြစ်ရမည်ဟု ဆင်ကလဲယားက ကောက်ချက်ချလိုက်သည်။ အလားတူပင် ဩဂတ်စတပ် ဆမ်မြူယယ်မေယာ ဝင်လာသည်ကိုလည်း မတွေ့ရသေး။

"မေယာကတော့ ရုံးက ဆင့်ခေါ်စာကို ရှောင်တိမ်းပြီး ရုံးတော်ကို မထီမဲ့မြင် လုပ်မှုနဲ့ပဲ အရေးယူခံတော့မယ်နဲ့ တူတယ်" ဟု ဆင်ကလဲယားက သူနှင့်အတူ ထိုင်နေသည့် သူ့ရှေ့နေကို လေသံဖြင့် တိုးတိုးပြောသည်။

ရုံးကိုစတင် ဖွင့်လှစ်သည့် အခန်းအနားမှာလည်း ထုံးတမ်းစဉ်လာ အတိုင်းပင် ဖြစ်လေသည်။ ရုပ်မြင်သံကြားကုမ္ပဏီများက စုံစမ်းရေးကော်မတီဝင် ဆီးနိတ်လွှတ်တော် အမတ်များကို ရုပ်မြင်သံကြားရိုက်ကြသည်။ သူတို့၏ ထင်မြင်ချက်များကို မေးကြသည်။ အမတ်မင်းများကလည်း သူတို့အပေါ် မဲဆန္ဒရှင်များ အထင်ကြီးစေမည့် စကားလုံးကြီးများကို လေလုံးမိုးလုံး ထွားထွားဖြင့် ပြောဆိုကြသည်။

ယခုလိုအချိန်မျိုးတွင် သူတို့၏ မဲဆန္ဒရှင်များလည်း နယ်မှနေ၍ စောင့်ဆိုင်းကြည့်ရှုနေကြမည်ကို သူတို့သိသည်။ ထို့ကြောင့် အခွင့်အရေးရခိုက် နိုင်ငံရေး စတန့်များကို အပြည့်အဝ အသုံးချနေကြသည်။

သည်လိုဖြင့် နံနက်ပိုင်းအချိန် ကုန်သွားသည်။ မည်သည့် စုံစမ်းစစ်ဆေးမှုကိုမှ မပြုလုပ်လိုက်ရ။ ၁၂ နာရီထိုးသောကြောင့် ခုံရုံးကို ၂ နာရီ ရပ်နားလိုက်ကြောင်း သဘာပတိက ကြေငြာသည်။

သည်လိုအချိန်မျိုးတွင် ခုံရုံးအတွင်းသို့ လာမထိုင်ပဲ ဝေးရာမှနေသည့် ပေါလ်ဟားဟတ်၏ ဉာဏ်ပညာကြီးကျယ်ပုံကို ဂေါ်ဒွန်ဆင်ကလဲယားက စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးလိုက်မိလေသည်။ ရုံးထဲမှာ လာထိုင်နေလျှင်လည်း အချိန်ကုန် လူပင်ပန်း ဖြစ်ရုံမှတစ်ပါး ဘာအကြောင်းမှ ထူးမည်လည်း မဟုတ်။ ဆင်ကလဲယားသည်သူ့ ရှေ့နေကို ခေါ်ပြီး နေ့လယ်စာစားရန် ထွက်လာခဲ့သည်။

ဒင်နီယယ်ဆိဗ်က တစ်ယောက်တည်း လာထိုင်နေခြင်း ဖြစ်သည်။ ရှေ့နေများ ခေါ်သွားခြင်းသည် မကောင်း၊ ရှေ့နေများမပါပဲ အစစ်ခံခြင်းအားဖြင့် မိမိ၏ အစစ်ခံချက်များသည် ပို၍ တန်ဖိုးရှိမည်ဖြစ်ကြောင်း ရှေ့နေများက အကြံပေးကြသောကြောင့် အားလုံးကိုထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လာခြင်းပင် ဖြစ်သည်။ ယနေ့ နေ့လယ်စာကိုလည်း သူတစ်ယောက်တည်းပင် ထွက်စားလေသည်။

+ + +

မွန်းလွဲ ၂ နာရီ မထိုးမီကလေးမှာပင် ခုံရုံးအဖွဲ့ဝင်များ ပြန်ထိုင်ကြသည်။ ဆီးနိတ်လွှတ်တော်အမတ်၊ ကော်မတီသဘာပတိ ဂါနာကလေးက သဘာပတိနေရာတွင် နေရာယူပြီး စာပွဲကို တင်းပုတ်ငယ်နှင့်ထုကာ ကြေငြာရန် အကြောင်းတစ်ခုရှိကြောင်း ပြောသည်။

"ကျွန်တော်ဟာ ဆီးနိတ်လွှတ်တော်အဖြစ်နဲ့ အကြိမ်ကြိမ် ထပ်ပြန် တလဲလဲ အရွေးခံခဲ့ရပြီး နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရသူ ဖြစ်ပါတယ်၊ ကျွန်တော်ရဲ့ အမတ်သက်တမ်း တစ်လျှောက်လုံးမှာ အခုလို စုံစမ်းစစ်ဆေးရေး အထူးခုံရုံးများမှာ အဖွဲ့ဝင် အဖြစ်နဲ့ရော သဘာပတိအဖြစ်နဲ့ပါ တာဝန်ယူ ဆောင်ရွက်ခဲ့ရတဲ့ အကြိမ်ပေါင်းဟာလည်း မနည်းတော့ပါဘူး။

"ဒီလို ဆီးနိတ်တာဝန်တွေကို မထမ်းဆောင်ခင်တုန်းက ကျွန်တော်ဟာ အိုင်ဒါဟိုပြည်နယ်မှာ တရားသူကြီး ဖြစ်ခဲ့ပါတယ်၊ အဲဒီလို တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့ချိန်မှာ "ကြားဖြတ် လျှောက်ထားခြင်း" ဆိုတာမျိုးကို ကြုံခဲ့ရဖူးပါတယ်၊ အဲဒီ ကြားဖြတ်လျှောက်ထားခြင်းကြောင့် အမှုမှန် ပေါ်ပေါက်ခဲ့ရတဲ့ သာဓကတွေနဲ့လည်း ကြုံတွေ့ခဲ့ရဖူးပါတယ်"

သူပြောနေသည်ကို မည်သူကမှ စိတ်ပါဝင်စားစွာ နားထောင်ခြင်း မရှိ။

"အခုရုံးတော်ဟာ ရာဇဝတ်တရားရုံးတော် မဟုတ်ပါဘူး၊ ကျွန်တော် ကိုယ်တိုင်လည်း တရားသူကြီး မဟုတ်ပါဘူး၊ ဒါပေမယ့် အခုခုံရုံးမှာ ကျွန်တော်ဟာ သဘာပတိ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီနေ့မနက် ကျွန်တော်ဆီကို အလားတူ လျှောက်ထားချက်မျိုးတစ်ခု ရောက်လာပါတယ်၊ ဒါဟာ ဘာလဲဆိုရင်"

မည်သူကမှ သူပြောနေသည်ကို နားမထောင်ကြပါ၊ ရုံးခန်းအတွင်းမှာ တစ်ယောက်တစ်ပေါက်ဖြင့် စကားများနေကြသည်။

"အခုအမှုမှာ အဓိက သော့ချက်ပုဂ္ဂိုလ်နှစ်ယောက်ရှိပါတယ်။ သူတို့ကတော့ သြဂတ်စတပ် ဆမ်မြူယယ်မေယာနှင့် မစ္စတာရပ်ဆယ်သော့ပ်တို့ပဲ ဖြစ်ကြပါတယ်"

ရုံးခန်းထဲမှာ စကားပြောသံများ ပိုကျယ်လာသည်။ ထို့ကြောင့် ဂါနာကလေးက စားပွဲကို တင်းပုတ်ဖြင့် ထုလိုက်သည်။

"အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်ကို ကိုယ်စားပြုတဲ့အကျိုးဆောင်က ကျွန်တော်နဲ့ လာရောက်ဆွေးနွေးပါတယ်၊ ပြီးတော့ လျှောက်ထား အကြံပေးချက် တစ်ခုကို ပြုလုပ်သွားပါတယ်၊ အဲဒါက ဘာလဲဆိုရင် ကျွန်တော်တို့ ခုံရုံးရဲ့ ဆင့်ခေါ်ချက်ကို မစ္စတာမေယာက လက်ခံမယ်၊ နောက်ပြီးတော့ ကျွန်တော်က အချက်နှစ်ချက်ကို အာမခံနိုင်မယ်ဆိုရင် မစ္စတာသော့ပ်က အက်ဘီအိုင်စုံထောက်များလက်မှာ လက်နက်ချ အဖမ်းခံမယ်"

ဆူညံသံများ ပေါ်ထွက်လာသောကြောင့် စားပွဲကို တင်းပုတ်နှင့် ထုရ ပြန်သည်။

"နံပါတ်တစ်က မစ္စတာသော့ပ် အဖမ်းမခံခင် ဒီမှာအစစ်ခံရမယ်၊ အက်ဘီအိုင်ကလည်း သဘောတူတယ်၊ သူ့ကို ဖမ်းဖို့ဝရမ်း လက်ဝယ်ကိုင်ထားတဲ့ စုံထောက်အရာရှိများက သူ့ကို စောင့်ရှောက်ပြီး ဒီရုံးတော်ကို လိုက်ပါလာကြမယ်"

စုံစမ်းစစ်ဆေးရေး ကော်မတီ အဖွဲ့ဝင်များ ခေါင်းထောင် ထလာကြသည်။ ဂါနာကလေးကို စိုက်ကြည့်နေကြသည်။

"နံပါတ်နှစ်၊ ဒီကော်မတီက အမျိုးသမီး သက်သေတစ်ယောက်ရဲ့ အစစ်ခံချက်ကို ပထမဦးဆုံး စတင်ကြားနာမယ်၊ သူ့ အစစ်ခံချက်ဟာ တိုတိုပဲ ဖြစ်ပါမယ်၊ လိုအပ်တဲ့ သက်သေခံအထောက်အထားတွေကို သူက ရုံးတော်ကို တင်ပြပါလိမ့်မယ်၊ ပြီးရင် ကော်မတီက သူ့ကို ကြိုက်ရာမေးခွန်းများ မေးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အသံများ ဆူညံလာပြန်သည်။ သဘာပတိက တင်းပုတ်သုံးရပြန်သည်။

"အဲဒါတွေ အားလုံးကို ကျွန်တော်လက်ခံလိုက်ပါတယ်၊ ထုံးစံအတိုင်း ဒီအထူးစုံစမ်းစစ်ဆေးရေး ကော်မတီက အဆုံးအဖြတ်ပေးဖို့ ကျွန်တော် တင်ပြပါတယ်၊ ထုံးစံအတိုင်း အဖွဲ့ဝင်များထဲက တင်သွင်းသူနဲ့ ထောက်ခံသူ ရှိဖို့လိုပါတယ်"

"အဲဒီ အဆိုကို ကျွန်တော် တင်သွင်းပါတယ်"

ပင်စီပေးနီးယား ပြည်နယ် ဆီးနိတ်လွှတ်တော်အမတ် မေဘာရီက တင်သွင်းသည်။

"ကျွန်တော် ထောက်ခံပါတယ်" အိုရီဂွန်အမတ်က ထောက်ခံသည်"

"ထောက်ခံမဲ ၇-မဲ၊ ကန့်ကွက်မဲ ၄-မဲဖြင့် အဆိုကို အတည် ပြုလိုက်သည်။

"အဆိုကို အများဆန္ဒများအရ အတည်ပြုပါတယ်" ဟု သဘာပတိ ဂါနာကလေးက ကြေငြာသည်။ "နားနေခန်း နံပါတ် ၁၁၈ ထဲမှာရှိနေတဲ့ပုဂ္ဂိုလ် သုံးယောက်ကို လုံခြုံရေး တာဝန်ခံများက သွားခေါ်ပါ၊ သူတို့ရောက်လာ တဲ့ အချိန်အထိ ရုံးတော်ကို ခေတ္တနားထားပါမယ်"

ထိုအချိန်ကလေးမှာပင် ပေါလ်ဗားဟက် ရုံးခန်းတွင်းသို့ ဝင်ရောက်လာသည်။ သူကြိုတင် စီစဉ်ထားသည့်အတိုင်းပင် ခမ်းကြီးနားကြီးဖြင့် ဝင်ရောက်လာခြင်း ဖြစ်သည်။ ရုပ်မြင်သံကြား ကင်မရာများက သူ့ကို ထောင့်မျိုးစုံမှ ရိုက်ကြသည်။ ပေါလ်သည် အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်လာသည်။ သူ့အသက် မှာ ၅၃ နှစ် ရှိပြီ ဖြစ်သော်လည်း ထို့အထက် အများကြီး အရွယ်ပိုတင်နေသည်။

သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝရှိသည့် ပုံစံမျိုးဖြင့် ဂေါ်ဒွန်ဆင်ကလဲယားဏ် ဘေးမှလွတ်နေသော ထိုင်ခုံမှာ သွားထိုင်သည်။ သူလည်း ဒင်နီယယ်ဆိဇ်ကဲ့သို့ပင် ရှေ့နေများနှင့်အတူ ဝင်မလာ။ ရှေ့နေများနှင့်အတူ ထိုင်ခြင်းအားဖြင့် သူ၏ အစစ်ခံချက်များ တန်ဖိုးကျသွားနိုင်သည်ဟု အကြံပေး ကြသည်။ သို့သော်လည်း အရေးပေါ် လိုအပ်လာပါက တိုင်ပင်နိုင်ရန် ရိုးရိုးနားထောင်သူ ပရိသတ်များကြားတွင် သူ့ရှေ့နေများက မထင်မရှား ဝင်ရောက် ထိုင်ကာ နေရာယူထားကြသည်။

ပေါလ်က ထိုင်ချလိုက်ရင်း ဆင်ကလဲယားကို ပြုံးပြသည်။ ဆင်ကလဲယား မျက်နှာကြီးက တည်တည်ကြီး ဖြစ်နေသည်။ မနေတတ် မထိုင်တတ်သည့် အမူအရာမျိုးလည်း ဖြစ်သည်။ တစ်ခုခုမှားပြီ ဖြစ်ကြောင်း ပေါလ်က ချက်ချင်း ရိပ်မိသွားသည်။

"ခင်ဗျားသောက်ခွက်ကြီးက ဘာဖြစ်နေတာလဲ ကျုပ်ရှုံးပြီ ထင်လို့လား"

ဂါနာကလေး၏ ကြေငြာချက်အကြောင်းကို ဆင်ကလဲယားက ပြန်ပြောပြသည်။ ပေါလ်က ထိုင်ရာမှ ထဖို့ ဟန်ပြင်သည်။

"ကျုပ်ရှေ့နေတွေ ပါလာတယ်၊ ကျုပ်တို့ ကန့်ကွက်မယ်"

"မကန့်ကွက်ပါနဲ့" ဆင်ကလဲယား၏ ရှေ့နေက ပေါလ်၏ လက်ကို ဖမ်းဆွဲထားသည်။ "အချိန်မကျသေးဘူး၊ သဘာပတိ ဂါနာကလေးနဲ့ ကော်မတီဝင်တွေက ကိုယ့်အပေါ် ရန်ငြိုးထား သွားတာပဲ အဖတ်တင်မယ်၊ ဘာတွေလဲဆိုတာ ကျွန်တော်တို့ သိရအောင် စောင့်ပါဦး" ပေါလ် ပြန်ထိုင် သည်။ ရှေ့နေက အားပေးသည့် အနေဖြင့် ပြုံးပြသည်။ "သူတို့ ဒီလို လုပ်တဲ့ အတွက်လဲ ဘာမှ ပိုပြီး ထူးခြားသွားမှာ မဟုတ်ပါဘူး"

စကားပြောသံများကို ကြားရသည်။ အခန်းထဲမှာ ရှိနေသူများ အားလုံး နောက်ဘက် ဝင်ပေါက်ဆီသို့ သမင်လည်ပြန် လှည့်သွားကြသည်။ ဝင်ပေါက်ကို လှမ်းကြည့်နေသော ဒင်နီယယ်ဆိဇ်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ ပေါလ်ဗားဟက်ကလည်း ဒင်နီယယ်ဆိဇ် ကြည့်နေသည့် အပေါက်ဝဘက်သို့ လှမ်းကြည့်လိုက်သည်။

လုံခြုံရေးအရာရှိများက ဘေးတစ်ဘက်တစ်ချက် ဖယ်ပေးပြီး ဆံမြို ယယ်မေယာကို ရုံးခန်းထဲသို့ ဝင်စေသည်။ သူ့နောက်မှ သူ့ဇနီး နာဒိုင်း ကပ်လိုက်လာသည်။ ထို့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ ကလျာမေယာ။ ဆက်ဝင်လာ သူမှာ ရပ်ဆယ်သော့ပ် ဖြစ်သည်။ လုံခြုံရေးအရာရှိ နှစ်ယောက်က တစ်ဘက်တစ်ချက် ခြံရံလိုက်ပါလာသည်။ နောက်မှ ဝင်လိုက်လာသူကား ပက်ထရစ်ရှာဂါဖေး။

ပေါလ်ဗားဟတ်သည် ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်လိုက်ပြီး ထိုင်နေရာမှ ခုန်ထသည်။ ဆင်ကလဲယားက သူ့လက်မောင်းကို အတင်းဆွဲပြီး ထိုင်ခိုင်းထားရသည်။

ပက်ထရစ်ရှာဂါဖေးနောက်မှ ဟာရှေဘလောက်။ နောက်ဆုံးမှ လိုက်လာသူများကား ရှေ့နေသုံးယောက် ဖြစ်လေသည်။

"အလကား အပျက်မ" ဟု ဗားဟတ်က လှမ်းဆဲသည်။ သို့သော်လည်း ကံကောင်းထောက်မစွာပင် ရုံးခန်းထဲရှိသူများ၏ ဆူညံသံများကြားမှာ ပျောက်ကွယ်သွားသည်။

"တိတ်တိတ်နေစမ်း၊ သူတို့ကိုမကြည့်နဲ့" ဆင်ကလဲယားက သူ့ကို ခပ်ပြတ်ပြတ်ပြောသည်။

နောက်ထပ် ရောက်လာသူများ နေရာယူကြသည်။ မိနစ် အတော်ကြာသွားသည်။ ပေါလ်ဗားဟတ်မှာ အထိုက်အလျောက် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်သွားသည်။ သဘာပတိ ဂါနာကလေးကိုသာ မမှိတ်မသုန် စိုက်ကြည့်နေသည်။

"ဒီကော်မတီက ပထမဆုံး စတင်နာကြားမယ့် သက်သေကတော့ မစ္စ ပက်ထရစ်ရှာဂါဖေး ဖြစ်ပါတယ်၊ ရုံးတော်ရှေ့ကို မစ္စဂါဖေးလဲ ရောက်လာပါပြီ၊ မစ္စဂါဖေး ရုံးတော်ရှေ့မှာ လာရပ်ပါ"

ပက်ထရစ်ရှာဂါဖေးသည် အထိတ်တလန့် ဖြစ်နေပုံရသည်။ စာရွက်စာတမ်း အမြောက်အမြားကို ပွေ့ပိုက်ပြီး ရုံးတော်ရှေ့သို့ ခပ်တောင့်တောင့်ကြီး လျှောက်သွားသည်။

"ကျမ်းကျိန်ပြီး အစစ်ခံမလား မစ္စဂါဖေး"

"ကျမ်းကျိန်ပြီး အစစ်ခံပါ့မယ်"

ပက်ထရစ်ရှာဂါဖေးကို ကျမ်းတိုင်ပေးသည်။ မိမိမည်သူ ဖြစ်ကြောင်း ရုံးတော်သို့ တင်ပြပြီးသောအခါ ပက်ထရစ်ရှာဂါဖေးနှင့် သူ၏ ရှေ့နေများကို မိုက်ကရိုဖုန်းများ တပ်ဆင်ထားသည့် သက်သေနေရာသို့ ခေါ်ဆောင်သွားသည်။

"သက်သေထွက်ဆိုချက်တွေကို စတင်အစစ်မခံခင် ထုံးစံအတိုင်း ကြိုတင် မေးခွန်းကလေးတွေကို ရုံးတော်က မေးစရာရှိပါတယ် မစ္စဂါဖေး၊ နောက်ပြီးတော့ ခင်ဗျားဟာ ကျမ်းကျိန်ပြီးပြီ ဆိုတာကိုလည်း သတိပေးပါရစေ"

"ကောင်းပါပြီ သဘာပတိကြီး"

ပက်ထရစ်ရှာ၏ အသံမှာ လေသံကလေးမျှသာဖြစ်ပြီး ကြားရရုံသာ ပေါ်ထွက်လာလေသည်။

"ခင်ဗျားဟာ ဒီရုံးတော်မှာ သက်သေအဖြစ် အစစ်ခံဖို့ မိမိဆန္ဒနဲ့ မိမိ ရောက်လာတာလား"

"မှန်ပါတယ် ရှင်"

"ဒီရုံးတော်မှာလာပြီး သက်သေခံရင် ခင်ဗျား ရသင့်ရထိုက်တဲ့ ပြစ်ဒဏ်တွေကနေ ကင်းလွတ်ခွင့်ပေးမည်လို့ အာဏာပိုင်များက ကတိပေး ထားသလား"

"မပေးပါဘူး"

ပေါလ်ဗားဟတ်၏ ရှူးရှူးရှဲရှဲအသံသည် တိတ်ဆိတ်နေသော အခန်းထဲမှာ အများကြားသာအောင် ကျယ်လောင်လာသည်။ ပက်ထရစ်ရှာက အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။ ခက်ထန်ကြမ်းကြုတ်သော၊ မုန်းတီး စက်ဆုပ်သော ပေါလ်၏ မျက်နှာကို မြင်လိုက်ရသည်။ ပက်ထရစ်ရှာဂါဖေးသည် အလိုလို ပြုံးပြမိလျက်သား ဖြစ်သွားသည်။ ထိုသို့ ပြုံးပြလိုက်မိသည့်အတွက် သူ့ဟာသူလည်း ပြန်လည် အံ့အားသင့်သွားသည်။ ထို့နောက် သူဆက်လက် အစစ်ခံ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူ့အသံသည် တည်ငြိမ်သွားပြီး စောစောကထက်လည်း ပိုမိုကျယ်လာသည်။

"အမတ်မင်းကလေးနဲ့ ကော်မတီဝင် လူကြီးများရှင့် ကျွန်မရဲ့ သက်သေခံချက်တွေဟာ ကျွန်မကို အပြစ်ဒဏ်ပေါင်းများစွာ ပေးလောက်အောင် အခြေအနေမျိုးတွေ ပေါ်ပေါက်လာမယ်ဆိုတာ ကျွန်မ ရာခိုင်နှုန်းပြည့် မျှော်လင့်ထားပြီး ဖြစ်ပါတယ်၊ နောက်ပြီးတော့ ကျွန်မကိုယ်တိုင်ကလဲအပြစ်ရှိကြောင်း ဖွင့်ဟဝန်ခံဖို့ ရည်ရွယ်ထားပြီးလဲ ဖြစ်ပါတယ်။ သာမန် အပြစ်မျိုးသာမက သေဒဏ်အထိ ပေးနိုင်တဲ့အပြစ်မျိုး ဖြစ်ကြောင်းကိုလဲ ကျွန်မ သိရှိထားပြီး ဖြစ်ပါတယ်"

"ဒီကောင်မ ရူးနေပြီ"

ပေါလ်ဗားဟတ်က ထိုင်ရာမှ ရုတ်တရက် ထပြီးအော်သည်။ သူ့မျက်နှာမှာလည်း ဒေါသကြောင့် ပြာနှမ်းနေပြီ။ "ဒီခွေးဝဲစားမကို အရှူးထောင်ပို့လိုက်ပါ"

ရုံးခန်းထဲတွင် အခြားသူများ၏ အော်သံများကိုလည်း ကြားရသည်။ သဘာပတိက စားပွဲကို တင်းပုတ်နှင့် ထုသည်။ ဆင်ကလဲယားနှင့် သူ့ရှေ့နေက ပေါလ်ကို အတင်းဆွဲချပြီး ထိုင်ခိုင်းသည်။

"ကျုပ် လန့်တောင်သွားတယ်" ဟု ဂါနာကလေးက ပြောသည်။ "ဘာပဲဖြစ်ဖြစ် ခင်ဗျားရုံးတော်ကို တောင်းပန်ပါ၊ ချက်ချင်း မတောင်းပန်ရင် ရုံးတော်ထဲမှာ ဆက်ထိုင်နေခွင့်ကို ပိတ်ပင်ရပါလိမ့်မယ်"

ဆင်ကလဲယား၏ တိုက်တွန်းချက်အရ ပေါလ်က တောင်းပန်သည်။ "နောက်ထပ်ဒါမျိုး မဖြစ်စေရပါဘူး"

"ကျုပ်တော့ မထင်ဘူး"ဂါနာကလေးက ထိုသို့ပြောပြီး ပက်ထရစ် ရှာဂါဗေး ဘက်သို့ လှည့်လိုက်သည်။ "ခင်ဗျား သက်သေခံချက်ကို ဆက်ပြီး ဖတ်ပါ မစ္စဂါဗေး"

ပက်ထရစ်ရှာက ရှေ့မှာရှိနေသော လက်နှိပ်စက်ရိုက်ပြီး စာရွက်များကို ကောက်ကိုင်သည်။ အသက်ကိုလည်းဝအောင် ရှူသည်။ ဘုရားသခင်ထံမှာလည်း ဆုတောင်းလိုက်သေးသည်။ ပြီးတော့မှ ဆက်ဖတ်သည်။

"ကျွန်မ ဒီရုံးတော်ကိုအခုလိုလာပြီး အစစ်ခံရတဲ့ အကြောင်းရင်းကတော့ ပြည်ထောင်စုနဲ့ ပြည်နယ်ဥပဒေတွေကို ချိုးဖောက်ပြီး ရာဇဝတ်မှုပေါင်းစုံကို ကျူးလွန်ကြတဲ့အကြောင်း ကျွန်မကိုယ်တိုင် သိရှိထားတာတွေကို အစစ်ခံဖို့ ရောက်လာတာဖြစ်ပါတယ်၊ ကျွန်မရဲ့ အစစ်ခံချက်တွေကြောင့် လူပေါင်းများစွာ ဒီအမှုကြီးတွေထဲမှာ ပါဝင်ပတ်သက်နေတာ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်၊ ဒီလိုပတ်သက်လာကြမယ့် လူတွေထဲမှာ ကျွန်မရဲ့ အလုပ်ရှင်ကိုယ်တိုင် ပါဝင်နေပါတယ်"

"သဘာပတိကြီး ခင်ဗျား . . ."ကော်မတီဝင် တစ်ယောက်က ပက်ထရစ်ရှာ၏ အစစ်ခံချက်ကို ဝင်ဖြတ်လိုက်သည်။ "ကျွန်တော်တို့ ကော်မတီ လုပ်ဆောင်ရမယ့် အဓိကအချက်ဟာ ပြူအာတိုကွေဒိုနိုင်ငံထဲမှာ လတ်တလောပေါ်ပေါက်ခဲ့တဲ့ အရေးအခင်းတွေနဲ့ပတ်သက်ပြီး အမှန်တရားကို ဖော်ထုတ်ပေးဖို့ဖြစ်ပါတယ်၊ အခုအစစ်ခံနေတာကို ကျွန်တော်မြင်တာက . . ."

"အမတ်မင်း ခင်ဗျား" ဂါနာကလေးက သံပြတ်ဖြင့် ပြန်ပြောသည်။ "ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကိုပဲ မစ္စဂါဗေးက ကူညီအစစ်ခံသွားမှာ ဖြစ်ပါတယ်၊သူ့ကို ဆက်ပြီး အစစ်ခံခွင့်ပေးပါ"

ကန့်ကွက်သည့် အမတ်မင်း ငြိမ်သက်သွားသည်အထိ ပက်ထရစ်ရှာဂါဗေးက စောင့်နေသည်။ ပြီးတော့မှ စာရွက်များ ကိုပြန်ကြည့်ပြီး ဆက်ပြောသည်။

"အခုအတိုင်းဆိုရင် ပြူအာတိုကွေဒို နိုင်ငံအကြောင်းကိုပဲ ကျွန်မ တိုက်ရိုက်ပြောပါတော့မယ်၊ သဘာပတိကြီးရှင့် . . . အင်ကမ်းကုမ္ပဏီနဲ့ ပြူအာတိုကွေဒိုနိုင်ငံတို့ လျှို့ဝှက်ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေ အကြောင်းကို အင်ကမ်းကုမ္ပဏီ အစုရှယ်ယာဝင်တွေနဲ့ အမေရိကန်အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရေး ဝန်ကြီးဌာနအဖို့ ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူး၊နောက်ပြီးတော့ . . . . ."

အခန်းထဲရှိ မျက်လုံးအားလုံးက ပက်ထရစ်ရှာဂါဗေး အပေါ်သို့ စုပြုံကျ ရောက်နေကြသည်။ ပေါလ်ဗားဟတ်၏ မျက်လုံးအစုံ မီးဝင်းဝင်းတောက်နေပြီ ဖြစ်ကြောင်းကိုကား မည်သူမှ သတိမထားမိကြ။ မျက်လုံးအစုံ မှာ ပေါက်ထွက်သွားတော့မည်လားဟုပင် ထင်မှတ်ရလေသည်။

" . . . . အဲဒါတွေနဲ့ပတ်သက်ပြီး ကျွန်မဆီမှာခိုင်လုံတဲ့ သက်သေခံ အထောက်အထားတွေ အပြည့်အစုံရှိနေပါတယ်. . . . ."

ယခုအခါတွင် ပေါလ်သာမဟုတ်။ ဆင်ကလဲယား ကိုယ်တိုင်ကလည်း ပက်ထရစ်ရှာဂါဗေးကို ရပ်ခိုင်းပစ်စေချင်ပြီ။

ထို့ကြောင့် 'တစ်ခုခုလုပ်စမ်းပါ'ဟု သူရှေ့နေကို တိုးတိုး ပြောသည်။ ရှေ့နေက ခေါင်းကိုသာ သွက်သွက်ယမ်းပြလိုက်သည်။

"ခင်ဗျား ရှုံးနေပြီလား၊ ဒီအခန်းထဲမှာရှိနေတဲ့ လူတွေရဲ့ မျက်နှာတွေကို ကြည့်စမ်းပါဦး၊ နောက်ထပ် သွေးနံ့ကို သူတို့ရနေကြပြီ၊ ဒီအတိုင်း ဆက်အစစ်ခံနေတာကို ကြည့်နေလိုက်ရင် အင်ကမ်း ကုမ္ပဏီပေါ်ကို အပြစ်တွေ အားလုံး စုပြုံကျလာတော့မယ်"ဟု ဆင်ကလဲယားက ဆက်ပြောသည်။

အထူးစုံစမ်းစစ်ဆေးရေး ကော်မတီဝင် ဆီးနိတ်လွှတ်တော် အမတ်များအားလုံးက ပက်ထရစ်ရှာ၏ အစစ်ခံချက်များကို အာရုံစိုက်ပြီး နားထောင်နေကြသည်။

" . . . . . ဒါကြောင့်မို့လို့ မူညော့ဇ်က အလုပ်သမား ခေါင်းဆောင်များကို သတ်ဖြတ်ပစ်ခဲ့ပါတယ်၊အသတ်ခံသွားရတဲ့ အလုပ်သမားခေါင်း ဆောင်များရဲ့ စာရင်းနဲ့ အသတ်ခံရတဲ့ ရက်စွဲများကို ပူးတွဲပါစာရင်းနဲ့ ဖော်ပြထားပါတယ်. . . . ."

ရိုးရိုးပရိသတ်ကြားတွင် ထိုင်နေကြသော ပေါလ်ဗားဟတ်၏ ရှေ့နေ များက သူတို့ကို ပေါလ်ခေါ်တော့မည်ဟု ထင်နေကြသည်။ သို့သော် ပေါလ်က မခေါ်။ ဘာကြောင့် မခေါ်သနည်း ဆိုသည်ကို သူတို့ နားမလည်နိုင်အောင် ဖြစ်နေသည်။

"သူဟာသူ အံ့အားအသင့်လွန်ပြီး ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပြီနဲ့ တူတယ်" ဟုလည်း အချင်းချင်းလက်တို့ ပြောကြသည်။

ကလျာနှင့် နာဒိုင်းမေယာတို့သည် တစ်ယောက်ကို တစ်ယောက် တင်းတင်းကိုင်ရင်း ထိုင်နေကြသည်။

ဟာရှေဘာလောက်က မျက်နှာပေါ်မှ ချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်သည်။ သူ့ လက်ကိုင်ပုဝါမှာလည်း ချွေးများ နစ်နေပြီ။ ပက်ထရစ်ရှာကိုလည်း မမှိတ်မသုန် စိုက်ကြည့်နေသည်။

" . . . . ပြူအာတိုကွေဒို နိုင်ငံထဲမှာ တကယ် အာဏာရှိသူကတော့ အင်ကမ်းကုမ္ပဏီပဲ ဖြစ်ပါတယ်၊ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ ပေါ်လာမှာစိုးတဲ့အတွက် အတိုက်အခံ နိုင်ငံရေးသမားတွေကိုဖမ်းဖို့ သမ္မတ မူညော့ဇ်ကို ပေါလ်ဗားဟတ်နဲ့ ဂျက်ဖရေစပင်ဇာတို့ နှစ်ယောက်က အမိန့်ပေးခဲ့ကြပါတယ်၊ အဲဒီ အစည်းအဝေးကို ကျွန်မကိုယ်တိုင် တက်ခဲ့ရပါတယ်၊ မူညော့ဇ်က အပြီးတိုင် ရှင်းပစ်လိုက်ရမှာလားလို့ မေးပါတယ်၊ ပေါလ်ဗားဟတ်က အဆိုးဆုံးကောင်တွေကို အပြီးတိုင် ရှင်းပစ်ဖို့ ပြောပါတယ်၊ ဒါဟာ အင်ကမ်းကုမ္ပဏီအတွက် အလွန်အရေးကြီးကြောင်း ပြောပါတယ်၊ ဒီလို ရှင်းပစ်ရမယ်ဆိုရင် လူပေါင်းသုံးလေးရာလောက် ရှင်းရမယ်လို့ မူညော့ဇ်က ပြန်ပြောပါတယ်၊ လူတစ်ယောက်သတ်ပေးတိုင်း စစ်တပ်ကို ဒေါ်လာငွေ ၂၀၀ ပေးပါ့မယ်လို့ ပေါလ်က ပြန်ပြောခဲ့ပါတယ်"

"အဲဒီလူတွေကို သတ်ပေးတဲ့အတွက် ငွေပေးမှာလား"

ကော်မတီဝင်တစ်ဦးက မယုံကြည်နိုင်သလို အထိတ်တလန့်ဖြင့် လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် အမတ်မင်းရှင့် . . . . . ကျွန်မမှာ အထောက်အထား တွေရှိပါတယ်၊ လူပေါင်း ၃၇၄ - ယောက်ကို သတ်ပေးနိုင်တဲ့အတွက် ဒေါ်လာ ၇၄၈၀၀ လက်ခံရရှိကြောင်း လက်မှတ်ထိုးထားတဲ့ ငွေရပြေစာ . . . ."

ခန်းမကြီးထဲတွင် အပ်ကျသံကိုပင် ကြားရလောက် အောင်ငြိမ်သက် တိတ်ဆိတ်သွားလေသည်။ ရုပ်မြင်သံကြား ကင်မရာအားလုံးနှင့် လူအားလုံးက ပက်ထရစ်ရှာကိုသာ မမှိတ်မသုန် စူးစိုက်ကြည့်နေကြလေသည်။

"ဟိုခွေးသားဂျူးစုတ်က ဒီပြည့်တန်ဆာမကို ငွေပေးပြီး ပြောခိုင်း နေတာ. . . . ."

ရုပ်မြင်သံကြားကင်မရာများနှင့် မျက်လုံးများသည် တစ်ဘက်သို့ လှည့်သွားကြပြန်လေသည်။

ဆင်ကလဲယားနှင့်သူ့ရှေ့နေက ပေါလ်ဗားဟတ်ကို ဝိုင်းထိန်းထား လိုက်ကြသည်။ သို့သော်လည်း ပေါလ်သည် သူတို့ လက်ထဲမှလွတ်ကာ ရှေ့ သို့ခုန်ထွက်သွားသည်။ ပက်ထရစ်ရှာ ဂါဗေးထံသို့ စွတ်ဝင်သွားသည်။

"လိမ်နေတဲ့ ပြည့်တန်ဆာမ၊ နင့်ကိုနင် ဂျူးစုတ်လက်ထဲကို ရောင်းပစ်လိုက်ပြီ မဟုတ်လား"

သဘာပတိ ဂါနာကလေး အော်ဟစ် အမိန့်မပေးမီမှာပင် အစောင့်များက ပေါလ်ဗားဟတ်ကို ဖမ်းချုပ်ထားပြီး ဖြစ်နေသည်။ ပေါလ်ကို အခန်းထဲမှ ဆွဲထုတ်သွားရန် သဘာပတိက အမိန့်ပေးလိုက်လေသည်။

ရုပ်ဆယ်သော့ပ်ကို စောင့်ကြည့်နေကြသည့် အက်ဘီအိုင်အရာရှိ နှစ်ယောက်မှာ ပေါလ်ဗားဟတ်ကို ယခုမှ မြင်ဖူးဘိသကဲ့သို့ မျက်လုံးပြူးပြီး ကြည့်နေကြသည်။

\+ \+ \+

ရုပ်မြင်သံကြားဌာနကြီး လေးခုရှိသည့်အနက် စီဘီစီ ကုမ္ပဏီတစ်ခုတည်းကသာ တိုက်ရိုက်ရုပ်မြင်သံကြားလွှင့်ပေးသည်။ ကျန်သည့် သုံးခုကမူ လိုအပ်သည်များကို ပြင်ဆင်တည်းဖြတ်ရန်အတွက် အချိန်နောက်ကျပြီးမှ အသံလွှင့်ကြသည်။

ထို့ကြောင့်ရုံးတော်အတွင်း၌ ဘာတွေဖြစ်သည်ကို အမေရိကန်နိုင်ငံသား အနည်းစု လောက်သာ ကြည့်မြင်ခွင့်ရ လိုက်ကြလေသည်။ ပေါလ်ဗားဟတ်ကို ရုံးခန်းထဲမှ တရကြမ်း ဆွဲထုတ်သွားသည်ကို မြင်ရသူမှာ လူပေါင်း နှစ်သန်းခန့်သာ ရှိပါလိမ့်မည်။

အမေရိကန် သမ္မတကြီး ဘီလီဘင်းနက်၊ အိမ်တော်ဝန် ဗိုလ်ချုပ် အော်တိုကင်းဒရစ်၊ သူတို့နှင့် ပြန်ပေါင်းထုတ်မိနေကြပြီဖြစ်သော အေဒမ်ဟက်ချ်တို့ သုံးယောက်သည် အိမ်ဖြူတော်တွင် ရုပ်မြင်သံကြားထိုင်ကြည့်နေကြသည်။

ဘီလီဘင်းနက်က ရုပ်မြင်သံကြားစက်မှအသံကို လျှော့ချလိုက်သည်။

"နိုင်ငံရေးသမားတစ်ယောက် အောင်ပွဲရလာအောင် ဘာလုပ်ရတယ်ဆိုတာ ခင်ဗျားတို့နှစ်ယောက် သိကြသလား" ဟု ဘီလီဘင်းနက်က ကျန်နှစ်ယောက်ကို လှမ်းမေးသည်။ သူ့အသံမှာ ဒေါသကြောင့် အေးစက်မာကျောနေသည်။ "ကျုပ်ပြောပြမယ်၊ အခြေခံလုပ်ငန်းကို ချက်ချင်းလုပ်ရမယ်" ထိုသို့ပြောရင်း အော်တိုကင်းဒရစ်ကို စိုက်ကြည့်နေသည်။ "ကာကွယ်ရေးဌာနကို ချက်ချင်းသွားပါ၊ ကျုပ်တို့ တပ်တွေကို ချက်ချင်းပြန်ခေါ်၊ ဒီနေ့ မနက်ဖြစ်နိုင်ရင် မနက်ဖြန် အားလုံးပြန်ရောက်လာပါစေ၊ ပြူအာတိုကွေဒို အစိုးရသစ်ကို ကျုပ်တို့ အသိအမှတ်ပြုကြောင်း တရားဝင်ကြေငြာမယ်၊ ကြေငြာချက်ကို ချက်ချင်း ရေးခိုင်းလိုက်ပါ"

အော်တိုကင်းဒရစ်မှာ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

"ဟိုရုပ်မြင်သံကြားပေါ်မှာ မြင်လိုက်ရတာနဲ့ ဒီဆုံးဖြတ်ချက်ကို ခင်ဗျား ချလိုက်တာလား" ဟုလည်း ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဗိုလ်ချုပ် . . . . တကယ့် နိုင်ငံရေးသမားဟာ ဘာတွေ ဖြစ်လာတော့မယ်ဆိုတာကို အလိုလိုသိတယ်၊ လေက ဘယ်ဘက်ကိုပဲ တိုက်နေနေ အဲဒီလေထဲမှာ ဘာတွေပါလာတယ်ဆိုတာကို အနံ့ကောင်းကောင်းခံနိုင်တယ်"

"ဒါပေမဲ့ ပြည်သူတွေရဲ့ အမြင်က . . . . . ."

"အဲဒါလဲ လေနဲ့ အတူတူပဲ၊ ကြိုတင် သတိပေးမနေပဲ လေကြောင်း ပြောင်းသွားနိုင်တယ်။ ကျုပ်ပြောတဲ့အတိုင်းလုပ်ပါ အော်တို"

အေဒမ်ဟက်ချ်မှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဘီလီ. . . . ခင်ဗျား လုပ်လိုက်တာဟာ ဖုတ်ပူမီးတိုက် မနိုင်လွန်းဘူးလား" ဟု မေးသည်။ သူ့ အသံမှာလည်း တုန်ယင်လှုပ်ရှားနေသည်။

ဘီလီဘင်းနက်က ရုပ်မြင်သံကြားကို ကြည့်နေသည်။ အံ့အားသင့်သည့် ပုံစံမျိုးလုပ်ပြီး မော့ကြည့်သည်။

"ခင်ဗျားလဲ ဒီမှာ ရှိနေသေးသလား အေဒမ်၊ ခင်ဗျား ကိုယ့်အကြောင်း ကိုယ် နားလည်ပြီး ထွက်သွားသင့်တာ ကြာလှပြီလို့ ကျုပ်က ထင်နေတာ၊ ကဲ . . . . ခင်ဗျား မြန်မြန်ထွက်သွားတော့"

အေဒမ်က နောက်ဆုံး ကြိုးပမ်းချက်အနေဖြင့် ကြိုးစား ကြည့်သေးသည်။

'အင်ကမ်းကုမ္ပဏီက ဘာတွေပဲ လုပ်လုပ်. . . . ပြောက်ကျားတွေကို ငွေးတာက မေယာကို ကုမ္ပဏီဆိုတော့ . . . . .'

'ကျုပ်သိတယ်၊အင်ကမ်းကုမ္ပဏီကြောင့် မေယာကိုက လုပ်ရတယ်ဆိုတာကိုလဲ ကျုပ်သိတယ်၊ ခင်ဗျား ဒီအခန်းထဲက ထွက်တော့"

ဘီလီဘင်းနက်က ရုပ်မြင်သံကြားဘက်သို့ ပြန်လှည့်သွားသည်။

\+ + +

ဒါးလတ်စ်မြို့ရှိ မူးယစ်ဆေးဝါးဖြတ်သည့် ကိုယ်ပိုင်ဆေးရုံ နားနေခန်းထဲတွင် အခြားလူနာများနှင့်အတူ အီဗလင်ဟက်ချ်လည်း ရုပ်မြင်သံကြား ထိုင်ကြည့်နေသည်။

"မလုပ်ပါနဲ့ . . . . . မလုပ်ကြပါနဲ့ . . . . . ပေါလ်"

ပေါလ်ဗားဟတ်၏ မျက်နှာကြီး ရုပ်မြင်သံကြားမြင်ကွင်းပေါ်တွင် ပေါ်လာသောအခါ အီဗလင်ဟက်ချ်သည် အသံကုန် အော်လိုက်မိသည်။ သူနှင့်အတူ ကြည့်နေကြသည့် လူနာများ အားလုံးထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

ပေါလ်ဗားဟတ်အား ရုံးခန်းထဲမှ ဆွဲထုတ်သွားသည့် ပုံကိုလူပေါင်း နှစ်သန်းခန့် မြင်လိုက်ရသည်။ ၎င်းတို့အနက် ပေါလ်ဗားဟတ်အတွက် မျက်ရည်ကျသူမှာ အီဗလင် တစ်ယောက်သာရှိလေသည်။ အီဗလင်သည် ပေါလ်အတွက်သာမဟုတ်၊ သူ့ဘဝအတွက်ပါ မျက်ရည်ကျမိခြင်း ဖြစ်လေသည်။

\+ + +

အာသာမိုရယ်သည် သူ့အခန်းထဲမှာထိုင်ရင်း ရုပ်မြင်သံကြားကို မလှုပ်မယှက် ကြည့်နေသည်။ မေယာတို့ လူသိုက်နှင့်အတူ ပဏ်ထရစ်ရှာဂါဖေး ရုံးခန်းထဲသို့ ဝင်လာသည်ကို မြင်တွေ့ရသည့် တိုင်အောင် တည်တည်ငြိမ်ငြိမ်နှင့် သူထိုင်နေသည်။

တစ်ခုပဲသူလုပ်ပါသည် ရုံးခန်းထဲသို့ ပက်ထရစ်ရှာဝင်လာသည်ကို တွေ့သည်နှင့် တစ်ပြိုင်တည်း တယ်လီဖုန်းကို တည်တည်ငြိမ်ငြိမ်ပင် လှမ်းဆွဲယူသည်။ သူ့ပွဲစားကို လှမ်းဆက်သည်။

"အင်ကမ်းကုမ္ပဏီက ကျုပ်အစုရှယ်ယာတွေ အားလုံးကို ရောင်းပစ် လိုက်ပါ"

"မစ္စတာမိုရယ်. . . . . . ဈေးတွေက အခုတက်နေတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းပစ်လို့ ကျုပ်ပြောတယ်၊ အခုချက်ချင်း ရောင်း. . . . ."

ထို့နောက် ကျောက်ရုပ်လိုမျက်နှာမျိုးဖြင့် ရုပ်မြင်သံကြားကို ဆက်ကြည့်နေသည်။ ပက်ထရစ်ရှာ အစစ်ခံနေပုံ၊ ပေါလ်ဗားဟတ်ကို ရုံးခန်းထဲမှ ဆွဲထုတ်သွားပုံများကို မြင်ရသည်။ ပက်ထရစ်ရှာက ကော်မတီ ရှေ့မှောက်၌ ဘာတွေဆက်လက်အစစ်ခံမည်ကို စောင့်နားထောင်ရန် သူ့ကိုယ်သူ ပြောလိုက်မိသည်။

ပက်ထရစ်ရှာက ဖတ်လက်စ စာရွက်များဆီသို့ ပြန်ငုံ့သွားသည်။ ကင်မရာများက သူ့ကို အနီးကပ်ရိုက်ပြကြပြန်သည်။

". . . . . ပြီးတော့ . . . . . စောစောက ကျွန်မထွက် ဆိုခဲ့တဲ့ အတိုင်းပါပဲ၊ ကျွန်မမှာ သက်သေခံ အထောက်အထားတွေ ရှိပါတယ် . . . . . ."

ကင်မရာက စားပွဲပေါ်တွင်တင်ထားသည့် စက္ကူထပ်ကြီးကို ရိုက်ပြပြန်သည်။ မိုရယ်က စိတ်ထဲမှ ပခုံးတွန့်လိုက်သည်။ မိမိနှင့် ဘာတွေပတ်သက်လာမည်နည်း။ ပြူအာတိုကွေဒိုနိုင်ငံမှ ကစားဝိုင်းများက မိမိကို အမှုပတ်လာမည်လော။ မဖြစ်နိုင်ပါ။ ပြူအာတိုကွေဒိုနိုင်ငံတွင် ကစားဝိုင်းထောင်ခြင်းသည် တရားဝင် ဖြစ်သည်။ သည်လိုဆိုလျှင် ပက်ထရစ်ရှာ ရှေ့က စားပွဲပေါ်မှာရှိနေသော စာရွက်စာတမ်း အထောက်အထားများနှင့် ပတ်သက်၍ ဘာမှစိုးရိမ်စရာ မရှိတော့။

ကင်မရာက ပက်ထရစ်ရှာ ဘက်သို့ ပြန်ရောက်သွားပြန်သည်။

". . . . . . တိုက်ရိုက် ပါဝင်ပတ်သက်ပြီး တာဝန်ရှိနေတဲ့ ပုဂ္ဂိုလ်တွေကတော့ . . . . . ."

ပက်ထရစ်ရှာက လက်ထဲမှ လက်နှိပ်စက် ရိုက်ထားသောစာရွက်ကို ဘေးသို့ ဖယ်လိုက်သည်။ ကင်မရာကိုမျက်နှာ ချင်းဆိုင်သည်။ သူ၏ အညိုရောင် မျက်လုံးကျယ်ကြီး များသည် အာသာမိုရယ်ကို တည့်တည့် စိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

". . . . . . . ပေါလ်ဗားဟတ်၊ ဂေါ်ဒွန်ဘီဆင်ကလဲယား၊ ကွန်လွန်သူ ကလီးမင့် ကလေး အင်ဂျီ၊ ကွယ်လွန်သူ ဂျက်ဖရေစပင်ဇာ . . . ."

အခြားနာမည်များကို ဆက်ပြောနေသည်။ ပြီးတော့ ခဏ ရပ်လိုက် သည်။

". . . . . . သူတို့နဲ့အတူတူ ကျွန်မပက်ထရစ်ရှာဂါဗေး ဖြစ်ပါတယ် ရှင်"

ပက်ထရစ်ရှာသည် အာသာမိုရယ်၏ နာမည်ကို ဖြုတ်ချန်ထားခဲ့လေပြီ။

အာသာမိုရယ်ကမျက်လုံးများကို မှေးလိုက်သည်။ "ကျေးဇူးတင်ပါတယ် သမီးရယ်" ဟုလည်း ရုပ်မြင်သံကြား မြင်ကွင်းကို လှမ်းပြောသည်။ တစ်ဆက်တည်း ဆိုသလိုပင် သူ့ရှေ့နေ ဆီသို့ ဖုန်းလှမ်းဆက်လိုက်လေသည်။

"ခင်ဗျား အမှုသည်သစ် တစ်ယောက်ရမယ်၊ နာမည်က ပက်ထရစ်ရှာဂါဗေး၊ သူ့ အတွက် ကျသင့်သမျှငွေ ကျုပ်ပေးမယ်၊ ဘယ်လောက်ကုန်ကုန် ကုန်ပစေ"

+ + +

ပက်ထရစ်ရှာဂါဗေး အစစ်ခံပြီးချိန်မှာ ညနေ ၃ နာရီ ခွဲပြီးနေလေပြီ။ ပက်ထရစ်ရှာ အား ပြန်လှန်မေးခွန်းများ မေးရန် ရုံးတော်ကို မနက်ဖြန် နံနက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း ဂါနာကလေးက ကြေငြာသည်။

ဂါနာကလေးသည် အကြီးအကျယ် စိတ်ဒုက္ခ ရောက်နေသည်။ သူတို့ ၏ အထူးစုံစမ်း စစ်ဆေးရေး ကော်မတီကို ဖွဲ့စည်း ရသည့် အကြောင်းရင်းမှာ မေယာကို ကုမ္ပဏီ၏ အရှုပ်တော်ပုံ များကို စစ်ဆေးရန် ဖြစ်သည်။ သို့သော်လည်း ယခုတကယ် စစ်ဆေးကြည့်သောအခါ အင်ကမ်းကုမ္ပဏီ၏ အရှုပ် တော်ပုံကြီးက ဘွားဘွားပေါ်လာသည်။

ထို့ကြောင့် အခြားကုမ္ပဏီကြီးများ၏ မလိုလားအပ်သော အရှုပ်တော်ပုံ များလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ပေါ်ပေါက် လာနိုင်စရာ အကြောင်း ရှိသည်။ ထိုသို့ ပေါ်ပေါက်လာမည်ဆိုလျှင် အမေရိကန် စီးပွားရေးလောကကြီးတစ်ခုလုံး ကသောင်းကနင်းတွေဖြစ် ကုန်ပေတော့မည်။

ထိုသို့ဖြစ်လာမည်ဆိုလျှင် အမေရိကန် နိုင်ငံရေးသမားများအဖို့လည်း ရှေ့ရေးအလားအလာ မကောင်းတော့သည့် သဘောပင်ဖြစ်လေသည်။

"ကျုပ်တို့ အစည်းအဝေး သီးခြားထိုင်လိုက်ကြဦးမှ ဖြစ်မယ် ထင်တယ်၊ အခုပေါ်လာတဲ့ ပြဿနာကြီးကို ဘယ်လိုရှင်းကြမယ်ဆိုတာ တစ်ခုခု ဆုံးဖြတ်ကြရတော့မယ်"ဟု ဂါနာကလေးက အဖွဲ့ဝင် မေဘယ်ရီကို ပြောပြသည်။

"ကျွန်တော်တို့ ရွေးစရာလမ်း များများစားစား မရှိတော့ဘူးလို့ထင်တယ်၊ အဖုံးကိုကိုင်မိမှတော့ ဆက်ဖွင့်ဖို့ပဲ လိုတော့တယ်" ဟု မေဘယ်ရီက ပြန်ပြောပြသည်။

ဒင်နီယယ်ဆိဇ်သည်လည်း အနေရ အထိုင်ရခက်လာသည်။ သူ၏ အစာအိမ်ရောဂါက ချက်ချင်းပြန်ဆိုးလာသည်။ ထို့ကြောင့် ဘယ်သူမှ သတိမထားလိုက်မိအောင် ရုံးခန်းတွင်းမှ အသာကလေး လစ်ထွက်လာခဲ့သည်။

ဂေါ်ဒွန်ဆင်ကလဲယားနှင့်သူ့ရှေ့နေကလည်း ခေါင်းလျှို့ပြီး ထွက်သွားကြသည်။ သူ့ကိုလည်း ဘဏ်လုပ်ငန်းရှင်ကြီးများက ချမ်းသာပေးကြတော့မည် မဟုတ်။ ဘိုးစဉ်ဘောင်ဆက် ကတည်းက တည်ထောင်လာခဲ့သော သူတို့၏ ဘဏ်လုပ်ငန်းကြီးလည်း ပျက်စီးပေတော့မည်ဟု တွေးမိရင်း ရင်တုန်ပန်းတုန် ဖြစ်လာလေသည်။

ဆမ်မေယာတို့ အုပ်စုမှာ သတင်းစာ ဆရာများ၊ ရုပ်မြင်သံကြား ဆရာများ ဝိုင်းနေသောကြောင့် ခက်ခက်ခဲခဲ တိုးပြီးထွက် နေကြရသည်။ ဆမ်မေယာ၏ မျက်နှာက ပြုံးနေသည်။ "ဘာထင်မြင်ချက်မှ ပေးစရာမရှိပါဘူး" ဟူသော အဖြေကိုသာ တွင်တွင်ပြောခဲ့သည်။

ရပ်ဆယ်သော့ပ်ကိုစောင့်ရှောက်ခေါ်လာသည့် အက်ဘီ အိုင်စုံထောက် တစ်ယောက်အား စီဘီအက်စ် သတင်းထောက်က တားပြီးမေးသည်။

"သော့ပ်ကို ခင်ဗျားဖမ်းလိုက်ပြီလား"

"ကော်မတီရှေ့မှာ သူ့အစစ်ခံပြီးတဲ့ အချိန်အထိ ဖမ်းဝရမ်းကို ဒီအတိုင်း ကိုင်ထားဖို့ ကျွန်တော်တို့ကို အမိန့်ပေးထားပါတယ်"

"ဒီလိုဆိုရင် ဒီနေ့ည ခင်ဗျား ဘာလုပ်မလဲ၊ သူနဲ့အတူတူ အိပ်မှာလား"ဟု သတင်းထောက်က ပြက်လုံးထုတ်သည်။

"သူ့အိပ်ခန်းတံခါးအပြင်ဘက်မှာ စုံထောက်တစ်ယောက်ကို အစောင့်ချထားပါ့မယ်"

\+ + +

သည်လိုဖြစ်လာတော့မည်ကို ကြိုတင်ပြီး အရိပ်လက္ခဏာပြခဲ့ဖူး ခြင်းမရှိ။ မိမိသည် စိတ်ကျရောဂါဝေဒနာကို ခံစားရတော့မှာပါကလားဟု ပေါလ်ဟားဟတ်အနေဖြင့် ကြိုတင်သိရှိခဲ့ဖူးသည် မဟုတ်။

ပက်ထရစ်ရှာဂါပေးနှင့် ပတ်သက်ပြီး မထိန်းသိမ်းနိုင်လောက်အောင် ဒေါသပေါက်ကွဲခဲ့သဖြင့် ပေါလ်ဟားဟတ်၏ စိတ်ဖောက်ပြန်သည့် ရောဂါသည် ဘယ်တုန်းကနှင့်မှ မတူအောင် ဆိုးရွားသွားလေတော့သည်။

သူတည်းနေသည့် အင်ဘက်ဇာရီး ဟိုတယ်သို့ ပြန်ရောက်သောအခါ ပေါလ်၏ရောဂါ အခြေအနေမှာ အရေးတကြီး ဆရာဝန်ခေါ်မပြလျှင် မဖြစ်တော့သည့် အခြေအနေမျိုးသို့ ရောက်ရှိနေလေပြီ။ တည်းခိုနေသည့် ဟိုတယ်သို့ ဘယ်လို ပြန်ရောက်လာသည်ကို သူမသိ။ ဘယ်နေရာသို့ ရောက်နေသည်ကိုလည်းသူမသိ။

သူသိသောအရာမှာ ဒေါသပေါက်ကွဲနေခြင်း၊ ရှုံ့မုန်းခြင်း၊ အာဃာတ ကြီးမားခြင်း၊ မနာလို ဝန်တိုစိတ်များပြားခြင်း၊ လက်စားချေလိုခြင်းများသာလျှင် ဖြစ်ပါသည်။

www.burmeseclassic.com



ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့စိတ်ထဲကတော့ နယူးယောက်မှာရှိသောသူ၏ မိုးပျံစံအိမ်ထဲမှာ ရောက်နေသည်ဟု ထင်မှတ်နေသည်။ ထို့ကြောင့် သူ၏လူယုံတပည့်ကြီးကို အော်ခေါ်သည်။

"ခရိုဂါ"

ထွက်ပေါ်လာသော သူ၏ အသံမှာလည်း ထူးဆန်းသော အသံ ဖြစ်နေလေသည်။

ဘာသံမှ မကြားရပါ။ အားလုံးတိတ်ဆိတ်နေသည်။ စက္ကန့်ပိုင်းလောက် ကြာသွားနိုင်သည်။ သို့တည်းမဟုတ် မိနစ်ပိုင်း လောက်ကြာသွားနိုင်သည်။ ဒါတွေကိုလည်း သူ မသိပါ။ သိနိုင်စွမ်းသည့် အခြေအနေလည်း မဟုတ်တော့ပါ။

"ခရိုဂါ"

သူထပ်ခေါ်ပြန်သည်။ တစ်ခန်းလုံး တိတ်ဆိတ်နေလေရာ သူ၏ အော်ခေါ်သံကသာ လျှင် ကျယ်လောင်စွာ မြည်ဟည်းသွားသည်။ သူ့ရင်ထဲက နာကျည်းစိတ်များသည် ပိုမိုကြီးထွားလာလေသည်။

ခရိုဂါသွားပြီ။ အခြားသူများသူ့ကို ပစ်ခွာသွားကြသကဲ့သို့ပင် ခရိုဂါလည်း သူ့ကို ပစ်ခွာသွားလေပြီ။ လူအားလုံးက သူ့ဆီက ရနိုင်သမျှကို ယူသွားကြသည်။ အရေခွာသွားကြသည်။ ခိုးသွားကြသည်။ သူ့တစ်ကိုယ်လုံး ခန်းခြောက်သွားအောင် ရှိရှိသမျှသော အရိုး၊အရေအသားများကို စုပ်ယူသွားကြပြီ။ ထိုမျှနှင့်လည်း သူတို့အားရတင်းတိမ်ခြင်း မရှိကြသေးပါ။ ရလေလိုလေ အိုတစ္ဆေ ဆိုဘိသကဲ့သို့ နောက်ထပ် ရနိုင်သမျှများကို လိုချင်ကြသေးသည်။

အားလုံး လူတုံး၊ လူမိုက်၊လူရမ်းကားများချည်းဖြစ်သည်။ သူတို့ အားလုံး အပေါ်တွင် သူထင်တိုင်းအနိုင်ယူခဲ့ဖူးသည်။ သူ့ကို ဘယ်သူမှ ကျော်လို့မရ။ သူ့စိတ်ဆန္ဒအတိုင်းသာ လူအားလုံးက လိုက်နာခဲ့ကြရသည်။ ယခုလည်း ဟိုယခင် အချိန်များတုန်းက ကဲ့သို့ပင် သူတို့အားလုံး အပေါ်မှာ အနိုင်ယူပြဦးမည်။

သူပတ်ဝန်းကျင်မှရရှိသော အရာအားလုံးတို့ ချာချာလည်လာသည်။သူမှတ်မိသော သစ်တောကြီးကို တွေ့ရသည်။ သစ်ပင်ကြီးများကို တွေ့ရသည်။ ထိုသစ်တောကြီးများ၊ သစ်ပင်ကြီးများသည် ယခင်တုန်းက အလင်းရောင် အပြည့်ရှိသည်။ ယခုတော့ အားလုံးမှောင်နှင့် မည်းမည်း ဖြစ်နေကြ သည်။ ထိုမှောင်နှင့် မည်းမည်းသော သစ်ပင်ကြီးများက ချာလပတ်လည်ကာ သူ့ဆီသို့ ပြေးလာကြသည်။ သူ့ပတ်လည်မှာ ဝိုင်းကြသည်။

ဆိုဖာပေါ်မှ ကြိုးစားပြီး သူထသည်။ အိပ်ခန်းဆီသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားသည်။ သူ့ခြေထောက်အောက်မှာ သစ်ရွက်ခြောက်များကို နင်းမိနေသည်။

ခြေထောက်အောက်က သစ်ရွက်ခြောက်များပေါ်သို့ ခြေချလိုက်တိုင်း ကျိုးကြေသွားသည့်အသံများ မြည်နေသည်။

ပတ်လည်ရှိ ပတ်ဝန်းကျင်ကြီးက တဖြည်းဖြည်း ကျဉ်းလာသည်။

ပေါလ်ဝါနာဗားဟတ်သည် ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ဝိုင်းရံနေသည့် အလယ်သို့ ရောက်သွားလေသည်။

\+ + +

ဧည့်သည်များ တည်းခိုနေသည့် အခန်းများကို ရှင်းလင်းရန် ညဘက် တာဝန်ကျသည့် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ရောက်လာသည်။ ထိုအချိန်မှာပင် သူ့ကို တွေ့ရခြင်း ဖြစ်လေသည်။

ညိုမောင်သော သူ၏မျက်လုံးအစုံမှာ ငြိမ်းအေးနေပါသည်။ သွေးမရှိတော့သော နှုတ်ခမ်းမှာ ကလေးငယ်ကလေး တစ်ယောက်ပြုံးရယ်နေသကဲ့သို့ ရှိပါသည်။

သူ့လက်ကောက်ဝတ်နှစ်ဘက်မှ သွေးကြောများ ဆိုးဆိုးရွားရွား ပြတ်နေပါပြီ။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ အမြဲကိုင်နေကျ ဟစ်တလာစားကို သူ အသုံးပြုသွားသည်မှာ အလွန် သေချာပါသည်။

သူ့ ဘဝစတင်လွတ်မြောက် လာတုန်းကလည်း သည်စားမြှောင်၏ အကူအညီဖြင့် လွတ်မြောက်လာခဲ့ရခြင်း ဖြစ်ပါသည်။

ယခု သူ့ဘဝအဆုံးတွင် လွတ်မြောက်သွားခြင်းသည်လည်း သည်စားမြှောင်၏ အစွမ်းပင် ဖြစ်ပါသည်။

သူ့ဘဝ၏ အစနှင့် သူ့ဘဝ၏ အဆုံးအတွက် အမှန်တကယ် ထိုက်တန်သော လက်နက်မှာ သည်စားမြှောင်ပင် ဖြစ်ပါသည်။

ကျဉ်းမြောင်းပိတ်ဆို့လာသော သူ၏ ပတ်ဝန်းကျင်ကြီးသည် အပြီးတိုင် ပိတ်ဆို့သွားပါလေတော့သည်။

\+ + +

တနင်္လာနေ့မွန်းလွဲပိုင်းတွင် အိမ်ဖြူတော်ရှိ သမ္မတထံသို့ ဖုန်းဆက်ကြသူများမှာ သမ္မတ၏ ထိပ်တန်း အရာရှိကြီးများ မဟုတ်ကြပါ။ အကြံပေး အရာရှိကြီးများလည်းမဟုတ်ကြပါ။ မဟာစီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ မဟာကုမ္ပဏီ ပိုင်ရှင်ကြီးများ ဖြစ်ကြပါသည်။ သူတို့သည် အမေရိကန် ပြည်ထောင်စု၏ သမ္မတကြီးထံသို့ တိုက်ရိုက် ဖုန်းဆက်နိုင်ခွင့်ရှိကြသူများ ဖြစ်ပါသည်။ ထိုနေ့က သူတို့ ဆက်ကြသည့် အကြောင်းအရာမှာ တစ်ခုတည်းသာ ဖြစ်ပါသည်။ ထိုအကြောင်းအရာ တစ်ခုတည်းကိုသာ အားလုံးက ပြောဆိုကြခြင်းဖြစ်ပါသည်။

"သူတို့အားလုံးက ဒီစုံစမ်းစစ်ဆေးမှုကြီးကို ရပ်ပစ်စေချင်ကြတယ်" ဟု သမ္မတ ဘီလီဘင်းနက်က သူ၏ အိမ်တော်ဝန် ဗိုလ်ချုပ်အော်တိုကင်းဒရစ်ကို ပြန်ပြောပြသည်။

"ဂါနာကလေးကလဲ ရပ်ပစ်ချင်နေပြီ၊ သူနဲ့သူ့ကော်မတီဝင်တွေ အားလုံး အကြီးအကျယ် တုန်လှုပ်ချောက်ချားနေကြတယ်၊ ဒါကြောင့် ဒီဘေးဒုက္ခကြီးထဲက ရုန်းထွက်ချင်နေကြတယ်" ဟု အော်တိုကင်းဒရစ်က ပြောသည်။

"စကားပြောရအောင် ဒီကိုလာပါလို့ ကလေးကို ခေါ်လိုက်ပါ။အခု ခေါ်ပါ"

"သူလာမှာပါ ဘီလီ၊ ဒုန်းစိုင်းပြီးတော့ကို လာမှာပါ"

\+ + +

ဝါရှင်တန် အင်ဘီစီ ရုပ်မြင်သံကြား အစီအစဉ်က လွှင့်နေဆဲ အစီအစဉ်ကို တစ်ဝက် တစ်ပျက်နဲ့ ရပ်ပစ်လိုက်ပြီး အရေးကြီးသော သတင်းတစ်ပုဒ်ကို ကြားဖြတ် ကြေငြာသွားသည်။

"မဟာ လုပ်ငန်းရှင် ဘီလျံနာ သူဌေးကြီး ပေါလ်ဝါနာဟာဟတ် သေဆုံးနေသည်ကို လွန်ခဲ့သောတစ်နာရီခန့်က တွေ့ရသည်။ သူ့ကိုယ်သူ သတ်သေသည်ဟု ယူဆရဖွယ် ရှိသည်"

လက်ထောက်အရာရှိ တစ်ဦးက သမ္မတ ဘီလီဘင်းနက်ကို သတင်းဆိုးကြီး လာပြောပြ သွားသည်။ ဆယ့်ငါးမိနစ်လောက် ကြာတော့ ဂါနာကလေး ရောက်လာသည်။ သူလည်း ထိုသတင်းဆိုးကို ကြားခဲ့ပြီးဖြစ်သည်။

"မဟုတ်တဲ့ အလုပ်တွေ ခင်ဗျားကို လုပ်ခိုင်းလိုက်ပြီလို့ ကျုပ်ကို ဝိုင်းပြောကြတယ် ကလေး"

ဘင်းနက်က အရက်ထည့်နေသည့် အော်တိုကင်းဒရစ်ကို တစ်ချက်လှမ်း ကြည့်ပြီး ဂါနာကလေးကို ပြောသည်။

"ဟို. . . . . အတိုင်းအတာ တစ်ခုတော့ . . . . ရှိပါတယ် သမ္မတကြီး"

"ဒါကြောင့်မို့လို့ ကျုပ်ကို စီးပွားရေးသမားကြီးတွေက ပြောတာပေါ့"ဘင်းနက်က သက်ပြင်းချလိုက်သည်။

"လွှတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့် ဝါးတားဂိတ် အရေးအခင်းကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်လာမှာကို သူတို့ စိုးရိမ်နေကြတယ်"

"နောက်ဆုံး . . . . . . . အဲ . . . . . . . နောက်ဆုံးပေါ်လာတဲ့ အခြေအနေက အဲဒီအလားအလာကို ဖျက်ပစ်လိုက်ပါ ပြီခင်ဗျာ"

"သေသွားတဲ့လူကို အပြစ်တွေ ထပ်ပေးလို့ မရတော့ဘူးလို့ အမတ်မင်းက ပြောနေတယ် ထင်ပါတယ်" ဟု အော်တို ကင်းဒရစ်က အရက်ဖြည့် နေရင်းက လှမ်းပြောသည်။

"ဒီစကားကိုပဲ တခြားနည်းနဲ့ ပြောရမယ်ဆိုရင် လူသေအလောင်းကို တွေ့နေမှတော့ သူ့ကို ကြိုးပေးဖို့ လူရှာနေစရာ မလိုတော့ဘူးလို့ ပြောရမှာပေါ့ခင်ဗျာ" ဂါနာကလေးက အရက်ကိုတကျိုက်သောက်လိုက်ပြီး ပြောသည်။ "မသင်္ကာဖွယ် လူတစ်ယောက်က သူ့ကိုယ်သူ သတ်သေသွားတာဟာ သူ့မှာ အပြစ်တွေရှိကြောင်း လုံးဝဥဿုံ ဖွင့်ဟဝန်ခံသွားတာ ဖြစ်တယ်လို့ တစ်ကမ္ဘာလုံးက ယုံကြည်လက်ခံကြမှာပါ"

သမ္မတ ဘီလီဘင်းနက်က သူ့အောက်နှုတ်ခမ်းကို လက်ချောင်းကလေးများနှင့် ထိတို့နေသည်။

"ဒီလိုဆိုရင် မဟာစီးပွားရှင်ကြီးတွေ ဒုက္ခရောက်မကုန်အောင် ကျုပ်တို့ ဘယ်လို လုပ်ကြမလဲ၊ ကျုပ်တို့လဲ မျက်နှာမပျက်အောင် ဘာဆက်လုပ်ကြမလဲ"

"လုပ်ထုံးလုပ်နည်း ရိုးရိုးကလေးကိုပဲ ကျွန်တော်တို့ လိုက်နာကြရမှာပါ။ အင်ကမ်း ကုမ္ပဏီကို သက်ဆိုင်ရာဌာနတွေက ဆက်လက် စုံစမ်းဖို့ တရားရေးဌာနက ဆုံးဖြတ်ပေးပါလို့ တောင်းဆိုနိုင်ပါတယ်၊ အဲဒီလို တောင်းဆိုကြောင်း ကျွန်တော်တို့ ကော်မတီက မဲခွဲဆုံးဖြတ် လိုက်ရင် ဖြစ်နိုင်ပါတယ်"

"ခဏနေပါဦး အမတ်မင်း"အော်တိုကင်းဒရစ်က စကား ဝင်ဖြတ်သည်။ "ခင်ဗျားတို့ စုံစမ်းစစ်ဆေးနေတာက မေယာကို ကုမ္ပဏီနဲ့ ပြူအာတို ကွေဒိုနိုင်ငံ အရေးအခင်းကို အဓိက ထားနေတာနော်"

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ပြူအာတိုကွေဒို အစိုးရသစ်ကို ကျုပ်တို့ အသိအမှတ် ပြုတော့မှာပဲမနက်ဖြန်ဆိုရင် ပီနီဒါနဲ့ သူ့ရဲ့ ပေါ်ပြူလာပါတီဟာ လက်တင်အမေရိကန် နိုင်ငံများ ကြားမှာ ဒီမိုကရေစီအခွင့်အရေးတွေ ရတော့မှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြုံးရွှင် နေနိုင်ကြပြီ၊ ဘင်းနက်က သူ့ခွက်ကို မြှောက်ပြီး သူပြောသည့်စကားကို ဂုဏ်ပြုသည့် အနေဖြင့် တစ်ကျိုက် သောက်လိုက်သည်။

"ဒါပေမယ့် မေယာကို ကုမ္ပဏီပြဿနာကြီးကိုတော့ ကျွန်တော်တို့ ဆက်ရှင်းနေကြ ရဦးမှာပဲ မဟုတ်လား" အော်တိုကင်းဒရစ်က ထပ်တွန့်တက် လိုက်ပြန်သည်။

ဂါနာကလေးက ပခုံးနှစ်ဖက်တွန့်သည်။

"သူတို့ လုပ်ပုံကိုင်ပုံတွေက သိပ်တော့မနိပ်ပါဘူး၊ ဒါပေမယ့် ရာဇဝတ်မှု ကျူးလွန်လိုတဲ့ ရည်ရွယ်ချက်မျိုးကိုတော့ မတွေ့ရပါဘူး"

"ဒီထက်ပိုပြီး ကောက်ချက်ချလို့ရနိုင်ပါသေးတယ်လေ" ဘင်းနက်က ဝင်ပြောသည်။ "အကြမ်းဖက် အုပ်ချုပ်နေတဲ့ အစိုးရလက်အောက်က ပြူအာတိုကွေဒို နိုင်ငံသားတွေ လွတ်မြောက်ဖို့အတွက် မေယာကို ကုမ္ပဏီက အကူအညီ ပေးခဲ့တယ်" ထိုသို့ ပြောရင်းတိုင်းပြည်သို့ ထုတ်ပြန်မည့် ကြေငြာ ချက်အတွက် စဉ်းစားနေသည်။ အခုအရေးအခင်းကို စိတ်ဓာတ်ရေးရာ ဘက်ကနေ ကြည့်မယ်ဆိုရင် ရှုတ်ချဖို့ထက် ထောက်ခံဖို့အကြောင်းတွေက ပိုများနေတယ်"

"ဘာပဲဖြစ်ဖြစ် ရပ်ဆယ်သော့ပ်ကိုတော့ ကြိုးဒဏ်ပေးရမှာပဲ" ကင်းဒရစ်ကလည်း မလျှော့တမ်း ပြောသည်။ "ဒီလိုမှ မဟုတ်ရင် ကြေးစားစစ်ဆင်ရေးတွေ ဆင်နွှဲခွင့် အမေရိကန် နိုင်ငံသားများကို လိုင်စင်ထုတ်ပေးလိုက်သလို ဖြစ်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အရေးကြီးတဲ့ အဓိက ကိစ္စလားဗျ"ဘီလီဘင်းနက်က ခါးသီးသည့် လေသံမျိုးဖြင့် ဝင်ပြောသည်။ "ဒါမျိုးလုပ်တာ မေယာကို ကုမ္ပဏီဟာ ပထမဆုံး ကုမ္ပဏီဖြစ်တယ်၊ ဒါပေမယ့် နောက်ဆုံး ကုမ္ပဏီ မဖြစ်နိုင်ဘူး၊ အခုဆိုရင် မဟာကုမ္ပဏီကြီးတွေ အချင်းချင်း စစ်ပွဲတွေခင်းကြတဲ့ ခေတ်သစ်ကြီး တစ်ခုကို ရောက်လာပြီလို့ ပြောရတော့မှပေါ့ဗျာ"

ကင်းဒရစ်နှင့် ဂါနာကလေးတို့နှစ်ယောက်က အပြန်အလှန်ကြည့် လိုက်ကြသည်။ သို့သော် တစ်စုံတစ်ရာသော ထင်မြင်ချက်ကိုကား မည်သူကမှ မပေးကြချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်လမ်း၏ အကျိုးဆက်

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းသည် အင်္ဂါနေ့မနက်တွင် စောက်ထိုးမိုးမျှော်ထိုးဆင်းသွားလေသည်။ ထိုအဖြစ်အပျက်ကြောင့် အခြား လုပ်ငန်းရှင်ကြီးများလည်း အထိတ်တလန့် ဖြစ်ကုန်ကြသည်။ ထို့ကြောင့် အချို့က သူတို့၏ အစုရှယ်ယာများကို ပေါက်ဈေးဖြင့် ချရောင်းပစ်ကြသည်။

မဟာလုပ်ငန်းရှင်ကြီးများနှင့် မဟာစီးပွားရေးသမားကြီးများကား တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ ခြေလှမ်း လှမ်းလာသည်။ သူတို့ဖြစ်စေချင်သည်များကို လွှတ်တော်နှစ်ရပ်မှ အမတ်များကို ရှင်းပြပြီး တွန်းအားပေးသည်။ အစိုးရအဖွဲ့ကို တင်ပြပြီး ဖိအားပေးသည်။ လွတ်လပ်စွာစီးပွားကုန်သွယ်ခွင့်ကို အဟန့်အတား ဖြစ်စေမည့်လုပ်ငန်းများကို ချက်ချင်း ရပ်ဆိုင်းပစ်ကြရန် တောင်းဆိုကြသည်။

လွှတ်တော်နှစ်ရပ်မှ အမတ်များ၊ ပြည်နယ်အာဏာပိုင်များ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များသည် မဆုံးနိုင်သော အစည်းအဝေးများကို ဆက်တိုက်ကျင်းပကြသည်။

\+ + +

ကလေးကော်မတီ၏ စုံစမ်းစစ်ဆေးမှုများသည် သာမန်အဆင့်သို့ လျော့ကျလာသည်။ လုပ်ရိုးလုပ်စဉ်အတိုင်း ပြုလုပ်နေသည့် သဘောမျိုးဖြစ်လာသည်။ တစ်ပြည်လုံး စိတ်ဝင်စားလောက်အောင် ပေါက်ကွဲမှုများ ဆက်လက် ဖြစ်ပွားမလာတော့။ အရာရာကို ထိန်းထိန်းသိမ်းသိမ်း လုပ်လာကြသည်။

စုံစမ်းစစ်ဆေးမှုများကိုမူ သောကြာနေ့နံနက်အထိ ဆက်လက် ပြုလုပ်ကြသည်။ သောကြာနေ့ နံနက်ရောက်သောအခါ သဘာပတိ ဂါနာကလေးက ကော်မတီဖျက်သိမ်းသည့် နောက်ဆုံးနိဂုံးချုပ် မိန့်ခွန်းကို ပြောကြားလေသည်။

"ပေးအပ်ထားတဲ့ တာဝန်တွေကို ကျေပနံအောင် ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်ပြီးစီးသွားပါပြီ၊ ဟိုတုန်းက လိမ်ညာလှည့်ဖြားခဲ့တာ ပွေ အားလုံးကိုလဲ ကျွန်တော်တို့ မျက်နှာဖုံးခွာချခဲ့ပြီးပါပြီ၊ အမှန်တရားတွေပေါ်အောင် ထုတ်ဖော် နိုင်ခဲ့ကြပါပြီ၊ ဒါကြောင့်မို့လို့



www.burmeseclassic.com

www.burmeseclassic.com



အင်ကမ်းကုမ္ပဏီနဲ့ ပတ်သက်တာတွေကို လိုအပ်သလို ဆက်လက်စုံစမ်းအရေးယူဖို့ တာဝန်ဟာ ပြည်နယ်နဲ့ ပြည်ထောင်စုအစိုးရရဲ့ သက်ဆိုင်ရာဌာနများအပေါ်မှာသာ တည်ရှိပါတော့တယ်"

ဂါနာကလေးက ထိုသို့ ထုတ်ဖော် ကြေငြာသော်လည်း အမေရိကန် ရှေ့နေချုပ်၊ နယူးယောက်နှင့် ကာလီဖိုးနီးယားပြည်နယ် အာဏာပိုင်များက တစ်ဘက်၊ ပက်ထရစ်ဂါဗေးက တစ်ဘက် ပြုလုပ်ကြသည့် အပေးအယူများကိုကား ထုတ်ဖော်ထည့်သွင်း ကြေငြာသွားခြင်း မရှိပါ။

ပက်ထရစ်ရှာဂါဗေးက ဆက်လက်သက်သေခံရာတွင် လျှော့လျှော့ ပေါ့ပေါ့ ထွက်ဆိုပေးရမည်။ သူ့လက်ထဲတွင် ရှိနေသော သက်သေခံ အထောက်အထားများကိုလည်း ဆက်လက် သိမ်းဆည်းထားခွင့် ပေးမည်။ ထို့မျှမက တရားဥပဒေနှင့် ပတ်သက်ပြီး မည်သို့မျှ ဆက်လက် အရေးယူခြင်း မပြုပဲ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ပေးမည်။ အမှုတွက် အဓိက ပတ်သက်ပြီး တာဝန်ရှိနေသူမှာ ကွယ်လွန်သူ နှစ်ယောက်ဖြစ်ကြသော ပေါလ် ဗားဟတ်နှင့် ဂျက်ဖရေစပင်ဇာ တို့သာ ဖြစ်သည်၊ စသည်ဖြင့် လက်သိပ်ထိုး သဘောတူညီ ချက်ရလိုက်ကြသည်ကိုကား မည်သူ တစ်စုံတစ်ယောက် မသိလိုက်ကြချေ။

ဂါနာကလေးက သူ၏နိဂုံးချုပ် မိန့်ခွန်းကို ဆက်လက် ဖတ်ကြားပြန်သည်။

"ဩဂုတ်စတပ် ဆမ်မြူယယ်မေယာနဲ့ ရပ်ဆယ်သော့ပ်တို့ နှစ်ယောက်ဟာ သူတို့ရဲ့ လုပ်ဆောင်ချက်တွေ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း တင်ပြသွားကြပါတယ်၊ သူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ တည်ဆဲတရားဥပဒေများကို ချိုးဖောက်ရာကျတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ မေးခွန်းထုတ် ပြီး ဆန်းစစ်ကြည့်ဖို့အချက် ရှိနေပါသေးတယ်၊ ဒါက ဘာလဲဆိုတော့ တရားဥပဒေတွေကို ဘာဖြစ်လို့ သူတို့ချိုးဖောက်ကြသလဲ ဆိုတာပါပဲ။

"သူတို့ရဲ့ ဆောင်ရွက်ချက်တွေဟာ လူသားဆန်ပါတယ်။ တိုင်းသူပြည်သားတွေကို အကြမ်းဖက်အုပ်ချုပ်ပြီး တစ်တိုင်းတစ် ပြည်လုံးကို ခေါင်းပုံဖြတ် အမြတ်ကြီးစားနေတဲ့ လူတစ်စုကို ဖြုတ်ချလိုက်ခြင်းအားဖြင့် ရိုးသားတဲ့၊ အပြစ်ကင်းတဲ့ တိုင်းသူပြည်သားများကို ကယ်တင်ပေးလိုက်ရာလည်း ရောက်ပါတယ်'

ထိုနေရာသို့ ရောက်သောအခါ နိုင်ငံတော် ရှေ့နေချုပ်ထံမှ ရေးသားပေးပို့လိုက်သည့် စာမှ စာပုဒ်အချို့ကို ကောက်နုတ်ဖတ်ကြား တင်ပြသွားသည်။

"လူကြီးမင်း၏ စုံစမ်းစစ်ဆေးရေး ကော်မတီမှ စုံစမ်းတွေ့ ရှိချက်များသည်။ ကျွန်ုပ်တို့ အနေဖြင့် ပြန်လည်သုံးသပ်ချက်များကို ပြုလုပ်ရန် တောင်းဆိုလာသည့် သဘောကို ဖော်ဆောင်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်က ကျွန်ုပ်တို့ နိုင်ငံလွတ်လပ် ရေးတိုက်ပွဲတွင် နိုင်ငံခြားသားအများအပြားက စေတနာ ဝန်ထမ်း ပါဝင်ကူညီတိုက်ခိုက်ပေးခဲ့ကြသည်။ ယခု မစ္စတာမေယာ နှင့် မစ္စတာသော့ပ်ကိုလည်း အဆိုပါလွတ်လပ်ရေး တိုက်ပွဲဝင်သူရဲကောင်းများနှင့် တစ်တန်းတစ်စားတည်းထားရှိအပ်သည်ဟု ယူဆသည်"

နားထောင်နေသူများက လက်ခုပ်တီး ဩဘာပေးကြသည်။ ဂါနာကလေးက အသံများ တိတ်သည်အထိ စောင့်နေသည်။ ပြီးတော့မှ လည်ချောင်းရှင်းသည်။

"မစ္စတာမေယာနဲ့ မစ္စတာသော့ပ်တို့ကို လုံးဝအရေးယူခြင်းမပြုဖို့ နိုင်ငံတော် ရှေ့နေချုပ်ရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ ကော်မတီက ကန့်ကွက်သူမရှိ တညီတညွတ်တည်း ထောက်ခံ အတည်ပြုကြောင်း ကြေငြာအပ်ပါတယ်"

နံနက် ၁၁း၄၅ နာရီတွင် ဂါနာကလေးက နိဂုံးချုပ်လိုက်သည်။ မေယာနှင့် ရပ်ဆယ် သော့ပ်ထံသို့ လူအုပ်ကြီးက ဝမ်းသာအားရ ပြေးကာ ချီးကျူးနှုတ် ဆက်ကြသည်။

အစုရှယ်ယာများ ဈေးကွက်တွင် မဟာကုမ္ပဏီကြီးများ၏ အစုရှယ်ယာ ဈေးနှုန်းများ ခုန်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေယာကိုကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများကား မိုးထိအောင် လေ့ကားထောင်၍ တက်သွားလေတော့သည်။

\+ + +

မဟာကုမ္ပဏီကြီးတိုင်းသည် သူတို့ကိုယ်ပိုင်ဘဝနှင့် သူတို့ တည်ရှိကြပါသည်။ မဟာကုမ္ပဏီကြီးတစ်ခု ပျက်စီးသွားဖို့ဆိုသည်မှာ အလွန်တရာ မဖြစ်နိုင်သောကိစ္စ ဖြစ်ပါသည်။ သူတို့၏ ခေါင်းပိုင်းများ ပြုတ်သွားစေဦးတော့ ပျက်စီးမသွားနိုင်ပါ။

အင်ကမ်းကုမ္ပဏီသည်လည်း ထိုအတိုင်း ဖြစ်ပါသည်။ ပေါလ်ဗားဟတ်တည်းဟူသော ခေါင်းပိုင်းကြီး ပြုတ်ထွက်သွားသော်လည်း အင်ကမ်းကုမ္ပဏီကြီးကား သေမသွားပါ။

ဘီလျံနာသူဌေးကြီး ဟောင်းဝပ်ရှချက်စ် ကွယ်လွန်သွားတုန်းက သူ့ကုမ္ပဏီကြီး ပျက်သွားတော့မလားဟု အများက စိုးရိမ်ခဲ့ကြသည်။ သို့သော်လည်း ဟောင်းဝပ်ရှချက်စ်၏ စီးပွားရေး လုပ်ငန်းများသည် ဆက်လက် လည်ပတ်လျက်ပင် ရှိပါသည်။ အမြတ်အစွန်းများကို လည်း ဆက်လက်ရရှိနေမြဲပင် ဖြစ်ပါသည်။ ဟောင်းဝပ်ရှချက်စ် လေယာဉ်ပျံစက်ရုံသည် ဒေါ်လာသန်းပေါင်း ၂၀၀၀ ဖိုးအထိ တိုးတက် ထုတ်လုပ်လာရသည်အထိ အောင်မြင်မှုကိုပင် ရရှိခဲ့ပါသေးသည်။

သို့သော်လည်း သတင်းစာများကတော့ အင်ကမ်းကုမ္ပဏီ၏ အခြေအနေ ယိမ်းယိုင်လာမှုများကို အထိုက်အလျောက် ရေးသားလာသည်။

**ဆီးဂတ် သံမဏိလုပ်ငန်း ကော်ပိုရေးရှင်းက**
**မေယာကို ကုမ္ပဏီနှင့် ပူးပေါင်းရန် ပြင်ဆင်နေခြင်း**
**စီဘီစီရုပ်မြင်သံကြားကုမ္ပဏီက စင်တီနယ်ကို ကျော်ခိုင်းပြီး**
**ပင်သီယွန်ကုမ္ပဏီနှင့် ပြန်ပေါင်းထုပ်သွားခြင်း**

\+ + +

ဩဂတ်စတပ် ဆမ်မြူယယ်မေယာကသည်ကိစ္စများနှင့် ပတ်သက်လာလျှင် နောကျေနေအောင် ကျွမ်းကျင်သူ ဖြစ်ပါသည်။ ထို့ကြောင့် ရပ်ဆယ်သော့ပ်ကို သူက ပြန်ရှင်းပြသည်။

"အင်ကမ်းကုမ္ပဏီက ဆပ်စရာကြွေးတွေ အများကြီး ရှိနေတယ်၊ သူထုတ်ထားတဲ့ အစုရှယ်ယာတွေကလဲ သိပ်များတယ်၊ ဒါကြောင့် ဒီကုမ္ပဏီ ပျက်စီးသွားအောင် လုပ်လို့မဖြစ်ဘူး၊ သူပျက်စီးသွားရင် ကြွေးရှင်တွေ ကြွေးပြန်မရပဲ နေလိမ့်မယ်"

ထိုသို့ပြောသည့်နေ့မှာ ဇွန်လ ၂၇ရက်နေ့ ဖြစ်သည်။ သူတို့ နှစ်ယောက် နယူးယောက်မြို့သို့ အတူလာခဲ့ကြသည်။ မေယာကို ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများမှာ အဆမတန် တက်နေပြီ ဖြစ်သောကြောင့် မေယာအနေဖြင့် ဘာမှပူစရာမလိုတော့ပါ။ စိတ်လက်ပေါ့ပါး ရွှင်သန်းလျက် ရှိလေသည်။

ထို့ကြောင့် မေယာကို ကုမ္ပဏီ၏ ဥက္ကဋ္ဌဒင်နီယယ်ဆိဇ် ကိစ္စကို သူရှင်း ဖို့ ပိုင်းဖြတ်ပြီး နယူးယောက်မြို့သို့ လာခြင်းဖြစ်လေသည်။

ခင်ဗျား ရုံးခန်းကို အပြီးရှင်းပြီး ကိုယ့်လမ်းကိုသာကိုယ်လျှောက်ပေတော့ ဒင်၊ ဒီနေ့ နေ့ခင်းပဲ ဒီကနေထွက်ပါတော့၊ ခင်ဗျားအနေနဲ့ အင်ကမ်းကုမ္ပဏီကို အလုပ်ပြောင်းလုပ်ချင် ကောင်းလုပ်ချင်ပါလိမ့်မယ်၊ ခင်ဗျားလို လျှာနှစ်ခွ နဲ့ လူကို ဟိုကလဲ ကြိုဆိုနေကြမှာပါဗျာ"

မေယာကို ကုမ္ပဏီမှာ ဒင်နီယယ်ဆိဇ် မရှိတော့သည့်အတွက် ဆမ်မေယာအဖို့ လွတ်လပ်သွားသည်။ အချိန်အတော် ကြာကြာကတည်းက ပြောလိုသော်လည်း မပြောသာသဖြင့် ရွှေ့ဆိုင်းထားခဲ့ရသည့် စကားကို ရပ်ဆယ်သော့ပ်အား ပြောပြရပေတော့မည်။ ထို့ကြောင့် သူတို့နှစ်ယောက် ညစာအတူစားကြဖို့ ဖုန်းဆက်ဖိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော်ညစာလာစားနိုင်မှာ မဟုတ်တော့ပါဘူး၊ ဒီညနေပဲ ကျွန်တော် ခရီးထွက်တော့မှာပါ၊ အနားယူတဲ့ သဘောမျိုးပဲဆိုပါတော့ ခင်ဗျာ"

"အိုး".. မေယာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"အင်း ဟုတ်တာပေါ့လေ၊ မောင်အနားယူလိုက်ဖို့ လိုတာပဲ" ထိုသို့ ပြောရင်း သူ့သမီး အကြောင်းကို ပြေးသတိရလိုက်သည်။

"မောင်တစ်ယောက်တည်း သွားမှာလား ဒါမှမဟုတ် "

"တစ်ယောက်တည်းပါခင်ဗျာ၊ ကျွန်တော်တစ်ယောက်တည်းပဲ သွားချင်ပါတယ်၊ တစ်ပတ်၊ တစ်ပတ်ကျော်ကျော် ကြာပါလိမ့်မယ်"

"ဩော် ဒီလိုကိုး ကောင်းကောင်းနားလိုက်ပါလေ၊ မောင် ပြန်လာရင် အင်ဒီးယန်း *ဝဲလ်စ်မှာ မောင်နဲ့ကျွပ်တွေ့ချင်တယ်*"

နောက် နှစ်နာရီကြာသောအခါ ပြူအာတိုကွေဒိုနိုင်ငံသို့ ထွက်သည့် အမေရိကန် လေကြောင်း ကုမ္ပဏီမှ လေယာဉ်ပျံပေါ်မှာ ရပ်ဆယ်သော့ပ် ပါသွားလေသည်။

\+ + +

အင်ကမ်းကုမ္ပဏီ၏ အခြေအနေမှာ ဆမ်မေယာ ကြိုတင်ခန့်မှန်းသည်ထက်ပင် ပိုကောင်းနေသည်။ ကြွေးရှင်များက ကုမ္ပဏီပြုတ်မသွားအောင် ဝိုင်းဝန်းကျားကန်ပေးကြသည်။ ကုမ္ပဏီ အုပ်ချုပ်ရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်း ကြသည်။ အင်ကမ်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့က ဇွန်-၂၈ ရက်နေ့တွင် ကြေငြာချက် တစ်စောင်ကို ထုတ်ပြန်လိုက်သည်။

"အင်ကမ်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့တွင် နှစ်ပေါင်းများစွာ တာဝန်ယူ ထမ်းဆောင်ခဲ့သော မစ္စတာ ဂေါ်ဒွန်ဘီဆင်ကလဲယားအား ကုမ္ပဏီ၏ အုပ်ချုပ်ရေးအဖွဲ့ကို ခေါင်းဆောင် သွားရန် ရွေးချယ်လိုက်ကြောင်း. ."

စုံစမ်းရေးကော်မတီ၏ စစ်ဆေးတွေ့ရှိချက်များအရဆိုလျှင် ဆင်ကလဲယားနှင့် အခြားသူများသည် မည်သည့် ရာဇဝတ်မှုတွင်မှ ပါဝင်ပတ်သက်ခြင်း မရှိ။ ထိုအမှုများတွင် တာဝန်ရှိသူမှာ ကွယ်လွန်သူ ပေါလ်ဝါနာဘားဟတ်နှင့် ဂျက်ဖရေစပင်ဇာတို့ နှစ်ယောက်သာလျှင် ဖြစ်ကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

ဘဏ်လုပ်ငန်းရှင်များဟူသည်မှာ သဘာဝအားဖြင့် လူတစ်ဘက်သား အပေါ် ယုံကြည်စိတ်ချမှု နည်းပါးသူများ ဖြစ်ကြလေသည်။ ဂေါ်ဒွန်ဆင်ကလဲယားသည် ပေါလ်ဗားဟတ်၏ အမှုများနှင့် မပတ်သက်ပဲ အပြစ်ကင်းသည်ဟု ဆုံးဖြတ်ချက်ချခဲ့ပြီး ဖြစ်သော်လည်း ပက်ထရစ်ရှာဂါဗေး၏ အစစ်ခံချက်များကို ကြား လိုက်ရသဖြင့် ဘဏ်လုပ်ငန်းရှင်များက စိတ်မသက်မသာ ဖြစ်နေကြသည်။

BURMESE CLASSIC .com

ထိုအကြောင်းများကြောင့်လည်း ဆင်ကလဲယားအဖို့ အလုပ်လုပ်ရသည်မှာ ဖြောင့်ဖြောင့်တန်းတန်း မရှိလှ။ သူကိုယ်တိုင်ကပါ စိတ်မသန့် ဖြစ်နေသည်။

နောက်တစ်ကြောင်းကလည်း အာသာမိုရယ်၏ ကိစ္စဖြစ်သည်။ ပက်ထရစ်ရှာ အစစ်ခံသည့်အထဲတွင် အာသာမိုရယ်၏နာမည် လုံးဝမပါ။

သည်လိုဆိုလျှင် ကော်မတီရှေ့တွင် ပက်ထရစ်ရှာအစစ်ခံစေရန် အာသာမိုရယ်ကပင် စီစဉ်ပေးခြင်း ဖြစ်လေသလား။ နောက်တစ်ကြောင်းကလည်း ကော်မတီက စုံစမ်းမှုများ စတင်ပြုလုပ်ပြီဆိုသည်နှင့် တစ်ပြိုင်တည်း သူ့လက်ထဲမှာ ရှိနေသော အင်ကမ်းကုမ္ပဏီ၏ အစုရှယ်ယာများအားလုံးကို ချရောင်းပစ်လိုက်ကြောင်းကိုပါ စုံစမ်းသိရှိရတော့သည်။

သည်အတိုင်းဆိုလျှင် ပေါလ်ဗားဟတ်သည် သူ့ကိုယ်သူ သတ်သေသွားခြင်းမှ ဟုတ်ပါလေစဟု တစ်ဆင့်တက်ပြီး တွေးမိလာသည်။ ဘာပဲဖြစ်ဖြစ် သည်လိုအတွေးမျိုးကိုတော့ သူမတွေးချင်ပါ။ အစုရှယ်ယာများကိစ္စကိုသာ သူသိချင်သည်။ အာသာမိုရယ်ကို ဆင်ကလဲယား နေရှင်နယ်ဘဏ်တိုက်သို့လာရန် ဖုန်းဆက်ခေါ်လိုက်သည်။ မိုရယ် ရောက်လာသည်။

"အာသာ ခင်ဗျားကို ဒီမေးခွန်းမျိုး ကျုပ်မမေးချင်ပါဘူး။ ဒါပေမယ့် မေးရတော့မယ်၊ ဒီအရေးအခင်းထဲမှာ ခင်ဗျား ဘယ်အပိုင်းကပါသလဲ" ဟု ဆင်ကလဲယားက မေးသည်။

"ဒါဟာ တော်တော် ထူးဆန်းတဲ့ မေးခွန်းပဲ"

မေးခွန်းများကို ပြန်ပြောကြားခြင်းမရှိသည့် အာသာမိုရယ်၏ အလေ့အထမှာ အလွန်နာမည်ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကိုက်ပြီး အစုရှယ်ယာတွေကို ခင်ဗျားရောင်းပစ် လိုက်တယ်"

"ခင်ဗျားလဲ အဲဒီအချိန်တုန်းက ပေါလ်ဗားဟတ်ရဲ့ လက်ကို ဆုပ်ကိုင်ပြီး ထိန်းမနေရပဲ ရုပ်မြင်သံကြားကို ထိုင်ကြည့်နေခဲ့ရမယ်ဆိုရင် ကျုပ်လိုလုပ်မှာပဲ"

"ဂါဗေးဆိုတဲ့ ကောင်မက ခင်ဗျားကို ကြိုတင်အကြောင်းကြား မထားဘူးလား"

"ဘာကိစ္စ သူက အကြောင်းကြားရမှာလဲ"

သည်လိုကိစ္စမျိုးပေါ် ပေါက်လာလျှင် ပေါလ်ဗားဟတ် လုပ်တတ်သည့် အလေ့အတိုင်း ပြုလုပ်ရန် ဆင်ကလဲယားက ဆုံးဖြတ်လိုက်သည်။

"ဒီမိန်းမ သိထားတာတွေက သိပ်များလွန်းနေတယ် အာသာ"

"ဟုတ်တာပေါ့ အင်မတန်တော်တဲ့ ကလေးမပဲ"

အာသာမိုရယ်က သူ့လက်သည်းများကိုသာ ပြန်စိုက် ကြည့်နေသည်။

"ကျုပ်တို့အားလုံး ထပ်ပြီး ဒုက္ခဖြစ်ကုန်အောင် ဒီအမျိုးသမီး လုပ်နိုင်သေးတယ်၊ ခင်ဗျားကိုင်နေရတဲ့ ဌာနအနေနဲ့ ဒါတွေဖြစ်မလာအောင် ထိန်းသိမ်းရမယ်လို့ အမြဲတမ်း ပေါလ် ပြောခဲ့လေ့ရှိတယ်"

"ကြိုတင်စီစဉ်ပြီး ဒုက္ခပေးတာမျိုးကို ခင်ဗျားဆိုလိုတာလား"

အာသာမိုရယ်က လက်သည်းများကို စိုက်ကြည့်နေရင်းကပင် ပြန်မေးသည်။ "ကျုပ်ဌာနက အန္တရာယ်တွေ ဖြစ်မလာအောင် ကြိုတင်ကာကွယ်ပေးတဲ့ ဌာနပါဗျာ၊ တကယ်လို့ ပက်ထရစ်ရှာဟာ လီယိုဖူးချ်ဘတ်ဆီကရခဲ့တဲ့ အထောက်အထားတွေကို အကုန်တင်မပြပဲ သူ့ဘဝ အာမခံချက်ရရှိရေးအတွက် တစ်ယောက်ယောက်ဆီမှာ အပ်ထားတယ်ဆိုရင် ခင်ဗျားအတွက် ပိုပြီးတော့များ ဆိုးမသွားနိုင်ပေဘူးလား မိတ်ဆွေကြီးရာ"

ထိုစကားကို ကြားသောအခါ ဆင်ကလဲယား တွန့်ကနဲ ဖြစ်သွားသည်။

"အထောက်အထားတွေ အားလုံးကို သူဖျက်ဆီးပစ်လိုက်ပြီလို့ ကျွန်တော် ကြားမိပါတယ်"

"ထားလိုက်ပါတော့လေ၊ စောစောက ကျုပ်ပြောခဲ့သလိုပဲ၊ ဒီကလေးမဟာ အလွန်တော်တဲ့ ကလေးမပါ" အာသာမိုရယ်က ဆင်ကလဲယား၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်သည်။ "နောက်ပြီးတော့ သူ့ကိုလဲ ကလေးဘဝကတည်းက ကျွန်တော်သမီးကလေးလို့ ဆက်ဆံခဲ့တာ၊ သူကလေးဘဝကတည်းက သူ့ အရည်အချင်းကို ကျုပ်နှစ်သက်ခဲ့တယ်"

ဆင်ကလဲယား အနေရ အထိုင်ရ ကျပ်လာသည်။ ဘာမှမပြောပဲ ငြိမ်ထိုင်နေသည်။

"သူ့ကို စင်တီနယ် ကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ် ဆက်ခန့်ခွင့်ရမယ်ဆိုရင် ခင်ဗျား အင်မတန်ကောင်းတယ်လို့ ဆိုရမယ်၊ ခင်ဗျားနေရာမှာ ကျုပ်ဆိုရင် သူ့ကို အဲဒီရာထူးမှာ ဆက်ခန့်မယ်၊ ကျုပ်ပြောတာ သဘောပေါက်ရဲ့လား ဆင်ကလဲယား"

ဆင်ကလဲယားက ကြိုးစားပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"ကျွန်တော်. . . ကျွန်တော် သဘောပေါက်ပါတယ် အာသာ စင်တီနယ်ကုမ္ပဏီ ဥက္ကဋ္ဌအဖြစ် သူ့ကိုပဲ ဆက်ခန့်ထားတာ ကောင်းမယ်လို့ ကျွန်တော် ထင်ပါတယ်"

"ဒီစကား ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဒီလိုဆိုရင် ကျုပ်ဒီမှာ ရှိနေတုန်း ဝမ်းသာစရာ သတင်းစကားကို ခင်ဗျား ကိုယ်တိုင် သူ့ကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါလားဗျာ၊ ခင်ဗျားအနေနဲ့လည်း သူ့ အပေါ် စိတ်မနာဘူးဆိုတာ ဖော်ပြလိုက်ရာရောက်တာပေါ့"

ဆင်ကလဲယားက တယ်လီဖုန်းကို လှမ်းဆွဲယူလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

ဩဂုတ်စတပ် ဆမ်မြူယယ်မေယာ၏ အင်ဒီယန်းဝဲလ်စ်အိမ်သည် ယခင်ရက်များတုန်းကလို ခံတပ်ကြီး ဘဝမျိုးမဟုတ်တော့ပါ။ သက်တော်စောင့်များ ပြန်သွားကြပြီး၊ လုံခြုံရေးတာဝန်ခံများ ပြန်သွားကြပြီ။ ဧည့်သည်များဖြင့် ပြန်လည်စည်ကားနေပြီ။

ဇူလိုင် ၂ ရက် စနေနေ့တုန်းက မေယာ၏အိမ်တွင် ဧည့်ခံပွဲကြီး တစ်ခု ကျင်းပပြုလုပ်သည်။

ထိုဧည့်ခံပွဲသို့ ဟာရှေဘလောက်နှင့် ပက်ထရစ်ရှာဂါဖေးတို့ နှစ်ယောက်ကိုလည်း ဖိတ်ကြားသည်။ သူတို့နှစ်ယောက်ကြားတွင် အလွန်တရာ ခိုင်မာသော သံယောဇဉ် နှောင်ကြိုးတစ်ခုလည်း ချည်နှောင်နေမိကြပြီ။

ဧည့်ခံပွဲသို့တက်ရန် ဟာရှေဘလောက်က ပက်ထရစ်ရှာကို မော်တော်ကားနှင့် ခေါ်လာသည်။ လမ်းတစ်လျှောက်တွင် စကားပြော လာကြသည်။

"မင်းကိုကြည့်ရတာ အရမ်းလှနေတာပဲ ပက် နောက်ပြီးတော့ . . အရင် အလုပ်ကို မင်းပြန်ရတဲ့အတွက်လဲ ဝမ်းသာပါတယ်"

ပက်ထရစ်ရှာသည် အမေရိကန်ပြည်ထောင်စုတွင် လစာ အများဆုံးရသော အမျိုးသမီး အုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက် တည်ရှိနေမြဲ ဖြစ်သည်။ စင်တီနယ် ကုမ္ပဏီတွင် သူ့ကို ဥက္ကဋ္ဌအဖြစ် ပြန်လည်ခန့်ထားသော သတင်းမှာ အမေရိကန် တစ်ပြည်လုံးတွင် ရေပန်းအစားဆုံးသော သတင်းဖြစ်နေသည်။

"ဟာရှေ ကျွန်မတို့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အမှန်အတိုင်း ဝန်ခံကြရအောင်လား"

"ရပါတယ်လေ၊ ကိုယ့်မှာ ရှိသမျှအားလုံး မင်းကို ပြပြီးပြီပဲ၊ မင်းရဲ့လျှို့ဝှက်ချက်တွေ အားလုံးကိုလဲ ကိုယ်သိပြီးပြီပဲ"

"ဟိုစာရွက်စာတမ်းတွေကို ကျွန်မသိမ်းထားတုန်းပဲ၊ မလိုသော်ရှိ လိုသော်ရှိပေါ့၊ ရှင် ကျွန်မ လုံးဝဖျက်ဆီးမပစ်ဘူး၊ တစ်ရွက်တောင် မဖျက်ဘူး၊ အဲဒီ အထောက်အထားတွေကို ရှင်အသုံးပြုချင်သပဆိုရင် အချိန်မရွေး သုံးပါနော်"

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ကွယ်" ဟာရှေ၏ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။ "စီဘီစီအတွက် ရိုက်ထားတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွေကို ပင်သီယွန်က ဖျက်ဆီးပစ်လိုက်တယ်ဆိုတာ ဟုတ်မဟုတ် မင်းသိချင်တယ် မဟုတ်လား"

"အမှန်ပေါ့ရှင်"

"ဘယ်ကလာ သွားဖျက်ပါ့မလဲကွာ၊ ကိုယ်တို့ လုံးဝမဖျက်ခဲ့ပါဘူး"

ပက်ထရစ်ရှာက အားပါးတရရယ်သည်။ ဟာရှေဘလောက်ကလည်း ပြန်ကြည့်နေမိသည်။ ဟာရှေဘလောက်သည် တကယ်ကတော့ သူ့အဖေအရွယ် ဖြစ်လေသည်။ လက်ထဲက စီးကရက်တိုကို ပြာခံခွက်ထဲမှာ ထိုးချေထည့်လိုက်ပြီး ဟာရှေ၏ လက်ကို ပုတ်လိုက်သည်။

"ကျွန်မတို့ ညစ်ခံပွဲကို သွားကြဦးမှာလား"

ဟာရှေက မျက်မှောင်ကုတ်သွားသည်။ ပက်ထရစ်ရှာဆိုလိုသည်ကို ရုတ်တရက် နားမလည်လိုက်ချေ။

"ဒီမေးခွန်းကတော့ တော်တော်အဓိပ္ပာယ် မရှိတဲ့ မေးခွန်းပဲ၊ ညစ်ခံပွဲကို မသွားလို့ ဘယ်ကို သွားရမှာလဲ"

ပက်ထရစ်ရှာက ဟာရှေ၏ လက်မောင်းကို ပိုတင်းကျပ်အောင် ဆုပ်လိုက်ပြန်သည်။

"အနီးဆုံးဟိုတယ် တစ်ခုခုကို သွားလိုက်ကြရင် မကောင်းဘူးလား ဟင်"

ဟာရှေဘလောက်က ရှေ့မှာတွေ့သော လမ်းကွေ့မှာကားကို ပြန်ကွေ့ လိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

## ကြာသပတေး၊ ဇူလိုင် ၇၊ နံနက် ၁၁း၀၅ နာရီ။

ဆမ်မြူယယ်မေယာသည် မေယာကို ကုမ္ပဏီကြီး တစ်ခုလုံးကို ပြန်လည် အုပ်ချုပ်နေရပြန်သည်။ ထုံးစံအတိုင်း ဘောင်းဘီတို ကလေးဝတ်ပြီး ရေကူးကန်ဘေးရှိ သူ၏ ရာဇပလ္လင် ကုလားထိုင်မှာ ထိုင်နေသည်။

ရပ်ဆယ်သော့ပ်က ခပ်ပါးပါး ဝတ်စုံကိုဝတ်ပြီး သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင်သည်။

BURMESE CLASSIC .com

ထုံးတမ်းစဉ်လာအတိုင်း မေးခွန်းများ မေးသည်။ ထုံးတမ်းစဉ်လာ အဖြေများကို ပြန်ပေးသည်။ တော်ပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော် မနက်စောစော အရက်မသောက်တတ်ပါဘူး။ ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် ခရီးသွားရတာ ကောင်းပါတယ်။ နားရတာလဲ ကောင်းပါတယ်။ ဒါကြောင့် ရက်နည်းနည်း ပိုကြာသွားတာပါ။ စိတ်လည်း ချမ်းသာပါတယ် ခင်ဗျာ။ ဆမ်လည်း အသားအရည် ပိုပြီး စိုပြည်ပြီး အင်မတန် ကျန်းမာနေပုံရပါတယ် အစရှိသည်များ။

"မောင် ဘယ်ကို ခရီးထွက်သွားတယ်ဆိုတာ ပြောပြနိုင်ပြီလား" ဟု မေယာ စတင်မေးခွန်းထုတ်သည်။

"နောက်ကျမှပဲ ကျွန်တော် အပြည့်အစုံ ပြောပြပါရစေ ဆမ်"

မေယာ၏ နှုတ်ခမ်းအစုံမှာ တင်းတင်းစေ့သွားသည်။ သည်အကြောင်းကို ပြောဖို့ သူစောင့်နေခဲ့ရသည်မှာ ဆယ်ရက်လုံးလုံးကြာမြင့် သွားချေပြီ။ ထို့ကြောင့်လည်း သူ စိတ်မရှည်နိုင်တော့အောင် ဖြစ်လာသည်။

"မောင်အလုပ်ပြန်လုပ်ဖို့ရော အဆင်သင့် ဖြစ်နေပြီလား"

"အားလုံးအဆင်သင့် ဖြစ်နေပါပြီ ခင်ဗျာ"

ထိုအဖြေကြောင့် ဆမ်မေယာ ကျေနပ်သွားသည်။ ထို့ကြောင့် အရေးကြီးသည့် အချက်ကို တိုက်ရိုက်ပင် ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်နီယယ်ဆိဇ်ရဲ့ ဥက္ကဋ္ဌရာထူးက မောင့်ကို အဆင်သင့် စောင့်နေပြီ ရပ်စ်" ထိုသို့ပြောရင်း ဆမ်မေယာ၏ မျက်လုံးအစုံ မှာ အရောင် တဖျပ်ဖျပ် တောက်လာသည်။ "ဒီရာထူးကို ကျုပ်က ပေးရတာမဟုတ်ပဲ မောင်ကတောင်း ယူလိမ့်မယ်လို့ ကျုပ်က ထင်ထားတာ"

လွန်ခဲ့တဲ့ လေးငါးဆယ်ပတ်လောက်တုန်းက အခြေအနေအတိုင်းဆိုရင် ကျွန်တော်တောင်းမိမှာပါပဲ ဆမ်၊ အခုတော့ မတောင်းသာတော့ပါဘူး"

မေယာက ကိုယ်ကို မတ်မတ် ပြင်ထိုင်လိုက်သည်။ မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး အံ့အားလည်း သင့်သွားလေသည်။

"မောင် ဆိုလိုတာက"

"အခု နောက်ဆုံးစစ်ပွဲတစ်ပွဲကို ကျွန်တော် တိုက်လိုက်ရတဲ့အခါမှာ ကျွန်တော့်ခေါင်းထဲကို အတွေးတစ်မျိုးဝင်လာပါတယ် ခင်ဗျာ၊ ပြီးခဲ့တဲ့ စစ်ဆင်ရေးမှာ ကျွန်တော်ဟာ စစ်ဆင်ရေးမှူးချုပ်ပါပဲ၊ ကျွန်တော့်သဘောနဲ့ ကျွန်တော်ထင်ရာလုပ်ပိုင်ခွင့် ရှိခဲ့ပါတယ်။ ကျွန်တော်ဟာ နံပါတ်တစ်ပါပဲ၊ အကြီးဆုံးပါပဲ၊ နောက်ပြီးတော့ အဲဒီလို အကြီးဆုံး နံပါတ်တစ်ဖြစ်ရတာကိုလည်း ကျွန်တော်သဘောကျမိပါတယ်" ရပ်ဆယ်သော့ပ်က စကားကို ခေတ္တဖြတ်ထားသည်။ ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။

"ကျွန်တော်ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းကို ကျွန်တော့်ဘာသာ လုပ်တော့မှာ ဖြစ်ပါတယ် ခင်ဗျာ"

မနေတတ် မထိုင်တတ်ဖြစ်သွားသော အမူအရာနှင့် စိတ်မချမ်းမသာ ဖြစ်သွားသည့် အမူအရာကို မေယာက ဖုံးဖိထိန်းသိမ်းနိုင်ခြင်း မရှိတော့ပါ။ အကြီးဆုံးသော ၊ တန်ဖိုးအရှိဆုံးသော ရာထူးကို သူကပေးသော်လည်း အငြင်းခံလိုက်ရသဖြင့် ပို၍ အနေရအထိုင်ရကျပ်သွားလေသည်။

"မေယာကို ကုမ္ပဏီရဲ့ ဥက္ကဋ္ဌအနေနဲ့ မောင့်ကို လခ တစ်နှစ်လေးသိန်းလောက်ပေးမယ်၊ လခအပြင် . . ."

"လခအပြင် ဘာလုပ်ပါ ဘာမလုပ်ပါနဲ့ဆိုတဲ့ အမိန့်တွေလဲ ပေးမယ်ပေါ့ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ဆမ်၊ မဖြစ်နိုင်တော့ပါဘူး ခင်ဗျာ"

"မောင့် စီးပွားရေးလုပ်ငန်းကိုလုပ်ဖို့ အရင်းအနှီးတော့ လိုမှာပေါ့"

"ဒါတွေအားလုံးလဲ စီစဉ်ပြီးပါပြီ ခင်ဗျာ" ရပ်ဆယ်သော့ပ်က လက်ကိုင်အိတ်ကို ဖွင့်သည်။ အထဲမှ စာရွက်ထပ်များကို ထုတ်ယူသည်။ မေယာကို လှမ်းပေးသည်။ "ပြူအာတိုကွေဒိုနိုင်ငံကို ကျွန်တော်သွားခဲ့ပါတယ်" သူ့လေသံကို တဖြည်းဖြည်း နှိမ့်ချလိုက်သည်။

မေယာက စာရွက်များကို လှန်လှောကြည့်နေသည်။

"လက်စသတ်တော့ ဒီလိုကိုး အနားယူရအောင် မောင်ခရီးထွက်တာ မဟုတ်ပဲကိုး"

"အပေးအယူကလေး သွားလုပ်လိုက်တယ်လို့ ဆိုနိုင်ပါတယ် ခင်ဗျာ၊ ပြူအာတိုကွေဒိုနိုင်ငံမှာ အင်ကမ်းကုမ္ပဏီကို ပြည်သူပိုင်သိမ်းလိုက်ပေမယ့် ဒီလုပ်ငန်းကြီးကို ဆက်ပြီး အုပ်ချုပ်သွားဖို့ ပေါ်ပြူလာပါတီမှာ အရည်အချင်း ပြည့်စုံတဲ့လူမရှိဘူးလို့ ကျွန်တော် ခန့်မှန်းမိပါတယ်" ရပ်ဆယ်သော့ပ်က စီးကရက်တစ်လိပ်ကို မီးညှိနေသည်။ "ကျွန်တော့်ခန့်မှန်းချက်မှန်သွားပါတယ် ခင်ဗျာ"

"နောက်ပြီးတော့ရော"

"ပြူအာတိုကွေဒိုနိုင်ငံနဲ့ သူတို့လူမျိုးတွေရဲ့ သူရဲကောင်းကြီးလည်းဖြစ် အမေရိကန်စီးပွားရေးလုပ်ငန်းများ အကြောင်းလည်း တတ်ကျွမ်းသူဖြစ်တဲ့ လူတစ်ယောက်ထက်ပိုပြီး အင်ကမ်းကုမ္ပဏီကို အုပ်ချုပ်သင့်တဲ့လူ ရှိနိုင်ပါဦးမလား ခင်ဗျာ"

"ဒါက ဘာမှမပြောပလောက်ပါဘူး၊ အုပ်ချုပ်ရေး ကန်ထရိုက်စာချုပ် သဘောပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့မလုပ်တတ်တာကို မောင်က အုပ်ချုပ်ပေးဖို့ပဲ ရှိတာပဲ၊ ဇျူရိကရက်တွေကြားထဲက စီးပွားရေး လုပ်ငန်းတစ်ခုမှာ အုပ်ချုပ်ပေးရတာကို မောင်က စီးပွားရေးလုပ်ငန်းကြီး တစ်ခုလို့ ပြောနေတာလား"

"အဲဒီ စာချုပ်စာတမ်းတွေကို အန်ကယ် သေသေချာချာ ဖတ်မကြည့်ရသေးလို့ပါ ခင်ဗျာ၊ ကျွန်တော်တို့ ကော်ပိုရေးရှင်း တစ်ခုတည်ထောင်လိုက်ကြတယ်၊ ကျွန်တော်က ၅၁ ရာခိုင်နှုန်း ပိုင်ပါတယ်"

"ကျုပ်တော့ မယုံဘူး"

ဆမ်မေယာက စာချုပ်စာတမ်းများကို စစ်ဆေးကြည့်ရှုသည်။

"ကော်ပိုရေးရှင်းကို အုပ်ချုပ်ခွင့်အာဏာ ကျွန်တော့် လက်ထဲကို အပြည့်အဝ ရောက်ရှိလာပါတယ်၊ ကျွန်တော်ဟာ သူတို့တိုင်းသူပြည်သားတွေ အားလုံးရဲ့ ကယ်တင်ရှင် ဖြစ်ပါတယ်၊ ကျွန်တော့်ကိုဂုဏ်ပြုတဲ့အနေနဲ့ သူတို့နိုင်ငံမှာ "ကယ်တင်ရှင် ရပ်ဆယ်သော့ပ်နေ့" ဆိုပြီး နှစ်စဉ် အများပြည်သူ ရုံးပိတ်ရက်အဖြစ် နေ့တစ်နေ့ သတ်မှတ်ပေးထားပါတယ်။ ဒီလိုလူတစ်ယောက် အတွက် ဒါလောက်အခွင့်အရေး ပေးတာဟာ များလွန်းတယ်လို့ မဆိုသာပါဘူး"

အုပ်ချုပ်ခွင့်အာဏာ အပြည့်အဝကို ဘယ်လိုအစိုးရမျိုးကမှ မောင့်ကို ပေးမှာ မဟုတ်ပါဘူး"

"ပီနီဒါနဲ့ သူ့အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအနေနဲ့ မပေးချင်လို့ မရနိုင်ဘူးလေ၊ ကျွန်တော့်ကို ယုံကြည်ထောက်ခံကြတဲ့ တိုင်းသူပြည်သား ထောင်ပေါင်းများစွာက သမ္မတ အိမ်တော်ကို ချီတက်ပြီး ကျွန်တော့်ကို ဒီအခွင့်အရေးတွေပေးဖို့ ဆန္ဒပြတောင်း ဆိုကြတာပါ" ထိုသို့ ပြောရင်း ရပ်ဆယ်သော့ပ်က ရယ်သည်။ "ဟား. . ဟား. . . ဟား အများပြည်သူတွေရဲ့ ဆန္ဒအရ ကျွန်တော့်ကို ၅၁ ရာခိုင်နှုန်း ပေးလိုက်တာပဲ ဆိုပါတော့"

မေယာ၏ မျက်လုံးအစုံ ပြူးကျယ်လာသည်။

"ဒီလိုဖြစ်အောင် မောင်လုပ်လိုက်တာပေါ့လေ"

"ကျွန်တော် လုပ်တယ်ထင်သလား" ရပ်ဆယ်သော့ပ်က ဘာမှ အပြစ်မရှိသူ တစ်ယောက်လို ပြန်ပြောသည်။ "ကျွန်တော့်အနေနဲ့ ဘာမှ လုပ်ဖို့မလိုပါဘူးခင်ဗျာ၊ ကျွန်တော့် မိတ်ဆွေတွေအနေနဲ့လဲ လုပ်စရာ မလိုပါဘူး၊ ကျွန်တော်နဲ့ တိုက်ဖော်တိုက်ဖက် ဖြစ်ခဲ့တဲ့ ကာလိုစ် ဟာရီရာကို သူတို့နိုင်ငံရဲ့ တပ်မတော်မှာ စစ်ဦးစီးချုပ်အဖြစ် ခန့်လိုက်ကြပါ တယ်၊ ဒါလောက်ဆိုရင် အားလုံးပြည့်စုံသွားပါတယ်၊ ကာလိုစ်ရဲ့မိတ်ဆွေအပေါ်မှာ သူတို့ ပြန်ကောင်းကြရတော့မှာပေါ့၊ မဟုတ်ဘူးလား ခင်ဗျာ"

ဆမ်မေယာသည် နားမလည်နိုင်သလို ခေါင်းကိုခါယမ်းရင်း သူ့ ကုလားထိုင် နောက်မှီ ပေါ်သို့ ပြန်မှီချလိုက်သည်။

မျိုးဆက်သစ်တစ်ခု ပေါ်ပေါက်လာလေပြီ။ ပို၍ ပြတ်သားသော၊ ရဲရင့်သော၊ ကြမ်းတမ်းသော မျိုးဆက်သစ်တစ်ခု ပေါ်ပေါက်လာလေပြီ။ ယခင် ခေတ်ဆက်ဆက်က တည်ရှိခဲ့သည့် ကုန်သွယ်မှုမျိုးမဟုတ်တော့။ စီးပွားရေး လုပ်ငန်းမျိုး မဟုတ်တော့။ ထိုအကြောင်းကို စဉ်းစားရင်း မေယာက သက်ပြင်းချလိုက်သည်။

"ဒီလောကကြီးမှာ မေယာကိုလို ကုမ္ပဏီမျိုးက မောင်လို လူမျိုးကို လိုအပ်နေတယ် ရပ်စ်၊ ဒါပေမယ့် မောင်တို့လိုလူမျိုးကတော့ မေယာကို ကုမ္ပဏီမျိုးကို မလိုကြဘူး၊ မောင်တို့နဲ့ မကိုက်ညီတော့ဘူး" မေယာက ရပ်ဆယ်သော့ပ်ကို မျက်လုံးချင်း တည့်တည့် စိုက်ကြည့်သည်။ "မောင့်ကိုယ်ပိုင် အင်ပါယာကြီး တစ်ခုကို မောင်ထူထောင်တော့မယ်၊ အင်မတန်ကြီးမယ့် အင်ပါယာကြီးလား၊ အင်မတန်ကောင်းတဲ့ အင်ပါယာကြီးလား ကျုပ်တော့ တပ်အပ်မပြောနိုင်ဘူး၊ အားလုံးအတွက် ကောင်းကြပါစေလို့ပဲ ကျုပ်မျှော်လင့်ရတော့မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆမ်မေယာ၏ အမူအရာ ပျော့ပျောင်းလာသည်။ စာရွက်များကို ရပ်ဆယ်သော့ပ်အား ပြန်ပေးရင်း သက်ပြင်းရှည်ကြီး တစ်ခုကို ချလိုက်သည်။

"ခေတ်မမီတော့တဲ့ အဖေကြီး တစ်ယောက်လုပ်တာမျိုးတော့ ကျုပ်မလုပ်ချင်ဘူး၊ ဒါပေမယ့် ကလျာကိစ္စက ဘယ်လိုလုပ်မှာလဲ"

"ဒါကတော့ သူ့ဟာသူ ဆုံးဖြတ်ရမယ့် ကိစ္စပါခင်ဗျာ" သော့ပ်က လက်ကိုင်အိတ်ကို ပြန်ပိတ်သည်။ "သူဒီမှာ ရှိနေတယ်လို့ ကျွန်တော်ထင်တယ်"

မေယာက ခေါင်းညိတ်ပြသည်။

"မနေ့ညတုန်းက သူရောက်လာတယ်"

"အန်ကယ်က မကန့်ကွက်ဘူးဆိုရင် သူနဲ့သွားပြီး စကား ပြောပါရစေ ခင်ဗျာ"

"ကလျာ ဘာမှ မသိသေးဘူးလို့ မောင်ဆိုလိုတာလား"

"အခုအချိန်အထိ ဘာမှ မသိသေးပါဘူး ခင်ဗျာ၊ ဒီအကြောင်းတွေ အန်ကယ်ကို အရင်ဆုံး ပြောပြဖို့ ဝတ္တရား ကျွန်တော့်မှာ ရှိနေပါတယ်"

မေယာက ထိုင်ရာမှ ထသည်။ ရပ်ဆယ်သော့ပ်ကို လက်ကမ်းပေးပြီး လက်ဆွဲနှုတ်ဆက်ကြသည်။

"ကံကောင်းပါစေ ရပ်စ်"

အိမ်ဆီသို့ ရပ်ဆယ်သော့ပ် လျှောက်သွားသည်။ ဆမ်မြူယယ်မေယာက သူ၏ ရာဇပလ္လင်ဖြစ်သော ကုလားထိုင်ပေါ်မှာ ပြန်ထိုင်လိုက်သည်။

ဆင်ခြေလျှောကလေးမှနေ၍ သူတို့နှစ်ယောက်ကို နာဒိုင်းက ကြည့်ရှု အကဲခတ်လေသည်။ အိမ်ဆီသို့ လျှောက်သွားသော ရပ်ဆယ်သော့ပ်၏ အမူအရာမှာ မှတ်ဆိတ်ပျားစွဲ ခံရသူ တစ်ယောက်၏ အမူအရာမျိုး ဖြစ်သည်ဟု နာဒိုင်းက မှတ်ချက်ချသည်။

\+ \+ \+

ကလျာသည် တောခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေသည်။ ရပ်ဆယ်သော့ပ် ဝင်သွားသောအခါ တစ်ချက် မော့ကြည့်သည်။ ပြီးတော့ မျက်နှာလွှဲလိုက်သည်။

"ဝမ်းသာပါတယ် ရပ်စ်"

"ကျေးဇူးတင်ပါတယ်၊ ဘာအတွက်ဝမ်းသာတာလဲ"

"မေယာကို ကုမ္ပဏီရဲ့ ဥက္ကဋ္ဌသစ် ဖြစ်သွားပြီလို့ ကျွန်မ ထင်တယ်"

ရေကူးကန်ဘေးတွင် ရပ်ဆယ်သော့ပ်နှင့် မေယာကိုတို့ နှစ်ယောက် ထိုင်စကားပြောနေသည်ကို သူလည်း စောင့်ကြည့်နေခဲ့သည်။ ထို့ကြောင့် သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်သည်ကို မြင်တွေ့ခဲ့ရသည်။

"အိုး တကယ်လို့ ကိုယ် ဥက္ကဋ္ဌသစ်ဖြစ်သွားမယ်ဆိုရင်"

"ဒါဆို ရှင်နဲ့ကျွန်မရဲ့ ဇာတ်လမ်းဆုံးသွားပြီပေါ့"

"ကိုယ်ထင်ထားတာက ကိုယ်တို့နှစ်ယောက်အတူတူနေကြဖို့ ဆုံးဖြတ်ချက် ချထားပြီးပြီလို့ ထင်နေတာ"

"အရေးကြီးတဲ့ အချက်တချို့ကို ရှင်မေ့သွားပြီ ထင်တယ်၊ ရှင့်ကို ကျွန်မ ပြောဖူးပါတယ်။ သူ့သူဌေးရဲ့သမီးနဲ့ အတူတူနေတတ်တဲ့ လူစားမျိုးနဲ့ ကျွန်မ ဘယ်တော့မှ အတူတူ မနေဘူး"

"ဒီတစ်ခုတော့ ကိုယ်လွဲသွားပြီနဲ့တူတယ်၊ ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်မအဖေအကြောင်းကို ကျွန်မ သိတယ်၊ သူနဲ့ကျွန်မ အခုလို ချစ်ချစ်ခင်ခင်နေတာဟာ သူ့လောင်းရိပ်အောက်က ကျွန်မ ရုန်းထွက်လိုက်နိုင်လို့ပါ။ သူ့ဩဇာနဲ့ကင်းကင်း ကျွန်မလုပ်ငန်းကို ကျွန်မ တည်ထောင်နိုင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကလျာ. . . သူ့ကမ်းလှမ်းချက်ကို ကိုယ်လက်မခံဘူး"ဟု ရပ်ဆယ်သော့ပ်က ကလျာ၏ စကားကို ဖြတ်ပြောလိုက်သည်။

ကလျာ၏ နက်မှောင်သော မျက်လုံးများက သူနှင့်မျက်လုံးချင်းဆိုင် ပြီး ကြည့်နေသည်။

"ကာလနာကြီး"

ကလျာသည် ထိုသို့ ပြောပြီး သူ့ရင်ခွင်တွင်းထဲသို့ ပြေးဝင်လာသည်။

"လူတစ်ဘက်သားကို တော်တော် ဒုက္ခပေးတဲ့ ကာလနာကြီး၊ တွေ့တွေ့ချင်း ဒီအကြောင်းကို ဘာဖြစ်လို့ ချက်ချင်း မပြောတာလဲ"

"လူတစ်ဘက်သားကို တော်တော် ဒုက္ခပေးတတ်တဲ့ ကာလနာကြီး မို့လို့ပေါ့ကွယ်၊ ဒါဆိုရင် လုံလောက်တဲ့ အဖြေဖြစ်ပြီလား"

ရပ်ဆယ်သော့ပ်က ကလျာကို တင်းတင်းကျပ်ကျပ်ကြီး ပွေ့ထား လိုက်သည်။ ပြီးတော့ ဇာတ်လမ်းစုံကို ရှင်းပြသည်။

ကလျာက မျက်မှောင်ကုပ်ရင်း သူ့ရင်ခွင်တွင်းမှ ရုန်းထွက်လိုက် သည်။

"ကျွန်မ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ ကလျာကုမ္ပဏီကို ဘယ်လိုလုပ် ရမှာလဲ"

"ဒါက မင်းအပေါ် မှာပဲ မူတည်ပါတယ်ကွယ်"

သူပြောသည်မှာ မှန်ပါသည်။ သည်ကိစ္စမှာ မိမိနှင့်သာ သက်ဆိုင် သည်။ မိမိသာလျှင် ဆုံးဖြတ်ရမည်။ လူတစ်ကိုယ်တည်းနှင့် ဘဝနှစ်ခုမှာ တစ်ပြိုင်တည်း ကျင်လည်၍ မရနိုင်ကြောင်း ကလျာက တွေးကြည့်လိုက်မိသည်။

"ပြုအာတိုကွေ့ဒ်နိုင်ငံမှာ ကျွန်မ ဘာလုပ်ရမှာလဲ မောင်ရယ်" ရပ်စ်က ပြုံးသည်။

"အိုး ဘာလုပ်ရင်ကောင်းမယ်ဆိုတာ ကိုယ့်ဟာကိုယ်သာ တွေးကြည့်ပါတော့ အချစ်ရယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

အင်္ဂါ၊ အောက်တိုဘာ ၁၉၊ ညနေ ၅း၀၀ နာရီ။

သမ္မတ ဘီလီဘင်းနက်နှင့် အိမ်တော်ဝန် ဗိုလ်ချုပ် အော်တို ကင်းဒရစ်တို့သည်။ ရုံးခန်းထဲမှာ ထိုင်ပြီး ရုပ်မြင်သံကြားမှ နောက်ဆုံးသတင်း ကြေငြာသည်များကို နားထောင်နေကြသည်။

"ဒိုမီနီကန် သမ္မတနိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်တဲ့ သတင်းများ အတည်ပြုချက် ရရှိပါပြီ ခင်ဗျာ၊ ခန့်မှန်းခြေ အင်အား ၂၀၀၀ လောက်ရှိတဲ့ လက်နက်ကိုင်တပ်မှာဟာ ဒီနေ့မနက် အရုဏ်မတက်မီ ကလေးမှာပဲ ပင်လယ်ကမ်းခြေဘက်ကနေပြီး ဒိုမီနီကန် နိုင်ငံထဲကို ဝင်ရောက်လာကြပါတယ်။ ဘယ်တိုင်းပြည်ကို ကိုယ်စားပြုတယ်ဆိုတာ မသိရသေးပါဘူး၊ ဒါပေမယ့် ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာတဲ့ တပ်သားတွေဟာ အင်္ဂလိပ်စကား ပြောကြပြီး အမေရိကန် လုပ်လက်နက်များကို ကိုင်ဆောင်ထားကြတယ်လို့ သိရပါတယ်။ ပြည်တွင်းမှာမူလကတည်းက အစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ ဒိုမီနီကန် သောင်းကျန်းသူများက အခုကျူးကျော် ဝင်ရောက်လာတဲ့ တပ်များနဲ့ ပူးပေါင်းလိုက်ကြပါတယ်"

BURMESE CLASSIC .com

"ပိတ်လိုက်ပါ"

ဘီလီဘင်းနက်က အော်တိုကင်းဒရစ်ကို လှမ်းပြောသည်။ အော်တိုကင်းဒရစ်က ရုပ်မြင်သံကြားစက်ကို ပိတ်လိုက်သည်။ သမ္မတဘင်းနက်သည် အသံထွက်အောင် ဆဲဆို ရေရွတ်နေသည်။

"ဒိုမီနီကန် ပြည်သူ့သမ္မတနိုင်ငံကို ဘယ်သူပိုင်သလဲ အော်တို"

"ဘယ်သူပိုင်သလဲဆိုတော့ အင်း . . . ပင်လယ်ကွေ့နဲ့ အနောက်ပိုင်း ကုမ္ပဏီပိုင် ပစ္စည်းတွေနဲ့ လုပ်ငန်းတွေ ဒိုမီနီကန် နိုင်ငံထဲမှာ အများကြီး ရှိနေတယ်"

"ဘယ်လောက်များသလဲ"

"ပြူအာတိုကွေ့ဒိုနိုင်ငံမှာ အင်ကမ်းကုမ္ပဏီပိုင်တာတွေထက် နှစ်ဆ လောက်ရှိတယ်လို့ ကြားဖူးတယ်"

ဘင်းနက်သည် နံရံမှာရှိသော အရက်ထားသည့် ဗီရိုရှိရာသို့ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ကြီးကြီး နှစ်လုံးထဲသို့ ဝီစကီအရက်ထည့်နေသည်။

"ပင်လယ်ကွေ့နဲ့ အနောက်ပိုင်း ကုမ္ပဏီတို့ရဲ့ အကြီးဆုံး ပြိုင်ဘက်က ဘယ်သူလဲ" ဘင်းနက်က သမင်လည်ပြန်လှည့်ကြည့်ရင်း မေးသည်။

"ကမ္ဘာ့သွင်းကုန် ထုတ်ကုန်နဲ့ စက်မှုလုပ်ငန်းများဆိုင်ရာ ကုမ္ပဏီ ဖြစ်ပါတယ်"

"ဒီကုမ္ပဏီဟာ ကမ္ဘာပေါ်မှာ နဝမမြောက်အကြီးဆုံး မဟုတ်လား" ဘင်းနက်က အော်တိုကို အရက်ဖန်ခွက် လှမ်းပေးရင်း မေးသည်။

"သတ္တမမြောက် အကြီးဆုံးလို့ ကျွန်တော်ထင်ပါထယ်" အော်တို ကင်းဒရစ်က ဖုန်းရှိရာသို့ ခြေလှမ်းပြင်လိုက်သည်။

"သေချာအောင် ကျွန်တော်မေး"

"ထားလိုက်ပါ" ဘင်းနက် အသံက အနည်းငယ် မာလာသည်။ "နဝမပဲဖြစ်ဖြစ် သတ္တမပဲဖြစ်ဖြစ် ကျုပ်တို့အဖို့ဘာမှ အရေးမကြီးပါဘူး" အရက်ကို တစ်ကျိုက်သောက်သည်။ "ကျုပ်တို့ လုပ်ဖို့က အမျိုးအမည် မသိသေးတဲ့ ကျူးကျော်ဝင်ရောက်သူတွေ ဘယ်သူလဲဆိုတာ သိအောင် လုပ်ဖို့ပဲ အော်တို၊ အင်း. . . ကမ္ဘာ့သွင်း ကုန်ထုတ်ကုန်နဲ့ စက်မှုလုပ်ငန်းများ ကုမ္ပဏီ ဒါဆိုရင်တော့ ကျုပ်တို့ဘာမှ ဝင်လုပ်လို့ မရနိုင်တော့ဘူး"

ဘီလီဘင်းနက်က ထိုစကားကို ပြောပြီး သူ့ဖန်ခွက်ထဲသို့ အရက် ထပ်ထည့်ပြန်သည်။ ထိုခွက်ကို မော့ချလိုက်သည်။ ထိုတစ်ခွက်နှင့်အတော်မူး သွားပုံလည်းရသည်။

"ဒါတော့ ဆိုးတယ်လို့ မထင်ဘူးလား၊ အော်တို " သူ့အသံသည် ဗလုံးဗထွေး ရယ်သံနှင့် ရောသွားသည်။ "အက်ဇွန်ကုမ္ပဏီက ကိုယ်ပိုင် ဟိုက်ဒရိုဂျင်ဗုံး ထုတ်နိုင်တဲ့အထိ စောင့်ပါ"

ကင်းဒရစ်က သူ့ဖန်ခွက်ကို ပြန်စိုက်ကြည့်နေသည်။ ဘီလီဘင်းနက်လိုတော့ သူမရယ်ပါ။

📖

အထောက်တော်လှအောင်

သီရိမြိုင်၊

၈၊ မတ်၊ ၁၉၈၃၊

( မြန်မာပြန်ပြီးသည်)

www.burmeseclassic.com